[illegible]

[illegible]

[illegible] - ဆရာ ဦးမောင်ကြီး M.A.

[illegible]

# ပရမတ္ထသံခိပ်ဋီကာ

( [illegible] )

[illegible]

[illegible]

[illegible]

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏

ပရမတ္ထသံခိပ်ကျမ်းကို


လယ်တီ ပဏ္ဍိတ-ဆရာ ဦးမောင်ကြီး *M.A.*


ဖွင့်ဆိုရေးသားအပ်သော

# ပရမတ္ထသံခိပ်ဋီကာ

( ပဌမတွဲ )

စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ပကိဏ်းပိုင်း၊ ဝီထိပိုင်း


မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၀၈ ကောဇာ ၁၃၂၆ ခရစ် ၁၉၆၄



ပရမတ္ထသံခိပ်ဋီကာအပါအဝင် လောကီ, လောကုတ္တရာ ကျမ်းပေါင်းများစွာတို့ကို

ပြုစုခဲ့သော

**လယ်တီပဏ္ဍိတ-ဆရာ ဦးမောင်ကြီးပုံ**

# နိဒါန်း

## အဘိဓမ္မာနှင့်အဘိဓမ္မာဂန္ထန္တရများ

(မိလိန္ဒမင်း) အို-အရှင်နာဂသိန် ဗုဒ္ဓရှင်တော်ဘုရား ပြုလုပ်တော်မူခဲ့သည့် ခဲယဉ်းသော အရာ ရှိပါသလားဘုရား။

(အရှင်နာဂသိန်) ရှိပါသည်။

(မိလိန္ဒမင်း) ရှိလျှင် အဘယ်အရာပါနည်း။

(အရှင်နာဂသိန်) ဗုဒ္ဓရှင်တော်ဘုရားသည် အာရုံတခုတည်းတွင် ဖြစ်ကြသည့် နာမ်တရားဖြစ်ကြသော ဤစိတ် စေတသိက်တရားများကို "ဤတရားသဘောကား ဖဿပေတည်း၊ ဤတရားသဘောကား ဝေဒနာပေတည်း၊ ဤတရားသဘောကား သညာပေတည်း၊ ဤတရားသဘောကား စေတနာပေတည်း၊ ဤတရားသဘောကား စိတ်ပေတည်း" ဟု ပိုင်းခြားဝေဖန်ကာ ဟောတော်မူခြင်းမှာ ခဲယဉ်းစွာ ပြုရသည့် အရာ မည်ပါသည်။

(မိလိန္ဒမင်း) ဥပမာပြုတော်မူပါဦးဘုရား။

(အရှင်နာဂသိန်) မင်းကြီး။ ယောကျ်ားတဦးဦးသည် လှေဖြင့် မဟာသမုဒ္ဒရာအတွင်းသို့ သက်ဝင်ပြီးနောက် လက်ခုပ်ဖြင့် ရေကိုယူကာ "ဤရေသည် ဂင်္ဂါမြစ်ရေတည်း၊ ဤရေသည် ယမုနာမြစ်ရေတည်း၊ ဤရေသည် သရဘူမြစ်ရေတည်း၊ ဤရေသည် မဟီမြစ်ရေတည်း" ဟု သိနိုင်ရာပါသလား။

(မိလိန္ဒမင်း) သိနိုင်စရာ မရှိပါဘုရား။

(အရှင်နာဂသိန်) မင်းကြီး။ အာရုံတခုတည်းတွင် ဖြစ်ကြသည့် နာမ်တရားဖြစ်ကြသော ဤစိတ်စေတသိက်တရားများကို။ပ။ ပိုင်းခြားဝေဖန်ကာ ဟောကြားတော်မူရခြင်းမှာ ဤရေကို အသိခက်သည်ထက် အလွန်ခဲယဉ်းစွာ ပြုတော်မူသည့် အရာဖြစ်ပါသည်။

(မိလိန္ဒမင်း) ကောင်းလှပါပေ၏ အရှင်ဘုရား။

အထက်ပါ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသိန်တို့၏ မေးဖြေပုံ စကားများကို ထောက်ထားခြင်းအားဖြင့် အဘိဓမ္မတ္ထသဘာဝတို့၏ ခက်ခဲနက်နဲပုံကိုရင်း၊

အဘိဓမ္မတ္ထသဘာဝတို့ကို ထုတ်ဖော်ဟောကြားရန် ခက်ခဲပုံကိုရင်း၊ ထိုအဘိ-ဓမ္မတ္ထသဘာဝတို့၏ တည်ရာ အဘိဓမ္မပိဋကၡ၏ ခက်ခဲနက်နဲပုံကိုရင်း သိသာနိုင်ပေသည်။

သုတ္တန်ပိဋကသည်ကား သတ္တဝါတို့၏ အလိုအဇ္ဈာသယစသည်တို့ကို လိုက်၍ ဟောကြားတော်မူသော ဒေသနာတော်တို့၏ တည်ရာဖြစ်ပေသည်။ အဘိဓမ္မပိဋကသည်ကား မည်သည်ကိုမှ မငဲ့ဘဲ ယထာဓမ္မသဘာဝရှိသည့်အတိုင်း အကြွင်းအကျန်မရှိ ဟောကြားတော်မူသော စကားတော်တို့၏ တည်ရာဖြစ်ပေသည်။ ထိုသို့ သုတ္တန်ပါဠိတော်(စကားစဉ်)ထက် သာလွန်ထူးခြားသော ပါဠိတော်(စကားစဉ်)ဖြစ်သောကြောင့် အဘိဓမ္မာဟု ခေါ်ဝေါ်ခြင်းဖြစ်ပေသည်။

ထိုအချက်ကို အတန်ငယ်ပြပါဦးအံ့—သုတ္တန်ပါဠိတော်ဝယ် ခန္ဓာငါးပါးဆိုလျှင် တစိတ်တဒေသအားဖြင့်သာ ဝေဖန်ဟောကြားတော်မူပုံများကို တွေ့ရပေလိမ့်မည်။ အဘိဓမ္မာ၌ကား သုတ္တန္တဘာဇနီနည်း, အဘိဓမ္မဘာဇနီနည်း, ပဉှပုစ္ဆကနည်းများဖြင့် အကြွင်းအကျန်မရှိ စုံစုံလင်လင် ဟောကြားတော်မူရကား သုတ္တန်ပါဠိတော်(စကားစဉ်)ထက် သာလွန်ထူးခြားပုံကို တွေ့ရမည်ဖြစ်၏။ ထို့အတူ သုတ္တန်အရာဝယ် အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး၊ ဣန္ဒြေ ၂၂-ပါး၊ အင်္ဂါ ၁၂-ပါးရှိ ပစ္စယာကာရ(=ပဋိစ္စသမုပ္ပါဒ်)တို့ကို တစိတ်တဒေသအားဖြင့်သာ ဝေဖန်ဟောကြားတော်မူပုံများကို တွေ့ရမည်ဖြစ်၏၊ အဘိဓမ္မာပါဠိတော်၌ကား အကြွင်းမရှိ ဝေဖန်ဟောကြားတော်မူပုံများကို တွေ့ရမည်ဖြစ်၏၊ ဤသို့လည်း သုတ္တန်ဓမ္မထက် သာလွန်ထူးခြားသည့် ဓမ္မဖြစ်သောကြောင့် အဘိဓမ္မာဟု ခေါ်ဝေါ်ခြင်းဖြစ်ပေသည်။

ထို့ပြင် အဘိဓမ္မတ္ထသဘာဝ၏ ဂမ္ဘီရဂုဏ်နှင့် ပြည့်စုံကြောင်းကို သိသာစေရန် သာဂရလေးမျိုး(ပင်လယ်လေးမျိုး)ကိုလည်း သိမှတ်သင့်ပေသည်။

(၁) သံသာရသာဂရ= သံသရာပင်လယ်။ (၂) ဇလသာဂရ= ရေပြင်ပင်လယ်။ (၃) နယသာဂရ=နည်းပင်လယ်။ (၄) ဉာဏသာဂရ=ဉာဏ်ပင်လယ်ဟူ၍ ကျယ်ဝန်းနက်နဲလှသော ပင်လယ်ကြီး လေးမျိုးရှိလေသည်။

ထိုလေးမျိုးတို့တွင် ခန္ဓာ,အာယတန,ဓာတ်တို့ မပြတ်ဖြစ်ပွါးနေသည့်အစဉ်ကို သံသရာပင်လယ်(=သံသာရ သာဂရ)ဟု ခေါ်လေသည်။ ဤသတ္တဝါများ ဘယ်အခါက စတင်ဖြစ်ပွါးခဲ့သည်ဟု မသိနိုင်(မပိုင်းခြားနိုင်)ရကား ကျယ်ဝန်းနက်နဲလှပုံကို ခန့်မှန်းနိုင်ပေသည်။

ရှစ်သောင်းလေးထောင် သီခေါင်နက်ကျယ် ပင်လယ်ကြီးမျိုးကို ရေပင်လယ် (=ဇလ သာဂရ)ဟု ခေါ်လေသည်။ ထိုပင်လယ်ကြီး၌ ရေတင်းပေါင်း အရာဟူ၍ရှင်း, အထောင်ဟူ၍ရှင်း, အသောင်း အသိန်းဟူ၍ရှင်း နှိုင်းယှဉ်ဖွယ်ရာ ပမာဏပြုနိုင်ဖွယ်ရာမရှိ၊ အသင်္ချေယျ အပ္ပမေယျသာလျှင် ဖြစ်ပေသည်။

နိကာယ်ငါး၀ ပိဋကသုံးပုံ ဟူသော ဗုဒ္ဓရှင်တော်ဘုရား၏ စကားတော်ကို နည်းပင်လယ်(=နယသာဂရ)ဟု ခေါ်ဝေါ်လေသည်။

သဗ္ဗညုတဉာဏ်တော်ကို ဉာဏ်ပင်လယ် (=ဉာဏသာဂရ) ဟု ခေါ်ဝေါ်၏၊ “ဤကား သံသရာပင်လယ်ဖြစ်သည်၊ ဤကား ရေပင်လယ်ဖြစ်သည်၊ ဤကား နည်းပင်လယ်ဖြစ်သည်”ဟု အခြားသော ဉာဏ်မျိုးဖြင့် စုံလင်စွာ ခွဲခြား သိမြင်နိုင်စွမ်း မရှိနိုင်ချေ။ သဗ္ဗညုတဉာဏ်ဖြင့်သာ ပြည့်စုံစွာ ခွဲခြား သိမြင်နိုင်စွမ်း ရှိသည်။ ထို့ကြောင့် သဗ္ဗညုတဉာဏ်သည် ဉာဏ်ပင်လယ် မည်လေသည်။

ထိုသို့ ကျယ်ဝန်းနက်နဲတော်မူလှသော သဗ္ဗညုတဉာဏ်တော်ဖြင့် ပိုင်းခြား ဝေဖန်၍ ဟောပြတော်မူရာ နယသာဂရ ဉာဏပင်လယ်ကြီးတွင် သုတ္တန္တပါဠိထက် သာလွန်ထူးခြားသည့် အဘိဓမ္မပါဠိတော်သည် ကျမ်းအားဖြင့် (၁) ဓမ္မသင်္ဂဏီ၊ (၂) ဝိဘင်း၊ (၃) ဓာတုကထာ၊ (၄) ပုဂ္ဂလပညတ်၊ (၅) ကထာဝတ္ထု၊ (၆) ယမိုက်၊ (၇) ပဋ္ဌာန်းဟူ၍ ၇-ကျမ်းရှိလေသည်။

ထို ၇-ကျမ်းတို့တွင် ဓမ္မသင်္ဂဏီပါဠိတော်၌ (၁) စိတ္တဝိဘတ္တိ=၈၉-ပါးသော စိတ်တို့ကို ဝေဖန် ဟောပြရာ စကားစဉ် (=စိတ္တုပ္ပါဒကဏ္ဍ)။ (၂) ရူပဝိဘတ္တိ=ရုပ်တို့ကို ဝေဖန်ဟောပြရာ စကားစဉ် (=ရူပကဏ္ဍ)။ (၃) နိက္ခေပရာသိ=မူလ,ခန္ဓ,ဒွါရ,ဘူမိစသည်ဖြင့် ချုံး၍ထားရာ တရားစု (=နိက္ခေပကဏ္ဍ)။ (၄) အတ္ထုဒ္ဓါရ=ပိဋက သုံးပုံဟူသော ဗုဒ္ဓစကားတော်၏ အနက်ကို ထုတ်ဖော်ပြဆိုရာ အဋ္ဌကထာကဏ္ဍဟူ၍ အပိုင်းကြီး လေးပိုင်းတို့ဖြင့် ဝေဖန် ဟောကြားတော်မူသည်။

ဝိဘင်းပါဠိတော်၌ (၁) ခန္ဓဝိဘင်း၊ (၂) အာယတနဝိဘင်း၊ (၃) ဓာတုဝိဘင်း၊ (၄) သစ္စဝိဘင်း၊ (၅) ဣန္ဒြိယဝိဘင်း၊ (၆) ပစ္စယာကာရ=ပဋိစ္စသမုပ္ပါဒဝိဘင်း၊ (၇) သတိပဋ္ဌာနဝိဘင်း၊ (၈) သမ္မပ္ပဓာနဝိဘင်း၊ (၉) ဣဒ္ဓိပါဒဝိဘင်း၊ (၁၀) ဗောဇ္ဈင်္ဂဝိဘင်း၊ (၁၁) မဂ္ဂင်္ဂဝိဘင်း၊ (၁၂) ဈာနဝိဘင်း(၁၃)၊ အပ္ပမညာဝိဘင်း၊ (၁၄) သိက္ခာပဒဝိဘင်း၊ (၁၅) ပဋိသမ္ဘိဒါဝိဘင်း၊ (၁၆) ဉာဏဝိဘင်း၊ (၁၇) ခုဒ္ဒကဝတ္ထုဝိဘင်း၊ (၁၈) ဓမ္မဟဒယဝိဘင်းဟူ၍ ၁၈-ပိုင်းခွဲကာ ဝေဖန် ဟောကြားတော်မူသည်။ (ဣန္ဒြိယ ဝိဘင်း၌ သုတ္တန္တဘာဇနီ မရှိခြင်း၊ ပစ္စယာကာရဝိဘင်း၌ ပဥှပုစ္ဆက မရှိခြင်း၊

သိက္ခာပဒဝိဘင်း၌ သုတ္တန္တဘာဇနီမရှိခြင်းမှတပါး ဤဝိဘင်းတို့၌ ဆိုခဲ့သော နည်း ၃-နည်းတို့ဖြင့် အပြည့်အစုံ ဟောကြားထားသည်ကို တွေ့ရမည်ဖြစ်၏)။

ဓာတုကထာပါဠိတော်၌ (၁) သင်္ဂဟော အသင်္ဂဟော၊ (၂) သင်္ဂဟိတေန အသင်္ဂဟိတံ၊ (၃) အသင်္ဂဟိတေန သင်္ဂဟိတံ၊ (၄) သင်္ဂဟိတေန သင်္ဂဟိတံ၊ (၅) အသင်္ဂဟိတေန အသင်္ဂဟိတံ၊ (၆) သမ္ပယောဂေါ ဝိပ္ပယောဂေါ၊ (၇) သမ္ပယုတ္တေန ဝိပ္ပယုတ္တံ၊ (၈) ဝိပ္ပယုတ္တေန သမ္ပယုတ္တံ၊ (၉) သမ္ပယုတ္တေန သမ္ပယုတ္တံ၊ (၁၀) ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တံ၊ (၁၁) သင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ၊ (၁၂) သမ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ၊ (၁၃) အသင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ၊ (၁၄) ဝိပ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံဟူသော ၁၄-ချက်တို့ဖြင့် ဝေဖန် ဟောကြားတော်မူထားပုံကို တွေ့ရမည် ဖြစ်၏။

ပုဂ္ဂလပညတ်ပါဠိတော်၌ (၁) ခန္ဓပညတ်၊ (၂) အာယတနပညတ်၊ (၃) ဓာတုပညတ်၊ (၄) သစ္စပညတ်၊ (၅) ဣန္ဒြိယပညတ်၊ (၆) ပုဂ္ဂလပညတ် ဟူသော ခြောက်မျိုးတို့ဖြင့် ဝေဖန် ဟောကြားတော်မူချက်များကို တွေ့ရမည် ဖြစ်၏။

ကထာဝတ္ထုပါဠိတော်၌ သကဝါဒဆိုင်ရာ သုတ်ပေါင်းငါးရာ၊ ပရဝါဒဆိုင်ရာ သုတ်ပေါင်း ငါးရာ နှစ်ရပ်ပေါင်း သုတ်ပေါင်း တထောင်တို့ကို ချုံးကာ ဝေဖန်ထားချက်များကို တွေ့ရမည်ဖြစ်၏။ (၎င်းမှာ မူလစကားစဉ်အားဖြင့် ယခုလက်ရှိ ပေမူ စာအုပ်မူများအတိုင်း မဟုတ်ချေ။ မူရင်း သံဂါယနာတင်စဉ်က ဒီဃနိကာယ် သုတ်သုံးကျမ်းမျှ ပမာဏရှိလေသည်၊ ၎င်းကို တဖန် အကျယ်ချဲ့ပြန်လျှင် အခြား အဘိဓမ္မာကျမ်းများ အတိုင်း အနန္တ အပရိမာဏ ဖြစ်လေသည်)။

ယမိုက်ပါဠိတော်၌ (၁) မူလယမိုက်၊ (၂) ခန္ဓယမိုက်၊ (၃) အာယတနယမိုက်၊ (၄) ဓာတုယမိုက်၊ (၅) သစ္စယမိုက်၊ (၆) သင်္ခါရယမိုက်၊ (၇) အနုသယယမိုက်၊ (၈) စိတ္တယမိုက်၊ (၉) ဓမ္မယမိုက်၊ (၁၀) ဣန္ဒြိယယမိုက်ဟူသော ဆယ်ချက်တို့ဖြင့် ဝေဖန် ဟောကြားတော်မူထားပုံများကို တွေ့ရမည်ဖြစ်၏။

ပဋ္ဌာန်းပါဠိတော်၌ (၁) ဟေတုပစ္စည်း၊ (၂) အာရမ္မဏပစ္စည်းစသော ပစ္စည်းအားဖြင့် ဦးစွာ ၂၄-ပစ္စည်းမျှ ဝေဖန် ဟောကြားတော်မူထားပုံတို့ကို တွေ့ရမည်ဖြစ်၏။

ဓမ္မအနုလောမ ၆-ကျမ်း၊ ပဋိလောမ ၆-ကျမ်း၊ အနုလောမပစ္စနီယ ၆-ကျမ်း၊ ပစ္စနီယာနုလောမ ၆-ကျမ်းအားဖြင့် ၂၄-ကျမ်းရှိလေသည်၊ ထို့ကြောင့် ပဋ္ဌာန်း ၂၄-ကျမ်းဟုလည်း အတိုကောက်ခေါ်ဝေါ်လေ့ ရှိကြသည်။

ထိုအဘိဓမ္မာ ၇-ကျမ်း၏အဖွင့် အဋ္ဌကထာများကို (ရှေးဟောင်းအဋ္ဌကထာများနှင့်တကွ အဘိဓမ္မပိဋကမှတပါးဖြစ်သော အခြားပိဋက ပါဠိတော်တို့ကို မှီငြမ်းပြုကာ) ဒုတိယအဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသက ပြုစုတော်မူခဲ့လေသည်။ ထိုသို့ပြုစုတော်မူရာဝယ်—

(၁) ဓမ္မသင်္ဂဏီပါဠိတော်၏ အဖွင့်အဋ္ဌကထာကို "အဋ္ဌသာလိနီ"ဟူ၍၎င်း။

(၂) ဝိဘင်းပါဠိတော်၏ အဖွင့်အဋ္ဌကထာကို သမ္မောဟဝိနောဒနီဟူ၍၎င်း အမည်မှည့်ကာ ပြုစုတော်မူခဲ့လေသည်၊ ထို ၂-ကျမ်းတို့ကို စူဠဗုဒ္ဓဃောသ တောင်းပန်သဖြင့် ရေးသားပြုစုခြင်းဖြစ်ကြောင်းကိုလည်း ဖော်ပြတော်မူခဲ့လေသည်။

(၃) ကျန်ခုနစ်ကထာစသော ငါးကျမ်းတို့၏ အဖွင့်အဋ္ဌကထာများကိုမူ အမည်သီးခြား မပေးတော့ဘဲ ရေးသားပြုစုတော်မူခဲ့လေသည်။ ဤအဘိဓမ္မာငါးကျမ်းကို ဖွင့်ဆိုသည့်အဋ္ဌကထာများကို ယခုအခါ 'ပဉ္စ-ပကရဏ'-ဝါ 'ပဉ္စပကြိုဏ်'ဟု ခေါ်တွင်မှတ်သားကြလေသည်။ ကျဉ်းကျဉ်းမျှသာ ပြုစုတော်မူခဲ့သောကြောင့် အမည်အထူး မပေးခဲ့ဟန်တူလေသည်၊ မည်သူတောင်းပန်၍ ရေးရကြောင်းကိုလည်း ဖော်ပြတော်မမူခဲ့ချေ။ ပဋ္ဌာန်းအဋ္ဌကထာ နိဂုံးတွင် "သဒ္ဓါယ သမာရဒ္ဓါ" ဟု ပါသည်ကို ထောက်သဖြင့် စေတနာသဒ္ဓါအလျောက် ရေးသားခြင်းဖြစ်သည်-ဟု ယူဆဖွယ်ရှိလေသည်။

ထိုအဋ္ဌကထာတို့၏ အဖွင့်ဋီကာများကို အာနန္ဒ (အာနန္ဒာ) မည်သော အရှင်မြတ်က ပြုစုတော်မူခဲ့လေသည်။ ၎င်းဋီကာများကို ဗုဒ္ဓပိဋကဆိုင်ရာဋီကာတို့တွင် အဦးအစ အရင်းမူလဖြစ်သောကြောင့် မူလဋီကာဟု ခေါ်ဝေါ်လေ့ပြုကြလေသည်။

တဖန် ထိုမူလဋီကာ၏အဖွင့်ကို ဇမ္ဗူဒိပ်တောင်ပိုင်း(=ဒက္ခိဏဇမ္ဗူဒီပ)နာဂပဋ္ဋနမြို့ ဆီးပင်ဆိပ်ကျောင်းနေ (=ဗဒရတိတ္ထဝိဟာရဝါသီ) အာစရိယဓမ္မပါလ အရှင်မြတ်က ပြုစုတော်မူခဲ့ပြန်လေသည်။ အနုဋီကာဟူ၍ ခေါ်ဝေါ်ထင်ရှားလေသည်။ အာစရိယဓမ္မပါလကို ဒုတိယအဋ္ဌကထာဆရာကြီးဟုလည်း ခေါ်ကြသည်။

ထို့ပြင် ပင်းယခေတ်၌ မြို့သစ်မြို့(=အဘိနဝပုရ) ပိန္နဲပင်ကျောင်းတိုက်တော်နေ(=ပနသာရာမဝါသီ)အရှင်ဉာဏကိတ္တိအရှင်မြတ်၏ ယောဇနာကျမ်းများနှင့် ဂဏ္ဌတ္ထဒီပနီဂဏ္ဌိ၊ အရှင်တိလောကဂုရုဆရာတော်၏ ဓာတုကထာ ဋီကာဝဏ္ဏနာ။ ဟံသာဝတီမြို့ စောင်းတူဆရာတော် အရှင်မဟာနာမထေရ်၏ မဓုသာရတ္ထဒီပနီ (=မဓုဋီကာ)စသောကျမ်းများလည်း ပေါ်ထွက်ခဲ့လေသည်။

(ထိုမှတပါး မြန်မာဘာသာဂဏ္ဌိကျမ်းများ, နိဿယကျမ်းများ, အကောက်ကျမ်းများ ရှိသေးသော်လည်း ကျယ်မည်စိုး၍ မပြလိုက်ပါ)။

## လက်သန်းအဋ္ဌကထာများ

ထိုသို့ ရှေးဆရာတို့သည် အဘိဓမ္မာ ၇-ကျမ်း၏ အဖွင့်ကျမ်းများကိုသာမက အဘိဓမ္မာ ၇-ကျမ်းကို အကျဉ်းရုံး၍ ပြဆိုရာ အဋ္ဌကထာကလေးများကိုလည်း ပြုစုတော်မူခဲ့ကြပေကုန်၏။

ထိုအဋ္ဌကထာကလေးများကို (၁) စကားပြေသက်သက်ဖြင့်ဖြစ်စေ (၂) ဂါထာများဖြင့်ဖြစ်စေ (၃) ဂါထာစကားပြေ ၂-မျိုးလုံး ရောနှော၍ဖြစ်စေ ရေးသားပြုစုတော်မူခဲ့ကြလေရာ ၎င်းတို့ကို မြန်မာတို့က **လက်သန်းအဋ္ဌကထာ များ** ဟု ခေါ်ဝေါ်လေ့ပြုခဲ့ကြလေသည်။

မြန်မာဘာသာ လက်သန်း အဋ္ဌကထာဟု ခေါ်ဝေါ်ကြသည်မှာ လက်မ လက်သန်းဟူသကဲ့သို့ အကျဉ်းချုပ်မျှသာ ဖော်ပြသည့် ကျမ်းငယ်မျိုးဖြစ်သောကြောင့် ခေါ်ဝေါ်ဟန်တူသည်ဟု နန်းမတော်ဝန် ပိဋကတ်တော်အုပ်မင်း ဦးယံက ဖော်ပြခဲ့လေည်။

အချို့ဆရာကြီးများကမူ အကျဉ်းအချုပ်မျှသာ(မှတ်သားအပ်သောကျမ်း) မျိုးဖြစ်သောကြောင့် လက္ခဏ်း=“လက္ချန်း”ဟု ခေါ်ရာမှ လက်သန်းဖြစ်လာခဲ့မည်ဟု ကြံဆကြလေသည်။

သို့ရာတွင် အကျဉ်းရုံးသည့်ကျမ်းတိုင်းကို လက်သန်းအဋ္ဌကထာဟု မခေါ်ကြောင်း သတိပြုအပ်ပေသေးသည်၊ အကျဉ်းရုံးသည်ဟု ဆိုသော်လည်း အထိုက်အလျောက် အကျဉ်းရုံးမှုမျိုးကို လက်သန်းအဋ္ဌကထာဟု ခေါ်လေ့မရှိပေ၊ များစွာကျက်လွယ်- သင်လွယ်- ဆောင်လွယ်- မှတ်လွယ်စေရန် အကျဉ်းရုံးသည့် အဋ္ဌကထာမျိုးကိုမှ လက်သန်းအဋ္ဌကထာဟု ခေါ်ဝေါ်လေ့ရှိခဲ့ကြပေသည်။

ဥပမာ-အရှင်မဟာဗုဒ္ဓဃောသပင် ပြုစုတော်မူသည့် ဝိသုဒ္ဓိမဂ်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာဟူသော တိပိဋကပါဠိ အဋ္ဌကထာများကို တကျမ်းတည်းဖြင့် အကျဉ်းရုံးထားသော ကျမ်းဖြစ်ပေ၏၊ သို့ရာတွင် များစွာပြောပလောက်အောင်

မကျဉ်းသေး မသေးငယ်သေးသဖြင့် ဝိသုဒ္ဓိမဂ်ကို လက်သန်းအဋ္ဌကထာဟု မည်သည့်အခါကမျှ မခေါ်ဝေါ်ခဲ့ကြပေ။

ထိုထက်ထင်ရှားအောင်ပြရပါလျှင် အရှင်ဗုဒ္ဓဒတ္တ, အရှင်ဗုဒ္ဓဃောသ, အရှင်ဓမ္မပါလတို့၏ အဋ္ဌကထာများမှ ထုတ်နုတ်၍ အမည်မသိ ဆရာတော်တပါးက သုတ္တသင်္ဂဟအဋ္ဌကထာကိုရင်း၊ သီဟိုဠ်မဟာဝိဟာရကျောင်းတိုက်နေ အရှင်ဗုဒ္ဓပိယ၏တပည့် အရှင်သိဒ္ဓတ္ထက သာရတ္ထသင်္ဂဟအဋ္ဌကထာကိုရင်း အကျဉ်းရုံးကာ ပြုစုတော်မူခဲ့ကြလေသည်၊ သို့ရာတွင် ထိုကျမ်းများသည် ပြောပလောက်အောင်များစွာ အကျဉ်းရုံးကာ ရေးသားပြုစုကြသည့်ကျမ်းများ မဟုတ်ကြပေ၊ ထို့ကြောင့် လက်သန်းဟု မခေါ်ဝေါ်ခဲ့ကြပေ။

သာရတ္ထဒီပနီဋီကာကျမ်းပြု အရှင်သာရိပုတြာသည် ဝိနည်းအဋ္ဌကထာများကို အကျဉ်းရုံးကာ "ပါဠိမုတ္တက-ဝိနိစ္ဆယ"များစွာတို့ကို ထည့်သွင်းလျက် ဝိနယသင်္ဂဟမည်သော အဋ္ဌကထာကို ပြုစုတော်မူခဲ့လေသည်၊ ထိုဝိနယသင်္ဂဟအဋ္ဌကထာကိုမူ ဝိနည်းသင်္ဂြိုဟ်ဟူ၍ရင်း ဝိနည်းလက်သန်းဟူ၍ရင်း အနည်းအကျဉ်းမျှသာ ခေါ်ဝေါ်ခဲ့ကြလေသည်။

ယနေ့အထိ ထင်ရှားသော လက်သန်းအဋ္ဌကထာများမှာ အောက်ပါအတိုင်း ဖြစ်လေသည်—

(၁) အဘိဓမ္မတ္ထသင်္ဂဟ (အနုရုဒ္ဓါ)
(၂) ပရမတ္ထဝိနိစ္ဆယ (အနုရုဒ္ဓါ)
(၃) နာမရူပပရိစ္ဆေဒ (အနုရုဒ္ဓါ)
(၄) အဘိဓမ္မာဝတာရ (ဗုဒ္ဓဒတ္တ)
(၅) ရူပါရူပဝိဘာဂ (ဗုဒ္ဓဒတ္တ)
(၆) သစ္စသင်္ခေပ (ဓမ္မပါလ)
(၇) ပရမတ္ထဗိန္ဒု (ကျစွာမင်းကြီး)
(၁) ဝိနယဝိနိစ္ဆယ (ဗုဒ္ဓဒတ္တ)
(၂) ဥတ္တရဝိနိစ္ဆယ (ဗုဒ္ဓဒတ္တ)
(၃) ခုဒ္ဒသိက္ခာ (ဓမ္မသီရိ)
(၄) မူလသိက္ခာ (မဟာသာမိ)

ဤမှတပါး နာမစာရဒီပက, မောဟဝိစ္ဆေဒနီ, ခေမာပကရဏ စသော အဘိဓမ္မာ လက်သန်းအဋ္ဌကထာများ၊ သီမာလင်္ကာရစသော ဝိနည်းလက်သန်း အဋ္ဌကထာများ ရှိခဲ့သော်လည်း အသုံးအစွဲမများလှသဖြင့် မထင်ရှားကြပေ။

## အဘိဓမ္မာလက်သန်းအဋ္ဌကထာများ

အဘိဓမ္မာလက်သန်းအဋ္ဌကထာတို့တွင် အဘိဓမ္မတ္ထသင်္ဂဟကျမ်းသည် အသုံးအများဆုံး အတွင်ကျယ်ဆုံး အထင်ရှားဆုံး ကျမ်းဖြစ်ခဲ့လေသည်၊ မဂဓဘာသာ အဘိဓမ္မာ (၇) ကျမ်း၏ သင်ပုန်းကြီးသဖွယ် နှစ်ပေါင်းအစဉ်အဆက် မပြတ် ထိုကျမ်းကို လက်စွဲပြုကြကာ သင်ကြားပို့ချခဲ့ကြလေသည်။

ထိုကျမ်းကို သီဟိုဠ်ကျွန်း ဝန္နဂါမဏိမင်းလက်ထက် ထိုဝန္နဂါမဏိမင်း၏ မိဖုရားဖြစ်သော သောမဒေဝီဆောက်လုပ်သည့် ကျောင်းတော်၌ရင်း မူလအမည် ရှိသော အမတ်ဆောက်လုပ်သည့် ကျောင်းတော်၌ရင်း အလှည့်အလည် သီတင်း သုံးတော်မူသည့် အရှင်အနုရုဒ္ဓါသည် "နမ္ပ" အမည်ရှိသော (ကပ္ပိယ)ဒါယကာ၏ တောင်းပန်ချက်အရ ပြုစုတော်မူခဲ့သည်ဟု ဝံသတ္ထပကာသနီခေါ် မဟာဝင် ဋီကာ၌ ပြဆိုလေသည် [ထိုဋီကာအရ အဘိဓမ္မတ္ထသင်္ဂဟနိဂုံး၌ပါသည့် စကား ရပ်များကိုလည်း အနက်မှန်ကန်စွာ ပေးနိုင်ခွင့်ရလေသည်။]

(ဇမ္ဗူဒီပနိုင်ငံ)ကိဋ္ဌိပုရတိုင်း ကာဝေရီမြို့ဖွား ဇာတိဖြစ်ကြောင်း, တမ္ဗတိုင်း ? တဥ္စမြို့၌ ၎င်း သီဟိုဠ်ကျွန်း၌၎င်း (အခါအားလျော်စွာ) သီတင်းသုံးကြောင်းတို့ကို ပရမတ္ထဝိနိစ္ဆယ နိဂုံး၌ဖော်ပြထားပေ၏။

ထိုကျမ်းကို မြန်မာနိုင်ငံ၌ "သင်္ဂြိုဟ်"ဟူ၍၎င်း "သင်္ဂဟ"ဟူ၍၎င်း အဖျား ကို ဆွတ်၍ခေါ်ဝေါ်သော်လည်း အဘိဓမ္မတ္ထသင်္ဂဟကို ဆိုလိုသည်ဟု နားလည် သည် အထိ တွင်ကျယ်ခဲ့လေသည်၊ စင်စစ်ကား "သင်္ဂြိုဟ်" (သင်္ဂဟ) ဟူသော ဝေါဟာရမှာ အများနှင့် ဆိုင်သော အခေါ်မျိုးသာ ဖြစ်လေသည်။

ထိုကျမ်း၌ အဘိဓမ္မာ (၇)ကျမ်း၏သဘောများကို အပိုင်းကြီး ၉ ပိုင်း ပိုင်း ကာ တပိုင်း-တပိုင်းတွင်လည်း အပိုင်းငယ်များ (အခဏ်းငယ်များ) ဖွဲ့ကာ ဖွဲ့ ကာ ရေးသားထားလေသည်၊ အခဏ်းငယ်တိုင်း လိုလိုပင် အဘိဓမ္မာ၏ သရုပ် သဘောများကို စုဏ္ဏိယစကားပြေဖြင့်၎င်း နိဂုံးချုပ် ဆောင်ပုဒ်ဂါထာများဖြင့် ၎င်း ဖော်ပြတော်မူလေသည်၊ ထိုသို့ ဖော်ပြရာတွင် ရှေ့နောက်အစီ အစဉ်အား ဖြင့်၎င်း သုံးနှုန်းပြသခြင်းအားဖြင့်၎င်း အပိုအလိုမရှိဘဲ အလွန်ပင် စေ့စပ်သိပ် သည်း လှပေသည်၊ ကြားဝင်စရာစကား မရှိသကဲ့သို့ပင်ဖြစ်လေသည်၊ စကားပင် ကျဉ်းသော်လည်း "နံနံနှင့် ကျုံကျုံဝိုင်း"ဟူသော မြန်မာစကားကဲ့သို့ အနက် အားဖြင့် အဘိဓမ္မာ (၇) ကျမ်းလုံးကိုပင် "ငုံ"မိလေသည်။

လယ်တီဆရာတော် ဘုရားကြီးကမူ အဘိဓမ္မတ္ထသင်္ဂဟသည် အဘိဓမ္မာ ၇-ကျမ်းကိုသာမက ပိဋက-၃-ပုံကိုပင် အကျဉ်းရုံးမိသကဲ့သို့ ဖြစ်သည်ဟု မိန့်မှာ တော်မူလေသည်။ (ပရမတ္ထသံခိပ်ကျမ်းဦးပိုင်း အမှာတွင် ကြည့်ပါ)

ထို့ကြောင့် သင်္ဂြိုဟ်ကျမ်း၏ အနက်ကိုဆွဲ၍ ဆန့်မည်ဆိုပါက ပိဋကညာဏ်ရှိလျှင် ရှိသည်နှင့်အမျှ ဉာဏ်ကျယ်လျှင် ကျယ်သည်နှင့်အမျှ ဆွဲ၍ ဆန့်နိုင်လေည်။

ဤသင်္ဂြိုဟ်ကျမ်းပြု အရှင်အနုရုဒ္ဓါပင် ရေးသားတော်မူသည့် ဂါထာပေါင်း ၁၁၄၄ ရှိ ပရမတ္ထဝိနိစ္ဆယကျမ်းနှင့် ဂါထာ ၁၈၅၇ ရှိ နာမရူပပရိစ္ဆေဒကျမ်းတို့မှာ အဘိဓမ္မာ (၇)ကျမ်း၏ အနက်အဓိပ္ပါယ်တို့ကို အကျဉ်းရုံးသည့် ကျမ်းများပင်ဖြစ်လေသည်၊ သို့ရာတွင် အဘိဓမ္မာစာပေလောက၌ အဘိဓမ္မတ္ထ သင်္ဂဟကဲ့သို့ အသုံးအစွဲ မများခဲ့ကြပေ။

အဆိုပါ ပရမတ္ထဝိနိစ္ဆယနှင့် နာမရူပပရိစ္ဆေဒကျမ်းတို့မှာ "ပဇ္ဇ" ကျမ်းမျိုး ဖြစ်ကြပေသည်။ ထို့ပြင် ပရမတ္ထဝိနိစ္ဆယမှာ အမည်နှင့်လိုက်လျောစွာ အဆုံးအဖြတ်သဘောများကို သက်ဝင်အောင် (ရေးမှန်းမသိ) ရေးသားသည့် ကျမ်းမျိုးလည်းဖြစ်ပေသည်။ ဥပမာ—

တာဝတိံသေသု ဒေဝေသု၊ ဝေပစိတ္တာသုရာ ဂတာ။

ဟူသောစကားမျိုးကို အမှတ်မဲ့အားဖြင့် ရိုးရိုးပြဆိုချက်ဖြစ်သည်ဟု ထင်မှတ်ဖွယ်ရှိသော်လည်း အသေအချာကြည့်လျှင် အဆုံးအဖြတ်သဘော သက်ရောက်သည်ကို တွေ့ရလေသည်၊ ထို့ကြောင့်ပင် ထိုစကားကို ကိုး၍ ဋီကာဆရာကြီးများကလည်း မှာထားဆုံးဖြတ်သည့် အချက်များကို တွေ့ရလေသည်။ ပရမတ္ထဝိနိစ္ဆယ၌ ဤကဲ့သို့ အဆုံးအဖြတ်သဘောမျိုး သက်ဝင်သည့်စကားရပ်ပေါင်း အများပင် ပါရှိလေသည်။ ထို့ပြင် အဆုံးအဖြတ် သဘောများစွာပါသည့်အတိုင်း တခါတရံ မိမိ၏အယူ (မိမိ၏အကြိုက်) မဟုတ်တဲ့ ရှေးဆရာတို့၏ အယူများကိုလည်း စုံလင်စေရန် ဖော်ပြတတ်လေသည်။ ဥပမာ—ဤသင်္ဂြိုဟ်ကျမ်း၌ တဒါရုံ ၂-ကြိမ်ကျမှုကို ဖော်ပြတော်မူလေသည်။ မဏ္ဍိမနိကာယ်ဆောင် ဆရာတို့ကမူ တဒါရုံတကြိမ် ကျမှုကိုလည်း အလိုရှိတော်မူကြလေသည်။ ၎င်းကို အရှင်မဟာဗုဒ္ဓဃောသက ပယ်ခဲ့လေသည်။ ပရမတ္ထဝိနိစ္ဆယ၌ကား "သကိံ ဒွေဝါ တဒါလမ္ဗံ"ဟု မဏ္ဍိမနိကာယ်ဆောင် ဆရာတို့၏ ဝါဒကိုပါ ဖော်ပြထားလေသည်။ ထို့ကြောင့် အဘိဓမ္မာ၏ သရုပ်သဘောသက်သက်ကို စကားလွယ်လွယ်နှင့် မပိုမလို သင်ကြားလိုသူများအဖို့ မဆီလျော်လှချေ။

ထိုအရှင်ပင်ရေးသားသည့် နာမရူပပရိစ္ဆေဒမှာလည်း အဘိဓမ္မာ (၇) ကျမ်း၏သဘောများကို အကျဉ်းရုံးသည့် ကျမ်းပင်ဖြစ်သော်လည်း ယောဂါဝစရပုဂ္ဂိုလ်များအား(ကျမ်းအမည်နှင့်လိုက်လျောစွာ)နာမရူပပရိစ္ဆေဒညာဏ် ရင့်သန်စေရန် (ဝါ) ကမ္မဋ္ဌာန်းလုပ်ငန်းသဘော၌ များစွာ အထောက်အပံ့ရစေရန် ရေးသားသည့် နှုတ်ဆုံဆောင်ကျမ်းမျိုး ဖြစ်ပေသည်။ ထို့ကြောင့်ပင် အဘိဓမ္မတ္ထ သင်္ဂဟကဲ့သို့ အဘိဓမ္မာအခြေပြုရေးအတွက် ပို့ချသင်ကြားမှု မများခဲ့ချေ။

အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို နှစ်ပေါင်းများစွာ ပို့ချသင်ကြားခဲ့ကြသည်နှင့် အမျှ ထိုကျမ်း၏ အဖွင့်ဋီကာကျမ်းများ၊ နိဿယပြန် ကျမ်းများ၊ အကောက် ကျမ်းများ၊ အမေးအဖြေကျမ်းများ၊ လင်္ကာ (ကဗျာ)ပြန်ကျမ်းများ၊ ဂဏ္ဌိ ကျမ်းများလည်း မှိုပေါက်သကဲ့သို့ ပေါ်ထွက်ခဲ့ကြလေသည်။

အဘိဓမ္မာလက်သန်း အဋ္ဌကထာများ အနက် အရှင်ဗုဒ္ဓဒတ္တ၏ အဘိဓမ္မာ-ဝတာရ အဋ္ဌကထာသည်၎င်း၊ အရှင်ဓမ္မပါလ၏ သစ္စသံခိပ်အဋ္ဌကထာသည်၎င်း၊ ဒုတိယအသုံးအစွဲအများဆုံး အထင်ရှားဆုံး အဋ္ဌကထာများဖြစ်သည်ဟု ဆိုနိုင် ပေသည်။

အရှင်ဗုဒ္ဓဒတ္တမှာ ကဗျာဝါသနာပါသော ဆရာကြီးတဦးဖြစ်သည့် အတိုင်း အဘိဓမ္မာကျမ်းကို ရေးသားရာ၌လည်း များစွာချောမော ပြေပြစ်ရုံမျှမက ကဗျာဆန်လှသည်ကို တွေ့ရ၏၊ ကျမ်းပြုဆရာကိုယ်တိုင်ကလည်း "မဓုရံ မတိ-ဝဍ္ဎနံ"ဟု ကျမ်းဦး၌ ဝန်ခံထားပေသည်၊ ကျမ်းပြုဆရာကိုယ်တိုင် "ပဝက္ခာမိ သမာသေန"ဟူ၍၎င်း ပဋ္ဌမနိဒ္ဒေသ၌ "ဂန္ထဝိတ္ထာရဘီတေန၊ သံခိတ္တံ ပနိဒံ မယာ"ဟူ၍၎င်း ပြန်ဆိုမှာထားချက်များ ရှိသည်မှာ မှန်ပါ၏။ သို့ရာတွင်—အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာနှင့် နှိုင်းစာမည်ဆိုပါက များစွာကျယ်ဝန်းရုံမျှမက စကားပိုသည့်နေရာ လိုသည့်နေရာများလည်း ရှိနေသည်ဟု ဆိုနိုင်ပေသည်။ အာရုံပြုနှင့် ပတ်သက်၍ ဂါထာဖွဲ့စီထားပုံများသည်၎င်း ဘုံပုဂ္ဂိုလ်,စိတ်ရ ခွဲဝေပုံ များအတွက် ဖွဲ့စီထားပုံများသည်၎င်း စုံလင်ရုံမျှမက ချောမော ပြေပြစ်လှ သဖြင့် ကျက်မှတ်ချင်စရာ ကောင်းလှပေသည်။ သို့ရာတွင် အဘိဓမ္မာ သင်ကြား ပို့ချသူများက ထိုကျမ်းကို အဘိဓမ္မတ္ထသင်္ဂဟလောက် မကြိုက်နှစ်သက်ခဲ့ကြချေ။

ရူပါရူပဝိဘာဂကျမ်းမှာမူ အစဉ်အလာ မှတ်သားချက်အရ အရှင်ဗုဒ္ဓဒတ္တ ရေးသည်ဟု ဆိုသော်လည်း အကြောင်းကြောင်းကို ထောက်ထားခြင်းအားဖြင့် အရှင်ဗုဒ္ဓဒတ္တ၏ လက်ရာ ဟုတ်မှ ဟုတ်ပါ့မလားဟုပင် သံသယဖြစ်မိပေသည်။ ရုပ် ၂၈-ပါးနှင့် စိတ် စေတသိက် အရေအတွက်များလောက်သာ ပါသဖြင့် သရုပ်သဘောလည်း မစုံချေ၊ ကျဉ်းလွန်းလှပေသည်။

သစ္စသံခိပ်အဋ္ဌကထာမှာ (သစ္စာလေးပါးမှလွတ်သော ဘုရားဟောဒေသနာ မည်သည် မရှိ၊ သစ္စာလေးပါးမှ လွတ်သောတရားမည်သည် မရှိ)ဟူသော အဆို များအတိုင်း သစ္စာလေးပါးကို မူတည်ကာ ပရမတ္ထသဘောများကို ဒုတိယ အဋ္ဌကထာဆရာကြီးဟု ထင်ရှားသော အရှင်ဓမ္မပါလကိုယ်တိုင် အကျဉ်းရုံး ရေးသားသည့် "ပဇ္ဇ" ကျမ်းမျိုး ဖြစ်ပေသည်။ အဘိဓမ္မတ္ထသင်္ဂဟထက်ပင် အချို့အချက်များ၌ အသေးစိပ်ကာ ဖော်ပြထားသော်လည်း တကျမ်းလုံး ခြုံကြည့်ပါမူ အဘိဓမ္မတ္ထသင်္ဂဟလောက် သင်ကြားရန် မလွယ်ကူဟု ဆိုရပေ

မည်။ ကျမ်းဂန်အားဖြင့်လည်း အဘိဓမ္မတ္ထသင်္ဂဟထက်ပင် များစွာ အကျဉ်းရုံး ထားသည်ကို တွေ့ရ၏။ "ပဇ္ဇ"ကျမ်းမျိုး ဖြစ်သည့်အတိုင်း ဂါထာအနေအထား ကို ငဲ့ကာ လူတို့နှုတ်တွင် အလွန်ထင်ရှားပြီး ဖြစ်သည့် ပရမတ္ထဝေါဟာရများ အစား မထင်ရှားလှသော ဝေါဟာရများဖြင့် အစားထိုး ညှပ်ရသည့် အချက် များလည်း ရှိလေသည်။ ဥပမာ—ပထဝီကို ဘူ, တေဇောကို အနလ, ဝါယော ကို အနိလဟု သုံးပုံမျိုးပေတည်း။ (ရူပံ ဘူဝ,ပါ,နလာ,နိလံ။)

လက်သန်းအဋ္ဌကထာတို့တွင် အသေးငယ်ဆုံး အဋ္ဌကထာကား ကျစ္စာမင်း ကြီး ရေးသားထားသည့် ပရမတ္ထဗိန္ဒုအဋ္ဌကထာပင် ဖြစ်လေသည်။သေးငယ်လှ သည့်အလျောက် အဘိဓမ္မာသရုပ်သဘောများလည်း အသင့်အတင့်သာ ပါလေ သည်။ သို့ရာတွင် ထိုကျမ်းပါ"ပေါ-ပါယေ မာနဝေ ဒေဝေ"စသောဘုံ၌ ပုဂ္ဂိုလ် ဖြစ်ပုံ ဂါထာဆောင်ပုဒ်ကိုမူ စာသင်သားမှန်က မရသူ ရှားပေသည်။

ထိုကျမ်းကို မူလက မင်းများနှင့် မောင်းမငယ်များအတွက်သာ ရည်ရွယ် ရေးသားခြင်းဖြစ်သည်ဟု အမှတ်အသားရှိသည့်အတိုင်း စာသင်သားများ အတွက် သင်ရိုးသင်တမ်းအဖြစ် ပို့ချမှု မရှိခဲ့လှချေ။ "ငုံလွန်းကလည်း ထုံးနည်း ဥပဒေ၊ပါလေနိုင်ရာ၊ မရှိပါခဲ့"ဟူ၍ ကုသပျို့သစ်တွင် မုံရွေးဆရာတော်ကြီး မိန့်ဆိုသကဲ့သို့ ကျဉ်းလွန်းလှသောကြောင့် အသုံးမဝင် ရှိခဲ့ရလေသည်။

## သင်္ဂြိုဟ်ဋီကာကျမ်းများ

အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏အဖွင့် ပါဠိဘာသာဋီကာကျမ်းတို့တွင် ဋီကာ ဟောင်း, (ဋီကာကျော်ခေါ်) အဘိဓမ္မတ္ထဝိဘာဝိနီ, သင်္ခေပဝဏ္ဏနာဋီကာ, အဘိဓမ္မတ္ထသင်္ဂဟဒီပနီ, ပရမတ္ထဒီပနီစသော ဋီကာကျမ်းများသည် ထင်ရှား သော ကျမ်းများဖြစ်ကြလေသည်။

ထိုဋီကာတို့တွင်လည်း ဋီကာကျော်မှာ အစဉ်အလာကပင် ကြိုက်နှစ်သက်သူ အများဆုံး,အသုံးအစွဲ (အပို့အချ)အများဆုံး ဋီကာဖြစ်ခဲ့လေသည်။

ယခုအခါ ဋီကာဟောင်းအနေအားဖြင့် တစောင်မျှသာ ထင်ရှားလေသည်။ သို့ရာတွင် ဋီကာကျော်ကျမ်းဦး၌—

"ပေါရာဏေဟိ အနေကာပိ၊
ကတာ ယာ ပန ဝဏ္ဏနာ။
န တာဟိ သက္ကာ သဗ္ဗတ္ထ၊
အတ္ထော ဝိညာတဝေ ဣဓ။

ဟူသောစကားအရ ဋီကာကျော် မပေါ်မီက ဋီကာဟောင်းအများပင် ရှိခဲ့ကြောင်း သိသာပေသည်။

လက်ရှိဋီကာဟောင်းနှင့် ဋီကာကျော်တို့ကို ယှဉ်ကြည့်မည်ဆိုပါက ဋီကာကျော်ကို(ဝါ-ဋီကာသစ်ကို)ရေးသင့်၍ ရေးခြင်းဖြစ်ကြောင်း အလွန်ပင် သိသာနိုင်ပေသည်၊ (ဋီကာဟောင်းကို အရှင်သာရိပုတ္တ၏တပည့် အရှင်နဝဝိမလပြုစုသည်ဟု ဆိုကြသည်ကား စဉ်းစားဖွယ်ရှိလေသည်၊ အဘယ့်ကြောင့်ဆိုသော် တဆရာတည်းတပည့်ဖြစ်လျှင် ပေါရာဏဋီကာဟောင်းဟု ခေါ်နိုင်ဖွယ်မရှိသောကြောင့်ပေတည်း။)

ဋီကာကျော်ကို ပြုစုသည့်ပုဂ္ဂိုလ်မှာ ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာစသည်တို့ကို ပြုစုတော်မူသော အရှင်သာရိပုတ္တ အရှင်မြတ်ကြီး၏ ထင်ရှားသော တပည့်ကြီးတဦးဖြစ်သည့် အရှင်သုမင်္ဂလသာမိပေတည်း။ ထို့ကြောင့် ဋီကာကျော်ကျမ်းဦး၌—

သာရိပုတ္တံ မဟာထေရံ၊
ပရိယတ္တိဝိသာရဒံ။
ဝန္ဒိတွာ သိရသာ ဓီရံ၊
ဂရုံ ဂါရဝဘာဇနံ။

ဟု မိမိဆရာအား ရိုသေစွာ ရှိခိုးထားသည်ကို တွေ့ရလေသည်။

ဋီကာကျော်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် မှတ်သားဖွယ် အရေးအခင်းပေါင်းများစွာ ဖြစ်ပေါ်ခဲ့ဘူးလေသည်။

အဘိဓမ္မတ္ထဝိဘာဝိနီကို ဋီကာကျော်ဟု မခေါ်မီ(ဝါ-အင်းဝထူပါရုံဒါယကာနရပတိကြီးလက်ထက်မတိုင်မီ)က အဖွင့်အပြ ရှင်းလင်းပေါ်လွင် သိသာလှသောကြောင့်၎င်း, ဝါကျအနေအထားနှင့် ပြသပုံအားဖြင့် တင့်တယ်လှပသောကြောင့်၎င်း "ဋီကာလှ"ဟူ၍ ခေါ်ဝေါ်ခဲ့ကြလေသည်။

နရပတိကြီးလက်ထက် မိန်းမကိုယ်ဝန်ဆောင် ငါးလကျော်ရှိမှ စာများကိုပင် နှုတ်ငုံဆောင်နိုင်သော အရိယဝံသအရှင်မြတ်သည် ထိုမျှလောက် စာပေတို့ကို နှုတ်လွတ်ရသော်လည်း ကျမ်းဂန်မတတ်၊ စာပေမတတ်ဖြစ်၍ နေလေသည်။ (ဝါ-သဘောမပေါက်ဖြစ်၍ နေလေသည်။)

ထို့ကြောင့် စစ်ကိုင်းတွင် ကျမ်းဂန်တတ် ဆရာတော်များထံ နည်းခံရန်ဟု ရည်ရွယ်၍ ပင်းယဘက်မှ ကူးခဲ့ပြီးနောက် ရေငုံဘုန်းတော်ကြီးထံ စာဝါတောင်းမည်ဟု ပုညစေတီ၏ အရှေ့မြောက် မကျည်းပင်တော၌ တဲဆောက်၍ နေကာ ဆည်းကပ်ရှာလေသည်။

ထိုရေငုံဘုန်းတော်ကြီးကား အလဟဿစကားပြောမိမည်စိုးသဖြင့် အားချိန်တွင် ရေငုံ၍သာ နေလေ့ရှိသောကြောင့် "ရေငုံဘုန်းတော်ကြီး"ဟု ထင်ရှားခြင်း ဖြစ်လေသည်။

အရှင်အရိယဝံသ ဆည်းကပ်ရာတွင် ၂-ရက်ကိုင်တိုင် စကားမပြောရပေ၊ ဝတ်ဖြည့်ရုံဖြည့်ကာ ပြန်ခဲ့ရရှာလေသည်။ သုံးရက်မြောက်သော နေ့၌ကား အရှင်အရိယဝံသက ပြန်ခါနီးတွင် ထိုင်သည့်သားရေနယ်ကို အသံမြည်အောင် ခေါက်သိမ်းလေရာ ထိုအခါမှ အသံကိုကြားသဖြင့် လှည့်ကြည့်ပြီးနောက် ရေကို ထွေး၍ မေးမြန်းတော်မူလေသည်။ စာဝါတောင်းရန် လာရောက်ပါကြောင်းကို လျှောက်ထားရာတွင် ရေငုံဘုန်းတော်ကြီးက သင်ကြားဘူးသည့် ကျမ်းဂန်များကို မေးမြန်းစစ်ဆေးတော်မူလေ၏။ ထိုအခါ "မသင်ကြား မလေ့ကျက်ဘူးသည့် သင်ရိုးကျမ်းဂန် မရှိသလောက်ပင် ရှိနေပြီ"ဟု ရေငုံဘုန်းတော်ကြီးက မိန့်ရာ အရှင်အရိယဝံသက "စာမတတ်သေး၍ လာခဲ့ရပါကြောင်း"ကို ပြန်လည် လျှောက်ထားလေ၏။ ထိုအခါမှ ဘုန်းတော်ကြီးက "အိမ်း-ငါ့မှာ တနေ့ စာသုံးဝါ ပို့ချနေရပေသည်။ မွန်းယိမ်းလျှင် ပုညစေတီသို့တက်၍ တံမြက်ဝတ် ပြုရသည်။ အားလပ်ချိန်ဟု မရှိပေပြီ၊ သို့ရာတွင် တံမြက်ဝတ်ပြုချိန်တွင် လက်သန်းဋီကာ(=ဋီကာကျော်)ကို သင်တော့"ဟု ခွင့်ပြုတော်မူလိုက်လေ၏။

ရေငုံဘုန်းတော်ကြီးသည် အထူးထူးသော နည်းနာတို့ကို ပို့ချတော်မူလေရာ အရှင်အရိယဝံသသည် ၂-ရက်သာ လာပြီး နောက်မလာဘဲ နေလေ၏။ ၂-ရက် အတွင်း သင်ကြားပြသတော်မူလိုက်သည့် နည်းတို့ကို မှီ၍ ၂-ရက် ၃-ရက် ကြာအောင် ဆင်ခြင်သုံးသပ်ရင်း နေတော်မူမိလေ၏။ "ကျမ်းဂန်တတ်သည် စာတတ်သည် ဆိုကြသည်မှာ သည်လိုကိုး"ဟု သဘောအပေါက်ကြီးပေါက်ကာ "ဋီကာ့နှယ် ကျော်ရော့ဟယ်"ဟု အရှင်အရိယဝံသ ဆိုမိသည်ကို အကြောင်း ပြု၍ ဋီကာကျော်ဟု ခေါ်စမှတ်ပြုခဲ့ကြောင်း စကားအစဉ်ရှိလေသည်။ အရှင် အရိယဝံသလည်း ၂-ရက် ၃-ရက်ကြာမှ ဆရာကို လျှောက်ရန် သတိရကာ လာခဲ့လေ၏။

ရေငုံဘုန်းတော်ကြီးကလည်း "ပင်းယပုဂ္ဂိုလ်ဟာ ၂-ရက်သာ စာသင်ရသေး သည်၊ မလာ၊ မကျန်းမမာ ဖြစ်နေလေသလား"ဟု တွေးတောကာ ကြည့်ရှု မေးမြန်းရန် စေလွှတ်လိုက်သည့် တပည့်များနှင့် အရှင်အရိယဝံသတို့ လမ်းတွင် ဆုံမိကြလေသည်။

ရှေ့တော်သို့ရောက်၍ အကြောင်းကို လျှောက်လေလျှင် ဘုန်းတော်ကြီးက "သည်လိုဆိုလျှင် လက်သန်းဋီကာကို နှစ်ကမ္ဗတ်လောက် သင်ရုံနှင့် စာတတ်ခဲ့ပေ ပြီ၊ ဋီကာရဲ့ကျေးဇူးကို ဆပ်သောအားဖြင့် အဖွင့်တစောင်ရေးပါ"ဟု တိုက်တွန်း တော်မူလေ၏။

အရှင်အရိယဝံသလည်း ပုညစေတီ အရှေ့မြောက်ဘက်ချောက်တွင် ကျေးသံ ငှက်သံမကြားသည့်အချိန်ရောက်မှ ဋီကာကျော်၏အဖွင့် မဏိသာရမဉ္ဇူသာကို

ရေးသားစီရင်တော်မူလေ၏။ ရေး၍ပြီးသမျှကိုလည်း သိတင်းနေ့တိုင်း ပုညစေတီယင်ပြင်တော်၌ သံဃာတော်အများ၏ရှေ့တွင် ဖတ်ကြား၍ ပြတော်မူလေသည်၊ တချိန်တွင် ပုဂံမှ ဘုရားဖူးလာသည့် ကိုယ်တော်တပါးသည် ထိုသို့ဖတ်ကြားနေခိုက် အစွန်အဖျားမှ နားထောင်၍နေကာ ပဌမတကြိမ် "ဧ" ဟူ၍ရင်း နောက်တကြိမ် "ဧ" ဟူ၍ရင်း ဆိုလေရာ ထိုဆိုသောနေရာတို့ကိုလည်း မှတ်သားထားလေသည်၊ ကျောင်းသို့ ပြန်ရောက်ပြီးနောက် "ဧ" ဆိုသည့် ပဌမနေရာတွင် ဝါကျထပ်နေသည်ကိုင်ငုံး၊ ဒုတိယ "ဧ" ဟု ဆိုသည့်နေရာတွင် "ဣမံ ဂန္ထံ" ဟု စွဲရမည်ကို "ဣဒံ ဂန္ထံ" ဟု စွဲထားမိသည်ကိုင်ငုံး တွေ့ရလေ၏။ (မြင်းကောင်းခွါလိပ်သဘောပေတည်း)။

ဤတွင်မှ အဆိုပါ ကိုယ်တော်ကို ရအောင်ရှာဖွေ၍ ပင့်စေပြီးနောက် အကြောင်းကို အမိန့်တော်ရှိလေရာ ထိုပုဂ္ဂိုလ်က "ကျောက်စရစ်ကို ဆုပ်ပြီး တိုက်နံရံကို ပစ်ပါက တစေ့မကျန် မှန်လေသကဲ့သို့ မဏိသာရမဉ္ဇူသာတွင် မိန့်ဆိုလေသမျှ လိုရာအနက်သို့ ဆိုက်ရောက်သည်သာဖြစ်ကြောင်း၊ သို့ရာတွင် ဝါကျတချက်ထပ်ခြင်း၊ အစွဲတချက်မှားခြင်းကိုသာ ကြား၍ ဧ-ဧ ဟု နှစ်ကြိမ်ဆိုမိပါကြောင်း" လျှောက်ရာ မိမိဝတ်ရုံသည့်ဒုကုဋ်ကို ထိုအရှင်သို့ လှူတော်မူလေ၏၊ ထိုနောက်လည်း ဘုရင်မင်းခေါင်ထံ ထိုပုဂ္ဂိုလ်၏အကြောင်းကို သိစေသဖြင့် တံဆိပ်တော်အလှူခံရလေ၏။

အရှင်အရိယဝံသလည်း ကျမ်းပြုရုံမက စာပေပို့ချကာ နေလေ့ရှိသဖြင့် တပည့်အများ ပြန့်ပွါးခဲ့လေသည်။

ဤအရှင်အရိယဝံသ စာတတ်သည်ကို အကြောင်းပြု၍ ယခင်"ဋီကာလှ"ဟု ခေါ်ရာမှ "ဋီကာကျော်"ဟု ပြောင်း၍ခေါ်ခဲ့ကြခြင်းဖြစ်လေသည်။

[ ထိုအရှင်အရိယဝံသသည် မူလဋီကာ ဒွါရကထာအဖွင့်မျှသာ ပြီးစီးသော မဏိဒီပဋီကာနှင့် ဥပသာချပုဒ်၊ နိပါတ်ပုဒ်တို့၏ အနက်အနေအထားများကို ပြဆိုရာ ဂန္ထာဘရဏ သဒ္ဒါငယ်ကျမ်းကိုလည်း ရေးသားတော်မူခဲ့လေသည် ]။

**ဋီကာကျော်နိဿယကျမ်း။** ။ဋီကာကျော်နိဿယတို့လည်း အများအပြား ပေါ်ထွက်ခဲ့လေရာ ထိုနိဿယတို့တွင် (အကျဉ်းအတွက်) နေရင်းနိဿယ ဗားကရာနိဿယနှင့် (အကျယ်အတွက်)ပြည်နိဿယတို့မှာ အထင်ရှားဆုံးဖြစ်ကြလေသည်။

**အဘေဂ္ဂုသာရဒီပနီ။** ။ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး၏ သမီးတော် သီဝလိဒေဝီမင်းသမီး၏ ဆရာ ရှင်တိပိဋကရေ မဟာသုဝဏ္ဏဒီပပြုစုသည့် အဘေဂ္ဂုသာရဒီပနီဋီကာခေါ် စူဠဋီကာကား ဋီကာကျော်၏အဖွင့်ပင် ဖြစ်ပေသည်။

**ဋီကာကျော်နိယံ။** ။မြန်မာနိုင်ငံကို အင်္ဂလိပ်မင်းတို့ အုပ်စိုးစဉ်က ထင်ရှား ကျော်စောသောဆရာတော်ကြီးတပါးဖြစ်သည့် မာန်လည် ဆရာတော်ဘုရားကြီးကလည်း "ဋီကာကျော်နိယံ" ဟူ၍ပင် ရေးသားတော်မူခဲ့ လေသည်။

**ဋီကာကျော်ယောဇနာ ၂-ကျမ်း။** ။ထို့ပြင် ရှေးဆရာတို့က ဋီကာကျော် ယောဇနာဟောင်းပါ၄ကို ရေးသားတော် မူခဲ့ကြ၏။ ယောဇနာသစ်(ဝိဘာဝိနီယောဇနာ)ကို ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် မှန်ကျောင်းဆရာတော် အရှင်ဉာဏိန္ဒာသဘ(နောက်-လူထွက်ကာ ဆရာကြီးဦးစံအောင်)ဟု ထင်ရှားသောပုဂ္ဂိုလ် စီရင်တော်မူလေသည်။

**ဋီကာကျော်၏ဥာဏ်စွမ်း။** ။ထိုမျှလောက် ဆရာအစဉ်အဆက် မပြတ်နှစ်သက် ခဲ့ကြသော ဋီကာကျော်ကျမ်းကို—

"ဒိနေဟိ စတုဝီသေဟိ၊
ဋီကာ'ယံ နိဋ္ဌိတာ ယထာ။
တထာ ကလျာဏသင်္ကပ္ပါ၊
သီဃံ သိဇ္ဈန္တု ပါဏိနံ"။

ဟူသောစကားအတိုင်း ၂၄-ရက်အတွင်း ပြီးအောင်ရေးသည်ဟု ဆိုသောကြောင့် အရှင်သုမင်္ဂလသာမိ၏ဉာဏ်ကို ချီးကျူး၍မဆုံး ဖြစ်ရလေသည်။

သို့ရာတွင် လက်သန်းအဋ္ဌကထာ၏ သီဟိုဠ်နိဿျ (ဗျာချာ—ဆန္နယ) ကို အရှင်သုမင်္ဂလသာမိ၏ဆရာ အရှင်သာရိပုတ္တကိုယ်တိုင် ရေးသားတော်မူခဲ့ပြီးဖြစ် သည့်ပြင် ဋီကာကျော်စကားများမှာလည်း ထိုနိဿျနှင့်ဆင်တူသည့် စကားများ ပါနေသဖြင့် ချီးမွမ်းဖွယ်မရှိလှကြောင်း တဖက်ကဆိုကြပြန်လေသည်။

မှန်ပေသည်၊ မိမိဆရာ၏နိဿျကို အားထားသလောက် အားထားပေလိမ့် မည်၊ သို့ရာတွင် ကိုယ်ပိုင်ဉာဏ်ဖြင့် ဖွင့်ပြသည့်စကားရပ်ပေါင်းများစွာ ပါသည်ကို လည်း သတိပြုရန်လိုပေသည်၊ ထို့ပြင် အရှင်သာရိပုတ္တမပေါ်မီက ရှိနှင့်သော အရှင် ဗုဒ္ဓဒတ္တ၏ အဘိဓမ္မာဝတာရစသော စကားတို့မှ ထုတ်နုတ်သကဲ့သို့ ထင်ရအောင် ထပ်တူကျသောစကားများကိုကား အဘယ်သို့ ဆိုကြမည်နည်း၊ ထို့ပြင် အရှင် သုမင်္ဂလသာမိပင် သင်္ဂြိုဟ်ထက်ပင် ကျယ်ဝန်း စုံလင်သော အဘိဓမ္မာဝတာရ၏ အဖွင့် အဘိဓမ္မတ္ထဝိကာသိနီကို ရေးသားခဲ့ပေရာ ထိုအချက်ကို ထောက်ထားခြင်း အားဖြင့်လည်း အရှင်သုမင်္ဂလသာမိ၏ ပင်ကိုယ်ဉာဏ်ကို ချိန်ဆနိုင်စရာရှိပေသည်၊ နောက်ဆုံး ထိုမျှလောက်ရှိသည့်ကျမ်းကို သီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ ပြန်သည်ထားဦးတော့ ၂၄-ရက်အတွင်း ထိုမျှလောက် ကောင်းမွန်အောင် ပြန်နိုင်သည်ဟု ဆိုလျှင်ပင် ချီးမွမ်းအံ့ဩဖွယ် ကောင်းလှပေတော့သည်။

## သခေ်ပဝဏ္ဏနာ

အဘိဓမ္မတ္ထသင်္ဂဟ၏ လက်သန်းအဋ္ဌကထာတို့တွင် ဒုတိယတန်းစားအားဖြင့် ထင်ရှားသော သခေ်ပဝဏ္ဏနာဋီကာကို ရေးသားပြုစုသူကား ဒုတိယ ဆပ္ပဋ အရှင်မြတ် ပေတည်း။ ထိုအရှင်မြတ်ကား ပုသိမ်မြို့ ဆပ္ပဋ (ဆပဒ?) ရွာသား ဖြစ်၏။ ဘွဲ့-အရှင်ဓမ္မကေတုဖြစ်၏။ ထိုအရှင်သည် မြန်မာနိုင်ငံ အင်းဝခေတ် ထူပါရုံဒါယကာ နရပတိကြီးလက်ထက် ပုဂံမြို့တွင် ပိဋကတ်စာပေများကို သင်ကြားပြီးနောက် ၈၀၈-ခု၌ သီဟိုဠ်သို့ ကူးတော်မူသည်၊ သီဟိုဠ်တွင် သီရိ-ပရက္ကမဗာဟုမင်းကို အမှီပြုကာ သာသနာ့အညစ်အကြေးများကို သုတ်သင်တော်မူရှိမျှမက ဇယဝဍ္ဎန (ကော့တေ)မြို့၌ သိမ်သမုတ်တော်မူခဲ့လေသည်၊ ထိုနောက် မြန်မာနိုင်ငံသို့ ပြန်ကြွလာကာ ဇာတိဆပ္ပဋရွာ၌ရှင်း၊ စစ်ကိုင်းချောက်၌ရှင်း၊ ပုဂံမြို့၌ရှင်း သီတင်းသုံးတော်မူသည်၊ ဒုတိယဆပ္ပဋဟု ကျော်စောထင်ရှားသည်၊ သခေ်ပဝဏ္ဏနာဋီကာ၊ သုတ္တနိဒ္ဒေသစသော ကျမ်းများကို စီရင်တော်မူသည်၊ အချို့ကမူ သခေ်ဝဏ္ဏနာကို ပုဂံခေတ် အရှင်သဒ္ဓမ္မဇောတိပါလ (ပထမ-ဆပ္ပဋ မထေရ်)စီရင်တော်မူခဲ့သည်ဟု ဆိုကုန်၏။

ထိုဋီကာကို ကြည့်ရသည်မှာ ဋီကာကျော်ကို များစွာ လေးစားပုံရသည် "ဋီကာကျော်ကို ကျန်ရစ်ခဲ့အောင်-ဝါ-ဋီကာကျော်ထက် သာအောင်" ဟု ရည်ရွယ်ခြင်း ဟုတ်ဟန်မတူ၊ ဋီကာကျော်မှာ ကောင်းမွန်ပြည့်စုံလှပေပြီ၊ သို့ရာတွင် ထူးခြားမှတ်သားဖွယ်အချို့ကို ဖြည့်စွက်ဖော်ပြမည်ဟူသောအနေမျိုးဖြင့် ရေးသားဟန်တူလေသည်၊ ထိုရည်ရွယ်ချက်အတိုင်း "စုဘန္တရံ သန္ဓိဌာနံ၊ ပ-အာ-တ-အာ-ဇ-အာ-ဝေါ-အာ" စသော ကိစ္စသင်္ဂဟဆိုင်ရာ ဂါထာဆောင်ပုဒ် ကလေးများနှင့် သစ္စာအနက် ၁၆-ချက်ဆိုင်ရာ အာဝီဘာဝနာကာရများအတွက် "သ, မ, နိ, ဒု, နိ, မ, သ, မ, နိ, ဒူ၊ ဝိဘာဇေ ကမတော ပဋ္ဌမေန ဝိနာ" စသော ဆောင်ပုဒ်ကလေးများမှာ မှတ်သားကျက်မှတ်ရန် ကောင်းလှလေသည်။

## အဘိဓမ္မတ္ထသင်္ဂဟဒီပနီ

အဘိဓမ္မတ္ထသင်္ဂဟဒီပနီကို ငယ်မည် ဦးဆိုင်၊ ဘွဲ့-ဦးဂုဏာဝန္တ၊ (ဂုဏာဝံသဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ) စလင်းမြို့ အရှေ့ရပ် မြို့သူကြီးကျောင်း၌ သီတင်းသုံးတော်မူစဉ် ၁၁၆၃-ခု။ (၄၂-ဝါအရ၌) စီရင်တော်မူသည်၊ ပန်းလှဆရာတော်ဟု ထင်ရှားသည်၊ ဋီကာကို စလင်းဋီကာဟုလည်း ခေါ်ကြသည်။

ထိုဋီကာမှာ ဒက္ခိဏာရာမဘုရားကြီးဆရာတော် ငယ်စဉ်ကပြုစုတော်မူသည့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိနှင့် တူညီသည့် ပြဆိုချက်ပေါင်း အများအပြား ပါလေ သည်။

## ပရမတ္ထဒီပနီ

မြန်မာနိုင်ငံ ဒီပဲယင်းမြို့နယ် စိုင်ပြင်ရွာ ဦးထွန်းသာ ဒေါ်ကျုံးတို့၏ သားရတနာဖြစ်တော်မူသော(၁၂၀၈-ခုနှစ်ဖွား)အဂ္ဂမဟာပဏ္ဍိတနှင့် ဒေါက်တာဘွဲ့ရ လယ်တီ ဆရာတော်ဘုရားကြီး (ဘဒ္ဒန္တဉာဏ)သည် ပြန်လွန်တော်မမူမီအတွင်း (၁၂၇၅-ခုနှစ်အထိ) ဒီပနီကျမ်းပေါင်း မြောက်မြားစွာတို့ကို စီရင်ပြုစုတော်မူခဲ့လေသည်။

အနယ်နယ်သို့ လှည့်လည်ကာ တရားရေအေး အမြိုက်ဆေးကိုလည်း တိုက်ကျွေးတော်မူခဲ့လေသည်။

အထူးသဖြင့် အဘိဓမ္မာသာသနာတော်မြတ်ကြီး ထွန်းကား ပြန့်ပွါးစေရန် ရေးသားမှု, ဟောကြားမှုတို့ကို အားသွန်ဆောင်ရွက်တော်မူလေ့ရှိလေသည်။

ထိုသို့ဆရာတော်ဘုရားကြီးပြုစုတော်မူသည့် ပါဠိမြန်မာကျမ်းပေါင်းများစွာတို့တွင် "ပရမတ္ထဒီပနီ"မည်သော အဘိဓမ္မတ္ထသင်္ဂဟ၏ အဖွင့် ဋီကာကျမ်းကြီးလည်း အပါအဝင်ဖြစ်လေသည်၊ ထိုကျမ်းကြီးကို ယခင်ပေါ်ပြီး ဋီကာဟောင်းများကို ထောက်ကာ"(လယ်တီ) ဋီကာသစ်"ဟူ၍လည်း ခေါ်ဝေါ်လေ့ပြုကြ၏၊ လယ်တီဆရာတော် ပြုစုတော်မူသောကြောင့် "(သင်္ဂြိုဟ်) လယ်တီဋီကာ" ဟူ၍လည်း ခေါ်ဝေါ်လေ့ပြုကြ၏၊ "မဟာဋီကာ"ဟူ၍လည်း ခေါ်ဝေါ်လေ့ပြုကြ၏။

လယ်တီဆရာတော်ဘုရားကြီးသည် ထိုကျမ်းကို ပြုစုရန် မန္တလေးမြို့ မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက် မန္တလေးမြို့၏မြောက်ပြင် မင်္ဂလာကျုံးတော်အနီး (မဟာဇောတိကာရာမ) စံကျောင်းတိုက်ကြီး၏ ဦးစီးနာယက "သုဒဿနဓဇ အတုလာဓိပတိ သီရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ စံကျောင်းဆရာတော် ဘုရားကြီး၏ အထံတော်၌ ပိဋက ၃-ပုံကို သင်ကြားကာ သီတင်းသုံးတော်မူစဉ်ကပင် လေ့လာ စုဆောင်းတော်မူခဲ့လေသည်။

ထိုသို့ ဋီကာသစ်ပြုစုရန် လေ့လာစုဆောင်းရခြင်းမှာလည်း (၁) ထိုခေတ်ထိုအခါက နက်နဲထက်မြက် ပညာစက်နှင့် ပြည့်စုံတော်မူကြသည့် ဆရာတော်ဘုရားကြီးအပေါင်းတို့သည် အဘိဓမ္မာနှင့်စပ်လျဉ်း၍ မူလဋီကာကျမ်း အနုဋီကာကျမ်းတို့ကိုသာ အသုံးပြု ပို့ချတော်မူလေ့ရှိကြပြီးလျှင် အဘိဓမ္မတ္ထဝိဘာဝိနီကျမ်း မဏိသာရမဥ္ဇူသာကျမ်းတို့ကို အသုံးပြု ပို့ချလေ့မရှိကြသောကြောင့်ငင်း (၂) ထိုဆရာတော်ကြီးတို့သည် ကိုယ်တိုင် အသုံးမပြု မပို့ချကြရုံသာမက အဘိဓမ္မတ္ထဝိဘာဝိနီ၌ မှားယွင်းချွတ်ချော်ချက် များစွာပါကြောင်း၊ မဏိသာရမဥ္ဇူသာဋီကာမှာမူ ဖွဲ့အိတ်ကြီးသဖွယ် အနှစ်မပါ အကာအတိ ကျမ်းလေးရှိ

ရှိသော ဋီကာဖြစ်ကြောင်းတို့ကို မိန့်မြွက်တော်မူကြကာ အသုံးအစွဲမပြုရန် သင်ကြားပို့ချမှု မပြုရန် တားမြစ်တော်မူကြသောကြောင့်ရင်း (၃) ထိုဆရာတော်ဘုရားကြီးများ၏ မိန့်တော်မူချက်များအရ ကိုယ်တိုင်သိမြင်ရန် (လယ်တီဆရာတော်ဖြစ်မည့်) အရှင်ဉာဏထေရ်ကိုယ်တိုင် ဋီကာကျော်တွင် ပါသည့်အချက်များကို ပါဠိတော် အဋ္ဌကထာတို့၌လာသော စကားအချက်တို့နှင့် စပ်ဖက်ညှိနှိုင်းကာ စိစစ်တော်မူလေ့ရှိရာမှ မှားယွင်း ချွတ်ချော်ချက်တို့ကို ကိုယ်တိုင်သိမြင်တော်မူလေသောကြောင့်ရင်း ဋီကာသစ်ရေးသားရန် အကြံဖြစ်တော်မူခဲ့လေသည်။

ထိုအခါမှစ၍ ပိဋကာ ၃-ပုံမှ အဘိဓမ္မာဆိုင်ရာ အချက်အလက်တို့ကို များစွာစုဆောင်းမှတ်သားတော်မူခဲ့လေသည်။

သို့ရာတွင် ထိုစုဆောင်းမှတ်သားချက်များမှာ မန္တလေးမြို့ကို မီးဘေးကြီးသင့်သောအခါတွင် မီးလောင်ကျွမ်း၍ ကုန်သဖြင့် ဋီကာရေးရန် စိတ်အကြံသည်လည်း တန့်ရွှေ့ရွှေ့ ငြိမ်းစဲတော်မူခဲ့လေသည်။

ထိုနောက် ၁၂၄၇-ခုတွင် မန္တလေးမြို့မှ မုံရွာမြို့သို့ ကြွလာကာ မုံရွာမြို့မြောက်ဘက် လယ်တီကျောင်းတိုက်ကို တည်ထောင်ပြီးလျှင် စာပေပို့ချတော်မူသောအခါမှာမှ ယခင်မှတ်သားရင်း အချက်တို့ကို ရရှိတော်မူသည့်ပြင် ဓမ္မန္တေဝါသိကတပည့်အပေါင်းတို့က အဘိဓမ္မတ္ထသင်္ဂဟ၏ အဖွင့်ဋီကာတစောင်ရေးသားတော်မူရန် တောင်းပန်ကြလေသဖြင့် ပရမတ္ထဒီပနီ(ဋီကာသစ်)ကို ရေးသားတော်မူခြင်း ဖြစ်လေသည်။ (ထိုကျမ်း၏အဖွင့် အနုဒီပနီကိုလည်း ထိုဆရာတော်ဘုရားကြီးပင် ရေးသားတော်မူလေသည်)။

ထိုသို့ ပရမတ္ထဒီပနီခေါ် အဘိဓမ္မတ္ထသင်္ဂဟ၏ ဋီကာသစ်ကြီး ပေါ်ထွက်လာသောအခါ အဋ္ဌကထာဋီကာတို့နှင့်တကွ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အလုံးစုံကို အကုန်မွှေနှောက် တိုက်ဆိုင်ကာ ရေးသားထားပုံများကြောင့်ရင်း, မှတ်သားဖွယ် အာစရိယဝါဒများနှင့် ထူးခြားဆန်းကြယ်သည့် သဒ္ဒါအဆုံးအဖြတ် အနက်အဆုံးအဖြတ်များ ပါရှိလာသောကြောင့်ရင်း, ကြည်လင်သန့်ရှင်းသော ပုဒ်ဗျည်းအက္ခရာ သဒ္ဒါအနေအထားများဖြင့် ရေးသားထားသောကြောင့်ရင်း ပညာရှိတို့က များစွာပင် ကောင်းတင်းပြောပ ချီးကျူးကြလေကုန်၏။

သို့သော် အဘိဓမ္မတ္ထဝိဘာဝိနီ (ဋီကာကျော်)၌ မသင့်သော အချက်များကို ပြဆို ဆုံးဖြတ်ချက်များအတွက် ဋီကာကျော်ကို ရိုသေ လေးစား အားထားကြည်ညိုရင်းစွဲရှိကြကုန်သော ပညာရှင်အပေါင်းတို့က မခံမရပ်နိုင် ဖြစ်ကြကာ

ပါဠိဘာသာဖြင့်၎င်း, မြန်မာဘာသာဖြင့်၎င်း ပြန်လည်ချေပသည့် ကျမ်းပေါင်း အများအပြား ပေါ်ထွက်၍ လာကြလေသည်။ အဘိဓမ္မာဋီကာမိုး ရွာသော ခေတ်ဟုပင် သုံးနှုန်းပြောဆိုကြလေသည်။ အစုစု လေးဆယ်ကျော်မျှ ရှိသော ဟူ၏။

ယင်းသို့ များပြားလှစွာသော ဋီကာများအနက် ထင်ရှားသည့် ဋီကာအချို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ ပုခန်းကြီးမြို့အရှေ့ တလိုင်းကုန်းရွာဇာတိ ၁၂၁၉-ခုဖွား တလိုင်းကုန်း ဆရာတော် ဦးဝိမလအရှင်မြတ် (၁၂၆၇-ခုတွင် အပြီး) ရေးသားတော်မူသည့် **အကုံရဋီကာ**(၎င်းကို တလိုင်းကုန်းဋီကာဟုလည်း ခေါ်ကြသည်။)

၂။ သာယာဝတီဒိစတြိတ် ကျောက်သောင်ရွာ ဇာတိ (၁၂၃၈-ခုဖွား) မိုးညှင်းမြို့ ဝေဇယန္တာရာမကျောင်းတိုက် ဆရာတော် ဦးနာဂိန္ဒသာမိ (၁၂၇၆-ခု တွင် အပြီး)ရေးသားသည့် **မဟာအတုလဋီကာ**။

၃။ ချောင်းဦးမြို့ ဓမ္မာရုံဆရာတော် ဦးဒီပမာလာ(အဂ္ဂမဟာပဏ္ဍိတ)စီရင် တော်မူသည့် **ပရမတ္ထဝိသောဓနီ ဋီကာသစ်ပါဌ်**(ထိုဋီကာကို စကားကျဉ်းကျဉ်း နှင့် ထိရောက်ကြောင်း ချီးမွမ်းလေ့ရှိကြ၏။)

၄။ (၁၂၇၁-ခု တပေါင်းလကွယ်နေ့ အပြီး ရေးသားသည့်) ဖားကူးဆရာ တော် ဦးသာဂရ အရှင်မြတ်၏ **အနုဝိဘာဝနီပါဌ်**။

## ပရမတ္ထသံခိပ်

ပရမတ္ထဒီပနီကျမ်းပြု လယ်တီ ဆရာတော်ဘုရားကြီးသည် (ပါဠိ ဘာသာ) အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို တိုက်ရိုက်မသင်ကြားနိုင်သည့် ပုဂ္ဂိုလ်တို့က အဘိ-ဓမ္မတ္ထသင်္ဂဟကျမ်းလာ သရုပ်သဘောတို့ကို အမြန်တတ်မြောက်နိုင်ရန် မြန်မာ ဘာသာ ကဗျာကျမ်းငယ်တစောင် ပြုစုပါမည့်အကြောင်း တောင်းပန် လျှောက် ထားချက်အရ "ပရမတ္ထသံခိပ်"မည်သော ကျမ်းငယ်ကို ရေးသားစီရင်တော်မူ လေသည်။ ထို့ကြောင့် ယင်းကျမ်းဦး၌ "ပရမတ်-သင်္ဂြိုဟ်၊ တတ်မြောက်လို၊ လူ ဗိုလ် တောင်းပန်-ဘိ" ဟူ၍၎င်း၊ "သင်္ဂြိုဟ်ဉာဏ်လောက်၊ အမြန်ရောက်၊ သံပေါက် ဆိုပိမ့်-သိ" ဟူ၍၎င်း ကိုယ်တော်တိုင် စပ်ဆိုဖော်ပြတော်မူခဲ့လေသည်။

ထိုမြန်မာဘာသာ ပရမတ္ထသံခိပ် ကျမ်းငယ်သည် မြန်မာ နိုင်ငံအနှံ့ ပြန့်ပွါးကာ အမျိုးသမီးငယ်ကလေးများကပင် နှုတ်ငုံ ဆောင်၍ ထားတတ် ကြလေသည်၊ ထိုအခါက ပရမတ္ထသံခိပ်ကဗျာသံတို့ဖြင့် နိုင်ငံ အနှံ့ ပတ်လွှမ်းအောက်ထက် သံပြိုင်ဆက်၍ ရွတ်လျက်တထွေ မေးဖြေတတန် ပို့ချသံ မပြတ် တလစပ် အားထုတ်ကြလေကုန်၏။

## ပရမတ္ထသံခိပ်ဋီကာ

လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသည့် ပရမတ္ထဒီပနီ ကျမ်းကြီးကို အလွယ်တကူ သိမြင် နားလည်နိုင်ရန် မြန်မာဘာသာ ပြန်ဆိုရေးသားပါမည့် အကြောင်းကို ပညာရှိ အပေါင်းတို့က လယ်တီဆရာတော် ဘုရားကြီး၏ တပည့် လယ်တီ-ပဏ္ဍိတ (နောက် အဂ္ဂမဟာပဏ္ဍိတ-ဦးမောင်ကြီး၊ မဟာ ဝိဇ္ဇာ) ကို တောင်းပန် တိုက်တွန်းကြလေကုန်၏။

လယ်တီပဏ္ဍိတသည် ထိုပုဂ္ဂိုလ်တို့၏ တောင်းပန်တိုက်တွန်းချက်အရ "တချက် ခုတ်-နှစ်ချက်ပြတ်" ဆိုသကဲ့သို့ (၁) ပရမတ္ထဒီပနီကျမ်းကြီး၏ မြန်မာဘာသာ ပြန်လည်းဖြစ်၊ (၂) ပရမတ္ထသံခိပ်ကျမ်း၏ အဖွင့်ဋီကာလည်း ဖြစ်စေရန် အဘိဓမ္မတ္ထသဘာဝ ပန်းခိုင်ကြီးသဖွယ်ဖြစ်သော ဤပရမတ္ထသံခိပ် ဋီကာကျမ်း ကို ကြိုးပမ်း ပြုစုတော်မူခြင်းဖြစ်ပေ၏။ (ဤနှစ်ချက်တို့ကို သံခိပ်ဋီကာ၏ ကျမ်းဦး၌၎င်း, စိတ်ပိုင်းဋီကာ၏အစ၌၎င်း လယ်တီပဏ္ဍိတကိုယ်တိုင် ပြဆိုခဲ့လေ သည်။)

ဤသို့ ရေးသားပုံအခြင်းအရာနှင့်စပ်လျဉ်း၍ "သတို့သမီးငယ်တို့ပင် ကြည့် လွယ်နိုင်ကြစေရန် သဒ္ဒါရေးအတွက်နှင့် များစွာ စိစစ် ဝေဖန်ခြင်းကို မပြုဘဲ အဓိပ္ပါယ်သဘောကိုသာ စိစစ်၍ ရေးသားပေအံ့သတည်း" ဟု ကိုယ်တိုင် မှာ ထားခဲ့သည့်အတိုင်း (၁) သဒ္ဒါရေးနှင့် စပ်လျဉ်း၍ များစွာ စိစစ်လေ့ မရှိ ခြင်း၊ (၂) သတို့သမီးငယ်များပင် ကြည့်ရှုနိုင် (သဘောပေါက်နိုင်) စေရန် ရေးသားခြင်းဟူသော အချက် နှစ်ရပ်တို့ကို တွေ့ရပေသည်။

ကျမ်းပြုဆရာက ဤသို့ပင်မှာထားသော်လည်း ဝါသနာဘာဂီ ဆက်တိုင်းမှီ ဆိုဘိသကဲ့သို့ မိမိတတ်ကျွမ်းသည့်ပညာရပ်များကို စာသင်သားတို့အား ပေးကမ်း ဝေငှလိုသည့်စေတနာဖြင့် အချို့နေရာ၌ ပထမအချက်နှင့်စပ်လျဉ်း၍ ထိန်းသိမ်း လိုက်နာခြင်းမရှိခဲ့ပေ။ သဒ္ဒါရေးနှင့်စပ်လျဉ်း၍ အသိပေးတန်သင့်သောအချက် ဆုံးဖြတ်သင့်သောအချက်တို့၌ အတန်ပင်ကျယ်ဝန်းစွာ ရေးသားဆုံးဖြတ်ပုံတို့ကို လည်း ဤကျမ်း၌ အတော်ကလေးတွေ့ရပေသည်၊ ဤကား ကျမ်းပြုသူ၏ မြိုသိပ်၍မရသော စေတနာကြောင့်ဖြစ်သည်ဟု ဆိုရပေမည်၊ ဒုတိယအချက်နှင့် စပ်လျဉ်း၍ကား ပါဠိဘာသာ မသင်ဘူးသူ, အဘိဓမ္မတ္ထသင်္ဂဟကျမ်းရင်းကို တိုက်ရိုက် မသင်နိုင်သူများပင် ကျယ်ဝန်းလှသည့် အဘိဓမ္မာသဘောတို့ကို နားလည်နိုင် သဘောပေါက်နိုင်ကြစေရန် အားသွန်ကြိုးစား ရေးသားထားပုံ များကို တွေ့ရပေသည်၊ ထို့ကြောင့် ဒုတိယအချက်နှင့်စပ်လျဉ်း၍ အစအဆုံး အပြည့်အဝ လိုက်နာထားသည်ဟု ဆိုရပေမည်၊ (သဒ္ဒါရေးနှင့်စပ်လျဉ်းသည့်

အမှာ အထား အသုံးအဖြတ်များကို သီးသန့်စကားချပ်များသဖွယ် ဖြစ်သည် ဟုလည်း မှတ်ယူနိုင်ပေသည်)။

ထို့ပြင် ပရမတ္ထသဘာဝ၌ စိန္တာမယဉာဏ် ထက်သန်စူးရှ ပြည့်ဝ ရင့်ကျက်တော်မူလှသော လယ်တီဆရာတော်ဘုရားကြီး၏ လက်ဝေခံတပည့်ရင်းပြီပြီ (ပရမတ္ထဒီပနီတွင် ရေးသားချက်များမှ အလွတ်ဖြစ်သည့်) လယ်တီဆရာတော်ဘုရားကြီး၏ အာဘော်ပေါင်း အများအပြားပင် ဤဋီကာ၌ ပါဝင်၍ နေဟန်များကိုလည်း တွေ့ရပေသည်။

ထို့ကြောင့် အဘိဓမ္မတ္ထ သဘာဝကို ကျနပိုင်ပိုင် လှမ်းကိုင်လိုသူတို့သည် ဤ ပရမတ္ထသံခိပ်ဋီကာကျမ်းကို ကြိုးပမ်းစေ့ငု ကြည့်ရှုလေ့လာတော်မူနိုင်ကြပါစေ ကုန်သတည်း။

# လယ်တီပဏ္ဍိတ
# ဆရာ ဦးမောင်ကြီး အတ္ထုပ္ပတ္တိ

ဤပရမတ္ထသံခိပ် ဋီကာကျမ်းပြု လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ဇာတိကား မုံရွာမြို့တောင်ဘက် ခုနစ်မိုင်အကွာရှိ ညောင်ဖြူပင်ရွာကြီးဖြစ်လေသည်။ ဆရာကြီးသည် အဆိုပါ ညောင်ဖြူပင်ရွာကြီးနေ အဖ လယ်ပိုင်ရှင် ဦးရောက်[1]၊ အမိ ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းလက်ထက် အပျိုတော် စာတော်ဖတ် ဒေါ်ထပ်[2] တို့မှ ၁၂၄၀ ပြည့်နှစ် တပို့တွဲလဆန်း ၉ ရက်နေ့တွင် ဖွားမြင်ခဲ့လေသည်။ မိဖတို့က သန့်ရှင်းဖြူစင် သွင်ပြင်လက္ခဏာရှိသည်ကို အကြောင်းပြုကာ မောင်သန့်စင်ဟု မှည့်ခေါ်ကြလေသည်။

"ကေပုတ္တာမနုရက္ခေ" ဟူသော ဥပမာစကားအတိုင်းပင် မိဖတို့သည် တဦးတည်းသောသားဖြစ်သည့် မောင်သန့်စင်ကို အထူးတလည် ထိန်းသိမ်းယုယပြုစုစောင့်ရှောက်၍လာကြရာမှ ခုနစ်နှစ်သားအရွယ်သို့ အရောက်တွင် ညောင်ဖြူပင်ရွာ မရမ်းပင်ကျောင်း ဘုန်းတော်ကြီးထံ အပ်နှံ ကြလေသည်။ ထိုကျောင်းမှာပင် စာပေသင်ကြား နေထိုင်ရင်း ကိုးနှစ်သားအရွယ်သို့ အရောက်တွင် ဆရာ မိဖတို့က ရှင်သာမဏေ အဖြစ်သို့ သွတ်သွင်း ချီးမြှင့်ခဲ့ကြလေသည်။ သာမဏေဘွဲ့မှာ ရှင်ပဏ္ဍိစ္စဖြစ်သည်။

ထိုသို့ရှင်သာမဏေ အဖြစ်သို့ တက်ရောက်ပြီးနောက် မကြာမီ အတွင်းမှာပင် မိခင်ဒေါ်ထပ် ကွယ်လွန်လေ၏၊ ထို့ကြောင့် သာမဏေအဖြစ်မှ ထွက်ကာ ဖခင်အိုကြီးနှင့်အတူတကွ နေထိုင်ရင်း မရမ်းပင်ကျောင်း ဘုန်းတော်ကြီးထံ၌လည်း စာပေ ပညာများကို ဆက်လက်သင်ကြား၍ နေခဲ့လေသည်၊မောင်သန့်စင် ၁၃ နှစ်သား အရွယ်တွင် ဖခင်ကြီး ဦးရောက် ကွယ်လွန်ခဲ့ပြန်လေသည်။

ဤသို့ မိကွဲ ဖကွဲ စိတ်ဆင်းရဲလျက် ရေဝဲပုံဟန် လောကဓံအဖြစ်ရှုပ်၌ နစ်မြုပ်မှု မကင်းနိုင်ဖြစ်ကာ သာမဏေဝတ်လိုက် လူထွက်လိုက် ဖြစ်၍နေခဲ့လေ၏။ အသက် ၁၈ နှစ်သို့ ရောက်သော အခါ၌ကား စတုတ္ထအကြိမ်မြောက် သာမဏေအဖြစ်သို့ ဝင်ရောက်ခဲ့ပြီးနောက် ၁၂၅၈ ခု တပေါင်းလဆန်း၈-ရက်နေ့တွင် မုံရွာမြို့ လယ်တီဆရာတော် ဘုရားကြီး၏ ခြေတော်ရင်းသို့ ဆိုက်ရောက်ခဲ့ရလေသည်။ လယ်တီဆရာတော်ဘုရားကြီးက ရှင်ပဏ္ဍိစ္စကို ရှင်ပဏ္ဍိတဟု ပြောင်းလဲမှည့်ခေါ်

---

(၁) ဦးရောက်လေးဟုလည်း အမှတ်အသားတွေ့ရသည်။

(၂) ဒေါ်ထပ်ကြီးဟုလည်း အမှတ်အသားတွေ့ရသည်။

တော်မူလေ၏။ ဤသို့လျှင် နေရိပ်တခါ နေပူတလှည့်ဆိုသကဲ့သို့ ဘဝခရီးစဉ် ရှိနေခဲ့ရာမှ ညောင်ညိုပင်ကြီး၏ အရိပ်ကို ခိုကိုး ရသကဲ့သို့ လယ်တီဆရာတော်ဘုရားကြီး၏ အထံ၌ ခိုကိုးကာ ပိဋကတ် အခြေခံ ကျမ်းဂန်ပညာအရပ်ရပ် ဟူသော အသီးအပွင့်တို့ကို အသင့်လွယ်ကူ ဆွတ်ယူစားသုံးခဲ့ရလေတော့၏။

အသက် ၂၀-အပြည့် (၁၂၆၀ ပြည့် တပေါင်းလပြည့်ကျော် ၈-ရက်နေ့)၌ ရဟန်းအဖြစ်သို့ တက်ရောက်ခဲ့လေသည်။

ရဟန်းဘဝ၌ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အလုံးစုံကို အကုန်တတ်မြောက်ခဲ့သည်သာမက ရာဇဝင်၊ နီတိ၊ ကဝိဥစ္စာ ကဗျာအတတ် စသော ပညာရပ် အသီးသီးတို့၌လည်း ပွန်းတီးတတ်မြောက်တော်မူလေရကား လယ်တီတိုက်ကြီးအတွင်း၌ (ရဟန်း ၃ ဝါမပြည့်မီကပင်)စာချ ပုဂ္ဂိုလ်အဖြစ်သို့ ဆိုက်ရောက်တော်မူခဲ့လေ၏။ စာဆိုကဝိ ပညာရှိတပါး အဖြစ်ဖြင့်၎င်း တရားဟော (ဓမ္မကထိက) ပုဂ္ဂိုလ်တပါးအဖြစ်ဖြင့်၎င်း ထင်ရှားကျော်စောတော်မူလေ၏။

ရဟန်း ၃ ဝါ ရသောအခါ ရန်ကုန်မြို့ ပုဇွန်တောင်ရပ်နေ ဆရာလွန်းအမည်ရှိသောပုဂ္ဂိုလ်က မကျဉ်းလွန်း မကျယ်လွန်း ပါဠိမြန်မာ အဘိဓာန်ကျမ်းတစောင် ပြုစုပါရန် တောင်းပန်လျှောက်ထားချက်ကို လက်ခံကာ အဘိဓာန်ပြုစုရာဝယ် သာသနောပကာရ ဘာသာဖြစ်သည့် သင်္သကရိုက်ဘာသာကို တတ်မြောက်မှသာလျှင် ပိုမိုပြည့်စုံအောင် စွမ်းဆောင်နိုင်လိမ့်မည် ဖြစ်ကြောင်းကို ယုံကြည်သည့်အတိုင်း မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးထံသို့ သွားကာ သင်္သကရိုက်ဘာသာ စာပေများကို သင်ကြားလေ့လာတော်မူလေ၏။

ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက အရှင်ပဏ္ဍိတအား လယ်တီတိုက်မှလာသူဖြစ်သောကြောင့်၎င်း၊ လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သောကြောင့်၎င်း၊ လယ်တီပဏ္ဍိတဟူ၍ ခေါ်ဝေါ်တော်မူလေရာ ထိုအခါမှစ၍ "လယ်တီပဏ္ဍိတ" ဟု တွင်ခဲ့လေသည်။

လယ်တီ ပဏ္ဍိတသည် ရဟန်း ၅ ဝါအရ (အသက် ၂၄ နှစ်အရွယ်) ကပင် ပါဠိစာပေ၊ သင်္သကရိုက်စာပေ နှစ်ထွေသိမြင် ပညာရှင်တဦး အဖြစ်သို့ ဆိုက်ရောက်ခဲ့သည့်အတိုင်း ပစ္စယမဉ္ဇူရီ၊ ဝိထိမဉ္ဇူရီ၊ ဤယခု-ပရမတ္ထသံခိပ်ဋီကာ၊ ပါဠိအဘိ-ဓာန် စသောကျမ်းတို့ကို ရေးသားပြုစုခဲ့လေသည်။

အသက် ၃၀ (ရဟန်းဝါ ၉-ဝါအရ)တွင် [၁] ရဟန်းအဖြစ်မှ လူ့ဘောင်သို့ ဆင်းသက်လာပြီးနောက် ပျဉ်းမနားမြို့ ဦးအောင်ဒွန်း ဒေါ်ငြိမ်းတို့၏ သမီး

---

၁။ ရဟန်း ၇-ဝါအရတွင်ဟုလည်း အမှတ်အသား တွေ့ရသည်။

မမကြီးနှင့် အကြောင်းပါခဲ့လေသည်။ ထိုအခါမှစ၍ (လယ်တီပဏ္ဍိတ) ဆရာဦးမောင်ကြီးဟု စတင် ထင်ရှားခဲ့လေသည်။

ဦးမောင်ကြီးသည် ပျဉ်းမနားမြို့တွင် သုံးနှစ်ခန့်၊ မန္တလေးမြို့တွင် တနှစ်ခန့် နေပြီးနောက် (ခရစ် ၁၉၁၁-ခုနှစ်ခန့်တွင်) ရန်ကုန်မြို့သို့ ရောက်လာခဲ့လေသည်။

ရန်ကုန်မြို့သို့ ရောက်လာပြီးနောက် ပထမဆုံးအကြိမ် ဦးရွှေကြူးထုတ်သော မြန်မာ့အလင်းမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်လေသည်။ ထိုအခါက မြန်မာ့အလင်းမဂ္ဂဇင်းတွင် မောင်သောကဝတ္ထု၊ သကုဏ္ဍလဝတ္ထုနှင့် ခင်မြင့်ကြီး ဝတ္ထုတို့ကို ရေးလေသည်။

ထို့ပြင် ကမ္ဘာ့ကျော် ရှိတ်စပီးယားဝတ္ထုများကို ဦးရွှေကြူးက အင်္ဂလိပ် ဘာသာမှ မြန်မာဘာသာပြန်လျက် ဖတ်ပြသည်ကို ဆရာဦးမောင်ကြီးက လိုက်လံမှတ်သားကာ မြန်မာလူမျိုးတို့အတွက် ဆီလျော်အောင် ရေးသားခဲ့လေသည်။

၎င်းတွင် ခင်မြင့်ကြီးဝတ္ထုစသည်တို့ကို မန္တလေး မောင်ခင်မောင်ဟူသော အမည်ဖြင့် ရေးသားလေသည်။ ဆရာဦးမောင်ကြီးသည် မိမိ၏ ဘဝတစိပ် တဒေသကို ဖြည့်စွက်မွမ်းမံကာ ၎င်းခင်မြင့်ကြီးဝတ္ထုကို ရေးသားခြင်း ဖြစ်မည်ဟု အချို့ပုဂ္ဂိုလ်များက ထင်မြင်ချက် ပေးကြလေသည်။ ထိုသို့ ထင်မြင်ချက်ပေးမည် ဆိုက ပေးစရာအကြောင်းများ ရှိနေပုံကိုလည်း တွေ့ရပေသည်။ယင်းတို့ကား....

(၁) ဆရာဦးမောင်ကြီး၏ မိခင်မှာ ပဉ္စမသံဂါယနာတင် မင်းတုန်းမင်း၏ နန်းတော်အတွင်း စာတော်ဖတ် ဒေါ်ထပ်(ကြီး)ဖြစ်၏။

ခင်မြင့်ကြီးဝတ္ထု၌ ဇာတ်လိုက် မောင်သန်းညွန့်၏ မိခင်မှာ ပဉ္စမ သံဂါယနာတင် မင်းတုန်းမင်း၏ နန်းတော်အတွင်း၌ စာတော်ဖတ် ခင်ခင် ဖြစ်၏။

(၂) ဆရာဦးမောင်ကြီး၏ ငယ်မည်မှာ မောင်သန့်စင် (ဟု သောကြာနံနှင့် စသောအမည်) ဖြစ်၏။

ခင်မြင့်ကြီးဝတ္ထု၏ ဇာတ်လိုက်အမည်မှာလည်း မောင်သန်းညွန့် ဖြစ်၏။

(၃) ဆရာဦးမောင်ကြီး၏ ပဌမဇနီးမှာ ဒေါ်မမကြီး ဖြစ်၏။

ခင်မြင့်ကြီးဝတ္ထု၌ ဇာတ်လိုက် မောင်သန်းညွန့်၏ ချစ်သူမှာလည်း ခင်မြင့်ကြီး ဖြစ်၏။

(၄) ဒေါ်မမကြီးမှာ ပျဉ်းမနားသူ ဖြစ်၏။

ခင်မြင့်ကြီးမှာ ပျဉ်းမနားနှင့် မဝေးသော တောင်ငူမှ ဖြစ်၏။

မြန်မာ့အလင်းမဂ္ဂဇင်း ပျက်စီးသွားသောအခါ ဆရာဦးမောင်ကြီးသည် ပညာ့အလင်းမဂ္ဂဇင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ပြန်လေ၏၊ ထိုမဂ္ဂဇင်း၌ သန်းသန်းဝတ္ထုနှင့် အခြားဝတ္ထုတိုများကို ရေးသားလေသည်။

ဆရာဦးမောင်ကြီးသည် ပညာ့အလင်းမဂ္ဂဇင်းသို့ ရောက်ပြီးနောက် စိတ်ပျက်ဖွယ် အကြောင်းများနှင့် တွေ့ကြုံရသောကြောင့် မုံရွာမြို့သို့ ပြန်သွားကာ နေထိုင်ပြန်လေသည်။

ခရစ် ၁၉၂၃-ခုတွင် ဒဂုန်မဂ္ဂဇင်းမှ ခေါ်ယူပြန်သောကြောင့် ထိုနှစ်မှစ၍ ဒဂုန်မဂ္ဂဇင်းတိုက်တွင် အယ်ဒီတာအဖြစ် လုပ်ကိုင်ဆောင်ရွက်လေသည်။ ဆယ်နှစ်ခန့်ကြာမျှ အုပ်ချုပ်လုပ်ကိုင်လေရာ မြန်မာနိုင်ငံတွင် ထင်ရှားကျော်စောသော စာပေဘဏ်တိုက်သဖွယ် အထက်တန်းကျလှသည့် မဂ္ဂဇင်းကြီး တစောင်ဖြစ်ခဲ့လေသည်။

ဆရာဦးမောင်ကြီး၏ ပဌမဇနီးမှ သားယောကျ်ား တဦး (ဦးတင်ဦး)ကို ဖွားမြင်လေသည်၊ ပဌမဇနီး ကွယ်လွန်ပြီးနောက် အကြောင်းပါသော ဒုတိယဇနီး (ဒေါ်ဧ)မှ သမီး ဒေါ်တင်ဥ ကို ဖွားမြင်လေသည်။

ဆရာဦးမောင်ကြီးသည် လောကီ လောကုတ္တရာ ကျမ်းဂန်စာပေများစွာတို့ကို ရေးသားပြုစုသူ ဖြစ်သောကြောင့် ခရစ် ၁၉၃၄-ခုနှစ်တွင် ၎င်းအား ရန်ကုန်တက္ကသိုလ်မှ M.A. (မဟာဝိဇ္ဇာ)ဘွဲ့ဖြင့် ချီးမြှင့်ခဲ့လေသည်။

ဤသို့ စာပေရေးသားမှုများကိုသာမက ထိုအခါက နိုင်ငံနှင့် အမျိုးအတွက် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ဆောင်ရွက်လျက်ရှိသော တို့ဗမာအစည်းအရုံးကြီး၏ နာယက သခင်ကိုယ်တော်မှိုင်းနှင့် တွဲဖက်ကာ သခင်လူငယ်များကို ထိထိရောက်ရောက် ကူညီခဲ့လေသေးသည်။ မကွယ်လွန်မီကလေးတွင် တို့ဗမာအစည်းအရုံးဝင် (သခင် ဦးမောင်ကြီး)အဖြစ် ခံယူခဲ့လေသည်။

၁၃၀၁-ခု နယုန်လဆန်း ၆-ရက်နေ့ (အသက် ၆၁-နှစ်)တွင် မုံရွာမြို့၌ ကွယ်လွန်အနိစ္စရောက်လေသည်။

ဆရာဦးမောင်ကြီးသည် ကျမ်းဂန်စာအုပ်ပေါင်း ၁၀-ကျော်မျှ ပြုစုခဲ့သည်ဟုဆိုပေရာ ထိုကျမ်းဂန်စာအုပ်တို့တွင် ပါဠိအဘိဓာန်ချုပ်၊ ပါဠိစာရေးသင်၊ ပါဠိစကားသင် စသည်တို့ကို ကြည့်ပါက ပါဠိဆရာကြီး (ပါဠိတတ် ပညာရှင်ကြီး) တဦးဖြစ်ကြောင်း ထင်ရှားသည်။

စာဏကျနီတိ၊ သကုဏ္ဏလဝတ္ထုစသည်တို့ကို ကြည့်ပါက သက္ကတဘာသာတတ် (သက္ကတပညာရှင်ကြီး) တဦးဖြစ်ကြောင်း ထင်ရှားသည်။

ဝိထိမဥ္ဇရီ၊ ပစ္စယမဥ္ဇရီ၊ ပရမတ္ထသံခိပ်ဋီကာ၊ ယမိုက်အဖြေကျမ်းကြီး၊ ပဋ္ဌာန်း အမေးအဖြေစသည်တို့ကို ကြည့်ပါက ဗုဒ္ဓဘာသာ အဘိဓမ္မာဆရာကြီးတဦး ဖြစ်ကြောင်း ထင်ရှားသည်။

သဒ္ဒမဥ္ဇရီစသော ကျမ်းဂန်များနှင့် အခြားသဒ္ဒါအဆုံးအဖြတ်များကို ကြည့် ပါက ပါဠိသဒ္ဒါဆရာကြီး တဦးဖြစ်ကြောင်း ထင်ရှားသည်။

နီတိမာလာ၊ နီတိမဥ္ဇရီ၊ သူရဿတီနီတိ စသည်တို့ကို ကြည့်ပါက ထိပ်တန်း နီတိဆရာကြီး တဦးဖြစ်ကြောင်း ထင်ရှားလေသည်။

ဝေဿန္တရာဂီတိ၊ ကုသဂီတိ၊ ဘဂဝါဂီတိ စသည်တို့ကို ကြည့်ပါက ထိပ်တန်း ပါဠိကဗျာဆရာကြီးတဦးကဲ့သို့ ဖြစ်ကြောင်း ထင်ရှားသည့်ပြင်၊ ၎င်း၏ အခြား မြန်မာကဗျာများကို ကြည့်ပါက ထိပ်တန်းမြန်မာကဗျာဆရာကြီး တဦးဖြစ် ကြောင်း ထင်ရှားသည်။

ဒေသနာမဥ္ဇရီ၊ သာဓုသုန္ဒရီ၊ သောတမာလာ၊ဓမ္မစကြာအမေးအဖြေ စသည် တို့ကို ကြည့်ပါက (ဗုဒ္ဓဘာသာ) ဓမ္မကထိကပုဂ္ဂိုလ်ကြီး တဦးဖြစ်သည့်ပြင် ယပ်လှဲရေးဆရာကြီးတဦး ဖြစ်ကြောင်း ထင်ရှားသည်။

ထေရာဘာသာပြန်၊ ထေရီဘာသာပြန် စသည်တို့ကို ကြည့်ပါက ပါဠိ (တိပိဋက) မြန်မာပြန် ဆရာကြီးတဦးဖြစ်ကြောင်း ထင်ရှားသည်။

ရာဇဝင်သံခိပ်၊ တပင်ရွှေထီး စသည်တို့ကို ကြည့်ပါက(မြန်မာ)ရာဇဝင် ဆရာကြီး တဦးဖြစ်ကြောင်း ထင်ရှားသည်။

တပင်ရွှေထီး၊ နတ်သျှင်နောင်၊ ဗညားနွဲ့စသည့် ရာဇဝင်ဝတ္ထုတို့ကို ကြည့်ပါက ရာဇဝင်ဝတ္ထုရေးဆရာကြီး တဦးဖြစ်ကြောင်း ထင်ရှားသည်။

ခင်မြင့်ကြီး၊တင်တင်မြ၊ သန်းသန်း၊ ရွှေပြည်ကြီး စသည်တို့ကို ကြည့်ပါက ခေတ်ဝတ္ထုရေးဆရာကြီး တဦးဖြစ်ကြောင်း ထင်ရှားသည်။

အချုပ်အားဖြင့် ဆရာဦးမောင်ကြီးသည် ဤဆိုခဲ့သော အချက်အားလုံး တို့နှင့် ကိုက်ညီသည့် [illegible]ဘာသာ မြန်မာပညာရှိကြီး တဦးဖြစ်သည်ဟု ဆိုရ ပေမည်။

ထိုမျှမက မျိုးချစ်စာပေဆရာကြီး တဦးဟူ၍ရင်း၊ သခင်အသင်းဝင် မျိုးချစ် နိုင်ငံရေးပုဂ္ဂိုလ်ကြီး တဦးဟူ၍ရင်း ဆိုရပေဦးမည်။

[ လ ]   လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး

ဤသို့လျှင် မြန်မာနိုင်ငံတွင် စာအရေးသားနိုင်ဆုံး ပုဂ္ဂိုလ်ကြီးတဦးအဖြစ် အသိအမှတ်ပြုကြရသော ဆရာဦးမောင်ကြီးပြုစုခဲ့သည့် ကျမ်းဂန်စာအုပ်ပေါင်း ၄၀၀-ကျော်အနက်မှ ထင်ရှားသည့် ကျမ်းဂန်စာအုပ်အချို့မှာ အောက်ပါအတိုင်း ဖြစ်ပေသတည်း။

### လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးပြုစုခဲ့သည့်ကျမ်းများ

**အဘိဓမ္မာဆိုင်ရာကျမ်းများ**

၁။ ပဋ္ဌာန်းအမေးအဖြေ။

၂။ ပရမတ္ထသံခိပ်အမေးအဖြေ။

၃။ ပရမတ္ထသံခိပ်ဋီကာ-ပဌမ(ၾင်း-ဒု)(ၾင်း-တ)။

၄။ ဝီထိမဉ္ဇရီ။

၅။ ပစ္စယမဉ္ဇရီ။

**သုတ္တန္တဆိုင်ရာကျမ်းများ**

၁။ ထေရဂါထာဘာသာပြန်(ပ-ဒု-တ)။

၂။ မဟာသတိပဋ္ဌာန်မေးဖြေ။

၃။ အနတ္တလက္ခဏာသုတ်မေးဖြေ။

၄။ အနတ္တစက္ကူကျမ်း။

၅။ ဓမ္မစကြာ(၆)စောင်တွဲ။

၆။ ထေရီဘာသာပြန်(ပ-ဒု-တ-စ-ပဥ္စမ)။

၇။ ဓမ္မစကြာအမေးအဖြေ။

၈။ ဝိမာနဝတ္ထုဘာသာပြန်။

**နီတိဆိုင်ရာကျမ်းများ**

၁။ နီတိမဉ္ဇရီ(ပ-ဒု)။

၂။ စာဏကျနီတိ(ပ-ဒု-တ)။

၃။ နီတိမာလာ(ပ-ဒု)။

၄။ သူရဿတီနီတိ(ပ-ဒု)။

၅။ သုတ္တန္တနီတိ။

၆။ တိပိဋကနီတိ(ပ-ဒု-တ)။

**သဒ္ဒါဆိုင်ရာကျမ်းများ။**

၁။ သဒ္ဒမဉ္ဇူရီ။
၂။ သဒ္ဒသံခိပ်အမေးအဖြေ။
၃။ သဒ္ဒမျက်လုံး ဗျာကရဏ်းကျမ်း (ပ-ဒု)။

**ရာဇဝင်ဆိုင်ရာကျမ်းများ။**

၁။ မြန်မာရာဇဝင်သံခိပ်။
၂။ တပင်ရွှေထီး (ပ-ဒု-တ-စ)။
၃။ နတ်သျှင်နောင် (ပ-ဒု-တ)။
၄။ ဗညားဒလ။

**ဝတ္ထုများ။**

၁။ ခင်မြင့်ကြီးဝတ္ထု (ပ-ဒု-တ-စ-ပဉ္စမ)။
၂။ တင်တင်မြဝတ္ထု (ပ-ဒု-တ)
၃။ ရွှေပြည်ကြီးဝတ္ထု (ပ-ဒု)။
၄။ သန်းသန်းဝတ္ထု (ပ-ဒု)။
၅။ မောင်သောကအိမ်မက်ခန်း (ပ-ဒု)။
၆။ သကုန္တလဝတ္ထု (သက္ကတဘာသာပြန်)

**တရားစာများ**

၁။ ဒေသနာမဉ္ဇူရီ (ပ-မှ-မ)။
၂။ သောတမာလာ (၁၂ တွဲ)
၃။ သာစုသုန္ဒရီ (၁၂ တွဲ)။

**ပါဠိဘာသာဆိုင်ရာကျမ်းများ**

၁။ ပါဠိအဘိဓာန်ချုပ်။
၂။ ပါဠိစာရေးသင်။
၃။ ပါဠိစကားသင်။

**ပါဠိကဗျာဆိုင်ရာကျမ်းများ။**

၁။ ဘဂဝါဂီတိ။
၂။ ဝေဿန္တရာဂီတိ (ပ-ဒု-တ)။
၃။ ကုသဂီတိ

**အထွေထွေ**

၁။ အလင်္ကာနိသျ (ချနက်)။
၂။ ဆန်းနိသျ (ချနက်)။
၃။ သာသနသမ္ပတ္တိဒီပနီ။
၄။ သာသနဝိပတ္တိဒီပနီ။
၅။ ဥရောပ ဗုဒ္ဓဘာသာအလင်းပြ။
၆။ သုကုမာရမဂ္ဂဒီပနီအမေးအဖြေ။
၇။ သမ္မာဒိဋ္ဌိဒီပနီ။
၈။ ဝိသုဒ္ဓါရုံထေရုပ္ပတ္တိ။
၉။ လန်ဒန်ပါဠိဒေဝီနိသျ။
၁၀။ လယ်တီဆရာတော်ဘုရား ဘုန်းတော်ဘွဲ့။
၁၁။ ကဗျမဉ္ဇူရီ(လက်ရေးကော်ပီ) (ပ-ဒု)။
၁၂။ မန်လည် ထေရုပ္ပတ္တိ (အကျဉ်း)

[ဤအဋ္ဌုပ္ပတ်ကို ရေးသားရာဘွင် အခြေခံပြုရန် စာပေဗိမာန်အသင်းမှ မြန်မာ့စွယ်စုံကျမ်းအတွက် စုဆောင်းရေးသားထားသည့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးအဋ္ဌုပ္ပတ် လက်ရေးကော်ပီကို ကြည့်ရှုခွင့်ပြုသဖြင့်၎င်း ဆရာကြီး၏ တပည့် ဒဂုန် ဦးစန်းငွေက အချို့အချက်များကို ပြောကြားသဖြင့်၎င်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။]

၎

## ကြီးကြပ်ပြင်ဆင် စိစဉ်သည့် ပုဂ္ဂိုလ်များ

၁။ မဟာပညာဗလ-ပါဠိပါမောက္ခ-ဆရာဉာဏ် (ဗုဒ္ဓသာသနာအဖွဲ့ စာပြင်မှူးချုပ်ဟောင်း)

၂။ ပညာဗလ ဦးဘမို (ပိဋကတ်မြန်မာပြန်ဌာန ဒုတိယအယ်ဒီတာချုပ်ဟောင်း)

၃။ ဝဏ္ဏကျော်ထင်-ဦးသာတင် (ဗုဒ္ဓသာသနာအဖွဲ့ စာပြင်မှူးချုပ်)

၄။ ဦးစိန် (ပိဋကတ်မြန်မာပြန်ဌာန-ဒုတိယအယ်ဒီတာချုပ်)

၅။ ဦးကျော်ထွတ် (ပိဋကတ်မြန်မာပြန်ဌာန စာတည်း)

၆။ ဦးလှမောင် M.A., M.S., B.L. (ဗုဒ္ဓသာသနာအဖွဲ့ စုံစမ်းစစ်ဆေးရေး ကော်မတီ အတွင်းရေးမှူး)

# (မူလ) နိဒါန်း

(၁) အဘိ အတိရေကတ္ထ အဘိဝိသိဋ္ဌတ္ထ တို့ကြောင့် သုဒုဒ္ဒသ သုနိပုဏ သုဂမ္ဘီရ အတက္ကာဝစရ အဘိဝိစိတြကထာ ယထာဓမ္မသာသနာ ပရမတ္ထ-ဒေသနာတော်သည် အဘိဓမ္မာဟူသော အမည်ထူးကို ရပေကြောင်း။

(၂) ထိုအဘိဓမ္မာဒေသနာတော်မြတ်ကို နတ်လူတို့၏ သခင် ဘုန်းခြောက်ပါးရှင် ဘုရားသျှင်သည် ခုနစ်ဝါရ မြောက်တော်မူသောအခါ တာဝတိံသာ နတ်ပြည်ကြီးဝယ် ပင်လယ် ကသစ်ပင် ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက် နတ်ဗြဟ္မာ အပေါင်းတို့အား ဟောကြားတော်မူအပ်ပေကြောင်း။

(၃) ပညာတေဒဂ်ရ ဘုရား့ညာရိုး ပုံနှုန်းတူဘိ သာရိပုတ္တရာ အသျှင်သည် ထိုအဘိဓမ္မာ ဒေသနာတော်မြတ်ကြီးကို မနုဿလူ့ဘုံ၌ လက်မှန်ရေးဦး ပကတူးမဒ္ဒ ပို့ချတီထွင်၍ ဟောကြားတော်မူသည်ကို အစပြုပြီးလျှင် ပထမ သင်္ဂါယနာတင်ပွဲကြီး, ဒုတိယ သင်္ဂါယနာတင်ပွဲကြီး, တတိယ သင်္ဂါယနာတင်ပွဲကြီး, ပေါတ္ထကာရုဠ စတုတ္ထ သင်္ဂါယနာတင်ပွဲကြီး, သေလက္ခရာရုဠ ပဉ္စမ သင်္ဂါယနာတင်ပွဲကြီးများဖြင့် အဆင့်အဆင့် လင်းလင်းပွင့်လျက် ယခုထက်တိုင်ပင် ထိုအဘိဓမ္မာ ဒေသနာတော်မြတ်ကြီးသည် ထွန်းလင်းစည်ကားလျက် ရှိနေကြောင်း။

(၄) ထိုသို့ နက်နဲကျယ်ဝန်းလှစွာသော ဉာဏသာဂရ-ဉာဏသမုဒ္ဒရာ ဝို အဘိဓမ္မာဒေသနာတော်မြတ်ကြီးကို အကျဉ်းချုပ်အားဖြင့် လွယ်လွယ်ကူကူ တတ်သိကြစေရန် ရည်သန် ရိုရင်းတော်မူပြီးလျှင် သီဟိုဠ်ကျွန်း အသျှင်အနုရုဒ္ဓါ မထေရ်သည် “အဘိဓမ္မတ္ထသင်္ဂဟ”မည်သော သင်္ဂြိုဟ်လက်သန်းကျမ်းကို ပါဠိ ဘာသာအားဖြင့် ရေးသားစီရင်တော်မူပေကြောင်း။

(၅) ပါဠိဘာသာ ဂါထာစုဏ္ဏိယတို့ဖြင့် ရေးသားစီရင်တော်မူအပ်သော ထိုအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ပါဠိဘာသာတို့၌ လေ့လာကျွမ်းကျင်ခြင်း မရှိကြကုန်သော မြန်မာလူမျိုးတို့သည် သက်ဝင်သင်ကြားကြရန် အတန်တန်ခဲယဉ်းကြပြန်ကုန်ရကား ထိုသူများအတွက် လွယ်လွယ်ကူကူ သင်ယူတတ်မြောက်ကြစေရန် ထိုသင်္ဂြိုဟ်ကျမ်းကိုပင် မှီငြမ်းပဓာန နိဿယတခုပြု၍ “**ပရမတ္ထသံခိပ်**” မည်သော ကျမ်းကို ငါတို့ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားသည် မြန်မာ ဘာသာ အလင်္ကာတို့ဖြင့် ကောင်းစွာ ချုံးရုံး၍ ရေးသားတော်မူပြန်ပေကြောင်း။

(၆) အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏ အနက်ဆန်းကြယ် အဓိပ္ပါယ်တို့ကို အသွယ်သွယ်သော ပါဠိတော်နည်း, အဋ္ဌကထာနည်းတို့ဖြင့် တန်းဆာဆင်ပြီးလျှင် ကြည်လင်သန့်ရှင်းသော ဗျည်းနေပုဒ်သွား သဒ္ဒါအလားတို့နှင့် ပြည့်စုံသော **ပရမတ္ထဒီပနီ** မည်သော သင်္ဂြိုဟ်မဟာဋီကာ ကျမ်းကြီးကိုလည်း မာဂဓီဘာသာဖြင့် ငါတို့၏ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးပင် ရေးသားတော်မူပေကြောင်း။

(၇) ဤပရမတ္ထဒီပနီ ဋီကာကြီး၌ ပါရှိသော အနက်ဆန်းကြယ် အဓိပ္ပါယ်တို့သည် "ပရမတ္ထသံခိပ်" ကျမ်း၏ အဖွင့်ဋီကာကို ရေးသားရန် အသင့်စုဆောင်းပြီးရှိနေသော အဓိပ္ပါယ်နက် သဘောအချက်တို့ ဖြစ်ပေကြောင်း။

(၈) ပါဠိဘာသာ၌ လေ့လာကျွမ်းကျင်ခြင်း မရှိကုန်သော အတ္တမာမက ပုဂ္ဂိုလ်တို့သည် ထိုပရမတ္ထဒီပနီဋီကာကြီး၏ အနက်အဓိပ္ပါယ်တို့ကို အလွယ်တကူ သိရှိကြရန် မြန်မာဘာသာ သက်သက်ဖြင့် ချောမြေသန့်ရှင်းစွာ ရေးသားရန် အတန်တန် တိုက်တွန်းသည်သာမက ပရမတ္ထသံခိပ်ကျမ်း၏ အဖွင့်ဋီကာကို ရေးသားရန်လည်း တောင်းပန်တိုက်တွန်းကြကြောင်း။

(၉) ထို့ကြောင့် "တချက်ခုတ် နှစ်ချက်ပြတ်" ဆိုသော "အမ္ဗသေစန ဂရုနှာပန" နည်းကဲ့သို့ ပရမတ္ထဒီပနီဋီကာကြီး၏ မြန်မာသက်သက် အဓိပ္ပါယ်ပြန်ချက်လည်း ဖြစ်လေအောင် ပရမတ္ထသံခိပ်ကျမ်း၏ အဖွင့်ဋီကာလည်း ဖြစ်လေအောင် ဖော်ပြလတ္တံ့သော ကျမ်းကို ရေးသားရသည် ဖြစ်ကြောင်း။

(၁၀) ဤကျမ်းသည် ပရမတ္ထဒီပနီဋီကာကြီး၏ အနက်အဓိပ္ပါယ်တို့ကို မြန်မာဘာသာသက်သက်ဖြင့် ရေးသားအပ်သောကြောင့် **မြန်မာပရမတ္ထဒီပနီ** လည်းမည်၏။ ပရမတ္ထသံခိပ်ကျမ်းကို ပဓာနထား၍ ဖွင့်ပြသောကြောင့် **ပရမတ္ထသံခိပ်ဋီကာ** လည်းမည်၏။ အဘိဓမ္မာ၏ သဘောအချက် အနက်အဓိပ္ပါယ်တို့ကို ပန်းခိုင်ပုံနှုန်း စုရုံးကုံးသီ၍ ပြရာဖြစ်သောကြောင့် "**အဘိဓမ္မတ္ထမဉ္ဇရီ**" ကျမ်းလည်းမည်ကြောင်း။

(၁၁) ဤကျမ်း၌ ပါရှိသော အနက်အဓိပ္ပါယ်တို့သည် ငါတို့၏ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ပရမတ္ထဒီပနီ ဋီကာကြီး၏ အနက်အဓိပ္ပါယ်များဖြစ်ကြောင်း။

(၁၂) ဤကျမ်းကို ကြည့်ရှုကြကုန်သော သူတို့သည် ပရမတ္ထဒီပနီ ဋီကာကြီး၏ အနက်အဓိပ္ပါယ်များကို သိရှိသည့်ပြင် ပရမတ္ထသံခိပ်ကျမ်း၏ ဝိတ္ထာရ အနက် သဘောအချက်တို့ကို ပြက်ပြက်ထင်ထင် သိမြင်နိုင်ကြကုန်လိမ့်မည် ဖြစ်ကြောင်း။

L.D. PANDITA

24-4-08

# ပရမတ္ထသံခိပ်ဋီကာ (ပဌမတွဲ)

## မာတိကာ–အချုပ်


| ဦးရေ | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁။ | နိဒါန်း (အသစ်) | .... | .... | ဣ - ပ |
| ၂။ | လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး အတ္ထုပ္ပတ္တိ | | | ဗ - သ |
| ၃။ | (မူလ)နိဒါန်း | .... | .... | ဟ - ဠ |
| ၄။ | ပရမတ္ထသံခိပ်ဋီကာ၏ အသေးစိတ်မာတိကာ | | | က ငါ |
| ၅။ | ပရမတ္ထသံခိပ်ဋီကာဆရာ၏ ပဏာမ | .... | .... | ၁ - ၃ |
၃။ လောဘနှင့် ယှဉ်သောစိတ်, မယှဉ်သောစိတ်များ .... ၁၇၀

၄။ ဒိဋ္ဌိနှင့် ယှဉ်သောစိတ်, မယှဉ်သောစိတ်များ .... ၁၇၀

၅။ မာနနှင့် ယှဉ်သောစိတ်, မယှဉ်သောစိတ်များ .... ၁၇၀

၆။ ဒိဋ္ဌိနှင့် မာနသည် လောဘမူစိတ်၌သာ ယှဉ်ခြင်း အကြောင်း .... .... .... .... ၁၇၀

၇။ ဒိဋ္ဌိနှင့် မာနတို့၏ 'ခန္ဓာ ၅-ပါးတို့၌ သုံးသပ်ပုံ'မတူကြ၍ တခုသောစိတ်ဥပ္ပါဒ်၌ အတူမယှဉ်ပုံ ၁၇၀၊၁၇၁

၈။ ဒေါသစတုက်လေးပါးတို့နှင့် ယှဉ်သောစိတ်, မယှဉ်သော စိတ်များ .... .... .... .... ၁၇၁

၉။ ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စတို့သည် လောဘမူစိတ်၌ မယှဉ် ဘဲ ဒေါသမူစိတ်၌ ယှဉ်ခြင်းအကြောင်း .... .... ၁၇၁

၁၀။ ထိန, မိဒ္ဓနှင့် ယှဉ်သောစိတ်,မယှဉ်သောစိတ်များ .... ၁၇၂

၁၁။ ထိန, မိဒ္ဓသည် သသင်္ခါရိကစိတ်တို့၌သာ ယှဉ်ခြင်း .... ၁၇၂

၁၂။ ဝိစိကိစ္ဆာနှင့် ယှဉ်သောစိတ်, မယှဉ်သောစိတ်များ .... ၁၇၂

ဦးရေ အကြောင်းအရာ စာမျက်နှာ

၇၄-သောဘနစေတသိက် ၂၅-ပါးတို့၏ သမ္ပယောဂနည်း .... ၁၇၂

၁။ သောဘနသာဓာရဏ စေတသိက် ၁၉-ပါးတို့နှင့် ယှဉ်သောစိတ်, မယှဉ်သောစိတ်များ .... .... ၁၇၂

၂။ ဝိရတိစေတသိက်သုံးပါးတို့နှင့်ယှဉ်သောစိတ်,မယှဉ်သောစိတ်များ .... .... .... .... .... ၁၇၂

၃။ ဝိရတိစေတသိက်တို့သည် လောကီစိတ်တို့၌ ရံခါ ရံခါ အသီးသီးသာ ယှဉ်ပုံ .... .... .... ၁၇၂၊၁၇၃

၄။ ရူပ, အရူပဘုံတို့၌ ဝိရတိမရှိပုံ .... .... .... ၁၇၃

၅။ ဝိရတိစေတသိက်တို့သည် လောကုတ္တရာစိတ်၌ အမြဲ တပေါင်းတည်းယှဉ်ပုံ .... .... .... ၁၇၃၊၁၇၄

၆။ လောကုတ္တရာ ဝိရတိတို့ အာရုံမကွဲပြားပုံ .... .... ၁၇၄

၇။ လောကုတ္တရာ ဝိရတိတို့သည် တပြိုင်နက် တချက်တည်း ဖြင့် ဒုစရိုက်ဟူသမျှကို အကြွင်းမဲ့ပယ်ပုံ .... .... ၁၇၄

၈။ အပ္ပမညာစေတသိက် ၂-ပါးနှင့် ယှဉ်သောစိတ်, မယှဉ်သောစိတ်များ .... .... .... .... ၁၇၄

၉။ ပဉ္စမစျာန်စိတ်တို့၌ အပ္ပမညာဒွေး မယှဉ်ခြင်းအကြောင်း ၁၇၅

၁၀။ အပ္ပမညာဒွေးသည် သောမနဿနှင့်သာ ယှဉ်ထိုက်၏ဟု ဆိုသော ကေစိဝါဒ .... .... .... .... ၁၇၅

၁၁။ ကာမာဝစရ အပ္ပမညာတို့၏ ဥပေက္ခာဝေဒနာနှင့် ယှဉ်နိုင်ပုံ .... .... .... .... .... ၁၇၅

၁၂။ သမထ, ဝိပဿနာဘာဝနာစိတ်တို့သည် အားထုတ်စဉ် ဥပေက္ခာအဖြစ်များပုံ .... .... .... ၁၇၅၊၁၇၆

၁၃။ ပကတိအခါ၌ ကရုဏာနှင့် မုဒိတာတို့ဖြစ်ပုံ.... .... ၁၇၆

၁၄။ ကရုဏာနှင့် မုဒိတာတို့သည် ဆိုင်ရာအာရုံနှင့် တွေ့ကြုံမှသာ ဖြစ်ပေါ်ပုံ .... .... .... .... ၁၇၇

၁၅။ ပညိန္ဒြေစေတသိက်နှင့် ယှဉ်သောစိတ်, မယှဉ်သောစိတ်များ .... .... .... .... .... ၁၇၇

၁၆။ မဟဂ္ဂုတ်စျာန်တို့သည် အမြဲ ဉာဏသမ္ပယုတ်ဖြစ်ခြင်း အကြောင်း .... .... .... .... ၁၇၇

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

**သင်္ဂဟနည်း၃၃-ပါး**


**၇၅-အကုသိုလ်စိတ်၌ သင်္ဂဟနည်း ၇-ပါး .... .... .... ၁၇၈၊၁၈၀**

၁။ လောဘမူပထမအသင်္ခါရိကစိတ်၌ ယှဉ်သော စေတသိက်များ .... .... .... .... .... ၁၇၈

၂။ လောဘမူ ဒုတိယ အသင်္ခါရိက စိတ်၌ ယှဉ်သော စေတသိက်များ .... .... .... .... ၁၇၈

၃။ လောဘမူတတိယအသင်္ခါရိကစိတ်နှင့် စတုတ္ထအသင်္ခါရိက စိတ်တို့၌ ယှဉ်သော စေတသိက်များ .... .... ၁၇၉

၄။ လောဘမူ သသင်္ခါရိက စိတ်လေးခုတို့၌ ယှဉ်သော စေတသိက်များ .... .... .... .... ၁၇၉

၅။ ဒေါသမူ အသင်္ခါရိကစိတ်၌ ယှဉ်သော စေတသိက်များ ၁၇၉

၆။ ဒေါသမူ သသင်္ခါရိကစိတ်၌ ယှဉ်သော စေတသိက်များ ၁၇၉

၇။ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌ ယှဉ်သော စေတသိက်များ ၁၇၉

၈။ ဥဒ္ဓစ္စသမ္ပယုတ်စိတ်၌ ယှဉ်သော စေတသိက်များ .... ၁၈၀

**၇၆-အဟိတ်စိတ်၌ သင်္ဂဟနည်း ၄-ပါး .... .... .... ၁၈၀၊၁၈၁**

၁။ ဒွေးပဉ္စဝိညာဏ် ၁၀-တို့၌ ယှဉ်သော စေတသိက်များ.... ၁၈၀

၂။ သောမနဿ သန္တီရဏစိတ်၌ ယှဉ်သော စေတသိက်များ ၁၈၀

၃။ မနောဒွါရာဝဇ္ဇန်းစိတ်၌ ယှဉ်သော စေတသိက်များ .... ၁၈၀

၄။ ဟသိတုပ္ပါဒ်စိတ်၌ ယှဉ်သော စေတသိက်များ .... ၁၈၀

၅။ မနောဓာတ်သုံးခု, ဥပေက္ခာသန္တီရဏနှစ်ခုတို့၌ ယှဉ်သော စေတသိက်များ .... .... .... .... ၁၈၁

**၇၇-ကာမာဝစရ သောဘနစိတ်၌ သင်္ဂဟနည်း ၁၂-ပါး**

၁။ မဟာကုသိုလ် ပထမဒွေး၌ ယှဉ်သော စေတသိက်များ.... ၁၈၁

၂။ မဟာကုသိုလ် ဒုတိယဒွေး၌ ယှဉ်သော စေတသိက်များ ၁၈၁

၃။ မဟာကုသိုလ် တတိယဒွေး၌ ယှဉ်သော စေတသိက်များ ၁၈၁

၄။ မဟာကုသိုလ် စတုတ္ထဒွေး၌ ယှဉ်သော စေတသိက်များ ၁၈၁

၅။ မဟာကြိယာစိတ် ရှစ်ခုတို့၌ ယှဉ်သော စေတသိက်များ ၁၈၂

၆။ မဟာကြိယာစိတ်တို့၌ ဝိရတိမယှဉ်ခြင်း အကြောင်း .... ၁၈၂

၇။ မဟာဝိပါက်စိတ်တို့၌ ယှဉ်သော စေတသိက်များ .... ၁၈၂

၈။ မဟာဝိပါက်စိတ်တို့၌ အပ္ပမညာ စေတသိက်များ မယှဉ်ခြင်း အကြောင်း .... .... ၁၈၂

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | မဟာကုသိုလ်နှင့် မဟာဝိပါက်စိတ်တို့ အာရုံမတူပုံ .... | ၁၀၃ |
| ၁၀။ | မဟဂ္ဂုတ်ဝိပါက်တို့သည် ပညတ်ကို အာရုံပြုနိုင်ပုံ ... | ၁၀၃ |
| ၇၈- | မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း ၅-ပါး .... .... | ၁၀၃၊၁၀၄ |
| ၁။ | ပထမဈာန်စိတ်၌ ယှဉ်သော စေတသိက်များ.... .. | ၁၀၃ |
| ၂။ | ဒုတိယဈာန်စိတ်၌ ယှဉ်သော စေတသိက်များ .... | ၁၀၃ |
| ၃။ | တတိယဈာန်စိတ်၌ ယှဉ်သော စေတသိက်များ .... | ၁၀၃ |
| ၄။ | စတုတ္ထဈာန်စိတ်၌ ယှဉ်သော စေတသိက်များ .... | ၁၀၃ |
| ၅။ | ပဉ္စမဈာန်စိတ်၌ယှဉ်သော စေတသိက်များ .... .... | ၁၀၃ |
| ၆။ | မဟဂ္ဂုတ်စိတ်တို့၌ ဝိရတိစေတသိက်များ မယှဉ်ခြင်းအကြောင်း .... .... | ၁၀၃ |
| ၇၉- | လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ၅-ပါး .... .... | ၁၀၄ |
| ၁။ | လောကုတ္တရာ ပထမဈာန်စိတ်၌ ယှဉ်သော စေတသိက်များ .... .... | ၁၀၄ |
| ၂။ | လောကုတ္တရာ ဒုတိယဈာန်စိတ်၌ ယှဉ်သော စေတသိက်များ .... .... | ၁၀၄ |
| ၃။ | လောကုတ္တရာ တတိယဈာန်စိတ်၌ ယှဉ်သော စေတသိက်များ .... .... | ၁၀၄ |
| ၄။ | လောကုတ္တရာ စတုတ္ထဈာန်စိတ်၌ ယှဉ်သော စေတသိက်များ .... .... | ၁၀၄ |
| ၅။ | လောကုတ္တရာပဉ္စမဈာန်စိတ်၌ ယှဉ်သော စေတသိက်များ | ၁၀၄ |
| ၆။ | လောကုတ္တရာစိတ်၌ အပ္ပမညာဒွေးမယှဉ်ခြင်းအကြောင်း | ၁၀၄ |
| ၈၀- | နိယတယောဂီနှင့် အနိယတယောဂီစေတသိက်များ.... .... | ၁၀၄၊၁၀၅ |
| ၈၁- | နာနာ(အသီးအသီး)ယှဉ်ပုံနှင့် ကဒါစိ(ရံခါ)ယှဉ်ပုံ ... | ၁၀၅ |
| ၈၂- | စေတသိက်များကို ယှဉ်ရာစိတ်နှင့်အမျှ ပွါးပုံ ... | ၁၀၅ |


စေတသိက်ပိုင်း ပြီး၏

# ၃-ပကိဏ်းပိုင်း ဋီကာ

# အသေးစိတ် မာတိကာ

ဦးရေ　　　　အကြောင်းအရာ　　　　စာမျက်နှာ


(က) ဟေတုသင်္ဂဟ

၁-ဟိတ် ၆-ပါးနှင့် ဟိတ်မည်ပုံ .... .... ၁၈၆

၂-ဟိတ်အပြားကို ဇာတ်, ဘုံ, ပုဂ္ဂိုလ်အားဖြင့် ခွဲပြခြင်း .... ၁၈၆

၃-ဟိတ်တို့သည် ရေသောက်မြစ်နှင့်တူပုံ .... .... ၁၈၆၊၁၈၇

၄-မောဟဟိတ်သည် အမြစ်တကာတို့၏ အမြစ်ဖြစ်ပုံ .... .... ၁၈၇

၅-တွေဝေခြင်း'မုယှနကြိယာ'နှင့်ယှဉ်၍ အကုသိုလ်ဖြစ်ရပုံ .... ၁၈၇၊၁၈၈

၆-အဗျာကတဟိတ်များ အကျိုးမပေးပုံ .... .... .... ၁၈၈

၇-ထိုထို စိတ်တို့၏ ဝိသေသ မူလဖြစ်သော
ဟိတ်များကို ပြခြင်း .... .... ၁၈၈၊၁၈၉

၈-သဟိတ်စိတ္တဇရုပ်တို့သည် ဟေတုပစ္စယုပ္ပန်၌ ပါဝင်ပုံ .... ၁၈၉

၉-အဟိတ်စိတ်, ဧကဟိတ်စိတ် စသည်တို့၏ သရုပ်များ .... ၁၈၉

၁၀-ဧကဟိတ် စေတသိက်, ဒွိဟိတ် စေတသိက်
စသည်တို့၏ သရုပ်များ .... .... ၁၉၀

(ခ) ကိစ္စသင်္ဂဟ

၁၁-ကိစ္စ ၁၄-ပါး .... .... ၁၉၁

၁။ ပဋိသန္ဓိကိစ္စ .... .... ၁၉၁

၂။ ဘဝင်္ဂကိစ္စ .... .... ၁၉၁

(ဘဝင်္ဂကိုမပျက်စီးအောင်စောင့်ထိန်းထားသော တရား
သုံးပါး)။

၃။ အာဝဇ္ဇနကိစ္စ .... .... ၁၉၂

၄-၈။ ပဉ္စဝိညာဏကိစ္စများ .... .... ၁၉၂

၉။ သမ္ပဋိစ္ဆနကိစ္စ .... .... ၁၉၃

၁၀။ သန္တီရဏကိစ္စ .... .... ၁၉၃

၁၁။ ဝေါဋ္ဌဗ္ဗနကိစ္စ .... .... ၁၉၃

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၂။ ဇနကိစ္စ (ဇောစိတ်တို့အရှိန်အဟုန်ပြင်းထန်ပုံ) .... ၁၉၃၊၁၉၄
၁၃။ တဒါရမ္မဏကိစ္စ .... .... ၁၉၄
၁၄။ စုတိကိစ္စ .... .... ၁၉၄

၁၂-ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော စိတ် ၁၉ ပါး .... ၁၉၄

၁၃-သောမနဿ သန္တီရဏစိတ်သည် ပဋိသန္ဓေကိစ္စ မတပ်နိုင်ခြင်းအကြောင်း .... .... ၁၉၄

၁၄-အာဝဇ္ဇန်းကိစ္စတပ်သော စိတ် ၂-ပါး .... .... ၁၉၅

၁၅-ပဉ္စဝိညာဏ်ကိစ္စတပ်သောစိတ်များ .... .... ၁၉၅

၁၆-သမ္ပဋိစ္ဆိုန်းကိစ္စ, သန္တီရဏကိစ္စတပ်သော စိတ်များ .... .... ၁၉၅

၁၇-ဝုဋ္ဌောကိစ္စတပ်သောစိတ်တပါး .... .... ၁၉၅

၁၈-ဇောကိစ္စတပ်သော စိတ် ၅၅ ပါး .... .... ၁၉၅

၁။ မနောဒွါရာဝဇ္ဇန်းစိတ်သည် နှစ်ကြိမ်,သုံးကြိမ်ဖြစ်လျက် ဇောကိစ္စမတပ်ခြင်းအကြောင်း .... ၁၉၅
၂။ ဖိုလ်စိတ်များသည် ဝိပါက်ဖြစ်လျက် ဇောကိစ္စတပ်နိုင်ခြင်းအကြောင်း .... .... ၁၉၅

၁၉-တဒါရုံကိစ္စတပ်သော စိတ် ၁၁-ပါး .... .... ၁၉၅၊၁၉၆

၂၀-ကိစ္စတူအားဖြင့် စိတ်တို့ကို ပေါင်း၍ပြခြင်း .... .... ၁၉၆၊၁၉၇
၁။ ကိစ္စတခုတပ်သော စိတ် ၆၈-ပါး .... .. ၁၉၇
၂။ ကိစ္စ ၂-ခုတပ်သော စိတ် ၂-ပါး .... .... ၁၉၇
၃။ ကိစ္စ ၃-ခုတပ်သော စိတ် ၉-ပါး .... .... ၁၉၇
၄။ ကိစ္စ ၄-ခုတပ်သော စိတ် ၈-ပါး .... .... ၁၉၇
၅။ ကိစ္စ ၅-ခုတပ်သော စိတ် ၂-ပါး .... .... ၁၉၇

၂၁-စေတသိက် ၅၂-ပါးကို ကိစ္စအားဖြင့် ခွဲပြခြင်း .... .... ၁၉၇၊၁၉၈

၂၂-ဌာနမည်ပုံနှင့် ဌာန ၁၀-ပါး .... .... ၁၉၈

၂၃-အကျယ်အားဖြင့် ဌာန ၂၅-ပါးကို ရေတွက်ပြခြင်း .... ၁၉၈၊၁၉၉

၂၄-ကိစ္စနှင့် ဌာနအထူး .... .... ၂၀၀

| ပိုဒ်ရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **(ဂ) ဒွါရသင်္ဂဟ** | |
| ၂၅ | ဒွါရမည်ပုံနှင့် ဒွါရ ၆-ပါး | ၂၀၀ |
| ၂၆ | အာကာသဒွါရနှင့် မဏ္ဍဒွါရ .... .... | ၂၀၀၊၂၀၁ |
| ၂၇ | ရုပ်ဒွါရနှင့် နာမ်ဒွါရ .... .... | ၂၀၁ |
| ၂၈ | စက္ခုစသည်တို့ကို ဒွါရဟု ဆိုရပုံ .... .... | ၂၀၁၊၂၀၂ |
| ၂၉ | ဘဝင်စိတ်ဟူသမျှကို မနောဒွါရဟု ဆိုရပုံ .... .... | ၂၀၂ |
| ၃၀ | ဘဝင်္ဂုပစ္ဆေဒသာလျှင် မနောဒွါရမည်၏ဟူသော အယူကို ပြေရှင်းချက် .... .... | ၂၀၃၊၂၀၄ |
| ၃၁ | စိတ်တို့ကို ဒွါရအားဖြင့် ဝေဖန်ပြခြင်း .... .... | ၂၀၃၊၂၀၅ |
| | ၁။ စက္ခုစသောဒွါရအသီးအသီး၌ ဖြစ်သောစိတ်များ .... | ၂၀၅ |
| | ၂။ ပဉ္စဒွါရ၌ဖြစ်သောစိတ်များ .... .... | ၂၀၆ |
| | ၃။ ခြောက်ဒွါရလုံး၌ဖြစ်သောစိတ် ၄၁-ပါး .... .... | ၂၀၇ |
| | ၄။ မနောဒွါရ၌သာဖြစ်သောစိတ် ၂၆-ပါး .... .... | ၂၀၇ |
| | ၅။ ဒွါရဝိမုတ်စိတ် ၁၉-ပါး ... .... | ၂၀၇ |
| ၃၂ | ပဉ္စဒွါရ၌ဖြစ်နိုင်သောစိတ် ၅၄-ပါး .... .... | ၂၀၆၊၂၀၇ |
| ၃၃ | မနောဒွါရ၌ ဖြစ်နိုင်သောစိတ် ၆၇-ပါး .... .... | ၂၀၇ |
| ၃၄ | ဒွါရတူအားဖြင့်စိတ်တို့ကို ပေါင်းရှုပြခြင်း .... .... | ၂၀၇ |
| | ၁။ ဧကဒွါရိကစိတ် ၃၆-ပါး .... .... | ၂၀၇ |
| | ၂။ ပဉ္စဒွါရိကစိတ် ၃-ပါး .... .... | ၂၀၇ |
| | ၃။ ဆဒွါရိကစိတ် ၃၁ ပါး .... .... | ၂၀၇ |
| | ၄။ နေဝဒွါရိက နဒွါရ ဝိမုတ္တစိတ် ၁၀-ပါး .... .... | ၂၀၇ |
| | ၅။ ဒွါရဝိမုတ်စိတ် ၉-ပါး .... .... | ၂၀၇ |
| ၃၅ | ဒွါရ ၆-ပါးကို ဘုံအားဖြင့် ဝေဖန်ပြခြင်း .... .... | ၂၀၇၊၂၀၈ |
| | **(ဃ) အာရမ္မဏသင်္ဂဟ** | |
| ၃၆ | အာရုံမည်ပုံနှင့် အာရုံ ၆-ပါး .... .... .... | ၂၀၈ |
| ၃၇ | တနည်းအားဖြင့် "အာလမ္ဗဏ"ဟူ၍လည်းခေါ်ပုံ .... | ၂၀၈၊၂၀၉ |
| ၃၈ | သာမညအာရုံနှင့် အဓိပတိအာရုံ .... .... | ၂၀၉ |
| ၃၉ | အာရုံ ၆-ပါးအရကို ပေါ်ပြခြင်း .. .... | ၂၀၉၊၂၁၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၀- | အာရုံ ၆-ပါးကို ကာလအားဖြင့် ခွဲပြခြင်း .... .... | ၂၁၀၊ ၂၁၁ |
| ၄၁- | နိဗ္ဗာန်နှင့် ပညတ်တို့သည် ကာလဝိမုတ်ဖြစ်ပုံ .... .... | ၂၁၁ |
| ၄၂- | ပစ္စုပ္ပန်ကေန်, ရုပ်ကေန် တရားသက်သက်ကို အာရုံပြုသောစိတ် ၁၃-ပါး .... .... .... | ၂၁၁၊ ၂၁၂ |
| ၄၃- | ပစ္စုပ္ပန်ရုပ်တရားတို့ကို အနေကန်အားဖြင့် အာရုံပြုသောစိတ်၅၄-ပါး .... .... .... .... | ၂၁၂၊ ၂၁၃ |
| ၄၄- | အနေကန်အားဖြင့် ကာလသုံးပါး အာရုံ ၆-ပါးကို အာရုံပြုသောစိတ် ၆၇-ပါး .... .... .... | ၂၁၃ |
| ၄၅- | ကာမတရားကို ကေန်အာရုံပြုသောစိတ် ၂၅-ပါး .... | ၂၁၃ |
| ၄၆- | အာရုံ ၄-မျိုးကို ခွဲခြားချက် .... .... .... | ၂၁၃၊ ၂၁၄ |
| ၄၇- | လောကုတ္တရာတရား ၉-ပါးကြဉ်၍ တေကာလိက, ကာလဝိမုတ် အာရုံအားလုံးကို အာရုံပြုနိုင်သောစိတ် ၂၀ .... .... | ၂၁၄၊ ၂၁၅ |
| ၄၈- | အရဟတ္တမဂ်နှင့်အရဟတ္တဖိုလ်ကြဉ်၍ ကြွင်းသော အာရုံ အလုံးစုံကို အာရုံပြုနိုင်သောစိတ် ၅ ပါး .... . . | ၂၁၅ |
| | ၁။ အရိယာ ပုဂ္ဂိုလ်တို့သည် မိမိတို့ ရပြီးသော မဂ်ဖိုလ် တို့ကိုသာ အာရုံပြုနိုင်ပုံ .... .... .... | ၂၁၆ |
| | ၂။ မရောက်သေးသူတို့သည် ဈာန်ကို အာရုံမပြုနိုင်ပုံ .... | ၂၁၆ |
| ၄၉- | အာရုံဟူသမျှကို အာရုံပြုနိုင်သောစိတ် ၆ ပါး .... .... | ၂၁၇ |
| ၅၀- | ပညတ်ကို ကေန်အာရုံပြုသောစိတ် ၂၁ ပါး .... . . | ၂၁၇ |
| ၅၁- | မဟဂ္ဂုတ်ကို ကေန်အာရုံပြုသောစိတ် ၆-ပါး .... .... | ၂၁၈ |
| ၅၂- | နိဗ္ဗာန်ကို အမြဲအာရုံပြုသောစိတ်ရှစ်ပါး ... .... | ၂၁၉ |
| ၅၃- | ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို အာရုံပြုသောစိတ် ၁၉-ပါ .... | ၂၁၉ |
| ၅၄- | ကေန်အာရုံပြုသောစိတ်များ .... .... .... . . | ၂၂၀ |
| | ၁။ ကာမအာရုံကို ကေန်အာရုံပြုသော စိတ် ၂၅-ပါး .. | ၂၂၀ |
| | ၂။ မဟဂ္ဂုတ်အာရုံကို ကေန်အာရုံပြုသောစိတ် ၆-ပါး .... | ၂၂၀ |
| | ၃။ နိဗ္ဗာန်ကို ကေန်အာရုံပြုသောစိတ် ၈-ပါး .... .... | ၂၂၀ |
| | ၄။ ရုပ်ကို ကေန်အာရုံပြုသောစိတ် ၁၃-ပါး .... ... | [illegible] |
| | ၅။ နာမ်ကို ကေန်အာရုံပြုသောစိတ် ၁၃-ပါး .... .... | [illegible] |
| | ၆။ ပညတ်ကို ကေန် အာရုံပြုသောစိတ် ၂၁-ပါး .... ... | [illegible] |
| | ၇။ ပရမတ်ကို ကေန်အာရုံပြုသောစိတ် ၁၉-ပါး .... .... | [illegible] |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | ပစ္စုပ္ပန်ကို ကေန်အာရုံပြုသောစိတ် ၁၃-ပါး .... .... | ၂၂၁ |
| ၈။ | အတိတ်ကို ကေန်အာရုံပြုသောစိတ် ၂၆-ပါး .... .... | ၂၂၁ |
| ၉။ | ကာလဝိမုတ်ကို ကေန် အာရုံပြုသောစိတ် ၂၉-ပါး .... | ၂၂၁ |
| ၁၀။ | အဇ္ဈတ္တအာရုံကို ကေန် အာရုံပြုသောစိတ် ၆-ပါး .... | ၂၂၁ |
| ၁၁။ | ဗဟိဒ္ဓအာရုံကို ကေန်အာရုံပြုသောစိတ် ၂၆-ပါး .... | ၂၂၁ |
| ၁၂။ | ပညာရုံကို ကေန်အာရုံပြုသောစိတ် ၁၃-ပါး .... .... | ၂၂၁ |
| ၁၃။ | ဓမ္မာရုံကို ကေန် အာရုံပြုသောစိတ် ၃၅-ပါး .... .... | ၂၂၁ |
| ၁၄။ | တပါးကေန်, နှစ်ပါးကေန်စသည်အာရုံပြုသောစိတ်များ .... | ၂၂၁၊၂၂၂ |

၅၅-အနေကန် အာရုံပြုသည့်စိတ်များ .... .... ၂၂၂၊၂၂၃

၅၆-သာမညအာရုံနှင့် အဓိပတိအာရုံကို ခွဲပြခြင်း .... ၂၂၃

၅၇-သာမညအာရုံပြုသော စိတ္တုပ္ပါဒ်နှင့် လေးလေးမြတ်မြတ် အာရုံပြုသော စိတ္တုပ္ပါဒ်တို့ကို ခွဲပြခြင်း .... .... ၂၂၃

၅၈-စေတသိက် ၅၂-ပါးတို့၏ အာရုံကိုပြခြင်း .... .... ၂၂၃၊၂၂၄


## (င) ဝတ္ထုသင်္ဂဟ


၅၉-ဝတ္ထုမည်ပုံနှင့် ဝတ္ထုရုပ် ၆-ပါး .... .... ၂၂၄၊၂၂၅

၆၀-ကာမဘုံ၌ ဝတ္ထုရုပ် ၆-ပါးစလုံး ရနိုင်ပုံ .... .... ၂၂၅

၆၁-ရူပဗြဟ္မာ့ဘုံ၌ ဝတ္ထုရုပ် သုံးပါးရပုံ .... .... ၂၂၆

၁။ ရူပဗြဟ္မာတို့အား စက္ခု,သောတတို့ရှိခြင်းအကြောင်း.... ၂၂၆

၂။ ဃာန, ဇိဝှါ, ကာယတို့သည် ရူပဗြဟ္မာတို့နှင့် မလျော်ပုံ ၂၂၆

၆၂-အရူပဗြဟ္မာ့ဘုံ၌ ဝတ္ထုရုပ် မရခြင်းအကြောင်း .... .... ၂၂၅၊၂၂၆

၆၃-ပဉ္စဝတ္ထုကို အမြဲမှီသောစိတ်များ .... .... ၂၂၇

၆၄-ဟဒယဝတ္ထုကို အမြဲမှီသောစိတ်များ .... .... ၂၂၇၊၂၂၈

၁။ ဒေါသမူဒွေးတို့ ဗြဟ္မာ့ဘုံ၌ မဖြစ်နိုင်ခြင်းအကြောင်း ၂၂၈

၂။ အရူပဘုံ၌ ဟသိတုပ္ပါဒ်စိတ် မဖြစ်ခြင်းအကြောင်း . ၂၂၈

၃။ ရူပါဝစရစိတ်တို့ အရူပဘုံ၌ မဖြစ်ခြင်းအကြောင်း .... ၂၂၈

၄။ အရူပဘုံ၌ သောတာပတ္တိမဂ်စိတ် မဖြစ်ခြင်းအကြောင်း ၂၂၈

၆၅-ဟဒယဝတ္ထုကို ရံခါသာ မှီသောစိတ်များ .... .... ၂၂၈၊၂၂၉

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၆-ဝတ္ထုရုပ်ကို လုံးဝမမှီသောစိတ်များ | .... .... | ၂၂၉ |
| ၆၇-ဝတ္ထုရုပ်ကို အမြဲမှီသောစိတ်နှင့် ရံခါမှီသောစိတ်များ | | ၂၂၉ |
| ၆၈-နာမ်ဓာတ် ၇-ပါး | .... .... | ၂၂၉ |
| ၆၉-ဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ် သုံးပါးတို့၏ထူးခြားပုံ | .... .... | ၂၂၉၊၂၃၀ |
| ၇၀-ပဉ္စဝေါကာရစသည့် ဘုံ ၃-မျိုးနှင့် ထိုဘုံတို့၌ ရနိုင်သည့် နာမ်ဓာတ်များ | .... .... | ၂၃၁ |

ပကိဏ်းပိုင်း ပြီး၏။

# ၄-ဝီထိပိုင်း ဋီကာ

# အသေးစိတ် မာတိကာ

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

## အသေးစိတ် မာတိကာ


၁-စိတ်သက်နှင့် ရုပ်သက်များကို ခွဲပြခြင်း .... .... ၂၃၂၊၂၃၇

၁။ ခဏငယ်သုံးချက်နှင့် စိတ္တက္ခဏ တခု .... .... ၂၃၂၊၂၃၃

၂။ လျှပ်တပြက်အတွင်း၌ စိတ္တက္ခဏပေါင်း ကုဋေတသိန်းမက ဖြစ်နိုင်ပုံ .... .... ၂၃၃

၃။ စိတ်၌ ဌီခဏမရှိဟု မိန့်ဆိုသော မူလဋီကာ၏ ဝါဒကို ပြဆိုခြင်း .... .... ၂၃၄၊၂၃၅

၄။ မူလဋီကာဆရာ၏ ဝါဒသည် ပါဠိတော်များနှင့် ညီညွတ်ပုံ ၂၃၅

၅။ နာမ်တရားတို့၏ ဇရာသဘောကို ဌီဟုခေါ် ဆိုသင့်ပုံ ... ၂၃၅

၆။ ရုပ်တရားများသည် စိတ္တက္ခဏတဆဲ့ခုနစ်ချက် အသက်ရှည်ပုံ ၂၃၆

၇။ နာမ်တရားတို့၏ ဖြစ်ပျက်မှု လျင်မြန်၍ ရုပ်တရားတို့၏ ဖြစ်ပျက်မှု နှေးကွေးပုံ .... .... ၂၃၆

၈။ ဝိညတ်ဒွေးနှင့် လက္ခဏာရုပ်လေးခုတို့၏ သက်တမ်း .... ၂၃၆၊၂၃၇

၂-ပဉ္စဒွါရဝီထိအမျိုးအစား .... .... ၂၃၇

၁။ ဝီထိစိတ်နှင့် ဝီထိမုတ်စိတ်များ .... .... ၂၃၇

၂။ ဝီထိ ၆-ပါး .... .... ၂၃၇၊၂၃၈

၃။ ပဉ္စဒွါရဝီထိနှင့် မနောဒွါရဝီထိ .... .... ၂၃၈

၄။ ပဉ္စဒွါရ ဝီထိ ၂၀ .... .... ၂၃၈

၃-အတိမဟန္တစသော အာရုံ ၄-မျိုး .... .... ၂၃၈

၁။ အတိမဟန္တာရုံ တဝီထိ .... .... ၂၃၈

၂။ မဟန္တာရုံ ၂-ဝီထိ .... .... ၂၃၉

၃။ ပရိတ္တာရုံ ၆-ဝီထိ .... .... ၂၃၉

၄။ အတိပရိတ္တာရုံ ၆-ဝီထိ .... .... ၂၃၉

၅။ ပဉ္စဒွါရဝီထိ ၇၅ .... .... ၂၃၉

၆။ အတိမဟန္တစသည်ဖြင့် အာရုံ ၄-မျိုး ခွဲပြားရခြင်း အကြောင်း .... .... ၂၄၀၊၂၄၁

၇။ အာရုံလေးမျိုးနှင့် ဝါရလေးမျိုးကို ယှဉ်တွဲပြခြင်း .. ၂၄၁

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄-ပဋ္ဌဒွါရဝီထိဖြစ်ပေါ်ရန်အကြောင်းများ | .... .... | ၂၄၂၊၂၄၆ |
| ၁။ | စက္ခုဒွါရဝီထိဖြစ်ပေါ်ရန် အကြောင်း ၄-မျိုး .... | ၂၄၂ |
| ၂။ | အကြောင်းလေးမျိုးတို့ အချင်းချင်းကျေးဇူးပြုပုံ .... | ၂၄၂ |
| ၃။ | သောတဒွါရဝီထိဖြစ်ပေါ်ရန် အကြောင်း ၄-မျိုး .... | ၂၄၃ |
| ၄။ | ဃာနဒွါရဝီထိဖြစ်ပေါ်ရန် အကြောင်း ၄-မျိုး .... | ၂၄၃ |
| ၅။ | ဇိဝှါဒွါရဝီထိဖြစ်ပေါ်ရန် အကြောင်း ၄-မျိုး .... | ၂၄၃၊၂၄၄ |
| ၆။ | ကာယဒွါရဝီထိဖြစ်ပေါ်ရန် အကြောင်း ၄-မျိုး .... | ၂၄၄ |
| ၇။ | ဖောဋ္ဌဗ္ဗ ၃-မျိုးနှင့်ထဒ္ဓ ၃-မျိုး .... .... | ၂၄၄ |
| ၈။ | နုံ့သော ဖောဋ္ဌဗ္ဗဓာတ်တို့သည် ကာယဒွါရဝီထိ ဖြစ်ပေါ်အောင် ကျေးဇူးမပြုနိုင်ပုံ .... .... | ၂၄၅၊၂၄၆ |
| ၅-ပသာဒတို့၌ပဋ္ဌာရုံများထင်ပုံ | .... .... | ၂၄၆၊၂၄၇ |
| ၁။ | ပသာဒ၌ခြင်္ခြာကပ်ဘဲ ထင်နိုင်သော အသမ္ပတ္တအာရုံများ | ၂၄၆၊၂၄၇ |
| ၂။ | ပသာဒ၌ ကပ်ငြိ ထိရောက်မှ ထင်နိုင်သော သမ္ပတ္တအာရုံများ .... .... | ၂၄၇ |
| ၆-ပဋ္ဌဒွါရဝီထိဖြစ်ပေါ်ပုံ | .... .... | ၂၄၈ |
| ၁။ | အတီတဘဝင်ဟုခေါ်ပုံ .... .... | ၂၄၈၊၂၄၉ |
| ၂။ | စလနဘဝင်ဟုခေါ်ပုံ .... .... | ၂၄၉ |
| ၃။ | တခုသောအာရုံသည် ဒွါရ ၂-ပါးမှာ ထင်ပုံကို ဥပမာများဖြင့် ပြခြင်း .... .... | ၂၄၉၊၂၅၀ |
| ၄။ | အာဝဇ္ဇန်းအစရှိသော အလုံးစုံသော ဝီထိစိတ်တို့၌လည်း အာရုံထင်နိုင်ပုံ .... .... | ၂၅၀၊၂၅၁ |
| ၅။ | အာရုံထင်လာတိုင်း ဝီထိစိတ် မဖြစ်ပုံ .... .... | ၂၅၁ |
| ၆။ | ဥပစ္ဆေဒဘဝင်ဟုခေါ်ပုံ .... .... | ၂၅၂ |
| ၇။ | ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပုံ .... ... | ၂၅၂၊၂၅၃ |
| ၈။ | စက္ခုဝိညာဏ်စသော စိတ်များဖြစ်ပုံ .... .... | ၂၅၃ |
| ၉။ | ဝုဋ္ဌောကို ဇဝနပဋ္ဌိပါဒကစိတ်ဟုခေါ်ပုံ .... .... | ၂၅၃ |
| ၁၀။ | ဇောစိတ် ဖြစ်ပေါ်ပုံ .... .... | ၂၅၄ |
| ၁၁။ | ကုသိုလ်,အကုသိုလ်,ကြိယာဇောဖြစ်ရန်အကြောင်းများ | ၂၅၄၊၂၅၅ |
| ၁၂။ | တဒါရုံဟု ခေါ်ပုံ .... .... | ၂၅၅ |
| ၁၃။ | အာရုံ,ဇော,ပုဂ္ဂိုလ် စသည် အားလျော်စွာ တဒါရုံကျပုံ | ၂၅၅၊၂၅၆ |
| ၁၄။ | မူလတဒါရုံနှင့် အာဂန္တုကတဒါရုံ .... .... | ၂၅၆ |
| ၁၅။ | ဘဝင်ကျပုံ .... .... | ၂၅၆ |

| ဦးခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇-ပဉ္စဒွါရိကဝီထိစိတ်တို့၏အာရုံဝတ္ထုများ | .... .... | ၂၅၇၊၂၆၀ |
| | ၁။ ပဉ္စဒွါရိကဝီထိစိတ်တို့၏ အာရုံများ .... .... | ၂၅၇ |
| | ၂။ ပဉ္စဝိညာဏ်တို့၏ မှီရာ ဝတ္ထုများ .... .... | ၂၅၇ |
| | ၃။ မန္ဒာယုကစသော ပသာဒ ၃-မျိုးကို စိစစ်ခြင်း .... | ၂၅၈ |
| | ၄။ ပသာဒ ၃-မျိုးအနက် မဇ္ဈိမာယုကပသာဒကိုသာလျှင် ပဉ္စဝိညာဏ်တို့ မှီပုံ .... .... | ၂၅၉ |
| | ၅။ ပဉ္စဝိညာဏ်မှ တပါးသော ဝီထိစိတ်တို့၏ မှီရာဝတ္ထုကို ပြခြင်း .... .... | ၂၆၀ |
| ၈-မဟန္တာရုံဝီထိဖြစ်ပုံ | .... .... | ၂၆၁ |
| | ၁။ မဟန္တာရုံ၌ တဒါရုံ မကျရပုံ .... .... | ၂၆၁ |
| | ၂။ တဒါရုံတကြိမ်ကျမှုကို အလိုရှိသောဝါဒ ... .... | ၂၆၁ |
| ၉-ပရိတ္တာရုံဝီထိဖြစ်ပုံ | .... .... | ၂၆၂ |
| | ၁။ ပရိတ္တာရုံဝီထိ၌ ဇောမကျခြင်းအကြောင်း .... .... | ၂၆၂ |
| | ၂။ ပရိတ္တာရုံဝီထိ၌ ဇောကျခြင်းကို အလိုရှိသော မူလဋီကာဝါဒ .... .... | ၂၆၂၊၂၆၃ |
| ၁၀-အတိပရိတ္တာရုံ ဝီထိဖြစ်ပုံ | .... .... | ၂၆၃ |
| | ၁။ အတိပရိတ္တာရုံ၌ ဝီထိစိတ်မဖြစ်နိုင်ပုံ .... .... | ၂၆၃၊၂၆၄ |
| | ၂။ ဝီထိစိတ်ဖြစ်ပေါ်နိုင်ခြင်းအင်္ဂါ .... .... | ၂၆၃၊၂၆၄ |
| ၁၁ ပဉ္စဒွါရဝီထိ၌အကျဉ်းမှတ်ပွယ် | .... .... | ၂၆၄ |
| | ၁။ ပဉ္စဒွါရဝီထိ၌ ပါဝင်သော စိတ်များ .... .... | ၂၆၄ |
| | ၂။ ပဉ္စဒွါရဝီထိစိတ်တို့၏ အာရုံ .... .... | ၂၆၄ |
| | ၃။ ပဉ္စဒွါရဝီထိတို့ကို ဘုံအားဖြင့် ပိုင်းခြားခြင်း.... .... | ၂၆၄ |
| ၁၂-မနောဒွါရဝီထိ ၄-မျိုး | .... .... | ၂၆၄၊၂၆၅ |
| ၁၃-ဝီထိ ၄-မျိုးကို ဝါရ ၄-မျိုးနှင့် ယှဉ်တွဲပုံ | .... .... | ၂၆၅၊၂၆၆ |
| ၁၄-ကာမဇောဝါရနှင့် အပ္ပနာဇောဝါရ | .... .... | ၂၆၆ |
| ၁၅-ကာမဇောဝါရဝီထိများ | .... .... | ၂၆၆ |
| | ၁။ အနုဗန္ဓကဝါရနှင့် သုဒ္ဓိကဝါရ .... ... | ၂၆၆၊၂၆၇ |
| | ၂။ "အတိတ်သမူဟ၊ အတ္ထပြဗ်၊ နာမ်ပညတ်၊ လေးရပ် နုဗန်ပွါး"ဟူသော အနုဗန္ဓကဝါရ ၄-မျိုး .... .... | ၂၆၇၊၂၆၈ |

ဦးရေ အကြောင်းအရာ စာမျက်နှာ

၃။ ဒိဋ္ဌအာရုံ, ဒိဋ္ဌသမ္ဗန္ဓအာရုံ စသောအားဖြင့် သုဒ္ဓိကဝါဒ ၆-မျိုး ကွဲပြားပုံ .... .... ၂၆၀၊ ၂၆၉

၄။ အနန္တရူပနိဿယပစ္စယသတ္တိကြောင့် ဒိဋ္ဌစသော အာရုံတို့သည် မနောဒွါရ၌ထင်လာပုံ .... .... ၂၇၀

၅။ ဒိဋ္ဌစသောအာရုံတို့သည် ဓမ္မသရုပ်အားဖြင့် ၄-မျိုးသာဖြစ်ပုံ .... .... ၂၇၀၊ ၂၇၁

၆။ ဒိဋ္ဌစသောအာရုံတို့ကို ကာလအားဖြင့် ဝေဖန်ပြခြင်း .... .... ၂၇၁

**၁၆-ကာမဇောမနောဒွါရဝီထိများကို မြွက်ပွါးပုံ** .... .... ၂၇၁

**၁၇-ကာမဇောဝါရ မနောဒွါရဝီထိပုံ** .... .... ၂၇၂

**၁၈-မနောဒွါရဝီထိ၌ အတိတဘဝင်ချရိုးပြုကြသော ဆရာတို့၏ဝါဒကို စိစစ်ချက်** .... .... ၂၇၂၊ ၂၇၄

၁။ ပဉ္စဒွါရဝီထိနှင့် မနောဒွါရဝီထိတို့ အာရုံထင်လာပုံချင်း မတူပုံ .... .... ၂၇၄

၂။ ပစ္စုပ္ပန်ရုပ်တရားတို့သည် အချိန်မရွေးထင်လာနိုင်ပုံ .... ၂၇၄

**၁၉-ပစ္စုပ္ပန်ဖြစ်သောသူတပါးတို့၏စိတ်ကိုသိရာ၌ ဝီထိ-စိတ်တို့၏ အာရုံကိုပြခြင်း** .... ၂၇၄၊ ၂၇၅

၁။ ဝီထိတခု၌အာရုံသည် ဓမ္မ, ကာလအားဖြင့် မပြားရပုံ .... .... ၂၇၄

၂။ လူတို့သိပုံနှင့် နတ်တို့သိပုံ ကွဲပြားခြင်း .... .... ၂၇၄

၃။ အာဝဇ္ဇန်းနှင့်ပြိုင်၍ ဥပါဒ်သောစိတ်ကိုသာလျှင် ဝီထိစိတ်များအာရုံပြု၏ဆိုသော အဋ္ဌကထာဝါဒ .... ၂၇၄

၄။ အာဝဇ္ဇန်းစိတ်, ဇောစိတ်တို့သည် မိမိတို့နှင့်အတူ ဥပါဒ်ပြိုင်သောစိတ်ကို အာရုံပြု၏ဟု မိန့်ဆိုသော မူလဋီကာဝါဒ .... .... ၂၇၄

၅။ မူလဋီကာဝါဒသင့်မြတ်ပုံ .... .... ၂၇၄၊ ၂၇၅

**ဝိပါကနိယမ-ကာမဇဝနနိယမ**

**၂၀-အာရုံအားလျော်စွာဝိပါက်စိတ်များဖြစ်ပုံ** .... .... ၂၇၅

**၂၁-အာရုံအားလျော်စွာ ကြိယာဇောများစောပုံ** .... .... ၂၇၅

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂ | ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၏သဘော .... .... | ၂၇၆၊ ၂၇၇ |
| | ၁။ ဣဋ္ဌ, အနိဋ္ဌသဘောကို ပိုင်းခြားပုံ .... .... | ၂၇၆ |
| | ၂။ ဒွါရအားဖြင့် ဣဋ္ဌ, အနိဋ္ဌဖြစ်ပုံ .... .... | ၂၇၆ |
| | ၃။ ရံခါ ဣဋ္ဌ, ရံခါ အနိဋ္ဌဖြစ်ပုံ .... .... | ၂၇၆ |
| | ၄။ အာရုံအားလျော်စွာ ဝေဒနာလိုက်လျောရပုံ .... | ၂၇၆ |
| ၂၃ | ကာမကြိယာဇောတို့၏ သောမနဿ, ဥပေက္ခာဖြစ်ပုံ၌ ပုတ်သားဖွယ်ရာများ .... .... | ၂၇၇၊ ၂၈၁ |
| | ၁။ အာရုံအားဖြင့် ကြိယာဇောများကို သတ်မှတ်သော ရှေးဟောင်းဝါဒ .... .... | ၂၇၇ |
| | ၂။ ဘုရားရဟန္တာတို့သည် ဣဋ္ဌာရုံကို အနိဋ္ဌာရုံပြု၍ရင်း အနိဋ္ဌာရုံကို ဣဋ္ဌာရုံပြု၍ရင်း နေနိုင်ကြပုံကို ... .... ပါဠိတော်သာဓကများဖြင့်ပြခြင်း .... .... | ၂၇၈ |
| | ၃။ ဣဋ္ဌ, အနိဋ္ဌသဘောများသည် ပုထုဇဉ်,သေက္ခတို့၏ စိတ်ကိုသာ သွေးဆောင်နိုင်ပုံ .... .... | ၂၇၉ |
| | ၄။ ဝိပလ္လာသကင်းပြီးသော ရဟန္တာတို့ဇောစိတ်များ ခွန်အားဗလကောင်းပုံကို ဥပမာဖြင့်ပြခြင်း .... .... | ၂၇၉ |
| | ၅။ အတိဣဋ္ဌာရုံ၌ပင် ဥပေက္ခာနှင့် တည်နေနိုင်ရန် အကြောင်းများရှိပုံကို ဝတ္ထုသာဓကများဖြင့်ပြခြင်း .... | ၂၈၁ |
| | ၆။ ကြိယာဇောတို့၌ အာရုံအားလျော်စွာ ဝေဒနာ သတ်မှတ်ခြင်း မပြုထိုက်ပုံ .... .... | ၂၈၁ |
| | ၇။ ကုသိုလ်,အကုသိုလ်,ကြိယာဇောတို့၏ အာရုံနှင့် လျော်စွာ ဝေဒနာလိုက်လျောခြင်း, မလိုက်လျောခြင်း အကြောင်းများ .... .... | ၂၈၁ |
| ၂၄ | ဒေါသဇောနောင် သောမနဿဖြစ်သောတဒါရုံနှင့် ဘဝင်စုတိတို့၏ မဖြစ်နိုင်ခြင်းအကြောင်း .... .... | ၂၈၂၊ ၂၈၃ |
| ၂၅ | အာဂန္တုကဘဝင်ကျရခြင်းအကြောင်း .... .... | ၂၈၃၊ ၂၈၄ |
| | ၁။ အာဂန္တုကဘဝင်၏အာရုံ .... .... | ၂၈၄ |
| | ၂။ အချို့ဝိထိစိတ်များသည် အာဝဇ္ဇန်းကင်းလျက် ဖြစ်နိုင်ပုံ .... .... | ၂၈၄ |
| | ၃။ အာဂန္တုကဘဝင်ကျရန် လိုအပ်သောအင်္ဂါများ .... | ၂၈၄၊ ၂၈၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၃-သမာပတ္တိဝီထိတို့၌ အပ္ပနာဇောများ အကြိမ်များစွာဖြစ်ပုံ | .... | ၃၀၄ |
| | ၁။ ဈာနသမာပတ္တိဝီထိ ဖြစ်ပုံ .... .... | ၃၀၄ |
| | ၂။ ဖလသမာပတ္တိဝီထိ ဖြစ်ပုံ .... .... | ၃၀၄ |

ဘုံ၌ စိတ်ရပုံ

| | | |
|---|---|---|
| ၄၄-ကာမဘုံ၌ရသော စိတ်များ | .... .... | ၃၀၅ |
| ၄၅-ရူပဘုံ၌ရသော စိတ်များ | .... .... | ၃၀၅ |
| | ၁။ ရူပဘုံ၌ မဟာဝိပါက်စိတ်များ မရခြင်းအကြောင်း .... | ၃၀၅ |
| | ၂။ ဒေါသမူဒွေးနှင့် အရူပဝိပါက်တို့ ရူပဘုံ၌မရခြင်းအကြောင်း | ၃၀၅ |
| ၄၆-အရူပဘုံ၌ ရသောစိတ်များ | .... .... | ၃၀၅၊၃၀၆ |
| | ၁။ ပဥ္စဝိညာဏ်နှင့် မနောဓာတ်တို့ အရူပဘုံ၌ မရခြင်းအကြောင်း | ၃၀၅ |
| | ၂။ ဟသိတုပ္ပါဒ်နှင့်ရူပါဝစရစိတ်တို့ အရူပဘုံ၌ မရခြင်းအကြောင်း | ၃၀၆ |
| | ၃။ ဗြဟ္မာ့ဘုံ, နတ်ဘုံတို့၌ အကုသလဝိပါက်များ ဖြစ်နိုင်ပုံ | ၃၀၆ |

ဘုံ၌ ပုဂ္ဂိုလ်ရပုံ

| | | |
|---|---|---|
| ၄၇-ပုဂ္ဂိုလ် ၁၂-ယောက် သရုပ်ကိုပြခြင်း | .... .... | ၃၀၆၊၃၀၈ |
| ၄၈-"ပုဂ္ဂိုလ်အပြား၊ ဝါကရား"အရ ပုဂ္ဂိုလ် ၁၂-ယောက်ကို ဘုံ ၃၁-နှင့် ဝေဖန်ပုံ | .... .... | ၃၀၉၊၃၁၀ |
| ၄၉-ပိဋကတ် သချာနည်း | .... .... | ၃၀၉ |

ပုဂ္ဂိုလ်၌ စိတ်ရပုံ

| | | |
|---|---|---|
| ၅၀-ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ ရသောစိတ်များ | .... .... | ၃၁၁ |
| | ၁။ အဟိတ်ပုဂ္ဂိုလ်တို့၌ မဟဂ္ဂုတ်စိတ်, လောကုတ္တရာစိတ်များ မရခြင်းအကြောင်း .... .... | ၃၁၁ |
| | ၂။ အဟိတ်ပုဂ္ဂိုလ်တို့၌ ကြိယာစိတ်များ မရခြင်းအကြောင်း | ၃၁၁ |
| ၅၁-သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့၌ရသော စိတ်များ | | ၃၁၁၊၃၁၂ |
| | ၁။ ရင်းပုဂ္ဂိုလ်တို့၌ ဉာဏသမ္ပယုတ်ဝိပါက်စိတ်များ မရခြင်း အကြောင်း | ၃၁၁ |
| | ၂။ ပဋ္ဌာန်းပါဠိတော်ကို ထောက်၍ စောဒနာဖွယ်ရှိပုံ | ၃၁၂ |
| | ၃။ ကုသိုလ်နှင့် ဝိပါက်ခြားနားပုံ | ၃၁၃ |
| | ၄။ အဘိဓမ္မာဝတာရကျမ်းအဆိုနှင့်အပရေဆရာတို့၏ဝါဒကိုပြခြင်း | ၃၁၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၂-တိဟိတ်ပုဂ္ဂိုလ်၌ ရသောစိတ်များ | .... .... | ၃၁၄၊၃၁၅ |
| | ၁။ ဈာန်ရ တိဟိတ်နှင့် ဈာန်မရသောတိဟိတ်.... .... | ၃၁၄ |
| | ၂။ တိဟိတ်ပုဂ္ဂိုလ်အမျိုးမျိုး .... .... | ၃၁၅ |
| ၅၃-မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့၌ ရသောစိတ်များ.... | .... | ၃၁၅ |
| ၅၄-သောတာပတ္တိဖလဋ္ဌာန်နှင့် သကဒါဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့၌ ရသော စိတ်များ | .... .... | ၃၁၅ |
| ၅၅-အနာဂါမ်ပုဂ္ဂိုလ်၌ ရသောစိတ်များ | .... .... | ၃၁၆ |
| ၅၆-ရဟန္တာပုဂ္ဂိုလ်၌ရသောစိတ်များ | .... .... | ၃၁၆၊၃၁၇ |
| | ၁။ ရဟန္တာ ၃-မျိုး .... .... | ၃၁၇ |
| | ၂။ ဈာန်ရသော ရဟန္တာနှင့် ဈာန်မရသောရဟန္တာ .... | ၃၁၇ |
| | ၃။ ရဟန္တာပုဂ္ဂိုလ်၌ ကုသိုလ်,အကုသိုလ်ဇောများ မဖြစ်ခြင်း အကြောင်း .... .... | ၃၁၇ |
| ၅၇-ပုဂ္ဂိုလ်စိတ်ရ သံပေါက်များ | .... .... | ၃၁၈၊၃၁၉ |
| | ၁။ ကာမဘုံမှ ပုဂ္ဂိုလ်များ၏ စိတ်ရ .... .... | ၃၁၈ |
| | ၂။ ရူပဘုံမှ ပုဂ္ဂိုလ်များ၏ စိတ်ရ .... .... | ၃၁၈ |
| | ၃။ အရူပဘုံမှ ပုဂ္ဂိုလ်များ၏ စိတ်ရ .... .... | ၃၁၉ |


ဝိထိပိုင်း ပြီး၏။

# ဖြည့်စွက်ပြင်ဆင်ဖတ်ရှုရန်

| မှား | မှန် | မျက်နှာ | ကြောင်းရေ |
|---|---|---|---|
| ပစ္စယမဋ္ဌရီ, ဝိထိမဋ္ဌရီ | (ပစ္စယမဋ္ဌရီ, ဝိထိမဋ္ဌရီ, သဒ္ဒမဋ္ဌရီ ဤယခုပရမတ္ထသံခိပ်ဋီကာတို့ကို ရဟန်း ၇-ဝါအရတွင်ရေးသား ပြုစုခဲ့လေသည်)ဟုပြင်၍ဖတ်ပါ။ | ၁၁ | ၂၇ |
| ထိ အဝဋ္ဌာဘုံ | ထို အဝတ္ထာဘုံ | ၁၆ | ၂၉ |
| လောကၡ | အာလောကၡ | ၄၀ | ၂၂ |
| ကိစ္စများ၍ | ကိစ္စပြား၍ | ၄၄ | ၂၆ |
| ယှဉ်ဘက်သမ္ပယုတ် မရှိ | ယှဉ်ဘက်သမ္ပယုတ်ဟ်တ် မရှိ | ၅၁ | ၉ |
| နာမ်ကို ပယ်ရှားကြောင်း | နာမ်နာကို ပယ်ရှားကြောင်း | ၆၄ | ၈ |
| ကာလပါတ်လုံး | ကာလပတ်လုံး | ၇၁ | ၈ |
| ရူပါဝစရစျာန်ကိုရအောင် | အရူပါဝစရစျာန်ကိုရအောင် | ၈၆ | ၃ |
| ဂ-အ,ဒ္ဓိမူ | ပ-အဒ္ဓိမူ | ၁၇၈ | ၇ |
| ပီ,ဆန့်,ပယ်ပစ် | ဝိ,ဆန့်,ပယ်ပစ် | ၁၈၀ | ၁၆ |
| နှစ်ပ-မညာ | နှစ်-ပမညာ | ၁၈၄ | ၂၄ |
| ကိစ္စသုံးခုတပ်သောစိတ်များ | ကိစ္စသုံးခု,လေးခုတပ်သောစိတ်များ (စာသားကိုလည်း ယခုခေါင်းမှန် အတိုင်းရှေ့နောက်ပြန်၍ပြင်ဖတ်ပါ) | ၁၉၇ | ၂-၃ |
| ကုသိုလ် ၁၂ | အကုသိုလ် ၁၂ | ၂၀၄ | ၁၆ |
| မဟာဂ္ဂုတ်ဝိပါက် ၉ | မဟာဂ္ဂုတ်ကြိယာ ၉ | ၂၀၅ | ၁ |
| သောမနဿသဒ္ဓိရဏ ၂ | သောမနဿသဒ္ဓိရဏ ၁ | ၂၀၇ | ၁၄ |

# ပရမတ္ထသံခိပ်ဋီကာ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဌာမ ဂါထာ

၁။ ပဇ္ဇုန္နဗုဒ္ဓဒေဝေါ ယော၊ သံဃဝိဇ္ဇုံ ဝိဇ္ဇောတယံ။
ဓမ္မဝဿံ ဝဿာပေသိ၊ ဒယာမ္ဗုဓရဇံ ဝရံ။

၂။ တဉ္စ ဝန္ဒာမုပဇ္ဈာယံ၊ လယ်တိထေရံ ယတုတ္တမံ။
ယေနာဟံ ပဏ္ဍိစ္စံ ယာမိ၊ မာဒိပိ ပဏ္ဍိတာယတေ။

၃။ ယာ ကတာ တေန ဓီရေန၊ ပသန္နပဒဗျဉ္ဇနာ။
ပရမတ္ထဒီပနီ နာမ၊ သာရေသိဟိဘိနန္ဒိတာ.၊

၄။ တိဿာယ မြမ္မဘာသာယ၊ အတ္ထံ အတ္ထဂဝေသကာ။
ရစယဿူတိ ယာစန္တိ၊ အဇ္ဈေသန္တိ စ မံ ဗဟူ။

၅။ တသ္မာဟံ ရစယိဿာမိ၊ အတ္ထာယ အတ္ထကာမိနံ။
ယထာဗုဒ္ဓိံ သုခံ သီဃံ၊ ဗောဓေမိ ပသတံ မနံ။

၆။ ပရမတ္ထသံခေပဿ၊ ဋီကာ စာယံ ဘဝိဿတိ။
အယဉှိ ဝဏ္ဏနာ တဿာ၊ အဘိဓမ္မတ္ထမဉ္ဇရီ။

၁။ ယော ပဇ္ဇုန္န ဗုဒ္ဓဒေဝေါ၊ အကြင်ပဇ္ဇုန်နတ်သား၊ မြတ်ဘုရားသည်။ သံဃဝိဇ္ဇုံ၊ ဖန်သင်္ကန်းရောင်၊ တောက်လောင်ဝင်းပ၊ သံဃာအများ၊ တပည့်သားတည်းဟူသော လျှပ်စစ်တိမ်ပန်းတွေကို။ ဝိဇ္ဇောတယံ-ဝိဇ္ဇောတယန္တော၊ ရပ်ရှစ်မျက်နှာ၊ ထိန်ဝါဖြိုးဝေ၊ ပြက်သန်းစေလျက်။ ဒယာမ္ဗုဓရဇံ၊ မိုးရေကိုဆောင်၊ တိမ်တောင်သဏ္ဌာန်ကဲ့သို့၊ ကြီးကျယ်လှစွာ၊ မဟာကရုဏာတော်မှ ဖြစ်ပွါးလာထသော။ ဝရံ၊ နတ်လူပြဟ္မာ၊ သတ္တဝါတို့၊ အာသာမပြတ်၊ တောင့်တအပ်၍၊ ထူးမြတ်ပေစွာထသော။ ဓမ္မဝဿံ၊ လေးထောင်စွန်းကယ်၊ ထောင်ရှစ်ဆယ်

ဟု၊ ဆန်းကြယ်များစွာ၊ ဒေသနာတန်ခိုး၊ တရားမိုးကို။ ဝဿာပေသိ၊ ရွာဖြိုး စွေသွန်းတော်မူစေပြီ။

၂။ အဟံ၊ လယ်တီပဏ္ဍိတမည်သော ငါသည်။ တဉ္စ၊ ထိုပဇ္ဇုန်မိုးနတ်၊ ဘုရားမြတ်ကြီးကိုလည်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ယေန၊ အကြင်ကျေးဇူးရှင်ဘုရားကြောင့်။ အဟံ၊ လယ်တီပဏ္ဍိတ မည်သော ငါသည်။ ပဏ္ဍိစ္စံ၊ ထိုက်သည့်အလျောက်၊ ပေါက်ရောက်မြင်သိ၊ ပညာရှိသည့်၏အဖြစ်သို့။ ယာမိ၊ ရောက်ရပေ၏။ ယေန၊ အကြင်ကျေးဇူးရှင်ဘုရားကြောင့်။ မာဒိသော၊ ငါကဲ့သို့စင်၊ ဂုဏ်အင်သေးစွ၊ သိငယ်မျှလည်း။ ပဏ္ဍိတာယတေ၊ ထိုက်လျောက်မြင်သိ၊ ပညာရှိ၍၊ ပဏ္ဍိတရောင်ပြေး၊ စွမ်းနိုင်သေး၏။ ယတုတ္တမံ၊ သာကီယာဇာတ်၊ ရဟန်းမြတ်ကြီး ဖြစ်တော်မူပေထသော။ ဥပဇ္ဈာယံ၊ ဥပဇ္ဈာယ်သခင်၊ ကျေးဇူးရှင်အစစ်၊ ဖြစ်ကြီးဖြစ်တော် မူပေထသော။ .ံလယ်တီထေရဉ္စ၊ ထိုလယ်တီမဟာထေရ်မြတ်ကြီးကိုလည်း။ ဝန္ဒာမိ၊ ရိုသေ ဘ်နိုး ရှိခိုးပါ၏။

၃။ မိရေန၊ ခိုင်ခံ့ မြဲမြံ ပညာဉာဏ်နှင့် ပြည့်စုံတော်မူသော။ တေန၊ ထိုဥပဇ္ဈာယ်သခင်၊ ကျေးဇူးရှင် လယ်တီမဟာထေရ်မြတ်သည်။ ပသန္နပဒဗျဉ္ဇနာ၊ ရှချင်စဘွယ်၊ ဆန်းကြယ်ကြည်လင်၊ သန့်ရှင်းစင်သော၊ ပုဒ်နေဗျည်းသွား၊ သဒ္ဒါအလားလည်း ရှိပေထသော။ သာရေသီဟိ၊ အနှစ်သာရကို တောင့်တရှာမှီးလေ့ရှိကြပေကုန်သော ပညာရှိမွန်၊ ကဝိလွန်တို့သည်။ အဘိနန္ဒိတာ၊ လွန်စွာနှစ်သက်မြတ်နိုးအပ်ထသော။ ပရမတ္ထဒီပနီနာမ၊ ပရမတ္ထဒီပနီအမည်ရှိသော။ ယာ၊ အကြင်ဋီကာကျမ်းကြီးကို။ ကတာ၊ ပါဠိဘာသာဖြင့် ကောင်းစွာစီရင်တော်မူအပ်လေပြီ။

၄။ အတ္တဂဝေသကာ၊ နက်နဲဆန်းကြယ်၊ အဓိပ္ပါယ်နှစ်၊ အနက်စစ်ကို၊ အားသစ်ရှာမှီးလေ့ရှိကြပေကုန်သော။ ဗဟူ၊ များစွာကုန်သောပုဂ္ဂိုလ်တို့သည်။ တိဿာယ၊ ထိုပရမတ္ထဒီပနီ ဋီကာကြီး၏။ အတ္ထံ၊ အနက်ဆန်းကြယ်၊ အဓိပ္ပါယ်ကို။ မြမ္မဘာသာယ၊ မြန်မာဘာသာဖြင့်။ ရစယဿု၊ ရေးသားစီရင်ပါလော့။ ဣတိ၊ ဤသို့။ မံ၊ လယ်တီပဏ္ဍိတ မည်သောငါ့ကို။ ယာစန္တိ စ၊ တောင်းလည်းတောင်းပန်ကြကုန်၏။ အဇ္ဈေသန္တိ စ၊ တိုက်တွန်းလည်း တိုက်တွန်းနှိုးဆော်ကြကုန်၏။

၅။ တသ္မာ၊ ထိုသို့ တောင်းပန် တိုက်တွန်းမှုကြောင့်။ အဟံ၊လယ်တီပဏ္ဍိတမည်သောငါသည်။ အတ္ထကာမိနံ၊ အနက်ဆန်းကြယ်၊ အဓိပ္ပါယ်ကို၊ သယ်လွယ်ကူကူ၊ ရယူလိုလားကြကုန်သောသူတို့၏။ အတ္ထာယ၊ အကျိုးငှါ။ ယထာအဇ္ဈိဋ္ဌံ၊ တိုက်တွန်းနှိုးဆော်အပ်သောအတိုင်း။ ရစယိဿာမိ၊ ႏုးသား စီရင်တော့အံ့။ ပဿတံ-ပဿန္တာနံ၊ ဤကျမ်းကို ကြည့်သောသူတို့၏။ မနံ၊

စိတ်နှလုံးကို။ သုခံ၊ချမ်းချမ်းသာသာ။ သီဃံ၊ လျင်လျင်မြန်မြန်။ ဗောဓေမိ၊ အကျယ်တဝင်း၊ ထင်လင်းသိမြင်စေအံ့။

၆။ အယံ၊ ဤရေးသားလတ္တံ့သော ကျမ်းသည်။ ပရမတ္ထသံခေပဿ၊ ငါတို့ကျေးဇူးရှင်ဘုရား ရေးသားစီရင်တော် မူအပ်သော ပရမတ္ထသံခိပ်ကျမ်း၏။ ဋီကာစ၊ အဘွင့်ဋီကာကြီးသည်လည်း။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။ ဟိ၊ ထိုစကားမှန်စွ။အဘိဓမ္မတ္ထမဉ္ဇူရီ၊ အဘိဓမ္မတ္ထ သဘာဝ ပန်းခိုင်ကြီးဖြစ်သော။ ဝါ၊ အဘိဓမ္မာသဘောကို ပန်းခိုင်တရထည် ကုံးသီစုရုံး၍ ပြရာဖြစ်သော။ အယံ၊ ဤကျမ်းကြီးသည်။ တဿ၊ ထိုပရမတ္ထသံခိပ်ကျမ်း၏။ ဝဏ္ဏနာ၊ အဘွင့်ဝဏ္ဏနာ ဋီကာကျမ်းကြီးပေတည်း။

# ၁-စိတ်ပိုင်းဒီပနီ

ယခုအခါ "ပရမတ္ထသံခိပ်"ကျမ်း၌ ပါရှိသော ပရမတ္ထဓမ္မများ၏ သဘော အဓိပ္ပါယ်ကို အကျယ်အားဖြင့် ရေးသားဘော်ပြပေအံ့။

ရေးသားဘော်ပြလတ္တံ့သော အဓိပ္ပါယ်စုသည် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူအပ်သော "ပရမတ္ထဒီပနီ" မည်သော သင်္ဂြိုဟ်မဟာဋီကာကြီး၌ ပါရှိသော သဘောအဓိပ္ပါယ် စုပင်တည်း။ ယခုစီရင်လတ္တံ့သော ပရမတ္ထသံခိပ်ဋီကာကျမ်းကို ကြည့်ရှုကြသော သူတို့သည် ပရမတ္ထဒီပနီဋီကာကြီး၏ သဘောအဓိပ္ပါယ်စုကို အစုံအလင်ကုန်စင်အောင် သိရှိကုန်လတ္တံ့။ ပရမတ္ထဒီပနီဋီကာ ပါဠိကျမ်းရင်းကို မကြည့်မရှုနိုင်ကြသောသူတို့ အကျိုးငှါ ဤ ပရမတ္ထသံခိပ်ဋီကာကျမ်းကို ရေးသားရပေသတည်း။

(ပရမတ္ထသံခိပ်ကျမ်း၌ လိုရင်းဖြစ်သော သံပေါက်သက်ာတို့ကို မူတည်၍ ဖွင့်ပြ ရေးသားပေအံ့။ သတ္တိသိမ်ငယ်တို့ပင် ကြည့်လွယ်နိုင်ကြစေရန် သဒ္ဒါရေးအတွက်နှင့် များစွာ စိစစ် စိတ်ဖြာခြင်းကို မပြုဘဲ အဓိပ္ပါယ်သဘောကိုသာ စိစစ်၍ ရေးသားပေအံ့သတည်း)။

## ပရမတ္ထတရားလေးပါး

(၁) စိတ်,စေတသိက်၊ ရုပ်,နိဗ်,လေးရပ်၊ ပရမတ်။

(၁) စိတ်

(၂) စေတသိက်

(၃) ရုပ်

(၄) နိဗ္ဗာန်

(၁) **စိတ်အကြောင်း**။ ။ဤပရမတ္ထတရား လေးပါးတို့တွင် "စိန္တေတီတိ စိတ္တံ"။စိန္တေတိ၊ ကြံတတ် သိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။စိတ္တံ၊စိတ်မည်၏။(ကတ္တုသာဓနဝိဂ္ဂုဟ်)ကြံတတ်သိတတ်သောတရားသည် စိတ်မည်၏ ဟူလို။

တနည်းကား—"စိန္တေန္တိ သမ္ပယုတ္တကာ ဓမ္မာ ဧတေနာတိ စိတ္တံ"။ဧတေန၊ ဤတရားဖြင့်။ သမ္ပယုတ္တကာ ဓမ္မာ၊ ယှဉ်ဘော်ယှဉ်ဘက် ဖြစ်ကုန်သော သဟဇာတ် သမ္ပယုတ်တရားတို့သည်။ စိန္တေန္တိ၊ ကြံကြသိကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ကြံကြောင်း သိကြောင်း ဖြစ်သောကြောင့်။ စိတ္တံ၊ စိတ်မည်၏။ (ကရဏ

သာဝနေ ဝိဂ္ဂဟ်)။ ကြံကြောင်း ဖြစ်သော တရားသည် စိတ်မည်၏ ဟူလို။ "ကြံကြောင်း"ဟူသည်ကား စိတ်သည် အာရုံကို ယူရာ၌ ရှေ့ဆောင်ရှေ့သွား ပဓာနတရားကြီးဖြစ်၍ ဖဿ, ဝေဒနာ စသော သမ္ပယုတ်တရားတို့သည် စိတ်ကို အကြောင်း မူလထား၍ အာရုံကို ယူကြကုန်၏၊ ကြံကြကုန်၏ဟု ဆိုလိုသည်။ စိတ်၏ အစွမ်းအားဖြင့်သာ သမ္ပယုတ်တရားတို့သည် အာရုံကို သိနိုင် ကြံနိုင် ကြသည်ဟူလို။

တနည်းကား—"စိန္တနမတ္တံ စိတ္တံ"။ စိန္တနမတ္တံ၊ ကြံစည်ခြင်း သိခြင်းမျှ သည်။ စိတ္တံ၊ စိတ်မည်၏။ (ဘာဝသာဓန ဝိဂ္ဂဟ်)။ ကြံစည်ခြင်း သိခြင်း သဘောသည် စိတ်မည်၏ ဟူလို။ ထင်စွာပြဦးအံ့—အလုံးစုံသော ပရမတ္ထ သဘောတရား ဟူသမျှသည် ကြိယာ သက်သက်မျှသာ ဖြစ်ကြကုန်၏၊ ထို ပရမတ္ထဓမ္မတို့၌ ဒြဗ် သဏ္ဌာန် ကိုယ်ဟန်ပုံပန်းဟူ၍ မရအပ်။ ဖြစ်ပေါ်ရန် အကြောင်းတို့နှင့် စပ်၍သာ ဖြစ်ကြကုန်၏။ မိမိတို့၏ အားစွမ်းသတ္တိဖြင့် ဖြစ်ပေါ်နိုင်ကြသည် မဟုတ်ကုန်။ တခဏမျှသာ တည်တံ့နိုင်ကြကုန်၏။ သူတပါး အလိုသို့ လိုက်နိုင်သော တရားမျိုးလည်း မဟုတ်ကြကုန်။ အနတ္တဓမ္မ တို့သာ ဖြစ်ကြကုန်၏။

ထိုကြောင့် ပရမတ္ထ ဓမ္မတို့၌ ဤကား ဒြဗ်တည်း၊ ဤကား သတ္တိတည်း၊ ဤကား ကြိယာတည်း ဟူ၍ ဝေဘန်ခြင်းငှါ မထိုက်ကုန်။ ဤသို့သော သဘောအချက်ကြောင့် ပရမတ္ထဓမ္မနှင့်စပ်လျဉ်းသော သဒ္ဒါတို့၌ ဘာဝသာဓန တခုကိုသာလျှင် ပဓာနမုချအားဖြင့် ရအပ်၏။ ထိုမှတပါးသော ကတ္တုသာဓန, ကရဏသာဓနတို့ကိုကား ပရိယာယ်အားဖြင့် ရအပ်ကုန်၏။

ပရိယာယ်အားဖြင့် ဝိဂ္ဂဟ် ဘွင့်ဆိုရခြင်းသည်လည်း အနက်အထူးကို သိစေ၏။ သိစေပုံကား "ကြံစည်တတ်သော စိတ်, ကြံစည်ကြောင်းဖြစ်သော စိတ်"ဟူ၍ ဆိုခဲ့လျှင် ထိုကြံစည်ခြင်း သဘာဝဓမ္မမှ တပါး ကြံစည်တတ်သော ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျာ်း, မိန်းမ စသည်ဖြင့် အတ္တ ဇီဝ မရှိကြောင်းကို သိစေ၏။ ဤအဓိပ္ပါယ်ကို ပရမတ္ထတိုင်း သိလေ။

တနည်းကား—စိတ္တသဒ္ဒါသည် ဤအရာ၌ ဆန်းကြယ်ခြင်း အနက်ကို ဟော၏။ ထိုစကား မှန်၏။ သံယုတ်ပါဠိတော်၌—

ဒိဋ္ဌံ ဝေါ ဘိက္ခဝေ စရဏံ နာမ စိတ္တန္တိ။ ဧဝံ ဘန္တေ။ တံပိ ခေါ ဘိက္ခဝေ စရဏံ စိတ္တံ စိတ္တေနေဝ စိန္တိတန္တိ။ တေနာပိ ခေါ ဘိက္ခဝေ စရဏေန စိတ္တေန စိတ္တညေဝ စိတ္တတရန္တိ။ နာဟံ ဘိက္ခဝေ အညံ ဧကနိကာယံပိ သမနုပဿာမိ၊ ယံ ဧဝံ စိတ္တံ။ ယထယိဒံ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ၊ တေပိ ခေါ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ စိတ္တေနေဝ စိတ္တီကတာ၊ တေဟိပိ ခေါ ဘိက္ခဝေ

တိရစ္ဆာနဂတေဟိ ပါဏေဟိ စိတ္တညေဝ စိတ္တတရံ။ ဤသို့ ဆန်းကြယ်ပုံကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

အနက်ကား—ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့သည်။ စရဏံနာမ၊ လှည့်လည်၍ ပြရာ ပြကြောင်းဖြစ်၍ စရဏမည်သော။ စိတ္တံ၊ လွန်စွာဆန်းကြယ်လှစွာသော ပြပုံ ကားပုံကြီးကို။ ဒိဋ္ဌံ၊ မြင်အပ်ဘူးသလော။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ ဤအရှင်ဘုရား မိန့်တော်မူသော အတိုင်း မြင်ဘူးပါကုန်၏ ဘုရား။ ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တံ၊ ဆန်းကြယ်လှစွာသော။ တံပိ စရဏံ၊ ထိုပြပုံ ကားပုံကြီးကိုလည်း။ စိတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ စိန္တိတံ၊ ဆန်းကြယ်အောင် ကြံစည်အပ်၏။ ဣတိ၊ ဤသို့ မိန့်တော်မူပြန်၏။ ဘိက္ခဝေ၊ တို့။ စိတ္တေန၊ ဆန်းကြယ်လှစွာသော။ တေန စရဏေန၊ ထိုပြပုံ ကားပုံကြီးထက်။ စိတ္တညေဝ၊စိတ်သည်သာလျှင်။ စိတ္တတရံ၊ လွန်စွာဆန်းကြယ်လှ၏။ ဣတိ၊ ဤသို့ မိန့်တော်မူပြန်၏။ ဘိက္ခဝေ၊ တို့။ တိရစ္ဆာနဂတာ၊ တိရစ္ဆာန်ဖြစ်ကုန်သော။ ယထယိဒံ–ယေ ဣမေ ပါဏာ၊ အကြင်သတ္တဝါ အမျိုးမျိုးတို့သည်။ သန္တိ၊ ရှိကုန်၏။ ဘိက္ခဝေ၊တို့။ ဧဝံ စိတ္တံ၊ ဤတိရစ္ဆာန် အမျိုးမျိုး တွေလောက် ဆန်းကြယ်သော။ အညံ၊ တိရစ္ဆာန်အမျိုးမျိုးမှ တပါးသော။ ယံ ဧကနိကာယံပိ၊ အကြင်တခုသော နိကာယ် အရာမျိုးကိုလည်း။ အဟံ၊ ငါဘုရားသည်။ န သမနုပဿာမိ၊ မြင်တော်မမူမိချေ။ ဝါ၊ မြင်တော်မမူဘူးချေ။ ဘိက္ခဝေ၊တို့။ တိရစ္ဆာနဂတာ၊ တိရစ္ဆာန်ဖြစ်ကုန်သော။ တေပိ ခေါ ပါဏာ၊ ထိုသတ္တဝါအမျိုးမျိုးတို့ကိုလည်း။ စိတ္တေနေဝ၊ စိတ်သည် သာလျှင်။ စိတ္တီကတာ၊ ဆန်းကြယ်အောင် ပြုလုပ်အပ်ကုန်၏။ ဘိက္ခဝေ၊ တို့။ တိရစ္ဆာနဂတေဟိ၊ တိရစ္ဆာန်ဖြစ်ကုန်သော။ တေဟိပိ ခေါ ပါဏေဟိ၊ ထိုသတ္တဝါအမျိုးမျိုးတို့ထက်။ စိတ္တညေဝ၊ စိတ်ကသာလျှင်။ စိတ္တတရံ၊လွန်စွာဆန်းကြယ်လှ၏။

ဤပါဠိတော်၌ ပြပုံကား သည် လွန်စွာ ဆန်းကြယ်၏။ ထိုထက်ပင် စိတ်က ဆန်းကြယ်၏။ တိရစ္ဆာန်အမျိုးမျိုးသည် လွန်စွာဆန်းကြယ်၏။ ထိုထက်ပင် စိတ်က ဆန်းကြယ်၏ ဟု ဟောတော်မူလိုရင်း ဖြစ်၏။ ပြပုံကား ဆန်း-ကြယ်မှုသည် ရေးသားသော ပန်းချီဆရာ၏ စိတ်ဆန်းကြယ်မှုကြောင့် ဖြစ်ရ၏။ သတ္တဝါအမျိုးမျိုး အဆန်းတကြယ် ဖြစ်ရမှုသည်လည်း သတ္တဝါတို့၏ စိတ် ဆန်းကြယ်မှုကြောင့်ပင် ဖြစ်ရ၏။ စိတ် ဆန်းကြယ်လျှင် တဏှာ ဆန်းကြယ်၏။ တဏှာ ဆန်းကြယ်လျှင် ကံ ဆန်းကြယ်၏။ ကံ ဆန်းကြယ်လျှင် သတ္တဝါအမျိုးမျိုး ဖြစ်ရန် ယောနိ, ဂတိ ဆန်းကြယ်၏။ ယောနိ, ဂတိ ဆန်းကြယ်မှုကြောင့် တိရစ္ဆာန်အမျိုးမျိုး ဆန်းကြယ်ရလေ၏။ ဤပါဠိတော်ကို ထောက်၍ "စိတ္တီကရောတီတိ စိတ္တံ" ဟု ဝိဂြိုဟ်ဆိုလေ။ စိတ္တီကရောတိ၊ ဆန်း ကြယ်အောင်ပြုတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ စိတ္တံ၊ စိတ်မည်၏။

စိတ်သည် အာရုံကို သိခြင်း **လက္ခဏာ** ရှိ၏။ နာမ်တရားတို့၏ ရှေ့သွားခြင်း **ရသ** ရှိ၏။ အစဉ်မပြတ် စပ်ဆက်ခြင်း **ပစ္စုပဋ္ဌာန်** ရှိ၏။ နာမ်ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် လေးပါး
ပိုင်းခြားရန် ဂါထာ

(၁) တံတံ သဘာဝေါ လက္ခဏံ၊ ကိစ္စသမ္ပတ္တိယော ရသော။
ဂယှာကာရော ဖလံ ဝါပိ၊ ပစ္စုပဋ္ဌာနသညိတံ။

(၂) အာသန္နကာရဏံ ယံ တံ၊ ပဒဋ္ဌာနန္တိ တံ မတံ။
ဓမ္မာနံ ဝဝတ္ထာနာယ၊ အလံ ဧတေ ဝိဗုဒ္ဓိနော။

ပရမတ္ထဒီပနီကျမ်းလာ ဂါထာ

ဓမ္မာနံ၊ သဘောတရားတို့၏။ တံတံ သဘာဝေါ၊ ထိုထိုသဘောသည်။ လက္ခဏံ၊ လက္ခဏာမည်၏။ ကိစ္စသမ္ပတ္တိယော၊ ပြုခြင်းကိစ္စ, ပြည့်စုံခြင်းသမ္ပတ္တိတို့သည်။ ရသော၊ ရသမည်၏။ ဂယှာကာရောပိ၊ ယူအပ်သော အခြင်းအရာကိုငှင်း။ ဖလံ ဝါ ပိ၊ အကျိုးကိုငှင်း။ ပစ္စုပဋ္ဌာနသညိတံ၊ ပစ္စုပဋ္ဌာန်ဟူ၍ မှတ်အပ်၏။

ယံ တံ အာသန္နကာရဏံ၊ အကြင် နီးလှစွာသော အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုနီးလှစွာသော အကြောင်းကို။ ပဒဋ္ဌာနန္တိ၊ ပဒဋ္ဌာန်ဟူ၍။ မတံ၊ သိအပ်၏။ ဧတေ၊ ထိုဆိုပြီးသော အရာတို့သည်။ ဓမ္မာနံ၊ တရားတို့ကို။ ဝဝတ္ထာနာယ၊ ပိုင်းခြားမှတ်သားခြင်းငှါ။ ဝိဗုဒ္ဓိနော၊ ထူးသော ပညာရှင်အား။ အလံ၊ သင့်လျော်ကုန်၏။ ။စိတ်ပြီး၏။

(၂) **စေတသိက်အကြောင်း။** ။“စေတသိ ဘဝန္တိ စေတသိကံ”။ စေတသိ၊ စိတ်၌။ဘဝံ၊ဖြစ်၏။ဣတိတသ္မာ၊ထိုကြောင့်။ စေတသိကံ၊ စေတသိက်မည်၏။ စိတ်အပေါ်၌ စွဲ၍ဖြစ်ပေါ်သော တွေ့ထိခြင်း ခံစားခြင်းစသော အမူအရာသဘောစုသည် စေတသိက်မည်၏ဟူလို။

တနည်းကား—“စေတသိ နိယုတ္တန္တိ စေတသိကံ”။ စေတသိ၊ စိတ်၌။ နိယုတ္တံ၊ အမြဲယှဉ်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ စေတသိကံ၊ စေတသိက်မည်၏။ စိတ်အပေါ်၌ အမြဲ မှီတွယ်၍နေသော တွေ့ထိခြင်း ခံစားခြင်းစသော အမူအရာ သဘောစုသည် စေတသိက်မည်၏ဟူလို။

စေတသိက်မည်သည် စိတ်၏အမူအရာ အမျိုးမျိုးကို ခေါ်သည်။ စိတ်အပေါ်၌စွဲ၍ဖြစ်ရသည်။ စိတ်၌ အမြဲ မှီတွယ်၍ ဖြစ်ရသည်။ အမြဲ စိတ်နှင့်စပ်၍

ဖြစ်လေ့ရှိသည်။ စိတ်နှင့် ဖြစ်အတူ ပျက်အတူ မှီအတူ အာရုံတူမြဲတည်း။ ထိုကြောင့်“ဖြစ်, ပျက်, မှီ, အာ၊ တူလေးဖြာ၊ အင်္ဂါယှဉ်နိမိတ်”ဟူ၍ စေတသိက်ပိုင်း၌ ဆိုလတ္တံ့။ ဥပမာကား—တခုသော ပန်းခိုင် ပန်းပြွတ်၌ အညွှာတခုတည်း၌သာ ဘွဲ့တွယ်မှီကပ်၍ ပွင့်နေကြသော ပန်းတို့ကဲ့သို့ မှတ်။ ထိုပန်းခိုင်၌ ပန်းပွင့်တို့သည် တူသော အညွှာ ရှိကြကုန်၏။ မကွဲမပြား ကြကုန်ပြီ။ ဝိညာဏက္ခန္ဓာဟု ဆိုအပ်သော စိတ်သည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟု ဆိုအပ်သော စေတသိက်တို့၏ ပုဗ္ဗင်္ဂမပဓာန ရှေ့ဆောင်ပြဋ္ဌာန်းသော တရားဖြစ်၏။ စေတသိက်တို့သည် နောက်လိုက်ငယ်သား အမှီသမားများ ဖြစ်ကြကုန်၏။

**စိတ်နှင့် စေတသိက်အထူးကို** ဥပမာဖြင့် ပြအံ့။ နီ, ဝါ, ဖြူ, ပြေ, ညို, ရွှေ, စိမ်း, ပြာ စသောအားဖြင့် အထူးထူးအပြားပြား အဆင်းရှိသော ဆေးရောင်ခတ်အမျိုးမျိုးတို့ကို ရေနှင့် အသီးအသီးဖျော်၍ တခုသောကား၌ အထူးထူးသော ရုပ်စုံရုပ်ဆန်း ခြူးပန်းခြူးနွယ်တို့ကို ခြယ်လယ်ရေးသားရာဝယ် ကားထက်၌ ဆေး၏ ပြန့်နှံ့ခြင်း စွဲငြိခြင်းသည် ရေ၏ ကိစ္စသာ ဖြစ်၏၊ ဆေးရောင်အမျိုးမျိုး၏ ကိစ္စမဟုတ်၊ အနီ,အပြာ,အဝါ,အစိမ်းစသော အရောင်အမျိုးမျိုး ထင်ရှားမှုသည် ဆေးရောင်အမျိုးမျိုး၏ ကိစ္စဖြစ်၏၊ ရေ၏ ကိစ္စမဟုတ်။ ထို ဥပမာ၌ ကားအထယ်သည် အာရုံနှင့် တူ၏။ ရေသည် စိတ်နှင့် တူ၏။ ဆေးရောင်ခတ်အမျိုးမျိုးသည် စေတသိက်တို့နှင့် တူ၏။ ဆေးခတ်သည် ရေ၌ မှီ၍ အရောင် အမျိုးမျိုးဖြစ်အောင် ဘန်ဆင်းခြယ်လယ်သကဲ့သို့ စေတသိက်တို့သည်လည်း စိတ်၌ မှီ၍လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, သဒ္ဓါ,ပညာစသော သဘောအမျိုးမျိုးတွေဖြစ်အောင် ဘန်ဆင်းခြယ်လယ်တတ်ချေ၏။ ထိုကြောင့် “စိတ်၌မှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ်နှင့်ဒွိတ်၊ စေတသိက်”ဟူ၍ စေတသိက်ပိုင်း၌ ဆိုလတ္တံ့။ ။စေတသိက်ပြီး၏။

(၃) ရုပ်အကြောင်း။ ။“ရုပ္ပတီတိ ရူပံ”။ ရုပ္ပတိ၊ ဘောက်ပြန်ထွေပြားတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ရူပံ၊ ရုပ်မည်၏၊

မြတ်စွာဘုရားရှင်သည်လည်း—

ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။ ကေန ရုပ္ပတိ။ သီတေနာပိ ရုပ္ပတိ၊ ဥဏှေနာပိ ရုပ္ပတိ၊ ဇိဃစ္ဆာယာပိ ရုပ္ပတိ၊ ပိပါသာယာပိ ရုပ္ပတိ၊ ဍံသ,မကသ,ဝါတာတပ,သရီသပ,သမ္ဖဿေဟိပိ ရုပ္ပတိ။

ဟူ၍ ဟောတော်မူ၏။

အနက်ကား—ဘိက္ခဝေ၊ ရဟန်းတို့။ ရုပ္ပတိ၊ ဘောက်ပြန်ထွေပြားတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏၊ ကေန၊ အဘယ်

အကြောင်းကြောင့်။ ရူပ္ပတိ၊ ဘောက်ပြန်ထွေပြားတတ်သနည်း။ သီတေနာပိ၊ သီတတေဇောကြောင့်လည်း။ ရူပ္ပတိ၊ ၏။ ဥဏှေနာပိ၊ ဥဏှတေဇောကြောင့် လည်း။ ရူပ္ပတိ၊၏။ ဇိဃစ္ဆာယာပိ၊ ဆာလောင်ခြင်းကြောင့်လည်း။ ရူပ္ပတိ၊၏။ ပိပါသာယာပိ၊ မွတ်သိပ်ခြင်းကြောင့်လည်း။ ရူပ္ပတိ၊၏။ ဍံသ, မကသ, ဝါတာ- တပ, သရီသပ, သမ္ဖဿေဟိပိ၊ ခြင်, မှက်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ အတွေ့ ကြောင့်လည်း။ ရူပ္ပတိ၊ ဘောက်ပြန်ထွေပြားတတ်၏။

**ရူပနသဘော။** ။ရုပ်တရားတို့သည် နာမ်တရားတို့ထက် ရှည်မြင့်စွာ တည်တံ့နိုင်သော သဘောရှိကုန်၏။ ထိုကြောင့် ထိုရုပ်တရားတို့၏ ဌီခဏတို့၌ သီတုဏှစသော ဆန့်ကျင်ဘက် ဝိရောဓိအကြောင်းတို့နှင့် ပေါင်းဘော် ယှဉ်တွဲမိကြကုန်၏၊ ထိုသို့ ဝိရောဓိအကြောင်းတို့နှင့် ပေါင်းဘက်မိသောအခါ ရှေ့ရုပ်အစဉ်မှ တမျိုးပြောင်း၍ နောက်ရုပ်အစဉ် တမျိုးဖြစ်ပေါ်ကုန်၏။ ဤသို့ ရုပ်အစဉ် တမျိုးပြောင်းမှုကို 'ရူပနသဘော" ခေါ်သည်။ ထိုရူပနသဘောသည် တိုးတက်ပွါးများခြင်း အဘို့ရှိသော ဝဍ္ဎနပက္ခ, ယုတ်လျော့ခြင်းအဘို့ရှိသော ဟာယနပက္ခ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးသော ရူပနသဘောသည် ကမ္ဘာပြုမိုးရွာခြင်း, ကမ္ဘာတည်ခြင်း, အာယုကပ်တို့၏ တိုးတက်ဆုတ်ယုတ် ခြင်း, ကမ္ဘာပျက်ခြင်းစသည်တို့ဖြင့် အလွန်ထင်ရှား၏။ ရုပ်တရားတို့သည် လုံးလုံး လျောင်းလျောင်း ပေါင်း၍တည်ဟန် သဏ္ဌာန်ပုံပန်းအဖြစ်သို့ ရောက် နိုင်သောကြောင့် အကောင်အထည်နှင့် တကွဖြစ်သော တရားမည်ကုန်၏။ ထိုသို့ အကောင်အထည်ရှိသော ရုပ်တရားတို့၌သာလျှင် ဘောက်ပြန်ထွေပြားမှုသည် မျက်မှောက်ထင်ထင် သိမြင်လွယ်လှ၏။ ထိုကြောင့် ရုပ်ဟူသော အမည်သည် အကောင်အထည်ရှိသော တရားမျိုးတို့၌သာ ထင်ရှား၏။ နာမ်တရားတို့သည် ကား အကောင်အထည်ရှိသော တရားမျိုး မဟုတ်ကြကုန်။ ထိုနာမ်တရားတို့၏ ဘောက်ပြန် ထွေပြားမှုသည်လည်း ပစ္စက္ခအားဖြင့် မထင်ရှား။ ရုပ်တရားတို့၏ ဘောက်ပြန်ထွေပြားမှုကို မြင်ရ ကြားရ မေးမြန်းမှုသာလျှင် နာမ်တရားတို့၏ ဘောက်ပြန်မှု ထင်ရှား၏။ ထိုကြောင့် နာမ်တရားတို့မှာ ရုပ်ဟူသောအမည်ဖြင့် မလျှဉ်းပါးသင့်ချေ။ ။ရုပ်ပြီး၏။

(၄) **နိဗ္ဗာန်အကြောင်း။** ။"နိဗ္ဗာယန္တိ သဗ္ဗေ ဝဋ္ဋဒုက္ခသန္တာပါ ဧတသ္မိန္တိ နိဗ္ဗာနံ"။ဧတသ္မိံ၊ ထိုနိဗ္ဗာန်၌။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ဝဋ္ဋဒုက္ခသန္တာပါ၊ ဝဋ်ဆင်းရဲ အပူအပင် ဟူသမျှတို့သည်။ နိဗ္ဗာယန္တိ၊ ချုပ်ငြိမ်းကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ဒုက္ခ အပူအပင် ဟူသမျှတို့၏ ချုပ်ငြိမ်း ရာဖြစ်သော သတ္တိကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ (အဘိဓာန်ဋီကာ ဝိဂြိုဟ်)။

အလုံးစုံသော ပူပင်စဘွယ် အသွယ်သွယ်သော ဝဋ္ဋဒုက္ခအမျိုးမျိုးတို့၏ ကုန်ရာ ငြိမ်းရာ ဓာတ်သိမ်းရာဖြစ်သော သဘောတရားသည် နိဗ္ဗာန် မည်၏ ဟူလို။ ထိုကြောင့် ရုပ်ပိုင်း၌ "ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဓာတ်သိမ်း ပြည်နိဗ္ဗာန်"ဟူ၍ ဆိုလတ္တံ့။

တနည်း ဝိဂ္ဂြိုဟ်ကား "နိဗ္ဗာယန္တိ အရိယဇနာ ဧတသ္မိန္တိ နိဗ္ဗာနံ"။ဧတသ္မိံ၊ ထို နိဗ္ဗာန်ကို။ အဓိဂတေ၊ ရအပ်သည်ရှိသော်။ အရိယဇနာ၊ အရိယာ သူတော် ကောင်းတို့သည်။ နိဗ္ဗာယန္တိ၊ ဝဋ္ဋဓာတ်သိမ်း၍ ချုပ်ငြိမ်း ချမ်းသာကြကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

တနည်းကား—"ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ"။ ဝါနတော၊ ဘဝကြီး, ငယ် အသွယ်သွယ်သော ဓာတိကို ဘွဲ့စည်းချုပ်နှောင်တတ်၍ ဝါနမည်သော တဏှာမှ။ နိက္ခန္တံ၊ ထွက်မြောက်သည်ဘည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန် မည်၏။ ရုပ်ပိုင်းသို့ကျမှ နိဗ္ဗာန်အဓိပ္ပါယ်ကို အကျယ်ဘွင့်ဆိုလိမ့်မည်။

ပရမတ္ထတရားလေးပါး အဖွင့် ပြီး၏။

---

## ပရမတ်, ပညတ်ခွဲပုံ

(၂) သိ,ပယ်,ဆိုက်,ပွါး၊ လေးပါးကိစ္စ၊ အပိုင်ရ၊ ပုချပရမတ်။

ပရမတ္ထနှင့်ကိစ္စလေးရပ်။ ။ဤ ကဗျာဖြင့် ပရမတ္ထသဘော အမှန်ကို ပြဆို၏။ သစ္စာသဘောသည်'အဝိပရိတ'မှုချမှန်ကန် မဘောက် ပြန်သော သဘောမျိုးဖြစ်၍ ၎င်းသစ္စာလေးပါးကိစ္စဖြင့် ပရမတ္ထဓမ္မစုကို အသီး အသီး ပိုင်းခြား၍ ပြ၏။

အကြင် တရားမျိုးသည် ပိုင်းခြား၍ သိသင့် သိထိုက်သော 'ပရိညာကိစ္စ' အတွင်းသို့ ပါဝင်၏။ ထိုတရားမျိုးသည် ဒုက္ခသစ္စာ ပရမတ်မည်၏။

ပယ်သင့် ပယ်ထိုက်သော 'ပဟာနကိစ္စ'အတွင်းသို့ ပါဝင်သော တရားမျိုး သည် သမုဒယသစ္စာ ပရမတ်မည်၏။

မျက်မှောက်ပြုသင့် ဆိုက်ရောက်သင့်သော'သစ္ဆိကရဏကိစ္စ'အတွင်းသို့ ပါဝင် သော တရားမျိုးသည် နိရောဓသစ္စာ ပရမတ်မည်၏။

ပွါးများသင့် ပွါးများထိုက်သော 'ဘာဝနာကိစ္စ'အတွင်းသို့ ပါဝင်သော တရားမျိုးသည် မဂ္ဂသစ္စာ ပရမတ်မည်၏။

**သစ္စာ ၂-မျိုးနှင့် သမ္မုတိသစ္စာသဘော။** ။ထိုကိစ္စကြီးလေးပါးသို့ မပါမဝင်သော တရားမျိုးသည် ပရမတ်မဟုတ်၊ သမ္မုတိသစ္စာ ခေါ်သော ပညတ်မျိုး မည်၏။

ထင်စွာချဲ့၍ ဆိုဦးအံ့—သစ္စာသည် သမ္မုတိသစ္စာ,ပရမတ္ထသစ္စာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပုဂ္ဂိုလ်, သတ္တဝါ, ဗြဟ္မာ, လူ,နတ်, နဂ္ဂတ်, တာရာ, သမုဒ္ဒရာ, တော, တောင် အစရှိသော ပညတ် တရားစုသည် သဘောအားဖြင့် ထင်ရှား မရှိကုန်။ ထိုသို့ပင် ထင်ရှား မရှိကြကုန်သော်လည်း ဟုတ်မှန်သောအတိုင်း ပရမတ္ထသဘာဝကို မသိကုန်သော သူတို့၏ စိတ်၌ အကောင်အထည် စသည်တို့နှင့် တကွ အကြီးအကျယ် ရှိကုန်၏ဟု ထင်မြင် မှတ်ယူကြကုန်၏။ ထိုယထာဘူတဉာဏ်ကို မရကြကုန်သော သူအများတို့သည်လည်း ညီညီညွတ်ညွတ် တသမတ်တည်း ပုဂ္ဂိုလ်, သတ္တဝါ, သမုဒ္ဒရာ, တော, တောင် စသည်တို့သည် ကေန်စင်စစ် ရှိကြကုန်၏ဟု စွဲမြဲ မှတ်ယူကြကုန်၍ ခေါ်ဝေါ်လည်း ခေါ်ဝေါ်ကြကုန်၏။ ခေါ်ဝေါ် ပြောဆိုသော အတိုင်း ဝန်ခံလည်း ဝန်ခံကြကုန်၏။ ထိုသို့လျှင် ပုထုဇ္ဇန် လူများအပေါင်းတို့သည် အညီအညွတ် တသမတ်တည်း သမုတ်ခေါ်ဆိုအပ်လေသဖြင့် ပြောဆိုခေါ်ဝေါ်ခြင်း ဝစီသစ္စာ, ပိဋကသစ္စာတို့၏ တည်ရာဝတ္ထု ဖြစ်လေသောကြောင့် ပြဆိုအပ်ပြီးသော ပုဂ္ဂိုလ်, သတ္တဝါ, သမုဒ္ဒရာ, တော, တောင် စသော ပညတ်တရားစုသည် သမ္မုတိသစ္စာ မည်၏။ ထိုသမ္မုတိသစ္စာအရာ၌ တည်၍ ကောင်းမှုန်ဖြောင့်မှန်စွာ ကျင့်ကြကုန်သည်ရှိသော် အလုံးစုံသော လောကီ စည်းစိမ်တို့ကိုလည်း ရနိုင်ကုန်၏။ ထိုသမ္မုတိသစ္စာ၌ တည်၍ပင်လျှင် ဗောဓိသုံးပါး၏ ပါရမီတို့ကိုလည်း ဖြည့်ကျင့်ဆည်းပူးကြရကုန်၏။ မကောင်းသဖြင့် ကျင့်သောသူတို့သည် အပါယ်လေးပါးသို့ လားခြင်း, ဆင်းရဲဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံရခြင်း စသော မကောင်းသော အကျိုးတို့ကို ခံစားရကုန်၏။ သမ္မုတိသစ္စာသည် ဤဂျလောကပင်ကြီးကျယ်သော အရာဌာနကြီး တခု ဖြစ်၏။

ထို သမ္မုတိသစ္စာသည် ပရမတ္ထသစ္စာနှင့် နှိုင်းစာလျှင် အမှန်သို့ မရောက်ဘဲ မှောက်မှားသော အရာတို့သာ ဖြစ်ကုန်၏။ ထိုစကားမှန်၏—သမ္မုတိသစ္စာစုသည် သဘောအားဖြင့် ထင်ရှားမရှိလေဘဲ ယထာဘူတ ဉာဏ်မဲ့သော လူများအပေါင်းကို ထင်ရှားရှိသော အဟန်အယောင်ဖြင့် ထင်မြင်မှတ်ယူစေနိုင်၏။ သက္ကာယဒိဋ္ဌိ စသော ဒိဋ္ဌိအမျိုးမျိုး, မိစ္ဆာအမျိုးမျိုးတို့၏ တည်ရာမှီရာ ဝတ္ထုဖြစ်၍ ယထာဘူတဉာဏ် ကင်းသော သူများအပေါင်းကို သံသရာဝဋ္ဋဒုက္ခကွင်းမှ လွတ်ကင်းရန် အခွင့်ကို မပေးသော တရားမျိုးဖြစ်၏။ သမ္မုတိသစ္စာသည် ဤမျှလောက် ဘောက်ပြန် မှားယွင်းလှ၏။ ဤမျှလောက်ပင် အပြစ်ကြီးပါလှချေ၏။ ဤကား သမ္မုတိသစ္စာကို ပြဆိုချက်တည်း။

**ပရမတ္ထသစ္စာ ၂-မျိုးနှင့် သဘာဝသစ္စာအကြောင်း။** ။ပရမတ္ထသစ္စာသည်လည်း သဘာဝသစ္စာ, အရိယသစ္စာဟူ၍ နှစ်ပါး အပြားရှိပြန်၏။ ထိုနှစ်ပါးတို့တွင် မမ္မသင်္ဂဏီ အစရှိသော အဘိဓမ္မာပိဋကတ်တော်များ၌ ဝေဘန်၍ ဟောတော်မူအပ်သော ကုသိုလ်စသော တရားစုသည် သဘာဝသစ္စာ မည်၏။

ထိုစကား မှန်၏။ ထိုကုသိုလ်စသော တရားစုသည် ကိုယ်တိုင်ပင် သဘော အားဖြင့် ထင်ရှားရှိလေသောကြောင့် ကုသိုလ်တရားမည်သည် ရှိ၏။ သုခဝေဒနာ မည်သည် ရှိ၏။ ဤသို့ စသည်ဖြင့် ယူမှတ်သောသူတို့ကို မချွတ်မယွင်းစေနိုင်သည် ဖြစ်၏။

ထိုသဘာဝသစ္စာသည် အရိယသစ္စာအရာသို့ ဝင်ရောက်ပြန်ကုန်သည်ရှိသော် အချို အမှန်အစစ် မဟုတ်ပြန်ကြလေကုန်။

ထင်စွာ ပြဦးအံ့—'အနုဘဝနဘေဒ'ကို စွဲ၍ ဝေဒနာသည် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဟူ၍ သုံးပါးရှိကြောင်းဖြင့် လာ၏။ စင်စစ် ချမ်းသာသောကြောင့် သုခဝေဒနာ မဆိုလို။ အနိစ္စ သင်္ခတစသော ဒုက္ခ အခြင်းအရာတို့နှင့် ဆက်ဆံလျက် ရှိနေသောကြောင့် အလုံးစုံသော ဝေဒနာ သည် သုခဟူ၍ မရှိ၊ ဒုက္ခဝေဒနာသာ အမှန်အစစ် ဖြစ်၏။

"ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ"ဟူသည်နှင့်အညီ အပြစ် မရှိ ကောင်းသော ချမ်းသာသော အကျိုးကို ပေးတတ်သော လက္ခဏာကြောင့် ကုသိုလ်ဟူ၍ ဆိုရခြင်းသည် အကုသိုလ်ကို ထောက်၍သာ ဆိုရ၏။ စင်စစ် ကောင်းသော ချမ်းသာသော အပြစ်မရှိသော အကျိုးကို ပေးသည် မဟုတ်။ "ဒုက္ခံ တေဘူမကံ ဝဋ္ဋံ" "သဗ္ဗေ သင်္ခါရာ ဒုက္ခာ"ဟူသည်တို့နှင့်အညီ အလုံး စုံသော ဘုံသုံးပါးစုနှင့် အလုံးစုံသော သင်္ခါရစုသည် ဒုက္ခ စင်စစ်သာ ဖြစ်၏။ ကုသိုလ်တရားစုသည် ထိုဝဋ်သုံးပါးအကျိုးကိုသာ ပေးစွမ်းနိုင်သောကြောင့် ဒုက္ခ ဝိပါက တရားစုသာ စင်စစ် မည်ချေ၏၊ သုခဝိပါကတရားစု မဟုတ်ချေ။ ဤနည်း အတိုင်း သဘာဝသစ္စာနှင့် ပရမတ္ထသစ္စာနှစ်ပါးကို တိုက်ဆိုင် နှိုးနှောလေ။

**အရိယသစ္စာအကြောင်း။** ။အရိယသစ္စာဆိုသည်ကား အလုံးစုံသော တေ- ဘူမက ဝဋ္ဋတရားစု၏ ဒုက္ခ သဘောစစ်, တဏှာ တရား၏ ဒုက္ခသမုဒယ သဘောစစ်, နိဗ္ဗာန်တရား၏ ဒုက္ခနိရောဓ သဘောစစ်, မဂ္ဂင်ရှစ်ပါး တရားစု၏ ဒုက္ခနိရောဓမဂ္ဂ သဘောစစ်, ဤသဘောလေးပါးတည်း။

ဤသဘော လေးပါးသည် မဘောက်မပြန် စင်စစ် မှန်သောကြောင့် အရိယ သစ္စာ မည်၏။ ထိုအရိယသစ္စာသည်သာလျှင် ယထာဘူတဉာဏ်ကို ရတော်မူကြ

ကုန်သော အရိယာသူတော်မြတ်တို့၏ ဉာဏ်၌ မလှုပ်မရှား တသားတည်း မှန်ကန်စွာ ထင်လာ၏။ ဘောက်ပြန်ခြင်း မရှိချေ။

**ပရမတ္ထသဒ္ဒါ၏ အနက်အဓိပ္ပါယ်။** ။ပရမတ္ထသဒ္ဒါ၏ ဝိဂ္ဂဟ်ကား "ပရမော အဝိပရီတော အတ္ထောတိ ပရမတ္ထော"။

ပရမော အဝိပရီတော၊ မဘောက်မပြန်သော။ အတ္ထော၊ သဘောတည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ပရမတ္ထော၊ ပရမတ္ထ မည်၏။

ဤအရာ၌ အတ္ထသဒ္ဒါ၏ အနက်သွားကို ထင်ရှားစေဦးအံ့။ အတ္ထသည် (၁) မိမိသဘောအားဖြင့် ပြီးစီးထင်ရှားလျက်ရှိသော သဘာဝသိဒ္ဓအတ္ထ, (၂) သဘောအားဖြင့်မရှိဘဲ ကြံဆခြင်းအားဖြင့်ပြီးသော ပရိကပ္ပသိဒ္ဓအတ္ထဟူ၍ နှစ်ပါး အပြား ရှိ၏။

ထိုနှစ်ပါးတို့တွင် အကြင်သဘောတရားစုသည် သူတပါးတို့၏ ညွှန်ကြားစီရင်ဘွယ်နှင့် ကင်း၍ မိမိသဘော လက္ခဏာအားဖြင့် အသီးအခြား ထင်ရှားရှိလေ၏၊ ထိုသဘောတရားသည် သဘာဝသိဒ္ဓအတ္ထ မည်၏။ တရားကိုယ်များကား စိတ် ၈၉, စေတသိက် ၅၂, ရုပ် ၂၈, နိဗ္ဗာန်တရားများပေတည်း။

ထိုမှတပါး အကြင် သဘောစုသည် မိမိသဘောလက္ခဏာအားဖြင့်မူကား ထင်ရှားမရှိ။ ထင်ရှားရှိသော သဘောစု၏ အထူးထူးသော အခြင်းအရာ အာကာရစုကို စွဲ၍ အထူးထူး အပြားပြားကြံဘန်ပြီးလျှင် အကောင်အထည် အငယ်အကြီး အသီးသီး စိတ်ဖြင့် ကြံဘန်မှတ်ထင်အပ်၏၊ ထိုသဘောစုသည် ပရိကပ္ပသိဒ္ဓအတ္ထမည်၏။ တရားကိုယ်ကား ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, နေ, လ, တာရာ, သမုဒ္ဒရာ, တော, တောင် စသည်တို့ပေတည်း။

ထိုနှစ်ပါးသော အတ္ထတို့တွင် ဤနေရာ၌ သဘာဝသိဒ္ဓအတ္ထကို ပြလိုသဖြင့် အဝိပရိတ, ဥက္ကံသဂတ အနက်ရှိသော ပရမသဒ္ဒါနှင့် တွဲစပ်၍ "ပရမော အဝိပရီတော အတ္ထောတိ ပရမတ္ထော"ဟူ၍ဆိုပေသတည်း။

တနည်း ဝိဂ္ဂဟ်ကား "ပရမော ဥတ္တမော အတ္ထောတိ ပရမတ္ထော"။ပရမော ဥတ္တမော၊ မြတ်သော။ အတ္ထော၊သဘောတရားတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ပရမတ္ထော၊ ပရမတ္ထ မည်၏။

ချဲ့၍ပြဦးအံ့—အကြင်တရားသည် စင်စစ် သိမြင်ခြင်းငှါ ထိုက်သော အဘိညေယျတရားမျိုး ဖြစ်၏၊ ထိုတရားကို သိမြင်အောင် အဘိညာကိစ္စဖြင့် ကျင့်ကြံအားထုတ်၏။ ထိုသို့ အားထုတ်သောသူတို့သည် လိုအပ်သော နိဗ္ဗာန်တိုင်အောင် အကျိုးတရားစုကို ပြီးစီးစေနိုင်၏။ အကြင်တရားသည် ပယ်သင့် ပယ်ထိုက်သော ပဟာတဗ္ဗတရားမျိုး ဖြစ်၏၊ ထိုတရားကို ပယ်နိုင်အောင် ပဟာနကိစ္စဖြင့် အားထုတ်သောသူသည် လိုအပ်သော နိဗ္ဗာန်တိုင်အောင် အကျိုးစုကို ပြီးစီး

စေနိုင်၏။ အကြင်တရားသည် မျက်မှောက်ကိုယ်တွေ့ ပြုသင့်သော သစ္စိကာတဗ္ဗတရားမျိုး ဖြစ်၏၊ ထိုတရားကို မျက်မှောက်ပြုနိုင်အောင် သစ္စိကရဏကိစ္စဖြင့် အားထုတ်သောသူသည် လိုအပ်သောနိဗ္ဗာန်တိုင်အောင် အကျိုးစုကိုပြီးစီးစေနိုင်၏။ အကြင် တရားသည် ပွါးများသင့် ပွါးများထိုက်သော ဘာဝေတဗ္ဗတရားမျိုး ဖြစ်၏၊ ထိုတရားကို ပွါးများခြင်း ဘာဝနာကိစ္စဖြင့် အားထုတ်သောသူသည် လိုအပ်သော နိဗ္ဗာန်တိုင်အောင် အကျိုးစုကို ပြီးစီးစေနိုင်၏။ ထိုသို့ အလိုရှိသော အကျိုးကို ပြီးစီးစေနိုင်သောကြောင့် သစ္စာလေးပါးနယ်သို့ ပါဝင်သော တရားစုကို မြတ်သော သဘောဟု ဆိုရလေသည်။ ထိုကြောင့် "ပရမော ဥတ္တမော အတ္ထော ပရမတ္ထော"ဟူ၍ ဝိဂ္ဂဟ် ဆိုခဲ့ပေသည်။ ပရမတ္ထတရားစု၌သာ သစ္စာလေးပါး၏ကိစ္စအသီးသီးကို ရနိုင်လေသည်။ ပညတ်တရားစု၌ကား သစ္စာလေးပါးကိစ္စကို မရနိုင်ချေ။ ထိုကြောင့် "သိ, ပယ်, ဆိုက်, ပွါး၊ လေးပါးကိစ္စ၊ အပိုင်ရ၊ မုချပရမတ်"ဟူ၍ ဆိုလေသတည်း။

## ဘူမိဘေဒအားဖြင့် စိတ်လေးပါး

(၆) **ကာမ, ရူပ၊ အရူပ၊ လောကုတ္တရာ။**

ဤကဗျာဖြင့် ပရမတ္ထတရား လေးပါးတို့တွင် စိတ်ပရမတ်၏ ဘူမိဘေဒအားဖြင့် လေးပါး ရှိကြောင်းကို ပြဆို၏။ ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်, လောကုတ္တရာစိတ်ဟု ဆိုလိုသည်။

**ဘုံလေးမျိုး။** ။ဘူမိဘေဒဟူရာ၌ ဘုံသည် အာရမ္မဏဘုံ, သဟဇာတဘုံ, ဌာနဘုံ, အဝတ္ထာဘုံဟူ၍ လေးပါး အပြား ရှိ၏။

ထိုလေးပါးတို့တွင် ဝိပဿနာဉာဏ်တို့၏ အာရုံပြုရာဖြစ်သော ခန္ဓာငါးပါးသည် အာရမ္မဏဘုံ မည်၏။

"သုခဘူမိယံ ကာမာဝစရေ"စသည်ဖြင့် လာသော သုခဝေဒနာ၏ ဖြစ်ရာဖြစ်သော သုခသဟဂုတ်စိတ် ၆၃-ခုသည် သဟဇာတဘုံ မည်၏။

အပါယ်ဘုံ, မနုဿဘုံစသော ဩကာသလောကသည် ဌာနဘုံ မည်၏။

တရားတမ်း၌ ပထမ ဆယ်နှစ်ရွယ်သည် မန္ဒဘုံ မည်၏။ ဒုတိယ ဆယ်နှစ်ရွယ်သည် ခိဍ္ဍာဘုံ မည်၏။ တတိယ ဆယ်နှစ်ရွယ်သည် ဝဏ္ဏာဘုံ မည်၏။ ဤသို့စသည် ဆိုလေ။ လူအဖြစ်သည် ဂဟဋ္ဌဘုံ မည်၏။ သာမဏေ အဖြစ်သည် သာမဏေရဘုံ မည်၏။ ထိုနှစ်ပါးစုံသည် အနုပသမ္ပန္နဘုံ မည်၏။ ရဟန်းအဖြစ်သည် ဥပသမ္ပန္နဘုံ မည်၏။ ပုထုဇ္ဇန်အဖြစ်သည် ပုထုဇ္ဇန်ဘုံ မည်၏။ အရိယာအဖြစ်သည် အရိယာဘုံ မည်၏။ ဤသို့လျှင် အဆင့်ဆင့် ဖြစ်ပေါ် ကူးပြောင်း၍

ဆောက်အပ်သော ပရမတ္ထဓမ္မတို့၏ အခိုက်အတန့်ကို စွဲ၍ ခေါ်သော ဘုံသည် အဝတ္ထုဘုံ မည်၏။

ကာမဘုံ, ရူပဘုံ, အရူပဘုံခေါ်သည်မှာ ဌာနဘုံ, အဝတ္ထုဘုံ နှစ်ချက်သင့်၏။ ဌာနလည်း ခြားနားလျက် ရှိပေ၍ ဌာနဘုံလည်း သင့်ပေသည်။

(၇) "တဏှာတြိ၊ ပိုင်းခြားဘိ၊ ဘူမိစတုဖြာ"။

ဟူသည်နှင့် အညီ အုပ်စိုးသော တဏှာသုံးပါးဖြင့် ပိုင်းခြားလျက် ရှိပြန်သောကြောင့် အဝတ္ထုဘုံလည်း သင့်ပေသည်။ ကာမတဏှာ အုပ်စိုးလျက်ရှိသောဘုံသည် ကာမဘုံမည်၏။ ရူပတဏှာ အုပ်စိုးလျက်ရှိသော ဘုံသည် ရူပဘုံမည်၏။ အရူပတဏှာ အုပ်စိုးလျက်ရှိသော ဘုံသည် အရူပဘုံမည်၏။ မဂ်တရား ဖိုလ်တရားစုသည် တဏှာသုံးပါး၏ အုပ်စိုးခြင်းမှ ကင်းလွတ်၍ တည်သောကြောင့် အဝတ္ထုဘုံ မည်၏။ နိဗ္ဗာန်သည် တဏှာသုံးပါး၏ အုပ်စိုးခြင်းမှလည်း, သင်္ခတအဖြစ်မှလည်း လွတ်၍ အဝတ္ထုဘုံမည်၏။

**ကာမာဝစရပုဒ် အဓိပ္ပါယ်။** ။ကာမာဝစရ စသည်တို့ကို ထင်စွာ ပြဆိုအံ့။ "ကာမာဝစရံ" ပုဒ်၌ "ကာမ" ပုဒ်, "အဝစရ" ပုဒ်။

"ကာမ"သည် ကိလေသကာမ, ဝတ္ထုကာမဟူ၍ နှစ်ပါး အပြားရှိ၏။ ဝိဂ္ဂဟ်ကား "ကာမေတီတိ ကာမော"။ ကာမေတိ၊ အလိုရှိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကာမော၊ ကာမမည်၏။ ကိလေသကာမကိုရစေ။ "ကာမီယတီတိ ကာမော"။ ကာမီယတိ၊ အလိုရှိအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကာမော၊ ကာမမည်၏။ ဝတ္ထုကာမကို ရစေ။ မဟာနိဒ္ဒေသပါဠိတော်၌ဝေဘန်၍ပြအပ်သော သုတ္တန်နည်းအားဖြင့် ကာမတဏှာ, ရူပတဏှာ, အရူပတဏှာဟူသော တဏှာရာဂလောဘ အားလုံးသည် ကိလေသကာမ မည်၏။ တေဘူမကဓမ္မ အားလုံးသည် ဝတ္ထုကာမ မည်၏။ "ကာမာဝစရံ"ဟူသော ပုဒ်ကို ဘွင့်ကြကုန်သော အဋ္ဌကထာ, ဋီကာကြီး, ငယ် တို့၌ ဤသုတ္တန်နည်းအတိုင်းသာ ဘွင့်တော်မူကြကုန်၏။ သို့ရာတွင် စိတ်ကို ဘူမိဘေဒအားဖြင့် ပိုင်းခြားဝေဘန်ရာဌာန၌ ထိုသုတ္တန်နည်းကို မလိုအပ်။ ရူပ, အရူပ တရားများကို ကာမဟူ၍ ဆိုသော အဘိဓမ္မာပါဠိ မရှိချေ။ ထိုကြောင့် ဤအရာဌာန၌ အဘိဓမ္မာ နည်းအားဖြင့် ကာမစိတ် စတုပညာသ, စေတသိက် ဒွိပညာသ, ရုပ် အဋ္ဌဝီသ ကိုသာ ဝတ္ထုကာမဆိုရမည်။

ထိုဝတ္ထုကာမကို သာယာတပ်မက်သော တဏှာလောဘကိုသာ ကိလေသကာမဆိုရမည်။

**ကာမဘုံ** ထိုကာမ နှစ်ပါးစုံ၏ ဖြစ်ထွန်းရာသော ဘုံသည် ကာမဘုံမည်၏။ ဝိဂ္ဂဟ်ကား "ကာမဿ ဘဝေါ ကာမော"။ ကာမဿ၊ ကိလေသကာမ, ဝတ္ထုကာမ နှစ်ပါး၏။ ဘဝေါ၊ ဖြစ်ရာတည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ကာမော၊

ကာမမည်၏။ ကာမ တဆယ့်တဘုံကိုရစေ။ ထိုကာမဘုံသည် ဌာနဘုံ, အဝတ္ထာဘုံဟူ၍ နှစ်ပါးအပြားရှိ၏။ အပါယ်လေးဘုံ, လူ့ဘုံ, နတ်ပြည်ခြောက်ထပ်, ဤတဆယ့်တဘုံသည် ဌာနကာမဘုံမည်၏။ ရူပါဝစရ ဗြဟ္မာ့ဘုံ အတွင်းတွင် ပါဝင်ကုန်သော ဘုံ, ဗိမာန်, ရေကန်, ဥယျာဉ် စသည်တို့သည်ရင်း ရူပါဝစရ ဗြဟ္မာတို့၏ ရုပ်ခန္ဓာ အစုတို့သည်ရင်း ထိုဗြဟ္မာတို့၏ သန္တာန်၌ ဖြစ်သော လောဘမူ, မောဟမူ, စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, အာဝဇ္ဇန်းဒွေး, ဟသိတုပ္ပါဒ်, မဟာကုသိုလ်, မဟာကြိယာ စိတ်တို့နှင့် သမ္ပယုတ်ဖြစ်သော စေတသိက် အစဉ်တို့သည်ရင်း အဝတ္ထာကာမဘုံ မည်၏။ အရူပဗြဟ္မာတို့၏ သန္တာန်၌ ဖြစ်သော လောဘမူ, မောဟမူ, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်,မဟာကြိယာ စိတ်တို့နှင့် သမ္ပယုတ် ဖြစ်သော စေတသိက်အစဉ်တို့သည်လည်း အဝတ္ထာကာမဘုံမည်၏။ ဌာနဘုံ, အဝတ္ထာဘုံ ၂-ပါးတို့တွင်လည်း အဝတ္ထာဘုံသည်သာ ပဓာနဖြစ်၏။ ။ကာမစစ်ချက်ပြီး၏။

"အဝစရံ"ပုဒ်၌ "အဝ"ဟူသော ဥပသဂ္ဂ သဒ္ဒါသည် ရောနှော ပေါင်းယှဉ် အကျုံးဝင်ခြင်းအနက်ကို ဟော၏။ "စရ" သဒ္ဒါသည် ကျင်လည်ခြင်း ဖြစ်ခြင်း အနက်ကို ဟော၏။ "ကာမေ အဝစရတီတိ ကာမာဝစရံ"။ ယံစိတ္တံ၊ အကြင် စိတ်သည်။ ကာမေ၊ ဌာနကာမဘုံ, အဝတ္ထာကာမဘုံ နှစ်ပါးစုံ၌။ အဝစရတိ၊ တမျိုးဟည်း တနွယ်ဘည်း ရောနှောသက်ဝင်၍ ကျင်လည်တတ် ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တံ စိတ္တံ၊ ထိုစိတ်သည်။ ကာမာဝစရံ၊ ကာမာဝစရစိတ် မည်၏။ ဌာနဘုံ, အဝတ္ထာဘုံဖြစ်သော ကာမတရားတို့နှင့် ကာမ တမျိုးတည်း ကာမတနွယ်တည်း ဖြစ်အောင် ရောနှော၍ ဖြစ်သော စိတ်ကိုသာ ကာမာဝစရစိတ်ဆိုရမည်။ ကာမပုဂ္ဂိုလ်သန္တာန်၌ ဥပါဒ်ကာမျ ဖြစ်ကာမျနှင့် ကာမာဝစရစိတ်မဆိုရ ဟူလိုသည်။

ရူပစိတ်, အရူပစိတ်, လောကုတ္တရာစိတ် များသည် ကာမပုဂ္ဂိုလ် သန္တာန်၌ ဖြစ်ပါသော်လည်း ကာမဘဝင်တို့နှင့် တမျိုးတည်း တနွယ်တည်း ရောနှောသက်ဝင်၍ ဖြစ်ကြသည် မဟုတ်ပေ။ ကာမမျိုး ကာမနွယ်မှ ကျွတ်လွတ်၍ အဝတ္ထာဘုံအသီး တည်ထောင်ကာ ဖြစ်ကြပေသည်။ ထိုကြောင့် ထိုစိတ်များကို "ကာမေ အဝစရတိ"အနက်နှင့် သက်သက် မဆိုင်ပေရကား ကာမာဝစရ မခေါ်ရပေ။ ကာမပုဂ္ဂိုလ်သန္တာန်မှာ အသီး တည်ထောင်ကာ ဖြစ်လာသော ထိအဝတ္ထာဘုံသည် ရူပဘုံ, အရူပဘုံ, လောကုတ္တရာဘုံ စင်စစ်သာ ဖြစ်ပေရကား ထိုစိတ်များသည် "ရူပေ အဝစရတိ" "အရူပေ အဝစရတိ"စသော အနက်များ၌သာ သက်ဝင်ပေသောကြောင့် ရူပါဝစရစိတ်, အရူပါဝစရစိတ်, လောကုတ္တရာစိတ် ဟူ၍သာ ခေါ်ဆိုခွင့် ရပေသည်။ ရူပဘုံ, အရူပဘုံတို့၌ ဖြစ်ကြသော လောဘမူစိတ်, မောဟမူစိတ် စသည်များသည်လည်း ရူပဘဝင်,

အရူပဘဝင်တို့နှင့် တမျိုးတည်း တနွယ်တည်း ဖြစ်အောင် ရောနှော သက်ဝင်၍ ဖြစ်ကြသည် မဟုတ်ပေ။ မဟဂ္ဂုတ်မျိုး, မဟဂ္ဂုတ်နွယ်မှ ကျွတ်လွတ်၍ အဝတ္တာ ကာမဘုံ အသီး တည်ထောင်ကာ ဖြစ်ကြပေကုန်သည်။ ထိုကြောင့် ထိုစိတ်များ ကို "ရူပေ အဝစရတိ" "အရူပေ အဝစရတိ" အနက်တို့နှင့် သက်သက် မဆိုင် ပေရကား ရူပါဝစရစိတ်, အရူပါဝစရစိတ် မခေါ်ထိုက်ကြပေ။ "ကာမေ အဝ-စရတိ"အနက်၌သာ ဆိုက်တိုက်လာသည်နှင့် ကာမာဝစရ စိတ်သာ ခေါ်ထိုက် ပေသည်။ ကာမမျိုး ကာမနွယ်မှ ကျွတ်လွတ်သည်ဟူရာ၌ ကာမတဏှာ၏ ကျက်စားရာ အာရုံအဖြစ်မှ ကျွတ်လွတ်သည်ကို ယူ။ မဟဂ္ဂုတ်မျိုး မဟဂ္ဂုတ် နွယ်မှ ကျွတ်လွတ်သည် ဟူရာ၌လည်း ရူပတဏှာ, အရူပတဏှာတို့၏ ကျက်စားရာ အာရုံအဖြစ်မှ ကျွတ်လွတ်သည်ကို ယူ။ ကာမာဝစရသဒ္ဒါ၏ အနက်ကို ဓမ္မဟဒယဝိဘင်း ပါဠိတော်၌—

"ကတမေ ဓမ္မာ ကာမာဝစရာ။ ဟေဋ္ဌတော အဝီစိနိရယံ ပရိယန္တံ ကရိတွာ ဥပရိတော ပရနိမ္မိတဝသဝတ္တိဒေဝေ အန္တောကရိတွာ ယံ ဧတသ္မိံ အန္တရေ ဧတ္ထာဝစရာ ဧတ္ထ ပရိယာပန္နာ ခန္ဓ,ဓာတု, အာယတနာ, ရူပံ, ဝေဒနာ, သညာ, သင်္ခါရာ, ဝိညာဏံ၊ ဣမေ ဓမ္မာ ကာမာဝစရာ"။

ဟူ၍ပြ၏။ အနက်လွယ်ပြီ။

ဤပါဠိတော်၌ "အန္တောကရိတွာ" တိုင်အောင်သော ပါဌ်တို့ဖြင့် "ကာမ"၏ အရ ဌာနဘုံကို ပိုင်းခြား၍ ပြတော်မူသည်။ "ဧတ္ထာဝစရာ" ဟူသောပါဌ်ဖြင့် "ကာမေ အဝစရတီတိ ကာမာဝစရံ"ဟူ၍ သတ္တမီ တပ္ပုရိသ် ဝိဂ္ဂြိုဟ် ဆိုရမည်ဟု ညွှန်ပြတော်မူသည်။ "ဧတ္ထ ပရိယာပန္နာ"ဟူသော ပါဌ်ဖြင့် "အဝစရ"သဒ္ဒါ၏ အနက်သွားကို ပြတော်မူသည်။ ဖြစ်ကာမျှဖြစ်သော ဥပ္ပန္နအနက်ကို မယူလင့်။ ဖြစ်ရာဘုံ၌ ရှိသော တရားတို့နှင့် အမျိုးတူ အနွယ်တူ ဖြစ်အောင် ရောနှော ဘက်ယှဉ် အကျုံးဝင်သော ပရိယာပန္နအနက်ကို ယူလေ ဟူလိုသည်။ ။ကာမာ ဝစရပုဒ် ပြီးပြီ။

ရူပါဝစရပုဒ် အဝိပ္ပါယ်။ ။"ရူပါဝစရံ"ဟူသောပုဒ်၌"ရူပ"ပုဒ်,"အဝစရ"ပုဒ် ဤအရာ၌ "ရူပ"သဒ္ဒါသည် ကသိုဏ်းစသော အာရုံ ကိုင်း, ဈာန်ကိုင်း, ဈာန်၌ သာယာသော တဏှာကိုင်း, ထိုတဏှာ၏ ကျက်စားရာ ဘုံကိုင်း ဟောသည်။ ထိုရူပသည် ဝတ္ထုရူပ, ကိလေသရူပဟူ၍ နှစ်ပါးရှိပြန်၏။ ထိုတွင် ရူပစိတ် တဆယ့်ငါးခု, စေတသိက် သုံးဆယ့်ငါးခုသည် ဝတ္ထုရူပ မည်၏။ ထိုဝတ္ထုရူပကို သာယာသော ရူပတဏှာသည် ကိလေသရူပ မည်၏။ ဝိဂ္ဂြိုဟ်ကား— "ရူပဉ္စ ဘဝေါ ရူပံ"။ ရူပဉ္စ၊ ဝတ္ထုရူပ, ကိလေသရူပ နှစ်ပါး၏။ ဘဝေါ၊ ဖြစ်ရာတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ရူပံ၊ ရူပမည်၏။

ရူပဘုံကိုရစေ။ ထိုရူပဘုံသည် ဌာနဘုံ, အဝတ္ထာဘုံဟူ၍ နှစ်ပါးရှိပြန်၏။ ရူပ-ဗြဟ္မာ တဆယ့်ခြောက်ဘုံသည် ဌာနရူပဘုံမည်၏၊ ကာမပုဂ္ဂိုလ် သန္တာန်၌ ဖြစ်သော ရူပစိတ်တဆယ့်ငါး, စေတသိက်သုံးဆယ့်ငါးတို့သည် အဝတ္ထာရူပဘုံမည်၏။

"ရူပေ အဝစရတီတိ ရူပါဝစရံ"။ ယံစိတ္တံ၊ အကြင်စိတ်သည်။ ရူပေ၊ ဌာန-ရူပဘုံ, အဝတ္ထာရူပဘုံ နှစ်ပါးစုံ၌။ အဝစရတိ၊ တမျိုးတည်း တနွယ်တည်း ရောနှော၍သက်ဝင်၍ ကျင်လည်တတ် ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တံစိတ္တံ၊ ထိုစိတ်သည်။ ရူပါဝစရံ၊ ရူပါဝစရစိတ် မည်၏။ ဌာနဘုံ, အဝတ္ထာဘုံ ဖြစ်သော ရူပတရားတို့နှင့် ရူပတမျိုးတည်း ရူပတနွယ်တည်း ဖြစ်အောင် ရောနှော၍ ဖြစ်သော စိတ်ကိုသာ ရူပါဝစရစိတ်ဆိုရမည်။ ရူပပုဂ္ဂိုလ် သန္တာန်မှာ ဥပါဒ်ကာမျှ ဖြစ်ကာမျှနှင့် ရူပါဝစရစိတ် မဆိုရ ဟူလိုသည်။ "ကာမာဝစရံ" ဟူသောပုဒ်တွင် ခွဲ၍ပြသောအတိုင်း ဝေဘန်လေ။ ရူပါဝစရသဒ္ဒါ၏ အနက်ကို ဓမ္မဟဒယဝိဘင်းပါဠိတော်၌ ·

ကတမေ ဓမ္မာ ရူပါဝစရာ။ ဟေဋ္ဌတော ဗြဟ္မလောကံ ပရိယန္တံ ကရိတွာ ဥပရိတော အကနိဋ္ဌေ ဒေဝေ အန္တောကရိတွာ ယံ ဧတသ္မိံ အန္တရေ ဧတ္ထာ-ဝစရာ ဧတ္ထ ပရိယာပန္နာ သမာပန္နဿ ဝါ ဥပပန္နဿ ဝါ ဒိဋ္ဌဓမ္မသုခဝိဟာရိဿ ဝါ စိတ္တစေတသိကာ ဓမ္မာ၊ ဣမေ ဓမ္မာ ရူပါဝစရာ။

ဟူ၍ ပြတို၏။ ။ရူပါဝစရပုဒ် ပြီး၏။

**အရူပါဝစရပုဒ် အဓိပ္ပါယ်။** ။"အရူပါဝစရံ"ဟူသော ပုဒ်၌ "အရူပ"ပုဒ်, "အဝ-စရ"ပုဒ်။ "အရူပ"သဒ္ဒါသည် အရူပအာရုံလေးပါးကိုင်း, အရူပစျာန်လေးပါးကိုင်း, ထိုစျာန်၌ သာယာသော တဏှာကိုင်း, ထိုတဏှာ၏ ကျက်စားရာ ဘုံကိုင်း ဟောသည်။ ထိုအရူပသည် ဝတ္ထုအရူပ, ကိလေသအရူပဟူ၍ နှစ်ပါးရှိပြန်၏။ ထိုတွင် အရူပစိတ် ၁၂, စေတသိက် ၃၀-သည် ဝတ္ထုအရူပမည်၏။ ထိုဝတ္ထုအရူပကို သာယာသော အရူပတဏှာသည် ကိလေသအရူပမည်၏။ "အရူပဿ ဘဝေါ အရူပံ"။ အရူပဿ၊ နှစ်ပါးသော အရူပ၏။ ဘဝေါ၊ ဖြစ်ရာတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အရူပံ၊ အရူပမည်၏။ ဤသို့ ဝိဂ္ဂဟ်ဆိုလေ။ အရူပဘုံကိုရစေ။ ထိုအရူပဘုံသည် ဌာနအရူပဘုံ, အဝတ္ထာအရူပဘုံဟူ၍ နှစ်ပါးရှိပြန်၏။ အရူပလေးဘုံသည် ဌာနအရူပဘုံမည်၏။ ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်တို့၌ ဖြစ်သော အရူပစျာန်စိတ်နှင့် စေတသိက်များသည် အဝတ္ထာအရူပဘုံမည်၏။

"အရူပေ အဝစရတီတိ အရူပါဝစရံ"။ အရူပေ၊ ဌာနအရူပဘုံ, အဝတ္ထာ-အရူပဘုံ နှစ်ပါးစုံ၌။ အဝစရတိ၊ တမျိုးတည်း တနွယ်တည်း ရောနှော၍သက်ဝင်၍

ကျင်လည်တတ် ဖြစ်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ အရူပါဝစရံ၊ အရူပါဝစရ မည်၏။ ဌာနဘုံ၊ အဝတ္ထာဘုံဖြစ်သော အရူပတရားတို့နှင့် အရူပတမျိုးတည်း အရူပတနွယ်တည်းဖြစ်အောင် ရောနှော၍ဖြစ်သော စိတ်ကိုသာ အရူပါဝစရ ဆိုရမည်။ အရူပပုဂ္ဂိုလ်သန္တာန်မှာ ဉပါဒ်ကာမျှ ဖြစ်ကာမျှနှင့် အရူပါဝစရစိတ် မဆိုရ ဟူလိုသည်။

''ကာမာဝစရံ''ဟူသော ပုဒ်တွင် ချဲ့၍ပြသောအတိုင်း ဝေဘန်၍သိလေ။ ''အရူပါဝစရ''သဒ္ဒါ၏အနက်ကို ဓမ္မဟဒယ ဝိဘင်းပါဠိတော်၌

ကတမေ ဓမ္မာ အရူပါဝစရာ။ ဟေဋ္ဌတော အာကာသာနဉ္စာယတနူပဂေ ဒေဝေ ပရိယန္တံ ကရိတွာ ဉပရိတော နေဝသညာနာသညာယတနူပဂေ ဒေဝေ အန္တောကရိတွာ ယံ ဧတသ္မိံ အန္တရေ။ပ။ဣမေ ဓမ္မာ အရူပါဝစရာ။

ဟူ၍ ပြဆို၏။ ။အရူပါဝစရပုဒ် ပြီး၏။

**လောကုတ္တရပုဒ် အဝိပ္ပါယ်။** ။''လောကုတ္တရံ''ဟူသောပုဒ်၌ ''လောက''ပုဒ်, ''ဉတ္တရ''ပုဒ်၊ လောကပုဒ်၏ ဝိဂ္ဂိုဟ်ကား ''လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော''။ လုဇ္ဇတိ ပလုဇ္ဇတိ၊ ဖရိဖရဲ ပြိုကွဲပျက်ပြား ဆုံးပါး ကွယ်ပျောက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ လောကော၊ လောက မည်၏။ ဤဝိဂ္ဂိုဟ်ဖြင့် ဖရိဖရဲ ပြိုကွဲပျက်ပြား ဆုံးပါးကွယ်ပျောက်တတ်သော အနက်ကြောင့် ကာမ, ရူပ, အရူပဟူသော ဉပါဒါနက္ခန္ဓာတရား ငါးပါးကို ''လောက''ဆိုရသည်။ သံယုတ်ပါဠိတော်၌လည်း—

လုဇ္ဇတိ ပလုဇ္ဇတီတိ ခေါ ဘိက္ခု တသ္မာ လောကောတိ ဝုစ္စတိ။
ဟူ၍ ဟောတော်မူ၏။ အနက်လွယ်ပြီ။

လုဇ္ဇတီတိ ဘိဇ္ဇတိ (ရင်းအဋ္ဌကထာ)။

''လောက''သဒ္ဒါသည် ''အနိစ္စ''ပရိယာယ်။ ''နိစ္စ''ဟု ယူသော မိစ္ဆာသည် ဉပါဒါနက္ခန္ဓာတို့၌သာ ရောက်နိုင်လေရကား ထိုမိစ္ဆာကို ပယ်ဒြင်းငှါ ဉပါဒါ-နက္ခန္ဓာကိုသာ ''လောက''ဆိုအပ်သည်။ ဉပါဒ်, ဌီ, ဘင် ကောင်အရှားရှိ၍ ပျက်စီးခြင်း သဘောရှိပါသော်လည်း လောကုတ္တရာစိတ်များကို ''လောက''ဟု မဆိုရပေ။ တယောက်သောပုဂ္ဂိုလ်၏ သန္တာန်၌ ခန္ဓာငါးပါးသည် လောကငါးခု မည်၏။ စက္ခုသည် တလောကတည်း၊ လူတယောက်တည်း၊ သောတသည် တလောကတည်း၊ လူတယောက်တည်း။ ဤသို့စသည်ဖြင့် အာယတနလောက ၁၂-ပါး၊ လူ ၁၂-ယောက်၊ ဓာတ်လောက ၁၈-ပါး၊ လူ ၁၈-ယောက်၊ ရုပ်ကလာပ် တခုကို တလောကပြု၍ ရေတွက်သော် သတ္တဝါတကောင် ဟူရာမှာ လူပေါင်း လောကပေါင်း အနန္တ။ ပထဝီသည် တလောက၊ အာပေါသည် တလောက စ

သည်ဖြင့် ရေတွက်အပ်သည်ရှိသော် ရုပ်ကလာပ်တခုတွင်ပင် လူပေါင်း လောက ပေါင်း ၈-ခု, ၉-ခု, ၁၀-ခု စသည် ဖြစ်ပြန်၏။ ဖဿသည် တလောက, ဝေဒနာ သည် တလောက, သညာသည် တလောက, စေတနာသည် တလောက, ဝိတက် သည် တလောက, မောဟသည် တလောက, လောဘသည် တလောက, ဒေါသ သည် တလောက, သဒ္ဓါသည် တလောက, ပညာသည် တလောက၊ ဤသို့စသည် ဖြင့် ဝေဘန်လေဦး။ လူပေါင်းအနန္တ စုမိကြမှ လူတယောက် ခေါ်သည်၊ တယောက်တည်း အမှန်ဖြစ်၍ ခေါ်သည်မဟုတ်။ များပြားလှစွာသော ရထား ၏ အင်္ဂါအစိတ်အစိတ်တို့ ပေါင်းဆုံ စည်းဝေးမိမှ ရထားတစီး ခေါ်သကဲ့သို့ "ပဥ္စုပါဒါနက္ခန္ဓာ"တို့၏ ပေါင်းစုနေသည်ကို သတ္တဝါလောကကြီး ခေါ်ကြ လေသည်။

ထိုကြောင့် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၌—

"ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ"။

ဟူ၍ ဟောတော်မူသည်။

အနက်ကား။ အင်္ဂသမ္ဘာရာ၊ ကြီးငယ်များစွာ ရထားအင်္ဂါတို့၏ ပေါင်းစုမိ ခြင်းကြောင့်။ ရထောဣတိ၊ ရထားကြီး ရထားကြီးဟူ၍။ သဒ္ဒေါ၊ ခေါ်ဝေါ် ကြရန် စကားသံသည်။ ဟောတိယထာပိ၊ ဖြစ်သကဲ့သို့သာလျှင်။ ဧဝံ၊ ဤအတူ။ ခန္ဓေသု၊ သတ္တဝါ၏အင်္ဂါ ဥပါဒါနက္ခန္ဓာတရားတို့သည်။ သန္တေသု၊ ပေါင်းစု တည်ရှိကြကုန်သည်ရှိသော်။ သတ္တောဣတိ၊ သတ္တဝါကြီး သတ္တဝါကြီးဟူ၍။ သမ္မုတိ၊ သမုတ်ခေါ်လတ်၊ နာမ်ပညတ်သည်။ ဟောတိ၊ ဖြစ်ရလေ၏။

ဆိုခဲ့ပြီးသော ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော လောကသုံးပါးသည် အာသဝတရားလေးပါးတို့၏ ဖြစ်ပွါးရာ အာရုံအစုဖြစ်ခဲ့၍ 'သာသဝ'မျိုး သာသဝ နွယ်သာတည်း။

"ဥတ္တရ" သဒ္ဒါကား လွန်မြောက်ခြင်း အနက်ကို ဟော၏။ "လောကတော ဥတ္တရန္တီ လောကုတ္တရံ"။ ယံ၊ အကြင်စိတ်သည်။ လောကတော၊ အာသဝ နွယ် ဖြစ်သော ဥပါဒါနက္ခန္ဓာ လောကကြီး သုံးပါးမှ။ ဥတ္တရံ၊ လွန်မြောက်လေသ တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ တံ၊ ထိုစိတ်သည်။ လောကုတ္တရံ၊ လောကုတ္တ ရာစိတ်မည်၏။ သာသဝဓမ္မတို့၏ သန္တာန်၌ ဖြစ်ကုန်သော်လည်း ထိုသာသဝဓမ္မ တို့၏ သာသဝမျိုး သာသဝနွယ်ကို လွန်၍ အနာသဝ ဟူသော အဝတ္ထာဘုံ အသီးတည်ကောင်၍ ဖြစ်ကြလေကုန်ရကား မဂ်စိတ်, ဖိုလ်စိတ်တို့ကို လောကုတ္တ ရာစိတ် ခေါ်ရပေသည်။ လောကုတ္တရာဘုံသည် အဝတ္ထာဘုံသက်သက်သာဖြစ်၏ ဌာနဘုံမရှိ။

## ဥယျောဇန် ဂါထာ

သာ သပ္ပမုခဂေါ ဒ့ံသော၊ ဇေဂုစ္ဆောဝ ယထာ တထာ။
သာသဝါပိ ဓမ္မာ တသ္မာ၊ နာသာဝတ္ထံ ပရိဗ္ဗဇေ။

သာ သပ္ပမုခဂေါ၊ ခွေး၏ခံတွင်း အဆိပ်ထန်သောမြွေ၏ ခံတွင်း၌ တည်သော။ မံသော၊ အသား ဟင်းလျာတုံးသည်။ ဇေဂုစ္ဆောဝယထာ၊ ထို့ဘွယ်, ရွံဘွယ်၊ စက်ဆုပ်ဘွယ်သာ ဖြစ်လေသကဲ့သို့။ တထာ၊ ထိုအတူ။ သာသဝါမ္မော ပိ၊ ခွေး မြွေတမျှ၊ အာသဝတို့၏ ခံတွင်း၌ တည်ကုန်သော တေဘူမက လောကိယ တရားတို့သည်လည်း။ ဇေဂုစ္ဆာဝေ၊ ထို့ဘွယ်, ရွံဘွယ်၊ စက်ဆုပ်ဘွယ်တို့သာ ဖြစ်ကုန်၏။ တသ္မာ၊ ထိုသို့ဖြစ်လေသောကြောင့်။ ပဏ္ဍိတော၊ ကျိုးကြောင်း မြင်သိ၊ ပညာရှိသည်။ အနာသဝတ္ထံ၊ အာသဝ အမျိုးအနွယ်မှ ကင်း၍ အနာ သဝကို ရခြင်းငှါ။ ပရိဗ္ဗဇေ၊ ကျင့်ကြံ အားထုတ် ကြိုးကုတ် စွန့်စားရာ၏။

ခွေး ငုံ၍ထားသော အမဲသားသည် ခွေး၏ တံထွေးလျှာရည်တို့နှင့် ရောသည် ဖြစ်၍ စက်ဆုပ်ဘွယ် နှင့်နှင်သာ ဖြစ်၏။ အဆိပ်ထန်သော မြွေ ငုံ၍ ထားအပ် သော အမဲသားသည်လည်း မြွေ၏ တံထွေး လျှာရည်နှင့်ငှင်း မြွေဆိပ်ရည်နှင့် ငှင်း ရောသည်ဖြစ်၍ စက်ဆုပ်ဘွယ် နှင်နှင်သာ ဖြစ်၏။ ထိုအတူ ခွေး, မြွေ တို့နှင့်တူသော အာသဝတရား၏ အာရုံဖြစ်၍ ထိုအာသဝတရား၏ ခံတွင်း၌ တည်သည်ဟု ဆိုအပ်ကုန်သော လူ့ဘဝ လူ့စည်းစိမ် နတ်ဘဝ နတ်စည်းစိမ် ဗြဟ္မာဘဝ ဗြဟ္မာ့စည်းစိမ်တို့သည်လည်း အရိယာမျက်စိအမြင် ရှိကုန်သော သူတို့၏ စက်ဆုပ်ဘွယ်ရာ ရွံဘွယ်ရာ တို့သာတည်း။ ထို့ကြောင့် ထိုသာသဝ တရားတို့ကို စွန့်၍ 'အနာသဝ'ခေါ်သော မဂ်စိတ်, ဖိုလ်စိတ်တို့ကို မိမိသန္တာန်၌ ဖြစ်ပေါ်စေရန် ကျင့်ကြံအားထုတ်ကြကုန်ဟူလို။

ဘူမိဘေဒအားဖြင့် စိတ်လေးပါးကို ဘင့်ဆိုသော အခန်း ပြီး၏။

---

## သောဘန-အသောဘနမည်ကြောင်း

(ဂ) အကုသိုလ်၊ ဆဲ့ရှစ် အဟိတ်၊ သုံးဆယ်စိတ်၊ ယုတ်နိမ့်အသောဘနတည်း၊

ဤကဗျာဖြင့် အသောဘနစိတ် သရုပ်နှင့် အသောဘန မည်ကြောင်း အဓိပ္ပါယ်ကို ပြဆို၏။ထင်ရှားစွာ ပြဆိုအံ့၊ "သောဘတီတိ သောဘနော"။ သောဘတိ၊ ကောင်းမြတ် တင့်တယ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သော- ဘနော၊ သောဘန မည်၏။ ဤဝိဂ္ဂဟ်နှင့်အညီ သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ စသော စေတသိက် ၂၅-ပါးတို့သည်သာလျှင် စင်စစ် ကောင်းမြတ် ချီးမွမ်းအပ်၍ လျောက်ပတ်တင့်တယ်သော သဘောလက္ခဏာ ရှိသောကြောင့် စင်စစ် သော

ဘန မည်ကုန်၏။ ထိုသောဘန စေတသိက်နှင့် ယှဉ်သော စိတ်တို့သည်လည်း အလားတူ တင့်တယ်ကောင်းမြတ်သောကြောင့် သောဘနပင် မည်ကုန်၏။ အကုသိုလ် စိတ် ၁၂၊ အဟိတ် ၁၈-ခုဟု ဆိုအပ်သော အသောဘန စိတ် ၃၀-တို့တွင် အဟိတ်စိတ် ၁၈-ခုတို့သည် သောဘန အစစ်တို့နှင့် ယှဉ်ခြင်း မရှိကြလေကုန်။ အကုသိုလ်စိတ် ၁၂-ခုတို့သည်မူကား ထိုသောဘန အစစ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော မောဟ,အဟိရိက,အနောတ္တပ္ပ စသော အသောဘန တို့နှင့်သာ ယှဉ်ကြကုန်၏။ ထိုကြောင့် ထိုစိတ် ၃၀-ကို အသောဘန စိတ် ခေါ်ရလေသည်။ "န သောဘနန္တိ အသောဘနံ"။ ဤသို့ ဝိဂ္ဂဟ်ဆို။ သောဘနံ၊ သောဘန စေတသိက်တို့နှင့် ယှဉ်သည်။ န၊ မဟုတ်။ ဣတိတသ္မာ၊ ထိုကြောင့်။ အသောဘနံ၊ အသောဘန မည်၏။ ("ယုတ်နိစ်-အသောဘနတည်း" ဟူသော စကားဖြင့် အသောဘနသဒ္ဒါ၏ အနက်ကို ပြ၏။ နိစ နိမ့်သည် ယုတ်သည် ညံ့ဖျင်းသည် ဟူသော အနက်ကို ဟော၏။ နိစ-ဟူသော ပါဠိမှ ပျက်၍ နိစ်-ဖြစ်လေသည်)။

## လောဘမူစိတ်-၈

(၄) သော,ဥ,နှစ်တန်၊ ဒိဋ္ဌိ-သံ,ဝိ,လေး၊ ပွါး ရေး အ,သ၊ စိတ်ရှစ်ဝ-အဋ္ဌလောဘမူ။

ဤကဗျာဖြင့် လောဘမူစိတ် ရှစ်ပါးကို ပြဆို၏။

(စိစစ်ဘွယ်ကား အယုတ်, အမြတ်, မြတ်ထက် မြတ်, မြတ်ထက် အလွန်မြတ် ဟု ဆိုအပ်သော အမည်ဖြင့် စိတ်လေးပါးကို ပြတော်မူ၏။ ထိုစိတ်လေးပါးတို့တွင် ဟီနဖြစ်သော ကာမာဝစရစိတ်ကို ရှေးဦးစွာ ပြဆို၏။ ထိုကာမာဝစရ စိတ်တို့တွင်လည်း ဟီနဖြစ်သော အသောဘနစိတ်ကို ရှေးဦးစွာ ပြဆို၏။ ထိုအသောဘန စိတ်တို့တွင်လည်း အလုံးစုံ ယုတ်ညံ့သော အကုသိုလ် စိတ်ကို ရှေးဦးစွာ ပြဆို၏။ ထိုအကုသိုလ် စိတ်တို့တွင်လည်း လောဘမူ စိတ်သည် သရုပ် အရေအတွက် အားဖြင့်လည်း များ၏။ ဒိဋ္ဌမူလခေါ်သော အဝိဇ္ဇာ တဏှာ နှစ်ပါးတို့နှင့်လည်း ယှဉ်၏။ ထိုကြောင့် လောဘမူကို ရှေးဦးစွာပြဆိုလေသတည်း)။

**သောမနဿအစိပ္ပါယ်။** ။"သောမနဿ သဟဂတ"ဟူရာ၌ "သောမနဿ"ပုဒ်, "သဟ"ပုဒ်, "ဂတ"ပုဒ်။ "သုန္ဒရံ မနောတိ သုမနော"။ သုန္ဒရံ၊ ပြေပြစ် ချောမွေ့သော။ မနော၊ စိတ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ သုမနော၊ သုမန မည်၏။ တနည်းကား—"သုန္ဒရံ မနော ဧတဿာတိ သုမနော"။ ဧတဿ၊ ထိုပုဂ္ဂိုလ်အား။ သုန္ဒရံ၊ ပြေပြစ်ချောမွေ့သော။ မနော၊ စိတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သုမနော၊

သုမနမည်၏။ (ပြေပြစ်ချောမွေ့သော စိတ်ရှိသူကို ရစေ)။ "သုမနဿ ဘာဝေါ သောမနဿံ"။ သုမနဿ၊ ပြေပြစ်ချောမွေ့သော စိတ်ရှိသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ သောမနဿံ၊ ပြေပြစ်ချောမွေ့သော စိတ်ရှိသူ၏ဖြစ်ကြောင်း။ သောမနဿဝေဒနာကို ရစေ။ "သောမနဿေန သဟဂတန္တိ သောမနဿသဟဂတံ"။ သောမနဿေန၊ သောမနဿဝေဒနာတရားနှင့်။ သဟ၊ အတူ တကွ။ ဂတံ၊ ဖြစ်သောစိတ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ သောမနဿသဟဂတံ၊ သောမနဿသဟဂုတ်မည်၏။ သောမနဿဝေဒနာနှင့် တကွဖြစ်သော စိတ်ကို ရစေ။

ထို **သောမနဿ သဟဂုတ်** စိတ်ဖြစ်ရန် အကြောင်း လေးပါးရှိ၏။ လေးပါးကား—

(၁) သောမနဿပဋိသန္ဓိကတာ= သောမနဿဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေခြင်း။

(၂) အဂမ္ဘီရပကတိတာ=မနက်နဲသော သဘောရှိခြင်း။

(၃) ဣဋ္ဌာရမ္မဏသမာယောဂေါ=သဘာဝ ဣဋ္ဌာရုံ, ပရိကပ္ပဣဋ္ဌာရုံတို့နှင့် တွေ့ကြုံမိခြင်း။

(၄) ဗျသန မုတ္တိ=ပျက်စီးခြင်း နှောက်ယှက်ခြင်းမှ ကင်းလွတ်ခြင်း။

ဤလေးပါးတည်း။ ထင်ရှားစေဦးအံ့ —သောမနဿနှင့် ပဋိသန္ဓေနေသောသူသည် အခါခပ်သိမ်း သောမနဿဘာဝင်ဖြင့် စိမ်ထုံအပ်သော စိတ်သန္တာန်ရှိလေသောကြောင့် ထိုသူ၏ သန္တာန်မှာ သောမနဿအဖြစ် များလေသည်။ မနက်နဲသော သဘောရှိသော သူသည် သေးနုပ်သော ဟီနဇ္ဈာသယ ရှိလေသဖြင့် အနည်းငယ်ကလေးကိုပင် အများထင်၍ ဝမ်းမြောက်လွယ်၏၊ အယုတ်အညံ့ကလေးကိုပင် အမြတ်တနိုးကြီးထင်၍ ဝမ်းမြောက် လွယ်၏။ ထိုကြောင့် ထိုဟီနဇ္ဈာသယပုဂ္ဂိုလ်၌ များသောအားဖြင့် သောမနဿဖြစ်လေ့ရှိသည်။ မိမိ အလိုရှိသော ဣဋ္ဌာရုံများနှင့် တွေ့ကြုံခြင်းသည်ကား သောမနဿ အားကြီးဖြစ်ဘို့ရန်သာ ဖြစ်၏။ ဆွေမျိုး စည်းစိမ် ဂုဏ်သိမ်စသည်တို့၏ ပျက်စီးခြင်းနှင့် တွေ့ကြုံနေလျှင် သောမနဿဖြစ်နိုင်ရန် အကြောင်းမရှိ။ ထိုပျက်စီးခြင်းတို့မှ ရှင်းရှင်းလွတ်ကင်းသော် သောမနဿဖြစ်နိုင်ရန် ရှိသည်။ ထိုကြောင့် "ဗျသနမုတ္တိ"ဟု ဆိုလေသည်။ ။သောမနဿသဟဂတပုဒ် ပြီး၏။

**ဒိဋ္ဌိဂတသမ္ပယုတ္တအဓိပ္ပါယ်။** ။"ဒိဋ္ဌိဂတသမ္ပယုတ္တံ"ဟူသော ပုဒ်၌ "ဒဿနံ ဒိဋ္ဌိ"။ ဒဿနံ၊ မြင်ခြင်း။ ဒိဋ္ဌိ၊ မြင်ခြင်း။ ထိုဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိ, သမ္မာဒိဋ္ဌိဟူ၍ ၂-ပါးရှိ၏။ ထို ၂-ပါးတို့တွင် ဤနေရာ၌ အကုသိုလ်ဌာန ဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိကို ယူရသည်။ "ဒိဋ္ဌိ"ပုဒ်ကိုသာ

လျှင် "ဂတ"သဒ္ဒါတို့၏ "ဒိဋ္ဌိဂတ"ဆိုရပြန်သည်။ "ဂတ"သဒ္ဒါ အနက်မရှိ။ "သမ္ပယုဇ္ဇတီတိ သမ္ပယုတ္တံ"။ သမ္ပယုဇ္ဇတိ၊ အညီအညွတ် အပြားအားဖြင့် ယှဉ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သမ္ပယုတ္တံ၊ သမ္ပယုတ္တမည်၏။ "ဒိဋ္ဌိဂတေန သမ္ပယုတ္တန္တိ ဒိဋ္ဌိဂတသမ္ပယုတ္တံ"။ ဒိဋ္ဌိဂတေန၊ မိစ္ဆာဒိဋ္ဌိနှင့်။ သမ္ပယုတ္တံ၊ ယှဉ်သောစိတ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဒိဋ္ဌိဂတသမ္ပယုတ္တံ၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် မည်၏။

ဒိဋ္ဌိဂတသမ္ပယုတ် ဖြစ်ရန် အကြောင်း ငါးပါးရှိ၏။ ငါးပါးကား—

(၁) ဒိဋ္ဌဇ္ဈာသယတာ=ဘဝ အဆက်ဆက်မှ ပါ၍လာသော ဒိဋ္ဌိအဇ္ဈာသယဓာတ်ခံရှိခြင်း။

(၂) ဒိဋ္ဌိဝိပန္နပုဂ္ဂလသေဝနာ=အယူ ပျက်သော မိစ္ဆာဒိဋ္ဌိ လူမျိုးတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း။

(၃) သဒ္ဓမ္မဝိမုခတာ=သူတော်ကောင်းတို့၏တရားနှင့်မျက်ကွယ်ကျောခိုင်း ဖြစ်၍နေခြင်း။

(၄) မိစ္ဆာဝိတက္ကဗဟုလတာ=မိစ္ဆာဒိဋ္ဌိကျမ်းကို ကြည့်ရှု၍ အကြံအစည် များခြင်း, မိစ္ဆာဒိဋ္ဌိတရားကို ကြားနာ၍ အကြံအစည် အတွေး အတောများခြင်း။

(၅) အယောနိသော ဥမ္မုဇ္ဇနံ= နှလုံးသွင်း ချတ်ချော်ခြင်း။ ဤငါးပါး တည်း။ သိလွယ်ပြီ။

ထိုငါးပါးမှ ပြန်သဖြင့် ဒိဋ္ဌိဂတဝိပ္ပယုတ်ဖြစ်ကြောင်းကို သိရာ၏။ ။ဒိဋ္ဌိဂတ သမ္ပယုတ္တံပုဒ် ပြီး၏။

**ဥပေက္ခာသဟဂတအဝိပ္ပါယ်။** ။"ဥပေက္ခာသဟဂတံ"ဟူသောပုဒ်၌"ဥဒါသိနဘာဝေန ပေက္ခတီတိ ဥပေက္ခာ"။ ဥဒါသိနဘာဝေန၊ လျစ်လျူ အဖြစ်ဖြင့်။ ပေက္ခတိ၊ ရှုတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဥပေက္ခာ၊ ဥပေက္ခာ မည်၏။ "ဥပေက္ခာယ သဟဂတန္တိ ဥပေက္ခာသဟဂတံ"။ ဥပေက္ခာယ၊ ဥပေက္ခာဝေဒနာနှင့်။ သဟဂတံ၊ တကွ ဖြစ်သော စိတ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပေက္ခာသဟဂတံ၊ ဥပေက္ခာသဟဂုတ်စိတ် မည်၏။

**ဥပေက္ခာသဟဂုတ်စိတ်** ဖြစ်ရန် အကြောင်းကား လေးပါးရှိ၏။ လေးပါး ကား—

(၁) ဥပေက္ခာပဋိသန္ဓိကတာ=ဥပေက္ခာစိတ်နှင့် ပဋိသန္ဓေ တည်နေခြင်း။

(၂) ဂမ္ဘီရပကတိတာ= နက်နဲသော သဘောရှိခြင်း။

(၃) မဇ္ဈတ္တာရမ္မဏာသမာယောဂေါ= အလယ်အလတ်ဖြစ်သော မဇ္ဈတ္တာရုံနှင့် ပေါင်းဘက်တွေ့ကြုံခြင်း။

(၄) ဗျသနမုတ္တိ=ပျက်စီးခြင်း နှောက်ရှက်ခြင်းမှ ကင်းလွတ်ခြင်း။ ဤလေးပါးတည်း။ ။ဥပေက္ခာသဟဂတပုဒ် ပြီး၏။

**အသင်္ခါရိက,သသင်္ခါရိကအဓိပ္ပါယ်များ။** ။"အသင်္ခါရိက"ပုဒ်၊ "သသင်္ခါရိက" ပုဒ်တို့တွင် "အသင်္ခါရိက" ပုဒ်၌ 'န'ပုဒ်, 'သင်္ခါရ'ပုဒ်၊ 'ဣက' ပစ္စည်း။ 'န'သဒ္ဒါ တားမြစ်ခြင်း အနက်ဟော။ 'သင်္ခါရ'သဒ္ဒါ ဥပါယအနက် ပယောဂအနက်ဟော။ 'ဣက'သဒ္ဒါ ဖြစ်ခြင်း ဥပ္ပန္န အနက်ဟော။ ဝိဂ္ဂြိုဟ်ကား— "နတ္ထိ သင်္ခါရော ဧတဿာတိ အသင်္ခါရော"။ ဧတဿ၊ ထိုစိတ်ဖြစ်ရန် အကြောင်းအပေါင်းအား။ သင်္ခါရော၊ အကူအပံ့ဖြစ်သော အကြောင်းအပေါင်းသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုကြောင့်။ အသင်္ခါရော၊ အသင်္ခါရမည်၏။ "အသင်္ခါရေန ဥပ္ပန္နံ အသင်္ခါရိကံ"။ ။ယံ၊ အကြင်စိတ်သည်။ အသင်္ခါရေန၊ အကူအမ သင်္ခါရမပါက် သက်သက်သော အပေါင်းကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ တံ၊ ထိုစိတ်သည်။ အသင်္ခါရိကံ၊ အသင်္ခါရိကမည်၏။ တိုက်တွန်းမှု သင်္ခါရပယောဂမပါက် သက်သက် ဖြစ်ပေါ်သော အသင်္ခါရိကစိတ်ကို ရစေ။ အသင်္ခါရိက ပုဒ်ပြီး၏။

**"သသင်္ခါရိက"**ပုဒ်၌ 'သဟ'ပုဒ် 'သင်္ခါရ'ပုဒ် 'ဣက'ပစ္စည်း။ ဝိဂ္ဂြိုဟ်ကား—"သဟ သင်္ခါရေန ယော ဝတ္တတီတိ သသင်္ခါရော"။ယော ပစ္စယဂဏော၊ အကြင် စိတ်ဖြစ်ရန် အကြောင်းအပေါင်းသည်။ သင်္ခါရေန၊ အကူအမ သင်္ခါရနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သသင်္ခါရော၊ သသင်္ခါရမည်၏။ "သသင်္ခါရေန ဥပ္ပန္နံ သသင်္ခါရိကံ"။ ယံ၊ အကြင်စိတ်သည်။ သသင်္ခါရေန၊ အကူအမ သင်္ခါရနှင့်တကွဖြစ်သော အကြောင်းအပေါင်းကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ တံ၊ ထိုစိတ်သည်။ သသင်္ခါ-ရိကံ၊ သသင်္ခါရိကစိတ် မည်၏။ တိုက်တွန်းမှု သင်္ခါရ ပယောဂ အကြောင်းကူပါမှ ဖြစ်ပေါ်သောစိတ်ကို ရစေ။

ထင်စွာပြဦးအံ့–"သင်္ခါရ"သည် ပယောဂသင်္ခါရ, ဥပါယသင်္ခါရဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် စေခိုင်းသဖြင့်ရင်း, တိုက်တွန်းသဖြင့်ရင်း, ခြိမ်းခြောက်သဖြင့်ရင်း ဤအမှုကို ပြုလော့ဟူ၍ သူတပါးတို့က ကိုယ်နှုတ်တို့ဖြင့် စီရင်မှုသည် ပယောဂမည်၏။

စေခိုင်းခြင်း စသည်နှင့် ကင်း၍သာလျှင် အမှုတို့ကို ပြုစိမ့်သောငှါ ဥပါယ်တမည်တို့ကို သူတပါးတို့က ပြောကြားလာကုန်၏။ မပြုစေရန် အပြစ်အာဒီနဝ

ကိုလည်း ပြကြကုန်၏။ ပြုရာ၌ အကျိုး အာနိသံသကိုလည်း ပြကြကုန်၏။ တစုံတခု ကပါကဝတ်ကိုလည်း ထားကြကုန်၏။ တစုံတခုသော ဒဏ်အမှုကိုလည်း ထားကြကုန်၏။ မိမိကိုယ်တိုင်သော်လည်း ထိုဆိုပြီး အကြောင်းအမျိုးမျိုးတို့ကို ဆင်ခြင်မိ၏။ ဤသို့စသော များစွာသော အကြောင်းစုသည် ဥပါယမည်၏။ ထို ပယောဂ, ဥပါယနှစ်ပါးကို သင်္ခါရဟုဆိုသည်။

**သင်္ခါရ** ဝိဂ္ဂြိုဟ်ကား- "သင်္ခရောတီတိ သင်္ခါရော"။ သင်္ခရောတိ၊ မိမိပကတိအားဖြင့် မဖြစ်ပေါ်သောစိတ်ကို ဖြစ်ပေါ်အောင် စီရင်တတ်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ သင်္ခါရော၊ သင်္ခါရမည်၏။ စိတ်ဖြစ်ပေါ်ရန် အကြောင်းစုသည် "ပစ္စယ ဂဏ"မည်၏။ အကြင် ပစ္စယဂဏသည် သင်္ခါရနှင့် ကင်း၏။ ထိုပစ္စယဂဏသည် အသင်္ခါရမည်၏။ အကြင်ပစ္စယဂဏသည် သင်္ခါရနှင့်တကွဖြစ်၏။ ထိုပစ္စယဂဏသည် သသင်္ခါရမည်၏။ အသင်္ခါရ, သသင်္ခါရ ဟူသော အမည်သည် ပစ္စယဂဏ၏ အမည်သာတည်း။ စိတ်၏ အမည် မဟုတ်။ ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌—

သဟ သင်္ခါရေနာတိ သသင်္ခါရော။ တေန သသင်္ခါရေန သပ္ပယောဂေန သဉပါယေန ပစ္စယဂဏေန။

ဟူ၍ ဖွင့်ဆို၏။

စိတ်ဖြစ်ရန်အကြောင်း ဟူသော ပစ္စယဂဏ ဆိုသည်ကား သာမည အားဖြင့် ခြောက်ပါးတည်း။ ဝိသေသအားဖြင့် ကုသိုလ်ဖြစ်ရန် သပ္ပုရိသူပနိဿယ, သဒ္ဓမ္မသဝန စသည်တို့တည်း။ အကုသိုလ်ဖြစ်ရန် အသပ္ပုရိသူပနိဿယ, သဒ္ဓမ္မဝိမုခတို့တည်း။ အကြင် အခါ၌ အကြင် ပစ္စယဂဏသည် သင်္ခါရနှင့် ကင်း၍ စိတ်ကို ဖြစ်စေနိုင်၏။ ထိုပစ္စယဂဏသည် အသင်္ခါရမည်၏။ အကြင်အခါ၌မူကား သင်္ခါရနှင့်ကင်း၍ စိတ်ကို မဖြစ်စေနိုင်။ သင်္ခါရကူပံ့မှသာ စိတ်ကို ဖြစ်စေနိုင်၏။ ထိုပစ္စယဂဏသည် သသင်္ခါရမည်၏။ အသင်္ခါရဖြစ်သော ပစ္စယဂဏကြောင့် ဖြစ်သော စိတ်သည် အသင်္ခါရိကစိတ် မည်၏။ သသင်္ခါရဖြစ်သော ပစ္စယဂဏကြောင့် ဖြစ်သော စိတ်သည် သသင်္ခါရိကစိတ် မည်၏။ အသင်္ခါရိက, သသင်္ခါရိက ဟူသော ပုဒ်တို့၌ "ဣက"သဒ္ဒါသည် ဥပ္ပန္နအနက်ရှိသော တဒ္ဓိတ်ပစ္စည်းတည်း။ အနက်မရှိသော သွတ္ထ တဗ္ဗောပစ္စည်း မဟုတ် ဟူလို။ ထိုစကား မှန်၏။ ဓမ္မသင်္ဂဏီပါဠိတော်၌—

ယသ္မိံ သမယေ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ။ သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ သသင်္ခါရေန။

ဟူ၍ ဟောတော်မူ၏။ ဤပါဠိတော်ဖြင့် "သသင်္ခါရေန ဥပ္ပန္နံ သသင်္ခါရိကံ" ဟူသော ဝိဂ္ဂြိုဟ်ကို ပြဆိုတော်မူ၏။

အသင်္ခါရိကစိတ်ဖြစ်ခြင်း၏အကြောင်းခြောက်ပါးရှိ၏။ခြောက်ပါးကား—

(၁) အသင်္ခါရိကကမ္မဇနိတပဋိသန္ဓိကတာ = အသင်္ခါရိကကံကြောင့် ဖြစ်သော ပဋိသန္ဓေရှိခဲ့ခြင်း။

(၂) ကလ္လကာယစိတ္တတာ = ကိုယ်စိတ်တို့၏ ခံ့ကျန်းသာယာခြင်း။

(၃) ခန္တိဗဟုလတာ = အချမ်းအပူစသည်တို့ကို သည်းခံလေ့ရှိခြင်း။

(၄) ပုရိသကာရေသု ဒိဋ္ဌာနိသံသတာ = သူတော်ကောင်းတို့ ပြုဘွယ်အရေးအရာတို့၌ ကောင်းစွာ အကျိုးအာနိသံသကို မြင်လေ့ရှိခြင်း။

(၅) ကမ္မပသုတတာ = အမှုအမျိုးမျိုးကို ပြုလုပ်ဆောင်ရွက်လေ့ရှိခြင်း။

(၆) ဥတုဘောဇနာဒိ သပ္ပါယလာဘော = ဥတုဘောဇနံစသည်တို့၏ ညီညွတ်မျှတ သပ္ပါယကို ရရှိခြင်း။ ဤခြောက်ပါးတည်း။

ထိုခြောက်ပါးမှ ပြန်သဖြင့် သသင်္ခါရိက ဖြစ်ကြောင်းကို သိရ၏။ လောဘမူစိတ်ရှစ်ပါး၌ စိစစ်ဘွယ် အမြွက်ပြီး၏။

ဤ၌ လောဘမူစိတ်ရှစ်ခုဖြစ်ရန် အကြောင်းလေးပါးရှိ၏။လေးပါးကား—

(၁) လောဘခြံရံသော ကံကြောင့် ရသော ပဋိသန္ဓေရှိခြင်း။

(၂) လောဘရာဂ အဖြစ်များသော မင်းစိုးရာဇဘဝ, နတ်ဘဝတို့မှ စုတိ၍ လာခဲ့သောသူ ဖြစ်ခြင်း။

(၃) ဣဋ္ဌာရုံနှင့် တွေ့ကြုံခြင်း။

(၄) အရာရာ၌ သာယာဘွယ်ဟု ရှုလေ့ရှိခြင်း။ ဤ လေးပါးတည်း။

ဤလောဘမူစိတ် ရှစ်ခုတို့တွင် စတုတ္ထစိတ်သည် အားအနည်းဆုံး ဖြစ်၏။ စတုတ္ထထက် အဋ္ဌမ သာသည်။ အဋ္ဌမထက် တတိယ သာသည်။ တတိယထက် သတ္တမ သာသည်။ သတ္တမထက် ဒုတိယ သာသည်။ ဒုတိယထက် ဆဋ္ဌ သာသည်။ ဆဋ္ဌထက် ပထမ သာသည်။ ပထမထက် ပဉ္စမ သာသည်ဟူ၍ ဋီကာတို့၌ ဆို၏။

လောဘမူစိတ်ရှစ်ခု ပြီး၏။

## ဒေါသမူစိတ်—၂

**(၁၀) ဒေါမနဿ၊ ပဋိဃ သံ၊ အ, သ, ရုံ၊ နှစ်တန့်ဒေါသမူ။**

ဤကဗျာဖြင့် ဒေါသမူစိတ် ၂-ပါးကို ပြဆို၏။

“ဒေါမနဿသဟဂတံ”ဟူသော ပုဒ်၌ “ဒုဋ္ဌု မနော ဒုမနော”။ ဒုဋ္ဌု၊ မပြေမပြစ် မတင့်မတယ်သော။မနော၊ စိတ်တည်း။ ဒုမနော၊ မပြေမပြစ် မတင့်မတယ်

သောစိတ်။ တနည်းကား—"ဒုဋ္ဌု မနော ဧတဿာတိ ဒုမနော"။ ဧတဿာ၊ ထိုပုဂ္ဂိုလ်အား။ ဒုဋ္ဌု၊ မပြေမပြစ် မဘာင့်မတယ်သော။ မနော၊ စိတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ ဘသ္မာ၊ ထိုကြောင့်။ ဒုမနော၊ ဒုမန မည်၏။ ပုဂ္ဂိုလ်ကိုရစေ။ "ဒုမနဿ ဘာဝေါ ဒေါမနဿံ"။ ဒုမနဿ၊ မပြေမပြစ် မဘာင့်မတယ်သော စိတ်ရှိသော သူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဒေါမနဿံ၊ ဒေါမနဿမည်၏။ ဒေါမနဿဝေဒနာကို ရစေ။ "ဒေါမနဿေန သဟဂတန္တိ ဒေါမနဿသဟဂတံ"။ ဒေါမနဿေန၊ ဒေါမနဿနှင့်။ သဟဂတံ၊ တကွဖြစ်သော စိတ်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဒေါမနဿသဟဂတံ၊ ဒေါမနဿသဟဂုတ်စိတ် မည်၏။

"ပဋိဃသမ္ပယုတ္တံ" ဟူသော ပုဒ်၌ "ပဋိဟညတီတိ ပဋိဃော"။ ပဋိဟညတိ၊ ထိပါး လောင်မြိုက်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ပဋိဃော၊ ပဋိဃ မည်၏။ ဒေါသကို ရစေ။ ထိုစကား မှန်၏။ ထိုဒေါသတရား ဖြစ်ပေါ်လာသည်ရှိသော် မိမိမှီရာ ဝတ္ထုဖြစ်သော ပုဂ္ဂိုလ်ကိုလည်း ညှဉ်းဆဲဖျက်ဆီးတတ်၏။ ထိုပုဂ္ဂိုလ်၏နှလုံးမသာ မျက်နှာ မလှခြင်းကိုလည်း ပြုတတ်၏။ မိမိမှီရာ ဟဒယဝတ္ထုကိုလည်း လောင်မြိုက်တတ်၏။ သမ္ပယုတ်ဖြစ်သော တရားတို့ကိုလည်း ခေါင်းပါး ခြောက်သွေ့ အငွေ့ အတိ ပကတိပူပင်အောင် ပြုတတ်၏။ မိမိ အာရုံပြုသော အာရုံတရားကိုလည်း ညှဉ်းဆဲ နှိပ်စက်တတ်၏။ ထိုကြောင့် ပဋိဃဟူ၍ ဆိုပေသည်။

"ပဋိဃေန သမ္ပယုတ္တန္တိ ပဋိဃသမ္ပယုတ္တံ"။ ပဋိဃေန၊ ဒေါသပဋိဃနှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော စိတ်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ပဋိဃသမ္ပယုတ္တံ၊ ပဋိဃသမ္ပယုတ်စိတ် မည်၏။

အသင်္ခါရိက, သသင်္ခါရိကတို့မှာ ရှေ့အတိုင်းပင်မှတ်။

ဒေါသမူစိတ်ဖြစ်ခြင်း အကြောင်း လေးပါး ရှိ၏။ လေးပါးကား -

(၁) ဒေါသဇ္ဈာသယတာ = ဒေါသတည်းဟူသော အဇ္ဈာသယခေါတ်ခံ ရှိခြင်း။

(၂) အဂမ္ဘီရပကတိတာ=မနက်နဲသော အဂမ္ဘီရသဘော ရှိခြင်း။

(၃) အပ္ပသုတတာ=အကြားအမြင် နည်းပါးခြင်း။

(၄) အနိဋ္ဌာရမ္မဏသမာယောဂေါ=အနိဋ္ဌာရုံနှင့် ပေါင်းဆုံခြင်း။ ဤလေးပါးတည်း။

ဒေါသမူစိတ် ပြီး၏။

## မောဟမူစိတ်

### (၁၁) ဥပေက္ခာဝိ၊ ဝိစိ ဥဒ္ဓစ်၊ သံပ္ပါးလစ်၊ နှစ်ခု မောဟမူ။

ဤကဗျာဖြင့် ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် စိတ်တခု၊ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်တခုဟု ဆိုအပ်သော မောဟမူဒွေးကို ပြဆိုတော်မူ၏။ ဥပေက္ခာသဟဂုတပုဒ် သိသာပြီ။

"ဝိစိကိစ္ဆာသမ္ပယုတ်"ဟူသော ပုဒ်၌ "ဝိစိကိစ္ဆာ" ပုဒ်၏ ဝိဂ္ဂြိုဟ်သည် စေတသိက်ပိုင်း၌ လာလတ္တံ့။ အာရုံအမျိုးမျိုး၌ သို့လော သို့လော တွေးတောယုံမှားသော တရားသည် ဝိစိကိစ္ဆာ မည်၏။ "ဝိစိကိစ္ဆာယ သမ္ပယုတ္တန္တိ ဝိစိကိစ္ဆာသမ္ပယုတ္တံ"။ ဝိစိကိစ္ဆာယ၊ဝိစိကိစ္ဆာ စေတသိက်နှင့်။ သမ္ပယုတ္တံ၊ယှဉ်သော စိတ်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိစိကိစ္ဆာသမ္ပယုတ္တံ၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ် မည်၏။

ဝိစိကိစ္ဆာ စေတသိက်သည် ဤမောဟမူ ပထမစိတ်၌သာ ယှဉ်လေသဖြင့် တပါးသောစိတ်နှင့် မဆက်ဆံသော အသာဓာရဏတရားဖြင့် စိတ်ကို မှတ်သားခြင်းငှါ ဤစိတ်၌ ဝိစိကိစ္ဆာသဒ္ဒါကို ဆိုရလေသည်။

"ဥဒ္ဓစ္စသမ္ပယုတ်"ဟူသောပုဒ်၌ "ဥဒ္ဓစ္စ"သဒ္ဒါ၏ ဝိဂ္ဂြိုဟ်သည် စေတသိက်ပိုင်း၌ လာလတ္တံ့။ ပြန့်လွင့်သော သဘောတရားသည် ဥဒ္ဓစ္စ မည်၏။ "ဥဒ္ဓစ္စေန သမ္ပယုတ္တန္တိ ဥဒ္ဓစ္စသမ္ပယုတ္တံ"။ ဥဒ္ဓစ္စေန၊ ဥဒ္ဓစ္စစေတသိက်နှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော စိတ်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဥဒ္ဓစ္စသမ္ပယုတ္တံ၊ ဥဒ္ဓစ္စသမ္ပယုတ်စိတ် မည်၏။ ဥဒ္ဓစ္စစေတသိက်သည် အကုသိုလ်စိတ် အလုံးစုံတို့၌ ယှဉ်သော်လည်း အခြား စိတ်များ၌ ကောင်းစွာ အားမရှိ။ ဤစိတ်၌သာ ကောင်းစွာ အခွင့်ရ၍ အားကောင်းကောင်းကြီး ရှိလေ၏ဟူ၍ ပြဆိုခြင်းငှါ ဤစိတ်၌သာ ဥဒ္ဓစ္စသဒ္ဒါကို အထူး ထုတ်ဆိုလေသည်။ ထိုစကား မှန်၏။ ဓမ္မသင်္ဂဏီပါဠိတော် ဓမ္မုဒ္ဒေသဝါရတွင် အခြားသော အကုသိုလ်စိတ်၌ သရုပ်အားဖြင့် ဤဥဒ္ဓစ္စကို မထုတ်မဆိုဘဲ "ယေ ဝါ ပန"တရား အဖြစ်ဖြင့်သာ ဟောတော်မူ၏။ အဆုံးစွန်ဖြစ်သော အကုသိုလ်စိတ်၌သာ သရုပ်အားဖြင့် ထုတ်ဘော်၍ ဟောတော်မူသည်။ ထို့ကြောင့် ဤအဆုံး၌ ဥဒ္ဓစ္စ၏ အားရှိကြောင်းကို ကောင်းစွာ သိရလေသည်။

ဤမောဟမူစိတ် ၂ ခုသည် အခြားဟိတ်တပါးအနှောက်အရှက်မရှိ။ သက်သက်ပိုင်ပိုင် နိုင်နိုင် အခွင့်ရရန်အားရှိသော မောဟဟိတ်နှင့်လည်း ယှဉ်၏။ ယုံမှားသော ဝိစိကိစ္ဆာ, ပြန့်လွင့်သော ဥဒ္ဓစ္စတို့နှင့်လည်း ယှဉ်၏။ ထို့ကြောင့် ဤမောဟမူစိတ်နှင့် ယှဉ်သော ဝေဒနာသည်လည်း အာရုံကို လွန်မင်းစွာ သောမ-

နသာအနေ, ဒေါမနဿအနေဖြစ်အောင် မခံစားနိုင်ပေ။ ဤသို့သော သဘော ကြောင့် ဤမောဟမူဒွေးသည် ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်ရလေသည်။

ဤမောဟမူဒွေးသည် သတ္တဝါတို့၏ ပကတိ သဘောမျိုးကြီး ဖြစ်၏။ တစုံ တခုသော ပယောဂ,ဥပါယဖြင့် ဖြစ်စေအပ်သော မည်သည် မရှိ။ အချင်းခပ်သိမ်း ဘဝင်စိတ်များကဲ့သို့ မပြုမပြင် မပင်မပန်း လွယ်လွယ်ကူကူနှင့် ဖြစ်လေ့ ရှိ၏။ ထို့ကြောင့် အသင်္ခါရိကမျိုးသာ ဖြစ်သင့်၏။ အသင်္ခါရိကစိတ်ဟု ထင်ရှား၏။ သို့ဖြစ်၍ပင်လျှင် သင်္ခါရအပြားကို ဤမောဟမူစိတ်၌ မဆိုပေသည်ဟု မှတ်အပ် ၏။ ထို့ကြောင့်ပင်လျှင် ဓမ္မသင်္ဂဟပါဠိတော်၌လည်း ရှေ့စိတ်များကဲ့သို့ ဤ မောဟမူစိတ်၌ "သသင်္ခါရေန" ဟူသောဝါရကို ဟောတော်မမူချေ။

မောဟမူစိတ် ပြီး၏။

---

### အကုသိုလ်စိတ်အတွက် မှတ်သားဖွယ်များ

အကုသိုလ်စိတ် ၁၂-ပါး၌ ပကိဏ္ဏကကထာကို

အမြွက်မျှ ပြဆိုဦးအံ့။

**အကုသလ မည်ပုံ။** ။"န ကုသလာတိ အကုသလာ"။ ကုသလာ၊ ကုသိုလ်တို့ သည်။ န၊ မဟုတ်ကုန်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အကုသလာ၊ အကုသိုလ် မည်ကုန်၏။ ဤဝိဂ္ဂြိုဟ်နှင့်အညီ ကုသိုလ်တရားတို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သော တရားမျိုးတို့ကို အကုသိုလ်ဟူ၍ ဆိုရသည်။ တနည်းကား "အကုသလေဟိ ယုတ္တန္တိ အကုသလံ"။ အကုသလေဟိ၊ မောဟစသော သာဝဇ္ဇ အကုသလတရားတို့နှင့်။ ယုတ္တံ၊ ယှဉ်သောစိတ်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ အကုသလံ၊ အကုသိုလ်စိတ် မည်၏။

ထင်ရှားစွာပြဦးအံ့—မောဟစသော တရားတို့သည် သဒ္ဒါစသော တရား တို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ကြကုန်၏။ သဒ္ဒါစသော တရားတို့ သည် အပြစ်မရှိ ကောင်းသော သဘောရှိသောကြောင့် ကုသိုလ်မည်ကုန်၏။

မောဟစသော တရားတို့သည် သဒ္ဒါစသည်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်၍ အပြစ်နှင့်တကွ မကောင်းသော သဘောရှိသောကြောင့် အကုသိုလ်မည်ကုန်၏။

ထို့ကြောင့် မောဟစသော စေတသိက် ၁၄-ပါးတို့သည် အကုသိုလ်အစစ်တို့ မည်ကုန်၏။ စိတ်သည်မူကား ထိုအကုသိုလ် အစစ်တရားတို့နှင့် ယှဉ်မိလေ

သောကြောင့်သာ အကုသိုလ်စိတ် ဖြစ်ရလေသည်။ ပကတိ မူလရင်းက အကုသိုလ်စိတ် ဟူ၍ မရှိ။ စိတ္တနုကြိယာ, အာရမ္မဏ ဝိဇာနနကြိယာမျှသာ ရှိချေသည်။ ထိုစကားမှန်၏—

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။

ဟူ၍ မြတ်စွာဘုရားဟောတော်မူ၏။ အနက်ကား—ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ စိတ္တံ၊ ဤစိတ်သဘောသည်။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက် တလက်လက်နေ၏။ တဉ္စ၊ ထိုပြိုးပြိုးပြက်ပြက် တလက်လက်နေသော စိတ်ကိုသာလျှင်။ ခေါ၊ စင်စစ်။ အာဂန္တုကေဟိ၊ နောက်မှလာရောက်သော အာဂန္တုကဓာတ် ဖြစ်ကုန်သော။ ဥပက္ကိလေသေဟိ၊ မောဟ စသော ဥပက္ကိလေသ တရားတို့သည်။ ဥပက္ကိလိဋ္ဌံ၊ ညစ်နွမ်းစေအပ်၏။

ဗဿစသော အညသမာန်း ၁၃-ခုတို့၏ အမူအရာသည် သာဝဇ္ဇလည်း မဟုတ်၊ အနဝဇ္ဇလည်း မဟုတ်။ ထိုအတူ စိတ်၏ စိန္တနအမူအရာ ဝိဇာနန အမူအရာသည်လည်း သာဝဇ္ဇမျိုးလည်း မဟုတ်၊ အနဝဇ္ဇမျိုးလည်း မဟုတ်။ ရှေး၌ စေတသိက်အရာတွင် ပြဆိုခဲ့ပြီးသော ရေဥပမာကဲ့သို့ မောဟစသော ကေန္တသာဝဇ္ဇဓမ္မတို့နှင့် ပေါင်းဘော်မိသောအခါ စိတ်သည် ထိုသာဝဇ္ဇဓမ္မတို့၏ အကြီးအမှူး ဦးစီးဦးကိုင် အရေးပိုင်အရာသို့ ရောက်လေ၏။

သဒ္ဓါစသော ကေန္တအနဝဇ္ဇဓမ္မတို့နှင့် ပေါင်းမိသောအခါလည်း စိတ်သည် ထိုအနဝဇ္ဇဓမ္မတို့၏ အကြီးအမှူး ဦးစီးဦးကိုင် အရေးပိုင်အရာသို့ ရောက်လေ၏။ ထိုကြောင့် ဓမ္မပဒပါဠိတော်၌—

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။

ဟူ၍ ဟောတော်မူ၏။

ဓမ္မာ၊ နာမ်ခန္ဓာတရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်လျှင် ရှေ့သွားဦးစီး ရှိကုန်၏။ မနောသေဋ္ဌာ၊ စိတ်လျှင် ဦးကိုင် အရေးပိုင် ရှိကြကုန်၏။ မနောမယာ၊ စိတ်သဘောအတိုင်း ပြီးစီးကြကုန်၏။

**သဟဂုတ်, သမ္ပယုတ်, ဝိပ္ပယုတ်ဟု ဝေဘန်ပုံများ။** ။အကုသိုလ်စိတ်တို့တွင် လောဘမူ ၈-ခု၌ စေတသိက် ၂၂-ပါး ယှဉ်သည်။ ဒေါသမူဒွေး၌လည်း ၂၂-ပင် ယှဉ်သည်။ မောဟမူဒွေး၌ ၁၆-ပါး ယှဉ်သည်။ လောဘမူ၌ ယှဉ်သော စေတသိက် ၂၂-ခုတွင် ပီတိ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ၊ ဤစေတသိက် ၅-ခုသည် အချို့သာ ယှဉ်သည်။ ကြွင်းစေတသိက် ၁၇-သည် အကုန်လုံး ယှဉ်သည်။ အချို့ယှဉ်

၅-ခုတွင်လည်း မာန, ထိန, မိဒ္ဓ၊ ဤသုံးခုသည် ရံခါသာ ယှဉ်သော အနိယတ သာတည်း။ အမြဲယှဉ်သော နိယတမဟုတ်။ ဒေါသမူဒွေးယှဉ် ၂၂-ပါးတွင် လည်း ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ၊ ဤ ၅-ခုသည် ရံခါသာယှဉ်သော အနိယတမျိုးသာတည်း။ အချို့ယှဉ် ရံခါယှဉ်ဟူသမျှသည် စိတ်ကို အထွေ ထွေအပြားပြား များအောင် အထူး ပြုနိုင်သည်ချည်းတည်း။ ပြုပုံကား— ဒိဋ္ဌိသည် အချို့ယှဉ်ဖြစ်၍ ယှဉ်သောစိတ်သည် ဒိဋ္ဌိဂတသမ္ပယုတ်၊ မယှဉ်သော စိတ်သည် ဒိဋ္ဌိဂတဝိပ္ပယုတ် နှစ်ထွေထုတ်ရသကဲ့သို့ အချို့ယှဉ်ဖြစ်သော ပီတိ စေတသိက်အတွက်နှင့်လည်း ပီတိသမ္ပယုတ် ပီတိဝိပ္ပယုတ် နှစ်ထွေထုတ်ခွင့် ရှိသည်။ အချို့ယှဉ် ရံခါယှဉ်ဖြစ်သော မာန, ထိန, မိဒ္ဓတို့အတွက်နှင့်လည်း မာနသမ္ပယုတ်, မာနဝိပ္ပယုတ်, ထိန-မိဒ္ဓသမ္ပယုတ်, ထိန-မိဒ္ဓဝိပ္ပယုတ်ဟူ၍ နှစ်ထွေ ထုတ်ခွင့် ရှိသည်။ ဒိဋ္ဌိဝိပ္ပယုတ် လေးခုသည်ပင်လျှင် မာနသမ္ပယုတ်လေးခု ဖြစ် ပေလတ္တံ့။ သသင်္ခါရိကလေးခုသည်ပင်လျှင် ထိန-မိဒ္ဓသမ္ပယုတ်လေးခု ဖြစ်ပေ လတ္တံ့။ ဒေါသမူဒွေးသည်လည်း ဣဿာသမ္ပယုတ် နှစ်ခု, ဣဿာဝိပ္ပယုတ် ၂-ခု, မစ္ဆရိယသမ္ပယုတ် ၂-ခု, မစ္ဆရိယဝိပ္ပယုတ် ၂-ခု, ကုက္ကုစ္စသမ္ပယုတ် ၂ ခု, ကုက္ကုစ္စ ဝိပ္ပယုတ် ၂-ခု ဖြစ်လာလတ္တံ့။ ၎င်းဒေါသမူ သသင်္ခါရိက ၁-ခုတည်းပင်လျှင် ထိန-မိဒ္ဓသမ္ပယုတ် ၁-ခု, ထိန-မိဒ္ဓဝိပ္ပယုတ် ၁-ခုဖြစ်လာလတ္တံ့။

ဤသို့ စိတ်ကို အထွေထွေ အပြားပြား များအောင် အထူးပြုတတ်ကုန် သော သမ္ပယုတ်တရားတို့သည် များစွာ ရှိကြပါကုန်လျက် အဘယ်ကြောင့် လောဘမူစိတ်မှာ ဝေဒနာနှင့် ဒိဋ္ဌိကိုသာ, ဒေါသမူစိတ်မှာ ဝေဒနာနှင့် ပဋိဃ ကိုသာ, မောဟမူစိတ်မှာ ဝေဒနာနှင့် ဝိစိကိစ္ဆာ ဥဒ္ဓစ္စတို့ကိုသာ သဟဂုတ်သံ, သမ္ပယုတ်သံ, ဝိပ္ပယုတ်သံများနှင့် ဝေဘန် ထုတ်ဆိုရလေသနည်း။ (မေးရန်။)

ဝေဒနာသည် ခံမှုစံမှု ဖြစ်ပေ၍ အလွန် ထင်ရှားသဖြင့် ခန္ဓာတပါး အသီး ထား၍ ရှုရသော တရားလည်း ဖြစ်ပေသည်။ ထိုဝေဒနာမှ ပြားသော သုခ သဘော, ဒုက္ခသဘော စသည်တို့သည်လည်း အသီးအသီး ထင်ရှားကြကုန် သည်။ ထိုကြောင့် စိတ်ကို ဝေဒနာအပြားနှင့် ဘက်တွဲ၍ အထွေထွေ အပြား ပြား ဝေဘန်ပေသည်။

ဒိဋ္ဌိ, ဝိစိကိစ္ဆာ တို့သည် မဂ်ဖြင့် ပယ်ခန်းသို့ ရောက်သောအခါ ပထမမဂ်၏ အသီးဝေပုံကျဖြစ်၍ မဂ်တို့၏ အစွမ်းအထူးကို ပြရာ၌ အစဉ် ထင်ရှားကြပေ ကုန်သည်။ ထိုကြောင့် ပဟာတဗ္ဗဖြစ်သော အကုသိုလ်စိတ်ကို ဒိဋ္ဌိ, ဝိစိကိစ္ဆာ တို့နှင့် အသီး ဝေဘန်ပေသည်။

ပဋိဃသည် တတိယမဂ်၏ ဝေပုံကျပေတည်း။

ဥဒ္ဓစ္စမှာမူကား အကုသိုလ်စိတ် အကုန်လုံးနှင့် ဆက်ဆံသည် ဖြစ်၍ရင်း, အကြွင်းမရှိ ပယ်ခန်းသို့ ရောက်မှ ပယ်ရ ပါလေသည် ဖြစ်၍ရင်း ယှဉ်ခန်း ပယ်ခန်းတို့၌ အထူးထွက်သော တရား မဟုတ်ပေ။ ထိုသို့မဟုတ်သော်လည်း ထိုဥဒ္ဓစ္စ အထူးအားရှိသော နယ်ပယ်အကွက်ကို ပြလို၍ ဥဒ္ဓစ္စသမ္ပယုတ် အသီး ထုတ်ပေသည်။

ပီတိ, မာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ၊ ဤ ၇-ပါးတို့တွင် ပီတိ သည် သောမနဿ၏ နောက်လိုက် ဖြစ်ပေသည်။ ထိုကြောင့် ဝေဒနာဘေဒနှင့် ပင် ပြီးတော့သည်။

မာန, ထိန, မိဒ္ဓတို့အတွက်နှင့် သမ္ပယုတ်, ဝိပ္ပယုတ် နှစ်ထွေ ထုတ်သင့်ပါ သော်လည်း သမ္ပယောဂ အစီအရင်တွင် မာနဝိပ္ပယုတ်, ထိန-မိဒ္ဓဝိပ္ပယုတ် တွင် ဘယ်တရား ယှဉ်သည်ဟု အထူးစီရင်မှုလည်း မရှိ။ မဂ်ဖြင့် ပယ်ခန်းတွင် သမ္ပယုတ်ကို ဘယ်မဂ်ပယ်သည်, ဝိပ္ပယုတ်ကို ဘယ်မဂ် ပယ်သည်ဟု အထူး ပယ်ချက်လည်း မရှိ။ ထိုကြောင့် ထိုတရားတို့ကို အပြားဘေဒအမှု၌ ဂရုမစိုက် လေသည်။

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သည်ကား အာရုံအများနှင့် ဆက်ဆံသော တရားစုမဟုတ်၊ မိမိတို့ဆိုင်ရာ အာရုံအနည်းငယ်မျှနှင့်သာ ဆက်ဆံကြကုန်သည်။ ထိုကြောင့် ထိုတရားတို့ကို အပြားဘေဒမှု၌ ဂရုမစိုက်လေသည်။ ဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့်ပင်လျှင် ဓမ္မသင်္ဂဏီပါဠိတော်၌လည်း ထိုမာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓတို့ကို ယေဝါပနကအဖြစ်နှင့်သာ ဟောတော် မူသည်။

စိတ်တို့ကို မည်သည့်စိတ် မည်သည့်စိတ်ဟု တမည်တခုထားရန် အထွေအပြား ပြု၍ ဝေဘန်သောအမှုသည် အရာတပါး ဌာနတပါးသို့ ရောက်လျှင်လည်း ဝေဘန်ခဲ့ခြမ်းမှုအစဉ်၌ အသုံး တွင်ကျယ်လောက်မှ ဝေဘန်ရသည်။

ဒေါသမူဒွေးမှာလည်း ဝေဒနာအတွက် သမ္ပယုတ်အတွက် အထွေအပြား မရှိဘဲလျက် "ဒေါမနဿသဟဂတံ ပဋိဃသမ္ပယုတ္တံ"ဆိုရပြန်သည်မှာ မင်းတို့ သည် ပျော်မြူးကုန်လျက် အသက်သတ်မှုကို စေခိုင်းသောအခါ၌ရင်း, လုလင်ပျို တို့သည် ပျော်မြူးကုန်လျက် သူ့အသက်သတ်မှုကို ပြုကြကုန်သော အခါ၌ရင်း, မိစ္ဆာအယူရှိသောသူတို့သည် သူ့အသက်ကိုသတ်ညှစ်၍ ယဇ်ပူဇော်ရာ ဝမ်းသာ နှစ်သက်ကြသောအခါ၌ရင်း, သောမနဿဇောတို့၏ အလယ်၌ အနည်းငယ်မျှ သာ ဖြစ်ကုန်ကြသော ပါဏာတိပါတမှုတို့သည် သောမနဿနှင့်သော်ရင်း, ဥပေက္ခာနှင့်သော်ရင်း ယှဉ်ကုန်ရာသည်ဟု ယူရန်ရှိသည်လည်း တကြောင်း။

**သံခိပ်-ဋီ ၁-၃ — ပ-မ-ဗ-စ-သ**

ဆိုခဲ့ပြီးသော မိစ္ဆာလူညစ်တို့ ယဇ်ပူဇော်မှု၌ငြင်း, အချို့သော မိစ္ဆာလူမျိုးတို့ကဲ့သို့ တိရစ္ဆာန်ကို သတ်ကောင်း၏၊ ချတ်သည်မည်၍ ကောင်းမှု အထူးဖြစ်၏ ဟူသော မိစ္ဆာအယူနှင့် ကုသိုလ်ရအောင် သတ်ကြရာ၌ငြင်း, ပါဏာတိပါတမှုသည် မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်လေရာသည်ဟု ယူရန်ရှိသည်တကြောင်း။

သေခွင့်ဆိုက်ပြီး ဒုက္ခကြီးစွာ မြင်ရရာ၌ ကြင်နာလှုထွေ မြန်မြန်သေမှု ကောင်းလေ၏ဟု အကြံဖြစ်ရာ၌ငြင်း, သေတဲ့စိမ့်ငှါ ဝါစာ ကာယ ပယောဂမှု လှုံ့လပြုရာ၌ငြင်း, ကရုဏာဇောတို့၏ အလယ်၌ အနည်းငယ်ပင်ဖြစ်လေသော ဝိဟေသဇော စုသည် ကရုဏာနှင့်ပင် ယှဉ်လေရာသည်ဟု ယူရန်ရှိသည့်လည်း တကြောင်း။

သို့အကြောင်းများကြောင့် သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာတို့ကို ငြင်း မိစ္ဆာဒိဋ္ဌိ, ကရုဏာတို့ကိုငြင်း ပယ်ခြင်း, နစ်စေခြင်းငှါ "ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ်"တို့ကို ဘော်ထုတ်၍ ဆိုရပြန်သတည်း။ စင်စစ် အားဖြင့်မူကား— စိတ်ကို အထူးပြုခွင့် ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ဝေဒနာမည်သည် အစွဲအလမ်း အလွန်ကြီးရာဌာနဖြစ်၍ အသီးရှုထိုက်သောအရာ ဖြစ်ပေရကား စိတ်တိုင်းမှာပင် ဝေဒနာယောဂကို မလွှတ်ရရှိသည်နှင့် "ဒေါမနဿ သဟဂုတ်"ကို ထုတ်ရလေသည်။ ထိုကြောင့်မဟုတ်လော— မောဟမူဒွေး, စက္ခုဝိညာဏ်ဒွေး စသော စိတ်တကာ စိတ်တိုင်းမှာပင် ဝေဒနာကိုမလွှတ်နိုင်ဘဲ အမြဲမှုတည်ရလေသည်။ ဒေါသသည် ပူပြင်းသောတရားဖြစ်ခဲ့၍ ဒေါသနှင့် ယှဉ်သောစိတ်၌ ဝေဒနာသည် ဥပေက္ခာသဘောအနေနှင့်ပင် မတည်နိုင်၊ သောမနဿအနေမှာ ဝေးလှစွာ၏။ ထိုကြောင့် ဤစိတ်၌ ဒေါမနဿဝေဒနာ မြဲလေသတည်း။

မောဟမူဒွေး၌ကား ရှေးရှေးသောစိတ်တို့၌ လောဘ, ဒေါသ မင်းမူရာ ဌာနနိုင်ငံဖြစ်၍ မောဟသည် မော်ခွင့်မရလေ။ ဤမောဟမူဒွေး၌သာ ကောင်းကောင်းမော်ခွင့် မင်းမူခွင့် ရသည်နှင့် အဆမတန် တွေဝေထိုင်းမှိုင်းသော မောဟနှင့် ယှဉ်သည်လည်း တကြောင်း၊ အာရုံ၌ တည်တံ့ခြင်းမရှိဘဲ အမြဲလှုပ်ရှားလွင့်ပါး၍နေသော ဝိစိကိစ္ဆာ, ဥဒ္ဓစ္စတို့နှင့် ယှဉ်ရသည်လည်း တကြောင်း။ သို့အကြောင်းများကြောင့် မောဟမူဒွေးသည် ဣဋ္ဌ, အနိဋ္ဌ၌ပင် ရှင်ခြင်း, ညှိုးခြင်း ကင်းတုံသမှု လျစ်လျူရှုသော ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်လေသည်။ ဤမောဟမူဒွေး၌ သင်္ခါရအပြားကို မဆိုသည်မှာ ပါဠိတော်မလာ၍ မဆိုသည်။ ဓမ္မသင်္ဂဏီ ပါဠိတော်၌ လောဘမူစိတ်, မဟာကုသိုလ် စိတ်တို့မှာပင် အသင်္ခါရဟူ၍ အဟောမရှိ။ နောက်နောက်စိတ်၌ "သသင်္ခါရေန"ဟု ဟောတော်မူသည်ကို ထောက်၍ ရှေးရှေးစိတ်ကို အဝုတ္တသိဒ္ဓိနည်း အားဖြင့်

"အသင်္ခါရိက" ခေါ်ကြရသည်။ မောဟမူဒွေးသည်လည်း ထိုအဝုတ္တသိဒ္ဓိ နည်းအဝင် အသင်္ခါရိကသက်သက်ဟု ယူရမည်။ သင်္ခါရဝိမုတ်ဟု မယူသင့်။ သက်သေကား ပဋိစ္စသမုပ္ပါဒနိဒ္ဒေသ၌ အဝိဇ္ဇာသည် သသင်္ခါရ, အသင်္ခါရအားဖြင့် နှစ်ပါးရှိကြောင်းကိုသာ အဋ္ဌကထာတို့၌ ဆိုပေသည်။ အသင်္ခါရ, သသင်္ခါရ, သင်္ခါရဝိမုတ်အားဖြင့် သုံးပါးရှိကြောင်းကို မဆိုပေ။ ခန္ဓဝိဘင်းအဋ္ဌကထာ၌လည်း အကုသိုလ်စိတ်တို့၏ သြဠာရိက, သုခုမကို ဝေဘန်ရာ၌ သသင်္ခါရိက, အသင်္ခါရိက နှစ်ထွေသာ လာပေသည်။ သင်္ခါရဝိမုတ်ဟူ၍ မလာပေ။ ဤသက်သေဖြင့်လည်း မောဟမူဒွေးကို အသင်္ခါရိကပေဟု ပုံသေမှတ်အပ်၏။

**ကုသိုလ်စိတ်, အကုသိုလ်စိတ်တို့၏ အကြောင်းများ။** ။သမ္ပတ္တိစက် လေးပါးသည် ကုသိုလ်စိတ်တို့၏ အကြောင်းတည်း။ ဝိပတ္တိစက်လေးပါးသည် အကုသိုလ်စိတ်တို့၏ အကြောင်းတည်း။

**ဝိပတ္တိစက် လေးပါးကား**

(၁) အပ္ပတိရူပဒေသ ဝါသော＝သူတော်ကောင်းတရား ရှားပါးခြောက်တတ် မလျောက်ပတ်သော အရပ်ဒေသ၌ နေရခြင်းတပါး။

(၂) အသပ္ပုရိသူပနိဿယော＝သူတော်မဟုတ် သူယုတ်သူမာ သူမိုက်တို့ကို မှီရာမှီကြောင်း အပေါင်းအသင်း အရင်းအချာပြု၍ နေခြင်းတပါး။

(၃) ပုဗ္ဗေ အကတပုညတာ＝ပြုဘူးသော ရှေးဘုန်း ရှေးကံ အခံသေးနုပ်ခြင်းတပါး။

(၄) အတ္တမိစ္ဆာပဏိဓိ＝စိတ်ထား သဘောထား ယွင်းမှားတိမ်းစောင်း မကောင်းသော အလေ့အကျက် ရှိခြင်းတပါး။

ထိုမှတပါး အယောနိသောမနသိကာရသည် အကုသိုလ်စိတ်တို့၏ နီးစွာသော အကြောင်း ပဒဋ္ဌာန်ပင်တည်း။

အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ န ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ပရိဟာယန္တိ။ (ပါဠိတော်။)

ဘိက္ခဝေ၊ ရဟန်းတို့။ အယောနိသော၊ မသင့်သောအကြောင်းအားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသောသူအား။ အနုပ္ပန္နာ စေဝ အကုသလာ

ဓမ္မာ၊ ဖြစ်နေကျမဟုတ်သော အကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ် လာကုန်၏။ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ၊ ဖြစ်နေကျဖြစ်သော အကုသိုလ်တရား တို့သည်လည်း။ အဘိဝဍ္ဎန္တိ၊ တိုးပွါးကုန်၏။ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ၊မဖြစ် ဘူးသေးသော ကုသိုလ်တရားတို့သည်လည်း။ န ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ် ခွင့်မရကုန်။ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ၊ ဖြစ်မိသမျှသော ကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ရကုန်၏။ (ဤကား အနက်။)

လောက၌ အလုံးစုံသော သက်ရှိသက်မဲ့ ဂုဏ အနိဋ္ဌ ဝတ္ထုစု၊ အလုံးစုံသော ဖြစ်မှုပျက်မှုစုသည် နှလုံးထား လိမ်မာလျှင် ကုသိုလ်ဖြစ်ဘို့ချည်း သာတည်း။ နှလုံးထား မလိမ်မာလျှင် အကုသိုလ် ဖြစ်ဘို့ချည်းသာတည်း။ အကုသိုလ် လွတ်ဘို့လမ်းသည် ယောနိသော လမ်းမည်၏၊ အကုသိုလ်ဖြစ်ဘို့ လမ်း သည် အယောနိသော လမ်းမည်၏။ သက်တော်ထင်ရှား ဘုရားသခင်နှင့်ပင် တွေ့သော်လည်း အယောနိသောလမ်းသို့ စိတ်ဦးလှည့်ခဲ့လျှင် အကုသိုလ်ဖြစ် ဘို့သာ ဖြစ်၏။ မိမိအလိုသို့ လိုက်ပါသော တာဝတိံသာနတ်သမီးနှင့်ပင် တွေ့သော်ငြား, မိမိအသက်ကို ဖျက်ဆီးသတ်ဖြတ်မည့်သူနှင့်ပင် တွေ့သော်ငြား ယောနိသော လမ်းသို့ ဦးလှည့်ခဲ့လျှင် ကုသိုလ်ဖြစ်ဘို့သာ ဖြစ်၏။

## ရစနာဂါထာ

အဇ္ဈတ္တဝိသဋ္ဋံ ဝိသံ၊ အဇ္ဈုပေက္ခေယျ ပဏ္ဍိတော။
နော ဥပ္ပထမနက္ကာရံ၊ သော ဟာပါယပထော ဥဇု။

ပဏ္ဍိတော၊ ပညာရှိသည်။ အဇ္ဈတ္တဝိသဋ္ဋံ၊ ကိုယ်တွင်းမသံ့ ပြန့်နှံ့ပူလောင် ၍နေသော။ ဝိသံ၊ မြွေပွေးဆိပ်ကို။ အဇ္ဈုပေက္ခေယျ၊ ကြောင့်ကြမပူ၊ လျစ် လျူရှုသော်လည်း ရှုရသေး၏။ ဥပ္ပထမနက္ကာရံ၊ ကိုယ်တွင်းမှထ၍လာသော အယောနိသောမနသိကာရကို။ နော အဇ္ဈုပေက္ခေယျ၊ ကြောင့်ကြမပူ၊ လျစ် လျူရှု၍မနေရာ။ ဟိ၊ အဘယ့်ကြောင့်နည်းဟူမူကား။ သော၊ ထို အယောနိ သောမနသိကာရသည်။ ဥဇု၊ မသွေမထောင့် အလွန်ဖြောင့်သော။ အပါယ- ပထော၊ အပါယ်လမ်းမကြီးပေတည်း။

ထိုမှတပါး အကုသိုလ်ဟိတ်သုံးပါး ခြံရံသောကံဖြင့် ပဋိသန္ဓေနေခဲ့သော သူများမှာလည်း အကုသိုလ်တရား အဖြစ်များတတ်ချေ၏။

## ရစနာဂါထာ

ပါပဟေတုပရိက္ခိတ္တံ၊ ပုညံ ယဿ ဒုမေဓိနော။
ပုညပါကမနုဘောန္တံ၊ တေဝ မာရေန္တိ ဟေတဝေါ။

ဒုမေဓိနော၊ ပညာနည်းသော။ ယဿ၊ အကြင်သူ၏။ ပုညံ၊ ကုသိုလ်ကံသည်။ ပါပဟေတုပရိက္ခိတ္တံ၊ အကုသိုလ်ဟိတ်ဖြင့် ခြံရံခဲ့၏။ ပေစ္စ၊ တမလွန်ဘဝသို့ ရောက်သောအခါ၌။ ပုညပါကံ၊ ထိုကုသိုလ်၏အကျိုးကို။ အနုဘောန္တံ၊ ခံစားရှာနေသောသူကို။ တေဝ ဟေတဝေါ၊ ထိုကံပြုစဉ်က ခြံရံသော ပါပဟိတ်တရားတို့သည်ပင်လျှင်။ မာရေန္တိ၊ သတ်တတ်ကုန်၏။

ဒွေကုသိုလ်စိတ် အဖွင့် ပြီး၏။

---

## အဟိတ်စိတ်

အဟိတ်စိတ် အဖွင့်ကို ပြဆိုအံ့—

(၁၂) စက်,သော,ဃာ,ဇိ၊ ကာ,ကိုမှီ၊ ငါးလီဝိညာဏ်မှတ်။

(၁၃) သံ,သန်နှစ်ခု၊လောင်းပြန်မှု၊ အကုဝိပါက်-သတ်။

### အကုသလဝိပါက်စိတ်-၇

**စက္ခုဝိညာဏ်အကြောင်း။**　　။ဤကဗျာတို့ဖြင့် အကုသလဝိပါက်စိတ် ၇-ပါးကိုပြဆို၏။ "စက္ခုဝိညာဏံ"ဟူသောပုဒ်၌ စက္ခု-ဝိညာဏ်၏ မှီရာဖြစ်သော စက္ခုပသာဒရုပ်ကို ဤနေရာ၌ "စက္ခု"ဆိုရသည်၊ ထိုစက္ခုကို ဒွါရသင်္ဂဟ၌ "စက္ခုဒွါရ"ခေါ်သည်။ ဝတ္ထုသင်္ဂဟ၌ "စက္ခုဝတ္ထု" ခေါ်သည်။ ဣန္ဒြိယအရာ၌ "စက္ခုန္ဒြေ"ခေါ်သည်။ အာယတနအရာ၌ "စက္ခာ-ယတန"ခေါ်သည်။ ဓာတ်အရာ၌ "စက္ခုဓာတ်"ခေါ်သည်။ (စက္ခုစသော သဒ္ဒါတို့၏ ဝိဂ္ဂြိုဟ်ကို ရုပ်ပိုင်း၌ ဆိုလတ္တံ့)။ "ဝိညာဏံ"ဟူသောပုဒ်၌ "ဝိဇာ-နာတီတိ ဝိညာဏံ"။ ဝိဇာနာတိ၊ အထူးသိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိညာဏံ၊ ဝိညာဏ်မည်၏။ "ဝိဇာနာတီတိ ခေါ ဘိက္ခဝေ တသ္မာ ဝိညာဏန္တိ ဝုစ္စတိ"ဟူ၍လည်း မြတ်စွာဘုရား ဟောကြားတော်မူ၏။ အနက်လွယ်ပြီ။ "စက္ခုံ နိဿိတံ ဝိညာဏန္တိ စက္ခုဝိညာဏံ"။ စက္ခုံ၊ စက္ခုပသာဒကို။ နိဿိတံ၊ မှီသော။ ဝိညာဏံ၊ ဝိညာဏ်စိတ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်မည်၏။ တနည်းကား "စက္ခုသ္မိံ ဥပ္ပန္နံ ဝိညာဏန္တိ စက္ခု-ဝိညာဏံ"။စက္ခုသ္မိံ၊ စက္ခုပသာဒ၌။ ဥပ္ပန္နံ၊ ဖြစ်သော။ ဝိညာဏံ၊ ဝိညာဏ်စိတ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်မည်၏။ ဤသို့စသည်ဖြင့် ဝိဂ္ဂြိုဟ်ဆိုလေ။ (စက္ခုဝိညာဏ်စိတ်ကိုရစေ)။ စက္ခုပသာဒ၌ မှီသော ဝိညာဏ်ကို စက္ခုသဒ္ဒါဖြင့် အထူးပြု၍ စက္ခုဝိညာဏ်စိတ် ခေါ်လေသည်။

မဟာတဏှာသင်္ခယသုတ် ပါဠိတော်၌ ဘုရားဟောတော်မူသော ဥပမာ အတိုင်း ထင်းကိုစွဲ၍ တောက်သောမီးကို ထင်းမီးဟူ၍၎င်း, ကောက်ရိုးကိုစွဲ၍ တောက်သောမီးကို ကောက်ရိုးမီးဟူ၍၎င်း, ဖွဲမီးကို စွဲ၍ တောက်သောမီးကို ဖွဲမီးဟူ၍၎င်း ခေါ်ရသကဲ့သို့ စက္ခုကိုမှီ၍ဖြစ်သော ဝိညာဏ်ကို စက္ခုဝိညာဏ်, သောတကို မှီ၍ဖြစ်သော ဝိညာဏ်ကို သောတဝိညာဏ် စသည်ဖြင့် ခေါ်ရ၏။ စက္ခုသည် မှီရာနိဿယတရားဖြစ်၏။ ဝိညာဏ်သည် မှီတတ်သော နိဿိတတရား ဖြစ်၏။

**စက္ခုဝိညာဏ်ဖြစ်ကြောင်းပစ္စည်းများ။** ။ယင်းစက္ခုသည် မိမိကိုမှီသော ဝိညာဏ် အား ဝတ္ထုပုရေဇာတပစ္စည်း, ဝတ္ထုပုရေဇာတနိဿယပစ္စည်း, ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း, ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ ပစ္စည်း, ဝတ္ထုပုရေဇာတတ္ထိပစ္စည်း, ဝတ္ထုပုရေဇာတအဝိဂတပစ္စည်း။ ဤ၆-ပစ္စည်း တို့ဖြင့် ကျေးဇူးပြုပေသည်။

ပစ္စုပ္ပန်ရူပါရုံသည် စက္ခုဝိညာဏ်အား အာရမ္မဏပစ္စည်း, အာရမ္မဏပုရေ-ဇာတပစ္စည်း, အာရမ္မဏပုရေဇာတတ္ထိပစ္စည်း, အာရမ္မဏပုရေဇာတအဝိဂတ ပစ္စည်း။ ဤလေးပစ္စည်းတို့ဖြင့် ကျေးဇူးပြုပေသည်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် စက္ခုဝိညာဏ်အား အနန္တရပစ္စည်း သမနန္တရပစ္စည်း, ဥပနိဿယပစ္စည်း, နတ္ထိ ပစ္စည်း, ဝိဂတပစ္စည်း။ ဤငါးပစ္စည်းတို့ဖြင့် ကျေးဇူးပြုပေသည်။

ဥတု, ဘောဇန, ဌာနစသည်တို့သည် စက္ခုဝိညာဏ်စိတ်အား ပကတူပ-နိဿယသတ္တိဖြင့် ကျေးဇူးပြုပေသည်။ ဤကား စက္ခုဝိညာဏ်ဖြစ်ရန် ကျေးဇူးပြု သော ပစ္စည်းတို့ကို ပြသော စကားစုတည်း။

စက္ခုဝိညာဏ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား အောက်ပါ အတိုင်းပင်တည်း။

(၁) စက္ခုသန္နိဿိတရူပဝိဇာနနလက္ခဏံ=စက္ခု၌ မှီ၍ ရူပါရုံကို သိခြင်း လက္ခဏာ ရှိ၏။

(၂) ရူပမတ္တာရမ္မဏရသံ=ရူပါရုံမျှလျှင် အာရုံပြုခြင်း ကိစ္စရသရှိ၏။

(၃) ရူပါဘိမုခဘာဝပစ္စုပဋ္ဌာနံ=ရူပါရုံသို့ ရှေးရှုကိုင်းရှိုင်းခြင်းလျှင် ထင် သောအခြင်းအရာ ရှိ၏။

(၄) ရူပါရမ္မဏပဉ္စဒွါရာဝဇ္ဇနာပဂမပဒဋ္ဌာနံ = ရူပါရုံလျှင် အာရုံရှိသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ကင်းခြင်း ချုပ်ခြင်းလျှင် နီးစွာသော အကြောင်း ရှိ၏။

စက္ခုဝိညာဏ် ဖြစ်ပေါ်ရန် အကြောင်း လေးပါးလည်း ရှိသေး၏။

(၁) စက္ခု=ကြည်လင်သော စက္ခုပသာဒရှိခြင်း။

(၂) အာလောက=အရောင်အလင်းထင်ရှားရှိခြင်း။

(၃) ရူပ=မြင်လောက်သော ရူပါရုံ ရှိခြင်း။

(၄) မနသိကာရ=ထိုရူပါရုံလျှင် အာရုံရှိသော ပဉ္စဒွါရာဝဇ္ဇန်းတည်း ဟူသော မနသိကာရရှိခြင်း။

ဤလေးပါးကို ရည်၍ ဝိထိပိုင်း၌ "စက္ခု့လောက၊ ရူပ ထင်ပြီ၊ မနသိ၊ လေးလီစက္ခုဘို" ဟူ၍ ဆိုလတ္တံ့။

ထိုလေးပါးတို့တွင် အရောင်အလင်းဟူသည်မှာ ရူပါရုံကို ခြံရံသော အရောင်အလင်း၊ စက္ခုဝတ္ထုကို ခြံရံသော အရောင်အလင်း နှစ်ပါးပင် သင့်ရာ၏။ တော တောင် အခြားမရှိ မှောင်အခြားမရှိ နေ့ညဥ့်မရွေး ဝေးလှစွာသော ရူပါရုံကိုပင် မြင်နိုင်သော နတ်ပြိဟ္မာတို့၏ မျက်စိ၊ ညဥ့်အခါ၌ပင် ဝန်းကျင် တယူဇနာ အကွင်း မြင်နိုင်သော မြတ်စွာဘုရား၏ ပကတိမျက်စိ၊ ကျား့ကြောင်၊ မိန်ကောင့် ခင်ပုပ်စသော ညဥ့်၌ ကျက်စားသော သတ္တဝါတို့၏ မျက်စိများ သည် စက္ခုဝတ္ထုတွင် ခြံရံသော အရောင်အလင်း၏ ကျေးဇူးပေတည်း။

ညဥ့်ကိုမြင်သော မျက်မှန်၊ နေ့ကို အဝေး အသေးကို မြင်သော မျက်မှန် ရေ၏ အတွင်း၌ မြင်သော မျက်မှန်တို့နှင့် စပ်၍ မြင်သော အရာများသည် လည်း စက္ခု၌ ခြံရံသော အရောင်အလင်း ကျေးဇူးပေတည်း။ သန်းခေါင်၊ လကွယ်၊ တောအုပ်လယ်၌ နေ၍လည်း အဝေး၌တည်သော ကြယ်တာရာတို့ကို ၎င်း၊ တောင်ထိပ်ရှိ မီးတို့ကို၎င်း၊ ထိုကြယ်တာရာ ထိုမီးတို့၏ အနီး အနားရှိ ဝတ္ထုတို့ကို၎င်း မြင်ရခြင်းများသည် ရူပါရုံတွင် ခြံရံသော အရောင်အလင်း၏ ကျေးဇူးပေတည်း။

အလွန် ကြည်လင်လှစွာသော ဝေဠုလ္လမဏိသည် အလင်းတပါး မရှိသော်လည်း မိမိအတွင်း၌ တည်သော အကြည်၏ တန်ခိုးကြောင့် မြေမိုးကောင်းကင် တောင်စဥ် ၇-ထပ် နတ်ဘုံ နတ်နန်း အခမ်းအနား အလုံးစုံ အကုန် ထင်ရသကဲ့သို့ သမ္ဘာရ စက္ခု အတွင်း၌ တည်သော အကြည်သည်လည်း အစွမ်း အားလျော်စွာ ပြုနိုင်သည်။

အာရုံခြောက်ပါးတို့တွင် ရူပါရုံ၊ သဒ္ဒါရုံ၊ ဓမ္မာရုံ ဤ ၃-ပါးတို့သည် အရိပ် ခိုက် အရိပ်ထင်တို့သာတည်း။ ဝတ္ထုခိုက် ဝတ္ထုထင် မဟုတ်ပေကုန်။ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ တို့၌ ခိုက်ကြ ထင်ကြသော ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဤ ၃-ပါးတို့သည်ကား ဝတ္ထုခိုက်တို့ပေတည်း။ အရိပ်ခိုက်မျှ မကပေကုန်။

ဤ ၃-ပါးတို့သည်လည်း မနောဒွါရတွင် ထင်သောအခါ အရိပ်ခိုက် အရိပ် ထင်တို့သာတည်း။ ထိုကြောင့် အရိပ်ခိုက် သက်သက်သာဖြစ်သော ရူပါရုံ သည် အလင်းခြံရံလျက် ၂-ပါးတွင် တပါးပါးကိုရမှသာ ပသာဒအကြည်တွင် အရိပ်ထင်နိုင်သည်။

မှန်အပြင် ရေအပြင် စသော အကြည်ဟူသမျှ၌ ထင်ကြခိုက်ကြသော မျက်နှာရိပ် စသည်များသည်လည်း အမိုက်ကင်း၍ အလင်းတပါးကိုရမှ ထင်နိုင် ကြ ခိုက်နိုင်ကြကုန်သည်။ ။စက္ခုဝိညာဏ်ပြီး၏။

**သောတဝိညာဏ်အကြောင်း။** ။"သောတဝိညာဏ်" စသော ပုဒ်တို့၌ စက္ခု ဝိညာဏ် ပုဒ်မှာကဲ့သို့ ခွဲ၍ထွင်၍ သိရာ၏။ စက္ခုနေရာမှာ သောတ စသည် ဆိုလေ။ ရူပါရုံနေရာမှာ သဒ္ဒါရုံ စသည် ဆိုလေ။

သောတဝိညာဏ်ဖြစ်ရန် အကြောင်း လေးပါး ရှိ၏။

(၁) သောတ=ကြည်လင်သော သောတပသာဒရှိခြင်း။

(၂) အာကာသ= သောတဝတ္ထု,သဒ္ဒါရုံ နှစ်ပါးစုံပင် အလုံပိတ်ခြင်းမှ ကင်း၍ အလင်းအာကာသ နှစ်ဘက်ရခြင်း။

(၃) သဒ္ဒ= ကြားနိုင်လောက်သော အရပ်ကွင် တည်ရှိသော သဒ္ဒါရုံ ရှိခြင်း။

(၄) မနသိကာရ=ထိုသဒ္ဒါရုံလျှင် အာရုံရှိသော ပဉ္စဒွါရာဝဇ္ဇန်း တည်း ဟူသော မနသိကာရရှိခြင်း။

ဤကိုရည်၍ ဝိထိပိုင်း၌ "သောတာ, ကာသ၊ သဒ္ဒထင်ပြီ၊ မနသိ၊ လေးလီ သောတဘို့" ဟူ၍ဆိုပေ လတ္တံ့။

အသမ္ပတ္တဂါဟကချင်း, အရိပ်ခိုက်ခြင်း တူပေသောကြောင့် စက္ခုအတွင်း အကုန်ခွဲ၍ ပြောလေ။ အထူးကား စက္ခုမှာ လောက၏ ဆန့်ကျင်ဘက် ဖြစ်သော အမိုက်ဓာတ် မှောင်ဓာတ်သည်သာ ပိတ်ဆီးနိုင်သည်။ ပထဝီသ ဘော, အာပေါသဘောများသည် မပိတ် မဆီးနိုင်၊ ထိုကြောင့် အတောင် တရာ ထူလှစွာသော ဖလ်တိုက် မှန်တိုက်ခြားရာ၌ငင်း၊ နက်လှ ကြည်လှစွာသော ရေ၏ အတွင်း၌ငင်း၊ မှောင်နှင့်ကင်းသဖြင့် ဘောက်ထွင်းကာ မြင်နိုင်သည်။ သောတမှာ အာကာသ၏ ဆန့်ကျင်ဘက်ဖြစ်သော ပထဝီဓာတ်, အာပေါဓာတ် တို့သည်သာ ပိတ်ဆီးနိုင်သည်၊ မှောင်ဓာတ်ကို မပိဟ်ဆီးနိုင်။ မှောင်ဓာတ် ဟူသည်ကား အကြည်မျိုး, အလင်းမျိုး မဟုတ်၊ မည်းပုပ်မည်းညစ် ပြစ်ထိုင်း နောက်ကျုသော ရူပါရုံမျိုးပေတည်း။ ထိုကြောင့် အလွန်ပါးလှစွာသော သစ်ရွက်ခြောက်ကိုမျှ ဘောက်၍ မမြင်နိုင်ရှိကြလေသည်။ နတ်မျက်စိမှာမူကား

သမ္ဘာရဓာတ် သဟဇာတ်အကြည် အလွန်တရာ အားကောင်းလှ၍ အန္ဓကာရ ခေါ်သော အမိုက်ဓာတ်စု, အမှောင်ဓာတ်စုတို့ မခုခံနိုင်ကုန်။ အရိပ်ဒိုက်နှစ်ပါး ပြီး၏။

**ဃာနဝိညာဏ်အကြောင်း။** ။"ဃာနဝိညာဏ်" ဟူသော ပုဒ်အရ ဃာန ဝိညာဏ်၏ ဖြစ်ကြောင်းသည် အောက်ပါအတိုင်း လေးပါးရှိ၏။

(၁) ဃာန=ကြည်လင်သော ဃာနပသာဒရှိခြင်း တပါး။

(၂) ဝါတ=ဂန္ဓာရုံကို ဆောင်၍လာသော လေရှိခြင်း တပါး။

(၃) ဂန္ဓ=ထင်နိုင်လောက်သော ဂန္ဓာရုံရှိခြင်း တပါး။

(၄) မနသိကာရ= ထိုဂန္ဓာရုံကို အာရုံပြုသော ပဉ္စဒွါရာဝဇ္ဇန်းတည်းဟူ သော မနသိကာရရှိခြင်း တပါး။

ဤလေးပါးကို ရည်၍ ဝိထိပိုင်း၌ "ဃာန, ဝါတ၊ ဂန္ဓ ထင်ပြီ၊ မနသိ၊ လေးလီဃာနဘို့" ဟူ၍ ဆိုပေလတ္တံ့။

**ဇိဝှါဝိညာဏ်အကြောင်း။** ။"ဇိဝှါဝိညာဏ်"ဟူသောပုဒ်အရ ဇိဝှါဝိညာဏ် ဖြစ်ကြောင်းသည် အောက်ပါအတိုင်း လေးပါး ရှိ၏။

(၁) ဇိဝှါ=ကြည်လင်သော ဇိဝှါပသာဒရှိခြင်း တပါး။

(၂) အာပ= လျှာအပြင်ကို စိမ့်စိုနူးနှံ့ နိုင်သော အရည်အစက်လည်း ရှိခြင်း တပါး။

(၃) ရသ=ထင်နိုင်လောက်သော ရသာရုံရှိခြင်း တပါး။

(၄) မနသိကာရ=ထိုရသာရုံကို အာရုံပြုသော ပဉ္စဒွါရာဝဇ္ဇန်းတည်းဟူ သော မနသိကာရရှိခြင်း တပါး။

ဤလေးပါးကို ရည်၍ ဝိထိပိုင်း၌"ဇိဝှါ,အာပ၊ ရသ ထင်ပြီ၊ မနသိ၊ လေးလီ ဇိဝှါဘို့" ဟူ၍ ဆိုပေလတ္တံ့။

(ဤ၌ အရည်အစက်ဟူသော အာပေါမှာ လျှာမှာရှိသောအာပေါရည်, ရသဝတ္ထုမှာ ပါရှိသော အာပေါရည်ဟူ၍ ၂-ပါးရှိသင့်သည်။)

**ကာယဝိညာဏ်အကြောင်း။** ။"ကာယဝိညာဏ်"ဟူသော ပုဒ်အရ ကာယ ဝိညာဏ်ဖြစ်ကြောင်းသည် အောက်ပါအတိုင်း လေးပါးရှိ၏။

(၁) ကာယ=ကြည်လင်သော ကာယပသာဒရှိခြင်း တပါး။

(၂) ထဒ္ဓ=ကာယအကြည်မှာ ထိခိုက်ခြင်းငှါ တတ်ကောင်းရာအောင် ခက်မာသော ပထဝီအခံရှိခြင်း တပါး။

(၃) ဖောဋ္ဌဗ္ဗ=ပထဝီ, တေဇော, ဝါယောဟူသော ဖောဋ္ဌဗ္ဗာရုံ သုံးပါး တို့တွင် တပါးပါးရှိခြင်း တပါး။

(၄) မနသိကာရ=ထိုဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသော ပဉ္စဒွါရာဝဇ္ဇန်းတည်း ဟူသော မနသိကာရရှိခြင်း တပါး။

ဤလေးပါးကို ရည်၍ ဝီထိပိုင်း၌ "ကာယ,ထဒ္ဓ၊ ဖောဋ္ဌဗ္ဗထင်ပြီ၊ မနသိ၊ လေးလီ ကာယဘို" ဟူ၍ ဆိုပေလတ္တံ့။

ဖောဋ္ဌဗ္ဗသုံးပါးကို ထင်ရှားပြဆိုဦးအံ့၊ ကြမ်းသည် နူးသည်ကား ပထဝီဖောဋ္ဌဗ္ဗ တည်း၊ ပူသည် အေးသည်ကား တေဇောဖောဋ္ဌဗ္ဗတည်း၊ တောင့်တင်းသည် ရော့ရဲသည်ကား ဝါယောဖောဋ္ဌဗ္ဗတည်း၊ ဤသို့ ဖောဋ္ဌဗ္ဗာရုံ သုံးပါးရှိ၏။ တပါး တပါးတွင် ကြမ်းသည် နူးသည်စသောအားဖြင့် နှစ်ပါးစီ ရှိပြန်သောကြောင့် ဖောဋ္ဌဗ္ဗခြောက်မျိုး ဖြစ်ပြန်၏။ ဤခြောက်ပါးတွေင်မှ တပါး တပါးကိုသာ ကာယဝိညာဏ် ယူနိုင် အာရုံပြုနိုင်သည်၊ နှစ်ပါးပြိုင်၍ မယူနိုင်၊ အာရုံမပြုနိုင်။ အလွန်သေးနုသော မှုမျိုး အရိပ်မျိုး အရောင်မျိုး အသံကလာပ်မျိုး အနံ့ ကလာပ်မျိုးတို့သည် ကိုယ်ကို ထိပါး၍ သွားသော်လည်း မြေခတ်အထု သေး ငယ်မှု နူးညံ့မှုကြောင့် ထိမှန်းမသိ ရှိလေသည်များကို ထောက်၍ အချို့သော ဖောဋ္ဌဗ္ဗာရုံသည်လည်း မိမိတွင် ရှိသော အခံပထဝီကောင်းမှ ထင်နိုင်သည်ဟု သိသာ၏။ အဝီစိငရဲမီးစသော အပူတေဇော,လောကန္တရိက်ရေစသော အအေး တေဇောများသည်မူကား လွန်စွာ အားအင်ရှိလေသောကြောင့် သဟဇာတ ပထဝီအခံ များစွာ အားမကြီးသော်လည်း ထင်နိုင်လေသည်။

ဤဃာန, ဇိဝှါ, ကာယ, ဂန္ဓ, ရသ ဖောဋ္ဌဗ္ဗတို့သည် သမ္ပတ္တဖြစ်ကြကုန်၏၊ အရိပ်ခိုက်မျှနှင့် မပြီးကုန်၊ အထည်အချင်းချင်း ထိရ ခိုက်ရမှ ထင်နိုင်ကြ၍ ဝိသယ, ဝိသယီကိစ္စ ပြီးစီးကြလေသတည်း။ ။အထည်ခိုက်သုံးပါး ပြီး၏။

တခုတည်းသာဖြစ်သော ဝိညာဏ်သည် မှီရာဝတ္ထု ငါးခုပြားလေသောကြောင့် ငါးပါးဖြစ်ရလေသတည်း။ ဥပမာ — အရေးပိုင် တယောက်ထည်းကိုပင်လျှင် မန္တလေးမှာ ရုံးထိုင်ခိုက် မန္တလေးအရေးပိုင်,ပဲခူးမှာ ရုံးထိုင်ခိုက် ပဲခူးအရေးပိုင်, ရန်ကုန်မှာ ရုံးထိုင်ခိုက် ရန်ကုန်အရေးပိုင် စသည်ဖြင့် ဆိုရလေသကဲ့သို့ မှတ်ရာ ၏။ ပဉ္စဝိညာဏဓာတ်တို့သည် အလွန်တရာ နက်ကျယ်လှစွာသော ဗလဝါ- မုခ ဝဲဘွက်ကြီးတွေနှင့် တူကုန်၏။ ထိုပဉ္စဝိညာဏဓာတ် တည်းဟူသော ဗလဝါမုခ

ဝဲဘွက်ကြီးတွေကို မပိတ်မဆို့နိုင်ကုန်ဘဲ ထိုဝဲဘွက်ကြီး၌ နစ်မြုပ် ကျရောက်သော သတ္တဝါတို့သည် များစွာ ဆင်းရဲကြလေကုန်၏။ ဤပဋိညာဏခေတ်ကြီးတို့ကို အမှီပြု၍ ကာမဂုဏ်ငါးပါး မြားကြီးငါးစင်း ကျော့ကွင်းကြီး ငါးခုတို့ ဖြစ်၍ နေကြကုန်၏။ ထို့ကြောင့် ပဋိညာဏခေတ်ကြီးငါးခုကြောင့် ဖြစ်သော မြင်မှု, ကြားမှု စသည်တို့ကို ပိတ်ပင်မြစ်တား၍ သံဝရတရားကို ပွါးများ အားထုတ်နိုင် စေတတည်း။

## သတိပေး ဂါထာ

ဖလဝါမုခိယော တော၊ ပဋိညာဏခေတုယော။
တောသု သတ္တာ သီဒန္တာ၊ သမ္ဗုဒုက္ခာ န မုစ္စရေ။

တသ္မာ ပဏ္ဍိတော ဧတေ၊ ဒင္ဂံ ပိဓေယျ ဘေရဝေ။
သံဝရေ နာတိမညေယျ၊ န မုတ္တသံဝရော သိယာ။

အနက်ကား—တော ပဋိညာဏခေတုယော၊ ဤငါးပါးသော ပဋိညာဏခေတ်ကြီးတို့သည်။ ဖလဝါမုခိယော၊ ကြောက်လန့်ဘွယ်ရာ ဖလဝါမုခဝမဝဲဘွက်ကြီးတို့ပေတည်း။ တောသု၊ ထိုဖလဝါမုခ ဝဲကြီးငါးခုတို့၌။ သတ္တာ၊ သတ္တဝါတို့သည်။ သီဒန္တာ၊ နစ်မွန်းမျောပါး တဘွားဘွား နေကြရကုန်သည်ဖြစ်၍။ သမ္ဗုဒုက္ခာ၊ ဒုက္ခခပ်သိမ်း၊ ဆင်းရဲကိန်းမှ။ န မုစ္စရေ၊ မလွတ်နိုင်ကြကုန်။

တသ္မာ၊ ထိုသို့ဖြစ်လေသောကြောင့်။ ပဏ္ဍိတော၊ လိမ္မာ သိမြင် ပညာရှင်သည်။ ဘေရဝေ၊ စေ့စေ့တွေးက၊ အရေးကြီးကျယ်၊ ကြောက်ဘွယ်ဘနန်း၊ ဘေးဘျမ်းအတိကြီးတွေသာ ဖြစ်ကုန်သော။ ဧတေ၊ ထိုပဋိညာဏ ဝမ-ဝဲဘွက်ကြီးတွေကို။ ဒင္ဂံ၊ အတင်းအကြပ်။ ပိဓေယျ၊ ပိတ်ဆို့မြစ်တားရာ၏။ သံဝရေ၊ စောင့်မှု, ဆည်းမှု, ပိတ်ပင်မှုတို့ကို၊ နာတိမညေယျ၊ မလေးမစား မပြုရာ။ မုတ္တသံဝရော၊ ပေါက်လွှတ်ပေါ့စား၊ သံဝရတရားမှ ကင်းသည်။ န သိယာ၊ ဘယ်ခါခေတ်မှ မဖြစ်ပါစေလင့်။

သမုဒ္ဒရာအတွင်းဝယ် စကြဝဠာတောင်ခြေမှ အဝီစိသို့ ကျအောင် နက်ရှိုင်းသော ဝဲကြီးတို့ကို ဖလဝါမုခဝဲကြီး ဆိုသတတ်။ထိုဝဲဂယက်ကြီးများသည် ယူဇနာ အရာမက ကျယ်သတတ်။ လမ်းမှားလှင့်ပါးသော သင်္ဘောကြီးတို့သည် အစွန်းအဖျားမိခဲ့လျှင် ဂယက်ငင်ရာ ဝဲသို့ပါ၍ ဖလဝါမုခပေါက် အောက်အဝီစိသို့ အထိမြုပ်ရလေတော့သတတ်။ ပဋိညာဏခေတ်တို့သည် ထိုဖလဝါမုခ ဝဲကြီးတွေနှင့်တူ၏။ ယခု အဝီစိရေ၌ ရှိကြသော ငရဲသူ သတ္တဝါတို့သည်လည်း ပဋိညာဏ်ဟူသော ဖလဝါမုခ ဝဲကြီးစုပ်ရာ ပါ၍ ကျရောက်သောသူတို့သာ များကုန်၏။ ပဋိညာဏ် ပြီး၏။

**သမ္ပဋိစ္ဆိုန်းအကြောင်း။** ။"သမ္ပဋိစ္ဆန"ဟူသော ပုဒ်၌"သဌု ပဋိမုခံ ဣစ္ဆတီတိ သမ္ပဋိစ္ဆနံ"။ သဌု၊ စုံမြဲ ကောင်းမွန်စွာ။ ပဋိမုခံ၊ ရှေ့ရှု။ ဣစ္ဆတိ၊ လိုလားနှစ်သက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သမ္ပဋိစ္ဆနံ၊ သမ္ပဋိစ္ဆနမည်၏။ ဤကား ဥပသာရပုဒ်အနက်တို့ကို အသီးအသီး ထင်ရှား စေအောင် ပြုသော ဝိဂ္ဂဟ်တည်း။

တနည်းကား—"သံပဋိ ဣစ္ဆတီတိ သမ္ပဋိစ္ဆနံ"။သံပဋိ ဣစ္ဆတိ၊ လက်ခံ သိမ်း ပိုက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သမ္ပဋိစ္ဆနံ၊ သမ္ပဋိစ္ဆနမည်၏။ ဤ ဝိဂ္ဂဟ်များ အလိုအားဖြင့် "သံ"ရှေး"ပဋိ"ရှေးရှိသော "ဣသု"ဓာတ်"ယု" ပစ္စည်းတည်း။

တနည်းအားဖြင့်—"ဘာသိတံ အဘိနန္ဒုံ"ဟူသော ပုဒ်ကို "သမ္ပဋိစ္ဆိ ံသု" ဟူ၍ ဘွင့်ပြသော အဋ္ဌကထာများကို ထောက်၍ "သံ"ရှေး"ပဋိ"ရှေးရှိသော "စိ"ဓာတ် ကြံသင့်သေး၏။ "သံပဋိ စိနာတီတိ သမ္ပဋိစ္ဆနံ။ ဒုတိယဝိဂ္ဂဟ်အတိုင်း အနက်ပေးလေ။

ဤသမ္ပဋိစ္ဆနပုဒ်သည် မြန်မာဘာသာ၌ သမ္ပဋိစ္ဆိုန်း ဖြစ်လေသည်။ လောက၌ ပေးအပ်လှူပံ့သော ပစ္စည်းဝတ္ထု အမှုအခင်းတို့ကို ဝန်ခံသိမ်းပိုက်ခြင်းသည် သမ္ပဋိစ္ဆနမည်၏။ ထိုအတူ ဤ၌လည်း ပဉ္စဝိညာဏ်တို့၏ အာရုံကို ထိုပဉ္စဝိညာဏ် ချုပ်လေသည်နောက် မပျောက်မကွယ်အောင် တွယ်တာဆက်လက်၍ လက်ခံ သိမ်းပိုက်မှုကိုပင် သမ္ပဋိစ္ဆိုန်း ဆိုရပေသည်။ ။သမ္ပဋိစ္ဆိုန်းပြီး၏။

**သန္တီရဏအကြောင်း။** ။"သန္တီရဏ"ဟူသော ပုဒ်၌ "သဌု တီရေတီတိ သန္တီ-ရဏံ"။ သဌု၊ ကောင်းစွာ။ တီရေတိ၊ ချင့်ချိန် စဉ်းစား ထောက်ထား ဆင်ခြင်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သန္တီရဏံ၊ သန္တီရဏမည်၏။ လောက၌ စုံစမ်းစစ်ဆေးဖွယ်ရှိသော ပစ္စည်းဝတ္ထု အမှု အခင်းတို့ကို အထင်အလင်း သိသာအောင် စုံစမ်းစစ်ဆေးမှုသည် သန္တီရဏ မည်၏။ ထိုအတူ ဤ၌လည်း သမ္ပဋိစ္ဆိုန်း ခံယူသိမ်းပိုက်၍ထားသော ပဉ္စာရုံ ကိုဣဋ္ဌ အနိဋ္ဌ သိသာအောင် စုံစမ်းစစ်ဆေးမှုကိုပင် သန္တီရဏ ဆိုပေသည်။ ထိုကြောင့် ဤ ၂-ပါးသော စိတ်သည် ကိစ္စများ၍ ၂-ပါးဖြစ်လေသတည်း။ ပညာအမျိုးတတ်သော သူတယောက်ကို စက်အလုပ်နှင့်နေခိုက် စက်ဆရာခေါ် ရသည်၊ ဓာတ်အလုပ်နှင့်နေခိုက် ဓာတုဗေဒဆရာ ခေါ်ရသည်။ ဤအတူမှတ် လေ။ ကိစ္စဘေဒ စိတ် ၂-ပါးပြီး၏။ ။အကုသလဝိပါက် ပြီး၏။

## အဟိတ်ကုသလဝိပါက် စိတ်-၈

### (၁၀) သံ,သန့်,သန့်ဟု၊ လောင်းပြန့်မှု၊ ကုသလဝိပါက်ဒွေး။

အဟိတ် ကုသလဝိပါက်ကား ရှစ်ပါးရှိ၏။ ဝတ္ထုဘေဒစိတ် ၅-ပါး၊ ကိစ္စဘေဒ ၂-ပါး။ ဝတ္ထုဘေဒ ၅-ပါးတွင်လည်း အရိပ်ခိုက် ၂-ပါး၊ အထည်ခိုက် ၃-ပါး။ ကိစ္စဘေဒ ၂-ပါးတွင် သန္တီရဏကိစ္စမှာ ဝေဒနာဘေဒအားဖြင့် ဥပေက္ခာသန္တီရဏ, သောမနဿ သန္တီရဏဟူ၍ ၂-ပါး။ သဘောအဓိပ္ပါယ်မှာ အကုသလဝိပါက် အတိုင်းပင်တည်း။ သောမနဿသန္တီရဏ တခုသာ တိုးတော့သည်။ ။အဟိတ် ကုသလဝိပါက်ပြီး၏။

## အဟိတ်ကြိယာ-၃

**ပဉ္စဒွါရာဝဇ္ဇန်း။** ။အဟိတ်ကြိယာ သုံးခုတို့တွင် "ပဉ္စဒွါရာဝဇ္ဇန" ပုဒ်၌ 'ပဉ္စဒွါရ' ပုဒ်, "အာဝဇ္ဇန" ပုဒ်။ "အာဝဇ္ဇေတိတိ အာဝဇ္ဇနံ" ၊အာဝဇ္ဇေ-တိ၊ စိတ်အစဉ်ကို လည်စေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာဝဇ္ဇနံ၊အာဝဇ္ဇန မည်၏။ ထို "အာဝဇ္ဇန" ပုဒ်သည် မြန်မာဘာသာ စကားအစဉ်၌ အာဝဇ္ဇန်း ဖြစ်လေ၏။ အညာမှ စီးဆင်းလာသော မြစ်ရေသည် ရေကြောင်းအလိုက် တသွင်တည်း တစဉ်တည်း တမြောင်းတည်း သွားရမည်ကိုမသွားလေဘဲ ဝဲကြီး ဝဲငယ်နှင့်တွေ့သောအခါ လာမြဲတိုင်းသော အယဉ်အစဉ်မှ ခွဲဖဲ၍ ဝဲသို့သက်ကာ ချာချာပတ်ပတ် ချားရဟတ်ကဲ့သို့ လည်ခြင်းသည် "အာဝဇ္ဇန" မည်၏၊ "အာဝဋ္ဋန" လည်း မည်၏၊ "အာဘောဂ" လည်း မည်၏၊ ထိုအတူ ဤအရာ၌လည်း ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တည်းဟူသော အာရုံ၌တည်၍ မြစ်ရေအယဉ်ကဲ့သို့ ဘဝင်ကိစ္စနှင့် သွားမြဲသွားရပါမည်ကို မသွားလေဘဲ လမ်းမှဘဲကာ အာရုံဟောင်းကိုလွှတ်ပစ် အာရုံသစ်ကို တွယ်တာလျက် ချာကနဲလှည့် ဝဲလည်၏သို့ အတည့်မသုံး ဖဲ၍ရှုန်းသည်ကို အာဝဇ္ဇန်းဆိုပေသည်။

"ပဉ္စဒွါရေ ဥပ္ပန္နံ အာဝဇ္ဇနန္တိ ပဉ္စဒွါရာဝဇ္ဇနံ"။ ပဉ္စဒွါရေ၊ ပဉ္စဒွါရဟု ဆိုအပ်သော ငါးဒွါရ၌။ ဥပ္ပန္နံ၊ ဖြစ်သော။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်းတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ပဉ္စဒွါရာဝဇ္ဇနံ၊ ပဉ္စဒွါရာဝဇ္ဇန်းမည်၏။ ထိုပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် စက္ခုစသော ဒွါရငါးပါး၌ ထင်လာသော ရူပါရုံစသော အာရုံငါးပါးကို လက်ဦးစွာ အာရုံပြုသော စိတ်ပေတည်း။ ။ပဉ္စဒွါရာဝဇ္ဇန်းစိတ်ပြီး၏။

**မနောဒွါရာဝဇ္ဇန်း။** ။"မနောဒွါရာဝဇ္ဇန" ဟူသော ပုဒ်၌ "မနောဒွါရေ ဥပ္ပန္နံ အာဝဇ္ဇနန္တိ မနောဒွါရာဝဇ္ဇနံ"။ မနောဒွါရေ၊ ဘဝင်ဟု ဆိုအပ်သော မနောဒွါရ၌။ ဥပ္ပန္နံ၊ ဖြစ်သော။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်းတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ မနောဒွါရာဝဇ္ဇနံ၊ မနောဒွါရာဝဇ္ဇန်းမည်၏။ ထို မနောဒွါရာဝဇ္ဇန်းစိတ်သည် ဘဝင်အယဉ်ဟု ဆိုအပ်သော မနောဒွါရ၌ ထင်လာ

ထိခိုက်သော အာရုံခြောက်ပါးကို လက်ဦးစွာ အာရုံပြုသော စိတ်ပေတည်း။ ကိစ္စအားဖြင့် အာဝဇ္ဇန်းတခုတည်းသာ ဖြစ်လျက် ဒွါရဘေဒအရဖြင့် အာဝဇ္ဇန်း နှစ်ပါး ပြားရလေသည်။ ။မနောဒွါရာဝဇ္ဇန်း ပြီး၏။

**ဟသိတုပ္ပါဒ်။** ။"ဟသိတုပ္ပါဒ်"ဟူသော ပုဒ်၌ "ဟသိတ"ပုဒ်, "ဥပ္ပါဒ"ပုဒ်။ "ဟသနံ ဟသိတံ"။ ဟသနံ၊ ပြုံးရွှင်ခြင်း။ ဟသိတံ၊ ပြုံးရွှင်ခြင်း။ "ဟသိတံ ဥပ္ပါဒေတီတိ ဟသိတုပ္ပါဒေါ"။ ဟသိတံ၊ ပြုံးရွှင်ခြင်းကို။ ဥပ္ပါဒေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဟသိတုပ္ပါဒေါ၊ ဟသိတုပ္ပါဒ မည်၏။ ထိုဟသိတုပ္ပါဒပုဒ်သည် မြန်မာဘာသာ အစဉ်၌ ဟသိတုပ္ပါဒ် ဖြစ်လေသည်။ ပြုံးခြင်းကိစ္စကို ဖြစ်စေနိုင်သော စိတ်ဆိုလိုသည်။ ပြုံးခြင်းကိစ္စဆိုသည်မှာလည်း ကာမဂုဏ်နှင့်စပ်၍ ပြုံးမှု,အဖျင်းအချော် သရော်ပျက်ပေါ် အသောနှင့်စပ်၍ ပြုံးမှုများ မဟုတ်ပေ။ မရှုန့်မရင်း အပြစ်ကင်း၍ သန့်ရှင်းသိမ်မွေ့သော အနောဋ္ဌာရုံက အာရုံ၌ တစုံတခုသော အချက်နှင့် မျက်နှာလွှင်ငြွေ အနေစွင့်စွင့် ခပ်ပွင့်ပွင့် ဖြစ်ရုံမျှသာတည်း။ ဘုရားရဟန္တာတို့၏ သန္တာန်မှာသာ ဖြစ်သော စိတ်ပေတည်း။ ရှေးက ကြွသွားတော်မူသော မြတ်စွာဘုရား၏ ပြုံးတော်မူသည်ကို နောက်တော်ကပါရှိသော အရှင်အာနန္ဒာ သိတော်မူခြင်းမှာကား နှုတ်ခမ်းတော် စဉ်းငယ်အပွင့်တွင် စွယ်တော်မြတ် လေးဆူမှ တူရူအရပ်သို့ ထန်းလုံးသဏ္ဌာန် သောက်ရှူးကြယ် ပုံသကဲ့သို့ အလျှံဝင်းဝင်း တောလုံးလင်းမျှ ထွတ်ချင်းခတ် ထွက်ကြွပျံသန်းသော ဩဒါတရောင်ခြည်တော်တို့ကို မြင်ပေ၍ နောက်တော်နေ အရှင်အာနန္ဒာ သိတော်မူလေသတည်း။ ဤကိုထောက်၍ ဘုရားရဟန္တာတို့ ပြုံးမှုဝယ် အနည်းငယ် သွားပေါ်သည်လည်း ရှိ၏ဟု သိသာ၏။ အလက်ာကျမ်း များ၌လည်း ရယ်ခြင်းခြောက်ပါးတွင် သွားပေါ်ရုံ ရယ်ခြင်းဟူသော ဟသိတကို ဇေဋ္ဌပုဂ္ဂိုလ်၌ သွင်းပေသည်။ အဟိတ် ကြိယာစိတ်သည် ကိစ္စဘေဒ အားဖြင့် နှစ်ပါးသာရှိသည်၊ ဒွါရဘေဒနှင့်မှ ၃-ပါးရှိလေသည်။ ။အဟိတ်ကြိယာ ပြီး၏။

အဟိတ်စိတ် သရုပ် ပြီး၏။

---

## အဟိတ်၌ ပကိဏ္ဏက အဝိပ္ပါယ်

ပဉ္စဝိညာဏ်စိတ်တို့တွင် ကာယဝိညာဏ်မှ တပါးသော ဝိညာဏ်စိတ်တို့၌ ဥပေက္ခာဝေဒနာ အမြဲဖြစ်၏။ မြဲကြောင်း ထင်စွာပြဆိုအံ့— စက္ခု,ရူပါရုံ နှစ်ပါးစုံသည် အသွန်အားနည်းလှစွာသော ဥပါဒါရုပ်စုသာတည်း။ ဝါဂွမ်းစိုင်နှစ်ခု အချင်းချင်း တိုက်မိခိုက်မိကြသော် အတိုက်မနာ အခိုက်မနာသကဲ့သို့ ဥပါဒါရုပ် ချင်းချင်း တိုက်မှုသည်လည်း အတိုက်အခိုက် မနာလေ။ မနာခြင်းကြောင့် အခံ ဝတ္ထုမှ ပွင့်ပေါ်သော ဝိညာဏ်ဓာတ်သည်လည်း အလွန် အားနည်းလှ၏။

ဝိညာဏ် အားနည်းမှုကြောင့် ထိုဝိညာဏ်၌ မှီသော စက္ခုသမ္ဖဿသည်လည်း အားနည်းပြန်၏၊ ထိုဖဿ အားနည်းသည့်အတွက်ကြောင့် စက္ခုသမ္ဖဿဇာ-ဝေဒနာသည် ဥပေက္ခာအမှုနှင့် လျစ်လျူမျှသာ ခံစားနိုင်လေသတည်း။ ဝေဒနာ တရား အားရှိအားမဲ့ သုခဒုက္ခဖြစ်ရသည်မှာ ဖဿလျှင် မူလရင်းရှိ၏။ ထိုကြောင့် ''ဖဿပစ္စယာ ဝေဒနာ''ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။ ဖဿသည် စားတော်ကဲ စားဖိုသည်နှင့် တူ၏။ ဝေဒနာသည် မင်းနှင့်တူ၏။ မင်းသည် အချိုအချဉ် အလေးအပေါ့ အကောင်းအဆိုးတို့ကို စားတော်ကဲ စဖိုသည်တို့ စီမံပြုလုပ်ချက်ပြုတ်၍ ပေးသော အတိုင်းသာ ခံစားရတော့သည်။ သောတ ဝိညာဏ်,ဃာနဝိညာဏ်, ဇိဝှါဝိညာဏ် တို့ကိုလည်း ဤနည်းအတိုင်း သိလေ။

ကာယဝိညာဏ်ဒွေးတို့၏ ဥပေက္ခာမဟုတ်၊ ဒုက္ခသုခဖြစ်ကြောင်းကား—ကာယဝိညာဏ်၏ မှီရာ ဝတ္ထုမှာ ဥပါဒါရုပ်ပင်တည်း။ ထင်လာ ထိခိုက်လာသော ဖောဋ္ဌဗ္ဗမှာ မဟာဘုတ်ကြီးတို့သာ ဖြစ်ကုန်၏။ ဂွမ်းလုံးကို ပေပေါ် သံပေါ်မှာ တင်၍ တူနှင့် အတင်းကန်၍ အလွတ် ထုနှက်ရာ တူချက်သည် အထုအခံ အား မတန်၍ ဂွမ်းလုံး ဂွမ်းစိုင်ပေါ်တွင်သာ မနေဘဲ ပေအပြင် သံပြားအပြင်သို့ ဆိုက်လေသဖြင့် အခိုက်ပြင်းထန် အသံပြင်းပြစွာ ဖြစ်လေသကဲ့သို့ ထိုအတူ မဟာဘုတ်တည်းဟူသော ဖောဋ္ဌဗ္ဗာရုံတို့သည် ကာယဝတ္ထု၌ ခိုက်သောအခါ ကာယဝတ္ထုတွင်မက ကာယဝတ္ထု၏ မှီရာ မဟာဘုတ်၌ အဟုန်ဆိုက်သဖြင့် အခိုက်ပြင်းထန်လေ၏။ ခိုက်သောအခါ မသာယာဘွယ် အနိဋ္ဌာရုံဖြစ်အံ့၊ ဝတ္ထု မှီရာ မဟာဘုတ်တို့သည် ပွက်ပွက်ဆူ ပူသောရေနှင့်တွေ့သော ကြာပန်းတို့ ကဲ့သို့ မချမ်းမမြေ့သော အခြင်းအရာသို့ ရောက်သဖြင့် နောက်ကာယဝိညာဏ် ပေါ်သောကာလ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာရန် ကေန္တ အကြောင်း ဖြစ်ကြပေ ကုန်၏။ သာယာဘွယ် ဣဋ္ဌာရုံဖြစ်အံ့။ ဝတ္ထုမှီရာ မဟာဘုတ်တို့သည် အေးမြ သန့်စင် ကြည်လင်သောရေနှင့် တွေ့သော ကြာပန်းတို့ကဲ့သို့ ချမ်းမြေ့သက်သာ သော အခြင်းအရာသို့ ရောက်သဖြင့် နောက်ကာယဝိညာဏ်ဖြစ်ပေါ်သောကာလ သုခဝေဒနာဖြစ်ပေါ်လာရန် ကေန္တအကြောင်း ဖြစ်ကြပေကုန်၏။ ဤ၌လည်း ခိုက်မှုနှင့် လျော်စွာ ဖဿထူး ပေါ်ရသည်။ ဖဿနှင့် လျော်စွာ ဝေဒနာထူး ပေါ်ရသည်။ ။ပဉ္စဝိညာဏ် ပြီး၏။

သမ္ပဋိစ္ဆိုန်းဒွေးသည် ဥပေက္ခာမြဲ၏၊ မြဲကြောင်းကား ပဉ္စဝိညာဏ်တို့သည် ပဉ္စဝတ္ထုကို မှီကုန်သည်။ သမ္ပဋိစ္ဆိုန်းတို့ကား ဟဒယဝတ္ထုကို မှီကုန်သည်။ ပဉ္စ ဝိညာဏ်တို့ကား အနန္တရပစ္စည်းတရား သမ္ပဋိစ္ဆိုန်းတို့ကား အနန္တရပစ္စယုပ္ပန် တရား ဖြစ်ကုန်သည်။ ဤသို့ မှီရာ ကွဲပြားသော တရားတို့မှ အနန္တရပစ္စည်းကို အားယူ၍ အသစ်ထူထောင်ကာ ဖြစ်ပေါ်ရသောကြောင့် သမ္ပဋိစ္ဆိုန်းဒွေးတို့မှာ လည်း အားအင် နည်းပါးလေသဖြင့် ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်ရလေသည်။

အဓိပ္ပါယ်တမျိုးအားဖြင့် **ဟဒယဝတ္ထုသည်** အာရုံထင်ကောင်းသော အကြည်မျိုးကား မဟုတ်ပေ။ သို့ရာတွင် ရွှေစင်ပကတိ ဘော်စင်ပကတိတို့ကဲ့သို့ အနှစ်ပကတိ အားအင်ရှိသော ဓာတ်မျိုးပေတည်း။ ပဉ္စဝတ္ထုတို့ကား အနှစ်သာရရှိသော ဓာတ်မျိုးတို့ မဟုတ်။ ဖလ်ဓာတ် မှန်ဓာတ်တို့ကဲ့သို့ အကြည်ဓာတ်သက်သက်တို့သာတည်း။ ဝိညာဏဓာတ်သည်မူကား ဝေပုလ္လ ပတ္တမြားရတနာကြီးကဲ့သို့ အကြည်လည်းဖြစ် အနှစ်လည်း မှန်ပေ၏။ ဤအရာဝယ် အနှစ်ဓာတ်မျိုး မဟုတ်သော ပဉ္စဝတ္ထုကို မှီရ၍ အားနည်းလှသော ပဉ္စဝိညာဏ်တို့မှ အနန္တရပစ္စည်းမှုကိုသာ အားယူ၍ ထူထောင်ဖြစ်ပေါ်ရလေသောကြောင့် ဣဋ္ဌ, အနိဋ္ဌမှာပင် ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်ရလေသတည်း။ ။သမ္ပဋိစ္ဆိုန်းပြီး၏။

**သန္တီရဏ ၃-ပါးတို့တွင်** အကုသလဝိပါက်မှာ ဥပေက္ခာ, ကုသလဝိပါက်သန္တီရဏ ၁-ပါးမှာ ဥပေက္ခာ၊ ၎င်းပြင် တပါးမှာ သောမနဿ မြဲ၏။ အကြောင်းကို ဆိုအံ့—သုခဝေဒနာ, ဒုက္ခဝေဒနာတို့မှာ အချင်းချင်း ထိခိုက်ကြသော ဣဋ္ဌမဟာဘုတ်, အနိဋ္ဌမဟာဘုတ်တို့၏ တန်ခိုးကြောင့် တမျိုးဖြစ်ပေါ်လာသော ဝေဒနာဒုဖြစ်ကြပေ၍ ကာယဝတ္ထုကို မှီကြသော ကာယဝိညာဏ်ဒွေးတို့မှ တပါး အခြားသော စိတ်တို့နှင့် မဆိုင်ကြပေကုန်။ ဒေါမနဿဝေဒနာ ဆိုသည်မှာလည်း ပကတိသော ရေသည် မီးနှင့်ပေါင်းခိုက်ကြိုက်ကြိုက်ပွက်ဆူ ရေပူရေနွေးဖြစ်ရလေသကဲ့သို့ ဒေါသဟူသော ဓာတ်... လောင်နှင့်ပေါင်းဘက်ရမှ ဒေါမနဿဝေဒနာဟူ၍ ဖြစ်နိုင်ချေသည်။ ထိုကြောင့် ၎င်းဒေါမနဿဝေဒနာသည် ဒေါသမူဒွေးမှတပါး အခြားသောစိတ်တို့နှင့် သက်သက် မဆိုင်ချေ။ ဤအကြောင်းများကြောင့် သန္တီရဏစိတ်တို့မှာ သုခ, ဒုက္ခ, ဒေါမနဿတို့နှင့် တကွ ဖြစ်လေတော့ သလောဟု လျှဉ်းပါးရန် တစုံတရာ... အကြောင်း မရှိခဲ့။ စင်စစ်မူကား အနိဋ္ဌာရုံ၌သာဖြစ်ရသော အက...သာ ပြီး၏။ စိတ်တို့အား သောမနဿဝေဒနာနှင့် မထိုက်။ ထိုကြော... သန္တီရဏမှာ ဥပေက္ခာဝေဒနာသာ ယှဉ်ရလေသည်

**ကုသလဝိပါက်၌မူကား** ဣဋ္ဌမဇ္ဈတ္တာရုံတွင် ဥပေက္ခာသန္တီရဏ၊ အတိဣဋ္ဌာရုံတွင် သောမနဿသန္တီရဏ ဖြစ်ရလေသည်။ ထိုသို့ဖြစ်လျှင် အကုသလဝိပါက်၌လည်း အနိဋ္ဌမဇ္ဈတ္တာရုံ, အတိအနိဋ္ဌာရုံ နှစ်မျိုးခွဲ၍ သန္တီရဏနှစ်မျိုးပင် ရှိသင့်သည် မဟုတ်လောဟူမူ အကယ်၍ အကုသလဝိပါက် သန္တီရဏနှစ်မျိုးဖြစ်ခဲ့လျှင် ဥပေက္ခာဝေဒနာနှင့် ယှဉ်သော သန္တီရဏတမျိုး, ဒုက္ခဝေဒနာနှင့် ယှဉ်သော သန္တီရဏတမျိုး ဟူ၍၎င်း၊ သို့မဟုတ် ဥပေက္ခာဝေဒနာနှင့် ယှဉ်သော သန္တီရဏတမျိုး, ဒေါမနဿဝေဒနာနှင့်ယှဉ်သော သန္တီရဏတမျိုးဟူ၍၎င်း ဖြစ်ရလိမ့်မည်။ စိစစ်အံ့ ဒုက္ခဝေဒနာသည် ကာယဝိညာဏ်စိတ်မှတပါး ရွှေပြောင်းနိုင်

သော အခွင့်မရှိ။ အခြားသောစိတ်၌ ယှဉ်သည်ဟူ၍ မရှိ။ ထိုကြောင့် ဒုက္ခ-ဝေဒနာနှင့် ယှဉ်သော သန္တီရဏဟူ၍ မရှိသင့်ချေ။ ဒေါမနဿဝေဒနာသည်လည်း ဒေါသနှင့်ခွဲခွါနိုင်သော အခွင့် မရှိ။ ဒေါသသည်လည်း စင်စစ် အကုသိုလ်မျိုးဖြစ်၍ အဗျာကတဖြစ်သောဝိပါက်များနှင့် ယှဉ်နိုင်ခွင့် မရှိ။ ထိုကြောင့် ဒေါမနဿဝေဒနာနှင့် ယှဉ်သော သန္တီရဏဟူ၍လည်း မရှိသင့်ချေ။ ဤသို့သော အကြောင်းစုကြောင့် အနိဋ္ဌမဇ္ဈတ္တာရုံ, အတိအနိဋ္ဌာရုံ နှစ်ပါးစုံတို့၌လည်း အကုသလဝိပါက် ဥပေက္ခာသန္တီရဏတပါးသာ ဖြစ်ခွင့် ရှိလေသတည်း။ ။သန္တီရဏပြီး၏။

**အာဝဇ္ဇန်းဒွေးမှာလည်း** ဥပေက္ခာ မြဲ၏။ မြဲကြောင်းကား ထိုအာဝဇ္ဇန်းဒွေးသည် သန္တီရဏထက် အတန်ငယ် အားရှိ၏။ ထိုစကား မှန်၏။ **ဝိပါက်တို့မည်သည်** မိမိအစွမ်းအားဖြင့် ဖြစ်ပေါ်နိုင်ရန် အစွမ်း မရှိ။ ကံ၏အစွမ်းကြောင့်သာ ဖြစ်ပေါ်ရ၏။ ထိုကြောင့် သန္တီရဏစသော ဝိပါက်ဟူသမျှသည် အားနည်းလေသတည်း။ အာဝဇ္ဇန်းဒွေးမူကား ကြိယာစိတ်ဖြစ်၍ ကံကြောင့် ဖြစ်ပေါ်လာ◌ာသည် မဟုတ်။ မိမိ အလိုလို ထ၍ ဖြစ်ပေါ်သော တရားမျိုးသာတည်း။ ထိုကြောင့် အာဝဇ္ဇန်းဒွေးသည် ဝိပါက်စိတ်ထက် အားရှိလေသတည်း။ ထိုသို့ပင် အားရှိပါသော်လည်း မိမိကိုယ်တိုင် ဖြစ်ပေါ်နိုင်ရန် အစွမ်းမရှိသော ဝိပါက်စိတ်◌ ႇ နွရပစ္စည်းကို အားယူ၍ဖြစ်ပေါ်ရသောကြောင့် အားနည်းသည်သာ ဖြစ်၏။ ထိုကြောင့် ဝေဒနာသည်လည်း ဥပေက္ခာဝေဒနာသာ ဖြစ်ရလေသတည်း။

**ဟသိတုပ္ပါဒ်စိတ်၏** သောမနဿမြဲကြောင်းကို အထူးထုတ်ဘော်၍ ဆိုဘွယ်မရှိ။ အမည်အားဖြင့် ထင်ရှားလေပြီ။ ။ဝေဒနာ ဝေဘန်ခန်း ပြီး၏။

၏

ဂင်

- အဂ ◌ ◌ ◌ ◌သ◌မည်ခြင်းတို့ကို ထင်စွာ ပြဆိုဦးအံ့—

**ဝိပါက်။** ။စိတ်သန္တာနဉ်ဖြစ်သောစေတနာတည်းဟူသော ကံသည် ဘင်ခဏအားဖြင့် ချုပ်ကွယ်လေသည်ရှိသော် တခုသော အခြင်းအရာတို့ကို ထိုစိတ်သန္တာန်မှာထားခဲ့၍ ချုပ်လေသည်။ ထိုအခြင်းအရာကို အာဟိတဝိသေသလည်း ခေါ်သည်၊ ဗီဇဘာဝ လည်း ခေါ်သည်။ ထိုဗီဇဘာဝသည် အကြင်မျှလောက် ပရမတ္ထဓမ္မ အသီးဖြစ်၍ မပေါ် လာသေး၊ ထိုမျှလောက် စိတ်သန္တာန်တွင် အစဉ် လိုက်ရော၍သာ နေရ၏။ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာအားလုံးနှင့်ပင် မခြားမနား တသားထည်း ရောနှော်နိုင်၏။ ဗဟိဒ္ဓသန္တာန်မှရင့်ရန်အကြောင်းနှင့်ဆိုက်တိုက်မိသောအခါထို ‘ဗီဇဘာဝ’ သည် ပရမတ္ထဓမ္မအသီးဖြစ်ပေါ် လာ၍ ထိုပရမတ္ထဓမ္မကို "ဝိပစ္စတိ ပရိဏတဘာဝံ ဂစ္ဆတီတိ ဝိပါကော"

ဟူသော ဝိဂြိုဟ်ဖြင့် ဝိပါက်ဟု ခေါ်ရ၏။ ဝိပစ္စတိ၊ ရင့်တတ်၏။ ပရိဏတဘာဝံ၊ ရင့်မာသောအဖြစ်သို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဝိပါကော၊ ဝိပါက မည်၏။ ထိုဝိပ၊ကကိုပင် ဝိပါက်ခေါ်လေသည်။ ထိုပရမတ္ထမှ အသီးအခြားအနေနှင့် မပေါ်သေးသမျှကာလပတ်လုံး နုသောအခိုက်ဖြစ်ခဲ့၍ ဝိပါက မဆိုရ။ ကမ္မဇရုပ်တရားများသည်မူကား ထိုဗီဇဓာတ်မှ ဆက်လက်၍ ဖြစ်ပေါ်သည် မဟုတ်။ ဗီဇဓာတ်၏ အရှိန်အဝါကြောင့် ဝိပါကဓာတ်၏ အခြံအရံ အသုံးအဆောင်အလို့ငှါ ဖြစ်ပေါ်လာသော 'အာနိသံသ ဖလ' စုသာတည်း။ ထိုကြောင့် နုသည်, ရင့်သည်ဟု ဆိုခွင့်မရှိ၍ ကမ္မဇရုပ်များကို ဝိပါက မဆိုရချေ။ ။ဝိပါက်မည်ခြင်း ပြီး၏။

ကြိယာမည်ခြင်းကား နှစ်ပါးရှိ၏။

(၁) 'အနုသယ' မရှိ၍ ဖြစ်လာသော ကြိယာတမျိုး။

(၂) ကိစ္စ မအောင်မမြင်၍ ဖြစ်လာသော ကြိယာတမျိုး။

ဤသို့ ၂-မျိုး ရှိ၏။

ထိုတွင် လောကီကုသိုလ် ဟူသမျှတို့သည် အနုသယဓာတ်ဖြစ်သော အစေးပြတ်သောအခါ အကျိုးပေးမှု ငြိမ်းကြကုန်၏။ ကိစ္စကြီး, ကိစ္စငယ်, ကြိယာကြီး, ကြိယာငယ် အသွယ်သွယ်တို့ကို ဆောင်ရွက် ပြုပြင်ရုံမျှသာ ဖြစ်နေကြကုန်၏။ ထိုကုသိုလ်တို့ကို ရဟန္တာအဖြစ်သို့ ရောက်သောအခါ ကြိယာ ခေါ်ရလေသည်။ ဤကား အနုသယမျိုးမရှိ၍ ဖြစ်လာသော ကြိယာတည်း။

**ဝိပါက်မည်သည်** သူ့ဗျာပါရနှင့် သူ ထူထောင်၍ ထနိုင်သော တရားစု မဟုတ်။ ကဆုန် နယုန်တွင် မြေမှုထ၍ တက်သော ဓာတ်ခိုးတို့သည် မိုးရေ မိုးပေါက်အဖြစ်သို့ ရောက်သောအခါ လှုပ်ဘို့ ပွါးဘို့ အားအစွမ်း လမ်းဆုံးလေသဖြင့် ဓာတ်ဆုံး ဓာတ်သေဖြစ်၍ မြေသို့ကျဘို့သာ ဖြစ်ကြကုန်သကဲ့သို့ ကံ စေတနာဖြစ်ခဲ့ရာမှ ထိုသန္တာန်တွင် အစဉ် တက်ပွါး၍လာသော ထိုဗီဇဘာဝ ဓာတ်နုသည် ဝိပါက်အဖြစ်သို့ ရောက်သောအခါ လှုပ်ဘို့ပွါးဘို့ အားအစွမ်း လမ်းဆုံးလေသဖြင့် ဓာတ်ဆုံးဓာတ်သေ ဖြစ်ကြလေကုန်၏။

အနုသယရှိသောသန္တာန်၌ အောင်မြင်ထက်သန်သော ကိုယ်စွမ်း ကိုယ်ရည်နှင့် ထကြ၍ ချုပ်ပြီးကာလလည်း ဗီဇဘာဝမျိုးစက် ချနိုင်သော တရားစုကို ကုသိုလ်, အကုသိုလ် ခေါ်သည်။

**ဝဋ္ဋော, အာဝဇ္ဇန်း**တို့သည်ကား သူတို့၏အစွမ်းနှင့် သူတို့ထူထောင်၍ ထကြကုန်၏။ ကံ၏ အစက် အနက် မဟုတ်ကြကုန်။ ထိုကြောင့် ဝိပါက်လည်း မဟုတ်

ကြပေကုန်။ ခုတ်ဆုံး ခုတ်သေ ဖြစ်ကြကုန်သော ဘဝင် သန္တီရဏတို့မှ ဆက်လက်ကာ ဖြစ်ပေါ်ကြကုန်သည် ဖြစ်၍လည်း ဗီဇဘာဝ မျိုးစက်ချဘို့ လုလှအောင်မြင် သန့်စွမ်းသော ကိစ္စလည်း မရှိကြကုန်။ ကုသိုလ်, အကုသိုလ် အဖြစ်သို့လည်း မရောက်ကြကုန်။ ဝိထိစိတ် ဇောစိတ်တို့ကို ဦးစွာအစ ထူထောင်ရသော ကြိယာကိစ္စမျှသာ ဖြစ်ကြကုန်၍ ကြိယာမျှသာ ခေါ်ကြကုန်သည်။ ဤကား ကိစ္စမအောင်မြင်၍ ဖြစ်လာသော ကြိယာမျိုးတည်း။ ဟသိတုပ္ပါဒ်စိတ်မူကား အချင်းခပ်သိမ်း ရဟန္တာတို့၏ သန္တာန်မှာဖြစ်သော တရားမျိုးဖြစ်၍ ကြိယာဖြစ်ရလေသတည်း။ ။ကြိယာမည်ခြင်း ပြီး၏။

**အဟိတ် မည်ခြင်းကား။** ။ယှဉ်ဘော် ယှဉ်ဘက် သမ္ပယုတ်မရှိသောကြောင့် အဟိတ် ခေါ်ရလေသည်။

"နတ္ထိ ဟေတု ဧတေသန္တိ အဟေတုကာ"။

ဧတေသံ၊ ထိုတရားတို့အား။ ဟေတု၊ သမ္ပယုတ်ဟိတ်သည်။ နတ္ထိ၊ မရှိ။ ဣတိ-တသ္မာ၊ ထိုကြောင့်။ အဟေတုကာ၊ အဟိတ်တို့မည်ကုန်၏။

အဘယ့်ကြောင့် သမ္ပယုတ်ဟိတ် မရှိရလေသနည်းဟူမူ ကိစ္စဌာန သေးနုပ်လှ၍ မရှိသည် ဟူလို။

ထိုစကားကို ထင်ရှားစေအံ့—ဟိတ်တရားတို့မည်သည် အရှိန်အဝါ ကြီးလှစွာသော မဟာသာလ နာမမည်တွင် အင်ကြင်းပင်ကြီးတို့နှင့် တူကုန်၏။ အာဝဇ္ဇန,ဒဿန,သဝန,ဃာယန,သာယန,ဖုသန,သမ္ပဋိစ္ဆန, သန္တီရဏ, ဝေါဋ္ဌဗ္ဗန, ဤကိစ္စ ဤဌာနတို့သည် ရပ်နီးရွာနီး ကျပ်တီးမြေကြော အင်တိုင်းတောကလေးများနှင့် တူကုန်၏။ ဇောစသော ကိစ္စကြီး,ဌာနကြီးတို့သည် ဟိမဝန္တာမဟာဂနိုင် စုံမြိုင်ကြီးတွေနှင့် တူကုန်၏။ အင်တိုင်းတော၌ ပေါက်ရောက်သော သစ်ပင်သည်လည်း မဟာသာလ မဖြစ်နိုင်။ မဟာသာလဖြစ်နိုင်သော သစ်ပင်သည်လည်း ကျပ်တီးမြေကြော အင်တိုင်းတော၌ မပေါက်မရောက်နိုင်။ ဟိမဝန္တာ၌သာ ပေါက်ရောက်လေသတည်း။ ဟိမဝန္တာ၌ ပေါက်မှသာလျှင် မဟာသာလကြီး ဖြစ်နိုင်လေသတည်း။

သန္တီရဏစိတ်တို့သည် တဒါရုံဌာန,ပဋိသန္ဓိဌာန,ဘဝင်ဌာန ဟူသော ဌာနကြီးတို့၌ ဖြစ်ပါကုန်သော်လည်း ဇနကကံ အားမသန်၍ အဟိတ်ဖြစ်ရကုန်သည်။ တိဟိတ်ဥက္ကဋ္ဌကံပင် ဖြစ်သော်လည်း ဆိုခဲ့ပြီးသော ကိစ္စသေး ဌာနသေးတို့၌ ပေးရသောအခါ အဟိတ်ဝိပါက်ကိုသာ ပေးရလေသည်။ ကိစ္စဌာနပင်ကြီးသော်လည်း တစုံတရာ အကြောင်းချို့တဲ့လျှင် အဟိတ်သာ ဖြစ်ရသည်။

ဟသိတုပ္ပါဒ်စိတ်သည် ဇောကိစ္စ ရှိပါသော်လည်း အကြံအဘန်နှင့်မဘက် သက်သက်ပင် ပြုံးမှုဟူသော သေးနုပ်သိမ်ငယ်သော ကိစ္စဖြစ်၍ ဟိတ်တရားကြီး များ မယှဉ်နိုင်ချေ။ ထို့ကြောင့် အဟိတ် ဖြစ်ရလေ၏။

သဟိတ်ဝိပါက်များမှာမူကား အကြံအဘန်ပင် မရှိကုန်သော်လည်း ဇနက ကံ၏အစွမ်းကြောင့် ဟိတ်ယှဉ်၍ သဟိတ်ဖြစ်ရလေကုန်သတည်း။ ။အဟိတ်မည် ခြင်း ပြီး၏။

**ကုသလဝိပါက်အရာ၌။** ။တိဟိတ်ကံကြောင့် တိဟိတ်ဝိပါက်လည်း ဖြစ်လာ သည်၊ ဒွိဟိတ်ဝိပါက်လည်း ဖြစ်လာသည်၊ အဟိတ် ဝိပါက်လည်း ဖြစ်လာသည်။ ဒွိဟိတ်ကံကြောင့် ဒွိဟိတ်ဝိပါက်လည်း ဖြစ်လာ သည်၊ အဟိတ်ဝိပါက်လည်း ဖြစ်လာသည်။

ထိုအတူ ဒွိဟိတ်ဖြစ်သော အကုသိုလ်ကံစုကြောင့် ဒွိဟိတ်ဖြစ်သော သဟိတ် အကုသလဝိပါက်စိတ်လည်း ဖြစ်ကောင်းရာသေးသည် မဟုတ်ပါလော၊ အဘယ့် ကြောင့် အကုသလဝိပါက်မှာ အဟိတ်သာ ရှိရလေသနည်းဟူမူ—

အဖြေကား—အကုသလဟိတ်တို့နှင့် ယှဉ်သော စေတနာသည် လွန်စွာ လှုပ်ရှား၏။ ကံဖြင့်၍ ချုပ်ပြီးနောက် ဗိဇဘာဝအနေမှ တက်၍ ဝိပါက် ဖြစ်ပေါ်သောအခါ၌ ကောင်းစွာတည်တံ့ခြင်းကိစ္စ ရှိသော ဟိတ်နှင့် ယှဉ်၍ မပေါ်နိုင်။ အကုသိုလ်စေတနာကို မဆိုထားဘိ တိဟိတ်စသော ကုသိုလ် စေတနာစုသည်ပင် အကုသိုလ်ဟိတ် ခြံရံခဲ့သည်ရှိသော် အကျိုးပေးသောအခါ ကံနှင့်တူစွာ ဟိတ်မပါနိုင် ရှိရချေသေးသည်။ ထို့ကြောင့် အကုသလဝိပါက်စိတ် တို့မှာ သဟိတ်ဟူ၍ မရှိပေသည်။

တနည်းအကြောင်းကား— အကုသလဝိပါက်စိတ်စုသည် အဗျာကတ ကေန် ဖြစ်၏၊ အသောဘနဟိတ်စုသည် အကုသိုလ်ကေန်ဖြစ်၏၊ ထို့ကြောင့် အသော- ဘနဟိတ်စု၏ အဗျာကတတရားနှင့် ယှဉ်ရန် အခွင့်လည်း တစုံတရာမျှမရှိ။ အကုသိုလ်၏ အကျိုးဖြစ်သော ထိုဝိပါက်စိတ်စု၌ အလောဘ စသော သောဘန ဟိတ်များလည်း ယှဉ်ခွင့်မရှိ။ ထို့ကြောင့် အကုသလဝိပါက်စိတ်သည် အဟိတ် ကေန် ဖြစ်ရလေသတည်း။

အကုသလဝိပါက်ဆိုလျှင် စင်စစ် အဟိတ်သာဖြစ်၍ အဟိတ်အကုသလ ဝိပါက်ဟု အဟေတုကသဒ္ဒါနှင့် ဆိုခွင့်မရှိ။ ကုသလဝိပါက်မှာမူကား အဟိတ်, သဟိတ် နှစ်ပါးရှိခြင်းကြောင့် အဟိတ်ကုသလဝိပါက်ရှစ်ပါးဟု ဆိုခွင့်ရှိလေ သတည်း။

ဝိသေသနနှင့် ဆိုရသော အရာမျိုးကို ပြဆိုဦးအံ့—သမ္ဘဝနှင့် ဗျဘိစာရ နှစ်ပါးရှိမှသာလျှင် ဝိသေသနနှင့်ဆိုရ၏၊ သမ္ဘဝ, ဗျဘိစာရမရှိလျှင် ဝိသေသန ထည့်ခွင့်မရှိ။ ထင်စွာပြဆိုအံ့—လောက၌ ရေမှာ အေးခြင်း,ပူခြင်း အကြောင်း နှစ်ပါး ထင်ရှားရှိနေသည်ကား သမ္ဘဝမည်၏၊ ယင်းသမ္ဘဝကြောင့် ရေဆိုလျှင် အအေးသာဟူ၍လည်း မကျ, အပူသာဟူ၍လည်း မကျ, နှစ်ဘက်ရ ဖြစ်နေသည် ကား ဗျဘိစာရ မည်၏။ မီးမှာ မီးအေး မီးပူဖြစ်ရန် အကြောင်းနှစ်ပါး ထင်ရှား မရှိသည်ကား အသမ္ဘဝမည်၏။ ယင်းအသမ္ဘဝကြောင့် မီးဆိုလျှင်ပင် အပူစင်စစ် သာဟု အဓိပ္ပါယ်ကျလေသည်ကား အဗျဘိစာရမည်၏။ ထိုကြောင့် "မီးယူခဲ့" ဟူရာ၌ "ပူသောမီးကိုယူခဲ့"ဟု ဝိသေသန ထည့်ဘွယ် မရှိ။ သမ္ဘဝ, ဗျဘိစာရ ရှိလေသည့်အတွက် "ရေယူခဲ့" ဟူရာ၌သာ "ပူသောရေယူခဲ့" "အေးသောရေ ယူခဲ့"ဟု ဝိသေသနထည့်သင့်သောအခါ၌ထည့်မှသာလျှင် ကွဲပြားလေသတည်း။ ဤအတူ အကုသလဝိပါက်စိတ်စုမှာ ဟိတ်နှင့်ယှဉ်ရန် အကြောင်းမရှိသည်ကား သမ္ဘဝ မရှိခြင်းတည်း။ အကုသလဝိပါက်ဆိုလျှင်ပင် အဟိတ်စင်စစ်သာဟု အဓိပ္ပါယ်ကျသည်ကား ဗျဘိစာရကင်းခြင်းတည်း။ ကုသလဝိပါက်မှာ ဟိတ် နှင့်ယှဉ်ရန် အကြောင်းတရား ထင်ရှားရှိနေသည်ကား သမ္ဘဝရှိခြင်းတည်း။ ယင်း သမ္ဘဝကြောင့် ကုသလဝိပါက်ဆိုကာမျှနှင့် အဟိတ်သာဟူ၍လည်း အဓိပ္ပါယ် မကျ၊ သဟိတ်သာဟူ၍လည်း အဓိပ္ပါယ်မကျ။ အဓိပ္ပါယ်နှစ်ဘက် ဖြစ်နေသည် ကား ဗျဘိစာရရှိခြင်းတည်း။ ထိုကြောင့် အကုသလဝိပါကဟူရာ၌ အဟေတုက သဒ္ဒါကို ထည့်ခွင့်မရှိ။ ကုသလဝိပါကဟူရာ၌၎င်း, ကြိယာဟူရာ၌၎င်း, အဟေ-တုကသဒ္ဒါကို ထည့်ရလေသည်။ ဋီကာကျော်၌ သမ္ဘဝ, ဗျဘိစာရဟု ဆိုချက်ရှိ သောကြောင့် ထိုစကားကို ထင်ရှားစွာ ရှိအောင် ဆိုလိုက်ပေသတည်း။

သဒ္ဒါငယ်ကျမ်းတို့၌လည်း -

"သမ္ဘဝေ ဗျဘိစာရေစ၊ ဘေဒကံ သတ္ထကံ သိယာ"ဟူ၍ ဆိုကြ၏။

အနက်ကား—သမ္ဘဝေ၊ သမ္ဘဝသဘောသည်၎င်း။ ဗျဘိစာရေစ၊ ဗျဘိစာရ သဘောသည်၎င်း။ သတိ၊ ရှိသည်ရှိသော်။ ဘေဒကံ၊ ဝိသေသနသည်။ သတ္ထကံ၊ အကျိုးရှိသည်။ သိယာ၊ ဖြစ်ရာ၏။ ။အဟိတ်မည်ခြင်းစသည် ပြီး၏။

အဟိတ်စိတ်တို့၏ အသင်္ခါရိက သသင်္ခါရိကအကြောင်းကို ဆိုအံ့။

**အသင်္ခါရိက, သသင်္ခါရိက။** ။မူလဋီကာ ဝိပါကုဒ္ဒါရ အဖွင့်၌ ၎င်းဋီကာဆရာ ၏ အလိုအားဖြင့် အဟိတ်စိတ်တို့မှာ ထင်ရှား ကြီးမားသောကိစ္စ မရှိကြလေသောကြောင့် အသင်္ခါရိက, သသင်္ခါရိက နှစ်ပါး လုံးပင် မရှိဟု ဆိုလို၏။

ဋီကာကျော် အလိုအားဖြင့်လည်း ထိုအဟိတ်စိတ်တို့ကို တက်မြက်သော တိက္ခသဘော မရှိသောကြောင့် အသင်္ခါရိကလည်း မဆိုသာ၊တိုက်တွန်းလောက်

သော ကိစ္စနှင့် မစပ် မနွယ်ကြ၍ တိုက်တွန်းဘွယ်ကိစ္စ မရှိကြသောကြောင့်လည်း သသင်္ခါရိက မဆိုသာဟူ၍ အလိုရှိတော်မူ၏။ ပကတိပစ္စယဂဏနှင့် ပေါင်းဘော် မိလျှင် ဖြစ်ပေါ်ကြရသောကြောင့် အသင်္ခါရိကတို့သာတည်း ဟူ၍လည်း ဆရာကြီးတို့ ယူကြကုန်သေး၏။

ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အလိုတော်ကား အသင်္ခါရိက, သသင်္ခါရိက နှစ်ပါးလုံးပင် အလိုရှိတော်မူ၏။ အလိုတော်ကို ထင်စွာပြဆိုဦးအံ့ – ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စရှိကြကုန်သော မဟာဝိပါက်တို့မှာ သေခါနီးတွင် တိုက်တွန်း၍ ထင်ရသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို ယူ၍ ဖြစ်ကြလျှင် သသင်္ခါရိက, ကံ၏အစွမ်းအားဖြင့် အလိုလိုထင်သော နိမိတ်ကို ယူ၍ ဖြစ်ကြလျှင် အသင်္ခါရိက ဟူ၍ မှတ်ကြရသည်။ တဒါရုံကိစ္စရှိသော မဟာ ဝိပါက်တို့မှာ လျှောက်ပတ်သော ဥတုဘောဇဉ်စသည်နှင့် ဖြစ်ရလျှင် အသင်္ခါရိက, မလျှောက်ပတ်သော အရာစုနှင့်ဖြစ်ရလျှင် သသင်္ခါရိက မှတ်ကြရသည်။ ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စရှိသော သန္တီရဏနှစ်ခု၊ တဒါရုံကိစ္စရှိသော သန္တီရဏသုံးခုတို့ကို ထိုမဟာဝိပါက်များနှင့် အတူ တချက်ထည်း ဆိုခွင့်မဆိုက်လော။ သင်္ခါရနှင့် တကွ သင်္ခါရခေါ်ရသော အကြောင်းစုကြောင့် ဖြစ်ပေါ်လာသော ဆဒ္ဒါရိက ဇောတို့ကို သသင်္ခါရဆိုရသဖြင့် ထိုဇောတို့၏ ရှေ့သွားနောက်လိုက် ဖြစ်ကြကုန် သော ဆဒ္ဒါရိက အဟိတ်စိတ်တို့ကို သသင်္ခါရိက ဆိုခွင့် မဆိုက်ပါလော။ အသင်္ခါ-ရိကဇောတို့၏ ရှေ့သွားနောက်လိုက် ဖြစ်ကြကုန်သော ဆဒ္ဒါရိက အဟိတ်စိတ် တို့ကို အသင်္ခါရိက ဆိုခွင့် မဆိုက်ပါလော။

ဟသိတုပ္ပါဒ်မှာလည်း နှစ်ပါးပင် ဆိုခွင့်ရှိချေသည်၊ ထိုကြောင့် အဟိတ်စိတ် အဋ္ဌာရသကို အသင်္ခါရိက, သသင်္ခါရိက နှစ်ပါးလုံး၌ပင် ထည့်သွင်းခွင့် မြင်ချေသည်။

ဓမ္မသင်္ဂဏီပါဠိတော်၌ကား သူတို့အဘွက်နှင့် အသီးထွက်လောက်သော သင်္ခါရကိစ္စ မရှိကြ၍ သင်္ခါရအပြားကို ဟောတော်မမူချေ။ ထိုသို့ ဓမ္မသင်္ဂဏီပါဠိတော်၌ သင်္ခါရဘေဒကို မဟောသောကြောင့် အရှင်အနုရုဒ္ဓါစသော ဆရာကြီးတို့သည် ဤအဟိတ်စိတ်အရာ၌ သင်္ခါရဘေဒကို အထူး မဆိုကြလေသတည်း။

အဟိတ်စိတ်အဖွင့် ပြီး၏။

## ကာမာဝစရသောဘနစိတ် အဖွင့်

အသောဘနမည်သော အကုသိုလ်စိတ်နှင့် အဟိတ်စိတ်ကို ပြဆိုပြီး၍ အကျဉ်း-၅၉ အကျယ်-၉၁-ပါးရှိသော သောဘနစိတ်ကို ပြဆိုတော်မူလိမ့်မည် ဖြစ်၏။

(၁၈) ကျဉ်း-ဗျည်းနဝမ်၊ ကျယ်နောဇက်၊ လှမ်းမိမ့် သောဘန။

**သောဘနမည်ကြောင်း။** ။သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ စသော ၂၅-ပါးသော စေတသိက်တရားတို့သည်သာလျှင် စင်ကြယ်ကောင်းမြတ် ချီးမွမ်းအပ်သော ကိစ္စလက္ခဏာ ရှိကြသောကြောင့် စင်စစ်အားဖြင့် သောဘနမည်ကုန်၏။ ထိုသောဘန အစစ်တို့နှင့် ယှဉ်ကုန်သော စိတ်တို့သည်လည်း ထိုစေတသိက်တို့နှင့် အလားတူ ကောင်းမြတ်ကြသောကြောင့် သောဘနတို့ပင် မည်ကုန်၏။

"သောဘနေဟိ ယုတ္တာနီတိ သောဘနာနိ"။ သောဘနေဟိ၊ တင့်တယ်ကောင်းမြတ်သောတရားတို့နှင့်။ ယုတ္တာနိ၊ ယှဉ်ကုန်သည်တို့တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ သောဘနာနိ၊ သောဘနတို့မည်ကုန်၏။

(၁၉) သော,ဥ,န္နှစ်တန်၊ဥာဏ်,သံ,ဝိ-လေး၊ ပွါးရေး,ဘာသ၊ အဋ္ဌသုံးလီ၊ကု,ဝိ,ကြ၊ စဝီ,ကာမ၊သောဘန။

ဤကဗျာဖြင့် မဟာကုသိုလ်ရှစ် မဟာဝိပါက်ရှစ် မဟာကြိယာရှစ်ဟု ဆိုအပ်သော ကာမာဝစရသောဘန ၂၄-ပါးကို ပြဆို၏။ ("သောမနဿသဟဂတံ"ဟူသော ပုဒ်များ၏ ဝိဂ္ဂိုဟ်ကို အောက်၌ ပြခဲ့ပြီ)။

"ဉာဏသမ္ပယုတ္တံ"ဟူသော ပုဒ်၌ "ဇာနာတီတိ ဉာဏံ"။ ဇာနာတိ၊ ဟုတ်မှန်သော အတိုင်း ထိုးထွင်း၍ သိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဉာဏံ၊ ဉာဏ် မည်၏။ "အသိအလိမ်မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ အမောဟ"ဟူ၍ ဆိုလတ္တံ့သော ပညာစေတသိက်ကို ရစေ။

"ဉာဏေန သမ္ပယုတ္တန္တိ ဉာဏသမ္ပယုတ္တံ"။ "ဉာဏဝိပ္ပယုတ္တံ"ဟူသော ပုဒ်ကား လွယ်ပြီ။

**သောမနဿဖြစ်ကြောင်းများ။** ။ဤမဟာကုသိုလ် ရှစ်ခုတို့တွင် သောမနဿဖြစ်ကြောင်းများကား အောက်ပါအတိုင်း ပင်တည်း။

(၁) သောမနဿပဋိသန္ဓိကတာ ＝ သောမနဿနှင့် ပဋိသန္ဓေနေခဲ့ရခြင်း တပါး။

(၂) သဒ္ဓါဗဟုလတာ＝သဒ္ဓါစရိုက်ပြောထူခြင်း တပါး။

(၃) ဝိသုဒ္ဓဒိဋ္ဌိ＝သမ္မာအယူ စင်ပြုဖြောင့်စင်းခြင်း တပါး။

(၄) အာနိသံသဒဿာဝိတာ ― ကံတို့၏ အကျိုးအာနိသင်တို့ကို ထင်မြင် မြော်တွေးနိုင်ခြင်း တပါး။

(၅) ဂုဏ္ဍာရမ္မဏသမာယောဂေါ= နှစ်သက်အားရလောက်သော အလှူဝတ္ထု, အလှူခံပုဂ္ဂိုလ် စသော ဂုဏ်ရှိသည်တို့နှင့် ပေါင်းဆုံခြင်း တပါး။

(၆) ကဿစိပီဠာဘာဝေါ=တစုံတရာ အနှောင့်အရှက် မရှိခြင်း တပါး။

ဤကား သောမနဿဖြစ်ရန် အကြောင်းဇုပေတည်း။ "သဒ္ဓေ,သဒ္ဓါ၊သမ္မာ, နိုသင်၊ လိုအင်ပြည့်နှက်၊ နှောင့်ရှက်မသန်း၊ ဤခြောက်ခန်း၊ ရှင်လန်းကုသိုလ်ဘို့"။

သမ္မောဟဝိနောဒနီအဋ္ဌကထာ,ဗောဇ္ဈင်္ဂဝိဘင်း၌ လာသော ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တရားများကိုလည်း သောမနဿဖြစ်ရန် အကြောင်းတို့ဟူ၍ ဆိုသင့်၏။ ယင်းအကြောင်းမူကား —

(၁) ဗုဒ္ဓါနုဿတိ=ဘုရားဂုဏ်၌ သက်ဝင်ခြင်း။

(၂) ဓမ္မာနုဿတိ=တရားဂုဏ်၌ သက်ဝင်ခြင်း။

(၃) သံဃာနုဿတိ=သံဃာတော်ဂုဏ်၌ သက်ဝင်ခြင်း။

(၄) သီလာနုဿတိ=မိမိသီလဂုဏ်၌ သက်ဝင်ခြင်း။

(၅) စာဂါနုဿတိ=မိမိ၏ ဒါနဂုဏ်၌ သက်ဝင်ခြင်း။

(၆) ဒေဝတာနုဿတိ=နတ်မျိုးစေ့ သိကြားမျိုးစေ့ ဖြစ်သော မိမိလက်ရှိ သူတော်ကောင်းဥစ္စာ ရတနာ ၇-ပါးတို့၏ ဂုဏ်၌ သက်ဝင်ခြင်း။

(၇) ဥပသမာနုဿတိ=နိဗ္ဗာန်၏ ဂုဏ်ကျေးဇူး ယခုဘဝတွင် ကိလေသာတို့မှ ငြိမ်းခွင့်ရဘူးသော ကျေးဇူးကို အောက်မေ့ခြင်း။

(၈) လူခပုဂ္ဂလပရိဝဇ္ဇနံ=သဒ္ဓါနည်း၍ မွဲခြောက်သော စိတ်နှလုံးရှိသော သူတို့ကို ဝေးစွာ ရှောင်ကြင်ခြင်း။

(၉) သိနိဒ္ဓပုဂ္ဂလသေဝနာ=သဒ္ဓါပို၍ ရွှန်းစိုသောစိတ်နှလုံးရှိသောသူတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း။

(၁၀) ပသာဒနီယသုတ္တန္တပစ္စဝေက္ခဏာ=အထူး ကြည်ညိုဘွယ် ကောင်းလှသောသုတ္တန်တော်များကို ကြားနာသက်ဝင်ဆင်ခြင်နှလုံးသွင်းခြင်း။

(၁၁) တဒဓိမုတ္တတာ= ပီတိသောမနဿ ဖြစ်လိုလှသောစိတ် အမြဲညွတ်ခြင်း။ ဤပီတိသမ္ဗောဇ္ဈင်ပွါးရန်တရား ၁၁-ပါးသည် သောမနဿ၏ အကြောင်းစုပင်ဟု အဋ္ဌကထာ၌ လာ၏။

"ဗုဓ်, ဓံ, သံ, သီ၊ စာဂီ, ဒေဝ၊ ဥပသမာ၊ ကြဉ်ရာလူခြောက်၊ ပေါင်းမြောက်လူစို၊ ကြည်ညိုဘွယ်မှု၊ သုတ်စုလေ့ကျက်၊ နှစ်သက်လိုလှ၊ ဆန္ဒစွဲလမ်း၊ ဆဲ့တခန်း၊ ဝမ်းမြောက်ကုသိုလ်ဘို့"။

သောမနဿအကြောင်း ပြီး၏။

**ဥပေက္ခာဖြစ်ကြောင်းများ။** ။ဥပေက္ခာဖြစ်ကြောင်းကို သောမနဿမှ ပြန်၍ သိရာ၏ဟု ကျမ်းဂန်တို့၌ ဆိုသောကြောင့် အောက်ပါအတိုင်း ဥပေက္ခာဖြစ်ကြောင်းတို့ကို သိရာ၏။

(၁) ဥပေက္ခာပဋိသန္ဓိကတာ=ဥပေက္ခာဖြင့် ပဋိသန္ဓေနေခြင်း တပါး။

(၂) အပ္ပသဒ္ဓတာ=သဒ္ဓါတရား နည်းပါးခြင်း တပါး။

(၃) အဝိသုဒ္ဓဒိဋ္ဌိတာ=အယူ မစင်ကြယ်ခြင်း တပါး။

(၄) အာနိသံသအဒဿာဝိတာ=ကံ၏ အကျိုးအာနိသင်ကို မမြင်ခြင်း တပါး။

(၅) မဇ္ဈတ္တာရမ္မဏသမာယောဂေါ=မမြတ်နိုးလောက်သော မဇ္ဈတ္တာရုံနှင့် ပေါင်းဆုံမိခြင်း တပါး။

(၆) ပီဋ္ဌိကတာ=အနှိပ်အစက် အနှောင့်အရှက် မကင်းခြင်း တပါး။

ဤအကြောင်းစုကြောင့်ဖြစ်သော ဥပေက္ခာကုသိုလ်များသည် သောမနဿ ကုသိုလ်အောက် ယုတ်ညံ့၏။

သမ္ပယုတ် သခါရ တူခဲ့ကြလျှင် သောမနဿထက် ဥပေက္ခာ သာရမည်ဟု မှတ်ထင်တတ်ကြကုန်၏။ သဒ္ဓါနည်းလှ၍ ဖြစ်ရသော ဥပေက္ခာကုသိုလ်စုသည် များကား ချို့ငဲ့မှုကြောင့် ဖြစ်ရသောကြောင့် အလွန်ယုတ်ညံ့သော ဥပေက္ခာ ကုသိုလ်စုသာတည်း။ မောဟစရိုက် အားကြီးသောသူအားလည်း ကုသိုလ်ဖြစ် လျှင် ဥပေက္ခာကုသိုလ် အဖြစ်များတတ်၏။ ဤသို့စသည်ဖြင့် အဇ္ဈတ္တသန္တာန်၌ မဖြူစင်၍ ဥပေက္ခာအနေမျှ ဖြစ်ရသော ဥပေက္ခာကုသိုလ်မှု၊ ဗဟိဒ္ဓသန္တာန် အတွက်နှင့် နှောင့်ရှက်ခြင်း ရှိနေ၍ ဥပေက္ခာအနေမျှ ဖြစ်ရသော ကုသိုလ်မှု၊ ငယ်ရွယ်သူ, မလိမ်မာသူဖြစ်၍ ဥပေက္ခာအနေမျှ ဖြစ်ရသော ကုသိုလ်မှု၊ အလှူခံ ပုဂ္ဂိုလ် ယုတ်ညံ့လှ၍ ဥပေက္ခာအနေမျှ ဖြစ်ရသော ကုသိုလ်မှု၊ ပစ္စည်းဝတ္ထုကို စွန့်မှု၌ ငြိတွယ်သည်ဖြစ်၍ ဥပေက္ခာအနေမျှ ဖြစ်ရသော ကုသိုလ်မှု၊ မိမိက ပြုချင်ရင်းမရှိဘဲ မလွဲသာ၍ ပြုရသော ဥပေက္ခာကုသိုလ်မှုများသည် ဥပေက္ခာ ယုတ် ဥပေက္ခာညံ့တို့သာတည်း။

သောမနဿထက် မြတ်သော ဥပေက္ခာမူကား သမာဓိကြီးလှ၍ ဖြစ်သော ဥပေက္ခာ, ဉာဏ်ပညာ ကြီးမြတ်လှ၍ ဖြစ်သော ဥပေက္ခာ, အဇ္ဈာသယ ကြီးမြတ် လှ၍ ဖြစ်သော ဥပေက္ခာစုသည်သာလျှင် သမ္ပယုတ်သခါရ တူမျှပါမှ သောမနဿ ထက် ဥပေက္ခာအတွက် သာလွန်သင့်မြတ်ပေသတည်း။ အပ္ပနာအရာ၌ သမာဓိ ကြီးလှသည့်အတွက်ကြောင့် အထက်အထက်ဖြစ်သော ဥပေက္ခာစျာန်ပုက မြတ် လေသည်။

ဉာဏ်ပညာ အမြင်ကြီးလှသော သူတို့မှာမူကား ဒါနစသော အောက်အောက် ကုသိုလ်မှုငယ်များသည် အားရဘွယ်မဖြစ် လျစ်လျူသာ ဖြစ်သတည်း။ ဘုရားအမှူးရှိသော သံဃာတော် လေးသိန်းကို သိကြား ဘန်ဆင်း၍ ပေးသော ရတနာမဏ္ဍပ်ကြီး၌ ၇-ရက်ပတ်လုံး ဂဏာဆွမ်းတို့ဖြင့် လှူဒါန်းပူဇော်ပါသော်လည်း သောမနဿမဖြစ် လျစ်လျူသာဖြစ်သော အလောင်းတော် မဟာသမ်ပုဏ္ဏား။ အသက်ထက်ဆုံး တနေ့တနေ့လျှင် ငါးသိန်းကုန်, ငါးသိန်းကုန် အမြဲလှူဒါန်းပါသော်လည်း လျစ်လျူပျူသာဖြစ်သော မဟာသီဝရာဇ်မင်းကြီးတို့မှာကား အဇ္ဈာသယ ကြီးမြတ်လှသောအတွက် အလွန်ထက်မြက်သော ဥပေက္ခာကုသိုလ်ကြီးတို့ပေတည်း။

ဝိဘင်းအဋ္ဌကထာတွင် လာသော ဥပေက္ခာသမ္ဗောဇ္ဈင်ပွါးကြောင်း တရားများလည်း ဥပေက္ခာကုသိုလ်ဖြစ်ရန်တို့ဟူ၍ အဋ္ဌကထာ၌ ဆို၏။ ယင်းတရားများကား—

(၁) သတ္တမဇ္ဈတ္တတာ=သတ္တဝါတို့၌ လျစ်လျူရှုနိုင်ခြင်း။

(၂) သင်္ခါရမဇ္ဈတ္တတာ=ပစ္စည်းဝတ္ထု, သင်္ခါရအစုတို့၌ လျစ်လျူရှုနိုင်ခြင်း။

(၃) သတ္တသင်္ခါရ ကေလာယနပုဂ္ဂလပရိဝဇ္ဇနတာ=သတ္တဝါနှင့် ပျော်တတ်သောသူ, ပစ္စည်းဝတ္ထုနှင့် ပျော်တတ်သောသူ, သတ္တဝါတို့ကို စုံမက်ခင်မင်တတ်သောသူ, ပစ္စည်းဝတ္ထုသင်္ခါရစုကို စုံမက်ခင်မင်တတ်သော သူတို့ကို ဝေးစွာရှောင်ကွင်းခြင်း။

(၄) သတ္တသင်္ခါရမဇ္ဈတ္တပုဂ္ဂလသေဝနာ=သတ္တဝါသင်္ခါရ နှစ်ပါးတို့၌ လျစ်လျူရှုမှု အားကြီးသောသူတို့နှင့် ပေါင်းဘော်မှီဝဲခြင်း။

(၅) တဒဓိမုတ္တတာ=ထိုဥပေက္ခာသမ္ဗောဇ္ဈင်၌ ညွတ်သော စိတ်ရှိခြင်း။

ဤအကြောင်းများကြောင့် ဖြစ်လာသော ဥပေက္ခာကုသိုလ်တို့မူကား အလွန်အကြူး အထူးထွတ်မြတ်သော ကုသိုလ်ကြီးတို့ပေတည်း။ ။ဥပေက္ခာဖြစ်ကြောင်း ပြီး၏။

## ဉာဏသမ္ပယုတ်ဖြစ်ကြောင်းများ

ဉာဏသမ္ပယုတ် ဖြစ်ကြောင်းကား အောက်၌ ပါသော အတိုင်းပင်တည်း။

(၁) ပညာသံဝတ္တနိက ကမ္မုပနိဿယတာ=ဉာဏ, သမ္ပာရ ကုသိုလ်ကံလျှင်မှီရာ ပဋိသန္ဓေရှိခြင်း။

(၂) အဗျာပဇ္ဇလောကုပပတ္တိတာ=စိုးရိမ်မှု, ကြောင့်ကြမှု ကင်းရှင်းသော ဘဝ၌ ဖြစ်ခြင်း။

(၃) ဣန္ဒြိယပရိပါကတာ=ဣန္ဒြေတို့၏ ကြီးရင့်ခြင်း။
(၄) ကိလေသဒူရတာ=ကိလေသာနိုင်ငံသို့ အလိုက်အစား နည်းပါး၍ ကိလေသာတရားတို့နှင့် ကွာဝေးခြင်း။ ဤလေးပါးတည်း။

ဉာဏသမ္ပယုတ်ဖြစ်ရန်ကို အမြွက်မျှဆိုဦးအံ့။ ကုသိုလ်သည် ဉာဏသမ္ဘာရကုသိုလ်, ပုညသမ္ဘာရကုသိုလ်ဟူ၍ ၂ ပါးရှိ၏။ (ဉာဏသမ္ဘာရကုသိုလ်မျိုးသည် ဉာဏ်အဆောက်အဦကို အကျိုးပေး၏၊ ပုညသမ္ဘာရကုသိုလ်မျိုးသည် စည်းစိမ်ဥစ္စာ အဆောက်အဦကို အကျိုးပေး၏)။

ထိုနှစ်ပါးတို့တွင် ဉာဏသမ္ဘာရကုသိုလ်ကို ရှေးဦးစွာ ပြဆိုအံ့။ ဤလောက၌ အပြစ်ကင်းသော အတတ်မျိုး, ပညာမျိုး, ဝိဇ္ဇာမျိုး, သာသနာတော်၌ ကျမ်းဂန်အပျိုးမျိုးတို့ကို လေ့လာအားထုတ်မှု။ သူတပါးတို့ကို သင်ကြား ပြောဟောမှု။ အများတတ်သိ လိမ်မာကြစေရန် ကျမ်းဂန်များကို ရေးသားစီရင်မှု။ ဤအမှုများသည် ဉာဏသမ္ဘာရကုသိုလ်မှုမျိုးတို့ပေတည်း။ မိမိကိုယ်တိုင် မလေ့လာနိုင် မဟောမပြောနိုင်သော်လည်း သူတပါး လေ့လာသင်ကြားနေသည်ကို ကြည်ညိုမှု, ရိုသေမှု, ချီးမွမ်းမှု, ပူဇော်မှု, ချီးမြှောက်မှု, ထောက်ပံ့မှု, ပုံစုပျိုးထောင်မှု, ကျမ်းဂန်စာစောင်တို့ကို အရှည်စည်ကား ပွါးများဖြစ်ထွန်းအောင် ရေးသားထုထောင် ကိုးကွယ်မှုများသည်ရင်း၊ အသိအလိပ်မာ ဉာဏ်ပညာကို တောင့်တ၍ ပြုသောဒါနမှု သီလမှု ဝေယျာဝစ္စမှုများသည်ရင်း၊ ဉာဏသမ္ဘာရကုသိုလ်မှုများသို့ ပါဝင်လေ၏။

ယော ဟိ ပရေသံ ဓမ္မံ ဒေသေတိ၊ အနဝဇ္ဇာနိ သိပ္ပါယတန, ကမ္မာယတန, ဝိဇ္ဇာဋ္ဌာနာနိ သိက္ခာပေတိ၊ ဓမ္မကထိကံ သက္ကာရံ ကတွာ ဓမ္မံ ကထာပေတိ၊ အာယတိံ ပညဝါ ဘဝိဿာမီတိ ပတ္ထနံ ပဋ္ဌပေတွာ နာနာပ္ပကာရကံ ဒါနံ ဒေတိ၊ တဿ ဝေရူပံ ကမ္မံ ဥပနိဿာယ ကုသလံ ဥပ္ပဇ္ဇမာနံ ဉာဏသမ္ပယုတ္တံ ဥပ္ပဇ္ဇတိ။

ဓမ္မသင်္ဂဏီအဋ္ဌကထာ ဉာဏသမ္ပယုတ်ဖြစ်ရန်ကို ပြသောအချက်။

အနက်ကား—ဟိ၊ ဉာဏသမ္ပယုတ်ဖြစ်ကြောင်းကို ကောင်းစွာ ထင်ရှားစေအံ့။ ယော၊ အကြင်သူသည်။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောပေ၏။ အနဝဇ္ဇာနိ၊ အပြစ်ကင်းကုန်သော။ သိပ္ပါယတန ကမ္မာယတန ဝိဇ္ဇာဋ္ဌာနာနိ၊ ပန်းပု, ပန်းထိမ် စသော သိပ္ပါယတန အတတ်မျိုး၊ ကုန်သွယ်လယ်လုပ်မှု စသော ကမ္မာယတန အတတ်မျိုး၊ ဗေဒင်ဆေးဝါး မန္တရားအင်းအိုင် စသော ဝိဇ္ဇာဋ္ဌာန အတတ်မျိုးတို့ကို။ သိက္ခာပေတိ၊ သင်ကြားကြစေပြသပေ၏။ ဓမ္မကထိကံ၊ တရားဟောပုဂ္ဂိုလ်ကို။ သက္ကာရံကတွာ၊ ပူဇော်သက္ကာပြု၍။ ဓမ္မံ၊ တရားကို။ ကထာပေတိ၊ လူအများတို့အား ဟောကြားစေ၏။ အာယတိံ၊ နောင်အခါ၌။ ပညဝါ၊ ပညာရှိကြီး တယောက်သည်။ ဘဝိဿာမိ၊

ငါဖြစ်အံ့။ ဣတိ၊ ဤသို့။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နာနာပ္ပကာရံ၊ အထူးထူးအပြားပြား များသော။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဝေရှံ၊ ဤသို့ သဘောရှိသော။ ကမ္မံ၊ ကုသိုလ်ကံကို။ ဥပနိဿာယ၊ အမှီရ၍။ ကုသလံ၊ ကုသိုလ်သည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်လာသည်ရှိသော်။ ဉာဏသမ္ပယုတ္တံ၊ ဉာဏသမ္ပယုတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်လာတတ်၏။

ပညာသမ္ဘာရ ကုသိုလ်မည်သည်ကား ဉာဏ်ပညာကို အထူး မရည်စူးမူ၍ ပြုအပ်သော ဒါနမှု သီလမှု စသည်တို့ပေတည်း။ ဤ ပညာသမ္ဘာရကုသိုလ်သည် ဘဝ၏မြင့်မြတ်ခြင်း, ဘောဂ၏ မြင့်မြတ်ခြင်းများကိုသာ သန့်သန့်အကျိုးပေးနိုင်၏။ အသိအလိမ်မာ ဉာဏ်ပညာများကို သန့်သန့်စွမ်းစွမ်း အကျိုးမပေးနိုင်ချေ။ ဉာဏသမ္ဘာရကုသိုလ်သည် အသိအလိမ်မာ ဉာဏ်ပညာကိုသာ သန့်သန့် အကျိုးပေးနိုင်သည်။ ဘဝဘောဂကို လွန်စွာ အကျိုးမပေးနိုင်။ မဟောသဓာနှင့် ဝိဒေဟရာဇ်မင်းကြီးကို ရှု။ မဟောသဓာသည် ထိုဘဝ၌ ဉာဏသမ္ဘာရ အကျိုးသက်သက်တည်း။ ဝိဒေဟရာဇ်မင်းကြီးမှာ ပညာသမ္ဘာရအကျိုး သက်သက်တည်း။ ဤစကားစုကား ဉာဏသမ္ပယုတ်နှင့်စပ်လျဉ်း၍ ဆိုခဲ့သော စကားရပ်တည်း။

ဝိဘင်းအဋ္ဌကထာ၌လာသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တရားများသည်လည်း ဉာဏသမ္ပယုတ် ဖြစ်ကြောင်းတို့သာဟု အဋ္ဌကထာ၌ ဆို၏။ ယင်းတရားများကား—

(၁) ပရိပုစ္ဆကတာ=ပညာရှိထံချဉ်းကပ်၍ မေးမြန်းလေ့ရှိခြင်း။

(၂) ဝတ္ထုဝိသဒကိရိယာ=ကိုယ်လက်အင်္ဂါနှင့်တကွ အတွင်းအပ အသုံးအဆောင် ဝတ္ထုအမျိုးမျိုးတို့ကို စင်ကြယ်သန့်ရှင်းစွာပြုလုပ်ဆောင်ရွက်လေ့ရှိခြင်း။

(၃) ဣန္ဒြိယသမတ္တပဋိပါဒနာ=သဒ္ဓါစသော ဣန္ဒြေငါးပါးတို့ကို အယုတ်အလွန် မရှိစေရ၊ မျှတညီညွတ်စေနိုင်ခြင်း။

(၄) ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ=ပညာမဲ့သောသူကို ရှောင်ကွင်းခြင်း။

(၅) ပညဝန္တပုဂ္ဂလသေဝနာ=ပညာရှိသောပုဂ္ဂိုလ်ကို မှီဝဲလေ့ရှိခြင်း။

(၆) ဂမ္ဘီရဉာဏစရိယပစ္စဝေက္ခဏာ=နက်နဲသော ဉာဏ်၏ ကျက်စားရာဖြစ်သော တရားကျမ်းဂန်များကို ဆင်ခြင်သုံးသပ်လေ့ရှိခြင်း။

(၇) တဒဓိမုတ္တတာ=ထိုဓမ္မဝိစယဉာဏ်ဖြစ်ပေါ်ရန်အမှု၌ ဂရုစိုက်၍ စိတ်ညွတ်ခြင်း။

ဤအကြောင်းစုကား ဉာဏသမ္ပယုတ် အကြောင်းစုပေတည်း။ ။ဉာဏသမ္ပယုတ် ပြီး၏။

(ဉာဏဝိပ္ပယုတ်ဖြစ်ရန်မှာ ဉာဏသမ္ပယုတ်မှ ပြန်လှန်၍ ယူလေ။)

**အသင်္ခါရိက, သသင်္ခါရိက။** ။ရှေး၌ ဆိုခဲ့ပြီးပင် ဖြစ်ငြားသော်လည်း အဋ္ဌကထာကြီးမှာ ဤမဟာကုသိုလ်တွင် ဖွင့်ဆိုရင်းဖြစ်ပေ၍ အဆင့်ဆင့်ထင်လင်းစေခြင်းငှါ သသင်္ခါရိက, အသင်္ခါရိက အကြောင်းများကို အမြွက်မျှ ဆိုဦးအံ့။ သသင်္ခါရိကကို အလျင်ဆိုမည်။

ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ သသင်္ခါရေန။ (ဓမ္မသင်္ဂဏီပါဠိတော်)

သဟ သင်္ခါရေနာတိ သသင်္ခါရော၊ တေန သသင်္ခါရေန သပ္ပယောဂေန သဉပါယေန ပစ္စယဂဏေနာတိ အတ္ထော၊ ယေန ဟိ အာရမ္မဏာဒိနာ ပစ္စယဂဏေန ပထမံ မဟာစိတ္တံ ဥပ္ပဇ္ဇတိ။ တေနေဝ သပ္ပယောဂေန သဉပါယေန ဣဒံ ဥပ္ပဇ္ဇတိ။ (ရင်းအဋ္ဌကထာ။)

"သဟ သင်္ခါရေနာတိ သသင်္ခါရော" ဤဝိဂြိုဟ်ဖြင့် ကုသိုလ်၏ ဝိသေသပါကဋ္ဌဖြစ်သော သပ္ပုရိသုပနိဿယ စသော ပစ္စည်းအပေါင်း ရစေ။ ယင်း ပစ္စည်းအပေါင်းသည်ပင် ပယောဂဟုဆိုအပ်သော သင်္ခါရ အထောက်အကူရှိမှ စိတ်ကို ဖြစ်စေနိုင်သောအခါ သသင်္ခါရ မည်၏။ "သသင်္ခါရေန ဥပ္ပန္နံ သသင်္ခါရိကံ"။ သင်္ခါရ ကူသော အကြောင်း အပေါင်းကြောင့် ဖြစ်ပေါ်သော စိတ်ကို ရစေ။ "နတ္ထိ သင်္ခါရော ဧတဿာတိ အသင်္ခါရော"။ သင်္ခါရမကူဘဲနှင့် စိတ်ကို ဖြစ်စေနိုင်သော ယခင် အကြောင်း အပေါင်းကိုပင် ရစေ။ "အသင်္ခါရေန ဥပ္ပန္နံ အသင်္ခါရိကံ"။ ထိုပရိသုဒ္ဓ အသင်္ခါရ အကြောင်း အပေါင်းကြောင့် ဖြစ်သော စိတ်ကို ရစေ။

ထင်ရှားစေအံ့— လူလူ ရှင်ရှင် နေ့စဉ် ဝတ်တက်, ဝတ်ကပ်မှုစသည်များ၌ အချိန်ကျ၍ ကြေးစည်, ခေါင်းလောင်း, စည်မောင်း စသည် ထိုးခတ်၍ အမှတ်သညာပေးလျှင် ပကတိသောစိတ်ဖြင့် ပေါ့ပေါ့ပါးပါး သွားရောက် ဖြည့်ကျင့်သောအခါ ပယောဂမကူဘဲ သွားမြဲသွား၍ ဖြစ်သော ကုသိုလ်ဖြစ်လေသောကြောင့် အသင်္ခါရိက မည်၏။ တရံတခါ တစုံတခုအတွက်ကြောင့် စိတ်အခြေပျက်ကွက်၍ နေ၏။ ကြေးစည်, ခေါင်းလောင်း, စည်မောင်း စသည်တို့၏ အထိမ်းအမှတ်သံကို ကြားရသော်လည်း သွားချင်စိတ် အလွန် နုံ့၏။ သွက်သွက် လက်လက် မရှိ၊ မသွားအံ့သော အခွင့်ကိုသာ ရှာရှာဖြစ်နေ၏။ ထိုအခါ မိမိစိတ်ကို မိမိ

သော်လည်း ပြုပြင်အားပေး၍ သွားရာ၏။ အဘော်အပေါင်း ခေါ်၍သော်လည်း ပါရ၏။ အဘော်အပေါင်းတို့ ဆိုမည် ကဲ့ရဲ့မည်ကို စိုးရိမ်မကင်း ရှိသောကြောင့်လည်း သွားရ၏။ အဘော်အပေါင်း မရှိသေမည်ကို ထောက်၍လည်း သွားရ၏။ လာဘ်သပ်ပကာကို ငဲ့၍သော်လည်း သွားရ၏။ အကျော်အစောကို လိုသောကြောင့်လည်း သွားရ၏၊ မသွားလျှင် အများအစည်းအဝေး ပျက်ကွက်လိမ့်မည် အရေးကြောင့်လည်း သွားရ၏။ ဤသို့ တိုက်တိုက်တွန်းတွန်း သွား၍ ဖြစ်သော ကုသိုလ်မျိုးသည် သသင်္ခါရိကကုသိုလ်မျိုး မည်၏။ ကုသိုလ်မှုတိုင်းမှာ ဤဝတ်တက်မှုနှင့် ယှဉ်၍ ယူလေ။ အသင်္ခါရိကကံနှင့် ပဋိသန္ဓေနေခဲ့သောသူသည် ခပ်သိမ်းသောအမှု၌ နိုးနှေးသော မည်သည် မရှိ၊ ရွှေသွား ရွှေဆောင်သော ဖြစ်၏။ လျှင်မြန် ပေါ့ပါး၏၊ ရဲရင့်၏၊ ရက်စက်၏၊ ကျွတ်ကျွတ် လွတ်လွတ် ရှပ်ရှပ်ချွန်ချွန် ပြုလေ့ ရှိ၏။ အကျိုးပေးလည်း သန်သန်သဲသဲ ရဲရဲ တောက်တောက် ပေးတတ်၏။

သသင်္ခါရိကကံနှင့် ပဋိသန္ဓေနေခဲ့သော သူသည် ခပ်သိမ်းသော အမှုတိုင်း၌ ပင် နိုးနှေး၏၊ သူတပါးတို့၏ နောက်လိုက်သာ ဖြစ်တတ်၏၊ လေးကန်၏၊ ရှုံ၏၊ တွန့်တိုဆုတ်နစ်၏၊ ညွှန့်၏၊ အကျိုးပေးလည်း သန်သန်ရဲရဲမရှိတတ်၊ အနှောင့်အရှက် များတတ်ချေ၏။ အသင်္ခါရိက ကုသိုလ်စိတ်ဖြစ်ကြောင်းကား—

(၁) အသင်္ခါရိကကံနှင့် ပဋိသန္ဓေတည်နေခဲ့ခြင်း။

(၂) ရှေးရှေးဘဝ၌ လေ့ကျက်ဘူးသော အထုံအနှံ့ရှိခြင်း။

(၃) လျောက်ပတ်သော ဥတုဘောဇဉ်နှင့် ပြည့်စုံ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခိုက်ရှိခြင်း။

(၄) မြော်မြင်တတ်သော အရွယ်သို့ရောက်ခြင်း။

(၅) ဘဒ္ဒါပညာနှင့် ပြည့်စုံခြင်း။

(၆) ကြည်လင်အားရလောက်ဘွယ်သော အပေါင်းအဘော်၊ အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ် စသည်တို့နှင့် ပြည့်စုံခြင်း။

ဤအကြောင်းများကြောင့် အသင်္ခါရိကကုသိုလ် ဖြစ်တတ်၏။ ဝိဘင်း-အဋ္ဌကထာတွင် လာသော ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တရား ၁၁-ပါး၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တရား ၇-ပါးတို့သည်လည်း အသင်္ခါရိကဖြစ်ရန် အကြောင်းတို့ပေတည်း။ ဝိဘင်းအဋ္ဌကထာမှာယူလေ။ (သသင်္ခါရိကအကြောင်းမှာ အသင်္ခါရိက အကြောင်းမှ ပြန်၍သိလေ)။

## ကုသလသဒ္ဒါ၏အနက်အဓိပ္ပါယ်

ဤအရာတွင် မဟာကုသိုလ်ကို ဆိုသောအရာဖြစ်၍ "ကုသလ" သဒ္ဒါ၏ အနက်အဓိပ္ပါယ်များကို ထင်ရှားအောင် ပြဆိုဦးအံ့။

အာရောဂျေ ကုသလံ ဣဋ္ဌ-ဝိပါကေ ကုသလော တထာ။
အနဝဇ္ဇမှိ ဆေကေစ၊ ကထိတော ဝါစ္စလိင်္ဂိကော။

(အဘိဓာန်အနေကတ္ထဝဂ်။ ကုသလသဒ္ဒါ၏ အနက်လေးပါးကို ဟောနိုင်ကြောင်းကို ပြဆိုသောဂါထာ)။ ကုသလသဒ္ဒါ ဟောသော အနက်လေးပါးကား (၁) အာရောဂျ-အနာကင်းခြင်း။ (၂) ဣဋ္ဌဝိပါက-ကောင်းသော အကျိုးကိုပေးခြင်း။ (၃) အနဝဇ္ဇ-အပြစ်မရှိခြင်း။ (၄) ဆေက-တတ်သိလိမ္မာခြင်း။ ဤလေးပါးတည်း။

"အနာကင်းလစ်၊ အပြစ်ကင်းကွာ၊ အလိမ္မာနှင့်၊ ချမ်းသာကောင်းကျိုး၊ လေးမျိုးအချက်၊ ကုသိုလ်နက်"။

ထိုလေးပါးတို့တွင် အာရောဂျပုဒ်အရ အနာကင်းပုံကို ပြဆိုအံ့။ အနိုင္ဌ ရုပ်စုသည် ရုပ်၏ အနာဆိုး ရောဂါဆိုးမည်၏။ ကိလေသာစုသည် နာမ်၏ အနာဆိုးကြီးတွေ ရောဂါဆိုးကြီးတွေ မည်၏။ စိတ်သန္တာန်၌ နာမ်ရောဂါ စွဲကပ်သောကြောင့် အပါယ်ငရဲ၌ တလူးလဲလဲ ခံနေကြရသည်။ မြတ်စွာဘုရားကား နာမ်ရောဂါ နာမ်နာကို ကုစားသော ဆေးဆရာဝန်ကြီးပေတည်း။

တိကိစ္ဆကောတိ[၁] ခေါ ဘိက္ခဝေ တထာဂတဿေတံ အဓိဝစနံ။
(ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ တိကိစ္ဆကောတိ၊ ဆေးသမားကြီး ဆေးဆရာဝန်ကြီး ဆိုသည်ကား။ ခေါ၊ စင်စစ်။ တထာဂတဿ၊ ငါဘုရား၏။ အဓိဝစနံ၊ အမည်ပေတည်း။

ငါဘုရားသာလျှင် တိကိစ္ဆကမည်သော ဆေးသမားကြီးအစစ် ဆေးဆရာဝန်ကြီးအစစ် ဖြစ်၏။ ထိုမှတပါးကား သမားတု၊ သမားယောင်တို့သာတည်း ဟူလို။

လောကီဆေးဆရာများသည် ရုပ်နာကိုသာ ကုသနိုင်ကြသည်။ ရုပ်နာတွင်မှလည်း တဘဝတွင်သာ ကုသနိုင်ကြသည်။ နာမ်နာခေါ်သော ကိလေသာရောဂါများကို မကုသနိုင်ကြ။ နာမ်နာ နာမ်ရောဂါ မပျောက်မငြိမ်းသေးသမျှလည်း ရုပ်နာ ရုပ်ရောဂါ ပျောက်ကင်းသည်ဟု မရှိ။ အထပ်တလဲလဲသာ နာကျင်

---

၁။ အင်္ဂုတ္တရ၊ သတ္တကဝဂ်၊ သမဏသုတ် ၁၅၃ (ဆဋ္ဌမူ) ၌ "ဘိသက္ကောတိ" ဟုရှိသည်။

ကြရ၏။ သံသရာလောကကြီးနှင့် ဖြန့်၍ ကြည့်လေ။ မြတ်စွာဘုရားမှာ နာမ်နာ နာမ်ရောဂါကို ကုသတော်မူနိုင်သည်။ နာမ်နာ ပျောက်ငြိမ်းလျှင် ရုပ်နာလည်း အမြစ်ပြတ်လေတော့၏။ အမြစ်ပြတ်အောင် ကုသနိုင်မှုလည်း ဆေးသမား၏ လမ်းဆုံးကမ်းတိုင်ရောက်၏။ ဆေးသမား လမ်းဆုံးကမ်းတိုင် ရောက်အောင် တတ်မြောက်ပေသောသူကား မြတ်စွာဘုရားကြီးသာတည်း။ ထို့ကြောင့်—

တိကိစ္ဆကောတိ ခေါ ဘိက္ခဝေ တထာဂတဿေတံ အဓိဝစနံ။

ဟူ၍ ရဲရင့်စွာ ဆေးသမားကြီးအဖြစ်ကို ဝန်ခံတော်မူ၏။ ကုသိုလ်တရားစုကား နာမ်ကိုပယ်ရှားကြောင်း ဆေးကောင်း, ဝါးကောင်း ဓာတ်စာကောင်း တို့ပေတည်း။ ထို့ကြောင့် ကုသိုလ်တရားစုကို အာရောဂျ အနက်ရှိသော ကုသလ သဒ္ဒါဖြင့် တံဆိပ်ခတ်၍ ဘွဲ့တပ်ရလေသည်။ ။အနာကင်းမှု၌ ယုတ္တိပြီး၏။

အနဝဇ္ဇပုဒ်အရ အပြစ်ကင်းပုံကို ပြဆိုအံ့။ သံကိုဖျက်ဆီးသည်ကား သံချေးတည်း။ သံချေး၏ကိစ္စကား မိရာဖြစ်သောသံကို မကျန်မကြွင်း အတင်းစားမှုပေတည်း။ စားဘန်များလျှင် သံသားကုန်ဆုံး သံသက်ပြုန်း၍ လုံးလုံးကြေပျက်ရလေ၏။ ဤကား အညစ်အကြေး အစေးအညှော်တို့၏ ဓမ္မတာပေတည်း။ ထိုအတူ ကိလေသာတရားဂုသည် သံချေးနှင့်တူ၏။ သာဝဇ္ဇ မည်၏။ မလလည်း မည်၏။ ထိုကိလေသာစုသည် ဖြူစင်သော စိတ်သန္တာန်ကို စွဲ၍ အမြဲစားတတ်၏။ ကုသိုလ်တရားစုသည် သံချေးကိုဖျက်ဆီး၍ ဖြူစင်သော သံသားကို ဖြစ်စေနိုင်သော ဆေးကောင်းတို့နှင့် တူ၏။ ထိုသာဝဇ္ဇ မလ မည်သော အပြစ်တရားတို့ကို ပယ်ရှားနိုင်သော သတ္တိကြောင့် ကုသိုလ်တရားစုကို အနဝဇ္ဇအနက်ရှိသော ကုသလသဒ္ဒါဖြင့် ဘွဲ့တပ်ရလေသည်။ (ဆေက အနက်ရှိသော ကုသလပုဒ်။ သုခဝိပါက အနက်ရှိသော ကုသလပုဒ်တို့မှာ သိသာထင်ရှားလေပြီ။) လိမ္မာစေနိုင်သောကြောင့် ကုသိုလ်ခေါ်ရသည်။ ကောင်းသောအကျိုးကို ပေးနိုင်သောကြောင့် ကုသိုလ်ခေါ်ရသည်ဟု သိလေ။

ကုသလသဒ္ဒါ၏ဝိဂ္ဂြိုဟ်ကား "ကုစ္ဆိတေ သလယန္တီတိ ကုသလာနိ"။ ကုစ္ဆိတေ၊ စက်ဆုပ်ဖွယ်သော အကုသိုလ်တရားတို့ကို။ သလယန္တိ၊ လှုပ်ချောက်ချားစေ ပျက်စီးစေကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ကုသလာနိ၊ ကုသိုလ်တို့ မည်ကုန်၏။ (ကု ပုဒ် သလဓာတ်)။ တနည်းကား ရာဂစသော အကုသိုလ်တရားတို့ကို "ကုသ" ဟူ၍ ဆိုအပ်ကုန်၏။ "ကုသေ လုနန္တီတိ ကုသလာနိ"။ ကုသေ၊ ကုသဟု ဆိုအပ်သော အကုသိုလ်တရားတို့ကို။ လုနန္တိ၊ ရိတ်ဖြတ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ကုသလာနိ၊ ကုသိုလ်တို့မည်ကုန်၏။ (ကုသ-ပုဒ်-လုဓာတ်-ရ-ပစ္စည်း)။ တနည်း—သမန်းမြက်ကို ကုသဟူ၍ ဆိုအပ်၏။ "ကုသာဝိယ လုနန္တီတိ ကုသလာနိ"။ ကုသာဝိယ၊ သမန်းမြက်တို့ကဲ့သို့။ လုနန္တိ၊

အကုသိုလ်အဘို့ကို ရှုတတ် ဖြတ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကုသလာနိ၊ ကုသိုလ်တို့မည်ကုန်၏။ (ကုသ-ပုဒ်-လု ဓာတ်-ရ-ပစ္စည်းပင်)။ ဤသို့ စသည်ဖြင့် ကုသလ သဒ္ဒါ၏ဝိဂြိုဟ်တို့သည် ကျမ်းဂန်တို့၌ များကုန်၏။ သို့ရာတွင် ပြဆိုခဲ့ပြီး ကုသလသဒ္ဒါ၏ အနက်ရင်းကြီး လေးပါးကိုသာ အထူးမှတ်သား ရာ၏။

သတလိင်္ဂဿ အတ္ထဿ၊ သတလက္ခဏဓာရိနော။
ဧကင်္ဂဒဿီ ဒုမ္မေဓော၊ သတဒဿီ စ ပဏ္ဍိတော။ ။

ထေရဂါထာ သုဟေမန္တဝတ္ထု

ဒုမ္မေဓော၊ ပညာနည်းသောသူသည်။ သတလိင်္ဂဿ၊ အရာမကသော ပဝတ္တိ နိမိတ် ရှိထသော၊ သတလက္ခဏဓာရိနော၊ အရာမကသော သဘောလက္ခဏာ ကို ဆောင်ထသော။ အတ္ထဿ၊ အနက်ဒြပ်၏။ ဧကင်္ဂဒဿီ၊ တစိတ်တဒေသကို သာ မြင်စွမ်းနိုင်၏။ ပဏ္ဍိတောစ၊ ပညာရှိသောသူမူကား။ သတဒဿီ၊ အရာ မကကို မြင်စွမ်းနိုင်၏။

ဤဂါထာနှင့်အညီ ပညာရှိသောသူတို့သည် သဒ္ဒါတခု၏များသော ပဝတ္တနိ မိတ် အမျိုးမျိုးဖြင့် ဝိဂြိုဟ်အမျိုးမျိုး, သဘောလက္ခဏာ အမျိုးမျိုးတို့ကို သိလေကုန်။

**ကုသိုလ်စိတ်ဖြစ်ရန် အကြောင်းကား။** ။"ယောနိသော ဘိက္ခဝေ မနသိ ကရောတော အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ" စသည်ဖြင့် ဟောတော်မူသော အတိုင်း ယောနိသော မနသိ ကာရသည် ကုသိုလ်စိတ်ဖြစ်ရန် အကြောင်းရင်းကြီး ဖြစ်၏။

တနည်းအားဖြင့် သမ္ပတ္တိစက် လေးပါးတို့သည် ကုသိုလ်ဖြစ်ရန် အကြောင်း တရားစုပေတည်း။ သမ္ပတ္တိစက် လေးပါးဆိုသည်ကား—

(၁) ပတိရူပဒေသဝါသ=သူတော်ကောင်းတရား ထွန်းကားပေလတ် လျောက်ပတ် သင့်တင့်သော မြို့ရွာဒေသ၌ နေထိုင်ခြင်းတပါး။

(၂) ပုဗ္ဗေကတပုညတာ=ပြုခဲ့ဘူးသော ဘုန်းကံပါရမီရှိခြင်း တပါး။

(၃) သပ္ပုရိသူပနိဿယ = သူတော်ကောင်းကို ကြည်ညိုလေးမြတ် ဆည်းကပ်ကိုးကွယ် မှီတွယ်ပေါင်းသင်းခြင်း တပါး။

(၄) အတ္တသမ္မာပဏိဓိ=စိတ်ထား သဘောထား ကောင်းမြတ်ခြင်း တပါး။

ဤလေးပါးသည် တခုခုသောဘဝ၌ တစ္စန်းတစ ထူထောင်မိသည်ရှိသော် အဆက်ဆက် အဆင့်ဆင့် အပြန်ပြန်လည်၍ သွားတတ်သောကြောင့် စက်ကြီးလေးပါး မည်၏။

## ကုသိုလ်,အကုသိုလ်တို့၏ ပဟာယက, ပဟာတဗ္ဗအဖြစ်ကို ပြဆိုဦးအံ့

အကုသိုလ်တရားတို့သည် အားနည်းသော တရားတို့သာတည်း။ ရွှေတုဖြစ်သော ခပ်ပြာတို့ကဲ့သို့ အနှစ်သာရရှိသော ဓာတ်မျိုး မဟုတ်။ အကာ ဓာတ်မျိုးတို့သာတည်း။ တည်တံ့ခိုင်မာသော တရားမျိုး မဟုတ်ကြ။ လှုပ်ရှားလွင့်ပါးသော တရားမျိုးတို့ ဖြစ်ကြကုန်၏။ အလွန်ကြီးသော မိစ္ဆတ္တနိယာမ အကုသိုလ်တို့ ဖြစ်စေကာမူ တဘဝမျှသာ အကျိုးပေးနိုင်ကုန်၏။ ကုသိုလ်မျိုး ကုသိုလ်အယဉ်တို့ကို ဖြတ်တောက်၍ တလျှောက်လုံး တစဉ်လုံး ဝဋ်ဆင်းရဲ အယဉ်၌ အစဉ်တစိုက် အမြဲ အကျိုးပေးနိုင်သော တရား မဟုတ်ကြကုန်။

ကုသိုလ်တရားတို့သည်မူကား လွန်စွာ အားရှိကြကုန်၏။ ပကတိ ရွှေစစ်တို့ကဲ့သို့ အနှစ်အဆီရှိသော ဓာတ်မျိုးတို့သာတည်း၊ ပွါးများခြင်းငှါ ထိုက်ကုန်၏။ ပွါးများဘို့ရန် ခံသော တရားဖြစ်၍ အဘန်ဘန် ပွါးများအပ်ကုန်သည်ရှိသော် အဆင့်ဆင့် ခိုင်မြဲ တည်တံ့သည်ထက် ခိုင်မြဲတည်တံ့ခြင်းသို့ ရောက်ကုန်၏။ လောကီအရာဝယ် တန်ခိုးအမျိုးမျိုး ဘန်ဆင်းနိုင်ခြင်း စသော ဣဒ္ဓိဝိဓ အဘိညာဏ်တိုင် ကြီးပွါးကုန်၏။ လောကုတ္တရာအရာဝယ် အရဟတ္တမဂ်တိုင်အောင် ကြီးပွါးနိုင်ကုန်၏။ နိယာမဓာတ်သို့ သက်ကြကုန်လျှင် အပါယ်ကြော အပါယ်မြစ် ဝဋ္ဋဒုက္ခကြော ဝဋ္ဋဒုက္ခမြစ် ဝဋ္ဋဒုက္ခအယဉ်တို့ကို အချင်းခပ်သိမ်း ဖြတ်တောက်ချုပ်ငြိမ်းစေ၍ အနုပါဒိသေသ နိဗ္ဗာန်အတွ ရှိသည်တိုင်အောင် သက်ဝင်ကြကုန်သော တရားတို့ပေတည်း။ ထို့ကြောင့် ကုသိုလ်တရားတို့သည် ပယ်တတ်သော ပဟာယကမျိုး မည်ကုန်၏။ အကုသိုလ်တရားတို့သည် ပယ်အပ်သော ပဟာတဗ္ဗတရားမျိုး မည်ကုန်၏။ ကုသိုလ်တို့မည်သည် အယုတ်သဖြင့် ဒါနကုသိုလ်ကလေးပင်သော်လည်း လောက၌ အနာကိုပယ်နိုင်သော ဆေးတို့ကဲ့သို့ အကုသိုလ်ကိုပယ်နိုင်သော တရားတို့သာတည်း။ အကုသိုလ်တရားတို့သည် လောက၌ အမျိုးမျိုးသော ရောဂါအနာတို့ကဲ့သို့ လောကကြီး၏ ပကတိသဘော ရင်းကြီးတွေ ဖြစ်၍ ပယ်အပ်သော ပဟာတဗ္ဗ တရားတို့သာတည်း။

## မဟာကုသိုလ်စိတ်၌ မြောက်ပွါးပုံကို ပြဆိုဦးအံ့။

။မဟာကုသိုလ်စိတ် ၈-ပါးတည် ပုညကြိယာ ဝတ္ထု ၁၀-ပါးနှင့် မြောက် ၈၀-ဖြစ်၏။ ၎င်း ၈၀-ကို အာရုံ ၆-ပါးနှင့်မြောက် ၄၈၀-ဖြစ်၏။ ၎င်း ၄၈၀-ကို ကာယကံ,ဝစီကံ,မနောကံ တည်းဟူသော ကံ ၃-ပါးနှင့် မြောက် ၁၄၄၀-ဖြစ်၏။ ၎င်း ၁၄၄၀-ကို ဟီန,မဇ္ဈိမ,ပဏီတ ၃-ပါးနှင့် မြောက်

၄၃၂၀-ဖြစ်၏။ ဤ၄၃၂၀-ကား အဓိပတိမဘက် သက်သက် နိရာဓိပတိ ကုသိုလ် မျိုးဟု မှတ်။ တဘန်တို့ ထို ၄၃၂၀-ကို ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ် ခွဲလိုက် လျှင် ဉာဏသမ္ပယုတ်အတွက် ၂၁၆၀-ဖြစ်၏။ ဉာဏဝိပ္ပယုတ် အတွက်လည်း ၂၁၆၀-ပင်ဖြစ်၏။ ထိုတွင် ဉာဏသမ္ပယုတ်အတွက် ၂၁၆၀-ကို အဓိပတိ ၄-ပါး နှင့်မြှောက် ၈၆၄၀-ဖြစ်၏။ ဉာဏဝိပ္ပယုတ်အတွက် ၂၁၆၀-ကို ဝီမံသာဓိပတိကြဉ် သော အဓိပတိ ၃-ပါးနှင့် မြှောက်လျှင် ၆၄၈၀-ဖြစ်၏။ အဓိပတိဖြင့် မြှောက် အပ်သော သမ္ပယုတ်အတွက် ဝိပ္ပယုတ်အတွက် နှစ်ပါးစုံကို ပေါင်းလျှင် ၁၅၁၂၀ ဖြစ်၏။ ဤကား သာဓိပတိ ကုသိုလ်စုတည်း။ ထို သာဓိပတိ ကုသိုလ်စိတ် ၁၅၁၂၀-နှင့် ယခင်က ထားခဲ့သော နိရာဓိပတိ ကုသိုလ် ၄၃၂၀-နှင့် ပေါင်းလျှင် ၁၉၄၄၀-ဖြစ်၏။

"သောင့်ကိုးသောင်း၊ လေးရာ့ လေးဆယ်၊ မြားမြောင်ကြွယ်၊ အကျယ် ကုသိုလ်ပေါင်း"။

ဋီကာကျော်၌ကား —သာဓိပတိ, နိရာဓိပတိဟု မခွဲမခြမ်းဘဲ မြှောက်ပွါးလေ သောကြောင့် ကာမာဝစရကုသိုလ်ပေါင်း ၁၅၁၂၀-ဖြစ်လေသည်။ ဤဋီကာ ကျော်နည်းကိုရည်၍"အစွန်းတရာ၊နှစ်ဆယ်သာ သား၊ကာမာဝစရ၊ကုသလဟု၊ သုခမြားမြောင်၊သောင့်ငါးတောင်လျှင်"ဟူ၍ ကိုးခန်းပျို့ ဆရာစပ်လေသည်။ ။ မဟာကုသိုလ်စိတ် အဖွင့်ပြီး၏။

## မဟာဝိပါက်စိတ်ရှစ်ခုနှင့် 'ဝိပါက' အဖွင့်

**မဟာဝိပါက်ရှစ်ခုကိုပြဆိုအံ့။** ။ငင်းမဟာဝိပါက်ရှစ်ခု၌ "သောမနဿသဟ- ဂတ"စသော ပုဒ်တို့၏ စစ်ကြောဘွယ်များမှာ မဟာကုသိုလ်အတိုင်းပင်တည်း။ အထူးမရှိပြီ။

"ဝိပါက"သဒ္ဒါ၏ အနက်သဘောကိုသာ ထင်ရှားစွာ ပြဆိုဦးအံ့။ ဤအရာ၌ သမင်္ဂီတာ လေးပါးကို သိအပ်၏။

(၁) စေတနာသမင်္ဂီတာ

(၂) ကမ္မသမင်္ဂီတာ

(၃) ဥပဋ္ဌာနသမင်္ဂီတာ

(၄) ဝိပါကသမင်္ဂီတာ

**စေတနာသမင်္ဂီတာ။** ။ဤလေးပါးတို့တွင် ရှေးကကုသိုလ်ကံ အကုသိုလ်ကံကို ပြုစဉ်အခါ ကုသိုလ်စေတနာ အကုသိုလ်စေတနာတို့၏ ခဏတ္တယနှင့် ပြည့်စုံဆဲအခိုက်သည် စေတနာသမင်္ဂီတာမည်၏။

**ကမ္မသမင်္ဂိတာ။** ။ထို ခဏတ္တယသမင်္ဂီ ဖြစ်သော စေတနာသည် ချုပ်၍ သွားသော်လည်း အချင်းခပ်သိမ်း တခုမျှ မရှိခြင်းတည်း ဟူသော အဘာဝအဖြစ်သို့ ရောက်၍ ချုပ်လေသည် မဟုတ်၊ နောင် အကျိုး ဖြစ်သော ဝိပါက်ဖြစ်ပေါ်လာရန် အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသော ကြိယာဝိသေသ, အာဟိတဝိသေသ ဗီဇဘာဝကို စိတ်သန္တာန်၌ မြှုပ်နှံထားခဲ့၍ ချုပ်လေ၏။ ထို ဗီဇဘာဝသည် ဝိပါက်ဖြစ်ရန်ကိစ္စ, အာသေဝနကိစ္စ, ဥပနိဿယ ကိစ္စ, ငသိဝါသနာကိစ္စ, အနုသယကိစ္စ, စရိုက်ကိစ္စ, အဇ္ဈာသယကိစ္စ, အဓိမုတ္တိ ကိစ္စ, ပါရမီသမ္ဘာရကိစ္စဟူ၍ ချုပ်လေသော စေတနာ အားလျော်စွာ များစွာ သော စွမ်းရည်ကိစ္စများကို ဆောင်ထားလျက် ရှိ၏။ ယင်းကိစ္စ စွမ်းရည်များကို ဆောင်ထားလျက် ထိုစိတ်သန္တာန်တွင် အစဉ်လိုက်ပါလျက် နေ၏။ အကြင်မျှ လောက် အကျိုးပေးခွင့်ကို မရသေး။ ထိုမျှလောက်ပင် ကမ္မာအသိန်းအသန်း မက လိုက်ပါ၍ နေ၏။ ထိုကြိယာဝိသေသ ဗီဇဘာဝသည် ပရမတ္ထ ဓမ္မတခုဟူ၍ လည်း ရေတွက်လောက်သော တရားမဟုတ်၊ အနုသယဓာတ်များကဲ့သို့ ဖြစ်နေ ၏။ ဤသဘောသည် ကမ္မသမင်္ဂိတာမည်၏။ ပဋ္ဌာန်း၌ နာနာက္ခဏိကကမ္မ ပစ္စယသတ္တိ ဟု ခေါ်၏။ ဤ ကမ္မသမင်္ဂိတာကို ရည်၍ ဓမ္မပဒပါဠိတော်၌—

မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။

(ဤဂါထာကား ကုသိုလ်အတွက်)

မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။

(ဤဂါထာကား အကုသိုလ်အတွက်)

ဟူ၍ ဟောတော်မူ၏။ (အနက်ထင်ရှားပြီ) ထို့ပြင်လည်း—

န ဟိ ပါပံ ကတံ ကမ္မံ၊ သဇ္ဇု ခီရံဝ မုစ္စတိ။
ဒဟန္တံ ဗာလမန္ဝေတိ၊ ဘသ္မာဆန္နောဝ ပါဝကော။

ဟူ၍လည်း ဟောတော်မူ၏။ ၎င်းဂါထာ၏ အနက်ကား—ကတံ၊ ပြုအပ် ပြီးသော။ ပါပံ ကမ္မံ၊ မကောင်းမှုကံသည်။ သဇ္ဇုခီရံဝ၊ ညှစ်ပြီးခါစ လတ်လတ် လောလော ဖြစ်သော နို့ရည်ကဲ့သို့။ သဇ္ဇု၊ ရုတ်တရက်။ ဝါ၊ လတ်တလော။ န မုစ္စတိ၊ အခိုးမလွှတ်သေး။ ဘသ္မာဆန္နော၊ ပြာဖုံးသော။ ပါဝကော ဣဝ၊ မီး ကဲ့သို့။ ဗာလံ၊ မကောင်းမှုကြိုက် လူအမိုက်ကို။ ဒဟန္တံ၊ ပူလောင်စေလျက်။ အန္ဝေတိ၊ အစဉ်လိုက်၏။ ညှစ်သစ်စဖြစ်သော နို့ရည်သည် လတ်တလော

သိုးချဉ်သော အခိုးကို မလွတ်သေးသကဲ့သို့ ကံသည်လည်း ရှုတ်တရက် ဝိပါက်တည်းဟူသော အခိုးငွေ့ကို မလွတ်သေး။ ပြာဖုံးသော မီးကဲ့သို့ ကိန်းဝပ်လျက် သတ္တဝါသို့ အစဉ်လိုက်လေ၏ ဟူလို။ (ဤဂါထာ၌ အကုသိုလ်အရာဖြစ်၍ ပါပံ ဗာလံ ဟူသော ပုဒ်ကို ထည့်၍ ဟောတော်မူသည်)။

**ဥပဋ္ဌာနသမင်္ဂိတာ။** ။ထိုကြိယာဝိသေသ ဗီဇဘာဝသည် အကြောင်းဆိုက်တိုက် ညီညွတ်လာသည်ရှိသော် အကျိုးပေးရန်အခွင့်ကို ပြုပြင်စီရင်လေ၏။ အကျိုးပေးခွင့်ကို ပြုပြင်စီရင်ပုံကား –ထိုကြိယာဝိသေသ ဗီဇဘာဝသည် သေခါနီးသော သတ္တဝါအား မိမိတည်းဟူသော ကံကိုလည်း ထင်စေ၏၊ ကမ္မနိမိတ်ကိုသော်လည်း ထင်စေ၏၊ ဂတိနိမိတ်ကိုသော်လည်း ထင်စေ၏။ ထိုသတ္တဝါသည်လည်း ထိုထင်စေသော အာရုံကို ယူခဲ့လျှင် အကျိုးပေးခွင့်ကို ရလေ၏။ ဤသို့ထင်စေမှုသည် ဥပဋ္ဌာနသမင်္ဂိတာ မည်၏။

**ဝိပါကသမင်္ဂိတာ။** ။ထိုသို့ ထင်လာသော အာရုံကို မလွတ်မူ၍ စုတိလေသော သူအား စုတိ၏ အခြားမဲ့၌သာလျှင် ယခင် ဆိုခဲ့ပြီးသော ကံတည်းဟူသော ကြိယာဝိသေသသည် သမ္ပယုတ်တရားတို့နှင့်တကွ အသီးအခြား ပရမတ္ထဓမ္မတခုဖြစ်လာ၍ ဘဝတခု ထူထောင်ပြီးလျှင် အကျိုးပေးလာ၏။ ဤသို့ အကျိုးပေးမှုကို ဝိပါကသမင်္ဂိတာ ခေါ်ရလေသည်။

ထိုလေးပါးသော သမင်္ဂိတာတို့တွင် ရှေ့သမင်္ဂိတာ သုံးပါးတို့သည် နုသေးသော အခိုက်ဖြစ်၍ တရုဏာဝတ္ထာ မည်၏။ နောက်ဆုံးဖြစ်သော ဝိပါက-သမင်္ဂိတာသည် ရင့်ကျက်သော အခိုက်ဖြစ်၍ ပရိဏတာဝတ္ထာ မည်၏။ ဤသို့ ဝိပါက်ဖြစ်လာရန် သမင်္ဂိတာ လေးပါးကို သိအပ်သတည်း။ ဆိုခဲ့ပြီးသော ဗီဇ-ဘာဝသည် ကုသိုလ်သဘောဖြစ်အံ့၊ သုဂတိဘုံ၌ ပဋိသန္ဓေဝိပါက်, ပဝတ္တိဝိပါက် ဖြစ်၍ ထွက်ပေါ်လာ၏။ အကုသိုလ်သဘောဖြစ်အံ့၊ ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေဝိပါက်, ပဝတ္တိဝိပါက် ဖြစ်၍ ထွက်ပေါ်၏။

မြေ၌တည်ရှိသော ဓာတ်ငွေ့တမျိုးသည် မိုးကျ၍လာသောအခါ မှိုအဖြစ်သို့ ရောက်၍ ပေါက်ရောက်လာသကဲ့သို့၎င်း, သံ၌ရှိသော ဓာတ်ငွေ့တမျိုးသည် အချဉ်စသည်နှင့် တွေ့ထိသောအခါ သံချေးအဖြစ်သို့ ရောက်၍ ပေါ်ပေါက်လာသကဲ့သို့၎င်း မှတ်ရာ၏။

ကုသိုလ်စေတနာ စသည်မှ ဖြစ်ရစ်သော ထိုဗီဇဘာဝ ကြိယာ ဝိသေသသည် ဗလဝ,ဒုဗ္ဗလအားဖြင့် ၂-ပါးရှိ၏၊ ဥက္ကဋ္ဌ,ဩမက,ဆိုလိုသည်။ ဥက္ကဋ္ဌမှာလည်း ဥက္ကဋ္ဌထက် ဥက္ကဋ္ဌဟူ၍ အရာ,အထောင် မက ဆင့်လေ။ ဩမကမှာလည်း ဩမကအောက် ဩမကဟူ၍ အရာအထောင်မက အောက်သို့ ဆုတ်လေ။ ကံ

ပြုစဉ်အခါ စေတနာဓာတ်၏ အားရှိအားမဲ့အတိုင်း ဗီဇဘာဝဓာတ်သည် အားရှိအားမဲ့ ဗလဝ ဒုဗ္ဗလ ဖြစ်ရ၏။

ဝိပါက်ဖြစ်၍ ထွက်ပေါ်သောအခါ အားရှိသော ဗလဝဗီဇဓာတ် ဖြစ်ပေလျှင် ဖြစ်ပေါ်ရာ ဘဝသည် မြင့်မြတ်၏၊ အရှိန်အဝါ တောက်ထွန်း၏၊ ကမ္မဇအစဉ် ဘဝင်အစဉ် ခိုင်ခံ့၏၊ အသက်တမ်းအားလျော်စွာ ဘဝင်သန္တာန် ရှည်၏၊ ဆဋ္ဌါရ၌ ဣဋ္ဌဝိပါက်တို့ စည်ကားကုန်၏။ ထိုသို့ ဆဋ္ဌါရ၌ ဣဋ္ဌဝိပါက်တို့ စည်ကားရန် ရွှေ ငွေစိန်ကျောက် စသော စည်းစိမ် အဆောက်အဦတို့သည် ဖြစ်ထွန်းလာရကုန်၏။ အားနည်းသော ဒုဗ္ဗလဗီဇဓာတ် ဖြစ်ပေလျှင် ဖြစ်ရာဘဝသည် ယုတ်နိမ့်၏၊ အရှိန်အဝါ သေး၏၊ ကမ္မဇအစဉ် ဘဝင်အစဉ် ရေ့ရဲ၏၊ ဘဝင်သန္တာန်တို့၏ ဆဋ္ဌါရ၌ ဣဋ္ဌဝိပါက် ပါးရှား၏၊ အသုံးအဆောင် အခမ်းအနား ချို့တဲ့၏။

ပဝတ္တိ၌ ဝင်၍ ထောက်ပံ့သော ဥပတ္ထမ္ဘက ဗီဇဓာတ် မရှိခဲ့ပါလျှင် တသက်ပတ်လုံး မဲ့၏။ ဤနေရာ၌ မီးမှန်ဥပမာကို ဆိုအပ်၏။ မီးကို ဖြစ်စေနိုင်သော ဓာတ်တို့ဖြင့် စီရင်ပြုလုပ်၍ထားသော မှန်ကို မီးမှန်ဟု ဆိုအပ်၏။ ၎င်းမီးမှန်သည် နေဓာတ်နှင့် မတွေ့သမျှ ကာလပါတ်လုံး မီးကို မဖြစ်စေနိုင်၊ နေဓာတ်နှင့် တွေ့မှ မီးကို ဖြစ်စေနိုင်၏။ ဤအရာဝယ် မီးမှန်နှင့် စိတ်သန္တာန်တူ၏၊ ၎င်းမီးမှန်၌ ကျိန်းဝပ်၍နေသော အဂ္ဂိဗီဇ မီးမျိုးစေ့နှင့် ကြိယာဝိသေသ ဗီဇဘာဝဓာတ်နှင့် တူ၏၊ နေဓာတ်နှင့် အကျိုးပေးရန် ထင်လာသော နိမိတ်များနှင့် တူ၏။ မီးမှန်နှင့် နေဓာတ် ထိခိုက်ရာ မီး ဖြစ်ပေါ်လာသည်နှင့် ထင်လာသော အာရုံနိမိတ်များကို စွဲ၍ ဝိပါက်နာမ်ကလာပ် ဖြစ်ပေါ်လာပုံ တူ၏။ မီးမှန်၌ အဂ္ဂိဗီဇဓာတ် ထက်သန်လျှင် ထက်သန်သလောက် လျင်လျင်မြန်မြန် ထက်သန်သော မီးတောက်မီးလျှံ ဖြစ်ပေါ်၏၊ အဂ္ဂိဗီဇဓာတ် နုံ့လျှင် နုံ့သလောက် မီးတောက်မီးလျှံ နုံ့၏၊ ဤအတူ ဗီဇဘာဝကြိယာဝိသေသ အားရှိလျှင် အားရှိသလောက် ဝိပါက်ထက်သန်၏၊ ဗီဇဘာဝ နုံ့လျှင် နုံ့သလောက် ဝိပါက် နုံ့၏။ ။ဤကား ဝိပါကသဒ္ဒါ၏ အဓိပ္ပါယ်တည်း။

မဟာဝိပါက်စိတ်ရှစ်ပါးတို့တွင် သောမနဿ,ဥပေက္ခာဖြစ်ကြောင်းမှာ အတိဣဋ္ဌာရုံဖြစ်လျှင် သောမနဿမဟာဝိပါက်ဖြစ်၏၊ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်လျှင် ဥပေက္ခာမဟာဝိပါက် ဖြစ်၏။

သမ္ပယုတ်, ဝိပ္ပယုတ် ဖြစ်ကြောင်းမှာ တိဟိတ်ဥက္ကဋ္ဌကံကြောင့် ဖြစ်သော မဟာဝိပါက်ဖြစ်လျှင် ဉာဏသမ္ပယုတ်ဖြစ်၏၊ တိဟိတ်ဩမကကံ, ဒွိဟိတ်ဥက္ကဋ္ဌကံကြောင့် ဖြစ်သော မဟာဝိပါက်ဖြစ်လျှင် ဉာဏဝိပ္ပယုတ် ဖြစ်၏။

အသင်္ခါရိက,သသင်္ခါရိကမှာ ကံ၏အစွမ်းသက်သက် အလိုလို ထင်လာသော နိမိတ် သုံးပါးတွင် တပါးပါးကြောင့် ဖြစ်ရလျှင် အသင်္ခါရိက မဟာဝိပါက်

ဖြစ်၏။ ပယောဂစိုက်၍ တိုက်တွန်းမှုကြောင့် ထင်လာသော နိမိတ်သုံးပါးတို့တွင် တပါးပါးကြောင့် ဖြစ်ရလျှင် သသင်္ခါရိက မဟာဝိပါက် ဖြစ်၏။ ။ မဟာဝိပါက် ပြီး၏။

**မဟာကုသိုလ်နှင့် မဟာကြိယာအထူး။** ။မဟာကြိယာရှစ်ခုမှာ ကုသိုလ်နှင့် တူပြီဖြစ်၍ အထူး ဆိုဖွယ် မရှိပြီ။

မဟာကုသိုလ်နှင့် မဟာကြိယာ အထူးမျှကိုသာ ဆိုတော့အံ့။ သရက်,ပိန္နဲ စသည်တို့၏ အစေ့တွင်'ဟရိတ'မည်သော အစေးဓာတ်ရှိ၏။ထိုအစေးဓာတ် ရှိသမျှ ကာလပါတ်လုံး မြေဥတု ရေဥတု တည်းဟူသော နီးတတ်, ထကြွစေတတ်သော အကြောင်းနှင့် ပေါင်းယှဉ်မိလျှင် အပင်အညှောက် ပေါက်ရောက် ဖြစ်ပွါး၏။ မီး၌ လှော်ဖုတ်၍ ပြုတ်၍ ပစ်လျှင် ထိုဟရိတမည်သော အစေးဓာတ် ကုန်ခန်းခြောက်သွေ့၏၊ ထိုအစေးဓာတ် ကုန်ခန်းလျှင် မြေဥတု ရေဥတုတို့နှင့် တွေ့သော်လည်း အပင်အညှောက် ပေါက်ရောက် ဖြစ်ပွါးခြင်း မရှိတော့ပြီ၊ မျိုးပြုတ်လေတော့သည် ဟူလို။

ထိုမျိုးကိစ္စ ကုန်လေပြီးသော သရက်စေ့ ပိန္နဲစေ့ စသည်များကို မျိုးကိစ္စမရှိသဖြင့် အလိုရှိရာ၌သာ အသုံးချတော့သည်။ထိုအတူ စိတ်သန္တာန်၌တဏှာနုသယ တဏှာသိနေဟဟု ဆိုအပ်သော အစေးဓာတ်သည် ရှိ၏။ ထိုတဏှာအစေး၏ ကိစ္စကား အဇ္ဈတ္တခန္ဓာတို့ကို ငါ့ကိုယ် ငါဟာ ငါ့ဥစ္စာဟု တွယ်တာဘွဲ့စည်းခြင်းပေတည်း။ ထိုတဏှာအစေးရှိသမျှ ကာလပတ်လုံး လောကီကုသိုလ် စေတနာတို့သည် ငါ့ကိုယ်တခု ပျက်ပြန်လျှင် ငါ့ကိုယ်တခု အသစ်ထူထောင်မှု, ငါ့ဥစ္စာတခု ထူထောင်မှု၌သာ ဥဿာဟ ဗျာပါရ တင်းလင်းနှင့်သာ ဖြစ်ကြ ချုပ်ကြရကုန်၏။ ထိုဥဿာဟ ဗျာပါရကို အာယူဟနဓာတ် ခေါ်သည်။

အရဟတ္တမဂ်ကို ရသောအခါ၌ကား ထိုတဏှာအစေးသည် အကြွင်းမဲ့ ချုပ်ဆုံးလေ၏။ ထိုတဏှာအစေး ချုပ်ဆုံးသည်နှင့် တပြိုင်နက် စိတ်သန္တာန်၌ အာယူဟနဓာတ်လည်း ကုန်ဆုံးလေ၏။ ထိုအခါ လောကီကုသိုလ် စေတနာတို့သည် မီးပူအပြင်းထိ၍ ဟရိတဓာတ်စေးကုန်ပြီးသော သရက်စေ့,ပိန္နဲစေ့တို့ကဲ့သို့ ဗီဇဘာဝကိစ္စမှ ငြိမ်းကြကုန်၏။ ပရိနိဗ္ဗာန် မစံမီအတွင်း သဥပါဒိသေသ အနေအားဖြင့် ခန္ဓာကိုယ်ကြီးတွေ ရှိနေစဉ် ကိုယ်ဖြင့် ဆောင်ရွက်ဘွယ်အမှု, နှုတ်ဖြင့် ဆောင်ရွက်ဘွယ်အမှု,နှလုံးဖြင့် ဆောင်ရွက်ဘွယ် အမှုတို့ကို ဆောင်ရွက်စိမံရုံသာ ကြိယာကိစ္စနှင့် ဖြစ်ကြလေကုန်၏။

ထိုကြောင့် ရဟန္တာသန္တာန်မှာ ဖြစ်သော ကာမဇောစိတ်ကို ကြိယာခေါ်ရလေသည်။

"ကရဏံ ကိရိယာ"။ ကရဏံ။ ပြုကာဖြစ်ကာမျှတည်း။ ကိရိယာ၊ ပြုကာ ဖြစ်ကာမျှ။ အကျိုးပေးခြင်းကိစ္စ မရှိ၊ ထိုထိုကိစ္စကို ဆောင်ရွက်ရုံ ဖြစ်ကာမျှ ဟူလို။ သစ်စေ့နှင့်ကုသိုလ်၊ ဟရိတခေတ်စေးနှင့် တဏှာနုသယခေတ်၊ မီးနှင့်မဂ္ဂင် ရှစ်ပါး၊ အစေးကုန်သော သစ်စေ့နှင့် မဟာကြိယာစိတ် ဟပ်လေ။ (သောမနဿ ဖြစ်ကြောင်း စသည်မှာ အလုံးစုံ မဟာကုသိုလ်နှင့်တူပြီ)။

**ကာမစိတ်၏လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်များ။** ။ကာမာဝစရံ၊ ကာမာဝစရစိတ်သည်။ ပရိတ္တလက္ခဏံ၊ သေးသိမ်နုပ်ပွဲသော သဘောလက္ခဏာရှိ၏။ ကာမတဏှာယ ဂေါစရဘာဝရသံ၊ ကာမတဏှာ၏ ကျင်လည်ကျက်စားရာ အဖြစ်လျှင် ရသရှိ၏။ စဋ္ဌလ-ပစ္စုပဋ္ဌာနံ၊ တုန်လှုယ်လှုပ်လှုယ်သော သဘောလျှင် ထင်သော အခြင်းအရာ ရှိ၏။ လောကိယဓမ္မပဒဋ္ဌာနံ၊ လောကီတရားစုလျှင် နီးစွာသော အကြောင်း ရှိ၏။

ကာမစိတ်အဖွင့် ပြီး၏။

---

## ရူပါဝစရစိတ် အဖွင့်ကို ဆိုအံ့

လက္ခဏာအားဖြင့် တခုတည်းသော စိတ်ကိုပင်လျှင် အခိုက်အတန့် အထူး တို့ကို စွဲ၍ ကာမစိတ်, ရူပစိတ်, အရူပစိတ်, လောကုတ္တရာစိတ် ဆိုရသည်။ စိတ် တခုယုတ်ကိုးဆယ်ကို နှစ်ပုံပြုလျှင် ကာမစိတ်, အပ္ပနာစိတ်ဟူ၍ ဖြစ်၏။ ကာမ စိတ်မှ အထက်အထက်ဖြစ်သော စိတ်တစုသည် အပ္ပနာစိတ်မည်၏။ ၎င်းအပ္ပနာ စိတ်ကို ဈာန်စိတ်ဟူ၍လည်း ဆိုရသည်။

### ဈာန်မည်ပုံနှင့် ဈာန်အင်္ဂါတို့၏ကိစ္စများ။

(၂၃) ဝိ, စာ, ပီ, ဝေ၊ နှစ်ပါးထွေ၊ လျှောင် ငါးခုမှတ်။

ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ, ဤငါးခုအပေါင်းကို ဈာန်ဟူ၍ ခေါ်ရသည်။ "ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ"။ ဈာယတိ ဥပနိဇ္ဈာယတိ၊ စူးစိုက်သက်ဝင်၍ ရှုတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဈာနံ၊ ဈာန် မည်၏။ အာရုံခြောက်ပါး၌ မတံ့မနား လွင့်ပါးချောက်ချား၍ နေသောစိတ်ကို တခု တည်းသောအာရုံ၌ စူးစူးစိုက်စိုက် တည်တံ့သက်ဝင်စေ၍ စူးစူးစိုက်စိုက် တည် တည်တံ့တံ့ ရှုခြင်းသဘောသည် ဈာန်မည်၏ ဟူလို။

ထင်စွာဆိုဦးအံ့—လောက၌ တဆင့်ထက်တဆင့် မြင့်မြတ်၍သွားဘို့တဆင့် အောက်တဆင့် ယုတ်နိမ့်၍ သွားဘို့ဖြစ်သော အာရုံဝတ္ထု၊ အမှုကိစ္စများသည် ထင်ရှားရှိကြ၏။

အပြစ်ဒေါသ အညစ်အကြေးအဆင့်ဆင့် စင်ကြယ်၍ သွားဘို့ဖြစ်သော အာရုံဝတ္ထု အမှုကိစ္စများသည် မြင့်မြတ်ဆန်တက်သော လမ်းပေတည်း။ အပြစ်ဒေါသ အညစ်အကြေး အဆင့်ဆင့် ထူပြောညစ်ထပ်၍ သွားဘို့ဝတ္ထု အမှုကိစ္စများသည် ယုတ်နိမ့်ရာသို့ အမြဲကျဆင်း စီးသွားသော မြစ်ရေနှင့်တူ၏။

မိစ္ဆာဝိတက်စသည် အောက်အကြေသို့ ရေကို အပြင်းတိုက်၍ ပို့သော လေကြမ်း လေမုန်တိုင်းတို့နှင့် တူ၏၊ စိတ်သည် လှေနှင့်တူ၏၊ ပညာသည် ပဲ့သူကြီးနှင့် တူ၏၊ ယောနိသောမနသိကာရသည် ပဲ့တက်မကြီးနှင့် တူ၏၊ ဝီရိယသည် လှော်ခတ်သော ယောကျ်ားနှင့် တူ၏၊ သမ္မာဝိတက်စသည် လှော်တက် ခတ်တက်နှင့် တူ၏၊ စိတ်မည်သည် သမ္မာဝိတက်စနှင့် တက်သုတ်ရိုက် အတင်းအပြင်း လှော်နိုင် ခတ်နိုင်ပါမှ အပြစ်ဒေါသ အညစ်အကြေး ကင်းစင်ဘို့ရာ အာရုံဝတ္ထု အမှုကိစ္စသို့ ဆန်တက်နိုင်သည်၊ မလှော်ခတ်လျှင် မိစ္ဆာဝိတက် လေဟုန်လိုင်းဟုန်နှင့် အာသဝေါမျောရာ အလွတ်ပါမူ တလမ်းသာ ရှိ၏၊ စုံလမ်း မျောလမ်းသာ ရှိသည်ဟူလို။

ထို့ကြောင့် သမ္မာဝိတက်သည် အတင်းလှော်ခတ်၍ လှေနှင့်တူသောစိတ်ကို မြင့်မြတ်သော အထက်လမ်းသို့ ရောက်အောင် တင်သော တရားဖြစ်၏။ ဝိတက် လှော်ခတ်၍ ကသိုဏ်းစသော အာရုံသို့ ရှေး႐ှု ဆန်တက်သောစိတ်ကို ထို ကသိုဏ်းစသော အာရုံမှ ဆုတ်ခွါလွင့်ပါး၍ မသွားရလေအောင် ဘွဲ့နှောင် ချုပ်တည်း၍ထားမှုကား ဝိစာရ၏ကိစ္စပေတည်း၊ ချုပ်တည်းမှု မရှိပါမူကား ဝိတက်ပင် လှော်ခတ်ပါသော်လည်း လိပ်အိုကြီး တောင်ပေါ် သို့ တက်သကဲ့သို့ အထက်သို့ တလှမ်း အောက်သို့နှစ်လှမ်း နေမည်။ ထိုအာရုံ ထိုအမှုတို့၌ စိတ်ကို မငြီးမငွေ့ မမုန်းမပျင်းစေဘဲ ပျော်ပျော်ပါးပါး ရှိလေအောင် ဖြေဖျော်မှုကား ပီတိပေတည်း။ ဖျော်ဖြေမှုမရှိ၍ ခြောက်ခြောက်သွေ့သွေ့ ငြီးငွေ့စရာကြီး ဖြစ် နေခဲ့လျှင် ဘွဲ့နှောင်ချုပ်တည်းပါသော်လည်း မနိုင်၊ အတင်းဆုတ်ခွါ ရုန်းထွက် လွင့်ပါး၍ သွားမည်။ မငြီးမငွေ့ ပျော်မွေ့ခြင်း ရှိနေသော စိတ်ကို ထိုအာရုံ ထိုအမှုတို့မှ လေးလေးနက်နက် မြိန်မြိန်ရှက်ရှက် မလွှတ်ရက် မခွါရက်ဖွယ်သော အရသာကို ထုတ်၍ပေးနေသည်ကား သုခပေတည်း။

အဖျော်အဖြေပင် ကောင်းပါသော်လည်း ခင်ခင်မက်မက် မလွှတ်ရက်လေ အောင် လေးနက်သော အရသာကို မခံစားရလျှင် နဝံပိယံမျှသာ ဖြစ်၍ မကြာခင် ငြီးငွေ့ပြီးလျှင် ဆုတ်ခွါလိမ့်မည်။ ပကတိမူလ အခါက ရွာသူတို့၏ မစင်နှင့် ကြီးပွါးခဲ့သော ခွေးသည် နောက်အခါ၌ မင်းစိုးရာဇာတို့ မွေးမြူခြင်းကို ခံရ၍ သားပြွမ်းထမင်းအရသာကို စိတ်ရှိတိုင်း သုံးစားကာ နေရပါသော်လည်း ဇာတိယ်ကြိုက်ကို မမေ့နိုင်၊ အစော်အနံ့ရလျှင် သားပြွမ်းထမင်းကို စွန့်၍ ဇာတိယ်ကြိုက်သို့ လိုက်ပါလိမ့်မည်၊ မလိုက်မပါစေခြင်းငှါ သံကြိုးဖြင့် အတင်း

ဘွဲ့ထားမှ နေမည်။ ထိုအတူ ဘဝအဆက်ဆက်၌ ကာမဂုဏ် မစင်တောဝယ် ကြီးပွါး၍လာခဲ့သော ဤစိတ်သည် ယခုအခါမှ ဘာဝနာအာရုံ ဘာဝနာမှုတို့၌ အသွန်အွန်မြတ်သော သုခရသကို ခံစားရပါသော်လည်း ဇာတိငယ်ကြိုက်ကိုသာ အမှတ်ရ၍ တကြွကြွ တလှုပ်လှုပ် နေဦးမည်၊ ထိုကြောင့် မလှုပ် မကြွစေခြင်းငှါ ထိုအာရုံ ထိုအမှုတို့၌ တည်ဘည်ဘုံ့ဘုံ့ အမြဲစိုက်၍ ထားသည်ကား ဧကဂ္ဂတာ ပေတည်း။

ဝိတက်သည် အာရုံသို့ ရှေ့ရှုတင်ခြင်းကိစ္စ, ဝိစာရသည် အာရုံ၌ ဘွဲ့နှောင်ခြင်း ကိစ္စ, ပီတိသည် စိတ်ကို နှစ်မြို့စေခြင်း ကိစ္စ, သုခသည် စိတ်ကို ပွါးစေခြင်း ကိစ္စ, ဧကဂ္ဂတာသည် စိတ်ကို ကောင်းစွာ ထားခြင်း ကိစ္စဟူ၍ လာသော ဈာနင်ကိစ္စ ငါးပါးကို ထင်လျားအောင် ပြလိုက်သည်။

ဤသို့သျှင် ဤငါးပါးသော တရားတို့ကို ဘာဝနာအာရုံ၌ စိတ်ကို နှစ်နှစ် ခြိုက်ခြိုက် အမြဲစိုက်၍နေအောင် ဆောင်ရွက်စီမံကြသော တရားစုဖြစ်ကြပေ၍ ဈာန်ဟု ခေါ်ရပေကုန်သည်၊ ဤနေရာ၌ ဈာနသဒ္ဒါသည် တခုသောအာရုံ၌ မတုန်မလှုပ် မငဲ့ပတိမ်း စိမ်းစိမ်းစိုက်၍ ရှုခြင်း အနက်ကို ဟော၏။ ဤအနက်ကို ရည်၍ "စိုက်စိုက် စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟု ခေါ် သတတ်" ဟူ၍ ဆိုတော်မူ၏။ ထိုသို့ စိုက်စိုက်စူးစူး အထူးမြဲမြံစွာ ရှုနေသောအခါ စိတ် သန္တာန် တွင် အစဉ်သိုစွဲ၍နေသော အကြမ်းအသော် အစော်အပုပ် အညစ်အကြေး အခိုး အကင်းတို့သည် တနာရီထက်တနာရီ တနေ့ထက်တနေ့ တရွေ့ရွေ့ ချုပ်ငြိမ်းကုန် သဖြင့် ထိုစိတ်အစဉ်သည် ဖြူဖြူစင်စင် ကြည်လင်ထွန်းတောက်၍လာ၏။ ဤကား "ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ" ဟူသော ဝိဂ္ဂဟ်၏ အဓိပ္ပါယ်ပေတည်း။

တနည်းကား—"ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ"။ ပစ္စနီကဓမ္မေ၊ ဆန့်ကျင် ဘက်ဖြစ်သော တရားတို့ကို။ ဈာပေတိ၊ ဖုတ်မြိုက် လောင်ကျွမ်းစေ၏။ ဣတိ- တသ္မာ၊ ထို့ကြောင့်။ ဈာနံ၊ ဈာန်မည်၏။ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့ကို ဖုတ်မြိုက်လောင်ကျွမ်းစေနိုင်သော သဘောသည် ဈာန်မည်၏ ဟူလို။

ထင်လျားစွာဆိုအံ့ ထိနမိဒ္ဓသည် ဝိတက်၏ဆန့်ကျင်ဘက်ဖြစ်သော ရန်သူ ကြီး မည်၏၊ ဘာဝနာ၏အာရုံသို့ စိတ်ကို အတွင်မောင်းနှင် ရိုက်စိုင်းပေသော ဝိတက်သည် ပျင်းရိလိမ်လစ် ဆုတ်နစ် ထိုင်းမှိုင်းစေတတ်သော ထိနမိဒ္ဓ အခိုး အကင်းကို အတင်း သတ်ဖြတ် လောင်မြိုက်ပေ၏။

ဝိစိကိစ္ဆာသည် ဝိစာရ၏ ရန်သူ ဖြစ်၏။ အဘန်ဘန် သုံးသပ်ခြင်း ကိစ္စကို ပြုသဖြင့် ဘာဝနာမှု၌ အဆင့်ဆင့် ကြည်လင်၍ သွားအောင် ရွက်ဆောင်ပေ သော ဝိစာရသည် စိတ်ကို နှစ်ခြုပြု၍ နောက်ကျု မှိန်မှေးစေတတ်သော ဝိစိ- ကိစ္ဆာ အခိုးအကင်းကို အတင်းသတ်ဖြတ်လောင်မြိုက်ပေ၏။

ဗျာပါဒတရားသည် ပီတိ၏ ဆန့်ကျင်ဘက် ရန်သူကြီး ဖြစ်၏။ စိတ်ကို ရွှန်းစို ရွှင်လန်းအောင် ဖျော်ဖြေနိုင်ပေသော ပီတိသည် စိတ်ကို ငြိုးငြင် ခြောက်သွေ့ အောင်ပြုတတ်သော ဗျာပါဒ အခိုးအကင်းကို အတင်း သတ်ဖြတ်လောင်မြိုက် ပေ၏။

ဥဒ္ဓစ္စနှင့် ကုက္ကုစ္စသည် သုခ၏ ဆန့်ကျင်ဘက် ရန်သူကြီးတွေ ဖြစ်၏။ ငြိမ်း ချမ်းသာယာခြင်းကိုပြုတတ်သော သုခသည် မငြိမ်မသက် မအေးမချမ်းခြင်းကို ပြုတတ်သော ဥဒ္ဓစ္စ, ကုက္ကုစ္စ အခိုးအကင်းကို အတင်း သတ်ဖြတ် လောင်မြိုက် ပေ၏။

ကာမစ္ဆန္ဒသည် ဧကဂ္ဂတာ၏ ဆန့်ကျင်ဘက် ရန်သူကြီးဖြစ်၏။ စိတ်ကို အာရုံ၌ အတင်း မြဲမြံစွာရှိအောင် စိုက်ထားပေသော ဧကဂ္ဂတာသည် ထကြွ လှုပ်ရှား တတ်သော ကာမစ္ဆန္ဒ အခိုးအကင်းကို အတင်း သတ်ဖြတ် လောင်မြိုက်ပေ၏။

ကုသိုလ်စိတ်အစဉ်မှာ ထိုနီဝရဏတရားတို့ မယှဉ်ကြကုန်သော်လည်း အခိုး အကင်းမှာ အပြည့်အနက် ပါရှိသည်သာ ဖြစ်၏။ ထိုနီဝရဏ အခိုးအကင်း အညစ် အကြေးတို့ကို သတ်ဖြတ်မှုကိုပင်လျှင် နီဝရဏတို့ကို အသတ်ဟု ဆိုရလေသည်။

ဥပေက္ခာမှုကား သိမ်မွေ့သော သဘောရှိသောကြောင့် ဧကဂ္ဂတာနှင့် သဘော တူ၏။ ဤအဓိပ္ပါယ်စုကား "ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ" ဟူသော ဝိဂ္ဂဟ်၏ အဓိပ္ပါယ်စုပေတည်း။

ဆိုပြီးသော တရားငါးပါးအပေါင်းကို ဈာန်ဟု ဆိုအပ်၏။ အသီး အသီး ဖြစ်သော တရားငါးပါးတို့ကိုကား "ဈာနင်္ဂ" "ဈာနင်"ဟု ဆိုအပ်ကုန်၏။ "ဈာနဿ အင်္ဂါနီတိ ဈာနင်္ဂါနိ"။ ဈာနဿ၊ ဈာန်၏။ အင်္ဂါနိ၊ အဆောက် အဦ အင်္ဂါ အစိတ်အစိတ်တို့တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဈာနင်္ဂါနိ၊ ဈာနင်တို့ မည်ကုန်၏။ ဘီး, ဝင်ရိုး စသော ရထား၏ အင်္ဂါ အစိတ် အစိတ် တို့ကို "ရထင်္ဂ" ဟု ဆိုအပ်၏။ ထိုအင်္ဂါတို့ပေါင်းရုံးနေသော အကြည် ဒြပ်ကို ရထားဟု ဆိုအပ်၏။ ထိုအတူ ဝိတက်စသော အသီး အသီးသော တရား ငါးပါး ကို ဈာနင်ဟု ဆိုအပ်၏။ ထိုတရားငါးပါးတို့၏ အညီအညွတ် ကိုယ်စီကိုယ်စီ ကိစ္စ အထူးကို ဆောင်ရွက်ပေါင်းစုနေသည်ကို ဈာန်ဟူ၍ ဆိုအပ်၏။ ဈာန်, မဂ်, သမ္မောဓိဟူသော အမည်များသည် တရား အစု အပေါင်း၏ အမည်သာတည်း။

ဝိတက်စသော တရားငါးပါးတို့သည် ဆိုခဲ့ပြီးသောနည်းဖြင့် အသီး အသီး မိမိကိစ္စကို ရွက်ဆောင်လုပ်ကိုင်ကြသော်လည်း ပဓာနမှာ စိတ်၏ အာရုံ၌ မကုန် မလှုပ် စိုက်စိုက်စူးစူး အထူးမြဲမြံစွာ သက်ဝင်ခြင်းကိစ္စတခုကိုသာ ပြီးစေကုန်၏။ ဈာန်ဟူသော အမည်သည် ဧကဂ္ဂတာဟူသော သမာဓိနှင့်သာ အလျော်ဆုံး သော အမည်ပေတည်း။

ထိုကြောင့် သာသနာတော်ကျမ်းဂန်၌ ဈာန်တရားစုကို သမာဓိက္ခန္ဓ-သာသနာ၌သာ သွင်းရလေ၏။ စုလစ်မွန်းချွန်တပ်သော ပြာသာဒ်၌ ရှိရှိသမျှသော အောက်ခံ အထည်ဝတ္ထုစုသည် အထက်ထုပိကာတွင် ကိုင်းရှိုင်းစုဝေးကြရသကဲ့သို့ ဝိတက်စသော တရားတို့သည် ဧကဂ္ဂတာတွင်သာ ကိုင်းရှိုင်း စုဝေးကြရလေကုန်၏။ ။ဈာန်မည်ကြောင်း ပြီး၏။

**ပထမဈာန်ပေါ်လာပုံကို အပြွက်မျှ ဆိုအံ့။** ။နီဝရဏတို့၏ အခိုက်အတန့်သည် ဝိတိက္ကမ အခိုက်အတန့်, ပရိယုဋ္ဌာန အခိုက်အတန့်,အနုသယ အခိုက်အတန့်ဟူ၍ သုံးပါးရှိ၏။ ထိုတွင် ကာယဒွါရ ဝစီဒွါရတို့၌ အစွန်းအပြတ် အရိပ်အရောင်ပြ၍ ထကြွသောင်းကျန်းသောအခိုက်သည် ဝီတိက္ကမအခိုက် မည်၏။ (ကာယဒုစရိုက်, ဝစီဒုစရိုက်မှုများပေတည်း)။

မနောဒွါရ၌သာ ထကြွသောင်းကျန်းသော အခိုက်သည် ပရိယုဋ္ဌာန အခိုက်မည်၏။ (မနောဒုစရိုက်မှုစုပေတည်း)။ ဒွါရသုံးပါးတို့၌ကား ဥပါဒ်မှုကိစ္စဖြင့် ထကြွသောင်းကျန်းခြင်းကို မဖြစ်စေမူ၍ ကုသိုလ်, အကုသိုလ်, အဗျာကတ စိတ်အစဉ်၌သာ အကြပ်အတည်း အမြဲကိန်းဝပ်နေသော အခိုက်သည် အနုသယ အခိုက် မည်၏။

ဥပမာ—ရင့်ပြီးသော အုန်းသီး၏ အုန်းဆံ၌ ကိန်းဝပ်၍နေသော ဗီဇဓာတ်နှင့် အနုသယအခိုက် တူ၏။ ထိုဗီဇဓာတ်မှဖြစ်သော ဆံခြည်ထွေးခေါ်သော အုန်းမှုတ်လိုဏ် အတွင်း၌ ပုန်း၍ ဖြစ်နေသော အခဲနှင့် ပရိယုဋ္ဌာန အခိုက် တူ၏။ ထိုဆံခြည်ထွေးမှ ဖြစ်၍ ပြင်ဘက်သို့ ထွက်ပေါ်သော အညှောက်အပင်နှင့် ဝီတိက္ကမအခိုက် တူ၏။

သီလဝိသုဒ္ဓိဘုံသို့ ပေါက်ရောက်လျှင် ဝီတိက္ကမအပြစ်ဒေါသ ငြိမ်း၏။ ထိုအခါ မဟာကုသိုလ်သည် သီလဘုံမည်၏။ သီလဘုံ၌ တည်ပြီးလျှင် ဘာဝနာဘုံသို့ တက်ရာ၏။

ဘာဝနာဘုံသည်လည်း ပရိကမ္မဘာဝနာ,ဥပစာရဘာဝနာ,အပ္ပနာဘာဝနာ ဟူ၍ သုံးပါးရှိ၏။

ထိုတွင် ပရိကမ္မဘာဝနာအခိုက်၌ ပရိယုဋ္ဌာန အပြစ်ဒေါသမကုန်မငြိမ်းသေး၊ အားနည်းရုံမျှသာ ရှိသေး၏။ (ကမ္မဋ္ဌာန်းနိမိတ်ကို ဆင်ခြင် နှလုံးသွင်းသည်မှစ၍ ပဋိဘာဂနိမိတ် မထင်မီအတွင်း၌ ဖြစ်သော ဘာဝနာမှုသည် ပရိကမ္မဘာဝနာမည်၏)။

ပဋိဘာဂနိမိတ်ထင်၍ နီဝရဏလည်းကွာ ဈာန်အင်္ဂါလည်းပေါ်သော ဥပစာရဘာဝနာဘုံသို့ ရောက်မှ ပရိယုဋ္ဌာန အပြစ်ဒေါသ ကင်းငြိမ်း၏။ ထိုအခါ မဟာကုသိုလ်သည် ဥပစာရဘုံ မည်၏။ ဤကိုရည်၍—

“ပဋိဘာဂ၊ ထင်လာက၊ နီဝရဏာ ကွာ”။
“နီဝရဏ၊ ကွာတုံက၊ ဥပစာရ လာ”။

ဟူ၍ ကမ္မဋ္ဌာန်းပိုင်း၌ ဆိုလတ္တံ့။

**နီဝရဏကွာသည်, ဈာန်အင်္ဂါပေါ်သည် ဘာဝနာဘုံသို့ မတက်မီကာလ ဟူသော စကားကို ထင်ရှားစွာဆိုဦးအံ့။** သည် နီဝရဏတရားတို့၏ မင်းမူရာ နယ်ပေတည်း၊ ထိုအခါ၊
ကေဂ္ဂတာသည် ကာမစ္ဆန္ဒဘိစီးချက်ကို မလှန်သာလှ၍ ကာမစ္ဆန္ဒ၏ အမူလိုက်သမား, အမူဆောင်သမား ဖြစ်နေရသတည်း။ ဘာဝနာဘုံသည်ကား ဈာန်အင်္ဂါတို့၏ မင်းမူရာ နယ်ပေတည်း။ ကသိုဏ်းစသော နိမိတ်အာရုံတို့တွင် တခုခုသော အာရုံနိမိတ်၌ စိတ်ကို အမြစ်စိုက်ထားသော ဘာဝနာဘုံသို့ ရောက်သော အခါ ကေဂ္ဂတာသည် တနာရီထက် တနာရီ ကြီးပွါးထွားကျိုင်း၍ လာ၏။ ကာမဂုဏ်တည်းဟူသော အစာရေစာမှဝေးသော ကာမစ္ဆန္ဒသည် တနာရီထက် တနာရီ ကြုံလှီလျော့ပါး၍ သွား၏။ နိမိတ်ထင်၍ ထိုအာရုံ၌ စိတ် အခြေစိုက်မိသောအခါ ကာမစ္ဆန္ဒ၏ ပရိယုဋ္ဌာနအကင်းသည် ကျွတ်ကျွတ်လွတ်လွတ် ကွာလွင့်လေ၏။ ရှေးအခါ၌ မိုးတိမ်ဖုံးလွှမ်း၍နေသော လဝန်းနှင့်တူသော ကေဂ္ဂတာသည် ထိုအခါတွင် တိမ်တိုက်မှ လွတ်ကင်းထွက်ပြူ၍လာသော လဝန်းကဲ့သို့ ရွှန်းရွှန်းစက်စက် အရောင်အဝါ ပေါ်ထွက်ပေ၏။ “ငါ၏စိတ်သည် တည်ကြည်လေစွ, တည်ကြည်လေစွ”ဟု ယောဂီပုဂ္ဂိုလ်၏ဉာဏ်တွင် ထင်၍လာ၏။ ဤကား ကာမစ္ဆန္ဒတည်းဟူသော မိုးတိမ်လွင့်ကွာ၍ ကေဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ လဝန်း၏ ရွှန်းရွှန်းစက်စက် ပေါ်ထွက်၍လာပုံကို ပြဆိုသောအချက်ပေတည်း။

ကာမစ္ဆန္ဒကွာလျှင်ပင် ထိန, မိဒ္ဓနီဝရဏတည်းဟူသော မိုးတိမ်လည်း လွင့်ကွာ၏။ ထိုအခါ ဝိတက်တည်းဟူသော ဈာန်အင်္ဂါလဝန်းသည် ရွှန်းရွှန်းစက်စက် ပေါ်ထွက်လာ၏။ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်မှာ “ငါ၏စိတ်သည် နိမိတ်အာရုံသို့ ကိုင်းရှိုင်း၍သာ, ကိုင်းရှိုင်း၍သာ နေ၏”ဟု ထင်မြင်လာ၏။

ဝိစိကိစ္ဆာနီဝရဏတည်းဟူသော မိုးတိမ်လည်း ကွာပြန်၏။ ဝိစာရတည်းဟူသော ဈာန်အင်္ဂါလဝန်းလည်း ရွှန်းရွှန်းစက်စက် ပေါ်ထွက်၍လာပြန်၏။ ထိုအခါ ယောဂီပုဂ္ဂိုလ်၏ဉာဏ်မှာ “ငါ၏စိတ်သည် နိမိတ်အာရုံ၌သာ ရစ်ဝဲဲနေတော့သည်”ဟု ထင်မြင်လာ၏။

ဗျာပါဒနီဝရဏတည်းဟူသော မိုးတိမ်လည်း ကွာပြန်၏။ ပီတိဈာန်အင်္ဂါတည်းဟူသော လဝန်းလည်း ရွှန်းရွှန်းစက်စက် ပေါ်ထွက်လာပြန်၏။ ထိုအခါ

ယောဂီပုဂ္ဂိုလ်၏ ဉာဏ်မှာ "မကြုံဘူးသော နှစ်သက်ခြင်းကို ယခုအခါ ငါရပေပြီ, ငါရပေပြီ"ဟု ထင်မြင်လာ၏။

ဥဒ္ဒစ္စ, ကုက္ကုစ္စတည်းဟူသော မိုးတိမ်လည်း ကွာပြန်၏။ သုခချမ်းသာ ဖင်ဂါ တည်းဟူသော လဝန်းလည်း ရွှန်းရွှန်းစက်စက် ပေါ်ထွက်လာပြန်၏။ ထိုအခါ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်မှာ "မကြုံစဘူး ထူးမြတ်လှစွာသော ချမ်းသာကြီးကို ငါရပေပြီ, ငါရပေပြီ"ဟု ထင်မြင်လာ၏။

နီဝရဏ ကွာ၏ဆိုသော်လည်း ဗျာပါဒနီဝရဏ, ကုက္ကုစ္စနီဝရဏတို့၏ ပရိယုဋ္ဌာန အခိုးအကင်းတို့သာ အရှင်း ကွာလေကုန်သည်။ ကာမစ္ဆန္ဒနီဝရဏမှာမူကား ရုန့်ရင်းသော ကာမဂုဏ်၌ သာယာသော ကာမစ္ဆန္ဒ အစေးအညှော်သာကွာလေသည်။ ငါ၏ ကိုယ်ဟု သာယာသောလောဘ၊ ငါ့စိတ်,ငါ့ဉာဏ်,ငါ့ဝီရိယ,ငါ့ပရိက္ခရာဟု သာယာသော လောဘမူတို့ကား ရှိနေသေးသည်သာ ဖြစ်၏။ ဥဒ္ဒစ္စနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဝိစိကိစ္ဆာနီဝရဏတို့လည်း လောဘနှင့် အတူတူပင် ဖြစ်ကုန်၏။

ဤကား ဥပစာရဘာဝနာဘုံသို့ ရောက်သောအခါ နီဝရဏကွာပုံ ချမ်းဖင်ဂါ ပေါ်ပုံကို ပြသိုသော အချက်ပေတည်း။

ဤဥပစာရဘာဝနာဘုံမှာ နီဝရဏကွာ၍ ချမ်းဖင်ဂါပေါ်သည်ဟု ဆိုသော်လည်း အပ္ပနာမထိုက်သေး၍ ကာမဘုံမှ မပြောင်းမရွှေ့နိုင်သေး။ အပ္ပနာမထိုက်ကြောင်းကား ဥပစာရဘုံခေါ်သော ထိုကာမကုသိုလ် စိတ္တုပ္ပါဒ်၌ နီဝရဏအစေးအညှော်တို့ပင် ကုန်ပါသော်လည်း ထိုနီဝရဏတရားတို့နှင့် မပြားမထူး ရှူးဘော် ရှူးဘက် နောက်ဘော် နောက်ဘက် မိုက်ဘော် မိုက်ဘက် အဆက်များ စွာကျင်လည်၍လာကုန်သော ဖဿ,ဝေဒနာစသော အညသမာန်းတရားတို့သည် ရှိကုန်၏၊ တည်ကြည်မှုသို့ ရှတ်တရက် ကိုင်းရှိုင်း၍ မလိုက်ပါတဲ့နိုင် ရှိနေသော ထိုအညသမာန်း တရားတို့အတွက်ကြောင့် စိတ်သည် ထိုနိမိတ်အာရုံ၌ စေ့သား ကိုက်သို့ ခြိုက်ခြိုက်မြိုက်မြိုက်မကျဘဲ ကြွစောင်းစောင်းပင် ရှိနေသေး၏၊ ထိုကြောင့် ပဋိဘာဂနိမိတ် အာရုံကြီး၌ပင် ၇-ကြိမ်ထက် ဇောသက် မရှည်နိုင်လေ။ ဂေါတြဘု စိတ် တိုင်အောင်ပင် ထိုဆိုပြီးအခြင်းအရာဖြင့် ရုန့်ရင်းပေါ် လွင့်၍ ချမ်းဖင်ဂါ မသိမ်မွေ့သေးသောကြောင့် ကာမနွယ်ကို မလွန်နိုင်ဆဲ ရှိနေသည်။ ထိုစိတ္တုပ္ပါဒ်တို့၌ပါသော စေတနာသည် အကယ်၍ ပဋိသန္ဓေအကျိုးကို ပေးခဲ့လျှင် ကာမဘုံတွင်း၌သာ ပဋိသန္ဓေအကျိုးကို ပေးလိမ့်မည်။ ။ဥပစာရဘုံခန်းပြီး၏။

ဂေါတြဘု။ ။ဂေါတြဘု၏ဘင်၌ ရုန့်ရင်းရိုင်းပြသော ကာမနွယ်ကာမမျိုး အခိုးအကင်းတို့သည် အရှင်းချုပ်ငြိမ်းကုန်၏၊ ထိုကြောင့်ပင်လျှင် ဂေါတြဘုစိတ် ခေါ်ရလေသည်။

"ဂေါတြံ အဘိဘုယျတီတိ ဂေါတြဘု"။ ဂေါတြံ၊ ကာမနွယ် ကာမမျိုးကို။ အဘိဘုယျတိ၊ နှိပ်စက်ဖျက်ဆီးတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဂေါတြဘု၊ ဂေါတြဘုစိတ် မည်၏။

အပ္ပနာ။ ။ထို ဂေါတြဘုစိတ်၏ အခြားမဲ့၌ကား အလုံးစုံသော စိတ်တို့သည် သစ်သားစို၌ သံမှိုနှက်ရိုက် တသားတည်းကိုက်သကဲ့သို့ ပဋိဘာဂ တည်းဟူသော အာရုံနိမိတ်၌ ခြိုက်ခြိုက်မြိုက်မြိုက် ချုပ်ချုပ်ပြားပြား စေ့သား ကပ်ဆက် သက်၍တည်တံ့ခြင်းတည်းဟူသော အပ္ပနာကိစ္စသို့ ဆိုက်ကြပေ ကုန်၏။

"အပ္ပေတီတိ အပ္ပနာ"။ အပ္ပေတိ၊ စေ့သားကိုက်၍ ခြိုက်ခြိုက်မြိုက်မြိုက် သက်ဝင် တန့်နားတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အပ္ပနာ၊ အပ္ပနာမည်၏။ ထိုအခါ ဈာန်အင်္ဂါတို့သည် ကာမမျိုးရိုး အခိုးမသန်း လွန်အေးချမ်းသဖြင့် ဆဒ္ဒန်အိုင်ကြီး၌ လှည်းဘီးရှိလောက် ပေါ်ပေါက်လာသော ပဒုမာကြာပန်းကြီး တွေ့ကဲ့သို့ သန့်စွမ်းကြည်ရွှင် စည်ပင်ထွားကျိုင်းကြပေကုန်၏။ ထိုအပ္ပနာသို့ ဆိုက်လေပြီးသော ပုဂ္ဂိုလ်တို့သည်လည်း အပူကြီးမား ငရဲသားကို ပင်္ကမြား မြရည် လွန်ချမ်းကြည်သော သီတာမြစ်၌ နှစ်လိုက်ဘိသကဲ့သို့ ပီတိဖရဏာ ကိုယ်လုံးပြာ၍ ချမ်းသာသုခ အနန္တကို ရလေကုန်၏။ ထိုစိတ္တုပ္ပါဒ်ပါရှိသော စေတနာသည်ကား ကာမအခိုးအကင်းမှ အရှင်းလွတ်စင်၍ မုဆိုး၏ချိုင့်တွင်းမှ လွတ်ကင်းသော ငှက်ဟင်္သာမင်းသည် စိတ်ရွှင်လက်ရွှင် ကောင်းကင်တိမ်ထဲသို့ ပျံဝဲကာ အလွတ်တက်လေဘိသကဲ့သို့ ကာမ-၁၁-ဘုံမှလွန်၍ ရူပ ပထမဈာန် ဘုံ၌ ပထမဈာန် ဝိပါက်ဖြစ်၍ ထွက်နိုင်သော အစွမ်းသို့ ထိရောက်အောင် မြင့်မြတ်လေ၏။ ဤ အပ္ပနာကုသိုလ်ကား မဟဂ္ဂုတ်ဘုံပေတည်း။

ဤငှက်ဟင်္သာငှက်သည် မြင့်လှစွာသော အထက် ကောင်းကင်သို့ ဆိုက် ရောက်အောင် ပျံနိုင်၏ ဆိုသော်လည်း အတောင်ဟုန်၏ အစွမ်းဖြင့်သာ ပျံနိုင် လေသည်။ အတောင်မခတ် အဟုန်သတ်ပြန်လျှင်လည်း မြေအပြင်မှာ တမား မားပင် နေရပြန်၏။ မပျံနိုင်ပြီ ဟူလို။ ထိုအတူ ဤစိတ်သန္တာန်၏ အပ္ပနာ အခိုက်မည်သည် ပရိကံဘာဝနာအဟုန်၏ အစွမ်းဖြင့်သာ ပျံတက် ဆိုက်ထိရ သော အမှုပေတည်း။ ပရိကံဘာဝနာဟုန် စဲပြန်ငြိမ်းပြန်လျှင် ကာမအခိုက် တလဲလဲ ဖြစ်မြဲဖြစ်ရပြန်၏။ မဟဂ္ဂုတ်ဝိပါက်စုမှတပါး လောကီလောကုတ္တရာ အပ္ပနာဟူသမျှသည် ဤနည်းချည်းသာတည်း၊ ထို့ကြောင့် အပ္ပနာအခိုက်မှ လျှောပြန်လျှင် ထိုပုဂ္ဂိုလ်သည်လည်း ကာမစိတ်တို့နှင့်သာ နေရပြန်၏။

ဤကား ဂေါတြဘုစိတ်တည်းဟူသော ကာမဘုံ၊ ကာမဘဝမှ ပထမဈာန် စိတ်တည်းဟူသော မဟဂ္ဂုတ်ဘုံ၊ မဟဂ္ဂုတ်ဘဝသို့ တဆင့်ကူးပုံကို ဆိုသော စကားရပ်တည်း။ ။ပထမဈာန်ပြီး၏။

## ဒုတိယစျာန်စသော အပ္ပနာဘုံသို့ကူးပုံ

ယခုအခါ ဂေါ်တြဘုစိတ်တည်းဟူသော ကာမဘုံမှ ဒုတိယစျာန်စသော အပ္ပနာဘုံသို့ ကူးပုံများကို အကျဉ်းဆိုအံ့ —

ဘုံကူးသည်ဟူရာ၌ မဟဂ္ဂုတ်ဘုံ, မဟဂ္ဂုတ်ဘုံချင်းချင်း ကူးသည်ဟူ၍ မရှိ။ မဟဂ္ဂုတ်ဘုံမှ လောကုတ္တရာသို့ ကူးသည်ဟူ၍လည်း မရှိ။ လောကုတ္တရာဘုံ လောကုတ္တရာဘုံ အချင်းချင်း ကူးသည်ဟူ၍လည်း မရှိ။ ဂေါ်တြဘု,ဝေါဒါန် ဟူသော ကာမဘုံမှသာလျှင် မဟဂ္ဂုတ်ဘုံ အမျိုးမျိုး လောကုတ္တရာဘုံ အမျိုးမျိုးသို့ ကူးပြောင်းနိုင်သည်။ မဟာကုသိုလ်ဟူသော ကာမဘုံကြီးသည် သိကြားဘန်ဆင်းသော ပဒေသာပင်ကြီးနှင့် တူ၏။ ပထမစျာန်စသော မဟဂ္ဂုတ်စျာန်အမျိုးမျိုးတို့သည် မဟာကုသိုလ်တည်းဟူသော ပဒေသာပင် ကြီးမှထွက်သော အသီးအပွင့်တို့သာတည်း။

အဘိညာဏ် အမျိုးမျိုးတို့သည်လည်း ထိုမဟာကုသိုလ်မှ ထွက်သော အသီး, အပွင့်တို့သာတည်း၊ မဂ်လေးပါးတို့လည်း မဟာကုသိုလ်တည်းဟူသော နတ် ပဒေသာပင်ကြီးမှ ထွက်သော အသီးအပွင့်တို့သာတည်း၊ သမာပတ္တိဝီထိ၌ ဖိုလ် လေးခုတို့သည်လည်း ထိုမဟာကုသိုလ်တည်းဟူသော နတ်ပဒေသာပင်ကြီး၏ အသီးအပွင့်တို့သာ ဖြစ်ကုန်၏။

ထိုကြောင့် ကာမကုသိုလ်ကို ကုသလာသဒ္ဒါတွင် မဟာထည့်၍ မဟာကုသိုလ်ဟု ခေါ်ရလေသည်။ မဟာကြိယာဟူသည်လည်း ကျွတ်လွတ်ပြီးသော မဟာ ကုသိုလ်ပင်တည်း။

**ပထမဈာန်မှဒုတိယစျာန်သို့ကူးပုံ။** ။ပထမစျာန်ကို ရရှိပြီးသောပုဂ္ဂိုလ်သည် ထိုပထမစျာန်၌ စွဲလမ်းမှုဟုဆိုအပ်သော နိကန္တိသည် လွန်စွာ အားကြီး၏။ ထိုနိကန္တိကိုပင် ရူပတဏှာခေါ်သည်၊ ရူပရာဂ လည်း ခေါ်သည်၊ ဘဝတဏှာလည်း ခေါ်သည်၊ ဘဝရာဂလည်း ခေါ်သည်။ ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်မှာ ထိုတဏှာသည် အပြစ်ဒေါသကြီး တခုပင်ဖြစ်၏။ ပထမစျာန်၌ ပါရှိသော စျာန်အင်္ဂါ ၅-ပါးတို့တွင် အကြီးအမှူး ဦးစီးဦးကိုင် ဖြစ်သော ဝိတက်သည်လည်း အလွန်ငြိမ်သော တရားပင် မဟုတ်။ ထိုကြောင့် ဝိတက်သည်လည်း အပြစ်ဒေါသ တပါးပင် ဖြစ်ပြန်၏။ ဤအပြစ်နှစ်ပါး၏ လက် တွင်း၌ တည်ရှိသော ဧကဂ္ဂတာသည် လေပေါင်းဆုံရာ၌ ထွန်းထားသော မီးနှင့် တူ၏။ ၎င်းနှင့် သမ္ပယုတ်ဖြစ်သော စေတနာသည် ထိုမီး၏အရောင်နှင့် တူ၏။ အသင်္ချေယျတကပ်မျှ အသက်တမ်းရှိသော ပထမစျာန်ဘုံထက် လွန်၍ အကျိုး ပေးနိုင်သော အစွမ်းမရှိ။ ထိုပထမစျာန်ကို ဝင်စားဖန်များလတ်သော် ဝိတက် လှုပ်လှုပ် လောက်လက်ခတ် ပြုသည်ကိုပင် မနှစ်သက်နိုင်ခြင်း ဖြစ်ပြန်၏။

ပထမစျာန်၌ အပြစ်မြင်၏။ ထိုအခါမှ ပထမစျာန်၌ တွယ်တာသော နိကန္တိ အစေးကို ဖြေရှင်း၍ ဝိတက်မပါသော စျာန်ကို ရပြန်လိုသော သဘောဆန္ဒ ဖြစ်ပေါ်လာသတည်း။ ထိုပုဂ္ဂိုလ်သည် ရှေး၌ ထင်ပြီးသော နိမိတ်အာရုံမှာ ဝိတက်မပါသော စျာန်ကို ဝင်စားလို၍ မဟာကုသိုလ်ဟူသော ပရိကမ္မဘုံ, ဥပစာရဘုံတို့ကို အသစ်တည်ထောင်ရပြန်လေသည်။ ပထမစျာန်၌ နိကန္တိ စင်ကြယ်စွာ မကွာမီအတွင်းကို ပရိကမ္မဘုံ ခေါ်သည်။ စင်ကြယ်စွာ နိကန္တိ ကွာသည်မှစ၍ ဂေါတြဘုတိုင်အောင် ဥပစာရဘုံခေါ်သည်။ ဂေါတြဘု၏ အတွင်းတွင် ကာမမျိုး ကာမနွယ် ပြတ်ပြန်၍ ဝိတက်မပါ။ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော စျာန်အင်္ဂါလေးပါးမျှသာ ပါရှိသော စျာန်သည် အပ္ပနာ အဖြစ်ဖြင့် ဆိုက်ရောက် ပေါ်ပေါက်လာ၏။ ကြွင်းသော စကားရပ်မှာ ပထမစျာန် တွင် ပြဆိုခဲ့ပြီးသောအတိုင်း သိလေ။

ပထမစျာန် စေတနာမှာ အသင်္ချေယျ ကပ်၏ လေး တကပ်မျှ အသက် တမ်းရှိသော ပထမစျာန်ဘုံ၌သာ အကျိုးပေးနိုင်သည်။ ဤဒုတိယစျာန် စေတနာမှာမူကား မဟာကပ်ကြီး ရှစ်ကပ်တိုင်တိုင် အသက်ရှည်ကြသော ဒုတိယစျာန်ဘုံ၌ အကျိုးပေးနိုင်လေသည်။ နိကန္တိကြမ်း အင်္ဂါကြမ်းတည်းဟူ သော အပြစ်ဒေါသတို့ကို ခွါမှု ချွတ်မှု ဆေးလျှော်မှုတို့ကြောင့် တိုးတက်သော ဘုံပေတည်း။ ။ဒုတိယစျာန်ပြီး၏။

အထက်အထက် စျာန်တို့၌လည်း ပထမစျာန်မှ ဒုတိယစျာန်သို့ တက်ပုံကို ပြဆိုခဲ့သောစကားအတိုင်း သိရာ၏။ ဒုတိယစျာန်၌ သာယာသော နိကန္တိနှင့် ဝိစာရကို အပြစ်မြင်၍ တဘန် အားထုတ်ပြန်လျှင် တတိယစျာန်ကို ရ၏။ ၎င်း တတိယစျာန်၌ သာယာသော နိကန္တိနှင့် ပီတိကို အပြစ်မြင်၍ တဘန် အားထုတ် ပြန်လျှင် စတုတ္ထစျာန်ကို ရ၏။ ၎င်းစတုတ္ထစျာန်၌ သာယာသော နိကန္တိနှင့် သုခကို အပြစ်မြင်၍ တဘန် အားထုတ်ပြန်လျှင် ပဉ္စမစျာန်ကို ရ၏။ ဤသို့ စသည်ဖြင့် သိလေ။

**စျာန်ငါးခုဖြစ်ရကြောင်း။** ။ဤရူပါဝစရစိတ်၌ စျာန်အင်္ဂါအမျိုးမျိုး ထူးထွေ လေသောကြောင့် စျာန် ၅-ခု ဖြစ်ရလေသည်။ အဘယ်ကြောင့် စျာန်အင်္ဂါ အထူးထူး အထွေထွေ ဖြစ်ရလေသနည်းဟူမူ ပုဂ္ဂိုလ်၏ အလိုဆန္ဒဟု ဆိုအပ်သော ပုဂ္ဂလဇ္ဈာသယ၏ အစွမ်းကြောင့် ထူးထွေ ရလေသတည်း။

ထင်စွာပြဆိုဦးအံ့— အကြင် ယောဂီပုဂ္ဂိုလ်သည် ဝိတက်လျှင် အဘော်သဟဲ ရှိသော ပထမဈာန်ကို ရအောင် အားထုတ်ပြီး၍ ထိုပထမစျာန်၌ပင်လျှင် ဝသီ ဘော်အမျိုးမျိုးကို နိုင်နင်းအောင် အားထုတ်လေသည်ရှိသော် ဝိတက်ကို

လွှန်မြောက်၍ ဝိတက်မပါ ဈာန်အင်္ဂါလေးပါးသာရှိသော ဒုတိယဈာန်ကို လိုသော အဇ္ဈာသယသည် ဖြစ်ပေါ်လာ၏။ ထိုအဇ္ဈာသယကိုပင်လျှင် ပုဂ္ဂလဇ္ဈာသယ ခေါ်သည်။ ထိုအခါ ထိုယောဂီပုဂ္ဂိုလ်သည် ရပြီးသော ပဌမဈာန်ကို ပါဒကပြုရန် မြဲမြံစွာ ဝင်စား၍ ထိုပဌမဈာန်မှ ထပြီးလျှင် ဆိုပြီးသော အဇ္ဈာသယနှင့်တကွ တဘက်ဝ လမ်း ကြိုးပမ်းအားထုတ်လေသည်ရှိသော် အဇ္ဈာသယအတိုင်း ဒုတိယဈာန်ကို ရလေ၏။ ဒုတိယဈာန်ကို ရအောင် အားထုတ်စဉ် အခိုက်ဖြစ်သော ဘာဝနာသည် မိမိကိုယ်တိုင် ဝိတက်နှင့်ယှဉ်သော် ယှဉ်ဘက် အဘော်သဟဲပြု၍ နေရသော်လည်း အဇ္ဈာသယ၏ သတ္တိဖြင့် စိမ်ထုံအပ်သော သဘောရှိလေသောကြောင့် **ဝိတက္ကဝိရာဂဘာဝနာ** မည်၏။ ထိုဝိတက္ကဝိရာဂဘာဝနာ၏ အစွမ်းကြောင့် ဝိတက်မပါသော ဒုတိယဈာန်ကို ရလေသတည်း။ ကြွင်းသော တတိယဈာန်စသည်တို့၌လည်း ဤနည်းတူ သိလေ။

"ဟေဋ္ဌိမံ ဟေဋ္ဌိမံ ပဂုဏဇ္ဈာနံ ဥပရိမဿ ဥပရိမဿ ပဒဋ္ဌာနံ ဟောတိ" ဟူသော အဋ္ဌကထာစကားအတိုင်း အထက်အထက် ဈာန်ကိုလို၍ အားထုတ်သောအခါ အောက်အောက်သော ဈာန်သည် ပဒဋ္ဌာန်အကြောင်းရင်းဖြစ်၍ ထိုအောက်အောက်ဈာန် အခြေခံ ပါဒကပြု၍ အားထုတ်မြဲ ဖြစ်၏။ ပုဂ္ဂလဇ္ဈာသယသည် ပါဒကဈာန်ထက် အားရှိလေသောကြောင့် ပေါ်လာသော အထက်အထက်ဈာန်သည် အခြေခံဖြစ်သော ပါဒကဈာန်နှင့် မတူဘဲ ပုဂ္ဂလဇ္ဈာသယအတိုင်းသာ ဖြစ်ပေါ်ရလေသည်။

ဤအရာ၌ **ဈာန်အပြားကို အမြွက်မျှ** ပြဆိုဦးအံ့။ ဈာန်သည်—

(၁) ပဋိပဒါသိဒ္ဓဈာန်

(၂) ဥပပတ္တိသိဒ္ဓဈာန်

(၃) မဂ္ဂသိဒ္ဓဈာန် ဟူ၍ သုံးပါး အပြားရှိ၏။

ထိုသိဒ္ဓသုံးပါးတို့တွင် ကသိုဏ်းဝန်းကို ပြုလုပ်ထူထောင်ခြင်း စသည်ကို ပြု၍ ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ အစဉ်တို့ဖြင့် တမင်အားထုတ်၍ ဖြစ်ပေါ်လာသော ဈာန်သည် ပဋိပဒါသိဒ္ဓဈာန် မည်၏။

ဗြဟ္မာ့ဘုံ၌ ဖြစ်လေသောသူသည် အတိတ်ဘနန္တရ ဘဝ၌ ရခဲ့ဘူးသော ဈာန်တို့ကို နောက်ဘဝ၌ အသစ်ထူထောင် အားထုတ်ဖွယ် ကိစ္စမရှိ။ အလိုလို ရပြီးဖြစ်၍ နေ၏။ ဝင်စားလိုသောအခါမှ ပထဝီ, ပထဝီစသည်ဖြင့် နှလုံးသွင်းရုံမျှနှင့် ဈာန်ပေါ်ပေါက်လာသည်။ ဤကား ဥပပတ္တိသိဒ္ဓဈာန်ပေတည်း။

ရှင်အာနန္ဒာ အစရှိသော ပုဂ္ဂိုလ်တို့ကဲ့သို့ ပါရမီအထူးရှိသော ပုဂ္ဂိုလ်တို့အား ဈာန်ကို တခြားအားထုတ်ဘွယ် မရှိ။ မဂ်ကိုရလျှင်ပင် အလိုလို ဈာန်ရမှု

အဘိညာဏ်ရမှု အပြီးပါလာ၏။ ဤကဲ့သို့သော ဈာန်မျိုးသည် မဂ္ဂသိဒ္ဓဈာန် မည်၏။

ထိုမဂ္ဂသိဒ္ဓဈာန်သည် အရှင်အာနန္ဒာ ရရှိသော ဈာန်မျိုးကဲ့သို့ အရဟတ္တ မဂ်ဖြင့် ပြီးစီးသော အရဟတ္တမဂ္ဂသိဒ္ဓဈာန်, မဟာသမယသုတ်၌ လာသော ရဟန်းငါးရာတို့ ရရှိသော ဈာန်မျိုးကဲ့သို့ အောက်မဂ်တို့ဖြင့် ပြီးစီးသော ဟေဋ္ဌိမမဂ္ဂသိဒ္ဓဈာန် ဟူ၍ နှစ်မျိုးရှိလေသည်။ ဈာန်မရသေးသော အနာဂါမ် ပုဂ္ဂိုလ်တို့သည် ဗြဟ္မာဘုံသို့ အမြဲ သွားကြရလိမ့်မည်ဖြစ်သောကြောင့် ရုတ်တ ရက် အမှတ်မဲ့ ထားလက်နက်ဖြင့် ခုတ်သတ်၍ သေကုန်သော်လည်း ဈာန်ရ၍ ဗြဟ္မာဘုံသို့ အမြဲ သွားရကုန်၏။ ထိုသို့ ရုတ်တရက် စုတေလေသော အနာဂါမ် ပုဂ္ဂိုလ်တို့၌ ဖြစ်ပေါ်လာသော ဈာန်သည်လည်း မဂ္ဂသိဒ္ဓဈာန်နှင့် အလားတူ၍ မဂ္ဂသိဒ္ဓဈာန်တွင်ပင် သွင်းသင့်ပေ၏။

**ရူပ, အရူပ, လောကုတ္တရာစိတ်တို့၏သင်္ခါရဘေဒ။**　။ဤရူပါဝစရစိတ်, အရူပါ-ဝစရစိတ်, လောကုတ္တရာ စိတ်များသည် သင်္ခါရဘေဒအားဖြင့် အသင်္ခါရိက, သသင်္ခါရိက နှစ်မျိုးလုံးနှင့်ပင် ဆိုင်၏။

ထင်ရှားစေအံ့ -နေတ္တိပါဠိတော်၌ “ဒုဝိဓော သမာဓိ အသင်္ခါရော သမာဓိ သသင်္ခါရော သမာဓိ”ဟူ၍ ဟောတော်မူသော ပါဠိရပ်ဝယ် နေတ္တိအဋ္ဌကထာ ဆရာ ဋီကာဆရာ အရှင်မြတ်တို့က သသင်္ခါရသမာဓိဆိုသည်ကား— (၁) ဒုက္ခ-ပဋိပဒါဒန္ဓာဘိညာဈာန် တပါး။ (၂) ဒုက္ခပဋိပဒါခိပ္ပါဘိညာဈာန် တပါး။ ဤ ဒုက္ခပဋိပဒါဈာန်နှစ်ပါးကို ဆိုပေသည်ဟု ဖွင့်ကြ၏။ အသင်္ခါရသမာဓိဆိုသည် ကား—(၁) သုခပဋိပဒါဒန္ဓာဘိညာဈာန် တပါး။ (၂) သုခပဋိပဒါခိပ္ပါဘိညာ ဈာန် တပါး။ ဤသုခပဋိပဒါဈာန်နှစ်ပါးကို ဆိုပေသည်ဟု ဖွင့်ကြကုန်၏။ ပဋိပဒါအဘိညာတို့ကို ဖွင့်ဆိုကြသော အဘိဓမ္မာ အဋ္ဌကထာတို့၌လည်း—

ယော အာဒိတော ကိလေသေ ဝိက္ခမ္ဘေန္တော ဒုက္ခေန သသင်္ခါရေန သပ္ပ-ယောဂေန ကိလမန္တော ဝိက္ခမ္ဘေတိ၊ တဿ ဒုက္ခာပဋိပဒါ ဟောတိ။ ယော ကိလေသေ ဝိက္ခမ္ဘေန္တော သုခေန အကိလမန္တော ဝိက္ခမ္ဘေတိ၊ တဿ သုခါ ပဋိပဒါ ဟောတိ။

အဋ္ဌသာလိနီ, သမ္မောဟဝိနောဒနီ, ဝိသုဒ္ဓိမဂ်။

ဤသို့ ပါဠိတော်, အဋ္ဌကထာတို့၌ လာလေသောကြောင့် ဒုက္ခပဋိပဒါဈာန် ဟူသမျှကို သသင်္ခါရိက၊ သုခပဋိပဒါဈာန်ဟူသမျှကို အသင်္ခါရိကဟူ၍ မုချ မှတ်အပ်၏။

ထိုသို့ဖြစ်ပါလျက် ဓမ္မသင်္ဂဏီပါဠိတော်၌ မဟဂ္ဂုတ်စိတ်, လောကုတ္တရာစိတ် အရာဌာနတွင် အဘယ့်ကြောင့် သင်္ခါရဘေဒကို မဟောလေသနည်းဟူမူ ဤ မဟဂ္ဂုတ် လောကုတ္တရာတရားတို့သည် ဘာဝနာတည်းဟူသော ပဋိပဒါဖြင့်သာ လျှင် ပြီးစေအပ်, ရအပ်သော တရားမျိုးတို့ဖြစ်ပေ၍ ထိုတရားနှင့် သင့်လျော် သော ပဋိပဒါဘေဒကိုသာ ဟောတော်မူသည်။ ထိုသို့ ပဋိပဒါဘေဒကို ဟော သဖြင့်လည်း သင်္ခါရဘေဒသည် အန္တောဂဓ အတွင်းဝင်ဖြစ်၍ အသီးအခြား ထုတ်ဘော်၍ ဟောတော်မမူလေသည်ဟူလို။ **သင်္ခါရဟူသော** ဝေါဟာရသည် အကုသိုလ်တရားတို့နှင့်ပင် ဆက်ဆံလျက်ရှိနေ၍ သာမညသာဓာရဏ ဖြစ်နေ၏။ **ပဋိပဒါဟူသော** ဝေါဟာရသည်မူကား အပ္ပနာဈာန်တို့နှင့်သာ အသီးအခြား ဆက်ဆံသောကြောင့် ဝိသေသဝေါဟာရ ဖြစ်၏။ ထို့ကြောင့် သာမညဖြစ်သော သင်္ခါရဘေဒဖြင့် ဟောတော်မမူဘဲ ဝိသေသဖြစ်သော ပဋိပဒါဘေဒဖြင့် ဓမ္မ-သင်္ဂဏီ ပါဠိတော်၌ မဟဂ္ဂုတ် လောကုတ္တရာများကို ဟောကြားတော်မူလေ သတည်း။

ဒုက္ခပဋိပဒါဟု ဆိုအပ်သော သသင်္ခါရိကဈာန်, သုခပဋိပဒါဟု ဆိုအပ်သော အသင်္ခါရိကဈာန်များကို ခြားနားအောင် ဆိုဦးအံ့။

ပရိကမ္မဘုံ, ဥပစာရဘုံ, အပ္ပနာဘုံ ဤဘုံသုံးပါးကို ခွဲခြားရာ၏။

**ပရိကမ္မဘုံ။** ။ထိုတွင် ကောင်းစွာ ထူထောင်အပ်ပြီးသော သီလဘုံ၌ တည်၍ တခုတည်းသော အာရုံ၌ ဘာဝနာမှုကို ရှေးရှုသည်မှစ၍ ပဋိ-ဘာဂနိမိတ် မထင်မီ နီဝရဏ မကွာမီ ဈာန်အင်္ဂါ မပေါ်မီအတွင်း၌ ပွါးများ ခြင်းကိစ္စနှင့် ဖြစ်ဖြစ်သမျှသော မဟာကုသိုလ်စုသည် ပရိကမ္မဘုံ မည်၏။

**ဥပစာရဘုံ။** ။ပဋိဘာဂနိမိတ် ထင်သည်နှင့် တပြိုင်နက် နီဝရဏလည်း ကွာ ဈာန်အင်္ဂါလည်း ပေါ်သည်မှစ၍ ဂေါတြဘုတိုင်အောင်အတွင်း ၌ ပွါးများခြင်းကိစ္စနှင့် ဖြစ်ဖြစ်သမျှသော မဟာကုသိုလ်စုသည် ဥပစာရဘုံ မည်၏။

အပ္ပနာဈာန်သည် **အပ္ပနာဘုံ** မည်၏။

ဒုတိယဈာန်ကိုရဘို့ရန် ပွါးများရာ၌ကား ပဌမဈာန်၌ နိကန္တိမကွာမီ အတွင်းသည် ပရိကမ္မဘုံ မည်၏။ နိကန္တိ ကွာသည်မှစ၍ ဒုတိယဈာန်၏ ဂေါ-တြဘုတိုင်အောင် အတွင်းသည် ဥပစာရဘုံ မည်၏။ အထက်အထက် ဈာန်တို့၌ လည်း ဤနည်းအတိုင်း ပိုင်းခြားလေ။ ဤကား ဈာန်အရာ၌ ဘုံသုံးပါး ပိုင်းခြားချက်တည်း။

**ပဋိပဒါနှင့် အဘိညာ** နှစ်ပါးကိုလည်း ခွဲခြားရာ၏။ အပူအပြင်း အတင်းအားထုတ်မှုသည် ပဋိပဒါ မည်၏။ ပေါက်ရောက်သိမြင်ခြင်းသည် အဘိညာ မည်၏။ ဤကား ပဋိပဒါ အဘိညာ နှစ်ပါး ခွဲခြားပုံတည်း။

နယ်နိမိတ် ကန့်သတ်လျှင် ပရိကမ္မဘုံသည် ပဋိပဒါ၏ နယ်ပေတည်း။ ဥပ-စာရဘုံ, အပ္ပနာဘုံ နှစ်ပါးသည် အဘိညာ၏ နယ်ပေတည်း။ ပရိကမ္မဘုံတွင်း၌ ပယောဂမကူရဘဲ လွယ်လွယ်ကူကူနှင့် ထမြောက်၍သွားပေလျှင် အပ္ပနာဈာန်သည် သုခပဋိပဒါ ဖြစ်ပေ၍ အသင်္ခါရိကဈာန် မည်၏။ ပရိကမ္မဘုံ အတွင်း၌ မချောမမောရှိ၍ ပယောဂအားကြီးကူပါမှ ထမြောက်၍ သွားခဲ့လျှင် အပ္ပနာဈာန်သည် ဒုက္ခပဋိပဒါဈာန်ဖြစ်၍ သသင်္ခါရိကဈာန် မည်၏။ ပရိကမ္မဘုံ၌ မဟာကုသိုလ်သည် သသင်္ခါရိက ဖြစ်အံ့။နောက် ဥပစာရဘုံ, အပ္ပနာဘုံ အလုံးစုံတို့သည် သသင်္ခါရိကတို့ချည်းသာ ဖြစ်ကုန်တော့သည်။ ပရိကမ္မဘုံ၌ မဟာကုသိုလ်သည် အသင်္ခါရိက ဖြစ်အံ့။ နောက် ဥပစာရဘုံ, အပ္ပနာဘုံ အလုံးစုံတို့သည် အသင်္ခါရိကတို့ချည်းသာ ဖြစ်ကုန်တော့သည် ဟူလို။ ဥပစာရဘုံအတွင်း၌ နေ့ရက်ကြန့်ကြာ၍ အပ္ပနာ အဆိုက်နှေးလျှင် ဒန္ဓာဘိညဈာန် မည်၏။ မကြန့်မကြာဘဲ အပ္ပနာအဆိုက်မြန်လျှင် ခိပ္ပါဘိညဈာန် မည်၏။

ဈာန်နှင့် စပ်လျဉ်းသော အကြောင်းအရာများကို ငါတို့ စီရင်အပ်သော "ဝိထိမဉ္ဇရီကျမ်း" အပ္ပနာဝိထိခန်းတွင် အကျယ်ဆိုလျက် ရှိလေ၏။ သုခ ဈာန်အင်္ဂါပါသော အောက်ဈာန် ၄-ခုသည် သောမနဿ မည်၏။ သုခ မပါသော ပဉ္စမဈာန်သည် ဥပေက္ခာ မည်၏။ (ကုသိုလ်ဈာန် ပြီး၏။)

ဝိပါက်ဈာန်, ကြိယာဈာန်တို့၌ အထူး ဆိုဘွယ် မရှိတော့ပြီ။ ကုသိုလ်၏ အကျိုးဖြစ်သော မှန်မြတ်သော ရူပါဝစရ ဗြဟ္မာ၏ သန္တာန်၌ ဖြစ်သော ပဋိ-သန္ဓေ, ဘဝင်, စုတိများသည် ရူပါဝစရဝိပါက် မည်၏။

အာသဝေါကုန်ခန်းသော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော ရူပါဝစရ ဈာန်ဇောသည် ကြိယာဈာန် မည်၏။

ရူပါဝစရစိတ်အဖွင့် ပြီး၏။

---

## အရူပါဝစရစိတ်အဖွင့်

**(၂၀) အာ,ဝိဉ်,အာ,နေ၊ ဈာန်လေးထွေ၊ ဥ,ဧ, အင်္ဂါနှစ်။**

ဤကဗျာဖြင့် ဥပေက္ခာ,ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါးနှစ်ပါးနှင့်တကွ ဖြစ်သော (၁) အာကာသာနဉ္စာယတန ဈာန်စိတ် (၂) ဝိညာဏဉ္စာယတန

ဈာန်စိတ် (၃) အာကိဉ္စညာယတန ဈာန်စိတ် (၄) နေဝသညာနာသညာ-ယတန ဈာန်စိတ် ဟု ဆိုအပ်သော အရူပါဝစရစိတ်ကို ပြ၏။

**အရူပါဝစရဈာန် ဖြစ်ပေါ်လာပုံကို ထင်စွာဆိုဦးအံ့။**

ရူပါဝစရဈာန်ကို ရအောင် အားထုတ်ကြသော သူတို့သည် သာသနာပအခါ ရသေ့ ပရိဗိုဇ်တို့လည်း အားထုတ်ကြကုန်သည်၊ သာသနာအတွင်း၌ ဘုရားတပည့်သား ရဟန်းတော်များလည်း အားထုတ်ကြကုန်သည်။

အထူးကား—သာသနာပအခါ၌ ရုပ်တရား၏ နယ်နိမိတ်ကို လွန်မြောက်ခြင်းငှါ အားထုတ်ကြကုန်သည်။ ရုပ်တရားတို့မည်သည် အလွန်ရုန့်ရင်း၏၊ အလွန်ရုန့်ရင်းသော ကိလေသာတို့၏ အာရုံလည်းဖြစ်၏၊ ထိန်းသိမ်းမွေးမြူရသော ပရိဘောဂများလည်း အလွန်တရာ ကြီးကျယ်များပြား၏၊ အလွန်ကြမ်းတမ်းသော အတွင်းဘေး အပဘေးတို့နှင့် ဆက်သံ၏၊ အနှစ်အမာမရှိ အရှည်အကြာ မပိုင် ပိုယွင်းလွယ်၏၊ အပါယ်ဘေးနှင့် နီးလှ၏၊ ရုပ်တရားကို မှီတွယ်ရသော ဝိညာဏ်သည်လည်း ကမ်းနားသစ်ပင်နှင့် တူ၏၊ မြက်မှိုက်,ကောက်ရိုးမှိုက်တို့မှ တောက်ရသော မြက်မီး, ကောက်ရိုးမီးနှင့် တူ၏၊ ရူပါဝစရဈာန်စုသည် ရုပ်နိမိတ်မှာ တွယ်တာသော ဈာန်စုဖြစ်၍ အနှစ်မရှိသော ကြက်ဆူပင်ငယ်ကို တွယ်တာ၍ ပေါက်ရောက်သော ရုက္ခဇိဝ်းဗိမာန်ကဲ့သို့ အရှည်တည်တံ့နိုင်သော အခွင့် မရှိ။ ရုပ်၌ သာယာသော နိကန္တိတဏှာတည်းဟူသော သံကြိုးသံလွန် အနှောင်အဖွဲ့ ရှိနေသည်ဖြစ်၍ ရုပ်နယ်နိမိတ်ကို လွန်မြောက်နိုင်သော အစွမ်းသတ္တိလည်း မရှိ။ ထိုကြောင့် ရုပ်နိမိတ်နှင့် မငြေပမငြက် သက်သက် ရုပ်နှင့် ကင်းစင်၍ ကောင်းကင်နိမိတ်၌ဖြစ်သော ဈာန်ကိုရပါမူကား ကောင်းလေစွ, ကောင်းလေစွ အားကျမြော်မြင်၍ အတွင် အားထုတ်ကြလေကုန်သည်။ ဤသို့သော အမြော်အမြင်များသည် သာသနာတော်အတွင်းနှင့် မဆက်ဆံ သာသနာပ ရသေ့ ပရိဗိုဇ်တို့၏ မြော်မြင်ချက်များပေတည်း။

သာသနာတော်အတွင်း၌မူကား အရူပဈာန်များသည် အထူး သိမ်မွေ့လှပေသည်။ သမာဓိ သန်သန်နှင့် အထူး အားရှိလှပေသဖြင့် ဝိပဿနာ၏ အခြေပါဒကပြုရန် အဘိညာဏ်၏ အခြေပါဒကပြုရန်လည်း ကောင်းလှပေသည်။ ရံခါ ရံဘန် ဝင်စား၍နေဘို့လည်း ကောင်းပေသည်ဟူ၍ပင် ထင်မြင်ကြကုန်သဖြင့် အားထုတ်ကြကုန်သည်။ “ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ” ဟူ၍ ဟောတော်မူသော ပါဠိတော်နှင့်အညီ ဖြူစင်သောအဘို့၌ တည်ပေသော ယောဂါဝစရတို့၏ အလိုဆန္ဒသည် တောင့်တတိုင်း ပြီးစီးမြဲဖြစ်ပေရကား ပဌမဈာန်ကို ရပြီးနောက် ဒုတိယဈာန်ကို ရလိုသောဆန္ဒနှင့်

ဒုတိယစျာန်ပင် ဖြစ်လာပေ၏။ အထက်အထက် စျာန်တို့၌လည်း ဤအတူပင် မှတ်လေ။

**အာကာသာနဉ္စာယတနစျာန်။** ။ဝသီဘော်သို့ ရောက်ပြီးသော ရူပပဉ္စမစျာန်၌ တည်၍ ကသိုဏ်းနိမိတ်ကို ခွါဖျက်ကာ ပွါးများအားထုတ်လျှင် အာကာသာနဉ္စာယတန ပထမာရုပ္ပစျာန် ဖြစ်လာမည်။

ဤ အရူပစျာန်အရာ၌ ကသိုဏ်း ၉-ပါးတွင် တပါးပါးကို ခွါ၍ ကောင်းကင်နိမိတ်ကို ရပြီးနောက် ထိုကောင်းကင်နိမိတ်ကို ရှု၍ "အာကာသော အနန္တော အာကာသော အနန္တော" ဟု စီးဖြန်းလေသည်။ ထိုသို့ စီးဖြန်းသည်မှစ၍ ရူပပဉ္စမစျာန်၌ သာယာသော နိကန္တိတဏှာ မကွာမီအတွင်း၌ ဖြစ်သော မဟာကုသိုလ်သည် ပရိကမ္မဇောတို့ မည်၏။ တဏှာနိကန္တိ ကွာသည်မှစ၍ ဂေါတြဘုတိုင်အောင် အတွင်း၌ ပွါးများသော မဟာကုသိုလ်သည် ဥပစာရဇော မည်၏။ ဂေါတြဘု၏နောက်၌ ကျရောက်သော ပထမာရုပ္ပစျာန်သည် အပ္ပနာဇော မည်၏။ မဟဂ္ဂုတ်ဇောလည်း မည်၏။ အရူပဇောလည်း မည်၏။ ဤ ပထမာရုပ္ပစျာန်သည်လည်း ပရိကမ္မဇောအတွင်းက မချော မမော၍ ပယောဂကြီးပွဲ့ခဲ့ရလျှင် ဒုက္ခပဋိပဒါစျာန် မည်၏။ သသင်္ခါရိကစျာန်လည်း မည်၏။ ပရိကမ္မဇောအတွင်း၌ ချောချော မောမော ပယောဂ မကြူခဲ့ရလျှင် သုခပဋိပဒါစျာန် မည်၏။ အသင်္ခါရိကစျာန်လည်း မည်၏။ ဥပစာရဇောတွင် ကာလကြန့်ကြာ၍ စျာန်ရနှေးလျှင် ဒန္ဓာဘိညစျာန် မည်၏။ မကြာလှဘဲ တလျှောက်ထဲ တက်၍ မြန်စွာ စျာန်ရလျှင် ခိပ္ပါဘိညစျာန် မည်၏။ ဥပစာရဇော အတွင်း၌ ကွာခဲ့ပြီးသော ရူပတဏှာသည် ဂေါတြဘု၏ အတွင်းတွင် အကြွင်းမဲ့ ချုပ်ငြိမ်း၏။ ထိုကြောင့် ထိုရူပတဏှာ၏ လက်တွင်းမှ ထွက်မြောက်ရပြီးသော ဥပေက္ခာ, ဧကဂ္ဂတာတည်း ဟူသော ဤပထမာရုပ္ပစျာန်သည် ရာဟုအသုရိန်၏ ခံတွင်းမှ လွတ်ကင်း ထွက်မြောက်လေပြီး လဝန်းကြီးကဲ့သို့ အလွန် ကြည်လင်လှ၏။ အားခွန်ဗလလည်း တက်သန်လှ၏။ ဝသီဘာဝပြု၍ ထိုပထမာရုပ္ပစျာန်ကို ဝင်စား၍နေသော ပဉ္စဒွါရတွင် ရှန်းရင်းခတ် ပြင်းထန်စွာ ထင်လာ ထိခိုက်လာသော အာရုံတို့အတွက်ကြောင့်လည်း စျာန်ဇောအစဉ် အယိမ်းအယိုင် မရှိ ပကတိ မတုန်မလှုပ် ခိုင်လှ၏။

ထိုကြောင့် အရူပသမာပတ်များကို **အာနေဉ္ဇ သမာပတ်**ဟူ၍ ခေါ်ဝေါ်အပ်သတည်း။ "န ဣဉ္ဇတီတိ အာနေဉ္ဇံ"။ န ဣဉ္ဇတိ၊ မတုန်မလှုပ်တတ်။ ဣတိ တသ္မာ၊ ထိုကြောင့်။ အာနေဉ္ဇံ၊ အာနေဉ္ဇမည်၏။ ဤပထမာရုပ္ပစျာန်၌ ပါရှိသော ဥပေက္ခာစျာနင် ဧကဂ္ဂတာစျာနင်နှင့် ယှဉ်သော စေတနာသည်လည်း ရာဟုအသုရိန်သက်မှ လွတ်ထွက်သော လဝန်း၏ အရောင် အဝါကဲ့သို့ အလွန်

တာရာ ကြည်လင်၍ အားအင်ကောင်းလှသောကြောင့် ရူပါဝစရဘုံ၏ အထွတ် မကိုဋ်ဖြစ်သော အကနိဋ္ဌဘုံမှ အထက်ယူဇနာပေါင်း ငါးသိန်း ငါးသောင်း ရှစ် ထောင်ဝေးကွာ မြင့်မားသော ကောင်းကင်၌မဟာကပ်ကမ္ဘာကြီး နှစ်သောင်း အသက်တမ်းရှိသော ပထမာရုပ္ပ အာကာသာနဉ္စာယတနဘုံဝယ် ပထမာရုပ္ပ ဝိပါက်အဖြစ်ဖြင့် ထင်ရှားဖြစ်ပေါ်ပြီးလျှင် မဟာကပ်နှစ်သောင်း တိုင်အောင် ဘဝင်အယဉ် အစဉ်ရှည်ကြာ ဖြစ်ပွါးကာ နေပေ၏။

**အာကာသာနဉ္စာယတနစျာန်** ဟူသော ပုဒ်၌ - အာကာသ တပုဒ်, **အနန္တ** တပုဒ်, အာယတန တပုဒ်, ဈာနတပုဒ်၊ ဤသို့ မူလပုဒ်ရင်း လေးခုကို ခွဲထား ရာ၏။ ဝိဂ္ဂဟ်ကား— "အာဘုသော ကာသတိ ဒိဗ္ဗတီတိ အာကာသော"။ အာဘုသော၊လွန်စွာ။ ကာသတိ ဒိဗ္ဗတိ၊ထွန်းပတတ်၏။ဣတိတသ္မာ၊ထိုကြောင့်။ အာကာသော၊ အာကာသမည်၏။ နေ့,လ,တာရာ ရတနာရောင် မီးရောင် စသည် တို့ဖြင့် ထွန်းလင်း၍ နေသော ဟင်းလင်းအပြင် ကောင်းကင်ကို ရစေ။ ထို အာကာသသည်—

(၁) အဇဋာကာသ

(၂) ပရိစ္ဆိန္နာကာသ

(၃) ကသိဏုဂ္ဃါဋိမာကာသ

(၄) ရူပပရိစ္ဆေဒါကာသ ဟူ၍ လေးပါးအပြားရှိ၏။

(၁) ထိုတွင် ရှိရှိသမျှ ကျယ်ဝန်းလှသော အနန္တ ကောင်းကင်ပြင်ကြီးသည် အဇဋာကာသ မည်၏။ (၂) လေသာပြူတင်းပေါက်စသော ကသိုဏ်း ၁၀-ပါးတွင် အာကာသ ကသိုဏ်းဟူ၍ ခေါ်ဝေါ်ရသော ပြင်ပတွင် အဝန်းဝိုင်း လျက် ရှိသော ကောင်းကင်သည် ပရိစ္ဆိန္နာကာသ မည်၏။ (၃) အာကာသ ကသိုဏ်းမှ တပါး ကြွင်းကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ဘာဝနာဖြင့် ခွါ၍ ရအပ်သော ကသိုဏ်းပေါက် ဟင်းလင်းအပြင်သည် ကသိဏုဂ္ဃါဋိမာကာသ မည်၏။ (၄) ရုပ် ၂၈-ခုတွင် အတွင်းဝင်သော အာကာသဓာတ်သည် ပရိစ္ဆေဒါ ကာသမည်၏။

အာကာသာနဉ္စာယတနပုဒ် အရာဝယ် ကသိဏုဂ္ဃါဋိမာကာသကို ယူရမည်။ အဆုံးမရှိသည်ကို အနန္တဆို၏။ "နတ္ထိ အန္တော ဧတဿာတိ အနန္တော"။ဧတဿ၊ ထိုကောင်းကင်အား။ အန္တော၊ အဆုံးအပိုင်း အခြားသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထိုကြောင့်။ အနန္တော၊အနန္တမည်၏။

အဘယ်သို့လျှင် ထိုကသိဏုဂ္ဃါဋိမာကာသသည် အဆုံးမရှိသနည်းဟူမူ— ထိုအာကာသသည် အနန္တဖြစ်သော အဇဋာကာသကြီးနှင့် တစပ်ထည်းကဲ့သို့

ဖြစ်နေသောကြောင့်လည်း အဆုံးမရှိ အနန္တမည်၏။ ယောဂီပုဂ္ဂိုလ်သည်လည်း အဆုံးမရှိ ကျယ်သည်ထက်ကျယ်အောင် ဖြန့်အပ်၏၊ ထိုကြောင့်လည်း အနန္တမည်၏။ တနည်းကား—ထိုအာကာသမှာ ဥပါဒ်စွန်း, ဘင်စွန်းတည်း ဟူသော အဆုံးအပိုင်းအခြားလည်း မရှိ။ ထိုကြောင့် အနန္တဆိုရလေသည်။ အာကာသ ပုဒ်နှင့် အနန္တပုဒ် အရတူ ကမ္မဓာရည်းသမာသ်တွဲလျှင် အာကာသာနန္တပုဒ် ဖြစ်၏။ ၎င်းအာကာသာနန္တပုဒ်ကိုပင်လျှင် နိရုတ္တိနည်းအားဖြင့် အာကာသာနဉ္စ ဟု ဆိုအပ်၏။

အာယတန သဒ္ဒါသည် တည်ရာဟူသော အနက်ကို ဟော၏။ (နတ်တို့၏ တည်နေရာ နတ်ကွန်း နတ်ဗိမာန်ကို "ဒေဝါယတန" ဆိုရသကဲ့သို့ မှတ်)။ "အာကာသာနဉ္စံ အာယတနံ အဿာတိ အာကာသာနဉ္စာယတနံ"။ အဿ၊ ထိုစိတ်, စေတသိက်အပေါင်းအား။ အာကာသာနဉ္စံ၊ အဆုံးမရှိသောကောင်းကင် ဟု ဆိုအပ်သော။ အာယတနံ၊ တည်ရာသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတနမည်၏။ ဤ ဝိဂ္ဂိုဟ်ဖြင့် စိတ်, စေတသိက်အစုံကို ရစေ။ ထိုစကားမှန်၏။ ဝိဘင်းပါဠိတော်၌ "အာကာသာနဉ္စာယတနန္တိ အာကာသာနဉ္စာယတနံ သမာပန္နဿ ဝါ ဥပပန္နဿ ဝါ ဒိဋ္ဌဓမ္မသုခဝိဟာရိဿ ဝါ စိတ္တစေတသိကာ ဓမ္မာ" ဟူ၍ အာကာသာနဉ္စာယတနသဒ္ဒါ၏ သရုပ်အရကောက်ကို ဟောပြတော်မူ၏။ "အာကာသာနဉ္စာယတနေ ပဝတ္တံ ဈာနန္တိ အာကာသာနဉ္စာယတနဈာနံ"။ အာကာသာနဉ္စာယတနေ၊ အာကာသာနဉ္စာယတနမည်သောစိတ် စေတသိက်အစု၌။ ပဝတ္တံ၊ ဖြစ်သော။ ဈာနံ၊ ဈာန်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အာကာသာနဉ္စာယတနဈာနံ၊ အာကာသာနဉ္စာယတနဈာန်မည်၏။ ကုသလစိတ္တဟူသော ပုဒ်နှင့် တွဲလျှင် အာကာသာနဉ္စာယတနကုသိုလ်စိတ် ဖြစ်လေ၏။

ဤဈာန်၌ လွန်အပ် စွန့်ပစ်အပ်သော အတိက္ကမိတဗ္ဗအာရုံတမျိုး၊ ယူအပ်, အာရုံပြုအပ်သော အာလမ္ဗိတဗ္ဗအာရုံတမျိုး ပေါင်း အာရုံနှစ်မျိုး ရှိ၏။ ထိုတွင် ဘာဝနာစိတ်ဖြင့် မှုတ်လွှင့်ဖျောက်ဖျက်၍ ပစ်ခဲ့သော ကသိုဏ်းအာရုံသည် အတိက္ကမိတဗ္ဗအာရုံမည်၏။ တွယ်ဆွဲကိုင်၍ ပိုင်ပိုင်နိုင်နိုင် အာရုံပြု၍ လာခဲ့သော ကသိဏုဂ္ဃာဋိမာကာသ ကောင်းကင်အာရုံသည် အာလမ္ဗိတဗ္ဗအာရုံမည်၏။

ဤကဲ့သို့ အာရုံကို ပြောင်းလဲ၍ ပွါးများပါမှ အရူပါဝစရဈာန်ကို ရနိုင်သည်။ အာရုံမပြောင်းလဲပါမူကား အရူပဈာန်ကို မရနိုင်။ ထိုကြောင့် "အာရုံ ပြောင်းကာ၊ ပွါးတုံပါ၊ လေးဖြာအရူပ" ဟူ၍ ကမ္မဋ္ဌာန်းပိုင်း၌ ဆိုလတ္တံ့။ အကယ်၍ အာရုံပြောင်းဘဲ ကသိုဏ်းနှင့်သာ အားထုတ်၍ နေခဲ့အံ့။ ရူပဈာန် တလဲလဲသာ နေမည်။ ။ပထမာရုပ္ပဈာန် ပြီး၏။

**ဝိညာဏဉ္စာယတနစျာန်။** ။တဘန် ထိုကောင်းကင်အာရုံကို လွှတ်ပြန်၍ ထိုကောင်းကင်ကို အာရုံပြုသောအားဖြင့် တွယ်တာသော အာကာသာနဉ္စာယတန ပထမာရုပ္ပဝိညာဏ်စိတ်ကို အာရုံပြု၍ ပွါးများလျှင် ဝိညာဏဉ္စာယတနဟု ဆိုအပ်သော ဒုတိယာရုပ္ပဝိညာဏ် ဖြစ်သည်။ ဤ၌လည်း ပထမာရုပ္ပဝိညာဏ်ကို အာရုံပြု၍ "ဝိညာဏံ အနန္တံ ဝိညာဏံ အနန္တံ"ဟု စီးဖြန်းသည်မှစ၍ ပထမာရုပ္ပဝိညာဏ်၌ သာယာသော တဏှာ နိကန္တိ မကွာမီအတွင်း၌ ပွါးများသော မဟာကုသိုလ်သည် ပရိကမ္မဘုံ မည်၏။ နိကန္တိကွာသည်မှစ၍ ဂေါတြဘုတိုင်အောင် အတွင်း၌ ပွါးများသော မဟာ ကုသိုလ်သည် ဥပစာရဘုံမည်၏။ ဂေါတြဘု၏ အခြားမဲ့၌ ကျရောက်ဖြစ်ပေါ် လာသော ဝိညာဏဉ္စာယတနစျာန်သည် အပ္ပနာဘုံမည်၏။ ဤစျာန်သည် လည်း ပရိကမ္မဘုံအတွင်းက ဆင်းရဲငြိုငြင်ခဲ့လျှင် ဒုက္ခပဋိပဒါစျာန်ဖြစ်၍ သသင်္ခါ ရိကမည်၏။ မငြိုမငြင် မပင်မပန်းခဲ့လျှင် သုခပဋိပဒါစျာန်ဖြစ်၍ အသင်္ခါရိက စျာန်မည်၏။ ဥပစာရဘုံအတွင်း ကာလကြာမြင့်ခဲ့လျှင် ဒန္ဓာဘိညစျာန်မည်၏။ မကြာမတင် လျှင်လျှင်မြန်မြန် ဖြစ်ခဲ့လျှင် ခိပ္ပါဘိညစျာန်မည်၏။ ဥပစာရဘုံ၌ ကွာခဲ့ပြီးသော ပထမာရုပ္ပတဏှာသည် ဂေါတြဘု၏ ဘင်၌ အကုန်ချုပ်၏။

ထိုကြောင့် ဒုတိယာရုပ္ပစျာန်သည် ရှန့်ရင်းသော ပထမာရုပ္ပတဏှာမှ ကျွတ်လွတ်သည်ဖြစ်၍၎င်း၊ အလွန်ကောင်းမြတ်သော ပထမာရုပ္ပဝိညာဏ် တည်းဟူသော အာရုံ၌ တွယ်တာရသည်ဖြစ်၍၎င်း၊ ပထမာရုပ္ပစျာန်ထက် အလွန် တရာ ထက်သန်ကြည်လင်၍ အားအင်ဗလ ကောင်းလေသတည်း။

**ဝိညာဏဉ္စာယတနစျာန်**ဟူသောပုဒ်၌—ဝိညာဏပုဒ်, အနန္တပုဒ်, အာယတန ပုဒ်, စျာနပုဒ် ဟူ၍ရှိလေ။ ကြို့ပင်၌ စောင့်နေသောနတ်ကို ကြို့နတ်, ထိမ်ပင်၌ စောင့်နေသော နတ်ကို ထိမ်နတ်ခေါ်ရသကဲ့သို့ ဌာနူပစာရအားဖြင့် အနန္တ မည် သော ကောင်းကင်၌ဖြစ်သော ပထမာရုပ္ပဝိညာဏ်ကို အနန္တဝိညာဏ်ခေါ်ရ သည်။ ထိုအနန္တဝိညာဏ်ကို တွယ်တာသမှု အာရုံပြု၍ဖြစ်သော ဒုတိယာရုပ္ပ ဝိညာဏ်ကိုလည်း ဝိညာဏဉ္စာယတန ခေါ်ရလေသည်။ ဤ ဒုတိယာရုပ္ပစျာန် လွှန်အပ် စွန့်အပ်သော အတိက္ကမိတဗ္ဗအာရုံကား ကသိဏုဂ္ဃါဋိမာကာသ ကောင်းကင်ပေတည်း။ ပြောင်းရွှေ့တွယ်တာ၍ အာရုံပြုအပ်သော အာလမ္ဗိ- တဗ္ဗအာရုံကား ပထမာရုပ္ပဝိညာဏ်ပေတည်း။ ။ဒုတိယာရုပ္ပစျာန် ပြီး၏။

**အာကိဉ္စညာယတနစျာန်။** ။တဘန် ထိုပထမာရုပ္ပဝိညာဏ် တည်းဟူသော အာရုံကို လွှတ်ပြန်၍ ထိုပထမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော '**နတ္ထိဘာဝပညတ်**'ကို အာရုံပြုပြီးကာ "နတ္ထိ ကိဉ္စိ နတ္ထိ

ကိဉ္စိ"ဟု စီးဖြန်းသည်မှစ၍ ဒုတိယာရုပ္ပစျာန်ကို သာယာသော တဏှာနိကန္တိမကွာမီအတွင်း ဖြစ်ပွါးသော မဟာကုသိုလ်သည် ပရိကမ္မဘုံမည်၏။ နိကန္တိကွာသည်မှစ၍ ဂေါတြဘုတိုင်အောင် ဖြစ်ပွါးသော မဟာကုသိုလ်သည် ဥပစာရဘုံမည်၏။ ဂေါတြဘုနောက်၌ ကျရောက်သော အာကိဉ္စညာယတနစျာန်သည် အပ္ပနာဘုံမည်၏၊ နောက်က ပြဆိုခဲ့သောအတိုင်း အသင်္ခါရိက, သသင်္ခါရိက, ပဋိပဒါ, အဘိညာတို့ကို သိလေ။

**အာကိဉ္စညာယတနစျာနံ** ဟူသော ပုဒ်၌——န ပုဒ်, ကိဉ္စနပုဒ်, အာယတန ပုဒ်, စျာန ပုဒ်ခွဲလေ။ "နတ္ထိ ကိဉ္စနံ ဧတဿာတိ အကိဉ္စနံ"။ ဧတဿ၊ ထိုပထမာရုပ္ပဝိညာဏ်အား။ ကိဉ္စနံ၊စိုးစဉ်းမျှ။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုကြောင့်။ အကိဉ္စနံ၊ အကိဉ္စနမည်၏။ "အကိဉ္စနဿ ဘာဝေါ အာကိဉ္စညံ"။ အကိဉ္စနဿ၊ ပထမာရုပ္ပဝိညာဏ်၏ စိုးစဉ်းမျှမရှိခြင်း၏။ ဘာဝေါ၊ အဖြစ်တည်း။ အာကိဉ္စညံ၊ ပထမာရုပ္ပဝိညာဏ်၏ စိုးစဉ်းမျှမရှိခြင်း၏ အဖြစ်။ (အာယတန, စျာနတို့နှင့် ရှေ့ကဆိုပြီးအတိုင်း ပုဒ်တွဲလေ)။ ကိဉ္စန သဒ္ဒါအနည်းငယ်ဟော။ န နှင့် ကိဉ္စန တွဲသောအခါ ပထမာရုပ္ပဝိညာဏ်၏ အနည်းငယ် စိုးစဉ်းမျှ မရှိခြင်းတည်းဟူသော 'နတ္ထိဘာဝပညတ်'ဟု အနက်ထွက်လာသည်။

ထို 'နတ္ထိဘာဝပညတ်'ကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဥပေက္ခာ,ဧကဂ္ဂတာကို အာကိဉ္စညာယတနစျာန် ခေါ်သည်။ ဤစျာန်၌ လွန်အပ်, စွန့်အပ်သော အတိက္ကမိတဗ္ဗ အာရုံကား ပထမာရုပ္ပဝိညာဏ်တည်း။ပြောင်းရွှေ့တွယ်တာသော အာရုံကား နတ္ထိဘာဝပညတ်ပေတည်း။ ။တတိယာရုပ္ပစျာန် ပြီး၏။

**နေဝသညာ နာသညာယတနစျာန်။** ။ဟဘာန်တုံ တတိယာရုပ္ပစျာန်ကို လွတ်ပြန်၍ ထိုတတိယာရုပ္ပစျာန်ကိုပင်လျှင် အာရုံပြုကာ စီးဖြန်းပွါးများလျှင် စတုတ္ထာရုပ္ပစျာန် ဖြစ်လာ၏။ ဤ၌ ရှေး အာရုံပြုရင်း နတ္ထိဘာဝပညတ်တည်းဟူသော အာရုံကို လွှတ်ပြန်၍ တတိယာရုပ္ပဝိညာဏ်ကို အာရုံပြုပြီးကာ "သန္တမေတံ ပဏီတမေတံ"ဟု စီးဖြန်းသည်မှ စ၍ တတိယာရုပ္ပစျာန်ကို သာယာသော တဏှာနိကန္တိ မကွာမီအတွင်း ဖြစ်ပွါးသော မဟာကုသိုလ်သည် ပရိကမ္မဘုံမည်၏။ နိကန္တိ ကွာသည်မှစ၍ ဂေါတြဘုတိုင်အောင် ဖြစ်ပွါးသော မဟာကုသိုလ်သည် ဥပစာရဘုံမည်၏။ ဂေါတြဘု၏ နောက်၌ ကျရောက်လာသော နေဝသညာနာသညာယတနစျာန်သည် အပ္ပနာဘုံ မည်၏။

အသင်္ခါရိက, သသင်္ခါရိက, သုခပဋိပဒါ, ဒုက္ခပဋိပဒါ, ဒန္ဓာဘိညာ, ခိပ္ပါဘိညာခွဲလေ။

**နေဝသညာနာသညာယတနစျာနံ** ဟူသော ပုဒ်၌—နေဝ ပုဒ်, သညာ ပုဒ်, န ပုဒ်, န ပုဒ်, သညာ ပုဒ်, အာယတန ပုဒ်, စျာန ပုဒ်, ထိုသို့ ၇ ပုဒ်ခွဲရာ၏။ ဝိဂ္ဂြိုဟ်ကား "နေဝ သညာ အဿာတိ နေဝသညံ"။ အဿ၊ ထိုစိတ် စေတသိက် အပေါင်းအား။ သညာ၊ ရုန့်ရင်းသော သညာသည်။ နေဝအတ္ထိ၊ မရှိ။ ဣတိ-တသ္မာ၊ ထိုကြောင့်။ နေဝသညံ၊ နေဝသညမည်၏။ ရုန့်ရင်းကြမ်းတမ်းသော သညာမရှိသည်ကိုရည်၍ နေဝသညာ ဆိုသည်။ "နစ နတ္ထိ သညာ အဿာတိ နာသညံ"။ အဿ၊ ထိုစိတ်စေတသိက် အပေါင်းအား။ သညာ၊ နူးညံ့သိမ်မွေ့သော သညာသည်။ နစ နတ္ထိ၊ မရှိသည်လည်းမဟုတ်။ ဣတိတသ္မာ၊ထိုကြောင့်။ နာသညံ၊နာသညမည်၏။ သိမ်မွေ့သောသညာကား မရှိသည် မဟုတ်၊ စင်စစ်ပင် သိမ်မွေ့သော သညာ ရှိကြောင်းကို ပြလို၍ နာသည ဆိုသည်။ "နေဝသညဉ္စ တံ နာသညဉ္စာတိ နေဝသညာနာသညံ"၊နေဝသညဉ္စ၊ရုန့်ရင်းသော သညာကား မရှိ။ တံ၊ ထိုရုန့်ရင်းသော သညာမရှိဟူသည်။ နာသညဉ္စ၊ သိမ်မွေ့သော သညာမူကား ရှိပေ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ နေဝသညာနာသညံ၊ နေဝသညာနာသညာ မည်၏။ (အာယတန သဒ္ဒါ, စျာန သဒ္ဒါတို့နှင့်တွဲလေ)။

ပကတိသော ကာမာဝစရစိတ်, စေတသိက်များသည် လွန်စွာ အလွန် ရုန့်ရင်း ကြမ်းတမ်း၏။ ထိုထက် ပရိကမ္မဘုံ, ဥပစာရဘုံသို့ ရောက်သော ကာမာဝစရ များသည် သိမ်မွေ့၏။ ထိုထက် ပထမစျာန်သည် အလွန်သိမ်မွေ့၏။ ထိုထက် ဒုတိယစျာန်။ပ။ ထိုထက် အာကိဉ္စညာယတနစျာန်သည် အလွန်သိမ်မွေ့၏။ ဤသို့လျှင် တဆင့်ထက်တဆင့် အလွန်ထက်အလွန် အမွန်အမြတ် အထပ်ထပ် သိမ်မွေ့လာသဖြင့် နေဝသညာနာသညာယတနစျာန်သို့ ဆိုက်ရောက်သောအခါ စိတ်, စေတသိက် အပေါင်းသည် လောကီ တရားစုတွင် အထွတ်ဥသျှောင် အခေါင်မကိုဋ် အဖြစ်သို့ ရောက်လေ၏။ ထိုထက် သိမ်မွေ့သောမည်သည် မရှိ ချေ။ သည့်ထက်တိုး၍ သိမ်မွေ့လျှင် အကြွင်းမဲ့ ချုပ်သော နိရောဓသမာပတ်သို့ ရောက်လေတော့သည်။

ထိုကြောင့် ဤစတုတ္ထာရုပ္ပစျာန်၌ ရှိသော တရားစုသည် လက္ခဏာ, ရသ, ပစ္စု-ပဋ္ဌာန် တို့ဖြင့် နာမ်တရားတို့ကို သိမ်းဆည်းရှုစားသော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌ မိမိရရ ထင်လောက် မြင်လောက်အောင် ထက်ထက်မြက်မြက် မရှိသေးရကား နေဝသညာမည်၏။ မရှိသည် လုံးလုံးလည်း မဟုတ်၊ ထိုစျာန်ကို ခန္ဓာအားဖြင့် နာမက္ခန္ဓာ, အာယတနအားဖြင့် ဓမ္မာယတန, ဓာတ်အားဖြင့် ဓမ္မဓာတ်, သစ္စာ အားဖြင့် ဒုက္ခသစ္စာ ဖွဲ့ကောင်းသောကြောင့် နာသညမည်ပြန်၏။ ဤအရာ၌ ဒေသနာသီသအားဖြင့်သာ သညာကို ပဓာနပြု၍ ဟောတော်မူသည်။ ထိုစျာန်၌ ပါသော သမ္ပယုတ် တရားစုသည်လည်း ထိုသညာနှင့် အတူတူပင် သဘောရှိကြ ကုန်၏။ ၎င်းစျာန်၌ ပါသော စိတ်ကို နေဝစိတ္တနာစိတ္တဟု ဆိုသင့်၏။ ဖဿကို

နေ၀ဖသာ နာဖသာဟု ဆိုသင့်၏။ ဤသို့စသည်ဖြင့် သိလေ။ ဤစတုတ္ထာရုပ္ပ-ဈာန်၌'နတ္ထိဘောပညတ်' အာရုံသည် လွန်အပ်စွန့်အပ်သော အတိက္ကမိတဗ္ဗ အာရုံမည်၏၊တတိယာရုပ္ပဝိညာဏ်သည် အာရုံပြုကာ တွယ်တာစွဲလမ်းအပ်သော 'အာလမ္ဗိတဗ္ဗ' အာရုံ မည်၏။　။အရူပကုသိုလ်ဈာန် ပြီး၏။

**အရူပဝိပါက်။**　။အရူပဝိပါက်၌ စိစစ်ဘွယ်မှာ အထူးမရှိလှပြီ။ ဝိညာဏဉ္စာယတနဝိပါက်သည် အတီတာနန္တရဘဝ၌ မိမိသန္တာန်တွင် ဖြစ်ခဲ့သော အာကာသာနဉ္စာယတနပထမာရုပ္ပဝိညာဏ်ကို အာရုံပြု၏၊ အာကိဉ္စညာယတနဝိပါက်သည် ဆိုပြီး ပထမာရုပ္ပဝိညာဏ်၏ နတ္ထိဘောပညတ်ကို အာရုံပြု၏။ နေဝသညာ နာသညာယတနဝိပါက်သည် အတီတာနန္တရဘဝ၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်ကို အာရုံပြု၏။　။အရူပဝိပါက်ဈာန် ပြီး၏။

**အရူပကြိယာ။**　။ကြိယာ၌ ဝိညာဏဉ္စာယတနကြိယာသည် ပစ္စက္ခဘဝတွင် မိမိ သန္တာန်၌ ဖြစ်ဘူးသော ပထမာရုပ္ပ ကုသိုလ်ကိုသော်၎င်း, ဝိပါက်ကိုသော်၎င်း အာရုံပြု၏။ အာကိဉ္စညာယတနကြိယာသည်လည်းကုသိုလ်, ကြိယာအားဖြင့် နှစ်ပါးသော ပထမာရုပ္ပ ဝိညာဏ်၏ မရှိခြင်း နတ္ထိဘောပညတ်ကို အာရုံပြု၏။ နေဝသညာနာသညာယတန ကြိယာသည် ပစ္စက္ခဘဝတွင် မိမိ သန္တာန်၌ ဖြစ်ဘူးသော တတိယာရုပ္ပကုသိုလ်ကိုသော်၎င်း,ကြိယာကိုသော်၎င်း အာရုံပြု၏။ အာရုံပြုပုံ အမြွက်ကား— နေဝသညာနာသညာယတန တိုင်အောင် အလုံးစုံသော လောကီဈာန်စုကို ရရှိပြီးသော ပုထုဇ္ဇန်ပုဂ္ဂိုလ်သည် ဝိပဿနာ အလုပ်ကို အားထုတ်သောအခါ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထိုရဟန္တာအရှင်သည် ပထမအခါ နေဝသညာနာသညာယတနဈာန်မှစ၍ ပဋိလုံအားဖြင့် ဈာန်ကို ပြန်လှန်၍ ဝင်စားသည်ရှိသော် မိမိသန္တာန်တွင်လည်း တတိယာရုပ္ပကြိယာဇော တရံတခါမျှ မဖြစ်ဘူးလေသဖြင့် ပုထုဇ္ဇန်ဘဝက မိမိ သန္တာန်တွင် ဖြစ်ဘူးသော ကုသိုလ်ဖြစ်သော တတိယာရုပ္ပဝိညာဏ်ကိုသာ အာရုံ ပြုရလေသည်။ ထိုရဟန္တာအရှင်သည် ဆိုပြီးသောနည်းဖြင့် ဝိညာဏဉ္စာယတန ဈာန်ကို ဝင်စားပြန်သော် မိမိသန္တာန်တွင် ပထမာရုပ္ပကြိယာဇော တရံတခါမျှ မဖြစ်ဘူးလေသဖြင့် ပုထုဇ္ဇန်ဘဝက မိမိသန္တာန်တွင်ဖြစ်ဘူးသော ကုသိုလ်ဖြစ် သော ပထမာရုပ္ပဝိညာဏ်ကို အာရုံပြုလေသည်။ ဈာန်ကို တခုကျော်၍ ဝင်စား ရာ၌လည်း ဤကဲ့သို့ပင် ကြိယာကို အာရုံပြုစရာမရှိ၍ ကုသိုလ်ကိုပင် အာရုံပြုရ လေသည်။ ဤသို့ ကြိယာဈာန်၏ ကုသိုလ်ဈာန်ကို အာရုံပြုမှုသည် ဆိုပြီး ရဟန္တာပုဂ္ဂိုလ်၏ ရှေးဦးစွာ ဈာန်ဝင်စားသော အခါ၌သာလျှင် ဖြစ်၏။ တကြိမ် ဝင်စားဘူးလျှင် မိမိသန္တာန်တွင် ကြိယာဈာန် ဖြစ်ပေါ်ဘူးပြီးဖြစ်၍ ဒုတိယ,

စတုတ္ထ ဖြစ်သော အာရုပ္ပကြိယာဈာန်သည် ကြိယာဖြစ်သော ပထမ,တတိယ ကြိယာဈာန်ကိုသာ အာရုံပြုလေတော့သည်။ ထိုမှတပါး ပထမဈာန်မှစ၍ အစဉ်လိုက် အနုလုံအားဖြင့် ဈာန်ဝင်စားရာ၌လည်း မိမိသန္တာန်တွင် ကြိယာဈာန်ဇောတွေ ဖြစ်လာပြီးဖြစ်၍ ကုသိုလ်ဈာန်ကို အာရုံပြုဘွယ်မရှိ၊ ကြိယာဈာန်ကိုသာ အာရုံပြုရလေသည်။

ဒုတိယ,စတုတ္ထ ဖြစ်သော အာရုပ္ပကြိယာ၏ ကုသိုလ်ကြိယာ ဖြစ်သော ပထမ, တတိယ အာရုပ္ပဈာန်များကို အာရုံပြုပုံကို ပဋ္ဌာန်းပါဠိတော်၌ —

အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနကုသလဿ စ ကြိ-ယဿ စ အာရမ္မဏပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနကုသလဿ စ ကြိယဿ စ အာရမ္မဏပစ္စယေန ပစ္စယော။

ဟူ၍ ဟောတော်မူ၏။ အဋ္ဌသာလိနီ, ဝိသုဒ္ဓိမဂ်များ၌ အရူပါဝစရစိတ်ကို ဥပမာ ဥပမေယျတို့နှင့် အကျယ်ဆို၏။

အရူပါဝစရစိတ်အဖွင့် ပြီး၏။

---

## လောကုတ္တရာစိတ်အဖွင့်

မဂ္ဂင်ရှစ်ပါး။ ။မဂ်လေးပါး၏ အင်္ဂါဖြစ်သော မဂ္ဂင်ရှစ်ပါးကို အမြွက်မျှ ဆိုအံ့။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ခယ ဝယအချက်ကို ကွက်ကွက်ထင်ထင် လင်းလင်းကြီး မြင်နိုင်သော ပညိန္ဒြေစေတသိက်ကို သမ္မာဒိဋ္ဌိဆိုသည်။ သမ္မာဒိဋ္ဌိ လှလှမြင်နိုင်ရန် ရုပ်တရားနာမ်တရားတို့၏ ခယဝယဖြစ်နေပုံ အချက်ကောင်းတွေကို ကြံတန်၍ ပေးတတ်သော ဝိတက်စေတသိက်ကို သမ္မာသင်္ကပ္ပဆိုသည်။ ဤသမ္မာသင်္ကပ္ပမဂ္ဂင်သည် သမ္မာဒိဋ္ဌိ၏ အပါးတော်မြဲ အဘော်သဟာကြီးတဦး ဖြစ်ပေ၏။ ဤသမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါး တနေ့တခြား တိုးပွါးထက်သန်လာ၍ လောကုတ္တရာသို့ ကူးမြောက်သည်နှင့် တပြိုင်နက် ရှေးရှေးက စိတ်သန္တာန်ဝယ် ပါ၍လာခဲ့သော ကာယဒုစရိုက်မျိုး, ဝစီဒုစရိုက်မျိုးတွေကို အကြွင်းမဲ့ သတ်ဖြတ်နိုင်သော မဂ္ဂင်ဓာတ်ကြီးသုံးခု ပေါ်ပေါက်လာ၏၊ ယင်ဓာတ်ကြီးသုံးခုကို သမ္မာဝါစာမဂ္ဂင်,သမ္မာသင်္ကပ္ပမဂ္ဂင်,သမ္မာအာဇီဝမဂ္ဂင် ဆိုသည်။

ဤအလုပ် မထမြောက်သမျှ ငါမနေ သေလိုလည်း သေစေတော့ဟု အားကျုံးပြင်း အတင်းကြိုးကုတ်သော ဝီရိယစေတသိက်ကို သမ္မာဝါယာမမဂ္ဂင် ဆိုသည်။ ဘာဝနာမှု၌ မလစ်မလပ်ရလေအောင် သွေးဆောင်သောအားဖြင့် စိတ်အစဉ်ကို အတွင်တိုက်တွန်းသော သတိစေတသိက်ကို သမ္မာသတိမဂ္ဂင်ခေါ်သည်။ ဘာဝနာအာရုံ၌သာလျှင် နှစ်နှစ်ခြိုက်ခြိုက် သိုက်သိုက်မြိုက်မြိုက် စူးစူးစိုက်စိုက်

ရှိအောင် စိတ်အစဉ်ကို အမြစ်စိုက်ထားသော ကေဂုဏ်စေတသိက်ကို သမ္မာသမာဓိမဂ္ဂင် ဆိုသည်။ ဤရှစ်ပါးအပေါင်းစုကို မဂ်ခေါ်သည်။ အစိတ်အစိတ်သော တရားရှစ်ပါးကို မဂ်၏အင်္ဂါဖြစ်သောကြောင့် “မဂ္ဂင်=မဂ္ဂင်”ခေါ်သည်။

ဤလောက၌ တမြို့မှ တမြို့သို့ သွားရန် လမ်းမကြီးကို “မဂ္ဂ”ခေါ်သည်။ ဤအရာ၌လည်း သံသရာဝဋ်ဆင်းရဲဘုံကြီးမှ နိဗ္ဗာန်သို့ သွားရာလမ်းကြောင်းဖြစ်သောကြောင့် ဆိုပြီးသော တရားရှစ်ပါးအပေါင်းကို “မဂ္ဂ”ခေါ်သည်။

(၃၂) **လေးမဂ်ယှဉ်ရိုး၊ ကုလေးမျိုး၊ အကျိုး ဖိုလ်လည်း လေး။**

ဤကဗျာဖြင့် မဂ်စိတ်လေးပါး ဖိုလ်စိတ်လေးပါးဟု ဆိုအပ်သော လောကုတ္တရာစိတ်ရှစ်ပါးကို ပြဆို၏။ (၁) သောတာပတ္တိမဂ္ဂ (၂) သကဒါဂါမိမဂ္ဂ (၃) အနာဂါမိမဂ္ဂ (၄) အရဟတ္တမဂ္ဂ ပေါင်း မဂ်လေးပါး။

**သောတာပတ္တိမဂ်။** ။‘သောတာပတ္တိမဂ္ဂစိတ္တံ’ဟူသောပုဒ်၌ သောတပုဒ်၊ အာပုဒ်၊ ပတ္တိပုဒ်၊ မဂ္ဂပုဒ်၊ စိတ္တပုဒ် ဤသို့ ပုဒ်ခွဲလေ။ (ဝိဂ္ဂြိဟ်ကား) “သဝတိ သန္ဒတီတိ သောတော”။ သဝတိ သန္ဒတိ၊ မဆုတ်မနစ် စီးသွားတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သောတော၊ သောတမည်၏။ ဂင်္ဂါစသော မြစ်တို့၏ ရေအယဉ်ကို ရစေ။ ထိုမြစ်ရေအယဉ်များသည် မူလမှစ၍ မဟာသမုဒ္ဒရာတိုင်အောင် မဆုတ်မနစ် စီးသွားလေသည်။ “သောတော ဝိယာတိ သောတော”။ သောတော ဝိယ၊ ရေအယဉ်နှင့် တူသည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ သောတော၊ သောတမည်၏။ဤအင်္ဂါရှစ်ပါးရှိသော မဂ်ကို ရစေ။ ၎င်းမဂ်သည် ရေအယဉ်နှင့် တူပုံကား အကြင်အခါ မဂ်ဖြစ်ပေါ်၏။ ထိုမဂ်ဖြစ်ပေါ်သောအခါမှစ၍ သံသရာ၌ ဆုတ်နစ်သည်ဟူ၍ မရှိ။ မဆုတ်မနစ် တဟုန်တည်း အနုပါဒိသေသနိဗ္ဗာန်သို့သာ စီးဆင်းလေတော့သည်။ မြတ်စွာဘုရားသည်လည်း—

သေယျထာပိ ဘိက္ခဝေ ယာကာစိ မဟာနဒိယော၊ သေယျထိဒံ ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ, မဟီ, သဗ္ဗာ တာ သမုဒ္ဒနိန္နာ ဟောတိ သမုဒ္ဒပေါဏာ သမုဒ္ဒပဗ္ဘာရာ။ ဝေမေဝ ခေါ ဘိက္ခဝေ ဘိက္ခု အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေန္တော ဗဟုလီကရောန္တော နိဗ္ဗာနနိန္နော ဟောတိ နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာရော ဟူ၍ ဟောတော်မူ၏။

အနက်ကား- -ဘိက္ခဝေ၊ ရဟန်းတို့။ ယာကာစိ မဟာနဒိယော၊ အကြင်မြစ်ကြီးတို့သည်။ သန္တိ၊ ရှိကုန်၏။ သေယျထိဒံ၊ အဘယ်သည်တို့နည်းဟူမူကား ဂင်္ဂါ၊ ဂင်္ဂါမြစ်ကြီးရင်း။ ယမုနာ၊ ယမုနာမြစ်ကြီးရင်း။ အစိရဝတီ၊ အစိရဝတီမြစ်ကြီးရင်း။ သရဘူ၊ သရဘူမြစ်ကြီးရင်း။ မဟီ၊ မဟီမြစ်ကြီးရင်း။ သဗ္ဗာ- တာ၊ ထိုအလုံးစုံသော မြစ်ကြီးတို့သည်။ သမုဒ္ဒနိန္နာ၊ သမုဒ္ဒရာသို့ နိမ့်လျှောကျ

ကြကုန်သည်။ သမုဒ္ဒပေါဏာ၊ သမုဒ္ဒရာသို့ ကိုင်းကြကုန်သည်။ သမုဒ္ဒပဗ္ဘာရာ၊ သမုဒ္ဒရာသို့ ရှိုင်းကြကုန်သည်။ ဟောန္တိ သေယျထာပိ၊ ဖြစ်ကုန်သကဲ့သို့ပင်။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ အရိယံ၊ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂံ၊မဂ်ကို။ ဘာဝေန္တော၊ ပွါးများသော။ ဗဟုလီကရောန္တော၊ များစွာအထုံပြုသော။ ဘိက္ခု၊ ဘေးကိုကြောက်ခြား တပည့်သားသည်။ နိဗ္ဗာနနိန္နော၊ နိဗ္ဗာန်သို့ နိမ့်လျှောသည်။ နိဗ္ဗာနပေါဏော၊ နိဗ္ဗာန်သို့ ကိုင်းသည်။ နိဗ္ဗာနပဗ္ဘာရော၊ နိဗ္ဗာန်သို့ ရှိုင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤအရာ၌ နိဗ္ဗာန်သို့ မဆုတ်မနစ် ကိုင်းရှိုင်း၏ ဆိုသည်ကား ထိုထိုမဂ်ဖြင့် ပယ်ပြီးသော ကိလေသာတို့ကို တဘန်ပြန်၍ ကပ်ခြင်း မရှိစေဘဲ သဒ္ဒါစသော ဣန္ဒြေငါးတန်တို့၏သာလျှင် အဆင့်ဆင့် ရင့်သန်ကြီးပွါး၍ သွားမှုကို ဆိုသည်။ မြတ်စွာဘုရားသည်လည်း—

သေယျထာပိ ဘိက္ခဝေ ဃဋော နိက္ကုဇ္ဇော ဝမတေဝ ဥဒကံ၊ နောပစ္စာဝမတိ။ ဧဝမေဝ ခေါ ဘိက္ခဝေ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေန္တော ဗဟုလီကရောန္တော ဝမတေဝ ပါပကေ အကုသလေ ဓမ္မေ။ နော ပစ္စာဝမတိ ဟူ၍ ဟောဂတော်မူ၏။

အနက်ကား—ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ နိက္ကုဇ္ဇော၊ မှောက်၍ ထားအပ်သော။ ဃဋော၊ အိုးသည်။ ဥဒကံ၊ ရေကို။ ဝမတေဝ၊ ထွေးအန်သည်သာလျှင်တည်း။ နောပစ္စာဝမတိ၊ တဖန်ပြန်၍ မမျို။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ အရိယံ၊ မွန်မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂံ၊ မဂ်ကို။ ဘာဝေန္တော၊ ပွါးစေသည်ရှိသော်။ ဗဟုလီကရောန္တော၊ အထုံများစွာ ပြုသည်ရှိသော်။ ပါပကေ၊ ယုတ်မာကုန်သော။ အကုသလေ ဓမ္မေ၊ အကုသိုလ်တရားတို့ကို။ ဝမတေဝ၊ ထွေးအန်သည်သာလျှင်တည်း။ နော ပစ္စာဝမတိ၊ တဘန်ပြန်၍ မမျို။

ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့သည် မြင့်မြတ်သော အဖြစ်သို့ ရောက်ပါကုန်သော်လည်း တဘန်ပင် ယုတ်ညံ့လှစွာသော ကိလေသာမှုတို့သို့ ကပ်ကြကုန်၏။ တိဟိတ်ဖြစ်ကြကုန်သော်လည်း တဘန်ပင် ဒွိဟိတ် ဖြစ်ရပြန်ကုန်၏။ ဘဝဂ်ခေါ်သော နေဝသညာနာသညာယတနဘုံသို့ ရောက်ပါကုန်သော်လည်း တဘန်ပင် အပါယ်ငရဲတို့သို့ ကျရောက်ကြရပြန်ကုန်၏။ သီလဝန္တပုဂ္ဂိုလ်ကြီးတို့ပင် တဘန် ဒုဿီလကြီးတို့ ဖြစ်ရပြန်ကုန်၏။ ပညဝန္တပုဂ္ဂိုလ်ကြီးတို့သည်လည်း ပညာမဲ့သော ဒုပ္ပညပုဂ္ဂိုလ်တို့ ဖြစ်ရပြန်ကုန်၏။ မဂ်ကို ရကုန်သော အရိယာပုဂ္ဂိုလ်တို့ကား ထိုသို့ ဖြစ်လေ့မရှိကြပေကုန်။ ထိုထိုမဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့ကို တဘန်ပြန်၍ ကပ်သော အလေ့ မရှိကြလေကုန်။ ပုထုဇ္ဇန်အဖြစ်သို့လည်း တဘန်

မပြန်ကြကုန်။ အထက် အရိယာပုဂ္ဂိုလ်သည် အောက် အရိယာပုဂ္ဂိုလ်အဖြစ်သို့လည်း မရောက်ကြရကုန်။ အစဉ်အတိုင်း အဆင့်ဆင့် ရင့်ထက်ရင့်သော ဣန္ဒြေရှိကြကုန်သည်ဖြစ်၍ အနုပါဒိသေသ နိဗ္ဗာနဓာတ်တိုသာ အစဉ်အတိုင်း ရောက်လေကုန်တော့သည်။ ဤသို့ဖြစ်မှုသည် မဂ်၏ အစွမ်းအာနုဘော်ပေတည်း။ ဤဆိုအပ်ပြီးသော စကားရပ်ကား သောတသဒ္ဒါ၏ အဓိပ္ပါယ်စုပေတည်း။ သောတဟူသော အမည်သည် မဂ်လေးပါးလုံးနှင့်ပင် သက်ဆိုင်ပါသော်လည်း ရုဋ္ဌိ၏ အစွမ်းဖြင့် ပထမမဂ်တွင်သာ သောတအမည် ထင်လေသည်။

"တံ သောတံ အာဒိတော ပဇ္ဇန္တိ ပါပုဏန္တိ ဧတာယာတိ သောတာပတ္တိ"။ ဧတာယ၊ ဤအကျင့်ပဋိပတ်ဖြင့်။ တံ သောတံ၊ ထိုသောတမည်သော မဂ်အယဉ်သို့။ အာဒိတော၊ ရှေးဦးစွာ။ ပဇ္ဇန္တိ ပါပုဏန္တိ၊ ရောက်ကြကုန်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ သောတာပတ္တိ၊ သောတာပတ္တိမည်၏။

"နိဗ္ဗာနတ္ထိကေဟိ မဂ္ဂီယတီတိ မဂ္ဂေါ" နိဗ္ဗာနတ္ထိကေဟိ၊ နိဗ္ဗာန်အလိုရှိသော သူတို့သည်။ မဂ္ဂီယတိ၊ ရှာမှီးအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။

"သောတာပတ္တိ စ သာ မဂ္ဂေါ စာတိ သောတာပတ္တိမဂ္ဂေါ"။ သောတာပတ္တိ စ၊ သောတမည်သောမဂ်အယဉ်သို့ ရှေးဦးစွာ ဆိုက်ရောက်ကြောင်းလည်း ဟုတ်၏။ သာ၊ ထိုဆိုက်ရောက်ကြောင်း ဟူသည်။ မဂ္ဂေါ စ၊ မဂ်လည်း ဟုတ်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ သောတာပတ္တိမဂ္ဂေါ၊ သောတာပတ္တိမဂ် မည်၏။ "သောတာ-ပတ္တိမဂ္ဂေန သမ္ပယုတ္တံ စိတ္တံ သောတာပတ္တိမဂ္ဂစိတ္တံ"ဟု ဝိဂ္ဂြိုဟ်ပြုလေ။ ။ သောတာပတ္တိမဂ်စိတ်ပြီး၏။

**သကဒါဂါမိမဂ်စိတ်။** ။သကဒါဂါမိမဂ္ဂစိတ္တံ ဟူသော ပုဒ်၌ သကိံ ပုဒ်, အာ ပုဒ်, ဂါမီပုဒ်, မဂ္ဂပုဒ်, စိတ္တံပုဒ်။ ဤသို့ ပုဒ်ခွဲလေ။ ဝိဂ္ဂြိုဟ်ကား—"သကိံ အာဂစ္ဆတီ သီလေနာတိ သကဒါဂါမီ"။ သီလေန၊ အလေ့အားဖြင့်။ သကိံ၊ တကြိမ်။ အာဂစ္ဆတိ၊ ဤကာမလောကသို့ ပဋိသန္ဓေ တည်နေလာတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သကဒါဂါမီ၊ သကဒါဂါမီမည်၏။ ဒုတိယဖိုလ်၌ တည်သော ပုဂ္ဂိုလ်ကိုရစေ။ ဤဒုတိယ ဖလဋ္ဌာန်ပုဂ္ဂိုလ်သည် ကာမလောကသို့ ရောက်သာကြောင်းဖြစ်သော ကာမရာဂါနုသယကို မပယ်မဖြတ်နိုင်လေရကား ထိုကာမလောကသို့ ရောက်ကြောင်း သဘောမှ မလွန်မြောက်နိုင်သေးသောကြောင့် ဘဝဂ်ဘုံ၌ပင်တည်စေကာမူ ဤကာမလောကသို့ လာရောက်ဘို့ရန် သဘောရှိနေသည်သာဖြစ်၍ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌လည်း—

**သံနိပ်-ဋီ ၁-၇—ပ-မ-ဗ-သ-စ**

ဣဓ သာရိပုတ္တ ဧကစ္စော ပုဂ္ဂလော ဩရမ္ဘာဂိယာနိ သံယောဇနာနိ အပ္ပဟီနာနိ ဟောန္တိ။ သော ဒိဋ္ဌေဝ ဓမ္မေ နေဝသညာနာသညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ သော အပရိဟီနော ကာလံ ကုရုမာနော နေဝသညာနာသညာယတနူပဂါနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇတိ။ သော တတော စုတော အာဂါမီ ဟောတိ အာဂန္တာ ဣတ္ထတ္တံ ဟူ၍ ဟောတော်မူ၏။

အနက်ကား–သာရိပုတ္တ၊ သာရိပုတ္တရာ၊ ဣဓ၊ ဤလောက၌။ ဧကစ္စော ပုဂ္ဂလော၊ အချို့သောပုဂ္ဂိုလ်အား။ ဩရမ္ဘာဂိယာနိ၊ ယုတ်ညံ့သော ကာမဘုံလျှင် အဘို့ရှိကုန်သော။ သံယောဇနာနိ၊ သံယောဇဉ်တို့ကို။ အပ္ပဟီနာနိ၊ မပယ်အပ်သေးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်၌ပင်လျှင်။ နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတနဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ဝင်စား၍။ ဝိဟရတိ၊ နေ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ အပရိဟီနော၊ ဈာန်မှ မယုတ်မလျော့ဘဲ။ ကာလံ ကုရုမာနော၊ ဝုတိမနေ သေလွန်ခဲ့သည်ရှိသော်။ နေဝသညာနာသညာယတနူပဂါနံ ဒေဝါနံ။ နေဝသညာနာသညာဘုံသို့ကပ်၍ဖြစ်ကုန်သော ဗြဟ္မာတို့၏။ သဟဗျတံ၊ အပေါင်းအဘော်၏အဖြစ်သို့။ ဥပပဇ္ဇတိ၊ ကပ်ရောက်လေ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ တတော၊ ထိုနေဝသညာနာသညာယတနဘုံမှ။ စုတော၊ စုတိခဲ့သည်ရှိသော်။ ဣတ္ထတ္တံ၊ ဤကာမဘုံသို့။ အာဂန္တာ၊ လာလတ်သော သဘောရှိသောကြောင့်။ အာဂါမီ၊ ကာမဘုံသို့ လာလိမ့်သော သဘောရှိသော အာဂါမိမည်သော ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။

ဤပါဠိတော်၌ ဩရမ္ဘာဂိယသံယောဇဉ်ကို မပယ်ရသေးလျှင် နေဝသညာနာသညာယတနဘုံသို့ပင် ရောက်စေဦးတော့။ တဖန် ကာမဘုံသို့ ပြန်လာရန် မျိုးစေ့ရှိနေသောကြောင့် ကာမဘုံသို့ ပြန်လာလိမ့်သော သဘောရှိသော အာဂါမိပုဂ္ဂိုလ်မည်သည်သာဟူ၍ လိုရင်းအဓိပ္ပါယ် ရ၏။ ဩရမ္ဘာဂိယသံယောဇဉ်ဆိုသည်ကား ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, ဣဿာသံယောဇဉ်, မစ္ဆရိယသံယောဇဉ် များပေတည်း။ သကဒါဂါမ်ပုဂ္ဂိုလ်သည် ထိုဩရမ္ဘာဂိယသံယောဇဉ်များကို မပယ်ရသေးသည်သာ ဖြစ်၏။ ထိုကြောင့် သကဒါဂါမ်ပုဂ္ဂိုလ်သည် ကာမဘုံသို့လာနိုင်သော သဘောရှိသည်သာ ဖြစ်၏။ ယင်း ပါဠိတော်၏ အဋ္ဌကထာ၌—“ဣတ္ထတ္တန္တိ ဣမံ ကာမာဝစရပဉ္စက္ခန္ဓဘာဝံ” ဟူ၍ ဖွင့်သောကြောင့် ဣတ္ထံ အရ-ကာမဘုံကိုယူ။ ဤသို့သော အနက်အဓိပ္ပါယ်သဘောကို ကိလေသဂတိ ဓမ္မာဓိဋ္ဌာန်အားဖြင့်သာ ဟောကြားတော်မူ၏။ ပုဂ္ဂလဂတိ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဟောတော်မူသည် မဟုတ်ချေ။ ပုဂ္ဂလဂတိအားဖြင့်မူကား သောတာပန်, သကဒါဂါမ်ဖြစ်သော အထက်အထက် ဗြဟ္မာတို့သည် ပဋိသန္ဓေ၏ အဖြစ်ဖြင့် အောက်အောက်သော ဗြဟ္မာဘုံသို့ ဆင်းရိုး ထုံးစံ မရှိ။

ကာမလောကသို့ ပဋိသန္ဓေအဖြစ်ဖြင့် လာမည်ကား ဝေးလေ၏။ ဤသို့ အောက် အောက်ဘုံများသို့ မလာမူသည် မဂ်၏ အဘော်သဟဲဖြစ်သော ဈာန်၏ အာနု-ဘော်ကြောင့်သာလျှင် ပြီးစီး၏။ မဂ်သက်သက် အာနုဘော်ကြောင့် ပြီးစီးသည် မဟုတ်၊ "သကဒါဂါမိဿ မဂ္ဂေါတိ သကဒါဂါမိမဂ္ဂေါ"။ သကဒါဂါမိဿ၊ သကဒါဂါမိပုဂ္ဂိုလ်၏။ မဂ္ဂေါ၊ မဂ်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ သကဒါ-ဂါမိမဂ္ဂေါ၊ သကဒါဂါမိမဂ် မည်၏။ "သကဒါဂါမိမဂ္ဂေန သမ္ပယုတ္တံ စိတ္တန္တိ သကဒါဂါမိမဂ္ဂစိတ္တံ"ဟု ဝိဂ္ဂြိုဟ် ဆိုလေ။ ။သကဒါဂါမိမဂ်စိတ် ပြီး၏။

**အနာဂါမိမဂ်စိတ်။** ။အနာဂါမိမဂ္ဂစိတ္တံ ဟူသော ပုဒ်၌ န ပုဒ်, အာ ပုဒ်, ဂါမိ ပုဒ်, မဂ္ဂပုဒ်, စိတ္တပုဒ်၊ ဤသို့ ပုဒ်ခွဲလေ။ ဝိဂ္ဂြိုဟ်ကား "န အာဂစ္ဆတီတိ အနာဂါမီ"။ န အာဂစ္ဆတိ၊ ပဋိသန္ဓေအားဖြင့် ဤကာမဘုံသို့ မလာတတ်။ ဣတိ တသ္မာ၊ ထိုကြောင့်။ အနာဂါမီ၊ အနာဂါမီ မည်၏။ ယုတ်နိမ့်သော အောက်ကာမဘုံသို့ လာရောက်ကြောင်းဖြစ်သော ဩရမ္ဘာဂိယ သံယောဇဉ်တို့ကို အကုန် ပယ်သတ်ပြီးဖြစ်လေသောကြောင့် အနာဂါမိပုဂ္ဂိုလ် သည် ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် မလာမရောက်နိုင်ပြီ။ စင်စစ် ဗြဟ္မာဘုံသို့ သာ လားရလေတော့၏။ ဗြဟ္မာဘုံသို့ လားရန်မှာ ဈာန်သာ ပဓာနဖြစ်ပြန် သောကြောင့် ထိုအနာဂါမိပုဂ္ဂိုလ်သည် သူတပါးတို့၏ ထား လှံ စသောပယောဂ ကြောင့် ရုတ်တရက်ပင် စုတိရသော်လည်း စင်စစ် ဈာန်ကို ရလေသည်သာ ဖြစ်၏။ "အနာဂါမိဿ မဂ္ဂေါ အနာဂါမိမဂ္ဂေါ"။ "အနာဂါမိမဂ္ဂေန သမ္ပယုတ္တံ စိတ္တံ အနာဂါမိမဂ္ဂစိတ္တံ"ဟု ဝိဂ္ဂြိုဟ်ဆိုရလေသည်။ ။အနာဂါမိမဂ်စိတ် ပြီး၏။

**အရဟတ္တမဂ်စိတ်။** ။အရဟတ္တမဂ္ဂစိတ္တံ ဟူသော ပုဒ်၌ အရဟတ္တပုဒ်, မဂ္ဂပုဒ်, စိတ္တပုဒ်၊ ဤသို့ ပုဒ်ခွဲလေ။ ဝိဂ္ဂြိုဟ်ကား "ပူဇာဝိသေသံ အရဟတီတိ အရဟံ"။ ပူဇာဝိသေသံ၊ ပူဇော်အထူးကို။ အရဟတိ၊ ခံထိုက်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အရဟံ၊ အရဟာမည်၏။ ရဟန္တာပုဂ္ဂိုလ်ကိုဆို။ အကျိုး ထူးကိုရည်မှန်း၍ လှူဒါန်းသောပုဂ္ဂိုလ်အား ထူးမြတ် ကြီးကျယ်သော အကျိုးကို ပေးစွမ်းနိုင်သောကြောင့် ရဟန္တာပုဂ္ဂိုလ်ကို ပူဇော်အထူးကို ခံတော်မူနိုင်သည်ဟု ဆိုရပေ၏။ "အရဟတော ဘာဝေါ အရဟတ္တံ"။ အရဟတော၊ ပူဇော်အထူးကို ခံထိုက်သောပုဂ္ဂိုလ်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ အရဟတ္တံ၊ ပူဇော်အထူးကို ခံထိုက်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်း။ ပူဇော်အထူးကို ခံနိုင်ကြောင်းတရားကား ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ တည်ရှိသော စတုတ္ထဖိုလ် ဖြစ်လေသောကြောင့် ထိုစတုတ္ထဖိုလ်ကို ရစေ။ "အရဟတ္တဿ မဂ္ဂေါ အရဟတ္တမဂ္ဂေါ" "အရဟတ္တမဂ္ဂေန သမ္ပယုတ္တံ စိတ္တန္တိ အရဟတ္တမဂ္ဂစိတ္တံ"။ ဤသို့ ဝိဂ္ဂြိုဟ်သို့။ ။မဂ်စိတ်ပြီး၏။

**ဖိုလ်စိတ်။** ။ဖိုလ်စိတ်၌ ဖိုလ်ဆိုသည်ကား မဂ်၏အကျိုးဖြစ်သော စိတ်, စေတသိက် အပေါင်းပင်တည်း။ သောတာပတ္တိဖလစိတ္တံ ဟူသော

ပုဒ်၌ "သောတဿ အာဒိတော ပဇ္ဇနံ သောတာပတ္တိ"။ သောတဿ၊ သောတ မည်သော အရိယမဂ်သို့။ အာဒိတော၊ ရှေးဦးစွာ။ ပဇ္ဇနံ၊ ရောက်ခြင်းတည်း။ သောတာပတ္တိ၊ သောတမည်သော အရိယမဂ်သို့ ရှေးဦးစွာရောက်ခြင်း။ "သောတာပတ္တိယာ အဓိဂတံ ဖလန္တိ သောတာပတ္တိဖလံ"။ သောတာပတ္တိယာ၊ သောတမည်သော အရိယမဂ်သို့ ရှေးဦးစွာရောက်ခြင်းဖြင့်။ အဓိဂတံ၊ ရအပ်သော။ ဖလံ၊ ဖိုလ်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ သောတာပတ္တိဖလံ၊ သောတာပတ္တိ ဖိုလ်မည်၏။ "သောတာပတ္တိဖလေ ပရိယာပန္နံ စိတ္တန္တိ သောတာပတ္တိဖလစိတ္တံ"။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပရိယာပန္နံ၊ အကျုံးဝင်သော။ စိတ္တံ၊ စိတ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ သောတာပတ္တိဖလစိတ္တံ၊ သောတာပတ္တိဖိုလ်စိတ်မည်၏။

သကဒါဂါမိဖလစိတ္တံ၌ "သကဒါဂါမိနော ဖလန္တိ သကဒါဂါမိဖလံ"။ သကဒါဂါမိနော၊ သကဒါဂါမိပုဂ္ဂိုလ်၏။ ဖလံ၊ ဖိုလ်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ သကဒါဂါမိဖလံ၊ သကဒါဂါမိဖိုလ်မည်၏။ "သကဒါဂါမိဖလေ ပရိယာပန္နံ စိတ္တန္တိ သကဒါဂါမိဖလစိတ္တံ"။ အနက်လွယ်၏။

အနာဂါမိဖလစိတ္တံ၌ "အနာဂါမိနော ဖလန္တိ အနာဂါမိဖလံ"။ အနာဂါမိနော၊ အနာဂါမိပုဂ္ဂိုလ်၏။ ဖလံ၊ ဖိုလ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အနာဂါမိဖလံ၊ အနာဂါမိဖိုလ်မည်၏။ "အနာဂါမိဖလေ ပရိယာပန္နံ စိတ္တန္တိ အနာဂါမိဖလစိတ္တံ"။ အနက်လွယ်၏။

အရဟတ္တဖလစိတ္တံ၌ "အရဟတ္တဿ တံ ဖလဉ္စာတိ အရဟတ္တဖလံ"။ အရဟတ္တဉ္စ၊ ပူဇော်ခံထိုက်ကြောင်းလည်း ဟုတ်၏။ တံ၊ ထိုပူဇော်ခံထိုက်ကြောင်း ဟူသည်။ ဖလဉ္စ၊ ဖိုလ်လည်းဟုတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်မည်၏။ "အရဟတ္တဖလေ ပရိယာပန္နံ စိတ္တန္တိ အရဟတ္တဖလစိတ္တံ" အနက်လွယ်ပြီ။ ။ဖိုလ်စိတ်ပြီး၏။

ဤလောကုတ္တရာစိတ်၌မူကား ကြိယာဟူ၍ မရှိ။ အဘယ်ကြောင့် မရှိလေ သနည်းဟူမူ ကုသိုလ်ခေါ်သော မဂ်စိတ်သည် တကြိမ်တည်းမျှသာ ဖြစ်မြဲ ဖြစ်သောကြောင့် ကြိယာမရှိသည် ဟူပေ။ အကယ်၍ မဂ်စိတ်သည် လောကီ ကုသိုလ်များကဲ့သို့ အထူးထူးသော ခဏတို့၌ အကြိမ်များစွာ ဖြစ်ခဲ့ပါငြားအံ့၊ ထိုသို့ဖြစ်ပါလျှင် အနုသယကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၏ **သ**န္တာန်၌ပင် သော်လည်း ဖြစ်ရလိမ့်မည် ဖြစ်သောကြောင့် ကြိယာဖြစ်တန်ရာ၏။ ထိုသို့ကား လောကုတ္တရာကုသိုလ်ခေါ်သော မဂ်စိတ်သည် တကြိမ်သာ ဖြစ်မြဲချေ၏။ အဘယ်ကြောင့် တကြိမ်မျှသာ ဖြစ်မြဲလေသနည်းဟူမူ မဂ်သည် အလွန် ကြီးမားသော အာနုဘော်ရှိသောကြောင့် တကြိမ်သာ ဖြစ်မြဲသည် ဟူပေ။ အာနုဘော်ကြီးပုံကိုဆိုအံ့—

အရိယမဂ်သည် တကြိမ်မျှ ဖြစ်ပါလျှင် မိမိပယ်သင့် ပယ်ထိုက်သော ကိလေသာဟူသမျှတို့ကို အကြွင်းမဲ့ နောင်တဘန် မဖြစ်စေရန် အကြွင်းမဲ့ ပယ်သတ်လေ၏။ ပယ်သတ်ပြီးသော ကိလေသာဟူသမျှသည်လည်း တဘန်ပြန်၍ ဖြစ်ရိုးမရှိချေ။ ဤကား မဂ်၏ အာနုဘော်တမျိုးပေတည်း။ ထိုမဂ်သည် မိမိ၏ အခြားမဲ့၌ အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နာနာက္ခဏိကကမ္မ, နတ္ထိ, ဝိဂတ, ဟု ဆိုအပ်သော ပစ္စယသတ္တိ ခြောက်မျိုးဖြင့် ဝိပါက် တည်းဟူသော ဖိုလ်ကျိုးကို ဖြစ်စေ၏။ ၎င်းမဂ်၏ အကျိုးတည်းဟူသော ဖိုလ်သည် ကုသိုလ်ဇော, ကြိယာဇောတို့ကဲ့သို့ ဇောကိစ္စ ပါဝင်စေ၍ အမှတ်မရှိ တစုံတခုသော လောက၌ ဖလသမာပတ္တိ ကိစ္စဖြင့် ဝင်စား၍ နေရန်ကိုလည်း ဖြစ်စေ၏။ ဤကား မဂ်၏ အာနုဘော်တမျိုးတည်း။ ထိုသို့ဖြစ်လေသောကြောင့် ထိုမဂ်သည် ကိလေသာကို ပယ်သတ်ရန် တဘန်ဖြစ်ဘွယ်ကိစ္စလည်း မရှိ။ သမာပတ္တိအလို့ငှါလည်း တဘန်ဖြစ်ဘွယ်ကိစ္စလည်း မရှိ။ အကယ်၍ပင် မဂ်ကိုရပြီးသော ပုဂ္ဂိုလ်သည် ငါမူကား ဖိုလ်ကို ဝင်စားခြင်းငှါ အလိုမရှိ။ ငါရဘူးသော မဂ်ကိုသာ ဝင်စားအံ့ဟူ၍ ပရိကံပြုကာ အားထုတ်စေဦးတော့။ ချုပ်လေပြီးသော မဂ်စေတနာ၏ အစွမ်းအားဖြင့် ဖိုလ်စိတ်သည် သာလျှင် ဖြစ်ပေါ်မည် မချွတ်တည်း။ ဘယ်နည်းနှင့်မှ မဂ်စိတ် မဖြစ်ပေါ်နိုင်။ မဂ်၏ အာနုဘော်ကို တစုံတယောက်သော သူသည် တားမြစ်ခြင်းငှါ မတတ်နိုင်လေ။

(၃၅) ရှစ်လောကုတ်စု၊ ဘာခုခုဝယ်၊ ငါးဈာန်ခြယ်၊ အကျယ်လေးဆယ်ပွါး။

**လောကုတ္တရာစိတ် ဈာန်ပွါး လေးဆယ်။** ။ဤကဗျာဖြင့် လောကုတ္တရာစိတ် ဈာန်ပွါး လေးဆယ်ကို ပြဆို၏။

ဈာန်ပွါးပုံကို ထင်လင်းစွာ ပြဆိုဦးအံ့။

အလုံးစုံသော ဈာန်ဟူသမျှတို့၌ အင်္ဂါငါးပါးရှိသော ပထမဈာန်သည် ပကတိအားဖြင့် ပြီး၏။ အထူး ပြုပြင်၍ ဖြစ်သည် မဟုတ်။ မဂ်ဖိုလ်တို့၌ အင်္ဂါလေးပါး စသည်ရှိသော ဒုတိယဈာန် စသည်တို့ကား ပါဒကဈာန် စသော သတ္တိအထူးဖြင့် ပြီး၏။ ထိုသို့ ပါဒကဈာန်စသော သတ္တိထူး မရှိလျှင် ဒုတိယဈာန် စသည် မဖြစ်။ ပထမဈာန်သာ မုချဖြစ်ရ၏။ လောကီဈာန်တို့၌ ဒုတိယဈာန် စသည်တို့၏ ဥပစာရဘာဝနာမည်သည် ရှိ၏။ ထိုဥပစာရဘာဝနာသည် မိမိက ဝိတက်စသည်နှင့် ယှဉ်ရသော်လည်း ဈာန်တို့၌ ဝိတက်စသည်တို့မှ ကင်းခြင်းကို ပြုနိုင်သော ဝိတက္ကဝိရာဂဘာဝနာ စသည် ဖြစ်ရ၏။ ထိုဥပစာရဘာဝနာ၏ သတ္တိအမျိုးမျိုးအတွက်ကြောင့် ဝိတက်စသည်တို့မှ ကင်းသော ဒုတိယဈာန် စသည် ဖြစ်ရသကဲ့သို့ ထိုအတူ ဤလောကုတ္တရာဈာန်၏ အရာ၌လည်း မဂ်၏ ဥပစာဖြစ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ မည်သည် ရှိ၏။

ထိုဝုဋ္ဌောနဂါမိနီ ဝိပဿနာသည် မိမိက ဝိတက်စသည်နှင့် ယှဉ်သော်လည်း အချို့သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ဝိတက်၌ တပ်ခြင်းကင်းသော ဝိတက္ကဝိရာဂဝုဋ္ဌာနဂါမိနီဝိပဿနာ ဖြစ်၏။ အချို့သည် ဝိစာရဝိရာဂဝုဋ္ဌာနဂါမိနီဝိပဿနာ စသည် ဖြစ်၏။ ဤသို့လျှင် ဝုဋ္ဌာနဂါမိနီဝိပဿနာမှာ အထူးထူးသော သတ္တိ ရှိ၏။ ထိုဝုဋ္ဌာနဂါမိနီဝိပဿနာ၏ သတ္တိအမျိုးမျိုးအတွက်ကြောင့် မိမိနောက်မှ ဖြစ်ပေါ်ရသော မဂ်သည်လည်း ဝိတက်စသည်မှ ကင်းသော ဒုတိယဈာန်စသော ဈာန်အမျိုးမျိုးနှင့် ယှဉ်ရ၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာက အမှတ်ပေးသောအတိုင်း မဂ်၌ ဈာန်ပေါ်ရ၏။ ဘယ်အတွက်ကြောင့် ထိုဝုဋ္ဌာနဂါမိနီဝိပဿနာသည် အထူးထူးသောသတ္တိနှင့် ယှဉ်ရပါသနည်းဟူမူ—"ပါဒကနှင့်၊ သမ္မသိတံ၊ ပုဂ္ဂလံ၊ သုံးတန်ဈာန်ပွါးရာ"ဟူသည်နှင့် အညီ ပါဒကဈာန်စသော သုံးမျိုး၏ အတွက်ကြောင့် ဖြစ်ရပါ၏ဟု ဖြေ။ ချဲ့၍ဆိုဦးအံ့—တိပိဋကစူဠနာဂမထေရ်သည် ပါဒက ဈာန် အတွက်ကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာမှာ သတ္တိအမျိုးမျိုးရှိသည်ဟု ဆို၏။ မောရဝါပိဝါသီ မဟာဒတ္တမထေရ်သည် သမ္မသိတဈာန်အတွက်ဟု ဆို၏။ တိပိဋကစူဠာဘယမထေရ်သည် ပုဂ္ဂလဇ္ဈာသယဈာန်အတွက်ဟု ဆို၏။

**ပါဒကဈာန်ဝါဒ။** ။ထိုစကားရပ်၌ ဝိပဿနာ၏ အခြေပါဒကပြုရန် အမှတ်မရှိသော ဈာန်ကို မဂ်၏ရှေ့ပါး၌ ဝင်စားအပ်၏။ ထိုဈာန်သည် ပါဒကဈာန် မည်၏။ ထိုပါဒကဈာန်သည် ပထမဈာန်ဖြစ်အံ့။ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ပကတိအတိုင်းသာ ဖြစ်၏။ မဂ်လည်း ပထမဈာန်မဂ် ပေါ်ရ၏။ ထိုပါဒကဈာန်သည် ဒုတိယဈာန် ဖြစ်အံ့။ ဝိပဿနာသည် ဝိတက်၌ တပ်ခြင်းကင်းသော ဝိတက္ကဝိရာဂဝိပဿနာ ဖြစ်၏။ မဂ်သည် ဒုတိယဈာန်မဂ် ပေါ်၏၊ တတိယဈာန်စသည်တို့၌လည်း နည်းယူ၍ သိလေ။ ဤကား ပါဒကဈာန်ဝါဒတည်း။

**သမ္မသိတဈာန်ဝါဒ။** ။ထိုပါဒကဈာန်လည်း ရှိ၏။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ထိုပါဒကဈာန်ကိုသော်ငြား, ထိုမှတပါးသော ဈာန်ကိုသော်ငြား, အမှတ်မရှိ တခုခုသောဈာန်ကို သုံးသပ်ခဲ့အံ့၊ ထိုသုံးသပ်အပ်သော ဈာန်သည် ပထမဈာန်ဖြစ်အံ့။ ဝိပဿနာသည် ပကတိအတိုင်းသာ ဖြစ်၏။ မဂ်လည်း ပထမဈာန် မဂ်ဖြစ်၏။ သုံးသပ်ဆင်ခြင်အပ်သော ဈာန်သည် ဒုတိယဈာန် စသည်ဖြစ်အံ့၊ ဝိပဿနာသည် ဝိတက္ကဝိရာဂဝိပဿနာ စသည် ဖြစ်၏။ မဂ်လည်း ဒုတိယဈာန်မဂ် စသည်ဖြစ်၏။ သမ္မသိတဈာန်သည် အာရုံ၏ အဖြစ်ဖြင့် ဝိပဿနာနှင့် တကွဖြစ်သောကြောင့် ထိုသမ္မသိတဈာန်သည် ပါဒက ဈာန်, ပုဂ္ဂလဇ္ဈာသယဈာန်တို့ထက် အားကြီး၏။ ထိုကြောင့် သမ္မသိတ ရှိလျှင် သမ္မသိတအတွက်နှင့် မဂ်မှာ ဈာန်အမျိုးမျိုးဖြစ်ရ၏။ ဤကား သမ္မ-သိတဝါဒတည်း။

ပုဂ္ဂလဇ္ဈာသယဝါဒ။　　။ပါဒကစျာန်လည်း ရှိ၏။ ယောဂီပုဂ္ဂိုလ်ကမူကား ထိုပါဒကစျာန်နှင့် အတူသော်၎င်း, ထိုနှင့် မတူဘဲသော်၎င်း, မဂ်ပေါ်သောအခါ အကြင်အကြင်စျာန်ကို အလိုရှိ၏၊ ထိုပုဂ္ဂိုလ်၏ အလိုအားလျော်စွာ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဝိတက္က ဝိရာဂဝိပဿနာစသည် ဖြစ်ရ၏။ ထိုပုဂ္ဂလဇ္ဈာသယအား လျော်စွာ မဂ်၌ ဒုတိယစျာန်စသည် ဖြစ်ရ၏။ လောကီစျာန်တို့အရာဝယ် အနိုး၌ အခြေပါဒက ဝင်စားအပ်သော စျာန်သည် ရှိ၏။ ထိုစျာန်သည် အထက်အထက် စျာန်၏ ဥပစာရဘာဝနာကို ကောက်ပံ့ရုံမျှသာ ဖြစ်၏။ အထက်အထက် စျာန်ကို မိမိနှင့်တူအောင် မပြုနိုင်။ ပုဂ္ဂလဇ္ဈာသယအတိုင်း အထက်အထက်စျာန် ဖြစ်ပေါ်ရသကဲ့သို့ ထိုအတူ ဤလောကုတ္တရာစျာန်အရာ၌လည်း ပါဒကစျာန်သည် ဝိပဿနာ၏ ထက်မြက် ရှုမှုစိမ့်သောငှါသာ ဖြစ်၏။ ပုဂ္ဂလဇ္ဈာသယသည်သာလျှင် ဝိပဿနာကို ပြုပြင်စီရင်၍ မဂ်၌ စျာန်အမျိုးမျိုးဖြစ်ရ၏။ ဤကား ပုဂ္ဂလဇ္ဈာသယဝါဒတည်း။

ထိုဝါဒသုံးပါးလုံးပင် မဆန့်ကျင်သဖြင့် သင့်မြတ်၏ဟု အဋ္ဌသာလိနီ၌ဆို၏။ ထိုဝါဒသုံးပါးတို့၏ အားရှိအားမဲ့များကို စစ်ဆေးလျှင် ပုဂ္ဂလဇ္ဈာသယဝါဒသည် အားအရှိဆုံးကဲ့သို့ ဖြစ်၏။ ထိုစကားမှန်၏။ လောကီစျာန်တို့၌လည်း ပါဒကစျာန် အမြဲရှိ၏၊ ထိုပါဒကစျာန်သည် အထက်အထက် စျာန်၏ ဥပစာရဘာဝနာ ထက်မြက်ရုံမျှသာ ဖြစ်၏၊ ပုဂ္ဂလဇ္ဈာသယကသာလျှင် ဝိတက္ကဝိရာဂဘာဝနာစသည်ကို စီရင်၏။ ထိုဥပစာရဘာဝနာကသာလျှင် အထက်အထက် စျာန်၌ စျာန်အင်္ဂါကို ပြုပြင်စီရင်၏။ ဥပစာရဘာဝနာအတိုင်း စျာန်ဖြစ်သည် ဟူလို။ ဤနည်းအတူပင် ဤလောကုတ္တရာ စျာန်အရာ၌လည်း ပါဒကစျာန်အတွက် ထက်မြက်သော ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ပုဂ္ဂလဇ္ဈာသယအတွက် ဝိတက္ကဝိရာဂ စသော သတ္တိအမျိုးမျိုးနှင့် ယှဉ်သည်ဖြစ်၍ မဂ်ရသောအခါ စျာန်အထူးထူး ဖြစ်ပေါ်စေ၏။ ထိုပုဂ္ဂလဇ္ဈာသယ အထူးမရှိခဲ့လျှင်မူကား ပါဒကစျာန်ပင် ပဓာနဖြစ်၏။

လောကီစျာန်တို့၌ ဝသီမြောက်ပြီးသော ပုဂ္ဂိုလ်တို့အား အလိုရှိအပ်သော စျာန်ကို ဝင်စားနိုင်သကဲ့သို့ မဂ်တို့၌လည်း ပုဂ္ဂလဇ္ဈာသယအားလျော်စွာ အလိုရှိအပ်သောစျာန် ဖြစ်ပေါ်နိုင်၏ဟု မှတ်ရာ၏။ ဆိုခဲ့ပြီးသောအတိုင်း ပါဒကစျာန်စသော အခြင်းအရာထူးသည် မဂ်အရာ၌ ရှိ၏။ ထိုအလုံးစုံသော အခြင်းအရာထူးဟူသမျှသည် ဝုဋ္ဌာနဂါမိနီဝိပဿနာ ထူးစိမ့်သောငှါသာ ဖြစ်၏။ ထိုဝိပဿနာထူးသောအတိုင်း မဂ်၌လည်း စျာန်အမျိုးမျိုး ထူးထွေ၏။ ထိုကြောင့် ဝိသုဒ္ဓိမဂ်, အဋ္ဌသာလိနီတို့၌ ဝိပဿနာကိုသာလျှင် ပမာဏ-ပဓာနပြု၍ ဆိုကြ၏။ ထိုဝိပဿနာထူးမှုသည်လည်း ပါဒကစျာန်နှင့်ကင်း၍ မဖြစ်နိုင်ချေ၊ ထိုကြောင့် မဂ္ဂဝိဘင်းအဋ္ဌကထာ မဂ္ဂသံယုတ်အဋ္ဌကထာတို့၌ ပါဒကစျာန်ကိုသာလျှင် ပမာဏ

ပဓာနပြု၍ ဆိုသည်ဟု မှတ်ရာ၏။ ဈာနလာဘီ ပုဂ္ဂိုလ်တို့၏ ဝိပဿနာကို အားထုတ်ရာ၌ ပါဒကဈာန် ဝင်စားမှုကို မြတ်စွာဘုရားပင် "ပဌမံပါဟံ ဘိက္ခဝေ ဈာနံ နိဿာယ အာသဝါနံ ခယံ ဝဒါမိ။ပ။ နေဝသညာနာသညာ-ယတနံပါဟံ ဘိက္ခဝေ ဈာနံ နိဿာယ အာသဝါနံ ခယံ ဝဒါမိ" စသည်ဖြင့် အင်္ဂုတ္တိုရ် နဝကနိပါတ် စသည်၌ နည်းပြ စီရင်တော်မူ၏။

"ဣဓ ဂဟပတိ ဝိဝိစ္စေဝ ကာမေဟိ။ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ သော ဣတိ ပဋိသဉ္စိက္ခတိ။ ဣဒံပိ ခေါ ပဌမံ ဈာနံ အဘိသင်္ခတံ အဘိသဉ္စေ-တယိတံ။ ယဒနိစ္စံ၊ တံ နိရောဓဓမ္မန္တိ ပဇာနာတိ။ သော တတ္ထဋ္ဌိတော အာသ-ဝါနံ ခယံ ပါပုဏာတိ" စသည်ဖြင့် ကောဒသနိပါတ် အင်္ဂုတ္တိုရ်၌၎င်း, မာလုကျ သုတ်, အနုပဒသုတ်စသော များစွာသော သုတ္တန်ပါဠိတော်ကြီးတို့၌၎င်း, ရှစ်ပါးသော သမာပတ်တို့တွင် တပါးပါးသော သမာပတ်ကို ဝင်စားထမြောက်ပြီး၍ ထိုဝင်စားသော သမာပတ်ကိုသာလျှင် လက္ခဏာရေးဖြင့် သုံးသပ်ဆင်ခြင်ကြောင်းကို ဟောတော်မူ၏။ ဝင်စားသော သမာပတ်မှ တပါးသော သမာပတ်ကို သုံးသပ်၏ဟု ဟောတော်မမူခဲ့။ ထိုကြောင့် ဝင်စားသော ပါဒကဈာန်မှ တပါးသော ဈာန်ကို ယောဂီ၏ အလိုအားလျော်စွာ သုံးသပ်စေကာမူ ပါဒကဈာန်သာ ပမာဏဖြစ်၏ဟု သိနိုင်၏။ ဤမျှသော စကားရပ်ဖြင့် သမ္မသိတဝါဒသည် အားအနည်းဆုံးဟူ၍ အဓိပ္ပါယ် ပြီးစီးလေ၏။

သမာပတ်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်တို့သည် ပဌမဈာန်ကိုသာ ပါဒကပြု၍ အဇ္ဈာသယထူး မထားဘဲ မဂ်ကို ဖြစ်စေကုန်သော်၎င်း, ပဌမဈာန်မျှကိုသာရ၍ ထိုပဌမဈာန်ကို ပါဒကပြု၍ မဂ်ကိုဖြစ်စေကုန်သော်၎င်း, သမာပတ်ကို မရကုန်သော သုက္ခဝိပဿက ပုဂ္ဂိုလ်တို့သည် မဂ်ကိုဖြစ်စေသော်၎င်း ထိုအခါတို့၌ မုချအားဖြင့် ပဌမဈာန်မဂ်သာလျှင် ဖြစ်၏ ဟု သိအပ်၏။

တနည်းသော်ကား ပြကတေ့အားဖြင့် ဈာန်သမာပတ်တရားတို့၌ ဝသီဘော်မြောက်ပြီးသော ပုဂ္ဂိုလ်တို့မှာမူကား အလွန်နီးစပ်သော ပါဒကဈာန်နှင့် ကင်း၍ပင် အလိုရှိသောအတိုင်း မဂ်၌ ဈာန်ဖြစ်ပေါ် နိုင်၏ ဟု ဆိုသင့်သေး၏။

ဤသို့ လောကုတ္တရာစိတ် ၈-ပါးတို့တွင် တပါးပါးကို ဈာန်ငါးပါးဖြင့် ပွါးများသည်ရှိသော် လောကုတ္တရာစိတ်ပေါင်း အကျယ်လေးဆယ် ဖြစ်၏။ မဂ်စိတ်ပေါင်း ၂၀။ ဖိုလ်စိတ်ပေါင်း ၂၀-ဖြစ်လာ၏။ ဈာန်နှင့် ယှဉ်သော ဈာန်စိတ် ဟူသမျှတို့မှာ ဝေဒနာဘေဒအားဖြင့် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် စိတ်တို့သည် သောမနဿ ဝေဒနာနှင့်တကွ ဖြစ်ကြကုန်၏။ ပဥ္စမဈာန်စိတ်သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏။ ထို့ကြောင့် လောကုတ္တရာ

စိတ် အကျယ်လေးဆယ်မှာ သောမနဿစိတ်ပေါင်း ၃၂-ရှိ၍ ဥပေက္ခာစိတ်ပေါင်း ၈-ပါးရှိချေသည်။ ဤကိုရည်၍—

(၃၅) မဂ်ဖိုလ်နှစ်ဆယ်၊ ဖိုလ်နှစ်ဆယ်၊ အကျယ်လောကုတ်ပွါး။

(၃၅) သော-သုံးဆဲ့နှစ်၊ ဥ-မှုရှစ်၊ ပေါင်းလစ်လေးဆယ်တား။

ဟူ၍ မိန့်တော်မူသည်။

(၃၅) ဈာန်မဟဂ္ဂုတ်၊ ဈာန်လောကုတ်၊ သရုပ်ခြောက်ဆဲ့ခွန်။

ဈာန်စိတ်ပေါင်း ၆၇-ပါးရှိ၏ဟု ဆိုလိုသည်။

မဟဂ္ဂုတ်စိတ် ၂၇-ပါး လောကုတ္တရာစိတ် အကျယ်လေးဆယ်တို့သည် ပထမဈာန်စသည်တို့နှင့် ထိုက်သည်အားလျော်စွာ ယှဉ်ကြသောကြောင့် ဈာန်စိတ်မည်ကုန်၏၊ ထိုဈာန်စိတ်ပေါင်း ၆၇-ပါးကိုပင် အပ္ပနာစိတ်ဟူ၍လည်း ခေါ်ဆိုရသေး၏။ ထိုစိတ်တို့၌ ပါသော ဇောများကို အပ္ပနာဇောဟူ၍ ခေါ်ဆိုရ၏။ ထို့ကြောင့် "(၁၃၄) ဇောအပ္ပနာ၊ ဆဗ္ဗိသာ၊ မှန်စွာမနောဖြစ်။ (၃၀၅) ဇောအပ္ပနာ၊ ဣရိယာ၊ ကောင်းစွာတည်ခိုင်စေ" စသည်ဖြင့် အထက်၌ မိန့်ဆိုပေလတ္တံ့။ ထို အပ္ပနာဈာန် စိတ်တို့မှာ ပထမဈာန် စိတ်ပေါင်း ၁၁။ပ။စတုတ္ထဈာန် စိတ်ပေါင်း ၁၁။ ပဉ္စမဈာန် စိတ်ပေါင်း ၂၃-ရှိ၏။ သောမနဿပေါင်း ၄၄။ ဥပေက္ခာပေါင်း ၂၃-ရှိ၏။ ထို့ကြောင့်—

(၃၆) ပ,ဒု,တ,စ၊ လေးဝအညီ၊ ဆဲ့တစ်စီ၊ တေဝီ ပဉ္စမဈာန်။

(၃၇) သောပနသ်စုံ၊ ဇော,ဇောရှု၊ ဥပ္ပ-တေဝီ,မှန်။

ဟူ၍ ဆိုတော်မူသည်။

လောကီစိတ်ပေါင်း ၈၁-ပါးနှင့် လောကုတ္တရာ စိတ်ပေါင်း ၄၀-ကို ပေါင်းလျှင် စိတ်ပေါင်း ၁၂၁-ပါးဖြစ်၏။ ဤစိတ်ပေါင်း ၁၂၁-ပါးတို့တွင် ကုသိုလ်ဟုဆိုအပ်သောမဂ် ဝိပါက်ဟုဆိုအပ်သော ဖိုလ်များကို ဈာန်ပွါးရသောကြောင့် ကုသိုလ်ပေါင်း ၃၇-ပါး။ ဝိပါက်ပေါင်း ၅၂-ပါးရှိသည်။ (အကုသိုလ်နှင့် ကြိယာတို့သည်မူကား လောကီစိတ်၌ ရေတွက်အပ်ပြီးသော အတိုင်းပင် ရှိချေသည်)။ ထို့ကြောင့်—

(၃၈) ရှစ်ဆဲ့တစ်-ကီ၊ ကုတ်,-တာလီ၊ ကေီသတာ-ဖြစ်။

(၃၉) သုံးဆဲ့ခွန်-ကု,၊ အပွါးရှု၊ ဝိ,ဝု-ငါးဆဲနှစ်။

ဟူ၍ ဆိုတော်မူသည်။

**(၄၀) ဥ,ပဉ္စေးပေး၊သောသဆဒွေး၊ဒေါ,ဒွေး-ဒု,သု,ဧက်။**

စိတ်အကျယ် ၁၂၁-ပါးတို့မှာ ဝေဒနာဘေဒအားဖြင့် ဥပေက္ခာစိတ်ပေါင်း ၅၅၊သောမနဿ စိတ်ပေါင်း ၆၂၊ ဒေါမနဿစိတ် ၂၊သုခသဟဂုတ် စိတ် ၁၊ ဒုက္ခသဟဂုတ်စိတ် ၁၊ရှိကြောင်းကို ပြဆိုတော်မူသည်။

ဤသံပေါက်ဂါထာဖြင့်လျှင် ဝေဒနာသင်္ဂဟကို ပြဆို ရေတွက်ခြင်းကိစ္စ ပြီးစီးလေသောကြောင့် ပကိဏ်းပိုင်း၌ အသီးအခြား ဝေဒနာသင်္ဂဟကို မဆိုဘဲ ချန်ထားတော်မူလိမ့်မည် ဖြစ်သတည်း။

စိတ်ပိုင်းဋီကာ ပြီး၏။

# ၂-စေတသိက်ပိုင်း ဋီကာ

(၄၁) ဖြစ်,ပျက်,မှီ,အာလံ လေးပြား၊ အင်္ဂါ ယှဉ်နိမိတ်။

ဤကဗျာဖြင့် စိတ်နှင့် စေတသိက်တို့၏ သမ္ပယောဂလက္ခဏာကို ပြဆို၏။

**သမ္ပယောဂလက္ခဏာလေးပါးကား—**

(၁) ဧကုပ္ပါဒ=စိတ်နှင့် အဖြစ်တူခြင်း။

(၂) ဧကနိရောဓ=စိတ်နှင့် အချုပ်တူခြင်း။

(၃) ဧကာရမ္မဏ=စိတ်နှင့် အာရုံတူခြင်း။

(၄) ဧကဝတ္ထုက=စိတ်နှင့် မှီရာဝတ္ထုတူခြင်း။

(၁) "ဧကုပ္ပါဒ"ဟူသော ပုဒ်၌ ဧကပုဒ်,ဥပ္ပါဒပုဒ် ခွဲလေ။ ဧကသဒ္ဒါသည် "သေဋ္ဌာ, သဟာယ, သင်္ချာတိ၊ တုလျေသွေကော တိလိင်္ဂိကော" ဟူသော အဘိဓာန် အနေကတ္ထဝဂ်ဂါထာနှင့်အညီ သေဋ္ဌစသော အနက်ငါးပါးကို ဟော၏။ ဤနေရာ၌ အတူဟူသော "တုလျ" အနက်ကိုယူ။ "ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ"။ ဥပ္ပဇ္ဇနံ၊ ဖြစ်ပေါ် ဥပါဒ်ခြင်း။ ဥပ္ပါဒေါ၊ ဖြစ်ပေါ် ဥပါဒ်ခြင်း။ အလုံးစုံသော သင်္ခတ တရားမျိုးမှာ ဖြစ်ပေါ် လိမ့်မည်ဟူသော အနာဂတ်သဘောလျှင် ရှေ့အစွန်းရှိ၏။ သရုပ်အားဖြင့် ထင်ရှားဖြစ်ပေါ် လာခြင်းတည်းဟူသော အလယ်စွန်းရှိ၏။ ချုပ်ကွယ်လေသည့်နောက်ဟု ဆိုအပ်သော အတိတ်သည် နောက်ဆုံးအစွန်းရှိ၏။ အနာဂတ်အဘို့၌ တည်သော တရားစုသည် ညီညွတ်သောအကြောင်းနှင့် ပေါင်းဘက်မိသည်ရှိသော် ဖြစ်ပေါ် လာခြင်းတည်းဟူသော ပစ္စုပ္ပန်အဘို့သို့ ရောက်ကုန်၏။ ဤပစ္စုပ္ပန်အခိုက်တွင်မှလည်း ဥပါဒ်,ဌီ,ဘင် ဟူ၍ ခဏငယ်သုံးချက် ရှိသေး၏။ ဤအရာ၌ ဥပါဒ်ကိုယူ။

"ဧကော ဥပ္ပါဒေါ ဧတေသန္တိ ဧကုပ္ပါဒါ"။ ဧတေသံ၊ ထိုစိတ်စေတသိက်တို့ အား။ ဧကော၊ တူသော။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဧကုပ္ပါဒါ၊ ဧကုပ္ပါဒမည်ကုန်၏။

(၂) ဧကနိရောဓ၌ ဧကပုဒ်,နိရောဓပုဒ် ခွဲလေ။ "နိရုဇ္ဈနံ နိရောဓော"။ နိရုဇ္ဈနံ၊ ချုပ်ခြင်းတည်း။ နိရောဓော၊ ချုပ်ခြင်း။ သင်္ခတတရားတို့၏ ပျက်စီး ချုပ်ဆုံးခြင်းတည်းဟူသော ဘင်,မရဏ,အနိစ္စတာကို ရစေ။ "ဧကော နိရောဓော ဧတေသန္တိ ဧကနိရောဓာ"။ ဧတေသံ၊ ထို စိတ် စေတသိက်တို့အား။

ကောဝ၊ တူသော။ နိရောဝေ၊ ချုပ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကေနိရောဓာ၊ ကေနိရောဓမည်ကုန်၏။

(၃) ကောရမ္မဏာ၌ ကေပုဒ်, အာရမ္မဏပုဒ် ခွဲလေ။ "ကေ အာရမ္မဏံ ဧတေသန္တိ ကောရမ္မဏာ"။ ဧတေသံ၊ ထို စိတ် စေတသိက်တို့အား။ ကေ၊ တူသော။ အာရမ္မဏံ၊ အာရုံသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ကောရမ္မဏာ၊ ကောရမ္မဏမည်ကုန်၏။

(၄) ကေဝတ္ထုကာ၌ ကေပုဒ်,ဝတ္ထုပုဒ် ခွဲလေ။ "ကေ ဝတ္ထု ဧတေသန္တိ ကေဝတ္ထုကာ"။ ဧတေသံ၊ ထို စိတ် စေတသိက်တို့အား။ ကေ၊ တူသော။ ဝတ္ထု၊ မှီရာဝတ္ထုသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ကေဝတ္ထုကာ၊ ကေဝတ္ထုကမည်ကုန်၏။ ။သမ္ပယောဂလက္ခဏာလေးပါး ပြီး၏။

## စေတသိက်မည်ပုံစသည်

(၄၂) စိတ်၌မှီတွယ်၊ စိတ်ကိုငြယ်၊ ငါးဆယ်နှင့်ဒွိတ်၊ စေတသိက်။

ဤကဗျာဖြင့် စေတသိက်၏ သဘောရင်း, ဗျုပ္ပတ္တိနှင့် စေတသိက်သရုပ် အရေအတွက်ကို ပြ၏။ "စိတ်၌မှီတွယ်"ဟူသော စကားဖြင့် "စေတသိ နိယုတ္တံ စေတသိကံ"ဟူသော ဝိဂ္ဂြိုဟ်ကို ပြ၏။ စေတသိကသဒ္ဒါ၏ ဝိဂ္ဂြိုဟ်နှင့် သဘော များကို ပရမတ္ထတရား လေးပါးအဖွင့်တွင် ပြဆိုခဲ့ပြီ။ စိတ်အပေါ်၌ ယှဉ်မှီ၍ အမျိုးမျိုး အထွေထွေဖြစ်အောင် စိတ်ကို ခြယ်လှယ်တတ်သော ငါးဆယ့်နှစ်ပါး သော တရားစုသည် စေတသိက်မည်၏ ဟူပေ။ "စေတသိ နိယုတ္တံ စေတသိကံ" ဟူသော ဝိဂ္ဂြိုဟ်နှင့်အညီ စိတ်နှင့်ယှဉ်ကာမျှဖြင့် စေတသိက်မည်ခဲ့ပါလျှင် စိတ်၏ သဟဇာတ, ပစ္စယုပ္ပန်ဖြစ်ကုန်သော စိတ္တဇရုပ်တရားတို့သည်လည်း စိတ် နှင့် တပြိုင်နက် ဥပါဒ်တူမျှ၍ စိတ်နှင့် ယှဉ်စပ်လျက် ရှိနေသောကြောင့် စေတ- သိက်မည်တန်ရာသလောဟူသော လျှဉ်းပါးဖွယ် ရှိနေသောကြောင့် ထိုစိတ္တဇရုပ် များ၏ စေတသိက်အဖြစ်မှ နစ်စိမ့်သောငှါ ယခင်ပြဆိုခဲ့သော သမ္ပယောဂ လက္ခဏာလေးပါးကို ထားတော်မူရသတည်း။

ထိုစကားသင့်စွ။ စိတ္တဇရုပ်တို့သည် စိတ်နှင့်ဥပါဒ်ပြိုင်၍ အတူတကွ ဖြစ်ကြ ပါကုန်သော်လည်း ရုပ်အစဉ်,နာမ်အစဉ် ကွဲပြားလျက်ရှိသောကြောင့် အကြင် ဥပါဒ်သည် စိတ်၏ဥပါဒ်တည်း။ ထိုဥပါဒ်သည်ပင်လျှင် စိတ္တဇရုပ်တို့၏ ဥပါဒ် တည်းဟူ၍ ဆိုသင့်သော သဘောလက္ခဏာ မရှိ။ အကြင်အခါ၌ စိတ် ဥပါဒ်သည် ရှိသော် ထိုအခါ၌ စိတ္တဇရုပ်တို့လည်း ဥပါဒ်ကြကုန်၏ဟု ဆိုရန် သဘောလက္ခဏာ သာ ရှိချေသည်။ ဖဿ စသောတရားတို့မှာမူကား စိတ်နှင့် ဥပါဒ်မျှသာ တူသည် မဟုတ်။ အချုပ်လည်း တူ၏။ အာရုံလည်း တူ၏။ မှီရာဝတ္ထုလည်းတူ၏ ဟူ၍

သိစေခြင်းငှါ ကေနိရောစသော နောက်လက္ခဏာ ၃-ပါးကို ထပ်မံ၍ ထားရပြန်သတည်း။ ဥပမာကား—လူအများနှင့် ဆိုင်သော ဘုံနွားတကောင်ကို ဤနွားကား တိဿမည်သောသူ၏ နွားတည်း။ ဒတ္တမည်သောသူ၏ နွားတည်းဟူ၍ ဆိုထိုက်လေသကဲ့သို့ တခုသော နာမ်ကလာပ်,ရုပ်ကလာပ်၌ ဥပါဒ်မှု,ပျက်မှုသည် တခုတည်းသာ ဖြစ်သော်လည်း ၎င်းဖြစ်ပျက်မှုမှာ အများနှင့် ဆိုင်လေသောကြောင့် ဖဿ၏ဥပါဒ်, ဝေဒနာ၏ ဥပါဒ်, ဖဿ၏ဘင်, ဝေဒနာ၏ဘင်ဟူ၍ ၎င်း၊ ပထဝီ၏ဥပါဒ်, အာပေါ၏ဥပါဒ်, ပထဝီ၏ဘင်, အာပေါ၏ဘင် ဟူ၍၎င်း၊ ဤသို့ စသည်ဖြင့် ဆိုထိုက်လေသည်။

(ဤမှ နောက်၌ စေတသိက်တို့၏ သရုပ်နှင့် သဘောများကို ဆိုပေလတ္တံ့)။

## သဗ္ဗစိတ္တသာဓာရဏစေတသိက်-၇

(၄၃) ဖဿ,ဝေ,သညာ,စေ၊ ဧကဂ္ဂ,ဇီ,မန၊ ဤသတ္တ၊ သဗ္ဗ စိတ်တိုင်းဖြစ်။

ဤကဗျာဖြင့် သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးကို ပြ၏။ အစဉ်အတိုင်း သရုပ်နှင့် ဝိဂ္ဂုဟ်သဘောများကို ပြဆိုအံ့။

(၁) ဖဿ။ "ဖုသတီတိ ဖဿော"။ ဖုသတိ၊ တွေ့ထိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဖဿော၊ ဖဿမည်၏။ ကတ္တုသာဓန ဝိဂ္ဂုဟ်။ "ဖုသန္တိ သမ္ပယုတ္တကာ ဓမ္မာ ဧတေနာတိ ဖဿော"။ ဧတေန၊ ဤတရားဖြင့်။ သမ္ပယုတ္တကာ ဓမ္မာ၊ သမ္ပယုတ်တရားတို့သည်။ ဖုသန္တိ၊ တွေ့ထိကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဖဿော၊ ဖဿမည်၏။ ကရဏသာဓန ဝိဂ္ဂုဟ်။ "ဖုသနံ ဖဿော"။ ဖုသနံ၊ တွေ့ထိခြင်း။ ဖဿော၊ တွေ့ထိခြင်း။ ဘာဝသာဓန ဝိဂ္ဂုဟ်။ (ဝိဂ္ဂုဟ် ၃-ပါးကို အောက်၌ ပြခဲ့ပြီးသော စိတ္တသဒ္ဒါ၏ ဝိဂ္ဂုဟ်နှင့် နှိုင်းနော၍ သိလေ)။

တွေ့ထိခြင်း ဆိုသည်ကား အာရုံ၏ ကောင်းမြတ်သော ဣဋ္ဌရသ, မကောင်းသော အနိဋ္ဌရသသို့ ဆိုက်ရောက်အောင် ထိထိခိုက်ခိုက် ယူပုပေတည်း။ အာရုံအမျိုးမျိုးကိုစွဲ၍ ဖဿအမျိုးမျိုး ရှိချေ၏။ ထိုဖဿအမျိုးမျိုးကို စွဲ၍ ဝေဒနာအမျိုးမျိုး ဖြစ်ပေါ်ရချေသည်။

ဖဿသည် တွေ့ထိခြင်းတည်းဟူသော ဖုသနလက္ခဏာ ရှိ၏။ ဤဖဿသည် နာမ်တရားဖြစ်ခဲ့၏။ နာမ်တရားတို့မည်သည်လည်း တွေ့ထိနိုင်သော သပ္ပဋိဃသဘော မရှိကြကုန်။ အပ္ပဋိဃသဘောသာ ရှိကြကုန်၏။ ထိုသို့ ဖြစ်လေသောကြောင့် ဖဿသည် ဘယ်သို့ တွေ့ထိခြင်းသဘော ရှိလေသနည်းဟူမူ -ဤဖဿသည် တွေ့ထိသော အခြင်းအရာအားဖြင့်သာ ဖြစ်ပေ၏။ ရုပ်တို့၏ ပဋိဃသဘောမျိုးကဲ့သို့ တွေ့ထိသောတရားမျိုး မဟုတ်။ အာရုံ၏ အရသာအားလျော်စွာ စိတ်အထူးဖြစ်ပေါ်ရန် ဝေဒနာအထူးဖြစ်ပေါ်ရန် ကိစ္စကို ပြီးစေ၏။ ဤ

ဖဿ၏ ဖုသနသဘောသည် ချဉ်သီးစားနေဆဲဖြစ်သောသူကို မြင်ရာ၌ တယောက်သောသူ၏ တံတွေးယိုစီးခြင်း စသော အခါတို့၌ ထင်ရှား၏။

**ဖဿအပြား။** ။ဤဖဿသည် စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ ဟူ၍ ခြောက်ပါး ရှိ၏။ အာဟာရလေးပါးတွင် 'ဖဿာဟာရ'ခေါ်၏၊ ပဋိစ္စသမုပ္ပါဒ်တွင် "သဠာ-ယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ"ပုဒ်များ၌ သက်ဝင်၏။ ပဋ္ဌာန်းတွင် အာဟာရပစ္စည်း၌ ဝင်၏။

### ဖဿ၏အနက်လေးပါး

ဖဿော၊ ဖဿသည်။

(၁) ဖုသန လက္ခဏော=အာရုံကို တွေ့ထိခြင်းလက္ခဏာရှိ၏။

(၂) သံဃဋ္ဋန ရသော=စိတ်ဝတ္ထုအာရုံတို့ကို ပေါင်းဆုံစပ်ဟပ်ခြင်း လက္ခဏာရှိ၏။

(၃) သန္နိပါတပစ္စုပဋ္ဌာနော=ဝတ္ထု,အာရုံ,ဝိညာဏ်သုံးပါတို့၏ စုဝေးပေါင်းစပ်မိခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) အာပါထဂတဝိသယပဒဋ္ဌာနော=ထင်ခြင်းသို့ ရောက်သော အာရုံ လျှင် နီးစွာသော အကြောင်းရင်း ပဒဋ္ဌာန်ရှိ၏။ ။ဖဿပြီး၏။

(၂) **ဝေဒနာ။** "ဝေဒယတီတိ ဝေဒနာ"။ ဝေဒယတိ၊ ခံစားတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဝေဒနာ၊ ဝေဒနာမည်၏။ ဤဝေဒနာသည် အာရုံ၏ အရသာကိုလည်း ခံစားတတ်၏။ မထင်ရှားသေးသော အာရုံ၏အရသာကို သမ္ပယုတ်တရားတို့၏ အပေါ်၌ရင်း ဝေဒနာနှင့်ပြည့်စုံသော ဝေဒနာသမင်္ဂိပုဂ္ဂိုလ်၏ အပေါ်၌ရင်း ထင်ရှားအောင် ပြုတတ်၏။ တနည်းကား—"ဝိန္ဒန္တိ သတ္တာ သာတံ ဝါ အသာတံ ဝါ ဧတာယာတိ ဝေဒနာ"။ ဧတာယ၊ ဤတရားဖြင့်။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ သာတံ ဝါ၊ သာယာဘွယ်ကိုရင်း။ အသာတံ ဝါ၊ မသာယာဘွယ်ကိုရင်း။ ဝိန္ဒန္တိ၊ ရကြကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဝေဒနာ၊ ဝေဒနာ မည်၏။ (သာယာဘွယ် မသာယာဘွယ်ကို ရကြောင်း ဖြစ်သောကြောင့် ဝေဒနာမည်၏ ဟူလို)။ တနည်းကား "ဝေဒယိတမတ္တာ ဝေဒနာ"။ ဝေဒယိတမတ္တာ၊ ခံစားကာမျှသည်။ ဝေဒနာ၊ ဝေဒနာ မည်၏။ ဘုရားရှင်သည်လည်း "ဝေဒယတီတိ ခေါ ဘိက္ခဝေ တသ္မာ ဝေဒနာတိ ဝုစ္စတိ။ ကိဉ္စ ဝေဒယတိ၊ သုခံပိ ဝေဒယတိ၊ ဒုက္ခံပိ ဝေဒယတိ၊ အဒုက္ခမသုခံပိ ဝေဒယတိ" ဟူ၍ ဝေဒနာ၏အကြောင်းကို ဟောကြားတော်မူ၏။

အလုံးစုံသော စိတ် စေတသိက်ဟူသမျှတို့သည် အာရုံ၏ အရသာကို ခံစားခြင်းသဘောကိစ္စ ရှိကုန်သည်သာ ဖြစ်၏။ ထို့ကြောင့် ထို စိတ် စေတသိက်တရားတို့သည်လည်း "ဝေဒယတီတိ ဝေဒနာ" ဟူသော ဝိဂ္ဂြိုဟ်နှင့်အညီ ဝေဒနာမည်ကုန်ရာသလောဟူမူ— ထိုသို့ကား ဝေဒနာ မမည်ချေ။ ထိုဝေဒနာမှတပါး စိတ် စေတသိက်တရားတို့သည် မိမိတို့၏ အသီးအသီးသောကိစ္စကို ကြောင့်ကြစိုက်၍ ပြုနေကြရလေသောကြောင့် လုံးလုံး အာရုံကို ခံစားနိုင်ကြသည် မဟုတ်ကြကုန်။ မိမိ မိမိတို့၏ကိစ္စကို ဆောင်ရွက်မှုတန်းလန်းနှင့်သာ တစိတ်တဒေသ အာရုံအရသာကို ခံစားကြရကုန်သည်။ ဝေဒနာ တရားသည်သာလျှင် အာရုံ၏ အရသာကို ခံစားမှုမှတပါး အခြားကိစ္စ တစုံတရာမျှမရှိဘဲ ထိုအာရုံ၏ အရသာကို ခံစားမှု၌ အစိုးတရ ပိုင်ပိုင်နိုင်နိုင် ခံစားခွင့် ရလေသည်။ အာရုံကို ခံစားခြင်းကိစ္စသည် ဝေဒနာနှင့်သာဆိုင်သော အာဝေနိကကိစ္စပေတည်း။ ထို့ကြောင့် ဝေဒနာဟူသော အမည်သည် အခြားသော စိတ် စေတသိက်တို့နှင့် မဆိုင်လေသတည်း။ ထို့ကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ၌ ဝေဒနာသည် မင်းနှင့် တူကြောင်း၊ သမ္ပယုတ်ဖြစ်သော စိတ်စေတသိက်တရားတို့သည် စဖိုသည် စားတော်ကဲနှင့် တူကြောင်းများကို ဖွင့်ဆို၏။

**ဝေဒနာအပြား။** ။ဤဝေဒနာသည် ခံစားမှု'အနုဘဝနဘေဒ'အားဖြင့် သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာဟူ၍ သုံးပါး ရှိ၏။ ဣန္ဒြေအပြားအားဖြင့် ဝေဘန်ရာ 'ဣန္ဒြိယဘေဒ'အားဖြင့် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာဟူ၍ ငါးပါး ရှိ၏။ စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ စသော 'ဒွါရဘေဒ'အားဖြင့် ခြောက်ပါး ရှိ၏။ ၎င်းဝေဒနာသည် ဈာနင်ကိစ္စတပ်၍ ဈာန်အင်္ဂါတပါး ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်တွင် "ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ" ပုဒ်များ၌ သက်ဝင်၏။ ပဋ္ဌာန်း၌ ဣန္ဒြိယပစ္စည်း, ဈာနပစ္စည်းများတွင် တရားကိုယ်တခု အဖြစ် ထင်ရှား၏။ ဆင်းရဲမှု, ချမ်းသာမှု ဟူသမျှသည် ဝေဒနာ၏ လက်ချက်စုပေတည်း။

## ဝေဒနာ၏အနက်လေးပါး

သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာဟူ၍ ဝေဒနာငါးပါးရှိလေသဖြင့် ထိုဝေဒနာငါးပါးတို့၏ အနက်လေးပါးတို့ကို အသီးအသီး ပြဆိုအံ့။

(က) သုခါ၊ သုခဝေဒနာသည်။

( ၁ ) ဣဋ္ဌဖောဋ္ဌဗ္ဗာနုဘဝနလက္ခဏာ=ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကောင်းကို ခံစားခြင်း လက္ခဏာ ရှိ၏။

(၂) ဗြူဟနရသာ=သမ္ပယုတ်တရားတို့ကို ပွါးတက်စေခြင်း ကိစ္စ ရှိ၏။
(၃) ကာယိကအဿာဒပစ္စုပဋ္ဌာနာ=ကိုယ်၌မှီသော သာယာခြင်းလျှင် ပစ္စုပဋ္ဌာန် ရှိ၏။
(၄) ကာယိန္ဒြိယပဒဋ္ဌာနာ=ကာယိန္ဒြေဟု ဆိုအပ်သော ကာယပသာဒ လျှင် ပဒဋ္ဌာန်ရှိ၏။

(ခ) ဒုက္ခာ၊ ဒုက္ခဝေဒနာသည်။

(၁) အနိဋ္ဌဖောဋ္ဌဗ္ဗာနုဘဝနလက္ခဏာ=အနိဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံညံ့ကို ခံစားခြင်း လက္ခဏာ ရှိ၏။
(၂) မိလာပနရသာ=သမ္ပယုတ်တရားတို့ကို ညှိုးနွမ်းစေခြင်း ကိစ္စ ရှိ၏။
(၃) ကာယိကာဗာဓပစ္စုပဋ္ဌာနာ=ကိုယ်၌ဖြစ်သော နာကျင်ခြင်း ပစ္စု-ပဋ္ဌာန် ရှိ၏။
(၄) ကာယိန္ဒြိယပဒဋ္ဌာနာ=ကာယိန္ဒြေဟုဆိုအပ်သောကာယပသာဒလျှင် ပဒဋ္ဌာန်ရှိ၏။

(ဂ) သောမနဿံ၊ သောမနဿဝေဒနာသည်။

(၁) ဣဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ=သဘာဝပရိကပ္ပဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာ ရှိ၏။
(၂) ဣဋ္ဌာကာရသမ္ဘောဂရသံ=ဣဋ္ဌာရုံအနေအားဖြင့် ခံစားသုံးဆောင်ခြင်းကိစ္စရှိ၏။
(၃) စေတသိကအဿာဒပစ္စုပဋ္ဌာနံ=စိတ်၌ ဖြစ်သော သာယာခြင်း လျှင် ပစ္စုပဋ္ဌာန် ရှိ၏။
(၄) ပဿဒ္ဓိပဒဋ္ဌာနံ=ကိုယ်စိတ်နှစ်ပါးတို့၏ငြိမ်းချမ်းခြင်း ပဒဋ္ဌာန် ရှိ၏။

(ဃ) ဒေါမနဿံ၊ ဒေါမနဿဝေဒနာသည်။

(၁) အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ=သဘာဝပရိကပ္ပအနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၏။
(၂) အနိဋ္ဌာကာရသမ္ဘောဂရသံ=အနိဋ္ဌာရုံအနေအားဖြင့် ခံစား သုံးဆောင်ခြင်းကိစ္စရှိ၏။
(၃) စေတသိကာဗာဓပစ္စုပဋ္ဌာနံ=စိတ်၌ဖြစ်သောနာကျင်ခြင်းပစ္စုပဋ္ဌာန် ရှိ၏။
(၄) ဟဒယဝတ္ထုပဒဋ္ဌာနံ=ဟဒယဝတ္ထုလျှင် ပဒဋ္ဌာန်ရှိ၏။

(င) ဥပေက္ခာ၊ ဥပေက္ခာဝေဒနာသည်။

(၁) မဇ္ဈတ္တ ဝေဒယိတ လက္ခဏာ=အလယ်အလတ် တည့်မတ်သမှု လျစ်လျူရှုသော ခံစားခြင်း လက္ခဏာရှိ၏။

(၂) နာတိပြူဟန မိလာပန ရသာ=သမ္ပယုတ်တရားတို့ကို လွန်စွာမပွါးစေခြင်း၊ လွန်စွာမညှိုးနွမ်းစေခြင်း ကိစ္စရှိ၏။

(၃) သန္တဘာဝ ပစ္စုပဋ္ဌာနာ=ငြိမ်သက်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) နိပ္ပီတိက စိတ္တ ပဒဋ္ဌာနာ=ပီတိမဲ့သောစိတ်လျှင် ပဒဋ္ဌာန်ရှိ၏။ ။ ဝေဒနာပြီး၏။

(၃) **သညာ**။ "သဉ္ဇာနာတီတိ သညာ"။ သဉ္ဇာနာတိ၊ နောက်ခါတဘန် သိရန်အမှု အမှတ်ပြုတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သညာ၊ သညာမည်၏။ ဤသညာသည် တစုံတခုသောဝတ္ထု၌ နောက်ခါတဘန် သိလွယ်ဘို့ရန်အတွက် အမှတ်ပြုခြင်းသဘောရှိ၏။ ရှေးက အမှတ်တရ သိပြီးမှတ်ပြီးသော ဝတ္ထုတစုံတခုအပေါ် သညာဖြစ်ပြန်သော်လည်း နောက်တဘန် သိလွယ်ရန် ထပ်မံ၍ မှတ်သားခြင်းကို ပြုသေးသည်သာလျှင် ဖြစ်၏။ ထိုသညာသည် မှတ်ခြင်းလက္ခဏာဖြင့် အဘန်ဘန်အထပ်ထပ် ဖြစ်လေသည်ရှိသော် မြဲမြံသော သညာအဖြစ်သို့ ရောက်၍ မှတ်အပ်သော ဝတ္ထုကို တသက်ပတ်လုံး အသက်ဆုံးသည်တိုင်အောင်သော်၎င်း၊ ဘဝတပါးသို့ ရောက်သည်တိုင်အောင်သော်၎င်း။ မမေ့မပျောက်နိုင်ဘဲ ခိုင်ခိုင်မြဲမြဲ မှတ်သားမှုကို ပြီးစေနိုင်၏။ မှားသောအားဖြင့် မှတ်သားခြင်းဟု ဆိုအပ်သော မိစ္ဆာသညာအဖြစ်သို့ ရောက်လေပါမူ ထိုမိစ္ဆာသညာနှင့် ပြည့်စုံသောသူကို ဘုရားအဆူဆူတို့ ချွတ်၍ မကျွတ်စေနိုင်အောင် ပြုတတ်လေ၏။

ထိုသညာကို နောင်တဘန်သိရန် နိမိတ်အမှတ်ကိုပြုရာ၌ သစ်ရွေသမားနှင့် တူကြောင်း ယူမြဲမှတ်မြဲတိုင်း နိမိတ်အမှတ်အသားဖြင့် စွဲစွဲမြဲမြဲမှတ်သားခြင်းကို ပြုရာ၌ မိမိတို့ တစွန်းတစ မှတ်မိကြသောအတိုင်း ဆင်၏ပုံပန်းကိုပြကြသော သူကန်းတို့နှင့် တူကြောင်း ထင်မြင်လာသောအာရုံကို မစူးမစမ်း ထင်လာသောအတိုင်းသာ ယူတတ်ရာ၌ မြက်၊ ကောက်ရိုးဖြင့် ပြုလုပ်သော ကောက်ရိုးလူရုပ်ကို အဟုတ်အဟတ် လူဟူ၍ထင်မှတ်သော တောသမင်ငယ်ကလေးများနှင့် တူကြောင်းများကို အဋ္ဌကထာ၌ ပြဆို၏။ မြတ်စွာဘုရားကိုယ်တော်တိုင်ပင်——

သဉ္ဇာနာတိ သဉ္ဇာနာတိ ခေါ ဘိက္ခဝေ ကသ္မာ သညာတိ ဝုစ္စတိ။ ကိဉ္စ သဉ္ဇာနာတိ၊ နီလံပိ သဉ္ဇာနာတိ၊ ပီတကံပိ သဉ္ဇာနာတိ။

စသည်ဖြင့် သညာ၏အကြောင်းကို ဟောကြားတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သဉ္ဇာနာတိ သဉ္ဇာနာတိ၊ မှတ်၍မှတ်၍ သိတတ်၏။ဣတိခေါတသ္မာ၊ ထိုကြောင့်။ သညာ၊ သညာမည်၏။ ကိဉ္စ သဉ္ဇာနာတိ၊ အဘယ်ကဲ့သို့ မှတ်၍ မှတ်၍ သိတတ်လေသနည်းဟူမူကား။ နီလံပိ၊ အညိုကိုလည်း။ သဉ္ဇာနာတိ၊ မှတ်၍သိတတ်၏။ ပီတကံပိ၊ ဝါဝါရွှေရွှေကိုလည်း။ သဉ္ဇာနာတိ၊ မှတ်၍ သိတတ်၏။ ဤကားအနက်။

**သညာအပြား။** ။ဤသညာသည် ရူပသညာ, သဒ္ဒသညာ စသော အာရမ္မဏ ဘေဒအားဖြင့် ခြောက်ပါးရှိ၏။ နိစ္စသညာ, သုခသညာ, အတ္တသညာ, သတ္တသညာ, ဇီဝသညာ, ပုရိသသညာစသောအားဖြင့် မိစ္ဆာ-သညာစုသည် များလှစွာ၏။ မှန်သောသစ္စာသညာမူကား အနိစ္စသညာ, ဒုက္ခ-သညာ, အနတ္တသညာဟူ၍ သုံးပါးမျှသာရှိ၏။ လောက၌ ဤသညာကို အသိအလိမ္မာဟု ခေါ်ကြ၏။

**သညာ၏ အနက်လေးပါး**

သညာ၊ သညာသည်။

(၁) သဉ္ဇာနန လက္ခဏာ=အမှတ်ပြု၍ သိခြင်းလက္ခဏာရှိ၏။

(၂) ပုန သဉ္ဇာနန ပစ္စယ နိမိတ္တ ကရဏ ရသာ=နောက်တဘန်သိရန် အကြောင်းနိမိတ်ကို ပြုခြင်းကိစ္စရှိ၏။

(၃) အဘိနိဝေသ ကရဏ ပစ္စုပဋ္ဌာနာ=ထိုးထွင်း၍ မကြံဘဲ အပေါ်ယံ လျှံကာသာ စွဲမြဲ၍နှလုံးသွင်းခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ယထောပဋ္ဌိတ ဝိသယ ပဒဋ္ဌာနာ=အကြင် ထင်တိုင်းသော အာရုံလျှင် နီးစွာသောအကြောင်း ရှိ၏။ ။သညာပြီး၏။

(၄) **စေတနာ**။ "စေတယတီတိ စေတနာ"။ စေတယတိ၊ နှိုးဆော်စေ့စပ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ စေတနာ၊ စေတနာမည်၏။ ဤစေတနာသည် မိမိနှင့်အတူတကွဖြစ်သော သမ္ပယုတ်တရားတို့ကို ထိုထိုအာရုံ ထိုထိုကိစ္စတို့၌ အညီအညွတ် အစဉ်တစိုက် ကိုယ်စီကိုယ်စီသော သတ္တိတို့ဖြင့် ဆောင်ရွက်ကြစေရန် နှိုးဆော်တိုက်တွန်းသော တရားဖြစ်၏။ အာရုံကို လက်ရောက် ရရှိစေရန်သော်၎င်း၊ ဆောင်ရွက်သော အမှုကိစ္စကို ပြီးစီးစေရန်သော်၎င်း၊ စီရင်ကြိုးစားသော တရား ဖြစ်၏။ ရဲမက်ယောက်ျားတို့အပေါ်တွင် စီမံခန့်ခွဲမှု, နှိုးဆော်အားပေးမှုတို့၌ လိမ်မာသော စစ်ဗိုလ်ချုပ်ကြီး၏ တခုသော စစ်ပွဲ၌ အညီအညွတ် ကိုယ်စီကိုယ်စီသော သတ္တိဖြင့် စစ်တိုက်ခြင်းကိစ္စကို စီမံဘိသကဲ့သို့ တခုသော အာရုံ, တခုသော အမှုကိစ္စ၌ သမ္ပယုတ်တရားတို့ကို တပေါင်းတစည်းတည်း

သက်ဝင်ဆောက်ရွက်ကြစေရန် နှိုးဆော်တတ်သောတရား ဖြစ်၏၊ ထိုစေတနာ၏ ကြောင့်ကြတခု ဂရုကတ ဗျာပါရစိုက်မှုကြောင့် သမ္ပယုတ်တရားတို့သည် မိမိ တို့၏ ဆောင်ရွက်ဖွယ်ကိစ္စတို့ကို အသီးအသီး ဆောင်ရွက်ကြကုန်လျက် တခု တခုသော အာရုံတခုတခုကိစ္စတို့မှာ ညီညီညာညာ ဖြစ်ကြကုန်၏။ အဋ္ဌသာလိနီ၌ ထိုစေတနာကို မိမိကိစ္စအတွက်လည်း ဆောင်ရွက်ပြုလုပ်ရ, သူတပါးကိုလည်း နှိုးဆော်တိုက်တွန်းရသော တပည့်ကြီး လက်သမားကြီး စသည်နှင့် တူကြောင်း ကို ပြဆို၏။

**စေတနာအပြား။**　　။ဤစေတနာသည် ရူပသဉ္စေတနာ, သဒ္ဒသဉ္စေတနာ စသော အာရမ္မဏာဘေဒအားဖြင့် ခြောက်ပါးရှိ၏။ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဟူသောပါဠိတော်ဖြင့် စေတနာကို ကံဟူ၍ ဟောတော်မူ၏။ ကုသိုလ်ကံ, အကုသိုလ်ကံ၊ သုစရိုက်ကံ, ဒုစ္စရိုက်ကံ၊ ကာယကံ, ဝစီကံ, မနောကံ၊ ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ စသောအားဖြင့် ကံ မျိုးတို့သည် များစွာကုန်၏။ အာဟာရလေးပါးတွင် စေတနာကို မနောသဉ္စေ- တနာအာဟာရ ခေါ်၏။ ပဋိစ္စသမုပ္ပါဒ်တွင် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ- ပစ္စယာ ဝိညာဏံ"ဟူသောပုဒ်၌ စေတနာကို သင်္ခါရခေါ်၏။ "ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ"ဟူသောပုဒ်၌ စေတနာကို ကမ္မဘဝခေါ်၏။

ပဋ္ဌာန်းတွင် ကမ္မပစ္စည်း, အာဟာရပစ္စည်းများတွင် ပါဝင်၏။ အလုံးစုံသော သုဂတိဘုံ, ဒုဂ္ဂတိဘုံတို့၌ သုဂတိခန္ဓာ, ဒုဂ္ဂတိခန္ဓာ ဖြစ်ပွါးပေါ်ပေါက်မှုသည် ဤစေတနာ၏ လက်ချက်ပေတည်း။

**စေတနာ၏ အနက်လေးပါး**

စေတနာ၊ စေတနာသည်။

(၁) စေတယိတ လက္ခဏာ=စေ့ဆော်ခြင်းကြောင့်ကြစိုက်ခြင်း လက္ခဏာ ရှိ၏။

(၂) အာယူဟန ရသာ=သမ္ပယုတ်တရားတို့ကို ထိုထိုအာရုံ၌ ရုံးစည်းယက် သဲ့ခြင်းကိစ္စရှိ၏။

(၃) သံဝိဓာန ပစ္စုပဋ္ဌာနာ=စီမံခြင်းစီရင်ခြင်းလျှင်ကင်သောအခြင်းအရာ ရှိ၏။

(၄) သေသ ခန္ဓတ္တယပဒဋ္ဌာနာ=ကြွင်းသော ခန္ဓာ ၃-ပါးလျှင် နီးစွာသော အကြောင်းရင်း ပဒဋ္ဌာန် ရှိ၏။ (ဆိုဘွယ်အထူးမရှိလျှင် နာမ်တရား တို့၏ ပဒဋ္ဌာန်သည် သေသခန္ဓတ္တယသာဖြစ်၏)။　　။စေတနာပြီး၏။

(၅) ကေဂ္ဂတာ။ "ဧကော အဂ္ဂေါ တေဿာတိ ဧကဂ္ဂ"။ တေဿ၊ ထိုစိတ်အား၊ ဧကော၊ အာရုံတခုတည်းဟု ဆိုအပ်သော။ အဂ္ဂေါ၊ အဘိုအစုသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဧကဂ္ဂံ၊ ဧကဂ္ဂမည်၏။ (ဤအရာ၌အဂ္ဂသဒ္ဒါ-ကောဋ္ဌာသ အနက်ဟော)။ အာရုံမပြား တသားတည်း တဘိုတည်း စူးစိုက်တည်ကြည်သော စိတ်ကို ရစေ။ "ဧကဂ္ဂဿ ဘာဝေါ ဧကဂ္ဂတာ"။ ဧကဂ္ဂဿ၊ အာရုံမပြား တသားတည်း တည်ကြည်သော စိတ်၏။ ဘာဝေါ၊ ဖြစ်ကြောင်း တရားသဘောသည်။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာမည်၏။ တည်ကြည်သောစိတ်၏ ဖြစ်ကြောင်းဖြစ်သော ဧကဂ္ဂတာစေတသိက်ကို ရစေ။ ဧကဂ္ဂတာအတွက်ကြောင့် စိတ်ဘည်ကြည်ရသောကြောင့် ဧကဂ္ဂတာသည် စိတ်၏ တည်ကြည်ကြောင်း မည်၏။ အာရုံတရားမည်သည် တခုတည်းပင်ဖြစ်သော်လည်း သဘောအမျိုးမျိုးနှင့် ပြည့်စုံ၏။ ရုပါရုံတခုတည်းကိုပင် လူအများ ဝိုင်းဝန်းကြည့်ရှုကြရာ၌ စိတ်အမျိုးမျိုးဖြစ်ကြပုံ, ပုဂ္ဂိုလ်တယောက်တည်းပင် ကြည့်ရှုသော်လည်း ပကြာမကြာ စိတ်တမျိုးတမျိုး ဖြစ်သွားပုံကို ထောက်လျှင် တခုသော အာရုံ၏ သဘောအမျိုးမျိုးရှိကြောင်းကို ထင်ရှားစွာ သိရလတ္တံ့။ ထိုကြောင့် တခုသော အာရုံ၏ သဘောအမျိုးမျိုးသို့ မရောက်စေဘဲ တခဏမျှပင် ဖြစ်သော်လည်း စိတ်၏ တည်တည်တံ့တံ့ စူးစိုက်မှုသဘောကို ဧကဂ္ဂတာ ခေါ်ရသည်။ ထိုဧကဂ္ဂတာသည် လေငြိမ်ရာ၌ ထွန်းညှိ၍ထားသော မီးတောက်နှင့်တူ၏ဟု အဋ္ဌကထာ၌ ဆို၏။

ဤဧကဂ္ဂတာကို သမာဓိလည်း ခေါ်၏။ သမထ, အဝိက္ခေပ, အပ္ပနာ ဟူ၍ ခေါ်၏။ ခဏိကသမာဓိ, ပရိကမ္မသမာဓိ, ဥပစာရသမာဓိ, အပ္ပနာသမာဓိ, အနိမိတ္တသမာဓိ, အပ္ပဏိဟိတသမာဓိ, သုညတသမာဓိ စသောအားဖြင့် များ၏။ ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, ဈာနင်, မဂ္ဂင် မျိုးဖြစ်၏။ ပဋ္ဌာန်းတွင် ဣန္ဒြိယပစ္စည်း, ဈာနပစ္စည်း, မဂ္ဂပစ္စည်းများ၌ ဝင်၏။

### ဧကဂ္ဂတာ၏ အနက်လေးပါး

ဧကဂ္ဂတာ၊ ဧကဂ္ဂတာသည်။

(၁) အဝိသာရ အဝိက္ခေပ လက္ခဏာ=အာရုံတပါးသို့ မိမိမရွေ့ရှားခြင်း, သမ္ပယုတ်တရားတို့ကို မပြန့်လွင့်စေခြင်း လက္ခဏာရှိ၏။

(၂) သဟဇာတ သမ္ပိဏ္ဍန ရသာ=သဟဇာတ်တရားတို့ကို ပေါင်းစည်းခြင်း ကိစ္စ ရှိ၏။

(၃) ဥပသမ ပစ္စုပဋ္ဌာနာ=စိတ်၏ ငြိမ်သက်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

(၄) သုခဝေဒနာ ပဒဋ္ဌာနာ = သုခဝေဒနာ သျှင်နီးစွာသောအကြောင်းရင်း ပဒဋ္ဌာန်ရှိ၏။ ။ကေဂ္ဂတာပြီး၏။

(၆) **ဇီဝိတိန္ဒြိယ**။ ဇီဝိတ ပုဒ်, ဣန္ဒြိယ ပုဒ်။ "ဇီဝန္တိ သမ္ပယုတ္တာ ဓမ္မာ ဧတေနာတိ ဇီဝိတံ"။ ဧတေန၊ ဤတရားဖြင့်။ သမ္ပယုတ္တာဓမ္မာ၊ ယှဉ်ဘက်ဖြစ်သော သမ္ပယုတ်တရားတို့သည်။ ဇီဝန္တိ၊ အသက်ရှင်ကြရကုန်၏၊ ဣတိ တသ္မာ၊ ထိုကြောင့်။ ဇီဝိတံ၊ ဇီဝိတမည်၏။ (သမ္ပယုတ်တရားတို့၏ ခန္ဓပရိနိဗ္ဗာန်တိုင် မပြတ်ဖြစ်နေမှုဟု ဆိုအပ်သော အသက်ရှင်ဘို့ရန် အကြောင်းတရား ဟူလို)။ ဤနေရာ၌ နာမ်တရားတို့ အပေါ်တွင် အစိုးတရဖြစ်သည်ကို ဣန္ဒြိယ ဟူ၍မှတ်။ "ဇီဝိတဉ္စ တံ ဣန္ဒြိယဉ္စာတိ ဇီဝိတိန္ဒြိယံ"။ ဇီဝိတဉ္စ၊ သမ္ပယုတ်တရားတို့၏ အသက်ရှင်ကြောင်းလည်း ဟုတ်၏။ တံ၊ ထိုအသက်ရှင်ကြောင်းဟူသည်။ ဣန္ဒြိယဉ္စ၊ နာမ်တရားတို့ကိုလည်း အစိုးရ၏။ ဣတိ တသ္မာ၊ ထိုနှစ်ပါးသော အနက်ကြောင့်။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြိယမည်၏။

"ငါနှင့် ကင်း၍ သင် သမ္ပယုတ်တရားတို့မှာ အသက်ရှင်နိုင်ခွင့် မရှိ။ ထိုကြောင့် သင်တို့၏ အသက်ရှင်မှုသည် ငါ၏လက်တွင်းမှာ ရှိနေ၏။ သင်တို့၏ အသက်ရှင်မှုကို ငါအစိုးရ၏"ဟု ဆိုဘိသကဲ့သို့ အသက်ရှင်မှုအတွက် သမ္ပယုတ်တရားတို့ အပေါ်တွင် လွှမ်းမိုးဘိစီး၍ ဖြစ်သော တရားကို ဇီဝိတိန္ဒြိယခေါ်သည်။

အနုပါဒိသေသပရိနိဗ္ဗာန်တိုင်အောင် သတ္တဝါတို့၏ သန္တာန်၌ အစဉ်တစိုက် မပြတ်မလပ် ဥပါဒ်ဖြစ်ပေါ်၍နေသော စိတ်အစဉ်သည် ပဝတ္တသန္တတိ မည်၏။ ထိုပဝတ္တသန္တတိ ဖြစ်စေရန် အစိုးရသောကြောင့် ဇီဝိတိန္ဒြေကို "ပဝတ္တသန္တ-တာဓိပတေယျ"ဟူ၍ အဋ္ဌသာလိနီ၌ ဆို၏။ ထိုစကားသင့်၏။ စိတ်အစဉ်သည် မပြတ်မလပ် ချုပ်ပျက်ဆုံးပါး၍ နေသော်လည်း ဇီဝိတိန္ဒြေရှိပေသည့်အတွက် ထပ်ကာထပ်ကာ အဘန်ဘန်ယှဉ်ပြန်၍ အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်တိုင် စပ်ဆက်၍ ဖြစ်ပေါ်၍ နေ၏။ ဤသို့ဖြစ်နေမှုကို အသက်ရှင်သည်ဟု ဆိုရ၏။ ဇီဝိတိန္ဒြေမရှိသော အဝိညာဏက အနိန္ဒြိယဗဒ္ဓတရားစုတို့၌ ထိုကဲ့သို့သော ပဝတ္တသန္တတိမည်သည် မရှိချေ။ ထိုဇီဝိတိန္ဒြိယသည် ကြာကို အစဉ်စောင့်ရှောက်သော ရေနှင့် တူ၏။ (ကြာနှင့် သမ္ပယုတ်တရားစု၊ ရေနှင့် ဇီဝိတိန္ဒြေ စပ်လေ)။ စိတ်, စေတသိက်တို့၏ အသက်ဖြစ်သော ဇီဝိတိန္ဒြိယသည် ဣန္ဒြေကိစ္စ တပ်၏။ ပဋ္ဌာန်းတွင် ဣန္ဒြိယပစ္စည်း၌ ပါဝင်၏။

**ဇီဝိတိန္ဒြေ၏ အနက်လေးပါး**

ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေသည်။

(၁) အနုပါလန လက္ခဏံ = သဟဇာတ်တရားတို့ကို စောင့်ရှောက်ခြင်း လက္ခဏာရှိ၏။

(၂) ပဝတ္တန ရသံ=မျှတစေခြင်း ဖြစ်စေခြင်း လက္ခဏာရှိ၏။
(၃) ထပန ပစ္စုပဋ္ဌာနံ=သဟဇာတ်တရားတို့ကို တည်စေခြင်း ထားခြင်း ပစ္စုပဋ္ဌာန်ရှိ၏။
(၄) သေသ ခန္ဓတ္တယ ပဒဋ္ဌာန်ရှိ၏။ ။ဇီဝိတိန္ဒြေ ပြီး၏။

(၇) မနသိကာရ။ "မနသိကရောတီတိ မနသိကာရော"။ မနသိကရောတိ၊ နှလုံးသွင်းတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ မနသိကာရော၊ မနသိကာရ မည်၏။ မနသိကာရသည် (၁) ဝီထိပဋိပါဒကမနသိကာရ။ (၂) ဇဝနပဋိပါဒကမနသိကာရ။ (၃) အာရမ္မဏပဋိပါဒကမနသိကာရ ဟူ၍ သုံးမျိုးရှိ၏။

(၁) ထိုတွင် ပဉ္စဒွါရ၌ ဖြစ်သော ဝီထိစိတ်အစဉ်ကို ပဉ္စာရုံနှင့် စပ်ဘက် ယှဉ်တွဲ၍ ပေးတတ်သော သဘောရှိသော ပဉ္စဒွါရာဝဇ္ဇန်းသည် ဝီထိပဋိပါဒက-မနသိကာရ မည်၏။

(၂) ဇောစိတ်အစဉ်ကို အာရုံအမျိုးမျိုးနှင့် စပ်ဘက် ယှဉ်တွဲ၍ ပေးတတ်သော မနောဒွါရာဝဇ္ဇန်းသည် ဇဝနပဋိပါဒကမနသိကာရ မည်၏။ (ဤမနသိ-ကာရ ၂-ပါးကိုပင် ယောနိသော မနသိကာရ,အယောနိသော မနသိကာရ ဟူ၍ အသီးအသီး ခေါ်ရ၏။ အကြောင်းအားလျော်စွာထောက်ပင့်လာက သင့်တင့်သောအားဖြင့်၎င်း, မသင့်မတင့်သောအားဖြင့်၎င်း အာရုံအမျိုးမျိုး၌ စိတ်အစဉ် ညွတ်ကိုင်းအောင်ပြုမှုကို ယောနိသော မနသိကာရ, အယောနိသော မနသိကာရ ခေါ်သည်)။

(၃) ပဋိသန္ဓေစိတ်မှစ၍ ဖြစ်ဖြစ်သမျှသော စိတ်အစဉ်သည် မိမိယူသော အာရုံကို လက်လွှတ်ကာ ချုပ်၍ သွားပါသော်လည်း တဘန် ဖြစ်ပေါ်လာပြန်သည်ရှိသော် အကြောင်း အထူး မကူပံ့စေရန် စီမံသော သဘောတမျိုးသည် ရှိ၏။ ထိုသဘောကို အာရမ္မဏပဋိပါဒက မနသိကာရ ခေါ်သည်။ ဤသဘောကိုသာလျှင် ဤအရာ၌ လိုအပ်၏။ ဤသဘောကို မနသိကာရစေတသိက် ခေါ်၏။ ဤမနသိကာရစေတသိက်သည် အာရုံ၌ စိတ်ကို ထည့်သွင်းတတ်၏။ စိတ်၌လည်း အာရုံကို ထည့်သွင်းတတ်၏။ အာရုံနှင့်စိတ်ကို စပ်ဘက်တွဲယှဉ်၍ ပေးသည်။ စိတ်နှင့်အာရုံကို စပ်ဘက် တွဲယှဉ်၍ ပေးသည် ဟူလို။ လိမ်မာသော ရထားထိန်းသည် မြင်းတို့ကို ရထားထမ်းပိုး၌ ညီညွတ်စွာကဲ၍ ဖြောင့်ဖြောင့် မောင်းနှင်ဘိသကဲ့သို့ မနသိကာရစေတသိက်သည်လည်း သမ္ပယုတ်တရားတို့ကို အာရုံတည်းဟူသောရထား၌ တင်၍ ကဲ၍ မောင်းနှင်တတ်၏။ ထိုကြောင့် မနသိကာရ စေတသိက်သည် ရထားထိန်းနှင့် တူ၏ဟု ဆိုရသည်။ ဤမနသိကာရ စေတသိက်ကို ဓမ္မသင်္ဂဟပါဠိတော်၌ အသီးအခြားထုတ်ဖော်၍ ဟောတော်မမူ အပ်လေသောကြောင့် ယေဝါပနကတရားဟူ၍ ခေါ်၏။

## မနသိကာရ၏ အနက်လေးပါး

မနသိကာရော၊ မနသိကာရသည်။

(၁) သာရဏ လက္ခဏော=သမ္ပယုတ်တရားတို့ကို အာရုံသို့ စိုင်းနှင်ခြင်း လက္ခဏာ ရှိ၏။

(၂) သံယောဇန ရသော=အာရုံ၌ ယှဉ်စေခြင်းကိစ္စ ရှိ၏။

(၃) အာရမ္မဏာ ဘိမုခီဘာဝ ပစ္စုပဋ္ဌာနော=အာရုံသို့ရှေးရှုခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

(၄) အာရမ္မဏ ပဒဋ္ဌာနော=အာရုံလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန် ရှိ၏။　　။မနသိကာရ ပြီး၏။

ဆိုပြီးခဲ့သော စေတသိက် ၇-ပါးသည် အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်။ အကျယ် တရာ့နှစ်ဆယ့်တပါးတို့နှင့် ဆက်ဆံလေသောကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် မည်သည်။　ဝိဂ္ဂြိုဟ်ကား “သဗ္ဗေသံ စိတ္တာနံ သာဓာရဏာတိ သဗ္ဗစိတ္တသာဓာရဏာ”။ သဗ္ဗေသံ စိတ္တာနံ၊ အလုံးစုံသော စိတ်တို့နှင့်။ သာဓာရဏာ၊ ဆက်သံကုန်သည်တို့တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ သဗ္ဗစိတ္တသာဓာရဏာ၊ သဗ္ဗစိတ္တသာဓာရဏ မည်ကုန်၏။

သဗ္ဗစိတ္တသာဓာရဏစေတသိက် ပြီး၏။

---

## ပကိဏ်းစေတသိက် ခြောက်ပါးကို ပြဆိုရာ

**(၄၅) တက်, စာ, ဝီ, ပီ၊ ဆန်, အဓိ၊ မြွမ်းဘိ ပကိဏ်းခြောက်။**

ဤကဗျာဖြင့် ဝိတက်စသော ပကိဏ်းစေတသိက် ခြောက်ခုကို ပြဆို၏။

( ၁ ) ဝိတက်။　“ဝိတက္ကေတီတိ ဝိတက္ကော”။ဝိတက္ကေတိ၊ ထွေထွေလာလာ ကြံစည်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဝိတက္ကော၊ဝိတက် မည်၏။ ထွေထွေလာလာ ကြံစည်မှု ဆိုသည်ကား တခုသော အာရုံအပေါ် သို့ မိမိလည်း တက်ရောက်ခြင်း, သမ္ပယုတ်တရားတို့ကိုလည်း တက်ရောက်နိုင်အောင် တင်ခြင်း အမှုပေတည်း။ တခုသော အာရုံမှ သက်၍ တခုသော အာရုံအပေါ် သို့ ရောက်အောင် တက်ခြင်းကို ကြံစည်သည်ဟု ဆိုရလေသည်။ ဝိတက်သည် အာရုံသစ် တခုသို့ တက်ရောက်သည်ရှိသော် သမ္ပယုတ်တရားတို့သည်လည်း ဝိတက်နောက် သို့ လိုက်၍ အာရုံသို့ တက်ကြကုန်၏။ သမ္ပယုတ်တရားတို့၏ အာရုံသို့ တက်မှုကို ဝိတက်သည်ပင် ပြုပြင် ဆောင်ရွက်ရသောကြောင့် ဝိတက်သည်ပင် အာရုံသို့ တင်၍ ပေးသည် မည်၏။ထိုကြောင့် ဝိတက်ကို အာရမ္မဏာဘိနိရောပနလက္ခဏာ

ရှိ၏ဟု အဋ္ဌကထာ၌ ဆို၏။ မင်းနှင့် အကျွမ်းဝင်သော ဘဏ္ဍာစိုးစသော သူကို မှီ၍ မင်း၏အိမ်သို့တက်ရောက်ရသော တောတွင်းသားတို့ကဲ့သို့ ဝိတက်တည်း ဟူသော အမှီကိုရ၍ သမ္ပယုတ်တရားတို့ အာရုံသို့ တက်ရောက်နိုင်ကြလေ ကုန်သည်။

ဝိတက်နှင့်မယှဉ်သော အဝိတက္ကစိတ် ၆၆-ပါး သမ္ပယုတ်တရားတို့သည်လည်း သဝိတက္ကစိတ်သန္တာန်၌ ဝိတက်နှင့်အတူတကွ ဖြစ်လေ့ရှိသောကြောင့် ဝိတက် ပင်မပါသော်လည်း အာရုံသို့ တက်နိုင်ကြလေကုန်သည်။ ယခင်ပြဆိုပြီးသော တောတွင်းသားသည် ရာဇဝလ္လဘ မင်းကျွမ်းဝင်သောသူနှင့် မင်းအိမ်သို့ တက်ဘူးသောအလေ့ကြောင့် နောင်မင်းကျွမ်းဝင်သူမပါသော်လည်း ကိုယ်တိုင် ပင် မင်းအိမ်သို့ တက်ရောက်နိုင်သကဲ့သို့မှတ်။

တနည်း ကြံဘွယ်ကား—ဒွေးပဉ္စဝိညာဏ်စိတ် ၁၀-သည် ဝတ္ထုနှင့် အာရုံထိ ခိုက်မှုနှင့် ဖြစ်ရသောကြောင့် ဝိတက်၏အစွမ်းဖြင့် အာရုံသို့ တင်ခွင့်မလိုပြီ။ ကိုယ့်ဘာသာပင် လက်ငင်းတိုက်ခိုက်လာသော ပဉ္စာရုံသို့ တက်နိုင်လေသည်။ ဒုတိယဈာန်စိတ် စသည်တို့မူကား ဝိတက်စသည်ကိုပယ်ရန် ကြိုးစား၍ ပွါးများ သော ဥပစာရဘာဝနာ၏ အစွမ်းအားဖြင့် ဝိတက်မပါသော်လည်း အာရုံသို့ တက်နိုင်လေတော့သည်။

မဏိမဉ္ဇူသာဋီကာ(?)

မဏိမနိကာယ်အဋ္ဌကထာကား ဤသို့ဆိုသေး၏၊ စိတ်သည်လည်း အာရုံသို့ တက်စွမ်းနိုင်သော သဘောရှိ၏၊ ထိုစိတ်၏ အပါးတော်မြဲ အဘော်သဟဲကြီး ကား မနသိကာရစေတသိက်ပေတည်း။ အကယ်၍ မနသိကာရတည်းဟူသော အဘော်မရှိခဲ့ပါမူ ပဲ့တက်မရှိသောလှေကဲ့သို့ တောင်တောင်မြောက်မြောက် ရောက်တတ်ရာရာ အစူအစဉ်မရှိသော အာရုံကိုယူ၍ ဖြစ်ချင်တိုင်း ပေါက်လွှတ် ဖြစ်လေရာ၏၊ ထိုကြောင့် ဒွေးပဉ္စဝိညာဏ် ၁၀-သည် မနသိကာရတည်းဟူသော အဘော်သဟဲကို အားပြု၍ မိမိ၏ အာရမ္မဏဝိဇာနနသတ္တိဖြင့် အာရုံသို့ တက် နိုင်လေသည်။ ဒုတိယဈာန်စိတ်စသည်တို့သည်လည်း မနသိကာရ,ဝီရိယ, သတိ တည်းဟူသော အဘော်သဟဲတို့ကို အားပြု၍ အာရုံသို့ တက်ရောက်နိုင်လေ သည်။ ဝိတက်မူကား ထွေထွေလာလာ အဖြာဖြာသော ကြံစည်ဘွယ်တို့ဖြင့် ကြံစည်၍ မိမိနှင့်တကွဖြစ်ကုန်သော သမ္ပယုတ်တရားတို့ကို အာရုံသို့ တင်ပေး ခြင်းအမှု၌ အလွန် လိမ္မာကျွမ်းကျင်၏၊ သမ္ပယုတ်တရားတို့၏ အာရုံသို့တက်ရန် အရေး၌ အားပေးအားမြှောက်မှုကို ကောင်းစွာ ဆောင်ရွက်ပေ၏၊ ထိုကြောင့် ဤအာရမ္မဏာဘိနိရောပနကိစ္စတွင် အခြားသောတရားတို့ထက် သာလွန်သော ဗျာပါရရှိလေ၏၊ ထိုကြောင့် ဝိတက္က=ဝိတက် ဟူသောဘွဲ့ဖြင့် ခေါ်ဆိုရလေ သည်။ ဤကား မဏိမနိကာယ် အဋ္ဌကထာ၏ စကားတည်း။

ဤဝိတက်သည် သက်ပ္ပလည်းမည်၏၊ သမ္မာသင်္ကပ္ပ, မိစ္ဆာသင်္ကပ္ပဟူ၍ နှစ်ပါး ရှိ၏။ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်ဟူ၍ မိစ္ဆာဝိတက် ၃-ပါး၊ နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသာဝိတက်ဟူ၍ သမ္မာဝိတက် ၃-ပါး၊ ထို့ပြင် ရူပဝိတက်, သဒ္ဒဝိတက်, ဉာတိဝိတက်, ဂဏဝိတက်စသောအားဖြင့်များ၏။ ၎င်းဝိတက်သည် ဈာနင်ကိစ္စ, မဂ္ဂင်ကိစ္စ တပ်၏။ ပဋ္ဌာန်းတွင် ဈာနပစ္စည်း, မဂ္ဂပစ္စည်းများမှာ ပါဝင်၏။

## ဝိတက်၏ အနက်လေးပါး

ဝိတက္ကော၊ ဝိတက်သည်။

(၁) အာရမ္မဏာ ဘိနိရောပန လက္ခဏော=သမ္ပယုတ်တရားတို့ကို အာရုံ ထက်သို့ ရှေးရှုတင်ခြင်း လက္ခဏာရှိ၏။

(၂) အာဟနန ပရိယာဟနန ရသော=အာရုံသို့ ရှေးဦးစွာ တိုက်ခိုက်ခြင်း အဘန်ဘန်တိုက်ခိုက်ခြင်း ကိစ္စရှိ၏။

(၃) အာနယန ပစ္စုပဋ္ဌာနော= ရှေးဦး ခေါင်းဆောင်ဖြစ်ခြင်းလျှင် ထင် သော ပစ္စုပဋ္ဌာန်ရှိ၏။

(၄) သေသခန္ဓတ္တယ ပဒဋ္ဌာန်ပင်။　　။ဝိတက်ပြီး၏။

(၂) **ဝိစာရ**။ "ဝိစရတိ ဝိစာရေတီတိ ဝါ ဝိစာရော"။ဝိစရတိ၊ မိမိလည်း အာရုံ၌ တရစ်ဝဲဝဲ ဖြစ်တတ်၏။ ဝါ၊ တနည်းကား ဝိစာရေတိ၊ သမ္ပယုတ်တရား တို့ကိုလည်း အာရုံ၌ တရစ်ဝဲဝဲ ဖြစ်စေတတ်၏။ဣတိတသ္မာ၊ထို့ကြောင့်။ ဝိစာရော၊ ဝိစာရမည်၏။ ဝိတက် တင်အပ်သော အာရုံ၏သဘော သဘာဝ အာကာရ အခြင်းအရာကို ကောင်းစွာ ထင်ရှားပေါ်လာစေခြင်းငှါ ထိုအာရုံထက်၌ တရစ် ဝဲဝဲ အဘန်တလဲလဲ သုံးသပ်သော အနေအားဖြင့် ဖြစ်မှုကို ဝိစာရ ဆိုသည်။

ဝိတက်နှင့် ဝိစာရနှစ်ပါးအထူးကား——ဝိတက်သည် ရှန့်ရင်းကြမ်းတမ်း၏။ ရှေ့သွားလည်းဖြစ်၏။အာရုံတခုခု၌ စိတ်၏ ရှေးဦးစွာ ရပ်နားကျရောက်မှု ဖြစ်၏။ခေါင်းလောင်း၏ ပထမတီးခတ်သော အသံနှင့်တူ၏။ငှက်၏ ကောင်းကင် ထက်သို့ ပျံတက်မှုနှင့်လည်း တူ၏။

ဝိစာရသည်ကား နူးညံ့သိမ်မွေ့၏။ ဝိတက်၏ နောက်လိုက်သမားဖြစ်၏။ အာရုံထဲ၌ စိတ်ကို ဘွဲ့နှောင်၍ ထားတတ်၏။ ခေါင်းလောင်း၏ အဆင့်ဆင့် ညီးညီးညူညူ ရင့်ရှူမြည်ဟည်း၍နေသည်နှင့် တူ၏။ကောင်းကင်သို့ တက်ပြီးသော ငှက်ကြီး၏ အထက်ကောင်းကင် လေဟုန်ထဲမှာ ဝဲ၍နေမှုနှင့်လည်း တူ၏။

ဤဝိစာရသည် ရူပဝိစာရ, သဒ္ဒဝိစာရ စသော အာရမ္မဏဘေဒအားဖြင့် ခြောက်ပါးရှိ၏။ စျာနင်္ဂကိစ္စတပ်၍ စျာနပစ္စည်း၌ အကျုံးဝင်၏။

## ဝိစာရ၏ အနက်လေးပါး

ဝိစာရော၊ ဝိစာရသည်။

(၁) အနုမဇ္ဇန လက္ခဏော=အာရုံကို အဘန်တလဲလဲ ရစ်ဝဲသုံးသပ်ခြင်း လက္ခဏာရှိ၏။

(၂) အနုယောဇန ရသော=သမ္ပယုတ်တရားတို့ကို အာရုံ၌ မပြတ်ယှဉ်စပ်ခြင်း ကိစ္စရှိ၏။

(၃) အနုပ္ပဗန္ဓန ပစ္စုပဋ္ဌာနော=အဘန်တလဲလဲ ဘွဲ့ခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏။

(၄) သေသခန္ဓတ္တယ ပဒဋ္ဌာန်ပင်။ ။ဝိစာရ ပြီး၏။

(၃) ဝီရိယ။ အမှုအမျိုးမျိုးတို့၌ မတွန့်မဆုတ် ဟုတ်ဟုတ်ဟတ်ဟတ် ရဲရင့်သောသူကို 'ဝီရ'ဟူ၍ ဆိုအပ်၏။ ထို'ဝီရ'ပုဂ္ဂိုလ်သည် ကြီးကျယ်သော အမှုမျိုးကိုပင်သော်လည်း ကြီးကျယ်၏ မထင်၊ အမှုငယ် ကလေးဟုပင် ထင်၏။ ခဲခက်သော အမှုမျိုးကိုပင်သော်လည်း ခဲခက်သည် မထင်၊ အလွယ်ကလေးပင်ဟု မှတ်ထင်၏။ လေးသောဝန်ကိုပင်သော်လည်း လေး၏ မထင်၊ ပေါ့သည်ဟု ထင်၏။ မိမိ၏ဆင်းရဲမှုကို မရေတွက် မထောက်ထား၊ ကြိုးစားအပ်သော အမှုမျိုး၏ ပြီးစီးရန်ကိုသာ အမြဲ မြော်လင့်သော ကိုယ်စိတ်ရှိ၏။ ထို'ဝီရ'ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော ရဲရင့်မှု အားထုတ်မှုသည် 'ဝီရိယ'မည်၏။

"ဝီရဿ ဘာဝေါ ဝီရိယံ"။ ဝီရဿ၊ အမှုအမျိုးမျိုး၌ ရဲရင့်သောသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဝီရိယံ၊ ရဲရင့်သောသူ၏ ဖြစ်ကြောင်း။

တနည်းကား—"ဝီရဿ တေန္တိ ဝီရိယံ"။ ဝီရဿ၊ ရဲရင့်သော သူ၏။ တံ၊ ဤအမှုတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝီရိယံ၊ ဝီရိယမည်၏။ "ဝီရိယဝတော ဘိက္ခဝေ ကိန္နာမ ကမ္မံ န သိဇ္ဈတိ"ဟူသည်နှင့်အညီ ဝီရိယနှင့်ပြည့်စုံသော ဝီရပုဂ္ဂိုလ်သည် ဘယ်အမှုမျိုးပင်မဆို မပြီးမနေရဟု ဆောင်ရွက်ပြုလုပ်ခြင်း အလေ့ရှိ၏။ ထိုဝီရိယ၏ အထောက်အပံ့ကို ရသော သမ္ပယုတ်တရားတို့သည် အခါခပ်သိမ်း နောက်ဆံရှက်ထွေး ဦးလေးကြောက်ရွံ့ တွန့်တိုဆုတ်နစ်ခြင်း မရှိကြကုန်ဘဲ ဦးလည်မော့မော့ မလျော့တောင့်တင်း ထန်ပြင်းကြိုးကုတ် အဟုတ်အဟတ် မိမိတို့ ပြုထိုက်သော ကိစ္စ၏ ပြီးစီးရန်အရေး၌သာ ပြုလုပ်ဆောင်ရွက်ကြမည် အနေနှင့် ဖြစ်ကြကုန်၏။ ထိုသို့သော အခြင်းအရာအားဖြင့် သမ္ပယုတ်

တရားတို့ ဖြစ်ကြကုန်လျှင် ထိုတရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်လည်း မိမိ အကျိုးငှါသော်၎င်း, သူတပါးတို့၏ အကျိုးငှါသော်၎င်း, ပြုလုပ်ဆောင်ရွက်ရန် အမြဲ ကြောင့်ကြစိုက်ရန် အသင့်ပြင်ဆင်ပြီးသော ကိုယ်စိတ်ရှိကြကုန်၏။

ထို့ကြောင့် "ဝိသေသေန သက,ပရ ဟိတပဟောတု ဤရန္တိ ကမ္မန္တိ ဧတေ-နာတိ ဝီရိယံ"။ ဧတေန၊ ဤတရားဖြင့်။ သကပရဟိတပဟောတု၊ မိမိ၏အကျိုး, သူတပါးတို့၏ အကျိုးဟူသော အကြောင်းကြောင့်။ ဝိသေသေန၊ အထူးသဖြင့်။ ဤရန္တိ ကမ္မန္တိ၊ လှုပ်လှုပ်ရှားရှား ရပ်မနားဘဲ ကြိုးစားအားထုတ်ကြကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ကြိုးစားအားထုတ်ကြောင်းဖြစ်သော သတ္တိကြောင့်။ဝီရိယံ၊ ဝီရိယမည်၏။ ဤသို့လည်း ဝိဂ္ဂိုဟ်ပြုရသေး၏။ ဤဝီရိယသည် ကျောင်း အိမ် စသည်များမှာ ထောက်ခံထမ်းဆောင်သော ဒိုင်း, မြား, ကျားတိုင်တို့နှင့် တူ၏။ ကောင်းစွာ အားထုတ်လျှင် အလုံးစုံသော ချမ်းသာဟူသမျှကို ရနိုင်ရန် အကြောင်းမူလကြီးလည်း ဖြစ်ပေ၏။

ဤဝီရိယကို ဝါယာမလည်း ခေါ်၏။ သမ္မာဝါယာမ, မိစ္ဆာဝါယာမ ဟူ၍ ၂-ပါးရှိ၏။ အာရမ္ဘဓာတ်, နိက္ခမဓာတ်, ပရက္ကမဓာတ် ဟူ၍လည်း ခေါ်၏။ သမ္မပ္ပဓာန်လည်း ခေါ်၏။ သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်, ကိစ္စတပ်၍ အဓိပတိပစ္စည်း, ဣန္ဒြိယပစ္စည်း, မဂ္ဂပစ္စည်းများတွင် အကျုံးဝင်၏။

## ဝီရိယ၏ အနက်လေးပါး

ဝီရိယံ၊ ဝီရိယသည်။

(၁) ဥဿဟန လက္ခဏံ=အားထုတ်ခြင်းလက္ခဏာရှိ၏။

(၂) သဟဇာတာနံ ဥပတ္ထမ္ဘန ရသံ=သဟဇာတ်တရားတို့ကို ထောက်ပံ့ အားပေးခြင်း ကိစ္စရှိ၏။

(၃) အသံသီဒန ပစ္စုပဋ္ဌာနံ=မဆုတ်မနစ်ခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန် ရှိ၏။

(၄) သံဝေဂဝတ္ထု ပဒဋ္ဌာနံ=ဇာတိ, ဇရာ စသော သံဝေဂဝတ္ထု ရှစ်ပါးလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိ၏။

တနည်းကား––ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနံ၊ ကမ္မ, မဂ္ဂ စသော ဝီရိယာရမ္ဘဝတ္ထု ရှစ်ပါးလျှင် ပဒဋ္ဌာန်ရှိ၏။　　။ဝီရိယ ပြီး၏။

(၄) **ပီတိ**။ "ပီနယတီတိ ပီတိ"။ ပီနယတိ၊ အားရနှစ်လို ပျို့စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပီတိ၊ ပီတိမည်၏။ ပီတိသည် နှစ်သက် အားရခြင်းသဘောရှိလေသောကြောင့် ထိုပီတိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်

ကောင်းစွာပွင့်သော ပဒုမ္မာကြာပန်းကဲ့သို့ရင်း, အညစ်အကြေး ကင်းသော ကောင်းကင်ပြင်၌ လဝန်းကြီးကဲ့သို့ရင်း, တင့်တယ် ရှင်လန်း အားရမ်း နှစ်လို ပျို့သောကိုယ်စိတ်ရှိကြကုန်၏။

ထိုပီတိကို ပါမောဇ္ဇဟူ၍လည်း ခေါ်၏။ ခုဒ္ဒကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ,ဥဗ္ဗေဂါပီတိ,ဖရဏာပီတိဟူ၍ ပီတိ ၅-မျိုး ရှိ၏။ သိတ်ငြိမ်ရာဌာနသို့ ကပ်၍ ဘာဝနာအလုပ်ဖြင့် ရအပ်သောပီတိကို ဝိဝေကဇပီတိဟုခေါ်၏။ ထိုပီတိသည် ဈာနင်ကိစ္စ,ဗောဇ္ဈင်္ဂကိစ္စတပ်၍ ဈာနပစ္စည်း၌ အကျုံးဝင်၏။

## ပီတိ၏ အနက်လေးပါး

ပီဏိ၊ ပီတိသည်။

(၁) သမ္ပိယာယန လက္ခဏာ=အားရနှစ်လို ပျို့ခြင်းလက္ခဏာရှိ၏။

(၂) ပီဏန ရသာ=ကိုယ်စိတ်တို့ကို ပြည့်ဖြိုးစေခြင်း ကိစ္စရှိ၏။

(၃) ဩဒဂျ ပစ္စုပဋ္ဌာနာ=တက်ကြွဝမ်းမြူးခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန် ရှိ၏။

(၄) သေသခန္ဓတ္တယ ပဒဋ္ဌာန်ပင်။

## ပီတိ ၅-ပါး အဓိပ္ပါယ်

(၁) ကိုယ်၌ ကျက်သီးမွေးညှင်းထရုံမျှဖြစ်သော ပီတိသည် ခုဒ္ဒကာပီတိ မည်၏။

(၂) လျှပ်စစ်ပြက်သန်းသည့်ပမာ ခဏခဏ ဖြန်းကနဲဖြန်းကနဲဖြစ်သော ပီတိသည် ခဏိကာပီတိ မည်၏။

(၃) သမုဒ္ဒရာလှိုင်းပမာသို့ ကိုယ်မှာသက်၍သက်၍ ပြက်သောပီတိသည် ဩက္ကန္တိကာပီတိ မည်၏။

(၄) ကိုယ်ကို လွင့်ပါးပျံတက်စေနိုင်ဘိအောင် အားရှိသော ပီတိသည် ဥဗ္ဗေဂါပီတိ မည်၏။

(၅) ကိုယ်လုံးစိမ့်လျှမ်း ရေဝှေ့သော တောင်ဝှမ်းကဲ့သို့ ငြိမ်းချမ်းပျံ့နှံ့သောပီတိသည် ဖရဏာပီတိ မည်၏။ ။ပီတိပြီး၏။

(၅) ဆန္ဒ။ "ဆန္ဒနံ ဆန္ဒော"။ ဆန္ဒနံ၊ ပြုလိုဖြစ်လိုခြင်း။ ဆန္ဒော၊ ပြုလိုဖြစ်လိုခြင်း။ ဆန္ဒသည် တဏှာဆန္ဒ, ကတ္တုကမျတာဆန္ဒဟူ၍ ၂-ပါးရှိ၏။ ထိုတွင် တပ်မက် စွန်းငြိသောအားဖြင့် အလိုရှိမှုသည် တဏှာဆန္ဒ မည်၏၊ တပ်မက်

စွန်းငြိသည် မဟုတ်၊ ပြုလိုသည် ဖြစ်လိုသည် ရလိုသည် သွားလိုသည် တပ်လိုသည် စသောအားဖြင့် ကြိယာတိုင်းနှင့် ဆက်ဆံသော လိုလားမှုသည် ကတ္တုကမျတာ ဆန္ဒမည်၏။ ဤကတ္တုကမျတာ ဆန္ဒကိုသာလျှင် ဤနေရာ၌ အလိုရှိအပ်၏။

ထိုဆန္ဒသည် အာရုံကို အလိုရှိ၏ဟု ဆိုသော်လည်း တဏှာကဲ့သို့ သာသာယာယာ ငြိငြိစွန်းစွန်း စွဲစွဲလမ်းလမ်း လိုလားသည် မဟုတ်။ စင်စစ်မူကား လိုအပ်သောအာရုံကို ရယူနိုင်ရန် လက်လှမ်းမြော်လင့်သော အနေမျှသာ ဖြစ်၏။ ဥပမာကား ဥစ္စာစည်းစိမ် ဂုဏ်သိမ်အခြံအရံအတွက် အမှုတော်ထမ်းဖြစ်သော မင်း၏လေးသမားသည် ရန်သူတို့ကို နှိပ်နင်းညှဉ်းဆဲရန် ပစ်လိုက်ရမည်ဖြစ်သော မြှားတို့ကို များများပင်အလိုရှိရလေသကဲ့သို့ ထိုအတူ ဤဆန္ဒသည်လည်း သူတပါးတို့အား ပေးကမ်းစွန့်ကြဲဘို့ရန်ဖြစ်သော ဒါနဝတ္ထုတို့ကို မရသေးလျှင် ရလို၏၊ ရပြီးလျှင်လည်း စောင့်ရှောက်လို၏။ ဤသို့စသည်ဖြင့် ဖြစ်သော လိုလားမှုကိုသာ ဆန္ဒခေါ်ရသည်။

ဆန္ဒနှင့်ယှဉ်သောစိတ်သည် အားကြီးသော ဆန္ဒ၏ အစွမ်းအားဖြင့် အာရုံကို ယူသည်ရှိသော် အလွန် အလိုရှိဘိသကဲ့သို့ လုလုယက်ယက် အနိုင်အထက် ယူတတ်၏၊ ထို့ကြောင့် ဤဆန္ဒကို အာရုံယူသောအရာဝယ် စိတ်၏လက်လှမ်းမှုနှင့်တူ၏ဟု အဋ္ဌကထာ၌ဆို၏။ ဤဆန္ဒသည် အားအစွမ်းရှိ၍လာခဲ့ပါမူ တဏှာထက်ပင် အားအင်ရှိလာ၏၊ ထို့ကြောင့် ဆန္ဒသည် ဣဒ္ဓိပါဒ်ကိစ္စ, အဓိပတိကိစ္စ တပ်နိုင်လေသည်။ အကယ်၍ တဏှာထက် အားမကြီးဘဲ တဏှာနှင့် မျှတရုံသော အားအစွမ်းမျှရှိခဲ့ပါမူ သတ္တဝါအပေါင်းတို့သည် တဏှာ၏လက်၌ အမြဲတည်ကြကုန်လျက် တဏှာသိမ်းပိုက်အပ်ကုန်သော ဥစ္စာစည်းစိမ် မင်း၏စည်းစိမ် နတ်ချမ်းသာ ဗြဟ္မာချမ်းသာတို့ကို စွန့်လွှတ်ပယ်ခွါ၍ သုံးဖြာသော ဝဋ္ဋဒုက္ခမှ လွတ်ထွက်နိုင်သောသူဟူ၍ တစုံတရာမျှ မရှိခဲ့လေရာ၊ တဏှာထက် ဆန္ဒကသာလျှင် သာလွန် အားရှိလေသောကြောင့် တဏှာသိမ်းပိုက်သမျှသော စည်းစိမ်ဟူသမျှတို့ကို အတင်းပယ်စွန့်၍ သမ္မာဆန္ဒ၏ ရည်ရွယ်ချက်အတိုင်း ဝဋ္ဋ ၃-ပါးမှ လွတ်ထွက်နိုင်သော ပုဂ္ဂိုလ်အမျိုးတို့သည် ထင်ရှားစွာ ရှိကြကုန်၏။

ဆန္ဒသည် ကာမစ္ဆန္ဒ, ဓမ္မစ္ဆန္ဒဟူ၍ ၂-ပါးရှိ၏။ ကာမဂုဏ်အဆောက်အဦကို အလိုရှိသည်ကား ကာမစ္ဆန္ဒမည်၏၊ သူတော်ကောင်းတရားကို အလိုရှိသည်ကား ဓမ္မစ္ဆန္ဒမည်၏။ ထိုဆန္ဒသည် ရာဂနှင့် တွဲယှဉ်မိလျှင် ရာဂကို လွန်စွာအားရှိစေ၏၊ ထိုရာဂမျိုးကို ဆန္ဒရာဂခေါ်၏။ အဂတိလေးပါးတွင် ဆန္ဒာဂတိ၌ အကျုံးဝင်၏။ ဣဒ္ဓိပါဒ်ကိစ္စ, အဓိပတိကိစ္စတပ်၍ အဓိပတိပစ္စည်း၌ အကျုံးဝင်၏။ ထက်သန်၍ အဓိပတိကိစ္စတပ်လာလျှင် အတုမရှိ ကြီးကျယ်သော တရားဘုရင်

ကြီးဖြစ်လေ၏။ ထက်သန်သော ဓမ္မစ္ဆန္ဒ, ဝိဝဋ္ဋစ္ဆန္ဒကပ်ရောက်လာလျှင် စကြာမင်းကြီး၏ စည်းစိမ်၌ သာယာ တွယ်တာသော တဏှာထုကြီးသည်ပင် ခဏခြင်း ကွယ်ပျောက်ရလေ၏။

## ဆန္ဒ၏ အနက်လေးပါး

ဆန္ဒော၊ ဆန္ဒသည်။

(၁) ကတ္တုကာမတာ လက္ခဏော=ပြုလိုခြင်း လက္ခဏာရှိ၏။

(၂) အာရမ္မဏ ပရိယေသန ရသော=အာရုံကို ရှာမှီးခြင်းကိစ္စရှိ၏။

(၃) အာရမ္မဏ အတ္ထိကတာ ပစ္စုပဋ္ဌာနော=အာရုံဖြင့် အလိုရှိခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏။

(၄) အာလမ္ဗိတဗ္ဗာ ရမ္မဏ ပဒဋ္ဌာနော=စွဲလမ်းအပ်သောအာရုံလျှင် နီးစွာသော အကြောင်းရင်း ပဒဋ္ဌာန်ရှိ၏။ ။ဆန္ဒပြီး၏။

(၆) **အဓိမောက္ခ။** ''အဓိမုစ္စနံ အဓိမောက္ခော''။ အဓိမုစ္စနံ၊ ကျွတ်ကျွတ်လွတ်လွတ် ဆုံးဖြတ်ခြင်း။ အဓိမောက္ခော၊ ကျွတ်ကျွတ်လွတ်လွတ်ဆုံးဖြတ်ခြင်း။ တခုခုသောအာရုံ၌ ဤသို့ပင်ဖြစ်လေသလော, ဤသို့မဟုတ်ဘဲပင် ဖြစ်လေသလောဟု မဆုံးဖြတ်နိုင်ဘဲ လှုပ်လှုပ်ရှားရှား ချောက်ချောက်ချားချား ဖြစ်နေမှုကို အတင်းနှိပ်စက်ဖျက်ဆီး၍ အဘို-၂-ခုရှိသော အနက်တွင် တဘက်ဘက်သို့ ကျွတ်ကျွတ် လွတ်လွတ် သက်ဝင်ကျရောက်သည်၏ အစွမ်းအားဖြင့် ဖြစ်သော သဘောသည် အဓိမောက္ခမည်၏။ အဓိမောက္ခသည် ဝိစိကိစ္ဆာနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်၏။ အာရုံ၌ ခိုင်မြဲတတ်သောကြောင့် ကျောက်စာတိုင်နှင့်လည်းတူ၏။

ဤအဓိမောက္ခသည် သမ္မာဓိမောက္ခ, မိစ္ဆာဓိမောက္ခ ဟူ၍ ၂-ပါးရှိ၏။ ကောင်းမြတ်ရာ၌ စိတ်ပြတ်တောက်မှုသည် သမ္မာဓိမောက္ခမည်၏။ မကောင်းရာ၌ စိတ်ပြတ်တောက်မှုသည် မိစ္ဆာဓိမောက္ခမည်၏။

## အဓိမောက္ခ၏ အနက်လေးပါး

အဓိမောက္ခော၊ အဓိမောက္ခသည်။

(၁) သန္နိဋ္ဌာန လက္ခဏော= ပုံသေနိယတ သန္နိဋ္ဌာန်ချ၍ ဆုံးဖြတ်ခြင်း လက္ခဏာရှိ၏။

(၂) အသံသပ္ပန ရသော=မပြုရအံ့လား ပြုရအံ့လားဟု ရွေးရွးယိမ်းယိုင်ခြင်းမရှိ ပကတိမြဲမြံခြင်း ကိစ္စရှိ၏။

(၃) ဝိနိစ္ဆယ ပစ္စုပဋ္ဌာနော=ဆုံးဖြတ်နိုင်ခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏။

(၄) သန္နိဋ္ဌာတဗ္ဗ ပဒဋ္ဌာနော=သန္နိဋ္ဌာန်ချအပ်သော အာရုံလျှင် နီးစွာသော အကြောင်းရင်းပဒဋ္ဌာန်ရှိ၏။ ။အဓိမောက္ခ ပြီး၏။

ဆိုပြီးသော တရားခြောက်ပါးကို ကောင်းမြတ်သော သောဘနစိတ်, ယုတ်နိမ့်သော အသောဘနစိတ်တို့၌ ပြိုးပြွမ်းယှဉ်တတ်လေသောကြောင့် ပကိဏ်းစေတသိက် ၆-ပါး ခေါ်ရသည်။ "သောဘနာသောဘနေသု ပကိရန္တီတိ ပကိဏ္ဏကာ"။ သောဘနာသောဘနေသု၊ သောဘနစိတ်, အသောဘနစိတ်တို့၌။ ပကိရန္တိ၊ ပြိုးပြွမ်းယှဉ်စွမ်းနိုင်ကြကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ပကိဏ္ဏကာ၊ ပကိဏ်းမည်ကုန်၏။

ပကိဏ်းစေတသိက် ပြီး၏။

---

## အညသမာန်စေတသိက်-၁၃

(၄၆) ကောင်းဆိုးနှစ်တန်၊ ခတ်တိုင်းငန်၊ သမာန်အည, တေရသ။

ဤကဗျာဖြင့် သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး၊ ပကိဏ်းစေတသိက် ၆-ပါး။ ပေါင်း ၁၃-ပါးတို့၏ အညသမာန် မည်ကြောင်းကို ပြဆို၏။

ခတ်တိုင်းငန်သောဆားသည် အချိုအချဉ်စသော အရသာအမျိုးမျိုးမှာပင် သူမပါလျှင် မပြီးနိုင်စဘွယ် တွင်ကျယ်လှလေဘိသကဲ့သို့ ဆိုပြီး ၁၃-ပါးသော စေတသိက်တို့သည်လည်း ကောင်းမှုအမျိုး, မကောင်းမှုအမျိုးတို့မှာ ပါဝင်ကာ သူတို့မပါက မပြီးမြောက်နိုင်စဘွယ် တွင်ကျယ်ချောင်လှကုန်၏။ ထို့ကြောင့် အညသမာန် ခေါ်ရလေသည်။

"အညေဟိ သမာနာတိ အညသမာနာ"။အညေဟိ၊ ယှဉ်ဆဲကာလ အညမည်သော တရားတို့နှင့်။ သမာနာ၊ တူမျှဆက်ဆံကုန်သည်တို့တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အညသမာနာ၊ အညသမာန်မည်ကုန်၏။ အကြင်အခါ သောဘနစိတ်တို့နှင့်ယှဉ်ခိုက် ထိုအခါ အသောဘနတို့မှတပါး သောဘနတို့နှင့်သာ တသွေးတသားတည်း တူမျှသော သဘောရှိကုန်၏။ အကြင်အခါ အသောဘနစိတ်တို့နှင့် ယှဉ်ခိုက် ထိုအခါ သောဘနတို့မှတပါး အသောဘန

တို့နှင့် တသွေးတသားတည်း တူမျှသော သဘောရှိကုန်၏ဟု ဆိုလိုသည်။ (သောဘနမှာ ယှဉ်ခိုက် အသောဘနကို အညသဒ္ဒါ၏ အပါဒါန်ပြု။ အသောဘနမှာ ယှဉ်ခိုက် သောဘနကို အညသဒ္ဒါ၏ အပါဒါန်ပြု)။

အညသမာန်စေတသိက် ၁၃-ပြီး၏။

---

## အကုသိုလ်စေတသိက်-၁၄

(၄၇) မော,ဟိ,နော,တ်,ဥစ်၊မော-စတုက်။

(၄၈) လော,မာန်,ဒိဋ္ဌိ၊လောတြိ။

(၄၉) ဒေါ,ဣ,သ်,မစ်,ကုစ်၊ဒေါစတုက်။

(၅၀) ထိ,မိဒ်,ဝိစိ၊ဆုံး-တြိ။

ဤကဗျာ လေးပိုဒ်ဖြင့် အကုသိုလ်စေတသိက် ၁၄-ပါးကို ပြဆို၏။

(၁) မောဟ။ "မုယှတီတိ မောဟော"။ မုယှတိ၊ တွေဝေတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ မောဟော၊ မောဟမည်၏။ "မုယှန္တိ သတ္တာ ဧတေနာတိ မောဟော"။ ဧတေန၊ ဤတရားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ မုယှန္တိ၊ တွေဝေတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ တွေဝေကြောင်းဖြစ်သော သတ္တိကြောင့်။ မောဟော၊ မောဟမည်၏။ "မုယှနံ မောဟော"။မုယှနံ၊ တွေဝေခြင်း။ မောဟော၊ တွေဝေခြင်း။

လာကွယ်, သန်းခေါင်, တိမ်တောင်, တောအုပ်ဟု ဆိုအပ်သော မှောင်ရန် မိုက်ရန် အင်္ဂါလေးပါးနှင့် ပြည့်စုံသော မှန်မိုက် မှောင်ထုကြီးသည် မျက်စိ၏ မြင်မှုထင်မှုများကို အတင်းပိတ်ပင်၍ မသိမပြင် မထင်မလင်းအောင် ပြုဘိသကဲ့သို့ အချင်းခပ်သိမ်း ကောင်းသော အဘိဘာဂဟူသမျှတို့ကို ဖုံးလွှမ်းကွယ်ကာ၍ စိတ်ကို ကန်းအောင်ပြုတတ်သော သဘောသည် မောဟမည်၏။ ထိုမောဟသည် သစ္စာလေးတန် အမှန်လေးချက် သဘောနက်ကို ဖုံးဝှက်ပိတ်ပင် မထင်မလင်းအောင် အတင်းမှောင်ကြီး ချနိုင်ချေ၏။ ထိုမောဟသည် မကောင်းသော အရာဌာနနယ်ထဲသို့ ကျရောက်လျှင် ထက်ထက်မြက်မြက် စူးစူးရှရှ လိမ်လိမ်မာမာ ကြံနိုင်ဘန်နိုင် အစွမ်းကောင်းလှ၏။ မကောင်းမှု ဟူသမျှကို နည်းပေးစီရင်သော ဉာဏ်သွားကြီးတဦးဖြစ်၏။ ထိုကြောင့် ထိုမောဟကို "မိစ္ဆာဉာဏ" (မိစ္ဆာဉာဏ်)ဟူ၍ ဘုရားဟောတော်မူ၏။ ၎င်းအဋ္ဌကထာတို့၌—

မိစ္ဆာဉာဏန္တိ ပါပကြိယာသု ဥပါယစိန္တာဝသေန ပဝတ္တော မောဟော။

ဟူ၍ ဖွင့်တော်မူကြ၏။

မိစ္ဆာဉာဏန္တိ၊ မိစ္ဆာဉာဏ်ဟူသည်ကား။ ပါပကြိယာသု၊ ယုတ်ယုတ်မာမာ ဆိုးလှစွာသော ကြိယာဟူသမျှတို့၌။ ဥပါယစိန္တာဝသေန၊ ဥပါယ်တမည် ကြံစည်သည်၏ အစွမ်းအားဖြင့်။ ပဝတ္တော၊ ဖြစ်သော။ မောဟော၊ မောဟပင်တည်း။ ဤကားအနက်။

မောဟသည် ကောင်းသောကလျာဏပက္ခ၌ မှောင်ကြီးချ၍ မကောင်းသော ပါပပက္ခ၌ အလင်းရောင်ကြီးကို ထွန်းပြ၏။ မောဟ, လောဘ, ဒိဋ္ဌိ, ဝိတက်, ဝိစာရ, စိတ် ဤတရား ၆-ပါးတို့သည် မကောင်းသော 'ပါပပက္ခ'အရာ၌ ဉာဏ်ပညာ ကဲ့သို့ ကြံနိုင်ဘန်နိုင် ထိုးထွင်းနိုင်သော သဘောရှိကြကုန်၏။ ထိုစကားမှန်၏။ ပကတိအားဖြင့် ပါးနပ်ထက်မြက်၍ အချက်ချက်၌ လိမ်မာဉာဏ်ရှိသူ စာပေ ပညာတတ်သော သူတို့၏ သန္တာန်၌ ဖြစ်ခွင့်ရကြကုန်လျှင် ထိုဆိုပြီးသော တရား ခြောက်ပါးတို့သည် မိမိတို့ အစွမ်းရှိသလောက် ဥပါယ်တမည် ကြံစည်သည်၏ အစွမ်းအားဖြင့် လိမ်မာကျွမ်းကျင် အားအင်ရှိစွာနှင့် အမှုအမျိုးပျိုးကို ပြီးစေ နိုင်ကုန်၏။

မောဟကို အဝိဇ္ဇာလည်း ခေါ်သည်။ အညာဏ, အန္ဓဘူတ, တမ လည်းခေါ် သည်။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဟူသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါတွင် ပါဝင်သည်။ အာသဝ, ဩဃ, ယောဂ, နီဝရဏ, အနုသယ, ကိလေသာ, သံယောဇဉ်ကိစ္စ တပ်၏။ ပဋ္ဌာန်း၌ ဟေတုပစ္စည်းတွင် အကျုံးဝင်သည်။

## မောဟ၏ အနက်လေးပါး

မောဟော၊ မောဟသည်။

(၁) အန္ဓ ဘာဝ လက္ခဏော=စိတ်၏ ကန်းသည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။

(၂) အပ္ပဋိဝေဓ ရသော=ထိုးထွင်း၍ ပသိမမြင်ခြင်း ကိစ္စရှိ၏။

(၃) အ သမ္မာ ပဋိပတ္တိ ပစ္စုပဋ္ဌာနံ=ဖြောင့်မှန်စွာ မကျင့်နိုင်ခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏။

(၄) အယောနိသောမနသိကာရ ပဒဋ္ဌာနော=အသင့်အတင့် နှလုံးမသွင်း နိုင်ခြင်း ပဒဋ္ဌာန်ရှိ၏။ (အင်္ဂုတ္တိုရ်ဟူသမျှတို့၌ ပဒဋ္ဌာန်အထူးမရှိလျှင်

အယောနိသောမနသိကာရကိုပင် ပဒဋ္ဌာန်အမြဲဟု မှတ်)။ ။မောဟ ပြီး၏။

(၂) **အဟိရိက**။ "န ဟိရိယတီတိ အဟိရိ"။ န ဟိရိယတိ၊ ဒုစ္စရိုက်တရားတို့မှ မရှက်တတ် မရွံရှာတတ်။ ဣတိ တသ္မာ၊ ထိုကြောင့်။ အဟိရိ၊ အဟိရိမည်၏။ (ထိုအဟိရိကိုပင် က, သဒ္ဒါတခုတိုး၍ အဟိရိကခေါ်သည်)။ မကောင်းမှု ဒုစ္စရိုက်ကို ပြုရန် အရေးအခွင့် ကြုံကြိုက်တိုက်ဆိုင်၍ လာသည်ရှိသော် ဟိရီတရားအတွက် ရှက်ကြောက်ရွံရှာရန် အခွင့်ကို တစုံတခုမျှ မပေးဘဲ အလိုရှိတိုင်း မရှက်မဲ့ အရွံ့ပြုလုပ်ခြင်း သဘောသည် အဟိရိက မည်၏။ ထို အဟိရိကသည် ဟိရီတရားနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ထိုအဟိရိကသည် ဗိုလ်ကိစ္စတပ်၏။

## အဟိရိက၏ အနက်လေးပါး

အဟိရိကံ၊ အဟိရိကသည်။

(၁) အ ဇေဂုစ္ဆ လက္ခဏံ=တရားယုတ်ကို စက်ဆုပ် ရွံရှာခြင်း ကင်း၍ အတင်းပြုလုပ်ခြင်း လက္ခဏာရှိ၏။

(၂) ဒုစ္စရိတ ကရဏ ရသံ=ဒုစ္စရိုက်မှုကို ပြုခြင်း ကိစ္စရှိ၏။

(၃) အ သင်္ကောစန ပစ္စုပဋ္ဌာနံ=မတွန့်မရွံ ရဲဝံ့ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) သက ဂုဏအ ဂါရဝ ပဒဋ္ဌာနံ=မိမိ၏ ဂုဏ်သရေကိုမရှိမသေ မထောက်မထား မလေးမစားပြုခြင်း ပဒဋ္ဌာန်ရှိ၏။ ။အဟိရိက ပြီး၏။

(၃) **အနောတ္တပ္ပ**။ "န ဩတ္တပ္ပတီတိ အနောတ္တပ္ပံ"။ န ဩတ္တပ္ပတိ၊ ဒုစ္စရိုက်တရားတို့မှ မလန့်မထိတ်တတ်။ ဣတိ တသ္မာ၊ ထိုကြောင့်။ အနောတ္တပ္ပံ၊ အနောတ္တပ္ပ မည်၏။ ဤအနောတ္တပ္ပသည် မကောင်းမှုကို ပြုရန် အရေးကြုံကြိုက် ဆိုက်တိုက်လာသည်ရှိသော် မရဲမဝံ့ ကြောက်ရွံထိတ်လန့်ရန် အခွင့်မပေးဘဲ မလန့်မထိတ် ရဲစိတ်ရဲသွေးဖြင့် အရေးရှိသလောက် အလိုရှိတိုင်း ရှပ်ရှပ်ချွံချွံ ပြုလုပ်နိုင်စွမ်းသော သဘောရှိ၏။ ဗိုလ်ကိစ္စလည်း တပ်၏။

## အနောတ္တပ္ပ၏ အနက်လေးပါး

အနောတ္တပ္ပံ၊ အနောတ္တပ္ပသည်။

(၁) အနုတ္တာသန လက္ခဏံ=မကောင်းမှုမှမလန့်မထိတ်ခြင်းလက္ခဏာရှိ၏။

(၂) ဒုစ္စရိတ ကရဏ ရသံ=ဒုစ္စရိုက်မှုကို ပြုခြင်းကိစ္စ ရှိ၏။

(၃) အသင်္ခါရစန ပစ္စုပဋ္ဌာနံ=မကောင်းမှုမှ မတွန့်မဆုတ်ခြင်း ပစ္စု-ပဋ္ဌာန် ရှိ၏။

(၄) ပရ ဂုဏာ အဂါရဝ ပဒဋ္ဌာနံ= ထောက်ထားညှာတာသင့်သော သူတပါးတို့၏ တန်ခိုးဂုဏ်သိမ်ကို မရှိမသေ မထောက်မထား မလေးမစား ပြုခြင်း ပဒဋ္ဌာန် ရှိ၏။ ။အနောတ္တပ္ပ ပြီး၏။

အဟိရိကနှင့် အနောတ္တပ္ပအထူးကို အမြွက် ဆိုအံ့။ အိမ်ဝက်သည် မစင်ဘင်ပုပ်မှ မစက်ဆုပ်မရွံရှာသကဲ့သို့ အဟိရိကသည် မကောင်းမှုမှ မစက်ဆုပ်မရွံရှာတတ်။ ပိုးပရံမျိုးသည် မီးမှ မလန့်မထိတ်သကဲ့သို့ အနောတ္တပ္ပသည် မကောင်းမှုဒုစ္စရိုက်များမှ မလန့်မထိတ် မကြောက်ရွံတတ်ချေ။ အဟိရိကသည် မိမိဂုဏ်ကို မထောက်ထား။ အနောတ္တပ္ပသည် ရှိသေလောက်သူ ဆရာ, မိဘ စသော သူတပါးဂုဏ်ကို မထောက်ထား။

"အဇေဂုစ္ဆီ အဟိရိကော၊ ပါပါ ဂူထာဝ သူကရော။
အဘီရူစ အနောတ္တပ္ပီ၊ သလဘောဝိယ ပါဝကာ"။

### ပရမတ္ထဒီပနီဋီကာသစ်ဂါထာ

အနက်ကား—သူကရော၊ အိမ်ဝက်သည်။ ဂူထာ၊ မစင်မှ။ အဇေဂုစ္ဆီ ဣဝ၊ မရွံရှာသကဲ့သို့။ အဟိရိကော၊ အဟိရိကနှင့် ပြည့်စုံသော သူသည်။ ပါပါ၊ မကောင်းမှုမှ။ အဇေဂုစ္ဆီ၊ မစက်ဆုပ် မရွံရှာတတ်။ သလဘော၊ ပိုးပရံသည်။ ပါဝကာ၊ မီးမှ။ အဘီရူဝိယ၊ မကြောက်မလန့်သကဲ့သို့။ အနောတ္တပ္ပီ၊ အနော-တ္တပ္ပနှင့် ပြည့်စုံသောသူသည်လည်း။ ပါပါ၊ မကောင်းမှုမှ။ အဘီရူ၊ မကြောက်မလန့်တတ်ချေ။

(၄) ဥဒ္ဓစ္စ။ "ဥဒ္ဓရတီတိ ဥဒ္ဓစ္စံ"။ ဥဒ္ဓရတိ၊ ပျံ့လွင့်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စ မည်၏။ ဤဝိဂြိုဟ်ဖြင့် ချောမွေ့သော ကျောက်ဖျာအပြင်၌ မရပ်မတည် လည်၍နေသော ကျင်ဒိုးကဲ့သို့ အာရုံအမျိုးမျိုး၌ မရပ်မတည် လည်၍ ပျံ့လွင့်ကာနေသောစိတ်ကို ရစေ။

"ဥဒ္ဓဋဿ ဘာဝေါ ဥဒ္ဓစ္စံ"။ ဥဒ္ဓဋဿ၊ ပျံ့လွင့်သောစိတ်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဥဒ္ဓစ္စံ၊ ပျံ့လွင့်သောစိတ်၏ ဖြစ်ကြောင်း။ ဥဒ္ဓစ္စစေတသိက်ကို ရစေ။ ပျံ့လွင့်သောစိတ်၏ ပျံ့လွင့်ကြောင်းသဘောသည် ဥဒ္ဓစ္စ မည်၏။ စိတ်၏ပျံ့လွင့်မှုကား ဥဒ္ဓစ္စပင် ဟူလို။ ဤဥဒ္ဓစ္စသည် လေခတ်အပ်သော တံခွန်ဖျားနှင့် တူ၏။ သဲပုံအပြင်၌ ပစ်ထားအပ်သော ငါးနှင့်လည်း တူ၏။ ဥဒ္ဓစ္စသည် ကုက္ကုစ္စနှင့်တွဲ၍ နီဝရဏကိစ္စ တပ်၏။

## ဥဒ္ဓစ္စ၏ အနက်လေးပါး

ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စသည်။

(၁) အဝူပသမ လက္ခဏံ=မငြိမ်သက်ခြင်း လက္ခဏာ ရှိ၏။

(၂) အနဝဋ္ဌာန ရသံ=မရပ်တည်ခြင်းကိစ္စ ရှိ၏။

(၃) ဘန္တတ္တ ပစ္စုပဋ္ဌာနံ=ဆွေ့ဆွေ့ခုန်လျက် တုန်လှုပ်ခြင်းကိစ္စ ရှိ၏။

(၄) အယောနိသော မနသိကာရ ပဒဋ္ဌာနံ=အသင့် အတင့် နှလုံး မသွင်းခြင်း ပဒဋ္ဌာန် ရှိ၏။ ။ဥဒ္ဓစ္စ ပြီး၏။

မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ။ ဤစေတသိက်လေးပါးကို အစဖြစ်သော မောဟဖြင့် မှတ်၍ "မောစတုက်"ဟု အမည်မှည့်လေသည်။ မောဟ-စတုက္ကဆိုလိုသည်။ ဤ လေးပါးသည်ပင်လျှင် အလုံးစုံသော အကုသိုလ်စိတ် ၁၂-ပါးတို့နှင့် ယှဉ်ဘက် ဆက်ဆံလေသောကြောင့် သဗ္ဗာကုသလသာဓာရဏ စေတသိက် ခေါ်ရပြန်၏။ "သဗ္ဗေသံ အကုသလာနံ သာဓာရဏာတိ သဗ္ဗာ-ကုသလသာဓာရဏာ"။ သဗ္ဗေသံ အကုသလာနံ၊ အလုံးစုံသော အကုသိုလ်တို့နှင့်။ သာဓာရဏာ၊ ဆက်ဆံကုန်သည်တို့တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ သဗ္ဗာကုသလသာဓာရဏာ၊ သဗ္ဗာကုသလသာဓာရဏ မည်ကုန်၏။

(၅) လောဘ။ "လုဗ္ဘတီတိ လောဘော"။ လုဗ္ဘတိ၊ သာယာတပ်မက်တတ်၏။ ဣတိဘသ္မာ၊ ထိုကြောင့်။ လောဘော၊ လောဘ မည်၏။ "လုဗ္ဘန္တိ ဧတေနာတိ လောဘော"။ "လုဗ္ဘနံ လောဘော"။အာရုံခြောက်ပါးတို့၌ သာယာနှစ်သက် တပ်မက် စွဲလမ်းတတ်သော သဘောသည် လောဘ မည်၏။ ထိုလောဘသည် အာရုံ၌ ကပ်ငြိ တွယ်တာတတ်သော အနက်ကြောင့် မျှောက်နံ့စေးနှင့် တူ၏။ တောင့်တတတ်သော အနက်ကြောင့် လောလောပူသော သံပူအိုးကင်း၌ ပစ်ချလိုက်သော စိုစွတ်သော အမဲသားတစ်နှင့် တူ၏။ မစွန့် မလွှတ်နိုင်ဘဲ စွဲလမ်းသော အနက်ကြောင့် ဆီချေးစသည်ဖြင့် လူးလဲ ညစ်ထေး၍နေသော လက်နှီးစုတ်နှင့် တူ၏။ တဏှာမြစ်ကြီးဖြစ်၍ သတ္တဝါတို့ကို အပါယ်သို့အရောက် မျှောတတ်သော အနက်ကြောင့် သစ်ငုတ်, ထင်းတုံးစသည်တို့ကို သမုဒ္ဒရာသို့ အရောက် မျှောတတ်သော ရေအယဉ်ကြီးနှင့် တူ၏။

လောဘကို တဏှာခေါ်၏။ ရာဂ, ကာမ, နန္ဒီ, အဘိဇ္ဈာ, ဇနေတ္တိ, ပေါနောဗ္ဘဝိက, ဣစ္ဆာ, အာသာစသည်ဖြင့်လည်း ခေါ်ဝေါ်၏။ ရူပတဏှာ, သဒ္ဒတဏှာ စသော အာရမ္မဏဘေဒအားဖြင့် ခြောက်ပါး အပြားရှိ၏။ ကာမတဏှာ, ရူပ-တဏှာ, အရူပတဏှာ။ ကာမရာဂ, ရူပရာဂ, အရူပရာဂ။ ကာမဘဝ, ရူပဘဝ, အရူပဘဝ။ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာစသည်ဖြင့် များ၏။

အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန်, အနုသယ, ကိလေသာ, သံယောဇဉ် စသည်ဖြင့် များသော ကိစ္စ ရှိ၏။ ပဋိစ္စသမုပ္ပါဒ်တွင် ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်”ဟူသောပုဒ်များ၌ ပါဝင်၏။ ပဋ္ဌာန်းတွင် ဟေတုပစ္စည်း၌ အကျုံးဝင်၏။ သစ္စာလေးပါးတွင် သမုဒယသစ္စာကြီးပေတည်း။ ဒုက္ခအမျိုးမျိုးကို ဖြစ်ပွါးစေနိုင်သော သတ္တိ ရှိ၏။ သံသရာဝဋ္ဋဒုက္ခ၏ အမြစ် ဖြစ်သောကြောင့် မူလတရား မည်၏။

## လောဘ၏ အနက်လေးပါး

လောဘော၊ လောဘသည်။

( ၁ ) အာလမ္ဗဏဂ္ဂဟဏ လက္ခဏော=အာရုံကို ယူကိုင်စွဲလမ်းခြင်း လက္ခဏာရှိ၏။

( ၂ ) အဘိသင်္ဂ ရသော=အလွန် ကပ်ငြိ တွယ်တာခြင်း ကိစ္စ ရှိ၏။

( ၃ ) အပရိစ္စာဂ ပစ္စုပဋ္ဌာနော=မစွန့်ရက်နိုင် မခွါရက်နိုင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

( ၄ ) အဿာဒ ဒဿန ပဒဋ္ဌာနော=သာယာဘွယ်ဟု ရှုမြင်ခြင်း ပဒဋ္ဌာန် ရှိ၏။ ။လောဘ ပြီး၏။

(၆) မာန။ “မညတီတိ မာနော”။ မညတိ၊ တက်ကြွားမြင့်မောက် အထက်ရောက်၍ ထင်မြင်တတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်။ မာနော၊ မာနမည်၏။ ထိုမာနသည် ဤလောက၌ ငါကား ပုဂ္ဂိုလ်တယောက်တည်း။ ထင်းတုံးများကဲ့သို့ မထိမဲ့မြင် ပြုထိုက်သောသူ မဟုတ်။ ဤသို့စသည်ဖြင့် မိမိကိုယ်ကို မြင့်သောအနေအားဖြင့် အထင်အမှတ် ကြွားစေတတ်၏။ ဇာတိ, ကုလ, ဓန, ဘောဂ, ယသ, ဣဿရိယ စသည်တို့ဖြင့် ထောက်ပင့်အပ်သော်၎င်း၊ သီလ, သုတ, လာဘ, သက္ကာရ စသောဂုဏ်တို့ဖြင့် ထောက်ပင့်အပ်သော်၎င်း၊ ထိုမာနသည် အတိုင်းထက်အလွန် ကြီးပွါး၍ မိမိကိုယ်ကို ပရိသတ်တို့၏အလယ်၌ တံခွန်မှန်ကင်းနှင့်အတူ တလူလူမြင့်မောက်စေနိုင်၏။

မာနသည် သေယျမာန်,သဒိသမာန် ဟီနမာန်,စသောအားဖြင့် ကိုးပါးရှိ၏။ ဇာတိမဒ, ကုလမဒ, ဝေါတ္တမဒ, ဝဏ္ဏမဒ, ယောဗ္ဗနမဒ စသောအားဖြင့် အလွန်များပြား၏၊ စိတ်၏မူးယစ်ခြင်းကို မဒ ဆိုသည်၊ အရှုးတမျိုးပင်တည်း။ ။ မာနကို သူရူးနှင့်တူ၏ဟု ဆိုအပ်၏။

## မာနစ်၏ အနက်လေးပါး

မာနော၊ မာနသည်။

(၁) ဥဏ္ဏတိ လက္ခဏော=ထောင်လွှားမြင့်မောက်ခြင်း လက္ခဏာရှိ၏။

(၂) သမ္ပဂ္ဂဟ ရသော=မြှောက်တတ်ခြင်းကိစ္စရှိ၏။

(၃) ကေတုကမျတာ ပစ္စုပဋ္ဌာနော=တံခွန်မှန်ကင်းကဲ့သို့ ပြုလိုခြင်းလျှင် ပစ္စုပဋ္ဌာန်ရှိ၏။

(၄) လောဘ ပဒဋ္ဌာနော=လောဘလျှင် ပဒဋ္ဌာန်ရှိ၏။ ။မာနပြီး၏။

(၃) ဒိဋ္ဌိ။ "ဒဿနံ ဒိဋ္ဌိ"။ ဒဿနံ၊ မြင်ခြင်း။ ဒိဋ္ဌိ၊ မြင်ခြင်း။ ဤဒိဋ္ဌိသည် သမ္မာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိ ဟူ၍ နှစ်ပါးရှိ၏၊ ဤအရာ၌ကား မိစ္ဆာဒိဋ္ဌိကိုယူ။ တရားသဘောတို့ကို ဟုတ်မှန်သောအတိုင်း သိမြင်ရာ၌ ဉာဏ်၏ စူးရှခြင်းကဲ့သို့ ဤမိစ္ဆာဒိဋ္ဌိသည်လည်း ဓမ္မသဘာဝတို့ကို မဟုတ်မမှန် လွဲလွဲချော်ချော် စူးရှသိမြင်မှု လွန်စွာ စူး၍၏၊ ဉာဏ်နှင့် အလားတူ၏၊ ထိုမိစ္ဆာဒိဋ္ဌိသည် မိမိကိုယ်ကို မိမိ ပညာရှိတယောက်ဟု ထင်မှတ်၍ နေလေ့ရှိကုန်သော ချွတ်ချွတ်ချော်ချော် တိမ်းတိမ်းပါးပါး မှားမှားယွင်းယွင်း ကြံစည်လေ့ရှိကုန်သော မိစ္ဆာဝိတက္က ဗဟုလ ပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်ခွင့်ရခဲ့ပါလျှင် အတိုင်းထက်အလွန် အားအင်ကြီးမား၍ မှားမှားယွင်းယွင်း အတင်းစူးရှလေတော့၏။ အလွန်တရာ လေးလံကြီးမား လှစွာသော အပြစ်ကြီးအမျိုးမျိုးတို့ကို ဖြစ်ပွါးစေနိုင်သော တရားကြီးတည်း။ ။ ဤဒိဋ္ဌိသည် ခန္ဓာငါးပါး၌စွဲ၍ဖြစ်သော သက္ကာယဒိဋ္ဌိ ၂၀-ရှိ၏၊ အန္တဂ္ဂါဟိကဒိဋ္ဌိ ၁၀-ရှိ၏၊ သဿတဒိဋ္ဌိ-၄၄၊ ဥစ္ဆေဒဒိဋ္ဌိ-၁၈ပေါင်း မိစ္ဆာဒိဋ္ဌိ ၆၂-ပါးရှိ၏။ အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, ဣဿရနိမ္မာနဒိဋ္ဌိ စသောအားဖြင့် အလွန်များပြား၏၊ မဂ္ဂင်ကိစ္စတပ်၏ *၊ ပဋိစ္စသမုပ္ပါဒ်တွင် "တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန-ပစ္စယာ ဘဝေါ"ဟူသော ပုဒ်များ၌ ပါဝင်၏။ ။ပဋ္ဌာန်းတွင် မဂ္ဂပစ္စည်းတပ်၏။

## မိစ္ဆာဒိဋ္ဌိ၏ အနက်လေးပါး

ဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိသည်။

(၁) မိစ္ဆာဘိနိဝေသ လက္ခဏာ=အမှားမှားယွင်းယွင်း နှလုံးသွင်းခြင်း လက္ခဏာရှိ၏။

(၂) ပရာမာသ ရသာ=နိစ္စ, သုခ, အတ္တ စသောအားဖြင့် မှားသော သုံးသပ်ဆင်ခြင်ခြင်း ကိစ္စရှိ၏။

---

* သမ္မာဒိဋ္ဌိအတွက် ရည်ရွယ်၍ မဂ္ဂင်ကိစ္စတပ်၏-ဟု ဆိုခြင်းဖြစ်သည်။

(၃) ဒဋ္ဌဂ္ဂါဟ ပစ္စုပဋ္ဌာနာ=ဣဒမေဝ သစ္စံ, မောဃမညံ”ဟူ၍ စွဲစွဲမြဲမြဲ ယူခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) သပ္ပုရိသ ဝိမုခတာ ပဒဋ္ဌာနံ [၁]=ဘုရားစသော သူတော်ကောင်းတို့နှင့် မတွေ့ရှောင်ဖယ် မျက်ကွယ်ဖြစ်ခြင်း ပဒဋ္ဌာန်ရှိ၏။ ။ဒိဋ္ဌိပြီး၏။

(ဤလောဘ, မာန, ဒိဋ္ဌိသုံးပါးကို လောဘမူစိတ်၌သာ ယှဉ်လေ့ရှိသောကြောင့် “လောဘ၃” ခေါ်လေသည်။ “လောဘတ္တိက” ဆိုလို၏)။

(၈) **ဒေါသ**။ “ဒုဿတီတိ ဒေါသော”။ ဒုဿတိ၊ အမျက်ထွက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဒေါသော၊ ဒေါသမည်၏။ “ဒုဿန္တိ ဧတေနာတိ ဒေါသော”။“ဒုဿနံ ဒေါသော”။ ဒေါသသည် လွန်စွာ ကြမ်းတမ်းခက်ထန်သော အနက်ကြောင့် တုတ်လှံတံဖြင့် ခတ်မိသော မြွေဟောက်နှင့် တူ၏၊ ပြင်းပြစွာ ပျံ့နှံ့၍ ကျရောက် ဖြစ်ပွါးတတ်သောကြောင့် မိုးကြိုးကျသည်နှင့်လည်း တူ၏။ မိမိ၏ မှီရာပုဂ္ဂိုလ်ကို လောင်ကျွမ်းစေတတ်သောကြောင့် တောမီးနှင့်လည်း တူ၏၊ ပြစ်မှားတတ်သော အနက်သဘောကြောင့် နှိပ်စက်ရန်အခွင့်ရလေသော ရန်သူကြီးနှင့်လည်း တူ၏၊ အလုံးစုံသော အကျိုးမဲ့ဟူသမျှတို့၏ စုပုံရာတရားကြီး ဖြစ်သောကြောင့် အဆိပ်နှင့်ရောနှောသျက်ရှိသော ကျင်ငယ်ပုပ်အိုး သေရည်အိုးကြီးများနှင့်လည်း တူ၏။

ဒေါသကို ပဋိဃခေါ်၏၊ ကောဓ, ဗျာပါဒ, အာဃာတ စသည်ဖြင့်လည်း ခေါ်ရ၏။ “အနတ္ထံ မေ အစရိ, စရတိ, စရိဿတိ”စသောအားဖြင့် ရန်ငြိုးဖွဲ့ခြင်း အာဃာတ ၉-ပါးရှိ၏။ ဂန္ထ, နီဝရဏ, အနုသယ, ကိလေသာ, သံယောဇဉ် ကိစ္စ တပ်၍ ဟောဘုပစ္စည်း၌ အကျုံးဝင်၏။ ။ပဋိစ္စသမုပ္ပါဒ်တွင် ကမ္မဘဝ၌ ပါဝင်၏။

ဒေါသ၏ အနက်လေးပါး

ဒေါသော၊ ဒေါသသည်။

(၁) စဏ္ဍိက္က လက္ခဏော=ကြမ်းတမ်းခြင်းလက္ခဏာရှိ၏။

(၂) နိဿယ ဒါဟ ရသော [၂]=မှီရာပုဂ္ဂိုလ်ကို လောင်မြိုက်ခြင်း ကိစ္စရှိ၏။

(၃) ဒူသန ပစ္စုပဋ္ဌာနော=ဖျက်ဆီးခြင်း,ပျက်စီးစေခြင်းလျှင် ပစ္စုပဋ္ဌာန် ရှိ၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ဒု၊ ၉၈ ၌ “အရိယာနံ အဒဿနကာမတာဒိ ပဒဋ္ဌာနာ”ဟု ရှိ၏။ သဘောအားဖြင့်ကား အတူတူပင်။

၂။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ ၁၀၀ ၌ “ဝိသပ္ပနရသော”ဟု ပြသည်။

(၄) အာဃာတဝတ္ထု ပဒဋ္ဌာနော=အာဃာတဝတ္ထု ၉-ပါးလျှင် ပဒဋ္ဌာန် ရှိ၏။ ။ဒေါသပြီး၏။

(၉) **ဣဿာ**။ 'ဣဿတိ ပရသမ္ပတ္တိံ ဥသူယတီတိ ဣဿာ'။ ပရသမ္ပတ္တိံ၊ သူတပါး၏ စည်းစိမ်ချမ်းသာကို။ ဣဿတိဥသူယတိ၊ ငြူစူတတ်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ ဣဿာ၊ ဣဿာ မည်၏။ ဣဿာသည် သူတပါးတို့၏ နဂိုရှိပြီးရှိပြီး ဖြစ်သော ချမ်းသာစည်းစိမ်ကို မြင်ရ၍သော်၎င်း,ကြားရ၍သော်၎င်း, ဝမ်းမြောက် ရွှင်လန်းခြင်းမရှိ မမြင်လို မကြားလိုသော သဘောရှိ၏။ထိုသူတပါး တို့၏ စည်းစိမ်၏ ပျက်စီးခြင်း, ဆုတ်ယုတ် ချို့ယွင်းခြင်းကို အလိုရှိ၏။ ဤမည်သောသူသည် ဤမည်သော ဥစ္စာစည်းစိမ် ဂုဏ်သိမ်အခြံအရံကို ရလိမ့် မည်ဟု ကြားရသော်လည်း မခံနိုင်၊ ထိုသူ၏ မရခြင်းကိုသာ အလိုရှိ၏။ ထိုဣဿာသည် မုဒိတာနှင့် စင်စစ် ဆန့်ကျင်ဘက်ကြီးဖြစ်၏၊ သံသရာလမ်းခရီး၌ တဘဝအောက်တဘဝ ယုတ်နိမ့်ညှိုးနွမ်း ခြောက်ခန်းသေးသိမ် စေတတ်သော အလေ့ ဖြစ်၏။ ညီညွတ်ခြင်း သာမဂ္ဂီကိုလည်း ကောင်းစွာ ဖျက်ဆီးနိုင်သော ဘေဒကရ တရားကြီးလည်းမှန်၏။

### ဣဿာ၏ အနက်လေးပါး

ဣဿာ၊ ဣဿာသည်။

(၁) ပရသမ္ပတ္တိ ဥသူယန လက္ခဏာ=သူတပါးတို့၏ စည်းစိမ်ကို ငြူစူခြင်း လက္ခဏာရှိ၏။

(၂) ပရသမ္ပတ္တိ အနဘိရတိ ရသာ=သူတပါးတို့၏ စည်းစိမ်၌ ဝမ်းမမြောက် ခြင်း ကိစ္စရှိ၏။

(၃) ပရသမ္ပတ္တိ ဝိမုခတာ ပစ္စုပဋ္ဌာနာ=သူတပါးတို့၏စည်းစိမ်မှမျက်နှာလွှဲ ပြုလိုခြင်း မမြင်မကြားလိုခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ပရသမ္ပတ္တိ ပဒဋ္ဌာနာ=သူတပါးတို့၏ စည်းစိမ်လျှင် ပဒဋ္ဌာန်ရှိ၏။ ။ ဣဿာပြီး၏။

(၁၀) **မစ္ဆရိယ**။ "မာ ဣဒံ အညေသံ ဓရတု ပဝတ္တတူတိ မစ္ဆရံ"။ ဣဒံ၊ ဤစည်းစိမ် ဂုဏ်သိမ်သတင်း ကျော်စောခြင်းစသော အရာအစုသည်။အညေသံ၊ သူတပါးဘို့။ မာ ဓရတု ပဝတ္တတု၊ မဖြစ်ပါစေလင့်။ ဣတိ တသ္မာ၊ ထိုသို့ဖြစ် တတ်သောသဘောကြောင့်။ မစ္ဆရံ၊ မစ္ဆရမည်၏။ ဝန်တိုသောစိတ်ကိုရစေ။ "မစ္ဆရဿ ဘာဝေါ မစ္ဆရိယံ"။ မစ္ဆရဿ၊ ဝန်တိုသောစိတ်၏။ ဘာဝေါ၊ ဖြစ် ကြောင်းတည်း။ မစ္ဆရိယံ၊ ဝန်တိုသောစိတ်၏ဖြစ်ကြောင်း။ စိတ်၏ဝန်တိုမှုသည် မစ္ဆရိယအတွက် ဖြစ်ရသောကြောင့် မစ္ဆရိယကို ဝန်တိုကြောင်း ဆိုရသည်။

ဝန်တိုသောသဘောဆိုသည်ကား မိမိ၏ ရပြီးသော ဥစ္စာစည်းစိမ်ဂုဏ်သိမ် အမျိုးမျိုး ရသင့်ရထိုက်ရလတ္တံ့သော ဥစ္စာစည်းစိမ် ဂုဏ်သိမ် အမျိုးမျိုးတို့ကို သူတပါးနှင့် မဆက်ဆံလိုခြင်း၊ သူတပါးမှာ ဤလိုမဖြစ်စေလိုခြင်း သဘောပင်တည်း။ မစ္ဆရိယသည် ရပြီးသော စည်းစိမ်, ရလတ္တံ့သော စည်းစိမ်တို့ကို စွဲ၍ ဖြစ်တတ်သောကြောင့် ၂-ပါးအပြားရှိ၏။ ထင်ရှားစေအံ့ – မိမိရရှိပိုင်ဆိုင်ပြီးသော စည်းစိမ်ဥစ္စာတို့သည် သူတပါးတို့နှင့် ဆက်ဆံ၍ သွားမည်ကိုသော်၎င်း၊ တစုံတခုသော အကြောင်းအချက်ဖြင့် မိမိပိုင်ဆိုင်ခွင့်မှ လွတ်၍ သူတပါး၏ လက်သို့ ရောက်၍သွားမည်ကိုသော်၎င်း၊ မြင်ရကြားရသည်, တွေးတောဆင်ခြင်မိသည်ဖြစ်၍ များစွာပင် နှလုံးမသာဖြစ်ရလေ၏။ ရသင့်ရထိုက်သော ဥစ္စာစည်းစိမ် ဂုဏ်သိမ်အမျိုးမျိုးတို့၌လည်း ဤမည်သောဌာန၌ ဤမည်သော ဥစ္စာစည်းစိမ် ဂုဏ်သိမ်အမျိုးမျိုးကို ရလတ္တံ့၊ ဤမည်သောလောက၌ ဤမည်သော ဥစ္စာစည်းစိမ် ဂုဏ်သိမ်အမျိုးမျိုကို ရလတ္တံ့ဟု ကြံစည်ကြားသိရသည်ရှိသော် ထိုရသင့်ရထိုက်သော အရာဟူသမျှကို မိမိချည်းသာ ရလိုယူလို၏၊ သူတပါးတို့၏ ရမှုယူမှုကို အလိုမရှိ၊ သူတပါးတို့ ရယူကြလိမ့်မည်ဟု ကြံစည်ကြားသိရသည်ရှိသော် နှလုံးမသာ မျက်နှာမလှဖြစ်၏၊ ဤသို့ဖြစ်မှုကို ဝန်တိုမှု ဆိုသည်။ မစ္ဆရိယ ဆိုသည်။

**ဣဿာနှင့်မစ္ဆရိယအထူးကား**—ရသင့်ရထိုက်သော ဥစ္စာစည်းစိမ်၌ အကြင်သူ၏ရမှုကို အလိုမရှိ၊ ထိုသူရ၍ နေသည်ကိုသော်၎င်း, ရလတ္တံ့ စင်စစ်ဖြစ်သည်ကို၎င်း၊ ကြံစည်ကြားသိရလျှင် စိတ်ပင်ပန်း၏၊ ထိုသဘောသည် ဣဿာမည်၏။ အကြင်အကြင် ဥစ္စာစည်းစိမ်ကို မိမိအလိုရှိ၏၊ ထိုထိုဥစ္စာစည်းစိမ်စုကို မိမိရမှ ရပါမည်လားဟု မိမိမရမည်အတွက် ကြံစည်၍ စိတ်ပင်ပန်း၏၊ ထိုသဘောသည် မစ္ဆရိယမည်၏။ ။ဣဿာနှင့် မစ္ဆရိယသည် တပေါင်းတည်း ဖြစ်လေ့မရှိကြ။

မစ္ဆရိယသည် ကုလမစ္ဆရိယ, လာဘမစ္ဆရိယ, အာဝါသမစ္ဆရိယ, ဝဏ္ဏမစ္ဆရိယ, ဓမ္မမစ္ဆရိယဟူ၍ ငါးပါးရှိ၏၊ ၎င်းမစ္ဆရိယသည် ဒါနနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်၏။ မစ္ဆရိယလည်း သံယောဇန်ကိစ္စ တပ်၏။ ဣဿာနှင့်မစ္ဆရိယ ၂-ပါးသည် ပစ္စက္ခဘဝ၌လည်း အမျိုးမျိုးသောကြီးပွါးဘွယ်တို့ကို ပိတ်ပင်မြစ်တား၏။ ကြီးပွါး၍နေသော အညွန့်အဖူးတို့ကို ချိုးဖျက်တတ်၏။ နောင် တမလွန်ဘဝ၌လည်း ကြီးပွါးခြင်းဟူသမျှတို့ကို အတင်း ဘိစီးနှိပ်စက်တတ်၏။ အညွန့်မရှိသတ္တဝါတုံးတိတွေဖြစ်အောင် စီရင်တတ်၏။ ထိုကြောင့် ပစ္စက္ခ, တမလွန်တို့၌ ကြီးပွါးခြင်းကို အလိုရှိသောပုဂ္ဂိုလ်တို့သည် ထိုတရားယုတ်-၂-ပါးကို ရှောင်ရှားသတ်ဖြတ်ရာ၏။

## ရစနာဂါထာ

ဣစ္ဆ ပေစ္စ န ဝစ္စန္တိ၊ ဣဿာ,မစ္ဆေရပီဠိတာ။
တသ္မာ ဝုဒ္ဓိကာမာ တေ၊ ဟနေယျုံ သကဝေရိနော။

ဣဿာမစ္ဆေရပီဠိတာ၊ ဣဿာမစ္ဆရိယနှစ်ပါး၏ နှိပ်စက်ညှဉ်းပန်းမှုကို ခံနေကြရကုန်သော သတ္တဝါအပေါင်းတို့သည်။ ဣစ္ဆ၊ ဤမျက်မှောက်ဘဝ၌ရင်း။ ပေစ္စ၊ နောင်တမလွန်ဘဝ၌ရင်း။ န ဝစ္စန္တိ၊ ကြီးပွါးကင်းပျောက်၊ ညှိုးခြောက်သိမ်ငယ်ကြကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဝုဒ္ဓိကာမာ၊ ကြီးပွါးမှုကို အလိုရှိကြကုန်သော သူတို့သည်။ သကဝေရိနော၊ မိမိတို့၏ ရန်သူရန်ဘက်ကြီး ဖြစ်ကြကုန်သော။ တေ၊ ထိုဣဿာမစ္ဆရိယတရားတို့ကို။ ဟနေယျုံ၊ အတင်းအကြပ် သတ်ဖြတ်ချိုးနှိမ်ကြကုန်ရာ၏။ ဤဣဿာ မစ္ဆရိယ တရားနှစ်ပါးကို မူလထား၍ သိကြားမင်းအား သက္ကပဉှာသုတ်ဒေသနာကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

## မစ္ဆရိယ၏အနက်လေးပါး

မစ္ဆရိယံ၊ မစ္ဆရိယသည်။

(၁) သကသမ္ပတ္တိ နိဂူဟဏ လက္ခဏံ မိမိ၏ ဥစ္စာစည်းစိမ်တို့ကို လျှို့ဝှက်ခြင်း လက္ခဏာရှိ၏။

(၂) ပရသာဓာရဏ အက္ခမန ရသံ = သူတပါးတို့နှင့် ဆက်ဆံခြင်းငှါ သည်းမခံနိုင်ခြင်း ကိစ္စရှိ၏။

(၃) သင်္ကောစန ပစ္စုပဋ္ဌာနံ = မပေးရက်လို တွန့်တိုခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) အတ္တသမ္ပတ္တိ ပဒဋ္ဌာနံ = မိမိ၏ပြည့်စုံမှုလျှင် ပဒဋ္ဌာန်ရှိ၏။ ။မစ္ဆရိယ ပြီး၏။

**(၁၁) ကုက္ကုစ္စ။** အမှုအရာကြီယာသည် 'ကတ'မည်၏။ "ကုစ္ဆိတံ ကတန္တိ ကုကတံ"။ ကုစ္ဆိတံ၊ စက်ဆုပ်ဘွယ်သော။ ကတံ၊ အမှုအရာတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ကုကတံ၊ ကုကတမည်၏။ ဤဝိဂ္ဂြိုဟ်ဖြင့် ငါသည် ကောင်းမှုသုစရိုက်များကို မပြုခဲ့မိ၊ မကောင်းမှုဒုစ္စရိုက်ကိုမူကား ငါပြုမိခဲ့ချေ၏ဟု နောင်တဘန်ပူပန်စိုးရိမ်သောအနေအားဖြင့် ဖြစ်သော ပညာရှိတို့ စင်စစ် ကဲ့ရဲ့ထိုက်သော စိတ္တုပ္ပါဒ်ကို ရစေ။ ဤစိတ္တုပ္ပါဒ်သည် မပြုခဲ့မိသော သုစရိုက်ကို ပြုပြီးဖြစ်လေအောင် ပြုပြီးသောဒုစ္စရိုက်ကို ပြုပြီးမဖြစ်ရလေအောင် မတတ်နိုင်။ စင်စစ်မူကား ကုသိုလ်တရားတို့၌ စိတ်ကုန်ခန်း၍ ပင်ပန်းရုံမျှသာ ဖြစ်၏။ ထိုကြောင့် စက်ဆုပ်ဘွယ်အနက်ရှိသော 'ကု'သဒ္ဒါနှင့်ဘက်တွဲ၍ 'ကုကတ'မည်လေသည်။

"ကုက္ကုစ္စံ"။ ကုက္ကုစ္စ၊ စက်ဆုပ်ဘွယ်အမှုအရာရှိ
သော စိတ္တုပ္ပါဒ်၏။ ဘာဝေါ၊ အဖြစ်တည်း။ ကုက္ကုစ္စံ၊ စက်ဆုပ်ဘွယ်အမှုအရာ
ရှိသော စိတ္တုပ္ပါဒ်၏အဖြစ်။ စက်ဆုပ်ဘွယ် အမှုအရာရှိသော စိတ္တုပ္ပါဒ်ဖြစ်ရန်
အကြောင်းဖြစ်သော ကုက္ကုစ္စစေတသိက်ကို ရစေ။ ပညာရှိတို့ မပြုမကျင့်အပ်
သော စက်ဆုပ်ဘွယ် အမှုအရာဖြစ်ကြောင်း တရားသဘောသည် ကုက္ကုစ္စမည်၏။
ထိုကြောင့် ပါရာဇိကဏ်အဋ္ဌကထာ သုဒိန္နကဏ္ဍ၌ "ဝိညူဟိ အကတ္တဗ္ဗတာယ
ကုစ္ဆိတကိရိယဘာဝတော ကုက္ကုစ္စံ"ဟူ၍ ဆို၏။

ကုက္ကုစ္စသဒ္ဒါ၏ ဝိဂ္ဂြိုဟ်တနည်းကား "ကုစ္ဆိတေန ကောစတိ သင်္ကောစတိ
ဝိလိခတီတိ ဝါ ကုက္ကုစော"။ ကုစ္ဆိတေန၊ စက်ဆုပ်ဘွယ်သော အမှုအရာဖြင့်။
ကောစတိ သင်္ကောစတိ၊ ကုသိုလ်မှ တွန့်တတ်၏။ ဝါ၊ တနည်းကား- ကောစတိ
ဝိလိခတိ၊ ကုသိုလ်တရားကို ခေါင်းပါးအောင် ခြစ်ချုပ်တတ်၏။ ဣတိ တသ္မာ၊
ထိုကြောင့်။ ကုက္ကုစော၊ ကုက္ကုစမည်၏။ ဓမ္မသမူဟ တရားအစုကို ရစေ။ ထို
ကုက္ကုစ မည်သော တရားစုသည် စက်ဆုပ်ဘွယ်သော အခြင်းအရာဖြင့် ငါသည်
သုစရိုက်တရားကို မပြုကျင့်ခဲ့မိ၊ ဒုစ္စရိုက်တရားကိုမူကား ငါပြုကျင့်ခဲ့မိချေ၏
တကားဟု ငြီးတွားသော အနေအားဖြင့် တွန့်၍တွန့်၍ နေတတ်၏။ ကုသိုလ်
တရားဖြစ်ပွါးရန် စိတ်ညွတ်ခွင့်ကို မပေးဘဲ ရှိ၏။ သဒ္ဓါစသော ကောင်းမြတ်၍
အနှစ်သာရရှိသော တရားတို့ ခေါင်းပါးသည်ထက် ခေါင်းပါးအောင် စိတ်နှလုံး
ကို ခြစ်၍ခြစ်၍ တူး၍တူး၍ နေတတ်၏။ ကုသိုလ်တရားကို ပွါးများရန် မသန်
မစွမ်း အားအင်ကုန်ခန်းအောင် ပြုတတ်၏။

"ကုက္ကုစဿ ဘာဝေါ ကုက္ကုစ္စံ"။ ကုက္ကုစဿ၊ ကုက္ကုစ္စ မည်သောတရား
၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ကုက္ကုစ္စံ၊ ကုက္ကုစ္စမည်သော တရား၏
ဖြစ်ကြောင်း။ ကုက္ကုစ္စစေတသိက်ကို ရစေ။ ဤကုက္ကုစ္စသည် မပြုခဲ့မိသော
သုစရိုက်, ပြုခဲ့ပြီးသော ဒုစ္စရိုက်တို့ကို စွဲ၍ နောင်တဘန် ပူပန် စိုးရိမ်ခြင်း
သဘောရှိ၏။ ထိုကြောင့် 'ပစ္ဆာနုတာပလက္ခဏ'ဟူ၍ ဆိုရလေသည်။ ဤကုက္ကုစ္စ
သည် အတိတ်ကို အမြဲအာရုံပြု၏။ ပစ္စုပ္ပန်အာရုံ, အနာဂတ်အာရုံများနှင့်
အလျဉ်း မသက်ဆိုင်။

ဤကုက္ကုစ္စသည် ကတဒုစ္စရိတာရမ္မဏကုက္ကုစ္စ,အကတသုစရိတာရမ္မဏကုက္ကုစ္စ
ဟူ၍ ၂-ပါးရှိ၏။ ထိုကြောင့် မဟာနိဒ္ဒေသပါဠိတော်၌—

ဒွိဟာကာရေဟိ ဥပ္ပဇ္ဇတိ ကတတ္တာစ အကတတ္တာ စ။ ကထဉ္စ ဒွိဟာကာရေဟိ
ဥပ္ပဇ္ဇတိ ကတတ္တာစ အကတတ္တာ စ။ အကတံ မေ ကာယသုစရိတံ၊ ကတံ

ကာယဒုစ္စရိတန္တိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။ အကတံ မေ ဝစီသုစရိတံ။ ကတံ ဝစီဒုစ္စရိ-တန္တိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။ အကတံ မေ မနောသုစရိတံ၊ ကတံ မနောဒုစ္စရိတန္တိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

စသည်ဖြင့် ရှင်သာရိပုတ္တရာ ဟောတော်မူ၏။ (အနက်လွယ်ပြီ)။ ဤပါဠိတော်ဖြင့် ကုက္ကုစ္စ၏ အတိတ်အာရုံပြုကြောင်း နှစ်ပါးပြားကြောင်းကို ထင်ရှားသိသာ၏။

ဤကုက္ကုစ္စသည် ရှေးအခါကာလ၌ မကောင်းမှု ဒုစ္စရိုက်တို့ကို ပြုပြီး၍ နောက်အခါပင် အပါယ်ဘေးဖြင့် ခြိမ်းခြောက်သော သူတို့၌ရှင်း, အပါယ်သို့ ကျရောက်၍နေစဉ် မိမိပြုခဲ့မိသော အကုသိုလ်ကံများကို စဉ်းစားဆင်ခြင်သော သူတို့၌ရှင်း ဖြစ်လာတတ်၏။ အခြားသောသူတို့၌ မဖြစ်လာတတ်။

မာနသည် ယာထာဝမာန, အယာထာဝမာနဟူ၍ နှစ်ပါးရှိလေသကဲ့သို့ ကုက္ကုစ္စသည်လည်း ယာထာဝကုက္ကုစ္စ, အယာထာဝကုက္ကုစ္စဟူ၍ ၂-ပါးရှိ၏။ ထိုတွင် သုစရိုက်ကို သုစရိုက်မှန်းသိလျက်သားနှင့် မပြုခဲ့မိသောကြောင့်ရှင်း, ဒုစ္စရိုက်ကို ဒုစ္စရိုက်မှန်းသိလျက်သားနှင့် ပြုခဲ့မိသောကြောင့်ရှင်း နောင်တတတဘန် ပူပန်စိုးရိမ်မှုသည် ယာထာဝကုက္ကုစ္စမည်၏။ ရှေးအခါက သုစရိုက်ကို ဒုစ္စရိုက်ထင်မှတ်၍ မပြုခဲ့မိသောကြောင့်ရှင်း, ဒုစ္စရိုက်ကို သုစရိုက်ထင်မှတ်၍ ပြုခဲ့မိသောကြောင့်ရှင်း နောင်တတတဘန် ပူပန်ခြင်း၊ ရှေးအခါက သုစရိုက်ကို သုစရိုက်ပင်မှတ်ထင်၍ ပြုခဲ့ပြီးမှ နောင် ထိုပြုခဲ့မိသော သုစရိုက်ကိုပင် ဒုစ္စရိုက်ထင်၍သော်ရှင်း, ဒုစ္စရိုက်ကို ဒုစ္စရိုက်ပင် မှတ်ထင်လျက် မပြုဘဲနေခဲ့၍ နောင်တတတဘန် ထိုဒုစ္စရိုက်ကိုပင် သုစရိုက်ထင်၍သော်ရှင်း၊ နောင်တတတဘန် ပူပန်ခြင်းများသည် အယာထာဝကုက္ကုစ္စမည်၏။ အလုံးစုံသော ကုက္ကုစ္စဟူသမျှသည် ကတဒုစ္စရိတ, အကတသုစရိတဟု ဆိုအပ်သော အတိတ်အာရုံ ၂-ပါးကိုသာ အာရုံပြုမြဲဖြစ်လေသည်။

ထိုမှတပါး မဟာနိဒ္ဒေသပါဠိတော်၌—

> ဟတ္ထကုက္ကုစ္စမ္ပိ ကုက္ကုစ္စံ။ ပါဒကုက္ကုစ္စမ္ပိ ကုက္ကုစ္စံ။ ဟတ္ထပါဒ-ကုက္ကုစ္စမ္ပိ ကုက္ကုစ္စံ။

ဟူ၍လာ၏။ လက်လှုပ်ရှားမှုသည်လည်း ကုက္ကုစ္စ၊ ခြေလှုပ်ရှားမှုသည်လည်း ကုက္ကုစ္စ၊ လက်ခြေလှုပ်ရှားမှုသည်လည်း ကုက္ကုစ္စဟု ဆို၏။ ဤကုက္ကုစ္စမျိုးသည် မစောင့်စည်းသည့်အတွက် ဖြစ်သောကြောင့် အသံယတကုက္ကုစ္စမည်၏။

ထိုမှတပါး ဝိနည်းပါဠိတော်များ၌—

တံ ဘိက္ခုံ ကုက္ကုစ္စာယန္တော န ပဋိဂ္ဂဏှိံသု။

တံ၊ ထိုဝတ္ထုကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကုက္ကုစ္စာယန္တာ၊ အလိုလိုရှိကြကုန်သည်ဖြစ်၍။ န ပဋိဂ္ဂဏှိံသု၊ မခံကြကုန်။

ကုက္ကုစ္စပကတတာယ အာပတ္တိံ အာပဇ္ဇတိ။

ကုက္ကုစ္စပကတတာယ၊ ကုက္ကုစ္စ နှိပ်စက်လေသောကြောင့်။ အာပတ္တိံ၊ အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ ဤသို့လာကုန်၏။ ထိုသို့လာသော ကုက္ကုစ္စများသည် ဝိနယကုက္ကုစ္စမည်၏။

ဝိနည်းတော်နှင့်ဆိုင်သော ကုက္ကုစ္စသည် ဝိနယသံသယပင်တည်း။ ထိုဝိနယသံသယသည် မိမိ၏အရာမဟုတ်သော ဘုရားတို့အရာ အာဏာဒေသနာတော်၌ အပ်ပါမည်လော, မအပ်လောဟု တွေးတောသော အနေနှင့်ဖြစ်သော ကုသိုလ်ကြိယာစိတ္တုပ္ပါဒ်ပေတည်း။ အကြင်ပုဂ္ဂိုလ်၌ ထိုဝိနယသံသယ ဖြစ်တတ်၏။ ထိုပုဂ္ဂိုလ်သည် သီလဝန္တ သိက္ခာကာမ ပုဂ္ဂိုလ်ကြီး ဖြစ်ပေ၏။ ထိုပုဂ္ဂိုလ်မျိုးသည် ဝိနယကုက္ကုစ္စဖြစ်လာလျှင် မပြုဘဲနေ၏။ ထို့ကြောင့် "ကုက္ကုစ္စာယန္တာ န ပဋိဂ္ဂဏှိံသု"ဟူ၍ ဟောတော်မူ၏။ အကြင်ပုဂ္ဂိုလ်တို့သည်မူကား ဝိနယကုက္ကုစ္စဖြစ်လာသော်လည်း အတင်းပြုလုပ်လေ၏။ ထိုပုဂ္ဂိုလ်တို့သည် အပ်သော ကပ္ပိယဝတ္ထုတို့၌သော်လည်း အာပတ်သင့်ခြင်းသို့ ရောက်ကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် အလဇ္ဇီပုဂ္ဂိုလ်မည်ကုန်၏။ ထိုပုဂ္ဂိုလ်တို့ကို ရည်၍ "ကုက္ကုစ္စပကတတာယ အာပတ္တိံ အာပဇ္ဇတိ"ဟူ၍ ဟောတော်မူ၏။ ကုက္ကုစ္စသည် နီဝရဏကိစ္စတပ်၏။ သမထအလုပ်ကို ပိတ်ပင်တားမြစ်နိုင်၏။ ဝိပ္ပဋိသာရလည်း မည်၏။

## ကုက္ကုစ္စ၏ အနက်လေးပါး

ကုက္ကုစ္စံ၊ ကုက္ကုစ္စသည်။

(၁) ပစ္ဆာနုတာပန လက္ခဏံ=နောင်တတဘန် ပူပန်ခြင်းလက္ခဏာရှိ၏။

(၂) ကတာကတာနုသောစန ရသံ=ပြုခဲ့မိသော ဒုစ္စရိုက်, မပြုခဲ့မိသော သုစရိုက်ကို အာချံပြု၍ စိုးရိမ်ပူဆွေးခြင်း ကိစ္စရှိ၏။

(၃) ဝိပ္ပဋိသာရ ပစ္စုပဋ္ဌာနံ=နှလုံးမသာ လွန်စွာပူပန်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ကတာကတ ဒုစ္စရိတ သုစရိတာနု ပဒဋ္ဌာနံ=ပြုခဲ့မိသော ဒုစ္စရိုက်, မပြုခဲ့မိသော သုစရိုက်လျှင် ပဒဋ္ဌာန်ရှိ၏။ ဤကုက္ကုစ္စသည် ကျွန်အဖြစ်နှင့်တူ၏။ ။ကုက္ကုစ္စ ပြီး၏။

(ဤဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ လေးပါးကို ဒေါသမူဒွေး၌ ယှဉ်တတ်သောကြောင့် ဒေါစတုက် ခေါ်၏။ ဒေါသစတုက္က ဆိုလိုသည်)။

(၁၂) ထိန။ "ထိယတိ စိတ္တံ မန္ဒမန္ဒံ ကတ္ဘာ အဇ္ဈောတ္ထရတီတိ ထိနံ"။ စိတ္တံ၊ စိတ်ကို။ မန္ဒမန္ဒံ ကတွာ၊ နုံ့သည်ထက် နုံ့အောင်ပြု၍။ ထိယတိ အဇ္ဈောတ္ထ-ရတိ၊ လွှမ်းမိုးဘိစီးတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ထိနံ၊ ထိနမည်၏။ စိတ်ကို ထိုင်းအောင် နုံ့အောင် ပြုတတ်သော သဘောသည် ထိန မည်၏။ (ထိနကို မြန်မာဘာသာ၌ ထိုင်းသည်ဟု ခေါ်၏)။

## ထိန၏ အနက်လေးပါး

ထိနံ၊ ထိနသည်။

(၁) အနုဿဟန လက္ခဏံ=အားမထုတ်ခြင်း လက္ခဏာ ရှိ၏။

(၂) ဝီရိယာပနယန ရသံ=ဝီရိယကို ပယ်ခြင်းကိစ္စ ရှိ၏။

(၃) သံသီဒန ပစ္စုပဋ္ဌာနံ=ဆုတ်နစ်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

(၄) အယောနိသောမနသိကာရ ပဒဋ္ဌာန် ရှိ၏။ ။ထိန ပြီး၏။

(၁၃) မိဒ္ဓ။ "မေဒတိ စေတသိကဓမ္မေ အကမ္မညဘူတေ ကတ္ဘာ ဝိဟိံ-သတီတိ မိဒ္ဓံ"။ စေတသိကဓမ္မေ၊ စေတသိက်တရားတို့ကို။ အကမ္မညဘူတေ၊ အမှုအရေး၌ မခံ့သည်တို့ကို။ ကတွာ၊ ပြု၍။ မေဒတိ ဝိဟိံသတိ။ ညှဉ်းဆဲတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မိဒ္ဓံ၊ မိဒ္ဓ မည်၏။ မိဒ္ဓသည် စေတသိက်တို့၏ အသီး အသီးသော ပြုဘွယ်ကိစ္စတို့၌ အားရှိသမျှ မဆောင်မရွက်နိုင်ကြစေရန် ဘိစီး နှိပ်စက်၏။ ထိနနှင့် မိဒ္ဓ နှစ်ပါးတို့တွင် အာရုံ၌ သက်ဝင်ပျံ့နှံ့၍ အညီအညွတ် အသီးသီးသော ကိစ္စတို့ဖြင့် ထိုထို ဣရိယာပုထ်တို့ကို ထမ်းပိုးချီးမြှောက်ကြကုန် လျက် သမ္ပယုတ်တရားတို့ ဆောင်ရွက် ကြိုးစားကြကုန်စဉ် ကြီးလေးလှသော တင်းပုတ်ကြီးဖြင့် အတင်း ပုတ်ခတ် ထုရိုက်လိုက်ဘိသကဲ့သို့ စွဲလမ်းသော အာရုံ ထဲမှ လျှောကျလက်လွတ်စေလျက် ဣရိယာပုထ်ကို မထမ်းမဆောင်နိုင်အောင် စိတ်ကို အတင်းနှိပ်စက်မှုကား ထိနပင်တည်း။ ဆိုပြီးသော အခြင်းအရာအား ဖြင့် စေတသိက်ဘို့ကို အတင်း ဘိစီးနှိပ်စက်မှုကား မိဒ္ဓပင်တည်း။ (မိဒ္ဓကို မြန်မာဘာသာ၌ မှိုင်းသည်ဟု ခေါ်၏)။ ထိနနှင့်မိဒ္ဓသည် နီဝရဏကိစ္စ တပ်၏။ သမထလမ်းကို အတင်း ကာဆီး ပိတ်ပင်နိုင်၏။

## မိဒ္ဓ၏ အနက်လေးပါး

မိဒ္ဓံ၊ မိဒ္ဓသည်။

(၁) အကမ္မညတာ လက္ခဏံ=အမှု၌မကောင်းခြင်း မခံ့ခြင်းလက္ခဏာရှိ၏။

(၂) ဩနဟန ရသံ=သမ္ပယုတ်တရားတို့ကို နှောင်ဘွဲ့ခြင်း ကိစ္စ ရှိ၏။

(၃) ပစလာယိကာပစ္စုပဋ္ဌာန်=မျက်လွှာမှိတ်တုပ် တလှုပ်လှုပ် ငိုက်မျဉ်းခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

(၄) အယောနိသောမနသိကာရပဒဋ္ဌာန် ရှိ၏။

ထိန, မိဒ္ဓအားကြီးသော ပုဂ္ဂိုလ်သည် တရားနာခြင်း, စာပေကျက်မှတ်ခြင်း, ကြည့်ရှု သင်ကြားခြင်း, သမထဘာဝနာကို ပွါးများခြင်း, ဆရာ သမားတို့၏ ထံပါး၌ ခစားခြင်းစသော ငြိမ်ငြိမ်သက်သက် ပြုဘွယ်အရေး၌ တမှိန်မှေးမှေး ငိုက်မျဉ်းတတ်၏၊ တဆတ်ဆတ် အောက်သို့ ကျလေသော မိမိဦးခေါင်းဖြင့် ထိနမိဒ္ဓတံခွန်ကို လူအများရှေ့တွင် ထင်ရှားစွာ ပြဘိ၏။　။ထိနမိဒ္ဓ ပြီး၏။

(၁၄) ဝိစိကိစ္ဆာ။ "ဝိစိကိစ္ဆတိ ဒွေဠ္ဟကဘာဝေန ပဝတ္တတီတိ ဝိစိကိစ္ဆာ"။ ဝိစိကိစ္ဆတိ၊ ယုံမှားတတ်၏။ ဒွေဠ္ဟကဘာဝေန၊ နှလုံးနှစ်ခွ ဒွိဟသဘော သို့လော ဤလော အနေအားဖြင့်။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ မည်၏။

တနည်းကား —"သဘာဝံ ဝိစိနန္တောပိ ကိစ္ဆန္တိ ကိလမန္တိ ဧတာယာတိ ဝိစိကိစ္ဆာ"။ ဧတာယ၊ ဤ တရားသဘောဖြင့်။ သဘာဝံ၊ ဟုတ်မှန်သော သဘောကို။ ဝိစိနန္တာပိ၊ ရှာဘွေ ထောက်လှမ်း စုံစမ်း ဆင်ခြင်ပါသော်လည်း။ ကိစ္ဆန္တိ ကိလမန္တိ၊ ပင်ပန်းကုန်၏။ ဣတိ ဘသ္မာ၊ ထိုသို့ပင်ပန်းကြောင်းဖြစ်သော သတ္တိကြောင့်။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ မည်၏။ ဝိစိကိစ္ဆာသည် ဘယ်အာရုံမျိုး၌ မဆို ကျွတ်ကျွတ်လွတ်လွတ် ဆုံးဖြတ်နိုင်သော သဘော မရှိ၊ တွေ့တွေ့သမျှ၌ပင် နှစ်လုံးနှစ်ခွ ဒွိဟသဘော သို့သော ဤလော တွေးတောသော သဘော ရှိ၏။ ပဋိပတ်ဟူသမျှကို အန္တရာယ်ကြီး ပြုတတ်၏။ ထိုကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ "ပဋိပတ္တိ အန္တရာယ ကရာ"ဟု ဆို၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိ၏ ကန္တာရ လမ်းခရီး ကြမ်းကြီး ဖြစ်၏။

ဤဝိစိကိစ္ဆာသည် နီဝရဏကိစ္စ ထိုက်သော နီဝရဏ ဝိစိကိစ္ဆာ, နီဝရဏကိစ္စ မထိုက် အတု အယောင်မျှသာဖြစ်သော ပဋိရူပက နီဝရဏဟူ၍ ၂-ပါးရှိ၏။ ထိုတွင် ဘုရားစသော ဝတ္ထုရှစ်ပါး၌ ယုံမှားသည်၏ အစွမ်းအားဖြင့် ဖြစ်သော ဝိစိကိစ္ဆာသည် နီဝရဏဝိစိကိစ္ဆာ မည်၏။ ထို့ပြင် သဗ္ဗညုမဟုတ်သောသူတို့မှာ အရာရာတိုင်း၌ မသိရှာနိုင်ကြကုန်သည်ဖြစ်၍ ထိုထိုအာရုံဟူသမျှတို့၌ ဘယ်လို ဖြစ်လေသနည်း, ဤလို ဖြစ်လေသလော, ဤဟာပင်လေလော, ထိုဟာဖြစ်လေသလော စသည်ဖြင့် နှလုံးနှစ်ခွ ဒွိဟဖြစ်ကြရကုန်၏။ ထိုအသဗ္ဗညုပုဂ္ဂိုလ်တို့၏ ဒွိဟသဘော တွေးတောမှုသည် ပဋိရူပကနီဝရဏ မည်၏။ ထိုပဋိရူပကဝိစိကိစ္ဆာသည် ကုသိုလ်လည်း ရှိ၏၊ အကုသိုလ်လည်း ရှိ၏၊ ရဟန္တာတို့သန္တာန်မှာ ဖြစ်ရ

လျှင် ကြိယာလည်း ဖြစ်သေး၏။ ဤနေရာ၌ကား စင်စစ် အကုသိုလ်ဖြစ်သော နီဝရဏဝိစိကိစ္ဆာကိုသာ အလိုရှိအပ်၏)။

ယုံမှားခြင်း။ ။ကင်္ခါဝိတရဏဝိသုဒ္ဓိအရာ၌ ယုံမှားခြင်း တဆဲ့ခြောက်ပါးဟူ၍ လာ၏။ တဆဲ့ခြောက်ပါးကား —

(၁) အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံ=ငါသည် ရှေးအတိတ် ကာလ၌ ဖြစ်ဘူးခဲ့လေပြီလော။

(၂) န နု ခေါ အဟောသိံ အတီတမဒ္ဓါနံ=ငါသည် ရှေးအတိတ်ကာလ၌ ဖြစ်မှ ဖြစ်ဘူးပါလေပြီလော။

(၃) ကိံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ=ငါသည် ရှေးအတိတ် ကာလ၌ ဇာတ်အဆူဆူ ဘယ်သို့သောသူ ဖြစ်ဘူးပါလိမ့်မည်နည်း။

(၄) ကထံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ=ငါသည် ရှေးအတိတ် ကာလ၌ ဘယ်ပုံသဏ္ဌာန် ဘယ်ဟန်ပန်ဖြင့် ဖြစ်ပါလေသနည်း။

(၅) ကိံ ဟုတွာ ကိံ အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ= ငါသည် ရှေးအတိတ်ကာလ၌ ဇာတ်အဆူဆူ အဘယ်သူဖြစ်ပြီး၍ တဘန်တမူ အဘယ်သူဖြစ်ပါလေသနည်း။ (ဤကား အတိတ်၌ ယုံမှား ခြင်း ငါးပါးတည်း)။

(၆) ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ=ငါသည် နောင်အနာဂတ် ကာလ၌လည်း ဖြစ်ကောင်း ဖြစ်လိမ့်မည်လော။

(၇) န နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ=ငါသည် နောင်အနာဂတ် ကာလ၌ ဖြစ်ကောင်းမှ ဖြစ်ပါမည်လား။

(၈) ကိံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ=ငါသည် နောင်အနာဂတ် ကာလ၌ ဇာတ်အဆူဆူ အဘယ်သူ ဖြစ်လိမ့်မည်နည်း။

(၉) ကထံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ=ငါသည် အနာဂတ် ကာလ၌ ဘယ်ပုံသဏ္ဌာန် ဘယ်ဟန်ပန်ဖြင့် ဖြစ်ပါလိမ့်မည်နည်း။

(၁၀) ကိံ ဟုတွာ ကိံ ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ= ငါသည် နောင် အနာဂတ်ကာလ၌ ဇာတ်အဆူဆူ အဘယ်သူဖြစ် ပြီး၍ တဘန်တမူ အဘယ်သူ ဖြစ်လိမ့်မည်နည်း။ ။( ဤကား အနာဂတ်၌ ယုံမှားခြင်း ငါးပါးတည်း)။

(၁၁) အဟံ နု ခေါ သိမ္ဟိ=ငါဟုတ်မှ ဟုတ်ပါ၏လား။

(၁၂) နော နု ခေါ သိမ္ဟိ=ငါမဟုတ်ဘဲများ ရှိလေသလား။

(၁၃) ကိံ နု ခေါ သိမ္ဟိ=ဇာတ်အဆူဆူ ငါအဘယ်သူ ဖြစ်လိမ့်မည်နည်း။

(၁၄) ကထံ နု ခေါ သိမ္ဟိ=ဘယ်ပုံသဏ္ဌာန် ဘယ်ဟန်ပန်ဖြင့် ငါဖြစ်၍နေသနည်း။

(၁၅) အဟံ[၁] နု ခေါ သတ္တော ကုတော အာဂတော=ငါဖြစ်၍နေသော သတ္တဝါသည် ဘယ်ဘဝက လာခဲ့ပါလိမ့်မည်နည်း။

(၁၆) ကော[၂] ကုဟိံ အာဂမိဿတိ = ထိုငါဖြစ်၍နေသော သတ္တဝါသည် ဘယ်ဘုံဘယ်ဘဝသို့ ကူးပြောင်း သွားလာရပါမည်နည်း။ ။

**(ဤကား ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါးကည်း)။**

**ပေါင်းယုံမှားခြင်းကခ်ါ ၁၆-ပါးရှိ၏။**

တနည်းအားဖြင့် ယုံမှားခြင်း ရှစ်ပါးရှိသေး၏၊ ထိုရှစ်ပါးကား—

(၁) ဗုဒ္ဓေ ကင်္ခတိ=ဘုရား၌ ယုံမှားခြင်း။

(၂) ဓမ္မေ ကင်္ခတိ=တရားတော်၌ ယုံမှားခြင်း။

(၃) သံဃေ ကင်္ခတိ=သံဃာတော်၌ ယုံမှားခြင်း။

(၄) သိက္ခာယ ကင်္ခတိ=အကျင့်သိက္ခာ၌ ယုံမှားခြင်း။

(၅) ပုဗ္ဗန္တေ ကင်္ခတိ=ရှေးအတိတ်အစွန်း၌ ယုံမှားခြင်း။

(၆) အပရန္တေ ကင်္ခတိ=နောင်အနာဂတ်အစွန်း၌ ယုံမှားခြင်း။

(၇) ပုဗ္ဗန္တာပရန္တေ ကင်္ခတိ=ရှေးနောက်နှစ်ရပ် အတိတ်အနာဂတ်တည်းဟူသောအစွန်း၌ ယုံမှားခြင်း။

(၈) ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေ ကင်္ခတိ=ဤအကြောင်းကြောင့် ဤအကျိုးဖြစ်လေ့ရှိသည်ဟုပြသော ပဋိစ္စသမုပ္ပါဒ်တရားတော်၌ ယုံမှားခြင်း။ ။ဤရှစ်ပါးတည်း။

---

၁။ ဆဋ္ဌမူများ၌ "အဟံ"အစား "အယံ"ဟု ရှိပါသည်။ ဝိသုဒ္ဓိမဂ်၊ ဒု၊ ၂၃၄စသည်။

၂။ ဆဋ္ဌမူများ၌ "ကော"အစား "သော"ဟု ရှိပါသည်၊ (ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ၂၃၄) 'ကုဟိံ ဂါမိ ဘဝိဿတိ'ဟုလည်း ရှိပါသည်။

ဤဆိုအပ်ပြီးသော ယုံမှားခြင်း ဟူသမျှသည် ဝိစိကိစ္ဆာ၏ လက်ချက်စု ချည်းသာတည်း။ ။ဝိစိကိစ္ဆာသည် ဉာဏ်တည်းဟူသော ကုစားခြင်းဖြင့် ကုစား၍မရနိုင်သော အနာကြီးသဘွယ်ဖြစ်၏။ သောတာပတ္တိယင်္ဂဟု ဆိုအပ်သော သဒ္ဓါနှင့် ပြောင့်ပြောင့်ဆန့်ကျင်ဘက်ကြီးဖြစ်၍ လောကုတ္တရာစခန်းသို့ တက်ရန်အရေး၌ ရှေးဦးစွာခုခံသော ရန်သူကြီးလည်းဖြစ်၏။ နီဝရဏ, အနုသယ, ကိလေသာ, သံယောဇဉ် ကိစ္စလည်းတပ်၏။

**ဝိစိကိစ္ဆာ၏ အနက်လေးပါး**

ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။

(၁) သံသယ လက္ခဏာ=ယုံမှားခြင်းလက္ခဏာရှိ၏။

(၂) ကမ္ပန ရသာ - ထိုထိုအာရုံ၌ တုန်တုန်လှုပ်လှုပ်ဖြစ်ခြင်း ကိစ္စရှိ၏။

(၃) အနေကံသ ဂါဟ ပစ္စုပဋ္ဌာနာ - တဘိုတည်းကိုမယူ နှစ်စွန်းပြုသော အဘိုကိုယူခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) အယောနိသော မနသိကာရ ပဒဋ္ဌာန်ပင်။ ။ဝိစိကိစ္ဆာပြီး၏။

ပေါင်းအကုသိုလ်စေတသိက် ၁၄-ပါး ပြီး၏။

**(၅၁) ယုတ်မာညစ်ကြေး၊ ဖိုက်ပဲ့မှေး၊ ဆဲ့လေးအကုသိုလ်။**

**ဤကဗျာဖြင့် အကုသိုလ်စေတသိက် ၁၄-ခုတို၏ သဘောကိုပြဆို၏။**

သတ္တဝါတို့ကို အမျိုးမျိုးယုတ်မာစေမှု အပျိုးပျိုးသော အညစ်အကြေးတို့ဖြင့် လိမ်းကျံထူထပ်စေမှု အမျိုးမျိုးဖိုက်ပဲ့ရန် နည်းလမ်းကို ဖိုက်မဲ့စေရန် အဖိုက်တိုက်မှု အဖေ့တိုက်မှုများသည် ဆိုပြီးသော အကုသိုလ်တရားတို့၏ လက်ချက်တို့သာ ဖြစ်ကုန်၏။ တထောင့်ငါးရာ ကိလေသာဆိုသည်လည်း သူတို့ပင်တည်း။ ပဓာနသုတ်၌ "ကာမာ တေ ပဌမာ သေနာ" စသည်ဖြင့် ဟောတော်မူအပ်သော မာရ်မင်း၏ဘက်သား စစ်သည်တော်များ ဆိုသည်လည်း သူတို့ပင်တည်း။ သတ္တဝါတို့ကို လောင်မြိုက်တတ်သောမီးကြီးတို့ ဆိုသည်လည်း သူတို့ပင်တည်း။ သူတော်ကောင်းတို၏ ဥစ္စာရတနာတို့ကို အတွင်ပြောင်အောင် ခိုးယူလုယက်တိုက်ဖျက်သော သူခိုးထားပြကြီးတို့ဆိုသည်လည်း သူတို့ပင်တည်း။ သူတို့စီမံ ဖန်ဆင်းခြင်းကြောင့် အဝိစိစသော ငရဲဘုံကြီးတွေ ဖြစ်ရကုန်၏။ ငရဲဘုံတွေ, ပြိတ္တာဘုံတွေ, တိရစ္ဆာန်ဘုံတွေ, အသုရကာယ်ဘုံတွေ ဖြစ်အောင်လည်း သူတို့ပင် ဗိသုကာလက်သမားလုပ်ကြကုန်၏။ ပါပ, မလ, အာသဝ, ဩဃ စသောအားဖြင့် မကြားဝံ့စရာ ယုတ်မာသော ဘွဲ့တံဆိပ်အမျိုးမျိုးကိုလည်း ဆောင်လျက်ရှိကြကုန်၏။ မာရ်မင်း၏ဘက်သား ဘုရား၏ရန်သူ

ဖြစ်ကြကုန်သော ထိုအကုသိုလ်တရားတို့ကို တတ်အားသမျှ နှိပ်စက်ဖျက်ဆီးကြကုန်ရာ၏။

## ရစနာဂါထာ

“မာရဿ သေနကာ ဧတေ၊ ဗုဒ္ဓသာသနဝေရိနော။
မာ ဝေါ ယုဇ္ဈိတ္ထ ပီဠိတ္ထ၊ ပညာဝုဓာတ္ထ သဗ္ဗဒါ”။

ဧတေ၊ ထိုအကုသိုလ်တရားဆဲ့လေးပါးတို့သည်။ မာရဿ၊ မာရ်မင်း၏။ သေနကာ၊သျှိန်းအုံပြီးစီး စစ်သည်တော်ကြီးတို့ပေတည်း။ဗုဒ္ဓသာသနဝေရိနော၊ မြတ်စွာဘုရားသာသနာတော်၏ ရန်ငြောင့် လောင်မီးသူပုန်ကြီးတို့ပေတည်း။ ဝေါ၊ သင်တို့ကို။ မာ ယုဇ္ဈိတ္ထ၊ အတင်းဝင်ကာ မတိုက်လာကြစေကုန်လင့်။ မာ ပီဠိတ္ထ၊ ဘိစီးအားစက်၊ မနှိပ်စက်လာစေကုန်လင့်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ပညာဝုဓာ၊ ပညာတည်းဟူသော ဘွဲ့ဖြူလက်နက်၊ ဘုရားစက်ကို၊ ထက်ကြပ်ကိုင်စွဲ မြဲကြီးမြဲကြသည်။ အတ္ထ ဘဝထ၊ ဖြစ်ကြလေကုန်လော့။

## သောဘနစေတသိက်ကို ပြဆိုခန်း

(၅၂) သဒ္ဓါ,သတိ၊ဟိရိ,သြတ္တပ်၊ ဟိတ်နှစ်ရပ်၊ တတြမဇ္ဈတ္တာ။

(၅၃) ပဿဒ္ဓိ,လဟု၊ မုဒု,ကမ္မည်၊ ပါဂုညင်နှင့်၊ ထိုပြင်ဥဇုက၊ ခြောက်စုံမွှ၊ ကာယ, စိတ်နှင့်နှော။

ဤကဗျာနှစ်ခုဖြင့် သဒ္ဓါ, သတိစသော သောဘနသာဓာရဏစေတသိက် ၁၉-ကို ပြဆို၏။

(၁) သဒ္ဓါ။ “သဒ္ဒဟတိတိ သဒ္ဓါ”။ သဒ္ဒဟတိ၊ ယုံကြည် သက်ဝင်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သဒ္ဓါ၊ သဒ္ဓါမည်၏။“သဒ္ဒဟန္တိ တေယာတိ သဒ္ဓါ”။ “သဒ္ဒဟနံ သဒ္ဓါ”။ အလွန်ကြည်လင်လှစွာသော ရေအပြင်, မှန်အပြင်တို့သည် လဝန်း နေဝန်းစသော အရိပ်နိမိတ်တို့ကို မိမိတို့ အတွင်း၌ ကောင်းစွာသွင်း၍ ထားဘိသကဲ့သို့ ထိုအတူ သဒ္ဓါသည်လည်း ဘုရားစသော ကောင်းမြတ်သော အာရုံတို့ကို မိမိအတွင်း၌ သွင်းထားခြင်း သဘောရှိ၏။ ထိုသဘောကို ယုံကြည်မှုဆိုသည်။ သဒ္ဓါတရားသည် သန့်ရှင်းကြည်လင်သော အာရုံကောင်း အာရုံမြတ်တို့ကို စွဲ၍ ဖြစ်ရလေသောကြောင့် မိမိလည်း ကြည်လင်သောသဘောရှိ၏၊ သမ္ပယုတ်တရားတို့ကိုလည်း ကြည်လင်စေ၏။ ထိုကြောင့် ထိုသဒ္ဓါကို စကြဝတေးမင်း၏ ပတ္တမြားရတနာကြီးနှင့်တူ၏ဟု ဆိုရလေသည်။ ယုံကြည်သည် ကြည်ညိုသည် ဆိုသော စကားသည် သဒ္ဓါကို ပြော၍သော စကားဖြစ်၏။

ထိုသဒ္ဓါသည် ဩကပ္ပနသဒ္ဓါ, ပသာဒကသဒ္ဓါဟူ၍ ၂-ပါးရှိ၏။ ထိုတွင် ကြည်ညိုသင့် ကြည်ညိုထိုက်သော ဘုရားစသော သဒ္ဓေယျဝတ္ထုတို့၌ မည်းညစ်မှုမဘက် သက်သက် ကြည်လင်စွာဖြစ်သော သဘောသည် ဩကပ္ပနသဒ္ဓါမည်၏။ ထိုမှတပါး သာသနာ၌ အညတိတ္ထိယပုဂ္ဂိုလ်တို့၌ငှင်း, ထိုပုဂ္ဂိုလ်တို့၏အယူဝါဒတို့၌ငှင်း, ယုံကြည်သောအနေအားဖြင့်ဖြစ်သော သဘောသည် ပသာဒကသဒ္ဓါမည်၏။ ထိုပသာဒကသဒ္ဓါသည် တရားကိုယ်အားဖြင့် မိစ္ဆာဓိမောက္ခပင်တည်း။ ဤနေရာ၌ ဩကပ္ပနသဒ္ဓါကိုသာ အလိုရှိအပ်၏။

ဤလောက၌ လူအများတို့သည် ရတနာတို့ကို တွေ့မြင်ပါသော်လည်း လက်မရှိက ကောက်ယူခြင်းငှါ မစွမ်းနိုင်ဘိသကဲ့သို့ သဒ္ဓါတည်းဟူသော လက်မရှိလျှင် ပုညကြိယာဝတ္ထုတို့ကို တွေ့သော်လည်း ကောက်ယူခြင်းငှါ မတတ်နိုင်ချေ။ ရွှေငွေစသည်မရှိခဲ့လျှင် အလုံးစုံသော အသုံးအဆောင် အခမ်းအနားတို့နှင့် မပြည့်စုံသကဲ့သို့ သဒ္ဓါတည်းဟူသော ရွှေငွေမရှိလျှင် လောကီ,လောကုတ္တရာ အသုံးအဆောင်တို့နှင့် ပြည့်စုံရန် ကင်းဆိတ်ချေ၏။ မျိုးစေ့မရှိသည်ရှိသော် မစိုက်မပျိုးရ၍ အသီးအနှံကို မစားရသကဲ့သို့ သဒ္ဓါတည်းဟူသော မျိုးစေ့မရှိလျှင် လောကီလောကုတ္တရာ၌ဖြစ်သော ကောင်းမြတ်သော ချမ်းသာသီး ချမ်းသာပွင့်တို့ကို မသုံးမဆောင်ရချေ။ ထို့ကြောင့် သဒ္ဓါသည် လက်နှင့်တူ၏။ ရွှေငွေရတနာနှင့်လည်း တူ၏။ မျိုးစေ့နှင့်လည်းတူ၏ဟု ဆိုရလေသည်။ ပါဠိတော်၌လည်း "သဒ္ဓါ ကရော ပညာ သီသော" ဟူ၍ငှင်း, "သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ" ဟူ၍ငှင်း, 'သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ' ဟူ၍ငှင်း ဟောတော်မူ၏။

ဤသဒ္ဓါသည် သောတာပတ္တိယင်္ဂ တရားနှင့်ဆိုင်၍ ပဓာနိယင်္ဂ တရားတို့၌ ပါဝင်ပေသောကြောင့် သောတာပတ္တိမဂ်စသော လောကုတ္တရာဘုံကြီးသို့ ဆိုက်ရောက်ရန် ရှေးဦးစွာ မဟာမိတ်ကြီး ဖွဲ့သင့်ဖွဲ့ထိုက်သော တရားမြတ်ကြီးဖြစ်ပေ၏၊ ဣန္ဒြိယကိစ္စ,ဗိုလ်ကိစ္စ တပ်၍ ဣန္ဒြိယပစ္စည်း၌ အကျုံးဝင်၏။

## သဒ္ဓါ၏ အနက်လေးပါး

သဒ္ဓါ၊ သဒ္ဓါသည်။

(၁) သဒ္ဒဟန လက္ခဏာ=ကြည်ညိုခြင်းလက္ခဏာရှိ၏။

(၂) ပသာဒန ရသာ=စကြာမင်းဖျား၏ ပတ္တမြားမသွေ ကြည်လင်စေခြင်းကိစ္စရှိ၏။

(၃) အကာလုဿိယ ပစ္စုပဋ္ဌာနာ=မနောက်ကျုခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) သဒ္ဓေယျဝတ္ထု ပဒဋ္ဌာနာ=ကြည်ညိုသင့် ကြည်ညိုထိုက်သော ဘုရားစသောသဒ္ဓေယျဝတ္ထုလျှင် ပဒဋ္ဌာန်ရှိ၏။

သဒ္ဓါသည် ဩကပ္ပနသဒ္ဓါ, ပက္ခန္ဒနသဒ္ဓါ, အဓိမုတ္တိသဒ္ဓါဟူ၍ ၃-ပါးရှိ၏[၁]။ ထိုတွင် သာမညသက်ဝင်ယုံကြည်၍ ကြည်ညိုကာမျှသည် ဩကပ္ပနသဒ္ဓါမည်၏။ ရေအယဉ်၌ နစ်မျောသောသူသည် ကမ်းကိုသာ အားကိုးတချုပ်၍ အထူးယုံကြည်ကာ ကူးရောက်လာဘိသကဲ့သို့ အားကိုးတခုမှီရာပြု၍ ကြည်ညိုယုံကြည်ခြင်းသည် ပက္ခန္ဒနသဒ္ဓါမည်၏။ ဘေးရန်တွေ့သောအခါတို့၌ ပက္ခန္ဒနသဒ္ဓါထင်ရှား၏။ တပါးသောသူတို့ လှုပ်ချောက်ချားခြင်းငှါ မတတ်နိုင်မူ၍ စွဲမြဲခိုင်ခံ့စွာ ကျွတ်ကျွတ် လွတ်လွတ် ကြည်ညိုမှုသည် အဓိမုတ္တိသဒ္ဓါမည်၏။

(၁) သပ္ပုရိသသံသေဝ။ (၂) သဒ္ဓမ္မဿဝန။ (၃) ယောနိသောမနသိကာရ။ (၄)ဓမ္မာနုဓမ္မပဋိပတ္တိဟုဆိုအပ်သော သောတာပတ္တိယင်္ဂ တရားလေးပါးတို့သည်လည်း သဒ္ဓါဖြစ်ရန် အကြောင်းရင်း ပဒဋ္ဌာန်ကြီးတို့ပေတည်း။ ။ သဒ္ဓါပြီး၏။

(၂) **သတိ**။ "သရဏံ သတိ"။ သရဏံ၊ အောက်မေ့ခြင်း။ သတိ၊ အောက်မေ့ခြင်း။ မိမိပြုခဲ့ဘူးသော ကောင်းမှုသုစရိုက်တို့ကိုရင်း, ဘုရားစသော ကောင်းမြတ်သော အာရုံတို့ကိုရင်း,မမေ့မလျော့သော အစွမ်းဖြင့် ဖြစ်နေသောသဘောသည် ဤနေရာ၌ သတိမည်၏။ ထိုသတိသည် သမ္မာသတိ, မိစ္ဆာသတိ ဟူ၍ ၂-ပါးရှိ၏။ ပြဆိုခဲ့ပြီးသောအတိုင်း ကောင်းသောအာရုံ၌ မမေ့မလျော့ခြင်းသည် သမ္မာသတိမည်၏။ ။(ဤအရာ၌ လိုအပ်သော သတိပေတည်း။)

ပြုပြီးသော အကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းသည် မိစ္ဆာသတိမည်၏။ တရားကိုယ်အားဖြင့် အကုသိုလ်စိတ္တုပ္ပါဒ်ပေတည်း။

ဤသတိတရားသည် အကုသိုလ်တရားတို့ မဝင်နိုင်အောင် စိတ်ကို ကောင်းစွာ စောင့်ရှောက်ပေ၏။ ကုသိုလ်တရားဖြစ်ပွါးရန်လည်း အခွင့်အလမ်းဖွင့်၍ ပေးတတ်ပေ၏။ ထို့ကြောင့် မင်း၏ကိစ္စအမျိုးမျိုးကို ကျေပြွန်အောင်ဆောင်ရွက်နိုင်သော ဘုရင်ခံအမတ်ကြီးနှင့် တူ၏ဟု ဆိုရ၏။ အရာဌာနဟူသမျှတို့၌ ကျေးဇူးများသော တရားဖြစ်၏။ ထို့ကြောင့် "သတိဉ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ"ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။ ဘိက္ခဝေ၊တို့။ခေါ်၊ စင်စစ်။သတိဉ္စ၊ သတိတရားကိုသာလျှင်။ သဗ္ဗတ္ထိကံ၊ အလုံးစုံသော အရာဌာနဟူသမျှတို့၌ အသုံးကျ၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ မချွင်းချက်ဟောခဲ့ပေ၏။ (ဤကားအနက်။) ဝီရိယ, သဒ္ဓါစသည်တို့မှာ လွန်သည်ဟူ၍ ရှိသေး၏၊ သတိလွန်သည်ဟူ၍ မရှိ။ "ပညာရှိသော်လည်း သတိဖြစ်ခဲသည်"ဟု ရှေးလူကြီးများလည်း ဆိုစမှတ်ပြုကြ၏။

---

(၁) အခြားအရာထို့၌ (၁) အာဂမသဒ္ဓါ (၂) အဓိဂမသဒ္ဓါ (၃) ဩကပ္ပနသဒ္ဓါ (၄) ပသာဒသဒ္ဓါဟူ၍ လေးမျိုးလာရှိလေသည်။

သတိပဋ္ဌာန်လေးပါး၏ တရားကိုယ်သည်လည်း သတိစေတသိက်တခုပင် ဖြစ်၏။ အနုဿတိဆယ်ပါး၏ တရားကိုယ်သည်လည်း သတိတခုပင်တည်း။ သတိသည် သတိပဋ္ဌာန်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်ကိစ္စတပ်၍ ဣန္ဒြိယပစ္စည်း, မဂ္ဂပစ္စည်းများ၌ အကျုံးဝင်၏။

## သတိ၏ အနက်လေးပါး

သတိ၊ သတိတရားသည်။

(၁) အနုဿရဏ လက္ခဏာ=အောက်မေ့ခြင်းလက္ခဏာရှိ၏။

(၂) အသံမောသ ရသာ=မေ့လျော့ခြင်းကို ဖျက်ဆီးခြင်းကိစ္စရှိ၏။

(၃) အာရက္ခ ပစ္စုပဋ္ဌာနာ=စိတ်နှင့်အာရုံကို စောင့်ရှောက်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ထိရ သညာ ပဒဋ္ဌာနာ=မြဲမြံခိုင်ခံ့သော သညာလျှင် ပဒဋ္ဌာန်ရှိ၏။ (သတိပဋ္ဌာန်လေးပါး, အနုဿတိဝတ္ထုဆယ်ပါးလည်း သတိ၏ ပဒဋ္ဌာန်ပင်ဖြစ်၏)။ ။သတိပြီး၏။

(၃) ဟိရီ။ "ဟိရိယတီတိ ဟိရီ"။ ဟိရိယတိ၊ မကောင်းမှုမှ စက်ဆုပ်ရွံရှာ လွန်စွာရှက်နိုးတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဟိရီ၊ ဟိရီမည်၏။ မကောင်းမှုပြုရန် အရေးဆိုက်လာသည်ရှိသော် ထိုမကောင်းမှုကို ပြုရန်အတွက် အလွန်ရှက်နိုးခြင်းသဘောသည် ဟိရီမည်၏။

## ဟိရီ၏ အနက်လေးပါး

ဟိရီ၊ ဟိရီသည်။

(၁) ပါပ ဇိဂုစ္ဆန လက္ခဏာ=တရားယုတ်ကို စက်ဆုပ်ရွံရှာခြင်း, ရှက်နိုးခြင်းလက္ခဏာရှိ၏။

(၂) အကရဏ ရသာ=တရားယုတ်ကို မပြုမလုပ်ခြင်း ကိစ္စရှိ၏။

(၃) သင်္ကောစန ပစ္စုပဋ္ဌာနာ=မကောင်းမှုမှ တွန့်ဆုတ်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) အတ္တ ဂါရဝ ပဒဋ္ဌာနာ=မိမိဂုဏ်သိမ်ကို ထောက်ထားသမှု အလေးပြုခြင်း ပဒဋ္ဌာန်ရှိ၏။ ။ဟိရီ ပြီး၏။

(၄) ဩတ္တပ္ပ။ "ဩတ္တပ္ပတီတိ ဩတ္တပ္ပံ"။ ဩတ္တပ္ပတိ၊ မကောင်းမှုမှ လန့်ထိတ်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဩတ္တပ္ပံ၊ ဩတ္တပ္ပမည်၏။ မကောင်းမှုပြုရန် အရေးဆိုက်လာသည်ရှိသော် ထိုမကောင်းမှုကို ပြုရန်အတွက် အလွန်ကြောက်ရွံ့ လန့်ထိတ်ခြင်းသဘောသည် ဩတ္တပ္ပမည်၏။

## ဩတ္တပ္ပ၏ အနက်လေးပါး

ဩတ္တပ္ပံ၊ ဩတ္တပ္ပသည်။

(၁) ဥတ္တာသန လက္ခဏံ=မကောင်းမှုမှ လန့်ထိတ်ခြင်းလက္ခဏာရှိ၏။

(၂) အကရဏ ရသံ=တရားယုတ်ကို မပြုမလုပ်ခြင်း ကိစ္စရှိ၏။

(၃) သင်္ကောစန ပစ္စုပဋ္ဌာနံ=တရားယုတ်မှ တွန့်ဆုတ်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ပရ ဂါရဝ ပဒဋ္ဌာနံ = ဆရာမိဘစသော သူတပါးတို့၏ ဂုဏ်သိမ်ကို ထောက်ထားသမှု အလေးပြုခြင်း ပဒဋ္ဌာန်ရှိ၏။ ။ဩတ္တပ္ပ ပြီး၏။

**ဟိရိနှင့်ဩတ္တပ္ပအကြောင်းကို အမြွက်မျှ ဆိုအံ့။** ။ဟိရိသည် မိမိဂုဏ်ကျေးဇူး စသည် များကို ထောက်ထားသမှု ဂရုစိုက်သောအားဖြင့် မကောင်းမှုမှ ရှောင်ကြဉ်တတ်ချေ၏။ ဩတ္တပ္ပသည် မိမိမှတပါး ဆရာသမား ဘိုး-ဘွား-မိဘ စသည်တို့ကို ထောက်ထားသမှု ဂရုစိုက်သောအားဖြင့် မကောင်းမှုမှ ရှောင်ကြဉ်တတ်၏။ တလောကလုံးကို မှောက်မှားတိမ်းပါးခြင်း မရှိအောင် စောင့်ရှောက်ပေသောကြောင့် ဟိရိနှင့် ဩတ္တပ္ပ ၂-ပါးကို "လောကပါလ"တရားဟူ၍ ဟောတော်မူ၏။ ဤလောကပါလ တရားနှစ်ပါး ရှိနေပေသောကြောင့် သတ္တလောကကြီးသည် မငဲ့မယိမ်း မတိမ်း မစောင်းဘဲ တည်နေနိုင်လေသည်။ သတ္တလောကကြီး၏ ပဲ့တက်ကြီးနှင့်လည်း တူ၏။ ဟိရီ, ဩတ္တပ္ပတည်းဟူသော ပဲ့တက်မှကင်းသော သူတို့သည် ဝဲဘက်, ကျောက်ဆောင်စသည်နှင့်တူသော ဘေးဘျမ်း အန္တရာယ်ဖြင့် ပြွမ်းသော အပါယ်လေးပါးတည်းဟူသော သမုဒ္ဒရာစခန်း၌ ကသောက်ကရောက် ရောက် တတ်ရာရာ နစ်မျောကြရကုန်၏။ ဤတရား ၂-ပါးကို "ဒေဝဓမ္မ"ဟူ၍လည်း ဟောတော်မူ၏။ ဒေဝဓမ်တရား နတ်တရား ထွန်းပတောက်ပြောင် အရောင် အလင်းရှိသော တရားဟူ၍ ဆိုလိုသည်။ ထိုကြောင့် ဒေဝဓမ္မဇာတ်၌—

"ဟိရိ ဩတ္တပ္ပသမ္ပန္နာ၊ သုက္ကဓမ္မာ သမာဟိတာ။
သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မာတိ ဝုစ္စရေ"။

ဟူ၍ ဟောတော်မူ၏။

အနက်ကား—ဟိရိ ဩတ္တပ္ပသမ္ပန္နာ၊ ဟိရီ, ဩတ္တပ္ပနှစ်ပါးနှင့် ပြည့်စုံကုန်သော။ သုက္ကဓမ္မာ၊ ဖြူစင်သောတရားရှိကုန်သော။ သမာဟိတာ၊ တည်ကြည်ကုန်သော။ သန္တော၊ ငြိမ်သက်ကုန်သော။ သပ္ပုရိသာ၊ သူတော်ကောင်းတို့ကို။ လောကေ၊ လောက၌။ ဒေဝဓမ္မာတိ၊ ဒေဝဓမ်တရားရှိသောသူတို့ဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။

မရှက်သင့်သော ကုသိုလ်ရေး ကောင်းမှုရေးတို့၌ ရှက်ခြင်း။ မကြောက်လန့်သင့်သော ကုသိုလ်မှုအရေးတို့၌ ကြောက်လန့်ခြင်းဟု ဆိုအပ်သော ဟိရီအတုအပ, ဩတ္တပ္ပအတုအပတို့သည်လည်း ရှိကုန်၏။ ထိုဟိရီဩတ္တပ္ပ အတုအပ အယောင်ဆောင်တရားတို့ကို ဟိရီပဋိရူပက, ဩတ္တပ္ပပဋိရူပကဟူ၍ ဆိုအပ်ကုန်၏။ စင်စစ်အားဖြင့် ဒိဋ္ဌိလွှမ်းကဲသော အကုသိုလ်စိတ္တုပ္ပါဒ်တို့ပင်တည်း။ ဤကို ရည်၍---

လဇ္ဇိတဗ္ဗေ န လဇ္ဇန္တိ၊ အလဇ္ဇိယေသု လဇ္ဇရေ။
ဘာယိတဗ္ဗေ န ဘာယန္တိ၊ အဘယေ ဘယဒဿိနော။

ဟူ၍ ဘုရားဟောတော်မူ၏။

အနက်ကား---- လဇ္ဇိတဗ္ဗေ၊ ရှက်သင့်သော အကုသိုလ်အရေး၌။ န လဇ္ဇန္တိ၊ မရှက်ကြကုန်။ အလဇ္ဇိယေသု၊ မရှက်သင့်သော ကုသိုလ်ရေးတို့၌။ လဇ္ဇရေ၊ ရှက်နိုးကြကုန်၏။ ဘာယိတဗ္ဗေ၊ ကြောက်လန့်သင့်သော အကုသိုလ်အရေး၌။ န ဘာယန္တိ၊ မကြောက်ကြကုန်။ အဘယေ၊ မကြောက်သင့်သော ကောင်းမှုရေး၌။ ဘယဒဿိနော၊ ကြောက်ဘွယ်အရေး ရေဘေးဟု မြော်တွေးထင်မြင်ကြကုန်၏။ ထိုကြောင့် အမြင်မှောက်မှားသော ဟိရီ, ဩတ္တပ္ပ ပဋိရူပကတရားတို့ကို ပယ်ရှားကြကုန်ရာ၏။

## ရစနာဂါထာ

လဇ္ဇနံ အလဇ္ဇိယေသု၊ မာကတ္ထ အဘယေ ဘယံ။
လဇ္ဇိတဗ္ဗေဝ လဇ္ဇိတ္ထ၊ ဘာယိတ္ထ ခေါ ဘယာနကေ။

အလဇ္ဇိယေသု၊ မရှက်သင့်သော အရာတို့၌။ လဇ္ဇနံ၊ ရှက်နိုးခြင်းကို။ မာကတ္ထ၊ မပြုကြကုန်လင့်။ အဘယေ၊ မကြောက်သင့်သော အရာ၌။ ဘယံ၊ ကြောက်ခြင်းကို။ မာကတ္ထ၊ မပြုကြကုန်လင့်။ ခေါ၊ စင်စစ်။ လဇ္ဇိတဗ္ဗေဝ၊ ရှက်သင့်သော အရာ၌သာလျှင်။ လဇ္ဇိတ္ထ၊ ရှက်နိုးကြကုန်လော့။ ဘယာနကေ၊ ကြောက်သင့်သော အရာ၌။ ဘာယိတ္ထ၊ ကြောက်လန့်ကြကုန်လော့။ ဟိရီနှင့်ဩတ္တပ္ပသည် ဗိုလ်ကိစ္စ တပ်၏။

(၁) အလောဘ။ "န လုဗ္ဘတီတိ အလောဘော"။ န လုဗ္ဘတိ၊ မသာယာ မကပ်ငြိတတ်။ ဣတိ တသ္မာ၊ ထိုကြောင့်။ အလောဘော၊ အလောဘမည်၏။ တနည်းကား --- "လောဘပဋိပက္ခော အလောဘော"။ လောဘ-ပဋိပက္ခော၊ လောဘ၏ ဆန့်ကျင်ဘက်ဖြစ်သော တရားသည်။ အလောဘော၊ အလောဘမည်၏။

ထိုထို အာရုံတို့၌ လောဘသည် ခင်မင်တွယ်တာ သာယာတပ်မက်သော အားဖြင့် ဖြစ်၏။ ထိုလောဘ၏ နယ်ဖြစ်သော အာရုံဓမ္မတို့၌ သာယာမှု၊ တွယ်တာမှု၊ ခင်မင်စုံမက် တပ်နှစ်သက်မှုတို့ကို အတင်းပယ်သတ်၍ လောဘ၏ အစာအာဟာရ ဟူသမျှတို့ကို ကျင်ကြီး ကျယ်ငယ်ပမာ ရွံရှာစက်ဆုပ်သော အနေအားဖြင့် ဖြစ်သော သဘောကို အလောဘဆိုသည်။ ဤအလောဘသည် လောဘ၏နယ်မှငင်း၊ လောဘနေယျဖြစ်သော အာရုံအမျိုးမျိုးတို့မှငင်း ကျွတ်လွတ်ထွက်မြောက်တတ်သောကြောင့် နေက္ခမ္မဓာတ်လည်း မည်၏။ "နေက္ခမ္မဇ္ဈာသယာ ဟိ ဗောဓိသတ္တာ"ဟူသည်နှင့်အညီ ရင့်မာသော ဗောဓိလောင်းဟူသမျှတို့၏သန္တာန်၌ ဤ နေက္ခမ္မဇ္ဈာသယဓာတ်သည် အမြဲ ကိန်းအောင်း သက်ဝင်လျက် ရှိ၏။ ၎င်းအလောဘကို အဘိဇ္ဈာ၏ဆန့်ကျင်ဘက်ဖြစ်၍ အနဘိဇ္ဈာလည်း ခေါ်၏။ ဟေတုပစ္စည်း ထိုက်၏။ လောဘနှင့် လောဘ၏ အစာဝတ္ထုအစုစုတို့ကို တခုမကျန် လောင်မြိုက်တတ်သောကြောင့် မြတ်စွာဘုရား၏ ဘွဲ့ဖြူလက်နက် လောင်မီးစက်ကြီးလည်း ဖြစ်၏။

### အလောဘ၏ အနက်လေးပါး

အလောဘော၊ အလောဘသည်။

( ၁ ) အဂေဓ လက္ခဏော=မဘပ်မက် မတွယ်တာခြင်း လက္ခဏာ ရှိ၏။

( ၂ ) အပရိဂ္ဂဟ ရသော -မသိမ်းဆည်းခြင်းကိစ္စ ရှိ၏။

( ၃ ) အနလ္လီယန ပစ္စုပဋ္ဌာနော=မကပ်ငြိခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

( ၄ ) ယောနိသောမနသိကာရပဒဋ္ဌာန် ရှိ၏။ (ကုသိုလ်အရာ၌ ပဒဋ္ဌာန် အထူးမရှိလျှင် ယောနိသောမနသိကာရပင် ပဒဋ္ဌာန်မြဲ၏)။ ။ အလောဘ ပြီး၏။

( ၆ ) **အဒေါသ**။ "န ဒုဿတီတိ အဒေါသော"။ န ဒုဿတိ၊ အမျက်မထွက်တတ်။ ဣတိတသ္မာ၊ ထိုကြောင့်။ အဒေါသော၊ အဒေါသ မည်၏။ တနည်းကား "ဒေါသပဋိပက္ခော အဒေါသော"။ ဒေါသပဋိပက္ခော၊ ဒေါသ၏ဆန့်ကျင်ဘက်ဖြစ်သော သဘောသည်။ အဒေါသော၊ အဒေါသ မည်၏။

ဒေါသသည် မိမိ၏အကျိုးမဲ့ဟုထင်သော အာရုံတို့၌ ပြစ်မှား ကြမ်းတမ်းစွာ ဖြစ်၏။ ထိုအာရုံတို့၌ ဒေါသ၏ အငွေ့ဖြစ်သော ပြစ်မှား ကြမ်းတမ်းမှုတို့ကို အတင်း ပယ်ဖျက် မှုတ်လွှင့်၍ မြင်တိုင်း တွေ့တိုင်းသော သတ္တဝါအာရုံတို့၌ လပြည့်ဝန်းကြီးနှင့်တူသော ချမ်းမြအေးကြည်သော စိတ်နှလုံးကို ဖြစ်ပွါးစေ၍

ရှင်ရှင်လန်းလန်း ချမ်းချမ်းသာသာဖြစ်သော သဘောသည် အဒေါသမည်၏။ ဤအဒေါသသည် သတ္တဝါတို့၌ နှိပ်စက် ညှဉ်းပန်းလိုခြင်း, ပျက်စီးစေလိုခြင်း တည်းဟူသော ဗျာပါဒသဘော မရှိသောကြောင့် အဗျာပါဒဓာတ်လည်း မည်၏။ ဤ အဒေါသကိုပင်လျှင် ဗြဟ္မဝိဟာရလေးပါးတွင် မေတ္တာဟူ၍ ခေါ်ဆိုရ၏။ သတ္တလောကကြီးကို သီဒါသမုဒ္ဒရာ၌ စိမ်၍ ထားဘိသကဲ့သို့ ဗြဟ္မဝိဟာရခေါ်သော မေတ္တာသည် သတ္တဝါတို့ကို ချမ်းသာ အေးမြစေ၏။ ဒေါသနေယျဝတ္ထုပေါ်၌ စွဲငြိတောက်လောင်၍နေသော ဒေါသ တည်းဟူသော မီးကို ငြိမ်းအောင် ဖျန်းနိုင်သော သီတာရေကြီးလည်း မည်၏။ဟေတုပစ္စည်းလည်း တပ်၏။

အဒေါသ၏ အနက်လေးပါး

အဒေါသော၊ အဒေါသသည်။

(၁) အစဏ္ဍိက္က လက္ခဏော မကြမ်းတမ်းခြင်း လက္ခဏာ ရှိ၏။

(၂) အာဃာတ ပဋိဝိနယ ရသော ရန်ငြိုးဖွဲ့ခြင်း, မျက်မာန်ဆိုက်၍ ပူအိုက်ခြင်းတို့ကို ပယ်ဖျောက်ခြင်းကိစ္စ ရှိ၏။

(၃) သောမ္မဘာဝ ပစ္စုပဋ္ဌာနော ရောင်ဝါပြည့်လျှမ်း လပြည့် စမ်းကဲ့သို့ အေးချမ်းကြည်သာခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

(၄) ယောနိသောမနသိကာရပဒဋ္ဌာန် ရှိ၏။ ။အဒေါသ ပြီး၏။

(အာမောဓာကို ဤနေရာ၌ ဆိုသင့်သော်လည်း ပညိန္ဒြေစေတသိက် အရာသို့ ကျရောက်မှ ဆိုတော့အံ့။)

(၇) တတြမဇ္ဈတ္တတာ။ မချစ်မမုန်း မလုံးမပြား မြင့်မား နိမ့်လျော့ခြင်း မရှိ၊ တည့်မတ်စင်ကြယ် အလယ်ဗဟို ဖြစ်သော သဘောတရားကို မဇ္ဈတ္တတာ ခေါ်၏။

"တေသု တေသု ဟိတကမ္မေသု စိတ္တစေတသိကာနံ မဇ္ဈတ္တတာ တတြမဇ္ဈတ္တတာ"။ တေသု တေသု ဟိတ ကမ္မေသု၊ ထိုထို အကျိုးစီးပွါးရှိသော အမှုကိစ္စဟူသမျှတို့၌။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့၏။ မဇ္ဈတ္တတာ၊ ဗဟိုကျမှု လျစ်လျူရှုခြင်းသည်။ တတြမဇ္ဈတ္တတာ၊ တတြမဇ္ဈတ္တတာ မည်၏။ ထိုတတြမဇ္ဈတ္တတာသည် သမ္ပယုတ်တရားတို့ကိုတက်ကြွခြင်း, အားလျော့ ယုတ်နိမ့်ခြင်းဖြင့် ပညီမညွတ် ဖြစ်ခွင့်ကို မပေးဘဲ အလယ်အလတ် ဖြောင့်မတ်စွာဘိ မဇ္ဈိမပဋိပဒါသဘောအနေဖြင့် ဖြစ်ပွါးစေနိုင်၏။

ဤသို့ ဖြစ်ပွါးစေမှုကို လျစ်လျူရှုသည်ဟု ခေါ်ရလေသည်။

တခုသော ရထားထမ်းပိုး၌ နှစ်ကောင်သောမြင်းတို့ကိုတပ်၍ တကောင်ကို တကောင် မသာစေရ ညီညာမျှတစွာရှိအောင် မောင်းနိုင်နှင်နိုင်သော ရထားထိန်းနှင့် တူ၏ဟု ဆို၏။ ဗြဟ္မဝိဟာရလေးပါးတွင် ဤ တတြမဇ္ဈတ္တတာကို ဥပေက္ခာ ခေါ်၏။ ဗောဇ္ဈင် ၇-ပါးတွင် ဥပေက္ခာ သမ္ဗောဇ္ဈင် ခေါ်၏။

### တတြမဇ္ဈတ္တတာ၏ အနက်လေးပါး

တတြမဇ္ဈတ္တတာ။ တတြမဇ္ဈတ္တတာသည်။

(၁) သမဝါဟန လက္ခဏာ = သမ္ပယုတ်တရားတို့ကို မိမိတို့ကိစ္စ၌ ညီမျှစွာ ဆောင်ရွက်စေခြင်းလက္ခဏာ ရှိ၏။

(၂) ဦနာဓိကတာ နိဝရဏ ရသာ = လွန်မှု ယုတ်လျော့မှုကို တားမြစ်ခြင်း ကိစ္စ ရှိ၏။

(၃) မဇ္ဈတ္တဘာဝ ပစ္စုပဋ္ဌာနာ = လျစ်လျူရှုခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

(၄) သမ္ပယုတ္တ ပဒဋ္ဌာနာ = သမ္ပယုတ်တရားစုလျှင် ပဒဋ္ဌာန် ရှိ၏။ ။ တတြမဇ္ဈတ္တတာ ပြီး၏။

**(၈-၉) ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ ၂-ပါး။** ဤနေရာ၌ ဝေဒနာ စသော စေတသိက်အပေါင်းကို 'ကာယ'ဟူ၍ မှတ်ရမည်။ သောဘနစိတ်စုကို'စိတ္တ'ဟူ၍ ယူရမည်။ "ပဿမ္ဘနံ ပဿဒ္ဓိ"။ ပဿမ္ဘနံ၊ ငြိမ်းချမ်းသက်သာခြင်း။ ပဿဒ္ဓိ၊ ငြိမ်းချမ်း သက်သာခြင်း။

"ကာယဿ ပဿဒ္ဓိ ကာယပဿဒ္ဓိ"။ ကာယဿ၊ စေတသိက်အပေါင်း၏။ ပဿဒ္ဓိ၊ ငြိမ်းချမ်းသက်သာခြင်းသည်။ ကာယပဿဒ္ဓိ၊ ကာယပဿဒ္ဓိ မည်၏။

"စိတ္တဿ ပဿဒ္ဓိ စိတ္တပဿဒ္ဓိ"။ စိတ္တဿ၊ စိတ်၏။ ပဿဒ္ဓိ၊ ငြိမ်းချမ်း သက်သာခြင်းသည်။ စိတ္တပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ မည်၏။

ကုသိုလ်မှု၌ စိတ်စေတသိက်တို့၏ ငြိမ်းချမ်းသက်သာခွင့်ကို ရမှုသည် ပဿဒ္ဓိ ၂-ပါး မည်၏။ အကြင် ပုဂ္ဂိုလ်တို့၏သန္တာန်၌ ပဿဒ္ဓိ အားနည်းချို့တဲ့ခဲ့ပါမူ ထိုသူတို့သည် ကုသိုလ်ကောင်းမှုရေးတို့၌ ငြိမ်းချမ်း သက်သာခွင့်ကို မရရှာကြကုန်။ ကုသိုလ်ကောင်းမှုရေးတို့မှ ပြင်ပ တခြားတပါးသို့သာ ထိုသူတို့၏ စိတ်သည် ထွက်ပြေးလေ၏။ လောလောပူသော ကျောက်ဖျာအပြင်၌ပစ်၍ထားအပ်သော ငါးနှင့် တူ၏။ အကြင် သူတို့၏ သန္တာန်၌ ပဿဒ္ဓိ ၂-ပါး အားရှိကြကုန်၏။ ထိုသူတို့သည် ကုသိုလ်ကောင်းမှုရေးတို့၌ ငြိမ်းချမ်းသက်သာခွင့်ကို ရကြကုန်၏။ အေးမြသောရေ၌ ပစ်ချလိုက်သော ငါးနှင့် တူ၏။ ပဿဒ္ဓိ ၂-ပါးသည် သမ္ဗောဇ္ဈင် ကိစ္စ ထိုက်၏။

"ကာယစိတ္တာနံ အဝူပသမကရဥဒ္ဓစ္စာဒိကိလေသပဋိပက္ခဘူတာတိ ဒဋ္ဌဗ္ဗာ" ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့်အညီ ပဿဒ္ဓိ ၂-ပါးတို့သည် စေတသိက်နှင့် စိတ်တို့ကို မငြိမ်းမချမ်း မငြိမ်မသက်အောင်ပြုတတ်သော ဥဒ္ဓစ္စ စသော ကိလေသာတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်၏။

## ပဿဒ္ဓိ ၂-ပါး၏ အနက် ၄-ပါး

ပဿဒ္ဓိယော၊ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ ၂-ပါးတို့သည်။

(၁) ဒရထ ဝူပသမ လက္ခဏာ=ကိလေသာ အပူအပင်တို့မှ ကြည်လင် ငြိမ်းချမ်းခြင်းလက္ခဏာ ရှိကုန်၏။

(၂) ဒရထ နိမ္မဒ္ဒန ရသာ=ကိလေသာ အပူအပြင်းတို့ကို နှိပ်နင်းခြင်းကိစ္စ ရှိကုန်၏။

(၃) အပရိပ္ဖန္ဒန သီတလ ပစ္စုပဋ္ဌာနာ -လှုပ်ရှားမှုကင်း၍ အေးမြငြိမ်သက်ခြင်း ပစ္စုပဋ္ဌာန်ရှိကုန်၏။

(၄) ကာယ စိတ္တ ပဒဋ္ဌာနာ -စေတသိက်နှင့်စိတ်လျှင် ပဒဋ္ဌာန်ရှိကုန်၏။ ။ ပဿဒ္ဓိ ၂-ပါးပြီး၏။

**(၁၀-၁၁) ကာယလဟုတာ, စိတ္တလဟုတာ ၂-ပါး။** "လဟုဘာဝေါ လဟုတာ"။ လဟုဘာဝေါ၊ ပေါ့သည်၏အဖြစ်သည်။ လဟုတာ၊ လဟုတာ မည်၏။ မနှံ့မနှေး ဝန်မလေးမှုကို ရစေ။ (ကာယဿ လဟုတာ ကာယ-လဟုတာ။ စိတ္တဿ လဟုတာ စိတ္တလဟုတာ။ ။ဝိဂ္ဂဟ်ဆို။ အနက်လွယ်ပြီ)။

ကုသိုလ်မှုတို့၌ စေတသိက်နှင့်စိတ်တို့၏ မနှောင့်မနှေး ဝန်မလေးမှု၍ ပေါ့ပေါ့ပါးပါးဖြစ်မှုကို ကာယလဟုတာ, စိတ္တလဟုတာခေါ်သည်။ အကြင်သူတို့၏ စိတ်သန္တာန်၌ ဤတရားနှစ်ပါး အားနည်းချို့တဲ့လျှင် ထိုသူတို့၏ စိတ်သည် ကုသိုလ်ကောင်းမှုရေးတို့၌ ဝန်လေး၍နေ၏၊ တွန့်လိမ့်ညှိုးနွမ်း၍နေ၏၊ လောလောပူသော ကျောက်ဖျာအပြင်၌ ပစ်ထားအပ်သော ပဒုမာကြာပန်းနှင့်တူ၏။ ထိုတရားနှစ်ပါး အားရှိသောသူတို့၏ စိတ်သည်မူကား ကုသိုလ်ရေး ကောင်းမှုရေးဆိုလျှင် ပေါ့ပေါ့ပါးပါးရှိ၏၊ ကုသိုလ်မှုကိုသာ ပြုလုပ်ဆောင်ရွက်ရန် လည်တမော်မော် မြော်၍နေ၏၊ အေးမြသောရေ၌ ချထားသော ပဒုမာကြာပန်းနှင့်တူ၏။

"ကာယစိတ္တာနံ ဂရုဘာဝကရ ထိနမိဒ္ဓါဒိကိလေသပဋိပက္ခဘူတာတိ ဒဋ္ဌဗ္ဗာ" ဟူသည်နှင့်အညီ ဤလဟုတာ ၂-ပါးသည် စေတသိက် စိတ်တို့ကို လေးအောင်ပြုတတ်သော ထိန, မိဒ္ဓ စသော ကိလေသာတရားတို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်၏။

## လဟုတာ ၂-ပါး၏ အနက် ၄-ပါး

လဟုတာယော၊ လဟုတာ ၂-ပါးတို့သည်။

(၁) ဂရုဘာဝ ဝူပသမ လက္ခဏာ=ဝန်လေးမှုကို ငြိမ်းစေခြင်းလက္ခဏာ ရှိကုန်၏။

(၂) ဂရုဘာဝ နိမ္မဒ္ဒနရသာ=ဝန်လေးမှုကို ဖျက်ဆီးခြင်း ကိစ္စရှိကုန်၏။

(၃) အဒန္ဓတာ ပစ္စုပဋ္ဌာနာ=မနှံ့နှေးခြင်း, ပေါ့ပါးလျင်မြန်ခြင်း ပစ္စုပဋ္ဌာန်ရှိကုန်၏။

(၄) ကာယ,စိတ္တပဒဋ္ဌာန်ရှိကုန်၏။　　။လဟုတာ ၂-ပါးပြီး၏။

(၁၂-၁၃) ကာယမုဒုတာ, စိတ္တမုဒုတာ ၂-ပါး။ "မုဒုဘာဝေါ မုဒုတာ"။ မုဒုဘာဝေါ၊ နူးညံ့သည်၏အဖြစ်သည်။ မုဒုတာ၊ မုဒုတာမည်၏၊ (ကာယဿ မုဒုတာ ကာယမုဒုတာ၊ စိတ္တဿ မုဒုတာ စိတ္တမုဒုတာ) ကုသိုလ်မှုတို့၌ စေတသိက်နှင့် စိတ်တို့၏ ကြမ်းတမ်း ခက်ထန်ခြင်းမရှိဘဲ နူးညံ့သိမ်မွေ့ခြင်းသဘောကို ကာယမုဒုတာ, စိတ္တမုဒုတာခေါ်သည်။ အကြင်သူတို့၏ စိတ်သန္တာန်၌ ထိုတရားနှစ်ပါးသည် အားနည်း ချို့တဲ့၏။ ထိုသူတို့၏စိတ်သည် ကုသိုလ်ကောင်းမှုရေးတို့၌ ခက်တရော်ခြင်း, ကြမ်းတမ်းခြင်း ဖြစ်၍နေ၏၊ ရန်သူတို့၏ အလယ်သို့ ရောက်၍နေရသော စစ်သူကြီးကဲ့သို့ဖြစ်ရ၏။ ထိုတရားနှစ်ပါး အားကြီးသောသူတို့၏ စိတ်သည်မူကား ကုသိုလ်ကောင်းမှုရေးတို့၌ နန်းဆွဲတိုင်းပါသော ရွှေ၏ပမာ လွန်စွာနူးညံ့ ပြောင်းပြောင်း၍နေ၏။ ချစ်ခင်လှစွာသော ဆွေမျိုးဉာတိတို့၏ အလယ်သို့ ရောက်နေသော စစ်သူကြီးကဲ့သို့ဖြစ်၏။

"ကာယစိတ္တာနံ ထဒ္ဓဘာဝကရ ဒိဋ္ဌိမာနာဒိ ကိလေသပဋိပက္ခဘူတာတိ ဒဋ္ဌဗ္ဗာ" ဟူသည်နှင့်အညီ မုဒုတာ ၂-ပါးသည် စေတသိက်စိတ်တို့ကို ခက်ထန် ကြမ်းတမ်းအောင်ပြုတတ်သော ဒိဋ္ဌိ,မာနတို့နှင့် ဆန့်ကျင်ဘက်ဖြစ်၏။

## မုဒုတာ ၂-ပါး၏ အနက် ၄-ပါး

မုဒုတာယော၊ မုဒုတာ ၂-ပါးတို့သည်။

(၁) ထဒ္ဓဘာဝ ဝူပသမ လက္ခဏာ=ကြမ်းတမ်း ခက်ထန်သည်၏အဖြစ်ကို ငြိမ်းစေခြင်းလက္ခဏာရှိကုန်၏။

(၂) ထဒ္ဓဘာဝ နိမ္မဒ္ဒန ရသာ=ကြမ်းတမ်းခက်ထန်မှုကို ဖျက်ဆီးနှိပ်စက်ခြင်း ကိစ္စရှိကုန်၏။

(၃) အပ္ပဋိဃာတ ပစ္စုပဋ္ဌာနာ မထိမခိုက်ခြင်း ပစ္စုပဋ္ဌာန်ရှိကုန်၏။

(၄) ကာယစိတ္တ ပဒဋ္ဌာန်ရှိကုန်၏။　　။မုဒုတာ ၂-ပါး ပြီး၏။

(၁၄-၁၅) ကာယကမ္မညတာ, စိတ္တကမ္မညတာ ၂-ပါး။ "ကမ္မနိ သာဓု ကမ္မညံ"။ ကမ္မနိ၊ ကုသိုလ်မှု၌။ သာဓု၊ ကောင်းသည်တည်း။ ကမ္မညံ၊ ကုသိုလ်မှု၌ကောင်းသည်။ ကုသိုလ်ရေး ကောင်းမှုရေးတို့၌ ပြုလိုတိုင်းလိုက်ပါ၍ လွန်စွာ သဘောကောင်းသော တရားသည် 'ကမ္မည' မည်၏၊ 'ကမ္မညတာ'လည်း မည်၏၊ (ကာယဿ ကမ္မညတာ ကာယကမ္မညတာ၊ စိတ္တဿ ကမ္မညတာ စိတ္တကမ္မညတာ)။

အကြင်သူတို့၏ စိတ်သန္တာန်၌ ဤကမ္မညတာ ၂-ပါးသည် အားနည်းချို့တဲ့၏။ ထိုသူတို့၏စိတ်ကို ကုသိုလ်ကောင်းမှုရေးတို့၌ အလိုရှိတိုင်း မထားနိုင်၊ ကုသိုလ်ကောင်းမှုရေးနှင့်ရှေ့လျှင် ထမ်းပိုးမနုပ်သေးသော နွားရိုင်း၏အပေါ်တွင် ထမ်းပိုးကိုတင်ဘိသကဲ့သို့ ဖြစ်၏၊ ဤကဲ့သို့ဖြစ်မှုကို အမှု၌မခံသည်ဟု ဆို၏၊ လေညာသို့လွှင့်သော ဖွဲပြာသည် လေညာသို့ မသွား အတင်းသာ လေကိုစုန်၍ လွှင့်လေသကဲ့သို့လည်း စိတ်ဖြစ်၍နေ၏၊ ထိုကမ္မညတာတရားနှစ်ပါး အားရှိသော သူတို့၏စိတ်သည်မူကား ကုသိုလ်ကောင်းမှုရေးတို့၌ အလိုရှိတိုင်း ထားခွင့်ရ၍ ငြိမ်သက်စွာတည်နေ၏၊ ထမ်းပိုးနုပ်ပြီးသော နွား၏အပေါ်တွင် ထမ်းပိုးတင်ဘိသကဲ့သို့ ဖြစ်၏၊ ဤကဲ့သို့ဖြစ်မှုကို အမှု၌ခံသည် အမှု၌ကောင်းသည်ဟု ဆိုရ၏။ လေညာသို့ပစ်လိုက်သော ရွှေစိုင်ရွှေခဲသည် ပစ်လိုက်သောအတိုင်း လေကိုဆန်တက်၍ သွားနိုင်သကဲ့သို့လည်း စိတ်ဖြစ်၍နေ၏၊ အလိုရှိရာ အထည်ဝတ္ထုကို ပြုလုပ်ခြင်းငှါ ခံ့သော ရွှေစင်ကဲ့သို့လည်းဖြစ်၏။

"ကာယစိတ္တာနံ အကမ္မကရာဝသေသနိဝရဏာဒိပဋိပက္ခဘူတာ ပသာဒနိယဝတ္ထူသု ပသာဒါဝဟာ ဟိတကိရိယာသု ဝိနိယောဂက္ခမဘာဝါဝဟာ သုဝဏ္ဏဝိသုဒ္ဓိဝိယာတိ ဒဋ္ဌဗ္ဗာ"ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ။ ဤကမ္မညတာနှစ်ခုပေါ့သည် စေတသိက်နှင့် စိတ်တို့ကို အမှု၌မခံ့အောင် ပြုတတ်ကုန်သော ဥဒ္ဓစ္စ, ထိန, မိဒ္ဓ, မာန, ဒိဋ္ဌိတို့မှ ကြွင်းသော နီဝရဏတရားတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ ကြည်ညိုဘွယ်သော ဝတ္ထုတို့၌ ကြည်ညိုအောင် ရွက်ဆောင်နိုင်ကြကုန်၏၊ အကျိုးရှိသော ကြိယာကိစ္စအမျိုးမျိုးတို့၌ ယှဉ်တွဲဘက်စပ်ခြင်းငှါလည်း ခံ့ကုန်၏။

## ကမ္မညတာ ၂-ပါး၏ အနက်လေးပါး

ကမ္မညတာယော၊ ကမ္မညတာ နှစ်ပါးတို့သည်။

(၁) အကမ္မညဝူပသမ လက္ခဏာ = ကောင်းမှု၌ မခံ့ခြင်းကို ငြိမ်စေခြင်း လက္ခဏာရှိကုန်၏။

(၂) အကမ္မညနိမ္မဒ္ဒန ရသာ - ကောင်းမှု၌မခံ့ခြင်းကို ဖျက်ဆီးနှိပ်စက်ခြင်း ကိစ္စရှိကုန်၏။

(၃) အာလမ္ဗဏ ကရဏ သမ္ပတ္တိ ပစ္စုပဋ္ဌာနာ ကောင်းမွန်ပြည့်စုံစွာ အာရုံယူခြင်း ပစ္စုပဋ္ဌာန်ရှိကုန်၏။

(၄) ကာယစိတ္တပဒဋ္ဌာန် ရှိကုန်၏။ ။ကမ္မညတာနှစ်ပါးပြီး၏။

(၁၆-၁၇) **ကာယပါဂုညတာ, စိတ္တပါဂုညတာနှစ်ပါး**။လေ့ကျက်နပ်နေသည် ကျွမ်းကျင်သည်ကို 'ပဂုဏ' ဟူ၍ ဆိုရ၏။ "ပဂုဏဿ ဘာဝေါ ပါဂုညံ"။ ပဂုဏဿ၊ လေ့ကျက်နပ်နေသည်၏။ ဘာဝေါ၊ အဖြစ်တည်း။ ပါဂုညံ၊ လေ့ကျက်နပ်နေသည်၏အဖြစ်။ ကုသိုလ်ကောင်းမှုရေးတို့၌ ကျင်လည်နပ်နေမှုကိုရစေ။ ထို'ပါဂုည'ကိုပင်လျှင် 'ပါဂုညတာ'ဟူ၍လည်း ခေါ်၏။ (ကာယဿ ပါဂုညတာ ကာယပါဂုညတာ၊ စိတ္တဿ ပါဂုညတာ စိတ္တပါဂုညတာ)။

အကြင်သူတို့၏စိတ်သန္တာန်၌ ဤပါဂုညတာတရားနှစ်ပါး အားနည်းလျော့ပါး၏။ ထိုသူတို့၏စိတ်သည် ကုသိုလ်ကောင်းမှုရေးတို့၌ နပ်နေမရှိ မကျွမ်းမကျင်ဖြစ်၍နေ၏။ ကုသိုလ်မှုနှင့်တွေ့လျှင် ရိုင်း၍နေသည်ဟု ဆိုလို၏။ နက်စွာသောရေ၌ ပစ်၍ချလိုက်သော တောမျောက်နှင့်တူ၏။ ထိုပါဂုညတာ တရားနှစ်ပါး အားကြီးသောသူတို့၏ စိတ်မှုကား ကုသိုလ်ကောင်းမှုရေးနှင့်တွေ့လျှင် လွန်စွာနပ်နေ၏။ ကျွမ်းကျင်၏။ ယဉ်ကျေး၏။ ရေနက်ထဲ၌ ချလိုက်သော မိကျောင်းကဲ့သို့ရင်း ပင်လယ်သို့ လွှတ်လိုက်သော စူဠလိပ်ကြီးကဲ့သို့ရင်း ဖြစ်၏။

"ကာယစိတ္တာနံ ဂေလညဘာဝကရ အသဒ္ဓိယာဒိပ္ပဋိပက္ခဘူတာတိ ဒဋ္ဌဗ္ဗာ" ဟူသည်နှင့်အညီ ပါဂုညတာနှစ်ပါးတို့သည် စေတသိက်နှင့် စိတ်တို့ကို ရောဂါအနာစွဲစေ၍ မမာမကျန်းရှိအောင်ပြုတတ်သော မသဒ္ဓါတတ် မကြည်ညိုတတ် မရှိသေတတ်သော အကုသိုလ်တရားတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ ကိလေသာတို့သည် နာမ်တရားစု၏ အနာရောဂါမည်၏။ 'ပါဂုညတာ'သည် ထိုအနာကို ပယ်ဖျောက်နိုင်သော ဆေးနှင့်တူ၏။

### ပါဂုညတာ ၂-ပါး၏ အနက်လေးပါး

ပါဂုညတာယော၊ ပါဂုညတာတို့သည်။

(၁) ဂေလည ရူပသမ လက္ခဏာ ကိလေသာတည်းဟူသော မမာမကျန်းမှုတို့ကို ငြိမ်းစေခြင်းလက္ခဏာရှိကုန်၏။

(၂) ဂေလည နိမ္မဒ္ဒန ရသာ ကိလေသာတည်းဟူသော မမာမကျန်းမှုတို့ကို နှိပ်နင်းဖျက်ဆီးခြင်း ကိစ္စရှိကုန်၏။

(၃) အာရောဂျပစ္စုပဋ္ဌာနာ=နာမ်တရားတို့၏ ကုသိုလ်မှု၌ အနာရောဂါကင်းခြင်း ပစ္စုပဋ္ဌာန်ရှိကုန်၏။

(၄) ကာယစိတ္တပဒဋ္ဌာန် ရှိကုန်၏။ ။ပါဂုညတာနှစ်ပါးပြီး၏။

(၁၈-၁၉) **ကာယုဇုကတာ, စိတ္တုဇုကတာနှစ်ပါး**။ ဖြောင့်ဖြောင့် မတ်မတ် ရှိသည်ကို ဥဇုက ခေါ်ဆို၏။ "ဥဇုကဿ ဘာဝေါ ဥဇုကတာ"။ ဥဇုကဿ၊ ဖြောင့်မတ်သည်၏။ ဘာဝေါ၊ အဖြစ်တည်း။ ဥဇုကတာ၊ ဖြောင့်မတ်သည်၏ အဖြစ်။ ကုသိုလ်ကောင်းမှုရေးတို့၌ ကောက်ကောက် ကွေ့ကွေ့မရှိ။ ပကတိ ဖြောင့်မတ်ခြင်းအမှုအရာကို ရစေ။ (ကာယဿ ဥဇုကတာ ကာယုဇုကတာ၊ စိတ္တဿ ဥဇုကတာ စိတ္တုဇုကတာ)။ အကြင်သူတို့၏ စိတ်သန္တာန်၌ ထိုဥဇုကတာ တရားနှစ်ပါး အားလျော့ဆုတ်နစ်၍နေ၏။ ထိုသူတို့၏စိတ်သည် ကုသိုလ်ရေး ကောင်းမှုရေးတို့၌ ရံခါ တွန့်ချည်, ရံခါ လွန့်ချည်, ရံခါ နိမ့်ချည်, ရံခါ မြင့်ချည် ဖြစ်၍နေ၏။ သေရည်သေရက် မူးယစ်သောသူ၏ သွားခြင်းကဲ့သို့ ဖြစ်၍နေ၏။ ဥဇုကတာ တရားနှစ်ပါး အားရှိသောသူတို့၏ စိတ်မူကား ကုသိုလ်မှုတို့၌ ဖြောင့်ဖြောင့် မတ်မတ်ရှိ၏။ လိမ်မာစွာ တတ်ကျွမ်းပြီးသော လေးသမား၏ ပစ်အပ်သောမြား၏ သွားခြင်းကဲ့သို့ဖြစ်၏။ ကုသိုလ်ကောင်းမှုရေးတို့၌ စိတ်၏ ပွဲတက်ကြီးနှင့်လည်းတူ၏။

"ကာယစိတ္တာနံ ကုဋိလဘာဝကရမာယာ, သာဌေယျာဒိပ္ပဋိပက္ခဘူတာတိ ဒဋ္ဌဗ္ဗာ"ဟူသည်နှင့်အညီ ဥဇုကတာနှစ်ပါးတို့သည် စေတသိက်နှင့် စိတ်တို့ကို ကောက်ကောက် ကွေ့ကွေ့ဖြစ်အောင် ပြုတတ်သော မာယာ,သာဌေယျစသော အကုသိုလ်တရားတို့နှင့် ဆန့်ကျင်ဘက် ဖြစ်ကုန်၏။

ဥဇုကတာ ၂-ပါး၏ အနက်လေးပါး

ဥဇုကတာယော၊ ဥဇုကတာ နှစ်ပါးတို့သည်။

(၁) အဇ္ဇဝ လက္ခဏာ ဖြောင့်မတ်ခြင်းလက္ခဏာရှိကုန်၏။

(၂) ကောဋိလ္လ နိမ္မဒ္ဒန ရသာ အကောက် အကွေ့သဘောတို့ကို နှိပ်နင်း ဖျက်ဆီးခြင်း ကိစ္စရှိကုန်၏။

(၃) အဇိမှတာ ပစ္စုပဋ္ဌာနာ ဖြောင့်ဖြောင့်စင်းစင်း တည့်မတ်ခြင်း ပစ္စုပဋ္ဌာန်ရှိကုန်၏။

(၄) ကာယစိတ္တပဒဋ္ဌာန် ရှိကုန်၏။ ။ဥဇုကတာနှစ်ပါးပြီး၏။

(ကာယပဿဒ္ဓိစသောတရားခြောက်ပါးကိုရည်၍ "ငြိမ်း, ပေါ့, နူးညံ့၊ ကျန်းခံ့, လေ့လာ၊ ဖြောင့်စင်းစွာ၊ ခြောက်ဖြာကိစ္စဟော"ဟူ၍ ဆိုတော်မူ၏)။

ဆိုဘွယ်အထူးကို အပြွက်မျှ သိဦးအံ့။ ။စိတ္တပဿဒ္ဓိစသည်ဖြင့်ဆိုလျှင် ပြီး စီးသင့်ပါလျက် ရုပ်၌သာ များသောအားဖြင့် အသုံးအစွဲအခေါ်အဝေါ်ရှိသော ကာယသဒ္ဒါဖြင့် အထူးပြု၍ ကာယပဿဒ္ဓိ စသည်ကို ဆိုခြင်းသည် ထူးသောအဓိပ္ပါယ်ကို ပြုလိုသောကြောင့် ဆို၏ဟု မှတ်ရာ၏။ ထိုကြောင့် ကာယပဿဒ္ဓိစသည်တို့၏ အစွမ်းအားဖြင့် ရုပကာယ ခန္ဓာကိုယ်၏ ငြိမ်းခြင်း, ပေါ့ခြင်း, နူးညံ့ခြင်း, ကျန်းခံ့ခြင်း, လေ့လာနပ်နေခြင်း, ဖြောင့်စင်းခြင်းများ ဖြစ်မှုကို သိအပ်၏။

ထင်ရှားစေအံ့ --ဗောဇ္ဈင်သုတ်စသော ထိုထိုသုတ္တန် တရားတော်များကို ကြားနာရ၍ အနာရောဂါမှ ထခြင်းစသည်တို့၌ ရုပကာယ၏ ပဿဒ္ဓိသည် ထင်ရှားလှ၏။ ဣဒ္ဓိမန္တပုဂ္ဂိုလ်တို့၏ ဣဒ္ဓိဝိဓ အဘိညာဏ်ဖြင့် ကောင်းကင်သို့ သွားခြင်း စသည်တို့၌ ရုပကာယ၏ လဟုတာသည် ထင်ရှားလှ၏။ မိမိခန္ဓာကိုယ်ကို ကြီးစေလိုလျှင် ကြီးမားအောင်, ငယ်စေလိုလျှင် သေးငယ်အောင် ဘန်ဆင်းခြင်း စသည်တို့၌ ရုပကာယ၏ မုဒုတာသည် ထင်ရှားလှ၏။ မြေအတွင်း၌သော်၎င်း, တောင်အတွင်း၌သော်၎င်း, ရေအတွင်း၌သော်၎င်း, မထိမခိုက် သွားလာခြင်းစသည်တို့၌ ရုပကာယ၏ ကမ္မညတာသည် ထင်ရှားလှ၏။ နဂါးအသွင်, ဂဠုန်အသွင်, စစ်သည်စစ်တပ်အသွင် ဖြစ်အောင် ဘန်ဆင်းခြင်းစသည်တို့၌ ရုပကာယ၏ ပါဂုညတာသည် ထင်ရှားလှ၏။ ဆိုပြီးသော ဘန်ဆင်းမှုတို့၌ ဘန်ဆင်းသော အတိုင်းအရှည် မြင့်စွာသည်တံ့ မှု၌ ရုပကာယ၏ ဥဇုကတာသည် ထင်ရှားလှ၏။ ကာယပဿဒ္ဓိစသော သဒ္ဒါဖြင့် ဤသို့သော အဓိပ္ပါယ်ကို သိစေ၏။ သဒ္ဒါအစ စိတ္တုဇုကတာအဆုံးရှိသော ၁၉-ပါးသော စေတသိက်တို့သည် သောဘနစိတ် ၉၁-ပါးတို့နှင့် အလုံးစုံ ဆက်ဆံတတ်သော ကြောင့် သောဘနသာဓာရဏစေတသိက် မည်ကုန်၏။ "သောဘနာနံ သာဓာ-ရဏာတိ သောဘနသာဓာရဏာ"။ သောဘနာနံ၊ သောဘနစိတ်တို့နှင့်။ သာဓာရဏာ၊ ဆက်ဆံကုန်သည်တို့တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ သော-ဘနသာဓာရဏာ၊ သောဘနသာဓာရဏမည်ကုန်၏။

ဝိရတီစေတသိက် သုံးပါး

(၅၅) ဝါစာ,ကမ္မ၊အာဇီဝံ၊သုံးတန်ဝိရတီ။

ဤကဗျာဖြင့် ဝိရတီစေတသိက်သုံးခုကို ပြဆို၏။

(၂၀) **သမ္မာဝါစာ**။ "သမ္မာ ဝဒန္တိ တောယာတိ သမ္မာဝါစာ"။ တောယ၊ ဤသဘောတရားဖြင့်။ သမ္မာ၊ ကောင်းစွာ။ ဝဒန္တိ၊ ဆိုတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ကောင်းစွာ ဆိုကြောင်းဖြစ်သော သတ္တိကြောင့်။ သမ္မာဝါစာ၊ သမ္မာဝါစာမည်၏။

သမ္မာဝါစာသည် (၁) ကထာသမ္မာဝါစာ။ (၂) စေတနာသမ္မာဝါစာ။ (၃) ဝိရတိသမ္မာဝါစာ ဟူ၍ သုံးပါးရှိ၏။

ထိုတွင် အကျိုးအကြောင်းရှိ၍ ကျေးဇူးဖြစ်ထွန်းအောင် ရွက်ဆောင်နိုင်သော ကောင်းစွာဆိုအပ်သော စကားသည် ကထာသမ္မာဝါစာမည်၏။ ထိုကထာသမ္မာဝါစာကို ဖြစ်စေနိုင်သော ကုသိုလ်ဇောစေတနာ, ကြိယာဇောစေတနာသည် စေတနာသမ္မာဝါစာမည်၏။

"မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"စသည်ဖြင့် ဝစီဒုစ္စရိုက်မှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တို့ကို ဆောက်တည်၍သော်၎င်း, မိဋ္ဌာန်၍သော်၎င်း, ဆိုက်ရောက်လာသော 'ဝိရမိတဗ္ဗဝတ္ထု'မှ ရှောင်ကြဉ်၍သော်၎င်း, ဝစီဒုစ္စရိုက်လေးပါးမှ ရှောင်ကြဉ်သောအနေအားဖြင့် ဖြစ်သော စိတ္တုပ္ပါဒ်၏ ရှောင်ကြဉ်သော အမှုအရာသည် ဝိရတိသမ္မာဝါစာမည်၏။ ဤဝိရတိသမ္မာဝါစာကိုသာလျှင် ဤနေရာ၌ လိုအပ်၏။

သမ္မာဝါစာဆိုလိုရင်းကား ကောင်းသော စကားကို မြွက်ဆိုသည် ဖြစ်စေ, မမြွက်မဆိုသည်ဖြစ်စေ, ဝစီဒုစ္စရိုက်တို့ကို ပယ်စွန့်သည်၏ အစွမ်းအားဖြင့် ဖြစ်သော ဝစီဒွါရစင်ကြယ်မှုကိုသာ သမ္မာဝါစာဆိုလိုရင်းဖြစ်သည်။ ။သမ္မာ-ဝါစာ ပြီး၏။

(၂၁) သမ္မာကမ္မန္တ။ "သမ္မာ ကရောန္တိ ဧတေနာတိ သမ္မာကမ္မံ"။ ဧတေန၊ ဤတရားဖြင့်။ သမ္မာ၊ ကောင်းစွာ။ ကရောန္တိ၊ ပြုလုပ်ကြကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ကောင်းစွာ ပြုလုပ်ကြောင်းဖြစ်သော သတ္တိကြောင့်။ သမ္မာကမ္မံ၊ သမ္မာကမ္မမည်၏။

(၎င်းသမ္မာကမ္မကိုပင်လျှင် အန္တသဒ္ဒါအပိုထည့်၍ သမ္မာကမ္မန္တ ဆိုရလေသည်)။

ဤသမ္မာကမ္မန္တသည်လည်း (၁) ကြိယာသမ္မာကမ္မန္တ။ (၂) စေတနာသမ္မာကမ္မန္တ။ (၃) ဝိရတိသမ္မာကမ္မန္တ ဟူ၍ သုံးပါးရှိ၏။

ထိုတွင် အပြစ်မရှိ တခုခုသော အပြစ်မဲ့သော အမှုကောင်းကို ပြုလုပ်သောသူ၏ ကာယကံ လုပ်ရှားမှုဟု ဆိုသော ကြိယာသည် ကြိယာသမ္မာကမ္မန္တမည်၏။ ထိုကြိယာသမ္မာကမ္မန္တကို ဖြစ်စေနိုင်သော ကုသိုလ်ဇောစေတနာ, ကြိယာဇောစေတနာသည် စေတနာသမ္မာကမ္မန္တမည်၏။

"ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"စသည်ဖြင့် ကာယဒုစ္စရိုက်မှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တို့ကို ဆောက်တည်၍သော်၎င်း, မိဋ္ဌာန်၍သော်၎င်း, ဆိုက်ရောက်လာသော 'ဝိရမိတဗ္ဗဝတ္ထု'မှ ရှောင်ကြဉ်၍

သော်၎င်း, ကာယဒုစ္စရိုက်သုံးပါးမှ ရှောင်ကြဉ်သော အနေအားဖြင့် ဖြစ်သော စိတ္တုပ္ပါဒ်၏ ရှောင်ကြဉ်ကြောင်း အမူအရာသည် ဝိရတီသမ္မာကမ္မန္တမည်၏။ ဤ ဝိရတီသမ္မာကမ္မန္တကိုသာလျှင် ဤနေရာ၌ လိုအပ်၏။ သမ္မာကမ္မန္တဆိုလိုရင်းကား ကောင်းသော ကာယကံအမူအရာကို ပြုသည်ဖြစ်စေ, မပြုသည်ဖြစ်စေ ကာယ ဒုစ္စရိုက်သုံးပါးတို့ကို ပယ်စွန့်သည်၏ အစွမ်းအားဖြင့် ဖြစ်သော ကာယဒုစ္စရိုက်မှ စင်ကြယ်သည်ကိုသာ သမ္မာကမ္မန္တဆိုလိုရင်းဖြစ်၏။ ။သမ္မာကမ္မန္တ ပြီး၏။

(၂၂) **သမ္မာအာဇီဝ**။ "သမ္မာ အာဇီဝန္တိ ဧတေနာတိ သမ္မာအာဇီဝေါ"။ ဧတေန၊ ဤတရားဖြင့်။ သမ္မာ၊ ကောင်းစွာ။ အာဇီဝန္တိ၊ အသက်မွေးတတ် ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့် ကောင်းစွာ အသက်မွေးကြောင်းဖြစ်သော သတ္တိ ကြောင့်။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝမည်၏။

သမ္မာအာဇီဝသည်လည်း (၁) ဝီရိယ သမ္မာအာဇီဝ။ (၂) ဝိရတီ သမ္မာ-အာဇီဝဟူ၍ နှစ်ပါးရှိ၏။ ထိုတွင် ပကတိအားဖြင့် အပြစ်မရှိသော ထွန်ယက် စိုက်ပျိုးမှုစသည်တို့ကို ပြုလုပ်၍သော်၎င်း, ဆွမ်းခံမှုစသည်တို့ကို ပြုလုပ်၍သော် ၎င်း စင်ကြယ်စွာ အသက်မွေးသော ပုဂ္ဂိုလ်တို့၏ ထကြွ လုံ့လဥဿာဟစိုက်မှု ဟု ဆိုအပ်သော ဝီရိယစွမ်းအားစုသည် ဝီရိယသမ္မာအာဇီဝ မည်၏။ အသက် မွေး စင်ကြယ်မှုကိုငဲ့၍ မိမိ၏ အာဇီဝပါရိသုဒ္ဓိသီလကို ဖျက်ဆီးတတ်ကုန်သော ကာယဒုစ္စရိုက်သုံးပါး, ဝစီဒုစ္စရိုက် ၄-ပါးတို့ကို ပယ်စွန့်ကြကုန်လျက် အသက် မွေးမြူစင်ကုန်သော ပုဂ္ဂိုလ်တို့၏ ဒုစ္စရိုက် ၇-ပါးတို့မှ ရှောင်ကြဉ်သော အနေ အားဖြင့် ဖြစ်သော စိတ္တုပ္ပါဒ်၏ ရှောင်ကြဉ်ကြောင်းအမူအရာသည် ဝိရတီသမ္မာ-အာဇီဝ မည်၏။ ဤဝိရတီသမ္မာအာဇီဝကိုသာလျှင် ဤနေရာ၌ လိုအပ်၏။ ။ သမ္မာအာဇီဝ ပြီး၏။

ဤဝိရတီသုံးပါးသည် မဂ္ဂင် ဂိစ္စတပ်၍ မဂ္ဂပစ္စည်း ထိုက်၏။

**ဝိရတီသုံးပါး၏ အနက်လေးပါး**

ဝိရတီယော၊ ဝိရတီသုံးပါးတို့သည်။

(၁) အဝီတိက္ကမ လက္ခဏာ=ဒုစ္စရိုက် ၇-ပါးတို့ကို မလွန်ကျူး မကျော်နင်း ခြင်း လက္ခဏာ ရှိကုန်၏။

(၂) သင်္ကောစန ရသာ -ဒုစ္စရိုက် ၇-ပါးတို့မှ တွန့်ဆုတ်ခြင်းကိစ္စ ရှိကုန်၏။

(၃) အကိရိယ ပစ္စုပဋ္ဌာနာ -ဒုစ္စရိုက် ၇-ပါးတို့ကို မပြုလုပ်ခြင်း ပစ္စုပဋ္ဌာန် ရှိကုန်၏။

(၄) သဒ္ဓါဒိဂုဏပဒဋ္ဌာနာ -သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, အပ္ပိစ္ဆတာစသော သူတော်ကောင်းတို့၏ ဂုဏ်သျှင် ပဒဋ္ဌာန် ရှိကုန်၏။

## ဝိရတိ ၉-ပါး ပွါးပုံ

(၅၇) သမာဒါနု၊ သမ္ပတ္တ၊ ဆေဒ,-သုံး, သုံးလီ။

ဤကဗျာဖြင့် ဝိရတိသုံးပါးတို့တွင် တပါးတပါးသော ဝိရတီသည် သမာ-ဒါနဝိရတီ, သမ္ပတ္တဝိရတီ, သမုစ္ဆေဒဝိရတီဟူ၍ သုံးပါး သုံးပါးစီ ရှိကြောင်း။ သုံးပါးသုံးလီ ဝိရတီ ၉-ပါးရှိကြောင်းကို ပြဆို၏။

သမာဒါနသမ္မာဝါစာ, သမ္ပတ္တသမ္မာဝါစာ, သမုစ္ဆေဒသမ္မာဝါစာ စသည်ဖြင့် ဆိုလေ။

သီလဆောက်တည်စဉ်သော်၎င်း, ဓိဋ္ဌာန်စဉ်သော်၎င်း ဆောက်တည် ဓိဋ္ဌာန်ပြီးကို ကောင်းစွာ စောင့်ရှောက်အံ့ဟု နှလုံးသွင်းစဉ်သော်၎င်း ဆိုက်ရောက်သော 'ဝိရမိတဗ္ဗဝတ္ထု'မှ ရှောင်ကြဉ်ခြင်းသည် သမာဒါနဝိရတီ မည်၏။ ဤသမာဒါနဝိရတီသည် ပစ္စုပ္ပန်ကိုသော်လည်း အာရုံပြု၏။ အနာဂတ်ကိုသော်လည်း အာရုံပြု၏။

သိက္ခာပုဒ်ကို မဆောက်တည်ဘဲ သက်သက် ဟိရိ ဩတ္တပ္ပ၏ အစွမ်းအားဖြင့် တွေ့ကြုံဆိုက်ရောက်လာသော 'ဝိရမိတဗ္ဗဝတ္ထု'မှ ရှောင်ကြဉ်ခြင်းသည် သမ္ပတ္တ-ဝိရတီ မည်၏။ ဤသမ္ပတ္တဝိရတီသည် ပစ္စုပ္ပန်ကိုသာ အာရုံပြု၏။

မဂ်ဈာဉ် အလုံးစုံသော ဒုစ္စရိုက်တို့ကို အကြောင်းရင်း အမြစ်မှုလနှင့် ဖြတ်သည်၏ အစွမ်းအားဖြင့် ဒုစ္စရိုက်အမျိုးမျိုးမှ ရှောင်ကြဉ်ခြင်းသည် သမုစ္ဆေဒ-ဝိရတီ မည်၏။ ဖိုလ်၌ရှိသော ဝိရတီကိုလည်း သမုစ္ဆေဒဝိရတီ၌ သွင်း၍ ရေတွက်အပ်၏။

လောကီဝိရတီတို့သည် ဇီဝိတိန္ဒြေစသော 'ဝီတိက္ကမိတဗ္ဗဝတ္ထု'[၁] တို့ကို အာရုံပြု၍ ပါဏာတိပါတစသော 'ဝိရမိတဗ္ဗဝတ္ထု'[၂]တို့ကို ပယ်စွန့်ကြကုန်၏။ ။ လောကုတ္တရာဝိရတီတို့သည်မူကား နိဗ္ဗာန်ကို အာရုံပြု၍ ဆိုပြီးသော ပါဏာတိ-ပါတစသော 'ဝိရမိတဗ္ဗဝတ္ထု'တို့ကို ပယ်ကုန်၏။ ဤသို့လောကီဝိရတီနှင့် လော-ကုတ္တရာဝိရတီနှစ်ပါး အထူးတို့ကို သိရာ၏။ ။ဝိရတီသုံးခု ပြီး၏။

## အပ္ပမညာစေတသိက် ၂-ပါး

(၅၇) ကရု, မုဒု,၊ ဤနှစ်ခု၊ ခေါ်မှု-ပမညာ။

ဤကဗျာဖြင့် ကရုဏာ, မုဒိတာ တည်းဟူသော အပ္ပမညာစေတသိက် နှစ်ပါးကို ပြဆို၏။

---

၁။ လွန်ကျူးအပ်သော အရာဝတ္ထု။

၂။ ရှောင်ကြဉ်အပ် ရှောင်ကြဉ်ထိုက်သော အရာဝတ္ထု။

(၂၃) **ကရုဏာ**။ ။"ပရဒုက္ခေ သတိ ကာရုဏိကာနံ ဟဒယခေဒံ ကရောတီတိ ကရုဏာ"။ ပရဒုက္ခေ၊ သူတပါးတို့၏ ဆင်းရဲခြင်းသည်။ သတိ၊ ရှိသည်ရှိသော်။ ကာရုဏိကာနံ၊ သနားခြင်း ရှိကုန်သော ပုဂ္ဂိုလ်တို့၏။ ဟဒယ-ခေဒံ၊ စိတ်နှလုံး၏ ပင်ပန်းခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကရုဏာ၊ ကရုဏာ မည်၏။ ဒုက္ခိတ သတ္တဝါတို့၏ ဆင်းရဲ ဒုက္ခ ရောက်မှုကို မြင်လျှင် သနားခြင်း သဘောကို ကရုဏာ ခေါ်သည်။ သနား ခြင်းဆိုသည် "ထိုသတ္တဝါတို့သည် ထိုဆင်းရဲဒုက္ခမှ ဘယ်နည်းဖြင့် လွတ်ကြပါ ကုန်လိမ့်မည်၊ ထိုဆင်းရဲမှ လွတ်ရာကြလျှင် ကောင်းလေ ကုန်စွ"ဟု စိတ်ဖြစ် သော အမူအရာပင်တည်း။ ကရုဏာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် များစွာ သော သတ္တဝါတို့အပေါ်၌ ညှာတာလေ့ရှိကုန်၏။ သတ္တဝါတို့၏ ဆင်းရဲမှုတို့ကို ပယ်ရှားဖို့ဖျက်လိုသော ဆန္ဒရှိကုန်၏။ မြတ်စွာဘုရားမှုကား အနန္တစကြဝဠာ တို့၌ အနန္တသတ္တဝါတို့အပေါ်တွင်ခြုံ၍ သနားကရုဏာကြီး ရှိတော်မူသော ကြောင့် မဟာကာရုဏိကဟူသော ဘွဲ့တံဆိပ်တော်ဖြင့် ထင်ရှား၏။

### ကရုဏာ၏ အနက်လေးပါး

ကရုဏာ၊ ကရုဏာသည်။

(၁) ပရ ဒုက္ခာပနယန လက္ခဏာ = သူတပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ရှား လိုခြင်း လက္ခဏာရှိ၏။

(၂) ဒုက္ခာသဟန ရသာ = သူတပါးတို့၏ ဆင်းရဲဒုက္ခကို သည်းမခံခြင်းကိစ္စ ရှိ၏။

(၃) အဝိဟိံသ ပစ္စုပဋ္ဌာနာ = မညှဉ်းဆဲခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) အနာထ ဘာဝ ဒဿန ပဒဋ္ဌာနာ = သတ္တဝါတို့၏ ကိုးကွယ်ရာမဲ့အဖြစ် ကို မြင်ခြင်း ပဒဋ္ဌာန်ရှိ၏။ ။ကရုဏာပြီး၏။

(၂၄) **မုဒိတာ**။ "ပရသမ္ပတ္တိံ ဒိသွာ မောဒန္တိ တောယာတိ မုဒိတာ"။ တောယ၊ ဤတရားသဘောဖြင့်။ ပရသမ္ပတ္တိံ၊ သူတပါး တို့၏ ချမ်းသာပြည့်စုံမှု ကို။ ဒိသွာ၊ မြင်၍။ မောဒန္တိ၊ ဝမ်းမြောက် နှစ်သက်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မုဒိတာ၊ မုဒိတာမည်၏။ သူတပါးတို့၏ ပြည့်ပြည့်စုံစုံ ကြွယ် ကြွယ်ဝဝ ချမ်းချမ်းသာသာ တင့်တင့်တယ်တယ်မှုများကို မြင်လျှင် လရောင်ကို မြင်သောသူကဲ့သို့ရှင်း, သီဒါရေတွေ့သော ကြာပန်းကဲ့သို့ရှင်း, ရွှင်လန်းဝမ်း မြောက်စွာ ဖြစ်သော စိတ်၏အမူအရာသဘောသည် မုဒိတာမည်၏။ မုဒိတာများ သောသူသည် သူတပါး၏ စည်းစိမ်ချမ်းသာကို ကိုယ်ရောစိတ်ပါ ကောင်းစွာ

ချီးကျူးလေ့ရှိ၏။ မုဒိတာအားနည်းလျှင် သူတပါးတို့၏ စည်းစိမ်ချမ်းသာကို တွေ့မြင်ကြားသိရလျှင် အဘိဇ္ဈာဘက် ဣဿာဘက်သို့သာ စိတ်ကိုင်း၍ သွားလေ၏။ ။မုဒိတာသည် သံသရာ၌ အလုံးစုံသော သမ္ပတ္တိတို့နှင့် ပြည့်စုံစေ၍ လပြည့်ဝန်းပမာ လွန်စွာ တင့်တယ် ချမ်းသာမှုကို ဖြစ်စေနိုင်၏။

## မုဒိတာ၏ အနက်လေးပါး

မုဒိတာ၊ မုဒိတာသည်။

(၁) ပမောဒန လက္ခဏာ=သူတပါးတို့၏ စည်းစိမ်ချမ်းသာကို ဝမ်းမြောက်နှစ်သက်ခြင်း လက္ခဏာရှိ၏။

(၂) အနုသူယန ရသာ=မငြူစူခြင်းကိစ္စရှိ၏။

(၃) အရတိဝိဃာတ ပစ္စုပဋ္ဌာနာ=သူတပါးတို့၏ စည်းစိမ်၌ မမွေ့လျော်ခြင်းကို ဖျက်ဆီးခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ပရ သမ္ပတ္တိ ပဒဋ္ဌာနာ=သူတပါးတို့၏ စည်းစိမ်လျှင် ပဒဋ္ဌာန်ရှိ၏။ ။မုဒိတာပြီး၏။

**အပ္ပမညာ။** ။ဤကရုဏာ,မုဒိတာနှစ်ပါးကို အဆုံးအပိုင်းမရှိ အနန္တသတ္တဝါတို့၌ ဖြစ်သောကြောင့် အပ္ပမညာ ခေါ်၏။ "နတ္ထိ ပမာဏံ ဧတေသန္တိ အပ္ပမာဏာ"။ ဧတေသံ၊ ထိုသတ္တဝါတို့အား။ ပမာဏံ၊ အပိုင်းအခြား အရေအတွက်သည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုကြောင့်။ အပ္ပမာဏာ၊ အပ္ပမာဏ မည်ကုန်၏။ အနန္တသတ္တဝါတို့ကိုရစေ။ "အပ္ပမာဏေသု ဘဝါတိ အပ္ပမညာ"။အပ္ပမာဏေသု၊ အဆုံးအဆမရှိသော သတ္တဝါတို့၌။ ဘဝါ၊ ဖြစ်ကုန်သည်တို့တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အပ္ပမညာ၊ အပ္ပမညာ မည်ကုန်၏။ ။ အပ္ပမညာဒွေသည် ဗြဟ္မဝိဟာရ တရားလေးပါး၌ သက်ဝင်၏။ အပ္ပမညာဒွေတွင် မေတ္တာခေါ်သော အဒေါသ,ဥပေက္ခာခေါ်သော တတြမဇ္ဈတ္တတာကိုထည့်လျှင် ဗြဟ္မဝိဟာရလေးပါးဖြစ်၏။

## ပညာစေတသိက်

**(၅၀) အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ,အမောဟ။**

**(၂၅) ပညာ။** "ပဇာနာတီတိ ပညာ"။ ပဇာနာတိ၊ အပြားအားဖြင့် သိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပညာ၊ ပညာမည်၏။ သိဘို့ရန် တတ်ဘို့ရန် လိမ္မာဘို့ရန် မြော်မြင်ဆင်ခြင်နိုင်ဘို့ရန် ဖြစ်သောတရားသဘောသည် ပညာမည်၏။

ဝင်းပညာကို မောဟနှင့် ဆန့်ကျင်ဘက်ဖြစ်၍ 'အမောဟ'လည်း ခေါ်၏။ သိတတ်သောကြောင့် ဉာဏ်ဟူ၍၎င်း, ဝိဇ္ဇာဟူ၍၎င်း, ဗောဓိဟူ၍၎င်း ဗုဒ္ဓိဟူ၍၎င်း ခေါ်၏။ ။ဓမ္မဝိစယ, ဝိမံသ, ဝိပဿနာ, စိန္တာ, မန္တာ, ဝေဘဗျာစသည်ဖြင့် အမည်များလှ၏၊ ဣန္ဒြေထိုက်၍ ပညိန္ဒြိယလည်း ခေါ်၏။

ပညာသည် သတ္တဝါတို့၏ အထင်လွဲ အမြင်လွဲ အမှတ်လွဲဟူသမျှကို အကုန်ဖျက်ဆီး၍ အထင်မှန် အမြင်မှန်ဖြစ်အောင် ပြုလုပ်နိုင်၏။ အမိုက်ကို အလင်းဖြစ်အောင် ပြုလုပ်နိုင်၏။ လမ်းမှား၍နေသည်ကို လမ်းမှန်သို့ ပို့ဆောင်တတ်၏။ အဝိဇ္ဇာအတွက်နှင့် မျက်စိကန်း၍နေသည်ကို ထင်လင်းစွာမြင်အောင် ကုမတတ်၏။ တဏှာတည်းဟူသော အရှုပ်အထွေးကို ဖြေရှင်း သုတ်သင်တတ်၏။ ကိလေသာအညစ်အကြေးကို ဆေးကြောတတ်၏၊ ဤသို့ စသည်ဖြင့် ပညာ၏ သတ္တိသည် လွန်စွာများပြားလှ၏၊ ဉာဏဝိဘင်းပါဠိတော်၌၎င်း, ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌၎င်း များစွာကျယ်ဝန်းလေ၏။

ဤပညာသည် ဣန္ဒြိပါဒ်ကိစ္စ,ဣန္ဒြေ,ဗိုလ်,ဗောဇ္ဈင်,မဂ္ဂင် ကိစ္စတပ်၍ ပဋ္ဌာန်း၌ ဟေတုပစ္စည်း, အဓိပတိပစ္စည်း, ဣန္ဒြိယပစ္စည်း, မဂ္ဂပစ္စည်း ထိုက်၏။

## ပညာ၏ အနက်လေးပါး

ပညာ၊ ပညာသည်။

(၁) ယထာဘူတ ပဋိဝေဓ လက္ခဏာ = ဟုတ်မှန်သောခတ်ရင်း သဘောရင်းအတိုင်း ထိုးထွင်း၍ သိမြင်ခြင်းလက္ခဏာရှိ၏။

(၂) ဝိသယော ဘာသန ရသာ=အာရုံကို ထွန်းပြခြင်း ကိစ္စရှိ၏။

(၃) အသမ္မောဟ ပစ္စုပဋ္ဌာနာ=မတွေမဝေခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ဣန္ဒြိယ ပရိပါကတာ ကိလေသ ဒူရီ ဘာဝါဒိ ပဒဋ္ဌာနာ= ဣန္ဒြေတို့၏ ကြီးရင့်ခြင်း, ကိလေသာတို့မှ ဝေးခြင်း စသည်လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိ၏။ ။ပညာ ပြီး၏။

သဒ္ဓါအစ ပညာအဆုံးရှိကုန်သော ၂၅-ပါးသော တရားတို့သည် သောဘန မည်ကုန်၏။

"သောဘန္တီတိ သောဘနာ"။ သောဘန္တိ၊ တင့်တယ်ကောင်းမြတ်ကြပေကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သောဘနာ၊ သောဘနမည်ကုန်၏။ ။ သောဘနစေတသိက် ၂၅ ပြီး၏။

(အညသမာန်းရာသီ၌ ပါသော စေတသိက်-၁၃၊ အကုသလရာသီ၌ ပါသော စေတသိက်-၁၄၊ သောဘနရာသီ၌ ပါသော စေတသိက်-၂၅။ ပေါင်းစေတသိက်-၅၂ သရုပ်, အဓိပ္ပါယ် ပြီး၏)။

## သမ္ပယောဂနည်း

စိတ်၌ စေတသိက်တို့၏ ယှဉ်ပုံဟု ဆိုအပ်သော သမ္ပယောဂနည်းကို ပြဆိုအံ့။ သရုပ်ကို သာမညသာပြဆို၍ အဓိပ္ပါယ်သဘောကိုသာ ရေးအံ့။

## သဗ္ဗစိတ္တသာဓာရဏစေတသိက်

(၅၉) သဗ္ဗစိတ္တေ၊ ခုနစ်ထွေ၊ ယှဉ်လေစိတ်အားလုံး။

ဤဖြင့် စိတ်အကျဉ်း တခုယုတ်ကိုးဆယ်၊ အကျယ် ၁၂၁-ပါးတို့၌ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး ယှဉ်ကြောင်းကို ပြဆို၏။ စိတ်ဟူသမျှမှာ တွေ့ထိမှု, ခံစားမှု, မှတ်သားမှု မရှိလျှင် ဖြစ်ပေါ်နိုင်ခွင့် မရှိ။ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါးသည် စိတ်၏ သည်းခြေသဘွယ် ဖြစ်၏။ ထိုကြောင့် စိတ်တိုင်းမှာပင် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး လိုက်ပါရလေသည်။

## ပကိဏ်းစေတသိက် ၆-ပါးတို့ သမ္ပယောဂနည်း

(၆၀) ပဉ္စဝိညာဏ်၊ ကြဉ်တုံပြန်၊ ကာ-ကျန်လေးဆဲ့လေး။

(၆၁) သေးဆဲ့လေးတန်၊ ကာမ ကျန်ဝယ်၊ ပ-ဈာန်ဆဲ့တစ်၊ လောင်းတုံလစ်၊ တက်ဖြစ်ပဌေး-စေး။

**ဝိတက်။** ။ဤဖြင့် ဒွေပဉ္စဝိညာဏ်ကြဉ်သော ကာမစိတ်-၄၄၊ ပထမဈာန် ၁၁၊ ပေါင်း ၅၅ ပါးသော စိတ်တို့၌ ဝိတက်စေတသိက် ယှဉ်ကြောင်းကို ပြဆို၏။ ဒွေပဉ္စဝိညာဏ်စိတ် ၁၀-သည် အလွန်အားနည်းသော သဘောရှိသောကြောင့် ၎င်းစိတ် ၁၀-တို့၌ ပကိဏ်းစေတသိက် မယှဉ်နိုင်၊ ဘာဝနာ၏ အစွမ်းအားဖြင့် ပယ်အပ်သောကြောင့် ဒုတိယဈာန်စသော အထက်ဈာန်တို့၌ ဝိတက် မယှဉ်နိုင်။ ထိုကြောင့် ဝိတက်သည် စိတ် ၅၅-မှာသာ ယှဉ်ရလေသည်။ ။ ဝိတက်ပြီး၏။

(၆၂) ငါးဆဲ့ငါးတန်၊ တက်-ဖြစ်ရန်ဝယ်၊ ဒု-ဈာန်ဆဲ့တစ်၊ လောင်းတုံလစ်၊ စာ-ဖြစ်ဆဆထွေး။

**ဝိစာရ။** ။ဤဖြင့် ဝိတက်ယှဉ်သောစိတ် ၅၅၊ ဒုတိယဈာန်-၁၁၊ ပေါင်း ၆၆-ပါးသော စိတ်တို့၌ ဝိစာရယှဉ်ကြောင်းကို ပြဆို၏။ တတိယဈာန်စသည်တို့၏ ရှေ့အဘို့၌ ပွါးများအပ်သော ဘာဝနာ၏ အစွမ်းဖြင့် ပယ်အပ်သောကြောင့် ဝိစာရသည် တတိယဈာန်စသည်၌ မယှဉ်နိုင်။ ။ဝိစာရပြီး၏။

(၆၃) ပဉ္စဝိညာဉ်၊ သံ,သန်,ပဉ်၊ ကြဉ်-ဝီ ဗျည်း-သုဉ်ဧး။

**ဝီရိယ။** ။ဤဖြင့် ဒွေပဉ္စဝိညာဏ်-၁၀၊ သမ္ပဋိစ္ဆိုန်းဒွေ၊ သန္တီရဏ-၃၊ ပဉ္စဒွါရာ-ဝဇ္ဇန်း-၁၊ ပေါင်းစိတ် ၁၆-ပါးကြဉ်၍ ကျန်သော ၁၀၅-ပါးသော စိတ်တို့၌ ဝီရိယစေတသိက်ဖြစ်ကြောင်းကို ပြဆို၏။ စိတ်အကျဉ်း၌ကား ၇၃-ပါးသော စိတ်၌ ယှဉ်၏၊ ဝီရိယသည် အားရှိ၍ ဗိုလ်ကိစ္စတပ်၏၊ ဒွေပဉ္စဝိညာဏ် စသော စိတ် ၁၆-ပါးတို့သည် အားနည်း၍ ဗိုလ်ကိစ္စကို မဆောင်ရွက်ကြကုန်။ ထိုကြောင့် ဗိုလ်မပါသော ထိုစိတ် ၁၆-ပါးတို့၌ ဝီရိယ မယှဉ်လေသည်။ ။ ဝီရိယ ပြီး၏။

(၆၄) ဧ-ဈာန်ကြဉ်ပစ်၊ သော-ကျန်စစ်၊ ပီဖြစ်-ပဉ္စဧး။

**ပီတိ။** ။ဤဖြင့် သောမနဿသဟဂုတ်စိတ်ပေါင်း ၆၂-ပါးတွင် စတုတ္ထဈာန် ၁၁-ကြဉ်၊ ကျန် ၅၁-ပါးသော သောမနဿသဟဂုတ်စိတ်တို့၌ ပီတိ-စေတသိက် ယှဉ်ကြောင်းကို ပြဆို၏။ ပီတိသည် နှစ်သက်ခြင်း သဘောရှိပေသောကြောင့် ထိုသူကဲ့သို့ နှစ်သက်ခြင်း သဘောမရှိသော ဥပေက္ခာ သဟဂုတ် စိတ် ၅၅-ခု, ဒေါသမူဒွေတို့၌ မယှဉ်နိုင်ချေ။ စတုတ္ထဈာန် ၁၁-သည် သော-မနဿသဟဂုတ်ဖြစ်၍ ပီတိယှဉ်ထိုက်ပါသော်လည်း ဘာဝနာအားဖြင့် တမင် ပယ်ထားလေသောကြောင့် ထိုစတုတ္ထဈာန်စိတ် ၁၁-၌လည်း ပီတိနှင့် ယှဉ်ခွင့် မရချေ။ ။ပီတိ ပြီး၏။

(၆၅) မောမူ, အဟိတ်၊ စိတ်နှစ်ဆယ် ပစ်၊ အကျန်စစ်၊ ဆန်ဖြစ်-ဧက်သုဉ်ဧး။

**ဆန္ဒ။** ။ဤဖြင့် မောဟမူဒွေး, အဟိတ်စိတ် ၁၈-ကြဉ်၍ ကျန် ၁၀၁-ပါးသော စိတ်တို့၌ ဆန္ဒယှဉ်ကြောင်းကို ပြဆို၏။ အကျဉ်း၌ယှဉ်လျှင် ၆၉-ပါး သော စိတ်တို့၌ ယှဉ်၏။ ဆန္ဒသည် ပြုလိုရလိုခြင်းသဘော ရှိပေသောကြောင့် သူကဲ့သို့ ပြုလိုရလိုခြင်းသဘောမရှိသော မောဟမူဒွေး အဟိတ်စိတ် ၁၈-ခုတို့၌ မယှဉ်ပေ။ ။ဆန္ဒ ပြီး၏။

(၆၆) ပဉ္စဝိညာဉ်၊ ဝိစိ-ကြဉ်၊ မိယှဉ်-သုဉ်ဧက်ဧး။

**အဓိမောက္ခ။** ။ဤဖြင့် ဒွေပဉ္စဝိညာဏ် ၁၀၊ ဝိစိကိစ္ဆာ ၁-ကြဉ်၍ ကျန် ၁၁၀-သော စိတ်တို့၌ အဓိမောက္ခစေတသိက် ယှဉ်ကြောင်းကို ပြဆို၏။ အကျဉ်း၌ ယှဉ်လျှင် ၇၈-ပါးသောစိတ်တို့၌ ယှဉ်၏။ အဓိမောက္ခသည် သန္နိဋ္ဌာန် ကျကျ ဆုံးဖြတ်ခြင်းသဘောရှိပေသောကြောင့် သူကဲ့သို့ ဆုံးဖြတ်ခြင်း သဘောမရှိသော ဒွေပဉ္စဝိညာဏ် ၁၀၊ ဝိစိကိစ္ဆာစိတ်တို့၌ မယှဉ်ပေ။ ။ အဓိမောက္ခ ပြီး၏။ ။ပကိဏ်းစေတသိက် ၆-ခုတို့၏ သမ္ပယောဂနည်း ပြီး၏။

## အကုသလစေတသိက် ၁၄-ပါး သမ္ပယောဂနည်း

(၆၇) မောစတုက်စု၊ ယှဉ်တုံမူ။ အကု-တဆဲ့နှစ်။

**မောစတုက်လေးပါး။** ။ဤဖြင့် မောစတုက် လေးပါးတို့၏ အကုသိုလ်စိတ် ၁၂-ပါးတို့၌ အလုံးစုံ ယှဉ်ကြောင်းကို ပြဆို၏။

မောစတုက်လေးပါးသည် အကုသိုလ်စိတ်တို့၏ သည်းခြေဖြစ်၏။ ထိုတရား ၄-ပါး မပါလျှင် အကုသိုလ်ဟူ၍ပင် မဖြစ်နိုင်ချေ။ ထို့ကြောင့် မောစတုက်လေးပါး သည် အကုသိုလ်စိတ် ၁၂-ပါးတို့၌ အလုံးစုံ ယှဉ်ရလေသည်။

ထင်ရှားစေအံ့— မကောင်းမှုဟူသမျှတို့၌ အပြစ် အာဒီနဝကို မြင်သောသူ, မကောင်းမှုဟူသမျှတို့မှ ရှက်ကြောက် လန့်ထိတ်သောသူ, ကုသိုလ်မှုတို့၌ စိတ် မြဲမြံသောသူတို့၏ သန္တာန်မှာ ထိုမောစတုက်လေးပါး မဖြစ်နိုင်။ ထိုမောစတုက် လေးပါး မဖြစ်က အကုသိုလ်ဟူ၍ပင် မဖြစ်နိုင်။

ထို့ကြောင့် အကုသိုလ်ဖြစ်ရမှုသည် မကောင်းမှုတို့၌ အပြစ်အာဒီနဝကို မမြင်ဘဲ တွေဝေခြင်း'မောဟ'၊ မကောင်းမှုတို့မှ မရှက်မကြောက်ခြင်း'အဟိရိက'၊ မလန့်မထိတ်ခြင်း'အနောတ္တပ္ပ'၊ ကုသိုလ်မှု၌ စိတ်မမြဲခြင်း'ဥဒ္ဓစ္စ'၊ ဤသဘော လေးခုကြောင့်သာ ဖြစ်ရချေ၏။ ထိုသဘောလေးခုကား မောစတုက် လေးခု ပင်တည်း။ ထို့ကြောင့် ထိုမောစတုက်လေးခုသည် အကုသိုလ်ကိုဖြစ်စေမှု ဦးစီး ဦးကိုင် အရေးပိုင်ကြီးဖြစ်၏။ အယောနိသောမနသိကာရဆိုသည်လည်း ထို မောစတုက်တို့၏ လက်ချက်ပင်တည်း။ ဤမောစတုက်ကို 'သဗ္ဗာကုသလသာဓာ- ရဏ'ဟူ၍၎င်း, 'သဗ္ဗာကုသလယောဂီ'ဟူ၍၎င်း ဆိုအပ်၏။

(၆၈) လောလောဘမူ၊ ဒိဋ္ဌိ,သံ,ယှူ၊ မာမူ-ဝိပ်လေးဖြစ်။

**လောဘ။** ။ဤဖြင့် လောဘသည် လောဘမူစိတ် ၈-ခု၌ ယှဉ်၏။

ဒိဋ္ဌိသည် ဒိဋ္ဌိသမ္ပယုတ်လေးခု၌ ယှဉ်၏။

**မာန**သည် ဒိဋ္ဌိဝိပ္ပယုတ်လေးခုတို့၌ ယှဉ်၏ဟူ၍ ပြဆို၏။

**လောဘ**မူစိတ်၌ လောဘယှဉ်ခြင်း၏ သဘောကို အထူးပြဘွယ် မရှိပြီ။

ဒိဋ္ဌိနှင့်**မာန**သည် ခန္ဓာ ၅-ပါးတို့၌ သာယာမှုကို အရင်းခံသဖြင့် ဖြစ်ပေါ် ကြရသောကြောင့် လောဘမူစိတ်တို့၌သာ ယှဉ်ရချေ၏။ ထိုသို့ လောဘမူစိတ် တို့၌ ယှဉ်သော်လည်း သဘောမတူဘဲ အသီးအသီး သဘောကွဲပြားလျက်ရှိပြန် သောကြောင့် တခုသော စိတ္တုပ္ပါဒ်၌ အတူတူ မယှဉ်နိုင်ချေ။

ထင်ရှားစေအံ့—ဒိဋ္ဌိသည် ခန္ဓာငါးပါးတို့၌ ငါ, သူတပါး, ယောကျ်ား, မိန်းမ စသည်ဖြင့် အတ္တ, ဇီဝ, ပုဂ္ဂလ အယူကို မြဲမြံစွာယူပြီးလျှင် ထိုအတ္တဇီဝသည် မြဲ၏

စသော အမြင်မှား, အသိမှားဖြင့် များစွာ သုံးသပ် စွဲလမ်းလျက် ဖြစ်၏။ မာနသည်ကား ခန္ဓာငါးပါးတို့၌ ငါ,ငါဟူသော အယူကို မြဲမြံစွာ မှတ်ယူပြီးလျှင် ထို ယူမြဲသောအတိုင်း "ငါသည် မြတ်၏, ငါသည် ဂုဏ်ရှိ၏"စသော အထင်မှားဖြင့် ကြွားကြွားမောက်မောက် အထက်ရောက်သော သုံးသပ်ခြင်းဖြင့် သုံးသပ်လျက်ဖြစ်၏။ ထို့ကြောင့် ဒိဋ္ဌိနှင့်မာနသည် ခန္ဓာ ၅-ပါးတို့၌ သုံးသပ်ပုံ သဘောအချက် မတူကြ။ ထို့အတွက် ဒိဋ္ဌိသမ္ပယုတ်စိတ်၌ မာနမယှဉ်၊ မာနသမ္ပယုတ်စိတ်၌ ဒိဋ္ဌိမယှဉ်ဘဲ ရှိလေသည်။ ဒိဋ္ဌိသည် အမြင်မှားခြင်း, အသိမှားခြင်း သဘောရှိ၏။ ငါမဟုတ်သော နာမ်ရုပ်စုကို ငါဟု စွဲလမ်း၏။ မာနသည် အထင်မှားခြင်း, အမှတ်မှားခြင်း သဘောရှိ၏။ ဒိဋ္ဌိ အမြင်မှားသော အတ္တ,ဇီဝအပေါ်တွင် တဘန်ထပ်၍ ငါ,ငါစသော ကြွားမောက် မြင့်မားခြင်းဖြင့် အမှတ်အထင် မှားလျက်ဖြစ်၏။ ။ဒိဋ္ဌိမှာ ခန္ဓာငါးပါးကို အတ္တ, ဇီဝအနေနှင့် ဘောက်ဘောက်ပြန်ပြန် အမြင်မှားမှု ဗျာပါရရှိသကဲ့သို့ မာနမှာ ထိုဗျာပါရမျိုး မရှိ၊ မာနမှာ အတ္တအပေါ်တွင် ငါ,ငါဟူ၍ မြောက်မြင့်တက်ကြွသောအနေနှင့် အထင်အမှတ်မှားမှု ဗျာပါရရှိသကဲ့သို့ ဒိဋ္ဌိမှာ ထိုဗျာပါရမျိုး မရှိ။ ။ငါ,ငါဟူသော 'မာန'မည်သည် အနာဂါမ်ပုဂ္ဂိုလ်မှာပင် ဖြစ်သေးသည်။ အတ္တ,ဇီဝဟု ယူသော ဒိဋ္ဌိသည်မူကား ပုထုဇ္ဇန်မှာသာ ဖြစ်နိုင်လေသည်။ ထိုသို့ သဘောကွဲပြားလျက် ရှိကြလေသောကြောင့် တခုသောစိတ္တုပ္ပါဒ်၌ အတူတူ မဖြစ်နိုင်ဘဲ ရှိရလေသည်[၁]။

**(၆၉) ဒေါသစတုက်မှု၊ ယှဉ်ရာပဒ၊ ဒေါမူ-စိတ်စုံနှင့်။**

ဤဖြင့် ဒေါသစတုက် စေတသိက် လေးခုတို့သည် ဒေါသမူဒွေးတို့၌ ဖြစ်ကုန်၏ဟု ပြဆို၏။

**ဒေါသ,ဣဿာ,ကုက္ကုစ္စ** သုံးပါးတို့သည် နှလုံးမသာ ပူပန်စွာ ဖြစ်ကြရသဖြင့် ဒေါသမူဒွေး၌သာ ယှဉ်ကြသည်ကို အထူးဆိုဘွယ်မရှိ။

**မစ္ဆရိယ**သည် မိမိ၏ စည်းစိမ်ချမ်းသာတို့၌ စွဲ၍သာယာသော လောဘ အရင်းခံလျက် ဖြစ်ရ၏။ သို့အတွက် လောဘမူစိတ်မှာ ယှဉ်လေသလောဟု တွေးတောဘွယ်ရှိ၏၊ သို့ရာတွင် မိမိ၏ စည်းစိမ်ချမ်းသာကို သူတပါးတို့နှင့် ဆက်ဆံရမည်အရေးကြောင့် သည်းမခံနိုင် ပူပူပန်ပန် ဖြစ်ရ၏။ ထို့ကြောင့် စင်စစ် ဒေါသမူဒွေးမှာသာ ယှဉ်ရလေသည်။

---

၁။ အဟံဂါဟော မာနော အနာဂါမိနံပိ ပဝတ္တတိ၊အတ္တဂ္ဂါဟာဘူတာပန ဒိဋ္ဌိ ပုထုဇ္ဇနာန-မေဝါတိ။ ။လယ်တီဋီကာ (ငါဟုစွဲယူခြင်း ဝါ-ငါစွဲ ဂါဟာဟူသော မာနသည် အနာဂါမ်တို့မှာပင် ဖြစ်သေး၏။ အတ္တစွဲဖြစ်သော ဒိဋ္ဌိမူကား ပုထုဇဉ်တို့မှာသာ ဖြစ်လေသည်)။

(၇၀) ထိ,မိဒ္ဓ,သသင်၊ ငါးမှာယှဉ်၊ စိတ်-ဝိစိဖြစ်။

**ထိန,မိဒ္ဓ။** ။ဤဖြင့် ထိန, မိဒ္ဓ စေတသိက်နှစ်ပါးသည် အကုသိုလ် သသင်္ခါရိက စိတ် ၅-ခု၌ ယှဉ်၏။

ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် တခုမှာသာ ယှဉ်၏ဟု ပြဆို၏။

ထိုင်းမှိုင်း ထုံပေခြင်း အကမ္မညသဘောရှိသော ထိန, မိဒ္ဓစေတသိက် ၂-ပါးသည် ထိုကဲ့သို့ အကမ္မညသဘောမျိုးမှ စင်စစ် ကင်းလျက်ဖြစ်ရသော အသင်္ခါရိကစိတ်တို့၌ မယှဉ်နိုင်ချေ။ ထိုထိုင်းမှိုင်း ထုံပေ၍ တိုက်တိုက်တွန်းတွန်း နှိုးနှိုးဆော်ဆော် ပြုနိုင်ပါမှ ဖြစ်ရသော သသင်္ခါရိကစိတ်မျိုး၌သာ ယှဉ်ခွင့်ရ လေသည်။ ဝိစိကိစ္ဆာ စေတသိက်၏ ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်၌ ယှဉ်ကြောင်းကို အထူး ဆိုဖွယ်မရှိ။ ။အကုသိုလ်စေတသိက်တို့၏ သမ္ပယောဂနည်း ပြီး၏။

## သောဘနစေတသိက် ၂၅-ပါး သမ္ပယောဂနည်း

(၇၁) တဆဲ့ကိုးဖြာ၊ သောဘနာ၊ ယှဉ်ရာ-ကိုးဆဲ့တစ်။

ဤဖြင့် သောဘနသာဓာရဏ စေတသိက် ၁၉-ခုတို့သည် သောဘနစိတ် အကျယ် ၉၁-ပါး၊ အကျဉ်း ၅၉-ပါးတို့၌ ယှဉ်ကြောင်းကို ပြဆို၏။

သဒ္ဓါအစ စိတ္တုဇုကတာ အဆုံးရှိသော သောဘနသာဓာရဏစေတသိက် တို့သည် အပြစ်မရှိ ကောင်းမြတ်သော တရားဟူသမျှတို့၏ သည်းခြေသဘွယ် ဖြစ်၏။ သူတို့မပါလျှင် ကောင်းမြတ်သောတရားဟူ၍ ဖြစ်ခွင့်မရှိ၊ ထို့ကြောင့် ထိုစေတသိက် ၁၉-ပါးတို့သည် ကောင်းမြတ်တင့်တယ်သော သောဘနစိတ်တို့၌ အမြဲ ယှဉ်လေသည်။ ထိုစေတသိက်တို့ ယှဉ်သောကြောင့်ပင်လျှင် ယှဉ်ရာစိတ် သည်လည်း သောဘနစိတ်ဟူသောအမည်ကို ရလေ၏။

(၇၂) ကာမကု ရှစ်၊ လောကုတ် ရှစ်၊ ဖြစ်ရာ ဝိရတီ။

**ဝိရတီ။** ။ဤဖြင့် ဝိရတီစေတသိက် ၃-ပါးသည် မဟာကုသိုလ် ၈-ခု၊လောကုတ္တရာ စိတ် ၈-ခု၊ ပေါင်း ၁၆-ပါးသောစိတ်၌ ယှဉ်ကြောင်းကိုပြဆို၏။ ။ အကျယ်ယှဉ်လျှင် ၄၈-ပါးသောစိတ်တို့၌ ယှဉ်လိမ့်မည်။

(၇၃) ကာမ,ကု,မှာ၊ ယှဉ်တုံပါ၊ ရံခါ အသီးသီ ။

ဤဖြင့် မဟာကုသိုလ်ရှစ်ခုမှာ ဝိရတီယှဉ်၏ ဆိုသော်လည်း အမြဲယှဉ်လေ့ရှိ သည် မဟုတ်။ ရံခါ,ရံခါသာ ယှဉ်သည်။ ရံခါ,ရံခါ ယှဉ်သော်လည်း ဝိရတီ ၃-ပါး တပေါင်းတစည်းတည်း ယှဉ်သည် မဟုတ်၊ အသီး,အသီးသာ ယှဉ်သည်ဟု ပြဆို၏။

ရံခါ,ရံခါဖြစ်၏ဆိုသည်ကား သီလသိက္ခာပုဒ်တို့ကို ဆောက်တည်၍ ဒုစ္စရိုက် ၇-ပါးကို ရှောင်ကြဉ်လျှင် သမာဒါနဝိရတီ ဖြစ်၏။ တွေ့လာ ဆိုက်ရောက်လာသောအခါ ရှောင်ကြဉ်လျှင် သမ္ပတ္တဝိရတီ ဖြစ်၏။ လောကီနှင့်ယှဉ်သော ဝိရတီ ၃-ပါးတို့သည် အာရုံအသီးအသီးပြားလျက် ရှိကြကုန်၏။ ထို့ကြောင့် သမ္မာဝါစာဖြစ်လျှင် သမ္မာကမ္မန္တမဖြစ်၊ သမ္မာကမ္မန္တဖြစ်လျှင် သမ္မာဝါစာမဖြစ်။ သို့အတွက် အသီးအသီး ဖြစ်ကြသည်ဟု ဆိုလေသည်။ ဤစကားရပ်ဖြင့် မဟာကုသိုလ်စိတ်ဖြစ်တိုင်း ဝိရတီစေတသိက် ပါသည်မဟုတ်။ တခါတရံ ထိုက်မှ ပါသည်ဟု သိသာ၏။

ဘုံအားဖြင့် ကာမဘုံ၌ဖြစ်သော မဟာကုသိုလ်မှာသာလျှင် ဝိရတီစေတသိက် ပါ၏။ ရူပဘုံ,အရူပဘုံတို့၌ ဖြစ်သော မဟာကုသိုလ်တို့မှာ ဝိရတီ ပါခွင့်မရှိ။ ထိုစကားမှန်၏—ဗြဟ္မာတို့မှာ ရှောင်ကြဉ်သင့်ရှောင်ကြဉ်ထိုက်သော'ဝီရမိတဗ္ဗ'ဟု ဆိုအပ်သော ကာယဒုစ္စရိုက်မှု, ဝစီဒုစ္စရိုက်မှု မရှိကုန်။ လောကီ ဝိရတီတို့သည်လည်း'ဝီရမိတဗ္ဗဝတ္ထု'ကို အာရုံပြု၍ ဖြစ်ရသောကြောင့် ဝီရမိတဗ္ဗဝတ္ထုမှ ကင်းသော ပုဂ္ဂိုလ်တို့၌ မဖြစ်နိုင်ကြကုန်။ ဆကာမာဝစရနတ်ဘုံတို့၌ပင် ဝီရမိတဗ္ဗဝတ္ထုမရှိ၍ ဝိရတီမဖြစ်နိုင်ဟု ဆိုကြကုန်သေး၏။

ထို့ပြင် လူ၏ဘုံ၌ဖြစ်ကုန်သော သောတာပန်ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ် သန္တာန်၌ဖြစ်သော မဟာကုသိုလ်စိတ်မှာလည်း ဝိရတီမဖြစ်ထိုက်ဟု အဓိပ္ပါယ်ရောက်ပြန်၏။ ထိုပုဂ္ဂိုလ်မှာလည်း ပါဏာတိပါတစသော 'ဝီရမိတဗ္ဗဝတ္ထု'မရှိကုန်။ ဆင်ခြင်ဘွယ်ကား ၇-ပါးသော အာပတ်တို့သည်ငှင်း သုံးပါးသော ကုဟနဝတ္ထုတို့သည်ငှင်း 'ဝီရမိတဗ္ဗဝတ္ထု'အရာ၌ တည်ကြကုန်၏။ ထိုဝတ္ထုတို့တွင် အချို့ဝတ္ထုတို့သည် ဆိုပြီးသော အောက်ဖလဋ္ဌာန်သုံးယောက်တို့နှင့်လည်း ဆက်ဆံလျက် ရှိကုန်၏။ ထိုဝတ္ထုတို့ကို ရှောင်ကြဉ်လျှင် ဝိရတီပင်မည်၏။ လူဖြစ်လျှင် ဆောက်တည်အပ်သော ပါဏာတိပါတာဝေရမဏီ စသော သိက္ခာပုဒ်၏ ဝီရမိတဗ္ဗဝတ္ထုတို့သည်လည်း ရှိကုန်၏။ ထိုဝတ္ထုတို့ကို ရှောင်ကြဉ်လျှင် ဝိရတီပင်မည်၏။

## (၇၄) လောကုတ်ရှစ်မှာ၊ ယှဉ်တုံပါ၊ မြဲစွာ တပေါင်းတည်း။

ဤကဗျာဖြင့် ဝိရတီသုံးခုတို့သည် လောကုတ္တရာ ရှစ်ပါးမှာ ယှဉ်လျှင် အမြဲလည်း ယှဉ်ကုန်၏။ တပေါင်းတစည်းတည်းလည်း ယှဉ်ကုန်၏ဟု ပြဆို၏။

ထင်ရှားစေအံ့—လောကုတ္တရာတရားတို့သည် အချင်းခပ်သိမ်း သီလကို ပြည့်စုံစေပြီးသည်၏ အစွမ်းအားဖြင့် ဖြစ်၏။ တဖန် သီလအတွက် ပူဘွယ်မရှိ။ လောကီတရားတို့မူကား ရံခါ ဒါနနှင့်သော်ငှင်း, ရံခါ သီလနှင့်သော်ငှင်း, ရံခါ ကသိဏ်းပရိကမ် စသည်တို့ဖြင့်ငှင်း အဖန်ဖန် ပြုပြင်ဖြည့်ဆည်းပူးရ၏။ လော

ကုတ္တရာတို့မှာ ထိုကဲ့သို့မဟုတ်၊ ထို့ကြောင့် လောကုတ္တရာဆိုလျှင် သီလအတွက် အလုံးစုံ ကိစ္စပြီးစီးလေသောကြောင့် ဝိရတီအမြဲယှဉ်မှုကို ခံရလေသည်။

လောကီဝိရတီတို့သည် ပါဏာတိပါတစသော ဝိရမိတဗ္ဗဝတ္ထုကို အာရုံပြုရသဖြင့် အာရုံအမျိုးမျိုး ကွဲပြားလျက်ရှိ၏၊ ထို့ကြောင့် လောကီမှာ ဝိရတီ တပေါင်းတည်း ဖြစ်ခွင့် မရှိ။ လောကုတ္တရာမှာမူကား နိဗ္ဗာန်တည်းဟူသော အာရုံတခုတည်းသာလျှင် ဖြစ်သောကြောင့် မကွဲမပြား တသားတည်း ဝိရတီ ယှဉ်မှုကို ခံရလေသည်။ ထိုပြင်လည်း လောကီတို့၌ တကြိမ်ဖြစ်သော သမ္မာဝါစာဝိရတီသည် လေးပါးသော ဝစီဒုစ္စရိုက်တို့ကို တပေါင်းတည်း တချက်တည်း မပယ်နိုင်ကုန်၊ မုသာဝါဒဝိရတီသည် မုသာဝါဒကို ပယ်နိုင်၏၊ အခြားဝစီဒုစ္စရိုက်ကို မပယ်နိုင်၊ မုသာဝါဒကို ပယ်သော်လည်း အမြစ်နှင့်တကွ အနုသယနှင့် တကွ မပယ်နိုင်၊ တဒင်္ဂမျှသာ ပယ်နိုင်၏။ ပိသုဏာဝါစာဝိရတီသည် ပိသုဏာဝါစာ ကိုသာ ပယ်နိုင်၏၊ ပယ်သော်လည်း အမြစ်နှင့် တကွ အနုသယနှင့် တကွ မပယ်နိုင် စသည်ဖြင့် သိလေ။ တကြိမ်ဖြစ်သော သမ္မာကမ္မန္တသည် သုံးပါးသော ကာယဒုစ္စရိုက်တို့ကို တချက်တည်း မပယ်နိုင်။ ပါဏာတိပါတဝိရတီသည် ပါဏာ တိပါတကိုသာ ပယ်နိုင်၏၊ အဒိန္နာဒါနကို မပယ်နိုင်။ ပါဏာတိပါတကို ပယ်သော် လည်း အမြစ်နှင့်တကွ အနုသယနှင့်တကွ မပယ်နိုင် စသည်ဖြင့် သိလေ။

လောကုတ္တရာ၌ဖြစ်သော ဝိရတီတို့သည်မူကား ထိုသို့ မဟုတ်ကုန်။ တကြိမ်မျှ ဖြစ်သော သမ္မာဝါစာသည် အလုံးစုံသော ဝစီဒုစ္စရိုက်ဟူသမျှတို့ကို အမြစ်နှင့် တကွ အနုသယနှင့်တကွ ပယ်စွန့် သတ်ဖြတ်လေ၏။ တကြိမ်မျှသာဖြစ်သော သမ္မာကမ္မန္တသည် အလုံးစုံသော ကာယဒုစ္စရိုက်ဟူသမျှတို့ကို အမြစ်နှင့်တကွ အနုသယနှင့်တကွ ပယ်စွန့် သတ်ဖြတ်လေ၏။ တကြိမ်မျှဖြစ်သော သမ္မာအာဇီဝ သည် အာဇီဝဟေတု ဖြစ်ကုန်သော ကာယဒုစ္စရိုက်၊ ဝစီဒုစ္စရိုက်ဟူသမျှတို့ကို အမြစ်နှင့်တကွ အနုသယနှင့်တကွ စွန့်ပယ်သတ်ဖြတ်လေ၏။ ဤသို့ လောကီ ဝိရတီနှင့် လောကုတ္တရာဝိရတီ ထူးခြားပုံကို သိရာ၏။

## အပ္ပမညာစေတသိက် ၂-ပါး သမ္ပယောဂနည်း

(၇၅) မဟာ-ကြိ ကု၊ ပ,ဒု,တ,စ၊ ရူပဆဲ့နှစ်၊ နှစ်ဆဲ့ရှစ်၊ ဖြစ်လေ-ပမညာ။

**အပ္ပမညာဒွေး။** ။ဤကဗျာဖြင့် မဟာကုသိုလ်ရှစ်၊ မဟာကြိယာရှစ်၊ ပဥ္စမ စျာန်ကြဉ်သော ရူပ-၁၂၊ ပေါင်း ၂၈-ပါးသော စိတ်တို့၌ အပ္ပမညာစေတသိက်နှစ်ပါး ယှဉ်၏ဟု ပြဆို၏။

အပ္ပနာသို့ရောက်သော အပ္ပမညာတို့၏ သောမနဿသဟဂုတ် အဖြစ်ကို သာလျှင် ဝိဘင်းပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူ၏။ ထို့ကြောင့်

ပဉ္စမချွန် ရူပါဝစရစိတ်တို့၌ အပ္ပမညာဒွေး မယှဉ်နိုင်လေသည်။ သဘောမူကား ဤအပ္ပမညာဒွေးတို့သည် သူတပါးတို့၏ ဆင်းရဲမှု, ချမ်းသာမှုအတွက် လွန်လွန်ကဲကဲ ကြောင့်ကြ ဗျာပါရစိုက်ထုတ်သော အလေ့ရှိကြကုန်၏။ ထိုကြောင့် ငြိမ်သက်၍ ဗျာပါရမရှိသော ပဉ္စမချွန်ဉပေက္ခာတို့နှင့် အပ္ပမညာဒွေး မယှဉ်လေသည်။ အပ္ပနာ၏ ရှေ့အဘို့၌ ဖြစ်ကုန်သော ကာမာဝစရအပ္ပမညာဒွေးတို့၏ ဉပေက္ခာဝေဒနာနှင့် ယှဉ်ခြင်းကိုမူကား အဋ္ဌကထာဆရာ ခွင့်ပြုတော်မူလျက်ရှိ၏။ ထိုကြောင့် ကာမာဝစရဉပေက္ခာသဟဂုတ်စိတ်တို့၌ အပ္ပမညာ ယှဉ်ခွင့်ရလေသည်။

ကေစိဝါဒကို ဆိုဦးအံ့ —အပ္ပမညာဒွေးတို့သည် ဒေါမနဿနှင့်ဆန့်ကျင်ဘက်ဖြစ်၍ ဒေါသလျှင် ဖြစ်ကြောင်းရှိကုန်သော ဝိဟိံသာတရား, အရတိတရားတို့မှ ကျွတ်လွတ်ထွက်မြောက်သောတရား ဖြစ်ကုန်၏ဟူ၍ သုတ္တန်တို့၌ ဟောတော်မူသော အချက်ကို ထောက်၍ ဝိဟိံသာ, အရတိတရားတို့မှ ကျွတ်လွတ် ထွက်မြောက်သော သဘော, ဒေါသနှင့် ဆန့်ကျင်ဘက်ဖြစ်သော သဘောဖြစ်လျှင်သောမနဿသာလျှင် ဖြစ်၏။ ထိုကြောင့် အပ္ပမညာဒွေးတို့သည် အပ္ပနာသို့ရောက်သည်ဖြစ်စေ, မရောက်သည်ဖြစ်စေ သောမနဿနှင့်သာ ယှဉ်ထိုက်ကုန်၏။ ဉပေက္ခာဝေဒနာနှင့် မယှဉ်ထိုက်ကုန်။ ဤကား ကေစိဆရာတို့၏ ဝါဒတည်း။ ထိုဝါဒကို အဋ္ဌကထာနှင့်ပင် ဆန့်ကျင်လျက်ရှိသောကြောင့် ပညာရှိတို့ မနှစ်သက်ကြကုန်။

အပ္ပနာသို့ မရောက်သေးသော ကာမာဝစရ အပ္ပမညာတို့၌ ဉပေက္ခာဝေဒ-နာနှင့် ယှဉ်နိုင်ကြောင်းကို ထင်စွာ ဆိုဦးအံ့—အလုံးစုံသော လောကီချွန်, လောကုတ္တရာချွန်တို့၏ ရှေ့အဘို့၌ ဖြစ်သော ပုဗ္ဗဘာဂဘာဝနာတို့မည်သည် အပ္ပနာနှင့် နီးကပ်သောအခါ၌သာလျှင် သောမနဿချွန် ဖြစ်လိမ့်မည်မှန်က သောမနဿပုဗ္ဗဘာဂဘာဝနာ ဖြစ်ကုန်၏။ ဉပေက္ခာအပ္ပနာ ဖြစ်လိမ့်မည်မှန်က ဉပေက္ခာပုဗ္ဗဘာဂဘာဝနာ ဖြစ်ကြကုန်၏။ အပ္ပနာနှင့် မနီးလေသေး။ အဝေးကြီးကာလ၌မူကား အလုံးစုံသော ပုဗ္ဗဘာဂဘာဝနာတို့သည် ရံခါ သောမနဿဖြစ်ကုန်၏။ ရံခါ ဉပေက္ခာ ဖြစ်ကုန်၏။ ထိုကြောင့် အပ္ပမညာကို ပွါးများသောပုဂ္ဂိုလ်၏ ပုဗ္ဗဘာဂဘာဝနာ အပ္ပမညာသမ္ပယုတ်ဇောတို့သည်လည်း သောမနဿရံခါဖြစ်တဲ့ချည်, ဉပေက္ခာ ရံခါဖြစ်တဲ့ချည်ဟု သိသာထင်ရှား၏။ သို့အတွက်ယခင်ဝါဒကို ကေစိဝါဒဟု ဆိုရလေသည်။

ဆိုဘွယ်တကြောင်းကား အလုံးစုံသော သမထဘာဝနာစိတ်, ဝိပဿနာဘာဝနာစိတ်တို့မည်သည် ပွါးများအားထုတ်စအခါ၌ များသောအားဖြင့်

ဥပေက္ခာသဟဂုတ်တို့သာလျှင် ဖြစ်သင့်ကုန်ရာ၏။ သောမနဿအဖြစ် နည်းကုန်ရာ၏။ ထိုစကားသင့်စွ—ထိုသမထဘာဝနာစိတ်, ဝိပဿနာဘာဝနာစိတ်တို့သည် ရှေးဦးစွာ အားထုတ်စ အခါကပင် သောမနဿအဖြစ် များခဲ့ပါကုန်မူကား အလုံးစုံသော သတ္တဝါတို့သည် တပါးသော အမှုအမျိုးမျိုးတွေကို ပယ်စွန့်ကြကုန်၍ ဘာဝနာအလုပ်ကိုသာလျှင် အားထုတ်ကြကုန်ရာ၏။ သောမနဿကို ဖြစ်စေတတ်သော အမှုမျိုးတို့၌ မပျော်မရွှင် မပြုမလုပ်ချင်သော သတ္တဝါမည်သည် မရှိ။ သောမနဿဖြစ်ဘွယ် အမှုဆိုလျှင် လွန်စွာ ပြုလုပ်ဆောင်ရွက်ချင်ကြကုန်သည်သာ ဖြစ်ကုန်၏။ အားထုတ်၍ တော်တော် အခြေအနေ တိုးတက်ထင်မြင်လာသောအခါမှသာလျှင် ဘာဝနာတို့၌ လွန်စွာပျော်မွေ့၍ မရွှေမပြောင်းနိုင်စဘွယ် မလွှတ်ရက်စဘွယ်သော သောမနဿတို့ကို ရကြကုန်၏။ စက်ဆုပ်ဘွယ်သော အသုဘအာရုံကို အာရုံပြုရသော ဘာဝနာစိတ်, ဆင်းရဲသော ဒုက္ခိတသတ္တဝါအာရုံကို အာရုံပြုရသော ကရုဏာဘာဝနာစိတ်တို့၌မူကား အားထုတ်စအခါများ၌ များစွာ ဥပေက္ခာဇောစိတ်တို့ ဖြစ်ကုန်လိမ့်မည်ကို အထူး ဆိုဘွယ် မရှိပြီ။

ဤကရုဏာနှင့် မုဒိတာတို့သည် အပ္ပနာ၏ ပုဗ္ဗဘာဂ၌ဟုတ်ကုန်ဘဲ ပကတိအခါတို့၌လည်း ဖြစ်ကြကုန်သေး၏။ ထိုသို့ ပကတိသာမညအခါတို့၌ ဖြစ်ကြကုန်စဉ် မုဒိတာသည် အလိုရှိအပ်သော ပြည့်စုံချမ်းသာမှုများကို အာရုံပြုရသောကြောင့် များသောအားဖြင့် သောမနဿဝေဒနာနှင့် ယှဉ်ရာ၏။ ကရုဏာသည်မူကား အလိုမရှိအပ်သော ပျက်စီး ချို့ယွင်းမှုကို အာရုံပြုရသောကြောင့် များသောအားဖြင့် ဥပေက္ခာဝေဒနာနှင့် ယှဉ်ရာ၏။ ဤသို့သော သဘောသွားသည် အသင့် ယုတ္တိ ရှိ၏။ ထိုပြင် ဤအပ္ပမညာဒွေးတို့သည် သတ္တဝါတပါးတို့အတွက် လွန်ကဲသော ကြောင့်ကြဗျာပါရစိုက်မှုကြီး ရှိကြကုန်သဖြင့် ကြောင့်ကြဗျာပါရမဲ့၍ လျစ်လျူ သဘောရှိသော ဥပေက္ခာဝေဒနာနှင့် ဆန့်ကျင်လျက်ရှိသောကြောင့် ဥပေက္ခာဝေဒနာနှင့် မယှဉ်သင့်ဟူ၍လည်း ဆိုခြင်းငှါ မသင့်။ ထင်စွာပြဆိုဦးအံ့— အပ္ပနာသို့မရောက်သော ဥပေက္ခာဝေဒနာမည်သည် အာရုံ၏ အရသာကို ခံစားမှုကိစ္စ၌သာ ဗျာပါရ မဲ့၏။ အခြားသော ကိစ္စတို့၌ ဗျာပါရမဲ့သည် မဟုတ်။ ထိုကြောင့် မဟုတ်လော၊ ဥပေက္ခာစိတ်တို့ဖြင့် အရှင်မပေးသော သူတပါးတို့၏ဥစ္စာကို ခိုးယူခြင်းကိစ္စကို ပြုလုပ်ကြကုန်၏၊ ဥပေက္ခာစိတ်တို့ဖြင့် အလှူဒါနကြီးကို ပြုလုပ်ကြကုန်၏၊ ထိုမှတပါး ကြီးကျယ် ခမ်းနားသော အမှုကြီးတို့ကိုလည်း ဥပေက္ခာသဟဂုတ်စိတ်တို့ဖြင့် ပြုလုပ်နိုင်ကုန်၏။ ထိုသို့ဖြစ်လေသောကြောင့် အပ္ပမညာဒွေးသည် အပ္ပနာသို့ ရောက်ပြီးသော စျာန်ဥပေက္ခာတို့နှင့်သာ ဆန့်ကျင်၏။ ပကတိသာမည ဥပေက္ခာတို့နှင့်မူကား မဆန့်ကျင်ဟု သိသာ၏။

**(၇၆) ကိစ္စအာရုံ၊ အခွင့်ကြုံ၊ ဖြစ်ကုန် သီးသီးသာ။**

ဤကဗျာဖြင့် ကရုဏာနှင့်မုဒိတာတို့သည် မိမိတို့ဆိုင်ရာ အာရုံနှင့် တွေ့ကြုံမှသာလျှင် အသီး အသီး ဖြစ်၏ဟု ပြဆို၏။ ဒုက္ခိတသတ္တဝါတွေကို တွေ့မြင်မှသာလျှင် ကရုဏာ ဖြစ်၏၊ အခြား အခါတို့၌ ကရုဏာ မဖြစ်။ သုခိတသတ္တဝါတွေကို တွေ့မြင်မှသာလျှင် မုဒိတာ ဖြစ်၏၊ အခြား အခါတို့၌ မုဒိတာ မဖြစ်။ ကရုဏာဖြစ်ခိုက် မုဒိတာ မဖြစ်နိုင်၊ မုဒိတာ ဖြစ်ခိုက် ကရုဏာ မဖြစ်နိုင်။ ဤအပ္ပမညာဒွေးသည် ရံခါဖြင့် အသီးအသီး ဖြစ်လေ့ရှိသောကြောင့် နာနာ, ကဒါစိ တရားမျိုးပေတည်း။

## ပညိန္ဒြေစေတသိက်သမ္ပယောဂနည်း

**(၇၇) ကု, ဒိ, ကြိ, ဉာဏ်၊ ချာန်, မဟဂ္ဂုတ်၊ လောကုတ်တခွင်၊ အကုန်ယှဉ်၊ ပညာစေတသိက်။**

ဤကဗျာဖြင့် ဉာဏသမ္ပယုတ် ကာမာဝစရစိတ် ၁၂၊ မဟဂ္ဂုတ် ၂၇၊ လောကုတ္တရာစိတ် ၈ ခု ပေါင်း ၄၇-ပါးသောစိတ်တို့၌ ပညာစေတသိက် ယှဉ်၏ဟု ပြဆို၏။ အကျယ်၌ယှဉ်လျှင် ၇၉-ပါးသော စိတ်၌ ယှဉ်လိမ့်မည်။ ကာမာဝစရ ဉာဏ သမ္ပယုတ်စိတ် ၁၂၊ လောကုတ္တရာစိတ် ၈-ခုတို့၌ ဉာဏ်ယှဉ်နိုင်ကြောင်း အထူး ဆိုဘွယ် မရှိ။ မဟဂ္ဂုတ်ဈာန်စိတ်တို့သည် ကသိုဏ်းစသော မနက်နဲသော အာရုံနိမိတ်တို့ကို အာရုံပြု၍ ဖြစ်ရကုန်၏။ ထိုမနက်နဲသော အာရမ္မဏသဘာဝ အာရုံတို့၌ ဉာဏ်ဖြစ်ရန် မသင့်ဟု ဆိုခွင့်ရှိ၏။ သို့ရာတွင် အားထုတ်ခြင်း ဝီရိယမှု အစွမ်းကြောင့်ရင်း, စိတ်တည်ကြည်မှု အစွမ်းကြောင့်ရင်း, ကိလေသာတို့မှ ဝေးကွာသည်၏ အစွမ်းကြောင့်ရင်း ညာဏ်ပညာ ဖြစ်နိုင်ပေ၏။ ထိုကြောင့် မဟဂ္ဂုတ်ဈာန်တို့သည် အမြဲ ဉာဏသမ္ပယုတ်စိတ်၌ အကျုံးဝင်ကြလေကုန်သည်။ သောဘနရာသိ သမ္ပယောဂနည်း ပြီး၏။

ဤတွင် သမ္ပယောဂနည်း ၁၈-ပါး ပြီး၏။

---

## သင်္ဂဟနည်း ၃၃-ပါး

စေတသိက်တို့၏ ယှဉ်ရာဌာနကို ပိုင်းခြား၍ ပြရာဖြစ်သော သမ္ပယောဂနည်းကို ဆိုပြီး၍ ယခုအခါ တခုတခုသောစိတ်တို့၌ မည်မျှလောက်သော စေတသိက်တို့သည် ယှဉ်ကုန်၏ဟု ပိုင်းခြား၍ပြရာဖြစ်သော သင်္ဂဟနည်းကို ဆိုအံ့။

ဤသင်္ဂဟနည်း၌ သဘောအဓိပ္ပါယ်ကို များစွာ ဆိုဘွယ် မရှိ၊ သမ္ပယောဂနည်း၌ ဆိုပြီးသော အဓိပ္ပါယ်စုနှင့်ပင် ပြီးလေပြီဖြစ်၏။ ထိုကြောင့် သမ္ပယောဂနည်း၌ ပြဆိုပြီးသော အဓိပ္ပါယ်စုနှင့် သရုပ်စုကို ကျေလည်စွာရှိလျှင် ဤ မည်

သော စိတ်၌ အဘယ်ကြောင့် ဤမည်သော စေတသိက် ယှဉ်နိုင်လေသည်၊ အဘယ်ကြောင့် ဤမည်သော စေတသိက် မယှဉ်နိုင်လေသည်ဟု ကြံစည် ထိုးထွင်းနိုင်တော့သည်သာဖြစ်၏။

## အကုသိုလ်စိတ်၌ သင်္ဂဟနည်း ၇-ပါး

## လောဘမူစိတ်၌ သင်္ဂဟနည်း ၄-ပါး

**(၇၇) အညသမာန်၊ ဆဲ့သုံးခံ၊ လေးတန်မောစတု။**

**(၇၈) ဂ-အ,၌မူ၊ လော,ဒိဋ္ဌ်,ကူ၊ ပေါင်းမူဆဲ့ကိုးရှု။**

ဤကဗျာဖြင့် လောဘမူ ပထမအသင်္ခါရိကစိတ်၌ အညသမာန် စေတသိက် ၁၃၊ မောစတုက် ၄၊ လောဘ, ဒိဋ္ဌိ၊ ပေါင်း ၁၉-ပါးသော စေတသိက်တို့ ယှဉ်ကုန်၏ဟု ပြဆို၏။

ဤ၌ စိစစ်ဘွယ်ကို အမြွက်မျှ ပြဆိုအံ့—

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခုသည် အလုံးစုံသောစိတ်၌ ယှဉ်သောကြောင့် ဤလောဘမူ ပထမအသင်္ခါရိကစိတ်၌လည်း ယှဉ်လေသည်။

ပကိဏ်ကစေတသိက် ၆-ခုကြဉ်သော စိတ်တို့တွင် ဤလောဘမူ ပထမ အသင်္ခါရိက မပါ၊ ယှဉ်သောစိတ်စုတွင်သာ ပါသောကြောင့် ဤ၌ ပကိဏ်က စေတသိက် ၆-ခု ယှဉ်နိုင်လေသည်။

မောစတုက် ၄-ခုသည် အကုသိုလ်စိတ်ဟူသမျှတို့၌ ယှဉ်သောကြောင့် အကုသိုလ်ဖြစ်သော ဤလောဘမူ ပထမစိတ်၌လည်း ယှဉ်နိုင်လေသည်။

လောဘသည် လောဘမူစိတ်၌ ယှဉ်နိုင်လေသည်။ ဤစိတ်သည် ဒိဋ္ဌိဂတ-သမ္ပယုတ်စိတ်ဖြစ်၍ ဒိဋ္ဌိစေတသိက် ယှဉ်လေသည်။ ဤနည်းဖြင့် သင်္ဂဟ နည်း၏ စိတ်တိုင်းစိတ်တိုင်းတို့၌ အောက်ကပြဆိုခဲ့ပြီးသော သမ္ပယောဂနည်းနှင့် နှိုင်းယှဉ်၍ စိစစ်ဘွယ်များကို သိလေ။

**(၈၀) ဒု-အ,၌မူ၊ လော,မာန်ကူ၊ ပေါင်းမူ-ဒသ်နော,ပြု။**

ဤကဗျာဖြင့် လောဘမူ ဒုတိယအသင်္ခါရိက၌ အညသမာန် ၁၃၊ မောစတုက် ၄-ခု၊ ပေါင်း ၁၇-တွင် လောဘနှင့် မာနကိုထည့်၍ ပေါင်း စေတသိက် ၁၉ ယှဉ်ကြောင်းကို ပြဆို၏။ ဤဒုတိယစိတ်မှာ ဒိဋ္ဌိဂတဝိပ္ပယုတ်ဖြစ်၍ မာနကို ထည့်ရလေသည်၊ ဒိဋ္ဌိမူကား မယှဉ်ချေ။

**· (၈၁) ယင်း-ဆဲ့ကိုး-နှစ်၊ ပီတိ-ပစ်၊ ဆဲ့ရှစ်-တစ,အ။**

ဤကဗျာဖြင့် ဆိုပြီးသော ပထမစိတ်ယှဉ်-၁၉၊ ဒုတိယစိတ်ယှဉ်-၁၉၊ ဤ ၁၉-နှစ်လီတို့တွင် ပထမ ၁၉-တွင် ပီတိကြဉ်၊ ကျန် ၁၈-ပါးသော စေတသိက်

တို့သည် တတိယအသင်္ခါရိကစိတ်၌ ယှဉ်ကုန်၏။ ဒုတိယ ၁၉-တွင် ပီတိကြဉ်၊ ကျန် ၁၈-ပါးသော စေတသိက်တို့သည် စတုတ္ထအသင်္ခါရိကစိတ်၌ ယှဉ်ကုန်၏ဟု ပြဆို၏။ တတိယစိတ် စတုတ္ထစိတ်တို့သည် ဥပေက္ခာသဟဂုတ်ဖြစ်ကြ၍ ၎င်းတို့၌ ပီတိယှဉ်ခွင့် မရှိလေသည်။ တတိယစိတ်တွင် ဒိဋ္ဌိယှဉ်၍ စတုတ္ထစိတ်တွင် မာနယှဉ်ပုံကိုလည်း သိ။

(၇၂) ယင်းလေးရပ်တွင်၊ ထိ,မိဒ်,ဝင်၊ သသင်လေးခုရ။

(၇၃) ဆဲ့ကိုးဆဲ့ရှစ်၊ ဝီကော်,ဝီသေ၊ နှစ်စီ-ဝေ၊ လေးထွေသင်္ဂဟ။

ဤကဗျာဖြင့် လောဘမူသသင်္ခါရိကလေးခုတို့၏ သင်္ဂဟနည်းကို ပြဆို၏။ ဆိုပြီး အသင်္ခါရိကစိတ်လေးခုယှဉ်သော သင်္ဂဟလေးပုံတို့တွင် အသီးအသီး ထိနနှင့် မိဒ္ဓကို ထည့်လျှင် သသင်္ခါရိကသင်္ဂဟ လေးနည်းရ၏။ ပထမ သသင်္ခါရိက၌-၂၁၊ ဒုတိယသသင်္ခါရိက၌လည်း-၂၁၊ တတိယ သသင်္ခါရိက၌-၂၀၊ စတုတ္ထ သသင်္ခါရိကလည်း-၂၀ ဖြစ်၏။ "ထိ,မိဒ်,သသင်၊ ငါးမှာယှဉ်၊ ဝိစင်-ဝိစိဖြစ်"။ ဆိုသောကြောင့် ဤသသင်္ခါရိကစိတ်၌ ထိန,မိဒ္ဓယှဉ်လေထည်း။

သချာတူချင်း ပေါင်း၍ လောဘမူစိတ်၌ သင်္ဂဟနည်း လေးခုရ၏။ ဆဲ့ကိုး နှစ်လီ ဆဲ့ရှစ်နှစ်လီ နှစ်ဆဲ့တစ်နှစ်လီ နှစ်ဆယ်နှစ်လီ။ ။လောဘမူစိတ် သင်္ဂဟနည်း ပြီး၏။

## ဒေါသမူစိတ်၌ သင်္ဂဟနည်း ၂-ပါး

(၇၄) ဝိ-ပစ်-အညံ၊ ဆဲ့နှစ်-ခံ၊ လေးတန်-မောစတု။

(၇၅) ဒေါစတုက်-ကျု၊ ဒေါသမူ၊ ပေါင်းယူ နှစ်ဆယ်ရှု။

ဤကဗျာဖြင့် ဒေါသမူ အသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်-၁၂၊ မောစတုက်-၄၊ ဒေါစတုက်-၄၊ ပေါင်း စေတသိက်-၂၀ ယှဉ်ကြောင်းကို ပြဆို၏။

(၇၆) ယင်းနှစ်ဆယ်တွင်၊ ထိ,မိဒ်,ဝင်၊ သသင်-ဒွေ,ဒွေပြု။

ဤကဗျာဖြင့် ဒေါသမူသသင်္ခါရိကစိတ်၌ ဆိုပြီးနှစ်ဆယ်တွင် ထိနနှင့် မိဒ္ဓကို ထည့်၍ ၂၂-ပါးယှဉ်ကြောင်းကို ပြဆို၏။ ။ဒေါသမူစိတ် သင်္ဂဟနည်း ၂-ပါး ပြီး၏။

## မောဟမူစိတ်၌ သင်္ဂဟနည်း ၁-ပါး

(၇၇) ဝိ,အဓိ,ဆန်၊ ကြဉ်တုံပြန်၊ အညံတဆယ်ထား။

(၇၈) မောစတုမှာ၊ ဝိကိစ္ဆာ၊ ဝိ,မှာတဆဲ့ငါး။

ဤကဗျာဖြင့် ပီတိ,ဆန္ဒ,အဓိမောက္ခ ကြဉ်သော အညသမာန် စေတသိက် ၁၀၊ မောစတုက်-၄၊ ဝိစိကိစ္ဆာ-၁၊ ဤ ၁၅-ပါးသော စိတ်တို့နှင့်သာ ဝိစိကိစ္ဆာ-

သမ္ပယုတ်စိတ် ယှဉ်၏ဟု ပြဆို၏။ ပီတိသည် ဥပေက္ခာဖြစ်၍ မယှဉ်သောအားဖြင့် သမ္ပယောဂနည်းနှင့် စပ်ဘက်၍ သိလေ။

(ဂ၉) ပီ,ဆန်,-ပယ်ပစ်၊ အဉ်-ဆဲ့တစ်၊ ထည့်လစ် မောစတု။

(၉၀) ဥဒ္ဒစ္စမှာ၊ ရတုံပါ၊ သချာဆဲ့ငါးခု။

ဤကဗျာဖြင့် ဥဒ္ဒစ္စသမ္ပယုတ်စိတ်၌ ပီတိ, ဆန္ဒကြဉ်သော အညသမာန်-၁၁၊ မောစတုက်-၄၊ ပေါင်း စေတသိက် ၁၅-ပါးယှဉ်၏ဟု ပြဆို၏။ ။မောဟမူဒွေ၌ သင်္ဂဟနည်းပြီး၏။

အကုသိုလ်စိတ် ၁၂-ခုလုံးတို့၌ စေတသိက်ပေါင်း ၂၇-ယှဉ်၏။

အကုသိုလ်စိတ်၌ သင်္ဂဟ ၇-နည်း ပြီး၏။

---

## အဟိတ်စိတ်၌ သင်္ဂဟနည်း ၄-ပါး

(၉၁) သဗ္ဗစိတ္တ၊ ခုနစ်ရ၊ ပဉ္စ-ဝိညာဏ်မှာ။

ဤကဗျာဖြင့် ဒွေပဉ္စဝိညာဏ်စိတ် ၁၀-တို့၌ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးသာ ယှဉ်၏ဟု ပြဆို၏။ ဒွေပဉ္စဝိညာဏ် ၁၀-သည် အလွန်အားနည်း၍ သေးသိမ်သောတရား ဖြစ်၏။ ထိုကြောင့် စေတသိက်ယှဉ် အနည်းဆုံးအတန်းသို့ ရောက်ရလေ၏။ ထိုကြောင့်ပင် ဈာနင်, ဗိုလ်,မဂ္ဂင်ကိစ္စစသည် မတပ်လေသည်။

(၉၂) ပီ,ဆန်,ငယ်ပစ်၊ တဆဲ့တစ်၊ ဖြစ်တုံ-သောတီမှာ။

ဤကဗျာဖြင့် သောမနဿသန္တီရဏစိတ်၌ ဝီရိယ, ဆန္ဒ ကြဉ်သော အညသမာန်စေတသိက် ၁၁-ယှဉ်၏ဟု ပြဆို၏။

(၉၂) ဝီ,ဆန်,ပယ်ပစ်၊တဆဲ့တစ်၊ ဖြစ်တုံ-မနောဒွါ။

ဤကဗျာဖြင့် မနောဒွါရာဝဇ္ဇန်းစိတ်၌ ပီတိ, ဆန္ဒ ကြဉ်သော အညသမာန် စေတသိက် ၁၁-ယှဉ်ကြောင်းကို ပြဆို၏။ မနောဒွါရာဝဇ္ဇန်းသည် ဥပေက္ခာ သဟဂုတ် ဖြစ်၍ ပီတိနှင့် ယှဉ်နိုင်ခွင့်ကို မရလေ။

(၉၃) ဆန္ဒ-ပယ်ပစ်၊ တဆဲ့နှစ်၊ ဖြစ်တုံဟသိမှာ။

ဤကဗျာဖြင့် ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်စေတသိက် ၁၂-ယှဉ်ကြောင်းကို ပြဆို၏။

(၉၄) ဝိ,ပီ,ဆန်ပယ်၊ ကျန်တဆယ်၊ ငါးသွယ်ကြွင်းဟိတ်မှာ။

(၉၅) ၃နှစ်,ဆဲ့တစ်၊တဆဲ့နှစ်၊နောက်ဖြစ် တဆယ်သာ။

ဤကဗျာဖြင့် ယခင်ဆိုပြီးမှ ကြွင်းသော သမ္ပဋိစ္ဆိုန်းဒွေး၊ ဥပေက္ခာသန္တိရဏ ၂၊ ပဉ္စဒွါရာဝဇ္ဇန်း ၁-ဟုဆိုအပ်သော အဟိတ်စိတ် ၅-ခုတို့၌ ဝီရိယ, ပီတိ, ဆန္ဒ ကြဉ်သော အညသမာန်စေတသိက် ၁၀-ယှဉ်ကြောင်းကို ပြဆို၏။

သချ်ာတူပေါင်း၍ အဟိတ်စိတ်၌ ၇-၁၁-၁၂-၁၀ သင်္ဂဟနည်း ၄-ပါးရှိ၏။

အဟိတ်စိတ်၌ သင်္ဂဟနည်း ၄-ပါး ပြီး၏။

---

## ကာမာဝစရသောဘနစိတ်၌ သင်္ဂဟနည်း ၁၂-ပါး

(၉၅) ဆဲ့သုံးအည၊သောဘန၊ပေါင်းထသုံးဆဲ့ရှစ်။

(၉၆) ပ-ကု-ဒွေးမှာ၊ယှဉ်တုံပါ၊ဒု-မှာ-ဉာဏ်ကိုပစ်။

(၉၇) ပီ-ပစ်-ဉာဏ်ယှဉ်၊တဒွေးတွင်၊စ-တွင်-ဉာဏ်,ပီပစ်။

ဤကဗျာဖြင့် **မဟာကုသိုလ်စိတ်၏ သင်္ဂဟလေးနည်းကို** ပြဆို၏။ မဟာကုသိုလ် ပဌမဒွေး၌ အညသမာန် ၁၃၊ သောဘနစေတသိက် ၂၅။ ပေါင်း ၃၈-ပါးယှဉ်၏။

ဒုတိယဒွေးမှာ ဉာဏ်ကြဉ် ၃၇-ယှဉ်၏။

တတိယဒွေးမှာ ပီတိကြဉ် ၃၇-ပင်ယှဉ်၏။

စတုတ္ထဒွေးမှာ ဉာဏ်,ပီတိ ၂-ပါးလုံးကြဉ် ၃၆-ယှဉ်၏။

ဉာဏဝိပ္ပယုတ် ဖြစ်၍ ဒုတိယဒွေးမှာ ဉာဏ်ကို ကြဉ်ရလေသည်။

ဥပေက္ခာဖြစ်၍ တတိယဒွေးမှာ ပီတိကို ကြဉ်ရလေသည်။ သမ္ပယုတ်ဖြစ်၍ ဉာဏ်မူကား ယှဉ်နိုင်ပြန်၏။

ဥပေက္ခာ,ဝိပ္ပယုတ်ဖြစ်၍ စတုတ္ထဒွေးမှာ ဉာဏ်, ပီတိ နှစ်ပါးလုံးကို ကြဉ်ရလေသည်။

ဤမဟာကုသိုလ်၌ ဝိရတီ,အပ္ပမညာတို့လည်း ယှဉ်ကြကုန်၏။ ယှဉ်ကြကုန်သော်လည်း ဝိရတီနှင့်အပ္ပမညာတို့သည် အာရုံကွဲပြားလျက်ရှိကြသောကြောင့် ဝိရတီယှဉ်ခိုက် အပ္ပမညာမယှဉ်။အပ္ပမညာယှဉ်ခိုက် ဝိရတီမယှဉ် ဟူ၍မှတ်။

အပ္ပမညာနှစ်ပါးတွင်လည်း တပါးယှဉ်ခိုက် တပါးမယှဉ်။ ဝိရတီသုံးပါးတွင်လည်း တပါးယှဉ်ခိုက် တပါးမယှဉ်ဟူ၍ပင် သိရာ၏။

၎င်းဝိရတီနှင့် အပ္ပမညာတို့သည် နာနာ, ကဒါစိတရားမျိုးဖြစ်ကြ၍ မဟာကုသိုလ်ဖြစ်တိုင်း ပါဝင်ယှဉ်ဘက်နိုင်ကြသည် မဟုတ်ကုန်။

### (၉၀) သုံးဆဲ့ရှစ်တွင်၊ ဝိရတီကြဉ်၊ ကြွ-တွင်ကုနည်းသွား။

ဤကဗျာဖြင့် **မဟာကြိယာစိတ် ၈-ခု၏ သင်္ဂဟနည်း** လေးပါးကို ပြဆို၏။

မဟာကုသိုလ် ပထမဒွေး၌ ယှဉ်သောစေတသိက် ၃၈-ပါးတို့တွင် ဝိရတီ သုံးပါးကြဉ်၍ ကျန် ၃၅-ပါးသော စေတသိက်တို့သည် မဟာကြိယာ ပထမဒွေး၌ ယှဉ်ကုန်၏။ ၎င်း ၃၅-ကို မူတည်၍ ဒုတိယဒွေး၌ ဉာဏ်ကြဉ် ၃၄၊ တတိယဒွေး၌ ပီတိကြဉ် ၃၄၊ စတုတ္ထဒွေး၌ ဉာဏ်,ပီတိ နှစ်ပါးကြဉ် ၃၃-ပါး အသီးအသီး ယှဉ်ကြ၏။

မဟာကြိယာစိတ်၌ ဝိရတီ မယှဉ်ကြောင်းကား—

ဝိရတီတို့သည် သီလမဲ့ခြင်းတည်းဟူသော ဒုဿီလအမှုကို ပယ်ခြင်းကိစ္စ ရှိကုန်၏။ မဟာကြိယာစိတ်တို့မှာမူကား ရဟန္တာတို့ သန္တာန်မှာသာ ဖြစ်ရ၏။ အဗျာကတဆိုရသော မဟာကြိယာစိတ်တို့မှာမူကား သီလမဲ့ခြင်းတည်းဟူသော ဒုဿီလမှုကို ပယ်ခြင်းကိစ္စ မရှိပြီ။ ထိုကြောင့် မဟာကြိယာစိတ်တို့၌ ဝိရတီ သုံးပါး မယှဉ်နိုင်လေ။

### (၉၁) သုံးဆဲ့ငါးတွင်၊ မညာကြဉ်၊ ဝိတွင်-ကြိနည်းသွား။

ဤကဗျာဖြင့် **မဟာဝိပါက်စိတ် ၈-ခု၏ သင်္ဂဟလေးနည်း**ကို ပြဆို၏။

မဟာကြိယာ ပထမဒွေး၌ ယှဉ်သော စေတသိက် ၃၅-ပါးတို့တွင် အပ္ပမညာ ဒွေးကြဉ်၍ ကျန် ၃၃-ပါးသော စေတသိက်တို့သည် မဟာဝိပါက် ပထမဒွေး၌ ယှဉ်ကုန်၏။ ၎င်း ၃၃-ကိုမူတည်၍ ဒုတိယဒွေး၌ ဉာဏ်ကြဉ် ၃၂၊ တတိယဒွေး၌ ပီတိကြဉ် ၃၂၊စတုတ္ထဒွေး၌ ဉာဏ်,ပီတိနှစ်ပါးကြဉ် ၃၁-ပါး အသီးသီးယှဉ်ကြ၏။

မဟာဝိပါက်စိတ်၌ ဝိရတီမယှဉ်ကြောင်းကို အထူးဆိုဘွယ် မရှိပြီ။

အပ္ပမညာဒွေး မယှဉ်ကြောင်းကား အပ္ပမညာတို့သည် သတ္တဝါပညတ်ကိုသာ အမြဲ အာရုံပြုကုန်၏။ မဟာဝိပါက်တို့သည်မူကား ပရမတ္ထဓမ္မ ကာမကိုသာ အမြဲ အာရုံပြုကုန်၏။ ထိုသို့ အာရုံချင်း ဆန့်ကျင်လျက် ရှိသောကြောင့် အပ္ပမညာနှင့် မဟာဝိပါက် စပ်ဖက်၍ မရဘဲ ရှိလေသည်။

လျဉ်းပါးဘွယ်ကို အမြွက်မျှ ဆိုဦးအံ့—မဟာကုသိုလ်သည် သတ္တဝါပညတ်စသော အာရုံများကိုလည်း အာရုံပြုသည် မဟုတ်ပါလော မဟာဝိပါက်သည်

လည်း ထိုမဟာကုသိုလ်၏ အကျိုးဖြစ်သည် မဟုတ်ပါလော၊ မဟာကုသိုလ်နှင့် မဟာဝိပါက် အာရုံတူသင့်သည် မဟုတ်ပါလော။ ဤကား လျှဉ်းပါးပုံတည်း။ ထိုသို့ လျှဉ်းပါးသောအတိုင်း မဟုတ်နိုင်။

ထင်စွာပြဆိုအံ့—ပညတ်အာရုံတို့မည်သည် ထင်ရှားရှိသော အာရုံမျိုးမဟုတ်ကြကုန်။ မဟဂ္ဂုတ်အာရုံ, လောကုတ္တရာ အာရုံတို့သည်မူကား အလွန်နူးညံ့သိမ်မွေ့သော အာရုံတရားမျိုး ဖြစ်ကြကုန်၏။ အနည်းနည်းကြံစည်၍သော်၎င်း, ထိုးထွင်း၍သော်၎င်း အာရုံကို ယူစွမ်းနိုင်ကုန်သော မဟာကုသိုလ်စသော စိတ်တို့သည်သာလျှင် ထိုပညတ်အာရုံ, မဟဂ္ဂုတ်အာရုံ, လောကုတ္တရာ အာရုံတို့ကို အာရုံပြုနိုင်ကြကုန်၏။ အလွန်အားနည်းလှ၍ အာရုံကို ထွေထွေလာလာ ကြံစည်၍ ယူခြင်းငှါ မစွမ်းနိုင်သော မဟာဝိပါက် စိတ်တို့သည်မူကား ထိုပညတ်အာရုံ, မဟဂ္ဂုတ်အာရုံ, လောကုတ္တရာအာရုံများကို အာရုံမပြုနိုင်ကုန်။

မဟဂ္ဂုတ်ဝိပါက်တို့သည် အားနည်း၍ ထွေထွေလာလာ အာရုံကို ကြံစည်ကာ ယူမှုမှ ကင်းကြကုန်သော်လည်း အပ္ပနာသို့ ဆိုက်ရောက်သော ကုသိုလ်ထူးကံထူး၏ အစွမ်းကြောင့် ဖြစ်ရလေကုန်သဖြင့် ဘဝနာတန်ခိုးသည် ဘန်ဆင်းအပ်ကုန်သော ကုသိုလ်နိမိတ်စသော ပညတ်အာရုံထူးတို့ကိုပင်မူလည်း အာရုံပြုနိုင်ကြပေကုန်သည်။

ကာမာဝစရသောဘနစိတ်၌ သင်္ဂဟနည်း ၁၂-ပါး ပြီး၏။

---

မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း၅-ပါး

(၁၀၁) မဟဂ္ဂုတ်တွင်၊ ဝိရတီကြဉ်၊ ပဉ္စမှာ မညာပစ်။
(၁၀၂) သုံးဆဲ့ငါးတန်၊ ငါးဆင့်ဖန်၊ ရျာန်အင်္ဂါနည်းသွား။

ဤကဗျာဖြင့် မဟဂ္ဂုတ်စိတ် ၂၇-ပါးတို့၏ သင်္ဂဟနည်းငါးပါးကို ပြဆို၏။

အညသမာန် ၁၃၊ ဝိရတီကြဉ်သော သောဘနစေတသိက် ၂၂၊ပေါင်း ၃၅-ပါးသော စေတသိက်တို့သည် မဟဂ္ဂုတ် ပဌမဈာန်စိတ် ၃-ခုမှာ ယှဉ်၏။ ၎င်း ၃၅-ခုကို မူတည်၍ ဒုတိယဈာန် ၃-ခု၌ ဝိတက်ကြဉ် ၃၄၊ တတိယဈာန် ၃-ခု၌ ဝိတက်, ဝိစာရကြဉ် ၃၃၊ စတုတ္ထဈာန် ၃-ခု၌ ဝိတက်, ဝိစာရ, ပီတိကြဉ် ၃၂၊ ပဉ္စမဈာန် ၁၅-ခု၌ ဝိတက်, ဝိစာရ, ပီတိ, အပ္ပမညာဒွေး ကြဉ်-၃၀၊ အသီးသီး ယှဉ်ကြ၏။

မဟဂ္ဂုတ်စိတ်တို့၌ ဝိရတီ မယှဉ်ကြောင်းကား ဝိရတီတို့သည် ကာယကံ, ဝစီကံ တို့ကို သုတ်သင်ခြင်းကိစ္စ ရှိကုန်၏။ မဟဂ္ဂုတ်တို့သည်ကား စင်ကြယ်ပြီးသော ကာယကံ, ဝစီကံ ရှိသော ပုဂ္ဂိုလ်တို့၏ စိတ်ကို သုတ်သင်ခြင်းကိစ္စ

ရှိကုန်၏။ ထို့ပြင် ဝိရတီတို့သည် ဝိရမိတဗ္ဗဝတ္ထုကိုင်၊ နိဗ္ဗာန်ကိုင်း အာရုံပြု၍ ဖြစ်ကုန်၏။ မဟဂ္ဂုတ်စျာန်တို့သည်ကား ပညတ်ကိုသော်ငြင်း မဟဂ္ဂုတ်ကိုသော်ငြင်း အာရုံပြု၍ ဖြစ်ကုန်၏။ ဤသို့ ကိစ္စ, အာရုံ ဆန့်ကျင်လျက်ရှိသောကြောင့် မဟဂ္ဂုတ်နှင့် ဝိရတီတို့သည် ယှဉ်ဖက်တွဲစပ်၍ မရဘဲ ရှိလေသည်။

မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း ၅-ပါး ပြီး၏။

## လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ၅-ပါး

(၁၀၄) ဒွေပမညာ၊ကြဉ်တုံပါ၊သင်္ချာ သုံးဆဲ့ခြောက်။
(၁၀၅) လောကုတ်စျာန်တွင်၊ပွါးနည်းယှဉ်၊အစဉ်ငါးဆင့်ပြောက်။

ဤကဗျာဖြင့် လောကုတ္တရာစိတ် ၄၀-တို့၏ သင်္ဂဟနည်း ငါးပါးကို ပြဆို၏။

လောကုတ္တရာ ပထမစျာန်စိတ် ၈-ခု၌ အညသမာန်-၁၃၊ အပ္ပမညာဒွေးကြဉ်သော သောဘန စေတသိက် ၂၃၊ ပေါင်းစေတသိက် ၃၆-ပါးယှဉ်၏။ ၎င်း ၃၆-ကို မူတည်၍ ဒုတိယစျာန် ၈-ခု၌ ဝိတက်ကြဉ်-၃၅၊ တတိယစျာန် ၈-ခု၌ ဝိတက်, ဝိစာရကြဉ်-၃၄၊ စတုတ္ထစျာန် ၈-ခု၊ ပဉ္စမစျာန် ၈-ခုတို့၌ ဝိတက်, ဝိစာရ, ပီတိကြဉ်-၃၃၊ အသီးအသီး ယှဉ်ကြ၏။

လောကုတ္တရာစိတ်တို့၌ အပ္ပမညာဒွေး မယှဉ်ကြောင်းကား အပ္ပမညာတို့သည် သတ္တဝါ ပညတ်ကို အာရုံပြုကုန်၍ စိတ်ကို စင်ကြယ်စေခြင်း ကိစ္စရှိ၏။ လောကုတ္တရာ စိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြု၍ ပညာကို စင်ကြယ်စေခြင်းကိစ္စရှိကုန်၏။ ထိုသို့ အာရုံ, ကိစ္စ ဆန့်ကျင်ဘက်ဖြစ်ကြ၍ အပ္ပမညာနှင့် လောကုတ္တရာတို့သည် ယှဉ်ဘက်ခြင်းငှါ မတတ်နိုင်ကြကုန်။ ။လောကုတ္တရာစိတ်၌ သင်္ဂဟ ၅-နည်းပြီး၏။

ဤတွင် သင်္ဂဟနည်း ၃၃-ပါး ပြီး၏။

## နိယတ, အနိယတယောဂီ စေတသိက်များ

(၁၀၇) မာ,ဣသ်,မစ်,ကု၊ထိမိဒ်ခု၊သုံးခု-ဝိရတိ။
(၁၀၈) နှစ်ပ-မညာ၊ဆဲ့တဖြာ၊ရံခါ-ယှဉ်ကြဘိ။
(၁၀၉) အာရုံ မတူ၊ကွဲကြယူ၊ အတူ မဖြစ်သိ။

ဤကဗျာဖြင့် မာန,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, ထိန,မိဒ္ဓ, ဝိရတီသုံးပါး, အပ္ပမညာဒွေးဟု ဆိုအပ်သော အနိယတယောဂီ စေတသိက် ၁၁-ပါးတို့ကိုပြဆို၏။

**အနိယတယောဂီ။**　။“အနိယတာ ဟုတွာ ယုဇ္ဇန္တီတိ အနိယတယောဂိနော”။ အနိယတာ၊ မမြဲကြကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ယုဇ္ဇန္တိ၊ ယှဉ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အနိယတ ယောဂိနော၊အနိယတယောဂီ မည်ကုန်၏။

**နာနာနှင့်ကဒါစိ။**　။အနိယတယောဂီ ၁၁-ပါးတို့တွင် ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ, အပ္ပမညာ၊ ဤ ၅-ပါးတို့သည် အသီးအသီး တခြားစီ တခြားစီ ဖြစ်လေ့ရှိကြသောကြောင့် ‘နာနာ’ မည်ကုန်၏။ ဖြစ်ကုန်လျှင်လည်း အမြဲမဖြစ်။ ရံခါ ရံဘန်သာ ဖြစ်သောကြောင့် ‘ကဒါစိ’ မည်ကုန်၏။

ဝိရတီ ၃-ခုတို့သည် မဟာကုသိုလ်မှာ ယှဉ်ခိုက် နာနာ, ကဒါစိ မည်ကုန်၏။ လောကုတ္တရာမှာယှဉ်ခိုက် သဟ,နိယတ မည်ကုန်၏။

မာန သည် ငါ,ငါဟု ထောင်လွှားတက်ကြွသော အခါ၌သာ ဖြစ်၍ အခြားအခါ၌ မဖြစ်သောကြောင့် ကဒါစိသာ မည်၏။

ထိန,မိဒ္ဓတို့သည် တရံတခါ ငိုက်မျဉ်းသန်းဝေခြင်း နှိပ်စက်သည်၏ အစွမ်းအားဖြင့် အမှု၌ မခံ့သော အခါ၌သာ ဖြစ်၍ အခြားအခါ၌ သသင်္ခါရိကစိတ်ပင် ဖြစ်သော်လည်း မိမိဖြစ်ခွင့်မရသောကြောင့် ကဒါစိ မည်၏။ အကယ်၍ ဖြစ်ခဲ့လျှင် ထိန,မိဒ္ဓနှစ်ပါးလုံး တပေါင်းတည်း ဖြစ်လေ့ရှိသောကြောင့် နာနာ, မမည်ချေ။ ‘သဟ’သာ မည်ချေ၏။ အသီးအခြားစီ ဖြစ်ကြခြင်းသည် အာရုံ မတူခြင်းကြောင့် ဖြစ်ရချေ၏။

### (၁၁၀) သံ,သင်ကိုသိ၊ အကျယ်ချို၊ ပျားဘိစေသီးသီး။

ဤကဗျာဖြင့် ပြဆိုခဲ့ပြီးသော သမ္ပယောဂနည်း, သင်္ဂဟနည်းကို တတ်သိလိမ်မာ ကောင်းစွာကြေပြွန်လျှင် ထိုက်သင့်သည်အားလျော်စွာ စေတသိက်တို့ကို ဝေဘန်ပါမူ များစွာပင် ကျယ်ဝန်းပွါးများကြောင်းကိုပြဆို၏။

ဝေဘန်ပုံမှာ ဖဿ သည် စိတ်တခုယုတ်ကိုးဆယ်–အကျယ် ၁၂၁-ပါးတို့နှင့် ဆက်ဆံလျက်ရှိသောကြောင့် ဖဿပေါင်း ၈၉-သို့မဟုတ် ၁၂၁-ပါးဟူ၍ ဝေဘန်ရာ၏။ ထိုအတူ ဝိတက်ပေါင်း ၅၅၊ ဝိစာရပေါင်း ၆၆၊ ပီတိပေါင်း ၅၁ စသည်ဖြင့် ဝေဘန်ရာ၏။

စေတသိက်ပိုင်း ဋီကာ ပြီး၏။

# ၃-ပဋ္ဌာန်းပိုင်း ဋီကာ

## (က) ဟေတုသင်္ဂဟ

### (၁၁၁) လော,ဒေါ,မော,သုံး၊အနှင့်သုံး၊ခေါ်ထုံး ဟိတ်ခြောက်ပါး။

ဤကဗျာဖြင့် လောဘ,ဒေါသ,မောဟ၊ အလောဘ, အဒေါသ, အမောဟ ဟူ၍ ဟိတ် ၆-ပါးရှိသည်ကို ပြဆို၏။

**ဟိတ်ပည်ပုံနှင့်အပြား။** ။"ဟိနောတိ ဖလံ ပဝတ္တေတီတိ ဟေတု"။ ဖလံ၊ အကျိုးတရားကို။ ဟိနောတိ ပဝတ္တေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဟေတု၊ ဟေတုမည်၏။ ဟိတ်၏သဘောလက္ခဏာကား လိုချင်မက်မောမှု, အမျက်ထွက်မှု, မသိမမြင်မှု, အသောဘနဟိတ် ၃-ပါး။ ။မလိုချင်မှု, အမျက်မထွက်မှု, သိမြင်မှု, သောဘနဟိတ် ၃-ပါး။

တနည်းကား— အကုသိုလ်၌ယှဉ်သော အကုသိုလ်ဟိတ် ၃-ပါး၊ ကုသိုလ်၌ယှဉ်သော ကုသိုလ် ဟိတ် ၃-ပါး၊ ဝိပါက်ကြိယာဟု ဆိုအပ်သော အဗျာကတ၌ယှဉ်သော အဗျာကတဟိတ် ၃-ပါး။ ပေါင်းဟိတ် ၉-ပါးရှိ၏။

ဇာတ်အားဖြင့် အကုသိုလ်ဟိတ် ၃-ပါး၊ ကုသိုလ်ဟိတ် ၃-ပါး၊ ဝိပါက်ဟိတ် ၃-ပါး၊ ကြိယာဟိတ် ၃-ပါး၊ ပေါင်းဟိတ် ၁၂-ပါးရှိ၏။

ဘုံအားဖြင့် ကာမဟိတ် ၆-ပါး၊ ရူပဟိတ် ၃-ပါး၊ အရူပဟိတ် ၃-ပါး၊ လောကုတ္တရာဟိတ် ၃-ပါး၊ ပေါင်း ၁၅-ပါးရှိ၏။

ပုဂ္ဂိုလ်အားဖြင့် ပုထုဇ္ဇန်ဟိတ် ၆-ပါး၊ သောတာပန်ဟိတ် ၆-ပါး၊ သကဒါဂါမ်ဟိတ် ၆-ပါး၊ အနာဂါမ်ဟိတ် ၅-ပါး၊ ရဟန္တာဟိတ် ၃-ပါး၊ ပေါင်း ၂၆-ပါးရှိ၏။ ဤသို့စသည်ဖြင့် များ၏။

### (၁၁၂) ရေဓသောက်မြစ်နှယ်၊ကျေးဌူးကြွယ်၊ကြီးကျယ်ကြောင်းရင်းများ။

ဤကဗျာဖြင့် ဟိတ်တို့၏ကိစ္စကို ပြဆို၏။

သစ်ပင်ရေသောက်မြစ်ကြီးတို့သည် မိမိတို့မူကား မြေတွင်း ရေတွင်း၌ ဝင်အောင်းလျှိုးပုန်းကြကုန်လျက် အလိုရှိတိုင်း ကြီးပွါးကြကုန်ပြီးလျှင် မြေ၏သြဇရသ ရေ၏သြဇရသ ဟု ဆိုအပ်သော ဓာတ်ဆီ ဓာတ်စေးတို့ကို အတွင်းစုတ်ယူလျက် အရင်းမှ အညွန့်အဖျားတိုင်အောင် ဓာတ်ဆီ ဓာတ်စေးတို့ကို ဖရဏဓာတ်လေဖြင့် တင်ဆောင် ပြန့်နှံ့စေကုန်၏။ လေပြင်းမုန်တိုင်းကြီးပင်လာသော်လည်း သစ်ပင်ကြီးကို တိမ်းလဲ၍ မသွားရအောင် ဆွဲငင်နှောင်ဖွဲ့၍

ထားကုန်၏။ ယမားရေစီးကြီး လာသော်လည်း မျှောပါ၍ မသွားရလေအောင် အတင်းဆဲ့ငင်၍ ထားပေကုန်၏။ ထိုသို့ပြုလုပ်သော အမြစ်၏ကျေးဇူးကြောင့် သစ်ပင်ကြီးသည် သူ၏ အလိုရှိတိုင်း အေးအေးသာသာ ကြီးပွါးချင်တိုင်း ကြီးပွါးခွင့် ရပြီးလျှင် ရှင်ရှင်လန်းလန်း ချမ်းချမ်းသာသာတည်တံ့ရလေ၏သို့ ထို့အတူ ဟိတ်တရားတို့သည် သမ္ပယုတ်တရားတို့၏ အမြစ်မူလကိစ္စကို ဆောင်ရွက်ပေကုန်၏၊ သမ္ပယုတ်တရားတို့ကို အာရုံတည်းဟူသော မြေကြီး၌ တွယ်မိအောင် အမြစ်ကုတ်၍ ထားကုန်၏။ အာရုံတည်းဟူသော မြေကောင်း၌ ပေါက်ပွါးကြသော သမ္ပယုတ်တရားတို့ကိုလည်း ကြီးပွါးချင်တိုင်း ကြီးပွါးရအောင် ပြုလုပ်ပေကုန်၏။ ထိုကြောင့် ဟိတ်ရှိသော သဟိတ်စိတ်တို့သည် အာရုံ၌ ခိုင်ခိုင်မြဲမြဲ တည်တည်တံ့တံ့ ရှိကြကုန်၏၊ ဟိတ်မဲ့သော အဟိတ်စိတ်တို့သည်မူကား ရေပေါ်၌ မှော်ပင်များကဲ့သို့ အာရုံ၌ မြဲမြံစွာမရှိကြကုန်။

တနည်း အဓိပ္ပါယ်အားဖြင့် ရေသောက်မြစ်ကြီးများကြောင့် သစ်ပင်ကြီးတို့သည် အမျိုးမျိုးသောကြီးပွါးခြင်းတို့ဖြင့် ကြီးပွါးကြရကုန်သကဲ့သို့ သံသရာတည်းဟူသော သစ်ပင်ကြီးသည်လည်း အနည်းနည်းသော ကြီးပွါးခြင်းဖြင့် ကြီးပွါး၍ နေ၏။ အပါယ်ဒုဂ္ဂတိသံသရာကြီးသည် လောဘ, ဒေါသ, မောဟ တည်းဟူသော ရေသောက်မြစ်ကြီး သုံးခုကြောင့် ကြီးပွါး၍နေ၏။ လူ့ဘုံ, နတ်ဘုံ,ဗြဟ္မာ့ဘုံတည်းဟူသော သုဂတိသံသရာကြီးသည် အလောဘ, အဒေါသ, အမောဟတည်းဟူသော ရေသောက်မြစ်ကြီး သုံးခုကြောင့် ကြီးပွါး၍နေ၏၊ ဤသို့သော အဓိပ္ပါယ်ကိုလည်း သိသင့်သေး၏။

**မောဟဟိတ်။** ။ဟိတ် ခြောက်ပါးတို့တွင် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ မူလ ရောတယ်ဖြစ်၍ အဝိဇ္ဇာမည်သော မောဟဟိတ်သည် မူလတကာတို့၏မူလ အမြစ်တကာတို့၏အမြစ်ဖြစ်၏။ ထင်ရှားစေအံ့—ဤလောက၌ အမိုက်မှောင်မည်သည် တစုံတရာသော အကြောင်းဖြင့် ပြုလုပ်စီမံရသည် မဟုတ်၊ စင်စစ်မူကား အကြင်အရပ်၌ အရောင်အလင်းမရှိ၊ ထိုအရပ်၌ မိမိဘာသာ ဓမ္မတာသိဒ္ဓိအားဖြင့် အလိုလို အမိုက်မှောင် ဖြစ်လေသကဲ့သို့ ထို့အတူ တရားအပေါင်းတို့တွင် မသိမမြင် မထင်မလင်း တွေဝေခြင်းတည်းဟူသော "မုယှနကြိယာ" မဟာမှောင်တိုက်ကြီးသည်လည်း တစုံတရာ အခြားသော အကြောင်းဖြင့် စီမံ၍ ဖြစ်ပေါ်လာသည် မဟုတ်၊ မိမိဘာသာ ဓမ္မတာသိဒ္ဓိ အနေအားဖြင့် ဖြစ်၏။ မိမိဘာသာ ဓမ္မတာသိဒ္ဓိအားဖြင့် အကုသိုလ်သဘော ရှိ၏၊ ဘယ်သူနှင့် ယှဉ်၍ အကုသိုလ်ဖြစ်ရသည်ဟု မရှိ။

မုယှနကြိယာကို ကောင်းစွာ သိစေအံ့— သာမညဖြစ်သော "လိုချင်မှုဇ္ဈာ"သည် ရှိ၏၊ ထိုလိုချင်မှုဇ္ဈာသည် တွေဝေခြင်း မုယှနကြိယာနှင့် ယှဉ်သည်

ရှိသော် တိမ်းစောင်းချော်ချွတ်၍ မက်မက်မောမော လိုချင်မှုသို့ ကူးပြောင်းသက်ဝင်ပြီးကာ အကုသိုလ်လောဘကြီး ဖြစ်ရလေ၏။ လိုချင်မှု ဝတ္ထုသည်ပင် မုယနမှောင်နယ်မှ လွတ်၍ သဒ္ဓါစသည်နှင့် ယှဉ်ဘွဲ့မိသောအခါ ကျင့်လိုခြင်း, သိလိုခြင်း, ထွက်မြောက်လိုခြင်းတည်းဟူသော ဓမ္မစ္ဆန္ဒဘက်သို့ ကူးပြောင်းသက်ဝင်ကာ ကုသိုလ်တရားကြီး ဖြစ်လာ၏။

ထိုပြင် မခံချင်ဟု ဆိုအပ်သော "အက္ခန္တိ" သဘောသည် ရှိ၏၊ ထိုအက္ခန္တိ သဘောသည် မုယနကြိယာ မဟာမှောင်တွင်းသို့ ကျရောက်လေလျှင် မည်သူနိုပ်စက်ခြင်းကိုမျှ ငါမခံစသည်ဖြင့် ကြမ်းတမ်းခြင်း, ထိပါးခြင်း, ပဋိဃသဘောဘက်သို့ ကူးပြောင်းသက်ဝင်ပြီးကာ အကုသိုလ်ဒေါသကြီး ဖြစ်၍လာ၏။ ထို မခံချင်မှုဟု ဆိုအပ်သော အကုသိုလ်သဘောသည်ပင်လျှင် သဒ္ဓါစသည်တို့နှင့် ယှဉ်လာမူ "ဥပ္ပန္နံ ကာမဝိတက္ကံ နာဓိဝါသေတိ" စသည်ဖြင့် "ငါ၏သန္တာန်၌ ကာမဝိတက်ဖြစ်လာလျှင် ငါသည် မခံဘဲ နေအံ့၊ ငါ၏သန္တာန်၌ ပါပဓမ္မ ဝင်လာလျှင် အောင့်အည်း၍ သည်းခံခြင်းကို မပြုဘဲ အတင်း ပယ်သတ်အံ့"စသည်ဖြင့် ကောင်းသောသဘော သက်ဝင်ပြီးကာ အလောဘစသော ကုသိုလ်တရားကြီး ဖြစ်၍လာ၏၊ တွေ့ဝေခြင်း "မုယနကြိယာ" မဟာမှောင်တိုက်ကြီးသည်မူကား မည်သည့်တရားနှင့် ယှဉ်၍ အကုသိုလ်ဖြစ်ရရှာလေသည်ဟူ၍ မရှိ၊ ပကတိအကုသိုလ် မှောင်လုံးကြီးပင်တည်း။ အချဉ်ကို လို၍ ချဉ်စေတတ်သော အခြားသော ဝတ္ထုဖြင့် ရောနှောဖွယ် မရှိ၊ ပကတိ ချဉ်သီးအရသာကဲ့သို့ ဖြစ်၏။

**အဗျာကတဟိတ်။** ။ဟိတ်မရှိသော အဟိတ်စိတ်, ရုပ်, နိဗ္ဗာန် တို့သည် ကုသိုလ်သဘော အကုသိုလ်သဘောတို့မှ ကင်းသောကြောင့် အဗျာကတမည်ကုန်၏။ သဟိတ်ဝိပါက်,သဟိတ်ကြိယာတို့၌ ယှဉ်သော ဟိတ်တို့သည်ကား ကုသိုလ်, အကုသိုလ်တို့၌ ယှဉ်သော ဟိတ်တို့ကဲ့သို့ အကျိုးပေးခြင်းကိစ္စ မရှိကြကုန်။ ထို့ကြောင့် ထို ဟိတ်တို့သည် ကုသိုလ်သဘော, အကုသိုလ် သဘောမှ ကင်းကြကုန်၏။ သို့ဖြစ်၍ အဗျာကတ မည်ကုန်၏။ ထိုအဗျာကတဟိတ်တို့နှင့် ယှဉ်သော စိတ်တို့သည်လည်း အဗျာကတ မည်လေကုန်သည်ဟု မှတ်ရာ၏။

ထိုမှတပါးလည်း မောဟသည် ကြွင်းသော ဟိတ် ၅-ပါးတို့၏ အမြစ်ရင်း အကြောင်းရင်းဖြစ်ပြန်သောကြောင့် မူလမူလ,ဟေတုဟေတု မည်၏။ ထိုစကားမှန်၏၊ တပ်မက်ခြင်း, အမျက်ထွက်ခြင်းတို့သည် မိုက်မဲတွေဝေခြင်းဟု ဆိုအပ်သော မောဟ၏အကျိုးဆက် အကိုင်းအခက်တို့သာ ဖြစ်ကုန်၏။ အလောဘစသော ဟိတ်ကောင်းတို့၏ ကုသိုလ်ဖြစ်မှုသည်လည်း အဝိဇ္ဇာနုသယနှင့်တကွ ဖြစ်နေ၏။ ထို လောကီအလောဘ စသည်တို့သည်လည်း သာသဝ, သံကိလေသိကဓမ္မတို့သာတည်း။

လောဘသဟဂုတ်စိတ်၏ ဝိသေသမူကား လောဘဟိတ်ဖြစ်၏။ ထိုလောဘသဟဂုတ်စိတ်၌ ပါရှိသော ဒိဋ္ဌိ, မာန တို့သည် လောဘဟိတ်၏ နိဿန္ဒဖလ အကျိုးဆက် အကိုင်းအခက်တို့သာ ဖြစ်ကုန်၏။

ဒေါသမူစိတ်၏ ဝိသေသမူလကား ဒေါသဟိတ်ဖြစ်၏။ ထိုဒေါသမူစိတ်၌ ပါရှိသော ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ကား ဒေါသဟိတ်၏ အကျိုးဆက် အကိုင်းအခက်တို့ ဖြစ်ကုန်၏။

ကုသိုလ်စိတ်တို့၏ ဝိသေသမူလကား အလောဘ, အဒေါသ, အမောဟတို့ပေတည်း။ ကြည်ညိုမှု, ရှက်ကြောက်ထိတ်လန့်မှုတို့ကား ထိုအလောဘစသည်တို့၏ အကိုင်းအခက်တို့ပေတည်း။

စျာနပစ္စည်းအရာ၌ စျာနပစ္စည်းတည်းဟူသော အကြောင်းကို အားပြု၍ ဖြစ်ကုန်သော ရုပ်တရား, နာမ်တရား နှစ်ပါးတို့တွင် နာမ်တရားတို့၌သာလျှင် စိုက်စိုက်စူးစူး ရှုခြင်းဟု ဆိုအပ်သော စျာနကိစ္စသည် ပျံ့နှံ့လျက် ရှိ၏။ ရုပ်တရားတို့၌ မပျံ့နှံ့။ သို့သော်လည်း စျာနပစ္စည်း၏ အကျိုးဖြစ်ကြပေသောကြောင့် စျာနပစ္စယပ္ပန်၌မူကား ပါဝင်ကြရကုန်၏။ ထိုအတူ ဟိတ်တရားတို့သည်လည်း နာမ်တရားတို့အပေါ်၌သာလျှင် ကုသိုလ်၏အဖြစ် စသောကိစ္စကို ပျံ့နှံ့စေကုန်၏။ ရုပ်တရားတို့အပေါ်၌မူကား မပျံ့နှံ့စေနိုင်ကုန်။ သို့သော်လည်း ဟိတ်ကြောင့်ဖြစ်သော သဟိတ်စိတ္တဇရုပ်တို့သည် ဟိတ်တို့၏ အကျိုးဖြစ်သောကြောင့် ဟေတုပစ္စယပ္ပန်၌ ပါဝင်ကြကုန်၏။

**(၁၁၂) အဟိတ်ဆဲ့ရှစ်၊ ဧဟိတ်-နှစ်၊ ဒွိ-ဖြစ် ဝိသဒ္ဒေး။**
**(၁၁၃) ဟိတ်သုံးပါးယှဉ်၊ တိဟိတ်တွင်၊ သန္နိ၊-ဇော သဇ္ဈေး။**

ဤကဗျာဖြင့် အဟိတ်စိတ်-၁၈၊ ဧကဟိတ်စိတ်-၂၊ ဒွိဟိတ်စိတ် ၂၂၊ တိဟိတ်စိတ် ၄၇-ပါးရှိကြောင်းကို ပြဆို၏။ တိဟိတ်စိတ် အကျယ် ၇၉-ပါးရှိ၏။

ဟိတ်မရှိသောကြောင့် အဟိတ်စိတ် မည်သည်။

"ဧကော ဟေတု ဧတေသန္တိ ဧကဟေတုကာ"။ ဧတေသံ၊ ထိုစိတ်တို့အား။ ဧကော၊ တခုတည်းသော။ ဟေတု၊ ဟိတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဧကဟေတုကာ၊ ဧကဟေတုကမည်ကုန်၏။ ဝါ၊ ဧကဟိတ်မည်ကုန်၏။

"ဒွေ ဟေတူ ဧတေသန္တိ ဒွိဟေတုကာ"။ "တယော ဟေတူ ဧတေသန္တိ တိဟေတုကာ"ဟူ၍ ဝိဂ္ဂဟ်ဆိုလေ။ ဟိတ်နှစ်ပါးရှိသောကြောင့် ဒွိဟိတ်စိတ်၊ ဟိတ်သုံးပါးရှိသောကြောင့် တိဟိတ်စိတ် မည်ကုန်၏ ဟူလိုသည်။

စိတ်နှင့်စေတသိက်တို့သည် မကွေမကွာ ယှဉ်လျက် ရှိနေသောကြောင့် စိတ်မှာ ဟိတ်ရလျှင် စေတသိက်မှာလည်း ဟိတ်ရသင့်၏။ ထိုကြောင့် ကေဟိတ်စေတသိက်, ဒွိဟိတ်စေတသိက် စသည် ရှိသင့်၏။

စိတ်ယှဉ် စေတသိက်ယှဉ်ကို ကျေလည်စွာရှိလျှင် ကြံစည်ရန် မခဲယဉ်းပြီ။ ထိုကြောင့်—

(၁၁၄) စိတ်နှင့်-စေယှဉ်၊ ကျေလည်လျှင်၊ ဟိတ်မြင်မခက်သေး။

ဟူ၍ဆို၏။ စေတသိက်တို့၌ ဟိတ်ယှဉ်ပုံကား—

လောဘ, ဒေါသ, ဝိစိကိစ္ဆာ၊ ဤစေတသိက် ၃-ပါးတို့သည် ယှဉ်ဘော်ယှဉ်ဘက် ဟိတ်တခုစီသာ ရှိသောကြောင့် ကေဟိတ်စေတသိက် မည်ကုန်၏။

အလောဘ, အဒေါသ, အမောဟ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မာန, ဒိဋ္ဌိ, မောဟ၊ ဤစေတသိက် ၉-ပါးတို့သည် အသီးအသီး ယှဉ်ဘော်ယှဉ်ဘက် ဟိတ် ၂-ပါးစီရှိသောကြောင့် ဒွိဟိတ်စေတသိက် မည်ကုန်၏။

ဟိတ်တရားကိုယ် သုံးပါးကြဉ်သော သောဘနစေတသိက်-၂၂၊ အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ၊ ဤ ၂၇-ပါးသော စေတသိက်တို့သည် အသီးအသီး ယှဉ်ဘော်ယှဉ်ဘက် ဟိတ် ၃ ပါးစီရှိသောကြောင့် တိဟိတ်စေတသိက် မည်ကုန်၏။

ပီတိသည် ဒေါသဟိတ်ကြဉ် ကျန်ဟိတ် ၅-ပါးနှင့် ယှဉ်သောကြောင့် ပဉ္စဟိတ်စေတသိက် မည်၏။ ပီတိကြဉ်သော အညသမာန် ၁၂-ပါးတို့သည် ဟိတ် ၆-ပါးလုံးနှင့် ယှဉ်သောကြောင့် ဆဟိတ်စေတသိက် မည်ကုန်၏။ သမ္ပယောဂနည်း, သင်္ဂဟနည်း ကျေလည်လျှင် အဘယ်ကြောင့် ကေဟိတ် စေတသိက် ခေါ်လေသည်ဟု ထင်မြင် သိသာလိမ့်မည်။

ဧဟိတ် သုံးရှိ၊ ဒွိဟိတ် နောမှတ်၊ သတ်ဝီ တိဟေ၊ ဗျည်းဟိတ် ငေ၊ ဆဟေ ဥါ၁ မှတ်။

ဟေတုသင်္ဂဟမည်ကြောင်းကား "ဟေတုဘေဒေန တံ သမ္ပယုတ္တစိတ္တ, စေတသိကာနံ သင်္ဂဟော ဟေတုသင်္ဂဟော"။ ဟေတုဘေဒေန၊ ဟိတ်တို့၏ အပြားအားဖြင့်။ တံ သမ္ပယုတ္တစိတ္တ, စေတသိကာနံ၊ ထိုဟိတ်နှင့်ယှဉ်သော စိတ် စေတသိက်တရားတို့ကို။ သင်္ဂဟော၊ သင်္ဂြိုဟ်စုပေါင်း ရေတွက်ကြောင်း ဖြစ်သော နည်းသည်။ ဟေတုသင်္ဂဟော၊ ဟေတုသင်္ဂဟ မည်၏။

ဟေတုသင်္ဂဟ ပြီး၏။

## (ခ) ကိစ္စသင်္ဂဟ

"ကရဏံ ကိစ္စံ"။ ကရဏံ၊ ပြုခြင်းသည်။ ကိစ္စံ၊ ကိစ္စ မည်၏။ ဤအရာ၌ စိတ်စေတသိက်တို့၏ ပြုလုပ်မှုကို ကိစ္စဆိုသည်။ ထိုကိစ္စသည် အောက်ပါအတိုင်း ၁၄-ပါး ရှိ၏။

| | |
|---|---|
| (၁) ပဋိသန္ဓိ ကိစ္စ | (၈) ဖုသန ကိစ္စ |
| (၂) ဘဝင် ကိစ္စ | (၉) သမ္ပဋိစ္ဆန ကိစ္စ |
| (၃) အာဝဇ္ဇန ကိစ္စ | (၁၀) သန္တီရဏ ကိစ္စ |
| (၄) ဒဿန ကိစ္စ | (၁၁) ဝေါဋ္ဌဗ္ဗန ကိစ္စ |
| (၅) သဝန ကိစ္စ | (၁၂) ဇဝန ကိစ္စ |
| (၆) ဃာယန ကိစ္စ | (၁၃) တဒါရမ္မဏ ကိစ္စ |
| (၇) သာယန ကိစ္စ | (၁၄) စုတိ ကိစ္စ |

**ပဋိသန္ဓိကိစ္စ။** ။ထိုကိစ္စ ၁၄-ပါးတို့တွင် တခုသော ဇနကကံကြောင့် ဘဝတခု ဖြစ်ပေါ် ရ၏။ ထိုကံ၏ အစွမ်းကုန်၍သော်၎င်း, တစုံတခု နှိပ်စက်မှုကြောင့်သော်၎င်း ထိုဖြစ်သောဘဝသည် ချုပ်ဆုံးရ၏။ ထိုသို့ ချုပ်ဆုံးသည်ကို စုတေသည် သေသည်ဟု ဆို၏။ ထိုသို့ ဘဝတခု ချုပ်ဆုံးပြန်လျှင် တခုသော ဇနကကံ၏ အကျိုးပေးရန် အခွင့်လမ်းသည် ပေါ်ပေါက်လာပြန်၏။ ထိုကြောင့် ဖြစ်ဆဲရှိသော ဘဝတခုမှ စုတိ ချုပ်ဆုံးသည်၏ အခြားမဲ့၌ တခဏမျှ ရပ်နားရန် အကြောင်းမရှိဘဲ အကျိုးပေးရန် အခွင့်ရသော ကံသစ်တခု၏ အတွက် ဘဝတခု အသစ်ထူထောင်ကာ ဖြစ်ပေါ်မှုသည် (၁) ပဋိသန္ဓိကိစ္စ မည်၏။ "ပဋိသန္ဒဟနံ ပဋိသန္ဓိ"။ ပဋိသန္ဒဟနံ၊ တဘန် ဘဝ အသစ် အသစ် ဆက်လက်ခြင်းသည်။ ပဋိသန္ဓိ၊ ပဋိသန္ဓေ မည်၏။

**ဘဝင်ကိစ္စ။** ။ထိုသို့ဖြစ်ပြီးသော ဘဝအစဉ်ကို ကံ၏ အစွမ်းသတ္တိ မကုန်မချင်း အပြတ်အလပ်မရှိရအောင် ဝိပါကဝိညာဏ် အစဉ်ဖြင့် ပွါး၍နေမှုသည် ဘဝ၏ အင်္ဂါဖြစ်ပေသောကြောင့် (၂) ဘဝင်ကိစ္စ မည်၏။ "ဘဝဿ အင်္ဂံ ဘဝင်္ဂံ"။ ဘဝဿ၊ ဘဝ၏။ အင်္ဂံ၊ အင်္ဂါတည်း။ ဘဝင်္ဂံ၊ ဘဝ၏ အင်္ဂါ။ တစုံတခုသော အာရုံသစ် မထင်လာ၍ ဝီထိစိတ်မဖြစ်ဘဲရှိနေစဉ် မြစ်ရေ အယဉ်ကဲ့သို့ ဖြစ်ပွါးနေသော စိတ်ကို ဘဝင်စိတ် ခေါ် သည်။ ဤသို့ ဘဝင်အယဉ် အစဉ်မပြတ် ဖြစ်ပွါးနေသည့်အတွက် အသက်ခေါ်သော ဇီဝိတဓာတ်, ဥသ္မာ ခေါ်သော ကမ္မဇ တေဇောဓာတ်တို့သည်လည်း အစဉ်မပြတ် အဆင့်ဆင့် ဓာတ် ငွေ့ပေးကာ ပေးကာ ဖြစ်၍နေကုန်၏။ ထိုသို့ ဖြစ်နေမှုကို အသက်ရှင်နေသည်ဟု ဆိုရ၏။ ဘဝင်ဝိညာဏ်, အာယု, ဥသ္မာ၊ ဤတရား ၃-ပါးတို့သည် ဤကိုယ်ခန္ဓာ

ကို မပျက်မစီးအောင် အမြဲ ကင်းစောင့်၍နေကြကုန်၏။ ထိုတရားတို့သည် မစောင့်မရှောက်ဘဲ ငြင်းပယ်သော အခါ၌မူကား ဤကိုယ်ကောင်ကြီးသည် ထင်းတုံးပမာ သေရရှာလေတော့သည်။ ထိုကြောင့်—

အာယု ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ နိရတ္ထံဝ ကလိင်္ဂရံ။

ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

အနက်ကား—အာယုစ၊ အသက်ခေါ်သော ဇီဝိတဓာတ်သည်၎င်း၊ ဥသ္မာ စ၊ ကမ္မဇတေဇောဓာတ်သည်၎င်း၊ ဝိညာဏံ စ၊ ဘဝင်ဝိညာဏ်သည်၎င်း။ တေ၊ ထိုတရား သုံးပါးတို့သည်။ ယဒါ၊ အကြင် အခါ၌။ ဣမံ ကာယံ၊ ဤကိုယ်ခန္ဓာကို။ ဇဟန္တိ၊ မစောင့်ကြဘဲ ခွါရှဲ စွန့်ပယ်ကြကုန်၏။ တဒါ၊ ထိုအခါ၌။ နိရတ္ထံ၊ အကျိုးမမျှား၊ အလကားဖြစ်သော။ ကလိင်္ဂရံဣဝ၊ ထင်းတုံး တိုင်ဆွေး ကဲ့သို့။ အပဝိဒ္ဓေါ၊ စွန့်ပစ်အပ်သည်ဖြစ်၍။ သေတိ၊ အိပ်ရရှာလေ၏။

**အာဝဇ္ဇနကိစ္စ။** ။ယူမြဲတိုင်းသော အာရုံဟောင်းကို ယူ၍နေသော ဘဝင် အစဉ်မှ ဖဲ၍ အသစ်ဖြစ်သော အာရုံတပါးသို့ စိတ်ကို ရှေးရှူဦးတည်၍ ပေးခြင်းသည် (၃) အာဝဇ္ဇန်းကိစ္စမည်၏။ ဤသို့ဖြစ်သည်ကို ဆင်ခြင်သည်ဟူ၍ ဆိုကြ၏။ "အာဝဇ္ဇတီတိ အာဝဇ္ဇနံ"။ အာဝဇ္ဇတိ၊ ဆင်ခြင်ဘတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာဝဇ္ဇနံ၊ အာဝဇ္ဇနမည်၏။

**ဒဿနကိစ္စ။** ။မြင်ခြင်းသည် (၄) ဒဿနကိစ္စမည်၏။ "ပဿီယတေ ဒဿနံ"။ ပဿီယတေ၊ မြင်ခြင်း။ ဒဿနံ၊ မြင်ခြင်း။

**သဝနကိစ္စ။** ။ကြားနာခြင်းသည် (၅) သဝနကိစ္စမည်၏။ "သူယတေ သဝနံ"။ သူယတေ၊ ကြားနာခြင်း။ သဝနံ၊ ကြားနာခြင်း။

**ဃာယနကိစ္စ။** ။နမ်းခြင်းသည် (၆) ဃာယနကိစ္စမည်၏။ "ဃာယတေ ဃာယနံ"။ ဃာယတေ၊ နမ်းခြင်း။ ဃာယနံ၊ နမ်းခြင်း

**သာယနကိစ္စ။** ။လျက်ခြင်းသည် (၇) သာယနကိစ္စမည်၏။ "သာယတေ သာယနံ"။ သာယတေ၊ လျက်ခြင်း။ သာယနံ၊ လျက်ခြင်း။

**ဖုသနကိစ္စ။** ။တွေ့ထိခြင်းသည် (၈) "ဖုသနကိစ္စမည်၏။ "ဖုသီယတေ ဖုသနံ"။ ဖုသီယတေ၊ တွေ့ထိခြင်း။ ဖုသနံ၊ တွေ့ထိခြင်း။

ဒဿန, သဝန, ဃာယန, သာယန, ဖုသန၊ ဤကိစ္စငါးပါးကို ပဉ္စဝိညာဏ်ကိစ္စ ဟူ၍လည်း ခေါ်ရ၏။

**သမ္ပဋိစ္ဆနကိစ္စ။** ။လက်ခံသိမ်းပိုက်ခြင်းသည် (၉) သမ္ပဋိစ္ဆိုန်းကိစ္စမည်၏။ လက်ခံသိမ်းပိုက်ခြင်းဆိုသည်ကား ပဉ္စဝိညာဏ်တို့သည် ထင်လာ ထိခိုက်လာသော ပဉ္စာရုံကို ယူပြီးလျှင် ချုပ်ဆုံးကြကုန်၏။ ထိုသို့ ပဉ္စ-ဝိညာဏ်တို့ ချုပ်ဆုံးကုန်သည်နောက် ၎င်းပဉ္စဝိညာဏ်တို့၏ အာရုံကို အမွေခံအဖြစ်ဖြင့် ခံယူလိုက်ရ၏။ ပဉ္စဝိညာဏ်တို့၏ အာရုံကို မပျောက်မပျက်ရအောင် သိမ်းပိုက်၍ထားသည်ဟူလို။ "သမ္ပဋိစ္ဆိယတေ သမ္ပဋိစ္ဆနံ"။ သမ္ပဋိစ္ဆိယတေ၊ လက်ခံသိမ်းပိုက်ခြင်း။ သမ္ပဋိစ္ဆနံ၊ လက်ခံသိမ်းပိုက်ခြင်း။

**သန္တီရဏကိစ္စ။** ။စိစစ်ခြင်း, စုံစမ်းခြင်းသည် (၁၀) သန္တီရဏကိစ္စမည်၏။ "သန္တီရိယတေ သန္တီရဏံ"။ သန္တီရိယတေ၊ စုံစမ်းခြင်း။ သန္တီရဏံ၊ စုံစမ်းခြင်း။ အာရုံကိုစုံစမ်းသည်ဟူလို။

**ဝေါဋ္ဌဗ္ဗနကိစ္စ။** ။ပိုင်းခြားမှတ်သားခြင်းသည် (၁၁) ဝေါဋ္ဌဗ္ဗနကိစ္စမည်၏။ ပိုင်းခြားမှတ်သားမှုဆိုသည်ကား ဤအာရုံသည် အညိုတည်း အရွှေတည်း စသည်ဖြင့်၎င်း, တင့်တယ်သောအာရုံတည်း ယုတ်မာသော အာရုံတည်း စသည်ဖြင့်၎င်း ရောရှက်ထွေးရှုပ်ခြင်း မရှိရလေအောင် ပိုင်းခြား၍ မှတ်သားမှုပေတည်း။ ထိုပိုင်းခြား မှတ်သားမှုသည် အနုဗန္ဓက မနောဒွါရ ဝီထိများကဲ့သို့ ပိုင်းခြား မှတ်သားနိုင်သည် မဟုတ်။ သာမည ပိုင်းခြား မှတ်သားသောအနေနှင့် ဖြစ်မှုကို ဆိုလိုသည်။ "ဝဝတ္ထာပိယတေ ဝေါဋ္ဌဗ္ဗနံ"။ ဝဝတ္ထာ-ပိယတေ၊ ပိုင်းခြား မှတ်သားခြင်း။ ဝေါဋ္ဌဗ္ဗနံ၊ ပိုင်းခြား မှတ်သားခြင်း။

**ဇဝနကိစ္စ။** ။အဟုန်အရှိန်နှင့်တကွ ကျရောက်ဖြစ်ပွါးခြင်းသည် (၁၂) ဇဝနကိစ္စမည်၏။ အခြားသောစိတ်တို့သည် ဥပါဒ်ခြင်းသို့ ရောက်၍ ဖြစ်ပေါ်ကြကုန်သော်လည်း အရှိန်အဟုန် မရှိကြကုန်၊ နှစ်ကြိမ်သုံးကြိမ်ထက် ပိုမို၍ မဖြစ်နိုင်ကြကုန်။ ဘဝင်စိတ်တို့သည် အဆင့်ဆင့် အကြိမ် များစွာ ဖြစ်ကြကုန်သော်လည်း အရှိန်အဟုန်ရှိသော တရားမျိုး မဟုတ်ကြပေကုန်။ ၎င်းတို့ အလိုလို ထူထောင်၍ မဖြစ်နိုင်ကြကုန်ဘဲ ရှေးကံဟောင်းအတွက် ဖြစ်ပေါ်ကြရသောကြောင့် လွန်စွာ အားနည်းကြကုန်၏။ မြစ်ရေအယဉ်၌ မျော၍လာသော ထင်းခြောက် သစ်ရွက်ခြောက်ကလေးများကဲ့သို့ အရှိန်အဟုန် ကင်းဆိတ်ကြကုန်၏။ အရှိန်အဟုန် သေးနုပ်သောကြောင့်ပင် ဝိညတ်ရုပ်များကို မဖြစ်စေနိုင်ကုန်။

ဇောစိတ်တို့၏ ဖြစ်ပေါ် ကျရောက်မှုသည်ကား မိုးကြိုးကျဘိသကဲ့သို့ အရှိန်အဟုန်နှင့်တကွ အကြိမ်ကြိမ် ထပ်ဆင့်၍ ဖြစ်ပေါ်၏။ တကြိမ်တကြိမ် ဖြစ်မှုသည်လည်း မိုးကြိုးတချက် ၁ချက် ကျသည်ပမာ လွန်စွာပြင်းထန်၏။ ထိုသို့ အဖြစ်

ပြင်းထန်မှုကြောင့် ရုပ်ကာယကြီးသည်ပင် အလျင်တဆော ပြေးရှုလေ၏။ ကျယ်စွာသော အသံကြီးကိုလည်း ဟစ်အော်ရလေ၏။ ပါဏာတိပါတမှုကြီး, ကာမေသုမိစ္ဆာစာရမှုကြီး, ဖရုသဝါစာမှုကြီးများကိုပင် သန်သန်စွမ်းစွမ်း ပြုရက်နိုင်၏။ (ဤကား ဇောကိစ္စ၏ အချက်စုပေတည်း)။ "ဇဝိယတေ ဇဝနံ"။ ဇဝိယတေ၊ အရှိန်အဟုန်နှင့်တကွ ကျရောက်ဖြစ်ပွါးခြင်း။ ဇဝနံ၊ အရှိန်အဟုန်နှင့်တကွ ကျရောက်ဖြစ်ပွါးခြင်း။

**တဒါရမ္မဏကိစ္စ။** ။ဇော၏ နောက်လိုက်ဖြစ်၍ ဇောယူသော အာရုံအတိုင်း လိုက်ပါ၍ အာရုံပြု၍ ဖြစ်ခြင်းသည် (၁၃) တဒါရမ္မဏကိစ္စမည်၏။ ရေညာသို့ ဆန်တက်သောလှေ၏ အဟုန်ကြောင့် လှေ၏နောက်၌ ရှိသော ရေသည် ရွတ်တရက် ယောင်တဲ့၍ စုန်ဆင်းမြဲတိုင်း မစုန်ဆင်းလေဘဲ လှေ၏နောက်သို့ အနည်းငယ် ဆန်တက်လိုက်ဘိသကဲ့သို့ ဇော၏အရှိန်ကြောင့် ၎င်းဇော၏နောက်၌ဖြစ်သော ဝိပါက်စိတ်တို့သည်လည်း ရွတ်တရက် ယောင်တဲ့၍ ဇောယူသောအာရုံကို စွဲလမ်းယူငင်လေသည်။ ဤသို့ဖြစ်မှုကို တဒါရုံကိစ္စ ဆိုသည်။ "တဿ အာရမ္မဏံ တေဿတိ တဒါရမ္မဏံ"။ တေဿ၊ ထိုစိတ်အား။ တဿ၊ ထိုရှေ့ဇော၏။ အာရမ္မဏံ၊ အာရုံသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တဒါရမ္မဏံ၊ တဒါရုံမည်၏။

**စုတိကိစ္စ။** ။ဖြစ်ဆဲသော ပစ္စုပ္ပန်၏ ချုပ်ဆုံးပျက်ပြား ပြောင်းသွားကွယ်လွန်မှုသည် (၁၄)စုတိကိစ္စမည်၏။ "စဝနံ စုတိ"။ စဝနံ၊ သေလွန်ခြင်း။ စုတိ၊ သေလွန်ခြင်း။

ကိစ္စ ၁၄-ပါး၏ သချုပ်အဓိပ္ပါယ်ပြီး၏။

စိတ် ၈၉-တို့တွင် ဤမည်သော စိတ်သည် ဤမည်သောကိစ္စများကို ပြုလုပ်ဆောင်ရွက်၏ဟု ပြဆိုလတ္တံ့။

(၁၁၆) ဥ-**သန္တီရဏ်,ဒိတ်နှစ်ဒွိမှု၊ သန္ဓိဘဝင်၊ သန္တီရဏ်နှင့်၊ အစဉ်လိုက်မှု၊အဆုံးစု၊ ငါးနုကိစ္စယှဉ်။**

ဤကဗျာဖြင့် ဥပေက္ခာသန္တီရဏစိတ် ၂-ခုသည် ပဋိသန္ဓိကိစ္စ, ဘဝင်ကိစ္စ, သန္တီရဏကိစ္စ, တဒါရုံကိစ္စ, စုတိကိစ္စအားဖြင့် ငါးပါးသောကိစ္စကို ပြုလုပ်ဆောင်ရွက်ပေ၏ဟု ပြဆို၏။ ကိစ္စပြုလုပ်ဆောင်ရွက်မှုကို ကိစ္စတပ်သည်ဟု ခေါ်ဝေါ်လေ့ရှိကြကုန်၏။ ဒွိဟိတ်ညြမကဖြစ်သော သောမနဿကံသည် အလွန် အားနည်းလှလေသောကြောင့် အဟိတ်သောမနဿ ပဋိသန္ဓေကိုမျှ မပေးနိုင်ချေ။ ထိုကြောင့် သောမနဿသန္တီရဏသည် ပဋိသန္ဓိကိစ္စ မတပ်နိုင်။ ပဋိသန္ဓိကိစ္စ မတပ်နိုင်မှု ဘဝင်ကိစ္စ, စုတိကိစ္စများလည်း မတပ်နိုင်။ သို့ဖြစ်၍ ဤနေရာ၌

သန္တီရဏချင်း တူပါသော်လည်း ကိစ္စငါးခုကို ဆောင်ရွက်မှု၌ မစွမ်းနိုင်လေသဖြင့် သောမနဿသန္တီရဏ ကျန်ရစ်လေသည်။

**(၁၁၇) အာဝဇ္ဇနံ၊ ကိစ္စဝန်၊ ဝဇ္ဇန်နှစ်စိတ်ပင်။**

ဤကဗျာဖြင့် အာဝဇ္ဇန်းဒွေးသည် အာဝဇ္ဇန်းကိစ္စတပ်၏ဟု ဆိုလိုသည်။ အဟိတ်စိတ်အဖွင့်၌ အကျယ်ပြဆိုခဲ့ပြီးဖြစ်၍ အထူးဆိုခွင့်မရှိပြီ။

**(၁၁၈) ဒဿနာဒိ၊ စက္ခာဒိ၊ သိလေစိတ်အစဉ်။**

ဤကဗျာဖြင့် စက္ခုဝိညာဏ်ဒွေးသည် ဒဿနကိစ္စ၊ သောတဝိညာဏ်ဒွေးသည် သဝနကိစ္စ၊ဃာနဝိညာဏ်ဒွေးသည် ဃာယနကိစ္စ၊ ဇိဝှါဝိညာဏ်ဒွေးသည် သာယနကိစ္စ၊ ကာယဝိညာဏ်ဒွေးသည် ဖုသနကိစ္စ၊ သမ္ပဋိစ္ဆိုန်းဒွေးသည် သမ္ပဋိစ္ဆိုန်းကိစ္စ၊ သန္တီရဏ ၃-ခုသည် သန္တီရဏကိစ္စတပ်၏ဟု ပြဆို၏။ ။လွယ်ပြီ။

**(၁၁၉) ဝုဋ္ဌောကိစ္စာ၊ မနောဒွါ၊ တစ်သာအမြဲပင်။**

ဤကဗျာဖြင့် မနောဒွါရာဝဇ္ဇန်းစိတ် ၁-ခုသာလျှင် ဝုဋ္ဌောကိစ္စ တပ်သည်ဟု ပြဆို၏။ ပဉ္စဒွါရ၌ဖြစ်မှသာလျှင် ဝုဋ္ဌောကိစ္စတပ်သည်။ မနောဒွါရမှာမူကား အာဝဇ္ဇန်းကိစ္စပင် တပ်၏။

**(၁၂၀) ဝဇ္ဇန်ကြဉ်ဘိ၊ ကု,ကု,ကြိ၊ ဖိုလ်ထည့် ဇောပဉ်ပဉ်။**

ဤကဗျာဖြင့် အကုသိုလ် ၁၂၊ ကုသိုလ် ၂၁၊ အာဝဇ္ဇန်းဒွေး ကြဉ်သော ကြိယာ ၁၈၊ ဖိုလ်စိတ် ၄၊ ပေါင်း ၅၅-ပါးသော စိတ်တို့သည် ဇောကိစ္စ တပ်ကုန်၏ဟု ပြဆို၏။

မနောဒွါရာဝဇ္ဇန်းစိတ်သည် ပဉ္စဒွါရ၌ ပရိတ္တာရုံဝီထိ၊ မနောဒွါရ၌ အဝိဘူတာရုံ ဝီထိတို့၌ ဖြစ်သောအခါ နှစ်ကြိမ်သုံးကြိမ်ပင် ဖြစ်လေ့ရှိ၏။ ထိုသို့ပင် ဖြစ်သော်လည်း ဝိပါက်စိတ်အစဉ်မှ အနန္တရပစ္စည်းကိုယူ၍ ဖြစ်ပေါ်ရသောကြောင့် အားနည်း၏၊ အရှိန်အဟုန်မရှိ။ ထိုကြောင့် ဇောကိစ္စ မထိုက်ချေ။ သို့အတွက် ဇောထိုက်သော စိတ်တို့ကို ရွေးချယ်စိစစ်ရာ၌ အာဝဇ္ဇန်းဒွေး ကျန်ရစ်လေသည်။

ဖိုလ်စိတ်လေးခုသည် ဝိပါက်ဖြစ်၏။ အာသေဝနပစ္စည်းကိုလည်း မရ။ ထိုသို့ဖြစ်လျက် ဝိပါက်အပေါင်းတို့တွင် ထူးထူးချွန်ချွန် ပေါ်ပေါက်၍ အဘယ်ကြောင့် ဇောကိစ္စကို ရလေသနည်းဟူမူ—မဂ်ဇောစေတနာသည် လွန်စွာအားကြီး၏။ ကြီးမားသော အရှိန်အစော် အာနုဘော်ရှိ၏။ အမြဲ အဓိပတိကိစ္စတပ်၍ တရားဘုရင်ကြီးလည်း ဖြစ်၏၊ ထိုသို့ အမျိုးမျိုး အားရှိလေသောကြောင့်ပင် မိမိ၏ အခြားမဲ့၌ပင် ဖိုလ်တည်းဟူသော အကျိုးကို လတ်လတ်လောလော ဖြစ်ပေါ်စေနိုင်၏။ မိမိအကျိုး ဖြစ်သော ဖိုလ်စိတ်၏ အနန္တရပစ္စည်းလည်း ဖြစ်၏။ ထိုကြောင့် မိမိအကျိုးဖြစ်သော ဖိုလ်စိတ်အား မိမိ၌ရှိသော သတ္တိဟူသမျှကို

အကုန်လက်လွှဲ၍ ပေးလိုက်နိုင်၏။ မဂ်၏အရှိန်အစော်အာနုဘော် အငွေ့သတ္တိကို အကုန်ရလိုက်သော ဖိုလ်စိတ်သည်လည်း လွန်စွာ အရှိန်အစော် အာနုဘော် ရှိ၏။ ထို့ကြောင့် အကြောင်းပစ္စည်းဖြစ်သော မဂ်နှင့်တူစွာ ဇောကိစ္စကို ရလေသတည်း။ ထို့ပြင် ဖလသမာပတ္တိဝီထိ၌ ထိုဖိုလ်ဝိပါက်သည် အခြားသောဝိပါက်များကဲ့သို့ ကံဟောင်းသက်သက်ကြောင့် ဖြစ်ရသည် မဟုတ်၊ အပ္ပတလောအားထုတ်ရသော ပရိကမ္မဘာဝနာ အစွမ်းကြောင့်လည်း ဖြစ်ရ၏။ ထို့ကြောင့်ပင် အရှိန်အဟုန်နှင့်တကွ ကျရောက်နိုင်သော ဇောကိစ္စကို ရလေပြန်သည်။ အကယ်၍ အခြားဝိပါက်များသည် ကံ၏ အနန္တရပစ္စယပ္ပန် ဖြစ်ခဲ့သော်၎င်း, တင့်တခုသော ပရိကံပြုလုပ်၍ ဖြစ်ခဲ့သော်၎င်း စင်စစ် ဇောကိစ္စ တပ်ကုန်ရာ၏။ ထိုသို့ ဆိုတိုင်းမဖြစ်ကြသောကြောင့် ဇောကိစ္စ မတပ်ကြလေကုန်။

(၁၂၁) **သန္တီရဏ**၊**မဟာဝိ**၊**မှတ်သိ - တဒါရုံ**။

ဤကဗျာဖြင့် မဟာဝိပါက် ၈-ခု၊ သန္တီရဏ ၃-ခု၊ ဤ ၁၁-ပါးသော စိတ်တို့သည် တဒါရုံကိစ္စတပ်ကုန်၏ဟု ပြဆို၏။ တဒါရုံကိစ္စတပ်သော စိတ်တို့သည် မိမိတို့က ကာမတရားဖြစ်ကြသည် အားလျော်စွာ ကာမပုဂ္ဂိုလ် သန္တာန်၌ ဖြစ်ကြ၍ ကာမအာရုံကို အာရုံပြုပြီးလျှင် ကာမဇော၏နောက်၌သာ ဖြစ်လေ့ရှိကုန်သည်။

(၁၂၂) **ရှစ်မဟာဝိ**၊**ဘဝင်**,**သန္ဓိ**၊**စုတိ တဒါ ရင်**။

ဤကဗျာဖြင့် မဟာဝိပါက်ရှစ်ခုသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စ အားဖြင့် လေးကိစ္စတပ်၏ဟု ပြဆို၏။

(၁၂၃) **ကိုးမဟဂ်ဝိ**၊**ကိစ္စ ကြီ**၊**သန္ဓိ**,**ဘွင်**,**စုံ**,**ယှဉ်**။

ဤကဗျာဖြင့် မဟဂ္ဂုတ်ဝိပါက် ၉-ခုသည် ပဋိသန္ဓိကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ အားဖြင့် သုံးကိစ္စတပ်၏ဟု ပြဆို၏။

**ကိစ္စတခုတပ်သောစိတ်များ**။ ။ပေါင်း၍ပြဆိုအံ့ — ဇော ၅၅-သည် ဇောကိစ္စတခုစီသာ တပ်ကြ၏။ဒွေးပဥ္စဝိညာဏ် ၁၀-သည် အသီးအသီး ဒဿနစသောအားဖြင့် ကိစ္စတခုစီတပ်၏။ သမ္ပဋိစ္ဆိုန်းဒွေးသည် သမ္ပဋိစ္ဆိုန်းကိစ္စတခုသာ တပ်၏။ ပဉ္စဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စတခုသာ တပ်၏။ ဆိုပြီးသော၆၈-ပါးသော စိတ်တို့သည် ကိစ္စတခုစီသာ တပ်ကြ၏။

**ကိစ္စ ၂-ခုတပ်သောစိတ်များ**။ ။သောမနဿ သန္တီရဏသည် သန္တီရဏကိစ္စ, တဒါရုံ ကိစ္စအားဖြင့် ၂-ကိစ္စတပ်၏။

မနောဒွါရာဝဇ္ဇန်းစိတ်သည်လည်း အာဝဇ္ဇန်းကိစ္စ, ဝုဋ္ဌောကိစ္စအားဖြင့် ၂-ကိစ္စတပ်၏။ သို့ဖြစ်၍ သောမနဿသန္တီရဏနှင့် မနောဒွါရာဝဇ္ဇန်းစိတ် ၂-ခုတို့သည် နှစ်ကိစ္စစီတပ်သောစိတ်မည်ကုန်၏။

**ကိစ္စသုံးခုတပ်သောစိတ်များ။**　။မဟာဝိပါက်ရှစ်ခုတို့သည် ပဋိသန္ဓိကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စအားဖြင့် လေးကိစ္စတပ်ကုန်၏။ မဟဂ္ဂုတ်ဝိပါက် ၉-ခုတို့သည် ပဋိသန္ဓိကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စအားဖြင့် သုံးကိစ္စတပ်ကုန်၏။

**ကိစ္စငါးခုတပ်သောစိတ်များ။**　။ဥပေက္ခာသန္တီရဏ ၂-ခုသည် ပဋိသန္ဓိကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, သန္တီရဏကိစ္စ, တဒါရုံကိစ္စ အားဖြင့် ငါးကိစ္စတပ်ကုန်၏။ ဤအဓိပ္ပါယ်စုကိုရည်၍—

(၁၂၄) တစ်-ခြောက်ဆဲ့ရှစ်၊နှစ်-ကိုးနှစ်၊လေးရှစ်,သုံး-ကိုးပင်။

(၁၂၅) ငါးမူကား-ဒွိ၊အပေါင်းသိ၊ပြီး၏ ကိစ္စ သင်။

ဟူ၍ ဆိုလေသည်။

တနည်းအားဖြင့် ကိစ္စ ၁၄-ပါးကို မူတည်၍—

ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ, စုတိကိစ္စ တပ်သော စိတ်ပေါင်း ၁၉-ပါး။

အာဝဇ္ဇန်းကိစ္စတပ်သော စိတ် ၂။

ဒဿနကိစ္စတပ်သောစိတ် ၂၊ ထိုအတူ သဝန, ဃာယန, သာယန, ဖုသန, သမ္ပဋိစ္ဆနကိစ္စတပ်သောစိတ် ၂-ပါးစီ။

သန္တီရဏ ကိစ္စတပ်သော စိတ် ၃-ပါး။

ဝုဋ္ဌောကိစ္စတပ်သော စိတ် ၁။

ဇောကိစ္စတပ်သောစိတ် ၅၅။

တဒါရုံကိစ္စ တပ်သောစိတ် ၁၁-ပါးဟူ၍ ရေတွက်ရာ၏။

စိတ်ကိစ္စတပ်လျှင် စေတသိက်လည်း ကိစ္စတပ်ရမည်ဖြစ်၍ စိတ်ယှဉ်, စေတသိက်ကို ထောက်ပြီးလျှင် စေတသိက်ကိစ္စတပ်ပုံကို ဆိုလတ္တံ့သောနည်းဖြင့် သိရာ၏။

အကုသိုလ်စေတသိက် ၁၄၊ ဝိရတီစေတသိက် ၃၊ ပေါင်းစေတသိက် ၁၇-ပါးတို့သည် ဇောစိတ်တို့၌သာ ယှဉ်သောကြောင့် ဇောကိစ္စတခုသာ တပ်ကြကုန်၏။

အပ္ပမညာဒွေးသည် ဇောကိစ္စ, ပဋိသန္ဓိကိစ္စ, ဘဝင်ကိစ္စ စုတိကိစ္စ,အားဖြင့် လေးကိစ္စတပ်ကုန်၏။

သောဘနသာဓာရနစေတသိက် ၁၉၊ ပညာစေတသိက် ၁၊ ဆန္ဒစေတသိက် ၁၊ ပေါင်း ၂၁-ပါးသော စေတသိက်တို့သည် ပဋိသန္ဓိ, ဘဝင်, စုတိ, ဇော,တဒါရုံ အားဖြင့် ငါးကိစ္စ တပ်ကုန်၏။

ပီတိ သည် ပဋိသန္ဓိ, ဘဝင်,စုတိ, သန္တီရဏ, ဇော, တဒါရုံအားဖြင့် ခြောက်ကိစ္စတပ်၏။

ဝီရိယသည် ပဋိသန္ဓိ, ဘဝင်, စုတိ, အာဝဇ္ဇန်း,ဝုဋ္ဌော,ဇော, တဒါရုံအားဖြင့် ၇-ကိစ္စတပ်၏။

ဝိတက်, ဝိစာရ, အဓိမောက္ခ၊ ဤစေတသိက် ၃-ပါးတို့သည် ပဋိသန္ဓိ, ဘဝင်, စုတိ, အာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံ အားဖြင့် ၉-ကိစ္စတပ်ကုန်၏။

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးတို့သည် အလုံးစုံ ၁၄-ကိစ္စတပ်ကုန်၏။ သင်္ဂဟကဗျာကား—

**"တစ်-ဆဲ့ခုနစ်၊ လေးဖြစ်-ဥယ၊ ပဥ-ကော်ဝိ၊ ခြောက်လိမ့်-တစ်၊ ခုနစ်လဲ—ဧး၊ တေး-ကိုးကိစ္စာ၊ စုဋ္ဌာသ်မှာ၊ သတ္တာ စေတသိက်"။**

## ဌာနသင်္ဂဟ

**စိတ်တို့၏ဖြစ်ရာဌာန** မည်သည်လည်း ရှိသေး၏။ "တိဋ္ဌတိ ပဝတ္တတိ စိတ္တံ ဧတ္ထာတိ ဌာနံ"။ ဧတ္ထ၊ ဤအရာ၌။ စိတ္တံ၊ စိတ်သည်။ တိဋ္ဌတိ၊ တည်၏။ ပဝတ္တတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ စိတ်၏ဖြစ်ရာ တည်ရာဖြစ်သော သတ္တိကြောင့်။ ဌာနံ၊ ဌာနမည်၏။ မိမိတို့နှင့်ဆိုင်သောကိစ္စကို ပြုလုပ်ရာသည် ဌာနမည်၏။ ဤဌာန၌ တည်နေ၍ စိတ်တို့သည် ဆိုင်ရာဆိုင်ရာ အလုပ်ကို လုပ်ဆောင်ကြရကုန်၏။ ဤအရာ၌ ဌာနဟူသည်ကား ကာလပင်တည်း။ ကာလနှင့်ယှဉ်၍ ကာလိကဖြစ်သော ပရမတ္ထဓမ္မတို့၏ ဖြစ်ရာကိုလည်း ကာလဟူ၍ ဆိုအပ်၏။ ထိုကာလ, ဌာနများသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပညတ်တရားတို့သာတည်း။ဌာနသည် စိတ်၏ အလုပ်ကို လုပ်ဆောင်ရာ လွှတ်ရုံးကြီးပေတည်း။ ထိုဌာနသည် အောက်ပါအတိုင်း ၁၀-ပါးရှိ၏။

| | |
|---|---|
| (၁) ပဋိသန္ဓိဌာန | (၆) သန္တီရဏဌာန |
| (၂) ဘဝင်္ဂဌာန | (၇) ဝုဋ္ဌောဌာန |
| (၃) အာဝဇ္ဇနဌာန | (၈) ဇောဌာန |
| (၄) ပဉ္စဝိညာဏဌာန | (၉) တဒါရုံဌာန |
| (၅) သမ္ပဋိစ္ဆနဌာန | (၁၀) စုတိဌာန |

**(၁) ပဋိသန္ဓိဌာန။** "ပဋိသန္ဓိယာ ဌာနန္တိ ပဋိသန္ဓိဌာနံ"။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေ၏။ ဌာနံ၊ ဖြစ်ရာဌာနတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ပဋိသန္ဓိဌာနံ၊ ပဋိသန္ဓိဌာနမည်၏။ ဤသို့စသည်ဖြင့် ဝိဂ္ဂဟ်ဆိုလေ။ စုတိနှင့် ဘဝင်အကြားသည် ပဋိသန္ဓိဌာနမည်၏။

(၂) **ဘဝင်ဌာန**။ (၁) ပဋိသန္ဓေနှင့်အာဝဇ္ဇန်းအကြား (၂) တဒါရုံနှင့်အာဝဇ္ဇန်းအကြား (၃) ဇောနှင့်အာဝဇ္ဇန်းအကြား (၄) ဝုဋ္ဌောနှင့် အာဝဇ္ဇန်းအကြား (၅) တဒါရုံနှင့် စုတိအကြား (၆) ဇောနှင့် စုတိတို့အကြား ဤနေရာခြောက်ပါးသည် ဘဝင်ဌာန မည်၏။ ဘဝင်ဌာန ၆-ပါးရှိ၏ဟူလို။

(၃) **အာဝဇ္ဇနဌာန**။ ဘဝင်နှင့်ပဥ္စဝိညာဏ်အကြား ဘဝင်နှင့်ဇောအကြား ဤနေရာ ၂-ပါးသည် အာဝဇ္ဇန်းဌာန မည်၏။ အာဝဇ္ဇန်းဌာန ၂-ပါးရှိ၏ဟူလို။

(၄) **ပဥ္စဝိညာဏ်ဌာန**။ အာဝဇ္ဇန်းနှင့်သမ္ပဋိစ္ဆိုန်းအကြား နေရာတခုသည် ပဥ္စဝိညာဏ်ဌာန မည်၏။

(၅) **သမ္ပဋိစ္ဆနဌာန**။ ပဥ္စဝိညာဏ်နှင့် သန္တီရဏအကြား နေရာတခုသည် သမ္ပဋိစ္ဆိုန်းဌာန မည်၏။

(၆) **သန္တီရဏဌာန**။ သမ္ပဋိစ္ဆိုန်းနှင့် ဝုဋ္ဌောအကြား နေရာတခုသည် သန္တီရဏဌာန မည်၏။

(၇) **ဝုဋ္ဌောဌာန**။ သန္တီရဏနှင့် ဇောအကြား သန္တီရဏနှင့် ဘဝင်အကြား ဤနေရာ ၂-ခုသည် ဝုဋ္ဌောဌာန မည်၏။

(၈) **ဇောဌာန**။ ဝုဋ္ဌောနှင့် တဒါရုံအကြား ဝုဋ္ဌောနှင့် ဘဝင်အကြား ဝုဋ္ဌောနှင့် စုတိအကြား အာဝဇ္ဇန်းနှင့် တဒါရုံအကြား အာဝဇ္ဇန်းနှင့် ဘဝင်အကြား အာဝဇ္ဇန်းနှင့် စုတိအကြား ဤနေရာခြောက်ပါးသည် ဇောဌာနမည်၏။ ဇောဌာန ခြောက်ပါးရှိ၏ဟူလို။

(၉) **တဒါရုံဌာန**။ ဇောနှင့်ဘဝင်အကြား ဇောနှင့်စုတိအကြား ဤနေရာ ၂-ပါးသည် တဒါရုံဌာနမည်၏။ တဒါရုံဌာန ၂-ပါးရှိ၏ဟူလို။

(၁၀) **စုတိဌာန**။ တဒါရုံနှင့် ပဋိသန္ဓေအကြား ဇောနှင့်ပဋိသန္ဓေအကြား ဘဝင်နှင့် ပဋိသန္ဓေအကြား ဤ ၃-ပါးသည် စုတိဌာနမည်၏။ စုတိဌာန ၃-ပါး ရှိ၏ဟူလို။

ဆိုပြီးအလုံးစုံကို ပေါင်းလျှင် ဌာနပေါင်း ၂၅-ပါးရှိ၏။ ဝီထိကျေပြွန်လှပါမှ ဤဌာန ၂၅-ပါးကို ကောင်းစွာ နားလည်နိုင်မည်။ သင်္ဂဟကဗျာကား—

**"ဇက်-ပဋိသန်၊ ဘဝင်ဌာန်-ဆ၊ ဒွ-ဝဇ္ဇန်ပင်၊ ဝိညာဏ်, သံ, တီ၊ တစ်ဌာန်စီတည့်၊ နှစ်လီ-ဝုဋ္ဌော၊ ဇော-ခြောက်ဌာန်ဖြစ်၊ နှစ်-တဒါရုံ၊ သုံး-စု ကြုံ၊ ပေါင်းတုံ့ဗျည်း-ဝီသ"**။

ကိစ္စနှင့်ဌာနအထူးကား ကိစ္စသည် အလုပ်တည်း၊ဌာနသည် အလုပ်လုပ်ရာ ရပ်တည်း။ပဋိသန္ဓိဌာန၌ တည်၍ ပဋိသန္ဓေအလုပ်ကို လုပ်ရ၏။ ဇောဌာန၌ တည်၍ ဇောအလုပ်ကို လုပ်ရ၏ စသည်ဖြင့် သိလေ။

ကိစ္စတပ်ပုံကိုသိလျှင် ဤမည်သောစိတ်သည် ဤဌာန၌ ဖြစ်၏။ ဌာန မည်မျှ၌ဖြစ်၏ ဟူ၍လည်း သိနိုင်လေတော့၏။

"ကိစ္စဘေဒေန စိတ္တစေတသိကာနံ သင်္ဂဟော ကိစ္စသင်္ဂဟော"။ကိစ္စဘေဒေန၊ ကိစ္စ အပြားအားဖြင့်။ စိတ္တစေတသိကာနံ။ စိတ်စေတသိက်တို့ကို။ သင်္ဂဟော၊ ရေတွက်ကြောင်းဖြစ်သော နည်းသည်။ ကိစ္စသင်္ဂဟော၊ ကိစ္စသင်္ဂဟမည်၏။

ကိစ္စသင်္ဂဟ ပြီး၏။

---

## (၈) ဒွါရသင်္ဂဟ

(၁၂၆) စက်,သော,ဃာ,ဇိ၊ ကာ,မ,နိ၊ ခြောက်လီဒွါရမှတ်။

ဤကဗျာဖြင့် စက္ခုဒွါရ,သောတဒွါရ,ဃာနဒွါရ,ဇိဝှါဒွါရ,ကာယဒွါရ,မနောဒွါရဟူ၍ ဒွါရခြောက်ပါး ရှိကြောင်းကို ပြဆို၏။

ဒွါရ။ ။မြို့တွင်း ရွာတွင်း အိမ်တွင်း တိုက်တွင်းဝင်ရန် ထွက်ရန်အလို့ငှါ ထားသော တံခါးပေါက်ကို ဒွါရဟူ၍ ဆိုအပ်၏။ ဆိုခဲ့ပြီးသော ဒွါရခြောက်ပါးတို့သည် ဆိုခဲ့ပြီးသော ဒွါရတို့ကဲ့သို့ စိတ်စေတသိက်တို့၏ ဝင်ရာထွက်ရာဖြစ်၏၊အာရုံခြောက်ပါး၏ ထင်ရာ ဝင်ရာဖြစ်၏၊ ဤသို့ လောက၌ရှိသော တံခါးနှင့်တူသောကြောင့် စက္ခုစသော ခြောက်ပါးကိုလည်း ဒွါရ ဆိုလေသည်။ "ဒွါရံ ဝိယာတိဒွါရံ"။ ဒွါရံ ဝိယ၊ တံခါးနှင့် တူသည်တည်း။ ဣတိဘသ္မာ၊ ထိုကြောင့်။ ဒွါရံ၊ ဒွါရမည်၏။

"စက္ခုမေဝ ဒွါရန္တိ စက္ခုဒွါရံ"။ စက္ခုမေဝ၊ စက္ခုသည်သာလျှင်။ ဒွါရံ၊ ဒွါရတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ စက္ခုဒွါရံ၊ စက္ခုဒွါရမည်၏။ပ။

"မနောဝေ ဒွါရန္တိ မနောဒွါရံ"။ မနောဝေ၊ ဘဝင်စိတ်တည်းဟူသော မနောသည်သာလျှင်။ ဒွါရံ၊ ဒွါရတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ မနောဒွါရံ၊ မနောဒွါရမည်၏။

ဒွါရ ၂-ပါး။ ။လောက၌ ဒွါရသည် (၁) အာကာသဒွါရ။ (၂) မဏ္ဍူဒွါရဟူ၍ ၂-ပါးအပြားရှိ၏။ ထိုတွင် လေသာပြူတင်းပေါက် တံခါးပေါက် ဂူပေါက် လိုဏ်ပေါက်စသည်များသည် အာကာသဒွါရမည်၏။ တူရူပနာတည့်၍ ပြင်ပ၌ရှိသောဝတ္ထုအမျိုးမျိုးတို့ ဝင်ရောက်၍ ထင်ရာဖြစ်သော

ဖလ်,မှန်,ကြေးမုံ,ကျောက်မျက်စသော အကြည်စုသည် မဏ္ဍဒွါရမည်၏။ ဗဟိဒ္ဓ ဒွါရ ၂-မျိုးရှိသကဲ့သို့ ဤကိုယ်ခန္ဓာ၌ အာကာသဒွါရ, မဏ္ဍဒွါရဟူ၍ ၂-ပါးပင် ရှိ၏။

**အာကာသဒွါရ။** ။"နဝဒွါရော မဟာဝဏော"စသည်ဖြင့် ဟောတော်မူအပ်သော ခံတွင်းပေါက် နားပေါက်စသော ဒွါရကိုးပေါက်သည် အာကာသဒွါရမည်၏။ ထိုအပြင်အပ၌ ရှိသော လေ,နေစသော အအေးအပူငွေ့တို့ကို အတွင်းသို့ သွင်း၍ ကိုယ်တွင်း၌ရှိသော အခိုးအငွေ့တို့နှင့် ချွေးတို့ကို အပသို့ ထုတ်ရာဖြစ်သော ကိုးသိန်းကိုးသောင်းသော မွေးညှင်းပေါက်ကလေးများသည်လည်း အာကာသဒွါရပင် မည်၏။

**မဏ္ဍဒွါရ။** ။ရူပါရုံ,သဒ္ဒါရုံစသော အာရုံခြောက်ပါးတို့၏ ထင်ရာဖြစ်ရာ မှန်မျှမက ကြည်လင်လှစွာသော စက္ခုစသော ခြောက်ပါးသည် မဏ္ဍဒွါရ မည်၏။ ထိုမဏ္ဍဒွါရသည် ကံဘန်ဆင်းအပ်သည်ဖြစ်၍ နတ်သိကြားတို့ပင် အတုခိုး၍ မဘန်ဆင်းနိုင်အောင် ကြည်လင်လှ၏။ ဤနေရာ၌ ကာယဒွါရ ၂-မျိုးတို့တွင် မဏ္ဍဒွါရကို ယူအပ်၏။ ထိုမဏ္ဍဒွါရသည် စက္ခုဝိညာဏ်စသော အာရမ္မဏိက တရားတို့၏ ထွက်ရာလည်းဖြစ်၍ ရူပါရုံစသော အာရုံတရားတို့၏ ဝင်ရာထင်ရာလည်း ဖြစ်၏၊ ထို့ကြောင့် တံခါးပေါက်နှင့် တူလေသဖြင့် "ဒွါရံဝိယာတိ ဒွါရံ"ဟူ၍ ဝိဂ္ဂုဟ်ပြုပြီးလျှင် ဒွါရဟူ၍ ခေါ်ဆိုရပေသည်။ ဤအဓိပ္ပါယ်စုကို ရည်၍—

(၁၂၇)　**အကြည်အလင်၊ ဘိတ်ဘိတ်လွှင်၊ ထွက်ဝင် တံခါးဓာတ်။**

ဟူ၍ ဆိုပေသည်။

ထိုအကြည်ဖြစ်သော မဏ္ဍဒွါရသည် (၁) ရုပ်ဒွါရ (၂) နာမ်ဒွါရဟူ၍ ၂-ပါး ရှိ၏။ ထိုတွင်—

(၁၂၈)　**စက္ခုစသည်၊ ဘိတ်ဘိတ်လည်၊ အကြည်ရုပ်တို့သာ။**

ဟူသည်နှင့်အညီ ကြည်လင်လှသည်ဖြစ်၍ ပသာဒဟူ၍ အမည်ရသော စက္ခုပသာဒရုပ်သည် စက္ခုဒွါရမည်၏။ ထိုအတူ သောတပသာဒရုပ်သည် သောတဒွါရမည်၏။ပ။ ကာယပသာဒရုပ်သည် ကာယဒွါရမည်၏။ ဤသို့ ရုပ်ဒွါရ ၅-ပါး ရှိ၏။ ဤရုပ်ဒွါရ ၅-ခုကို ရုပ်ပိုင်း၌ ပသာဒရုပ် ၅-ခုဟု ခေါ်လေသည်။ ကမ္မဝိသေသကြောင့် ဖြစ်ပေါ်သော ကမ္မဇကလာပ်တို့၌ ဝိသေသမဟာဘုတ်တို့၏ ဝင်းဝင်းတောက် ကြည်မှုကို ပသာဒခေါ်သည်၊ ကမ္မဇဓာတ်ကြည် ဆိုလို၏။

**စက္ခုဒွါရ။** ။စက္ခုဒွါရ၌ နည်းယူရန် အမြွက်မျှ ဆိုဦးအံ့—စက္ခုဒွါရ၌ နေဝန်းလဝန်းစသော ရူပါရုံအမျိုးမျိုးတို့သည် ထင်လာကုန်၏၊ ထိုသို့

ထင်လာက အာဝဇ္ဇန်းစသော စိတ်တို့သည် ထင်လာသော ရူပါရုံကို ဆွဲကိုင်မှီတွယ်ကုန်လျက် အာရုံပြုပြီးခါ ဖြစ်ပေါ်လာကုန်၏။ ထိုသို့ ဖြစ်မှု၌ အာရုံတရား, အာရမ္မဏိကတရားတို့၏ အချင်းချင်း အာရုံပြုခြင်း, အာရုံပြုသည်ကို ခံခြင်း, ဆွဲကိုင် မှီတွယ်ခြင်း,ဆွဲကိုင်မှီတွယ်သည်ကို ခံခြင်းဟု ဆိုအပ်သော ဝိသယ ဝိသယီ ဘာဝအမှုကို စက္ခုဒွါရပေါ်၌ တည်၍ပင် ပြုကြရကုန်၏။ ထို့ကြောင့် စက္ခုဒွါရသည် ဝိသယဝိသယီဘာဝကိစ္စကိုပြုရန် အပေါက်အလမ်းကြီး ဖြစ်ပေ၏။ စစ်သည်နှစ်ဘက်တို့၏ ဆိုင်ပြိုင်တိုက်ခိုက်ရာ မြေစစ်တလင်း ရေစစ်တလင်းကြီးနှင့်လည်း တူ၏။ထိုပြင် တနည်းအားဖြင့် ဤစက္ခုတည်းဟူသော ဒွါရရှိသည့်အတွက်ကြောင့် ရူပါရုံတို့သည် ထိုစက္ခုဒွါရတည်းဟူသော တံခါးဖြင့် ဝင်ကြကုန်လျှင် အာဝဇ္ဇန်းစသော အတွင်းရှိ စိတ်တို့၏ အာရုံပြုကို ခံကြကုန်၏။ အတွင်းရှိ အာဝဇ္ဇန်းစသော စိတ်တို့သည်လည်း စက္ခုဒွါရတည်းဟူသော တံခါးဖြင့် ထွက်၍ အပရှိ ရူပါရုံတို့ကို မှီတွယ်၍ အာရုံပြုကြရကုန်၏။ ထို့ကြောင့် စက္ခုဒွါရသည် ရူပါရုံနှင့် အာဝဇ္ဇန်းစသော စက္ခုဒွါရိကစိတ်တို့၏ ရွှေလမ်းငွေလမ်းဖောက်၍ အတုံ့အပြန် မဟာမိတ်ကြီးဖွဲ့ရန် လမ်းပေါက်ကြီး ဖြစ်ပေ၏။ ဤသို့သော အဓိပ္ပါယ်စုကြောင့် စက္ခုကို ဒွါရဟု ဆိုရလေသည်။ (သောတဒွါရ စသည်တို့မှာလည်း ဤနည်းနှင့် ယှဉ်၍ သိလေ)။

(၁၂၉) မနောဟူသည်၊ ဘိတ်ဘိတ်လည်၊ အကြည်နာမ်တို့သာ။

**မနောဒွါရ။** ။ဓမ္မာရုံအမျိုးမျိုးတို့၏ ထင်မှုဝင်မှုကို ခံလင့်သော ကြည်လင်လှစွာသော နာမ်တရားစုသည် မနောဒွါရမည်၏။ နာမ်ဒွါရမည်၏။ (နာမ်ဒွါရ ၁-ပါးရှိ၏)။

(၁၃၀) ဘဝင်ဆဲ့ကိုး၊ မိတ်အမျိုး၊ ခေါ်ရိုး မနောဒွါ။

ဤကဗျာဖြင့် မနောဒွါရထိုက်သော နာမ်တရားကိုယ်ကို ပြ၏။

**ဘဝင်စိတ်ဟူသမျှသည် မနောဒွါရဖြစ်ခြင်း။** ။ဘဝင်ကိစ္စတပ်သော ဥပေက္ခာသန္တီရဏဒွေး၊ မဟာဝိပါက်ရှစ်၊ မဟဂ္ဂုတ်ဝိပါက် ကိုးခု၊ ပေါင်း ၁၉-သည် မနောဒွါရမည်၏။ နာမ်ဒွါရမည်၏။ ထိုမနောဒွါရခေါ်သော ဘဝင်စိတ်တို့သည် ဓမ္မာရုံအမျိုးမျိုးတို့ ထင်မှုကို ခံနိုင်သောသတ္တိ ရှိကြကုန်၏။ ထို့ကြောင့် မနောဒွါရဆိုရလေသည်။

ဤနေရာ၌ အယူတမျိုးကို ပြဆိုဦးအံ့—ရွာတံခါးဆိုလျှင် ရွာစွန်ရွာဖျား ရွာဝနားမှာသာ ရှိ၏။ မြို့တံခါးဆိုလျှင် မြို့စွန်မြို့ဖျား မြို့ဝနားမှာသာ ရှိ၏။ ဤ၌လည်း အာဝဇ္ဇန်းစသော စိတ်တို့၏ဖြစ်ရာ အစွန်အဖျား အဝနားမှာ ဖြစ်သော ဘဝင်စိတ်မှသာလျှင် ဒွါရဖြစ်လိမ့်မည်။ ဤသို့ ထင်မြင်နှလုံးပိုက်

တော်မူကြ၍ အာဝဇ္ဇန်းစသော စိတ်တို့၏ဖြစ်ရာ အစဖြစ်သော ဘဝင်္ဂုပစ္ဆေဒ သည်သာလျှင် မနောဒွါရဖြစ်သင့်၏။ အခြားဘဝင်ဟူသမျှတို့သည် မနောဒွါရ မမည်ကြကုန်ဟု ယူတော်မူကြ ရေးတော်မူကြကုန်၏။ ထိုအယူတော်အတိုင်း မူကား စင်စစ် မမှတ်အပ်သည်သာ ဖြစ်၏။ ထင်ရှားစေအံ့—ထိုသို့ယူသော အတိုင်းမှန်ပါမူ အကြင်စက္ခုစသော ရုပ်ဒွါရငါးခုတို့၌ ရူပါရုံစသော အာရုံ ငါးပါးတို့သည်လည်း အကြောင်းမသင့် အခွင့်မလျော်သည့်အတွက် ထင်ခြင်းသို့ မရောက်ကြကုန်။ ထိုကြောင့်ပင်လျှင် အာဝဇ္ဇန်းစသော ပဉ္စဒွါရိကဝီထိစိတ်တို့ သည်လည်း မဖြစ်ကြလေကုန်။ ဤသို့ ဒွါရကိစ္စကို မဆောင်ရွက်ကြကုန်ဘဲနှင့်သာ ချုပ်ဆုံး၍ သွားကြရလေကုန်၏။ ထိုသို့ ဒွါရကိစ္စကို မဆောင်ရွက်ရဘဲ ချုပ်ဆုံး သော စက္ခုစသည်တို့သည်လည်း ဒွါရမမည်ကြကုန်ဟု အဓိပ္ပါယ်တမျိုး ရောက် လေ၏။ ထိုသို့ကား မဟုတ်။ ပါဠိတော်၌ စက္ခုမှန်လျှင် ဒွါရကိစ္စကို ဆောင်သည် ဖြစ်စေ မဆောင်သည်ဖြစ်စေ ဒွါရဟူ၍သာ ဟောတော်မူ၏။ သောတစသည်၌ လည်း ထိုနည်းအတူပင် မှတ်။

ချုပ်ဆုံး၍ သွားကြသော စက္ခုစသည်တို့သည်လည်း အကြောင်းမသင့် အခွင့်မလျော်၍သာ ဒွါရကိစ္စကို မဆောင်ကြရဘဲ နေကြရလေသည်။ အကယ်၍ အကြောင်းအခွင့် လျော်ပါမူကား စင်စစ် ဒွါရကိစ္စကို ဆောင်နိုင်သောသတ္တိ အမြဲရှိချေကုန်၏။ ထိုကြောင့် စက္ခုစသော ဒွါရမျိုး၌လည်း မုချဒွါရမည်သည် ချည်းသာ မှတ်။

မနောဒွါရအရာ၌လည်း ဘဝင်မှန်လျှင် ဘယ်ဘဝင်မဆို ဒွါရမည်သည် ချည်းသာ မှတ်။ ဘယ်ဘဝင်မဆို ဓမ္မာရုံထင်လာလျှင် ထင်မှုကို ခံနိုင်သော သတ္တိ ရှိသည်ချည်းသာ ဖြစ်၏။ အကြောင်းမသင့် အခွင့်မသာ၍ ချုပ်ဆုံးလေ သဖြင့် ဒွါရကိစ္စကို မရွက်ဆောင်ရသည်အတွက် ဒွါရမမည်သင့်ဟု မဆိုရ မမှတ်ရ။

အကြောင်းအခွင့်သင့်၍ ကြုံကြိုက်ပါလျှင် ဘယ်ဘဝင်မျိုးမဆို အတီတ ဘဝင်လည်း ဖြစ်နိုင်၏၊ စလနဘဝင်လည်း ဖြစ်နိုင်၏၊ ဥပစ္ဆေဒဘဝင်လည်း ဖြစ်နိုင်၏၊ ထိုကြောင့် မနောဒွါရမခေါ်ထိုက်သော ဘဝင်မည်သည် မရှိ။ ဘဝင် ဟူသမျှ မနောဒွါရခေါ်ထိုက်သည်ချည်းသာ ဟု အမြဲမှတ်ရာ၏။

**ဤမည်သောစိတ်သည် ဤမည်သော ဒွါရ၌ ဖြစ်ပေါ်၏ဟု ပြဆိုလတ္တံ့၊**

စက္ခုဝိညာဏ်ဒွေးသည် စက္ခုဒွါရ၌ဖြစ်၏။

သောတဝိညာဏ်ဒွေးသည် သောတဒွါရ၌ဖြစ်၏။

ဃာနဝိညာဏ်ဒွေးသည် ဃာနဒွါရ၌ဖြစ်၏။
ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဒွါရ၌ဖြစ်၏။
ကာယဝိညာဏ်ဒွေးသည် ကာယဒွါရ၌ဖြစ်၏။ ဤအဓိပ္ပါယ်ကို ရည်၍—

**(၁၃၁) ပဥ္စဝိညာဉ်၊ ကိုယ်စီယှဉ်၊ ငါးအင်ဒွါရမှာ။**

ဟူ၍ ဆိုလေသည်။

သမ္ပဋိစ္ဆိုန်းဒွေး၊ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ဤသုံးပါးကို မနောဓာတ် ခေါ်သည်။ ဤမနောဓာတ်ခေါ်သော စိတ် ၃-ခုသည် စက္ခုဒွါရစသော ငါးဒွါရ၌ ဖြစ်၏။ ဤအဓိပ္ပါယ်ကို ရည်၍—

**(၁၃၂) မနောဓာတ်ခေါ်၊ စိတ်မဒနှော်၊ ငါးဘော်ဒွါရမှာ။**

ဟူ၍ ဆိုလေသည်။

သမ္ပဋိစ္ဆိုန်းကိစ္စ၊ အာဝဇ္ဇန်းကိစ္စတပ်သော မနောဓာတ် ၃-ခုသည် ပဉ္စဒွါရဝီထိ၌ သူတို့ပါမှ ပြီးမြောက်သောကြောင့် ငါးဒွါရစလုံး၌ ဖြစ်ရလေသည်။

မနောဒွါရာဝဇ္ဇန်း ၁၊ သန္တီရဏ ၃၊ မဟာဝိပါက် ၈၊ ကာမဇော ၂၉၊ ပေါင်း ၄၁-ပါးသော စိတ်တို့သည် ခြောက်ဒွါရ၌ ဖြစ်ကုန်၏။

(ကာမဇော ၂၉-ကား ဇော ၅၅-ပါးတို့တွင် ကာမစိတ်နယ်ကပါသော ကုသိုလ် ၁၂၊ ဟသိတုပ္ပါဒ် ၁၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈-ခုတို့တည်း)။

ဤဆဒွါရိကစိတ် ၄၁ ပါးကို ရည်၍—

**(၁၃၃) မနောဒွါရ၊ တီ သုံးဖြာ၊ မဟာဝိပါက်ရှစ်။**
**(၁၃၄) နှစ်ဆဲ့ကိုးမျှ၊ ဇော ကာမ၊ ဒွါရ ခြောက်ပါးဖြစ်။**

ဟူ၍ ဆိုပေသည်။

ဆိုပြီးသော စိတ် ၄၁-ပါးတို့တွင် မနောဒွါရာဝဇ္ဇန်းသည် ပဉ္စဒွါရမှ ဝုဋ္ဌောကိစ္စနှင့် ဖြစ်၏။ မနောဒွါရ၌ဖြစ်သောအခါ အာဝဇ္ဇန်းကိစ္စနှင့် ဖြစ်၏။

သန္တီရဏ ၃-ခုသည် ပဉ္စဒွါရ၌ သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ ဤကိစ္စ ၂-ပါးဖြင့် ဖြစ်၏။ မနောဒွါရ၌ တဒါရုံကိစ္စတပါးနှင့်သာ ဖြစ်၏။

မဟာဝိပါက် ၈-ခုသည် ခြောက်ဒွါရ၌ တဒါရုံကိစ္စတခုနှင့်သာ ဖြစ်ရ၏။

ကာမဇော ၂၉-တို့သည် ခြောက်ဒွါရ၌ ဇောကိစ္စတခုနှင့်သာ ဖြစ်၏။

ဥပေက္ခာသန္တီရဏဒွေးနှင့် မဟာဝိပါက် ၈-ခုတို့သည် သန္တီရဏကိစ္စ၊ တဒါရုံကိစ္စများ မတပ်ကြကုန်မူကား ခြောက်ဒွါရမှ လွတ်ကြကုန်သည်။ နောက်၌လည်း ဆိုလတ္တံ့။

မဟာဂုတ်ကုသိုလ် ၉၊ မဟာဂုတ်ဝိပါက် ၉၊ လောကုတ္တရာ ၈၊ ပေါင်း ၂၆-ပါးသည် အပ္ပနာဇော မည်၏။ ဤ အပ္ပနာဇော ဆဗ္ဗိသသည် မနောဒွါရတခု၌သာ ဖြစ်၏။ ဤကို ရည်၍—

(၁၃၅) ဇောအပ္ပနာ၊ ဆဗ္ဗိသာ၊ မှန်စွာ မနောဖြစ်။

ဟူ၍ ဆိုပေသည်။

အပ္ပနာဇောတို့သည် ဘာဝနာကိစ္စဖြင့် ထူထောင်အားထုတ်မှသာ ဖြစ်ကြကုန်သောကြောင့် ပဉ္စဒွါရတို့နှင့် မဆိုင်ကြကုန်။

ပဋိသန္ဓိကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်သော စိတ် ၁၉-ခုသည် ခြောက်ဒွါရတို့၌ မဖြစ်။ ခြောက်ဒွါရမှလွတ်၍ ဒွါရဝိမုတ်စိတ် မည်သည်။ ဤကို ရည်၍—

(၁၃၆) ဆဲ့ကိုး ပဋိသန်၊ စိတ်အမှန်၊ ခြောက်တန် ဒွါရလွတ်။

ဟူ၍ ဆိုလေသည်။

ဒွါရဝိမုတ် ၁၉-တို့တွင် ဥပေက္ခာသန္တီရဏ ၂၊ မဟာဝိပါက် ၈၊ ပေါင်း ၁၀-ပါးသော စိတ်တို့သည် ပဋိသန္ဓိကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ ၎င်းကိစ္စ ၃-ပါးတို့တွင် တပါးပါးတပ်ခိုက်ကြုံမှသာ ခြောက်ဒွါရမှ လွတ်ကုန်သည်။ သန္တီရဏကိစ္စ, တဒါရုံကိစ္စ တပ်ခိုက်ကြုံလျှင် ခြောက်ဒွါရ၌ ဖြစ်ကုန်သည်။

**ပဋိသန္ဓိ, ဘဝင်, စုတိ** ဤကိစ္စ ၃-ပါးသည် ဒွါရနှင့်အာရုံ ထိခိုက်မှုကြောင့် ဖြစ်ကုန်သည် မဟုတ်။ ဒွါရအာရုံတို့နှင့် သက်သက် မဆိုင်။ ကံအစွမ်း သက်သက်ကြောင့်သာ ဖြစ်ကုန်၏။ ထိုကြောင့် ထိုကိစ္စတပ်သော စိတ်တို့သည်လည်း ခြောက်ဒွါရမှလွတ်၍ ဒွါရဝိမုတ် မည်ကြလေသည်။ "ဒွါရတော ဝိမုတ္တာတိ ဒွါရဝိမုတ္တာနိ"။ ဒွါရတော၊ ဒွါရခြောက်ပါးတို့မှ။ ဝိမုတ္တာ၊ လွတ်ကုန်သောစိတ်တို့တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဒွါရဝိမုတ္တာနိ၊ ဒွါရဝိမုတ် မည်ကုန်၏။

အာဝဇ္ဇန်းစသော စိတ်တို့သည် အာရုံနှင့်ဒွါရထိခိုက်မှုကြောင့် ဆိုင်ရာဆိုင်ရာ ဒွါရတွင် ဝီထိအစဉ်အားဖြင့် ဖြစ်ကြကုန်သောကြောင့် ဒွါရိကစိတ် မည်ကုန်၏။ "ဒွါရေသု ဇာယန္တီတိ ဒွါရိကာနိ"။ ဒွါရေသု၊ ဒွါရခြောက်ပါးတို့၌။ ဇာယန္တိ၊ ဖြစ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဒွါရိကာနိ၊ ဒွါရိကတို့ မည်ကုန်၏။

ဤမည်သောဒွါရ၌ ဤမျှလောက် စိတ်ပေါင်းဖြစ်နိုင်၏ဟု ပြဆိုလတ္တံ့။

(၁၃၇) စက္ခုဒွါရောက်၊ လေးဆဲ့ခြောက်၊ ယူကောက်စိတ်အရ။

(၁၃၈) သောတ စသည်၊ ဒွါလေးလီ၊ ထုံ မှီ ရှေးနည်းပြ။

ဤကဗျာဖြင့် စက္ခုဒွါရ။ပ။ ကာယဒွါရဟု ဆိုအပ်သော ငါးဒွါရတို့တွင် တပါးတပါးသော ဒွါရ၌ စိတ်ပေါင်း ၄၆-စီဖြစ်၏ဟု ပြဆို၏။

**ပဉ္စဒွါရ၌ ဖြစ်သောစိတ်များ။** ။ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ကို မူတည်၍ထား။ ၎င်း ၄၄-တွင် စက္ခုဝိညာဏ်ဒွေးထည့်၍ ၄၆-ပါးသောစိတ်တို့သည် စက္ခုဒွါရ၌ဖြစ်သော စိတ် မည်ကုန်၏။ စက္ခုဒွါရ၌ဖြစ်၍ စက္ခုဒွါရိကလည်း မည်ကုန်၏။ ၎င်း ၄၄-တွင် သောတဝိညာဏ်ဒွေးထည့်၍ ၄၆-ပါးသောစိတ်တို့သည် သောတဒွါရ၌ဖြစ်သော သောတဒွါရိကစိတ် မည်ကုန်၏။ပ။ ၎င်း ၄၄-တွင် ကာယဝိညာဏ်ဒွေးထည့်၍ ၄၆-ပါးသောစိတ်တို့သည် ကာယဒွါရ၌ဖြစ်သော ကာယဒွါရိကစိတ် မည်ကုန်၏။ ။ပဉ္စဒွါရိကစိတ်ဟူသမျှသည် အကုဉ်းချုပ်အားဖြင့် ကာမစိတ် ၅၄-သာ ဖြစ်၏။

စက္ခုဒွါရ၌ ၄၆-ဖြစ်၏ဆိုသော်လည်း အလုံးစုံ တပြိုင်နက် အမြဲနိယတ ၄၆-ပါး ဖြစ်သည် မဟုတ်။ ဘုံ,ပုဂ္ဂိုလ်,အာရုံ,မနသိကာရအားလျော်စွာ ဖြစ်၏။

နည်းအမြွက်ကား— စက္ခုဒွါရ၌ ဘုံအားဖြင့် ရူပဘုံ၌ဖြစ်လျှင် ဒေါသဇော မကျ။ တဒါရုံစိတ် မဖြစ်။

ပုဂ္ဂိုလ်အားဖြင့် သောတာပန်, သကဒါဂါမ်တို့၌ဖြစ်လျှင် ဒိဋ္ဌိသမ္ပယုတ်ဇော, ဝိစိကိစ္ဆာဇော မဖြစ်။ ။အနာဂါမ်၌ဖြစ်လျှင် ဒိဋ္ဌိသမ္ပယုတ်ဇော, ဝိစိကိစ္ဆာဇော, ဒေါသဇော မဖြစ်။ ။ရဟန္တာ၌ဖြစ်လျှင် ကုသိုလ်ဇော, အကုသိုလ်ဇော မဖြစ်။ ။ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ဖြစ်လျှင် မဟာဝိပါက်စိတ် မဖြစ်။ ။သုဂတိအဟိတ်, ဒွိဟိတ်၌ဖြစ်လျှင် ဉာဏသမ္ပယုတ် ဝိပါက်စိတ် မဖြစ်။

အာရုံအားဖြင့် ဣဋ္ဌာရုံ၌ဖြစ်လျှင် ကုသလဝိပါက်စိတ်သာ ဖြစ်၏။ အနိဋ္ဌာရုံ၌ဖြစ်လျှင် အကုသလဝိပါက်စိတ်သာ ဖြစ်၏။

ယောနိသောမနသိကာရရှိ၍ နှလုံးသွင်းကောင်းလျှင် ကုသိုလ်ဇော ဖြစ်၏၊ အယောနိသောမနသိကာရရှိ၍ နှလုံးသွင်းမကောင်းလျှင် အကုသိုလ်ဇော ဖြစ်၏။ ရဟန္တာ၌ဖြစ်လျှင် ကြိယာဇော ဖြစ်၏။

ကုသိုလ်ဇောတို့တွင်လည်း ရွှင်ရွှင်လန်းလန်းဖြစ်လျှင် သောမနဿ ဖြစ်၏။ လျစ်လျူရှုနေလျှင် ဥပေက္ခာဖြစ်၏။ ။ဉာဏ်ယှဉ်ဘို့အကြောင်းဆုံလျှင် ဉာဏသမ္ပယုတ် ဖြစ်၏၊ မဆုံလျှင် ဉာဏဝိပ္ပယုတ် ဖြစ်၏။ ။တိုက်တိုက်တွန်းတွန်း ဖြစ်ရလျှင် သသင်္ခါရိက ဖြစ်၏၊ မတိုက်မတွန်းရဘဲဖြစ်လျှင် အသင်္ခါရိက ဖြစ်၏။ ။အကုသိုလ်တို့တွင် သာယာဘွယ်ဟူရှုလျှင် လောဘဇော ဖြစ်၏။ ထိထိပါးပါး စော်စော်ကားကားရှုလျှင် ဒေါသဇောဖြစ်၏။ တွေတွေဝေဝေ ရှုလျှင် မောဟဇော ဖြစ်၏။ ဤသို့စသည်ဖြင့် ဝေဘန်စိစစ်ရာ၏။ ရထိုက်သမျှကို ပေါင်းရုံး၍ဆိုသဖြင့် ငါးဒွါရတို့တွင် ဒွါရတခုတခု၌ စိတ် ၄၆-ပါးဖြစ်သည်ဟု ဆိုရသည်။ ။သောတဒွါရ စသည်တို့၌လည်း သိလေ။

"ဝိထိမုတ္တရီ"ကျမ်း၌ သေချာစွာ ဧစစ်လျက် ရှိလေပြီ။

**(၁၃၉) ခြောက်ဆဲ့ခွန်သာ၊ မနောဒွါ၊ သန့်ျာစိတ်ရေရ။**

ဤကဗျာဖြင့် မနောဒွါရ၌ စိတ်ပေါင်း ၆၇-ပါးဖြစ်ကြောင်းကို ပြဆို၏။

**မနောဒွါရ၌ဖြစ်သောစိတ်များ။** ။မနောဒွါရာဝဇ္ဇန်း၊ တဒါရုံ-၁၁၊ ဇော ၅၅၊ ဤ ၆၇-ပါးသောစိတ်တို့သည် မနောဒွါရ၌ ဖြစ်သောကြောင့် မနောဒွါရိကစိတ် မည်ကုန်၏။ မနောဒွါရ၌ ရထိုက်သမျှ အလုံးစုံ သိမ်းကျုံး၍ ၆၇-ပါးဆိုသည်။ ဘုံ,ပုဂ္ဂိုလ်,အာရုံစသည်ဖြင့် စိစစ်ရာ သေး၏။ ။မနောဒွါရဝိထိကြေပြွန်မှ အလုံးစုံ ခွဲခြမ်းနိုင်ရာသည်။

**ဧကဒွါရိကစိတ်။** ။ပေါင်း၍ပြလတ္တံ့။ ဒွေပဉ္စဝိညာဏ်-၁၀၊ အပ္ပနာဇော-၂၆၊ ပေါင်း ၃၆-ပါးသော စိတ်တို့သည် အသီးအသီး တခုတခု သော ဒွါရ၌သာ ဖြစ်ကြသောကြောင့် ဧကဒွါရိကစိတ် မည်ကုန်၏။

**ပဉ္စဒွါရိကစိတ်။** ။မနောဓာတ် ၃-ခုသည် ငါးဒွါရ၌ဖြစ်၍ ပဉ္စဒွါရိကစိတ် မည်၏။

**ဆဒွါရိကစိတ်။** ။သောမနဿ သန္တီရဏ-၂၊ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော-၂၉။ ပေါင်း ၃၁-ပါးသော စိတ်တို့သည် ခြောက်ဒွါရ၌ အမြဲ ဖြစ်သောကြောင့် ဆဒွါရိကစိတ် မည်ကုန်၏။

**နေဝ ဒွါရိက န ဒွါရဝိမုတ္တစိတ်။** ။ဥပေက္ခာသန္တီရဏ-၂၊မဟာဝိပါက်-၈၊ပေါင်း ဆယ်ပါးသော စိတ်တို့သည် ပဋိသန္ဓိ,ဘဝင်, စုတိကိစ္စတပ်ခိုက် ခြောက်ဒွါရမှလွတ်၍ သန္တီရဏ,တဒါရုံကိစ္စတပ်ခိုက် ခြောက် ဒွါရ၌ ဖြစ်သောကြောင့် နေဝ ဒွါရိက န ဒွါရဝိမုတ္တစိတ် မည်ကုန်၏။

**ဒွါရဝိမုတ်စိတ်။** ။မဟဂ္ဂုတ်ဝိပါက် ၉-ခုတို့သည် အမြဲ ခြောက်ဒွါရမှ လွတ် သောကြောင့် ဒွါရဝိမုတ်စိတ် မည်ကုန်၏။ ဤအဓိပ္ပါယ်ကို ရှိညျ်—

(၁၄၀) တဒွါရရောက်၊ သုံးဆဲ့ခြောက်၊ ငါးရောက် မနောသုံး။

(၁၄၁) ခြောက်ဒွါရဖြမ်၊ သုံးဆဲ့တစ်၊ **လွတ်ဖြစ် တဆယ်နှုန်း။**

(၁၄၂) မဟဂ်ဝိပါ၊ကိုးခုမှာ၊ **ခြောက်ဒွါ လွတ်မြဲထုံး။**

ဟူ၍ဆိုပေသည်။

ကာမဘုံ၌ ဒွါရခြောက်ပါးကို အလုံးစုံ ရအပ်၏။

ရူပ ၁၅-ဘုံ၌ စက္ခု,သောတ,မနောဟူသော ဒွါရ ၃-ပါးကိုသာ ရအပ်၏။

အရူပလေးဘုံ၌ မနောဒွါရ ၁-ပါးကိုသာ ရအပ်၏။

အသညသတ်ဘုံ၌ ဒွါရဟူ၍ တပါးကိုမျှ မရအပ်။
စေတသိက်အတွက် အထူးဆိုဘွယ်မရှိပြီ။

"ဒွါရဘေဒေန စိတ္တ,စေတသိကာနံ သင်္ဂဟော ဒွါရသင်္ဂဟော"။ ဒွါရဘေ-ဒေန၊ ဒွါရအပြားအားဖြင့်။ စိတ္တ,စေတသိကာနံ၊ စိတ်,စေတသိက်တို့ကို။ သင်္ဂ-ဟော၊ ရေတွက်ကြောင်းဖြစ်သော နည်းသည်။ ဒွါရသင်္ဂဟော၊ ဒွါရသင်္ဂဟ မည်၏။

ဒွါရသင်္ဂဟ ပြီး၏။

---

## (သ) အာရမ္မဏသင်္ဂဟ

### (၁၄၃) ရူပ,သဒ္ဒါ၊ဂန္ဓာ,ရသ၊ ဖောဋ္ဌဗ္ဗ၊ဓမ္မ,ခြောက်အာရုံ။

ဤကဗျာဖြင့် အာရုံခြောက်ပါး သရုပ်ကို ပြဆို၏။ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟူ၍ အာရုံခြောက်ပါး ရှိ၏။

အာရမ္မဏ။ ။"စိတ္တစေတသိကာနိ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ"။ ဧတ္ထ၊ ဤအာရုံ ခြောက်ပါး၌။ စိတ္တစေတသိကာနိ၊ စိတ်စေတသိက်တို့သည်။ အာဂန္တွာ၊ လာ၍။ ရမန္တိ၊ မွေ့လျော်ကြကုန်၏။ ဣတိ တသ္မာ၊ ထိုသို့စိတ်စေတသိက်တို့၏ မွေ့လျော်ရာဖြစ်သောကြောင့်။ အာရမ္မဏံ၊ အာရမ္မဏမည်၏။ ဝါ၊ အာရုံမည်၏။

အမျိုးမျိုးသော သစ်ပင်ပန်းမန် ရေကန် ရေမြောင်း စမ်းချောင်းဝိုင်းလည် စိုပြည်ရိပ်အေး လမ်းသေးလမ်းမြှာ စသည်တို့ဖြင့် ပြည့်စုံ ဆန်းကြယ်သော ဥယျာဉ်သည် အမျိုးမျိုးသော လူအပေါင်းတို့၏ ပျော်မွေ့ရာဖြစ်သကဲ့သို့ အဆင်းအမျိုးမျိုး,အသံအမျိုးမျိုး,အနံ့အမျိုးမျိုး စသည်တို့ဖြင့် ပြွမ်း၍ ဆန်းကြယ်လှစွာသော အာရုံခြောက်ပါးသည်လည်း စိတ်စေတသိက်တို့၏ ပျော်ပါး ရွှင်မြူးရာကြီး ဖြစ်ပေ၏။ ဤအာရုံခြောက်ပါးရှိပေ၍ စိတ်စေတသိက်တို့ ပျော် ရွှင်ခွင့်ကိုရကြကုန်သည်။ စိတ်စေတသိက် ပျော်ရွှင်ကလည်း ထိုစိတ်စေတသိက် တို့ကိုပင် ငါ,ငါထင်မှတ်သော သတ္တဝါတို့သည်လည်း ပျော်ရွှင်ကြလေကုန်တော့ သည်။ ပျော်အောင် ရွှင်အောင် အတွင်ပြုလုပ်နေသော အာရုံခြောက်ပါးကြီး ရှိပေသည့်အတွက် သံသရာကြီးကို အမျိုးမျိုး ဇာတ်စုံခင်း၍ ပြပေသော ပွဲကြီး ထင်၍ အတွင်တပ်မက်လျက် ရှိနေကြရကုန်သည်။

အာလမ္ဗဏ။ ။"အာရမ္မဏ"ကို "အာလမ္ဗဏ"ဟူ၍လည်း ခေါ်ဆိုသေး၏။ ။ ဝိဂ္ဂဟ်ကား -

"စိတ္တစေတသိကေဟိ အာလမ္ဗိယတီတိ အာလမ္ဗဏံ"။

စိတ္တစေတသိကေဟိ၊ စိတ်စေတသိက်တို့သည်။ အာလမ္ဗိယတိ၊ မလွှတ်ရက်ဘဲ ဆွဲကိုင်မှီတွယ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာလမ္ဗဏံ၊ အာလမ္ဗဏ မည်၏။

[illegible]ားနည်းသော သူနာသူအို စသည်တို့သည် တောင်ဝှေးကြိုးတန်း စသည် ဖြစ[illegible] အားပြု၍ ကိုင်တွယ်အပ်ဘိသကဲ့သို့ စိတ်စေတသိက်တို့သည်လည်း အာ[illegible]ာက်ပါးကို အားကြီးပြု၍ ဆွဲကိုင်အပ်ကုန်သည်။

[illegible]နည်းသောသူသည် တောင်ဝှေးကြိုးတန်း စသည်များကို ကိုင်၍ သွားခြင်းလာခြင်းစသော အမှုများကို ပြုလုပ်ရဘိသကဲ့သို့ စိတ် စေတသိက်တို့ သည်လည်း အာရုံခြောက်ပါးကို ကိုင်ဆွဲမှီတွယ်၍ အမျိုးမျိုးသော အမှုများကို ပြုလုပ်[illegible]ကုန်သည်။ ထိုကြောင့် အာရုံခြောက်ပါးသည် စိတ်တည်းဟူသော အားနည်းသူ၏ ဆွဲရာ ကိုင်ရာ တောင်ဝှေးကြိုးတန်း စသည်များနှင့် တူ၏။ ဤကိုရည်၍—

(၁၄၄) **ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ် ခေါ်အာရုံ။**

ဟူ၍ဆိုပေသည်။

တနည်းကား—"အာလမ္ဗတီတိ အာလမ္ဗဏံ"။

အာလမ္ဗတိ၊ စိတ် စေတသိက်တို့ကို ဆွဲ၍ထားတတ်၏။ ဣတိတသ္မာ၊ ထို ကြောင့်။ အာလမ္ဗဏံ၊ အာလမ္ဗဏမည်၏။

ဤသို့ ကတ္တုသာဓန ဝိဂ္ဂဟ်ပြု၍ စိတ်စေတသိက်တို့ကသာလျှင် အာရုံကို ဆွဲကိုင်တတ်သည် မဟုတ်၊ အာရုံကလည်း စိတ်စေတသိက်တို့ကို ဆွဲငင်တတ် သေး၏။

အာရုံသည် (၁) သာမညအာရုံ (၂) အဓိပတိ အာရုံဟူ၍ ၂-ပါးရှိ၏။ အဓိပတိအာရုံမူကား—စိတ်ကိုလွှမ်းမိုး၍ အလိုရှိတိုင်း ဆွဲငင် မှီတွယ်လေသည်။ ဆွဲကိုင်ယူငင်ပုံမှာ ယူဇနာတရာတိုင်တိုင် ဝေးကွာသောအရပ်၌ရှိသော ပဘာ ဝတီ၏ ရူပါရုံသည် ကုသမင်း၏စိတ်ကို အတင်းကိုင်ဆွဲသဖြင့် ယူဇနာတရာ ခရီး ခဲကြီးကိုပင် တနေ့ခြင်းပေါက် အတင်းပြေး၍ ကုသမင်းကြီး လာရပုံစသည်များ ကို ထောက်ထားလေ။ ဝတ္ထုများစွာရှိ၏။

**အာရုံခြောက်ပါးတို့တွင်—**

ဝဏ္ဏာယတနခေါ်သော အဆင်းဓာတ်သည် ရူပါရုံမည်၏။

အသံဓာတ်သည် သဒ္ဒါရုံမည်၏။

အနုံ့ဓာတ်သည် ဂန္ဓာရုံမည်၏။

အရသာဓာတ်သည် ရသာရုံမည်၏။

ခက်မာမှု, နူးညံ့မှုဟုဆိုအပ်သော ပထဝီအတွေ့၊ ပူမှု, အေးမှုဟုဆိုအပ်သော တေဇောအတွေ့၊ တောင့်တင်းမှု, ပွရွလှုပ်ရှားမှုဟူသော ဝါယောအတွေ့၊ ဤအတွေ့ဓာတ် ၃-မျိုးသည် ဖောဋ္ဌဗ္ဗာရုံမည်၏။ (ပထဝီ, တေဇော, ဝါယော ၃-ပါးကို ပေါင်း၍ ဖောဋ္ဌဗ္ဗာရုံခေါ်သည်။ အာရုံ ၅-ပါးကို တရားကိုယ်ကောက်လျှင် ၇-ပါးရှိ၏။ ၎င်း ၇-ပါးကို ရုပ်ပိုင်း၌ ဝိသယရုပ်ဟု ဆိုလိမ့်မည်)။

**ဓမ္မာရုံ။** ။စိတ် ၈၉၊ စေတသိက် ၅၂၊ နိဗ္ဗာန်။ (ဆိုပြီးဝိသယရုပ် ၇-ပါးမှ ကြွင်းသော) ရုပ် ၂၁၊ အမျိုးမျိုးသောပညတ်။ ဤတရားငါးပါးသည် ဓမ္မာရုံမည်၏။ အာရုံငါးပါးမှ ကြွင်းသမျှ အလုံးစုံအကုန်လုံးကို ဓမ္မာရုံခေါ်သည်။ ဤကိုရည်၍—

(၁၄၅) စိတ်, စေတသိက်၊ နိဗ်, ရုပ်, အကြွင်း၊ ပညတ်အများ၊ ဤငါးပါး မှတ်သားဓမ္မာရုံ။

ဟူ၍ဆိုလေသည်။

(အဘိဓမ္မတ္ထသင်္ဂြိုဟ်၌ ပသာဒရုပ်, သုခုမရုပ် ၂-ပါးခွဲ၍ ဓမ္မာရုံ ၆-ပါးဟု ဆိုလေသည်။ ဤကား အာရုံငါးပါးမှကြွင်းသော ရုပ်အစုကို တခုတည်းထား၍ ဓမ္မာရုံငါးပါးသာ ရှိချေသည်။)

**တေကာလိက။** ။စိတ်, စေတသိက်, ရုပ်ဟူ၍ ဆိုအပ်သော ပရမတ္ထတရား ၃-ပါးတို့သည် ဖြစ်လတ္တံ့, ဖြစ်ဆဲ, ဖြစ်ပြီးဟူ၍ ကာလသုံးပါးနှင့် ယှဉ်သောကြောင့် တေကာလိက မည်ကုန်၏။ "တိကာလေ နိယုတ္တာတိ တေကာလိကာ"။ တိကာလေ၊ ကာလသုံးပါး၌။ နိယုတ္တာ၊ ယှဉ်ကုန်သည်တို့တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ တေကာလိကာ၊ တေကာလိကတို့မည်ကုန်၏။

ယခုမူကား မဖြစ်လာသေး၊ နောင်ဖြစ်လာလတ္တံ့သည်ကို "အနာဂတ" (အနာဂတ်)ခေါ်၏။ "န အာဂတန္တိ အနာဂတံ"။ န အာဂတံ၊ မဖြစ်လာသေး။ ဣတိတသ္မာ၊ ထိုကြောင့်။ အနာဂတံ၊ အနာဂတ်မည်၏။

ဥပါဒ်ခြင်းသို့ ရောက်၍ဖြစ်ဆဲကို "ပစ္စုပ္ပန္န" ပစ္စုပ္ပန်ခေါ်၏။ "ပဋိစ္စ ဥပ္ပန္နံ ဝတ္တမာနန္တိ ပစ္စုပ္ပန္နံ"။ ပဋိစ္စ၊ စွဲ၍။ ဥပ္ပန္နံ ဝတ္တမာနံ၊ ဖြစ်ဆဲတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်မည်၏။

ဖြစ်ပြီးချုပ်လေသည် လွန်လေသည်ကို "အတီတ" (အတိတ်) ခေါ်၏။ "အတိက္ကန္တဘာဝံ ဣတန္တိ အတီတံ"။ အတိက္ကန္တဘာဝံ၊ လွန်ဆုံးလေသည်၏

အဖြစ်သို့။ ဣတံ၊ ရောက်လေသည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အတီတံ၊ အတိတ်မည်၏။

အမြွက်မျှဆိုဦးအံ့ —ပွဲပြင်မှုကြောင့်ဖြစ်ရ၍ သင်္ခတမည်သောစိတ်, စေတသိက်,ရုပ်တရားတို့သည် အနာဂတ်အဖြစ်လျှင် ရှေ့သွား ရှိကြကုန်၏။အကြင်အခါ ညီညွတ်သောအကြောင်းကို ရ၏၊ ထိုအခါ ဖြစ်ပေါ် လတ္တံ့ဟူ၍ ဆိုရသောအဘို့၌ တည်ကြကုန်၏၊ ဖြစ်ပေါ် လိမ့်မည်ဟူသော အနေနှင့် တည်နေသော ဖြစ်ပေါ် ရန်ကိုသာ မြော်လင့်ငံ့စား၍နေသော တရားစုသည် အနာဂတ်မည်၏။ (အနာဂတ် ရှေးဦးစွာရှိမြဲ၊ နောက်မှ ပစ္စုပ္ပန်သို့ရောက်ရသည်)။ အကြင်အခါ ညီညွတ်သော အကြောင်းကံ ရ၏။ ထိုအခါ ဥပါဒ်ဖြစ်ပေါ် ၍လာ၏။ ဥပါဒ်ဖြစ်ပေါ် ဆဲ, တည်ရှိဆဲဖြစ်သောတရားစုသည် ပစ္စုပ္ပန်မည်၏။(ပစ္စုပ္ပန်ပြီးမှ အတိတ်သို့ရောက်သည်)။ အကြင်အခါ ချုပ်ဆုံးကြကုန်၏။ ထိုအခါ အတိတ်မည်ကြကုန်၏။ ထိုကြောင့် အနာဂတ်, ပစ္စုပ္ပန်, အတိတ်ဟူ၍ အစဉ်ထားရာ၏။ ထိုသို့ သင်္ခတဓမ္မတို့၏ ကာလသုံးပါး၌ ယှဉ်သောကြောင့် တေကာလိကဟူ၍ ၎င်းတရားတို့ကို ခေါ်ဝေါ်ရလေသည်။ ကဗျာကား—

"တေကာလိက၊ သင်္ခတ၊ ရုပ, စေ, စိတ် ကုန်"

**ကာလဝိမုတ်။** ။ဖြစ်ပေါ်ခြင်းအလေ့ရှိကုန်သော သင်္ခတဓမ္မတို့ကိုသာလျှင် ဖြစ်ပေါ်မှုကို အစွဲပြု၍ တေကာလိကဟူ၍ ခေါ်ဝေါ်ရလေသည်။ ဖြစ်ပေါ်မှုမှကင်းကုန်သော နိဗ္ဗာန်နှင့် ပညတ်တို့မှာမူကား ဖြစ်ပေါ်ခြင်းသဘောမှ ကင်း၍ အကြောင်းညီညွတ်လျှင် ဖြစ်လိမ့်မည်ဟူသော အနာဂတ်အဘို့ကိုလည်း မရကုန်၊ အနာဂတ်ကိုမရလျှင်လည်း ဖြစ်ဆဲပစ္စုပ္ပန်, ဖြစ်ပြီးအတိတ်အဘို့များကို ရနိုင်ရန် ဝေးလှ၏၊ ထိုကြောင့် နိဗ္ဗာန်နှင့် ပညတ်တို့သည် ကာလသုံးပါးမှ လွတ်ကုန်၏။ ထိုသို့ လွတ်ကုန်သောကြောင့် ပင်လျှင် ကာလဝိမုတ်မည်ကြလေကုန်သည်။ ဤကိုရည်၍—

(၁၄၆) နိဗ္ဗာန်, ပညတ်၊နှစ်ရပ် ဓမ္မ၊ဖြစ် ကင်းပ၊ကာလဝိမုတ် ကြ။

ဟူ၍ဆိုပေသည်။

ဤမည်သောစိတ်သည် ဤမည်သောအာရုံကို အာရုံပြု၏ဟု ဆိုအပ်လတ္တံ့။

**ပစ္စုပ္ပန်ကေန် ရုပ်ကေန် တရားသက်သက်ကို အာရုံပြုသောစိတ် ၁၃-ပါး**

(၁၄၇) ပဉ္စဝိညာဏ်၊ကိုယ်စီရုံ၊ငါးတန်ရှုပါဒီ။

(၁၄၈) မနောဓာတ်၊ငါး အာရုံ၊နှစ်စုံ ဆဲ့ သုံးရှိ။

(၁၄၉) ပစ္စုပ် ကေန်၊ရုပ်ကေန်၊အမှန် တွေးယူညီ။

ဤကဗျာဖြင့် ပစ္စုပ္ပန်ရုပ်တရားသက်သက်ကို အာရုံပြုသောစိတ် ၁၃-ပါးကို ပြဆို၏။

(၁) စက္ခုဝိညာဏ်ဒွေးသည် စက္ခုဒွါရ၌ ထင်လာ ထိခိုက် လာသော ထင်ရှားရှိဆဲဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။

(၂) သောတဝိညာဏ်ဒွေးသည် သောတဒွါရ၌ထင်လာ ထိခိုက်လာသော ထင်ရှားရှိဆဲဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။

(၃) ဃာနဝိညာဏ်ဒွေးသည် ဃာနဒွါရ၌ ထင်လာထိခိုက်လာသော ထင်ရှားရှိဆဲဖြစ်သော ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြု၏။

(၄) ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဒွါရ၌ ထင်လာထိခိုက်လာသော ထင်ရှားရှိဆဲဖြစ်သော ပစ္စုပ္ပန်ရသာရုံကိုသာ အာရုံပြု၏။

(၅) ကာယဝိညာဏ်ဒွေးသည် ကာယဒွါရ၌ ထင်လာ ထိခိုက် လာသော ထင်ရှား ရှိဆဲဖြစ်သော ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။ (ပဉ္စ ဝိညာဏ် အာရုံပြုပုံ)။

(၆) မနောဓာတ် ၃-ခုသည် ငါးဒွါရ၌ ဖြစ်ခွင့်ရရှိသဖြင့် ထိုငါးဒွါရ၌ ထင်လာ ထိခိုက်လာသော ထင်ရှားရှိဆဲ ဖြစ်သော ရူပါရုံစသော အာရုံငါးပါးကို အာရုံပြု၏။

ဤဒွေးပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ပေါင်း ၁၃-ပါးသော စိတ်တို့သည် ပစ္စုပ္ပန်ကို ကေန် အာရုံပြုကြကုန်၏၊ ရူပါရုံစသော အာရုံငါးပါးသည် ရုပ်တရားဖြစ်၍ ရုပ်ကို ကေန်အာရုံပြုကုန်သည်လည်း ဟုတ်၏။ ထို ၁၃-ပါးသောစိတ်တို့သည် ပဉ္စဒွါရ၌ ဝတ္ထုအာရုံတို့၏ ထိခိုက်မှုကြောင့် ဖြစ်ပေါ်ရသော ထင်လာ ထိခိုက်လာသော လက်ငင်းပစ္စုပ္ပန် အာရုံကိုသာ အာရုံပြုနိုင်သည်၊ အနာဂတ် အာရုံ, အတိတ်အာရုံများကို အာရုံမပြုနိုင်။ ပစ္စုပ္ပန်ကေန်, ရုပ်ကေန် သက်သက်ကိုသာ ဤ၌ဆိုသည်။

**ပစ္စုပ္ပန်ရုပ်တရားတို့ကို အနေကန်အားဖြင့် အာရုံပြုသောစိတ် ၅၄-ပါး**

အနေကန်အားဖြင့် မူကား (၁) စက္ခုဒွါရ၌ ဖြစ်သော စိတ် ၄၆-သည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၏၊ (၂) သောတဒွါရ၌ ဖြစ်သော စိတ် ၄၆-သည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။ပ။ကာယဒွါရ၌ ဖြစ်သောစိတ် ၄၆-သည် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။ထို့ကြောင့် ပဉ္စဒွါရ၌ ဖြစ်သော ပဉ္စဒွါရိကစိတ် ၅၄-ပါးတို့သည် ပစ္စုပ္ပန်ကို အာရုံပြုကြကုန်၏။ ရုပ်ကို အာရုံပြုကုန်၏ ဟု မှတ်ရာ၏။ ကဗျာကား—

"ပဉ္စဒွါရိက၊ အာရုံရ၊ ရူပ,ပစ္စုပ္ပန်"။

## အနေကန်အားဖြင့် ကာလသုံးပါး အာရုံခြောက်ပါးကို အာရုံပြုသောစိတ် ၆၇-ပါး

မနောဒွါရ၌ဖြစ်သောစိတ် ၆၇-ပါးတို့သည်မူကား အနေကန်အားဖြင့် ကာလသုံးပါး၌ အာရုံခြောက်ပါးကို အာရုံပြုကြကုန်၏။ (ဝီထိမုတ္တရိုး၌ကျယ်စွာဆိုပြီ)။

## ကာမတရားကို ကေန် အာရုံပြုသောစိတ် ၂၅-ပါး။

(၁၅၀) တဒါ,ဟသ၊ဆဲ့နှစ်၀၊ကာမကိုသာသိ။

ဤကဗျာဖြင့် ကာမကို အာရုံပြုသောစိတ်ကို ပြဆို၏။

တဒါရုံ-၁၁၊ ဟသိတုပ္ပါဒ်စိတ် ၁- ဤ ၁၂-ပါးသောစိတ်တို့သည် ကာမအာရုံကို ကေန်အာရုံပြုကုန်၏။ ဤ ၁၂-ပါးသာလျှင် ကာမကို ကေန် အာရုံပြုသည် မဟုတ်၊ ဆိုပြီးသော ဒွေးပဉ္စဝိညာဏ် ၁၀-နှင့် မနောဓာတ် ၃-ခု တို့သည်လည်း ကာမကိုပင် ကေန်အာရုံပြုကုန်သည်၊ ထိုကြောင့် ကာမကို ကေန်အာရုံပြုသော စိတ်ပေါင်း ၂၅-ပါး ရှိ၏ဟု မှတ်ရာ၏။

**ကာမအာရုံ**ဆိုသည်ကား ရုပ် ၂၈-ခု၊ ကာမစိတ် ၅၄၊ ၎င်း၌ယှဉ်သော စေတသိက် ၅၂-ပါးတို့တည်း။ ၎င်းကာမ တရားစုကို ပရိတ္တ ဟူ၍လည်း ဘုရား ဟောတော်မူ၏။

"ပရိတ္တာရမ္မဏာ ဓမ္မာ၊ မဟဂ္ဂတာရမ္မဏာ ဓမ္မာ၊ အပ္ပမာဏာရမ္မဏာ ဓမ္မာ" (ဓမ္မသင်္ဂဏီ)

ကာမကို အာရုံပြုသော ၂၅-ပါးသော စိတ်တို့သည် အထူးအထွေ ကြံစည်ခြင်း ဝိကပ္ပသတ္တိမှ ကင်းဆိတ်ကုန်သောကြောင့် ပဋိသန္ဓိကိစ္စ, ဘဝင်ကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဒဿနကိစ္စ စသော ကိစ္စအမျိုးမျိုးနှင့် ဖြစ်ကြ ကုန်သော်လည်း ကာမကိုသာ အာရုံပြုကြရကုန်သည်၊ မြတ်စွာဘုရားကြီး၏ သန္တာန်မှာပင် ဖြစ်ကြကုန်သော်လည်း ဝိကပ္ပသတ္တိ မဲ့သည့်အတွက် ထင်ရှားမရှိသော ပညတ်အာရုံ၊ သိမ်မွေ့သော မဟဂ္ဂုတ်အာရုံ၊ နက်နဲသော လောကုတ္တရာ အာရုံများကို အာရုံမပြုနိုင်ကြကုန်။

ဤနေရာ၌ ဆိုဖွယ်အထူးကို ဆိုဦးအံ့—(အာရုံ ၄-ပါး၊ ၆-ပါး)

အာရုံသည် ကာမအာရုံ, မဟဂ္ဂုတ်အာရုံ, လောကုတ္တရာအာရုံ, ပညတ် အာရုံဟူ၍ ၄-ပါးရှိ၏။

ထိုတွင် ရုပ် ၂၈၊ ကာမစိတ် ၅၄၊ ၎င်း၌ယှဉ်သော စေတသိက် ၅၂-သည် ကာမအာရုံမည်၏။

မဟဂ္ဂုတ်စိတ် ၂၇၊ ၎င်း၌ယှဉ်သောစေတသိက် ၃၅-သည် မဟဂ္ဂုတ် အာရုံမည်၏။

လောကုတ္တရာစိတ် ၄၀၊ ၎င်း၌ယှဉ်သော စေတသိက် ၃၆၊ နိဗ္ဗာန်၊ ဤတရားစုသည် လောကုတ္တရာအာရုံမည်၏။

တနည်းကား—မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာတရား ၉-ပါးသည် လောကုတ္တရာအာရုံမည်၏။

အလုံးစုံသော ယောကျ်ား, မိန်းမ, ပုံသဏ္ဌာန်, တော, တောင်, ရေ, မြေ, နေ, လ နက္ခတ်, ပထဝီကသိုဏ်း, အာပေါကသိုဏ်း, ကောင်းကင် စသော ပရမတ္ထအားဖြင့် ထင်ရှားမရှိဘဲ ခေါ်ဝေါ် သမုတ်၍ထားအပ်သော ပညတ်တရားဟူသမျှသည် ပညတ်အာရုံမည်၏။

ကာမအာရုံတွင်း၌ အာရုံခြောက်ပါးစုံ ရှိ၏။

မဟဂ္ဂုတ်အာရုံ, လောကုတ္တရာအာရုံ, ပညတ်အာရုံတို့ကား ဓမ္မာရုံတို့သာတည်း။

ထိုပြင် စိတ်, စေတသိက်, ရုပ်တရားစုတို့သည် တေကာလိကအာရုံမည်၏။

နိဗ္ဗာန်နှင့်ပညတ်သည် ကာလဝိမုတ်အာရုံ မည်၏။

ဤသို့ ခွဲခြမ်းနည်းကိုသိမှ ကာမကိုအာရုံပြုသည် မဟဂ္ဂုတ်ကိုအာရုံပြုသည် စသောစကားရပ်တို့ကို သိနိုင်မည်။

**လောကုတ္တရာတရား ၉-ပါးကိုကြဉ်၍ တေကာလိက, ကာလဝိမုတ်အာရုံ အားလုံးကို အာရုံပြုနိုင်သောစိတ် ၂၀-ပါး**

**(၁၅၁) အကုသဲ့နှစ်၊ ရှစ်ဝိပ္ပယုတ်၊ ကု, ကြိ ထုတ်၊ လောကုတ်ကြဉ်၍သိ။**

ဤကဗျာဖြင့် လောကုတ္တရာတရား ၉-ပါးကိုကြဉ်၍ ကြွင်း အလုံးစုံကို အကုန်အာရုံပြုနိုင်သောစိတ်ပေါင်း ၂၀-ကို ပြဆို၏။

အကုသိုလ်စိတ်-၁၂၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်-၄၊ မဟာကြိယာဉာဏဝိပ္ပယုတ်-၄။ ပေါင်း ၂၀-သောစိတ်တို့သည် လောကုတ္တရာအာရုံကို ချန်လှပ်၍ အလုံးစုံ အာရုံခြောက်ပါးကို အာရုံပြုနိုင်ကုန်၏၊ ကာမကိုလည်း အာရုံပြုနိုင်၏၊ မဟဂ္ဂုတ်ကိုလည်း အာရုံပြုနိုင်၏၊ ပညတ်ကိုလည်း အာရုံပြုနိုင်၏၊ တေကာလိကကိုလည်း အာရုံပြုနိုင်၏၊ ကာလဝိမုတ်ကိုလည်း အာရုံပြုနိုင်၏ ဟူလို။

လောကုတ္တရာတရားတို့သည် လွန်စွာ နက်နဲကုန်၏။ နက်နဲထူးမြတ်သော ဉာဏ်၏ ကျက်စားရာ ဖြစ်၏။ ထို့ကြောင့် ဉာဏ်နှင့် ကွာဝေးသော အကုသိုလ်

စိတ် ဉာဏဝိပ္ပယုတ် ကုသိုလ်,ကြိယာစိတ်တို့သည် ထိုလောကုတ္တရာကို အာရုံပြုခြင်းငှါ မတတ်နိုင်လေကုန်သတည်း။ ထိုစိတ် ၂၀-တို့သည် မဟဂ္ဂုတ်ကို အာရုံပြုကုန်၏ ဆိုသော်လည်း အခြားသော ပုဂ္ဂိုလ်သန္တာန်၌ဖြစ်ခိုက် အာရုံပြုသည် မဟုတ်၊ ဈာန်ကိုရသော ဈာနလာဘီတို့၏ သန္တာန်မှာ ဖြစ်ကုန်မှသာလျှင် မဟဂ္ဂုတ်ကို အာရုံပြုနိုင်ကုန်သည်၊ ဈာန်ရပြီးသော ပုဂ္ဂိုလ်တို့သည် ဈာန်မှ လျှောကျလေ၍ နှလုံးမသာမယာ ဖြစ်သောအခါ၌ ဒေါသမူစိတ်သည် ဈာန်တည်းဟူသော မဟဂ္ဂုတ်ကို အာရုံပြုသည်။

## အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်ကြဉ်၍ ကြွင်းသော အာရုံအလုံးစုံကို အာရုံပြုနိုင်သောစိတ် ၅-ပါး

**(၁၅၂) ကာမ-ကုဥာဏ်၊ကုဘိညာဏ်၊ငါးတန် စိတ်မနီ။**
**(၁၅၃) ရဟတ်မဂ်ဖိုလ်၊ကြဉ်စေလို၊ကြွင်းကို အကုန်သိ။**

ဤကဗျာဖြင့် အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်ကိုသာ ကြဉ်၍ ကြွင်းသော အာရုံဟူသမျှကို အကုန် အာရုံပြုနိုင်သောစိတ် ၅-ခုကို ပြဆို၏။ ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ် ၄၊ အဘိညာဏ် ကိစ္စတပ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန် ၁၊ ပေါင်း ငါးပါးတို့သည် ပုထုဇ္ဇန်ပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ်တို့၌သာ ဖြစ်ကုန်သဖြင့် မိမိတို့နှင့် မဆိုင်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်များကို ကြဉ်ရလေသည်။ ထိုကြောင့် အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်ကို ကြဉ်ရလေသည်။ ကြွင်းသော အာရုံတို့မှုကား တခုမကျန် အလုံးစုံ အာရုံပြုနိုင်ကြကုန်၏။ အရဟတ္တမဂ်, အရဟတ္တဖိုလ်တို့သည် ရဟန္တာတို့၏ အရာသာ ဖြစ်ကုန်၏။ ကြွင်း အလုံးစုံကို အာရုံပြုသည် ဆိုသော်လည်း ပြုချင်တိုင်းပြုသည်မဟုတ်၊ထိုက်သည်အားလျော်စွာ ယထာရဟ အာရုံပြုပေသည်။

## ယထာရဟ ဝေဖန်ပုံ

မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခုသည် ဈာန်မရသော ပုထုဇ္ဇန်ပုဂ္ဂိုလ်၏ သန္တာန်မှာဖြစ်လျှင် ပညတ်အာရုံနှင့် ကာမအာရုံကိုသာ အာရုံပြုနိုင်၏။ မိမိတို့နှင့်မဆိုင်သော မဟဂ္ဂုတ်, လောကုတ္တရာများကို အာရုံမပြုနိုင်။ ဆိုပြီး ကုသိုလ်သမ္ပယုတ် ၄-ခုနှင့် ကုသိုလ် အဘိညာဏ်တို့သည် ဈာန်ရသော ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့ သန္တာန်မှာ ဖြစ်လျှင် ကာမ,ပညတ်,မဟဂ္ဂုတ်များကို အာရုံပြုနိုင်သည်။ လောကုတ္တရာကို အာရုံမပြုနိုင်သေး။ ကုသိုလ်သမ္ပယုတ် ၄-ခုသည် မဂ္ဂဝီထိ၌ သောတာပတ္တိမဂ်၏ ရှေ့ဂေါတြဘု ကိစ္စတပ်လျှင် ပုထုဇ္ဇန်၌ဖြစ်သော်လည်း နိဗ္ဗာန်ကို အာရုံပြုနိုင်၏။

ဆိုပြီးစိတ် ၅-ခုသည် သောတာပန်၌ ဖြစ်လျှင် ကာမ, ပညတ်, မဟဂ္ဂုတ်, နိဗ္ဗာန်, သောတာပတ္တိမဂ်, ၎င်းဖိုလ်များကို အာရုံပြုနိုင်သည်။ အထက်မဂ်ဖိုလ်များကို အာရုံမပြုနိုင်သေး။

သကဒါဂါမ်၌ ဖြစ်လျှင် ကာမ, ပညတ်, မဟဂ္ဂုတ်,နိဗ္ဗာန်,သောတာပတ္တိမဂ်, ၎င်းဖိုလ်, သကဒါဂါမိမဂ်, ၎င်းဖိုလ်များကို အာရုံပြုနိုင်သည်။ အထက်မဂ်ဖိုလ်ကို အာရုံမပြုနိုင်သေး။

အနာဂါမ်၌ဖြစ်လျှင် ကာမ, ပညတ်,မဟဂ္ဂုတ်, နိဗ္ဗာန်, သောတာပတ္တိမဂ်, ၎င်းဖိုလ်, သကဒါဂါမိမဂ်, ၎င်းဖိုလ်, အနာဂါမိမဂ်, ၎င်းဖိုလ်များကို အာရုံပြုနိုင်သည်။

ထိုသောတာပန်, သကဒါဂါမ်, အနာဂါမ်တို့သည် ဈာန်ကို မရကြလျှင် မဟဂ္ဂုတ်ကို အာရုံမပြုနိုင်ကြကုန်။

အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့ရရှိပြီးသောအောက်မဂ်,အောက်ဖိုလ်တို့ကိုသာ အာရုံပြုနိုင်ကုန်ဘိသကဲ့သို့ ဈာနလာဘီပုဂ္ဂိုလ်တို့သည်လည်း မိမိတို့ ရရှိပြီးသော အောက်အောက်ဈာန်တို့ကိုသာ အာရုံပြုနိုင်ကုန်သည်။အထက်အထက် မရသေးသော ဈာန်တို့ကိုမူကား အာရုံမပြုနိုင်ဟု မှတ်ရာ၏။ ဤကား ယထာရဟ ဝေဖန်ပုံတည်း။

ဤအရာ၌ ပုစ္ဆာဝိသဇ္ဇနာကို အမြွက်မျှ ပြဆိုဦးအံ့— အကြင်သူတို့သည် ဈာန်တရားတို့ကို တောင့်တကြကုန်၏၊ ဈာန်၏ ပရိကံအလုပ်များကိုလည်း လုပ်ဆောင်ကြကုန်၏၊ ဈာန်နှင့် စပ်လျဉ်း၍ ဟောတော်မူအပ်သော သုတ္တန်တို့ကိုလည်း ဖွင့်ဆိုရေးသားကြကုန်၏၊ ထိုသူတို့သည် ဈာန်ကိုမူကား မရကြလေကုန်။ ထိုသူတို့သည် မဟဂ္ဂုတ်ဈာန်တရားတို့ကို စင်စစ် အာရုံပြုနိုင်ပါသလော၊ သို့မဟုတ် အာရုံ မပြုနိုင်ပါသလော။ (ဤကား အမေး)

ထိုသူတို့သည် စင်စစ် မဟဂ္ဂုတ်ဈာန်ကို အာရုံ မပြုနိုင်ကြကုန်ဟု ဖြေပေ။ ထိုစကားမှန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ဈာန်မည်သည် ဤမျှလောက်ပင် အာနုဘော် ရှိ၏၊ ဤမျှလောက်ပင် အကျိုးအာနိသံသရှိ၏၊ ဤသို့စသည်ဖြင့် ကြား၍သော်၎င်း, ကျမ်းဂန်၌ တွေ့ဘူး၍သော်၎င်း, အခြင်းအရာကို မှတ်သားတတ်သော ဉာဏ်ဖြင့် ဈာန်ကို တောင့်တကြကုန်၏၊ ဈာန်၏ ပရိကံကို ပြုကြကုန်၏၊ ဈာန်နှင့် စပ်သော ကျမ်းဂန်ကို ရေးသားကြကုန်၏၊ ဈာန်နှင့်စပ်သော စကားကို ပြောကြားကြကုန်သည်။ ထိုသူတို့၏ ဉာဏ်သည် ဈာန်၏ ပညတ်ဂုဏ်ကိုသာ မှီနိုင်၏၊ စင်စစ် ဈာန်ကို ရဘူးသော သူတို့ကဲ့သို့ ဈာန်၏ သဘောရင်းသို့ မမှီနိုင်၊ မထိနိုင်။ လောကုတ္တရာ၌လည်း ဤနည်းတူ သိလေ။

## အာရုံဟူသမျှကို အာရုံပြုနိုင်သော စိတ် ၆-ပါး

(၁၅၄) ကာမကြိယာဉာဏ်၊ ကြိယာအဘိညာဏ်၊ ဝုဋ္ဌောနှင့်မနော-သိ။
(၁၅၅) ခပ်သိမ်းအာရုံ၊ အလုံးစုံ၊ အကုန်ပြုလေဘိ။

ဤကဗျာဖြင့် ရှိရှိသမျှ အာရုံဟူသရွေ့၌ သိမ်းကျုံး၍ အားလုံးကုန် အာရုံပြုနိုင်သော စိတ် ၆-ခုကို ပြဆို၏။

ကာမကြိယာဉာဏသမ္ပယုတ်လေးခု၊ ကြိယာအဘိညာဏ် ၁၊ ဤငါးပါးသော စိတ်တို့သည် ဘုရားရဟန္တာတို့၏ သန္တာန်မှာ ဖြစ်သောကြောင့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်နှင့်တကွ ရှိသမျှအလုံးစုံကို အာရုံပြုနိုင်၏။ ထိုဇောစိတ်တို့က အလုံးစုံကို အာရုံပြုပြီးလျှင် ထိုစိတ်၏ ပုရေစာရိက ရှေ့တော်ပြေး ရှေ့သွားဖြစ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည်လည်း အလုံးစုံကိုအာရုံပြုရလေတော့၏။ ထို့ကြောင့် ဆိုခဲ့ပြီးသော စိတ်ခြောက်ပါးတို့သည် အလုံးစုံ အာရုံပြုသည်ဟု ဆိုရလေသည်။

အလုံးစုံ အာရုံပြုနိုင်၏ဆိုသော စကားသည် သဗ္ဗညုမည်သော မြတ်စွာ ဘုရားကြီးတို့၏သန္တာန်မှာ ဖြစ်ခိုက်တို့ကို ရည်၍ဆိုသည်။ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ သန္တာန်၌ ဖြစ်ရလျှင် အလုံးစုံ အကြွင်းမဲ့ အာရုံကို ပြုနိုင်ကြကုန်မည် မဟုတ်ကုန်၊ ထိုစကားမှန်၏၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့သည် ပထဝီဓာတ်လုံး၏ အလုံးစုံသော အခြင်းအရာကိုပင် ကုန်စင်အောင် မသိနိုင်ကြကုန်၊ ဉာဏ်အားလျော်စွာ တစိတ်တဒေသကို အာရုံပြုနိုင်ကုန်သည်။ ထို့ကြောင့် ထိုပစ္စေကဗုဒ္ဓါသာဝကတို့သန္တာန်မှာ ဖြစ်ရကုန်လျှင် ပဒေသသဗ္ဗာရမ္မဏ မည်ကုန်လိမ့်မည်။ ထို့ပြင် ပုဂ္ဂိုလ်အား လျော်စွာလည်း ဝေဖန်ရာ၏၊ ဈာန်မရသော သုက္ခဝိပဿကရဟန္တာ၏ မဟာကြိယာဉာဏသမ္ပယုတ် မနောဒွါရာဝဇ္ဇန်းတို့မူကား မဟဂ္ဂုတ်ဈာန်ကို အာရုံမပြုနိုင်စသည်ဖြင့် ဝေဖန်လေ။

## ပညတ်ကို ကေန်အာရုံပြုသော စိတ် ၂၁-ပါး

(၁၅၆) အဘိညာကြဉ်မှု၊ ဆယ့်ငါးယူ၊ အရူ-ပ,တ,သိ။
(၁၅၇) ပညတ်-ကေစ်၊ နှစ်ဆဲ့တစ်၊ စင်စစ် အမှန်သိ။

ဤကဗျာဖြင့် ပညတ်ကို ကေန်အာရုံပြုသောစိတ် ၂၁-ပါးကို ပြဆို၏။ အဘိ-ညာဏ်ဒွေးကြဉ်သော ရူပစိတ် ၁၅၊ အရူပါဝစရ ပထမဖြစ်သော အာကာသာနဉ္စာယတနစိတ် သုံးခု၊ ၎င်း တတိယဖြစ်သော အာကိဉ္စညာယတနစိတ် သုံးခု၊ ဤ ၂၁-ပါးသော စိတ်တို့သည် ပညတ်ကို ကေန် အာရုံပြုကြကုန်၏။

ရူပကုသိုလ်, ကြိယာ ပဉ္စမဈာန် ၂-ခုကို အဘိညာဏ်ဒွေး ခေါ်သည်၊ ရူပ ကုသိုလ်, ကြိယာပဉ္စမဈာန်တိုင်း အဘိညာဏ်ကိစ္စတပ်သည် မဟုတ်၊ ဝသီဘော် အတန်တန်ဖြင့် ထက်သန်ကြီးမားစွာ ပွါးများအားထုတ်နိုင်ပါမှ အဘိညာဏ်ကိစ္စ

တပ်နိုင်ချေသည်။ သာမည ပကတိ ပဥ္စမဈာန်ကား တခြား၊ အဘိညာဏ်ကိစ္စ တပ်သော ပဥ္စမဈာန်ကား တခြားတည်း။ အဘိညာဏ်ကိစ္စတပ်သော ပဥ္စမဈာန်သည်မူကား ထက်သန်ကြီးမားသော အစွမ်းသတ္တိ ရှိသဖြင့် သာမည ပကတိ ပဥ္စမဈာန်ကဲ့သို့ ပညတ်ကိုသာ အာရုံပြုနိုင်သည်မဟုတ်။ အာရုံအမျိုးမျိုးကို အာရုံပြုနိုင်လေသည်။ အဘိညာဏ်ဒွေး၏ အာရုံကို အောက်၌ ပြဆိုခဲ့ပြီ။ ဤအရာ၌မူကား ပကတိသာမည ပဥ္စမဈာန်ကိုသာ လိုအပ်သောကြောင့် အဘိညာဏ်ကိစ္စတပ်သော ပဥ္စမဈာန်ကို ကြဉ်ရလေသည်။

ဆိုပြီးသောစိတ် ၂၁-ပါးတို့သည် ပညတ်ကို အာရုံပြု၏ ဆိုသော်လည်း ယံဝါတံဝါ တွေ့ရာရာသော ပညတ်များကို အာရုံပြုသည် မဟုတ်၊ သမထ ဘာဝနာနှင့်ဆိုင်သော ပညတ်နိမိတ်များကိုသာ အသီးအသီး အာရုံပြုကြလေကုန်သည်။

ဝေဖန်၍ ပြဦးအံ့—

ရူပါဝစရ ပထမဈာန် ၃-ခုသည် ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး။ ကာယဂတာသတိ၊ အာနာပါနဿတိ၊ မေတ္တာ, ကရုဏာ, မုဒိတာ ဟု ဆိုအပ်သော ဗြဟ္မဝိဟာရ ၃-ပါး၊ ဤ ၂၅-ပါးသော နိမိတ်ပညတ်တို့ကိုသာ အာရုံပြုကုန်၏။

ဒုတိယဈာန်-၃၊ တတိယဈာန်-၃၊ စတုတ္ထဈာန်-၃၊ ဤ ၉-ပါးသောစိတ်တို့သည် ကသိုဏ်း ၁၀-ပါး၊ အာနာပါနဿတိ။ ဆိုပြီး ဗြဟ္မဝိဟာရ ၃-ပါး၊ ဤ ၁၄-ပါးသော နိမိတ်ပညတ်တို့ကိုသာ အာရုံပြုကုန်၏။

ပဥ္စမဈာန် ၃-ခုသည် ကသိုဏ်း ၁၀-ပါး၊ အာနာပါနဿတိ၊ ဥပေက္ခာ ဗြဟ္မဝိဟာရ။ ဤ ၁၂-ပါးသော နိမိတ်အာရုံတို့ကိုသာ အာရုံပြုကုန်၏။

အာကာသာနဉ္စာယတနစိတ် ၃-ခုသည် ကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်တခုကိုသာ အာရုံပြု၏။

အာကိဉ္စညာယတနစိတ် ၃-ခုသည် အာကာသာနဉ္စာယတနစိတ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြု၏။ ဤကား ဝေဖန်ပုံတည်း။

မဟဂ္ဂုတ်ကို ကေန်အာရုံပြုသော စိတ် ၆-ပါး

(၁၅၈) အရူ-ဒု, မှာ၊ ပ, ကိုသာ၊ စ, မှာ-တ ကိုသိ။

ဤကဗျာဖြင့် မဟဂ္ဂုတ်ကို ကေန်အာရုံပြုသော စိတ် ၆-ပါးကို ပြဆို၏။

အရူပါဝစရ ဒုတိယဖြစ်သော ဝိညာဏဉ္စာယတနစိတ်သည် ပထမဖြစ်သော အာကာသာနဉ္စာယတနစိတ်ကို အာရုံပြု၏။ စတုတ္ထဖြစ်သော နေဝသညာ

နာသညာယတနစိတ်သည် တတိယဖြစ်သော အာကိဉ္စညာယတနစိတ်ကို အာရုံ ပြု၏ ဟူလို။ သေချာစွာ ဝေဖန်လျှင် ဝိညာဏဉ္စာယတနကုသိုလ်စိတ်, ဝိပါက်စိတ် နှစ်ခုသည် အာကာသာနဉ္စာယတန ကုသိုလ်စိတ်ကိုသာ အာရုံပြု၏။ နေဝသညာနာသညာယတန ကုသိုလ်စိတ်, ဝိပါက်စိတ် နှစ်ခုသည် အာကိဉ္စညာယတန ကုသိုလ်စိတ်ကိုသာ အာရုံပြု၏။ ဝိညာဏဉ္စာယတန ကြိယာစိတ်သည် အာကာသာနဉ္စာယတန ကုသိုလ်စိတ်, ကြိယာစိတ် နှစ်ပါးစုံကို အာရုံပြုနိုင်၏။ နေဝသညာနာသညာယတနကြိယာစိတ်သည် အာကိဉ္စညာယတနကုသိုလ်စိတ်, ကြိယာစိတ် ၂-ပါးလုံးကိုပင် အာရုံပြုနိုင်၏။ (စိတ်ပိုင်း အရူပါဝစရစိတ်အဖွင့်၌လည်း အကျယ် ပြဆိုခဲ့ပြီ)။

## နိဗ္ဗာန်ကို အမြဲအာရုံပြုသော စိတ်ရှစ်ပါး

(၁၅၉) လောကုတ္တရံ၊ စိတ်ရှစ်တန်၊ နိဗ္ဗာန်ကိုသာသိ။

လောကုတ္တရာစိတ် ရှစ်ပါးသည်မူကား နိဗ္ဗာန်ကိုသာ အမြဲ အာရုံပြုလေသည်။ သစ္စိကရဏကိစ္စနှင့်ဆိုင်သော နိဗ္ဗာန်သည် မဂ်, ဖိုလ်တို့၏ အာရုံဖြစ်ကြောင်းကို အထူးဆိုဖွယ်မရှိပြီ။

## ကံ,ကမ္မနိမိတ်,ဂတိနိမိတ်တို့ကို အာရုံပြုသော စိတ် ၁၉-ပါး

ဤအရာ၌ ပဋိသန္ဓိ, ဘဝင်, စုတိကိစ္စထိုက်သောစိတ် ၁၉-ခုတို့၏ အာရုံကိုဆိုဦးအံ့—ထိုစိတ် ၁၉-ပါးတို့သည် လွန်ခဲ့သော အနန္တရဘဝ၌ သေခါနီးအခါ မရဏာသန္နဇောသည် ယူအပ် အာရုံပြုအပ်သော အာရုံကိုသာလျှင် စွဲလမ်း၍ အာရုံပြုကြကုန်၏။ ထိုမရဏာသန္နဇော၏ အာရုံကို ကံအာရုံဟူ၍၎င်း, ကမ္မနိမိတ်အာရုံဟူ၍၎င်း, ဂတိနိမိတ်အာရုံဟူ၍၎င်း သဘောအသီးအသီးကို စွဲ၍ ခေါ်ဝေါ်အပ်၏။ ဆိုပြီးသော စိတ် ၁၉-ခုတို့သည်လည်း ထိုအာရုံ ၃-ပါးတို့တွင် မရဏာသန္နဇောယူသောအတိုင်း တပါးပါးကို အာရုံပြုကြကုန်သည်။ (ဘုံပိုင်း၌ အကျယ်လာလတ္တံ့။ ဝိထိမဉ္ဇရီ မရဏာသန္နဝိထိခန်းတွင်လည်း ကျယ်ဝန်းစွာ ဆို၏)။

သံ့,ဘွင်,စု,စိတ်၊ သုံးနိမိတ်၊ ဇောစိတ်ယူတိုင်းသိ။

**ကေန်,အနေကန်။** ။ဤ အာရမ္မဏသင်္ဂဟ၌ ပကိဏ္ဏကအခိပ္ပါယ်ကို ဆိုဦးအံ့ — စိတ်တို့သည် ကေန်အာရုံပြုသောစိတ်, အနေကန်အာရုံပြုသောစိတ် ဟူ၍ ၂-ပါးရှိကုန်၏။

**ကေန်အာရုံပြုသောစိတ်။** ။ထိုတွင် ဒွေးပဉ္စဝိညာဏ်-၁၀၊ မနောဓာတ် ၃-ခု၊ ဟသိတုပ္ပါဒ်-၁၊ တဒါရုံ-၁၁၊ မဟဂ္ဂုတ်-၂၇၊ လောကုတ္တရာ-၈။ ပေါင်း ၆၀-သော စိတ်တို့သည် ကေန်အာရုံပြုသောစိတ် မည်ကုန်၏။

**အနေကန်အာရုံပြုသောစိတ်။** ။ကြွင်းသော အကုသိုလ်စိတ်-၁၂၊ မနောဒွါရာဝဇ္ဇန်း-၁၊ မဟာကုသိုလ်-၈၊ မဟာကြိယာ-၈၊ အဘိညာဏ်ဒွေး။ ပေါင်း ၃၁-ပါးသောစိတ်တို့သည် အနေကန်အာရုံပြုသောစိတ် မည်ကုန်၏။

ကေန် အာရုံပြုသောစိတ်တို့ကို ပြဆိုအံ့—ဒွေးပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ ဟသိတုပ္ပါဒ် ၁၊ တဒါရုံ ၁၁၊ ဤ ၂၅-ပါးသောစိတ်တို့သည် ကာမအာရုံကို ကေန်အာရုံပြုကုန်၏။ ဝိညာဏဉ္စာယတန ၃၊ နေဝသညာနာသညာယတန ၃၊ ဤ ၆-ပါးသော စိတ်တို့သည် မဟဂ္ဂုတ်ကို ကေန် အာရုံပြုကုန်၏။ လောကုတ္တရာရှစ်ပါးတို့သည် နိဗ္ဗာန်ကို ကေန် အာရုံပြုကုန်၏။

"ပဉ္စဝီ ကာမ၊ မဟဂ် ဆ၊ အဋ္ဌ နိဗ္ဗာန်သာ"။

**နာမ်အာရုံ, ရုပ်အာရုံ။** ။တဖန် အာရုံကို နာမ်အာရုံ, ရုပ်အာရုံ, ပညတ်အာရုံဟူ၍ ၃-မျိုး ခွဲရာ၏။ စိတ် ၈၉၊ စေတသိက် ၅၂၊ နိဗ္ဗာန်၊ ဤတရားစုသည် နာမ်အာရုံ မည်၏။ ရုပ် ၂၈-ပါးသည် ရုပ်အာရုံ မည်၏။ ပရမတ္ထမဟုတ်သော အာရုံစုသည် ပညတ်အာရုံ မည်၏။

ဒွေးပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ ဤ ၁၃-ပါးသော စိတ်တို့သည် အမြဲ ရုပ်ကို အာရုံပြုကုန်၏။

အရူပ ဒုတိယ, စတုတ္ထစိတ် ၆-ပါး၊ လောကုတ္တရာ ၈၊ ပေါင်း ၁၄-ပါးသော စိတ်တို့သည် နာမ်ကို ကေန် အာရုံပြုကုန်၏။

ရူပါဝစရ ၁၅၊ အရူပ ပထမ, တတိယ ၆၊ ပေါင်း ၂၁-ပါးသောစိတ်တို့သည် ပညတ်ကို ကေန် အာရုံပြုကုန်၏။

"ရုပ်ကား တေးရသ်၊ နာမ် စုဒ္ဒသ်၊ ပညတ်-ဧကဝီသာ"။

**ကေန်အာရုံပြုတရားများနှင့် ကာလဝိမုတ်။** ။တဖန် ကာမကို ကေန် အာရုံပြုသောစိတ် ၂၅၊ မဟဂ္ဂုတ်ကေန် ၆၊ နိဗ္ဗာန်ကေန် ၈၊ ဤ ၃၉-ပါးသောစိတ်တို့သည် ပရမတ်ကို ကေန် အာရုံပြုသောစိတ် မည်ကုန်၏။ (ပညတ်အာရုံပြုသောစိတ် ၂၁-ကား ထင်ရှားပြီ)။

ဒွေးပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ ဤ ၁၃-ပါးသော စိတ်တို့သည် ပစ္စုပ္ပန်ကို ကေန် အာရုံပြုကုန်၏။

မဟဂ္ဂုတ်ကို ကေန် အာရုံပြုသောစိတ် ၆-ပါးတို့သည် မိမိတို့သန္တာန်၌ဖြစ်၍ ချုပ်လေပြီးသည်ကို အာရုံပြုသောကြောင့် အတိတ်ကို ကေန် အာရုံပြုသည် မည်ကုန်၏။ (အနာဂတ်ကို ကေန် အာရုံပြုသောစိတ် မရှိ)။

ပညတ်ကေန် ၂၁၊ နိဗ္ဗာန်ကေန် ၈၊ ပေါင်း ၂၉-ပါးတို့သည် ကာလသုံးပါးမှ လွတ်သောအာရုံကို အာရုံပြုသောကြောင့် ကာလဝိမုတ် ကေန် မည်ကုန်၏။

**နောတိံ ပရမတ်၊ တေရသ် ပဥ္စုပ်၊ ဆ-ဘုတ် တီတ၊ နောဝီသ၊ ကာလဝိမုတ်သာ။**

**အဇ္ဈတ္တ, ဗဟိဒ္ဓ။** ။တဖန် အာရုံသည် အဇ္ဈတ္တအာရုံ, ဗဟိဒ္ဓအာရုံဟူ၍ ၂-ပါး ရှိ၏။ မိမိသန္တာန်၌ဖြစ်သော တရားစုသည် အဇ္ဈတ္တအာရုံ မည်၏။ မိမိသန္တာန်၌မဖြစ်သော တရားစုသည် ဗဟိဒ္ဓအာရုံ မည်၏။

မဟဂ္ဂုတ် ကေန် ၆-ခုသည် မိမိသန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ကြောင့် အဇ္ဈတ္တကေန် မည်၏။

ပညတ်နှင့် နိဗ္ဗာန်တို့သည် ဗဟိဒ္ဓစင်စစ် ဖြစ်ကြကုန်၏။ ပညတ်ကေန် ၂၁-ပါးတွင် အာကိဉ္စညာယတန ၃-ခုကြဉ်၍ ကျန် ၁၈၊ နိဗ္ဗာန်ကေန် ၈။ ဤ ၂၆-ပါးသောစိတ်တို့သည် ဗဟိဒ္ဓကို ကေန် အာရုံပြုကုန်၏။

အာကိဉ္စညာယတန ၃-ပါးတို့ကား အဇ္ဈတ္တကို ကေန် အာရုံပြုသည်, ဗဟိဒ္ဓကို ကေန် အာရုံပြုသည်ဟု မဆိုအပ်။ အကြောင်းမူကား ထိုစိတ်၏ အာရုံဖြစ်သော နတ္ထိဘော ပညတ်သည် မိမိသန္တာန်၌ ဖြစ်ဘူးသော ပထမာရုပ္ပဝိညာဏ်ကို စွဲ၍ ဖြစ်သောကြောင့် ဗဟိဒ္ဓသက်သက် မဆိုထိုက်။ ပထမာရုပ္ပဝိညာဏ်စိတ် စင်စစ် မူကား မဟုတ်။ ထိုပထမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟုဆိုအပ်သော နတ္ထိဘော ပညတ် ဖြစ်ပြန်သောကြောင့် အဇ္ဈတ္တစင်စစ်လည်း မဟုတ်။ ထိုကြောင့် ထို နတ္ထိဘော ပညတ်အာရုံသည် အဇ္ဈတ္တဟူ၍ငြင်း, ဗဟိဒ္ဓဟူ၍ငြင်း ဆိုခြင်းငှါ မထိုက်ဘဲ ရှိလေသည်။

**အဇ္ဈတ်ကား ဆ၊ ဆဗ္ဗီသ၊ ပြိုရဗဟိဒ္ဓါ။**

**ပဥ္စာရုံနှင့်ဓမ္မာရုံကို ကေန်အာရုံပြုသောတရားများ။** ။တဖန် ရုပ်ကို ကေန် အာရုံပြုသောစိတ် ၁၃-ခုသည် ထိုက်သည်အားလျော်စွာ ပဥ္စာရုံကို ကေန် အာရုံပြုသည် မည်၏။ (မဟဂ္ဂုတ်, လောကုတ္တရာ ၃၅-ပါးသည် ဓမ္မာရုံကို ကေန် အာရုံပြု၏။)

ပဥ္စာရုံ သိ၊ တေရသ် ရှိ၊ ဗျည်းတိ-ဓမ္မာ။

**တပါးကေန် နှစ်ပါးကေန် စသည်။** ။တဖန် ဒွေးပဥ္စဝိညာဏ်-၁၀၊ အာကာသာနဉ္စာယတန-၃၊ အာကိဉ္စညာယတန-၃၊ ဝိညာဏဉ္စာယတနကုသိုလ်-၁၊ ဝိပါက်-၁၊ နေဝသညာနာသညာယတနကုသိုလ်-၁၊ ဝိပါက်-၁၊ လောကုတ္တရာ-၈။ ပေါင်း ၂၈-ပါးသော စိတ်တို့သည် တပါးတပါးစီသော အာရုံကိုသာလျှင် အာရုံပြုသောကြောင့် တပါးကေန်မည် ကုန်၏။

ဝိညာဏဉ္စာယတနကြိယာ စိတ်သည် အာကာသာနဉ္စာယတန ကုသိုလ်, ကြိယာနှစ်ပါးကို အာရုံပြု၏။ နေဝသညာ နာသညာယတနကြိယာစိတ်သည် အာကိဉ္စညာယတနကုသိုလ်, ကြိယာနှစ်ပါးကို အာရုံပြု၏။ ထိုကြောင့် ဝိညာဏဉ္စာယတန, နေဝသညာ နာသညာယတန ကြိယာစိတ် ၂-ပါးသည် နှစ်ပါး ကေန်မည်၏။

မနောဓာတ်သုံးပါးသည် ပဉ္စာရုံကိုသာ အာရုံပြုသောကြောင့် ငါးပါးကေန်မည်၏။

သာမည ရူပပဉ္စမ ဈာန်သုံးခုသည် သမထ နိမိတ်အာရုံ ၁၂-ပါးကိုသာ အာရုံပြုသောကြောင့် ၁၂-ပါး ကေန်မည်၏။

ဒုတိယဈာန်-၃၊ တတိယဈာန်-၃၊ စတုတ္ထဈာန်-၃။ ဤ ၉-ပါးသော စိတ်တို့သည် ၁၄-ပါးသော သမထ နိမိတ်တို့ကိုသာ အာရုံပြုသောကြောင့် ၁၄-ပါး ကေန်မည်ကုန်၏။

ပထမဈာန် ၃-ခုသည် သမထ နိမိတ် ၂၅-ပါးကိုသာ အာရုံပြုသောကြောင့် ၂၅-ပါး ကေန်မည်ကုန်၏။

တပါး-ဝိအဥ္၊ ဒွေး-နှစ်ရပ်၊ ငါး-မှတ် သုံးခုသာ။

ဆဲ့နှစ်ကား-တေး၊ ဆဲ့လေး-နဝ၊ ဗျည်းဝီသ၊ သုံးဝ-စိဘ်မှတ်ရာ။

ကေန်အာရုံပြုသောစိတ်စု ပြီး၏။

**အနေကန် အာရုံပြုသည့်စိတ်များ။** ။အနေကန်အာရုံပြုသော စိတ်တို့ကို ပြဆိုအံ့—ဟသိတုပ္ပါဒ်ကြဉ်သော ကာမဇော-၂၀၊ မနောဒွါရာဝဇ္ဇန်း၊ အဘိညာဏ်ဒွေး၊ ဤ ၃၁-ပါးသော စိတ်တို့သည် ကာမ, မဟဂ္ဂုတ်, ပရမတ်, ပညတ်, ကာလဝိမုတ်တို့ကို အနေကန်အားဖြင့် အာရုံပြုကုန်၏။

ကာမမဟဂ္ဂုတ်၊ ဝိမုတ်,ပညတ်၊ ပရမတ်၊ သိလတ် ဟော်တိံသာ။

ကာမဇော-၂၉၊ တဒါရုံ-၁၁၊ မနောဒွါရာဝဇ္ဇန်း၊ အဘိညာဏ်ဒွေး။ ဤ ၄၃-ပါးသော စိတ်တို့သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ဓမ္မာရုံ, ရုပ်, နာမ်တို့ကို အနေကန်အားဖြင့် အာရုံပြုကြကုန်၏။

ပစ္စုပ်,တီဘ၊ နာဂတနှင့်၊ ဓမ္မ,ရုပ်နာမ်၊ အနေကန်၊ ဝေ၎န် တေးစတ္တာ။

ကာမစိတ်-၅၄၊ အဘိညာဏ်ဒွေး။ ဤ ၅၆-ပါးသော စိတ်တို့သည် အဇ္ဈတ္တ, ဗဟိဒ္ဓတို့ကို အနေကန်အားဖြင့် အာရုံပြုကုန်၏။

အဇ္ဈတ္တဗဟိ၊ အဇ္ဈဗဟိ၊ သိလေ ဆပညာ။

မဟာကုသိုလ်သမ္ပယုတ်-၄၊ မဟာကြိယာသမ္ပယုတ်-၄၊ မနောဒွါရာဝဇ္ဇန်း၊ အဘိညာဏ်ဒွေး။ ဤ ၁၁-ပါးသော စိတ်တို့သည် အနေကန်အားဖြင့် နိဗ္ဗာန်ကို အာရုံပြုကြကုန်၏။

ကောဒသံ၊ အနေကန်၊ နိဗ္ဗာန် အာရုံသာ။

အနေကန်အာရုံပြုပုံ ပြီး၏။

**သာမညအာရုံ, အဓိပတိအာရုံ။** ။တဖန်တုံ—အာရုံသည် သာမညအာရုံ, လေးလေးမြတ်မြတ် အာရုံပြုအပ်သော အဓိပတိအာရုံဟူ၍ ၂-ပါးရှိ၏။ အလုံးစုံသော ပရမတ်, ပညတ် အာရုံခြောက်ပါး တရားစုသည် သာမညအာရုံ မည်၏။ အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်-၁၈၊ ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်အပ်သော စိတ်-၈၄၊ ၎င်း၌ယှဉ်သော စေတသိက်-၄၇၊ နိဗ္ဗာန်။ ဤတရားတို့သည် အဓိပတိအာရုံ မည်ကုန်၏။

**စိတ္တုပ္ပါဒ် ၂-မျိုး။** ။စိတ္တုပ္ပါဒ်သည်လည်း သာမညအာရုံပြုသော စိတ္တုပ္ပါဒ်, လေးလေးမြတ်မြတ် အာရုံပြုသော စိတ္တုပ္ပါဒ်ဟူ၍ ၂-ပါး ရှိ၏။ ထိုတွင် လေးလေးမြတ်မြတ် အာရုံမပြုခိုက် မပြုနေ လောကီစိတ်-၈၁၊ စေတသိက် ဒွေးပညာသတို့သည် သာမညအာရုံပြုသော စိတ္တုပ္ပါဒ် မည်ကုန်၏။

လေးလေးမြတ်မြတ် အာရုံပြုခိုက် ပြုနေ လောဘမူ-၈၊ မဟာကုသိုလ်-၈၊ မဟာကြိယာသမ္ပယုတ်-၄၊ လောကုတ္တရာ-၈၊ ပေါင်း စိတ် ၂၈-ပါး။ ဒေါစတုက်-၄၊ ဝိစိကိစ္ဆာ, အပ္ပမညာဒွေးကြဉ်သော စေတသိက် ၄၅-တို့သည် လေးလေး မြတ်မြတ် အာရုံပြုသော စိတ္တုပ္ပါဒ် မည်ကုန်၏။ (အဓိပတိပစ္စည်း၌ ထင်ရှားလတ္တံ့၊ ပစ္စယမဥ္ဇရီ၌ အကျယ်ဆိုပြီ)။

**စေတသိက်တို့၏အာရုံပြုပုံများ။** ။စေတသိက်တို့၏ အာရုံပြုပုံကို ဆိုဦးအံ့— အကုသိုလ် စေတသိက် ၁၄-ခုတို့သည် တေကာလိက, အဇ္ဈတ္တ, ဗဟိဒ္ဓဖြစ်သော လောကီစိတ်-၈၁၊ စေတသိက်-၅၂၊ ရုပ် ၂၈၊ ပညတ်တို့ကို အာရုံပြုကုန်၏။

ဝိရတီ ၃-ခုသည် ဝိရမိတဗ္ဗဖြစ်သော ပစ္စုပ္ပန်,အနာဂတ်, ကာမတရားစုကိုသာ အာရုံပြု၏။ အပ္ပမညာဒွေးတို့သည် ကာလဝိမုတ်ဖြစ်သော သတ္တဝါပညတ်ကို အာရုံပြု၏။ ကြွင်းသော စေတသိက် ၃၃-တို့သည် အလုံးစုံကို အကုန် အာရုံပြုကုန်၏။

လောကုတ္တရာ၌ ဝိရတီတို့ကား နိဗ္ဗာန်တည်းဟူသော ကာလဝိမုတ်ကို အာရုံပြုကုန်၏။

အကုသလာ၊ လောကီသာတည်း၊ သုံးဖြာ ဝိရတိ၊ ဝိရမိတဗ္ဗ၊ ကာမ နာမ်,ရုပ်၊ ပစ္စုပ် နာဂတ်၊ မြဲ နိဗ္ဗာန်သာ၊ ပမညာ ကား၊ သတ္တဝါပညတ်၊ ကြွင်းလက်သမျှ၊ တေတ္တိံသ၊ သဗ္ဗ အာရုံသာ။

အာရမ္မဏသင်္ဂဟသည် လွန်စွာကျယ်ဝန်းလှ၏။

"အာရမ္မဏဘေဒေန စိတ္တစေတသိကာနံ သင်္ဂဟော အာရမ္မဏသင်္ဂဟော"။ အာရမ္မဏဘေဒေန၊ အာရုံအပြားအားဖြင့်။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့ကို။ သင်္ဂဟော၊ ရေတွက်ကြောင်းဖြစ်သော နည်းသည်။ အာရမ္မဏသင်္ဂဟော၊ အာရမ္မဏသင်္ဂဟမည်၏။

အာရမ္မဏသင်္ဂဟ ပြီး၏။

---

## (င) ဝတ္ထုသင်္ဂဟ

**(၁၆၀) စက်,သော,ဃာ,ဇိ၊ ကာ,ဟဒီ၊ ခြောက်လီ ဝတ္ထုရုပ်။**

ဤကဗျာဖြင့် ဝတ္ထုရုပ် ခြောက်ပါးကိုပြဆို၏။

ဝတ္ထု ၆-ပါး။ ။စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု။ ဤကား ဝတ္ထုရုပ်ခြောက်ပါးတည်း။

"ဝသန္တိ ပတိဋ္ဌဟန္တိ စိတ္တစေတသိကာ ဧတ္ထာတိ ဝတ္ထု"။ ဧတ္ထ၊ ဤတရားအပေါ်၌။ စိတ္တစေတသိကာ၊ စိတ်စေတသိက် တရားတို့သည်။ ဝသန္တိ၊ နေကြကုန်၏။ ပတိဋ္ဌဟန္တိ၊ စွဲ၍တည်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝတ္ထု၊ ဝတ္ထုမည်၏။ မြေကြီးသည် အလုံးစုံသော တော,တောင်,သမုဒ္ဒရာ,မြို့,ရွာစသော အဝိညာဏကအထည်, လူစသော သဝိညာဏကအထည်တို့၏ တည်နေရာဖြစ်သကဲ့သို့ ဝတ္ထုရုပ် ခြောက်ပါးတို့သည် စိတ်စေတသိက်တို့၏ တည်နေရာဖြစ်ကုန်၏။

မြေကြီးသည် အဝိညာဏက, သဝိညာဏကဝတ္ထုတို့၏ အမှီကိုခံဘိသကဲ့သို့ ဝတ္ထုရုပ်ခြောက်ပါးတို့သည်လည်း စိတ်,စေတသိက်တို့၏ အမှီအတွယ်ကို ခံပေကုန်၏။ သစ်ပင်အပေါင်းတို့သည် မြေကြီးကိုမှီ၍ ပေါက်ရောက်ဖြစ်ပွါးကြကုန်သကဲ့သို့ စိတ်,စေတသိက်တို့သည်လည်း ဝတ္ထုရုပ်ကိုမှီ၍ ပေါက်ရောက်ဖြစ်ပွါးကြကုန်၏။ ထိုကြောင့် ဝတ္ထုရုပ်ခြောက်ပါးတို့သည် မြေကြီးနှင့် တူပေကုန်၏။ ဤအဓိပ္ပါယ်ကိုရည်၍---

**(၁၆၁) တည်ရာနှီရာ၊ မြေ့ပမာ၊ လွန်စွာကျေးဇူးထုတ်။**

ဟူ၍ဆိုပေသည်။

စက္ခုပသာဒသည် စက္ခုဝတ္ထုမည်၏။ပ။ ကာယပသာဒသည် ကာယဝတ္ထုမည်၏။ ဟဒယရုပ်သည် ဟဒယဝတ္ထုမည်၏။

## ကာမဘုံ၌ ဝတ္ထု ၆-ပါးစလုံးရခြင်း

**(၁၆၂) ဝတ္ထုခြောက်စုံ၊ ကာမဘုံ၊ အကုန်ရသည်သာ။**

ဤကဗျာဖြင့် ကာမဘုံ၌ ဝတ္ထုရုပ်ခြောက်ပါးလုံး အကုန်အစင်ရကြောင်းကို ပြဆို၏။

ဝတ္ထုရုပ်ခြောက်ပါးသည် ရုပ်တရားဖြစ်၍ ကာမနယ်တွင် အကျုံးဝင်၏။ ကာမတဏှာ၏ စားဖတ် ဝါးဖတ်ဖြစ်၏။ ကာမတဏှာ၏ ဂေါစရဂါမ်ဖြစ်၏။ ကာမတဏှာနှင့်စပ်သော ကံကြောင့် ဖြစ်ပေါ်ရသော အတ္တဘောရှိကုန်သော ကာမပုဂ္ဂိုလ်တို့နှင့်သာ ဆိုင်၏။ ထို့ကြောင့် ကာမဘုံ၌ ဝတ္ထုရုပ် ခြောက်ပါး လုံးကို အကုန်အစင် ရလေသည်။

ထင်ရှားစေဦးအံ့—စက္ခုဝတ္ထုရှိလျှင် ရူပါရုံကိုခံစားမှု ပြည့်စုံ၏။ သောတဝတ္ထုရှိလျှင် သဒ္ဒါရုံကို ခံစားမှု ပြည့်စုံ၏။ပ။ ကာယဝတ္ထုရှိလျှင် ဖောဋ္ဌဗ္ဗာရုံကို ခံစားမှုပြည့်စုံ၏။ ရူပါရုံစသော ကာမဂုဏ် ငါးပါးသည် ကာမတဏှာ၏တည်ရာ အိမ်ကြီးများဖြစ်ကြ၍ ကာမဝတ္ထုမည်၏။ ထိုကာမဝတ္ထုတို့၌ ပျော်မွေ့တတ်သော ကာမတဏှာသည်လည်း မိမိအလိုရှိတိုင်း ခံစားသုံးဆောင်နိုင်ရန် စက္ခုစသော ဝတ္ထုငါးပါးတို့၏ ပြည့်စုံမှုကိုလည်း အာသာငမ်းငမ်း စွဲလမ်းတောင့်တလေ့ရှိ၏။ ထိုသို့ကာမတဏှာ တောင့်တသောအတိုင်း ထိုကာမတဏှာဖြင့် စပ်လျက်ရှိနေသော ကာမာဝစရကံများသည်လည်း ကာမတဏှာ၏အလိုတော်ကို ကြည့်၍ ဝတ္ထုငါးပါး ပြည့်ပြည့်စုံစုံရှိအောင် ကာမအတ္တဘောကို ဖန်ဆင်းရ၏။ ထို့ကြောင့် ကာမဘုံ၌ ဝတ္ထုရုပ် ၅-ပါးကို အလုံးစုံ ရလေသည်။ ဥပမာဖြင့် ပြဦးအံ့—မင်း၏အမှု အမျိုးမျိုးကို ရွက်ဆောင်ရသော အပါးတော်မြဲအမတ်သည် အခါခပ်သိမ်းပင် မင်း၏မျက်နှာကိုကြည့်ပြီးကာ မင်းလိုရာ မင်းနှစ်သက်ရာဟူသမျှကိုသာလျှင် ပြည့်စုံအောင်ဆောင်ရွက်ပြုလုပ်လျက် မင်း၏အမှု အမျိုးမျိုးကို ပြီးစီးစေသကဲ့သို့ ထိုအတူ ကာမာဝစရကံသည်လည်း အခါခပ်သိမ်းပင် အရှင်သခင်ဖြစ်သော ကာမတဏှာ၏မျက်နှာကို ကြည့်ပြီးကာ ကာမတဏှာ အလိုတော်ရှိရာကို ပြည်စုံစေလျက် စက္ခုစသော ဝတ္ထုငါးပါးတို့ဖြင့် ပြည့်စုံစွာ ကာမအတ္တဘောစုကိုသာ အတွင် ဖန်ဆင်းပြုလုပ်လေ၏။ ထို့ကြောင့် ကာမဘုံ၌ ဣန္ဒြေပြည့်စုံစွာရှိ၍ ဝတ္ထုငါးပါး စုံလင်စွာ ဖြစ်နိုင်လေသည်။

## ရူပဗြဟ္မာဘုံ၌ ဝတ္ထုသုံးပါးရခြင်း

(၁၆၃) စက်္ခုသော နှစ်တန်၊ ဟဒယ်၊ သုံးတန် ရူပမှာ။

ဤကဗျာဖြင့် ရူပဘုံ၌ ဝတ္ထုရုပ်၃-ပါးကိုရ၍ ၃-ပါးသော ဝတ္ထုကို မရကြောင်းကို ပြဆို၏။

စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထုတို့ကို ရူပဘုံ၌ ရအပ်ကုန်၏။ ဃာန-ဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထုတို့ကိုကား ရူပဘုံ၌ မရအပ်ကုန်။ ဒဿနာနုတ္တရိယတရား, သဝနာနုတ္တရိယတရား ဖြစ်ကုန်သော စက္ခု, သောတတို့သည် မြတ်စွာဘုရားစသော သူတော်ကောင်းတို့ကို ဖူးမြော်ခြင်း၊ သူတော်ကောင်းတို့၏ တရားတော်ကို ကြားနာခြင်း စသည်တို့၏ အစွမ်းအားဖြင့် သတ္တဝါတို့ကို သံသရာမှ စင်ကြယ်စေကုန်၏။ ဤစက္ခု, သောတနှစ်ပါးတို့သည် သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် လမ်းပေါက်ကြီးတို့လည်း ဖြစ်ကြပေကုန်၏။ သံသရာတွင်း၌သော်လည်း တဘဝထက် တဘဝ ကောင်းမြတ်သောအဖြစ်သို့ ပို့ဆောင်နိုင်သော တရားတို့လည်း ဖြစ်ကြပေကုန်၏။ ဃာန ဇိဝှါကာယတို့ကဲ့သို့ ကာမဂုဏ် ခံစားဘို့မျှသာ မဟုတ်ကြပေကုန်။ ထို့ကြောင့်ရူပဗြဟ္မာတို့၏ သန္တာန်၌လည်း ဖြစ်ကြကုန်၏။

ဃာန, ဇိဝှါ, ကာယတို့သည်မူကား စင်စစ် ကာမဂုဏ် ခံစားဘို့ရန်မျှသာဖြစ်ကြကုန်၏။ ကုသိုလ်တရား ဖြစ်ပွါးရန် အပေါက်အလမ်း နည်းပါးလှကုန်၏။ ထို့ကြောင့် ဃာန, ဇိဝှါ, ကာယသုံးပါးတို့သည် ကာမတဏှာ၏ ကျက်စားရာကာမဘုံနှင့်သာ အလျော်ဆုံးဖြစ်ကုန်၏။ ကာမကို စက်ဆုပ်ရွံရှာသဖြင့် ကာမ-ဝိရာဂ ဘာဝနာကို ပွါးများသော ကံ၏အတွက်ကြောင့် ဖြစ်ပွါးသော ရူပဘုံများနှင့်မူကား အလျဉ်း မလျော်ချေ။ ဤသို့သောသဘောကြောင့် ရူပဘုံ၌ ၎င်းဝတ္ထုရုပ်သုံးပါးကို မရအပ်လေသတည်း။ဃာနဝိညာဏ်စသော ဝိညာဏ်သုံးပါး၏ မှီရာဖြစ်ရာ ဝတ္ထုကိစ္စကို ဆောင်ရွက်၍ ဂန္ဓာရုံစသော အာရုံသုံးပါး၏ ထင်ရာဒွါရကိစ္စကို ဆောင်ရွက်သော ပသာဒမျှကိုသာ ၎င်းရူပဘုံ၌ မရအပ်လေသတည်း။ သသမ္ဘာရဖြစ်သော နှာခေါင်းပုံသဏ္ဌာန်, လျှာပုံသဏ္ဌာန်, ကိုယ်ပုံသဏ္ဌာန်များကိုကား ရူပဗြဟ္မာတို့၌ ရအပ်သည်သာဖြစ်၏။ တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာ ပြည့်စုံစွာပင် ရှိကြကုန်၏။

## အရူပဗြဟ္မာဘုံ၌ ရုပ်ဝတ္ထုမရခြင်း

(၁၆၄) အရူပမှု၊ ဝတ္ထုဟူ၊ မြို့မျှ မရှိပါ။

ဤကဗျာဖြင့် အရူပဘုံ၌ ဝတ္ထုရုပ်ဆို၍ တခုမျှမရှိကြောင်းကို ပြဆို၏။ ရုပ်ဟူသမျှတို့၌ လွန်စွာ စက်ဆုပ်ရွံရှာလှသဖြင့် ရူပဝိရာဂ ဘာဝနာကို ပွါးများသည့်

အတွက် အရူပဘုံ၌ ဖြစ်ရကုန်၏။ ရူပဝိရာဂဘာဝနာနှင့် ယှဉ်သော ကံကြောင့် အရူပခန္ဓာစုဖြစ်ရ၏၊ ထိုအရူပခန္ဓာစုသည် နာမ်ခန္ဓာသက်သက် ဖြစ်၏၊ ရုပ်ခန္ဓာ မဟုတ်၊ ရူပဝိရာဂ ဘာဝနာ၏ အစွမ်းကြောင့် အရူပဘုံ၌ တစုံတခုသော ရုပ်မျှ မရှိ။ အဇ္ဈတ္တ၌ရှင်း, ဗဟိဒ္ဓ၌ရှင်း ရုပ်ခန္ဓာကင်း၏၊ ထိုကြောင့် အရူပဘုံ၌ ဝတ္ထု ခြောက်ခုကို မရအပ်လေသတည်း။ ထိုအရူပဘုံ၌ ဖြစ်ရသော သတ္တဝါတို့သည် အမိုက်မှောင်သက်သက် အတိအလင်းမရှိသော ကောင်းကင်အပြင်၌ စိတ်အစဉ် မျှသာဖြစ်၍ တည်နေကြရကုန်၏၊ အကောင်အထည်ဟူ၍ မရှိကြကုန်ပြီ။

## ဝတ္ထုရုပ်အသီးသီးတို့ကိုမှီသောစိတ်များ

ဤမည်သောစိတ်သည် ဤမည်သောဝတ္ထုရုပ်၌ မှီ၏ဟူ၍ ပြဆိုအပ်လတ္တံ့။

**(၁၆၅) ဝိညာဆယ်လီ၊ အမြဲမှီ၊ ငါးလီ သီးသီးသာ။**

**စက္ခုဝတ္ထု။ပ။ကာယဝတ္ထု။** ။ဤကဗျာဖြင့် ဒွေပဉ္စဝိညာဏ် ၁၀-တို့၏ အသီး အသီး မိမိတို့ဆိုင်ရာ ဝတ္ထုရုပ်တို့၌ ကိုယ်စီ မှီကြောင်းကို ပြဆို၏။

စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝတ္ထု၌ အမြဲမှီ၏။ပ။ ကာယဝိညာဏ်ဒွေးသည် ကာယဝတ္ထု၌ အမြဲမှီ၏။

**(၁၆၆) မနောဓာတ်သုံး၊ မှီမြဲထုံး၊ အဆုံးဝတ္ထုမှာ။**

**ဟဒယဝတ္ထု။** ။မနောဓာတ်သုံးခုသည် ဟဒယဝတ္ထုမှာ အမြဲမှီ၏။

**(၁၆၇) သန္တီ,မဟာဝိ၊ ဒွေးပဋိ၊ ဟသိ,ဆဲ့ငါးရူ။**

**(၁၆၈) သောတာမဂ်၊ သုံးဆယ်ရ၊ ဟဒ၌အမြဲယူ။**

**ဟဒယဝတ္ထု အမြဲမှီ စိတ်များ။** ။ဤကဗျာဖြင့် ဟဒယဝတ္ထု၌ အမြဲမှီသော စိတ်ပေါင်း ၃၀-ကို ပြဆို၏။

သန္တီရဏ ၃၊ မဟာဝိပါက် ၈၊ ဒေါသမူဒွေး၊ ဟသိတုပ္ပါဒ်၊ ရူပစိတ် ၁၅၊ သောတာပတ္တိမဂ်၊ ဤ ၃၀-သောစိတ်တို့သည် ဟဒယဝတ္ထု၌ အမြဲမှီ၍ ဖြစ်ကုန်၏။ အဘယ့်ကြောင့် ဤ ၃၀-သောစိတ်တို့သည် ဟဒယဝတ္ထု၌ အမြဲမှီရလေသနည်း ဟူမူ—ထိုစိတ် ၃၀-တို့သည် ဝတ္ထုရုပ်မဲ့သော အရူပလေးဘုံတို့၌ တရံတခါမျှ ဖြစ်လေ့ရှိသောစိတ်တို့ မဟုတ်ကြကုန်။ ဝတ္ထုရုပ်ရှိသော ပဉ္စဝေါကာရဘုံတို့၌သာ အမြဲဖြစ်ကြရကုန်၏။ ထိုကြောင့် ဝတ္ထုရုပ်ကို အမြဲမှီရလေသည်။

သန္တီရဏသုံးခု၊မဟာဝိပါက် ရှစ်ခုတို့သည် အရူပဘုံတို့၌ မိမိဆောင်ရွက်ဖွယ် သန္တီရဏ, တဒါရမ္မဏစသော ကိစ္စ မရှိကြကုန်သောကြောင့် မဖြစ်နိုင်ကြကုန်။

ဒေါသမူဒွေးသည် ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂနှင့် အဖော်သဟဲကြီး ဖြစ်၏။ ကာမရာဂကင်းလျှင် ဒေါသပဋိဃလည်း ကင်းရ၏၊ စျာန်ဘုံစုသည် ကာမရာဂ၏ နယ်မဟုတ်။ ထိုကြောင့် ဗြဟ္မာဘုံတို့၌ ကာမရာဂ မဖြစ်နိုင်။ ကာမရာဂမဖြစ်နိုင်ကလည်း ဒေါသမူစိတ် မဖြစ်နိုင်ချေ။ ထိုကြောင့် အရူပဘုံ၌ ဒေါသမူဒွေး မဖြစ်နိုင်လေသည်။

အရူပဘုံ၌ ရုပ်မရှိသောကြောင့် ပြုံးရယ်ခြင်းဟူ၍ မရှိနိုင်။ ထိုကြောင့် ထိုဘုံ၌ ဟသိတုပ္ပါဒ်စိတ် မဖြစ်နိုင်ချေ။

ရူပစိတ် ၁၅-တို့သည် ကသိုဏ်းစသော ရုပ်နိမိတ်ကို အာရုံပြုကြကုန်၏။ အရူပစျာန်တို့သည် ရုပ်နိမိတ်ကိုလည်း စက်ဆုပ်ကုန်၏၊ ရုပ်နိမိတ်ကို အာရုံပြုသော တရားတို့ကိုလည်း စက်ဆုပ်ကုန်၏။ ရူပဝိရာဂဘာဝနာဖြင့် ရုပ်နိမိတ်များနှင့် ရုပ်နိမိတ်လျှင် အာရုံရှိသော တရားတို့ကို လွန်မြောက်ကုန်၏။ အရူပလေးဘုံသည် ရူပဝိရာဂဘာဝနာကြောင့် ဖြစ်ရ၏။ ထိုကြောင့် အရူပဘုံ၌ ရုပ်နိမိတ်လျှင် အာရုံရှိကုန်သော ရူပစိတ်တို့လည်း ဖြစ်ခွင့်မရကြလေကုန်။

ပုထုဇ္ဇန်ပုဂ္ဂိုလ်သည် သူတပါးတို့ ထံမှ ကြားရမှု နာရမှုဟု ဆိုအပ်သော ပရတောဃောသပစ္စည်းကို ရပါမှ သောတာပန်ဖြစ်နိုင်၏။ အရူပပုဂ္ဂိုလ်တို့မှာ ဝတ္ထုရုပ်မှ ကင်းကြကုန်သောကြောင့် ပရတောဃောသပစ္စည်းကို မရနိုင်ကြကုန်။ ထိုကြောင့် ထိုဘုံ၌ ပုထုဇ္ဇန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို ရသည်ဟူ၍ မရှိ၊ သို့ဖြစ်၍ ထိုအရူပဘုံ၌ သောတာပတ္တိမဂ်စိတ်ကို ကြဉ်ရလေသည်။

ပရတောဃောသပစ္စည်းမှ ကင်း၍ အလိုလို သိစွမ်း မြင်စွမ်းနိုင်သော သယမ္ဘူ ဘုရားတို့သည် အရူပဘုံ၌ ဖြစ်ရိုးဓမ္မတာ မရှိကြကုန်၊ ထိုကြောင့်လည်း သောတာပတ္တိမဂ်စိတ်ကို ထိုဘုံ၌ မရဘဲရှိပြန်၏။ ထိုကြောင့်ပင်လျှင် အရူပလေးဘုံ၌ ဖြစ်ရသော ပုထုဇ္ဇန်ပုဂ္ဂိုလ်ကို အဋ္ဌက္ခဏာယတနပုဂ္ဂိုလ်ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။ (ရုပ်ပြစ်ရှစ်ပါးတွင် ပါဝင်သော ပုဂ္ဂိုလ်ဟူလို)။

(၁၆၉) **လော,မော,ဆယ်ဖြာ၊ မနောဒွါ၊ မဟာ ကု,ကြိ ရှစ်။**

(၁၇၀) **ကု,ကြိ ရှစ်ဖြာ၊ အရူပါ၊ ကုတ်မှာ ထက်ခုနှစ်။**

(၁၇၁) **ဝတ္ထုရုပ်စီ၊ မှီမမှီ၊ ပေါင်းညီ လေးဆဲ့နှစ်။**

**ဟဒယဝတ္ထုရုပ်ကို ရံခါမှီ, ရံခါမမှီစိတ်များ။** ။ ဤကဗျာဖြင့် ရံခါ ဝတ္ထုရုပ် ကိုမှီ၍ ရံခါ ဝတ္ထုရုပ်ကို မမှီသောစိတ်ပေါင်း ၄၂-ပါးကို ပြဆို၏။

လောဘမူစိတ်ရှစ်၊ ဒေါသမူ ဒွေး၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ရှစ်၊ မဟာကြိယာ ရှစ်၊ အရူပကုသိုလ် လေး၊ ၎င်းကြိယာ လေး၊ သောတာပတ္တိမဂ်

ကြဉ်သော အထက် လောကုတ္တရာစိတ် ခုနစ်။ ဤ ၄၂-ပါးသောစိတ်တို့သည် ခန္ဓာ ၅-ပါးစုံသော ပဉ္စဝေါကာရဘုံ၌ဖြင်း, နာမ်ခန္ဓာလေးပါးသာရှိသော စတုဝေါကာရ အရူပလေးဘုံ၌ဖြင်း ဖြစ်ကြကုန်၏။ ပဉ္စဝေါကာရဘုံ၌ ဖြစ်ကြလျှင် ဟဒယဝတ္ထုကို မှီကြကုန်သည်၊ စတုဝေါကာရဘုံ၌ ဖြစ်ကြလျှင် ဝတ္ထုကို မမှီကြကုန်။

အရူပဝိပါက်လေးခုသည်ကား အရူပဘုံ၌သာ ဖြစ်မြဲဖြစ်ရ၏၊ ထို့ကြောင့် မှီရာဝတ္ထု တစုံတရာမျှ မရှိချေ။ ဤကို ရည်၍—

(၁၇၂) **အရူပ-ဝိ၊ စတု ညီ၊ အမှီ မရှိ ဟူ။**

ဟူ၍ဆိုပေသည်။

**ဝတ္ထုရုပ်ကို အမြဲမှီစိတ်နှင့် ရံခါ မှီစိတ်များ။** ။အပေါင်း အားဖြင့် ဒွေးပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ တဒါရုံ ၁၁၊ ဒေါသမူ ဒွေး၊ ဟသိတုပ္ပါဒ်၊ ရူပစိတ် ၁၅၊ သောတာပတ္တိမဂ်စိတ်၊ ပေါင်း ၄၃- ပါးသောစိတ်တို့သည် ဝတ္ထုရုပ်ကို အမြဲမှီ၍သာ ဖြစ်ကြကုန်၏၊ လောဘမူရှစ်၊ မောဟမူဒွေး၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ရှစ်၊ မဟာကြိယာ ရှစ်၊ အရူပကုသိုလ် လေး၊ ၎င်းကြိယာ လေး၊ သောတာပတ္တိမဂ် ကြဉ်သော အထက်လောကုတ္တရာစိတ် ခုနစ်။ ပေါင်း ၄၂-ပါးသော စိတ်တို့သည် ရံခါ ဝတ္ထုရုပ်ကိုမှီ၍ ရံခါ ဝတ္ထုရုပ်ကို မမှီကြကုန်။ အရူပဝိပါက်လေးခုသည် အမြဲ ဝတ္ထုကို မမှီချေ။ ထို့ကြောင့်—

(၁၇၃) **မှီ-ဝတုတေး၊မမှီလေး၊ဝဒွေးမှီ, မမှီ။**

ဟူ၍ဆိုပေသည်။

**နာမ်ဓာတ် ၇-ပါး။** ။ ဤနေရာ၌ စိတ်ဓာတ် ၇-မျိုးကို ဆိုဦးအံ့—စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်။ (ဤကား ပဉ္စဝိညာဏဓာတ် ငါးပါးတည်း)။

မနောဓာတ်, မနောဝိညာဏဓာတ်၊ ပေါင်း ဓာတ် ၇-ပါး ရှိ၏။

**ဓာတ်,ဝိညာဉ်,မနော မည်ပုံများ။** ။"နိဿတ္တ နိဇ္ဇီဝဋ္ဌေန အတ္တနော သဘာဝံ-မေဝ ဓာရေတီတိ ဓာတု"။ နိဿတ္တနိဇ္ဇီဝဋ္ဌေန၊ သတ္တမဟုတ် ဇီဝမဟုတ်သော အနက်ကြောင့်။ အတ္တနော၊ မိမိ၏။ သဘာဝံမေဝ၊ သဘောကိုသာလျှင်။ ဓာရေတိ၊ ဆောင်တတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်။ ဓာတု၊ ဓာတ်မည်၏။

"ဝိဇာနာတီတိ ဝိညာဏံ"။ ဝိဇာနာတိ၊ အထူး သိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိညာဏံ၊ဝိညာဏမည်၏။

"မနနမတ္တံ မနော"။ မနနမတ္တံ၊ သိကာမျှသည်။ မနော၊ မနောမည်၏။ ဤဝိဂ္ဂြိုဟ်သုံးပါးကို မှတ်လင့်ဦး။

ဒွေးပဉ္စဝိညာဏ် ၁၀-တို့သည် လက်ငင်းပစ္စက္ခ ထင်ရှားသောအာရုံကို မြင်ခြင်းစသော ကိစ္စရှိကြကုန်သောကြောင့် အတော်အတန် ထူးထူးခြားခြား သိခြင်းကိစ္စနှင့် ယှဉ်ကြကုန်၏။ ထိုကြောင့် 'ဝိဇာနန'သတ္တိရှိသော 'ဝိညာဏ' သဒ္ဒါဖြင့် အထူးပြု၍ စက္ခုဝိညာဏဓာတု=စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတု=သောတဝိညာဏဓာတ်ဟူ၍ ဆိုရလေသည်။ သိကာမျှ မဟုတ်ကြသောကြောင့် မနောသဒ္ဒါဖြင့် အထူးပြု၍ မဆိုရကုန်။

မနောဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေးတို့သည် ပဉ္စဒွါရ၌ ဆင်ခြင်ကာမျှ လက်ခံ သိမ်းပိုက်ကာမျှတို့ကိုသာ ပြုနိုင်ကုန်၏။ ထိုအာဝဇ္ဇနကိစ္စ,သမ္ပဋိစ္ဆနကိစ္စတို့သည် ကိစ္စကြီးတို့ မဟုတ်ကြကုန်။ ဝိဇာနန,ဝိညာဏတို့ဖြင့် အထူးပြု၍ ဝိညာဏ် မခေါ်ထိုက်ကုန်။ မနနမတ္တ-သိကာမျှတို့သာ ဖြစ်ကြကုန်၏။ထိုကြောင့် မနောဓာတု=မနောဓာတ်ဟူ၍သာ ဆိုအပ်ကုန်သည်။

သန္တီရဏ စသော ကြွင်းသောစိတ် ၇၆-ပါးတို့သည်ကား စုံစမ်းခြင်း, မှတ်သားခြင်း, အဟုန်နှင့်တကွ ကျရောက်ခြင်း, ဘဝအသစ်အသစ်ကို စပ်ဆက်ခြင်း စသော ကိစ္စကြီးတို့ကို ရွက်ဆောင်ကြကုန်၏။ ထိုကိစ္စတို့သည် သာလွန်ထူးကဲ၍ ကြီးကျယ်သော ကိစ္စကြီးတို့သာ ဖြစ်ကုန်၏။ သာလွန် ထူးကဲသော ဝိဇာနန သတ္တိနှင့် ယှဉ်ကြကုန်၏။ ထိုကြောင့် သန္တီရဏစသော စိတ်တို့သည် ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းတို့ကဲ့သို့ မနောမျှလည်း မဟုတ်ကြကုန်။ ဒွေးပဉ္စဝိညာဏ် ၁၀-တို့ကဲ့သို့ ဝိညာဏမျှလည်း မဟုတ်ကြကုန်။ မနောသဒ္ဒါ, ဝိညာဏသဒ္ဒါ နှစ်ပါးတို့ဖြင့် အထူးပြု၍ မနောဝိညာဏဓာတု=မနောဝိညာဏဓာတ် ဟူ၍ ဆိုခြင်းငှါ ထိုက်ကုန်၏။ထိုကြောင့်ပင် မနောဝိညာဏဓာတ်ဟူ၍ ဆိုရကုန်သည်။ လွန်လွန်ကဲကဲ အထူးအပြား သိတတ်သောဓာတ်တို့ဟု ဆိုလိုသည်။ အနက်တူ ပရိယာယ်သဒ္ဒါနှစ်ခုဖြင့် အထူးပြု၍ဆိုလျှင် လွန်ကဲသော အတိသယအနက်ကို ဟော၏။ ပုံကား—ဒေဝဒေဝေါ၊ နတ်ထက်နတ်။ ဗြဟ္မဗြဟ္မာ၊ ဗြဟ္မာထက်ဗြဟ္မာ။ ရာဇရာဇာ၊ မင်းထက်မင်း။ ရူပရူပံ၊ ရုပ်ထက်ရုပ်စသည်တည်း။ သာလွန်၍နီးစပ်သော အကြောင်းကို ဟောတူ အနက်ရှိသောသဒ္ဒါနှစ်ခုဖြင့် အထူးပြု၍ ပဒဋ္ဌာန=ပဒဋ္ဌာန်ဟု ဆိုရသကဲ့သို့ရှင်း တည်း။ ။ဤကား ဓာတ် ၇-ပါးတို့၏ အဓိပ္ပါယ်တည်း။

ဘုံ ၃-ပါး။　။တဖန် ဘုံသုံးပါးကို ပြဆိုဦးအံ့—ပဉ္စဝေါကာရဘုံ, စတုဝေါကာရဘုံ, ဧကဝေါကာရဘုံဟူ၍ ဘုံသုံးမျိုးရှိ၏။

ထိုတွင် ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့သည် ခန္ဓာငါးပါးအစု ရှိသောကြောင့် ပဉ္စဝေါကာရဘုံမည်၏။

အရူပလေးဘုံသည် ရုပ်ခန္ဓာမရှိ၊ နာမ်ခန္ဓာလေးပါးသာ ရှိသောကြောင့် စတုဝေါကာရဘုံမည်၏။

အသညသတ်ဘုံသည် ရုပ်ခန္ဓာတပါးသာ ရှိသောကြောင့် ဧကဝေါကာရဘုံမည်၏။

ပဉ္စဝေါကာရဘုံ၌ဖြစ်သောစိတ်သည် ဝတ္ထုရုပ်ကို မှီရ၏။ စတုဝေါကာရဘုံ၌ဖြစ်သောစိတ်သည် ဝတ္ထုရုပ်ကို မမှီရ။ ဧကဝေါကာရဘုံ၌ စိတ်မရှိ။

ကာမဘုံ၌ ဝတ္ထုရုပ် ၆-ပါးကိုမှီ၍ စိတ်ဓာတ် ၇-ပါးဖြစ်၏။ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ဝတ္ထုရုပ် ၃ ပါးကိုမှီ၍ စိတ်ဓာတ် ၄-ပါးဖြစ်၏။ အရူပဘုံ၌ ဝတ္ထုရုပ်ကို မမှီရဘဲ စိတ်ဓာတ် တပါးဖြစ်၏။

"ဝတ္ထုဘေဒေန စိတ္တ, စေတသိကာနံ သင်္ဂဟော ဝတ္ထုသင်္ဂဟော"။ဝတ္ထုဘေဒေန၊ ဝတ္ထုအပြားအားဖြင့်။ စိတ္တ စေတသိကာနံ၊ စိတ်စေတသိက်တို့ကို။ သင်္ဂဟော၊ ရေတွက်၍ပြရာဖြစ်သော နည်းသည်။ ဝတ္ထုသင်္ဂဟော၊ ဝတ္ထုသင်္ဂဟမည်၏။

ဝတ္ထုသင်္ဂဟ ပြီး၏။

ဤပရမတ္ထသံခေပကျမ်း၌ ပကိဏ်းပိုင်းမှာ သင်္ဂဟ ငါးပါးရှိ၏။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌မူကား ဝေဒနာသင်္ဂဟ တပါးကိုထည့်၍ သင်္ဂဟ ခြောက်ပါးရှိ၏။ ဤကျမ်းစိတ်ပိုင်းအဆုံး၌—

**ဥ,ပဉ္စ၊စေး၊သော,ဆဒွေး၊ဒေါ,ဒွေး-ဒု,သု,ကေ်။**

ဟူသောပိုဒ်ဖြင့်ပင် ဝေဒနာသင်္ဂဟ ပြီးစီးလေပြီဖြစ်၍ ပကိဏ်းပိုင်း၌ ဝေဒနာသင်္ဂဟကို အထူးဆိုဖွယ်မရှိရကား သင်္ဂဟငါးပါးကိုသာ ဆိုတော်မူလေသည်။

ပကိဏ်းပိုင်း ဋီကာ ပြီး၏။

# ၄-ဝိထိပိုင်း ဋီကာ

(မှာထားချက်။ ။ဝီထိပုံအမျိုးမျိုး သဘောစစ်တမ်း အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်ပြည့်စုံသော "ဝီထိမဉ္ဇရီ"ကျမ်းကို ငါတို့ ရေးသားပုံနှိပ်စေအပ်ပြီဖြစ်၍ ဝီထိပိုင်းဋီကာကို အထူးဖွင့်ဆို ရေးသားရန် မလိုလှုပြီဖြစ်သော်လည်း ဤနေရာ၌ ရေးသားရန် အခွင့်အရေးသို့ ဆိုက်ရောက်နေပြန်သောကြောင့် ပရမတ္ထသင်္ဂြိုဟ်ကျမ်း၏ အစီအစဉ်အတိုင်း ဖွင့်ဆိုရေးသားရပြန်တော့အံ့။ ဝီထိပုံများကိုမူကား ဤဋီကာကျမ်း၌ ရေးသားရန်အမှုကို လျစ်လျူရှုပေအံ့။ အလိုရှိလျှင် "ဝီထိမဉ္ဇရီ"ကျမ်းမှာ ကြည့်ရှုကြလေကုန်)။

### စိတ်သက်, ရုပ်သက် ခွဲခန်း

(၁၇၄) ဖြစ်.တည်,ချုပ်လတ်၊ဤသုံးရပ်၊ ဥပါဒ်,ဌီ,ဘင်ယူ။

ပရမတ္ထဓမ္မတို့၏ ဖြစ်ပေါ်မှုကို "ဥပ္ပါဒ=ဥပါဒ်" တည်နေမှုကို "ဌိတိ=ဌီ" ချုပ်ပျက်မှုကို "ဘင်္ဂ=ဘင်"ဟူ၍ မှတ်ရမည် ဆိုလိုသည်။

**ဥပ္ပါဒ**။ ။"ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ"။ ဥပ္ပဇ္ဇနံ၊ ဖြစ်ပေါ်ခြင်း၊ ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်း။ ဖြစ်ပေါ်ဥပါဒ်ရန် အကြောင်းပြည့်စုံညီညွတ်၍ ပရမတ္ထဓမ္မတို့၏ ဖြစ်ပေါ်လာမှုပေတည်း။ ထိုဖြစ်ပေါ်မှုဥပ္ပါဒကို သဘာဝပဋိလာဘဟူ၍လည်း ခေါ်ဆိုသေး၏။

**ဌိတိ**။ ။"ဌာနံ ဌိတိ"။ ဌာနံ၊ တည်ခြင်း။ ဌိတိ၊ တည်ခြင်း။ ဖြစ်ပေါ်ပြီးသော ပရမတ္ထဓမ္မတို့၏ မချုပ်သေးမီ ဘင်သို့ မရောက်သေးမီ တည်နေသော အခိုက်အတန့်သဘောပေတည်း။ ထိုဌိတိကို "ယထာလဒ္ဓသဘာဝ အနိဝတ္တိ"ဟူ၍လည်း ခေါ်ဆိုသေး၏။

**ဘင်္ဂ**။ ။"ဘဉ္ဇနံ ဘင်္ဂေါ"။ ဘဉ္ဇနံ၊ ပျက်စီး ချုပ်ကွယ်ခြင်း။ ဘင်္ဂေါ၊ ပျက်စီး ချုပ်ကွယ်ခြင်း။ ဖြစ်ပေါ်ပြီးသော ပရမတ္ထဓမ္မတို့၏ ကွယ်ပျောက်ချုပ်ဆုံးမှုပေတည်း။ ထိုဘင်္ဂကို ယထာလဒ္ဓ သဘာဝဝိနာသဟူ၍၎င်း, ယထာလဒ္ဓသဘာဝအန္တရဓာနဟူ၍၎င်း ခေါ်ဆိုသေး၏။

ဥပါဒ်သည် ခဏငယ်တခု, ဌီသည် ခဏငယ်တခု, ဘင်သည် ခဏငယ်တခု ဤသို့လျှင် ခဏငယ်ပေါင်း သုံးခုရှိ၏။

(၁၇၅) ခဏငယ်သုံးချက်၊ အပေါင်းနက်၊ စိတ္တက္ခဏ ယူ။

**စိတ်သက်တမ်း။** ။ပြဆိုအပ်ခဲ့ပြီးသော ခဏငယ်သုံးခုအပေါင်းသည် တခုသော စိတ်၏ အသက်မည်၏၊ "ဧကစိတ္တက္ခဏ"ဟူ၍ ခေါ်ဆိုအပ်၏။"ဧကဿ စိတ္တဿ ခဏောတိ ဧကစိတ္တက္ခဏော"။ ဧကဿ စိတ္တဿ၊ တခုသောစိတ်၏။ ခဏော၊ ခဏတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဧကစိတ္တက္ခဏော၊ ဧကစိတ္တက္ခဏမည်၏။ထိုစိတ္တက္ခဏ၏ ဖြစ်ပုံသည် အလွန်တရာ လျင်မြန်လှစွာ၏။ မျက်လွှာတရှက် လျှပ်တပြက်အတွင်းမှာပင် စိတ္တက္ခဏပေါင်း ကုဋေ တသိန်းမက ဖြစ်နိုင် ချုပ်နိုင်သည်ဟူ၍ အဘိဓမ္မာအဋ္ဌကထာကြီးများ၌ မိန့်ဆိုတော်မူကြ၏။ ဤကို ရည်၍—

(၁၇၆) လျှပ်တပြက်တွင်၊ စိတ္တက္ခဏော၊ အပေါင်းရေ၊ ကုဋေတသိန်းဟူ။

ဟူသော ကဗျာကို မိန့်ဆိုတော်မူသည်။

"အစ္ဆရာသင်္ဃာတက္ခဏေ အနေကကောဋိသတသဟဿသင်္ခါ ဝေဒနာ ဥပ္ပဇ္ဇန္တိ"။ "ဧကစ္ဆရက္ခဏေ အနေကကောဋိသတသဟဿာနိ စိတ္တာနိ ဥပ္ပဇ္ဇန္တိ"။ အဋ္ဌကထာ။

ဋ္ဌီ ရှိ,မရှိ။ ။ဤနေရာ၌ အဘိဓမ္မာဋီကာကြီးကို ရေးသားစီရင်တော်မူသော မူလဋီကာဆရာ အရှင်အာနန္ဒာအလိုကို ပြဆိုဦးအံ့—ထိုမူလဋီကာဆရာသည် တခုတခုသောစိတ်မှာ ဥပါဒ်ခဏ, ဘင်ခဏအားဖြင့် ခဏငယ်ပေါင်း နှစ်ပါးမျှ ရှိသည်၏ အဖြစ်ကိုသာ အလိုရှိတော်မူ၏၊ ထိုခဏငယ်နှစ်ခုအပေါင်းကို ဧကစိတ္တက္ခဏဟူ၍ ဆိုလို၏။လောကဥပမာအားဖြင့် ထင်စွာ ပြဆိုဦးအံ့—ကောင်းကင်၌ ပြက်သန်းသော လျှပ်စစ်မည်သည် ဖြစ်ပွါးသည်၏ အခြားမဲ့၌ အလျဉ်းကွယ်ပျောက်လေသည်သာဖြစ်၏။ထိုလျှပ်စစ်၏ ဖြစ်ပွါးမှု,ချုပ်ကွယ်မှု၏ စပ်ကြား၌ တည်နေမှုမည်သည် အသီးအခြား မထင်ရှားလေဘိသကဲ့သို့ငှါး, ထိုမှတပါး ဖြောင့်မတ်စွာ အထက်သို့ မြှောက်လိုက်သော ကျောက်အုတ်ခဲသည် တက်လေပြီးသည်၏ အဆုံး၌ ကိုင်းရှိုင်း၍သာ မြေသို့ ကျရလေ၏၊ တက်မှု, ကျမှုနှစ်ပါးသာလျှင် ရှိ၏၊ ထိုတက်မှု,ကျမှုနှစ်ပါးတို့၏ အလယ်၌ တည်နေမှုဟူ၍ ထင်ရှားစွာ မရှိလေသကဲ့သို့ငှါး, ထိုအတူ စိတ်တရားသည်လည်း ဥပါဒ်သည်၏ အခြားမဲ့၌ ပျက်စီးချုပ်ကွယ်ခြင်း ဘင်သို့သာလျှင် လျှောသက်ကျရောက်လေ၏။ ရုပ်တရားတို့၌ ဥပါဒ်နှင့်ဘင်တို့အကြားမှာ အသီးအခြား ဌီခဏကို ရအပ်ကောင်းသကဲ့သို့ စိတ်တရားတို့၌ ဥပါဒ်နှင့် ဘင်တို့၏အကြားမှာ ဌီခဏကို မရစကောင်းပေ။ ထိုထို ယမိုက်ပါဠိတော်အရပ်ရပ်တို့၌လည်း စိတ်၏ ဥပါဒ်ခဏ, ဘင်ခဏ နှစ်ပါးကိုသာလျှင် ဟောတော်မူခဲ့ပေ၏။ ဌီခဏကို ဟောတော်မမူခဲ့ပေ။ ကထာဝတ္ထုပါဠိတော်ကြီး၌လည်း—

ကေ စိတ္တံ ဒိဝသံ တိဋ္ဌတီတိ။ အာမန္တာ။ ဥပဍ္ဎဒိဝသော ဥပ္ပါဒက္ခဏော ဥပဍ္ဎ-ဒိဝသော ဝယက္ခဏောတိ။ နဟေဝံ ဝတ္တဗ္ဗေ။ ကေ စိတ္တံ ဒွေ ဒိဝသေ တိဋ္ဌတီတိ။ အာမန္တာ။ ဧကော ဒိဝသော ဥပ္ပါဒက္ခဏော၊ ဧကော ဒိဝသော ဝယက္ခဏောတိ။ နဟေဝံ ဝတ္တဗ္ဗေ[၁]။

အစရှိသည်ဖြင့် စိတ်၏ဥပါဒ်အဘို့ ဘင်အဘို့ နှစ်ပါးကိုသာလျှင် ဟောတော်မူခဲ့ပေ၏။ ဌီအဘို့ကို ဟောတော်မမူခဲ့ပေ။ ထိုကြောင့် ဌီခဏကို အသီးအခြား မရစကောင်းဟူ၍ ယုံကြည်ထိုက်ပေ၏။ အကယ်၍ ဌီခဏကို အသီးအခြား ရစကောင်းပါတမူကား ယခင် ကထာဝတ္ထုပါဠိတော်ကြီး၌—

ကေ စိတ္တံ ဒိဝသံ တိဋ္ဌတီတိ။ အာမန္တာ။ ဒိဝသဿ ပဌမော ဘာဂေါ ဥပ္ပါ-ဒက္ခဏော၊ ဒုတိယော ဌိတိက္ခဏော၊ တတိယော ဝယက္ခဏော။

ဟူ၍ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ခဏသုံးပါးဖြင့် စိစစ်တော်မူခဲ့ရာ၏။ ထိုသို့ကား စိစစ်တော်မမူခဲ့၊ "ဥပဍ္ဎဒိဝသော ဥပ္ပါဒက္ခဏော၊ ဥပဍ္ဎဒိဝသော ဝယက္ခဏော"စသည်ဖြင့်သာ ဌီခဏကို ချန်လှပ်၍ စိစစ်တော်မူခဲ့ချေ၏။

ဤအရာ၌ စောဒနာဖွယ် ရှိနေပြန်သည်မှာ သုတ္တန်ပါဠိတော်ကြီးတို့၌—

တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ။ ကတမာနိ တီဏိ။ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ။

စသည်ဖြင့် မြတ်စွာဘုရားဟောကြားတော်မူအပ်ပေ၏။

ဤပါဠိတော်၌ "ဌိတဿ အညထတ္တံ ပညာယတိ"ဟူသော ပါဠိကို ထောက်၍ စိတ်မှာ ဌီခဏရှိ၏။ ခဏငယ် သုံးပါးရှိ၏ဟူ၍ ဆိုထိုက်သည် မဟုတ်လောဟူမူ—ထိုသို့သော စောဒနာစကားကို ဤအရာ၌ မဆိုထိုက်ပေ။ အဘယ်ကြောင့်နည်းဟူမူ—ပြဆိုအပ်ပြီးသော သုတ္တန်ပါဠိတော်ကြီးမှာ ခဏငယ်ဖြစ်သော ဌီကို ဟောတော်မူအပ်သည် မဟုတ်။ သင်္ခတတရားတို့၏ အစဉ်မပြတ် ဖွဲ့စပ်၍ တည်နေမှုဟု ဆိုအပ်သော ပဗန္ဓဋ္ဌိတိကိုသာလျှင် ဟောတော်မူလိုရင်း ဖြစ်သောကြောင့် ဟူ၍ ဖြေဆိုရာ၏။ ထိုသုတ္တန်ပါဠိတော်ကြီး၌ ခဏငယ်ဖြစ်သော ဌီကို ဟောတော်မူလိုရင်း မဟုတ်။ ပဗန္ဓဋ္ဌိတိ ကိုသာ ဟောတော်မူလိုရင်း ဖြစ်ကြောင်းကို အဘယ်ကြောင့် သိအပ်ပါသနည်း ဟူမူ—ထိုပါဠိတော်ကြီး၌ "ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ"ဟူ၍ "ဥပ္ပါဒ"နှင့် "ဝယ"ကို ဟောတော်မူပြီးသော နောက်မှ "ဌိတဿ အညထတ္တံ ပညာယတိ"ဟူ၍ အသီး

---

၁။ ကထာဝတ္ထုပါဠိတော် ၂-ဒုတိယဝဂ်၊ စိတ္တဋ္ဌိတိကထာ (ဆဋ္ဌမူ) ၁၅၆-၌ "ဧကော ဒိဝသော"၌ "ဧကော"ဟု မပါ။

အခြားခွဲ၍ ဟောတော်မူအပ်သောကြောင့် သိအပ်၏ဟူ၍ ဖြေကြားရာသည်။ ဤလိုအစီပွါယ်မျိုး မဟုတ်ဘဲ ခဏငယ်ဖြစ်သော ဌီကို ဟောတော်မူလိုရင်း ဖြစ်ခဲ့ပါလျှင် "ဥပ္ပါဒေါ ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ၊ ဝယော ပညာယတိ"ဟူ၍ ဥပါဒ်, ဌီ, ဘင် အစဉ်ထား၍ ဟောကြားတော်မူခဲ့ရာ၏။

ထိုကြောင့် ပြဆိုအပ်ပြီးသော သုတ္တန်ပါဠိတော်ကြီး၌ "ဌိတဿ အညထတ္တံ ပညာယတိ"ဟူသော စကားသည် ခဏငယ်ဖြစ်သော ဌီကို ဟောတော်မူလိုရင်း မဟုတ်။ ပဗန္ဓဋ္ဌိတိကိုသာ ဟောတော်မူလိုရင်း ဖြစ်သည်ဟု သိအပ်ပေသည်။ ပြဆိုအပ်ပြီးသော စကားရပ်ဖြင့် ဥပါဒ်နှင့် ဘင်တို့မှာ ခဏငယ် အသီးအခြား ရအပ်လေဘိသကဲ့သို့ ဌီမှာ ခဏငယ် အသီးအခြား မရအပ်ပေဟူ၍ သိရာ၏။ (ဤကား မူလဋီကာဆရာ အရှင်အာနန္ဒာ၏ အယူဝါဒတော်ပေတည်း)။

ဤ ဝါဒသည် သံယုတ်အဋ္ဌကထာကြီး၌ လာရှိ၏။ အဋ္ဌကထာသစ်ဆရာ မဟာဗုဒ္ဓဃောသ အရှင်သည်မူကား ထိုဝါဒကို နှစ်သက်တော်မမူသဖြင့် ပယ်ရှား တော်မူ၏။ ထိုသို့ပင် ပယ်ရှားစေကာမူ မူလဋီကာဆရာ၏ ဝါဒသည် ယမိုက်ပါဠိ တော်, ကထာဝတ္ထုပါဠိတော်ကြီးများနှင့် ညီညွတ်လျက်ပင် ရှိနေချေ၏။

ဆိုဖွယ် အထူးသော်ကား အထက်သို့ မြောက်၍ ပစ်လိုက်သော အုတ် ကျောက်ခဲ၏ တက်လေသော အရှိန်အဟုန်၏ ဆုတ်နစ် တံ့စားမှု ရှိလေသကဲ့သို့ စိတ်တရား၏ ဥပါဒ်ဟု ဆိုအပ်သော တက်ပွါးမှု၏ ဆုတ်နစ် တံ့စားခြင်း မည်သည် လည်း ရှိပေ၏။ ထိုစကားမှန်၏—ဥပါဒ်ဖြစ်ပွါးမှု၏ ဆုတ်နစ် တံ့စားခြင်း မရှိခဲ့ ပါလျှင် ဝယဟု ဆိုအပ်သော ပျက်မှုသည် မဖြစ်ခဲ့တန်ရာ။ ထိုကြောင့် ထိုသို့ ဖြစ်ပွါးမှု၏ အဆုံးအစွန်းဟု ဆိုအပ်သော တံ့စား ဆုတ်နစ်မှုကိုပင်လျှင် ဌိတိ ဟူသော ပရိယာယ်ဖြင့် ခေါ်ဆိုခြင်းငှါ ထိုက်ပေ၏။ ထိုသို့ပင်ဖြစ်သော်လည်း ထိုသို့ ဥဒယသဘော၏ တံ့စားမှုကို ခဏငယ် တခုဟူ၍ ရေတွက်လောက်သည် မဟုတ်ခဲ့ပေ။ ထိုကြောင့်ပင်လျှင် အဘိဓမ္မာပိဋကတ်တော်ကြီးတို့၌ စိတ်၏ ဥပါဒ်, ဘင်ဟုဆိုအပ်သော ခဏငယ်နှစ်ပါးကိုသာလျှင် ဟောကြားတော်မူအပ် ပေသည်။ ထို့မှတပါးလည်း နာမ်တရားတို့၏ ဖြစ်ပွါးမှုဟု ဆိုအပ်သော ဥဒယ၏ အစအစွန်း, ပျက်ဆုံးမှုဟု ဆိုအပ်သော ဝယ၏ အဆုံးစွန်းနှစ်ပါးကို ကြဉ်ထား ၍ ထိုအစွန်းနှစ်ပါးတို့၏ အလယ်၌ ရင့်ကျက်ဆွေးမြေ့ခြင်း လက္ခဏာရှိသော ဇရာသဘောကို နာမ်တရားတို့မှာ ရအပ်သည်သာလျှင် ဖြစ်လေ၏။ ထိုကြောင့် ပင်လျှင် မာတုကထာ ပါဠိတော်ကြီး၌ "ဇရာ ဒွီဟိ ခန္ဓေဟိ သင်္ဂဟိတာ"ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်ပေ၏။ နာမ်တရားတို့၏ အစွန်းနှစ်ပါး တို့၏ အလယ်၌တည်ရှိသော ဇရာသဘောကို ဌိတိဟူသော ပရိယာယ် ခေါ်ဆို ခြင်းငှါ ထိုက်သင့်တန်ရာပါ၏။

(၁၇၇) **ဆဲ့ခုနစ်ချက်၊ ထိုစိတ်သက်၊ ရုပ်သက်တခုယှူ။**

**ရုပ်သက်တမ်း။** ။ပြဆိုအပ်သော စိတ္တက္ခဏပေါင်း ၁၇-ချက်သည် ရုပ်သက်တခုသာ ဖြစ်၏ဟု ဆိုလိုသည်။

နာမ်တရားတို့မည်သည် အကောင်အထည် အတုံးအခဲသဘောမှကင်းဆိတ်သောကြောင့် လျင်မြန်စွာသော ဖြစ်မှု ပျက်မှု ရှိကုန်၏။ ရုပ်တရားတို့သည်မူကား အကောင်အထည် အတုံးအခဲ သဘော ရှိလေသောကြောင့် အဖြစ်အပျက် နှေးကန်လှစွာ၏။ ထို့ကြောင့် စိတ်ပေါင်း တဆဲ့ခုနစ်ကြိမ် ဖြစ်ပျက်ပါမှ ရုပ်တခုသာ ဖြစ်ပျက်နိုင်လေသည်။ စိတ္တက္ခဏ တဆဲ့ခုနစ်ချက်သည် ရုပ်သက်တခုသာ ရှိ၏။ ရုပ်သက်တခုမှာ ခဏငယ်ပေါင်း ၅၁-ချက်ရှိ၏။ (မူလဋီကာဆရာ၏ အလိုတော်အားဖြင့် ရုပ်သက်တခုမှာ ခဏငယ်ပေါင်း ၃၂-ချက်သာ ရှိသည်။)

ရုပ်၏ အသက် စိတ္တက္ခဏပေါင်း ၅၁-ချက်တို့တွင် အစဆုံးဖြစ်သော ခဏငယ်တချက်သည် ရုပ်၏ ဥပါဒ် ခဏပေတည်း။ အဆုံးစွန်ဖြစ်သော ခဏငယ်တချက်သည် ရုပ်၏ ဘင်ခဏပေတည်း။ အလယ်၌ရှိသော ခဏငယ်ပေါင်း ၄၉-ချက်သည် ရုပ်၏ ဌီခဏပေတည်း။

(မူလဋီကာဆရာ၏အလိုအားဖြင့် နှေးနှေးမှ ရင့်ရော် ပျက်စီးလေ့ရှိသောရုပ်တရားတို့၏ ဥပါဒ်ခဏ, ဘင်ခဏတို့သည် စိတ်များမှာကဲ့သို့ လျင်မြန်မည် မဟုတ်တန်ရာ။ ထို့ကြောင့် ခဏငယ် ၃၂-ချက်တို့တွင် အစဆုံးဖြစ်သော ခဏငယ် ၂-ခုသည် ရုပ်တို့၏ ဥပါဒ်ခဏ မည်၏။ အဆုံးစွန်ဖြစ်သော ခဏငယ် ၂-ခုသည် ရုပ်တို့၏ ဘင်ခဏ မည်၏။ အလယ်၌တည်ရှိသော ခဏငယ် နှစ်ဆဲ့ရှစ်ခုသည် ရုပ်တို့၏ ဌီခဏ မည်၏။)

ရုပ်တို့၏ အသက်သည် စိတ္တက္ခဏ ၁၇-ချက်၊ ခဏငယ် ၅၁-ချက် အသက်ရှိ၏ဟူ၍ ဆိုသော်လည်း ရုပ် ၂၈-ပါးလုံးတို့၏ အသက် မဟုတ်။ ဝိညတ်ဒွေးနှင့် လက္ခဏာရုပ် လေးခုကြဉ်သော ရုပ် ၂၂-ပါးတို့၏ အသက်သာဟူ၍ ပြဆိုတော်မူခြင်းငှါ—

(၁၇၈) **လက္ခဏာလေး၊ ဝိညာဉ် ဒွေး၊ ကြဉ်ရေး ရုပ် ဒွိဋ္ဌ။**

ဟူသောကဗျာကို မိန့်ဆိုတော်မူသည်။

**ဝိညတ်ရုပ်သက်တမ်း။** ။ဝိညတ်ရုပ် နှစ်ပါးသည် စိတ္တာနုပရိဝတ္တိ တရားမျိုး ဖြစ်၍ စိတ် အသက်နှင့် တူမျှခြင်းကြောင့် ခဏငယ် ၃-ချက်သာ အသက်ရှည်၏။

**လက္ခဏာရုပ် ၄-ခု သက်တမ်း။** ။လက္ခဏာရုပ် ၄-ခုတို့တွင် ဥပစယနှင့် သန္တတိ နှစ်ပါးသည် စိတ်၏ ဥပါဒ်ခဏမျှသာ အသက်

ရှိ၏။ ဇရတာသည် ဋီခဏမျှသာ အသက်ရှိ၍ ခဏငယ်ပေါင်း လေးဆဲ့ကိုးချက် အသက် ရှိ၏။ အနိစ္စတာသည် စိတ်၏ ဘင်ခဏမျှသာ အသက် ရှိ၏။ ထိုကြောင့် ထိုဝိညတ်ဒွေးနှင့် လက္ခဏရုပ်လေးခုကို ကြဉ်ရလေသည်။

စိတ်သက် ရုပ်သက်ခွဲခန်း ပြီး၏။

---

## ပဉ္စဒွါရဝီထိ အပြား

(၁၇၉) ဒွါရ-မုတ်မျိုး၊ တဆဲ့ကိုး၊ ခေါ်ရိုး ဝီထိမုတ်။

ပကိဏ်းပိုင်း ဒွါရသင်္ဂဟ၌ ပြအပ်ပြီးသော ဒွါရဝိမုတ်စိတ် ၁၉-ပါးသည် ဝီထိ-မုတ်စိတ် မည်၏ဟူ၍ ဆိုလိုသည်။

**ဝီထိ။**　။ဝီထိသဒ္ဒါသည် ခရီးလမ်းအစဉ်ကို ဟော၏။ ဘဝင်တို့ ယူမြဲတိုင်းသော နိမိတ်အာရုံများကို လွှတ်ထား၍ အသစ်အသစ် ထင်မြင်လာသောအာရုံကို အာရုံပြု၍ဖြစ်သော အာဝဇ္ဇန်းအစရှိသော စိတ်အစဉ်ကို ဝီထိ ဆိုသည်။

**ဝီထိမုတ်စိတ်။**　။ပဋိသန္ဓေ၊ ဘဝင် စုတိ ကိစ္စတပ်သော စိတ်ပေါင်း ၁၉-ပါးသည် ယူမြဲတိုင်းသော နိမိတ်အာရုံများကို ယူ၍ ဖြစ်နေကျအတိုင်း ဖြစ်သောကြောင့် ဝီထိစိတ်များ မဟုတ်ကုန်။ ဝီထိမုတ်စိတ်သာ မည်လေကုန်သည်။

"ဝီထိတော မုတ္တာနီတိ ဝီထိမုတ္တာနိ"။ ဝီထိတော၊ ဝီထိသဘောမှ။ မုတ္တာနိ၊ လွှတ်သောစိတ်တို့တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဝီထိမုတ္တာနိ၊ ဝီထိမုတ်စိတ် မည်ကုန်၏။

ပဋိသန္ဓေစိတ် ၁၉-ပါးတို့တွင် မဟာဝိပါက်ရှစ်ပါးနှင့် ဥပေက္ခာသန္တီရဏ နှစ်ပါးတို့သည် တဒါရုံကိစ္စ, သန္တီရဏကိစ္စများနှင့် ဖြစ်ကြသောအခါ ဝီထိမုတ်စိတ် မမည်ကုန်၊ ဝီထိစိတ်တို့သာ မည်ကုန်၏။

မဟဂ္ဂုတ်ဝိပါက် ၉-ခုသည်ကား အချင်းခပ်သိမ်း ဝီထိမုတ်စိတ် မည်လေ၏။ မဟဂ္ဂုတ်ဝိပါက် ၉-ခုမှ ၀ပါးသော စိတ်ပေါင်းရှစ်ဆယ်တို့သည် ဝီထိစိတ် မည်ကုန်၏။

**ဝီထိ ၆-ပါး။**　။ဒွါရခြောက်ပါး၌ဖြစ်သော စိတ်အစဉ်ကို ဝီထိခေါ်၏။ ထိုဝီထိသည် စက္ခုဒွါရဝီထိ။ပ။ ကာယဒွါရဝီထိ, မနောဒွါရဝီထိအားဖြင့် ခြောက်ပါးရှိ၏။ ဤကိုရည်၍—

(၁၀၀) ခြောက်ဒွါရဝယ်၊ စိတ်စဉ်ခြယ်၊ ခြောက်သွယ် ဝီထိ ထုတ်။

ဟူသော ကဗျာကို မိန့်ဆိုတော်မူ၏။

"စက္ခုဒွါရေ ပဝတ္တာ ဝီထိတိ စက္ခုဒွါရဝီထိ"။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ ပဝတ္တာ၊ ဖြစ်သော။ ဝီထိ၊ စိတ်အစဉ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ စက္ခုဒွါရဝီထိ၊ စက္ခုဒွါရဝီထိ မည်၏။ စက္ခုဒွါရ၌ဖြစ်သော အာဝဇ္ဇန်းအစရှိသော စိတ်အစဉ်သည် စက္ခုဒွါရမည်၏ ဟူလိုသည်။ သောတဒွါရဝီထိ စသည်တို့၌လည်း ဤနည်းကိုမှီ၍ သိလေ။

**ဝီထိ ၂-မျိုး။** ။ထိုဝီထိခြောက်ပါးကို ပဉ္စဒွါရဝီထိ၊ မနောဒွါရဝီထိဟူ၍ ဝေဖန်လျှင် ၂-ပါးမျှသာ ရှိ၏။ ထိုနှစ်ပါးတို့တွင် ပဉ္စဒွါရဝီထိဖြစ်ပုံကို ပြဆိုပေလတ္တံ့။

## ပဉ္စဒွါရဝီထိဖြစ်ပုံ ပြဆိုခြင်း

(၁၀၁) တိမဟာန်နှင့်၊ မဟန်,ပရိတ်၊ တိပရိတ်၊ ဖြာစိတ်-ပဉ္စဒွါ။

**ပဉ္စဒွါရဝီထိ-၂၀။** ။ပဉ္စဒွါရဝီထိ ငါးပါးတို့တွင် တပါးပါးကို အတိမဟန္တာရုံဝီထိ, မဟန္တာရုံဝီထိ, ပရိတ္တာရုံဝီထိ, အတိပရိတ္တာရုံဝီထိ လေးမျိုးလေးမျိုးစီ ဝေဖန်ခွဲခြားရာ၏ဟု ဆိုလိုသည်။ ဤသို့ဝေဖန်လျှင် ပဉ္စဒွါရမှာ ဝီထိမျိုး ၂၀-ရှိလာ၏။

**ဝီထိဖြစ်စေသည့်အာရုံလေးမျိုး။** ။အတိမဟန္တာရုံဝီထိ စသည်တို့၏သဘောကို သိသာရန် ရူပါရုံ။ပ။ ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံ ၅-ပါးကို အတိမဟန္တာရုံ ၅-ပါး၊ မဟန္တာရုံ ၅-ပါး၊ ပရိတ္တာရုံငါးပါး၊ အတိပရိတ္တာရုံငါးပါးဟူ၍ လေးစုလေးပုံပြု၍ ခွဲစိတ်ဝေဖန်ရာ၏။

အလွန်အားကြီးသောပဉ္စာရုံကို အတိမဟန္တာရုံခေါ်သည်၊ သင့်ရုံအားကြီးသော ပဉ္စာရုံကို မဟန္တာရုံ ခေါ်သည်၊ အားနည်းသော ပဉ္စာရုံကို ပရိတ္တာရုံ ခေါ်သည်၊ အလွန်တရာ အားနည်းလှသော ပဉ္စာရုံကို အတိပရိတ္တာရုံ ခေါ်သည်။

**အတိမဟန္တာရုံဝီထိ။** ။"အတိမဟန္တံ အာရမ္မဏန္တိ အတိမဟန္တာရမ္မဏံ"။ အတိမဟန္တံ၊ အလွန်အားကြီးလှစွာသော။ အာရမ္မဏံ၊ အာရုံတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အတိမဟန္တာရမ္မဏံ၊ အတိမဟန္တာရုံ မည်၏။ အလွန်အားကြီးသော အာရုံကို ရစေ။ ဤနည်းကိုမှီ၍ မဟန္တာရမ္မဏ စသောပုဒ်တို့ကိုလည်း ဝိဂ္ဂဟ်ဆိုရာ၏။ "အတိမဟန္တာရမ္မဏံ အာလမ္ဗိတွာ ပဝတ္တာ ဝီထိတိ အတိမဟန္တာရမ္မဏဝီထိ"။ အတိမဟန္တာရမ္မဏံ၊ အလွန်တရာ အားကြီးလှစွာသော အာရုံကို။ အာလမ္ဗိတွာ၊ စွဲမှီသမှု၊ အာရုံပြု၍။ ပဝတ္တာ၊

ဖြစ်သော။ ဝီထိ၊ စိတ်အစဉ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အတိမဟန္တာ-ရမ္မဏဝီထိ၊ အတိမဟန္တာရမ္မဏဝီထိ မည်၏။ ဝါ၊ အတိမဟန္တာရုံဝီထိ မည်၏။

အလွန်တရာ အားကြီးလှစွာသော အာရုံကို အာရုံပြု၍ဖြစ်သော စိတ်အစဉ်ကို အတိမဟန္တာရုံဝီထိ ခေါ်၏ ဟူလိုသည်။ "မဟန္တာရမ္မဏဝီထိ" စသည်တို့ကိုလည်း ဤနည်းကိုမှီ၍ ဝိဂြိုဟ်ဆိုလေ။

အတိမဟန္တာရုံသည် လွန်စွာ အားရှိလေသောကြောင့် မိမိဖြစ်ပေါ် ဥပါဒ်သည်မှနောက် စိတ္တက္ခဏ တချက်လွန်ကာမျှနှင့် ဒွါရမှာ ထင်နိုင်လေသည်။

**မဟန္တာရုံဝီထိ။** ။မဟန္တာရုံသည် အထက် အနုံ့အားဖြင့် နှစ်ပါးရှိပြန်၏။ ထက်သန်သော မဟန္တာရုံသည် မိမိဥပါဒ်သည်မှနောက် စိတ္တက္ခဏ ၂-ချက်လွန်မှ ဒွါရမှာ ထင်နိုင်သည်။ နုံ့သောမဟန္တာရုံသည် စိတ္တက္ခဏ ၃-ချက်လွန်မှ ဒွါရမှာ ထင်နိုင်လေသည်။

**ပရိတ္တာရုံဝီထိ။** ။ပရိတ္တာရုံသည် အထက်, အနုံ့, နုံ့သည်ထက်အနုံ့ စသော အားဖြင့် အဆင့်ဆင့် ခြောက်မျိုးရှိ၏။ ထိုခြောက်မျိုး အဆင့်ဆင့် အစဉ်အတိုင်း မိမိဥပါဒ်သည်မှနောက် စိတ္တက္ခဏလေးချက် လွန်မှ ဒွါရ၌ ထင်နိုင်သည်။ပ။ စိတ္တက္ခဏ ကိုးချက်လွန်မှ ဒွါရ၌ ထင်နိုင်သည်။

**အတိပရိတ္တာရုံဝီထိ။** ။အတိပရိတ္တာရုံသည်လည်း အထက်,အနုံ့,နုံ့သည်ထက် အနုံ့ စသော အဆင့်ဆင့်အားဖြင့် ခြောက်ပါးရှိပြန်၏။ ထိုအဆင့်ဆင့် ခြောက်ပါးအစဉ်အတိုင်း မိမိဥပါဒ်သည်မှနောက် စိတ္တက္ခဏ ဆယ်ချက်လွန်မှ ဒွါရ၌ ထင်နိုင်သည်။ပ။ စိတ္တက္ခဏ တဆဲ့ငါးချက်လွန်မှ ဒွါရ၌ ထင်နိုင်သည်။

ဤသို့လျှင် အာရုံတို့၏ ဒွါရတို့၏အပေါ်၌ ထင်မှုထိခိုက်မှုဟုဆိုအပ်သော ဝိသယပဝတ္တိ အမျိုးမျိုးတို့၏ အစွမ်းအားဖြင့် အတိမဟန္တာရုံ ၁-ဝီထိ၊ မဟန္တာရုံ-၂-ဝီထိ၊ ပရိတ္တာရုံ-၆-ဝီထိ၊ အတိပရိတ္တာရုံ-၆-ဝီထိ ဖြစ်သည်။ ပေါင်းလျှင် စက္ခုဒွါရမှာ ၁၅ ဝီထိ။ပ။ကာယဒွါရမှာ ၁၅-ဝီထိဖြစ်၍ ပဉ္စဒွါရဝီထိပေါင်း ၇၅ ဝီထိဖြစ်သည်။ ဤကိုရည်၍—

(၁၇၂) **အတိမဟန်၊ တချက်လွန်၊ မဟန်-နှစ်,သုံး သာ။**

(၁၇၃) **လေးက အစ၊ကိုးတိုင်မျှ၊ လွန်က-ပရိတ္တာ။**

(၁၇၄) **တဆယ် အာဒိ၊ ဆဲ့ငါးထိ၊ လွန်-အိပရိတ္တာ။**

ဟူသော သံပေါက်ကဗျာများကို မိန့်ဆိုတော်မူသည်။

## အတိမဟန္တာရုံစသည်ဖြင့် အာရုံလေးမျိုးဖြစ်ပေါ်ခြင်းအကြောင်း

အဘယ်ကြောင့် ရူပါရုံစသော အာရုံများသည် အတိမဟန္တာရုံစသောအား ဖြင့် လေးမျိုးပြားရပါသနည်း ဟူငြားအံ့— အာလောက အစရှိသော ပစ္စည်း အကြောင်းအမျိုးမျိုး၏ အစွမ်းအားဖြင့်၎င်း, အာရုံ၏ တည်ရာဝတ္ထု၏ အလွန် ကြီးသည်, တော်ရုံကြီးသည်, တော်ရုံငယ်သည်, အလွန်ငယ်သည်တို့၏ အစွမ်း အားဖြင့်၎င်း, ပြဆိုအပ်ပြီးသောအတိုင်း လေးမျိုးပြား၍ ခြားနားရလေသည် ဟု ဖြေကြားရာ၏။

ထင်စွာပြဆိုဦးအံ့— နုနယ်သိမ်မွေ့သော ရူပါရုံ၊ဝေးသောအရပ်၌တည်သော ရူပါရုံ စသည်တို့၏ တည်ရာ အထည်ဝတ္ထုမည်သည် အရောင်အလင်း အာလောက အစရှိသော အကြောင်းပစ္စည်းတို့နှင့် ပြည့်စုံညီညွတ်ခဲ့သည်ရှိသော် အတိမဟန္တာ ရုံပင် ဖြစ်လေတတ်၏။ ထိုစကားမှန်၏— မြတ်စွာဘုရား၏ ဗျာဒိတ်ခံတော်မူစဉ် အခါ တန်ခိုးပြာဋိဟာကို ပြတော်မူသောအခါ စသည်တို့၌ တလောကလုံးကို အရောင်ဖြင့်ဖုံးလွှမ်း၍ လင်းစေနိုင်သော လောကဝိဝရဏ တန်ခိုးတော်၏ အစွမ်းအားဖြင့် အဝီစိငရဲ၌ တည်သော ရူပါရုံတို့ကိုင်၎င်း, အကနိဋ္ဌဘုံ၌ တည် သော ရူပါရုံတို့ကို၎င်း, စကြာဝဠာတိုက်တပါး၌ တည်သော ရူပါရုံတို့ကို၎င်း, အလွန်တရာဝေး၍ သေးငယ်သိမ်မွေ့ကြကုန်သော်လည်း ဤလောကဓာတ်မြေ အပြင်၌ တည်၍ပင်လျှင် တွေ့မြင်ကြရကုန်၏။ ထိုအခါကာလတို့၌ မှန်မြင်် ထူးဆန်းလှစွာသော အရောင်အလင်း ကြီးသည် ဖြစ်ပေါ်လာ၏။ ထိုအရောင် အလင်း၏ အစွမ်းအားဖြင့် အလုံးစုံသော မြေကြီး,မြင်းမိုရ်တောင်,စကြာဝဠာ တောင်ကြီးတို့သည် ဖလ်သားမှန်သား ဖလ်တုံးမှန်တုံးကြီးတွေကဲ့သို့ ဖြစ်လေ ကုန်၏။ ထို့ကြောင့်—

"မဟန္တော ဥဠာရော သြဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝံ"။

ဟူ၍ ဓမ္မစက္ကပ္ပဝတ္တနသုတ္တန် စသည်တို့၌ ဟောတော်မူ၏။

ဉပပါတ်ပဋိသန္ဓေ တည်နေကြကုန်သော နတ်ဗြဟ္မာတို့ သန္တာန်၌ တည်ရှိကြ သော ပသာဒ၏မှီရာဖြစ်သော မဟာဘုတ် ရုပ်ဓာတ်တို့သည် နဂိုရ်ပကတိ ဇာတိ အားဖြင့် အရောင်အလင်း ဝင်းဝင်းကြည်လင်ကြကုန်၏။ ထို့ကြောင့် ရေမြေ တော,တောင် စသော အထည်ဝတ္ထုတို့သည် ဉပပါတ်နတ်ဗြဟ္မာတို့၏ သန္တာန် မှာ စက္ခုနှင့်ရူပါရုံစသည်တို့၏ ခြားမှု, ဟန့်တားမှု, ပိတ်ကွယ်တားဆီးမှုများကို မပြုနိုင်ကြကုန်။ ထို့ကြောင့် ဉပပါတ်နတ်ဗြဟ္မာတို့သည် ဝေးလံလှစွာသော ဌာန၌တည်ရှိသော သေးနုပ်သိမ်မွေ့သော ရူပါရုံတို့ကိုပင် မြင်စွမ်းနိုင်ကြပေကုန် သည်။ ထိုမှတပါး အဝေး၌တည်ရှိသော တောင်ကြီး,တောကြီး စသော ရူပါရုံ

တို့သည် မှီရာအထည်ဝတ္ထု ကြီးကျယ်လေသောကြောင့် လျင်မြန်စွာ ထင်နိုင်ကုန်၏။ အတိမဟန္တာရုံ ဖြစ်နိုင်ကုန်၏။ ဝေးလှစွာသော ဌာန၌ တည်ရှိသော နေဝန်း, လဝန်း, ကြယ်တာရာဝန်းတို့သည် အရောင်သဘောနှင့် ယှဉ်၍ အထည်ဝတ္ထု ကြီးကျယ်လေသောကြောင့် လျင်မြန်စွာ ထင်နိုင်ကုန်၏။ အတိမဟန္တာရုံ ဖြစ်နိုင်ကုန်၏။ ပြဆိုအပ်ပြီးသော အာလောကစသော အကြောင်းနှင့် အာရုံ၏ တည်ရာ အထည်ဝတ္ထုတို့၏ အဆင့်ဆင့်အားနည်းမှု, သေးငယ်မှုများကြောင့် မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံအားဖြင့် ပြား၍ စိတ္တက္ခဏ-၂-ချက်-၃-ချက် စသည်လွန်မှ ဒွါရမှာ ထင်နိုင်ကြကုန်သည်။ (ဤကား အတိမဟန္တာရုံ စသည်တို့၏ ဖြစ်ပုံသဘောပေတည်း)။

## တဒါရမ္မဏဝါရစသည်

(၁၀၅) တဒါနှင့်ဇော၊ ဝုဋ္ဌောမောဃ၊ လေးဝါရ၊ ယှဉ်ကြ စဉ်တိုင်းသာ။

ဤဖြင့် အတိမဟန္တာရုံဝီထိ စသည်တို့၏ တဒါရမ္မဏဝါရ စသည်မည်ကြောင်းကို ပြဆို၏။

အတိမဟန္တာရုံဝီထိသည် တဒါရုံအဆုံးရှိသောကြောင့် တဒါရမ္မဏဝါရမည်၏။

မဟန္တာရုံဝီထိသည် ဇောအဆုံးရှိသောကြောင့် ဇဝနဝါရမည်၏။

ပရိတ္တာရုံဝီထိသည် ဝုဋ္ဌောအဆုံးရှိသောကြောင့် ဝုဋ္ဌောဝါရမည်၏။

အတိပရိတ္တာရုံဝီထိမှာ ဝီထိစိတ်ဟူ၍ မရှိပြီ၊ အာရုံထင်မှုကိုသာ စွဲ၍ ဘဝင်စိတ်အမူအရာ အထူးဖြစ်မှု ရှိသဖြင့် ဝီထိခေါ်ရသည်။ ဝီထိစိတ်တို့မှ ကင်း၍ အချည်းနှီးဖြစ်သောကြောင့် မောဃဝါရ ခေါ်သည်။

အတိမဟန္တာရုံဝီထိမှာ တဒါရုံအဆုံးရှိ၏ဆိုသော်လည်း အတိမဟန္တာရုံဝီထိတိုင်းကို မဆိုလို။ အကယ်၍ တဒါရုံဖြစ်ရန် အကြောင်းချို့တဲ့လျှင် အတိမဟန္တာရုံဝီထိမှာသော်လည်း တဒါရုံမဖြစ်ဘဲ ဇောအဆုံးရှိရလေတော့၏။ ဤအကြောင်းကို "ဝီထိမဉ္ဇရီ" ကျမ်း၌ အကျယ်ဆိုပြီ။

(၁၀၆) ပရိတ္တာ ထုံး၊ ဝုဋ္ဌောဆုံး၊ နှစ်,သုံး အကြိမ်သာ။

ဝုဋ္ဌောအဆုံးရှိ၍ ဝုဋ္ဌောဝါရဟူ၍ ခေါ်ဆိုရသော ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌောသည် နှစ်ကြိမ်သော်၎င်း, သုံးကြိမ်သော်၎င်း ဖြစ်၏ဟူ၍ ဆိုလိုသည်။

ဤပရိတ္တာရုံ ခြောက်ဝီထိတို့တွင် အတီတဘဝင် ၉-ချက်လွန်သော ဆဋ္ဌမ ဝီထိ၌ သန္တီရဏနောင် စိတ္တက္ခဏ ၂-ချက်စာခန့် အသက်ကြွင်း ရှိနေသော ပရိတ္တာရုံမှာ ဝုဋ္ဌောကို ၂-ကြိမ် ချရသည်။ ကြွင်းသောငါးဝီထိတို့မှာကား ဝုဋ္ဌောကို သုံးကြိမ်စီ ချရ၏။

ပဉ္စဒွါရဝီထိအပြား ပြီး၏။

## ပဉ္စဒွါရ ဝီထိ ဖြစ်ကြောင်း

(၁၇၇) စက္ခုံ,လောက၊ ရူပ,ထင်ပြီ၊ မနသိ၊ လေးလီ စက္ခုဘို။

**စက္ခုဒွါရဝီထိဖြစ်ကြောင်း ၄။** ။ဤဖြင့် စက္ခုဒွါရဝီထိ ဖြစ်ရန် အကြောင်း လေးပါးကို ပြဆိုတော်မူ၏။

(၁) စက္ခုပသာဒ အကြည်ရုပ်တပါး။

(၂) နေရောင်, လရောင်, ရတနာရောင် စသော အာလောက တပါး။

(၃) ရှေးရှုထင်လာ ထိခိုက်လာသော ရူပါရုံတပါး။

(၄) ဝီထိပဋိပါဒက မနသိကာရခေါ်သော နှလုံးသွင်းမှု စိတ်အစဉ်ကို အာရုံညွှတ်စေမှု အာဝဇ္ဇန်းတပါး။

ဤကား စက္ခုဒွါရဝီထိဖြစ်ရန် အကြောင်းလေးပါးပေတည်း။ဤအကြောင်း လေးပါး ပြည့်စုံပါမှ စက္ခုဒွါရဝီထိ ဖြစ်ပေါ်နိုင်သည်။ ဤအကြောင်း လေးပါး တို့တွင် တပါးပါး ချို့တဲ့ပါမူ စက္ခုဒွါရဝီထိ မဖြစ်နိုင်ချေ။

ဤအကြောင်းလေးပါးတို့တွင်—

(၁) စက္ခုပသာဒသည် စက္ခုဝိညာဏ်စိတ်အား ဝတ္ထုပုရေဇာတ, ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထုပုရေဇာတိန္ဒြိယ, ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ, ဝတ္ထုပုရေဇာတတ္ထိ, ဝတ္ထုပုရေဇာတအဝိဂတ၊ ဤခြောက်ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) အရောင်အလင်းဟု ဆိုအပ်သော အာလောကသည် ဝီထိစိတ် တစဉ် လုံးအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။

(၃) ရူပါရုံသည် သာမညဖြစ်လျှင် ဝီထိစိတ်တစဉ်လုံးအား အာရမ္မဏ, အာရမ္မဏပုရေဇာတ, အာရမ္မဏပုရေဇာတတ္ထိ, အာရမ္မဏပုရေဇာတ အဝိဂတ၊ ဤလေးပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ အလေးအမြတ် ပြုအပ်သော ဣဋ္ဌ ရူပါရုံဖြစ်လျှင် ယခင်လေးပစ္စည်းတွင် အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ နှစ်ပါးကို ထည့်ပြန်၍ ခြောက်ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၄) နှလုံးသွင်း မနသိကာရဟုဆိုအပ်သော ဝီထိပဋိပါဒက ပဉ္စဒွါရာဝဇ္ဇန်း သည် စက္ခုဝိညာဏ်စိတ်အား အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နတ္ထိ, ဝိဂတ၊ ဤငါးပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ သာမညအားဖြင့် ကျေးဇူးပြုမှု ဆိုလျှင် နှလုံးသွင်းမှုဟုဆိုအပ်သော မနသိကာရသည် ဝီထိစိတ်တစဉ်လုံးအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

(၁၈၈) သောတာ,ကာသ၊ သဒ္ဒ,ထင်ပြီ၊မနသိ၊လေးလီ သောတဘို့။

သောတဒွါရဝီထိဖြစ်ကြောင်း ၄။ ။ဤဖြင့် သောတဒွါရဝီထိဖြစ်ရန် အကြောင်း လေးပါးကို ပြဆိုတော်မူ၏။

(၁) သောတပသာဒ အကြည်ရုပ်တပါး။
(၂) အပိတ်အဆီးမရှိ ပကတိ ဟင်းလင်းပွင့်နေသော အာကာသတပါး။
(၃) ထင်လာ ထိခိုက်လာသောသဒ္ဒါရုံ တပါး။
(၄) နှလုံးသွင်းမှု တပါး။

ဤကား သောတဒွါရဝီထိဖြစ်ရန် အကြောင်းလေးပါးပေတည်း။

ဤ အကြောင်းလေးပါး ပြည့်စုံပါမှ သောတဒွါရဝီထိ ဖြစ်နိုင်သည်။ ဤ အကြောင်းလေးပါးတို့တွင် တပါးပါး မပြည့်စုံက သောတဒွါရဝီထိ မဖြစ်ပေါ် နိုင်။ ရေ၏ အတွင်းသို့ ငုပ်၍နေသောသူသည် ရေ၏ အပေါ်၌ နီးသောဌာန တွင် တည်၍ နေသောသူက ဟစ်အော်၍ခေါ်သော်လည်း အာကာသချို့တဲ့ သဖြင့် မကြားနိုင်၊ သောတဒွါရဝီထိ မဖြစ်နိုင်။ ပစ္စည်းပြုပုံများကိုလည်း ပြဆို အပ်ပြီးသောနည်းကို မှီ၍ သိလေ။

(၁၈၉) ဃာန,ဝါတ၊ဂန္ဓ,ထင်ပြီ၊မနသိ၊လေးလီ ဃာနဘို့။

ဃာနဒွါရဝီထိဖြစ်ကြောင်း ၄။ ။ဤဖြင့် ဃာနဒွါရဝီထိဖြစ်ရန် အကြောင်း လေးပါးကို ပြဆိုတော်မူ၏။

(၁) ဃာနပသာဒ အကြည်ရုပ် တပါး။
(၂) အနံ့ကို ဆောင်ယူလာသော လေနှင့် ရှိုက်ရှူသောလေဟု ဆိုအပ် သော ဝါယောဓာတ် တပါး။
(၃) ထင်လာထိခိုက်လာသော ဂန္ဓာရုံ တပါး။
(၄) နှလုံးသွင်းမှု တပါး။

ဤအကြောင်းလေးပါးပြည့်စုံမှ ဃာနဒွါရဝီထိ ဖြစ်နိုင်သည်။ ဤအကြောင်း လေးပါးတို့တွင် တပါးပါးချို့တဲ့လျှင် ဃာနဒွါရဝီထိ မဖြစ်နိုင်ချေ။

(၁၉၀) ဇိဝှါ,အာပ၊ရသ,ထင်ပြီ၊မနသိ၊ လေးလီ ဇိဝှါဘို့။

ဇိဝှါဒွါရ ဝီထိဖြစ်ကြောင်း ၄။ ။ဤဖြင့် ဇိဝှါဒွါရ ဝီထိဖြစ်ပေါ် ရန် အကြောင်း လေးပါးကို ပြဆိုတော်မူ၏။

(၁) ဇိဝှါပသာဒ အကြည်ရုပ် တပါး။

(၂) စားအပ်သော အစာအာဟာရ၌ ပါသော အရည်၊ လျှာရည်ဟုဆို အပ်သော စိုစွတ်မှု အာပေါဓာတ် တပါး။

(၃) ထင်လာထိခိုက်လာသော ရသာရုံတပါး။

(၄) နှလုံးသွင်းမှု တပါး။

ဤအကြောင်းလေးပါးပြည့်စုံမှ ဇိဝှါဒွါရဝီထိဖြစ်နိုင်သည်၊ ဤ အကြောင်း လေးပါးတို့တွင် တပါးပါးချို့တဲ့လျှင် ဇိဝှါဒွါရဝီထိ မဖြစ်ပေါ်နိုင်။

**(၁၉၁) ကာယ, ထဒ္ဓ၊ ဖောဋ္ဌ, ထင်ပြီ၊ မနသိ၊ လေးလီ ကာယဘို့။**

**ကာယဒွါရဝီထိဖြစ်ကြောင်း ၄။** ။ဤဖြင့် ကာယဒွါရဝီထိဖြစ်ရန် အကြောင်း လေးပါးကို ပြဆိုတော်မူ၏။

(၁) ကာယပသာဒ အကြည်ရုပ် တပါး။

(၂) တွေ့ထိလောက်အောင် ခက်မာသော ထဒ္ဓပထဝီဓာတ် တပါး။

(၃) ထင်လာထိခိုက်လာသော ဖောဋ္ဌဗ္ဗာရုံ တပါး။

(၄) နှလုံးသွင်းမှု တပါး။

ဤအကြောင်းလေးပါးစုံမှ ကာယဒွါရဝီထိ ဖြစ်နိုင်သည်၊ ဤအကြောင်း လေးပါးတို့တွင် တပါးပါး ချို့တဲ့လျှင် ကာယဒွါရဝီထိ မဖြစ်နိုင်။

**ဖောဋ္ဌဗ္ဗ ၃-မျိုး။** ။ ဤ ကာယဒွါရဝီထိဖြစ်ရန် အကြောင်းလေးပါးတို့တွင် ပဓာနဖြစ်သော ပထဝီဓာတ်ကိုသာ အထူးပြု၍ ထဒ္ဓ ပထဝီဟု ဆိုခဲ့ပေသည်။ သချာစွာ စိစစ်လျှင် ဖောဋ္ဌဗ္ဗာရုံ ၃-မျိုးရှိပေသော ကြောင့် ထဒ္ဓ ၃-မျိုးဟူ၍ စိစစ်ရာ၏။ ဖောဋ္ဌဗ္ဗသည် ခက်မာမှု,နူးညံ့မှု ဟုဆိုအပ် သောပထဝီဖောဋ္ဌဗ္ဗတပါး၊ ပူမှုအေးမှု ဟု ဆိုအပ်သော တေဇောဖောဋ္ဌဗ္ဗတပါး၊ ပွရွလှုပ်ရှားမှုဟု ဆိုအပ်သော ဝါယောဖောဋ္ဌဗ္ဗတပါး၊ ဤသို့အားဖြင့် ဖောဋ္ဌဗ္ဗ သုံးမျိုးရှိ၏။ တုံး,တိုင်,အိုးခွက်,အထည်အလိပ် စသည်တို့ကို ခက်မာလေသလော၊ နူးညံ့ပျောင်းပြေ့လေသလောဟု စမ်းသပ်သော အခါ ဝီထိစိတ် အစဉ်သည် ခက်မာမှု, နူးညံ့မှုပထဝီသို့သာ ညွတ်လေ၏။ (ပထဝီဖောဋ္ဌဗ္ဗကိုသာ အာရုံပြု လေ၏၊ တေဇော,ဝါယောတို့ကို အာရုံမပြု ဟူလို)။

ထမင်းဟင်း, စားဘွယ်, သောက်ဘွယ်စသည်တို့ကိုင်း၊ ကိုယ်ငွေ့,မီးငွေ့စ သည်တို့ကိုင်း၊ အေးလေသလော ပူလေသလောဟု စမ်းသပ်သောအခါ စိတ် အစဉ်သည် ပူမှုအေးမှု တေဇောသို့သာ ညွတ်လေ၏။ (တေဇောဖောဋ္ဌဗ္ဗကိုသာ အာရုံပြု၏၊ ပထဝီ,ဝါယော တို့ကို အာရုံမပြုဟူလို)။

လေဖြင့်ပြည့်သော သားရေအိတ်, လေခေါင်းအုံး, လေမွေ့ရာ စသည်တို့ကို တောင့်တင်း ခိုင်ခံ့လေသလော ရော့ရော့ရဲရဲ ရှိလေသလောဟု စမ်းသပ်သော အခါ စိတ်အစဉ်သည် ပွရွတောင့်တင်းမှု ဝါယောသို့သာ ညွတ်လေ၏။ (ဝါယော ဖောဋ္ဌဗ္ဗကိုသာ အာရုံပြု၏၊ ပထဝီ, တေဇော တို့ကို အာရုံမပြု ဟူလို)။

**ထဒ္ဓ ၃-မျိုး။**　။ဤသို့ ဖောဋ္ဌဗ္ဗသုံးမျိုး ရှိလေသောကြောင့် ကာယဒွါရဝိထိ သည်လည်း သုံးမျိုးပင် ရှိသင့်ပေ၏။ ထိုသို့ ဖောဋ္ဌဗ္ဗသုံးမျိုး ရှိသောကြောင့်ပင်လျှင် ကာယဒွါရဝိထိဖြစ်ရန် အကြောင်းလေးခုတွင် ပါရှိသော ထဒ္ဓသည်လည်း ၃-မျိုးရှိရာ၏။ ထိခိုက်လောက်အောင် ကြမ်းရင့် ထက်သန်သော ပထဝီထဒ္ဓတမျိုး၊ ထိခိုက်လောက်အောင် ကြမ်းရင့်ထက်သန်သော တေဇောထဒ္ဓတမျိုး၊ ထိခိုက်လောက်အောင် ကြမ်းရင့်ထက်သန်သော ဝါယော ထဒ္ဓတမျိုး။ ဤကား ထဒ္ဓသဘော သုံးမျိုးခွဲခြမ်းပုံတည်း။

**နုံ့သောပထဝီစသည်။**　။ထဒ္ဓမဟုတ် နုံ့သောပထဝီ, တေဇော, ဝါယောတို့ သည်မူကား ကာယဒွါရဝိထိစိတ်ကို ဖြစ်ပေါ်အောင် ကျေးဇူးမပြုနိုင်ကြကုန်။ ဥပမာအားဖြင့် လရောင် ကြယ်ရောင်တို့၌ပါရှိသော ပထဝီ,တေဇော,ဝါယောတို့သည်ငြင်း၊ပကတိ ဟင်းလင်းပွင့်၍နေသော အနန္တာ-ကာသ တပြင်လုံး၌ အပြည့်အနှံ့ရှိနေသော ပထဝီ,တေဇော, ဝါယောတို့သည် ငြင်း၊နုံ့လှကုန်သောကြောင့် လူတို့၏ ကိုယ်ကာယနှင့် ထိစပ်၍ နေသော်လည်း ကာယဒွါရဝိထိကို မဖြစ်စေနိုင်ကုန်။ ဝိထိစိတ်ဖြစ်ပေါ်လောက်အောင် မထိခိုက် နိုင်ကြလေကုန်။

မိမိကိုယ်တွင်း၌ရှိသော အသားစိုင်ဟူသမျှတို့သည်လည်း ဖောဋ္ဌဗ္ဗအထည် တို့သာတည်း။ အသားစိုင် အချင်းချင်း ဖိနှိပ်ကြပ်တည်း၍ နေကြသော်လည်း ပကတိအားဖြင့် အချင်းချင်း နေထားတကျ မျှတလျက်ရှိနေကြသောကြောင့် မထက်သန်ဘဲ နုံ့လေရကား ကာယဒွါရဝိထိကို မဖြစ်စေနိုင်ကုန်။တိုက်မိခိုက်မိ ၍ ပကတိအခါထက် အခိုက်အတိုက်နစ်နာ၍ ဝိသေသအခါတို့၌သာလျှင် ကာ ယဒွါရဝိထိကို ဖြစ်စေနိုင်ကုန်၏။ မိမိ အဇ္ဈတ္တသန္တာန်၌ရှိသော သမတေဇော သည် ပကတိအားဖြင့် နေထားတကျ မျှတနေသဖြင့် ကာယဒွါရဝိထိကို မဖြစ် စေနိုင်။ ဖျားသောအခါစသည်တို့၌ကား လွန်ကဲအောင် ကြမ်း၍လာသဖြင့် ကာယဒွါရဝိထိကို ဖြစ်စေနိုင်၏။ မိမိအဇ္ဈတ္တသန္တာန်၌ရှိနေသော သမဝါယော ဓာတ်သည်လည်း နေထားတကျ မျှတနေသောကြောင့် ကာယဒွါရဝိထိကို မဖြစ် စေနိုင်။ ထကြွသောင်းကျန်း၍ ဖောက်ဖောက်ပြန်ပြန် ဖြစ်လာသည်ရှိသော် လေထိုး၍နာခြင်း, ကြွက်တက်ခြင်း, အကြောတက်ခြင်း, သွက်ချာပါဒဖမ်းခြင်း စသောအားဖြင့် ကြီးကျယ်လှစွာသော ကာယဒွါရဝိထိများကို ဖြစ်စေနိုင်၏။

အထက်, အနံ့, ဟူရာမှာ မိမိ၏ ကာယပသာဒမှီရာ မဟာဘုတ်စုနှင့် ချင့်ချိန်နိုင်းဆ ရာ၏။ မိမိ၏ ကာယပသာဒသည်လည်း ကိုယ်တခုတည်း၌ အမျိုးမျိုးရှိပြန်၏။ ကျောသား, ခြေသားလုံး ပြင်ဘက်သား, လက်ရုံး ပြင်ဘက်သား, ခြေဘဝါး စသည်တို့၌ရှိသော ကာယပသာဒ၏မှီရာ မဟာဘုတ်စုသည် ကြမ်းတမ်း၏။ ထိုကြောင့် ကြမ်းတမ်းသော ဖောဋ္ဌဗ္ဗနှင့် တွေ့ထိမှ သိနိုင်၏။ သေးငယ်လှစွာသော ပိုးသတ္တဝါစသည်တို့၏ အတွေ့အထိဖြင့် မသိနိုင်ချေ။ ရင်သား, ဝမ်းသား, ခံတွင်း, နှုတ်ခမ်း, နှာခေါင်းတွင်း စသော ဌာနတို့၌ ရှိသော အသားစုမှာ တည်ရှိသည့် မဟာဘုတ်များသည် နူးညံ့လှစွာ၏။ ထိုကြောင့် သေးငယ်သော ပိုးသတ္တဝါတို့၏ အတွေ့အထိ ဖြစ်သော်လည်း သိနိုင်၏။ အခံဖြစ်သော ကာယပသာဒ၏မှီရာ မဟာဘုတ်ထက် ကြမ်းတမ်းသော ဖောဋ္ဌဗ္ဗဖြစ်ပါမှ ကာယဒွါရဝီထိကို ဖြစ်စေနိုင်သည်။ ပသာဒ၏မှီရာ မဟာဘုတ်ထက် နူးညံ့သော ဖောဋ္ဌဗ္ဗဖြစ်ခဲ့လျှင် ကာယဒွါရဝီထိကို မဖြစ်စေနိုင်။ ကိုယ်တွင်း၌ ရှိရှိသမျှသော ဖောဋ္ဌဗ္ဗဓာတ်တို့သည် အချင်းချင်း မျှတ၍ သမဓာတ်ဖြစ်နေသောအခါ ကာယဒွါရဝီထိကို မဖြစ်စေနိုင်ကုန်။ အကယ်၍ တခုခုက ကဲလွန်၍ အဝိကဝိသမဖြစ်လာလျှင် တကိုယ်လုံး၌ရှိသော ဖောဋ္ဌဗ္ဗဓာတ်တို့သည် ရန်သူကြီးတွေ ဖြစ်ကြကုန်ပြီးလျှင် ဒုက္ခဝေဒနာနှင့်ယှဉ်သော ကာယဒွါရဝီထိဖြင့် သေသည်တိုင်အောင် နှိပ်စက် ဖိစီးကြကုန်၏။

**ပသာဒတို့၌ ပဥ္စာရုံထင်ပုံ။** ။ပဥ္စာရုံတို့၏ ပသာဒတို့၌ ထင်ပုံကို ပြဆိုဦးအံ့—

**အသမ္ပတ္တအာရုံ။** ။ရူပါရုံနှင့် သဒ္ဒါရုံနှစ်ပါးတို့သည် ပသာဒသို့ မထိမရောက်ကြကုန်ဘဲ ပသာဒနှင့် မကပ်မငြိကြကုန်ဘဲ ထင်ခြင်းသို့ ရောက်ကြကုန်၏။ အာရုံ၏အဖြစ်သို့ ဆိုက်ကပ်ကြကုန်၏။

**သမ္ပတ္တအာရုံ။** ။ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံသုံးပါးတို့သည်ကား ပသာဒသို့ ထိရောက်တိုက်ခိုက်ကြကုန်၍ ပသာဒနှင့် ကပ်ငြိပူးတွယ်ကြကုန်၍ ထင်ခြင်းသို့ ရောက်ကြကုန်၏။ အာရုံ၏အဖြစ်သို့ ဆိုက်ကပ်ကြကုန်၏။ ထိုသို့ ထင်မှုထူးထွေပုံသည် အာရုံနှင့် ပသာဒတို့၏ ထိခိုက်ပုံ ထူးထွေသောကြောင့် ဖြစ်ရ၏။

ထင်စွာပြဦးအံ့—ရူပါရုံနှင့် သဒ္ဒါရုံတို့သည် မိမိတို့၏ အရောင်အရိပ် နိမိတ်အသွင်ဖြင့် ပသာဒ၌ ထိခိုက်ကြကုန်၏။ အထည် ဝတ္ထုဒြပ်ဖြင့် ထိခိုက်ကြသည် မဟုတ်ကုန်။ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည်ကား အထည်ဝတ္ထုဒြပ်ဖြင့် ပသာဒ၌ ထိခိုက်ကြကုန်၏။ အရိပ်အရောင်မျှဖြင့် ထိခိုက်သည် မဟုတ်ကြကုန်။ အရိပ်နိမိတ် ထိခိုက်မှုမည်သည် ပသာဒ၌ မငြိမကပ်မှသာလျှင် ထိခိုက်နိုင်၏။

ကပ်ငြိလျှင် မထိမခိုက်နိုင်ချေ။ အထည်ဝတ္ထု ထိခိုက်မှုမည်သည်ကား ပသာဒ၌ ကပ်ငြိ ထိရောက်မှသာလျှင် ထိခိုက်နိုင်၏။ မကပ်မငြိ မထိမရောက်က မခိုက်နိုင်ချေ။ ဥပမာကား ရေကန်၏ ကမ်းထိပ်, မှန်၏ ရှေ့ပါး၌ သွားလာတည်ရှိသော သူတို့၏ အရိပ်နိမိတ်သည် ရေအပြင် မှန်အပြင်တို့၌ ထင်နိုင်၏။ ရေထဲသို့ ဆင်းလိုက်သည်ရှိသော်ငြား, မှန်အပြင်သို့ မှီကပ်လိုက်သည်ရှိသော်ငြား အလယ်၌ အာလောက မရှိသောကြောင့် အရိပ်နိမိတ် မထင်နိုင်ပြီ။ ထိုအတူ ပသာဒ၌ ကပ်ငြိသော သမ္ပတ္တရူပါရုံ,သဒ္ဒါရုံတို့သည် အာလောက,အာကာသတည်းဟူသော ပကတူပနိဿယ အကြောင်းမှ ကင်းကြကုန်သောကြောင့် ဝီထိစိတ် ဖြစ်ပေါ်အောင် ထိခိုက်ခွင့် ထင်နိုင်ခွင့်ကို မရကြလေကုန်။

ပသာဒ၌ မငြိမကပ်သော အသမ္ပတ္တရူပါရုံ သဒ္ဒါရုံတို့သာလျှင် အာလောက, အာကာသ တည်းဟူသော အကြောင်းကို ကောင်းစွာ ရကြကုန်သောကြောင့် မိမိတို့၏ အရိပ်နိမိတ် ထင်မှု၏ အစွမ်းဖြင့် ဝီထိစိတ်တို့ကို ဖြစ်စေနိုင်ကုန်၏။ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ တို့သည်မူကား မိမိတို့ ဖြစ်မြဲတိုင်းသော ဝတ္ထုဒြဗ် အတိုင်းဖြင့်သာလျှင် ထင်ကြကုန်၏။ ထိုကြောင့် ထိုသုံးပါးတို့ကို သမ္ပတ္တအာရုံ ဟူ၍ ဆိုရကုန်၏။ ရူပါရုံနှင့် သဒ္ဒါရုံတို့ကို အသမ္ပတ္တအာရုံဟူ၍ ဆိုရကုန်၏။

အကြင်အာရုံတို့သည် အသမ္ပတ္တအာရုံ ဖြစ်ကြကုန်၍ ပသာဒ၌ မငြိမကပ်ဘဲ ထင်နိုင် ထိခိုက်နိုင်ကြကုန်၏။ ထိုအသမ္ပတ္တအာရုံမျိုးတို့သည် မိမိတို့က အဝေး၌ တည်နေကုန်၍ မိမိတို့၏ အရိပ်နိမိတ်ကို ထိကပ်စေသည်၏ အစွမ်းအားဖြင့် တစုံတခုသော ပသာဒ၌ များစွာလည်း ထင်နိုင်ကုန်၏။ နေဝန်း လဝန်း, ကြယ်တာရာဝန်း စသောအားဖြင့်ငြား မိုးကြိုးသံဝန်းစသောအားဖြင့်ငြား ကြီးကျယ်စွာလည်း ထင်နိုင်ကုန်၏။

အကြင်အာရုံတို့သည် သမ္ပတ္တအာရုံဖြစ်ကြ၍ ပသာဒ၌ ကပ်ငြိထိရောက်မှသာလျှင် ထင်နိုင်ကြကုန်၏။ ထိုသမ္ပတ္တအာရုံမျိုးတို့သည် မိမိတို့ကိုယ်တိုင် ပသာဒသို့ သွားရောက်ငြိတွယ်ကြကုန်၍ ထင်ကြ ထိခိုက်ကြရကုန်၏။ တခုတခုသော ပသာဒမှာမှ အာရုံ တခုတခုစီသာ ထင်နိုင်ကြကုန်၏။ ဤပြဆိုအပ်သော အာရုံထင်ပုံစကားရပ်ကို ပဋ္ဌဒ္ဒါရအတွက်သာ ဆိုရ၏။

မနောဒ္ဒါရ၌မူကား အလုံးစုံသော အာရုံခြောက်ပါးတို့သည် အသမ္ပတ္တအာရုံတို့သာ ဖြစ်ကြကုန်၍ မနောဒ္ဒါရတည်းဟူသော စိတ်၌ မငြိမကပ်ဘဲ ထင်နိုင်ကြကုန်၏။

ပဋ္ဌဒ္ဒါရဝီထိဖြစ်ကြောင်း ပြီး၏။

## ပဉ္စဒွါရ ဝီထိပုံ

(၁၉၂) အတီ, စလေ၊ ဥပစ္ဆေ၊ သုံးတွေ ဘဝင်္ဂ။
(၁၉၃) ဘဝင်-သုံးတန်၊ အာဝဇ္ဇန်၊ ဝိညာဏ် ငွေးပဉ္စ။
(၁၉၄) သံ, သန်, ဝုဋ္ဌော၊ ဇော-သတ္တာ၊ တဒါ နှစ်ကြိမ်ချ။
(၁၉၅) ထိုနောင်ဘဝင်၊ အများပင်၊ လေးစဉ် နုဗန္ဓ။

**အတိမဟန္တာရုံဝီထိ။** ။ဤကဗျာတို့ဖြင့် ပဉ္စဒွါရ အတိမဟန္တာရုံ ဝီထိပုံကို ပြဆိုတော်မူ၏။

အတီတဘဝင်, စလနဘဝင်, ဥပစ္ဆေဒဘဝင်, ပဉ္စဒွါရာဝဇ္ဇန်း, ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, ဇောခုနစ်ကြိမ်, တဒါရုံနှစ်ကြိမ် ထိုနောင် ဘဝင်အများ ကျ၏။ ထိုနောင် အနုဗန္ဓက မနောဒွါရ လေးဝီထိ ဖြစ်၏။ ဤကား ပဉ္စဒွါရ အတိမဟန္တာရုံဝီထိပုံ တည်း။

အတီတဘဝင်စသည်တို့ကို အစဉ်အတိုင်း စိစစ်၍ ပြဆိုအံ့—

**အတီတဘဝင်။** ။"အတီတံ ဘဝင်္ဂန္တိ အတီတဘဝင်္ဂံ"။ အတီတံ၊ လွန်လေချုပ်ဆုံးလေသော။ ဘဝင်္ဂံ၊ ဘဝင်စိတ်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ အတီတဘဝင်္ဂံ၊ အတီတဘဝင်မည်၏။

မိမိနှင့်အတူ ဖြစ်ပေါ်ကြကုန်သော အာရုံနှင့် ပသာဒတို့သည် အချင်းချင်း ထင်မြင်ထိခိုက်ခြင်းသို့ မရောက်ကြကုန်သေးမီ ချုပ်ပျက် ကွယ်လွန်လေသော ဘဝင် ဟု ဆိုလိုသည်။ လွန်ပုံကား—

ပဉ္စဒွါရဝီထိ ဖြစ်လိုလတ်သည်ရှိသော် ထင်လတ္တံ့သော ပဉ္စာရုံတပါး၊ အထင်ခံလတ္တံ့သော ပဉ္စပသာဒတပါး။ ဘဝင်စိတ်တပါး၊ ဤတရားသုံးပါးသည် တပြိုင်နက် ဖြစ်ပေါ်ကြကုန်၏။ ထိုသုံးပါးတို့တွင် ဘဝင်စိတ်သည် နာမ်တရား ဖြစ်၍ ခဏငယ်သုံးချက်စေ့လျှင် ချုပ်လေ၏။ ပဉ္စာရုံနှင့် ပဉ္စပသာဒတို့သည်မူကား ရုပ်ဖြစ်၍ အသက်ရှည်ကြကုန်သောကြောင့် မချုပ်ကြကုန်သေး။ မိမိတို့နှင့် အတူဖြစ်ပေါ်သော ဘဝင်စိတ် ရှိသေးစဉ် အာရုံနှင့် ပသာဒတို့သည် ထင်ခြင်းသို့ မရောက်ကြကုန်သေး။ ရုပ်ချင်းချင်း ထင်မှု ထိခိုက်မှုမည်သည် အချင်းချင်း ဌီခဏသို့ ရောက်ကြကုန်၍ အားရှိကြမှသာလျှင် ထင်နိုင် ထိခိုက်နိုင်၏။ ပဌမ ခဏငယ်သုံးချက်ခန့် ကာလမှာ နုံ့လှသေးသဖြင့် အာရုံနှင့် ပသာဒတို့သည် အချင်းချင်း မထင်နိုင် မထိခိုက်နိုင်ကြကုန်သေး။ ဒုတိယ ခဏငယ်သုံးချက်ခန့်အတွင်းသို့ နင်းမိမှသာလျှင် ဌီသို့ရောက်၍ အားရှိကြကုန်သဖြင့် အချင်းချင်း ထင်နိုင် ထိခိုက်နိုင်ကြကုန်၏။ ဥပါဒ်ပြိုင်၍ အတူဖြစ်သော ဘဝင်စိတ်မူကား မိမိနှင့်အတူ ဖြစ်ကြပါလျက်နှင့် မိမိရှိခိုက် မိမိလက်တွင် အာရုံနှင့်

ပသာဒတို့၏ အချင်းချင်း ထင်မှု ထိခိုက်မှုကို မမှီလိုက်ရလေဘဲ လွဲချော်ကာ ချုပ်ဆုံး၍ သွားနှင့်လေ၏။ ထို့ကြောင့် ထိုဘဝင်စိတ်ကို အတီတဘဝင်ဟု ခေါ် ရလေသည်။ ထိုလွန်သော ဘဝင်သည်ကား ထင်လာသော အာရုံ၏ အထက်, အနီး ကိုစွဲ၍ တချက်လွန်, နှစ်ချက်လွန်စသောအားဖြင့် ကွဲပြားရ၏။ မူလဋီကာ ဆရာကား အတိမဟန္တာရုံဝီထိ၌ ဘဝင်တချက်မျှ လွန်ရန် မလို။ အတီတဘဝင် မထည့်လို။ အာရုံနှင့်ပသာဒတို့သည် အချင်းချင်း ဥပါဒ်ပြိုင်၍လည်း ထင်နိုင် ကုန်၏။ ဋီသို့ရောက်၍ အားရှိမှသာ ထင်နိုင်သည်မဟုတ်ကုန်ဟူ၍ ဆိုရ၏။

**စလနဘဝင်။** ။စလနဘဝင်၌ "စလနာကာရေန ပဝတ္တံ ဘဝင်္ဂံ စလန-ဘဝင်္ဂံ"။စလနာကာရေန၊လှုပ်ရှားသောအမူအရာအားဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ ဘဝင်္ဂံ၊ ဘဝင်စိတ်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ စလနဘဝင်္ဂံ၊ စလနဘဝင် မည်၏။ အတီတဘဝင်၏ အနန္တရပစ္စယုပ္ပန်ဖြစ်သော ဘဝင်ကို ရစေ။

လှုပ်ရှားသော အမူအရာ ဆိုသည်ကား ယူမြဲအာရုံ ယူမြဲတိုင်းသော ကံ စသော အာရုံကိုလွှတ်၍ ယခုလက်ငင်း မိမိအပေါ်၌ ထင်လာ ထိခိုက်လာသော အာရုံသစ်ကို ယူခြင်း အာရုံပြုခြင်းငှါ အားထုတ်သကဲ့သို့ ဘဝင်စိတ် အစဉ်၏ အာရုံသို့ လှမ်းလင့်သော အမူအရာထူးကိုပင် လှုပ်ရှားမှုဟု ဆိုရသည်။ အတီတ-ဘဝင်နှင့် အတူ ဥပါဒ်သော အာရုံ ပသာဒတို့သည် ဤစလနဘဝင် အခိုက်၌ အချင်းချင်း ထင်ခြင်း ထိခိုက်ခြင်းသို့ ရောက်ကြကုန်၏။

**အာရုံထင်မှု။** ။အတီတဘဝင်နှင့် အတူဥပါဒ်သော အာရုံနှင့် ပသာဒတို့သည် စလနဘဝင် ဥပါဒ်သောအခါ စိတ္တက္ခဏ-ချက်ခန့် ဋီအတွင်းသို့ နင်း၍လာကြကုန်၏။ ထို့ကြောင့် တော်တော် ထက်သန်အားရှိ၍ လာ၏။ ထိုသို့ ထက်သန် အားရှိမှုကြောင့် ဋီသို့ရောက်နေသော ပဋ္ဌာရုံသည် ထိုအတူပင် ဋီသို့ရောက်နေသော ပဋ္ဌပသာဒအပေါ်၌ စလနဘဝင် ဥပါဒ်ခိုက်မှာ ထင်ခြင်းသို့ ရောက်လေသည်။ ပဋ္ဌာရုံသည် ပဋ္ဌပသာဒ အပေါ်၌သာလျှင် ထင်သည် မဟုတ်သေး။ မနောဒွါရခေါ်သော စလနဘဝင်အပေါ်၌လည်း တပြိုင်နက် တချက်တည်း စွဲထင်သည်သာလျှင် ဖြစ်၏။ ထို့ကြောင့် အဋ္ဌသာလိနီ၌ "ဧကေကံ အာရမ္မဏံ ဒွီသု ဒွီသု ဒွါရေသု အာပါထ မာဂစ္ဆတိ"ဟူ၍ ဆိုတော်မူ၏။ အနက်ကား—ဧကေကံ၊ တခုတခုသော။ အာရမ္မဏံ၊ ရူပါရုံစသောပဋ္ဌာရုံသည်။ ဒွီသု ဒွီသု၊ နှစ်ပါးနှစ်ပါးကုန်သော။ ဒွါရေသု၊ ပဋ္ဌဒွါရ, မနောဒွါရတို့၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။

ဤအရာ၌ သကုဏောပမာဟုဆိုအပ်သော ငှက်ဥပမာဖြင့်လည်း အဋ္ဌကထာ ဆရာ ပြဆိုတော်မူ၏။

တကောင်သော ငှက်သည် ကောင်းကင်ခရီးဖြင့်လာခဲ့၍ တခုသော သစ်ကိုင်းဖျား၌ နားလေသည်ရှိသော် ငှက်၏ သစ်ကိုင်း၌ ထိခိုက်ခြင်း, မြေအပြင်၌ ငှက်၏ အရိပ်ထင်ခြင်း ၂-ပါးသည် မရှေးမနှောင်း တပေါင်းတည်း တပြိုင်တည်း ဖြစ်သကဲ့သို့ ထိုအတူ ပစ္စုပ္ပန်ဖြစ်သော ပဉ္စာရုံတို့၏ ပဉ္စဒွါရ၌ထင်ခြင်း, စလန-ဘဝင်ဖြစ်ရန် မနောဒွါရ၌ ထင်ခြင်းများသည် မရှေးမနှောင်း တပေါင်းတည်း တပြိုင်နက်တည်းပင် ဖြစ်၏။ ထို့ကြောင့် အကြင် အခါ လကိုဒင်း, နေကိုဒင်း, တော-တောင်-သစ်ပင်စသည်ကိုဒင်း လူ-တိရစ္ဆာန် စသည်တို့ကိုဒင်း မြင်ခဲ့သည် ဖြစ်အံ့၊ ထိုအခါ တခု တခုသော စက္ခုပသာဒ၌ အာရုံတခု တခုစီ ဘဝင်မနော ဒွါရ၌ အာရုံတခုအားဖြင့် များစွာသော နေဝန်း လဝန်း အစရှိသည်တို့သည် တပြိုင်နက် တချက်တည်း ဒွါရနှစ်ပါး၌ ထင်ကြကုန်၏။ သဒ္ဒါရုံစသည်တို့၌လည်း ဒွါရနှစ်ပါး၌ တပြိုင်နက် တချက်တည်း ထင်ပုံကို ဤနည်းကို မှီ၍ သိလေ။

စက္ကူအပြင်၌ နှိပ်လိုက်သော တံဆိပ်၏ စက္ကူအပြင်၌ ထင်ခြင်းကဲ့သို့ဒင်း, ရှေ့တူရူ၌ရှိသော ရူပါရုံအမျိုးမျိုးသည် မှန်ပြင်မှန်ဝ၌ ထင်သကဲ့သို့ဒင်း, အာရုံတို့၏ ပသာဒတို့၌ ထင်ပုံကို သိရာ၏။ ထိုသို့ အတီတဘဝင်၏နောက်၌ ဖြစ်ပေါ်သော ဘဝင်စိတ်၏ ဥပါဒ်အခိုက်၌ ပသာဒနှင့်တကွ ဘဝင်မနောဒွါရ၌ ထင်သောကြောင့် အထင်ခံရသော ဘဝင်စိတ်သည် လှုပ်ရှားသော အခြင်းအရာအားဖြင့် ဖြစ်လေ၏။ ထို့ကြောင့် ထိုဘဝင်ကို စလနဘဝင်ဟု ခေါ်ရလေသည်။

တခုသောအာရုံသည် ဒွါရ ၂-ပါးမှာ ထင်၏ဟူ၍ ဆိုသောစကားမှာ စက္ခု-ပသာဒပေါ်၌ ရူပါရုံထင်မှုသည် စက္ခုဝိညာဏ်ဖြစ်ပေါ်ရန် အကြောင်းမျှသာ ဖြစ်၏။ အာဝဇ္ဇန်းစသော စိတ်တို့၏ ဖြစ်ပေါ်ရန် အကြောင်း မဟုတ်း စလန-ဘဝင်ဟု ဆိုအပ်သော မနောဒွါရ၌ ထင်မှုသည်သာလျှင် အာဝဇ္ဇန်းစသော ဝီထိစိတ်တို့၏ ဖြစ်ပေါ်ရန် အကြောင်းဟူ၍ မှတ်အပ်၏။

မနောဒွါရမှာလည်း အာရုံထင်၏ ဟူသောစကားမှာ ဘဝင်ဟု ဆိုအပ်သော မနောဒွါရမှာသာလျှင် ထင်နိုင်သည် မဟုတ်လေသေး။ အာဝဇ္ဇန်းအစရှိသော အလုံးစုံသော စတုဘူမိကဝီထိစိတ်တို့၌လည်း ထင်နိုင်သည်သာ ဖြစ်၏။ အဋ္ဌ-သာလိနီဒွါရကထာ၌—"အယံနာမ မနော မနောဒွါရံ န ဟောတီတိ န ဝတ္တဗ္ဗော" ဟူ၍ မိန့်ဆိုလျက်ရှိ၏။ အနက်ကား။ အယံနာမ မနော၊ ဤစိတ်မည်သည်။ မနောဒွါရံ၊ မနောဒွါရမည်သည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ န ဝတ္တဗ္ဗော၊ မဆိုသင့်။ မနောဒွါရဟု မဆိုရသော စိတ်မည်သည် မရှိ။ အလုံးစုံသော စိတ်ဟူသမျှသည် မနောဒွါရ မည်သည်သာလျှင်တည်းဟု ဆိုလိုသည်။ မနောဒွါရ မှန်ကလည်း ဘယ်အာရုံကိုမှ အထင်မခံနိုင်ဟု မဆိုရ။ ထို့ကြောင့် အလုံးစုံသော စိတ်ဟူသမျှတို့မှာ အာရုံထင်နိုင်သည်ချည်းသာဟူ၍ မှတ်ရာ၏။ ဤသို့သော

အဓိပ္ပါယ်အချက်ကို "ပထမဇ္ဈာနဿ သဒ္ဒေါ ကဏ္ဋကော" ဟူသော ပါဠိဖြင့် ပြဆိုရာ၏၊ သဒ္ဒေါ၊ အသံသည်။ ပထမဇ္ဈာနဿ၊ ပထမစျာန်၏။ ကဏ္ဋကော၊ ဆူးညောင့်ကြီးပေတည်း။ ။ဋီကာအနက်။

ထင်ရှားစေအံ့—ပထမစျာန်ကို ဝင်စား၍နေသော ပုဂ္ဂိုလ်၏ သောတဒွါရ၌ သဒ္ဒါရုံ ထိခိုက်လာသည်ရှိသော် စျာန်စိတ်ဟုဆိုအပ်သော မနောဒွါရမှာလည်း တပြိုင်နက်တချက်တည်း ထင်လာထိခိုက်လာ၏။ ထိုသို့ စျာန်စိတ်၌ သဒ္ဒါရုံ၏ ထင်လာ ထိခိုက်လာမှုကြောင့် စျာန်စိတ်အစဉ်သည် လှုပ်ရှား၍ ပြတ်ရလေ၏။ စျာန်မှ ထရ၏။ ဘဝင်ကျမှု ဖြစ်ရ၏။ ထို့နောက် သဒ္ဒါရုံကို အာရုံပြုသော သောတဒွါရဝီထိစိတ်တွေ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် သဒ္ဒါရုံသည် ပထမစျာန်၏ ဆူးညောင့်ဟူ၍ ဆိုရပေသည်။ ဒုတိယစျာန် စသည်ကို ဝင်စား၍နေသော ပုဂ္ဂိုလ်သည်မူကား သာမည အနည်းငယ်မျှသော သဒ္ဒါရုံအတွက်ကြောင့် စျာန်မှ ထရမည် မဟုတ်။ လွန်ကဲ ကြီးမားသော သဒ္ဒါရုံအတွက်ကြောင့်မူကား စျာန်မှ ထရလိမ့်မည်ပင် ဖြစ်၏။ ထိုစကား မှန်၏။ ရူပါဝစရစျာန်များသည် အရူပစျာန်များကဲ့သို့ တစုံတခုသောအာရုံဖြင့် မတုန်မလှုပ်နိုင်သော အာနေဉ္ဇပတ္တစျာန်များ မဟုတ်ကုန်။ လွန်ကဲသောအာရုံကြောင့် တုန်လှုပ်တတ်သော စျာန်တို့သာတည်း။ ထို့ကြောင့် ထိုရူပါဝစရစျာန်များကို ဝင်စား၍နေကြစဉ် သဒ္ဒါရုံ၏ ထင်မှု ထိခိုက်မှုကြောင့် စျာန်ဇောပြတ်၍ စျာန်မှ ထကြရလေကုန်သည်။

ပြဆိုအပ်ပြီးသော စိတ်ဟူသမျှတို့၌ အာရုံထင်လာတိုင်း ထိုထင်လာသော အာရုံကို အာရုံပြု၍ ဝီထိစိတ်တို့သည် အမြဲပင် ဖြစ်ကြကုန်၏ ဟူ၍မူကား မဆိုရပေ။ ဘဝင်အယဉ် ဇောအယဉ်တို့ ပြတ်ကြကုန်မှသာလျှင် ဝီထိစိတ်တို့ ဖြစ်ပေါ်နိုင်ကုန်၏။ ဘဝင်အယဉ် ဇောအယဉ်တို့ မပြတ်ခဲ့သည်ရှိသော် ဘယ်မျှပင် အာရုံထင်သော်လည်း ဝီထိစိတ်တို့ မဖြစ်နိုင်ကြကုန်။ ဝီထိစိတ်ဖြစ်၏ဟု ဆိုသော်လည်း ထင်တိုင်းသော အာရုံတွေကို အာရုံပြု၍ ထင်တိုင်း ပေါက်လွတ်ရောက်တတ်ရာရာ ဖြစ်သည်မဟုတ်။ လွန်ကဲသော အာရုံ စသည်တို့၏ အစွမ်းအားဖြင့် ထိုက်သင့်သောအကြောင်းကို စုံလင်စွာရရှိသော အာရုံအထူးတခုကိုသာလျှင် အာရုံပြု၍ ဝီထိစိတ် ဖြစ်ရ၏။ တပြိုင်နက် တချက်တည်းသော ခဏ၌ ထင်သမျှသော အာရုံတို့ကိုစွဲ၍ မဖြစ်နိုင်။

ပဥ္စပသာဒ၌ ပဥ္စာရုံတို့၏ ထင်မှုသည်လည်း ထိုအတူပင်ဖြစ်၏။ အကြင်မျှလောက်သော ပဥ္စာရုံတို့သည် စက္ခုပသာဒတို့၏ ရှေ့တူရူအရပ်၌ အာလောကစသောအကြောင်းများကို ရကြကုန်လျက် တည်ရှိကြကုန်၏။ ထိုမျှလောက်သော ပဥ္စာရုံတို့သည် မိမိတို့ဆိုင်ရာ ပသာဒတို့၌ အသီးအသီး ထင်ကြကုန်၏။ အိပ်၍နေသူ၏ ပသာဒတို့၌လည်း ထင်ကြကုန်၏။ မိန်းမော တွေဝေ၍နေသော

သူ၏ ပသာဒတို့၌လည်း ထင်ကြကုန်၏။ တခြားတပါးကို နှလုံးသွင်း၍နေသော သူ၏ ပသာဒတို့၌လည်း ထင်ကြကုန်၏။ တစုံတခုသော စျာနသမာပတ်၊ ဖလသမာပတ်၊ နိရောဓသမာပတ်များကို ဝင်စား၍နေသောပုဂ္ဂိုလ်၏ ပသာဒတို့၌လည်း ထင်ကြကုန်၏။ ထိုသို့ ထင်တိုင်းလည်း ဝီထိစိတ် ဖြစ်ကြသည် မဟုတ်ကုန်။ ပြဆိုအပ်ပြီးသောအတိုင်း အကြောင်းစုံလင်မှသာလျှင် ဝီထိစိတ်တို့ ဖြစ်ကြကုန်သည်။ ။(ဤကား အာရုံထင်မှုနှင့် စပ်လျဉ်း၍ ပြဆိုလိုက်သော စကားရပ်တည်း)။

စလနဘဝင်အခိုက်၌ အာရုံထင်သော်လည်း မိမိယူမြဲတိုင်းသော အာရုံကို မလွှတ်တည့်သေးဘဲ ယူမြဲတိုင်းသော အာရုံကိုယူလျက် လာခဲ့မြဲတိုင်းသော ဘဝင်အဟုန်၏ မောင်းနှင်မှုကြောင့် အာရုံသစ်ကို မယူရခင် မိမိလည်း ချုပ်ဆုံးရပြန်၏။

**ဥပစ္ဆေဒဘဝင်။** ။ဥပစ္ဆေဒဘဝင်၌ "ဥပစ္စိဇ္ဇတိ ဘဝင်္ဂသန္တတိ ဧတ္ထာတိ ဥပစ္ဆေဒေါ။" ဧတ္ထ၊ ဤစိတ်၌။ ဘဝင်္ဂသန္တတိ၊ ဘဝင်အယဉ်သည်။ ဥပစ္ဆိဇ္ဇတိ၊ ပြတ်၏။ ဣတိတသ္မာ၊ ထိုသို့ဘဝင် အယဉ်၏ ပြတ်ရာဖြစ်သော သတ္တိကြောင့်။ ဥပစ္ဆေဒေါ၊ ဥပစ္ဆေဒမည်၏။ မြစ်ရေအယဉ်ကဲ့သို့ အစဉ်အတိုင်း ဖြစ်လာသော ဘဝင်အယဉ်သည် မနောဒွါရ၌ အာရုံသစ် ထင်လာမှုကြောင့် မိမိယူမြဲတိုင်းသော အာရုံဟောင်းကို စွန့်လွှတ်၍ အာရုံသစ်ကို ယူတော့မည် ကိစ္စနှင့် ဤနေရာတွင် ပြတ်ကြလေ၏။ ဤဘဝင်စိတ်သို့ ကျရောက်လျှင် ဘဝင်အယဉ် ပြတ်ရိုးရှိသဖြင့် ဘဝင်၏ပြတ်ရာဖြစ်၍ ဥပစ္ဆေဒဘဝင် ခေါ်ရသည်။ (ဥပစ္ဆေဒေါစ သော ဘဝင်္ဂဉ္စာတိ ဥပစ္ဆေဒဘဝင်္ဂံ ဟူ၍ ဝိဂ္ဂိုဟ်ဆိုလေ) ဤ ဥပစ္ဆေဒဘဝင်ကို ဒုတိယ စလနဘဝင်ဟူ၍လည်း ခေါ်ရသေး၏။ ထိုကြောင့် အဘိဓမ္မတ္ထသင်္ဂဟ၌ "ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ" ဟူ၍ ဆိုလေသည်။

**ပဉ္စဒွါရာဝဇ္ဇန်း။** ။ပဉ္စဒွါရာဝဇ္ဇန်း၏ ဝိဂ္ဂိုဟ်ကို စိတ်ပိုင်း အဟိတ်စိတ်အရာ၌ ပြဆိုခဲ့ပြီ။ ယူမြဲတိုင်းသော အာရုံကိုယူ၍ အစဉ်အတိုင်း ဖြစ်လာသော ဘဝင်အယဉ်ကို လည်စေ နစ်စေလျက် အသစ် ထင်လာသော အာရုံသစ်ကို ယူ၍ စိတ်အစဉ် တမျိုးဖြစ်ပေါ်ရန် စီမံတတ်သောစိတ်သည် အာဝဇ္ဇန်းစိတ် မည်၏။ ပဉ္စဒွါရ၌ ဖြစ်သော အာဝဇ္ဇန်းစိတ် ဖြစ်၍ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ခေါ်ရသည်။ ဤအာဝဇ္ဇန်းစိတ်သည် ဝီထိစိတ်အစဉ်မှာ ပထမ ပေါ်လာသော စိတ်ပေတည်း။ အာရုံဟောင်းကို လွှတ်၍ ရှေးဦးစွာ အာရုံသစ်ကို ယူရသော စိတ်ပေတည်း။ ဝီထိစိတ်ဖြစ်ရန် စီမံလမ်းပြသော စိတ်ပေတည်း။ ထိုကြောင့် ထိုအာဝဇ္ဇန်းစိတ်ကို ဝီထိပဋိပါဒကစိတ် ဟူ၍လည်း ခေါ်ရ၏။ ဤ အာဝဇ္ဇန်းစိတ်သည် မိမိ၏ရှေ့က တစုံတခုသောစိတ်မျှ မယူဘူးသေးသော

အာရုံသစ်ကို ရှေးဦးပထမ ယူရသောကြောင့်၎င်း၊ အလွန်တရာ အားနည်းလှစွာသော ဘဝင်ဝိပါက်စိတ်မှ အနန္တရပစ္စည်းကိုရ၍ အားနည်းလှသော ဝိပါက်စိတ်၏ နောက်လိုက် ဖြစ်ရသောကြောင့်၎င်း မိမိလည်း အားနည်းလှချေ၏။ ထိုကြောင့် ဥပေက္ခာသဟဂုတ်စိတ်သာ ဖြစ်ရလေ၏။

**စက္ခုဝိညာဏ်။**　။စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ် စိတ်တို့၌ "စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"။ "သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ" အစရှိသော ပါဠိတော်နှင့်အညီ ပဉ္စာရုံတို့၏ ပဉ္စပသာဒတို့၌ ထိခိုက်မှုကြောင့် အာဝဇ္ဇန်း၏အခြားမဲ့၌ ဒဿနစသော မိမိတို့၏ဆိုင်ရာကိစ္စတို့ကို ရွက်ဆောင်ကြကုန်လျက် စက္ခုဝိညာဏ် အစရှိသော ပဉ္စဝိညာဏ် စိတ်တို့သည် ဖြစ်ပေါ်ကြကုန်၏။ စည်မျက်နှာပြင်နှင့် စည်လက်ခတ်နှစ်ပါးတို့၏ ထိခိုက်တီးခတ်မှုကြောင့် စည်သံ ဖြစ်ပေါ်၍ လာရဘိသကဲ့သို့ ပဉ္စာရုံနှင့် ပဉ္စပသာဒတို့၏ ထိခိုက်မှုကြောင့် ပဉ္စဝိညာဏ်စိတ်တို့ ဖြစ်ပေါ်ရကုန်၏။ ဣဋ္ဌာရုံဖြစ်လျှင် ကုသလဝိပါက် ပဉ္စဝိညာဏ်ဖြစ်၏။ အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက် ပဉ္စဝိညာဏ်ဖြစ်၏။

**သမ္ပဋိစ္ဆိုန်း။**　။ပဉ္စဝိညာဏ်၏ အခြားမဲ့၌ဖြစ်သော သမ္ပဋိစ္ဆိုန်းစိတ်သည် ပဉ္စဝိညာဏ်စိတ်တို့ ယူအပ်သော ပဉ္စာရုံကို မလွတ်ရစေဘဲ အမြဲအစွဲ တဆင့်ခံယူ၍ လက်ခံသိမ်းပိုက်မှု အာရုံပြုမှု ကိစ္စနှင့် ဖြစ်ပေါ်လာရ၏။ ဣဋ္ဌာရုံဖြစ်လျှင် ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း ဖြစ်၏။ အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက် သမ္ပဋိစ္ဆိုန်း ဖြစ်၏။

**သန္တီရဏ။**　။သမ္ပဋိစ္ဆိုန်း၏ အခြားမဲ့၌ဖြစ်သော သန္တီရဏစိတ်သည် သမ္ပဋိစ္ဆိုန်း လက်ခံသိမ်းပိုက်၍ထားသော အာရုံကို ဆင်ခြင်ခြင်းကိစ္စနှင့် ဖြစ်ပေါ်၍လာရ၏။ အနိဋ္ဌာရုံမှာ အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ဖြစ်၏။ သာမည ဣဋ္ဌာရုံမှာ ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ဖြစ်၏။ အတိဣဋ္ဌာရုံမှာ ကုသလဝိပါက် သောမနဿသန္တီရဏ ဖြစ်၏။

**ဝုဋ္ဌော။**　။ဝေါဋ္ဌဗ္ဗနု၌ "ဝဝတ္ထပေတိ သလ္လက္ခေတီတိ ဝေါဋ္ဌဗ္ဗနံ"။ ဝဝတ္ထပေတိ သလ္လက္ခေတိ၊ ပိုင်းခြားမှတ်သားတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝေါဋ္ဌဗ္ဗနံ၊ ဝေါဋ္ဌဗ္ဗနမည်၏။ ဝါ၊ ဝုဋ္ဌောမည်၏။ ဝေါဋ္ဌဗ္ဗနကိစ္စနှင့်ဖြစ်သော မနောဒွါရာဝဇ္ဇန်း စိတ်ကို ရစေ။ ဤဝုဋ္ဌောစိတ်သည် သန္တီရဏ စုံစမ်းအပ်ပြီးသော အာရုံ၌ ပိုင်းခြားမှတ်သားခြင်း ကိစ္စဖြင့် ဖြစ်ပေါ်လာ၏။ ဇောတို့၏ ရှေ့တော်ပြေးသမားဖြစ်၍ ဇောတို့ကို ဖြစ်စေရန် စီမံတတ်လေသောကြောင့် ဇဝနပဋိပါဒကစိတ် ဟူ၍လည်း ခေါ်ရသေး၏။ ဤမနောဒွါရာဝဇ္ဇန်း စိတ်သည် ပဋ္ဌာန်ပါ

ဝိထိအရာ၌ ဝေါဋ္ဌဗ္ဗနကိစ္စကို ရွက်ဆောင်၍ ဖြစ်ပေ၏။ မနောဒွါရဝီထိအရာ၌ အာဝဇ္ဇန်းကိစ္စကို ရွက်ဆောင်၍ဖြစ်ပေ၏။ ဤစိတ်သည် ပဉ္စဒွါရဝီထိ၌ ဇော တို့၏ အာဝဇ္ဇန်းအရာ၌ တည်၏။ ပဉ္စဝိညာဏ်မှစ၍ ဝိပါက်စိတ်အစဉ်ကို နှစ်စေ တတ်သော စိတ်ပေတည်း။

ဇော။ ။ဇဝနဉ္စ "ဇဝတိ အသနိ နိပါတ သဒိသေန ဇဝေန ပဝတ္တတီတိ ဇဝနံ"။ ဇာတိ၊ စောတတ်၏။ အသနိ နိပါတ သဒိသေန၊ မိုးကြိုးစက် ကျရောက်ပုံနှင့်တူသော။ ဇဝေန၊ အရှိန်အဟုန်ဖြင့်။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဇဝနံ၊ ဇဝနမည်၏။ ဝါ၊ ဇောမည်၏။ ဇောစိတ်ဟူ သမျှကို ရစေ။ (ဤအရာ၌ကား ပဉ္စဒွါရဝီထိဖြစ်၍ ကာမဇော ၂၉-ခုကိုသာ ရစေ)။

ဤဇောစိတ်တို့သည် အရှိန်အဟုန်နှင့်တကွ ကျရောက်ဖြစ်ပေ၍ ထိထိ ရောက်ရောက် ခံစားခြင်းတည်းဟူသော ဇဝနကိစ္စကို ရွက်ဆောင်လျက် တကြိမ် မျှမက ထပ်ကာထပ်ကာ ဖြစ်ပေကုန်၏။ ဇော၏အရှိန်အဟုန်မည်သည် မိုးကြိုး စက်ကြီး ကျရောက်လာသော အရှိန်အဟုန်ကဲ့သို့ ထက်သန်လှစွာ၏။ ထိုဇော ဖြင့်သာလျှင် သတ္တဝါဟူသမျှတို့သည် အာရုံ၏အရသာကို ထိထိရောက်ရောက် ဟုတ်ဟုတ်ညားညား ခံစားကြရကုန်၏။

ခုနစ်ကြိမ်ကျရိုးဖြစ်သော ကာမဇောတို့တွင် ပထမဇောသည် သဘော ဇာတ်တူသော စိတ်မျိုးမှ အာသေဝနပစ္စည်းကို မရသောကြောင့် အလွန်တရာ အားနည်းလှ၏။ ဒုတိယဇောသည် ဇာတ်တူဖြစ်သော ပထမဇောမှ အာသေ-ဝနပစ္စည်းကိုရ၍ ပထမဇောထက် အားရှိ၏။ တတိယဇောသည် ထိုထက်ပင် အားရှိ၏။ စတုတ္ထဇောသည် အားအရှိဆုံး အရှိန်အဟုန် အထက်အသန်ဆုံး ဖြစ်၏။ အထွတ်အထိပ်သို့ ရောက်သော သိခါပတ္တဇောပေတည်း။ ပဉ္စမဇောမှ စ၍ သတ္တမဇောတိုင်အောင် တဆင့်အောက်တဆင့် ဆုတ်ယုတ်ကျလျော့သော ဇောများဖြစ်၏။ သတ္တမဇော၏ အကြိမ်သို့ ရောက်သောအခါ၌မူကား ဇော၏ အရှိန်အဟုန်သည် ကုန်ဆုံးလေတော့သည်သာ ဖြစ်၏။

ဇောတို့ကို ကုသိုလ်ဇော, အကုသိုလ်ဇော, ကြိယာဇောဟူ၍ သုံးမျိုးဝေဖန် ရာ၏။ ပုထုဇ္ဇန်ပုဂ္ဂိုလ်, သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်မှာ ကုသိုလ်ဇောနှင့် အကု သိုလ်ဇောများ ဖြစ်၏။ အာသဝေါကုန်ခန်းပြီးသော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန် မှာ ကြိယာဇောများသာ ဖြစ်၏။

"ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ဘိယျော ဘာဝါယ သံဝတ္တန္တိ"ဟူသော

ပါဠိတော်နှင့်အညီ အသင့်အတင့် နှလုံးသွင်းမှုဟု ဆိုအပ်သော ယောနိသော-မနသိကာရ ပစ္စည်းရှိလျှင် ကုသိုလ်ဇောများ ဖြစ်၏။ "အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ အကု-သလာ ဓမ္မာ ဘိယျောဘာဝါယ သံဝတ္တန္တိ"ဟူသော ပါဠိတော်နှင့်အညီ မသင့်မတင့် နှလုံးသွင်းမှုဟု ဆိုအပ်သော အယောနိသော မနသိကာရ ပစ္စည်းရှိလျှင် အကုသိုလ်ဇောများ ဖြစ်၏။

ကုသိုလ်ဇောတို့တွင်လည်း ဉာဏသမ္ပယုတ်ဖြစ်ရန် အကြောင်းပစ္စည်း ပြည့်စုံလျှင် ဉာဏသမ္ပယုတ်ဇောများ ဖြစ်၏။ ထိုပစ္စည်းမပြည့်စုံလျှင် မဖြစ်။ ဉာဏ-သမ္ပယုတ်ဖြစ်ရန် စသော အကြောင်းပစ္စည်းများကို စိတ်ပိုင်းအဖွင့်တွင် သေချာစွာ ပြဆိုခဲ့ပြီ။ အကုသိုလ်ဇောတို့တွင်လည်း သာယာဘွယ်ဟု နှလုံးသွင်းလျှင် လောဘဇောများ ဖြစ်၏။ ပြစ်မှားဘွယ်ဟု နှလုံးသွင်းလျှင် ဒေါသဇောများ ဖြစ်၏။ တွေတွေဝေဝေ နှလုံးသွင်းလျှင် မောဟဇောများ ဖြစ်၏။

ဒိဋ္ဌိဂတသမ္ပယုတ်ဇော, ဒိဋ္ဌိဂတဝိပ္ပယုတ်ဇော, သောမနဿဇော, ဥပေက္ခာဇော, အသင်္ခါရိကဇော, သသင်္ခါရိကဇောဖြစ်ရန် အကြောင်း ပစ္စည်းတို့ကို စိတ်ပိုင်း၌ သေချာစွာ ပြအပ်လေပြီ။

**တဒါရုံ။** ။တဒါရမ္မဏ၌ "တဿ ဇဝနဿ အာရမ္မဏံ အဿ အာရမ္မဏန္တိ တဒါရမ္မဏံ"။ အဿ၊ ထိုစိတ်၏။ အာရမ္မဏံ၊ အာရုံကား။ တဿ ဇဝနဿ၊ မိမိရှေ့၌ဖြစ်သော ထိုဇော၏။ အာရမ္မဏံ၊ အာရုံပင်လျှင်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ တဒါရမ္မဏံ၊ တဒါရမ္မဏမည်၏။ ဝါ၊ တဒါရုံမည်၏။ မိမိ၏ အနန္တရဖြစ်ရသော ဇောစိတ်၏ အာရုံကိုသာလျှင် လိုက်၍ အာရုံပြုသော ကြောင့် တဒါရမ္မဏမည်၏ ဟူလိုသည်။ အညာသို့ ဆန်တက်သောလှေ၊ လေညာသို့ဆန်၍ မောင်းနှင်သော ရထားတို့၏ နောက်သို့ ရေနှင့်လေတို့သည် အနည်းငယ်ပြန်၍ ယောင်လိုက်-လိုက်သကဲ့သို့ ထိုအတူ ဇောအဟုန် ပြီးဆုံးလျှင် ပြုမြဲတိုင်းသော အာရုံနှင့် ဘဝင်မဖြစ်တည့်သေးဘဲ ဇောဟုန်အတွက် ဇောယူသော အာရုံကို ယူ၍ ယောင်ဖြစ်-ဖြစ်ရသော စိတ်နှစ်ကြိမ်ကို တဒါရုံစိတ် ခေါ်သည်။

**တဒါရုံ ၁၁-ပါးကျပုံများ။** ။တဒါရုံ ၁၁-ပါးတို့တွင် အနိဋ္ဌာရုံဖြစ်အံ့၊ အကု-သလဝိပါက် ဥပေက္ခာသန္တီရဏ တခုသာ ကျခွင့်ရှိ၏။ ဣဋ္ဌာရုံ သာမည ဖြစ်အံ့၊ ကုသလဝိပါက် ဥပေက္ခာတဒါရုံ ငါးခုတို့တွင် တခုခု ကျခွင့်ရှိ၏။ ဝိသေသဣဋ္ဌာရုံ အတိဣဋ္ဌာရုံ ဖြစ်အံ့၊ သောမနဿ တဒါရုံ ၅-ခုတို့တွင် တခုခု ကျခွင့်ရှိ၏။

အနန္တရပစ္စည်းဖြစ်သော ရွှေဇောနှင့်မှတ်၍ ဆိုရလျှင် ယေဘုယျအားဖြင့် အကုသိုလ်ဇော၏ အခြားမဲ့၌ အဟိတ်တဒါရုံ ၃-ခုတို့တွင် တခုခု လျော်ရာကျ ခွင့်ရှိ၏။

ဒွိဟိတ် ကုသိုလ်,ကြိယာဇောရှစ်ခုနောင် ဒွိဟိတ်တဒါရုံလေးခုတို့တွင် တခုခု လျော်ရာ ကျခွင့်ရှိ၏။

တိဟိတ်ကုသိုလ်,ကြိယာဇောရှစ်ခုနောင် တိဟိတ်တဒါရုံ ၄-ခုတို့တွင် တခုခု လျော်ရာ ကျခွင့် ရှိ၏။ ဤကား ယေဘုယျအားဖြင့် တဒါရုံဖြစ်ပုံကို မှတ်သား ချက်တည်း။

တနည်းကား—အကြင်သူ၏ သန္တာန်၌ ဒွိဟိတ်, တိဟိတ်ဖြစ်သော ကုသိုလ် ဇောသည် များစွာဖြစ်ပွါးလေ့ရှိကုန်၏။ ထိုသူ၏ သန္တာန်၌ တရံတခါ အကု သိုလ်ဇော စောသော်လည်း ထိုအကုသိုလ်ဇော၏ နောက်၌ ဒွိဟိတ်,တိဟိတ် ဖြစ်သော တဒါရုံတို့တွင် တခုခု ကျခွင့် ရှိ၏။ အကြင်သူ၏ သန္တာန်၌မူကား အကုသိုလ်ဇောတို့သည် များစွာ ဖြစ်ပွါးလေ့ရှိကုန်၏။ထိုသူ၏သန္တာန်၌ တရံတခါ ဒွိဟိတ်, တိဟိတ်ဖြစ်သော အကုသိုလ်ဇောများ စောပါသော်လည်း ထိုဇော၏ နောက်မှာ ထိုက်သည့်အားလျော်စွာ အဟိတ်တဒါရုံသာလျှင် ဖြစ်ခွင့် ရှိ၏။ ပဋိသန္ဓေကိုပေးသော တခုသောကံကြောင့် ဖြစ်သော တဒါရုံသည်လည်း အထူး ထူးသော ဝီထိတို့၌ အထူးထူးအထွေထွေ ဖြစ်နိုင်၏၊ ပဝတ္တိဝိပါက်ကိုဖြစ်စေသော ကံကြောင့် ဖြစ်သော တဒါရုံတို့မှာကား ဆိုဘွယ်ရာ မရှိလေပြီ။

**တဒါရုံ ၂-မျိုး။** ။ တဒါရုံသည် မူလတဒါရုံ,အာဂန္တုကတဒါရုံအားဖြင့် နှစ်ပါးအပြားရှိ၏။ မိမိ ပဋိသန္ဓေ တည်နေခဲ့ရင်း ဖြစ်သော မူလဘဝင်စိတ်သည် တဒါရုံကိစ္စတပ်၍ ဖြစ်သောအခါ မူလတဒါရုံမည်၏၊ ပဋိ သန္ဓေကို ပေးသော ကံမှ တပါးသောကံ အတွက်ကြောင့် ဝင်၍ ဖြစ်ပေါ်လာ သော တဒါရုံများသည် အာဂန္တုက တဒါရုံ မည်ကုန်၏။

**ဘဝင်ကျခြင်း။** ။ ဒုတိယတဒါရုံ၏ နောက်၌ကား မိမိပြုမြဲတိုင်းသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံ ပြုလျက် မိမိ၏ မူလဘဝင်စိတ်များသည် ထုံးစံမှတာအတိုင်း ဖြစ်ပွါးလေ ကုန်၏။ အာရုံသစ်ကိုယူ၍ အသစ်အသစ် ဖြစ်သော စိတ်အစဉ် ပြတ်ဆုံး၍ မူလဖြစ်မြဲအတိုင်း ဘဝင်စိတ်အယဉ်ဖြင်ရန် အခွင့်သို့သာ ကျရောက်လေ၏ ဟူ လို၊ ဤသို့ဖြစ်သည်ကို ဘဝင်ကျသည်ဟု ဆိုရလေသည်။

အဟောင်းဖြစ်သောအာရုံနှင့် အဟောင်းဖြစ်သော စိတ်အစဉ်ကို ဖြတ်၍ အသစ်ဖြစ်သော အာရုံကို ယူလျက် အစဉ် အသစ်အားဖြင့် ပေါ်လာသော

ဝီထိစိတ်တို့တွင် အာဝဇ္ဇန်းမှစ၍ စတုတ္ထဇော တိုင်အောင်သော စိတ်များသည် တက်သောခေတ်အဘို့၌ တည်ကြကုန်၏၊ ပဥ္စမဇောမှစ၍ ဒုတိယ တဒါရုံတိုင် အောင်သော စိတ်များသည် လျှောကျသောခေတ်အဘို့၌ တည်ကြကုန်၏။ ဒုတိယတဒါရုံအခိုက်သို့ ကျရောက်သောအခါ၌မူကား ထင်လာထိခိုက်လာသော အာရုံတရားကလည်း ချုပ်၊ အထင်အထိခံရသော ပသာဒ တရားကလည်း ချုပ်လေသဖြင့် ဝီထိစိတ်အစဉ်လည်း အဆုံးသတ် ချုပ်ငြိမ်း၍ ဇာတ်သိမ်းရ လေတော့၏။ ဘဝင်အယဉ်သို့ စိတ်အစဉ် ကျလေတော့၏။ ဘဝင် ကျလေ တော့၏။ ဤနေရာ၌ သရက်ဥပမာ, ပင့်ကူဥပမာ, တံခါးစောင့်ဥပမာများကို အကျယ်အားဖြင့် ဆိုသင့်သော်လည်း အဋ္ဌကထာကြီးများ၌ လာသောအတိုင်း အထူးထင်ရှားနေပြီးဖြစ်၍ ထည့်သွင်းပြဆိုရန် မလိုတော့ပြီ။

**ပဥ္စဒ္ဝါရဝီထိစိတ်တို့ အာရုံပြုပုံ။** ။ဤအတိမဟန္တာရုံ ပဥ္စဒ္ဝါရဝီထိ၌ ပါရှိသော အာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝီထိ စိတ်တို့သည် ထိုက်သည့် အားလျော်စွာ ပစ္စုပ္ပန် ပဥ္စာရုံကို အာရုံပြုကြကုန်၏။

**ဘဝင်စိတ်၏အာရုံ။** ။အာဝဇ္ဇန်း၏ရှေ့ ဒုတိယ တဒါရုံ၏ နောက်၌ဖြစ်သော ဘဝင်စိတ်တို့တွင် တခုခုသော ဘဝင်စိတ်တို့သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကြကုန်၏၊ ဤရှေ့ နောက်ဖြစ်သော ဘဝင်စိတ်တို့သည် ထင်လာ ထိခိုက်လာသော အာရုံသစ် အတွက်နှင့် ဖြစ်ပေါ်ရသည် မဟုတ်၊ ရှေးဘဝ မရဏာသန္နအခါတွင် ယူခဲ့မြဲတိုင်း သော နိမိတ်အာရုံဟောင်းများကို ယူ၍ ဖြစ်ကြကုန်သောကြောင့် ဝီထိမုတ်စိတ် မည်ကုန်၏။ ဤဘဝင်စိတ်တို့၏နောက် အတိတဂ္ဂဟဏစသော အနုဗန္ဓက မနောဒ္ဝါရလေးဝီထိ ဖြစ်ပေါ်လာ၏။ (ဤလေးဝီထိကို မနောဒ္ဝါရဝီထိ အခန်း တွင် ထင်ရှားလတ္တံ့)။

(၁၉၆) ပဥ္စဝိညာဏ်၊ မှီရာမှန်၊ ငါးတန်သွယ်ဒွါရ။
(၁၉၇) မနွ,အမန်,မဇ္ဈိမ်၊ သုံးတန် အာယုက။
(၁၉၈) ပဥ္စဝိဥ်ဉ၊ ဌ ကိုရ္ဓ၊ ကေပညာသ။
(၁၉၉) တီ ဘွင်ပြိုင် ဥ။မဇ္ဈိပြို၊ နှစ်ခု ရှေ့ နောက် ကျ၊

ဤကဗျာတို့ဖြင့် ပဥ္စဝိညာဏ် စိတ်တို့၏ မှီရာဝတ္ထု များကို ပြဆို၏။

**ပဥ္စဝိညာဏ်တို့၏မှီရာများ။** ။ပဥ္စဒ္ဝါရဝီထိ၌ စက္ခုဝိညာဏ်စသော ပဥ္စဝိညာဏ် စိတ်တို့သည် မိမိတို့ဆိုင်ရာ စက္ခုပသာဒစသည်တို့ ၌ အသီးအသီး မှီကြကုန်၏။ ပသာဒရုပ်တို့သည် ကမ္မဇရုပ်များ ဖြစ်ကြကုန် သဖြင့် ခဏတိုင်း ခဏတိုင်း ဥပါဒ်လေ့ရှိကြကုန်သောကြောင့် ပဥ္စဝိညာဏ်စိတ် ဖြစ်ပေါ်ခိုက်တွင် ပဥ္စပသာဒတို့သည် အလွန်တရာ များပြားစွာ ရှိကုန်၏။

ထိုကြောင့် ပဉ္စဝိညာဏ်၏မှီရာ ပသာဒစုကို ရွေးချယ်စိစစ်အပ်၏။ ပဉ္စဝိညာဏ်စိတ်တို့၏ ဥပါဒ်ဖြစ်ပေါ်ခိုက်တွင် မချုပ်ကြကုန်သေးဘဲ ဌီအနေအားဖြင့် တည်ရှိသော ပသာဒတို့သည် ၄၉-ခုရှိကုန်၏။ ထိုကြောင့် "ပဉ္စဝိဉ်-ဥ၊ ဌီကိုရှု၊ ကေပညာသ"ဟူ၍ ဆိုတော်မူသည်။

**မဇ္ဈိမာယုက**။ ။အကြင်မျှလောက်သော ပဉ္စာရုံတို့သည် ပဉ္စပသာဒတို့မှာ ထင်နိုင်ရာဌာန၌ ဌီသို့ရောက်ဆဲဖြစ်၍ တည်ကြကုန်၏။ ထိုမျှလောက်သော ပဉ္စာရုံတို့သည် ရှေ့နောက်အစဉ်အားဖြင့် ဖြစ်နေကြကုန်သော မိမိတို့ဆိုင်ရာ ၄၉-ချက်သော ပဉ္စပသာဒတို့တွင် တစုံတခုသော ပသာဒ၌ မထင်နိုင်ကုန်ဟု မဆိုအပ်ပေ။ သို့ရာတွင် ပြဆိုအပ်ပြီးသော ၄၉-ချက်သော ပသာဒတို့တွင် အကြင်ပသာဒသည် ပဉ္စဒွါရဝီထိစိတ်တို့၏ ဒွါရကိစ္စကို ပြီးစေနိုင်၏။ အကြင်ပသာဒအပေါ်၌ ထင်လာ ထိခိုက်လာသော ပဉ္စာရုံကို အာရုံပြု၍ ပဉ္စ-ဒွါရဝီထိစိတ်အစဉ် ဖြစ်ပေါ်ရ၏။ ထိုအာရုံ၏ ထင်ရာဝတ္ထုသည်ပင်လျှင် ပဉ္စဝိညာဏ်တို့၏ မှီရာဖြစ်၏။ ထိုပသာဒကိုပင် မဇ္ဈိမာယုကဟူ၍ ခေါ်ဆိုရ၏။

**ပသာဒ ၃-မျိုး**။ ။ထိုသို့ ပဉ္စဝိညာဏ်စိတ်၏ မှီရာ ပသာဒကို သေချာစွာ သိသာနိုင်ရန် မန္ဒာယုကပသာဒ, အမန္ဒာယုကပသာဒ, မဇ္ဈိမာယုကပသာဒအားဖြင့် ၃-ပါးခွဲဝေရာ၏။

အတိမဟန္တာရုံဝီထိဖြင့် ဝေဖန်ပုံကို ပြဆိုအံ့—

**မဇ္ဈိမာယုကပသာဒ**။ ။ပဉ္စာရုံနှင့် ပဉ္စပသာဒတို့သည် အတီတဘဝင်နှင့် ပြိုင်၍ ဥပါဒ်ဖြစ်ပေါ်ကုန်၏။ အတူတကွ ပြိုင်၍ ဖြစ်ပေါ် ဥပါဒ်ကြပေသောကြောင့် ထိုပဉ္စာရုံနှင့် ပဉ္စပသာဒတို့သည် ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ပင် ချုပ်ကုန်၏။ ထိုကြောင့် အတီတဘဝင်နှင့် အတူဥပါဒ်ပြိုင်သော ပဉ္စပသာဒသည် ထင်လာ ထိခိုက်လာသော ပဉ္စာရုံနှင့် မျှတသော အသက်ရှိသောကြောင့် မဇ္ဈိမာယုက ပသာဒမည်၏။

"မဇ္ဈိမံ အာယု ယဿာတိ မဇ္ဈိမာယုကော"။ ယဿ၊ အကြင်ပသာဒအား။ မဇ္ဈိမံ၊ ပဉ္စာရုံနှင့်ညီမျှသော။ အာယု၊ အသက်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သော၊ ထိုပသာဒသည်။ မဇ္ဈိမာယုကော၊ မဇ္ဈိမာယုကမည်၏။

**မန္ဒာယုကပသာဒ**။ ။ထိုပြင် ပဉ္စဝိညာဏ် ဥပါဒ်ဆဲအခါ ဌီအနေအားဖြင့် ထင်ရှား ရှိနေကြကုန်သော လေးဆယ့်ကိုးချက်သော ပသာဒတို့တွင် အတီတဘဝင်၏ရှေ့ တေရသမဘဝင်၏ ဘင်ခဏ၌ ဥပါဒ်ဖြစ်ပေါ်သော ပသာဒတိုင်အောင် ၃၀-ချက်သော ပသာဒတို့သည် ဒုတိယတဒါရုံနှင့် ပြိုင်၍ ချုပ်သော ပဉ္စာရုံနှင့် အသက်မတူဘဲ ထိုပဉ္စာရုံအောက် တိုသေးနုံ့သော အသက်ရှိကုန်သောကြောင့် မန္ဒာယုကပသာဒတို့ မည်ကုန်၏။

"မန္ဒံ အာယု ယေသန္တိ မန္ဒာယုကာ"။ ယေသံ၊ အကြင် ပသာဒတို့အား။ မန္ဒံ၊ ပဋ္ဌာရုံနှင့် အသက်မျှ တိုနုံ့လှသော။ အာယု၊ အသက်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တေ၊ ထိုပသာဒတို့သည်။ မန္ဒာယုကာ၊ မန္ဒာယုက မည်ကုန်၏။

**အမန္ဒာယုက။** ။ထိုပြင် အတီတဘဝင်၏ ဋီမှစ၍ ပဋ္ဌာရုံဝဇ္ဇန်း၏ ဘဝင်နှင့် အတူ ဥပါဒ်သော ပသာဒတိုင်အောင် ၁၁-ခုသော ပသာဒ တို့သည် ပဋ္ဌာရုံနှင့် အသက်တူမျှရုံမက ဒုတိယတဒါရုံ၏ နောက်၌ ကျသော ဘဝင်တို့၏ အခိုက်မှာမှ အဆင့်ဆင့် ချုပ်ကြကုန်၏။ ထင်လာ ထိခိုက်လာသော ပဋ္ဌာရုံထက် ရှည်သောအသက် ရှိကြကုန်၏။ ထိုကြောင့် အမန္ဒာယုက မည်ကြကုန်၏။

"အမန္ဒံ အာယု ယေသန္တိ အမန္ဒာယုကာ"။ ယေသံ၊ အကြင်ပသာဒတို့အား။ အမန္ဒံ၊ ပဋ္ဌာရုံထက် မနုံ့ မတို ပိုမိုရှည်လျားသော။ အာယု၊ အသက်ကြွင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တေ၊ထိုပသာဒတို့သည်။ အမန္ဒာယုကာ၊ အမန္ဒာယုကမည်ကုန်၏။

**မဇ္ဈိမာယုကပသာဒ။** ။ထို ၃-မျိုးသော ပဋ္ဌပသာဒတို့တွင် မဇ္ဈိမာယုက ပသာဒ ကိုသာလျှင် ပဋ္ဌဝိညာဏ်စိတ်တို့ မှီကြကုန်၏။ဤမဇ္ဈိမာယုက ပသာဒ၌သာလျှင် ပဋ္ဌာရုံတို့ ထင်လာကြရကုန်၏။ ဥပမာကား မီးခတ်ကျောက်နှင့် မီးခတ်သံတုံး နှစ်ခုတို့ ခတ်မိကြရာတွင် အကြင်နေရာ၌ သံတုံး ခတ်မိ၏။ ထိုနေရာကသာလျှင် မီးနှင့်မီးပွါး ပေါ်ထွက်လာရ၏။ မခတ်မိသော အခြားနေရာဌာနက မီးပွင့်မီးပွါး ပေါ်ထွက်လာသည် မဟုတ်။ ဤအတူပင် အကြင်ပသာဒအပေါ်၌ အာရုံ ထိခိုက်မိ၏။ထိုပသာဒပေါ်မှသာလျှင် ဝိညာဏ် ဖြစ်ပေါ်ရ၏။ထို မိမိဖြစ်ပေါ်ရာ ပသာဒကိုသာလျှင် မှီတွယ်ရ၏။ စက္ခုဝိညာဏ် ဥပါဒ်ဆဲခဏ၌ ဋီအနေအားဖြင့် ထင်ရှားရှိနေသော ၄၉-ခုသော ပသာဒတို့မှ တပါး တေရသမဘဝင်၏ ရှေ့၌ဖြစ်နှင့်ကြသော ပသာဒများနှင့် ပဋ္ဌဝိညာဏ်နှင့် ဥပါဒ်ပြိုင်သော ပသာဒမှစ၍ နောက်နောက်၌ ဖြစ်လာကြကုန်သော ပသာဒတို့၌မူကား ပဋ္ဌဝိညာဏ်တို့၏ ဥပါဒ်ခိုက်တွင် ဋီအနေအားဖြင့် ထင်ရှားမရှိကြကုန်သောကြောင့် ပဋ္ဌဝိညာဏ်၏ မှီရာ ဖြစ်ကြကုန်လေသလားဟူ၍ လျှဉ်းပါးဖွယ် မရှိလေတော့ပြီ။

ဤစကားရပ်ကိုကား အတီတဘဝင် တချက်လွန်သော အတိမဟန္တာရုံဝိထိ အတွက်နှင့်သာ ဆိုအပ်ပေ၏၊ အတီတဘဝင် နှစ်ချက်လွန်သော မဟန္တာရုံဝိထိ စသည်တို့၌မူကား လွန်သောဘဝင်ကို ရေတွက်ပြီးလျှင် မန္ဒာယုကကို တဆင့် တဆင့် လျော့၍ အမန္ဒာယုကကို တဆင့်တဆင့် တိုးတက်ရာ၏။

မဇ္ဈိမာယုက ပသာဒသည်မူကား အတိုးအဆုတ်ဟူ၍ မရှိ၊ ဘယ်ဝီထိမှာမဆို ပဌမအတိတ ဘဝင်နှင့် ဥပါဒ်ပြိုင်သော ပသာဒတခုကိုသာလျှင် မဇ္ဈိမာယုကဟူ၍ ရွေးကောက်ရာ၏၊ ထို မဇ္ဈိမာယုကပသာဒသည်သာလျှင် ပဉ္စာရုံ၏ ထင်ရာ ပဉ္စ-ဝိညာဏ်၏မှီရာ ဖြစ်၏။ အတိပရိတ္တာရုံဝီထိ၌ကား ပဉ္စဝိညာဏ်စိတ်ဖြစ်၍ မဇ္ဈိမာ-ယုကအတွက်နှင့် စိစစ်ဖွယ် မရှိပြီ။

(၂၀၀) စိတ္တက္ခဏ၊ တချက်လွန်၊ ဟဒယ်မှီ-ကြွင်းစု။

ဤကဗျာဖြင့် ပဉ္စဝိညာဏ်မှ တပါးသော စိတ်တို့၏ မှီရာဝတ္ထုကို ပြဆိုတော်မူ၏။

**ဟဒယဝတ္ထုကို မှီသောစိတ်များ။** ။ပဉ္စဝိညာဏ်မှ တပါးသော အလုံးစုံသော ဘဝင်စိတ် ဝီထိစိတ်တို့သည် မိမိတို့၏ ရှေ့စိတ္တက္ခဏတချက်လွန်နှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုကို မှီကြကုန်၏။ မိမိတို့၏ ရှေ့စိတ်နှင့်အတူ ဥပါဒ်ဖြစ်ပေါ်သော ဟဒယဝတ္ထုကို မှီကုန်၏ ဟူလို။

မှီပုံအမြွက်ကား—အတီတဘဝင်သည် မိမိ၏ ရှေ့စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီသည်။ စလနဘဝင်သည် အတီတဘဝင်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီသည်။ပ။ ပဌမဇော သည် ဝုဋ္ဌောနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီသည်။ပ။ သတ္တမဇောသည် ဆဋ္ဌဇောနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီသည်။ ပဌမတဒါရုံသည် သတ္တမဇောနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို မှီသည်။ ဒုတိယတဒါရုံသည် ပဌမတဒါရုံနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို မှီသည်။ ဤသို့စသည်ဖြင့် ပဉ္စဝိညာဏ်မှ တပါးသော စိတ်တို့၏ မှီပုံကို သိရာ၏။

ရုပ်တရားတို့မည်သည် ဥပါဒ်ဆဲခဏ၌ နုလှသေးသဖြင့် အားမရှိသေး။ ထိုကြောင့် စိတ်၏ မှီခြင်းကို မခံနိုင်သေး၊ ခဏငယ် ၃-ချက်လွန်၍ ဌီခဏသို့ ကျရောက်မှသာလျှင် အားရှိ၍ စိတ်၏အမှီကို ခံနိုင်လေသည်။

ပဋိသန္ဓေအခါ၌မူကား မှီရာဝတ္ထု မရှိနှင့်လေသောကြောင့် ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီရ၏။

မရဏာသန္နဝီထိ၌လည်း မှီရာဝတ္ထုတပါး မရှိသောကြောင့် စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် စိတ္တက္ခဏ ၁၇-ချက်နှင့် ဥပါဒ်ပြိုင်၍ ဟောင်းမြင်း ရင့်ရော်လှစွာသော ဟဒယဝတ္ထုကို မှီရလေသည်။ ပသာဒနှင့် အာရုံ ထိခိုက်ရာ ထင်ရာတို့၌လည်း ဥပါဒ်ခဏ၌ အားနည်းလှသဖြင့် မထိနိုင်ကြကုန်၊ အချင်းချင်း ဌီသို့ ရောက်ကြမှသာလျှင် ထင်နိုင် ထိခိုက်နိုင်ကြကုန်သည်။ ဤကား အတိမဟန္တာရုံ ဝီထိ၌ စိစစ်ဖွယ် စကားရပ်စုပေတည်း။

**မဟန္တာရုံဝီထိ။** ။မဟန္တာရုံသည် အတိမဟန္တာရုံလောက် အားမကြီးသောကြောင့် အတီတဘဝင် နှစ်ချက်လွန်မှသော်၎င်း၊ သုံးချက်လွန်မှသော်၎င်း၊ ထင်ခြင်း ထိခိုက်ခြင်းသို့ ရောက်၏။ ထိုမဟန္တာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိစိတ်အစဉ်ကို မဟန္တာရုံဝီထိဟူ၍ ခေါ်ဆိုရ၏။ တဒါရုံဖြစ်နိုင်ရန် မလောက်မငသောကြောင့် တဒါရုံမဖြစ်ဘဲ ဇော၏အဆုံးတွင် ဘဝင်ကျလေ၏။ ထိုကြောင့် မဟန္တာရုံဝီထိကို ဇဝနဝါရဟူ၍ ခေါ်ဆိုရ၏။

**တဒါရုံဖြစ်ပုံ သဘာဝ။** ။ဤအရာ၌ တဒါရုံအကြောင်းကို စိစစ်ဖွယ် ရှိ၏။ အတီတဘဝင် ၃-ချက်လွန်သော ဒုတိယမဟန္တာရုံဝီထိ၌ မဟန္တာရုံသည် သတ္တမဇောနှင့် ပြိုင်၍ ချုပ်လေသောကြောင့် ဇော၏အာရုံကိုယူသော တဒါရုံစိတ် မဖြစ်ရသည်မှာ အာရုံမလောက်မငသဖြင့် သင့်တန်ပါစေတော့၊အတီတဘဝင် ၂-ချက်မျှသာလွန်သော ပဌမမဟန္တာရုံဝီထိ၌ သတ္တမဇော၏ နောက် စိတ္တက္ခဏတချက်ခန့် အသက်ကြွင်း ရှိနေသေးသော မဟန္တာရုံကို အာရုံပြု၍၊ တဒါရုံတကြိမ် ဖြစ်သင့်သေးသည် မဟုတ်ပါလော ဟူငြားအံ့။ မဖြစ်သင့်ဟု ဖြေရာ၏။ ထိုစကား မှန်၏၊ ထိုမျှလောက် ချုပ်လုနီးသော မဟန္တာရုံသည် တဒါရုံဖြစ်ရန် ကျေးဇူးပစ္စည်း မပြုနိုင်။ တဒါရုံတို့မည်သည် တကြိမ်ဟူ၍ ဖြစ်ရိုးသုံးစံမှတာ မရှိကြကုန်။ အကယ်၍ ဖြစ်ကြရကုန်လျှင် နှစ်ကြိမ်ဖြစ်ရိုးထုံးစံ မမှတာ ရှိကြကုန်၏။ မဟာအဋ္ဌကထာကြီး၌လည်း "တဒါရမ္မဏာနိ ဒွေ"ဟူ၍ တဒါရုံ နှစ်ကြိမ်ကျမှုကိုသာ ဆို၏။

မဏ္ဍိမနိကာယ်ကိုဆောင်သော ဆရာတို့သည်မူကား တဒါရုံတကြိမ်ကျမှုကိုလည်း အလိုရှိကြကုန်၏။ ထိုဝါဒကို အရှင်ဗုဒ္ဓဃောသက ပယ်ရှားတော်မူ၏။ အရှင်အနုရုဒ္ဓါဆရာသည်လည်း အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ တဒါရုံတကြိမ်ကျမှုကို ပြဆိုတော်မမူချေ။ ထိုကြောင့် ထိုဝါဒကို အရှင်အနုရုဒ္ဓါလည်း နှစ်သက်တော်မမူဟူ၍ သိသာထင်ရှား၏။ အကြောင်းမှာ ထိုအရှင်အနုရုဒ္ဓါပင် စီရင်တော်မူသော "ပရမတ္ထဝိနိစ္ဆယ"ကျမ်း၌ "သကိံ ဒွေဝါ တဒါလမ္ဗံ"ဟူ၍ တဒါရုံ တကြိမ်သော်၎င်း, နှစ်ကြိမ်သော်၎င်း ကျမှုကို ဆိုတော်မူပြန်၏။ ထိုစကားကို မဏ္ဍိမနိကာယ်ဆောင် ဆရာတို့၏ အလိုအားဖြင့် ဆိုတော်မူသည်ဟု မှတ်ရာ၏။ မိမိအလိုတော်ရင်းကိုမူကား အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ ထင်ရှားစွာ ပြတော်မူပေပြီ။

မူလဋီကာဆရာ အရှင်အာနန္ဒာကား တဒါရုံ တကြိမ်ကျမှုကိုလည်း အလိုရှိတော်မူ၏။ ဤသို့ အကြောင်းယုတ္တိကိုလည်း ပြဆိုတော်မူ၏။ အာဂန္တုကဘဝင်သည် တကြိမ်သာ ဖြစ်သကဲ့သို့ ထိုအတူ တဒါရုံကိုလည်း တကြိမ်မဖြစ်သင့်ဟု မဆိုထိုက်ပေ။ မဟာအဋ္ဌကထာကြီး၌ စိတ်ဖြစ်ပုံကို ရေတွက်သောအရာ

ဝယ် "တဒါရမ္မဏာနိ ဒွေ"ဟူသော စကားကို ဥက္ကဋ္ဌပရိစ္ဆေဒနည်းအားဖြင့် ဆိုတော်မူသည်ဟု မှတ်အပ်၏။ ထို့ကြောင့် ဇောနောင် စိတ္တက္ခဏ တချက်စာ အသက်ကြွင်းရှိသေးသော အာရုံ၌ တဒါရုံ တကြိမ် ကျသင့်၏။ ဤကား မူလ ဋီကာဆရာ၏ အကြောင်းယုတ္တိ ထောက်ညီပြဆိုပုံတည်း။ ဤကား မဟန္တာရုံ ဝီထိနှင့် စပ်လျဉ်း၍ ဆိုအပ်သော စကားရပ်ပေတည်း။

**ပရိတ္တာရုံဝီထိ။** ။ပရိတ္တာရုံသည် မဟန္တာရုံလောက် အားမရှိလေသောကြောင့် အတီတဘဝင် ၄-ချက်လွန်မှသော်၎င်း။ပ။ ၉-ချက်လွန်မှ သော်၎င်း ထင်ခြင်း ထိခိုက်ခြင်းသို့ ရောက်နိုင်သည်။ ထိုပရိတ္တာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိစိတ်အစဉ်ကို ပရိတ္တာရုံဝီထိ ခေါ်သည်။ အာရုံနုံ့လှသည်ဖြစ်၍ ဇောကျရန် မလောက်မငလေသောကြောင့် ဝုဋ္ဌောနောက်မှာ ဘဝင်ကျလေ တော့၏။ ထို့ကြောင့် ပရိတ္တာရုံဝီထိကို ဝုဋ္ဌောဝါရဟူ၍ ခေါ်ဆိုရ၏။

ဤအရာ၌ ဇော၏အကြောင်းနှင့်စပ်၍ လျဉ်းပါးဘွယ် ရှိ၏။ အတီတဘဝင် ၉-ချက်လွန်သော ဆဋ္ဌပရိတ္တာရုံဝီထိ၌ ပရိတ္တာရုံသည် ဒုတိယဝုဋ္ဌောနှင့် ပြိုင်၍ ချုပ်သောကြောင့် ဝုဋ္ဌောနောင် ဇောမဖြစ်ဟူသော စကားသည် သင့်တန်ရာ ပါ၏။ တတိယဘဝင် ၄ချက်, ၅-ချက် စသည်လွန်သော ပရိတ္တာရုံဝီထိများ၌ ဝုဋ္ဌောကို တကြိမ်သာချ၍ စိတ္တက္ခဏ ၆-ချက်ခန့် စသည် ကြွင်းသေးသော ပရိတ္တာရုံ၌ ဇော ၆-ကြိမ်သော်၎င်း, ၅-ကြိမ်သော်၎င်း, ၄-ကြိမ်သော်၎င်း ဖြစ်သင့်သေးသည် မဟုတ်ပါလော ဟူငြားအံ့၊ မဖြစ်သင့်ဟု ဖြေရာ၏။

ထိုစကားမှန်၏—ဝုဋ္ဌောနောင် စိတ္တက္ခဏ ၆-ချက်ခန့်မျှသာ အသက်ကြွင်း ရှိသော ပရိတ္တာရုံသည် ဇောဖြစ်ခြင်းငှါ ပစ္စည်း မပြုနိုင်။ အကယ်၍ ဇောဖြစ် ပါလျှင် စိတ္တက္ခဏ ၇-ချက်ခန့် စသည် အသက်ကြွင်း ၇-ကြိမ်ဖြစ်ခြင်းငှါ လောက်သော အာရုံ၌သာလျှင် ဖြစ်ရ၏။ အဘယ်ကြောင့်နည်းဟူမူ—ကာမ ဇောတို့၏ သဘာဝမွတာသည် ပကတိနိယာမအားဖြင့် ၇-ကြိမ် ဖြစ်လေ့ ရှိသောကြောင့်ပေတည်း။ တွေဝေ မိန်းမောသောကာလ, သေခါနီးကာလတို့၌ ဇောသည် ၆-ကြိမ်သော်၎င်း, ၅-ကြိမ်သော်၎င်း ကျ၏ဟူ၍ ဆိုရာမှာ စိတ္တက္ခဏ ၇-ချက်ခန့် စသည် အသက်ကြွင်းရှိ၍ ဇော ၇-ကြိမ်ဖြစ်လောက်သော အတိ မဟန္တာရုံ, မဟန္တာရုံတို့၌သာ ဖြစ်သည်ဟု မှတ်ရာ၏။ ထိုအခါကာလတို့၌မူကား စိတ်အဟုန်၏ နုံ့ခြင်း, မှီရာဝတ္ထုရုပ်၏ နုံ့ခြင်းစသော အကြောင်းတို့ကြောင့် ၇-ကြိမ်ဖြစ်လောက်သော အာရုံ၌ပင်သော်လည်း ၆-ကြိမ် ၅-ကြိမ်မျှသာ ဖြစ်နိုင် လေသည်။

မူလဋီကာဆရာသည်မူကား ပဋ္ဌာန်းပါဠိတော် အနန္တရ ပစ္စည်းအရာ၌ "ဘဝင်ံ အာဝဇ္ဇနာယ အနန္တရပစ္စယေန ပစ္စယော"ဟူ၍ ဘဝင်စိတ်ကသာလျှင်

အာဝဇ္ဇန်းဒွေးအား အနန္တရပစ္စည်းတပ်နိုင်ကြောင်းကို မြတ်စွာဘုရား ဟော ကြားတော်မူ၏။ "အာဝဇ္ဇနံ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော"ဟူ၍ အာဝဇ္ဇန်းဒွေးက ဘဝင်စိတ်အား အနန္တရပစ္စည်းတပ်နိုင်၏ဟူ၍ ဟောတော် မူသော ပါဠိတော်မူကား တစုံတရာမျှ မရှိချေ။ ဝုဋ္ဌောစိတ်ဆိုသည်လည်း မနော ဒွါရာဝဇ္ဇန်းစိတ်ပင် ဖြစ်၏။ ဆိုပြီး ပဋ္ဌာန်းပါဠိတော်ကို ထောက်၍ ဝုဋ္ဌောနောင် ဘဝင်ကျနိုင်ရန် အကြောင်းမရှိ။ ထို့ကြောင့် ဝုဋ္ဌောဆုံး၍ ဝုဋ္ဌောနောင် ဘဝင်ကျသော ဝီထိမျိုးကို အလိုရှိတော်မမူချေ။ စိတ္တက္ခဏ ၆-ချက် ၅-ချက် ခန့် အသက်ကြွင်းရှိသော ပရိတ္တအာရုံ၌ ဇော ၆-ကြိမ်သော်၎င်း, ၅-ကြိမ်သော် ၎င်း ကျသော ပရိတ္တာရုံဝီထိကို အလိုရှိတော်မူ၏။ တွေဝေ မိန်းမောသော ကာလ, သေခါနီးသောကာလတို့၌ မှီရာဝတ္ထု အားနည်းသောကြောင့် ဇော ၆-ကြိမ်, ၅-ကြိမ် ဖြစ်နိုင်ဘိသကဲ့သို့ ပရိတ္တာရုံဝီထိမှာလည်း အာရုံ အားနည်းလှ သည်၏အဖြစ်ကြောင့် ဇောသည်လည်း ၆-ကြိမ်, ၅-ကြိမ်သာ ဖြစ်ရ၏ဟူ၍ ဆို ခြင်းငှါ မတတ်ကောင်းသည် မဟုတ်ဟု ယုတ္တိနှင့်တကွ ပြဆိုတော်မူ၏။ ဤကား ပရိတ္တာရုံဝီထိနှင့် စပ်လျဉ်း၍ ဆိုသော စကားတည်း။

**အတိပရိတ္တာရုံဝီထိ။** ။အတိပရိတ္တာရုံဝီထိ၌ အတိပရိတ္တာရုံ အာရုံသည် အလွန် တရာ အားနည်းလှ၏။ ထို့ကြောင့် ဝီထိစိတ် မဖြစ် နိုင်ပြီ။ အတီတဘဝင် ၁၀-ချက်စသည် လွန်၍ စလနဘဝင် ၂-ကြိမ်မျှ ဖြစ်ပြီး လျှင် တဖန် ဆက်၍ ဘဝင်ကျလေတော့၏။ ပထမ စလနဘဝင်၏ ဥပါဒ်အခိုက် မှာ အာရုံထင်လာ၏။ ထိုသို့ ထင်လာ ထိခိုက်လာမှုကြောင့် လှုပ်ရှားပုံ အနေ အားဖြင့် ဘဝင်အမူအရာ ထူးထွေစွာ ဖြစ်လာရ၏။ ဤသို့ ဘဝင်အမူအရာ ထူးထွေစွာ ဖြစ်ပေါ်သည်ကိုစွဲ၍ ဝီထိဟု ခေါ်ရတော့သည်။ ဝီထိစိတ်ဖြစ်၍ ဝီထိ ခေါ်သည် မဟုတ်ပေ။

ဤအရာ၌ ဤသို့ လျှဉ်းပါးဘွယ် ရှိ၏။ အတီတဘဝင် ၁၄-ချက်, ၁၅-ချက် လွန်သော ဝီထိများ၌ကား အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့၏ ဖြစ်ပေါ်ရန် အကြောင်းမရှိသောကြောင့် ဝီထိစိတ်မဖြစ်နိုင်ဟူသော စကားသည် သင့်တန် ပါစေတော့။ အတီတဘဝင် ၁၀-ချက်လွန်, ၁၁-ချက်လွန်သော ဝီထိများ၌ကား ဝီထိစိတ် ဖြစ်လောက်သောကြောင့် အာဝဇ္ဇန်းစသော ဝီထိစိတ်များ ဖြစ်သင့် သေးသည် မဟုတ်ပါလောဟူမူ မဖြစ်နိုင်ဟု ဖြေကြားရာ၏။

**ဝီထိစိတ်ဖြစ်ပေါ်နိုင်ခြင်း အင်္ဂါ။** ။ထိုစကား မှန်၏— အကြင် အာရုံသည် ဝုဋ္ဌော ၂-ကြိမ်မျှ ဖြစ်လောက်သော အသက်ကြွင်း မရှိ။ ထိုအာရုံသည် ဝီထိစိတ်ဖြစ်ပေါ်အောင် ကျေးဇူးမပြုနိုင် ချေ။ ဝီထိစိတ်ဖြစ်ခြင်း မည်သည် မနောဒွါရာဝဇ္ဇန်း ဖြစ်ပေါ်မှုလျှင် အောက်

တစ်ဆုံး ရှိ၏။ မနောဒွါရာဝဇ္ဇန်း ဖြစ်ပေါ်နိုင်လောက်မှ ဝီထိစိတ် ဖြစ်နိုင်၏။ ထို့ကြောင့် ဤအတိပရိတ္တာရုံ ဝီထိ၌ ဝုဋ္ဌော ၂-ကြိမ်မျှ ဖြစ်လောက်အောင် အသက်ကြွင်းရှိသော အာရုံ မဟုတ်လေရကား ဘဝင်လှုပ်ရုံမျှသာ ရှိတော့၏။ ဝီထိစိတ် မဖြစ်နိုင်ပြီ။ ဤကား အတိပရိတ္တာရုံဝီထိနှင့်စပ်လျဉ်း၍ ဆိုအပ်သော စကားရပ်စုပေတည်း။

**ပဉ္စဒွါရဝီထိ၌ အကျဉ်းချုပ် မှတ်ဖွယ်ကို ဆိုဦးအံ့**—ပဉ္စဒွါရဝီထိ၌ အကျုံးဝင်၍ ဖြစ်ဖြစ်သမျှသော စိတ်တို့သည် ကာမ ၅၄-တို့သာတည်း။

အာရုံပြုပုံအားဖြင့် အလုံးစုံသော ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကြကုန်၏။ အာဝဇ္ဇန်း အစရှိသော အလုံးစုံသော ဝီထိစိတ်တို့သည် ထိုက်သည်အားလျော်စွာ ပဉ္စာရုံကို အာရုံပြုကြကုန်၏။

မှီရာအားဖြင့် ပဉ္စဝိညာဏ်တို့သည် မဇ္ဈိမာယုကဖြစ်သော ပဉ္စပသာဒကို မှီကြကုန်၏။ ပဉ္စဝိညာဏ်မှ တပါးသောစိတ်တို့သည် မိမိတို့၏ ရှေ့ရှေ့စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကြကုန်၏။

ဘုံအားဖြင့် စက္ခုဒွါရဝီထိ, သောတဒွါရဝီထိတို့သည် ကာမ ၁၁-ဘုံ, အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့၌ ဖြစ်ကုန်၏။ ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိတို့သည် ကာမ ၁၁-ဘုံတို့၌သာလျှင် ဖြစ်ကုန်၏။ ဧကဝေါကာရဘုံ, စတုဝေါကာရဘုံတို့၌ကား ပဉ္စဒွါရဝီထိ မဖြစ်ကုန်။ ရှေ့ဘဝင် နောက်ဘဝင်တို့ကိုကား မိမိ၏ဆိုင်ရာ ဘဝင်တခုခုကိုသာ ချရာ၏။ (ဝီထိမဉ္ဇရီကျမ်း၌ ပဉ္စဒွါရဝီထိအမျိုးမျိုးကို အကျယ် ပြဆိုအပ်လေပြီ။)

ပဉ္စဒွါရဝီထိပုံ ပြီး၏။

---

## မနောဒွါရဝီထိ အပြား

### (၂၀၁) ဝိဘူလေးဖြာ၊ မနောဒွါ၊ လွန်စွာအပြားများ။

ဤဖြင့် မနောဒွါရဝီထိအရာ၌ အတိဝိဘူတာရုံဝီထိစသောအားဖြင့် လေးဝီထိ ပြားကြောင်း။ ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလဝိမုတ်အာရုံ စသည်ဖြင့် ပွါးလျှင် မနောဒွါရဝီထိ များပြားကြောင်းကို ပြဆို၏။

**မနောဒွါရဝီထိ-၄။** ။အတိဝိဘူတာရုံဝီထိ, ဝိဘူတာရုံဝီထိ, အဝိဘူတာရုံဝီထိ, အတိအဝိဘူတာရုံဝီထိ ဟူ၍ မနောဒွါရအရာ၌ ဝီထိ လေးမျိုးရှိ၏။

**အတိဝိဘူတာရုံ။**　။အလွန်တရာ ထင်ရှားလှသော အာရုံမျိုးကို အတိဝိဘူတ-အာရုံ ခေါ်၏။ ထိုအတိဝိဘူတ အာရုံကို အာရုံပြု၍ ဖြစ်သော စိတ်အစဉ်ကို အတိဝိဘူတာရုံဝီထိ ခေါ်၏။ "အတိ ဝိဘာဝေတီတိ အတိဝိဘူတံ"။ အတိဝိဘာဝေတိ၊ အလွန်ထင်ရှားစွာဖြစ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အတိဝိဘူတံ၊ အတိဝိဘူတမည်၏။ "အတိဝိဘူတံ အာရမ္မဏန္တိ အတိဝိဘူတာရမ္မဏံ"။ အတိဝိဘူတံ၊ အလွန်ထင်ရှားစွာဖြစ်သော။ အာရမ္မဏံ၊ အာရုံတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အတိဝိဘူတာရမ္မဏံ၊ အတိဝိဘူတာရုံ မည်၏။　။အလွန်တရာ ထင်ရှားစွာဖြစ်သော အာရုံမျိုးကို ရစေ။　။"အတိ-ဝိဘူတာရမ္မဏေ ပဝတ္တာ ဝီထီတိ အတိဝိဘူတာရမ္မဏဝီထိ"။ အတိဝိဘူတာ-ရမ္မဏေ၊ အလွန်ထင်ရှားသောအာရုံ၌။ ပဝတ္တာ၊ အာရုံပြုသောအားဖြင့် ဖြစ်သော။ ဝီထိ၊ စိတ်အစဉ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အတိဝိဘူတာ-ရမ္မဏဝီထိ၊ အတိဝိဘူတာရုံဝီထိ မည်၏။　။အလွန်ထင်ရှားသောအာရုံကို အာရုံပြု၍ဖြစ်သော ဝီထိစိတ်အစဉ်ကို ရစေ။ (ဤကား ဝိဂ္ဂဟ်ပြုပုံတည်း။ ဝိဘူတာရမ္မဏဝီထိ စသည်တို့၌လည်း ဤနည်းကိုမှီ၍ ဝိဂ္ဂဟ်ဆိုရာ၏)။

**ဝိဘူတာရုံ။**　။သင့်ရုံထင်ရှားသော ဝီထိသည် ဝိဘူတာရုံ မည်၏။ ထိုအာရုံကို အာရုံပြု၍ဖြစ်သော ဝီထိသည် ဝိဘူတာရုံဝီထိ မည်၏။

**အဝိဘူတာရုံ။**　။မထင်ရှားသော အာရုံသည် အဝိဘူတာရုံ မည်၏။ ထိုအာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိသည် အဝိဘူတာရုံဝီထိ မည်၏။

**အတိဝိဘူတာရုံ။**　။အလွန်တရာ မထင်ရှားလှသော အာရုံသည် အတိ-ဝိဘူတာရုံ မည်၏။ ထိုအာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိသည် အတိအဝိဘူတာရုံဝီထိ မည်၏။

**ဝါရများ။**　။အတိဝိဘူတာရုံဝီထိသည် တဒါရုံ အဆုံးရှိ၏။ ထိုကြောင့် တဒါ-ရမ္မဏဝါရ မည်၏။ ဝိဘူတာရုံဝီထိသည် ဇောအဆုံးရှိ၏။ ထိုကြောင့် ဇဝနဝါရ မည်၏။ အဝိဘူတာရုံဝီထိသည် မနောဒွါရာဝဇ္ဇန်း အဆုံးရှိ၏။ ထိုကြောင့် ဝုဋ္ဌောဝါရ မည်၏။ အတိအဝိဘူတာရုံဝီထိမှာ ဝီထိစိတ် မဖြစ်။ ထိုကြောင့် မောဃဝါရ မည်၏။ ဤကိုရည်၍—

(၂၀၂) တဒါ, ဇော,နှင့်၊ ဝုဋ္ဌော,မောဃ၊ လေးဝါရ၊ ယှဉ်ကြ အစဉ်အား။

ဟူသော သံပေါက်ကို မိန့်ဆိုတော်မူသည်။

အတိဝိဘူတာရုံဝီထိ၌ တဒါရုံအဆုံးရှိ၏ ဆိုသော်လည်း ဥက္ကဋ္ဌပရိစ္ဆေဒနည်း အားဖြင့်သာ ဆိုရသည်။ အကယ်၍ တဒါရုံဖြစ်ရန် အကြောင်း မပြည့်စုံလျှင် ထိုအတိဝိဘူတာရုံဝီထိ၌လည်း တဒါရုံ မဖြစ်နိုင်ချေ။

အဝိဘူတာရုံဝီထိကို ဝုဋ္ဌောဝါရဆိုရခြင်းသည် ပဉ္စဒွါရ၌ ပြဆိုအပ်ပြီးသော အတိုင်း ထင်ရှားသောအမည်ဖြင့် မှည့်ခေါ်၍ သမုတ်ခေါ်ဆိုရသော အမည်မျှ ဖြစ်သည်ဟု မှတ်ရာ၏။ ထိုအဝိဘူတာရုံဝီထိ၌ မနောဒွါရာဝဇ္ဇန်းသည် ဝုဋ္ဌောကိစ္စနှင့် ဖြစ်ရသည် မဟုတ်၊ အာဝဇ္ဇန်းကိစ္စနှင့်သာ ဖြစ်ရချေသည်။

အဘိဓမ္မတ္ထသင်္ဂဟ၌ မနောဒွါရဝီထိအရာဝယ် သာမညအားဖြင့် ဝိဘူတာရုံဝီထိ, အဝိဘူတာရုံဝီထိ ၂-ပါးကိုသာ ဆို၏။ ဝိဘူတာရုံမှာ တဒါရုံကို အဆုံးထား၍ ပြဆို၏။ အဝိဘူတာရုံမှာ ဇောကို အဆုံးထား၍ ပြဆို၏။ ဤပရမတ္ထသံခေပကျမ်း၌မူကား ပဉ္စဒွါရဝီထိများမှာ လေးဝီထိပြားလေသကဲ့သို့ မနောဒွါရဝီထိများကိုလည်း လေးဝီထိပြား၍ ပြဆိုတော်မူသည်။ မနောဒွါရာဝဇ္ဇန်း ၂-ကြိမ် ၃-ကြိမ်အဆုံးရှိသော ဝေါဋ္ဌဗ္ဗနဝါရ ဝီထိမျိုးကို ဉာဏာဝိဘင်းအဋ္ဌကထာ၌ ဆို၏။ ပဉ္စဒွါရဝီထိမှာ မောဃဝါရရှိလေသကဲ့သို့ ဤမနောဒွါရဝီထိမှာလည်း ရှိသင့်ပေရကား အတိဝိဘူတာရုံဝီထိ မောဃဝါရကိုထည့်၍ ဆိုရပေသည်။ ထိုစကား မှန်၏—မနောဒွါရ၌ အာရုံ ထင်လာထိခိုက်လာ ပါလျှင် ဘဝင် ၂-ကြိမ် လှုပ်ရှားကာနှင့် ဝီထိစိတ် မဖြစ်ပေါ်သော မောဃဝါရ ဝီထိများသည် အနုပွကမ်း များပြားရာ၏။

## မနောဒွါရဝီထိ ၂-ပါး

(၂၀၃) **ကာမဝါရာ၊ အပ္ပနာ၊ နှစ်ဖြာ အရင်းထား။**

ဤဂါထာဖြင့် မူလပဓာန မနောဒွါရဝီထိ ၂-ပါးရှိကြောင်းကို ခွဲခြား၍ ပြဆိုတော်မူ၏။

**ကာမဝါရနှင့် အပ္ပနာဝါရ။** ။မနောဒွါရဝီထိသည် ကာမဝါရ, အပ္ပနာဝါရအားဖြင့် နှစ်ပါးရှိ၏။ ထို ၂-ပါးတို့တွင် ကာမဇော ကျသောဝီထိသည် ကာမဇောဝါရ မနောဒွါရဝီထိ မည်၏။ အပ္ပနာဇောကျသော ဝီထိသည် အပ္ပနာဇောဝါရ မနောဒွါရဝီထိ မည်၏။

## ကာမဇောဝါရ မနောဒွါရဝီထိ ၂-ပါး

**ကာမဇောဝါရ-၂။** ။ထို ၂-ပါးတို့တွင် ကာမဇောဝါရသည်—

(၂၀၄) **အနုဗန္ဓက၊ သုဒ္ဓိက၊ ကာမ-နှစ်ထွေပြား။**

ဟူသည်နှင့်အညီ အနုဗန္ဓကဝါရ, သုဒ္ဓိကဝါရဟူ၍ နှစ်ပါးအပြား ရှိပြန်၏။

**အနုဗန္ဓကဝါရ။** ။ထိုတွင် ပဉ္စဒွါရဝီထိနောက်သို့ အစဉ်လိုက်သော မနောဒွါရဝီထိသည် အနုဗန္ဓကဝါရ မည်၏။ "အနုဗန္ဓတီတိ အနုဗန္ဓကော"။ အနုဗန္ဓတိ။ ပဉ္စဒွါရဝီထိ၏နောက်၌ အစဉ်ဖွဲ့ဆက်၍ လိုက်တတ်၏။

ဣတိတသ္မာ၊ ထိုကြောင့်။ အနုဗန္ဓကော၊ အနုဗန္ဓကမည်၏။ ဥပမာအားဖြင့် ထိုးတံဖြင့် ခေါင်းလောင်းကို တကြိမ် ထိုးခတ်ရိုက်တီးလိုက်သောအခါ ခေါင်းလောင်း၏ အထည်ကိုယ်တခုလုံး၌ ရှိနေကြကုန်သော ရုပ်ကလာပ်တို့သည် အဆင့်ဆင့် အချင်းချင်း တိုက်ခိုက်ကြကုန်လျက် ရှည်မြင့်စွာသော ကာလ ပတ်လုံး ညည်းတွားသော အသံဖြင့် ညွှင်းညွှင်းသာသာ မြည်၍ အသံကြော ရှည် နေဘိသကဲ့သို့ ထိုအတူ ပဉ္စဒွါရ၌ တကြိမ်မျှလောက် အာရုံ ထိခိုက်လိုက်သည် ရှိသော် ပစ္စုပ္ပန်အာရုံပြုသော ပဉ္စဒွါရဝီထိ ချုပ်လေပြီးသော်လည်း ထိုပဉ္စဒွါရ ဝီထိသို့ အစဉ်လိုက်၍ ချုပ်လေပြီးသော အတိတ်အာရုံကိုပင် အမျိုးမျိုး အာရုံ ပြုကာ ပြုကာနှင့် အထောင်မကသော မနောဒွါရ ဝီထိစိတ်အစဉ်တို့သည် ဖြစ်ပွါး ဆက်လာကြကုန်၏။ ထိုဝီထိစိတ်တို့ကို အနုဗန္ဓကမနောဒွါရဝီထိဟူ၍ ခေါ်ဆို အပ်ကုန်သည်။ ထိုသို့ အနုဗန္ဓကဝီထိတို့ ဖြစ်မှုကြောင့်ပင်လျှင် ဤကား မည်သူ၊ ဤကား ဘယ်အထည်ဝတ္ထု၊ ဤသူ၏အမည်ကား ဤသို့တည်း စသောအားဖြင့် အထူးထူးအပြားအပြား ခွဲခြားမှတ်သားနိုင်ကြကုန်သည်။ အနုဗန္ဓကဝီထိ မဖြစ် ခဲ့ပါလျှင် အဖြူ အနီ အကြောင် အကျား စသည်ကိုမျှ မသိနိုင်ကြကုန်ရာ။ ထိုအနုဗန္ဓကဝီထိနောက်သို့ လိုက်သော စက္ခုဒွါရာနုဗန္ဓကဝါရ။ပ။ ကာယဒွါရ ဝီထိနောက်သို့လိုက်သော ကာယဒွါရာနုဗန္ဓကဝါရအားဖြင့် ငါးပါးရှိ၏။

**သုဒ္ဓိကဝါရ။**　။ပဉ္စဒွါရဝီထိနှင့် မစပ်မဆက် သက်သက်ထင်လာသော အာရုံ ခြောက်ပါးကို အာရုံပြု၍ဖြစ်သော မနောဒွါရဝီထိသည် သုဒ္ဓိက ဝါရမည်၏။ "သုဒ္ဓံ ပဝတ္တန္တိ သုဒ္ဓိကံ"။ သုဒ္ဓံ၊ ပဉ္စဒွါရဝီထိနှင့်မဖက် သက်သက်။ ပဝတ္တံ၊ ဖြစ်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ သုဒ္ဓိကံ၊ သုဒ္ဓိကမည်၏။

**သုဒ္ဓိကဝါရလေးမျိုး။**　။ထိုအနုဗန္ဓကဝါရ၊ သုဒ္ဓိကဝါရ နှစ်ပါးတို့တွင် အနုဗန္ဓက ဝါရသည်လည်း—

(၂၀၅) **အတိတ်၊ သမူဟ၊ အတ္ထပြဒ်၊ နာမ်ပညတ်၊ လေးရပ်-နုဗန်ပွါး။**

အတီတဂ္ဂဟဏဝါရ, သမူဟဂ္ဂဟဏဝါရ, အတ္ထဂ္ဂဟဏဝါရ, နာမပညတ္တိဂ္ဂဟဏ ဝါရအားဖြင့် လေးပါးရှိပြန်၏။

ထိုတွင် ပဉ္စဒွါရဝီထိယူအပ်ပြီးသည်ဖြစ်၍ ချုပ်လေပြီးသော အတိတ်ပဉ္စာရုံ ကို ယူသော ဝီထိသည် အတီတဂ္ဂဟဏဝါရမည်၏။

ထိုအတိတ် ပဉ္စာရုံအပေါင်းကို ယူသော ဝီထိသည် သမူဟဂ္ဂဟဏဝါရမည်၏။

အထည်ကိုယ် အနက်ဒြဗ် ဝတ္ထုကို ယူသော ဝီထိသည် အတ္ထဂ္ဂဟဏဝါရ မည်၏။

ထိုအထည်ကို၌ စွဲ၍ဖြစ်သော အမည်နာမပညတ်ကို ယူသော ဝီထိသည် နာမပညတ္တိဂ္ဂဟဏဝါရ မည်၏။

"အတီတံ ဂဏှာတီတိ အတီတဂ္ဂဟဏံ"။အတီတံ၊ ချုပ်လေပြီးသော အတိတ်ပဉ္စာရုံကို။ ဂဏှာတိ၊ ယူတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အတီတဂ္ဂဟဏံ၊ အတီတဂ္ဂဟဏမည်၏။ ဤသို့ စသည်ဖြင့် ဝိဂ္ဂိုဟ်ဆိုလေ။ အတ္ထဂ္ဂဟဏ ဝါရ, နာမပညတ္တိဂ္ဂဟဏ ဝါရ များသည် ပညတ်ကို အာရုံပြုကြ၏။ ထိုကြောင့် ထိုဝါရများမှာ တဒါရုံဖြစ်နိုင်ရန် အကြောင်းမရှိ။

**သုဒ္ဓိကဝါရခြောက်ပါး။** ။သုဒ္ဓိကဝါရသည်လည်း—

**(၂၈၆) ဒိဋ္ဌ,သုတံ၊ဝိညာတံ၊သမ္ဗန္ဓ-ကိုယ်စီပွါး။**

ဟူသည်နှင့်အညီ ဒိဋ္ဌဝါရ, ဒိဋ္ဌသမ္ဗန္ဓဝါရ, သုတဝါရ, သုတသမ္ဗန္ဓဝါရ, ဝိညာတဝါရ, ဝိညာတသမ္ဗန္ဓဝါရအားဖြင့် ခြောက်ပါးအပြားရှိပြန်၏။

**ဒိဋ္ဌအာရုံ** (၁) ထိုတွင် "ဒိဋ္ဌံနာမ ပုဗ္ဗေ ပဉ္စဟိ ဒွါရေဟိ ဂဟိတံ ပဉ္စာလမ္ဗဏံ"ဟူသော ပရမတ္ထဒီပနီ သဂြိုဟ် မဟာဋီကာနှင့်အညီ ရှေးအခါ ပဉ္စဒွါရဝီထိဖြင့် ပစ္စုပ္ပန်အာရုံပြု၍ ယူဘူးသော ပဉ္စာရုံသည် ဒိဋ္ဌမည်၏။ ထိုဒိဋ္ဌအာရုံကို အာရုံပြု၍ဖြစ်သော ဝီထိသည် ဒိဋ္ဌဝါရမည်၏။ "ဒဿိတံ ပုဗ္ဗေ ပဉ္စဒွါရေဟိ ဂဟိတန္တိ ဒိဋ္ဌံ"။ ပုဗ္ဗေ၊ ရှေး၌။ ပဉ္စဒွါရေဟိ၊ ပဉ္စဒွါရတို့ဖြင့်။ ဒဿိတံ ဂဟိတံ၊ ယူအပ်ဘူးသည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဒိဋ္ဌံ၊ ဒိဋ္ဌမည်၏။

**ဒိဋ္ဌသမ္ဗန္ဓအာရုံ** (၂) ထိုဒိဋ္ဌအာရုံမျိုးနှင့် စပ်ဆက်၍ ထင်မြင်သော အာရုံစုသည် ဒိဋ္ဌသမ္ဗန္ဓမည်၏။ ရှေးအခါကာလ၌ တစုံတရာမျှ ပဉ္စဒွါရဖြင့် ယူဘူးသောအာရုံ မဟုတ်သော်လည်း ဒိဋ္ဌတွေ့ဘူးသော အာရုံနှင့် စပ်နွယ်၍ အထူးထူးအပြားပြား များစွာ ထင်မြင်သော အာရုံခြောက်ပါးစုပေတည်း။ ထိုဒိဋ္ဌသမ္ဗန္ဓအာရုံစုကို အာရုံပြုသော ဝီထိသည် ဒိဋ္ဌသမ္ဗန္ဓဝါရ မည်၏။

"ဒိဋ္ဌေန သမ္ဗန္ဓံ သဒိသန္တိ ဒိဋ္ဌသမ္ဗန္ဓံ"။ ဒိဋ္ဌေန၊ ဒိဋ္ဌအာရုံနှင့်။ သမ္ဗန္ဓံ၊ စပ်နွယ်ဆင့်ပွါး၍ဖြစ်သော အာရုံစုတည်း။သဒိသံ၊ တူသောအာရုံစုတည်း။ဣတိတသ္မာ၊ ထိုကြောင့်။ ဒိဋ္ဌသမ္ဗန္ဓံ၊ ဒိဋ္ဌသမ္ဗန္ဓမည်၏။

**သုတအာရုံ** (၃) သူတပါးထံမှ ကြားဘူး၍ ထင်လာသောအာရုံ၊ ကျမ်းဂန်ပိဋကတ် စသည်တို့၌ တွေ့ရှိဘူး၍ ထင်လာသောအာရုံများသည် သုတအာရုံမည်၏။ ထိုသုတအာရုံသည် အာရုံခြောက်ပါးရှိ၏။ ထိုသုတအာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိသည် သုတဝါရမည်၏။ "သူယတီတိ သုတံ"။ သူယတိ၊ ကြားအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သုတံ၊ သုတမည်၏။

ဤအရာ၌ သုတပါးတို့က ပြောဆို၍ ကြားဘူးသော အာရုံစု၊ မိမိကိုယ်တိုင် ပိဋကတ်တော်ကျမ်းဂန်တို့ကို ကြည့်ရှု၍ သိရသောအာရုံစု၊ လောကီဗဟုဿုတဂန္ထန္တရတို့ကို မိမိကိုယ်တိုင် ကြည့်ရှု၍ သိရသော အာရုံစုကို သုတဆိုသည်။

**သုတသမ္ဗန္ဓအာရုံ** (၄) ထိုသုတအာရုံနှင့် ဆက်နွယ်စပ်လျဉ်း၍ အမျိုးမျိုး ထင်မြင်လာသမျှသော အာရုံခြောက်ပါးစုသည် သုတသမ္ဗန္ဓ အာရုံမည်၏။ ထိုသုတသမ္ဗန္ဓအာရုံကို အာရုံပြု၍ဖြစ်သော ဝီထိသည် သုတသမ္ဗန္ဓဝါရ မည်၏။

"သုတေန သမ္ဗန္ဓံ သဒိသန္တိ သုတသမ္ဗန္ဓံ"။ အနက်လွယ်ပြီ။

**ဝိညာတအာရုံ** (၅) ဒိဋ္ဌ, ဒိဋ္ဌသမ္ဗန္ဓ, သုတ, သုတသမ္ဗန္ဓတို့မှတပါး သူတပါးကို ကြည်ညိုယုံကြည်ခြင်း ဟု ဆိုအပ်သော သဒ္ဓါ၏အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ မိမိအယူအဆဟု ဆိုအပ်သော အတ္တနောမတိ၏အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ သဒ္ဒါရိပ်, အနက်ရိပ်, အကြောင်းရိပ်များကို မှီငြမ်းပြု၍ အခြင်းအရာ အထွေအထူးကို ကြံစည်မှုဟု ဆိုအပ်သော အာကာရပရိဝိတက္က၏ အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ ဉာဏ်ပညာဖြင့်ရင်း, မိမိတို့၏ မိရိုးဖလာ အယူဝါဒဖြင့်ရင်း, အဖန်ဖန် စုံစမ်းဆင်ခြင်၍ ဤကား အမှန်ပင်တည်းဟူ၍ သန္နိဋ္ဌာန်ချမှု၊ သဘောကျမှုဟု ဆိုအပ်သော ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ၏ အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ အထူးထူးသော ကံ၏ အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ တန်ခိုးအထူးထူး၏ အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ ဓာတ်ချောက်ချားသည်၏ အစွမ်းအားဖြင့် ကတောက်ကတက် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ နတ်တို့ လှည့်ဖျားသွေးဆောင်သောကြောင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ အိပ်မက်, တိတ်နိမိတ်တို့၏ အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်, ပဋိဝေဓဉာဏ်တို့၏ အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး။ ဤသို့ ပြဆိုအပ်သမျှသော အာရုံစုသည် ဝိညာတအာရုံမည်၏။ ထိုဝိညာတအာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိသည် ဝိညာတဝါရမည်၏။ "ဝိညာယတီတိ ဝိညာတံ"။ ဝိညာယတိ၊ အထူးထူး အပြားပြား များစွာ သိမြင်အပ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဝိညာတံ၊ ဝိညာတမည်၏။

**ဝိညာတသမ္ဗန္ဓအာရုံ** (၆) ထိုဝိညာတအာရုံတို့နှင့် စပ်နွယ်၍ အမျိုးမျိုး ထင်မြင်လာသမျှသော အာရုံစုသည် ဝိညာတသမ္ဗန္ဓအာရုံမည်၏။ ထိုဝိညာတသမ္ဗန္ဓအာရုံကို အာရုံပြု၍ဖြစ်သော ဝီထိသည် ဝိညာတဝါရမည်၏။ "ဝိညာတေန သမ္ဗန္ဓန္တိ ဝိညာတသမ္ဗန္ဓံ"။ အနက်သိလွယ်ပြီ။

ပြဆိုအပ်ပြီးသော ဒိဋ္ဌစသော အာရုံတို့သည် မနောဒွါရ၌ ထင်လာထိခိုက်လာနိုင်ကုန်၏။ စလနဘဝင် ဖြစ်ပေါ်ရန် ကျေးဇူးပြုနိုင်ကုန်၏။

**အနန္တရူပနိဿယသတ္တိ။** ။ဤအရာ၌ အနန္တရူပနိဿယပစ္စည်း၏ သတ္တိအထူးကို ချီးမွမ်းထိုက်ပေ၏။ အနန္တရူပနိဿယပစ္စည်း၏ သတ္တိမည်သည် သတ္တဝါတို့၏ စိတ်သန္တာန်၌ ကြီးကျယ်စွာ ပြန့်နှံ့လျက်ရှိ၏။ အကြင်အာရုံကို တကြိမ်မျှလောက် ကောင်းစွာမှီဝဲဘူး၍ ချုပ်ဆုံးလေသော်လည်း ထိုသို့ ချုပ်လေသောအခါကာလမှစ၍ နောင် အနှစ်တရာတိုင်မှသော်၎င်း၊ အနှစ်တထောင်တိုင်မှသော်၎င်း၊နောက်ဘဝသို့ကျရောက်သောအခါမှသော်၎င်း၊ အခွင့်သင့်သောအခါ ထိုအာရုံကိုစွဲ၍ စလနဘဝင်ဖြစ်ရန် ကျေးဇူးပြုနိုင်ပေ၏။ ထိုအာရုံကို အာရုံပြုကြစေရန် စိတ်အစဉ်ကို နှိုး၍ ပေးနိုင်၏။စိတ်ဓာတ်မည်သည်လည်း ဒိဋ္ဌစသောအာရုံတို့နှင့် ကြီးပွါးရတိုင်း ဖြစ်ခွင့်ရတိုင်း အရှိန်အဝါ ကြီး၍ကြီး၍ နေ၏။ တစုံတခုသော အကြောင်းနိမိတ်ကို ရခဲ့ပါလျှင် တခုသောခဏ၌ အထောင်မကသော ဒိဋ္ဌစသောအာရုံတို့၌ ပြန့်နှံ့၍ဖြစ်နိုင်၏။ ပြဆိုအပ်ပြီးသော ဒိဋ္ဌစသော အာရုံတို့၏ မပြတ်မလပ် နှိုးဆော်တိုက်တွန်းမှုကို ခံနေရသော စိတ်အစဉ်သည် ကိုယ်ကာယ၏ မခံ့မကျန်းခြင်းစသော စိတ်ကို အားပြော့ နုံ့နှေးစေနိုင်သော အကြောင်းတို့နှင့်ကင်းခဲ့ပါလျှင် အခါခပ်သိမ်း ဘဝင်အယဉ်မှထ၍ ဝီထိစိတ်အနေနှင့် ဖြစ်ပွါးကာ နေချင်သော အဇ္ဈာသယသာလျှင် ရှိ၍နေ၏။

စိတ်ဓာတ်၏သဘောသည် မထင်မရှားသော အာရုံဟောင်း၌ မမွေလျော်နိုင်။ ထင်ရှားသော အာရုံသစ်၌သာလျှင် မွေလျော်နိုင်၏။ ထို့ကြောင့် ဘဝနှင့်ယှဉ်၍နေရသော မနသိကာရ စေတသိက်သည် မိမိ အာရုံပြုနေကျဖြစ်သော မထင်မရှားသော အာရုံဟောင်း၌ မမွေလျော်သဖြင့် အဖန်ဖန် ဘဝင်ကို လှုပ်ရှားစေလျက် အကြောင်းအားလျော်စွာ ထင်လာသော အာရုံကို အာရုံပြုရလေအောင် မပြတ်မလပ် နှိုးဆော်တိုက်တွန်း၍သာ နေ၏။ထိုအခါ အကြောင်းအခွင့်သင့်၍နေသော အာရုံတရားတို့သည် အာရုံသစ်ကို မြှော်လင့်၍နေသော မနသိကာရစေတသိက်နှင့်ယှဉ်သော ဘဝင်မနောဒွါရ၌ ထင်လာကြကုန်၏။

ထိုစကား မှန်၏—အာရုံဟောင်းတခုကို ယူ၍နေသော စိတ်အစဉ်၏ အာရုံသစ်၌ ကိုင်းရှိုင်းမှုမည်သည် မရှိတန်ရာဟူ၍ မဆိုထိုက်ပေ။ ဤသို့သော သဘောတို့ကြောင့် ဒိဋ္ဌစသော အာရုံတို့သည် အာရုံဟောင်းကို ယူ၍ဖြစ်နေသော ဘဝင်အယဉ်၌ထင်ခြင်းသို့ ရောက်နိုင်ကြကုန်၏။ ထို့ကြောင့်ပင်လျှင် သုဒ္ဓိကမနောဒွါရဝီထိတို့ ဖြစ်နိုင်ကြကုန်သည်။

**အာရုံလေးမျိုး။** ။ဆိုအပ်ပြီးသော ဒိဋ္ဌစသော အာရုံတို့သည် ဓမ္မသရုပ်အားဖြင့် (၁) ကာမနာမ်,ကာမရုပ်ဟု ဆိုအပ်သော ကာမအာရုံတမျိုး။ (၂) မဟဂ္ဂုတ်စိတ်, စေတသိက်ဟုဆိုအပ်သော မဟဂ္ဂုတ်အာရုံ

တမျိုး။ (၃) လောကုတ္တရာစိတ်, စေတသိက်တို့နှင့် နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာအာရုံတမျိုး။ (၄) အထူးထူး အပြားပြား များသော ပညတ် အာရုံတမျိုး။ ဤသို့အားဖြင့် လေးမျိုးရှိကုန်၏။ ထို့ကြောင့်—

"ကာမနာမ်,ရုပ်၊ မဟဂ္ဂုတ်၊ လောကုတ်ပညတ်ထား"

ဟူ၍ ဆိုတော်မူသည်။ ပေါင်းရုံး ရေတွက်လျှင် အာရုံ ခြောက်ပါးပင် လျှင်တည်း။

**ကာလအားဖြင့် ခွဲဝေပုံ။** ။ထို ဒိဋ္ဌစသော အာရုံတို့သည် ကာလအားဖြင့် ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလဝိမုတ်တို့ပေ တည်း။ ကာမနာမ်, ကာမရုပ်, မဟဂ္ဂုတ်စိတ် စေတသိက်, လောကုတ္တရာစိတ် စေတသိက်တို့သည် တေကာလိကတရားတို့ပေတည်း။ နိဗ္ဗာန်နှင့် ပညတ်တို့ကား ကာလဝိမုတ်တို့ပေတည်း။ ထို့ကြောင့်—

"ပစ္စုပ် တီတ၊ နာဂတ၊ ကာလဝိမုတ်ပွါး"

ဟူ၍ ဆိုတော်မူပေသည်။ ထိုမှတပါးလည်း ထိုဒိဋ္ဌစသော အာရုံတို့ကို ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိက ဤ ၁၁-ပါးတို့နှင့်လည်း ယှဉ်ဘက်ရာသေး၏။

အနုဗန္ဓကဝီထိ၏ အာရုံတို့သည်မူကား အတိတ်ပဥ္စာရုံနှင့် ပညတ်အာရုံတို့ သာတည်း။

**ဝီထိခြောက်ပွါးပုံမှာ။** ။အနုဗန္ဓကမနောဒွါရဝီထိအရာ၌ အတီတဂ္ဂဟဏစသော လေးဝါရတို့တွင် ဝါရတခုတခုမှာ အတိဝိဘူတာရုံဝီထိ စသောအားဖြင့် လေးဝီထိစီ ရသင့်လေသောကြောင့် ခြောက်ပွါးလျှင် ၁၆- ဝီထိဖြစ်၏။ ထိုတဆဲ့ခြောက်ဝီထိသည် စက္ခုဒွါရဝီထိနောက်သို့ လိုက်သော ၁၆- ဝီထိ စသည်ဖြင့် ပဥ္စဒွါရနှင့်ခြောက်ပွါးလျှင် ဝီထိပေါင်း ၈၀-ဖြစ်၏။ အနုဗန္ဓက- ဝီထိတို့မည်သည် အတိမဟန္တာရုံဝီထိ, မဟန္တာရုံဝီထိတို့၏နောက်သို့သာ အတိဝိ- ဘူတာရုံဝီထိ, ဝိဘူတာရုံဝီထိတို့က လိုက်ကြကုန်သောကြောင့် ပဥ္စဒွါရဝီထိ၌ပါရှိ သော အတိမဟန္တာရုံ ၅-ဝီထိ, မဟန္တာရုံ ၁၀-ဝီထိတို့နှင့် ခြောက်ပွါးလျှင် ၁၂၀- ရှိ၏။ ။ဤကား အနုဗန္ဓကဝီထိ ခြောက်ပွါးပုံတည်း။

သဒ္ဒိကဝီထိခြောက်ပွါးပုံမှာ ဒိဋ္ဌဝါရစသော ၆-ဝါရကိုတည်၊ အတိဝိဘူတာရုံ ဝီထိစသော လေးဝီထိနှင့်ခြောက် ၂၄-ဝီထိ ဖြစ်၏။ ထိုပြင် ထိုက်သည်အား လျော်စွာ ကာမအာရုံစသည်တို့ဖြင့်၎င်း၊ တေကာလိက, ကာလဝိမုတ္တစသည်တို့ ဖြင့်၎င်း ခြောက်ပွါးလျှင် လွန်စွာပင် များလှစွာ၏။

မနောဒွါရဝီထိအပြား ပြီး၏။

## ကာမဇောဝါရ မနောဒွါရဝီထိပုံ

(၂၀၇) ဘဝင်နှစ်တန်၊ အာဝဇ္ဇန်၊ ကာမ်ဇော သတ္တာ။

(၂၀၈) တဒါ,ဒွယ၊ဘဝင်ကျ၊ များလှနောက်လိုက်မှာ။

(၂၀၉) ဝါရလေးသွယ်၊ ဝေဖန်ခြယ်၊ ဝုဋ္ဌဝယ် နှစ်,သုံး သာ။

ဤကဗျာတို့ဖြင့် မနောဒွါရဝီထိပုံကို ပြဆို၏။

စလနဘဝင်, ဥပစ္ဆေဒဘဝင်, မနောဒွါရာဝဇ္ဇန်း, ကာမဇော ၇-ကြိမ်, တဒါရုံ နှစ်ကြိမ်, ထိုနောင်ဘဝင်အများ။ ဤကား အတိဝိဘူတာရုံ ဝီထိပုံတည်း။

ဝိဘူတာရုံဝီထိမှာ ဇောကို အဆုံးထား၍ ချရာ၏။

အဝိဘူတာရုံဝီထိမှာ မနောဒွါရာဝဇ္ဇန်းကို ၂-ကြိမ်သော်၎င်း၊ ၃-ကြိမ်သော်၎င်း ချရာ၏။ ထိုနောက် ဘဝင်ကို ချရာ၏။

အတိဝိဘူတာရုံဝီထိမှာ ဝီထိစိတ်ကို မချရ၊ စလနဘဝင်ကို ၂-ကြိမ်ထပ်၍ ချရာ၏။

အဝိဘူတာရုံဝီထိအရာ၌ "ဝုဋ္ဌဝယ် နှစ်,သုံးသာ"ဟူ၍ ဆိုသော်လည်း ဝုဋ္ဌောကိစ္စနှင့် ချရသည် မဟုတ်၊ အာဝဇ္ဇန်းကိစ္စနှင့် မနောဒွါရာဝဇ္ဇန်းကို ၂-ကြိမ်သော်၎င်း၊ ၃-ကြိမ်သော်၎င်း ချရာ၏။ ကဗျာဗန္ဓအရာဖြစ်သောကြောင့်၎င်း ပဉ္စဒွါရဝီထိအရာ၌ ထင်ရှားသော အမည်သညာဖြင့် ဝုဋ္ဌောဝါရဟူ၍ မှည့်ခေါ်ခြင်းငှါ၎င်း "ဝုဋ္ဌဝယ် နှစ်,သုံးသာ"ဟူ၍ ဆိုပေသည်။

စလနဘဝင် စသည်၏အကြောင်းကို ပဉ္စဒွါရဝီထိ၌ ပြဆိုအပ်ပြီးဖြစ်၍ ဤ၌ အထူးဆိုဖွယ် မရှိပေ။

**ဝါဒကဲ့။** ။ပစ္စုပ္ပန်ရုပ်ကို အာရုံပြုသော သုဒ္ဓမနောဒွါရဝီထိများ၌ အတီတဘဝင်ကိုထည့်၍ ဝီထိဆိုရိုးပြုကြသော ဆရာတို့၏ဝါဒကို စိစစ်ဦးအံ့—ဝီထိလက်ရိုး စသည်တို့၌ ပစ္စုပ္ပန်ဖြစ်၍ သတ္တရသာယုက ပြည့်စကောင်းသော ရုပ် ၂၂-ခုကို အာရုံပြု၍ဖြစ်သော သုဒ္ဓမနောဒွါရဝီထိအရာဝယ် အတီတဘဝင်တချက်လွန် ၂-၃-၄-၅-၆-၇-ချက်လွန်နှင့် ဝီထိပေါင်း ၇-ခုကို ဝေဖန်၍ ပြဆိုကြကုန်၏။ ထိုသို့ အတီတဘဝင်နှင့် ဝေဖန်မှုသည် အသင့်ယုတ္တိ ရှိအံ့ မထင်။ အကြောင်းကို ဆိုအံ့—

**ပဉ္စဒွါရဝီထိအတွက်အာရုံ။** ။ပဉ္စဒွါရဝီထိတို့သည် ပဉ္စာရုံ ပဉ္စဝတ္ထုဟု ဆိုအပ်သော သပ္ပဋိဃ, ဩဠာရိက ရုပ်တရားတို့၏ အချင်းချင်း ထိခိုက်မှုအဟုန်ကြောင့် ဖြစ်ပေါ်ရသော ဝီထိတို့ပေတည်း။ ။ ရုပ်တရားတို့မည်သည် ဥပါဒ်ခဏ၌ အားနည်းကုန်၏။ ဌီခဏသို့ရောက်မှ အားရှိ

ကုန်၏။ ထို့ကြောင့် အတန်ငယ်အားယူ၍ အားရှိကြသောအခါမှ အချင်းချင်း ထိခိုက်နိုင်ကြကုန်၏။ ထိုပဥ္စဝတ္ထု, ပဥ္စပသာဒတို့၏ အချင်းချင်း ထိခိုက်မှု ရှိပါမှလည်း ပဥ္စဒွါရဝီထိတို့ ဖြစ်နိုင်ကုန်၏။

**မနောဒွါရဝီထိအတွက် အာရုံ။**　။သုဒ္ဓိကမနောဒွါရဝီထိတို့မှာမူကား ထိုကဲ့သို့ တိုက်မှုခိုက်မှု မရှိကြကုန်။ ဘဝင်မနောဒွါရ၌ ထင်လာမှု သက်သက်သာ ရှိကြကုန်သည်။ တိုက်မှုခိုက်မှု မရှိသောကြောင့်လည်း အာရုံ၏ အားရှိသောအခါ အားမရှိသောအခါဟူ၍ အထူး ပိုင်းခြားဖွယ် မရှိ။ ထင်မှုမည်သည် ပစ္စုပ္ပန်အားဖြင့် မရှိသော အတိတ်တရား အနာဂတ်တရားတို့ပင် ထင်နိုင်ကြကုန်သည်။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပညတ်တရားတို့ပင် ထင်နိုင်ကြကုန်သည်။

ပစ္စုပ္ပန်တရားတို့သည်မူကား ဥပါဒ်ဆဲဖြစ်၍ မထင်နိုင်ကြကုန်သေး။ ဌီသို့ ရောက်မှ အားရှိ၍ ထင်နိုင်ကြကုန်သည်ဟူ၍ တစုံတရာမျှ ဆိုခွင့် မရှိ။ ထင်ရန်အကြောင်းနှင့် ပေါင်းဆုံမိလျှင် ဥပါဒ်ဆဲပင်ဖြစ်သော်လည်း ထင်လာပေလိမ့်မည်။ တခုသော ဌီခဏသို့ ရောက်ဆဲပင်ဖြစ်သော်လည်း ထင်လာပေလိမ့်မည်။ ၂-၃-၄-၅။ပ။ ၄၈-ခုသော ဌီခဏသို့ ရောက်ဆဲပင် ဖြစ်သော်လည်း ထင်လာပေလိမ့်မည်။ ချုပ်ပြီး၍ အတိတ်ပင်ဖြစ်သော်လည်း ထင်လာပေလိမ့်မည်။ ပစ္စုပ္ပန်အာရုံပြုမှုသည် ပမာဏမဟုတ်၊ မျက်ကွယ်ဖြစ်သော အဝီစိငရဲမီးကို ယခု အာရုံပြုသောအခါ ယခုတည်ရှိဆဲ ပစ္စုပ္ပန်မီးလျှံစုက သာ၍ထင်နိုင်သည်။ ချုပ်ပြီး မီးလျှံစုကား မှိန်မှိန်သာ ထင်နိုင်သည်ဟု အထူး ဆိုခွင့် မရှိ။ ဤသုဒ္ဓမနောဒွါရဝီထိအရာတွင် စိတ်၏အားရှိမှု, အားမရှိမှုသည်သာလျှင် ပမာဏ ဖြစ်ပေ၏။ ဤသို့ ပြဆိုအပ်ပြီးသော အကြောင်းတို့ကြောင့် မနောဒွါရဝီထိ၌ အတီတဘဝင်နှင့် ထွေထွေလာလာ ဖန်တီးခြင်း တစုံတရာ အမျိုးမျိုးရှိဘို့ မမြင်ချေ။

ဤနေရာ၌ ပစ္စုပ္ပန်ဖြစ်သော သူတပါးတို့၏ စိတ်ကို သိရာမှာ ဝီထိစိတ်တို့၏ အာရုံပြုပုံကို ဆိုဦးအံ့—အာဝဇ္ဇန်းတခုရှိသော ဝီထိတခု၌ အာရုံသည် ဓမ္မအားဖြင့်ငှင်း ကာလအားဖြင့်ငှင်း မပြား;ဟူ၍ အဋ္ဌကထာဆရာတို့ အလိုရှိကြကုန်၏။ သတ္တဝါတို့သည် ထိုထိုအခြင်းအရာ အမူအရာကို မှတ်သား၍ အချင်းချင်း၏ စိတ်ကို သိကြကုန်၏။ ပရစိတ္တဝိဒူဖြစ်သော နတ်တို့သည်ကား အခြင်းအရာကို မမှတ်မသားဘဲလည်း သူတပါးတို့၏ စိတ်ကို သိနိုင်ကုန်၏။

ထိုသို့ ပစ္စုပ္ပန်ဖြစ်သော သူတပါးတို့၏ စိတ်ကို သိရာ၌ အာဝဇ္ဇန်းသည် မိမိနှင့် ဥပါဒ်ပြိုင်သော စိတ်ကို အာရုံပြုသလော၊ ထိုသို့မဟုတ်လျှင် အာဝဇ္ဇန်း၏ နောက် ထိုထိုဇောနှင့်အတူ ဖြစ်လတ္တံ့သော စိတ်ကို အာရုံပြုသလော၊ ဇော

တို့ကလည်း အာဝဇ္ဇန်းနှင့် ဥပါဒ်ပြိုင်သော စိတ်ကို အာရုံပြုသလော၊ ထိုသို့မဟုတ်လျှင် မိမိတို့နှင့် အတူဖြစ်သော စိတ်ကို အာရုံပြုလေသလော။ ဤအရာ၌ ဆိုဖွယ်ရှိသေး၏။ အာဝဇ္ဇန်းနှင့် တကွဖြစ်သောစိတ်ကို အကယ်၍ အာရုံပြုငြားအံ့၊ ဤသို့ဖြစ်လျှင် ဓမ္မအားဖြင့် မပြား၊ ကာလအားဖြင့် ပြားခဲ့ရာ၏။ ထိုအာရုံဖြစ်သော စိတ်သည် အာဝဇ္ဇန်းအာရုံပြုခိုက် ပစ္စုပ္ပန်၊ ဇောအာရုံပြုခိုက် အတိတ်ဖြစ်ရာ၏။ ထိုသို့မဟုတ်၊ မိမိတို့နှင့် အတူဖြစ်သော စိတ်ကိုသာလျှင် အာရုံပြုငြားအံ့၊ ဤသို့ဖြစ်ခဲ့လျှင် ကာလအားဖြင့် မပြား၊ ဓမ္မအားဖြင့် ပြားခဲ့ရာ၏။ ဤကား လျှဉ်းပါးဖွယ်တည်း။

ဤအရာ၌ အဋ္ဌကထာရှင်၏ အလိုကား ဤသို့တည်း— အကြင်စိတ်သည် အာဝဇ္ဇန်းနှင့်တကွပြိုင်၍ ဥပါဒ်၏၊ ထိုစိတ်ကိုသာလျှင် အာဝဇ္ဇန်းစသော ဝီထိစိတ်တို့သည် အာရုံပြုကုန်၏။ ထို့ကြောင့် ဓမ္မအားဖြင့် မပြားဆို၏။ ထိုအာဝဇ္ဇန်းနှင့် အတူဖြစ်သော စိတ်သည် အာဝဇ္ဇန်းနှင့် အတူချုပ်၍ အတိတ်ဖြစ်သော်လည်း အဒ္ဓါပစ္စုပ္ပန်,သန္တတိပစ္စုပ္ပန်အား ဖြင့် ယူ၍ ဇောအခိုက်မှာလည်း ပစ္စုပ္ပန်ပင်ဟု အဋ္ဌကထာရှင် ဆုံးဖြတ်တော်မူ၏။

မူလဋီကာအရှင်ကား ဤသို့ အလိုတော်ရှိ၏။ သူတပါး၏ ထိုထိုအမူအရာကိုမှတ်၍ ထိုထိုအလိုဆန္ဒကို သိရာ၌ အာဝဇ္ဇန်းစိတ်, ဇောစိတ်တို့သည် မိမိတို့နှင့်အတူ ဥပါဒ်ပြိုင်သောစိတ်ကိုလျှင် အာရုံပြုကုန်၏။ ဤသို့ဖြစ်ရာ၌ ဓမ္မအားဖြင့်ငြင်း ကာလအားဖြင့်ငြင်း ပြားသည်ဟူ၍ မဆိုသင့်။ အလုံးစုံသော ဝီထိစိတ်တို့၏ အာရုံသည် စိတ်လည်း ဟုတ်၏။ ပစ္စုပ္ပန်လည်း ဟုတ်၏။ ဇောစိတ်တို့သည် အာဝဇ္ဇန်းကင်းကုန်၏ဟူ၍လည်း မဆိုရကုန်။ ထိုစကား သင့်၏။ အာဝဇ္ဇန်းသည် စိတ်ဟူ၍ ဆင်ခြင်၏၊ ဇောတို့ကလည်း စိတ်ဟူ၍ပင် အာရုံပြုကုန်၏။ အကယ်၍ အာဝဇ္ဇန်းက စိတ်ဟူ၍ ဆင်ခြင်လျှင် ဇောတို့က ရုပ်ဟူ၍ အာရုံပြုခဲ့သော်ငြင်း, အာဝဇ္ဇန်းက ရုပ်ဟူ၍ ဆင်ခြင်လျှင် ဇောတို့က နာမ်ဟူ၍ အာရုံပြုခဲ့သော်ငြင်း, အာဝဇ္ဇန်းက ရူပါရုံဟု ဆင်ခြင်လျှင် ဇောတို့က သဒ္ဒါရုံဟူ၍ အာရုံပြုခဲ့သော်ငြင်း ဤသို့စသည်ဖြင့် ကွဲလွဲခဲ့လျှင်သာ ဇောတို့သည် ဓမ္မအားဖြင့် အာဝဇ္ဇန်းကင်းသည် မည်ကုန်ရာ၏။ ထိုအတူ အာဝဇ္ဇန်းက အတိတ်ဟူ၍ ဆင်ခြင်လျှင် ဇောတို့က ပစ္စုပ္ပန်ဟူ၍ အာရုံပြုခဲ့သော် ကာလအားဖြင့် အာဝဇ္ဇန်းကင်းသည် မည်ကုန်ရာ၏။ ထို့ကြောင့် ဤအရာ၌ ပစ္စုပ္ပန်ကို ခဏပစ္စုပ္ပန်ကိုသာ လိုအပ်၏။ အဒ္ဓါ,သန္တတိပစ္စုပ္ပန်တို့ကို မလိုအပ်မူ၍ မူလဋီကာဆရာ အလိုရှိတော်မူ၏။ အဘိဓမ္မာအရာ၌ ကာလရွေးချယ်ရန်မှာ အဒ္ဓါ, သန္တတိပစ္စုပ္ပန်တို့ဖြင့် စိစစ်ရန် မသင့်။ ဓမ္မသင်္ဂဏီ၌ "အတီတာရမ္မဏာ ဓမ္မာ၊ အနာဂတာရမ္မဏာ ဓမ္မာ ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ"ဟူ၍ ဟောတော်မူသော တိက်ကို အဒ္ဓါသန္တတိ၏အစွမ်းအားဖြင့် ဟောတော်မူ၏ဟု မဆိုသင့်။ အဒ္ဓါသန္တတိ၏ အစွမ်း

အားဖြင့် အဘိဓမ္မာအရာ၌ ကာလကို စိစစ်ခဲ့လျှင် ဝီထိတိုင်းမှာပင် အဒ္ဓါသန္တတိ၏ အစွမ်းအားဖြင့် ကာလကို ပိုင်းခြားရလိမ့်မည်။ အနန္တရပစ္စည်း, အာသေဝနပစ္စည်း အရာတို့မှာလည်း—

ပစ္စုပ္ပန္နော ဓမ္မော ပစ္စုပ္ပန္နဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော၊ အာသေဝနပစ္စယေန ပစ္စယော။

ပစ္စုပ္ပန်ဖြစ်သောတရားအား အနန္တရသတ္တိ,အာသေဝနသတ္တိတို့ဖြင့် ကျေးဇူးပြု၏ဟူ၍ ဟောတော်မူသင့်၏။ အနန္တရစိတ်ထက် အဒ္ဓါပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန် ဆိုရန် နီးလှသောတရားကား မရှိပြီ။ သို့သော်လည်း ဆိုခဲ့ပြီးသောအတိုင်း ဟောတော်မမူခဲ့ပါဘဲ "အတီတော ဓမ္မော ပစ္စုပ္ပန္နဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော၊ အာသေဝနပစ္စယေန ပစ္စယော"။ အတိတ်တရားသည် ပစ္စုပ္ပန်တရားအား အနန္တရသတ္တိ, အာသေဝနသတ္တိတို့ဖြင့် ကျေးဇူးပြု၏ဟူ၍သာ ဟောတော်မူ၏။ ထို့ကြောင့် မူလဋီကာဆရာ၏စကားသည် ယုတ္တိရှိပေစွ။

ကာမဇောဝါရ မနောဒွါရဝီထိ ပြီး၏။

---

## ဝိပါကနိယမ (ကာမဇဝနနိယမ)

(၂၁၀) ဇုဋ္ဌာရုံ-တွင်၊ ကု-ဝိယှဥ်၊ တိ-တွင်-သောမနဿ။
(၂၁၁) အနိဋ္ဌာ ပြီ၊ အကု-ဝိ၊ ကြိ,လည်း-ဝိနှယ်တတ်။

ဤကဗျာတို့ဖြင့် အာရုံအတွက်နှင့် ဝိပါက်စိတ်တို့၏ အမြဲ ဖြစ်ရပုံ၊ ကာမကြိယာစိတ်တို့၏ အမြဲ ဖြစ်ပုံများကို ပြဆို၏။

**ဝိပါက်နှင့် တဒါရုံကျပုံ။**　။ပြဆိုအပ်ပြီးသော ပဥ္စဒွါရဝီထိ ကာမဇောဝါရ မနောဒွါရဝီထိတို့၌ ပဥ္စဝိညာဏ် အစရှိသော အလုံးစုံသော ဝိပါက်စိတ်ဟူသမျှတို့၏ ဖြစ်ပုံမှာ အာရုံသည် ဣဋ္ဌာရုံ သာမညဖြစ်အံ့ - ပဥ္စဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏ တဒါရုံတို့သည် ကုသလဝိပါက်တို့သာ ဖြစ်ကြကုန်၏။ အတိဣဋ္ဌာရုံဖြစ်ခဲ့အံ့—ကုသလဝိပါက်ထဲတွင်မှလည်း သောမနဿ ဝိပါက်တို့သာ ဖြစ်ကြရကုန်၏၊ အနိဋ္ဌာရုံဖြစ်အံ့—အကုသလဝိပါက်တို့သာ ဖြစ်ကြရကုန်၏။

**ကြိယာဇောကျပုံ။**　။ကာမကြိယာဇော ၉-ခုတို့သည်လည်း ပြဆိုအပ်ပြီးသော ကာမဝိပါက်တို့နှင့် အလားတူစွာ အတိဣဋ္ဌာရုံ၌ သောမနဿ ကြိယာဇောတို့ဖြစ်ကြရကုန်၏၊ သာမညဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ ဥပေက္ခာ ကြိယာဇော ဖြစ်ကြရကုန်၏။ "ကြိလည်း ဝိနှယ်တတ်"ဟူရာ၌ ကာမကြိယာ

ဇောတို့သည် ဝိပါက်နှယ်တဲ့ဟူ၍ ဆိုလိုသည်။ တဲ့-သဒ္ဒါဖြင့် မိမိအလို မဟုတ်ကြောင်းကို ပြဆို၏။ မိမိ အလိုတော်ရင်းမှာမူကား ပရမတ္ထဒီပနီ မည်သော သင်္ဂြိုဟ်မဟာဋီကာကြီးတွင် ဖွင့်ပြအပ်လေပြီ။ ဤကျမ်း၌လည်း ထည့်သွင်း၍ ပြဆိုပေလတ္တံ့။

**ဣဋ္ဌ, အနိဋ္ဌ။** ။ဣဋ္ဌ, အနိဋ္ဌတို့၏ အကြောင်းကို ပြဆိုပေအံ့ -"ဣစ္ဆိတဗ္ဗန္တိ ဣဋ္ဌံ"။ ဣစ္ဆိတဗ္ဗံ၊ အလိုရှိအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဣဋ္ဌံ၊ ဣဋ္ဌမည်၏။ အလိုရှိအပ် ရှာမှီးအပ်သော အာရုံသည် ဣဋ္ဌာရုံမည်၏ဟူလို။ အလွန်အလိုရှိအပ်သော အာရုံကိုမူကား ဣဋ္ဌသဒ္ဒါပေါ်တွင် အတိသဒ္ဒါတိုး၍ အတိဣဋ္ဌာရုံ ခေါ်ဆိုရပေသည်။ အနိဋ္ဌ၌ "န ဣဋ္ဌန္တိ အနိဋ္ဌံ"။ ဣဋ္ဌံ၊ အလိုရှိအပ်သည်။ န၊ မဟုတ်။ ဣတိတသ္မာ၊ ထိုကြောင့်။ အနိဋ္ဌံ၊ အနိဋ္ဌမည်၏။ အလိုမရှိအပ်သော အာရုံသည် အနိဋ္ဌာရုံမည်၏ ဟူလို။

ဣဋ္ဌ, အနိဋ္ဌဟူသည်ကို အလွန်မြတ်သော စကြဝတေး, မန္ဓာတ်, ခတ္တိယ, မဟာသာလ သေဌေးကြီးစသော အမြတ်ဆုံးသောလူစား၊ အလွန်တရာ ဆင်းရဲလှစွာသော ဘုန်းတောင်းယာစကာ ဒွန်းစဏ္ဍား ဘင်ကျုံးသမားစသော အယုတ်အနိမ့်ဆုံးသောလူစားတို့ဖြင့် မပိုင်းမခြားအပ်၊ အလယ်အလတ်ဖြစ်သော လူမျိုးဖြင့်သာ ပိုင်းခြားရမည်ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ ဆို၏။ အကြင်အာရုံ၌ ကုသလဝိပါက်ဖြစ်၏၊ ထိုအာရုံသည် ဣဋ္ဌာရုံမည်၏။ အကြင်အာရုံ၌ အကုသလဝိပါက်ဖြစ်၏၊ ထိုအာရုံသည် အနိဋ္ဌာရုံမည်၏။ ဣဋ္ဌ, အနိဋ္ဌအာရုံသည် ဝိပါက်စိတ်ကို လိမ်လည်ဖြားယောင်းခြင်းငှါ မတတ်နိုင်။

**ဒွါရနှင့်ဣဋ္ဌ, အနိဋ္ဌ။** ။တနည်းလည်း ဒွါရအားဖြင့် ဣဋ္ဌ, အနိဋ္ဌကို သိရာ၏။ သက်ရှိ သက်မဲ့၌တည်သော တခုသော ရုပ်ကလာပ်၌ရှိ ရူပါရုံစသည်တို့၌ အချို့သည် ဣဋ္ဌဖြစ်၏။ အချို့သည် အနိဋ္ဌဖြစ်၏။ ရံခါ ဣဋ္ဌဖြစ်၏၊ ရံခါ အနိဋ္ဌဖြစ်၏။

အချို့ ဣဋ္ဌ,အနိဋ္ဌ ဖြစ်ပုံကား တစုံတခုသောပန်း၌ အဆင်းသည် ဣဋ္ဌဖြစ်၏၊ အနံ့, အရသာ, အတွေ့တို့ကား အနိဋ္ဌဖြစ်ကုန်၏။ အချို့သောပန်း၌ ဝဏ္ဏာသည်လည်း ဣဋ္ဌ၊ ဂန္ဓသည်လည်း ဣဋ္ဌဖြစ်၏။ ရသာရုံစသည်တို့ကား အနိဋ္ဌဖြစ်ကုန်၏။ သေ၍ ဖူးဖူးယောင်သော ခွေးနက်ကြီး၌ အဆင်းသည် ကတ္တီပါနက်,ဖဲနက်တို့ကဲ့သို့ ဣဋ္ဌဖြစ်၏၊ အနံ့သည်ကား အနိဋ္ဌဖြစ်၏။ ထိုအဆင်းသည် အဝတ်အရုံ, အထည်အလိပ် ဖြစ်ပါမူကား များစွာ အဘိုးထိုက်တန်ရာ၏။ အလွန်တရာ ကောင်းမွန် ထူးဆန်းလှစွာသောရွှေကြိုး,စိန်ကြိုး,စိန်နားကပ်စသည်တို့၌အဆင်းကား ဣဋ္ဌ၊အတွေ့ ဖောဋ္ဌဗ္ဗကား အနိဋ္ဌဖြစ်၏။ဤသို့စသည်ဖြင့် ဒွါရနှင့်ထောက်၍ သိရာ၏။

**ရုံခါ ဣဋ္ဌ, ရုံခါ အနိဋ္ဌ။** ။ရုံခါ ဣဋ္ဌ, ရုံခါ အနိဋ္ဌ ဖြစ်ပုံကား—မီးနှင့် နေဇာပူ သည် ဆောင်းလအခါ၌ ဣဋ္ဌဖြစ်၍၊ သုခဝိပါက်ကို ဖြစ်စေနိုင်၏။ နွေလအခါ၌ကား အနိဋ္ဌတည်း၊ ဒုက္ခဝိပါက်ကိုဖြစ်စေ၏။ အေးမြသော ရေသည် နွေလအခါ၌ ဣဋ္ဌဖြစ်၏၊ ဆောင်းအခါ၌ အနိဋ္ဌဖြစ်၏။ ဒေသဌာနအားဖြင့်လည်း ဣဋ္ဌ, အနိဋ္ဌ အမျိုးမျိုး ရှိပြန်၏။ ဣဋ္ဌတွင်လည်း လောကီလူများတို့ အလွန်အကဲအားဖြင့် အလိုရှိအပ်သော ရတနာမျိုး အထည်အလိပ် အဆောင်အရွက်, သမီးကညာစသော အာရုံသည် အတိဣဋ္ဌာရုံမည်၏၊ သာမည အလိုရှိအပ်သော အာရုံသည် ဣဋ္ဌာရုံမည်၏။

**အာရုံ,ဝေဒနာ,ဝိပါက်။** ။ဣဋ္ဌသာမည၌ ကုသလဝိပါက် ဥပေက္ခာကိုချ၊ အတိဣဋ္ဌ၌ သောမနဿ ကုသလဝိပါက်ကိုချ၊ ရှေးကံဟောင်း၏ အကျိုးပေးခွင့်နှင့်ကြုံသောကြောင့် ဣဋ္ဌာရုံ,အနိဋ္ဌာရုံတို့နှင့် တွေ့ရ၏။ ထို့ကြောင့် ဣဋ္ဌာရုံ၌ ကုသလဝိပါက်၊ အနိဋ္ဌာရုံ၌ အကုသလဝိပါက်ကို ချရ၏။ ကြေးမုံ မှန်အပြင်၌ မျက်နှာရိပ်သည် ရှေးရှုလာသောသူ၏ မျက်နှာရိပ် အတိုင်းသာ ထင်ရသကဲ့သို့ မိမိဥဿာဟစွမ်းအားနှင့်ကင်း၍ သက်သက် ရှေးကံကြောင့်သာလျှင် ဖြစ်ပေါ်ကုန်သော စိတ်တို့မှာလည်း အားနည်းမှုအတွက် ထွေထွေလာလာ ကြံစည်၍ မယူတတ်သောကြောင့် အာရုံအတိုင်းပင်လျှင် ဝေဒနာလိုက်လျော၍ ဖြစ်ရချေ၏။

## ကြိယာဇောဖြစ်ပုံ မှတ်သားဖွယ်ရာများ

ကာမကြိယာဇောတို့၏ ဖြစ်ပုံကို ကျမ်းဂန်တို့၏သဘော၊ ငါတို့၏ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အယူသဘောတို့နှင့်တကွ ပြဆိုအံ့ - ကျမ်းဂန်တို့၌ ကာမကြိယာဇောတို့သည် ဝိပလ္လာသကင်းပြီးသော ရဟန္တာတို့၏ သန္တာန်မှာ ဖြစ်ကြကုန်သောကြောင့် ဝိပါက်တို့နှင့် အလားတူစွာ အတိဣဋ္ဌာရုံ၌ သောမနဿ ကြိယာဇောကို ချရမည်။ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ ဥပေက္ခာကြိယာဇောကို ချရမည်ဟူ၍ ဆို၏။ ထိုစကားသည် အနန္တရပစ္စည်းကို အကျယ်ဝေဖန်၍ ပြသော ပဋ္ဌာန်းအဋ္ဌကထာ ရာသိစုပါဌ်နှင့် အရပ်ရပ်သောအဘိဓမ္မတ္ထသင်္ဂဟကျမ်းဂန်တို့၌ ဆိုသော စကားရပ်ပေတည်း။ ထိုအဓိပ္ပါယ်ကို ရည်၍ အဘိဓမ္မတ္ထသင်္ဂဟ၌ -

တတ္ထာပိ သောမနဿ သဟဂတ ကြိယဇဝနာဝသာနေ သောမနဿ သဟဂတာနေဝ တဒါရမ္မဏာနိ ဘဝန္တိ။ ဥပေက္ခာ သဟဂတ ကြိယ ဇဝနာဝသာနေ စ ဥပေက္ခာသဟဂတာနေဝ ဟောန္တိ။

ဟူ၍ ဆိုလေသည်။

ထိုစကားသည် သုတ်ပါဠေယျ သမ္ပသာဒနီယသုတ် စသည်တို့၌ ဣဓ ဘန္တေ ဘိက္ခု သစေ အာကင်္ခတိ ပဋိကူလေ အပ္ပဋိကူလသညီ ဝိဟရေယျန္တိ အပ္ပဋိ- ကူလသညီ တတ္ထ ဝိဟရတိ။

စသည်ဖြင့် လာသော ပါဠိတော်များနှင့် အလွန် ဆန့်ကျင်၏။ ဥပရိပဏ္ဏာသ ပါဠိတော်အဆုံး ဣန္ဒြိယဘာဝနာ သုတ်မှာလည်း—

ကထဉ္စာနန္ဒ အရိယော ဟောတိ ဘာဝိတိန္ဒြိယော။ ဣဓာနန္ဒ ဘိက္ခုနော စက္ခုနာ ရူပံ ဒိသွာ ဥပ္ပဇ္ဇတိ မနာပံ၊ ဥပ္ပဇ္ဇတိ အမနာပံ၊ ဥပ္ပဇ္ဇတိ မနာပါမနာပံ။ သော သစေ အာကင်္ခတိ ပဋိကူလေ အပ္ပဋိကူလသညီ ဝိဟရေယျန္တိ၊ အပ္ပဋိ- ကူလသညီ တတ္ထ ဝိဟရတိ၊ သစေ အာကင်္ခတိ အပ္ပဋိကူလေ ပဋိကူလသညီ ဝိဟရေယျန္တိ ပဋိကူလသညီ တတ္ထ ဝိဟရတိ။

ဤသို့စသည်ဖြင့် ဒွါရခြောက်ပါး အာရုံ ခြောက်ပါးနှင့် ဝေဖန်၍ ဟောတော် မူ၏။ သံယုတ်, အင်္ဂုတ္တိုရ်များမှာလည်း ထိုအတူပင် လာ၏။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌လည်း—

ကထံ ပဋိကူလေ အပ္ပဋိကူလသညီ ဝိဟရတိ၊ အနိဋ္ဌသ္မိံ ဝတ္ထုသ္မိံ မေတ္တာ- ယ ဝါ ဖရတိ၊ ဓာတုသော ဝါ ဥပသံဟရတိ၊ ဧဝံ ပဋိကူလေ အပ္ပဋိကူလသညီ ဝိဟရတိ၊ ကထံ အပ္ပဋိကူလေ ပဋိကူလသညီ ဝိဟရတိ၊ ဣဋ္ဌသ္မိံ ဝတ္ထုသ္မိံ အသု- ဘာယ ဝါ ဖရတိ၊ အနိစ္စတော ဝါ ဥပသံဟရတိ၊ ဧဝံ အပ္ပဋိကူလေ ပဋိကူလသညီ ဝိဟရတိ။ ဤသို့စသည်ဖြင့် ဟောတော်မူ၏။

ဝိသုဒ္ဓိမဂ် ဂဏ်တော်ဖွင့်များတွင်လည်း "စိတ္တိဿရိယ ဘုန်းတော်"ဟု လာ၏။ ဤစကား အရပ်ရပ်တို့နှင့်လည်း ဆန့်ကျင်၏၊ ဆန့်ကျင်ပုံကား—ဆိုခဲ့ ပြီးသော ပဋ္ဌာန်းအဋ္ဌကထာ စသည်တို့၏ အလိုမှာ ဘုရားရဟန္တာတို့၏ ကာမ ကြိယာဇောများသည် ကာမဝိပါက်များနှင့် အတူ အတိဣဋ္ဌာရုံမှာ သော မနဿ၊ ဣဋ္ဌမဇ္ဈတ္တာရုံ အနိဋ္ဌာရုံများ၌ ဥပေက္ခာ မြဲသည်၊ ပြဆိုခဲ့ပြီးသော သမ္ပ သာဒနီယသုတ်, ဣန္ဒြိယဘာဝနာသုတ်, ပဋိသမ္ဘိဒါမဂ်ပါဠိတော်တို့၏ အလိုမှာ ဘုရားရဟန္တာ ပုဂ္ဂိုလ်တို့သည် အရိယိဒ္ဓိဂုဏ်နှင့် ပြည့်စုံတော်မူကြပေသော ကြောင့် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံကြရာ ဣဋ္ဌာရုံကို အနိဋ္ဌာရုံ ပြု၍ အနိဋ္ဌာရုံ ကိုလည်း ဣဋ္ဌာရုံပြု၍ ရှုတော်မူနိုင်ကြကုန်သည်၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံ နှစ်ပါးကိုပင် မဇ္ဈတ္တာရုံပြု၍ ရှုတော်မူနိုင်ကြကုန်သည်၊ ဤသို့ ရှုနိုင်ခြင်းသည် ပုထုဇ္ဇန်တို့နှင့် မဆက်ဆံသော အရိယာပုဂ္ဂိုလ်တို့၏သာ အသီးအခြား အာဝေဏိက တန်ခိုး ဣဒ္ဓိ ဖြစ်ပေသည်။ မြတ်စွာဘုရားမှာလည်း စိတ္တိဿရိယ ဂုဏ်တော်တစိတ် ဖြစ် ပေသည်ဟု အမိပ္ပါယ်ကျ၏။

ကာမဝိပါက်တို့၏ငှင်း လောကီ လူအပေါင်းတို့ ဇောစိတ်တို့၏ငှင်း ကျက်စားရာ အာရုံမည်သည် အလွန် တိမ်ကော၏၊ စတုသစ္စ ဂမ္ဘီရ ပဋိဝေဓဉာဏ်ကို ရပြီးသော ရဟန္တာအရှင်မြတ်တို့၏ စိတ္တာစာရ (စိတ်အလေ့အကျက်) သည် အလွန်နက်နဲ၏။ ဝိပါက်တရားတို့၏ ဝေဒနာနိယာမ အရာ၌ ဆိုအပ် သုံးဖြတ်အပ်သော ဣဋ္ဌ, အနိဋ္ဌသဘောမည်သည် တိမ်ကော၏၊ လောကီ လူအပေါင်းတို့၏ အကြိုက်နှင့် တိုင်းတာရ နှိုင်းစာရသော အရာဖြစ်၏။ ထိုကြောင့် ထိုဣဋ္ဌ, အနိဋ္ဌ သဘောများသည် ဝိပလ္လာသ မကင်းကြသေးသော ပုထုဇ္ဇန်သေက္ခတို့၏ စိတ်ကိုသာ အာရုံအားလျော်စွာ အလိုပါအောင် ဖြားယောင်း သွေးဆောင်နိုင်သည်၊ အာရုံအားလျော်စွာ ဝေဒနာ လိုက်လျော၍ နေရသည်။ အာရုံအားလျော်စွာ ဝေဒနာလိုက်လျော၍ နေကြသည့်အတွက် သံသရာမှ မထွက်နိုင် ရှိနေကြရသည်။

အာရုံအားလျော်စွာ ဝေဒနာမလိုက်လျောဘဲ ကန့်လန့်ပြောင်းပြန် အကုန်သား လှန်နိုင်မှုသည်လည်း ဝိပလ္လာသကင်းကွာသော ရဟန္တာ အဖြစ်သို့ ရောက်မှ အထွတ်အထိပ်သို့ကျ၍ ကိစ္စ အပြီးတိုင်လေသည်။ လောကိယ သမ္မုတဖြစ်သော ဣဋ္ဌရသ,အနိဋ္ဌရသ ဟူသော-ဣဋ္ဌာနိဋ္ဌသဘောသည် အဟုန်မီးမီးစီးသော မြစ်ကြီး ရေယဉ်နှင့်တူ၏။ ဝိပလ္လာသရှိကြသော သူတို့၏ ဇောစိတ်တို့သည် ရေဝင်ရန် အပေါက်မရှိသော ဗူးသီး ဗူးတောင်းနှင့် တူ၏၊ စတုသစ္စဂမ္ဘီရ ပဋိဝေဓဉာဏ်ကို အသုံးတိုင်ရ၍ ဝိပလ္လာသ ကင်းပြီးသော ရဟန္တာတို့၏ ဇောစိတ်များသည် အရှယ် အားခွန်ဗလကောင်းသော မိကျောင်းမင်းနှင့် တူ၏။ ငှင်းဗူးကို ထိုရေယဉ်မှာ ချလိုက်လျှင် တဟုန်တည်းသာ ပေါလော ပေါလော အတွင်မျော၍ ဒလဟော ပါရလေ၏၊ မိကျောင်းမင်းကို ချရာ၌ကား ရေအယဉ်သို့ မလိုက် မပါ စုန်ကာ ဆန်ကာ ငုပ်ကာ ပေါ်ကာ အလိုရှိရာ ချမ်းသာရာရှာဖွေ၍ အလွန်ပျော်မွေ့စွာ နေပေလတ္တံ့။ ဥပမာတနည်းမှာ ရေနိုင်သော သဘောဦးစီး လှေသူကြီးသည် ရေယဉ်အတိုင်း မလိုက်လျောဘဲ မိမိလိုရာ ခရီးသို့ ရောက်အောင် ပဲ့တက်စက်ကြီးကို ကြိတ်ကာကြိတ်ကာ ပဲ့ကာပဲ့ကာနှင့် ရေယဉ်ခရီးမှာ သွားလေသကဲ့သို့ငှင်း၊ လေနိုင်သော ငှက်ကြီးသည် လေဟုန်အတိုင်း မလိုက်လျောဘဲ အတောင်အမြီးကို ငြိတ်ကာငြိတ်ကာ ငဲ့ကာငဲ့ကာနှင့် ကောင်းကင်ခရီးကို သွားလေသကဲ့သို့ငှင်း၊ ဝိပလ္လာသကင်းကွာပြီးသော ရဟန္တာအရှင်မြတ်တို့သည်လည်း စိတ်ကို အစိုးရ ပိုင်နိုင်သော စိတ္တိဿရိယဂုဏ်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ အဆင်းအနံ့ဆိုးရွားလှသော ရွံဘွယ်စရာ အနိဋ္ဌာရုံတို့ကို တွေ့မြင်သည်ရှိသော် အပေါ် ရံလျှံကာ တွင်ရွှေသာမယူဘဲ အထဲကိုယ်နှိုက်ခေါင်း အာရုံပြောင်းကာ ကောင်းမွန်စွာ ဣဋ္ဌာရုံပြု၍သော မနသိကြိယာ ဇောစိတ်လည်းဖြစ်စေတော်မူနိုင်ကုန်သည်။ ယဉ်ကျေးလှပ ရှုမဝနိုင်သော ဣဋ္ဌသတ္တဝါ, ရွှေ, ငွေ, ပတ္တမြားစသော အဝတ်တန်းဆာ နံ့သာ

မွေးမျိုး စသော ဣဋ္ဌာရုံကို တွေ့မြင်ပြန်လျှင်လည်း အပေါ်ရံ လျှံကာတွင်ရွေ့သာမယူဘဲ အထဲကိုယ်နှိုက်ခေါင်း အာရုံပြောင်းကာ စက်ဆုပ်ဖွယ်ရာသော အသုဘ, အနိစ္စ,ဒုက္ခ,အနတ္တဟု ဟုတ်မှန်တိုင်းကို အာရုံပြု၍ အနိဋ္ဌဟု ရှုတော်မူကြလျက် ဥပေက္ခာကြိယာဇောစိတ်ကိုလည်း ဖြစ်စေနိုင်ကုန်သည်။

ဝိပါက် ဝေဒနာနှင့်မှတ်၍ ဤကား ဣဋ္ဌ, ဤကား အနိဋ္ဌဟု ခြားနားပြီးသော တခုတည်းသောအာရုံ၌ပင် ဣဋ္ဌရသ အနိဋ္ဌရသလည်း ရှိ၏။ဣဋ္ဌာနိဋ္ဌရသမှတပါး များစွာသော နာနာရသ နာနာသဘာဝလည်း ရှိ၏။ ပုထုဇ္ဇန်တို့၏ ဇောစိတ်သည်ကား ဣဋ္ဌရသ အနိဋ္ဌရသတွင်သာ နစ်မျောလိုက်စား ဆုံးပါးကုန်ခန်း၍ နေကြ၏။ ရဟန္တာအရှင်မြတ်တို့သည်ကား အလိုရှိရာ ရသကိုယူ၍ အလိုရှိရာ ဝေဒနာနှင့် နေနိုင်ကြကုန်၏။ နာနာရသဟူသည်လည်း တည်ရာအာရုံမှ အသီးအခြား မဟုတ်။ထိုကြောင့် ဝိပါက်နှင့်မှတ်၍ ဣဋ္ဌ အနိဋ္ဌအမည်ကို ရပြီးသော အာရုံသည် နာနာရသ နာနာသဘာဝအတွက် အနိဋ္ဌ, ဣဋ္ဌ ပြောင်းရွှေ့တော့သည် မဟုတ်။

ထိုမှတပါးလည်း ဝိကပ္ပသတ္တိ,အနုဗောဓသတ္တိ,ပဋိဝေဓသတ္တိ ရှိကြကုန်သော ကုသိုလ် အကုသိုလ်ကြိယာဇောတို့၏ အတိဣဋ္ဌာရုံ၌ပင် ဥပေက္ခာနှင့် တည်နေနိုင်ရန် အကြောင်းသည် အလွန်ပင် များပါ၏။ များပုံကား—မြတ်စွာဘုရားသည် ဝက်မငယ်ကို မြင်၍ ပြုံးတော်မူရာ၌ မြင်စမှာ ဥပေက္ခာဇော ဖြစ်ခွင့်ရှိ၏။ ထိုဝက်မငယ်၏ ရှေးရှေးသော ဘဝတွေကို မြင်၍သွားသောအခါ ဝဋ္ဋဂတိ၏ ဆန်းကြယ်ခြင်းနှင့်စပ်၍ သောမနဿဇော ဖြစ်လေရာ၏။ ထိုသောမနဿ ဇောကား ဉာဏဝိစာရဏာကိစ္စနှင့် ယှဉ်သည်ဖြစ်၍ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော၏ အရာသာတည်း။ ရှေးအဘို့၌ ထိုသို့မြင်သော သောမနဿဇောအဟုန်သည် နောက်အခါ ဝက်မငယ်တည်းဟူသော အနိဋ္ဌာရုံကိုပင် အာရုံပြု၍ ပြုံးမှုကိစ္စနှင့်တကွ ဟသိတုပ္ပါဒ် သောမနဿဇော၏ ဖြစ်နိုင်ရန် တည်နေနိုင်ရန် အကြောင်း ဥပနိဿယကြီးပေတည်း။ ခင်ပုပ်ငှက်ကို မြင်၍ ပြုံးတော်မူရာ ပြိတ္တာတွေကို မြင်၍ ရှင်မောဂ္ဂလာန် ပြုံးတော်မူရာ၌လည်း ဤနည်းအတူပင်။ မစင်ပုပ်ပုပ် ခွေးကောင်ပုပ်ပုပ် အခွက်တဆယ်ရလျှင် ရွှေအခွက်တဆယ်ပေးမည်ဆို၍ ရှာဖွေလေသောသူဆင်းရဲသည် မစင်-ခွေးကောင်ပုပ်ကို တွေ့မြင်သောအခါ မစင်ခွေးကောင်ပုပ် များလေလေ ဝမ်းမြောက်လေလေ ဖြစ်ပေလတ္တံ့။ ဤ၌ ရွှေအခွက်တဆယ်ရမှုကြောင့် ဖြစ်ပွါးသော သောမနဿဇောအဟုန်သည် မစင်ခွေးကောင်ပုပ်၌ သောမနဿဇော ဖြစ်ပွါးနိုင်ရန် အလွန်အားကြီးသော ဥပနိဿယအကြောင်းကြီးပေတည်း။ ဝဋ်ဒုက္ခမှ အမြန် လွတ်လိုလှ၍ အသုဘကမ္မဋ္ဌာန်းကောင်ကို ရှာစဉ် ဥဒ္ဓုမာတက ကမ္မဋ္ဌာန်းကောင်ကို တွေ့မြင်ရာ၌ဇင်း၊ ကရုဏာကမ္မဋ္ဌာန်းကို စီးဖြန်းလို၍ ဒုက္ခိတသတ္တဝါ အာရုံကို ရှာစဉ် ကျိုက်ကျိုက်

ဆူသော လူနူကြီးကို တွေ့မြင်ရာ၌၎င်း၊ တွေ့မြင်စမှစ၍ အပ္ပနာဈာန်သို့ ရောက်သည်တိုင်အောင် ဝမ်းမြောက်ခြင်း သောမနဿဖြစ်ရာ၌လည်း ဤနည်းတူပင်။ ဝိပဿနာပွါးများရာ၌ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်တို့သို့ အဆိုက်တွင် တေဘူမက တရားတို့၏ အလွန်ကြောက်လန့်ဖွယ် စက်ဆုပ်ဖွယ်တွေ့ အထင်ကောင်းလေလေ ဝမ်းမြောက်လေလေ ဖြစ်ပေလတ္တံ့။

ဤသို့ သူဆင်းရဲအား ရွှေအခွက်တဆယ်ကို ခဏချက်ခြင်း မချွတ်မလွဲရစေခြင်းငှါ ကျေးဇူးပြုမှုဟူသော ပစ္စယရသသည် မစင်ပုပ် ခွေးကောင်ပုပ်၌သာ ရှိ၏။ မိမိတို့၏ ဝါသနာစရိုက်နှင့် အထူးလျော်သော အသုဘအာရုံ, ဒုက္ခိတအာရုံကို ရှာကုန်သော ယောဂီတို့အား သံသရာမှ မြန်မြန်ကြီး ကျွတ်လွတ်တည့်ရန် သန်သန် ကျေးဇူးပြုမှုဟူသော ပစ္စယရသသည် ဥဒ္ဓုမာတကဝတ္ထု-အမြင်မလှသော ဒုက္ခိတဝတ္ထုတို့၌သာ ရှိ၏။ ဝိပဿနာယောဂီတို့အားလည်း တဏှာသမုဒယ၏ မြန်မြန်ကြီး ကုန်ခန်းတည့်ရန် သန်သန်ကျေးဇူးပြုမှုဟူသောပစ္စယရသသည် တေဘူမကတို့၏ အလွန်ကြောက်လန့်ဖွယ်ဟူသော ဒုက္ခလက္ခဏာ၌သာ ရှိ၏။ မစင်ပုပ်, ခွေးကောင်ပုပ်စသည်၌ တည်သော ထိုရသစုသည် မစင်, ခွေးကောင်ပုပ်စသည်ကို အာရုံပြုသော ဇောစိတ်ကို သောမနဿသဟဂုတ်ဖြစ်အောင် ချီးမြှောက်အားပေး ကျေးဇူးပြုပေ၏၊ ဤသို့ နှီးနှောသင့်၏။

ဤသို့ မနှီးနှောမိသောသူတို့အား ရွှေကို အာရုံပြုသော ဝီထိတခြား၊ မစင်ပုပ်ကို အာရုံပြုသော ဝီထိတခြား၊ ရွှေကို အာရုံပြုသော ဝီထိ၌သာ သောမနဿဇော ဖြစ်သည်။ မစင်ပုပ်ကို အာရုံပြုသော ဝီထိ၌ကား သောမနဿဇော မဖြစ်နိုင်ဟု အထင်ကပ်၍ နေတတ်သည်။

ဝတ္ထုအားဖြင့် အရှင်မောဂ္ဂလာန်၏ အနိဋ္ဌဖြစ်သော အရိုးစုပြိတ္တာရုပ်စသည်တို့၌ သောမနဿဖြစ်ခြင်း၊ ရှင်မဟာကဿပ၏ ကျိုက်ကျိုက်ဆူသော လူနူ၏ လက်ထဲမှ ရအပ်သော သွေးပြည်အတိ လိမ်းကျံသော အနိဋ္ဌာရုံ မုယောမှုံ့သိုး၌ သောမနဿဖြစ်ခြင်း၊ မြတ်စွာဘုရား၏ နတ်သမီးတမျှ အဆင်းလှသော ဣဋ္ဌာရုံ မာဂဏ္ဍီကို မြင်ရာ၌ ဥပေက္ခာဖြစ်ခြင်း၊ တဏှာ, အရတိ, ရဂါဟူသော မာရ်မင်း၏သမီး ဝသဝတ္တီနတ်ပြည်သူ အလွန်တရာ ရှုချင်စဖွယ် တင့်တယ်သော နတ်သမီးကညာ ၃-ယောက်တို့ လာ၍ဖြားယောင်းရာ၌ ဥပေက္ခာဖြစ်ခြင်း စသည်တို့ဖြင့် မဟာကြိယာဇော၏ အာရုံအားဖြင့် ဝေဒနာမှတ်ချက် မမြဲကြောင်း ထင်ရှား၏။

ဤမျှသော ယုတ္တိစကားတို့ဖြင့် ကြိယာဇောတို့ကိုလည်း ကုသိုလ် အကုသိုလ်ဇောတို့ကဲ့သို့ပင် ဝိပါက်နှင့် ပိုင်းခြားအပ်သော ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ အာရုံအားလျော်စွာ ဝေဒနာမြဲခြင်းဟူသော နိယာမအမှုကို မပြုထိုက်လှပေဟု ဆိုလို၏။

ထိုစကားမှန်၏၊ ဤအရာမျိုးမှာ အာရုံအားလျော်စွာ ဝေဒနာလိုက်လျောမှုသည် ချီးမွမ်းထိုက်သော အမှုပင် မဟုတ်၊ မလိုက်လျောမှု၌သာ အကြီးအကျယ် ချီးမွမ်းဖွယ် ရှိပေသည်။

အကုသိုလ်ဇော, ကုသိုလ်ဇော, ကြိယာဇော ၃ ရပ်တို့တွင် အကုသိုလ်ဇောတို့အား အာရုံနှင့်လျော်စွာ ရံခါ ရံခါ ဝေဒနာလိုက်လျောခြင်းဖြစ်သည်မှာ ဝိပလ္လာသကြောင့်ပင်။ ရံခါရံခါ ဝေဒနာ မလိုက်လျောခြင်းဖြစ်သည်မှာ ဝိပလ္လာသကြောင့်ပင်ဟု ဆိုခွင့်ရှိ၏။ ကုသိုလ်ဇောတို့၏ လိုက်လျောခြင်း, မလိုက်လျောခြင်း နှစ်ပါးမှာ ဝိပလ္လာသအတွက်လည်း ရှိသည်။ အာဒီနဝဒဿန (အပြစ်ကိုမြင်ခြင်း)၊ အာနိသံသဒဿန (အကျိုးကို မြင်ခြင်း)၊ အနုဗောဓ (လျော်စွာ သိခြင်း)၊ ပဋိဝေဓဉာဏ (ထိုးထွင်း၍ သိခြင်း)၊ ဤလေးပါးသော အတွက်ကြောင့်လည်း ဖြစ်မည်။ ကြိယာဇောတို့၏ လိုက်လျောခြင်း, မလိုက်လျောခြင်း ၂-ပါးမှာမူကား ဝိပလ္လာသအတွက်ကို လွတ်၍ ကြွင်းသော လေးပါးအတွက်သာ ဖြစ်သည်။ နက်နဲခက်ခဲသောအရာဖြစ်၍ မတိမ်မမြုပ်သင့်လှသော အမှန်အကန်အချက်ကြီးများကို ကွယ်ဝှက်တိမ်းပါးသွားမည်စိုး၍ စစ်တမ်းအတော်ကြီး ထုတ်လိုက်ပေသတည်း။ ဤကား ကျေးဇူးရှင်ဘုရားကြီး ရေးသားတော်မူအပ်သော ပရမတ္ထဒီပနီဋီကာကျမ်း၏ ကြိယာဇော၌ မှတ်ရန် အဓိပ္ပါယ်ပေတည်း။

### ဒေါမနဿဇောနောင် သောမနဿတဒါရုံ မကျနိုင်ခြင်း

(၂၁၂) ဒေါ နောက်မှာပူ၊ တဒါ,ဘဝင်၊ သောမယှဉ်၊ ဥလျှင် အမြဲမှတ်။

ဤကဗျာဖြင့် ဒေါမနဿဇောနောင် သောမနဿဖြစ်သော တဒါရုံ,ဘဝင်, စုတိတို့၏ မဖြစ်နိုင်ကြောင်းကို ပြဆို၏။

ဒေါမနဿနှင့် သောမနဿတို့သည် မီးနှင့် ရေတို့ကဲ့သို့ အချင်းချင်း ဆန့်ကျင်လျက် ရှိနေကြကုန်သောကြောင့် အနန္တရပစ္စည်း မတပ်နိုင်ကြကုန်။ ထိုကြောင့် ဒေါမနဿဇောနောင် သောမနဿတဒါရုံ, သောမနဿဘဝင်, သောမနဿစုတိများ မဖြစ်နိုင်ကြကုန်။ ဥပေက္ခာတဒါရုံ, ဥပေက္ခာဘဝင်, ဥပေက္ခာစုတိတို့သာ ဖြစ်နိုင်ကြကုန်၏။ ဥပေက္ခာသည် ချိန်၏သဖွယ် အလယ်အလတ်သဘောရှိသောကြောင့် သောမနဿနှင့်လည်း အချင်းချင်း အနန္တရပစ္စည်းတပ်နိုင်လေသည်။ ဒေါမနဿနှင့်လည်း အချင်းချင်း အနန္တရပစ္စည်းတပ်နိုင်လေသည်။ ထိုကြောင့် ဒေါမနဿဇောနောင်မှာ ဥပေက္ခာဖြစ်သော တဒါရုံ,ဘဝင်,စုတိတို့ ဖြစ်နိုင်ကုန်သည်။

## အာဂန္တုကဘဝင် ကျရခြင်းအကြောင်း

(၂၁၃) သော ပုဂ္ဂလ၊ ဇောဝါရ၊ ဒေါမနဿ၊ ဥ,အာ။

ဤကဗျာဖြင့် သောမနဿပုဂ္ဂိုလ်၏ ဒေါသဇောကျသော ဝီထိ၌ အာဂန္တုကဘဝင်ချရန် အကြောင်းကို မိန့်ဆိုတော်မူ၏။

**သောမနဿပုဂ္ဂိုလ်ဆိုသည်ကား** ကာမပဋိသန္ဓေ ၁၀-တို့တွင် သောမနဿပဋိသန္ဓေ ၄-ခုတို့တွင် တခုခုဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ပေတည်း။ ထိုပုဂ္ဂိုလ်ကို သောမနဿပဋိသန္ဓိကပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ "သောမနဿေန ပဋိသန္ဓိံ ဂဏှာတီတိ သောမနဿပဋိသန္ဓိကော"။ သောမနဿေန၊ သောမနဿစိတ်ဖြင့်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဂဏှာတိ၊ ယူတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောမနဿပဋိသန္ဓိကော၊ သောမနဿပဋိသန္ဓိကမည်၏။ ထိုသောမနဿပုဂ္ဂိုလ်အား ပဉ္စဒွါရ၌ ဇောဝါရဖြစ်သော မဟန္တာရုံဝီထိ, မနောဒွါရ၌ ဇောဝါရဖြစ်သော ဝိဘူတာရုံဝီထိများ ကျခဲ့သည်ဖြစ်အံ့—ထိုဒေါသဇော၏ နောက်မှာ မိမိဘဝင်ကို မချဘဲ အာဂန္တုကဘဝင်ကို ချရ၏။ ထင်ရှားစေအံ့—

ထိုသောမနဿပုဂ္ဂိုလ်မှာ ဒေါသဇောစောသော ဇောဝါရဝီထိ၌ ဇောနောက်မှာ ဘဝင်ချလျှင် မိမိ၏ မူလသောမနဿဘဝင်ကိုသာ ချရပေမည်။ သို့ရာတွင် ဒေါသဇော၏ နောက်မှာ ဖြစ်နေသောကြောင့် ထိုသောမနဿဘဝင် ကျခြင်းငှါလည်း စင်စစ် အခွင့်မရှိခဲ့။ ထို့ကြောင့် မိမိ မူလသောမနဿဘဝင်ကို မချဘဲ ဧည့်သည်ပမာ ခေတ္တဝင်ရောက်တည်းခိုလာသော အာဂန္တုကဘဝင်ကိုသာ ချရလေသည်။

**အာဂန္တုကဘဝင်ဆိုသည်ကား** မိမိမူလ အိမ်နေဘဝင် မဟုတ်၊ ခေတ္တဝင်ရောက် တည်းခိုလာသော ဧည့်သည်ဘဝင်ပေတည်း။ တရားကိုယ်မှာ ဥပေက္ခာသန္တီရဏဘဝင်နှစ်ခုပေတည်း။ (ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီးမူကား ကာမဥပေက္ခာဘဝင် ၆-ခုစလုံးပင် ထိုက်သည်အားလျော်စွာ အာဂန္တုကဘဝင် ဖြစ်နိုင်၏ဟု ဆိုတော်မူ၏)။ အာဂန္တုကဘဝင်တို့တွင် တခုခုကို အာရုံအားလျော်စွာ ရွေးချယ်၍ ချရာ၏။ ထိုအာဂန္တုကဘဝင်ကို တကြိမ်ချပြီး၍ မိမိမူလသောမနဿဘဝင်ကို ချရသည်။ အာဂန္တုကဘဝင်ဟူသည် ဒေါမနဿနှင့် သောမနဿနှစ်ပါးတို့ အဆင်မတဲ့ကြသဖြင့် အောင်တမန်ပမာ ဂဟေပမာ ကြားဝင်၍ ဖြစ်လာရသော ဘဝင်မျိုးပေတည်း။ "အာဂစ္ဆတီတိ အာဂန္တုကော"။ အာဂစ္ဆတိ၊ ခေတ္တဝင်ရောက်လာတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာဂန္တုကော၊ အာဂန္တုကမည်၏။ "အာဂန္တုကော စ ဝေ ဘဝင်္ဂံ အာဂန္တုကဘဝင်္ဂံ"။

**အာဂန္တုကဘဝင်၏အာရုံ။** ။ထိုအာဂန္တုကဘဝင်သည် ဘယ်ကို အာရုံပြု၍ ဖြစ်သနည်းဟူမူ—ဤဘဝ၌ မပြတ် လေ့ကျက် အပ် မှီဝဲအပ် ထုံအပ်သော ကာမအာရုံကို အာရုံပြု၍ ဖြစ်သည်ဟု ဖြေရာ၏။

ဤနေရာ၌ ဤသို့ စိစစ်ဖွယ် ရှိပြန်၏။

**ဝီထိစိတ်အစဉ်၏ သဘာဝနှင့် အာဂန္တုကဘဝင်။** ။ဝီထိစိတ်တို့မည်သည် အာဝဇ္ဇန်းနှင့်ကင်း၍ ဖြစ်ရိုး မရှိ။ အာဝဇ္ဇန်းက ဆင်ခြင်တိုင်း ယူမြဲတိုင်းသော အာရုံကိုသာလျှင် နောက် နောက် ဝီထိစိတ်တို့က ယူကြရကုန်၏။ အာဝဇ္ဇန်းတခုရှိသော ဝီထိ၌ အလုံးစုံ သော ဝီထိစိတ်တို့သည် အာဝဇ္ဇန်းနှင့်သော်၎င်း, အချင်းချင်းသော်၎င်း အာရုံအားဖြင့်လည်း တူကြကုန်၏၊ ကာလအားဖြင့်လည်း တူကြကုန်၏၊ ဓမ္မအားဖြင့်လည်း တူကြကုန်၏၊ အထူးထူး အထွေထွေ ပြားရိုး မရှိကြပေကုန်။ ဤသို့ ဖြစ်လေသောကြောင့် အာဂန္တုကဘဝင်သည် တခုသောဝီထိ၌ အစက အာဝဇ္ဇန်းယူသော အာရုံကို မယူမူ၍ အမှတ်မရှိ အလေ့အကျက်များခဲ့ သော ကာမအာရုံတခုခုကို ယူ၍ ဖြစ်ခဲ့သည်ရှိသော် ထိုအာဂန္တုကဘဝင်သည် အာဝဇ္ဇန်းကင်းသည် မည်ရာ၏။ အာဝဇ္ဇန်းအစရှိသော ရှေ့ရှေ့ဝီထိစိတ်တို့နှင့် ကာလအားဖြင့်၎င်း, ဓမ္မအားဖြင့်၎င်း, အာရုံအားဖြင့်၎င်း ကွဲပြားခဲ့ရာ၏။ ထိုသို့ ဖြစ်ခြင်းသည် မသင့်သည် မဟုတ်ပါလော ဟူမူ—သင့်၏ဟူ၍ ဖြေဆိုရာ၏။ သင့်ပုံကား မဂ္ဂဝီထိ၌ ဂေါတြဘုစိတ်,ဝေါဒါန်စိတ်သည်၎င်း, ဖလသမာပတ္တိဝီထိ၌ ဖိုလ်စိတ်တို့သည်၎င်း, နိရောဓသမာပတ်မှ ထသောအခါ ရှေးဦးစွာဖြစ်သော အနာဂါမိဖိုလ်စိတ် အရဟတ္တဖိုလ်စိတ်သည်၎င်း အာဝဇ္ဇန်း ကင်းကြကုန်သည် ဖြစ်၍ အာဝဇ္ဇန်းနှင့် အာရုံပြားကြကုန်သကဲ့သို့ အာဂန္တုကဘဝင်အရာ၌လည်း အာဝဇ္ဇန်းကင်းမှု အာရုံပြားမှုအတွက် အပြစ်မရှိပေ။ သင့်၏ဟူ၍သာ ယူရာ၏။

**သောမနဿပုဂ္ဂိုလ်၏ ဒေါသဇောနောင် အာဂန္တုကဘဝင်ကျခြင်း**

(၂၁၄) ဘိဿ၃,တနှ၆၊ မဟဂ္ဂတ်နှင့်၊ ပညတ်တဝ၊ ဒေါ-ဇောကျ၊ ဒေါ-မှနောက် ဥ,အာ။

ဤကဗျာဖြင့် သောမနဿပုဂ္ဂိုလ်မှာ အတိဣဋ္ဌာရုံ, မဟဂ္ဂုတ်အာရုံ, ပညတ် အာရုံတို့၌ ဒေါသဇောကျသော အတိမဟန္တာရုံဝီထိ, အတိဝိဘူတာရုံဝီထိတို့ ဖြစ်ကုန်လျှင် ထိုဒေါသဇောနောင် အာဂန္တုကဘဝင် ကျရန်ကို မိန့်ဆိုတော်မူ၏။

အတိဣဋ္ဌာရုံအတွက်ကို ရှေးဦးစွာ ပြဆိုအံ့—သောမနဿပုဂ္ဂိုလ်မှာ အတိ- ဣဋ္ဌာရုံ၌ ဒေါသဇောကျသော အတိမဟန္တာရုံဝီထိ, အတိဝိဘူတာရုံဝီထိများ ဖြစ်ခဲ့လျှင် တဒါရုံ ကျခွင့် မရှိ။ ဒေါသဇောနောင် အာဂန္တုက ဘဝင်သာ ကျရ၏။ အကယ်၍ တဒါရုံ ကျခဲ့ပါလျှင် အတိဣဋ္ဌာရုံ ဖြစ်သောကြောင့်

သောမနဿတဒါရုံ ကျရလိမ့်မည်။ သို့သော်လည်း ဒေါသဇောနောင် ဖြစ်၍ သောမနဿတဒါရုံ မကျနိုင်။ ဒေါသဇောကိုငဲ့၍ ဥပေက္ခာတဒါရုံကို ချပါတော့ လောဟူမူ–အာရုံသည် အတိဣဋ္ဌာရုံဖြစ်နေသောကြောင့် ထိုဥပေက္ခာတဒါရုံမချနိုင်ချေ။ ထိုသို့ဖြစ်လျှင် မိမိမူလဘဝင်ကို ချပါတော့လောဟူမူ– မိမိ မူလ ဘဝင်ကလည်း သောမနဿဖြစ်နေပြန်သောကြောင့် ဒေါသဇောနှင့် ကန့်လန့်နေ၍ မချနိုင်ပြန်ချေ။ ထိုကြောင့် မိမိ လေ့ကျက်နေကျဖြစ်သော ကာမအာရုံကို အာရုံပြု၍ အာဂန္တုကဘဝင်ကိုသာ ချရ၏။ ထိုနောက်မှ မိမိ မူလသောမနဿဘဝင်ကို ချရသည်။

မဟဂ္ဂုတ်အာရုံ ပညတ်အာရုံတို့ကို အာရုံပြု၍ ဒေါသဇောကျသော အတိဝိ-ဘူတာရုံဝီထိဖြစ်ခဲ့လျှင်လည်း ထိုဒေါသဇောနောင် အာဂန္တုကဘဝင်ကို ချရ၏။ မဟဂ္ဂုတ်အာရုံ ပညတ်အာရုံဖြစ်သောကြောင့် တဒါရုံ၏ အခွင့် မဟုတ်။ ဤ တဒါရုံဖြစ်ရန်နှင့် မဆိုင်ပေ။ ဒေါသဇောနောင်ဖြစ်နေသောကြောင့်လည်း မိမိ မူလ သောမနဿဘဝင်လည်း ကျခွင့် မရှိ။ ထိုကြောင့် အာဂန္တုက ဘဝင်ကို ချရပေသည်။

ဥပေက္ခာနှင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်မှာပင်သော်လည်း အတိဣဋ္ဌာရုံ၌ ဇော ဒေါသဇောကျသော အတိမဟန္တာရုံဝီထိ, မဟန္တာရုံဝီထိများ ဖြစ်ခဲ့လျှင် ဇောနှင့် ကန့်လန့်နေ၍ တဒါရုံ ကျခွင့် မရှိ။ မိမိ မူလ ဥပေက္ခာဘဝင်သာ ကျလေတော့၏။ ဥပေက္ခာပုဂ္ဂိုလ်ဖြစ်နေသောကြောင့် အာဂန္တုကဘဝင်ကိုမူကား ချရန် မလိုချေ။

### တဒါရုံကျခြင်း အကြောင်းသုံးပါး

(၂၁၅) ပုဂ္ဂိုလ်ကာမ၊ ဇောကာမနှင့်၊ ကာမအာရုံ၊ သုံးချက်ဆုံ၊ တဒါရုံ၏အခွင့် တည်း။

ဤကဗျာဖြင့် တဒါရုံကျနိုင်ရန် အကြောင်းသုံးပါးကို ပြဆိုတော်မူ၏။

**တဒါရုံကျရန် အင်္ဂါ ၃။** ။ဇောနောင် တဒါရုံဖြစ်ခြင်း အကြောင်းကား (၁) ကာမပုဂ္ဂိုလ်လည်းမှန်ပါမှ။ (၂)ကာမဇော ကျသော ဝီထိလည်း ဖြစ်ပါမှ။ (၃) ကာမအာရုံလည်း ဖြစ်ပါမှ တဒါရုံကျနိုင်သည်။ ဤအကြောင်း ၃-ပါးတို့တွင် တပါးပါး ချို့တဲ့လျှင် တဒါရုံမကျနိုင်။

**တဒါရုံမကျနိုင်ပုံများ။** ။ရူပဗြဟ္မာ, အရူပဗြဟ္မာတို့၌ တဒါရုံ မကျနိုင်။ ထိုကြောင့် ထိုဗြဟ္မာတို့၏ သန္တာန်မှာ အတိ-မဟန္တာရုံဝီထိ, အတိဝိဘူတာရုံဝီထိပင်ဖြစ်သော်လည်း တဒါရုံဝါရဟု မဆိုရ။

ဇောဝါရသာလျှင် ဆိုရ၏။ မဟဂ္ဂုတ်ဇော, လောကုတ္တရာဇောကျသော အပ္ပနာ-ဝီထိတို့၌လည်း တဒါရုံ မကျ။ ကာမအာရုံမဟုတ်သော မဟဂ္ဂုတ်အာရုံ, ပညတ်အာရုံ, နိဗ္ဗာန်အာရုံတို့၌လည်း တဒါရုံ မကျ။

**ရူပ,အရူပဘုံပြဟ္မာတို့၌ တဒါရုံမကျခြင်း။** ။ရူပပုဂ္ဂိုလ်,အရူပပုဂ္ဂိုလ်တို့၌ အဘယ်ကြောင့် တဒါရုံ မဖြစ်ပါသနည်း။

ထိုပြဟ္မာတို့မှာလည်း ကာမအာရုံကို အာရုံပြု၍ ကာမဇောကျသော ဝီထိဖြစ်ပေါ်လျှင် တဒါရုံ ကျခွင့် ရှိသည် မဟုတ်ပါလော ဟူမူ – ထို ပြဟ္မာတို့မှာ တဒါရုံဖြစ်နိုင်ရန် ကာမဘဝင် မရှိသောကြောင့် တဒါရုံမကျဟု ဖြေရာ၏။ မဟဂ္ဂုတ်ဘဝင်များသည်ပင်လျှင် တဒါရုံကိစ္စနှင့် ဖြစ်ပါတော့လောဟူမူ –အလွန်တရာ နူးညံ့လှစွာသော နိမိတ်အာရုံကို အာရုံပြု၍နေကျဖြစ်သော မဟဂ္ဂုတ်ဘဝင်များသည် ကြမ်းတမ်းသော ကာမအာရုံများကို အာရုံမပြုနိုင်သောကြောင့် တဒါရုံကိစ္စနှင့် ဖြစ်ခြင်းငှါ မထိုက်ကုန်။ ထိုကြောင့် တဒါရုံမဖြစ်နိုင်ဟု ဖြေရာ၏။ ရူပပြဟ္မာတို့မှာ တဒါရုံကိစ္စနှင့် ဖြစ်လိုလျှင် ဖြစ်နိုင်သော သန္တီရဏစိတ် ၃-ခုကိုရလျက်ရှိနေသောကြောင့် ထိုသန္တီရဏစိတ်များသည်ပင်လျှင် ရူပပြဟ္မာတို့သန္တာန်မှာ တဒါရုံကိစ္စနှင့် ဖြစ်ပါစေတော့လောဟူမူ–ထိုသန္တီရဏစိတ်များသည် တဒါရုံကိစ္စနှင့် ဖြစ်ခွင့် မရကုန်။ စက္ခုဒွါရဝီထိ, သောတဒွါရဝီထိတို့၌ စိတ်ပြည့်စုံစွာ ဖြစ်ရန် သန္တီရဏကိစ္စအနေနှင့်သာ ရအပ်ပေသည်။ တဒါရုံကိစ္စအနေနှင့် ရအပ်သည် မဟုတ်ပေ။ ထိုကြောင့် တစုံတရာမျှ ပြဟ္မာတို့သန္တာန်မှာ တဒါရုံကျနိုင်ရန် အကြောင်း မရှိချေ။

ကာမဇောတို့သာလျှင် ပျံ့နှံ့လှုပ်ရှား၍ ထက်မြက်သော အဟုန်နှင့် ဖြစ်နိုင်ကုန်၏။ ထိုကြောင့် ကာမဇောတို့နောင်မှသာလျှင် တဒါရုံ ကျနိုင်သည်။မလှုပ်မရှား ငြိမ်သက်သောအဟုန်နှင့် ဖြစ်လေ့ရှိသောအပ္ပနာဇောတို့နောက်မှာမူကား တဒါရုံ မကျနိုင်ချေ။ အဘိညာဏ်ကိစ္စ မတပ်သော အပ္ပနာဇောတို့သည်မူကား ကာမကို အာရုံပြုလေ့ မရှိကုန်သောကြောင့် ထိုဇောတို့နောင် ကာမကိုသာ ကေန်အာရုံပြုလေ့ရှိသော တဒါရုံမဖြစ်နိုင်ဟူသော စကားသည် သင့်တန်ပါစေတော့။ ကာမကို အာရုံပြု၍ဖြစ်သော အဘိညာဏ်ဇောနောက်မှာမူကား ကာမအာရုံချင်းတူသော တဒါရုံဖြစ်သင့်ပါသည် မဟုတ်လောဟူမူ –အဘိညာဏ်ဇောသည် အလွန် သိမ်မွေ့သောသဘော ရှိ၏။ တဒါရုံသည် အလွန် ကြမ်းတမ်း၏။ ထိုသို့ သဘောကွဲလျက် ရှိနေသောကြောင့် ကာမကိုအာရုံပြုသော အဘိညာဏ်ဇောနောက်မှာသော်လည်း တဒါရုံမကျနိုင် ဟု ဖြေရာ၏။

တဒါရုံစိတ်တို့သည် ကာမအာရုံလျှင် မြဲသောအာရုံရှိကြကုန်သောကြောင့် မဟဂ္ဂုတ်အာရုံ, လောကုတ္တရာအာရုံ, နိဗ္ဗာန်အာရုံ, ပညတ်အာရုံများကို အာရုံ

မပြုနိုင်ကြကုန်၊ ကာမအာရုံကိုသာ အဘယ့်ကြောင့် အာရုံပြုရပါသနည်းဟူမူ- တဒါရုံတို့သည် အထူးကြံစည်၍ ယူနိုင်သော ဝိကပ္ပသတ္တိ မရှိကြလေကုန်။ ထို့ကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ သန္တာန်မှာ ဖြစ်ရသော တဒါရုံတို့ပင် ဖြစ်စေကာမူ ထင်ရှားမရှိသော ပညတ်အာရုံများကိုဋ်း, နူးညံ့သိမ်မွေ့လှစွာသော မဟဂ္ဂုတ်အာရုံကိုဋ်း, နက်နဲလှစွာသော လောကုတ္တရာအာရုံများကိုဋ်း အာရုံမပြုနိုင်ကြလေကုန်။

ဤနေရာ၌ အချို့သောသူတို့သည်——

"ကာမေ ဇဝန, သတ္တာလ-မ္ဗဏာနံ နိယမေ သတိ။
ဝိဘူတေ တိမဟန္တေ စ၊ တဒါရမ္မဏ မီရိတံ"။

ဟူသော အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ ဂါထာ၌ "ဝိဘူတေ တိမဟန္တေ စ၊ တဒါရမ္မဏမီရိတံ"ဟူသော ဝါကျကို ထောက်၍ တဒါရုံကျမှသာ အတိဝိဘူတာရုံဝီထိ အတိမဟန္တာရုံဝီထိ ဖြစ်နိုင်သည်ဟု အဓိပ္ပါယ်ယူပုံ လွဲကြလေကုန်သောကြောင့် ရူပဘုံ အရူပဘုံတို့၌ အတိဝိဘူတာရုံဝီထိ, အတိမဟန္တာရုံ ဝီထိများကို မရနိုင်ဟု ဆိုကြကုန်၏။ ထိုစကားကို မသင့်ဟူ၍ မှတ်ရာ၏။ ယခင်ဝါကျ၌ အဓိပ္ပါယ် အဖြောင့်ကား အကယ်၍ အကြောင်းညီညွတ်ပါသဖြင့် တဒါရုံဖြစ်ခဲ့လို့ရှိလျှင် အတိဝိဘူတာရုံဝီထိ၌ဋ်း, အတိမဟန္တာရုံဝီထိ၌ဋ်း ဖြစ်တတ်၏ဟူ၍သာ ဆိုလိုရင်းဖြစ်၏။ အကြင်ဝီထိ၌ တဒါရုံကျ၏။ ထိုဝီထိကိုသာလျှင် အတိဝိဘူတာရုံဝီထိ အတိမဟန္တာရုံဝီထိ ခေါ်ရမည်ဟု ပြလိုရင်း မဟုတ်။ ထို့ကြောင့် မှန်မြတ်သောကံကြောင့် ဖြစ်ကုန်သဖြင့် အလွန်တရာ သန့်ရှင်းထက်သန်လှစွာသော ဝတ္ထုဒွါရနှင့် ပြည့်စုံကြပေကုန်သော ဗြဟ္မာတို့သန္တာန်မှာ အတိဝိဘူတာရုံဝီထိ, အတိမဟန္တာရုံဝီထိတို့သာလျှင် များစွာ ဖြစ်ကုန်ရာ၏။ အကြောင်းချို့တဲ့သောကြောင့်သာ တဒါရုံဖြစ်ခွင့် မရှိသည်ဟု မှတ်ရာ၏။

ဝိပါကနိယမ ပြီး၏။

---

## ကာမဇဝနနိယမ

(၂၁၆) အရိုး-သဘ်,ဆ၊အား နည်း လှ၊ ပဥ္စ, အကြိမ် သာ။
(၂၁၇) ဝသီ ခေါင်ဖျား၊ ချာန်နှင့်ငြား၊ လေးငါး-နှစ်, ထွေလာ။

ဤကဗျာတို့ဖြင့် ကာမဇောတို့၏ဖြစ်ပုံ အကြိမ်ဝါရကို ပြဆိုတော်မူ၏။

ကာမဇောတို့သည် ပကတိရိုးရိုးအခါ ၇-ကြိမ်သော်ဋ်း, ခြောက်ကြိမ်သော်ဋ်း ကျကုန်၏။ ပကတိရိုးရိုးအခါ၌သော်လည်း ထင်လာသောအာရုံ၏ အား

နည်းမှုကြောင့် ကာမဇောတို့သည် ၆-ကြိမ်သာ ဖြစ်ကုန်၏ဟူ၍ အဋ္ဌကထာ ဆို၏။

**မှိုရာဝတ္ထုရုပ် အားနည်းသောအခါ ဇောကျပုံ။** ။မှိုရာ ဝတ္ထုရုပ် အားနည်းသောအခါ၌ကား ဇော အဟုန်သည်လည်း ပြေ့ညံ့လေသဖြင့် ငါးကြိမ်သာ ကျရလေတော့၏။ မှိုရာ ဝတ္ထုရုပ် အားနည်းသောအခါ ဆိုသည်ကား သေခါနီးသော မရဏာသန္နကာလ မိန်းမောတွေဝေ၍ နေသော မုစ္ဆာကာလ, သတိမေ့လျော့၍နေသော ဝိသညီ ကာလ, အမိဝမ်းတွင်း၌ တည်နေခိုက် ဖြစ်၍ရှင်း, ဖွားခါစဖြင့်၍ရှင်း, အလွန် တရာ နုနယ်လှသော တရုဏကာလတို့ကို ဆိုသည်။ ထိုကာလတို့၌ ဝတ္ထုရုပ်သည် အလွန်တရာ အားနည်း၍နေ၏၊ မှိုရာဝတ္ထုအားနည်းလျှင် ထိုဝတ္ထုကိုမှီ၍ ဖြစ် သော ဇောအဟုန်တို့သည်လည်း အားနည်းကုန်၏၊ ထိုကြောင့် ထိုအခါကာလ တို့၌ ကာမဇောတို့သည် ၇-ကြိမ်တိုင်အောင် မဖြစ်နိုင်ကြကုန်သဖြင့် ၅-ကြိမ်မျှ နှင့် လက်စသိမ်းရလေတော့သည်။ ထိုသို့ဝတ္ထုရုပ် အားနည်းသောကာလတို့၌ ဆဒ္ဒါရိကဝီထိစိတ်တို့သည် ဝင်၍ဝင်၍ ဖြစ်လာကြကုန်သော်လည်း ပြည့်စုံသော ဇောဝါရတို့ဖြင့် မဖြစ်နိုင်ကြကုန်။ ဇောလေးကြိမ် ငါးကြိမ်ကျသော ဇဝနဝါရ ဝီထိတို့သည်လည်း ဖြစ်လာတတ်ကုန်၏။ ဝုဋ္ဌောနှစ်ကြိမ်, သုံးကြိမ်ကျသော ဝုဋ္ဌောဝါရဝီထိတို့သည်လည်း ဖြစ်လာတတ်ကုန်၏။ (ဝုဋ္ဌောနှစ်ကြိမ်, သုံးကြိမ် ကျသော ဝုဋ္ဌောဝါရဝီထိကို အဋ္ဌကထာ၌ ဆို၏၊ ဇောလေးကြိမ် ငါးကြိမ်ကျ သော ဝီထိတို့ကို မူလဋီကာ၌ ဆို၏)။

**မရဏာသန္နဇောများ။** ။မရဏာသန္နအခါ၌ ဇောငါးကြိမ်ကျ၏ ဆိုသော စကားကို ပကတိသတ္တဝါတို့၏ သေသောကာလ၏ အစွမ်းအားဖြင့်သာ ဆိုရ၏။ အကြင်ပုဂ္ဂိုလ်တို့သည် စျာန်ကို ဝင်စားသည်၏ အခြားမဲ့၌ရှင်း စျာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၏ အခြားမဲ့၌ ရှင်း အဘိညာဏ်၏ အခြားမဲ့၌ရှင်း စုတိကြလေကုန်၏။ ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော မရဏာသန္နဇောတို့သည် အမှတ်မရှိကုန်။ ငါးကြိမ်ထက် များစွာလည်း ဖြစ်ကြကုန်၏၊ ငါးကြိမ်အောက် လျော့၍လည်း ဖြစ်ကြကုန်၏။

## ဘုရားရဟန္တာ စျာန်ရပုဂ္ဂိုလ်တို့ တန်ခိုးပြရာ၌ ဇောကျပုံပုံများ

စျာနဝသီဘော်တို့၌ အခေါင်အဖျား အထွတ်အစွန်းသို့ရောက်တော်မူကြကုန် သော သိခါပတ္တ စျာနလာဘီရှင် ဘုရားသခင်၏ တန်ခိုးပြာဋိဟာကို ပြတော် မူသောအခါ၌ သိခါပတ္တ စျာနလာဘီသခင် အရှင်မောဂ္ဂလာန် အစရှိသော သာဝကတို့၏ တန်ခိုးပြရာတို့၌ စျာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇော

တို့သည် လေးကြိမ်သော်ရင်း, ငါးကြိမ်သော်ရင်း ဖြစ်ကြကုန်၏။ (သင့်ရုံ လျှင်လျှင်မြန်မြန် ဖြစ်သောအခါ ပစ္စဝေက္ခနာဇောတို့သည် ငါးကြိမ်ဖြစ်ကုန်၏။ အထူးသဖြင့် လျှင်မြန်စွာ ဖြစ်သောအခါ လေးကြိမ်ဖြစ်ကုန်၏။ ဋီကာကျော် ၌ကား မြတ်စွာဘုရား တန်ခိုးပြသောခါ၌ ပစ္စဝေက္ခနာဇော ၄-ကြိမ်၊ ရှင်မဟာ မောဂ္ဂလာန်စသောပုဂ္ဂိုလ်တို့ တန်ခိုးပြသောအခါ လေးကြိမ် ဖြစ်သင့်၏ဟူ၍ ဆို၏)။

ယမကပါဋိဟာရိယကို ယမိုက်ပြာဋိဟာဟူ၍ ခေါ် ဆိုကြသည်။ အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲ ထူးကဲလှစွာသော ရေအစုံ မီးအစုံများကို ဖြစ်စေမှုပေတည်း။ ထိုယမိုက်ပြာဋိဟာကို ပြတော်မူလိုသော မြတ်စွာဘုရားသည် ရေမီးအစုံအစုံကို ဖြစ်စိမ့်သောငှါ ရှေးဦးစွာ တေဇောကသိုဏ်း၌ ပါဒကပဥ္စမစျာန်ကို ဝင်စား တော်မူ၏။ ထိုနောင် ထိုစျာန်၌ ပါရှိသော စျာန်အင်္ဂါနှစ်ပါးကို ဆင်ခြင်တော် မူ၏။ ထိုနောင် "ငါ၏အထက် ကိုယ်တော်သည် မီးစိုင်မီးဘုံး ဖြစ်စေသတည်း" ဟူ၍ ဓိဋ္ဌာန်တော်မူ၏။ ထိုနောင် တေဇောကသိုဏ်း၌ပင်လျှင် အဘိညာဏ်စျာန် ကို ဝင်စားတော်မူ၏။ ထိုအခါ အဘိညာဏ်၏ အစွမ်းအား ဖြင့် အထက် ကိုယ် တော် အလုံးသည် မီးဘုံးမီးစိုင်ကြီးဖြစ်လေ၏။ ထိုမှတဖန် အာပေါကသိုဏ်း၌ ပါဒကပဥ္စမစျာန်ကို ဝင်စားတော်မူပြန်၏။ ထိုနောင် ထိုစျာန်၌ပါသော စျာန် အင်္ဂါ ၂-ပါးကို ဆင်ခြင်တော်မူ၏။ ထိုနောင် "ငါ၏ အောက်ကိုယ်တော်သည် ရေအယဉ်ဖြစ်စေသတည်း" ဟူ၍ ဓိဋ္ဌာန်တော်မူ၏။ ထိုနောင် အာပေါကသိုဏ်း ၌ပင် အဘိညာဏ်ကို ဝင်စားတော်မူ၏။ ထိုအခါ အဘိညာဏ်၏ အစွမ်းအားဖြင့် အောက်ကိုယ်တော်အလုံးသည် ရေအယဉ်ကြီးဖြစ်လေ၏။ ဤအရာ၌ လျင်မြန် စွာဖြစ်ခြင်းမှာ ဒ္ဂါလိုရှိအပ်လေသောကြောင့် စျာန်အင်္ဂါ ၂-ပါးကို ဆင်ခြင် သော ပစ္စဝေက္ခနာဝီထိ ၂-ခုတို့မှာ လေးကြိမ် ငါးကြိမ်သော ဇောတို့၌သာလျှင် ဖြစ်ကြကုန်၏။ ဇောဝါရဝီထိနှစ်ခုတို့၏ အကြားအကြား၌ ကျသော ဘဝင်တို့ သည်လည်း နှစ်ကြိမ်မျှသာလျှင် ကျကုန်၏။ ထိုသို့ဖြစ်ပုံ လျင်မြန်လှလေသော ကြောင့် နှစ်မျိုးသော အဘိညာဏ်တို့၏ အစွမ်းဖြင့် ဖြစ်သော နှစ်ပါးသော တန်ခိုးပြာဋိဟာတို့ကို ရှုမြင်သောသူအပေါင်းတို့သည် မရှေးမနှောင်းတပြိုင် နက်ဘည်းပင် ဖြစ်သည်ဟူ၍ ထင်မြင်ကြကုန်၏။ ဤသို့ တန်ခိုးပြာဋိဟာကို ပြသောအခါတို့၌ ဖြစ်သော ပစ္စဝေက္ခနာဝီထိမှာသာလျှင် ကာမပစ္စဝေက္ခနာ ဇော လေးကြိမ် ငါးကြိမ်ကျနိုင်သည်။ ပကတိချိုးချိုးစျာန်ကို ဝင်စားသောအခါ ဖြစ်သော ပစ္စဝေက္ခနာဇောတို့သည်ကား ခုနစ်ကြိမ်ပင် ဖြစ်ကြကုန်သည်။ ။ ကာမဇဝနနိယမပြီး၏။

ဝိပါကနိယမ ကာမဇဝနနိယမ ပြီး၏။

### အပ္ပနာဇောဝါရ

(၂၁၈) ကာမရှစ်တန်၊ ကု,ကြိ,ဥာဏ်၊ သုံးတန်လေးကြိမ်သာ။
(၂၁၉) မလေးငါးကြိမ်မြောက်၊ ပနာရောက်၊ ထိုနောက်တိဘင်သာ။

ဤကဗျာတို့ဖြင့် အပ္ပနာဇောဝါရဝီထိ ဖြစ်ပုံကို ပြဆိုတော်မူ၏။

အပ္ပနာဇောဝီထိကို အတိဝိဘူတာရုံမနောဒွါရဝီထိဟူ၍ ဆိုသင့်၏။ ထိုစကားမှန်၏။ အတိဝိဘူတ မဟုတ်သော နိမိတ်အာရုံတို့မှာ အပ္ပနာဇော မဖြစ်နိုင်ရာ။

ဝီထိဖြစ်ပုံကို မန္ဒပုဂ္ဂိုလ်, တိက္ခပုဂ္ဂိုလ်နှစ်ပါး ခွဲခြား၍ ဆိုရာ၏။

စလနဘဝင်, ဥပစ္ဆေဒဘဝင်, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု၊ ထိုနောင် အပ္ပနာဇော၊ ထိုနောင် တိဟိတ်ဘဝင် အများ။(ဤကား မန္ဒပုဂ္ဂိုလ်၏ အပ္ပနာဝီထိပုံတည်း။)

စလနဘဝင်,ဥပစ္ဆေဒဘဝင်, မနောဒွါရာဝဇ္ဇန်း, ဥပစာ, အနုလုံ, ဂေါတြဘု၊ ထိုနောင် အပ္ပနာဇော၊ထိုနောင် ဘဝင်အများ (ဤကား တိက္ခပုဂ္ဂိုလ်၏ အပ္ပနာဝီထိပုံတည်း)

ဤဝီထိတို့၌ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု ဇောတို့သည်ကား ထိုက်သည်အားလျော်စွာ ကာမာဝစရ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇောတို့သာတည်း၊ အပ္ပနာဇောတို့ကိုလည်း ရှေ့ကာမဇောနှင့်လျော်စွာ ကုသိုလ်အပ္ပနာ, ကြိယာအပ္ပနာ, ဖိုလ်အပ္ပနာတို့ကို ချရာ၏၊ အပ္ပနာဇောတို့၏ အကြိမ်ဝါရကို နောက်၌ ပြဆိုလတ္တံ့၊ မန္ဒပုဂ္ဂိုလ်မှာ ရှေ့ကာမဇော လေးကြိမ်ကျ၍ ငါးကြိမ်မြောက်မှ အပ္ပနာဇော ဖြစ်ပေါ်၏၊တိက္ခပုဂ္ဂိုလ်မှာ ရှေ့ကာမဇော သုံးကြိမ်ကျ၍ လေးကြိမ်မြောက်မှ အပ္ပနာဇောဖြစ်၏။

**ပရိကမ္မ**။ ။"ဣန္ဒြိယ သမတာဒီဟိ ပရိတောဘာဂေဟိ အပ္ပနာ ကရီယတိ သင်္ခရီယတိ ဧတေနာတိ ပရိကမ္မံ"။ဧတေန၊ဤဇောစိတ်ဖြင့်။ဣန္ဒြိယသမတာဒီဟိ၊ဣန္ဒြေတို့၏ မျှတညီညွတ်ခြင်းအစရှိကုန်သော။ပရိတော ဘာဂေဟိ၊ ထက်ဝန်းကျင်ချို၊ အလုံးစုံသော အဘို့တို့ဖြင့်။ အပ္ပနာ၊ အပ္ပနာကို။ ကရီယတိ သင်္ခရီယတိ၊ စီရင်အပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပရိကမ္မံ၊ ပရိကမ္မမည်၏။ အပ္ပနာဖြစ်ပေါ် ရန် ပြုပြင်စီရင်ကြောင်းဖြစ်သော ဇောသည် ပရိကံဇောမည်၏ဟူလို။

**ဥပစာရ**။ ။"အပ္ပနံ ဥပေစ္စ စရတီတိ ဥပစာရော"။ အပ္ပနံ၊ အပ္ပနာသို့။ ဥပေစ္စ၊ ကပ်၍။ စရတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပစာရော၊ ဥပစာရမည်၏။ အပ္ပနာ၏ ဥပစာနယ်တွင်း၌ ဖြစ်သော ဇောစိတ်ဟူလို၊ မကြာမြင့်မီပင်လျှင် အပ္ပနာဖြစ်ပေါ် ရန် ဆောင်ရွက်သော ဇောတည်း။ ဤဥပ

စာရဇော ဖြစ်ပေါ်မှုကြောင့် မကြာမြင့်မီပင်လျှင် အပ္ပနာဇော ဖြစ်ပေါ်လာရ၏ ဟူလို။

**အနုလောမ။** ။"ပစ္စနီကဓမ္မဝိဓမနေန အပ္ပနာယ အနုကူလတ္တာ အနုလောမံ"။ ပစ္စနီက ဓမ္မ ဝိဓမနေန၊ ဆန့်ကျင်ဘက်ဖြစ်သောတရားတို့ကို မှုတ်လွှင့် ပယ်ရှားသဖြင့်။ အပ္ပနာယ၊ အပ္ပနာအား။ အနုကူလံ၊ လျော်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အနုလောမံ၊ အနုလုံမည်၏။ အပ္ပနာ၏ ဘေးရန်ဖြစ်သော ဆန့်ကျင်ဘက်တရားတို့ကို ပယ်ရှား၍ အပ္ပနာဖြစ်ရန်လျော်သောဇော၊ အပ္ပနာ၏ အစီးအပွါးဖြစ်သော အပ္ပနာဖြစ်အောင် ရွက်ဆောင်သောဇော ဟူ၍ ဆိုလိုသည်။

**ဂေါတြဘု။** ။"ဂေါတ္တံ အဘိဘုယျတိ ဆိဇ္ဇတိ ဧတ္ထာတိ ဂေါတြဘု"။ ဧတ္ထ၊ ဤဇောစိတ်၌။ ဂေါတ္တံ၊ ကာမအနွယ် ပုထုဇ္ဇန်အနွယ်များကို။ အဘိဘုယျတိ ဆိဇ္ဇတိ၊ ဖြတ်အပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဂေါတြဘု၊ ဂေါတြဘုမည်၏။ မဟဂ္ဂုတ် စျာန်အရာ၌ ဤဇောသို့ ကျရောက်လျှင် ကာမအနွယ် ပြတ်လေ၏၊ လောကုတ္တရာစျာန်အရာ၌ ပုထုဇ္ဇန်အနွယ် ပြတ်လေ၏၊ ထိုသို့ အနွယ် ပြတ်ရာ ဖြစ်သောကြောင့် ဂေါတြဘုဟူ၍ ခေါ်ဆိုရလေသည်။

ထိုလေးချက်သော ဇောတို့ကို ပရိကံဇောတို့ဟူ၍ရင်း ဥပစာဇောတို့ဟူ၍ရင်း အနုလုံဇောတို့ဟူ၍ရင်း ခေါ်ဆိုထိုက်သည်သာလျှင် ဖြစ်ကုန်၏၊ ဂေါတြဘုဟူသော အမည်သည်ကား အဆုံးဇော၏ အမည်ပေတည်း။ ရှေ့ဇောများနှင့် မဆိုင်ပေ၊ ဉာဏသမ္ပယုတ် ဇောတို့သာလျှင် ခိုင်မြဲသော သဘောရှိ၍ အပ္ပနာစျာန်အား အနန္တရူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သောကြောင့် ပရိကံစသော ကာမဇောတို့ကို ဉာဏသမ္ပယုတ်တို့ကိုသာ အလိုရှိအပ်ကုန်၏။

**အပ္ပနာဇော စတင်ဖြစ်ပေါ်ခြင်း။** ။အပ္ပနာဇောတို့မည်သည် အကယ်၍ ဖြစ်ပေါ်ရကုန်သည်ရှိသော် လေးကြိမ်မြောက် ငါးကြိမ်မြောက်မှသာလျှင် စ၍ ဖြစ်ပေါ်ကြကုန်၏၊ ခြောက်ကြိမ်မြောက် ခုနစ်ကြိမ်မြောက်၌ စ၍ ဖြစ်ပေါ်လေ့ မရှိကြကုန်၊ ထိုစကားမှန်၏၊ ဝသီဘော်သို့ ရောက်သော အပ္ပနာပင် ဖြစ်စေကာမူ လေးကြိမ်မြောက် ငါ ကြိမ်မြောက်၌ ဖြစ်ခွင့်မရလျှင် အချင်းခပ်သိမ်း မဖြစ်ပေါ်လေပြီ။ လေးကြိမ်မြောက် ငါးကြိမ်မြောက်၌ ဖြစ်ခွင့် ရပါမူကား တနေ့ပတ်လုံး မပြတ်မလပ်သော်လည်း ဖြစ်နိုင်လေ၏။ ထိုကြောင့် "လေးငါးကြိမ်မြောက်၊ပနာရောက်" ဟူ၍ ဆိုတော်မူသည်။

**ဂေါတြဘုဇောစတင်ဖြစ်ပေါ်ခြင်း။** ။ထိုစကားရပ်ဖြင့် ငါးကြိမ်မြောက် နှစ်ကြိမ်မြောက်တို့၌ ဂေါတြဘုစိတ်၏မဖြစ်သင့်ကြောင်းလည်း ပြဆိုခြင်းကိစ္စ ပြီးလေ၏၊ ကာမဇောတို့မည်သည် ငါးကြိမ်

မြောက်မှစ၍ လျော့ကျသောခေတ်၌ တည်ကုန်၏၊ ထိုငါးကြိမ်မြောက်၌ ဇော အဟုန် တုန်တုန် လှုပ်လှုပ် ဖြစ်၏၊ ငါးကြိမ်မြောက်သော ဇောသည် ကာမ အန္တယ် ပုထုဇ္ဇန်အန္တယ်ကို ဖြတ်တောက်၍ မိမိနှင့် ဘုံမတူသော ဘူမန္တရ အပ္ပနာ ဇောကို ဖြစ်စေခြင်းငှါ ကျေးဇူးမပြုနိုင်။ ထိုကြောင့် ငါးကြိမ်မြောက်၌ ဂေါတြ ဘုဇောမဖြစ်နိုင်ချေ၊ နှစ်ကြိမ်မြောက်၌လည်း ဂေါတြဘုဇော မဖြစ်နိုင်၊ အကယ်၍ ဖြစ်မည်ဆိုလျှင်လည်း မိမိ၏ရှေ့၌ရှိသော အနုလုံဇောသည် အာသေဝနပစ္စည်း ကို မရသောကြောင့် အားနည်းလေရကား မိမိ၏အခြားမဲ့၌ ကာမအန္တယ် ပုထုဇ္ဇန်အန္တယ်ကို ဖြတ်တောက်နိုင်သော ဂေါတြဘုဇော ဖြစ်မြောက်အောင် ကျေးဇူးမပြုနိုင်။ ထိုကြောင့် နှစ်ကြိမ်မြောက်မှာလည်း ဂေါတြဘုဇော မဖြစ် နိုင်ချေ။ သုံးကြိမ်မြောက် လေးကြိမ်မြောက်မှာသာလျှင် ဂေါတြဘုဇော ဖြစ် နိုင်ချေသည်။

## ကာမဇောစိတ် ၇-ပါးတို့၏ သိမှတ်ဖွယ်ရာများနှင့် အပ္ပနာဇောဖြစ်နိုင်ပုံ

ဤအရာ၌ စောဒနာဖွယ်များကို ပြဆိုဦးအံ့—ဇောတို့မည်သည် ငါးကြိမ် မြောက်မှစ၍ လျော့ကျသောခေတ်၌ တည်ကုန်၏ဟူ၍ ဆို၏။ ထိုသို့ဖြစ်ခဲ့ပါ လျှင် ငါးကြိမ်မြောက်မှစ၍ ဇောတို့၏ လျော့ကျသောခေတ်၌ အဘယ်ကြောင့် အပ္ပနာဇော ဖြစ်နိုင်ပါသနည်းဟူ၍ စောဒနာလျှင် ဤသို့ ပြောကြားရာ၏။ ဥပမာအားဖြင့် လက်ဝါးအပြင်၌ တင်၍ထားအပ်သော ကျောက်ခဲ၏ ကျသော ခေတ်ကား လက်ဝါးမှလွှတ်ကာမျှ ဌာန၌ ရှိ၏။ ထိုသို့ပင်ဖြစ်သော်လည်း လက် ၏အဟုန်ဖြင့် ထက်သန်စွာ ပစ်လိုက်သည်ရှိသော် ဝေးစွာသောအရပ်သို့လည်း ရောက်နိုင်လေ၏။ မြင့်မြောက်၍သော်လည်း သွားလေ၏။ ဤအရာ၌ ကျောက်ခဲ ၏အဟုန်သည် လက်၏အဟုန်လျှင် မူလပဓာနဖြစ်၏။ လက်အဟုန်သည်လည်း တကိုယ်လုံး၏ အားအစွမ်းလျှင် မူလပဓာန ရှိပြန်၏။ ဤဥပမာစကားရပ်၌ ကျောက်ခဲနှင့် အပ္ပနာဇော တူ၏။ ကျောက်ခဲ၏ လက်မှကျရာခေတ်နှင့် စတုတ္ထဇော၏ နောက်ကာလ တူ၏။ ပစ်လိုက်သော လက်၏အဟုန်နှင့် ဂေါ- တြဘုဇော တူ၏။ တကိုယ်လုံး၏ အားအစွမ်းနှင့် အနုလုံစသော ရှေ့ဇောများ တူ၏။ ဂေါတြဘုဇော၏ ပစ်လွှင့်မှုကြောင့် အပ္ပနာဇောတို့သည် အားရှိစွာနှင့် ကြာမြင့်စွာ ဆက်၍ဖြစ်နိုင်ကုန်သည်။ ဂေါတြဘုဇောသည်လည်း မိမိ၏ ရှေ့ရှေ့ ဇောတို့၏ ပစ္စည်းကြောင့် လွှင့်ပစ်နိုင်သော အားအစွမ်းကို ရနိုင်လေသည်။

အိပ်ရာ၌ လျောင်းစက်နိုင်ရုံသာ ရှိသေးသော သူငယ်ကလေး၏ အားအ စွမ်းနှင့် အာဒိကမ္မိကဝီထိ၌ဖြစ်သော ကာမဇောတို့၏ အားအစွမ်း တူ၏။ အရွယ်သို့ ရောက်နေသောသူ၏ အားအစွမ်းနှင့် သမာပတ္တိဝီထိ၌ ဖြစ်သော ကာမဇောတို့၏ အားအစွမ်း တူ၏။ သူငယ်ကလေးတို့ ပစ်အပ်သော ကျောက်ခဲ

သည် လက်မှ လွတ်ကာမျှဖြင့် ကျလေသကဲ့သို့ အာဒိကမ္မိကဝီထိ၌ အပ္ပနာဇော သည် တကြိမ်မျှသာဖြစ်၍ လျောကျလေ၏။ အရွယ်သို့ ရောက်၍ အားရှိသော သူတို့ ပစ်အပ်သော ကျောက်ခဲသည် ရုတ်ဘရက် မကျဘဲ ဝေးစွာသောအရပ် တို့သို့ သွားရောက်လေသကဲ့သို့ သမာပတ္တိဝီထိ၌ အပ္ပနာဇောတို့သည် ရုတ်တရက် မပြတ်မဲ့ဘဲ ရှည်မြင့်စွာ ဆက်လက်ဖြစ်ပွါးလေကုန်သည်။ မူလဋီကာဆရာသည် မူကား အပ္ပနာဈာန်သည် ဇောတို့၏ ကျရာခေတ်၌ ဖြစ်ရသော်လည်း ဘုံတပါးသို့ ကူးပြောင်းသက်ဝင်ခြင်း၊ အာရုံတပါးကို ယူခြင်း တည်းဟူသော အကြောင်း တို့ကြောင့် မလျောမကျလေဘဲ ကြာမြင့်စွာ ဆက်လက်ဖြစ်ပွါးနိုင်သည် ဟူ၍ ဆိုတော်မူ၏။

## ပထမဇော, သတ္တမဇော, အလယ်ငါးဇောတို့ အကျိုးပေးပုံ

ဤအရာ၌ ဤသို့ စောဒနာဖွယ် ရှိပြန်၏။ အဘယ်ကြောင့် ပဌမဇောစသော ဇောချားကို လျောကျသောဇောဟူ၍ ဆိုရပါသနည်း၊ လျောကျသောဇောများ မဟုတ်ပေသောကြောင့် ခွန်အား-ဗလ ရှိပေသဖြင့် သတ္တမဇောစေတနာသည် လျင်လျင်မြန်မြန် အနန္တရဘဝ၌ အကျိုးပေးသည် မဟုတ်ပါလော။ သတ္တမဇော စေတနာကိုပင် အနန္တရိယကံဟူ၍ ခေါ်ဆိုရသည် မဟုတ်ပါလော။အလယ်၌ဖြစ် သော စေတနာငါးခုတို့သည် သတ္တမဇောစေတနာလောက် အားမရှိလေသော ကြောင့် ကြာမြင့်၍ တတိယဘဝစသည်တို့၌သာ အကျိုးပေးနိုင်၏။ အနန္တရိယ ကံအဖြစ်သို့လည်း မရောက်ကြကုန်သည် မဟုတ်ပါကုန်လော ဟူမူ။ ဤသို့ မဆို အပ်ဟု တားမြစ်၍ ဖြေဆိုရာ၏။ ထင်စွာပြဆိုဦးအံ့—အကယ်၍ လျင်မြန်စွာ အကျိုးကို ပေးတတ်သောကြောင့် အားရှိသည် မဖြစ်ခဲ့ပါလျှင် ပထမဇော စေတနာသည် အလုံးစုံတို့ထက် အားရှိသည် မည်ခဲ့ရာ၏။ အဘယ်ကြောင့်နည်း ဟူမူ ထိုပထမဇောစေတနာသည် ဤပစ္စက္ခဘဝ၌ပင်လျှင် အကျိုးကို ပေးတတ် လေသောကြောင့်တည်း။ ဤအရာ၌ ဤသို့ ဆုံးဖြတ်၍ မှတ်သားရာ၏။

တနှစ်တမိုးမျှသာ အသက်ရှည်သော မြက်သစ်ပင်ကလေးတို့၏ ကြီးပွါး သီးပွင့်မှုကဲ့သို့ ပဌမဇောစေတနာ၏ သီးပွင့်မှုကို မှတ်ရာ၏။ ၂-နှစ် ၃-နှစ်မျှသာ အသက်ရှည်သော သစ်ပင်မျိုးတို့၏ ကြီးပွါးသီးပွင့်မှုကဲ့သို့ သတ္တမဇောစေတနာ ၏ သီးပွင့်မှုကို မှတ်ရာ၏။ လွန်စွာ အသက်ရှည်သော သရက်ပင်, မန်ကျည်းပင်, အုန်းပင်, ထန်းပင် စသည်တို့၏ ကြီးပွါးသီးပွင့်မှုကဲ့သို့ အလယ်ဇော ၅-ချက် စေတနာတို့၏ သီးပွင့်မှုကို မှတ်ရာ၏။ ပြဆိုအပ်သော ဥပမာစကားရပ်၌ တနှစ် တမိုးမျှ အသက်ရှည်သော မြက်သစ်ပင်မျိုးတို့မည်သည် အနှစ်သာရ မရှိကြလေ ကုန်သောကြောင့်ပင်လျှင် ရှည်မြင့်စွာ တည်ဘဲ့၍ မနေနိုင်ကြကုန်။ လွန်စွာ အားနည်းကြကုန်၏။ ထိုကြောင့် မိမိတို့ အမျိုးဇာတိအားလျော်စွာ လျင်လျင်

မြန်မြန် ပေါက်ရောက် ကြီးပွါးကြကုန်၏၊ လျင်လျင်မြန်မြန် အပွင့်အသီးကို ဆောင်ကြကုန်၏၊ လျင်မြန်စွာ ကွယ်ပျောက် ပျက်စီးကြကုန်၏၊ တခုသောနွေကာလကို ကျူးကျော်၍ ဒုတိယ မိုးကာလတိုင်အောင် မတည်နိုင်ကြလေကုန်၏။

(ဤ၌ သေသောကာလကို နွေကာလဟူ၍ မှတ်ရာ၏၊ ဒုတိယဘဝ၌ ဒုတိယ မိုးကာလဟူ၍ မှတ်ရာ၏)။

၂-နှစ် ၃-နှစ်မျှ အသက်ရှည်ကြကုန်သော သစ်ပင်မျိုးတို့မည်သည် အတော်အတန် အထိုက်အလျောက် အနှစ်သာရရှိကုန်၏၊ အတော်အတန် အားရှိ၍ ၂-နှစ် ၃-နှစ်တိုင်အောင် ခိုင်ခံ့ကြကုန်၏၊ ထိုသစ်ပင်မျိုးတို့သည် တနှစ်သာ အသက်ရှည်သော မြက်မျိုး,ကောက်စပါးမျိုးတို့ကဲ့သို့ လျင်မြန်စွာ ပေါက်ရောက် ကြီးပွါးကြသည် မဟုတ်ကုန်ဘဲ စိုက်ပျိုးသော ပထမနှစ်၌ ပေါက်ရောက်ကြီးပွါး ကြကုန်၏၊ အပွင့်အသီးတို့ကိုမူကား မဆောင်နိုင်ကြကုန်သေး၊နွေကာလတခုကို ကူးမြောက်၍ ဒုတိယနှစ် ဒုတိယမိုးကာလသို့ ကူးရောက်မှသာလျှင် အပွင့်အသီး ကို ရွက်ဆောင်နိုင်ကြကုန်၏၊ အသီးကိုဆောင်၍ ကွယ်ပျောက် ပျက်စီးကြလေကုန်၏။ လွန်စွာ အသက်ရှည်သော သရက်ပင်ကြီး, အင်ကြင်းပင်ကြီး, အုန်းပင်ကြီး,ထန်းပင်ကြီးတို့သည်မူကား လွန်စွာပင် အနှစ်သာရ ရှိကြလေကုန်၏၊ အလွန် အားရှိကြကုန်သဖြင့် ရှည်မြင့်စွာ တည်တံ့နိုင်ကြကုန်၏၊ဖြေးဖြေးနှေးနှေး ကြီးပွါးကြကုန်၏၊ တနှစ် ၂-နှစ်မျှမှ တထွာတတောင်မျှ ကြီးပွါးကြကုန်၏၊ အပွင့်အသီးကို မဆောင်နိုင်တဲ့ကုန်သေး၊ဆယ်နှစ် ဆယ့်ငါးနှစ်စသည် တိုင်ရောက်မှ သီးပွင့်ကြကုန်၍ အနှစ်တရာစသည်ဖြင့် တည်တံ့၍ အပွင့်အသီးကို ဆောင်ကြကုန်၏။

**ပဥ္စမဇော**။ ။ဤသစ်ပင်ဥပမာနှင့်အတူ ပထမဇောစေတနာသည် အချင်းခပ်သိမ်း အာသေဝနပစ္စည်းကို မရလေသောကြောင့် အနှစ်မရှိဘဲ အားအင်နည်းပါးရလေ၏။ တခုသောဘဝကို ထူတောင်ခြင်းငှါ မတတ်နိုင်ချေ။ တခုသော မရဏကာလကို လွန်၍ အကျိုးမပေးနိုင်ချေ။ ဤဘဝ၌သာလျှင် အကျိုးပေး၍သော်၎င်း အကျိုးမပေးဘဲသော်၎င်း ကုန်ဆုံးပျက်စီး ရလေတော့၏။

**သတ္တမဇော**။ ။သတ္တမဇော စေတနာသည်မူကား အာသေဝနပစ္စည်းကို ရသောကြောင့် အတော်အတန် အနှစ်သာရရှိ၍ အားအင်နှင့် ပြည့်စုံပေ၏၊ တခုသောဘဝကို ထူထောင်ခြင်းငှါ စွမ်းနိုင်ပေ၏၊ တခုသော မရဏကာလကို ကူးမြောက်၍ အကျိုးပေးနိုင်ပေ၏၊ ပထမဇောစေတနာကဲ့သို့ ရုတ်တရက် ဤဘဝ၌ အကျိုးမပေးတဲ့သေး။ဒုတိယဘဝသို့ ကျရောက်မှ အကျိုး ပေးနိုင်၏၊ အဟုန်လျော့ကျသော ဇောတို့တွင် အဆုံးစွန်သော ဇောဖြစ်၍

နေခြင်းကြောင့် ဒုတိယဖြစ်သော မရဏကာလကို လွန်၍ အကျိုး မပေးနိုင်။ ဒုတိယဘဝ၌ အကျိုးပေး၍သော်၎င်း အကျိုးမပေးဘဲသော်၎င်း ကုန်ဆုံး ပျက်စီးရလေတော့၏။

**အလယ်ဇောငါးချက်။** ။အလယ်ဇောငါးချက် စေတနာတို့သည်မူကား ကောင်းသောခေတ်၌ သန်မြန် ထက်မြက်သော အာသေဝနပစ္စည်းကို ရကြကုန်၍ အနှစ်သာရနှင့် ပြည့်စုံကြကုန်သဖြင့် လွန်စွာ အားရှိကြကုန်၏၊ သစ်ပင်ကြီးတို့နှင့်တူစွာ ရှည်မြင့်စွာ တည်ကြကုန်၍ မရဏ ကာလအမျိုးမျိုးတို့ကို ကူးပြောင်းကျော်လွှန်၍ အခွင့်သာတိုင်း အကျိုးပေး နိုင်ကြကုန်သည်။

ဤမြက်သစ်ပင်ဥပမာမှတပါး သတ္တဝါတို့၏ ဥပမာဖြင့်လည်း ပြဆိုသင့်သေး ၏၊ အမြွက်ကား— ဂဗ္ဘသေယျကဖြစ်သော အချို့သတ္တဝါမျိုးတို့သည် အသက် တိုသော ဇာတ်နှင့် ယှဉ်ကြကုန်၏၊ ထိုသတ္တဝါတို့သည် လျင်မြန်စွာ အမိဝမ်း၌ ကိန်း၍ လျင်မြန်စွာ မွေးဖွားကြကုန်၏၊ ထိုသတ္တဝါတို့၏ အင်္ဂါကြီးငယ်တို့သည် လည်း လျင်လျင်မြန်မြန် သန်မာ၍ အားအင်နှင့် ပြည့်စုံကြကုန်၏၊ ထိုသတ္တဝါ တို့နှင့်ဆိုင်သော ဣန္ဒြေတို့သည်လည်း လျင်မြန်စွာ ကြီးရင့်ကြကုန်၏၊ ယခုနေ့ပင် မွေးဖွား၍ ယခုနေ့ပင် ထနိုင် သွားနိုင် အစာစားနိုင်ကြကုန်၏၊ လျင်လျင်မြန်မြန် မိမိတို့ လိမ်မာတန်သမျှသော အရာတို့၌ လိမ်မာနားလည်ကြကုန်၏၊ လျင်လျင် မြန်မြန် အိုမင်းရင့်ရော်၍ လျင်မြန်စွာ သေခြင်းသို့ ရောက်ကြကုန်၏။ ထိုထက် အဆင့်ဆင့် အသက်ရှည်သော သတ္တဝါမျိုးတို့၏ ပဋိသန္ဓေ ကိန်းအောင်းနေမှုမှ စ၍ ကြာမြင့်ပုံများကို အဆင့်ဆင့် သိလေ။

မဟဂ္ဂုတ် ကုသိုလ်ဇောတို့သည် သတ္တမဇောအရာ၌ တည်ကြကုန်၏၊ ဥပပဇ္ဇဝေဒနီယကံအရာ၌ တည်ကြကုန်၏၊ ရှေ့၌ဖြစ်သော ပရိကမ်ဇောတို့သည် ရှည်မြင့်စွာ တည်တံ့၍ အကျိုးပေးနိုင်ကုန်သောကြောင့် သလေးစပါးနှင့် တူကုန်၏။ မဟဂ္ဂုတ်ကုသိုလ်ဇောတို့သည် ရှည်မြင့်စွာ တည်နေ၍ အကျိုးမပေး ကုန်သောကြောင့် သလေးထမင်းနှင့် တူကုန်၏။ သလေးစပါးကို နှစ်ပေါင်း များစွာ ထား၍ ခံ၏။ သလေးထမင်းကို ယနေ့က နက်ဖြန်ထား၍ မခံ၊ သိုးလေ တော့၏။

မဟဂ္ဂုတ်ကုသိုလ် စေတနာတို့သည် ဒုတိယဘဝ၌ အကျိုးပေး၍သော်၎င်း အကျိုးမပေးဘဲသော်၎င်း ကုန်ဆုံး ပျက်စီးလေကုန်၏။ ဤပစ္စက္ခဘဝ၌ပင် လျှင် အနည်းငယ်မျှ ကာမစ္ဆန္ဒစသော ဆန့်ကျင်ဘက်တရားတို့၏ နှိပ်စက် ဟန့်တားမှုကြောင့် အချင်းခပ်သိမ်း အကျိုးမပေးနိုင်ဘဲ သဉ်း၍ သွန်၍လည်း သွားတတ်ကုန်၏။ ထိုသို့သော သဘောအချက်တို့ကြောင့် မဟဂ္ဂုတ်ဇောတို့သည်

အားနည်းကုန်၏ ဟူ၍ ဆိုခြင်းငှါ ထိုက်ကုန်၏။ မဟဂ္ဂုတ်ကံတို့သည် အကျိုး ပေးရာကာလ မြဲသော အနန္တရိယကံတို့သာတည်း။ ထို့ကြောင့်ပင်လျှင် ဒုတိယ ဘဝ၌ မြဲသော အကျိုးပေး မှုရှိလေသည်။ အားရှိသောကြောင့် ဒုတိယဘဝမှာ အကျိုးပေးသည်ဟူ၍ မဆိုသင့်။

တိဟိတ်ပုဂ္ဂိုလ်တို့သာလျှင် အပ္ပနာဈာန်ကို ရနိုင်သောကြောင့် အပ္ပနာဝီထိ ဟူသမျှတို့၌ ရှေ့ဘဝင် နောက်ဘဝင်များကို တိဟိတ်ဘဝင်တို့ဟူ၍သာ မှတ်အပ်၏။

## ရှေ့ကာမဇောနှင့် နောက်အပ္ပနာဇောတို့၏ ဝေဒနာတူကြခြင်း

(၂၂၀) သောမနဿ-သောချင်း၊ ဥဥ, ချင်း၊ ယှဉ်လျှင်းကာ, ပနာ။

ဤကဗျာဖြင့် ရှေ့ကာမဇောနှင့် နောက်အပ္ပနာဇောတို့၏ တူမျှသော ဝေဒနာအချင်းချင်းအားဖြင့် အာသေဝနပစ္စည်း တပ်ပုံကို ပြဆို၏။

သောမနဿဖြစ်သော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ခု တို့နောင် ထိုက်သည့်အားလျော်စွာ သောမနဿအပ္ပနာပေါင်း ၄၀-ပါး ဖြစ်နိုင် ၏။ ဥပေက္ခာဖြစ်သော မဟာကုသိုလ် မဟာကြိယာဉာဏသမ္ပယုတ်ဇော ၄-ခုတို့ နောင် ထိုက်သည့်အားလျော်စွာ ဥပေက္ခာ အပ္ပနာပေါင်း ၁၀-ပါး ဖြစ်နိုင်၏။ ကာမဇောနှင့် အပ္ပနာဇောတို့သည် အချင်းချင်း အာသေဝနပစ္စည်း တပ်ကြ ကုန်၏။ အချင်းချင်း အာသေဝနပစ္စည်း တပ်ကြကုန်သော်လည်း ယံဝါတံဝါ ဟုတ်ဟုတ်ငြားငြား ထင်ရာပေါက်လွှတ် ပစ္စည်းတပ်ကြကုန်သည်မဟုတ်။ သော-မနဿကာမဇောသည် သောမနဿအပ္ပနာဇောအားသာလျှင် အာသေဝန ပစ္စည်း တပ်နိုင်ပေသည်။ ဥပေက္ခာကာမဇောသည် ဥပေက္ခာအပ္ပနာဇောအား သာလျှင် အာသေဝနပစ္စည်း တပ်နိုင်ပေသည်။ (ဖိုလ်အပ္ပနာဇောအားမူကား အာသေဝနပစ္စည်း မတပ်။ အနန္တရသတ္တိဖြင့်သာ ပစ္စည်းတပ်အံ၏)။

## ကာမဇောနှင့် အပ္ပနာဇောတို့ ဇာတိဘေဒအားဖြင့် အာသေဝနပစ္စည်းတပ်ပုံ

(၂၂၁) ကု,ကု,ဖိုလ်သုံး၊ ကြိ ကြိ ရုံး၊ ထက်ဆုံးနိုလ်အပါ။

ဤကဗျာဖြင့် ရှေ့ကာမဇောနှင့် နောက်အပ္ပနာဇောတို့၏ ဇာတိဘေဒ အားဖြင့် အာသေဝနပစ္စည်းတပ်ပုံကို ပြဆို၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ခုတို့နောင် ထိုက်သည့်အားလျော်စွာ ရူပကုသိုလ်အပ္ပနာ ၅-ခု၊ အရူပကုသိုလ်အပ္ပနာ ၄-ခု၊ ဈာန်ပွါး မဂ်ကုသိုလ် အပ္ပ-နာ ၂၀၊ အောက်ဖိုလ် ၃-ခု အပ္ပနာ ၁၅။ ဤသို့အားဖြင့် အပ္ပနာဇောပေါင်း ၄၄-ဖြစ်နိုင်၏။

မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ခုတို့နောင် ထိုက်သည်အားလျော်စွာ ရူပကြိယာအပ္ပနာ ၅ ခု၊ အရူပကြိယာအပ္ပနာ ၄-ခု၊ အရဟတ္တဖိုလ်အပ္ပနာ ၅-ခု။ ဤသို့အားဖြင့် အပ္ပနာဇောပေါင်း ၁၄-ပါး ဖြစ်နိုင်၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောသည် ကုသိုလ်ဖြစ်သော ရူပ, အရူပ, မဂ် အပ္ပနာတို့အား အာသေဝနသတ္တိဖြင့် ပစ္စည်းတပ်၏။ ဖိုလ်စိတ်သည်မူကား ဝိပါက်ဖြစ်၍ ဇာတ်မတူခဲ့။ ထိုကြောင့် ထိုဖိုလ်ဇောအား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်။ အနန္တရသတ္တိစသည်ဖြင့်သာ ပစ္စည်းတပ်နိုင်လေသည်။ မဟာကြိယာဉာဏသမ္ပယုတ်ဇောသည် ကြိယာဖြစ်သော ရူပ, အရူပ အပ္ပနာတို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြု၏။ အထက်ဖိုလ်အားမူကား အနန္တရသတ္တိစသည်ဖြင့်သာ ကျေးဇူးပြု၏။ အရဟတ္တဖိုလ်ဇောသည် ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်မှာ ဖြစ်သောကြောင့် မဟာကုသိုလ်နှင့် အနန္တရပစ္စည်း မဆက်နိုင်ဘဲ မဟာကြိယာနှင့်သာ ပစ္စည်းဆက်နိုင်လေသည်။

## ကာမဇောနှင့် အပ္ပနာဇောတို့ အနန္တရပစ္စည်းဆက်ပုံ

(၂၂ ) သော-ကု, နောင်ဖြစ်၊ သုံးဆဲ့နှစ်၊ ဆဲ့နှစ်-ဥကုမှာ။

(၂၂၃) သော ကြိ, နောင်-ရှစ်၊ ဥ-ကြိ-နှစ်၊ နောက်ဖြစ်-ခြောက်, ပနာ။

ဤကဗျာတို့ဖြင့် ကာမဇောနှင့် အပ္ပနာဇောတို့၏ အနန္တရပစ္စည်းဆက်ပုံကို ဝေဒနာဘေဒအားဖြင့်ရင်း ဇာတိဘေဒအားဖြင့်ရင်း သီးသန့် ပိုင်းခြား၍ ပြဆို၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿဇော ၂-ခုနောင် အပ္ပနာဇောပေါင်း ၃၂-ပါးဖြစ်၏၊ ထို ၃၂-ပါး သရုပ်ကား ရူပကုသိုလ် သောမနဿ ၄၊ မဂ် သောမနဿ ၁၆၊ အောက်ဖိုလ် ၃ ခု သောမနဿ ၁၂။ ဤ ၃၂-ပါးတို့ ပေတည်း။

မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာဇော ၂-ခုနောင် အပ္ပနာဇောပေါင်း ၁၂-ပါး ဖြစ်၏။ ထို ၁၂-ပါး သရုပ်ကား ရူပကုသိုလ် ဥပေက္ခာ ၁၊ အရူပ ကုသိုလ် ၄၊ မဂ်ဥပေက္ခာ ၄၊ အောက်ဖိုလ်သုံးခု ဥပေက္ခာ ၃။ ဤ ၁၂-ပါးတို့ ပေတည်း။

မဟာကြိယာ ဉာဏသမ္ပယုတ် သောမနဿဇော ၂-ခုနောင် အပ္ပနာဇော ပေါင်း ၈-ပါးဖြစ်၏။ ထို ၈-ပါးသရုပ်ကား ရူပကြိယာသောမနဿ ၄၊ အထက် ဖိုလ်သောမနဿ ၄။ ဤ ၈-ပါးတို့ပေတည်း။

မဟာကြိယာ ဉာဏသမ္ပယုတ် ဥပေက္ခာဇော ၂-ခုနောင် အပ္ပနာဇောပေါင်း ၆-ပါးဖြစ်၏။ ထို ၆-ပါး သရုပ်ကား ရူပကြိယာ ဥပေက္ခာ ၁၊ အရူပကြိယာ ၄၊ အထက်ဖိုလ်ဥပေက္ခာ ၁။ ဤ ၆-ပါးတို့ပေတည်း။

## ကာမဇောနောင် လောကီအပ္ပနာဇောဖြစ်ပုံ

တနည်းအားဖြင့် လောကီအပ္ပနာ, လောကုတ္တရာအပ္ပနာ နှစ်ပါး ပိုင်းခြား၍ ကာမဇောနှင့် အပ္ပနာဇောတို့၏ အနန္တရပစ္စည်းဆက်ပုံကိုဆိုလျှင် မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿဇော ၂-ခုနောင် ရူပကုသိုလ် သောမနဿ လေးခုသာ ဖြစ်နိုင်၏။ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာဇော ၂-ခုနောင် ရူပကုသိုလ် ဥပေက္ခာ ၁၊ အရူပကုသိုလ် ၄။ ဤသို့အားဖြင့် အပ္ပနာဇော ၅-ပါး ဖြစ်နိုင်၏။ မဟာကြိယာ ဉာဏသမ္ပယုတ် သောမနဿ ဇော ၂-ခုနောင် ရူပကြိယာ သောမနဿ ၄-ခုသာ ဖြစ်နိုင်၏။ မဟာကြိယာ ဉာဏသမ္ပယုတ် ဥပေက္ခာဇော ၂-ခုနောင် ရူပကြိယာ ဥပေက္ခာ ၁၊ အရူပကြိယာ ၄။ ဤသို့ အားဖြင့် အပ္ပနာဇော ၅-ပါး ဖြစ်နိုင်၏။

"သော-ကု,နောင်ရှု၊ ဈာန်လေးခု၊ ဥ ကု,နောက်ဈာန်ငါး"
သော ကြိ,နောင်ရှု၊ ဈာန်လေးခု၊ ဥ ကြိ,နောက်ဈာန်ငါး"

ဤကား လောကီ အပ္ပနာအတွက် ပေတည်း။

## ကာမဇောနောင် လောကုတ္တရာအပ္ပနာဇောတို့ ဖြစ်ပုံ

လောကုတ္တရာအပ္ပနာနှင့် ပစ္စည်းဆက်ပုံမှာ မဟာကုသိုလ်ပထမဒွေး နောင် မဂ်သောမနဿ ၁၆၊ အောက်ဖိုလ် ၃ ခု သောမနဿ ၁၂၊ ဤသို့အားဖြင့် အပ္ပနာပေါင်း ၂၈-ပါးဖြစ်၏။ မဟာကုသိုလ် တတိယဒွေးနောင် မဂ်ဥပေက္ခာ ၄၊ အောက်ဖိုလ် ၃ ခု၏ ဥပေက္ခာ ၃။ ဤသို့အားဖြင့် အပ္ပနာပေါင်း ၇-ပါး ဖြစ်၏။ မဟာကြိယာ ပထမဒွေးနောင် အထက်ဖိုလ် သောမနဿလေးပါး ဖြစ်၏။ မဟာကြိယာ တတိယဒွေးနောင် အထက်ဖိုလ် ဥပေက္ခာဇော ၁ ခုသာ ဖြစ်၏။

"သော-ကု,နောက်မှာ၊ ၄၀ဝီသာ၊ သတ္တာ ဥ,ကုနောက်"
သော-ကြိ,နောက်မှာ၊ လေးခုသာ၊ ကော-ဥ,ကြိ,နောက်"

## အပ္ပနာဇောတို့၏ ရှေ့၌ဖြစ်သည့် ကာမဇောအသီးသီး

တနည်းမှာ လောကီအပ္ပနာဇော ၁၀၊ သောတာပတ္တိမဂ်ဇော ၅ ခုတို့၏ ရှေ့မှာ ဂေါတြဘုဇော ဖြစ်၏။

အထက်မဂ်ဇော ၁၅ ခုတို့၏ ရှေ့မှာ ဝေါဒါန်ဇော ဖြစ်၏။

ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇော ၂၀ တို့၏ရှေ့မှာ အနုလုံဇော ဖြစ်၏။

ထိုကြောင့် ဂေါတြဘုဇောသည် ၂၃-ပါးသော အပ္ပနာဇောတို့အား အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဝေါဒါန်သည် ၁၅-ပါးသော အပ္ပနာဇောတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

အနုလုံဇောသည် ၂၀ သော အပ္ပနာဇောတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူ ပြု၏ဟူ၍ ခွဲဝေရာသေး၏။

> "ဂေါ့နောင်-တေဝီ၊ ဆဲ့ငါးလီ ဝေါ၊ နု့ဇောနောက်ဝယ်၊ဖိုလ်နှစ်ဆယ်၊ ကျဘွယ် အပ္ပနာ"။

အပ္ပနာဝီထိအရာ၌ ဂေါ၀ါရဝီထိပေါင်း ၂၃၊ ဝေါဝါရဝီထိပေါင်း ၁၅၊ အနုလုံဝါရဝီထိပေါင်း ၂၀ ကိုလည်း သိရာ၏။

အပ္ပနာဇောဝါရ ပြီး၏။

---

## အပ္ပနာဇဝန နိယမ

(၂၂၄)　အာဒိကမ္မ' မဂ်,ဘိညာ၊ ရောဓ,ဆုံး ကော။

(၂၂၅)　မဂ်နောင် ဖိုလ်,လေး၊ နှစ်,သုံးရေး၊ နိ ရှေး နေ-နှစ်,သာ။

ဤကဗျာတို့ဖြင့် အပ္ပနာဇောတို့၏ ဖြစ်ပုံ အကြိမ်ကို ပြဆိုတော်မူ၏။

အာဒိကမ္မိကဝီထိ၌ စျာန်ဇောသည် တကြိမ်သာ ကျ၏။ ရူပ,အရူပတို့၌သာ အာဒိကမ္မိကဝီထိကို ရအပ်၏။ လောကုတ္တရာ အပ္ပနာတို့၌ အာဒိကမ္မိကဝီထိကို မရအပ်။

မဂ်ဇော,အဘိညာဉ်ဇောတို့သည်လည်း တကြိမ်သာ ကျကုန်၏။

နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော အရဟတ္တဖိုလ်ဇော တို့သည်လည်း တကြိမ်သာ ကျကုန်၏။

မဂ္ဂဝီထိ၌ မဂ်စိတ်နောင်ကျသော ဖိုလ်ဇောတို့သည် ၂-ကြိမ်သော်၎င်း, ၃-ကြိမ်သော်၎င်း ကျကုန်၏။

နိရောဓသမာပတ်၏ ရှေ့အဘို့၌ ဖြစ်သော နေဝသညာနာသညာယတနဇော တို့သည် ၂-ကြိမ်သာ ကျကုန်၏။

**အာဒိကမ္မိကဝီထိ။** ။အားထုတ်မှု ပယောဂအတွက်နှင့် ရှေးဦးစွာ ရခါစဖြစ်သောစျာန်သည် အာဒိကမ္မိကစျာန် မည်၏။ ထိုအာဒိကမ္မိကစျာန်၏ ပေါ်ရာဖြစ်သော ဝီထိသည် အာဒိကမ္မိကအပ္ပနာဝီထိ မည်၏။ "အာဒိကမ္မိက"ဟူသောပုဒ်၌ "အာဒိကမ္မေ လဒ္ဓန္တိ အာဒိကမ္မိကံ"။ အာဒိကမ္မေ၊ အစအမှု၌။ ဝါ၊ စ၍အားထုတ်မှု၌။ လဒ္ဓံ၊ ရအပ်သောစျာန်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာဒိကမ္မိကံ၊ အာဒိကမ္မိက မည်၏။ ရှေးဦးစွာ ရအပ်သော စျာန်ကို ရစေ။

အာဒိကမ္မိကဝီထိပုံကား—စလနဘဝင်, ဥပစ္ဆေဒဘဝင်, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု၊ ထိုနောင် စျာန်ဇောတကြိမ်၊ ထိုနောင် တိဟိတ်ဘဝင်အများ။ ဤကား မန္ဒပုဂ္ဂိုလ်၏ အာဒိကမ္မိကဝီထိပုံတည်း။ စျာန်နေရာ၌ မဟဂ္ဂုတ်ကုသိုလ်စျာန် ၉-ပါး၊ ကြိယာစျာန် ၉-ပါးတို့တွင် ထိုက်သည့်အားလျော်စွာ တခုခုကို ချလေ။

**အာဒိကမ္မိကဝီထိစိတ်တို့၏အာရုံ။** ။အာရုံပြုပုံမှာ ရူပါဝစရစျာန်တို့သည် ပဋိဘာဂနိမိတ်အာရုံကို အာရုံပြုကုန်၏။ အရူပစျာန်တို့၏ အာရုံပြုပုံမှာ မိမိတို့၏အမည်အားဖြင့် ထင်ရှားလေပြီ၊ ရှေ့ဘဝင် နောက်ဘဝင်တို့သည် မိမိတို့ ပြုမြဲတိုင်းသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်, သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။

အာဒိကမ္မိကအပ္ပနာကို ပဌမအပ္ပနာဟူ၍လည်း ဆိုရသေး၏။ ဤအာဒိကမ္မိကဝီထိ၌ အလုံးစုံသော မဟဂ္ဂုတ်ဇောတို့သည် မရောက်ဘူးသောအရာသစ်သို့ ရောက်လာသော ဧည့်သည်ကဲ့သို့ လွန်စွာ အားနည်းကုန်၏။ တဖန် အာသေဝနပစ္စည်းပြုရန် မစွမ်းနိုင်ကုန်၊ ထို့ကြောင့် တကြိမ်မျှသာ ဖြစ်ကြလေကုန်သည်။

**သောတာပတ္တိမဂ္ဂဝီထိ။** ။မင်္ဂလေးပါးတို့တွင် သောတာပတ္တိမဂ္ဂဝီထိပုံကား— စလနဘဝင်,ဥပစ္ဆေဒဘဝင်,မနောဒွါရာဝဇ္ဇန်း,ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု၊ ထိုနောင် သောတာပတ္တိမဂ်ဇောတကြိမ်, ထိုနောင် သောတာပတ္တိဖိုလ်ဇောနှစ်ကြိမ်၊ ထိုနောင် ပဉ္စဝေါကာရ တိဟိတ်ဘဝင်အများ။ ဤကား မန္ဒပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိပုံတည်း။

စလနဘဝင်, ဥပစ္ဆေဒဘဝင်, မနောဒွါရာဝဇ္ဇန်း, ဥပစာ, အနုလုံ, ဂေါတြဘု၊ ထိုနောင် သောတာပတ္တိမဂ်ဇော တကြိမ်၊ ထိုနောင် သောတာပတ္တိဖိုလ်ဇော သုံးကြိမ်၊ ထိုနောင် ပဉ္စဝေါကာရ တိဟိတ်ဘဝင်အများ၊ ဤကား တိက္ခပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂ ဝီထိပုံတည်း။

မန္ဒပုဂ္ဂိုလ်မှာ ရှေ့ကာမဇော ၄-ကြိမ် ကျ၏။ နောက် ဖိုလ်ဇော ၂-ကြိမ်ကျသည်။ တိက္ခပုဂ္ဂိုလ်မှာ ရှေ့ကာမဇော ၃-ကြိမ်ကျ၍ နောက် ဖိုလ်ဇော ၃-ကြိမ်ကျသည်။

မဂ္ဂဝီထိ၌ ဇောအကြိမ်ပေါင်းကို ရေတွက်လျှင် ၇-ကြိမ်သာ ဖြစ်၏။

**မဂ္ဂဝီထိစိတ်တို့၏ အာရုံပြုပုံ။** ။အာရုံပြုပုံမှာ အာဝဇ္ဇန်းအစ အနုလုံအဆုံး ရှိသော ဝီထိစိတ်တို့သည် တေဘူမကသင်္ခါရတို့၏ အနိစ္စအစရှိသော လက္ခဏာရေးသုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏၊ ဂေါတြဘုဇော, မဂ်ဇော, ဖိုလ်ဇောတို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။

**သကဒါဂါမိမဂ္ဂဝီထိစသည်။** ။သကဒါဂါမိမဂ် အစရှိသော အထက်မဂ်ဝီထိတို့၌ကား ဂေါတြဘုနေရာတွင် ဝေါဒါန်ဟူ၍ ဆိုရသည်။ ဝီထိပုံ အမြွက်ကား—စလနဘဝင်, ဥပစ္ဆေဒဘဝင်, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဝေါဒါန်, ထိုနောင် သကဒါဂါမိမဂ်ဇော တကြိမ်၊ ထိုနောင် သကဒါဂါမိဖိုလ်ဇော နှစ်ကြိမ်၊ ထိုနောင် တဒိတ်ဘဝင် အများ၊ ဤကား မန္ဒပုဂ္ဂိုလ်၏ သကဒါဂါမိမဂ္ဂဝီထိပုံတည်း။

"ဝေါဒါန"ကို "ဝေါဒါန်"ဟူ၍ ဆိုရသည်။ "ဝိသေသေန ဒြဒါတန္တိ ဝေါဒါနံ"။ ဝိသေသေန၊ အထူးသဖြင့်။ ဒြဒါတံ၊ ဖြူစင်သည်တည်း။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဝေါဒါနံ၊ ဝေါဒါန် မည်၏။ အထူးသဖြင့် တိုးတက်၍ ဖြူစင်သန့်ရှင်းသော ဇောကို ဝေါဒါန်ဇောဟူ၍ ခေါ်သည်။

**မဂ်ဇောတကြိမ်သာကျခြင်း။** ။မဂ်ဇောတို့သည် မိမိတို့နှင့် သက်ဆိုင်သော ကိလေသာကို သတ်ရခြင်းကိစ္စအတွက်နှင့်သာ ဖြစ်ပေါ်ကြကုန်၏။ မိုးကြိုးစက်သည် တချက်တကြိမ်မျှ ကျရောက်လျှင်ပင် ပြုဘွယ်ကိစ္စ ဟူသမျှတို့ကို ပြီးဆုံးစေသောကြောင့် တဖန်ထပ်၍ ကျဘွယ်ကိစ္စ မရှိလေသကဲ့သို့ ထို့အတူ မဂ်ဇောသည်လည်း တကြိမ်ကျကာမျှနှင့် မိမိနှင့် သက်ဆိုင်သမျှသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်လေ၏။ တဖန် ထပ်မံ၍ ကျဘွယ် မရှိ။ ထို့ကြောင့် မဂ်ဇောတို့သည် တကြိမ်သာကျလေ့ရှိကြကုန်၏။ အဓိပ္ပါယ် တနည်းသော်ကား-မဂ်၌ပါရှိသောစေတနာသည် မိမိ၏အခြားမဲ့၌ ဖိုလ်တည်းဟူသော အကျိုးကို ပေးမြဲဖြစ်၏။ မိမိ တကြိမ်ဖြစ်ပြီးလျှင်ပင် ဖိုလ်ဇော ဖြစ်ပေါ်လာရတော့၏။ နှစ်ကြိမ် သုံးကြိမ်စသည်ဖြင့် ထပ်မံ၍ဖြစ်ဘွယ် အခွင့်မရှိ၊ ထို့ကြောင့်လည်း မဂ်ဇောတို့သည် တကြိမ်သာ ဖြစ်လေ့ ရှိကြလေကုန်သည်။

**အဘိညာဏ်ဝီထိ**၌ အဘိညာဏ်ဇောသည်လည်း ၁-ကြိမ်သာ ကျ၏။ အဘိညာဏ်ဝီထိပုံကား—

(၆၄၇) "ပါဒကစျာန်၊ အဓိဋ္ဌာန်နှင့်၊ တဖန်ပါဒက၊ စတုတ္ထ၊ ကျတုံ့ အဘိညာ" ဟူသည်နှင့်အညီ အဓိဋ္ဌာန်၏ အခြေပါဒကဖြစ်သော အဓိဋ္ဌာန်ပါဒက ပဥ္စမ စျာန်ဝီထိ တခု၊ ထိုနောင် အလိုရှိသောအတိုင်း ဓိဋ္ဌာန်သော ကာမဇောဝါရ အဓိဋ္ဌာန်ဝီထိ တခု၊ ထိုနောင် အဘိညာဏ်၏ အခြေဖြစ်သော အဘိညာပါဒက ပဥ္စမစျာန်ဝီထိ တခု။ ဤဝီထိသုံးခုကို ရှေးဦးစွာ ချရာ၏။ ထို့နောက် စတုတ္ထ မြောက်မှာမှ အဘိညာဏ်ဝီထိ ဖြစ်ပေါ်၏။

စလနဘဝင်, ဥပစ္ဆေဒဘဝင်, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု၊ ထိုနောင် အဘိညာဏ်ဇောတကြိမ်၊ ထိုနောင် တိဟိတ်ဘဝင် အများ၊ ဤကား မန္ဒပုဂ္ဂိုလ်၏ အဘိညာဏ်ဝီထိပုံ တည်း။

ပုထုဇ္ဇန်သေက္ခဖြစ်လျှင် ကုသိုလ်အဘိညာဏ်ဇောကို ချ။ ရဟန္တာဖြစ်လျှင် ကြိယာအဘိညာဏ်ဇောကို ချ။ အာရုံမှာ ပကိဏ်းပိုင်းတွင် ပြဆိုအပ်ပြီးသော အတိုင်း ထိုက်သည့်အားလျော်စွာ အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံ ပြု၏။

အဘိညာဏ်ဇောတို့သည် ကောင်းကင်မြေလျှိုး တန်ခိုးအမျိုးမျိုး ဖန်ဆင်း ခြင်း အစရှိသော ကိစ္စများကို ဆောင်ရွက်ခြင်း အကျိုးငှါသာလျှင် ဖြစ်ပေါ် ကြရကုန်၏။ မိမိဆောင်ရွက်ဘွယ် ကိစ္စပြီးစီးလျှင်လည်း ထပ်မံ၍ ဖြစ်ဘွယ်မရှိ။ တကြိမ်ဖြစ်ပေါ်လျှင်လည်း တန်ခိုးအမျိုးမျိုးတို့ကို ပြီးစီးထမြောက်စေနိုင်၏။ ထို့ကြောင့် အဘိညာဏ်ဇောသည်လည်း တကြိမ်သာ ဖြစ်ရလေသည်။

အဘိညာ၌ "အဘိဇာနာတီတိ အဘိညာ"။ အဘိဇာနာတိ၊ လွန်လွန်ကဲကဲ သိမြင်ပေါက်ရောက်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဘိညာ၊ အဘိညာ မည်၏။

**နိရောဓသမာပတ္တိဝီထိ**ကိုချသောအခါ ပထမစျာန်မှစ၍ အာကိဉ္စညာယတန စျာန်တိုင်အောင် အစဉ်အတိုင်း စျာနသမာပတ္တိဝီထိတို့ကို ချရာ၏။ စျာနဝီထိ တခုခု၏ အဆုံးအဆုံး၌လည်း ထိုစျာန်၌ပါရှိသော သင်္ခါရတရားတို့ကို အနု လောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်သော ကာမဇောဝါရပစ္စ ဝေက္ခဏာဝီထိတို့ကို ချရာ၏။

အာကိဉ္စညာယတနစျာန်ကို ဝင်စားပြီးသောအခါ၌မူကား ပုဗ္ဗကိစ္စလေးပါး ကို ပြီးစီးအောင် စီမံရွက်ဆောင်ပြီးလျှင် နေဝသညာနာသညာယတနစျာန်ကို ဝင်စားရာ၏။ နေဝသညာနာသညာယတနဇော နှစ်ကြိမ်ကျပြီးလျှင် စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်မှုဟုဆိုအပ်သော နိရောဓသမာပတ်သို့ ဆိုက် ရောက်လေ၏။

ထိုနိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ဖြစ်လျှင် အနာဂါမိဖိုလ်ဇော တကြိမ်၊ ရဟန္တာဖြစ်လျှင် အရဟတ္တဖိုလ်ဇောတကြိမ် ဖြစ်၏။ ထိုနောင် မိမိတို့၏ တိဟိတ်ဘဝင် ကျလေ၏။

ဝီထိပုံကား စလနဘဝင်, ဥပစ္ဆေဒဘဝင်, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု၊ ထိုနောင် နေဝသညာနာသညာယတနဇော ၂-ကြိမ်၊ ထိုနောင် နိရောဓသမာပတ္တိ၊ ထိုနောင် အနာဂါမိဖိုလ်ဇောတကြိမ်၊ သို့မဟုတ် အရဟတ္တဖိုလ်ဇော တကြိမ်၊ ထိုနောင် တိဟိတ် ဘဝင်အများ။ ဤကား မန္ဒပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝီထိပုံတည်း။

**နိရောဓသမာပတ္တိ၌**"နိရုဇ္ဈနံ နိရောဓော"။ နိရုဇ္ဈနံ၊ စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်မှုသည်။ နိရောဓော၊ နိရောဓမည်၏။ "နိရောဓဿ သမာပဇ္ဇနံ နိရောဓသမာပတ္တိ"။နိရောဓဿ၊ နိရောဓသမာပတ်ကို။ သမာပဇ္ဇနံ၊ ဝင်စားခြင်းတည်း။ နိရောဓသမာပတ္တိ၊ နိရောဓသမာပတ်ကို ဝင်စားခြင်း။ ဝီထိကိုရစေလိုလျှင် "နိရောဓံ သမာပဇ္ဇန္တိ ဧတာယာတိ နိရောဓသမာပတ္တိ"ဟူ၍ ဝိဂ္ဂဟ်ဆိုလေ။ "နိရုဇ္ဈနေနွစ်သာ"ဆိုသည်ကား နိရောဓသမာပတ်၏ ရှေ့၌ကျသော နေဝသညာနာသညာယတနဇောကို ၂-ကြိမ်ချရမည်ဟု ဆိုသည်။ "ရောဓဆုံးဓော"ဆိုသည်ကား နိရောဓသမာတ်၏အဆုံး အနာဂါမိဖိုလ်ဇော အရဟတ္တဖိုလ်ဇောတို့ကို တကြိမ်သာ ချရမည်ဟု ဆို၏။"ဓေကဝါ ဒွေဝါ စိတ္တဝါရေ အတိက္ကမိတွာ အစိတ္တကော ဟောတိ"ဟူ၍ အဋ္ဌကထာ၌ ဆိုသောကြောင့် နိရောဓသမာပတ်၏ ရှေ့၌ နေဝသညာ နာသညာယတနဇောကို တကြိမ်သော်၎င်း,နှစ်ကြိမ်သော်၎င်း ချသင့်သည်ဟု သိရာ၏။ နှစ်ကြိမ်ချရမည်ဆိုသော စကားသည်ကား ဥက္ကဋ္ဌ-ပရိစ္ဆေဒနည်းအားဖြင့် ဆိုသော စကားပေတည်း။ အနာဂါမ်ဖြစ်လျှင် ကုသိုလ်ဖြစ်သော နေဝသညာနာသညာယတနဇောကို ချရာ၏။ ရဟန္တာဖြစ်လျှင် ကြိယာဖြစ်သော နေဝသညာ နာသညာယတန ဇောကို ချရာ၏။ ဝိသုဒ္ဓိမဂ်ဋီကာ၌ကား "နိရောဓာ ဝုဋ္ဌဟန္တဿ ဒွိက္ခတ္တုံ ဥပ္ပဇ္ဇတိ"ဟူ၍ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇောတို့၏ နှစ်ကြိမ်ဖြစ်မှုကိုလည်း ဆိုသေး၏။

ဤအရာ၌ အပ္ပနာဇောတို့၏ အကြိမ်ကို သိစိမ့်သောငှါ ဝီထိပုံကို အမြွက်မျှပြဆိုလိုက်ပေသည်။ အာရုံပြုပုံ, မိုရာဝတ္ထုရွေးချယ်ပုံ, ဘဝင်ရွေးချယ်ပုံများနှင့် တကွ အပ္ပနာဝီထိပုံအချိုးမျိုးကို ကျယ်ဝန်းစွာ "ဝီထိမဉ္ဇရီ"ကျမ်း၌ ဆိုအပ်လေပြီ။

## သမာပတ္တိဝီထိများ

(၂၂၆) ဆိုပြီးသည့်၊ ကြွင်းသမျှ၊ များလှကြိမ်ပနာ။

ဤကဗျာဖြင့် ယခင်ပြဆိုအပ်ပြီးသော အပ္ပနာဝီထိတို့မှ တပါးသော ဈာန သမာပတ္တိဝီထိ၊ ဖလသမာပတ္တိဝီထိတို့၌ အပ္ပနာဇောတို့သည် အမှတ်မရှိ အကြိမ် ပေါင်းများစွာ ကျကုန်၏ဟူ၍ ပြဆိုတော်မူ၏။

**ဈာနသမာပတ္တိဝီထိ။** ။ဈာန်ဝင်စားသော ဝီထိသည် ဈာနသမာပတ္တိဝီထိ မည်၏။ ဝီထိပုံကား စလနဘဝင်၊ ဥပစ္ဆေဒဘဝင်၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ထိုနောင် ဈာန်ဇော အကြိမ်များစွာ ထိုနောင် တဒါလမ္ဘဘဝင် အချား။ ဤကား မန္ဒပုဂ္ဂိုလ်၏ ဈာနသမာပတ္တိဝီထိပုံတည်း။ ဤဈာနသမာပတ္တိဝီထိ၌ ဈာန်ဇောတို့သည် ဘဝင် အယဉ်ကဲ့သို့ အမှတ်မရှိ များစွာ ဖြစ်ပွါးကုန်၏။ အနီးအပါး ဘဝတို့၌ ဈာန်ကို ရဘူးသော လက်စ မရှိကုန်သော အကတာဓိကာရပုဂ္ဂိုလ်တို့၏ ဈာနသမာပတ္တိ ဝီထိမှာ ဈာန်ဇောတို့သည် အဦးအစ၌ နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ်မှစ၍ အစဉ်အတိုင်း အဆင့်ဆင့် ပွါးတိုး၍ ဖြစ်ကြကုန်လိမ့်မည်။ အနီးအပါးဘဝတို့၌ ဈာန်ကိုရဘူးသော လက်စရှိကြကုန်သော ကတာဓိကာရ မဟာပုရိသာဇာနေ- ယျ ပုဂ္ဂိုလ်တို့၏ ဈာနသမာပတ္တိဝီထိမှာမူကား ဈာန်ကိုရပြီးသော ကာလမှစ၍ ဝသီဘော်မြောက်ကြသော ဈာန်ဇောတို့သည် အကြိမ်များစွာပင် ဖြစ်ကြကုန် လိမ့်မည်။ ဘဝင်အယဉ်ကဲ့သို့ အကြိမ်များစွာ ဖြစ်ကုန်၏ဟု ဆိုသောစကားသည် ဝသီဘော်မြောက်သော ဈာန်တို့ကိုသာ ရည်၍ဆိုပေသည်။ ။ဈာနသမာပတ္တိ- ဝီထိ ပြီး၏။

**ဖလသမာပတ္တိဝီထိ။** ။ဖိုလ်ကို ဝင်စားသော ဝီထိသည် ဖလသမာပတ္တိဝီထိ မည်၏။ ဝီထိပုံကား စလနဘဝင်၊ ဥပစ္ဆေဒဘဝင်၊ မနောဒွါရာဝဇ္ဇန်း၊ မန္ဒပုဂ္ဂိုလ်မှာ အနုလုံဇော လေးကြိမ်၊ တိက္ခပုဂ္ဂိုလ်မှာ အနုလုံဇော သုံးကြိမ်၊ ထိုနောင် ဖိုလ်ဇော အကြိမ်များစွာ၊ ထိုနောင် တဒါလမ္ဘ ဘဝင် အများ။ ဤကား ဖလသမာပတ္တိ ဝီထိပုံတည်း။

"အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ သေက္ခာနံ အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော"။

ဟူသော ပဋ္ဌာန်းပါဠိတော်ကို ထောက်၍ ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇော၏ ရှေ့၌ဖြစ်သော ကာမဇောများကို အနုလုံဇောဟူ၍ ဆိုရလေသည်။အာဝဇ္ဇန်းနှင့် အနုလုံဇောတို့သည် သင်္ခါရတရားတို့၏ သင်္ခတလက္ခဏာတို့ကို အာရုံပြုကုန်၏။ ဖိုလ်ဇောတို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ။ဖလသမာပတ္တိဝီထိ ပြီး၏။

အပ္ပနာဇဝနနိယမ ပြီး၏။

## ဘုံ၌ စိတ်ရပုံ

(၂၂၇) **မဟဂ်ဝိကြဉ်၊ ကာမတွင်၊ စိတ်လျှင် ရှစ်ဆယ်ရ။**

**ကာမဘုံ၌စိတ်ရ။** ။ကာမဘုံမှာ မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးကို ကြဉ်၍ စိတ်ပေါင်း ၈၀-တို့ကို ရအပ်ကုန်၏။ မဟဂ္ဂုတ် ဝိပါက်စိတ်တို့သည် ရူပ, အရူပ ဗြဟ္မာတို့နှင့်သာ ဆိုင်သော ပဋိသန္ဓေ, ဘဝင်, စုတိစိတ်များ ဖြစ်ကြလေကုန်သောကြောင့် ကာမဘုံ၌ ထိုမဟဂ္ဂုတ်ဝိပါက်တို့ကို မရအပ်ပေ။

(၂၂၈) **ဆ,ဃာနာဒိ၊ မဟာဒိ-ရှစ်၊ဒေါ-နှစ်,တမူ၊ အရူ-ဝိ,လေး၊ ကြဉ်ရေးနှစ်ဆယ်၊ ဆနော ကြွယ်၊ ခြောက်ဆယ်ကိုးရူပ။**

**ရူပဘုံ၌စိတ်ရ။** ။အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံတို့၌ ဃာနဝိညာဏ်ဒွေး, ဇိဝှါဝိညာဏ်ဒွေး, ကာယဝိညာဏ်ဒွေး, ဒေါသမူဒွေး, မဟာဝိပါက်ရှစ်ပါး, အရူပဝိပါက် ၄-ပါး၊ ဤစိတ်ပေါင်း ၂၀-တို့ကို ကြဉ်၍ ၆၉-ပါးသော စိတ်ဘို့ကို ရအပ်ကုန်၏။ ရူပဘုံတို့မှာ ဃာနပသာဒရုပ် စသည်တို့ မရှိကြကုန်သောကြောင့် ဃာနဝိညာဏ် စသည်တို့ကို မရအပ်ကုန်၊ ဃာနဝိညာဏ်ဝီထိ စသည်တို့ကိုလည်း မရအပ်ကုန်။ မဟာဝိပါက်ရှစ်ပါးတို့သည် ကာမဘုံနှင့်သာ ဆိုင်သော အသီးအခြား စိတ်များ ဖြစ်ကြကုန်သောကြောင့် ရူပဘုံတို့၌ မဖြစ်နိုင်ကြကုန်။ ဘုံအားဖြင့် ဒေါသကိုပယ်အပ်သော ဒေါသမူဒွေးကို ရူပဘုံတို့၌ မရအပ်၊ အရူပဝိပါက်လေးခုတို့သည် အရူပဗြဟ္မာတို့၌သာ ဖြစ်သောကြောင့် ရူပဘုံ၌ မဖြစ်ကြကုန်။

(၂၂၉) **ဝဋ္ဋုရူပ်ဝိ၊ မှိမမှိ-လစ်၊ လေးဆယ်နှစ်ဟူ၊အရူ-ဝိ, လေး၊ ပေါင်းထွေးတုံနောက်၊ လေးဆဲ့ခြောက်၊ရမြောက်-အရူပ။**

ဤကဗျာဖြင့် အရူပဘုံ၌ရရှိသော စိတ်ပေါင်း ၄၆-ပါးတို့ကို ပြဆိုတော်မူ၏။

**အရူပဘုံ၌စိတ်ရ။** ။လောဘမူ ၈၊ မောဟမူ ၂၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၈၊မဟာကြိယာ ၈၊ အရူပစိတ် ၁၂၊ သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာစိတ် ၇-ပါး၊ ဤ စိတ်ပေါင်း ၄၆-ပါးတို့ကို အရူပဘုံ၌ ရအပ်ကုန်၏။

ထိုအရူပဘုံ၌ ပဉ္စပသာဒ မရှိကြကုန်သောကြောင့် ဒွေပဉ္စဝိညာဏ် ၁၀-တို့ကို မရအပ်ကုန်၊ ပဉ္စဒွါရဝီထိ တို့ကိုလည်း မရအပ်ကုန်၊ ပဉ္စဒွါရဝီထိကို မရအပ်သောကြောင့် ထိုပဉ္စဒွါရဝီထိနှင့်သာ ဆိုင်သော မနောဓာတ် ၃-ခုတို့ကိုလည်း မရအပ်လေကုန်။

အရူပဘုံ၌ ရယ်ဘွယ်ကိစ္စ မရှိသောကြောင့် ဟသိတုပ္ပါဒ်စိတ်ကို မရအပ်ပေ၊ ရူပဈာန်တို့ကို စွန့်လွှတ်လိုလှသဖြင့် အရူပဈာန်ကို ပွါးများ အားထုတ်ရလေသည်ဖြစ်ရကား ထိုရူပါဝစရစိတ်တို့ကိုလည်း အရူပဘုံတို့၌ မရအပ်ကုန်။

သူတပါးတို့၏ တရားစကားသံကို ကြားရမှသာလျှင် သောတာပတ္တိမဂ်ဉာဏ်ကို ရနိုင်၏၊ ထိုကြောင့် သောတာပတ္တိမဂ်သည် 'ပရတောဃောသ' တည်းဟူသော ပစ္စည်းရှိ၏၊ အရူပဘုံ၌မူကား 'ပရတောဃောသ' ပစ္စည်းကို ရနိုင်ရန် ဒွါရပင် မရှိချေ၊ ထိုကြောင့် ပရတောဃောသပစ္စည်းကို မရနိုင်၊ ထိုကြောင့်လည်း သောတာပတ္တိမဂ်စိတ်ကို မရအပ်လေ၊ ပကိဏ်းပိုင်း ဝတ္ထုသင်္ဂဟ၌လည်း ဤအကြောင်းမျိုးကို ပြဆိုအပ်လေပြီ။

ဤအရာ၌ ကြံဘွယ်ရှိသည်ကား ပြဟ္မာပြည်၌သော်၎င်း အထက်ဖြစ်သော ကာမာဝစရနတ်ပြည်တို့၌သော်၎င်း အနိဋ္ဌာရုံတို့မည်သည် တစုံတရာမျှ မရှိကြလေကုန်၊ ထိုကြောင့် ထိုပြဟ္မာဘုံ, နတ်ဘုံတို့၌ အကုသလဝိပါက်စိတ်တို့ကို ဘယ်သို့ ရအပ်ကုန်ပါသနည်း ဟူငြားအံ့၊ ထိုနတ်ပြဟ္မာတို့သည် မိမိတို့ဘုံ၌ တည်နေကုန်လျက် ဤလူ့ဘုံ၌ရှိသော အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံပေါင်းဖော်မိသောအခါတို့၌၎င်း ဤလူ့ဘုံသို့ လာကြကုန်၍ အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံသောအခါတို့၌၎င်း အကုသလဝိပါက်တို့ကို ရအပ်ကုန်၏ဟူ၍ မှတ်အပ်၏။

ဘုံ၌ စိတ်ရပုံပြီး၏။

---

## ဘုံ၌ ပုဂ္ဂိုလ်ရပုံ

(၂၃၀) ဒု,သု,ဒွိ,တိ၊ အရိယာ-ရှစ်၊ တကျိပ်နှစ်,ပြားလစ် ဝါကရာ။

ဤကဗျာဖြင့် ပုဂ္ဂိုလ်အကျဉ်း ၁၂-ယောက်နှင့် ပုဂ္ဂိုလ်အကျယ် ၂၁၄-ယောက်တို့ကို ပြဆိုတော်မူ၏။

ပုဂ္ဂိုလ် ၁၂-ပါး။ ။ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ် ပုဂ္ဂိုလ်၊ ဤကား ပုထုဇ္ဇန်ပုဂ္ဂိုလ် လေးယောက်တို့တည်း။

သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ။ပ။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ ဤကား မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့တည်း။

သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်။ပ။ အရဟတ္တဖဋ္ဌာန်ပုဂ္ဂိုလ်၊ ဤကား ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့တည်း။ ပေါင်းလျှင် အရိယာရှစ်ယောက်ဖြစ်၏။

အလုံးစုံပေါင်းလျှင် ပုဂ္ဂိုလ် ၁၂-ယောက်ဖြစ်၏။

**သေက္ခအသေက္ခ**။ ။အရိယာရှစ်ယောက်တွင် အရဟတ္တဖိုလ်ပုဂ္ဂိုလ်ကို အသေက္ခ-ပုဂ္ဂိုလ်ဟူ၍၎င်း, ရဟန္တာပုဂ္ဂိုလ် ဟူ၍၎င်း ခေါ်ဝေါ် အပ်၏။ ကြွင်းသော ပုဂ္ဂိုလ်ခုနစ်ယောက်တို့ကို သေက္ခပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ကုန်၏။

**ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်**။ ။**ဒုဂ္ဂတိအဟေတုက**၌ "ဒုက္ခေန ဂန္တဗ္ဗာတိ ဒုဂ္ဂတိ"။ ဒုက္ခေန၊ ဆင်းရဲငြိုငြင်သဖြင့်၊ ဂန္တဗ္ဗာ၊ သွားရောက် အပ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ ဒုဂ္ဂတိ၊ဒုဂ္ဂတိမည်၏။ အကုသိုလ်ကံကို ပြုလုပ်ကြကုန်သော ဗာလပုဂ္ဂိုလ်တို့၏ ဆင်းဆင်းရဲရဲ ကျရောက်ခံစားရာ ဖြစ်သော အပါယ်လေးဘုံကို ရစေ၏။ "နတ္ထိ ပဋိသန္ဓိဝိညာဏသဟဂတာ ဟေတူ ဧတေ-သန္တိ အဟေတုကာ"။ ဧတေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ပဋိသန္ဓိဝိညာဏသဟဂတာ၊ ပဋိသန္ဓေဝိညာဏ်နှင့် တကွဖြစ်ကုန်သော။ ဟေတူ၊ ဟိတ်တရားတို့သည်။ နတ္ထိ န သန္တိ၊ မရှိကုန်။ ဣတိတသ္မာ၊ ထိုကြောင့်။ အဟေတုကာ၊ အဟေတုကမည်ကုန်၏။

အဟိတ်ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေတည်နေကြကုန်သော ပုဂ္ဂိုလ်တို့ကို ရစေ။ "ဒုဂ္ဂတိယံ ပရိယာပန္နာ အဟေတုကာတိ ဒုဂ္ဂတိအဟေတုကာ"။ ဒုဂ္ဂတိယံ၊ ဒုဂ္ဂတိဘုံ၌။ ပရိယာပန္နာ၊ အကျုံးဝင်ကုန်သော။ အဟေတုကာ၊ အဟိတ်ပုဂ္ဂိုလ်တို့တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဒုဂ္ဂတိအဟေတုကာ၊ ဒုဂ္ဂတိအဟိတ်မည်ကုန်၏။ အပါယ်လေးဘုံ၌ အကျုံးဝင်သော ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ကို ရစေ။

**သုဂတိအဟိတ်ပုဂ္ဂိုလ်**။ ။**သုဂတိအဟေတုက**၌ "သုခေန ဂန္တဗ္ဗာတိ သုဂတိ"။ သုခေန၊ ချမ်းသာသဖြင့်။ ဂန္တဗ္ဗာ၊ သွားရောက်အပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သုဂတိ၊ သုဂတိမည်၏။ ကုသိုလ်ကံကို ဆည်းပူးလေ့ရှိကြကုန်သော ပုဂ္ဂိုလ်တို့၏ သွားရောက်ခံစားရာဖြစ်သော လူ့ဘုံအစရှိသော သုဂတိဘုံများကို ရစေ။ "သုဂတိယံ ပရိယာပန္နာ အဟေတုကာတိ သုဂတိအဟေတုကာ"။ သုဂတိယံ၊ သုဂတိဘုံ၌၊ ပရိယာပန္နာ၊ အကျုံးဝင်ကုန်သော။ အဟေတုကာ၊ အဟိတ်ပုဂ္ဂိုလ်တို့တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ သုဂတိအဟေတုကာ၊ သုဂတိအဟိတ်မည်ကုန်၏။ လူ့ဘုံ စတုမဟာရာဇ်ဘုံတို့၌ ကုသလဝိပါက် ဥပေက္ခာသန္တီရဏဖြင့် ပဋိသန္ဓေနေကုန်သော ဘုန်းကံမဲ့သော နတ်၊ အင်္ဂါချို့တဲ့သောလူများကို ရစေ။ အသညသတ်ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်ကိုလည်း သုဂတိအဟိတ်ပုဂ္ဂိုလ်ဟူ၍ပင် ဆိုအပ်၏။ ထိုစကား မှန်၏၊ အသည-သတ်ဘုံသည် ကုသိုလ်ရှိသောသူတို့၏ လားရာဖြစ်၍ သုဂတိဘုံမည်၏။ အသည-သတ်ပုဂ္ဂိုလ်၏ ပဋိသန္ဓေသည် ရုပ်ပဋိသန္ဓေဖြစ်၍ အဟိတ်ပဋိသန္ဓေ မည်၏။ ထိုကြောင့် ထိုပုဂ္ဂိုလ်ကို သုဂတိအဟိတ်ဟူ၍ ဆိုရလေသည်။

**ဒွိဟိတ်ပုဂ္ဂိုလ်**။ ။**ဒွိဟေတုက** ၌ "ပဋိသန္ဓိဝိညာဏသဟဂတာ ဒွေ ဟေတူ ဧတေသန္တိ ဒွိဟေတုကာ"။ ဧတေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ပဋိသန္ဓိဝိညာဏသဟဂတာ၊ ပဋိသန္ဓေဝိညာဏ်နှင့် တကွဖြစ်ကုန်သော။ ဒွေ ဟေတူ၊ ဟိတ်နှစ်ပါးတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဒွိဟေတုကာ၊ ဒွိဟိတ်မည်ကုန်၏။ဉာဏဝိပ္ပယုတ် မဟာဝိပါက် ၄-ခုတို့တွင် တခုခုဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ကို ရစေ။ ဒွိသဒ္ဒါကို ဒုပြု၍ ဒုဟေတုက ဒုဟိတ်ပုဂ္ဂိုလ်ဟူ၍လည်း ဆိုရသေး၏။

**တိဟိတ်ပုဂ္ဂိုလ်**။ ။**တိဟေတုက** ၌ "ပဋိသန္ဓိဝိညာဏ သဟဂတာ တယော ဟေတူ ဧတေသန္တိ တိဟေတုကာ"။ အနက်လွယ်ပြီ။ တိဟိတ်ပဋိသန္ဓေစိတ် ၁၃-ခုတို့တွင် တပါးပါးဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ကို ရစေ။

**သောတာပတ္တိမဂ္ဂဋ္ဌ**၌ "သောတာပတ္တိမဂ္ဂေ တိဋ္ဌတီတိ သောတာပတ္တိမဂ္ဂဋ္ဌော"။ သောတာပတ္တိမဂ္ဂေ၊ သောတာပတ္တိမဂ်၌။ တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သောတာပတ္တိမဂ္ဂဋ္ဌော၊ သောတာပတ္တိမဂ္ဂဋ္ဌမည်၏။ သောတာပတ္တိမဂ်စိတ္တုပ္ပါဒ်အခိုက်၌ တည်နေသော ပုဂ္ဂိုလ်ကို ရစေ။ မဂ္ဂဋ္ဌပုဂ္ဂိုလ်မည်သည်ကား ကြာမြင့်စွာ တည်ရှိသော သူမျိုးမဟုတ်၊ တခုသော မဂ်စိတ္တုပ္ပါဒ်အခိုက်အတန့်၌ တည်နေဆဲ ပုဂ္ဂိုလ်ပေတည်း။ ထိုမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကို ဖူးမြင်ခြင်းငှါလည်း မတတ်စကောင်း၊ ထိုပုဂ္ဂိုလ်၏ တရားကို ကြားနာခြင်းငှါလည်း မတတ်စကောင်း။ ထိုပုဂ္ဂိုလ်အား ပစ္စုပ္ပန်အနေနှင့် လှူဒါန်းခြင်းငှါလည်း မတတ်စကောင်း၊ ထိုမဂ္ဂဋ္ဌပုဂ္ဂိုလ်များကို ပဋိသန္ဓေနေသော ပုဂ္ဂိုလ်၊ စုတိခြင်း မရှိသောပုဂ္ဂိုလ်ဟူ၍ ဆိုထိုက်လေသည်။

**သကဒါဂါမိမဂ္ဂဋ္ဌ** စသည်တို့ကိုလည်း ထိုအတူ ဝိဂ္ဂြိုဟ်ဆိုလေ။

**သောတာပတ္တိဖလဋ္ဌ** ၌ "သောတာပတ္တိဖလေ တိဋ္ဌတီတိ သောတာပတ္တိဖလဋ္ဌော"။ အနက်လွယ်ပြီ။ သောတာပတ္တိဖိုလ်၌ တည်နေသော ပုဂ္ဂိုလ်ကို ရစေ။

(၆၇၁) "ထက်မက်ကိုလျှင်၊ မရောက်ခင်၊ ဖိုလ်ပင် လည်းလျှောင်းရာ" ဟူသည်နှင့်အညီ အောက်အောက်ဖိုလ်၌ တည်သော အရိယာပုဂ္ဂိုလ်တို့သည် အထက်အထက်ဖြစ်သော မဂ်များကို မရသေးလျှင် မိမိရရှိပြီးသော ဖိုလ်ကိုသာလျှင် တည်ရာ မှီရာ လည်းလျှောင်းရာပြု၍ နေကြကုန်၏။ ထိုပုဂ္ဂိုလ်များကို ဖလဋ္ဌပုဂ္ဂိုလ်ဟူ၍ ဆိုရလေသည်။ အရဟတ္တဖိုလ်သို့ ရောက်သောအခါ၌မူကား အထက်မဂ်သို့တက်ရန် ကိစ္စ မရှိလေတော့ပြီ။

ပြဆိုအပ်ပြီးသော ပုဂ္ဂိုလ် ၁၂-ယောက်တို့ကို ထိုက်သည့် အားလျော်စွာ ၃၁-ဘုံတို့နှင့် ဝေဖန်လျှင် ၂၁၄-ယောက်ဖြစ်၏။ ထိုကိုရည်၍ "ပုဂ္ဂိုလ်အပြား **ဝါကရား**"ဟု ရှေးဆရာကြီးတို့ ဆိုစမှတ် ပြုကြလေကုန်သည်။ **ဝါကရား**ဆိုသော သင်္ချာသည် သင်္ကေတသင်္ချာတည်း။ ပိဋကတ်သင်္ချာဟူ၍လည်း ခေါ်ဆိုကြကုန်၏။

**ပိဋကတ်သင်္ချာကိန်းပုံကို** ပြဆိုဦးအံ့—

"ကာဒိ ဋာဒိ ယကာရာဒိ၊ နဝသင်္ချာ ပကာသိတာ။
ပကာရာဒိ ပဉ္စသင်္ချာ၊ သုညာနာမ သရ ည,နာ"။

ကာဒိ၊ က, အစ-ဈ အဆုံးရှိသော အက္ခရာတို့ကိုငင်း။ ဋာဒိ၊ ဋ,အစ-ဓ အဆုံးရှိသော အက္ခရာတို့ကိုငင်း။ ယကာရာဒိ၊ ယ,အစ-ဠအဆုံးရှိသော အက္ခရာတို့ကိုငင်း။ နဝသင်္ချာ၊ အစဉ်အတိုင်း ကိုးခုတိုင်အောင် မှတ်သား အပ်သော သင်္ကေတသင်္ချာတို့ဟူ၍။ ပကာသိတာ၊ ပြအပ်ကုန်၏။ ပကာရာဒိ၊ ပ,အစ-မ အဆုံးရှိသော အက္ခရာတို့ကို။ ပဉ္စသင်္ချာ၊ အစဉ်အတိုင်း ငါးခုတိုင်အောင် မှတ်သားအပ်သော သင်္ကေတသင်္ချာတို့ဟူ၍။ ပကာသိတာ၊ ပြအပ်ကုန်၏။ သရ ည,နာ၊ သရရှစ်လုံးနှင့် ဉ အက္ခရာ နအက္ခရာတို့ကို။ သုညာနာမ၊ သုည-တို့ဟူ၍။ ပကာသိတာ၊ ပြအပ်ကုန်။

"ကာဒိ, ဋာဒိ၊ ယအာဒိ၊ မှတ်ဘိနေသင်္ချာ"။
ပါဒိ,ပဉ္စ၊ ခေါ်သုည၊ ဉ,န, ရှစ်သရာ"။

က, ခ, ဂ, ဃ, င, စ, ဆ, ဇ, ဈ။
ဋ, ဌ, ဍ, ဎ, ဏ, တ, ထ, ဒ, ဓ။
ယ, ရ, လ, ဝ, သ, ဟ, ဠ, ဟ, ဠ။ ဤကိုးလုံး ကိုးလုံးသော အက္ခရာတို့ကို အစဉ်အတိုင်း—
၁, ၂, ၃, ၄, ၅, ၆, ၇, ၈, ၉—သင်္ချာတို့ဟူ၍မှတ်သားအပ်ကုန်၏။

ပ, ဖ, ဗ, ဘ, မ    ဤအက္ခရာ ငါးလုံးတို့ကို အစဉ်အတိုင်း
၁, ၂, ၃, ၄, ၅    သင်္ချာတို့ဟူ၍ မှတ်အပ်ကုန်၏။

သရရှစ်လုံးနှင့် ဉ အက္ခရာ န အက္ခရာတို့ကို သုညဟူ၍ မှတ်အပ်ကုန်၏။ ဤ ပိဋကတ်သင်္ချာကိန်းပုံနှင့် ညှိနှိုင်း၍ ဝါကရားဟူသော သင်္ကေတသင်္ချာ၏ ၂၁၄-ယောက်ဖြစ်ပုံကို သိလေ။ ပိဋကတ်သင်္ချာကို ပဋိလုံအားဖြင့် နောက်ဆုတ်ချရာ၏။

**ပုဂ္ဂိုလ် ၂၁၄-ယောက် ဝေဖန်ပုံမှာ** အပါယ်လေးဘုံမှာ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် တယောက်တယောက်စီ ရသဖြင့် ၄-ယောက်ဖြစ်၏။ လူ့ဘုံနှင့် စတုမဟာရာဇ်

ဘုံတို့မှာ ဒုဂ္ဂတိအဟိတ်ကြဉ်သော ပုဂ္ဂိုလ်ပေါင်း ၁၁-ယောက်စီ ရသဖြင့် ၂၂-ယောက်ဖြစ်၏။ ဤကိုရည်၍—

(၂၃၁) အပါယ်ဒုဇ၊ လူစ,ဒု,ပစ်၊ နှစ်ဆဲ့နှစ်၊ ပေါင်းလစ်နှစ်ဆဲ့ခြောက်။

ဟူ၍ ဆိုတော်မူသည်။

တာဝတိံသာ အစရှိသော နတ်ပြည်ငါးဘုံတို့မှာ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ် ၂-ယောက် ကြဉ်၍ ၁၀-စီ ရသဖြင့် ပုဂ္ဂိုလ်ပေါင်း ငါးကျိပ် ဖြစ်၏။ ဤကိုရည်၍—

(၂၃၂) ဒု,သု,မယှဉ်၊ ထက်နတ်ဌင်၊ ပေါင်းလျှင် ငါးကျိပ်မြောက်။

ဟူ၍ ဆိုတော်မူသည်။

ပထမစျာန် ဗြဟ္မပါရိသဇ္ဇာဘုံမှစ၍ ဝေဟပ္ဖိုလ်တိုင်အောင် ဗြဟ္မာ ၁၀-ဘုံတို့မှာ တိဟိတ် ပုဂ္ဂိုလ်တယောက်၊ အရိယာရှစ်ယောက်အားဖြင့် ၉-ယောက်စီ ရသောကြောင့် ပုဂ္ဂိုလ်ပေါင်း ကိုးကျိပ်ဖြစ်၏။ ဤကိုရည်၍—

(၂၃၃) တိဟိတ်အရိယာ၊ ကိုးသချာ၊ ဗြဟ္မာဝေဟာင်ရောက်။

ဟူ၍ ဆိုတော်မူသည်။

အသညသတ်ဘုံမှာ သုဂတိအဟိတ်ပုဂ္ဂိုလ် တယောက်ကိုသာ ရအပ်၏။

သုဒ္ဓါဝါသ ၅-ဘုံတို့မှာ အနာဂါမိဖိုလ်ပုဂ္ဂိုလ်, အရဟတ္တမဂ်ပုဂ္ဂိုလ်, အရဟတ္တဖိုလ် ပုဂ္ဂိုလ်အားဖြင့် ပုဂ္ဂိုလ်သုံးယောက်စီ ရသောကြောင့် ၁၅-ယောက်ဖြစ်၏။ ဤကို ရည်၍—

(၂၃၄) အသညသတ်မှာ၊ သုတစ်သာ၊ သုဒ္ဓါထက်သုံးယောက်။

ဟူ၍ ဆိုတော်မူသည်။

အရူပလေးဘုံတို့မှာ သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်ကြဉ်သော အရိယာပုဂ္ဂိုလ် ၇-ယောက်၊ တိဟိတ်ပုဂ္ဂိုလ်တယောက် အားဖြင့် ပုဂ္ဂိုလ်ရှစ်ယောက်စီ ရသောကြောင့် ၃၂-ယောက်ဖြစ်၏။

အလုံးစုံပေါင်းလျှင် ပုဂ္ဂိုလ်အပြား ဝါကရား=၂၁၄-ယောက်ဖြစ်၏။ ဤကို ရည်၍—

(၂၃၅) သောတာမဂ်ပစ်၊ ခုနစ်အရိယာ၊ တိဟိတ်ပါ၊ လေးဖြာဘုံနှင့်မြှောက်။
(၂၃၆) နှစ်ရာ့ဘဆယ်၊ လေးယောက်ကယ်၊ အကျယ်ဘုံဘလျှောက်။

ဟူ၍ ဆိုတော်မူသည်။

ဤအရာ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ကို ၄-ဘုံ၌သာ ရအပ်၏။ သုဂတိအဟိတ်ပုဂ္ဂိုလ်ကို ၃-ဘုံ၌သာ ရအပ်၏။ ဒွိဟိတ်ပုဂ္ဂိုလ်ကို ၇-ဘုံ၌သာ ရအပ်၏။ တိဟိတ်ပုဂ္ဂိုလ်ကို ၂၆-ဘုံ၌သာ ရအပ်၏၊ သောတာပတ္တိမဂ်ပုဂ္ဂိုလ်ကို ၁၇-ဘုံ၌သာ ရအပ်၏၊ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်ကို ၂၁-ဘုံ၌သာ ရအပ်၏၊ ဤသို့စသောအားဖြင့် ပုဂ္ဂိုလ်တယောက်တယောက်နှင့် ဘုံအများကို ယှဉ်စပ်၍ ဝေဖန်လေဦး။

ဘုံ၌ ပုဂ္ဂိုလ်ရပုံ ပြီး၏။

---

## ပုဂ္ဂိုလ်၌ စိတ်ရပုံ

**ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌** စိတ်ပေါင်း ၃၇-ပါးတို့ကို ရအပ်ကုန်၏၊ ထို ၃၇-ပါး သရုပ်ကား အကုသိုလ်စိတ် ၁၂၊ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇၊မဟာကုသိုလ် ၈-အားဖြင့် ဤစိတ် ၃၇-ပါးတို့တည်း။ဤကိုရည်၍—

(၂၃၇) ဒွေ့ဒကိုး ကြီ၊ မဟာ ၈ ရှစ်၊ ဆဲ့ခုနှ် ပစ်၊ ၃၇ တွိုန်းသတ်။

ဟူ၍ဆိုတော်မူသည်။

**အဟိတ်ပုဂ္ဂိုလ်တို့မှာ** ဝိပါက်၏ တားမြစ်ဟန့်ဆီးမှုကို တသက်ပတ်လုံး ခံနေကြရကုန်သောကြောင့် ဈာန်တရား မဂ်တရားတို့ကို ရခြင်းငှါ မစွမ်းနိုင်ကြကုန်၊ ထိုကြောင့် ထိုအဟိတ်ပုဂ္ဂိုလ်တို့မှာ မဟဂ္ဂုတ်ဇောစိတ် လောကုတ္တရာစိတ်တို့ကို မရနိုင်ကြလေကုန်၊ ကြိယာဇောစိတ်တို့သည်လည်း ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်မှာ အသီးအခြားဖြစ်ကြသော အာဝေဏိကစိတ်တို့ ဖြစ်ကြကုန်၏၊ ထိုကြောင့် ရဟန္တာမဟုတ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်မှာ ထိုကြိယာဇောစိတ်တို့ကို မရအပ်ပေကုန်။

**သုဂတိအဟိတ်** ပုဂ္ဂိုလ်နှင့် **ဒွိဟိတ်** ပုဂ္ဂိုလ်တို့မှာ စိတ်ပေါင်း ၄၁-ပါးတို့ကို ရအပ်ကုန်၏၊ ထို ၄၁-ပါးသရုပ်ကား ယခင် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၏ စိတ်ပေါင်း ၃၇-ပါးတွင် ဉာဏဝိပ္ပယုတ်လေးခုကို ထည့်လျှင် ၄၁-ပါးဖြစ်၏၊ ဤကိုရည်၍—

(၂၃၈) ဝိပ္ပယုတ် ဝိပါက်၊ လောင်းခွက်ဖြန့်လစ်၊ လေးဆဲ့တစ်၊ ဖြစ်လေ
သုဒွိမှတ်။

ဟူ၍ ဆိုတော်မူသည်။

ထိုပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေနေခဲ့စဉ်ကပင် ဥပနိဿယ ဖြစ်သော ဉာဏ်မျိုးစေ့မှ ကင်းခဲ့လေသဖြင့် ဉာဏသမ္ပယုတ်ဝိပါက်များကို မရအပ်ပေသတည်း။ထိုကြောင့် ပရမတ္ထဝိနိစ္ဆယကျမ်းတွင်—

"ဉာဏပါကာ န ဝတ္တန္တိ၊ ဇဝ္ဝတ္တာ မူလသန္ဓိယာ"—

ဟူ၍ အရှင်အနုရုဒ္ဓါ မိန့်တော်မူ၏။ မူလသန္ဓိယာ၊ ပဋိသန္ဓေတည်နေခဲ့ရင်း ဖြစ်သော မူလပဋိသန္ဓေစိတ်၏။ ဇဝ္ဝတ္တာ၊ ဉာဏ်မျိုးကင်းကွာ မိုက်မဲစွာဖြစ်လေ သောကြောင့်။ ဉာဏပါကာ၊ ဉာဏ်နှင့်ယှဉ်သော ဝိပါက်စိတ်တို့သည်။ န ဝတ္တန္တိ၊ မဖြစ်နိုင်ကြကုန်။ ဤကားအနက်။

ဤအရာ၌ စောဒနာဖွယ်များကို ပြဆိုဦးအံ့၊ အဘယ်ကြောင့် သုဂတိအဟိတ်ပုဂ္ဂိုလ်မှာ ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ်ကို မရ၍ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မှာ မဟာဝိပါက်စိတ်ရှစ်ပါးကို မရဘဲ ရှိရပါ သနည်း။ ပဋ္ဌာန်းပါဠိတော်၌—

သဟေတုကံ ဘဝင်္ဂံ အဟေတုကဿ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော။

သဟေတုကံ ဘဝင်္ဂံ၊ သဟိတ်ဘဝင်သည်။ အဟေတုကဿ ဘဝင်္ဂဿ၊ အဟိတ်ဘဝင်အား။ အနန္တရပစ္စယေန၊ အနန္တရသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ ဖြစ်၏။

ဤသို့ ဟောတော်မူသည် မဟုတ်ပါလော။

ဤပါဠိတော်၏ အဓိပ္ပါယ်မှာ တခုသောဘဝ၌ သတ္တဝါတခု၏ မူလ ဘဝင်စိတ်သည် အထူးထူးအပြားပြား ဖြစ်ဖွယ်မရှိ၊ ရံခါရံဖန် သဟိတ် ဘဝင်ဖြစ်သည်။ ရံခါရံဖန် အဟိတ်ဘဝင်ဖြစ်သည်ဟူ၍ ဆိုဖွယ်မရှိ။ ထိုကြောင့် 'သဟေတုကံ ဘဝင်္ဂံ' ဟူသော စကားသည် မူလဘဝင်ကို ရည်၍ ဟောတော်မူအပ်သော စကားမဟုတ်။ တဒါရုံကိစ္စနှင့် ကြား ဝင်၍ ဖြစ်လာသောအာဂန္တုဘဝင်ကိုသာ ရည်၍ ဟောတော်မူအပ် သောစကားသာတည်းဟူ၍ သိသင့် သိထိုက်၏၊ သဟေတုကံ ဟူ၍ သာမညအားဖြင့်သာ ဟောတော်မူလျက် ရှိနေသောကြောင့် ဤအရာ၌ ဒွိဟိတ်တဒါရုံ, တိဟိတ်တဒါရုံများကို ယူသင့်ပေ၏၊ "အဟေတုကဿ ဘဝင်္ဂဿ"ဟူ၍ ဟောတော်မူရာ၌ကား တဒါရုံ၏ နောက်၌ ဖြစ်သော မူလဘဝင်ကိုသာလျှင် ယူအပ်ပေ၏။'အဟေတုကဿ'ဟူ၍ သာမညအား ဖြင့် ဟောတော်မူပြန်သောကြောင့် အဟိတ်ဘဝင် နှစ်ခုလုံးကိုပင် ယူ အပ်၏၊ ထိုကြောင့် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် သုဂတိအဟိတ်ပုဂ္ဂိုလ်တို့၌ မဟာဝိပါက်စိတ် ရှစ်ပါးကိုလည်း ရအပ်ကုန်၏။ ဤကား စောဒနာ ပေတည်း။

ဖြေဆိုပုံကား—ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ သဟိတ်တဒါရုံ၏ ဖြစ်မှုကို အလုံးစုံသော အဋ္ဌကထာကြီးတို့၌ တညီတညွတ်တည်း ပယ်ရှားတော်မူကြကုန်၏။ ထိုကြောင့် "အဟေတုကဿ ဘဝင်္ဂဿ"ဟူသောစကားကို ကုသလဝိပါက်ဖြစ်သော အဟိတ်ဘဝင်ကိုသာ ရည်၍ ဟောတော်မူအပ်သည်ဟူ၍ ယူသင့်ပေ၏။ဤသို့ ယူပါမှလည်း အလုံးစုံသော အဋ္ဌကထာကြီးတို့နှင့် သင့်လျော်ပေလိမ့်မည်။ ထိုသို့မယူဘဲ ဓောဒကဆရာ၏ အလိုအတိုင်း ယူခဲ့လျှင် အဋ္ဌကထာကြီးတို့၏ အဆိုနှင့် ကွဲလွဲ ဆန့်ကျင်ခဲ့လိမ့်မည်။ ယထာလာဘနည်းအားဖြင့် ရသင့်သည်အားလျော်စွာ အဓိပ္ပါယ်ကို ယူရမှုသည် ပဋ္ဌာန်းပါဠိတော်၌ မေ့တာအရိုးကြီးဖြစ်ပေ၏။

ကုသိုလ်တို့မည်သည် အားထုတ်မှု ကြိုးစားမှုဖြင့် ဖြစ်ပေါ်ပြီးစီးကြသော တရားမျိုးဖြစ်ကုန်၏။ ထိုကြောင့် ပဝတ္တိအခါ၌ အားထုတ်မှုအားလျော်စွာ ဉာဏ်နှင့်ယှဉ်ခွင့်ကို ရကြကုန်၏။

ဝိပါက်စိတ်တို့သည်ကား ကုသိုလ်စိတ်တို့ကဲ့သို့ ပဝတ္တိအခါ အားထုတ်မှုအတွက်နှင့် ဖြစ်ပေါ်ပြီးစီးသော တရားမျိုး မဟုတ်ကြပေကုန်။ ပဝတ္တိအခါ ဘယ်လိုပင် ပယောဂလုံ့လ ကူပံ့သော်လည်း ဝိပါက်စိတ်ကို ပြုပြင်ပြောင်းလဲခြင်းငှါ မတတ်နိုင်ကုန်။ မိမိ မူလဘဝင်၌ ပါရှိသော ဉာဏ်တည်းဟူသော ဥပနိဿယ ပစ္စည်းနှင့်ကင်း၍ ဝိပါက်စိတ်တို့၌ ဉာဏ်ဖြစ်ပေါ်ခြင်းငှါ မစွမ်းနိုင်ချေ။ ထို့ကြောင့် ယခင် ပဋ္ဌာန်းပါဠိတော်၌ "သဟေတုကံ ဘဝင်္ဂံ" ဟူသော စကားကို ဉာဏဝိပ္ပယုတ်ဖြစ်သော မဟာဝိပါက် သဟိတ်တဒါရုံကိုသာလျှင် ရည်၍ ဟောတော်မူသည်ဟု ယူသင့်ရာ၏။ ထို့ကြောင့် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မှာ မဟာဝိပါက်ရှစ်ခုကို မရအပ်။ သုဂတိအဟိတ် ဒွိဟိတ်တို့မှာ ဉာဏသမ္ပယုတ် ဝိပါက်စိတ်လေးခုကို မရအပ်ဟူ၍ မှတ်အပ်၏။

အဘိဓမ္မာဝတာရကျမ်းကို စီရင်တော်မူသော အရှင်ဗုဒ္ဓဒတ်မထေရ်သည်ကား ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ် နှစ်ယောက်လုံးမှာပင် မဟာဝိပါက်စိတ်ကို မရအပ်။ ထိုကြောင့် ထိုပုဂ္ဂိုလ်နှစ်ယောက်တို့မှာ စိတ်ပေါင်း ၃၇-ပါးတို့ကိုသာ အညီအမျှ ရသင့်၏ဟူ၍ အလိုရှိတော်မူ၏။ ထိုမထေရ်မြတ်၏ အာဘော်မှာ အကြင်ပုဂ္ဂိုလ်သည် အမှတ်မရှိ တခုခုသောဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေ၏။ထိုပုဂ္ဂိုလ်၏ သန္တာန်မှာ ပဝတ္တိအခါ၌ဖြစ်သော တဒါရုံဝိပါက်များသည်လည်း မိမိမူလဘဝင်နှင့်တူသော ဝိပါက်များသော်၎င်း မိမိမူလဘဝင်အောက် ယုတ်ညံ့သော ဝိပါက်များသော်၎င်း ဖြစ်ကြရကုန်၏။ မိမိမူလဘဝင်ထက် မြင့်မြတ်

သော ဝိပါက်တဒါရုံများမူကား မဖြစ်နိုင်ကုန်။ ထို့ကြောင့် အဟိတ် ပုဂ္ဂိုလ်နှစ်ယောက်တို့မှာ မိမိတို့မူလဘဝင်ထက် မြင့်မြတ်သော သဟိတ် မဟာဝိပါက် ဘဝင်များ မဖြစ်နိုင်ကုန်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်နှစ်ယောက် တို့မှာ မဟာဝိပါက်ရှစ်ပါးကို မရအပ်ဟူ၍ အာဘောဂ ရှိတော်မူသည်။ ထိုမထေရ်၏ အယူသည် ပြဆိုအပ်ပြီးသော "သဟေတုကံ ဘဝင်္ဂံ အဟေတုကဿ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော"ဟူသော ပဋ္ဌာန်း ပါဠိတော်ကြီးနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်လျက် ရှိနေသောကြောင့် ဆရာတို့ မနှစ်သက်ကြကုန်။

အချို့သော အပရေ ဆရာကြီးတို့သည်ကား သုဂတိအဟိတ် ပုဂ္ဂိုလ်၏သန္တာန်မှာ ဒွိဟိတ်တဒါရုံ ဖြစ်နိုင်သကဲ့သို့ ထိုအတူ ဒွိဟိတ်ပုဂ္ဂိုလ်၏ သန္တာန်မှာလည်း တိဟိတ်တဒါရုံ ဖြစ်သင့်၏ဟူ၍ ဆိုကြကုန်၏။ ထိုဆရာ တို့၏ အယူ၌ ဒွိဟိတ်ပုဂ္ဂိုလ်နှင့် ဈာန်မရသော ကာမတိဟိတ်ပုဂ္ဂိုလ်တို့ မှာ စိတ်ပေါင်း ၄၅-ပါးစီ ရအပ်ကုန်၏။ ထိုဆရာတို့၏ အယူဝါဒသည် သင့်အံ့သကဲ့သို့ ထင်၏။ အဋ္ဌကထာကြီး၌လည်း ထိုဆရာတို့၏ အယူ ကဲ့သို့ပင် ဆိုလိုရိပ်ရှိ၏။

**ဈာန်မရသောကာမတိဟိတ်ပုဂ္ဂိုလ်မှာ** စိတ်ပေါင်း ၄၅-ပါးတို့ကို ရအပ်ကုန် ၏။ ၄၅-ပါးသရုပ်ကား ယခင် ဒွိဟိတ်ပုဂ္ဂိုလ်၌ ရအပ်သော စိတ်ပေါင်း ၄၁-ပါး တွင် ဉာဏသမ္ပယုတ် မဟာဝိပါက်လေးခုကို ထည့်လျှင် ၄၅-ပါးဖြစ်၏။ ဤကို ရည်၍—

**(၂၃၉) သမ္ပယုတ်-ဝိပါက်၊ သောင်းစွက်ဖြန့်ငြား၊ လေးဆဲ့ငါး၊ မှတ်သား- တိဟိတ်မှာ။**

ဟူ၍ ဆိုတော်မူသည်။

**(၂၄၀) မဟဂ်-ကု,ကြိ၊ လောင်းတုံဘိ၊ တိဟိတ်-အကုန်ပါ။**

**ဈာန်ရပုဂ္ဂိုလ်၏စိတ်ရ**။ ။ဤကဗျာဖြင့် ဈာန်ကိုရသော ဈာနလာဘီ တိဟိတ် ပုဂ္ဂိုလ်မျိုးတို့၏ စိတ်ရပုံကို အပေါင်းအားဖြင့် ပြဆို တော်မူ၏။

**တိဟိတ်အပြား**။ ။တိဟိတ်ပုဂ္ဂိုလ်သည် ကာမတိဟိတ်, ရူပတိဟိတ်, အရူပ တိဟိတ်အားဖြင့် ၃-ပါးရှိ၏။ ကာမတိဟိတ်သည်လည်း ဈာန်မရသောတိဟိတ်, ဈာန်ရသောတိဟိတ်အားဖြင့် နှစ်ပါးပြား၏။ ထိုပြင်

သေက္ခတိဟိတ်, အသေက္ခတိဟိတ်အားဖြင့် နှစ်ပါးရှိပြန်၏။ သေက္ခတိဟိတ်သည်လည်း သောတာပတ္တိမဂ္ဂဋ္ဌာန် တိဟိတ်။ပ။ အရဟတ္တမဂ္ဂဋ္ဌာန် တိဟိတ်အားဖြင့် ၇-ပါး ရှိပြန်၏။

ဈာန်မရသော ကာမတိဟိတ်ပုဂ္ဂိုလ်၏ စိတ်ရပုံကို ပြဆိုအပ်လေပြီ။

**ထိုကာမတိဟိတ်**သည် ပုထုဇ္ဇန်ဖြစ်၍ ဈာန်ရလျှင် ယခင် ၄၅-တွင် မဟဂ္ဂုတ်ကုသိုလ် ၉-ခု ထည့်၍ ရေတွက်ရာ၏။ ရဟန္တာဖြစ်၍ ဈာန်ရလျှင် မဟဂ္ဂုတ်ကြိယာ ၉-ခုကို ထည့်၍ ရေတွက်ရာ၏။ ရဟန္တာပုဂ္ဂိုလ်တို့နှင့် မသက်ဆိုင်သော စိတ်များကိုလည်း နုတ်ပယ်ရာ၏။ သေက္ခဖြစ်၍ ဈာန်ရလျှင်လည်း မဟဂ္ဂုတ်ကုသိုလ် ၉-ခုကို ထည့်၍ ရေတွက်ရာ၏။ သောတာပတ္တိဖလဋ္ဌာန်စသော သေက္ခပုဂ္ဂိုလ်နှင့် မသက်ဆိုင်သော စိတ်များကိုလည်း အသီးအသီး ပယ်နုတ်ရာ၏။ ထိုဈာန်ရသော တိဟိတ်ပုဂ္ဂိုလ်သည်လည်း ပထမဈာန်မျှသာရသော တိဟိတ်၊ ဒုတိယဈာန်တိုင်အောင် ရသောတိဟိတ်။ပ။ ပဉ္စမဈာန်တိုင်အောင် ရသော တိဟိတ်။ပ။ နေဝသညာ နာသညာယတနတိုင်အောင်ရသော တိဟိတ်အားဖြင့် များစွာပြားပြန်၏။ ထိုသို့များပြားသော တိဟိတ်ပုဂ္ဂိုလ်တို့၏ စိတ်ရပုံကို ရေတွက်လျှင် မိမိတို့ ရသမျှသော ဈာန်စုကိုသာလျှင် ထည့်သွင်း၍ ရေတွက်ရာ၏။

**ရူပတိဟိတ်**ပုဂ္ဂိုလ်ဖြစ်လျှင် ရူပဘုံနှင့် မဆိုင်သော စိတ်များကို ပစ်ပယ်ရာ၏။

**အရူပတိဟိတ်**ပုဂ္ဂိုလ်ဖြစ်လျှင် အရူပဘုံနှင့် မဆိုင်သော စိတ်များကို ပစ်ပယ်ရာ၏။ ပြဆိုအပ်ပြီးသော ဘုံ၌ စိတ်ရပုံအခန်းကိုလည်း ပြန်၍ မြော်ရှုရာ၏။

ဈာန်ရသော ပုဂ္ဂိုလ်ကို "ဈာနလာဘီ"ဟူ၍ ဆိုအပ်၏။ "ဈာနံ အလတ္ထာ-တိ ဈာနလာဘီ"။ ဈာနံ၊ ဈာန်ကို။ အလတ္ထ၊ ရလေပြီ။ ဣတိတသ္မာ၊ ထိုကြောင့်။ ဈာနလာဘီ၊ ဈာနလာဘီမည်၏။

**မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်**တို့မှာ မိမိတို့၏ မဂ်စိတ်တခုကိုသာလျှင် အသီးအသီး ရကြကုန်၏။ ထိုကြောင့်——

(၂၄၁) မဂ္ဂဋ္ဌာန် စု၊ မဂ်လေးခု၊ ရမှု ကေသာ။

ဟူ၍ ဆိုတော်မူသည်။

**သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်, သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်**တို့မှာ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုနှင့် ဝိစိကိစ္ဆာစိတ် ၁ ခုကို မရအပ်။ အကုသိုလ်ဇော ၅-ခုတို့ကို မရအပ်ကုန်ဟူလို။ ဤကိုရည်၍——

(၂၄၂) ဒိဋ္ဌိ-သံ ဒွိဓိ၊ ကြဉ်ပုံဘိ၊ အာဒိဒွေ ဖလာ။

ဟူ၍ ဆိုတော်မူသည်။

စိတ်အရေအတွက်မှာ ထိုသောတာပန်, သကဒါဂါမ်တို့ကို ဈာန်ရ, ဈာန်မရ နှစ်ပါး ခွဲ၍ ရေတွက်ရာ၏။ ကာမ,ရူပ,အရူပအားဖြင့်လည်း သုံးပါး ခွဲဝေရာသေး၏။ ဈာန်မရသော ကာမသောတာပန်,သကဒါဂါမ်တို့မှာ ဈာန်မရသော တိဟိတ်ပုဂ္ဂိုလ်၏ စိတ်ပေါင်း ၄၅-တွင် ဒိဋ္ဌိသမ္ပယုတ်နှင့် ဝိစိကိစ္ဆာတို့ကို နုတ်ပယ်၍ မိမိတို့ ဖိုလ်စိတ်တခုကို ထည့်၍ ရေတွက်ရာ၏။ ဈာန်ရလျှင် မဟဂ္ဂုတ်ကုသိုလ် ၉-ခုကို ထည့်ရာ၏။ ရူပသောတာပန်, သကဒါဂါမ်တို့ဖြစ်လျှင် ရူပဘုံနှင့် မဆိုင်သော စိတ်များကို ပယ်ပစ်ရာ၏။ အရူပသောတာပန်, သကဒါဂါမ်တို့ဖြစ်လျှင် အရူပဘုံနှင့် မဆိုင်သော စိတ်များကို ပစ်ပယ်ရာ၏။

**ဖလဋ္ဌာန်ပုဂ္ဂိုလ်** ဟူသမျှတို့၌ မိမိဖိုလ်စိတ်တခုကို ထည့်၍ ရေတွက်ရာ၏။ အထက်အထက်ဖြစ်သော ဖိုလ်ပုဂ္ဂိုလ်သည် အောက်အောက်ဖြစ်သော ဖိုလ်စိတ်များနှင့် မသက်ဆိုင်။အောက်အောက်ဖြစ်သော ဖိုလ်ပုဂ္ဂိုလ်သည်လည်း အထက်အထက်ဖြစ်သော ဖိုလ်စိတ်များနှင့် မဆိုင်ပေ။ အထက်အထက်ဖြစ်သော မဂ်စိတ် ဖြစ်ပေါ်လာသောအခါ အောက်အောက်ဖြစ်သော မဂ်၏ အာနုဘော်သည် ငြိမ်းစဲခြင်းသို့ ရောက်လေ၏။ပုဂ္ဂိုလ်သည် အထက်ဆင့်ဖြစ်သော အရိယာဘုံတပါးသို့လည်း ကူးပြောင်းသက်ဝင်လေ၏။

အနာဂါမ်ပုဂ္ဂိုလ်တို့မှာ ဒေါသမူဒွေးကို မရအပ်ကုန်။ ထို့ကြောင့် ထိုဒေါသမူဒွေးကို ကြဉ်၍ စိတ်ရပုံကို ရေတွက်ရာ၏။ ဤကို ရည်၍—

(၂၄၃ ဒေါ-ဘိုပ ပ်ဗြိန်၊ အနာဂါမ်၊ အကျ ိ သူတို့မှာ။

ဟူ၍ ဆိုတော်မူသည်။

ထိုအနာဂါမ်ကိုလည်း ဈာန်ရ, ဈာန်မရ နှစ်ပါး ခွဲဝေရာ၏။ ကာမ, ရူပ, အရူပအားဖြင့်လည်း သုံးပါး ခွဲဝေရာသေး၏။ယခင်ဆိုအပ်ပြီးသော နည်းလမ်းအတိုင်း ဝေဖန် ခွဲစိတ်ရာ၏။

၂၄၄) အကုသိုလ်နှင့်၊ ကုသိုလ်နှစ်သွယ်၊ ဘောက်ဒိုလ်ပယ်ဘိ၊ ဗျည်းတြိ၊ သိလေ ရဟန္တာ။

**ရဟန္တာပုဂ္ဂိုလ်** ဤကဗျာဖြင့် ရဟန္တာပုဂ္ဂိုလ်အများတို့နှင့် ဆက်ဆံသော သာဓာရဏစိတ်ရပုံကို ပေါင်းရုံး၍ ပြဆိုတော်မူ၏။

**ရဟန္တာများ၌ရသည့် စိတ်ပေါင်း။** ။စိတ် ၈၉-တို့တွင် အကုသိုလ်စိတ် ၁၂၊ ကုသိုလ် ၂၁၊ အောက်ဖိုလ် ၃-ခု၊ ဤ ၃၆-ပါးသော စိတ်တို့ကိုပယ်၍ ၅၃-ပါးသော စိတ်တို့ကို ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ရအပ်ကုန်၏ဟူ၍ ဆိုလိုသည်။ ထို ၅၃-ပါးတို့ကို ရဟန္တာတို့၌ ရအပ်ကုန်၏ဟူ၍ဆိုသောစကားသည် ဘုံအားဖြင့်ရင်း, ဈာန်ရ, ဈာန်မရအားဖြင့်

ဂုင်း ဝေဖန် ခွဲခြမ်းခြင်းကို မပြုဘဲ တစုတရုံးတည်း ဆိုအပ်သော စကားပေတည်း။

သေချာစွာ ခွဲဝေလျှင် ကာမရဟန္တာ, ရူပရဟန္တာ, အရူပရဟန္တာအားဖြင့် ၃-ပါး ခွဲဝေရာ၏။

ကာမရဟန္တာကိုလည်း ဈာန်ရ, ဈာန်မရအားဖြင့် နှစ်ပါး ခွဲဝေရာ၏။ ကာမရဟန္တာသည် ဈာန်ကိုပင်ရစေကာမူ မဟဂ္ဂုတ်ဝိပါက်များနှင့် မဆိုင်။ ရူပ, အရူပ ရဟန္တာတို့သည် မဟာဝိပါက်များနှင့် မဆိုင်ကုန်။ ထိုပြင် ရူပဘုံ, အရူပ-ဘုံတို့နှင့် မဆိုင်သောစိတ်တို့လည်း ရှိကြကုန်သေး၏။

ကုသိုလ်တရား, အကုသိုလ်တရားတို့၏ ဖြစ်ပွါးမှုသည် အနုသယဓာတ်နှင့် စပ်လျက် ရှိနေ၏။ အနုသယဓာတ် ရှိနေသည့်အတွက် ကုသိုလ်တရား, အကုသိုလ်တရားတို့သည် ဖြစ်ပွါးနိုင်ကြကုန်၏။ အနုသယဓာတ် အကြွင်းမဲ့ ချုပ်ငြိမ်းလျှင် အကုသိုလ်နှင့် ကုသိုလ်တရားတို့သည် စင်စစ် မဖြစ်ကုန်ရာ။ အရဟတ္တမဂ်သည် အနုသယဓာတ် ဟူသမျှတို့ကို အကြွင်းမဲ့ အလုံးစုံ ပယ်သတ်၍ပစ်၏။ထိုကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ အလျှင်းပင် အနုသယဓာတ်ဟူ၍ မရှိ။အနုသယဓာတ် မရှိလေသောကြောင့်ပင်လျှင် ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်မှာ ကုသိုလ်ဇော, အကုသိုလ်ဇောတို့သည် ဖြစ်ပေါ်ရန်အခွင့်ကို မရနိုင်ကြကုန်။ ထိုကြောင့် ရဟန္တာပုဂ္ဂိုလ်တို့မှာ အကုသိုလ်ဇောနှင့် ကုသိုလ်ဇောတို့ကို မရအပ်ကုန်သတည်း။ ကုသိုလ်ဇောဖြစ်မည့်နေရာတွင် ကြိယာဇောဝင်၍ ဖြစ်ရ၏။

ဤပရမတ္ထသံခိပ်ကျမ်းတွင် ပုဂ္ဂိုလ်၌ စိတ်ရပုံအခန်းသည် ပြိုးပြွမ်း၍ ဆိုသော အချက်စုသာ ဖြစ်၏။ ထိုကြောင့် ဘုံ၌ စိတ်ရပုံအခန်းနှင့် စပ်၍ ခွဲဝေရာ၏။

ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် စသည်တို့မှာ စိတ်ပေါင်း ၃၇-ပါးစသည်ကို ရ၏ဟူ၍ ဆိုသော်လည်း အချင်းခပ်သိမ်းပင် ရ၍ နေသည် မဟုတ်။ အခိုက် အတန့် အထူးထူး အထွေထွေ အာရုံ အထူးထူး အထွေထွေတို့ကို စွဲ၍ ထိုက်သည့်အားလျော်စွာ စိတ်တခုစီ တခုစီကိုသာလျှင် အနန္တရပစ္စည်းအစဉ်ဖြင့် ရအပ်ပေသည်။ ရထိုက်သမျှ အလုံးစုံကို အကုန်ခြုံ၍သာ ၃၇-ပါးစသည်ကို ရအပ်၏ဟူ၍ ဆိုပေသည်။ ဝီထိဖြစ်ပုံ အမျိုးမျိုးတို့နှင့် ဝေဖန်၍ကြည့်လျှင် ထင်ရှားပါ၏။

ဤအရာ၌ ပုဂ္ဂိုလ်၌ စိတ်ရပုံကို သေချာစွာဝေဖန်၍ သိမှတ်ရန် ငါတို့ ရေးသားအပ်သော ပုဂ္ဂိုလ်စိတ်ရ သံပေါက်များကို ထည့်သွင်းဖော်ပြပေအံ့။

## (က) ကာမဘုံအတွက်

(၁) အကု-ဒွါဒယ်၊ သတ္တရယ် ရှု၊ အဟေတုနှင့်၊ ကာ-ကု ရှစ်ရှိ၊ သတ္တိံသိ၊ ဒုဂ်တိ ပုဂ္ဂလာ။

(၂) ဝိပ္ပယုတ်-ဝိ၊ယင်းတွင်ထည့်၊ သု၊ဒွိ စတ္တာ။

(၃) သမ္ပယုတ်-ဝိ၊ ယင်းတွင်ထည့်က၊ တိ-ဈာန် မမှီ၊ ဗျည်းတာလီ၊ မှတ်ညီစိတ်ရမှာ။

(၄) မဟဂ် ကု၊ နော၊ ယင်းတွင်နှောမှီ၊ ဇောပညီ၊ ဈာယီတိဟိတ်မှာ။

(၅) မဂ်ပုဂ္ဂိုလ်လေး၊ ကိုယ်စီရေး၊ ဧစိတ်မှတ်ရာ။

(၆) ဈာန်မဲ့-တိ၊ စိတ်၊ ဝိစိ၊ ဒွိဌ၊ နုတ်၊ သူ့-ဖိုလ်ချုပ်က၊ ဈာန်ယုတ်ကျန်သေး၊ အောက်ဖိုလ်ဒွေး၊ လေးဆဲ့တစ်စိတ်သာ။

(၇) မဟဂ် ကု၊ နော၊ ယင်းတွင်နှောက၊ ပညာသ၊ ဈာန ဒွေဖလာ။

(၈) ဒေါကိုပယ်ခဲ့၊ သူ့ဖိုလ်ထဲ့၍၊ ဈာန်မဲ့လေပြန်၊ အနာဂါမ်၊ တိံသံစိတ်နဝါ။

(၉) မဟဂ်-ကု၊ နော၊ ယင်းတွင်နှောပြီ၊ အဌတာလီ၊ ဈာယီ အနာဂါ။

(၁၀) ဆဲ့ရှစ် အဟိ၊ ကာ၊ ဝိ၊ ကြိ၊ ဘွဲ၊ သူ့ဖိုလ်ထဲ့၍၊ ဈာန်မဲ့လေက၊ ဗျည်းတိံသ၊ ကာမ ရဟန္တာ။

(၁၁) မဟဂ်-ကြိ၊ နော၊ ယင်းတွင် နှောပြီ၊ ဇောတာလီ၊ ဈာယီရဟန္တာ။

(၁၂) ကာမဘုံလယ်၊ စိတ်ရခြယ်၊ ဤဝယ် နိဋ္ဌိတာ။

## (ခ) ရူပဘုံအတွက်

(၁၃) ဒေါ၊ဒွေး-ကြဉ်မူ၊ အကု၊ဒသ၊ ဆ-ဃာနာဒိ၊ ဟသိ၊ ပယ်ပစ်၊ ဆဲ့တစ် အဟိတ်၊ အဌစိတ်-ကာ၊ကု၊ မဟဂ်၊ကု၊နော၊ ပဥ္စောရူဝိ၊ တေတာလီ၊ တိဟိတ် ရူပမှာ။

(၁၄) ယင်းတွင် ဒိဋ္ဌိ၊ ဝိစိပယ်ဖျောက်၊ သူ့ဖိုလ်လှောက်က၊ သုံးယောက် အောက်ဖိုလ်၊ ရူပဆို၊ နော၊ပိ-တိံသ၊သာ။

(၁၅) ဟသိ-ထဲ့လတ်၊ ဒွါဒယ် အဟိတ်၊ အဌစိတ်-ကာ၊ကြိ၊ မဟဂ်ကြိ၊နော၊ ပဥ္စော-ရူဝိ၊ သူ့-ဖိုလ်၊ထည့်၊ ဗျည်းတိရဟန္တာ။

(၁၆) ရူပဘုံလယ်၊ စိတ်ရခြယ်၊ ဤဝယ် နိဋ္ဌိတာ။

## (ဂ) အရူပဘုံအတွက်

(၁၇) ဒေါ,ဒွေး-ကြဉ်မှု၊ အကု,ဒသာ၊ မနောဒွါနှင့်၊ မဟာကု,ရှစ်၊ လေးဖြစ် နှစ်ခု၊ ကု,ဝိ,အရူ၊ သတ်ဝီဟူ၊ မှတ်ယူ တိဟိတ်မှာ။

(၁၈) ယင်းတွင် ဒိဋ္ဌိ၊ ဝိစိ ပယ်ဖျောက်၊ သူ့ဖိုလ်လှောက်က၊ သုံးယောက် အောက်ဖိုလ်၊ အရူ,ဆို၊ သုံးပို-ဝီသ,သာ။

(၁၉) မနောဒွါတစ်၊ ရှစ်မဟာ-ကြိ၊ ကြိ,ဝိ,အရူ၊ သူ့ဖိုလ်ကူက၊ ဌာရသ၊ စိတ်ရ ရဟန္တာ။

(၂၀) အရူပဝယ်၊ စိတ်ရခြယ်၊ မှတ်ဖွယ် နိဋ္ဌိတာ။

(၂၁) ထိုက်သည့်အလျောက်၊ ဝေဖန်ကောက်၊ ဉာဏ်ဖောက်ထွင်းစေရာ။

ပုဂ္ဂိုလ်စိတ်ရ သံပေါက်ပြီး၏။

**ဝိထိပိုင်း ဋီကာ ပြီး၏။**

ပရမတ္ထသံခိပ် ဋီကာ

# မှတ်သားဖွယ် အက္ခရာစဉ်


အက္ခရာစဉ် — စာမျက်နှာ

[ အ ]

အကတသုစရိတာရမ္မဏကုက္ကုစ္စ (ကုက္ကုစ္စတမျိုး) ၁၃၉
အကမ္မညတာလက္ခဏာ (ရှိသောမိဒ္ဓ) ၁၄၂
အကမ္မညနိမ္မဒ္ဒနရသ (ရှိသောကမ္မညတာ) ၁၅၀
အကမ္မညဝူပသမလက္ခဏာ (ရှိသောကမ္မညတာ) ၁၅၀
အကမ္မညသဘော (ရှိသော ထိန မိဒ္ဓ) ၁၇၂
အကရဏရသ (ရှိသော ဩတ္တပ္ပ) ၁၅၁
အကရဏရသ (ရှိသော ဟိရီ) ၁၅၀
အကာလုသိယပစ္စုပဋ္ဌာန် (ရှိသောသဒ္ဓါ) ၁၄၀
အကိရိယဒိဋ္ဌိ (ဒိဋ္ဌိတမျိုး) ၁၃၄
အကိရိယပစ္စုပဋ္ဌာန် (ရှိသော ဝိရတိ) ၁၆၃
အကိဋ္ဌနပုဒ် ဝိဂ္ဂြိုဟ် ၉၁
အကုသလပုဒ် ဝိဂြိုဟ် နှစ်မျိုး ၃၀
အကုသလဝိပါက်စိတ်၌ အဟေတုက သဒ္ဒါအထူးမပြုရပုံ ၅၂-၃
အကုသလဝိပါက်စိတ် သဟိတ်ဟူ၍ မရှိပုံ ၅၂
အကုသလဝိပါက်ဆိုလျှင်သမ္ဘာဝ ဗျတိစာရ မရှိပုံ ၅၃
အကုသိုလ်အပြစ်များတတ်သူ ၃၆
အကုသိုလ် အားနည်းပုံ ၆၆
အကုသိုလ်ကံကြောင့် အဟိတ်ဝိပါက် သာဖြစ်ရပုံ ၅၂

[ အ ]

အကုသိုလ်ကံနှင့် လှည်းဘီးဥပမာ ၆၀
အကုသိုလ်ကံ (နို့ရည်ဥပမာ) ၆၀
အကုသိုလ်ကံ (ပြာဖုံးမီးဥပမာ) ၆၀
အကုသိုလ်ခြံရံက သဟိတ်ကုသိုလ်ပင် သဟိတ်ဝိပါက်ကို မဖြစ်စေ ၅၂
အကုသိုလ်ကံခြံရံ၍ ပဋိသန္ဓေနေခဲ့သူ ၃၆
အကုသိုလ်ခြံရံသော ကုသိုလ်ကံ ၃၇
အကုသိုလ်စေတသိက် ၁၄-ပါး အာရုံပြုပုံ ၂၂၃
အကုသိုလ်စိတ် အစဉ်ထားပုံ ၂၂
အကုသိုလ်စိတ်၏ ပဒဋ္ဌာန် ၃၅
အကုသိုလ်စိတ်တို့ အကြောင်းလေးပါး ၃၅
အကုသိုလ်စိတ်၌ ဥပေက္ခာ ဖြစ်ကြောင်း လေးပါး ၂၄
အကုသိုလ်စိတ်၌ သောမနဿ ဖြစ်ကြောင်းလေးပါး ၂၃
အကုသိုလ်စိတ် သင်္ဂဟနည်း ၁၇၂
အကုသိုလ်တရားအစစ် ၃၀
အကုသိုလ်တရားနှင့် ရွှေတုဥပမာ ၆၆
အကုသိုလ်တရား ဖြစ်ပွါးမှုသည် အနုသယဓာတ်နှင့်စပ်၏ ၃၁၇
အကုသိုလ်နှင့်၊ကုသိုလ်နှစ်သွယ်၊ အောက်ဖိုလ်ပယ်ဘိ၊ ဗျည်းတြိ၊ သိလေရဟန္တာ ၃၁၆
အကုသိုလ်နောက်ဆုံးစိတ် ၂၉
အကုသိုလ်၌ မိစ္ဆာဒိဋ္ဌိယူရ၏ ၂၃
အကုသိုလ် (ပဟာတဗ္ဗဖြစ်ပုံ) ၆၆

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အကုသိုလ်ဖြစ်ပုံသဘော | ၅၀ |
| အကုသိုလ်ဖြစ်ရန် ပစ္စယဂဏ | ၂၆ |
| အကုသိုလ်ဖြစ်ရန်လမ်း | ၃၆ |
| အကုသိုလ်(ရောဂါနှင့်တူပုံ) | ၆၆ |
| အကုသိုလ်လောက ပကတိသဘော | ၆၆ |
| အကုသိုလ်လွတ်ရန်လမ်း | ၃၆ |
| အကုသိုလ်ဟိတ် သုံးပါး | ၁၈၆ |
| အက္ခန္တိ(သည်းမခံနိုင်ခြင်းသဘော) | ၁၈၈ |
| အကောက်အကွေ့သဘောတို့ကို နှိပ်နင်း ဖျက်ဆီးခြင်းကိစ္စ (ရှိသော ဥဇုကတာ) | ၁၆၀ |
| အကျိုးပြုခြင်း ဥပါယ | ၂၆ |
| အကျိုးပေးအားဖြင့် ကုသိုလ် နှစ်မျိုးခွဲပုံ | ၅၉ |
| အကြားအမြင် နည်းပါးခြင်း | ၂၈ |
| အဂ္ဂိရပကတိတာ (ဒေါမနဿ ဖြစ်ကြောင်းအင်္ဂါ) | ၂၃-၈ |
| အဂေဓလက္ခဏာ(ရှိသော အလောဘ) | ၁၅၃ |
| အင်္ဂါလေးပါး ရှိသောမှောင်ထု | ၁၂၈ |
| အစက္ကိက္ကလက္ခဏာ(ရှိသော အဒေါသ) | ၁၅၄ |
| အဇ္ဈာကာသ (အာကာသ ၄မျိုးတွင် တမျိုး) | ၈၈ |
| အဇိမှတာပစ္စုပဋ္ဌာန် (ရှိသော ဥဇုကတာ ၂-ပါး) | ၁၆၀ |
| အဇေဂုစ္ဆလက္ခဏာ (ရှိသော အဟိရိက) | ၁၃၀ |
| အဇ္ဇဝလက္ခဏာ (ရှိသော ဥဇုကတာ ၂ ပါး) | ၁၆၀ |
| အဇ္ဈတ္တ ကေန် အာရုံပြုသောစိတ် | ၂၂၁ |
| အဇ္ဈတ္တဗဟိဒ္ဓ အာရုံ နှစ်ပါးမည်ပုံ | ၂၂၁ |
| အဇ္ဈတ္တဗဟိဒ္ဓ ကေန် အာရုံပြု ဆောင်ပုဒ် | ၂၂၁ |
| အညသမာန်း ဝိဂြိုဟ် | ၁၂၇ |
| အညသဒ္ဒါ၏ အပါဒါန် | ၁၂၈ |
| အညာဏ (မောဟတမျိုး) | ၁၂၉ |
| အညောက် အပင်နှင့် ဝီတိက္ကမအခိုက် ဥပမာ | ၇၆ |
| အဟိအဝိဘူတာရုံ ဝိထိ (မောဃ ဝါရ မည်ပုံ) | ၂၆၅ |
| အတိဣဋ္ဌာရုံ ခေါ်ပုံ | ၂၇၆ |
| အတိဣဋ္ဌာရုံ၌ပင် ဥပေက္ခာ ဖြစ်နိုင်ကြောင်း | ၂၈၀ |
| အတိဣဋ္ဌာရုံ၌ သောမနဿ ကြိယာဇော ဖြစ်၏ | ၂၇၅ |
| အတိဣဋ္ဌာရုံဖြစ်အံ့ အကုသလ ဝိပါက် သောမနဿ ဖြစ်ပုံ | ၂၇၅ |
| အတိက္ကမိတဗ္ဗအာရုံ (အာကာသာ နဉ္စာယတန ဆိုင်ရာ) | ၈၉၊၉၃ |
| အတိပရိတ္တာရုံခေါ်ပုံ | ၂၃၈ |
| အတိပရိတ္တာရုံ ခြောက်ဝီထိ | ၂၃၈ |
| အတိပရိတ္တာရုံ ငါးပါး | ၂၃၈ |
| အတိပရိတ္တာရုံ ဝီထိ | ၂၃၉ |
| အတိပရိတ္တာရုံဝီထိ (ဘဝင်အမူအရာ ထူးထွေစွာ ဖြစ်လာရကြောင်း) | ၂၆၃ |
| အတိပရိတ္တာရုံ ဝီထိ (မောဃဝါရ မည်ပုံ) | ၂၄၁ |
| အတိပရိတ္တာရုံသည် အထက်, အနုံ့ စသော အဆင့်ဆင့် အားဖြင့် ၆ - ပါး | ၂၃၉ |
| အတိမဟန္တာရမ္မဏဝီထိ ဝိဂြိုဟ် | ၂၃၈ |

အက္ခရာစဉ် — စာမျက်နှာ

[ အ ]

အတိမဟာန်၊ တချက်လွှန်၊ မဟာန်
နှစ်, သုံးသာ ၂၃၉
အတိမဟန္တာရုံ ၁-ဝီထိ ၂၃၉
အတိမဟန္တာရုံ ခေါ်ပုံ ၂၄၈
အတိမဟန္တာရုံ ငါးပါး ၂၃၈
အတိမဟန္တာရုံ စသည်ဖြင့် အာရုံ
လေးမျိုး ဖြစ်ပေါ်ကြောင်း ၂၄၀
အတိမဟန္တာရုံ ဝီထိ (တဒါရမ္မဏဝါရ
မည်ပုံ) ၂၄၁
အတိမဟန္တာရုံ ဝီထိ ဆောင်ပုဒ် ၂၄၈
အတိမဟန္တာရုံ ဝီထိ ဆဲ့နှစ်ပုံ ၂၄၈
အတိဝိဘူတ ဝိဂ္ဂြိုဟ် ၂၆၅
အတိဝိဘူတာရမ္မဏ
ဝိဂ္ဂြိုဟ်နှင့် အရ ၂၆၅
အတိဝိဘူတာရုံ ခေါ်ပုံ ၂၆၅
အတိဝိဘူတာရုံဝီထိ
တဒါရမ္မဏဝါရ မည်ပုံ ၂၆၅
အတိတ် သဒ္ဒူဟ၊ အတ္တင်ဗ်ါနာမ်ပညတ်၊
လေးရပ်နုဗာန်ပွါး ၂၆၇
အတီတ၏ ဝိဂ္ဂြိုဟ် ၂၇၀
အတီတခေါ်ပုံ ၂၇၀
အတီတဂ္ဂဟဏ ဝိဂ္ဂြိုဟ် ၂၆၈
အတီတဂ္ဂဟဏဝါရ မည်ပုံ ၂၆၇
အတီတဘဝင် ဝိဂ္ဂြိုဟ် ၂၄၈
အတီတဘဝင် လွှန်ပုံအကျယ် ၂၄၈
အတိတ်ကို အာရုံပြုသောစိတ် ၆-ပါး ၂၂၀
အတိတ်တရားသည် ပစ္စုပ္ပန်တရားအား
ကျေးဇူးပြုပုံ ၂၇၅
အတ္တဂါရဝပဒဋ္ဌာန်
(ရှိသော ဟိရီ) ၁၅၀
အတ္တမိစ္ဆာပဏိဓိ (ဝိပတ္တိ
လေးပါးတွင် တပါး) ၃၅
အတ္တသညာ (သညာတမျိုး) ၁၁၄
အတ္တသမ္ဘတ္တိပဒဋ္ဌာန်
(ရှိသော မစ္ဆရိယ) ၁၃၈
အတ္တသမ္မာပဏိဓိ
(သမ္ပတ္တိလေးပါးတွင် တပါး) ၆၅
အဋ္ဌဂ္ဂဟဏဝါရဝီထိမည်ပုံ ၂၆၇
အတ္ထသဒ္ဒါအနက် နှစ်မျိုး ၁၃
အန္တဂ္ဂါဟိကဒိဋ္ဌိ(ဒိဋ္ဌိတမျိုး) ၁၃၄
အဒန္ဓတာပစ္စုပဋ္ဌာန်
(ရှိသော လဟုတာ) ၁၅၇
အဒေါသ၏ လက္ခဏာစသည် ၁၅၄
အဒေါသ၏ ဝိဂ္ဂြိုဟ် ၁၅၃
အဓိဋ္ဌာနပါဒက ပဉ္စမဈာန်ဝီထိ ၃၀၂
အဓိဋ္ဌာနဝီထိ (အဘိညာဏ်·
ဝီထိ၏ အခြေခံဝီထိ) ၃၀၂
အဓိပတိအာရုံနှင့် သာမညအာရုံ ၂၀၉
အဓိပတိအာရုံ သချုပ် ၂၂၃
အဓိမုတ္တိသဒ္ဒါ စွဲစွဲမြဲမြဲ ခိုင်ခံ့စွာ
ယုံကြည်မှု ၁၄၉
အဓိမောက္ခ၏ လက္ခဏာစသည် ၁၂၆
အဓိမောက္ခ၏ ဝိဂ္ဂြိုဟ် ၁၂၆
အဓိမောက္ခ ကြဉ်စိတ် (၁၁) ၁၆၉
အဓိမောက္ခယှဉ်စိတ် (၇၈) ၁၆၉
အနတ္တသညာ (သညာတမျိုး) ၁၁၄
အနန္တပုဒ်ဝိဂ္ဂြိုဟ် ၈၈
အနန္တရူပနိဿယသတ္တိ ၂၇၀
အနဘာဝလက္ခဏာ(ရှိသော
မောဟ) ၉
အနိဘူတ (မည်သောမောဟ) ၁၂၉
အနလ္လီယနပစ္စုပဋ္ဌာန်
(ရှိသော အလောဘ) ၁၅၃
အနဝဇ္ဇသဘော ကုသိုလ်၌ရှိပုံ ၆၄
အနဝဋ္ဌာနရသ (ရှိသော ဥဒ္ဓစ္စ) ၁၃၂
အနာဂတ၏ ဝိဂ္ဂြိုဟ် ၂၇၀

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အနာဂတခေါ်ပုံ | ၂၁၀ |
| အနာဂတ်ကာလ၌ ဇာတ်အဆူဆူ အဘယ်သူဖြစ်ပြီး၍ တဖန်တမူ အဘယ်သူ ဖြစ်လိမ့်မည်နည်း | ၁၄၄ |
| အနာဂတ်ကာလ၌ ဘယ်ပုံသဏ္ဍာန် ဘယ်ဟန်ပန်ဖြင့် ဖြစ်လိမ့်မည်နည်း | ၁၄၄ |
| အနာဂါမိ ဖိုလ်စိတ်ဝိဂြိုဟ် | ၁၀၀ |
| အနာဂါမိ မဂ်စိတ်ဝိဂြိုဟ် | ၉၉ |
| အနာဂါမ်နှစ်ပါး | ၃၁၆ |
| အနာဂါမ်ပုဂ္ဂိုလ် စိတ်ရရေတွက်ပုံ | ၃၁၆ |
| အနာဂါမ်သုံးပါး | ၃၁၆ |
| အနာဂါမ်နှင့်ဆိုင်သော ဟိတ်ငါးပါး | ၁၈၆ |
| အနာထဘာဝဒဿနပဒဋ္ဌာန် (ရှိသော ကရုဏာ) | ၁၆၅ |
| အနာသဝအကျိုးငှါ ကျင့်ကြံသင့်ပုံ | ၂၁ |
| အနာသဝအဝတ္ထာဘုံ (သာသဝ မျိုးနွယ်ကို လွန်သောမဂ်ဖိုလ်) | ၂၀ |
| အနိစ္စတာ(သည် စိတ်၏ ဘင်ခဏမျှသာ အသက်ရှိ၏) | ၂၇၇ |
| အနိစ္စသညာ (သညာတမျိုး) | ၁၁၄ |
| အနိစ္စသညာ၏ ပရိယာယ်ဖြစ်သော လောက | ၁၉ |
| အနိဋ္ဌဝိဂြိုဟ် | ၂၇၆ |
| အနိဋ္ဌာကာရ သမ္ဘောဂရသ (ရှိသော ဒေါမနဿ) | ၁၁၂ |
| အနိဋ္ဌာ ပြိ၊ အကု ဝိ၊ ကြိလည်း ဝိန္ဒယ်တတ် | ၂၇၅ |
| အနိဋ္ဌာရမ္မဏ သမာယောဂ (ဒေါသမူစိတ်ဖြစ်ကြောင်းအင်္ဂါ) | ၂၈ |
| အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏာ (ရှိသော ဒေါသ) | ၁၁၂ |
| အနိဋ္ဌာရုံအနေအားဖြင့် ခံစားသုံးဆောင်ခြင်းကိစ္စ(ရှိသောဒေါသ) | ၁၁၂ |
| အက္ခရာစဉ် | စာမျက်နှာ |
| **[ အ ]** | |
| အနိဋ္ဌာရုံနှင့် ပေါင်းဆုံခြင်း (သည် ဒေါမူစိတ်ဖြစ်ကြောင်း) | ၂၈ |
| အနိဋ္ဌာရုံဖြစ်အံ့ အကုသလဝိပါက်ဖြစ်ပုံ | ၂၇၅ |
| အနိမိတ္တသမာဓိ (ဧကဂ္ဂတာတမျိုး) | ၁၁၆ |
| အနိယတယောဂီ စေတသိက်တို့သည် စိတ်ကို အထူးပြုနိုင်သည် | ၃၂ |
| အနိယတယောဂီ စေတသိက် ၁၁-ပါး | ၁၈၄ |
| အနုတ္တာသနလက္ခဏာ (ရှိသော အနောတ္တပ္ပ) | ၁၃၀ |
| အနုပသမ္ပန္နဘုံ (လူနှင့် သာမဏေ ၂-ပါးစုံဖြစ်ရာ) | ၁၄ |
| အနုပါလနလက္ခဏာ (ရှိသော ဇီဝိတိန္ဒြေ) | ၁၁၇ |
| အနုဗန္ဓကမနောဒွါရဝီထိ ၁၂၀-ဖြစ်ပုံ | ၂၇၁ |
| အနုဗန္ဓကမနောဒွါရဝီထိ (ခေါင်းလောင်းသံ ဥပမာဖြင့် ပြခြင်း) | ၂၆၇ |
| အနုဗန္ဓကမည်ပုံ | ၂၆၆ |
| အနုဗန္ဓက ဝိဂြိုဟ် | ၂၆၆ |
| အနုဗန္ဓက၊ သုဒ္ဓိက၊ ကာမ နှစ်ထွေပြား | ၂၆၆ |
| အနုဗန္ဓန ပစ္စုပဋ္ဌာန် (ရှိသော ဝိစာရ) | ၁၂၂ |
| အနုဘဝနဘေဒ (ဝေဒနာသုံးပါးပြား၏) | ၁၂ |
| အနုမဇ္ဇနလက္ခဏာ (ရှိသော ဝိစာရ) | ၁၂၂ |
| အနုယောဇနရသ (ရှိသော ဝိစာရ) | ၁၂၂ |
| အနုလောမဝိဂြိုဟ် | ၂၉၁ |
| အနုလုံဇောကျေးဇူးပြုပုံ | ၂၉၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အနုလုံမည်ပုံ | ၂၉၁ |
| အနုသယ (လောဘ တမျိုး) | ၁၃၃ |
| အနုသယ အခိုက် (ကုသိုလ် စသည်၌ အမြဲကိန်းဝပ်နေပုံ) | ၇၆ |
| အနုသယခေတ်ကြောင့် အကုသိုလ်ဖြစ်ပွါး၏ | ၃၁၇ |
| အနုသယခေတ်ကြောင့် ကုသိုလ်ဖြစ်ပွါး၏ | ၃၁၇ |
| အနုသယခေတ်ချုပ်ငြိမ်းလျှင် ကုသိုလ်မဖြစ် | ၃၁၇ |
| အနုသယခေတ် ချုပ်ငြိမ်းလျှင် အကုသိုလ် မဖြစ် | ၃၁၇ |
| အနုသယ မရှိ၍ ဖြစ်လာသော ကြိယာ | ၅၀ |
| အနုဿရဏလက္ခဏာ (ရှိသောသတိ) | ၁၅၀ |
| အနုဿဟနလက္ခဏာ (ရှိသောထိန) | ၁၄၂ |
| အနုသူယနရသ (ရှိသော မုဒိတာ) | ၁၆၆ |
| အနေကန် အာရုံပြုသော စိတ်များ | ၂၂၂ |
| အနေကန်အာရုံ ပြုသော စိတ် ၃၁ - သရုပ် | ၂၂၀ |
| အနေကံသဂါဟ ပစ္စုပဋ္ဌာန် (ရှိသော ဝိစိကိစ္ဆာ) | ၁၄၆ |
| အနောတ္တပ္ပ၏ လက္ခဏာစသည် | ၁၃၀ |
| အနောတ္တပ္ပ၏ ဝိဂြိုဟ် | ၁၃၀ |
| အနောဋ္ဌာရိကအာရုံ | ၄၆ |
| အပရန္တကာ်တိ=နောင်အနာဂတ် အစွန်း၌ ယုံမှားခြင်း | ၁၄၅ |
| အပရိဂ္ဂဟရသ (ရှိသော အလောဘ) | ၁၅၃ |
| အပရိစ္စာဂပစ္စုပဋ္ဌာန် (ရှိသော လောဘ) | ၁၃၃ |
| [ အ ] | |
| အပရိပ္ပနိုနသီတလပစ္စုပဋ္ဌာန် (ရှိသော ပဿဒ္ဓိ) | ၁၅၆ |
| အပူအပြင်းတို့ကို နှိပ်နင်းခြင်းကိစ္စ (ရှိသော ပဿဒ္ဓိ) | ၁၅၆ |
| အပါယ်လေးဘုံ၌ ပုဂ္ဂိုလ်ချ | ၃၁၉ |
| အပါယ်ဒုဇ၊ လူဇ, ဒု, ပစ်နှစ်ဆဲ့နှစ် ပေါင်းလစ်နှစ်ဆဲ့ခြောက် | ၃၁၀ |
| အပါယ်လမ်းမကြီး | ၃၆ |
| အပျော် ပါဏာတိပါတပြုရာ၌ သောမနဿမဖြစ် | ၃၃ |
| အပ္ပဋိဃာတပစ္စုပဋ္ဌာန် (ရှိသော မုဒိတာ) | ၁၅၇ |
| အပ္ပဋိရူပဒေသဝါသ (ဝိပတ္တိစက် ၄ ပါးတွင် တပါး) | ၃၅ |
| အပ္ပဋိဝေဓရသ (ရှိသော မောဟ) | ၁၂၉ |
| အပ္ပဏိဟိတသမာဓိ (ဧကဂ္ဂတာတမျိုး) | ၁၁၆ |
| အပ္ပနာစိတ် (ဈာန်စိတ်ပေါင်း ၆၇-ပါးကို ခေါ်သည်) | ၁၀၅ |
| အပ္ပနာစိတ်ကို ဈာန်စိတ်ခေါ်ပုံ | ၇၂ |
| အပ္ပနာစိတ်၌ ပဋိပဒါဘေဒ ဖြင့်သာ ဟောခြင်း အကြောင်း | ၈၄ |
| အပ္ပနာစိတ် သခ်ါရ ဘေဒ ဆုံးဖြတ်ချက် | ၈၃-၅ |
| အပ္ပနာ စိတ် သခ်ါရ ဘေဒ မဟောခြင်း အကြောင်း | ၈၄ |
| အပ္ပနာဇဝန နိယမ | ၂၉၉ |
| အပ္ပနာဇော စတင်ဖြစ်ပေါ်ခြင်း | ၂၉၉ |
| အပ္ပနာဇောတို့၏ ရှေ့၌ ဖြစ်သည့် ကာမဇော အသီးသီး | ၂၉၀ |
| အပ္ပနာဇောဝါရ | ၂၉၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အပ္ပနာဇော ဝါရ မနောဒွါရ ဝီထိမည်ပုံ | ၂၆၆ |
| အပ္ပနာဇော ဝါရ ဝီထိ ဖြစ်ပုံ ဆောင်ပုဒ် | ၂၉၀ |
| အပ္ပနာပုဒ် ဝိဂြိုဟ် | ၇၉ |
| အပ္ပနာဘာဝနာ | ၇၆၊ ၇၉ |
| အပ္ပနာဘုံ (အပ္ပနာစျာန် ကို ခေါ်သည်) | ၈၄ |
| အပ္ပနာရောက်သူ ချမ်းသာပုံ | ၇၉ |
| အပ္ပနာဝါရနှင့် ကာမဝါရ | ၂၆၆ |
| အပ္ပနာသမာဓိ (ကေဂုတာတမျိုး) | ၁၁၆ |
| အပ္ပမညာ စေတသိက်ယှဉ်ပုံ | ၁၇၄ |
| အပ္ပမညာဒွေး အာရုံပြုပုံ | ၂၂၃ |
| အပ္ပမညာ နှစ်ပါး | ၁၆၄ |
| အပ္ပမညာ (သတ္တဝါပညတ်ကိုသာ အာရုံပြုပုံ) | ၁၈၂ |
| အပ္ပဿုတတာ (ဒေါသမူစိတ် ဖြစ်ကြောင်း အင်္ဂါ) | ၂၀ |
| အဖန်တလဲလဲ ဖွဲ့ခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန် (ရှိသော ဝိစာရ) | ၁၂၂ |
| အဗျာဘိစာရ (နှစ်မျိုးနှစ်စားရသည် ကို ခေါ်သည်) | ၅၃ |
| အဗျာကတဟိတ် | ၁၈၈ |
| အဗျာပါဒဝိတက် (ဝိတက်တမျိုး) | ၁၂၀ |
| အဘိဇ္ဈာ (လောဘတမျိုး) | ၁၃၂ |
| အဘိညာဝိဂြိုဟ် | ၃၀၂ |
| အဘိညာဏ်၏ နယ် | ၈၅ |
| အဘိညာနှင့် ပဋိပဒါအထူး | ၈၅ |
| အဘိညာပါဒက ပဉ္စမစျာန်ဝီထိ | ၃၀၂ |
| အဘိညာဏ်ဇော ၁-ကြိမ်သာ ဖြစ်ပေါ်ရပုံ | ၃၀၂ |
| အဘိဓမ္မတ္ထမဥ္ဇရီ (ကျမ်းအမည်) | ၃ |
| အဘိဓမ္မာနည်း ဝတ္ထုကာမ | ၁၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အဘိနိဝေသကရဏပစ္စုပဋ္ဌာန် (ရှိသော သညာ) | ၁၁၄ |
| အဘိသင်္ခရသ (ရှိသော လောဘ) | ၁၃၃ |
| အမန္တာယုကဝိဂြိုဟ် | ၂၅၉ |
| အမန္တာယုကသချာ်နှင့် မည်ပုံ | ၂၅၉ |
| အရှဉ်ဒ္ဓ မကောင်းခြင်း မခံခြင်း လက္ခဏာ (ရှိသော မိဒ္ဓ) | ၁၄၂ |
| အမဲသားတစ် (လောဘ၏ သဘော) | ၁၃၂ |
| အမှားမှား အယှင်းယှင်း နှလုံးသွင်း ခြင်း လက္ခဏာ (ရှိသော မိဒ္ဓ) | ၁၃၄ |
| အမှတ်ပြု၍ သိခြင်းလက္ခဏာ (ရှိသော သညာ) | ၁၁၄ |
| အယာထာဝ ကုက္ကုစ္စ (မဟုတ်မမှန် သည်၌ သံသယဖြစ်မှု) | ၁၄၀ |
| အယာထာဝမာန | ၁၄၀ |
| အယောနိသော ဥမ္မုဇ္ဇန (ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်ရန် အင်္ဂါ) | ၂၄ |
| အယောနိသော မနသိကာရ (ကြောက်ဖွယ်ကောင်းပုံ) | ၃၆ |
| အယောနိသော မနသိကာရကြောင့် (အကုသိုလ်ဇောဖြစ်၏) | ၂၅၅ |
| အယောနိသော မနသိကာရပဒဋ္ဌာန် (ရှိသောမောဟ စသည်) | ၁၂၉၊၁၃၂၊ ၁၄၂-၃-၆ |
| အယောနိသောလမ်း (အကုသိုလ်ဖြစ်ဘို့လမ်း) | ၃၆ |
| အရတိဝိဃာတပစ္စုပဋ္ဌာန် (ရှိသော မုဒိတာ) | ၁၆၆ |
| အရဟတ္တဖိုလ်စိတ် ဝိဂြိုဟ် | ၂၀၀ |
| အရဟတ္တမဂ္ဂသိဒ္ဓစျာန် (အရဟတ္တ မဂ်ဖြင့်ပြီးစီးသောစျာန် | ၈၃ |
| အရဟတ္တမဂ်စိတ်ဝိဂြိုဟ် | ၉၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်ကြည်၍ အလုံးစုံကို အာရုံပြုနိုင်သော စိတ်သရုပ်အဓိပ္ပါယ် | ၂၁၅ |
| အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်ကြည်၍ အလုံးစုံကို အာရုံပြုနိုင်သောစိတ် ဆောင်ပုဒ်ကဗျာ | ၂၁၅ |
| အရဟတ္တမဂ်သည် အနုသယဓာတ်ကို ပယ်သတ်၏ | ၃၁၇ |
| အရာ မက မြင်နိုင်စွမ်းသူ (ပညာရှိလက္ခဏာ) | ၆၅ |
| အရိယသစ္စာ၏ သဘောလေးပါး | ၁၂ |
| အရိယသစ္စာ ဒုက္ခသဘောအစစ် | ၁၂ |
| အရိယသစ္စာ ဒုက္ခသမုဒယသဘော အစစ် | ၁၂ |
| အရိယသစ္စာ ဒုက္ခနိရောဓ သဘောအစစ် | ၁၂ |
| အရိယသစ္စာ ဒုက္ခနိရောဓမဂ္ဂ သဘောအစစ် | ၁၂ |
| အရိယသစ္စာ (အရိယာ၏ဉာဏ်၌သာ ထင်၏) | ၁၂ |
| အရိယသစ္စာ(သို့ ရောက်လျှင် သဘာဝ သစ္စာ အချို့မမှန်ကြကုန်) | ၁၂ |
| အရိယဉာဏ်၌ အရိယသစ္စာသာထင်၏ | ၁၃ |
| အရိယာဘုံ(အရိယာ အဖြစ်) | ၁၄ |
| အရိယာ ပုဂ္ဂိုလ်ရှစ်ယောက် | ၃၀၆ |
| အရူပအာရုံ လေးပါးအနက်ကို အရူပသဒ္ဒါဟောသည် | ၁၈ |
| အရူပကြိယာ၏စိတ်အာရုံ | ၉၃ |
| အရူပစိတ်တို့၏ အာရုံနှစ်မျိုး | ၁၉၊၉၃ |
| အရူပစိတ် သင်္ခါရဘေဒ မဟောခြင်းအကြောင်း | ၁၄ |
| အရူပစိတ်သင်္ခါရဘေဒ ဆုံးဖြတ်ချက် | ၁၃-၅ |
| အရူပဈာန်အားထုတ်သူနှစ်မျိုး | ၁၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အရူပဈာနတဏှာအနက်ကို အရူပသဒ္ဒါဟောသည် | ၁၈ |
| အရူပဈာန်ကို အာရုံပြောင်းမှုရသည် | ၁၉ |
| အရူပဈာန် အနက်ကို အရူပသဒ္ဒါ ဟောသည် | ၁၈ |
| အရူပဈာန်နှင့် ရူပဈာန် ခြားနားချက် | ၁၆ |
| အရူပဈာန်၌ ဘုံသုံးပါး ပိုင်းခြားပုံ | ၁၇ |
| အရူပတဏှာ (လောဘဘမျိုး) | ၁၃၂ |
| အရူပတဏှာ ကျက်စားရာ ဘုံအနက်ကို အရူပသဒ္ဒါ ဟောသည် | ၁၈ |
| အရူပနှစ်မျိုး | ၁၈ |
| အရူပပုဂ္ဂိုလ် သန္တာန်၌ ဖြစ်ကာမျှ အရူပါဝစရစိတ် မခေါ်ရပုံ | ၁၉ |
| အရူပဗြဟ္မာဘုံ၌ ရုပ်ဝတ္ထု မရခြင်း၏ ဆောင်ပုဒ် | ၂၂၆ |
| အရူပဗြဟ္မလောက အတွင်းမှ ကာမဘုံများ | ၁၆ |
| အရူပဘဝ (လောဘဘမျိုး) | ၁၃၂ |
| အရူပဘုံအတွက် ပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်များ | ၃၁၉ |
| အရူပဘုံနှစ်မျိုး | ၁၈ |
| အရူပဘုံ၌ ဒေါသမူဒွေး မဖြစ်နိုင် ကြောင်း | ၂၂၀ |
| အရူပဘုံ၌ ဒွေပဉ္စဝိညာဏ် မရကြောင်း | ၃၀၅ |
| အရူပဘုံ၌ ပရတောဃောသ ပစ္စည်းကို မရနိုင်ကြောင်း | ၃၀၆ |
| အရူပဘုံ၌ပုထုဇ္ဇဉ် ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို မရနိုင် ကြောင်း | ၂၂၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အရူပဘုံ၌ ပြုံးရယ်ခြင်း ဟူ၍ မရှိနိုင် | ၂၂၈ |
| အရူပဘုံ၌ ဖြစ်သော သတ္တဝါတို့ တည်နေပုံ | ၂၂၇ |
| အရူပဘုံ၌ ဖြစ်သော်လည်း လောဘမူ စသော စိတ်တိ ကာမာဝစရ စိတ်သာ မည်ပုံ | ၁၇ |
| အရူပဘုံ၌ မနောဓာတ် ၃-ခု မရကြောင်း | ၃၀၅ |
| အရူပဘုံ၌ မရသောစိတ်များ | ၃၀၅ |
| အရူပဘုံ၌ ရသော စိတ်များ | ၃၀၅ |
| အရူပဘုံ၌ ရူပစိတ် ၁၅-ခု မဖြစ်နိုင်ကြောင်း | ၂၂၈ |
| အရူပဘုံ၌ ဝတ္ထုရုပ်ကို မမှီဘဲ စိတ်ဓာတ် ၁-ပါး ဖြစ်၏ | ၂၃၁ |
| အရူပဘုံ၌ သန္တီရဏ မဟာဝိပါက် စိတ်များ မဖြစ်နိုင်ကြောင်း | ၂၂၇ |
| အရူပဘုံ၌ သောတာပတ္တိမဂ်စိတ် မရကြောင်း | ၃၀၆ |
| အရူပဘုံ၌ ဟသိတုပ္ပါဒ် စိတ်များ မရကြောင်း | ၃၀၅ |
| အရူပဘုံ မည်ခြင်း အကြောင်း | ၁၅ |
| အရူပဘုံသည် ဌာနဘုံ အဝတ္ထာဘုံ နှစ်မည်ရနိုင်၏ | ၁၅ |
| အရူပမျိုးနွယ်မှ ကျွတ်လွတ်ပုံ | ၁၇ |
| အရူပရဟန္တာနှင့် မဆိုင်သောစိတ် | ၃၁၇ |
| အရူပရာဂ (လောဘတမျိုး) | ၁၃၂ |
| အရူပလေးဘုံ၌ ပုဂ္ဂိုလ်စိတ်ရ | ၃၁၀ |
| အရူပဝိပါက်စိတ် အာရုံ | ၉၃ |
| အရူပဝိပါက်လေးခု မှီရာဝတ္ထု မရှိကြောင်း ဆောင်ပုဒ် | ၂၂၉ |
| အရူပသဒ္ဒါ ဘုံဟော၏ ဝိဂြိုဟ် | ၁၈ |
| အရူပသဒ္ဒါ (အရူပတဏှာ၏ ကျက်စားရာဘုံ အနက် ဟောသည်) | ၁၈ |
| အရူပသဒ္ဒါ (အရူပဈာန် အနက် ဟောသည်) | ၁၈ |
| အရူပသဒ္ဒါ၏ (အနက်လေးမျိုး) | ၁၈ |
| အရူပသမာပတ်များ (အာနေဉ္ဇ သမာပတ် မည်ပုံ) | ၈၇ |
| အရူပဟိတ် သုံးပါး | ၁၈၆ |
| အရူပါဝစရပုဒ် သဒ္ဒါနက်ပေးပုံ | ၁၉ |
| အရူပါဝစရပုဒ်ကို ပုဒ်ခွဲနည်း | ၁၈ |
| အရူပါဝစရ သဒ္ဒါ ဝိဂြိုဟ် | ၁၈ |
| အရူပါဝစရ သဒ္ဒါ အနက် (မ္မဟာဒယ ဝိဘင်းလာ) | ၁၉ |
| အရည် အစက် နှစ်မျိုး | ၄၁ |
| အရိပ်ထင် အာရုံ သုံးမျိုး | ၃၉ |
| အရိပ်နှင့်တူသော တရား | ၆၈ |
| အရေးပိုင် ဥပမာနှင့်ဝိညာဉ် | ၄၂ |
| အရိုးစု ပြိတ္တာ ရုပ် စသည်တို့၌ သောမနဿ ဖြစ်ခြင်း | ၂၈၁ |
| အရိုးသတ်, ဆ၊ အားနည်းလှ၊ ပဋ္ဌအကြိမ်သာ | ၂၈၇ |
| အရောင်အလင်း(သည် ဝီထိစိတ် တစဉ်လုံးအား ကျေးဇူးပြုပုံ) | ၂၄၂ |
| အရောင်အလင်း နှစ်မျိုး | ၃၉ |
| အလဇ္ဇီပုဂ္ဂိုလ် | ၁၄၁ |
| အလောဘ၏လက္ခဏာစသည် | ၁၅၃ |
| အလောဘ၏ဝိဂြိုဟ် | ၁၅၂ |
| အလယ်အလတ် တည့်မှတ်သမှု လျစ်လျူရှုသော ခံစားခြင်း လက္ခဏာ (ရှိသော ဥပေက္ခာဝေဒနာ) | ၁၁၃ |
| အလယ်ဇောငါးချက် | ၂၉၅ |
| အလယ်ဇောငါးချက် စေတနာတို့၏ သီးပွင့်မှု | ၂၉၃ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ အ ]** | |
| အလယ်ဇောင်းချက် စေတနာတို့သည် လွန်စွာအားရှိကြကုန်၏ | ၂၉၅ |
| အလွန်ကပ်ငြိတွယ်တာခြင်းကိစ္စ | ၁၃၃ |
| အလွန်ရှုန့်ရင်းသောတရား | ဂ၆ |
| အလုံးစုံကိုအာရုံပြုသော စေတသိက် ၃၃-ပါး | ၂၂၃ |
| အဝသဒ္ဒါ၏အနက် | ၁၆ |
| အဝတ္ထာကာမဘုံ | ၁၆ |
| အဝတ္ထာဘုံ | ၁၄ |
| အဝိဘူတာရုံမည်ပုံ | ၂၆၅ |
| အဝိဘူတာချဲ့ဝိထိ(ဝုဋ္ဌောဝါရမည်ပုံ) | ၂၆၅ |
| အဝိသာရ အဝိက္ခေပလက္ခဏာ (ရှိသောကေဂ္ဂတာ) | ၁၁၆ |
| အဝိဟိံသပစ္စုပဋ္ဌာန် (ရှိသောကရုဏာ) | ၁၆၅ |
| အဝိဟိံသာဝိတက် | ၁၂၁ |
| အဝီစိငရဲမီး အပူစွမ်းအား | ၄၂ |
| အဝီတိက္ကမလက္ခဏာ(ရှိသောဝိရတိ) | ၁၆၃ |
| အဝစရသဒ္ဒါ၏မယူသင့်သောအနက်နှင့် ယူသင့်သောအနက် | ၁၇ |
| အဝုတ္တာသိဒ္ဓိနည်းဖြင့် အသင်္ခါရိကဟု ဆိုသည် | ၃၄-၅ |
| အဂူပသမလက္ခဏာ(ရှိသော ဥဒ္ဓစ္စ) | ၁၃၂ |
| အသင်္ကောစနပစ္စုပဋ္ဌာန် (ရှိသော အဟိရိကနှင့် အနောတ္တပ္ပ) | ၁၃၀-၁ |
| အသင်္ခါရ အရကောက် | ၂၆ |
| အသင်္ခါရပုဒ်အရကောက် | ၆၁ |
| အသင်္ခါရပုဒ် ဝိဂြိုဟ် | ၂၅၊၆၁ |
| အသင်္ခါရမည်ပုံ | ၂၆ |
| အသင်္ခါရသမာဓိ (သုခပဋိပဒါစျာန် ၂-ပါးကို ခေါ်သည်) | ဂ၃ |
| အသင်္ခါရသည် စိတ်မဟုတ် | ၂၆ |
| အသင်္ခါရိကအကြောင်း ၆-ပါး | ၂၇ |
| အသင်္ခါရိက ကမ္မဇနိတပဋိသန္ဓိကတာ အသင်္ခါရိက ဖြစ်ကြောင်းအင်္ဂါ | ၂၇ |
| အသင်္ခါရိက ကုသိုလ်အကျိုးပေးပုံ | ၆၂ |
| အသင်္ခါရိကကုသိုလ်ဖြစ်ကြောင်းတရား | ၆၂ |
| အသင်္ခါရိကကုသိုလ်ဖြစ်ပုံ | ၆၁-၂ |
| အသင်္ခါရိကပုဒ်အရကောက် | ၂၅၊၆၁ |
| အသင်္ခါရိကပုဒ်ခွဲပုံ | ၂၅ |
| အသင်္ခါရိကပုဒ်ဝိဂြိုဟ် | ၂၅၊၆၁ |
| အသင်္ခါရိကဟု အဝုတ္တာသိဒ္ဓိနည်းဖြင့် ဆိုသည် | ၃၄ |
| အသင်္ခါရိကသာ ဖြစ်သင့်သောစိတ် | ၃၀ |
| အသင်္ချေယျ တကပ်သာ ပထမဈာန်ဘုံ အသက်ရှည်ရခြင်းအကြောင်း | ဂ၀ |
| အသံယတကုက္ကုစ္စ (မစောင့်စည်းမှုမျိုး) | ၁၄၀ |
| အသညသတ် ပုဂ္ဂိုလ် သုဂ္ဂတိ. အဟိတ်ဖြစ်ကြောင်း | ၃၀၇ |
| အသညသတ်ဘုံ၌ ပုဂ္ဂိုလ်ရ | ၃၁၀ |
| အသာပ္ပုရိသုပနိဿယ | ၂၆၊၃၅ |
| အသမ္ဘိတ္တ အာရုံ | ၂၄၆ |
| အသမ္ဘိတ္တအာရုံအရိပ်ထင် | ၄၀ |
| အသမ္ဘဝ (အကြောင်း ၂-ပါး ထင်ရှားမရှိမှု) | ၅၃ |
| အသမ္မာပဋိပတ္တိပစ္စုပဋ္ဌာန် (ရှိသောမောဟ) | ၁၂၉ |
| အသမ္မောသရသ (ရှိသော သတိ) | ၁၅၀ |
| အသမ္မောဟပစ္စုပဋ္ဌာန် (ရှိသော ပညာ) | ၁၆၇ |
| အသံသပ္ပနရသ (ရှိသော အဓိမောက္ခ) | ၁၂၇ |
| အသံသီဒနပစ္စုပဋ္ဌာန် (ရှိသော ဝီရိယ) | ၁၂၃ |
| အသေက္ခနှင့်သေက္ခ | ၃၀၇ |
| အသေက္ခပုဂ္ဂိုလ်ခေါ်ပုံ | ၃၀၇ |
| အသောဘနစိတ် အစဉ်ထားပုံ | ၂၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အသောဘနစိတ်မည်ခြင်းအကြောင်း | ၂၂ |
| အသောဘနသဒ္ဒါအနက် | ၂၂ |
| အသောဘနသဒ္ဒါဝိဂ္ဂြဟ် | ၂၂ |
| အသောဘနဟိတ် ၃-ပါး | ၁၀၆ |
| အသာဒ ဒဿနပဒဋ္ဌာန် (ရှိသောလောဘ) | ၁၃၃ |
| အသင့်အတင့်နှလုံးမသွင်းခြင်း ပဒဋ္ဌာန် | ၁၂၉၊၁၃၂ |
| အဟိရိက၏ လက္ခဏာစသည် | ၁၃၀ |
| အဟိရိက၏ ဝိဂ္ဂြဟ် | ၁၃၀ |
| အဟိတ်စိတ် ၁၈-ပါး | ၁၀၉ |
| အဟိတ်စိတ်၌ သန္တီရဏဘေဒရှိသင့် မရှိသင့် အဆုံးအဖြတ် | ၅၃-၄ |
| အဟိတ်စိတ်၌ သန္တီရဏဘေဒမဆိုခြင်း အကြောင်း | ၅၄ |
| အဟိတ်စိတ်၌ သင်္ဂဟနည်း | ၁၈၀ |
| အဟိတ်စိတ်၌ သမ္ပယုတ်ဟိတ် မရှိခြင်းအကြောင်း | ၅၁ |
| အဟိတ်စိတ် မည်ခြင်းအကြောင်း | ၅၁ |
| အဟေတုကဒိဋ္ဌိ (မိစ္ဆာဒိဋ္ဌိတမျိုး) | ၁၃၄ |
| အဟေတုကပုဒ်ဝိဂ္ဂြဟ် | ၅၁ |
| အဟေတုကဝိဂ္ဂြဟ်နှင့်အရ | ၃၀၇ |
| အဟေတုကသဒ္ဒါဖြင့် ကုသလ ဝိပါက်စိတ်၌ အထူးပြုရပုံ | ၅၂-၃ |
| အဟေတုကသဒ္ဒါဖြင့် အကုသလ ဝိပါက်စိတ်၌ အထူးမပြုရပုံ | ၅၂-၃ |
| အဟိတ်ပုဂ္ဂိုလ် နှစ်ယောက်၏ စိတ်ရ (အဘိဓမ္မာဝတာရအလို) | ၃၁၃ |
| အဟိတ်ပုဂ္ဂိုလ်နှစ်ယောက်မှာ မဖြစ်နိုင်သော ဘဝင်များ (အဘိဓမ္မာဝတာရအလို) | ၃၁၄ |
| အဟိတ်ပုဂ္ဂိုလ်တို့မှာမရနိုင်သောစိတ် | ၃၁၁ |
| အဟိတ်ဝိပါက်သာ အကုသိုလ် ကံကြောင့်ဖြစ်ပုံ | ၅၂ |
| **[ အ ]** | |
| အဟုန်အရှိန်နှင့်တကွ ကျရောက် ဖြစ်ပွါးခြင်း | ၁၉၃ |
| **[ အာ ]** | |
| အာကာသအဆုံးမရှိပုံ | ၈၈ |
| အာကာသ၏ဆန့်ကျင်ဘက် | ၄၀ |
| အာကာသဒ္ဓါရ (လေသာပြူတင်း ပေါက် စသည်) | ၂၀၀ |
| အာကာသပုဒ်အရကောက် | ၈၈ |
| အာကာသပုဒ် (ဝိဂ္ဂြဟ်) | ၈၈ |
| အာကာသလေးမျိုး | ၈၈ |
| အာကာသာနဉ္စာယတနစျာန် (ပွါးနည်း) | ၈၈ |
| အာကာသာနဉ္စာယတနပုဒ် (ဖြစ်လာပုံ) | ၈၉ |
| အာကာသာနဉ္စာယတန (ပုဒ်အရကောက်) | ၈၉ |
| အာကာသာနဉ္စာယတနပုဒ် (ပုဒ်ခွဲပုံ) | ၈၈ |
| အာကာသာနဉ္စာယတနဗြဟ္မာ (တိုသက်တမ်း) | ၈၈ |
| အာကာသာနဉ္စာယတနစိတ် (အာရုံနှစ်မျိုး) | ၈၉ |
| အာကာသာနဉ္စာယတနဘုံ (တည်ရာ) | ၈၈ |
| အာကာသာနဉ္စာယတနစျာန် (၃ဘုံသုံးပါး) | ၈၉ |
| အာကာသာနဉ္စာယတနပုဒ် (ဝိဂ္ဂြဟ်) | ၈၉ |
| အာကိဉ္စညပုဒ် (အရကောက်) | ၅၉ |
| အာကိဉ္စညပုဒ် (ဝိဂ္ဂြဟ်) | ၉၁ |
| အာကိဉ္စညာယတနစျာန် (၏အတိက္ကမိတဗ္ဗအာရုံ) | ၉၁ |
| အာကိဉ္စညာယတနစျာန် (၏အာလမ္ဗိတဗ္ဗအာရုံ) | ၉၁ |
| အာကိဉ္စညာယတနစျာန် (ပွါးနည်း) | ၉၀-၁ |

အက္ခရာစဉ် — စာမျက်နှာ

**[ အာ ]**

အာကိဉ္စညာယတနစျာန် (၃ဘုံသုံးပါး) ၉၁
အာကိဉ္စညာယတနစျာန်ပုဒ် (ပုဒ်ခွဲပုံ) ၉၁
အာဂန္တုကပုဒ် (ဝိဂြိုဟ်) ၂၀၃
အာဂန္တုကတဒါရုံ (မည်ပုံ) ၂၅၆
အာဂန္တုက (ဘဝင်ကျရခြင်းအကြောင်း) ၂၀၃
အာဂန္တုကဘဝင် (ဝိဂြိုဟ်) ၂၀၃
အာဂန္တုကဘဝင် (ဆိုသည်ကား ဧည့်သည်ဘဝင်ပေတည်း) ၂၀၃
အာဂန္တုကဘဝင် (ဆိုသည်ကား မိမိမူလအိမ်နေဘဝင်မဟုတ်) ၂၀၃
အာဂန္တုကဘဝင် (တရားကိုယ်) ၂၀၃
အာဂန္တုကဘဝင် (၏အာရုံ) ၂၀၄
အာဂါမိပုဂ္ဂိုလ် (ကာမဘုံသို့ ပြန်လာသောပုဂ္ဂိုလ်) ၉၀
အာဃာတ (ကိုးပါး) ၁၃၅
အာဃာတ (စသည်) ၁၃၅
အာဃာတပဋိဝိနယနရသ (ရှိသောဒေါသ) ၁၅၄
အာဃာတဝတ္ထုပဒဋ္ဌာန် ၁၃၆
အာဃာတဝတ္ထု ၉-ပါးလျှင် ပဒဋ္ဌာန် (ရှိသောဒေါသ) ၁၃၆
အာဒိကမ္မ၊ မဂ်ဘိည၊ရောမဆုံးကော ၂၉၉
အာဒိကမ္မိက (ဝိဂြိုဟ်) ၃၀၀
အာဒိကမ္မိကဝီထိ ၃၀၀
အာဒိကမ္မိက(ဝီထိ၌စျာန်ဇော ၁-ကြိမ်သာ) ၂၉၉
အာဒိကမ္မိက (ဝီထိပုံ) ၃၀၀
အာနယနပစ္စုပဋ္ဌာန်(ရှိသော ဝိတက်) ၁၂၁

**[ အာ ]**

အာနိသံသဒဿာဝိတာ (သောမနဿဖြစ်ကြောင်းအင်္ဂါ) ၅၅
အာနိသံသပြခြင်း ၂၆
အာနိသံသဖလ ၅၀
အာနေဉ္ဇပုဒ် (ဝိဂြိုဟ်) ၈၇
အာနေဉ္ဇသမာပတ် ၈၇
အာပါထဂတဝိသယပဒဋ္ဌာန် (ရှိသောဖဿ) ၁၁၀
အာယတန (အနက်) ၈၉
အာယူဟနမာတ် (ဥဿာဟ ဗျာပါရကို ခေါ်သည်) ၇၁
အာယူဟနရသ(ရှိသောစေတနာ) ၁၁၅
အာရက္ခပစ္စုပဋ္ဌာန် (ရှိသောသတိ) ၁၅၀
အာရမ္မဏအဇ္ဈတ္တိကတာပစ္စုပဋ္ဌာန် (ရှိသောဆန္ဒ) ၁၂၆
အာရမ္မဏပဋိပါဒကမနသိကာရ (မကူပုံ့စေရန် စီမံသော သဘောမျိုး) ၁၁၈
အာရမ္မဏပဒဋ္ဌာန် (ရှိသောမနသိကာရ) ၁၁၉
အာရမ္မဏပရိယေသနရသ (ရှိသောဆန္ဒ) ၁၂၆
အာရမ္မဏဘုံ (မည်သော ခန္ဓာငါးပါး) ၁၄
အာရမ္မဏမည်ပုံ ၂၀၈
အာရမ္မဏဝိဇာနနကြိယာ (မျှသာစိတ်၌ရှိသည်) ၃၁
အာရမ္မဏသင်္ဂဟ (ဝိဂြိုဟ်) ၂၂၄
အာရမ္မဏာဘိနိရောပနလက္ခဏာ (ရှိသောဝိတက်) ၁၂၁
အာရမ္မဏာဘိမုခီဘာဝပစ္စုပဋ္ဌာန် (ရှိသောမနသိကာရ) ၁၁၉
အာရောဂျပစ္စုပဋ္ဌာန် (ရှိသော ပါဂုညတာ ၂-ပါး) ၁၆၀

အက္ခရာစဉ် — စာမျက်နှာ

**[ အာ ]**

အာရောဂျဖြစ်ပုံ ၆၃
အာရောဂျသဘော (ကုသိုလ်၌ ရှိနိုင်ပုံ) ၆၃-၄
အာရုံ (၄-မျိုး) ၂၄၀
အာရုံ (၄ပါး၊ ၆-ပါး) ၂၁၃
အာရုံ (အနည်းငယ်နှင့်သာ ဆက်ဆံရသော တရားစု) ၂၁၀
အာရုံ (အများနှင့် မဆက်ဆံသော တရားစု) ၃၃
အာရုံကိုအဖန်တလဲလဲ ရစ်ဝဲ သုံးသပ်ခြင်း လက္ခဏာ (ရှိသော ဝိစာရ) ၁၂၂
အာရုံ (အားလျော်စွာ ဝေဒနာ လိုက်လျော၍ နေရသည်) ၂၄၉
အာရုံကို ကိုင်ယူ စွဲလန်းခြင်း လက္ခဏာ (ရှိသော လောဘ) ၁၃၃
အာရုံကို ရှာမှီးခြင်းကိစ္စ (ရှိသော ဆန္ဒ) ၁၂၆
အာရုံကို တွေ့ထိခြင်း လက္ခဏာ (ရှိသောဖဿ) ၁၁၀
အာရုံခြောက်ပါး (ထင်ပုံနှစ်မျိုး) ၃၉
အာရုံတပါးသို့ မိမိမရွှေ့ရှားခြင်း သမ္ပယုတ်တရားတို့ကို မပြန့်လွင့်စေခြင်း လက္ခဏာ ၁၁၆
အာရုံငါးပါး (တရားကိုယ် ၇-ပါး ရှိ၏) ၂၁၀
အာရုံထင်ပုံ (နှစ်မျိုး) ၃၉
အာရုံထင်မှု ၂၄၉
အာရုံနိမိတ် (မျှားနှင့်နေခေတ် ဥပမာ) ၇၀
အာရုံပြု (ယထာရဟာဝေဖန်ပုံ) ၂၁၅
အာရုံပြောင်းမှ ရသောစျာန် ၇၉

အက္ခရာစဉ် — စာမျက်နှာ

**[ အာ ]**

အာရုံဖြင့် အလိုရှိခြင်းလျှင်ထင်သော ပစ္စုပဋ္ဌာန် (ရှိသော ဆန္ဒ) ၁၂၆
အာရုံ၌ ယှဉ်စေခြင်း ကိစ္စ (ရှိသော မနသိကာရ) ၁၁၉
အာရုံလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် (ရှိသော မနသိကာရ) ၁၁၉
အာရုံ, ဝေဒနာ, ဝိပါက် ၂၇၇
အာရုံသို့ ရှေးဦးစွာ တိုက်ခိုက်ခြင်း အဖန်ဖန် တိုက်ခိုက်ခြင်းကိစ္စ (ရှိသော ဝိတက်) ၁၂၁
အာရုံသို့ ရှေးရှုခြင်း ပစ္စုပဋ္ဌာန် (ရှိသော မနသိကာရ) ၁၁၉
အာရုံ (ဟူသမျှကို အာရုံပြုနိုင်သော စိတ်ခြောက်ပါး ဆောင်ပုဒ် ကဗျာ) ၂၁၇
အာရုံ (ဟူသမျှ အာရုံပြုသော စိတ် ခြောက်ပါးသရုပ်) ၂၁၇
အာလမ္ဗဏ (၏ ကမ္မသာဓန ဝိဂ္ဂြိုဟ်) ၂၀၉
အာလမ္ဗဏ (ကတ္တုသာဓန ဝိဂ္ဂြိုဟ်) ၂၀၉
အာလမ္ဗဏ (ကတ္တုသာဓနဝိဂ္ဂြိုဟ် အရအဓိပ္ပါယ်) ၂၀၉
အာလမ္ဗဏ (ကမ္မသာဓန ဝိဂ္ဂြိုဟ်အရ အဓိပ္ပါယ်) ၂၀၉
အာလမ္ဗဏကရဏ သမ္ဘတ္တိ ပစ္စုပဋ္ဌာန် (ရှိသော ကမ္မညတာ ၂-ပါး) ၁၅၉
အာလမ္ဗဏဂ္ဂဟဏလက္ခဏာ (ရှိသော လောဘ) ၁၃၃
အာလမ္ဗဏ မည်ပုံ ၂၀၀
အာလမ္ဗိတဗ္ဗအာရုံ ၇၉၊ ၉၃
အာလမ္ဗိတဗ္ဗာရမ္မဏပဒဋ္ဌာန် (ရှိသော ဆန္ဒ) ၁၂၆

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အာ ]** | |
| အာလောက(၏ ဆန့်ကျင်ဘက်) | ၄၀ |
| အာဝဇ္ဇနကိစ္စ | ၁၉၁ |
| အာဝဇ္ဇန ခေါ်ဝေါ်ပုံ | ၄၅ |
| အာဝဇ္ဇနဌာန (၂-ပါး) | ၁၉၀ |
| အာဝဇ္ဇနပုဒ် (ဝိဂ္ဂြိုဟ်) | ၄၅ |
| အာဝဇ္ဇန သဘော | ၄၅ |
| အာဝဇ္ဇန်း (အစအနုလုံ အဆုံးရှိသော ဝီထိစိတ်တို့၏ အာရုံ) | ၂၀၁ |
| အာဝဇ္ဇန်း (အစရှိသော စိတ် အစဉ် ကို ဝီထိ ဆိုသည်) | ၂၃၇ |
| အာဝဇ္ဇန်း(နှင့် အနုလုံဇောတို့၏ အာရုံ) | ၂၀၄ |
| အာဝဇ္ဇန်း (အားနည်းခြင်း အကြောင်း) | ၄၉ |
| အာဝဇ္ဇန်း(ကြိယာ ဖြစ်ပုံသဘော) | ၅၀-၁ |
| အာဝဇ္ဇန်း (ဥပေက္ခာသာ ဖြစ်ရခြင်း အကြောင်း) | ၄၉ |
| အာဝဇ္ဇန်း (နှစ်ခု ဖြစ်ခြင်း အကြောင်း) | ၄၆ |
| အာဝဇ္ဇန်းစိတ် (ဥပေက္ခာ သဟဂုတ် သာ ဖြစ်ခြင်း အကြောင်း) | ၂၅၂-၃ |
| အာဝဇ္ဇန်းစိတ်(ကို ဝီထိ ပဋိပါဒက စိတ်ဟူ၍ လည်း ခေါ်ရ၏) | ၂၅၂ |
| အာဝဇ္ဇန်းစိတ် (သည် ပထမ ပေါ် လာသောစိတ်) | ၂၅၂ |
| အာဝဇ္ဇန်းစိတ်(သည် ရှေးဦးစွာ အာရုံသစ်ကို ယူရသောစိတ်) | ၂၅၂ |
| အာဝဇ္ဇန်းစိတ်(သည် ဝီထိ စိတ် ဖြစ်ရန် စီမံလမ်းပြသောစိတ်) | ၂၅၂ |
| အာဝဇ္ဇန်း(သည် သန္တီရဏထက် အားရှိ၏) | ၄၅ |
| အာဝါသမစ္ဆရိယ (မစ္ဆရိယတမျိုး) | ၁၃၇ |
| အာဟနန ပရိယာဟနနရသ (ရှိသော ဝိတက်) | ၁၂၀ |
| အာဟာရ | ၁၀၀ ၊ ၁၀၅ |
| အာဟိတ ဝိသေသ (တခုသော စိတ်သန္တာန်၌ ရှိသော အခြင်း အရာထူး) | ၄၉ ၊ ၆၀ |
| အာသဝ | ၁၃၃ |
| အာသဝ (စသည်) | ၁၃၂ |
| အားကိုးတခု မှီရာပြု၍ (ယုံ ကြည်သော ပက္ခန္ဒနသဒ္ဒါ) | ၁၄၉ |
| အားထုတ်ခြင်း လက္ခဏာ (ရှိသော ဝီရိယ) | ၁၂၃ |
| အားမထုတ်ခြင်းလက္ခဏာ (ရှိသောထိန) | ၁၄၂ |
| အားရနှစ်လို့ပျော်ခြင်း လက္ခဏာ (ရှိသောပီတိ) | ၁၂၄ |
| အင်ကြင်ပင်ကြီး(နှင့်တူသော ဟိတ်တရား) | ၅၀ |
| အင်တိုင်းတောကလေး(နှင့် တူသော ကိစ္စ ဌာနများ) | ၅၀ |
| အုန်းသီးအုန်းဆံ(၌ ကိန်းဝပ်သော ဗီဇဓာတ်နှင့် အနုသယအခိုက် တူပုံ) | ၇၇ |
| အိမ်ဝက် ဥပမာ(နှင့်တူသော အဟိရိက) | ၁၃၀ |
| **[ ဣ ]** | |
| ဣကသဒ္ဒါ (အနက်) | ၂၅ ၊ ၂၆ |
| ဣဿာ | ၁၃၂ |
| ဣဋ္ဌ, အနိဋ္ဌ (သဘောများသည် ဝိပလ္လာသ မကင်းသူတို့၏ စိတ် ကို သွေးဆောင်နိုင်သည်) | ၂၇၉ |
| ဣဋ္ဌ (ဝိဂ္ဂြိုဟ်နှင့် ဣဋ္ဌာရုံမည်ပုံ( | ၂၇၆ |
| ဣဋ္ဌဖောဋ္ဌဗ္ဗာနုဘဝနလက္ခဏာ (ရှိသော ဝေဒနာ) | ၁၁၁ |

အက္ခရာစဉ် — စာမျက်နှာ

[ ဣ ]

ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ကောင်းကို ခံစားခြင်းလက္ခဏာ (ရှိသော ဝေဒနာ) ၁၁၁

ဣဋ္ဌ, အနိဋ္ဌ (လူအမျိုးအစားဖြင့် ပိုင်းခြားပုံ) ၂၇၆

ဣဋ္ဌ, အနိဋ္ဌ (အာရုံသည် ဝိပါက်စိတ်ကို မလိမ်နိုင်) ၂၇၆

ဣဋ္ဌ, အနိဋ္ဌ (ဖြစ်ပုံ ဥပမာဖြင့် ပြခြင်း) ၂၇၆

ဣဋ္ဌ, အနိဋ္ဌ (ကို၏ အကြောင်း) ၂၇၆

ဣဋ္ဌာကာရ သမ္ဘောဂရသ (ရှိသော သောမနဿ) ၁၁၂

ဣဋ္ဌာနိဋ္ဌ (သဘောသည် အဟုန်ဓိးဓိး စီးသော မြစ်ကြီး ရေယဉ်နှင့် တူ၏) ၂၇၉

ဣဋ္ဌာရုံတွင်၊ ကု - ဝိယှဉ်၊ တိ - တွင် သောမနဿ) ၂၇၅

ဣဋ္ဌာရုံ (ဖြစ်အံ့ ကုသလ ဝိပါက်တို့ ဖြစ်ပုံ) ၂၇၅

ဣဋ္ဌာရမ္မဏသမာယောဂေါ (သောမနဿ သဟဂုတ် ဖြစ်ရန် အင်္ဂါ) ၂၃၊ ၆၅

ဣဋ္ဌာရမ္မဏာနုဘဝနလက္ခဏာ (ရှိသော သောမနဿ) ၁၁၂

ဣဋ္ဌာရုံ အနေအားဖြင့် ခံစား သုံးဆောင်ခြင်းကိစ္စ (ရှိသော သောမနဿ) ၁၁၂

ဣဋ္ဌာရုံနှင့် တွေ့ကြုံခြင်း ၂၃

ဣတ္ထိသညာ (သညာတမျိုး) ၁၁၄

ဣဒပ္ပစ္စယတာ ပဋိစ္စ သမုပ္ပန္နေကာဒံတိ (အကျိုးအကြောင်း ပြသော ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း) ၁၄၅

ဣဒ္ဓိမန္တ ပုဂ္ဂိုလ်တို့၏ ကောင်းကင်သို့ သွားခြင်းစသည်တို့၌ ကာယ လဟုတာ ဖြစ်ပုံ ၁၆၁

[ ဣ ]

ဣဒ္ဓိပါဒ် ၁၂၃

ဣန္ဒြိယပရိပါကတာ ကိလေသဒူရီ ဘာဝါဒိပဒဋ္ဌာန် (ရှိသော ပညာ) ၁၆၇

ဣန္ဒြေ ၁၂၃၊ ၁၅၀

ဣဿရ နိမ္မာနဒိဋ္ဌိ (ဒိဋ္ဌိတမျိုး) ၁၃၄

ဣဿာ (၏လက္ခဏာစသည်) ၁၃၆

ဣဿာ (၏ ဝိဂြိုဟ်) ၁၃၆

ဣဿာ (သည် အာရုံအများနှင့် မဆက်ဆံ) ၃၃

[ ဥ ]

ဥက္ကံသဂတ အနက် (ရှိသော ပရမသဒ္ဒါ) ၁၃

ဥဇုကတာ ၂-ပါး (၏ လက္ခဏာ စသည်) ၁၆၀

ဥတု (ကစက္ကု ဝိညာဏ်အား ကျေးဇူးပြုပုံ) ၃၈

ဥဒါသိနဘာဝပဒ် (အနက်) ၂၄

ဥပက္ကိလေသတရား ၃၁

ဥပက္ကိလေသတရား (ကြောင့် စိတ်ညစ်နွမ်းရသည်) ၃၁

ဥပစယ (နှင့် သန္တတိသည် စိတ်၏ ဥပါဒ်ခဏမျှသာ အသက်ရှိ၏) ၂၃၆

ဥပစာ (အကုသိုလ်တရား) ၃၀၊ ၃၁

ဥပစာ (မည်ပုံ) ၂၉၀

ဥပစာရ ဘာဝနာ ၁၂၀

ဥပစာရ ဘာဝနာဘုံ ၇၆

ဥပစာရ ဘာဝနာဘုံ (၌ နီဝရဏ ကွာပုံ) ၇၇၊ ၇၈

ဥပစာရ (ဘုံ) ၈၄

ဥပစာရ (ဝိဂြိုဟ်) ၂၉၀

ဥပစာရသမာဓိ (သမာဓိတမျိုး) ၁၁၆

ဥပပတ္တိသိဒ္ဓဈာန် (နှလုံးသွင်းရုံမျှနှင့် ပေါ်ပေါက်လာသော ဈာန်) ၈၂

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဥ ]** | |
| ဥပဇ္ဈာယ်ဘာဝင် | ၂၅၂ |
| ဥပဇ္ဈာယ် (ဝိဂြိုဟ်) | ၂၅၂ |
| ဥပဇ္ဈာယ်ဘာဝင် (ဝိဂြိုဟ်) | ၂၅၂ |
| ဥပဋ္ဌာနသမင်္ဂီတာ (နိမိတ် ထင်စေမှု) | ၆၉ |
| ဥပသမပစ္စုပဋ္ဌာန် (ရှိသော ကေဂ္ဂတာ) | ၁၁၆ |
| ဥပသမ္ပန္နဘုံ (ရဟန်းဖြစ်ရာဘုံ) | ၁၄ |
| ဥပါဒါရုပ် (ဝါကွမ်းဥပမာ) | ၄၆၊၄၇ |
| ဥပါဒါန် | ၁၃၃ |
| ဥပါယ | ၂၅၊၂၆ |
